www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

## ဖားမဲ့ဆရာတော်ကြီး ၏ သမိုင်းဝင်ဂါထာတော်

ကေစိတ္တံ ဝိစိန္တေတွာ
ကေဓမ္မံ သုနိဿတိ
သေတော
သေမော လောကေ
ကေရာဇာတိ ပါကဋ္ဌော
သေတိ သမ္မာသမ္ဗုဒ္ဓံ
သေတိ ဓမ္မ မုတ္တမံ
သေတိ မဂ္ဂ မုဂ္ဂယှ
သေတိ ပန တေ နမော။ ။

(ကိုးချက်ဂါထာ)



ဖားမဲ့ဆရာတော်(ညောင်ရမ်းခေတ်)

ဖားမဲ့ဆရာတော်ကြီး၏ ပုံတော်ကို မိမိတို့၏ နေအိမ်၊ မော်တော်ကား၊ ဈေးဆိုင် တို့တွင် ထားရှိပူဇော်ပါက စီးပွားလာဘ်လာဘများနှင့် အကျိုးထူးများ ရရှိပေမည်။

Graphic; Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

26 NOV 2013

**လာဘ်မိုးစွေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုသေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလာပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ်(၂၄၀)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင်
အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြဲ-၀၁၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြဲ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
စာအုပ်ချုပ် - ရှုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ပညတ်၊ ဖိုးအောင်၊ စက္ကူ၊ ကိုကိုကြီး၊ ကျော်ဦး တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

BURMESE CLASSIC .com

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအာ[illegible]ဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအ[illegible]း၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအ[illegible]င်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသ[illegible]။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂို[illegible]ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်း[illegible]င်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ အမှတ် (၂၄၀)

## မာတိကာ

### ရောင်ပြန် ကဗျာ

မောင်သာလင်း၊ မြောင်းမြမောင်ညီအောင်၊ ရဲမြင့်နောင်၊
မောင်သာယာ၊ ပြင်စည်အောင်(ခရာတော)၊ ဆုမွန်ဦး(ဟသ်ာတ)၊
နေသိုက်၊ ခက်လှိုင်းကျော်။

BURMESE CLASSIC .com

### ရောင်ပြန် အခန်းဆက်ရသ


ချစ်ကဝေ(ဇာတ်သိမ်း)

အောင်ချိန်ဘွား ------------------------------ ၁၃၂

ဘိုးတော်ကင်း(ဇာတ်သိမ်း) ၁၄၄

ကျော်မြသန်း ------------------------------ ၁၄၄

ဝင့်ကြွေး(ဇာတ်သိမ်း) ၁၅၈

ယိုး ------------------------------ ၁၅၈

သစ္စာပါရမီ(၁) ၁၇၈

မဗေဒါ(ရောဝတီ) ------------------------------ ၁၇၈

မေတ္တာရှင်…(၁) ၂၃၀

ဘုန်းပွင့်တေဇာ ------------------------------ ၂၃၀

လူထဲကဘဝ ဘဝထဲကလူ(၆၆) ၂၇၈

လင်းရောင်တင် ------------------------------ ၂၇၈


## တောင်ငူခေတ် လောကီပညာ တစ်ခန်းတစ်ကဏ္ဍ

မောင်နှန်းလှိုင်(ရန်ကုန်တက္ကသိုလ်)

စာ-၈၇

တစ်မျိုးသားလုံးအတွက်
ဓာတ်ပုညှ ဂုဏ်မာနတက်ဖွယ်ရာ
ဘုရင့်နောင်မင်းတရားကြီး၏
ကမ္ဘောဇသာဒီနန်းတော်အပြင်မှ
မြင်ကွင်း





### တားမဲ့ဆရာတော်

ဦးသန့်(လာဘ်မိုးစွေ)

စာ-၆၀

## ခေတ်သုံးခေတ်အကျော် တားမဲ့ဆရာတော်


စာ-၆၃

ဂမ္ဘီရဆရာလှမျိုး (B.Sc)



www.burmeseclassic.com

www.burmeseclassic.com




## ရောင်ပြန် ရသ


မလိုက္ကသာ အို···ပြိတ္တာ
နန္ဒာမိုးကြယ် ---------- ၁၂၂
တရားရိပ်
မောင်တော်ထိန် ---------- ၁၉၄
ထိုစဥ်က ကျွန်တော်သည်
ရွှေမြိတ်သောင်းတင် ---------- ၂၁၆
မှော်ဘီမှာ ပြောခဲ့ကြတာ
မနုသသကျော်ဝင်း ---------- ၂၂၂
မှဲ့စလွယ် မျက်နှာဖုံး အရုံးမရှိ
နေပုည ---------- ၃၀၄



**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးစွေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


ပြည်တွင်းပြည်ပ စိညာဥ်လောကယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---------- ၁၇၃
ပူနာကူရတနာ အရုပ်တော်ပုံ(၉)
အောင်သန်းချစ် ---------- ၁၈၅
ဘုံဓမ္မတာ
လှမိုး(ပညာရေး) ---------- ၂၈၆


## လူတွေသိ နတ်တွေကြားစေ



လူတွေသိ၍ နတ်တွေကြားစေ ---------- ၃၄၀


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၃၂၉



## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------- ၃၃၀


www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ

ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---- ၉၃
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---- ၉၄
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---- ၉၅
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---- ၉၇
ဇန်နဝါရီလမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---- ၉၈
သည်လဖွားအတွက် ကံဇာတာ
ဆရာငိုးဟန်ကြွယ် ---- ၉၉
တရုတ်နက္ခတ္တဗေဒင်ပညာ
ကေတီ-အောင်သိန်း ---- ၁၀၀
ရောင်ခြည်တော်ထွက်သောပဋ္ဌာန်း
ဆင်ဖြူကျွန်းအောင်သိန်း ---- ၁၀၃
(၆၁)နှစ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲမှ ထူးခြားဖြစ်စဉ်
ကိုမောင်သန်းဝင်း ---- ၁၀၇
ဘေးမဲ့ဆရာတော်၏ ဘေးရန်ကင်းကွာ စီးပွားဖြာသည့်
ဂုဏ်တော်ကွန်ချာ ---- ၁၀၉
ငရဲသို့တစ်ခေါက်
ကိုအေးမြင့်(မဟာဝိဇ္ဇာ-ရှေးသု) ---- ၁၁၂
ဘဝအမောစင်မယ့် လုတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ---- ၁၃၉
ယတြာကောင်းလျှင်(အဆင်ပြေစေဖို့)
မောင်မောင်မြင့်အေး ---- ၁၅၃
သမ္မုဒ္ဒေရှင်းတမ်း
မောင်ပုတ်စည် ---- ၁၅၅
အံ့ဖွယ်ထူးဆန်း မြန်မာ့ဆေးစွမ်းကောင်းများ(၃)
မျိုးသန်းထွန်းကို(ရေစကြို) ---- ၁၆၈
ကလေးနာမည်ပေးခြင်းနှင့် စပ်လျဉ်း၍
တက္ကသိုလ်သဒ် ---- ၁၉၀
အိပ်မက်ထဲက မေတ္တာရှင်
မာလာရုံ ---- ၂၀၅
ဝိညာနက္ခန္ဓာကို ပရမတ်မြင်(၄၄)
မဟာထွန်း ---- ၂၀၇



www.burmeseclassic.com

စမတာစ်ထောင်ဆရာတော် ချီးမြှင့်သော

**ကိုးနဝင်း မိုးလင်း ထူးခြားတဲ့**

**သတ္တပီသကြေ ကျင့်စဉ်တော်**


■ ဂမ္ဘီရဆရာလှမျိုး(B.Sc) စာ - ၃၁




## မြန်မာ့ရေးရာ


ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ကျင့်စဉ်ယတြာများ(၃၂)
ဘုန်းပြည့်တေဇာဟိန်း ---------- ၂၀၂

မာယနက္ခတ်ဖွားများအတွက် ယောကိန်း
ကာလီဒါချို(မြန်မာပြည်) ---------- ၂၀၉

ရေစက်သွန်းချ အမျှဝေသော် သာဓုခေါ်
ရန်နိုင် ---------- ၂၂၆

အကျိုးအနန္တ ပြည့်ဝစေသော အင်းတော်ကြီး
ပြေထက်ထွန်း(မြယမုံ) ---------- ၂၄၄

အစွမ်းထက်မြက် ပယောဂအင်းတစ်ကွက်
တမာသင်းခိုင်(စက်မှုလယ်ယာ) ---------- ၂၄၇

ဣဋ္ဌာသယ လိုတိုင်းရစေနိုင်သော အင်းမန္တန်တော်ကြီး
ပြေထက်ထွန်း(မြယမုံ) ---------- ၂၄၉

ဆရာကြီးဦးလိန်လယ်၏ ကြိုး၊ ထိတ်၊ သံခြေချင်း။
ဓား၊ လုံ၊ သေနတ် ငြိမ်းစေသည့် ရွှေအပ်အစီအရင်
အေးရွှေ(ဇီးကုန်း) ---------- ၂၅၅

တရုတ်ဂမ္ဘီရဆရာကြီးကြူကုံး၏ အိပ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် ---------- ၂၅၇

ကံသုခချမ်းသာ ဓာတ်သိဒ္ဓိယတြာ
ဂမ္ဘီရဆရာကြီးဇာဂရ ---------- ၂၅၉

တစ်လအတွင်း ကောင်းခြင်းမင်္ဂလာ နိုင်ယာရီ
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ---------- ၂၆၂

ဆရာကြီး မိုးနှင်းပိုက်ဆံ၏
၂၀၁၃ ခုနှစ်မြွေနှစ်အဟော(ဒီဇင်ဘာလ)
ဦးတိုး(တက္ကသိုလ်) ---------- ၂၆၉

ကြီးပွားအောင်မြင်ရေးအတွက် အကြံပြုချက်
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ---------- ၂၇၁

ပဌာန်း ၂၄ ပစ္စည်း အဓိပ္ပာယ်အကျဉ်း(၁၁)
သူတော်စင်မင်းအောင် ---------- ၂၇၄

စည်းချလည်းလုံ စီးပွားပုံတိုင်ရ ထူးစွမန္တန်ပါတကား
စက်တင်ဘာငြိမ်း(ဟသ်ာတ) ---------- ၂၈၂

ကိုယ်တွေ့ အမေရိကားနယူးယောက်နှင့် ဝါရှင်တန်ဒီစီ
မောင်ကောင်းမြင့် ---------- ၂၈၆

ပတ္တမြားရောင်မျက်လုံးရှင် ပုဂ္ဂိုလ်ထူး
မော်တင်သိန်းဇော်ဇ ---------- ၃၀၀

ဒက္ခိဏာယျဂုဏ်တော် ပုတီးစိပ်နည်း
ဒေါက်တာသန်းမှိုင်းလင်း ---------- ၃၀၈

ကြောင်းကျိုးမျှတ လူ့ဘဝ
ရေကျော်စိုးအောင် ---------- ၃၂၀






စာ - ၂၁၆


www.burmeseclassic.com

www.burmeseclassic.com




## မြန်မာ့ရေးရာ


တွံတေးမြို့မှ ဗုဒ္ဓမြတ်ဆံတော်ရှင် အောင်မြေ(၉)ဌာန
သိပ္ပံကိုကြီး(မင်းသီဟ) ———————— ၁၇
ရောဝတီမြစ်ကမ်းနံဘေးမှ ရှေးဟောင်းရုပ်ပွားတော်များ
ကိန်းဝပ်နေသော အကောက်တောင်သို့တစ်ခေါက်
မြမဥ္ဇူဝေ(ကျုံ့မငေး) ———————— ၂၃
ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် ကော့ဂွန်းဂူတော်ကြီး
ကိုမောင်သန်းဝင်း ———————— ၂၇
စမတစ်ထောင်ဆရာတော် ချီးမြှင့်သော ကိုးနဝင်းမိုးလင်း
ထူးခြားတဲ့ သတ္တဝါသကြေ ကျင့်စဉ်တော်
ဂမ္ဘီရဆရာလှမျိုး(B.Sc) ———————— ၃၁
စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း
မာမက(သုတေသီ) ———————— ၃၅
ဓမ္မမာမက တရားရနည်းသင်းဖြာ(၃)
လေးသုစံ ———————— ၄၀
ရှေးဟောင်းစေတီလေးအား ပြန်လည်ပြုပြင်ရာတွင်
တွေကြုံရသော ဆန်းကြယ်သည့် ဖြစ်ရပ်များ
ဦးစံဝင်းအောင် ———————— ၁၂၈
ဤသစ္စာစကား မှန်ကန်ပါသောကြောင့်
ခင့်မေမိုး(မင်းကျိုက်) ———————— ၂၄၀
ဂမ္ဘီရဆန်သော နဂါးပွက်တောင်
ပါမောက္ခမင်းဓာတု ———————— ၂၉၈
အဘဘိုးဘိုးအောင်ဘိုးမင်းခေါင်နှင့်ကျွန်ုပ်၏အတွေ့အကြုံများ(၇)
ဖိုးသန်းကျော်(ရှေကြည်သား) ———————— ၃၁၂


## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ဗားမဲ့ဆရာတော်ဘုရားကြီး၏ သမိုင်းဝင်ဂါထာတော် —— ၄၇
ဗားမဲ့ပေး သဗ္ဗသိဒ္ဓိဂုဏ်တော်ပုတီးနှင့် စွယ်စုံအသုံး ၄၄
မဟော်ဂနီ(သမထ) ———————— ၄၄
ဗားမဲ့ဆရာတော်နှင့် မန်ကျည်းတန်းဦးရွှေအိုး
မင်းသိခ် ———————— ၄၆
ညောင်ရမ်းမင်းနှင့် လောကီအစီအရင်ပညာများယုံကြည်မှု
ဒေါက်တာနန်းလှိုင် ———————— ၄၉
ဗားမဲ့ဆရာတော်၏ သရဏဂုံသစ္စာပြု၍ ရေးသားရသော
စမအင်းအသုံးများ
ဆရာသီဟစကြာစိုးမြင့် ———————— ၅၄
ပြည်ရွှေပေါက်ပင်ဆရာတော် ကျင့်ခဲ့သော
ဗားမဲ့အောင်ခြင်းရှစ်ပါးကျင့်စဉ်
မြနန်းရှင် ———————— ၅၇
ဗားမဲ့ဆရာတော်
ဦးသန့်(လာဘ်မိုးရွှေ) ———————— ၆၀
ခေတ်သုံးခေတ်အကျော် ဗားမဲ့ဆရာတော်
ဂမ္ဘီရဆရာလှမျိုး(B.Sc) ———————— ၆၃
ဗားမဲ့ဆရာတော်၏ သမိုင်းဝင်ဂါထာတော် ———————— ၇၀
ဗားမဲ့ဆရာတော် စီရင်ဆောင်ရွက်ပေးတော်မူခဲ့သော
ဗျည်းအင်းနှင့် အကျိုးကျေးဇူးများ
ဂမ္ဘီရဆရာလှမျိုး(B.Sc) ———————— ၇၁
ဗားမဲ့ဆရာတော်ကြီး စီရင်သော ဝိသေသပဋ္ဌာန ဂါထာတော်ကြီး
မရည်မွန်(ကျုံ့ပျော်) ———————— ၇၆
အိပ်မက်ဖြင့်ပေးလာသော ရွှေကြုတ်ထဲမှ ဗားမဲ့ကျင့်စဉ်တော်
မြနန်းရှင် ———————— ၇၉
ရခိုင်ဗားမဲ့ဆရာတော်
မင်းရှိန်အောင် ———————— ၈၂
တောင်ငူခေတ် လောကီပညာတစ်ခန်းတစ်ကဏ္ဍ
ဒေါက်တာနန်းလှိုင် ———————— ၈၇





www.burmeseclassic.com

www.burmeseclassic.com

## ဟားမဲ့ဆရာတော်
## (ညောင်ရမ်းခေတ်)



ဟားမဲ့ဆရာတော်ကြီး၏ ပုံတော်ကို မိမိတို့၏ နေအိမ်၊ မော်တော်ကား၊ ဈေးဆိုင် တို့တွင် ထားရှိပူဇော်ပါက စီးပွားလာဘ်လာဘများနှင့် အကျိုးထူးများ ရရှိပေမည်။

www.burmeseclassic.com

www.burmeseclassic.com

# ဟားမဲ့ဆရာတော်ဘုရားကြီး၏ သမိုင်းဝင် ဂါထာတော်

ဧကစိတ္တံ ဝိစိန္တေတွာ
ဧကဓမ္မံ သုနိသ္သတိ
ဧသတော
ဧသမော လောကေ
ဧကရာဇာတိ ပါကဋ္ဌော
ဧသတိ သမ္မာသမ္ဗုဒ္ဓံ
ဧသတိ ဓမ္မ မုတ္တမံ
ဧသတိ မင်္ဂ မုင်္ဂယှ
ဧသတိ ပနတေ နမော။ ။

ဤဂါထာသည် ဟားမဲ့ဆရာတော်ဘုရားကြီး အစဉ်ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပြီး ဟားမဲ့ အဆက်အနွယ် တပည့်များလည်း အစဉ်ရွတ်ဖတ်ခဲ့သော သမိုင်းဝင်ဂါထာ ဖြစ်ပါသည်။

**(ကိုးချက် ဂါထာဟုလည်း ခေါ်သည်၊)**

ဤဂါထာတော်ကြီးကို ၁၂၄၈ ခုနှစ်က အလုံးနယ် တောရကျောင်း၌ သီတင်းသုံးနေသော ဘုန်းတော်ကြီးတစ်ပါးသည် နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်သရဇ္ဈာယ်တော်မူလေသည်။

တစ်ညတွင် အဆိုပါ တောရကျောင်းသို့ လူဆိုးတစ်သိုက်ဝင်ရောက်လုယက်ရန် အကြံဖြင့် လာကြ၏။ သို့သော် ကျောင်းကို ရှာမတွေ့သဖြင့် အခက်တွေ့နေ၏။ မကျေနပ်သော ခေါင်းဆောင်လူဆိုးက တစ်ညလုံးရှာသည်။ သို့သော် မတွေ့။ အရုဏ်တက်၍ ဘုန်းတော်ကြီး၏ ဘုရားရှိခိုးသံကို ကြားသောအခါမှသာ သူတို့ တစ်ညလုံးရှာသော ကျောင်းကို တွေ့ရလေသည်။ ထိုအခါ ဓားပြဗိုလ်သည် တပည့်များကို ပြန်လွှတ်၍ ဘုန်းတော်ကြီးထံ ဝင်ရောက်ပြီး အကျိုးအကြောင်း လျှောက်ထားလေသည်။


ဆရာတော်ကြီးက ငါ့ထံ၌ အကွယ်အကာဆေး တစ်စုံတစ်ရာ မရှိကြောင်း၊ ဤ**ကိုးချက် ဂါထာတော်ကြီး**ကိုသာ နေ့ညမပြတ် ရွတ်ဖတ်ကြောင်း ပြောကြားမိန့်တော်မူ၍ ချီးမြှင့်ပေးလိုက်လေသည်။

စစ်ပြီးခေတ် မြန်မာနိုင်ငံတွင် ရောင်စုံသူပုန်များ ထကြွသောင်းကျန်းစဉ် မိတ်ဆွေတစ်ဦးသည် ရဲဘော်ဖြူဗိုလ်ဖြစ်လေသည်။ သူသည် ဇနီးရွာသို့အပြန် သတင်းအရ ကွန်မြူနစ်များက ဖမ်းဆီးလျက် လက်ပြန်ကြိုး တုပ်နှောင်ထားလေသည်။ အဆိုပါ ရဲဘော်ဖြူ ဗိုလ်ကြီးသည် ငယ်စဉ်တောင်ကျေးက ဆရာတော် ဘုန်းကြီး သင်ပေးခဲ့သည့် အန္တရာယ်ကင်း ရန်စွယ်ရှင်းသည့် **ကိုးချက် ဂါထာတော်ကြီး**ကို ကြိုးတုပ်ထားလျက်ရှိစဉ်ကပင် တရစပ် ရွတ်ဖတ်တော့သည်။

မကြာမီ ရဲဘော်နှစ်ယောက် လာခေါ်လျက် ရွာထိပ်သချိုင်းသို့ ကြိုးတုပ်လျက်ပင် ခေါ်သွားသည်။ ရွာထိပ်သချိုင်းသို့ ရောက်သောအခါ ၎င်းကို ပေါက်တူးတစ်လက်ပေး၍ တွင်းတူးခိုင်းလေသည်။ ထိုတွင်းတူးပြီးလျှင် ၎င်းကို မုချ သတ်ပစ်တော့မည်မှာ သေချာသည်။ ထို့ကြောင့် ဂါထာတော်မြတ်ကို တွင်းတူးစဉ် တရစပ် ရွတ်ဖတ်နေသည်။ ရဲဘော်နှစ်ယောက်မှာလည်း သေနတ်ဖြင့်ချိန်လျက် အသင့်စောင့်နေသည်။

သူအား မြှုပ်နှံမည့် တွင်းတူးပြီးလုခင်ဆဲဆဲ၌ ရဲဘော်တစ်ယောက် အူယားဖားယား ပြေးလာသည်။ လက်ထဲတွင် စာတစ်စောင်လည်းပါသည်။ ထိုစာကို အစောင့်ရဲဘော်များအား ပြသလိုက်သောအခါ မှားယွင်းဖမ်းဆီးမိကြောင်း၊ ဤသို့ ပြုမူသည့်အတွက် ခွင့်လွှတ်ပါရန် အစောင့်ရဲဘော်များက ပြန်၍တောင်းပန်သည်။ ထို့နောက် သူ့ကို လွှတ်လိုက်ပါသည်။ ဤကား **ကိုးချက်** ဘုရားဂုဏ်တော်မြတ်၏ တန်ခိုးပင်တည်း။

www.burmeseclassic.com



# မိုးသာမြကန်

မောင်သာလင်း

- ငါတို့ရွာက
  ဖိုးသာမြကန်
  ဘယ်ခါမှ ရေမလျှံဘူး။
- တစ်ခါတလေမှာမှ
  ရွာချတဲ့မိုးက
  ကန်ရေတင်လည်း တစ်ခဏ။
- ရွာလာတုန်းကာလ
  တစ်ခဏ
  အငမ်းမရစုပ်သောက်
  ဘယ်ခါမှ ဝပုံမပေါက်
  ခြောက်မြဲတိုင်း ပြန်ခြောက်သွား။
- ဖိုးသာမြကန်
  ရေလျှံမယ့်နေ့
  ရှိလာလိမ့်မယ် ယုံတုန်းဟေ့။ ။

www.burmeseclassic.com

www.burmeseclassic.com




# ပိုးတုံးလုံး

ဆုမွန်ဦး (ဟင်္သာတ)

- အဖေနဲ့အမေ
မွေးကတည်းက
ဘဝလက်ဖွဲ့
ခြေနှစ်ဖက်နဲ့ လက်နှစ်ဖက် ပါလာတယ်။
- ကြီးပြင်းရှင်သန်
မလွန်ဆန်နိုင်တဲ့ နှင်တံတွေရဲ့အောက်
မိုးမကြောက်
လေမကြောက်
ဝမ်းတစ်ပေါက်ကြောင့်
တစ်ခါတစ်ခါတော့ ကျောမှောက်
တစ်ခါတစ်ခါတော့ ပက်လက်လန်
ယက်ကန်ယက်ကန်နဲ့
အသက်မှန်မှန်ရှူလို့
ရေဆန်လမ်းတွေ ဖြတ်ခဲ့တယ်။
- ခြေဩ် . . .
ဒါပေမယ့်
ကံမခိုင် အခြေမလှတော့
သံတိုင်တွေယှိုင်ရဆိုတဲ့
အဖြစ်တစ်ခုလို
လုပ်သမျှ လုံးပါးပါး
ကြံသမျှ အပျက်တွေနဲ့
ရတက်ပွေ အခက်တွေကြုံနေရ
ခြေမဲ့လက်မဲ့
ပိုးတုံးလုံးတစ်ကောင်ရဲ့ ဘဝ။ ။

www.burmeseclassic.com

www.burmeseclassic.com




# ဦးခေါင်းသူ

နေသိုက်

ကိုယ့်ကိုယ်ကို
ပူလောင်အောင်လုပ်တာလည်း သည်စိတ်
ကိုယ့်ကိုယ်ကို
ငြိမ်းချမ်းအောင်လုပ်တာလည်း သည်စိတ်
ကိုယ့်ဝန်းကျင်ကို
လောင်မြိုက်အောင်လုပ်တာလည်း သည်စိတ်
ကိုယ့်ဝန်းကျင်ကို
အေးမြအောင်လုပ်တာလည်း သည်စိတ်
အပယ်လေးရွာ
အောက်ဆုံးလွှာအထိ
ဆွဲချသွားတာလည်း သည်စိတ်
အထက်မဂ်လမ်း
တက်လှမ်းသွားတာလည်း သည်စိတ်
"စိတ္တေန နီယတေလောကော" တဲ့
စိတ်သည် လောကကိုဦးဆောင်၏။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကုံကျော်တမ်းချင်း

မောင်သာယာ

● ငှက်ရွှေညသြ၊ သံချိုနှောသည့်
တောလည်းမခေါင်၊ တောင်လည်းမမော
အို…ကံ့ကော်တော။

● ကံ့ကော်ရနံ့၊ သင်းပျံ့ထုံရီ
လေပြည်ညင်းခတ်၊ ပွတ်သပ်ထိနမ်း
သက်ပြင်းနွမ်းဟိုက်၊ သည်းခိုက်လွမ်းမော
သံယောဇဉ်ဦး၊ အချစ်ဦး၏
အရှုးတစ်ပိုင်း၊ အရိုင်းရင်ခွင်
နိဝင်ကြည်မျှ၊ တဒင်္ဂတွင်
မြေအစမိုးအဆုံး၊ အလှဆုံးထင်
စိတ်ကူးယဉ်မိ၊ အကြင်နာစွက်
ညင်သာလက်နှင့်၊ ဖက်ပွေ့ပိုက်ထွေး
ခုံတန်းလေးပေါ်၊ မှေးစက်ပျော်ရင်း
မွေ့လျော်အိပ်မက် ငါမက်မိ။

● ဩော်…
ကံ့ကော်ပွင့်တို့၊ နွမ်းရင်ညှိုးကြွေ
နေမဝင်အချစ်၊ ရင်ထဲနစ်ရှုး
နာကျင်ဖူးလို့၊ နှစ်ကူးလည်ရွေ့
မပျော်မွေ့နိုင်၊ အတွေ့အာရုံ
ကာမဂုဏ်နှင့်၊ အနမ်းပွင့်တွေ
တွက်ရေမရ၊ ဖွဖွဖြန့်ခင်း
ရင်တွင်းစူးရှ၊ သူမနှုတ်ခမ်း
အို…လွမ်းဖွယ်။

● ငှက်ရွှေညသြ၊ သံချိုနှောသည့်
တောလည်းခေါင်ခေါင်၊ တောင်လည်းမောမော
အို…ကံ့ကော်တော။ ။



www.burmeseclassic.com

www.burmeseclassic.com




# မောင်တို့ရွာ

ပြင်စည်အောင် ( ချာတော )

● ဟှဲ့ . . . နှင်ဘယ်မှာလဲ
ငါပြောတာ ကြားလား
ရွာမှာ
ရေပြတ်ကုန်ပြီ
ရေငတ်ကုန်ပြီ။
● ဟှဲ့ . . . နှင်ဘယ်မှာလဲ
ငါပြောတာ ကြားလား
ရွာမှာ
ထွန်လည်း မမွေနဲ့
လွန်ဆွဲနေသတဲ့။
● ဟှဲ့ . . . နှင်ဘယ်မှာလဲ
ငါပြောတာ ကြားလား
ရွာမှာ
လယ်ကောင်းတွေ ရေကြီးလို့တဲ့
ဝယ်ရောင်းတွေ ရွှေသီးလို့တဲ့။
● ဟှဲ့ . . . နှင်ဘယ်မှာလဲ
ငါပြောတာ ကြားလား
ကြားလား ငါပြောတာ။
● သြော် . . .
ရွာမှာ ရွာမှ
လေချိုတွေ များလာလို့
ရေချိုတွေ ရှားတာထင့်။ ။

www.burmeseclassic.com

www.burmeseclassic.com



# တာမ်ိဳးခ်ဳ

## ေျပာင္းျမဴေမာင္ညိဳေအာင္

- တလိမ့္လိမ့္ေျပးတက္လာတဲ့ ဆႏၵေတြကို
ဘ၀က ရိုက္ခ်ဲ႕ဖ်က္ဆီးပစ္လိုက္တယ္။

- အဲဒီအခါ
ငါ့အခန္းက်ဥ္းက်ဥ္းေလးထဲမွာ
ေဒါသေတြ ျမဴဆိုင္းပ်ံ႕လြင့္ေနတယ္၊
နိုင္တီတူးကြမ္းယာ တစ္ထုပ္ၿပီးတစ္ထုပ္
ျခဴးေဆးေပါ့လိပ္ တစ္လိပ္ၿပီးတစ္လိပ္
မားစာခံေတြ ျဖစ္ေနေလရဲ႕။

- သကၠရာဇ္ ၂၀၀၀ ေက်ာ္လာတာေတာင္
ဘ၀ဟာ
မိုးမလင္းေသးဘူးလား။

- ဗေဒါက်ပ္ေနတဲ့ေခ်ာင္းကို ေလ့ေလွာ္တက္ရင္
တက္ကၽြံသြားမွာ ေသခ်ာတယ္။

- လျပည့္ညကို ေမွ်ာ္ကိုးရင္း
မိုတ္တုတ္မိုတ္တုတ္ ၾကယ္ကေလးေတြက
ခပ္လုလုေမာ္ဒယ္မတစ္ေယာက္ ေလွာင္ရယ္သလိုမ်ိဳးရယ္သံ
အၾကိမ္ၾကိမ္အဖန္ဖန္
ခံခဲ့ရၿပီးၿပီ။

- သြားတိုက္
မ်က္ႏွာသစ္
အ၀တ္အစားလဲပစ္သလိုမ်ိဳး
ခဏအတြင္း သန္႔စင္
ခဏအတြင္း အေရာင္ေျပာင္းနိုင္ေအာင္
ဘ၀ကို ေလွ်ာ္ဖြပ္လို႔ရရင္ ေကာင္းမယ္။

- အခ်စ္ေရ . . .
ရွက္နေတြထိုးထြက္မလာနိုင္တာ
ရွက္ေဟာင္းေတြ ေၾကြမေပးလို႔ေပါ့ကြယ္။ ။

www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓဝင်

ရဲမြင့်နောင်

- တပြုံးပြုံးတပြက်ပြက်
ရောင်စုံတွေ ဖြာယှက်လို့
လက်ကိုင်ရိုးရွှေအိုရောင်နဲ့
လူရှိန်အောင် ဟန့်သလား
ခံ့ညားထည် "ငှက်ကြီးတောင်"
ညှိ့ခန်းဆောင်မှာ အလှချိတ်။

- ဆောင်းနှောင်းရက် အခါလွန်
မာရသွန်လက်တွေနဲ့
သွက်နေတဲ့ မြက်ရှင်းဓား
အမြင်မှာ သိမ်နုပ်ဖြားလည်း
အကျိုးဆောင်လူအများတွက်
အားရဖွယ် ကောင်းလွန်းလှချည့်။ ။




www.burmeseclassic.com

www.burmeseclassic.com



# တို့ရွာဇာတ်ပွဲ

ခက်လိုင်းကျော်


● "ဤကို ကျွဲဖတ်"
အဲဒီအရပ်ပြဇာတ်
တစ်ခန်းရပ်ခဲ့တာကြာပြီ။
● ဒီအရပ်နဲ့ ဒီဇာတ်
လမိုင်းမကာပ်တော့
ဇာတ်ပြီးကတည်းက
ဇာတ်စီးခဲ့တဲ့သူကြီးသရုပ်ဆောင်
ရှောင်နေလိုက်တာ
ရွာမှာမရှိတော့တဲ့အတိုင်းပဲ။
● အမိန့်အတိုင်း ခိုင်းတာလုပ်တဲ့
သူကြီးလက်ကိုင်တုတ် "ဖိုးရှုပ်"
သူလည်း• • •
မိုက်ရုပ်မပြတော့ဘူး။
● ဇာတ်ခေါင်းကွဲတော့
ချောင်းထဲ ငါးရှာဖားရှာ
ဇာတ်သမားတွေမှာ သနားစရာ
ကျက်ထားတဲ့ ဇာတ်စာတွေ မေ့ကုန်ပေါ့။
● ဒီကနေ့ဆိုတာ
မနေ့ကမှ မဟုတ်တာ
စာတတ်တဲ့ အနာဂတ်လေ
ရွာဇာတ်ကို မကြည့်ချင်တော့တာလည်း
သဘာဝပါပဲ။
● အင်တာနက်ထဲဝင်
ချက်တင်တွေချိတ်ဆက်
စကိုင်းနက် မိုးလင်းမိုးချုပ်
ခလုတ်တစ်ချက်စမ်းမိပြီး
ကြိုက်တဲ့လိုင်း ဖမ်းကြည့်နေကြပြီ။
● ဒါတွေကို မသိမမြင်
ဟိုအရင်တစ်ခန်းရပ်ခဲ့တဲ့
"မလွမ်းဇာတ်" မျိုးကိုမှ သဘောကျ
တောကအမျိုးတစ်သိုက်
ဝင်လိုက်ထွက်လိုက်
ဇာတ်တိုက် သီချင်းတိုက်
စိတ်ကြိုက်ပြင်ဆင်
လာမည့်ဘုရားပွဲမှာ စင်တင်ရင်လည်း
ကျွန်တော့်အမြင်
(အဲဒီရုံ)
လူဝင်မယ်မထင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

# တွံတေးမြို့မှ
# ဗုဒ္ဓမြတ်ဆံတော်ရှင်
# အောင်မြေ(၈)ဌာန

■ သိပ္ပံကိုကြီး(မင်းသိဟ)



တွံတေးမြို့သည် ရန်ကုန်တိုင်းဒေသကြီး၏ တောင်ပိုင်းခရိုင်တွင် တည်ရှိပြီး ရေလမ်း၊ ကုန်းလမ်းဖြင့် အလွယ်တကူ သွားရောက်နိုင်သော ဒေသဖြစ်ပါသည်။ အထူးသဖြင့် ကုန်းလမ်းခရီးမှသွားလျှင် အချိန်အနည်းငယ်အတွင်း အလွယ်တကူ သွားရောက်နိုင်ပါသည်။ ပန်းဆိုးတန်းသင်္ဘောဆိပ်မှ ဒလသင်္ဘောဆိပ်သို့ ဇက်ရေယာဉ်ဖြင့်ကူးလျက်၊ ဒလမြို့သို့ရောက်လျှင် တွံတေးသို့သွားမည့် မော်တော်ယာဉ်လိုင်းကားများရှိရာ အလွယ်တကူစီးနင်းပြီး တွံတေးမြို့နယ်၏ ဗုဒ္ဓဘာသာ၊ သာသနာ ကျက်သရေဆောင်ဖြစ်သော ရွှေဆံတော်စေတီမြတ်ကြီးအား ကြည်ညိုလေးမြတ်စွာ ဖူးမြော်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်တစ်လွှား၌ တန်ခိုးကြီးဘုရားစေတီများ ရှိကြပါသည်။ အဆိုပါ တန်ခိုးကြီးဘုရားစေတီများ၌ အောင်မြေများရှိတတ်ကြရာ အောင်မြေ (၉)ဌာနအား အဓိဋ္ဌာန်ဝင်လျက် နင်းပါက လောကီ,လောကုတ် နှစ်ဖြာသောကိစ္စတို့ အောင်မြင်စွာပြီးမြောက်နိုင်ပါသည်။ ဤ၌ -

(၁) သင်္ခါရလောကအောင်မြေ


(၂) သတ္တလောကအောင်မြေနှင့်

(၃) ဩကာသလောကအောင်မြေဟူ၍ လောကအောင်မြေသုံးပါးရှိကြောင်း မှတ်သားရပါသည်။ လောကသုံးပါး အောင်မြေရှိခြင်းကြောင့် အစဉ်လိုက် အောင်မြေ(၁)မှ (၉)အထိ အောင်မြေနင်းပြီး၊ အဓိဋ္ဌာန်ပြုဆုတောင်းပါက လိုရာဆန္ဒကိစ္စအဝဝတို့ ပြီးပြည့်စုံ အောင်မြင်ပါလိမ့်မည်။

စာရှုသူတို့အနေဖြင့် တွံတေးရွှေမြို့တော်သို့ ရောက်ရှိခဲ့ပါလျှင် မိမိတို့ စိတ်ကြံမြောက် အဓိဋ္ဌာန်ပေါက်ရန်အတွက် အောင်မြေနင်းနိုင်ကြစေရန် အလို့ငှာ အောင်မြေ(၉)ဌာနကို ဖော်ပြလိုက်ပါသည်။ (အောင်မြေနင်းကြမည့်သူများအဖို့ ဆံတော်ရှင်ကုန်းတော် သာသနာ့ဝေပုလ္လ မဟာသိမ်တော်ကြီးတွင် ငါးပါးသီလဆောက်တည်ပြီးမှ အဓိဋ္ဌာန်ပြု အောင်မြေနင်းကြစေလိုပါသည်။)

## အဓိဋ္ဌာန်အောင်မြေ(၁)

သင်္ခါရလောကအောင်မြေ ဖြစ်ပါသည်။ အရှေ့ဘက်



အောင်မြေ(၁)မှ တစ်ဝဂ္ဂဘုရား



သာသနာ့ဝေပုလ္လ မဟာသိမ်တော်ကြီး



ဘယ်ဘက်၊ ညာဘက် ပန်းတွင် သက်န်းတော်ရှိသော ကြေးသွန်းဘုရား



www.burmeseclassic.com

www.burmeseclassic.com

မှန်ရှိ တစ်ဝဂ္ဂဘုရား။ လိုဏ်ဂူတော်ဘုရားအေးတွင် ညာဘက် ကြေးသွန်းဘုရားမျက်လုံးတော်သည် ပြဒါးသေနှင့် ပြဒါးသေ မျက်လုံးတော်တွင် သွပ်သေဓာတ်လုံးထည့်သွင်းထားသည်ကို တွေ့ရပါသည်။ ဘယ်ဘက်တွင် အများပြည်သူ ခုနစ်ရက်သား သမီးများကိုးကွယ်သော ကရုဏာကြေးသွန်းဘုရားရှိပါသည်။

အခွေစာရှုသူအနေဖြင့် သာသနာ့ဝေပုလ္လ မဟာ သိမ်တော်ကြီးတွင် ငါးပါးသီလခံယူဆောက်တည်ပြီးသော အခါ အဓိဋ္ဌာန်ပြုလျက် အောင်မြေကိုနင်းရပါမည်။


## အဓိဋ္ဌာန်အောင်မြေ(၂)

၎င်းအောင်မြေကို သမင်အောင် မြေဟုလည်း ခေါ် ကြသည်။

ကျားမှ သမင်အားလိုက်ရာ ဤကုန်းတော်ပေါ်သို့ ရောက်သောအခါ သမင်မှ ကျားအား တစ်ဖန်ပြန်၍ လိုက် ခဲ့သည်။ သို့ဖြစ်၍ သမင်အောင်မြေဟု ဆိုကြခြင်းဖြစ်သည်။

အဆိုပါ အောင်မြေတန်ဆောင်းရှိ ကြေးသွန်းဘုရား ဆင်းတုတော်၏ ဘယ်ဘက်၊ ညာဘက် ပခုံးတော်တွင် သင်္ကန်းတော်ရှိသည်။ ခြေတော်ရင်းမှ အင်္ဂတေပေါ်တွင် ခြေရာ များ ပေါ်ပေါက်ခဲ့ပြီး ယခုအခါ သူ့အလိုလိုပျောက်သွား ကြောင်း ကြားသိရပါသည်။

(ရွှေဆံတော်ဘုရားတောင်ဘက် ဦးကျော်ရွှေ တန်ဆောင်းတွင် သမင်အောင်မြေ ရှိပါသည်။)



သမင်မှ ကျားအား ပြန်၍လိုက်နေပုံ



ဘုရင့်နောင်မင်းတရားကြီး စိုက်ထူထားသည့် ကျောက်တိုင်

အဆိုပါ အောင်မြေကို အဓိဋ္ဌာန် အောင်မြေ(၁) နင်းသကဲ့သို့ ပြုဖွယ်ကိစ္စ မှန်သမျှပြုပြီး နင်းရပါမည်။

## အဓိဋ္ဌာန်အောင်မြေ(၃)

၎င်းအောင်မြေသည် ဩကာသ လောကအောင်မြေ ဖြစ်၏။ ဘုရင့်နောင် မင်းတရားကြီး၏ အောင်မြေဟူ၍လည်း ဆိုကြသည်။

၎င်းကို ကျောက်တိုင်အဖြစ် စိုက် ထူထားရာ ဇေယျသတ္တမ္ဘအောင်မြေ ကျောက်တိုင်ဟု အမည်သညာပြုပြီး ကျောက်တိုင်၏ သ[illegible]းအကျဉ်းကို ဖော်ပြ



www.burmeseclassic.com


www.burmeseclassic.com

ထားသည်။ ကျောက်တိုင်၏သမိုင်းအကျဉ်း၌ ဘုရင့်နောင် မင်းတရားကြီးသည် သက္ကရာဇ် ၉၂၆ ခုနှစ်၌ သူပုန် ဗိုလ်ချုပ် နာဂိန္ဒကို ဘုရားရင်ပြင်တော်၌ (ကျောက်တိုင်စိုက်ထူထား သောနေရာ)အပြီးတိုင် အောင်မြင်တော်မူခဲ့သည်။ ဤကဲ့သို့ အောင်တော်မူသော အထိမ်းအမှတ်အဖြစ် ကျောက်တိုင် အား စိုက်ထူတော်မူခြင်း ဖြစ်သည်။

## အဓိဋ္ဌာန်အောင်မြေ(၄)

အဆိုပါ အောင်မြေသည် သင်္ခါရလောကအောင်မြေ ဖြစ်၏။ ၎င်းအောင်မြေသည် ရှင်မထီးဘွဲ့ခံ ရှင်အဋ္ဌဂေါဏ ဘုရား အောင်မြေဖြစ်ပေသည်။ ၎င်းဘုရားအား ရှင်အဋ္ဌ ဂေါဏ အရှင်မြတ်မှ ၎င်း၏မျက်လုံးတော် ကွယ်ခဲ့သည့်အခါ တွင် ဆိတ်မျက်လုံးတစ်လုံး၊ နွားမျက်လုံးတစ်လုံးထည့်၍ အကြောင်းပြုလင်းစေခဲ့၏။ ဘုရားအားတည်သောအခါ ဘုရား မျက်လုံးတော်၌ အကျဉ်းအကျယ်ပြုကာ ဘုရားရုပ်ပွားတော် အား နံနက် ကျီးမနိုးခင် ညတွင်းချင်းအပြီးတည်ရသည့် အတွက် ၎င်းဘုရားအား "ကျီးမနိုးဘုရား"ဟူ၍လည်း ခေါ်ကြ သေးသည်။

၎င်းဘုရား ရုပ်ပွားတော်သည် အနောက်ဘက်မုခ်ဦး တန်ဆောင်းတွင် တည်ရှိပြီး မူလနေရာမှ ဆံတော်ရှင်စေတီ တော် ခြေတော်ရင်းသို့ ပြောင်းရွှေ့၍ ခုနှစ်ရက်သားသမီးများ ပူဇော်နိုင်ရန်အတွက် လိုဏ်ဂူတော်တည်ထားသည်ကို တွေ့ရ ပါသည်။



ရှင်မထီးဘွဲ့ခံ ရှင်အဋ္ဌဂေါဏဘုရား

## အဓိဋ္ဌာန်အောင်မြေ(၅)

၎င်းအောင်မြေသည် သတ္တလောက အောင်မြေ ဖြစ်ပြီး၊ ကြွက်အောင်မြေဟုလည်း ဆိုကြသည်။

မြွေမှကြွက်ကိုလိုက်၍ ကြွက်မှ မြွေကို ပြန်လိုက် ခဲ့သည်။ ၁၃၄၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်၊ ကြာသပတေးနေ့တွင် ကြွက်အောင်မြေသည် မိမိတို့ကိစ္စ အဝဝကို အောင်မြင်စေရန် အဓိဋ္ဌာန်ပြု၍ လှူဒါန်းနိုင်သည် ဟူသော စာသားရေးထိုးထားသည်ကို တွေ့ရပါသည်။

၎င်းမှာ မြွေမှ ကြွက်အား လိုက်လံကိုက်ခဲရာ ၎င်းနေရာသို့ရောက်သောအခါ ကြွက်မှ မြွေသို့ ပြန်၍ကိုက် နေသည်ကို ဘုရားဖူးလာသူများနှင့် ဂေါပကအဖွဲ့မှ တွေ့ရှိခဲ့ ရသည့်အတွက် ကြွက်အောင်မြေဟူ၍ သတ်မှတ်ခဲ့ပါသည်။




## အဓိဋ္ဌာန်အောင်မြေ(၆)

၎င်းအောင်မြေသည် မဟာအောင်မြေဖြစ်ပြီး၊ ဩကာသလောက အောင်မြေဟူ၍လည်း ခေါ်ကြသည်။

၎င်းအောင်မြေ၌ မိမိတို့ စိတ်အလိုဆန္ဒရှိရာကို ဆုတောင်းပြီး အဓိဋ္ဌာန်ဝင်ကာ အောင်မြေနင်းနိုင်ပါသည်။ အဆိုပါမဟာအောင်မြေ၌ နှစ်စဉ်နှစ်တိုင်း နှစ်ဆန်း ၁ ရက် နေ့သို့ ရောက်ရှိပါက ရှမ်းဘုရားသံပုံစေတီတည်သော နေရာ လည်း ဖြစ်ပါသည်။

## အဓိဋ္ဌာန်အောင်မြေ(၇)

၎င်းအောင်မြေသည် သင်္ခါရလောက အောင်မြေ




www.burmeseclassic.com

www.burmeseclassic.com



မဟာအောင်မြေ(၆)



ရှမ်းဘုရားသဲပုံစေတီတည်သည့် မဟာအောင်မြေ(၆)

ဖြစ်၏။ သပိတ်တစ်လုံးကျောင်း ဆရာတော် ထွက်ရပ်ပေါက် အောင်မြေလည်း ဖြစ်ပါသည်။

အဆိုပါနေရာတွင် ဦးဘမြင့်+ ဒေါ်သန်းညွှန့်တို့အား ရည်စူး၍ သား မောင်လှထွန်း၊ သမီး မခင်ဝင်း(မိသားစုကောင်းမှု)ဟု ရေးထိုးထားသည့် တန်ဆောင်းအတွင်း သပိတ်တစ်လုံးဆရာတော် ထွက်ရပ်ပေါက်အောင်မြေဂူအား တွေ့ရှိရပါသည်။




သင်္ခါရလောကအောင်မြေ (သပိတ်တစ်လုံးဆရာတော် ထွက်ရပ်ပေါက် အောင်မြေ)

## အဓိဋ္ဌာန်အောင်မြေ(၈)

သတ္တလောက အောင်မြေဖြစ်ပြီး မတ်ရပ်ကိုယ်တော် ရုပ်ပွားတော်ကို ဖူးမြော်နိုင်ပါသည်။ ထိုဘုရားမှာ ရစ်သုံးရစ်၊ သျှောင်သုံးသျှောင်ဘုရားဖြစ်သည်။

အဆိုပါ အောင်မြေသည် တနင်္ဂနွေထောင့် ဆံတော်ရှင်ခြေရင်း ပစ္စယံ၌ သတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ မေတ္တာ၊ ကရုဏာပေးသနားတော်မူဟန် ကျောက်ဆင်းတုရုပ်ပွားတော်အား တစ်ဖြောင့်တည်း တည်ထားသော ဗုဒ္ဓရုပ်ပွားတော် ဖြစ်ပေသည်။ ဘုရားရှင်၏ သျှောင်တော်မှာ သျှောင်သုံးဆင့်ရှိပြီး ခြေမျက်တော်ရင်း၌ ခြေရစ်သုံးရစ်ပေါ်လွင်စေပြီး လွန်စွာသပ္ပာယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်ဖြစ်ပါသည်။

စိတ်အကြံမြောက် အဓိဋ္ဌာန်ပေါက်လိုသူများ အဆိုပါ အောင်မြေ၌ နင်းနိုင်ပါသည်။

## အဓိဋ္ဌာန်အောင်မြေ(၉)

၎င်းအောင်မြေသည် သင်္ခါရလောက အောင်မြေ ဖြစ်ပေသည်။

အောင်မြေ(၉) ဓာတ်ပေါင်းစု ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်ပုံသည် ရွှေဆံတော် ဆံတော်ရှင်အထက်ပစ္စယံပေါ်တွင် တည်ထားကိုးကွယ် ခံတော်မူသည်။ ယခင်က ဂေါပကရုံးခန်း

www.burmeseclassic.com

www.burmeseclassic.com



မတ်ရပ်ကိုယ်တော်ရုပ်ပွားတော် (အဓိဋ္ဌာန်အောင်မြေ ၈)

တန်ဆောင်းရှေ့ တိုက်ဂူတန်ဆောင်းတွင် တွေ့ရသည်ဟု သိခဲ့ရပါသည်။ ဓာတ်ပေါင်းစုဆိုသည်မှာ ပဉ္စလောဝါ ပဉ္စငါးပါးဖြင့် စီမံပြုလုပ် သွန်းလောင်းထားသော ကြေးဆင်းတု ရုပ်ပွားတော်ပင် ဖြစ်ပေသည်။ ရုပ်ပွားတော်တွင် စပေ့ါ် အစက်အဝိုင်းများ အရောင်မျိုးစုံထွက်နေပြီး နံနက်၊ နေ့လယ်၊ ညနေ အရောင်အဆင်းအမျိုးမျိုး တွေ့ရပေသည်။ ဖြူသော ဘော်ရောင်၊ နီသော ဘော်ရောင်၊ ညိုသော ဘော်ရောင် ရှိသည်။ ဗုဒ္ဓမြတ်ဆံတော်ရှင် တွံတေးရွှေဆံတော်ဘုရား၏ ထူးခြားအောင်မြေများ ဖြစ်ပေသည်။ တစ်ချိန်က ရတနာဘူမိ ဆရာတော်ဘုရား ပြောဖူးသည်မှာ အောင်မြေ(၉)ခုအား အစဉ်လိုက် အဓိဋ္ဌာန်နှင်းလျှင် မိမိကောင်းမှု၊ မကောင်းမှု အဓိဋ္ဌာန်ပြုပါက ရှစ်ဆယ်ရာခိုင်နှုန်း အောင်မြင်သည်ဟု အဆိုကို ကြားဖူးခဲ့သည်။

စာရေးသူနှင့်အတူ ဆန်းဖားး ကုမ္ပဏီဦးကျော်တင့်သဘော်သား၊ ပဲခူးမှ ကိုညီညီလွင်တို့ အောင်မြေအဓိဋ္ဌာန်နှင်းခဲ့ရာ ကိုညီညီလွင်မှ သိန်းထီ ၂၆၃ သိန်း ပေါက်ခဲ့ရာ ရွှေဆံတော်ဘုရားအား ၁၀ သိန်းလှူပြီး၊ အောင်မြေ(၈) သတ္တလောကအောင်မြေဟု ရစ်သုံးရစ်၊ သျှောင်သုံးသျှောင် ဘုရား လိုဏ်ဂူတော်အား ပြုပြင်တည်ဆောက်ခဲ့သည်။ ဗုဒ္ဓမြတ်ဆံတော်ရှင် တွံတေးရွှေဆံတော် စေတီတော်မြတ်အား မြန်မာပြည် အရပ်ရပ်မှ ဘုရားဖူးလာဖို့အတွက် သာသနာပြုမိတ်ဆွေများအား ဤဆောင်းပါးမှတစ်ဆင့် ဖိတ်ခေါ်လိုက်ပါသည်။



ဓာတ်ပေါင်းစု ကြေးဆင်းတုရုပ်ပွားတော်

**သိပ္ပံကိုကြီး(မင်းသီဟ)**



www.burmeseclassic.com

www.burmeseclassic.com



အကောက်တောင်ပေါ်ရှိကြုံတိုင်းအောင်
မာတ်ပေါင်းစုစေတီတော်

## ဧရာဝတီမြစ်ကမ်းနံဘေးမှ

# ရှေးဟောင်းရုပ်ပွားတော်များကိန်းဝပ်နေသော အကောက်တောင်သို့ တစ်ခေါက်

မြမဥ္ဇူဝေ (ကျုံမငေး)


ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသည် ယခုအခါ ကောင်းမွန်နေပြီဖြစ်သောကုန်းလမ်းခရီးဟုခေါ်ရမည့် ကားလမ်းကြီးများ ကူးလူးဆက်နွယ်နေပြီဖြစ်၍ နေ့ချင်းပေါက်သွားလာနေနိုင်ပြီဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး၏ အစွန်တိုင်းအစပ်မှ ထုံးဖိုမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး၏ တိုင်းအစွန် ကြံခင်းမြို့တို့၏ နယ်နိမိတ်ထိစပ်နေသော ဧရာဝတီ ကမ်းနံဘေးသည် ကျောက်သား ကျောက်ဆိုင် တောင်တန်းများအဖြစ် တည်ရှိနေပါသည်။

ထိုကျောက်နံရံများတွင် အလွန်ထူးခြားသော ရှေးဟောင်းဗိသုကာလက်ရာများဖြင့် ကျောက်နံရံများသို့ ထွင်းထုထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား တအံ့တသြ ဖူးတွေ့ကြရမှာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကောက်တောင်ထိပ်ပေါ်ရှိ
ရွှေမြင်တင်စေတီတော်

ထိုရုပ်ပွားဆင်းတုများသည် မုဒြာဟန်မျိုးစုံနှင့် ကြီးငယ် အသွယ်သွယ်ထွင်းထုထားပြီး ကျောက်နံ့ရံနှင့် တစ်ထပ်ထဲကျ ဖြစ်ပေါ်ကိန်းဝပ်နေဟန်များသည် အလွန်ထူးလှပါသည်။

အချို့သော ရုပ်ပွားတော်များသည် ပျက်စီးယိုယွင်းစပြုနေပြီဖြစ်၏။ အချို့လည်း တောင်နံ့ရံပြိုပျက်ခြင်းကြောင့် ဧရာဝတီမြစ်အတွင်း နစ်မြုပ်ခဲ့သည်ဟု ဒေသခံများကဆိုပါသည်။ ဤကျောက်သား နံ့ရံကြီးနှင့်အတူ ယှဉ်တွဲတည်ရှိ စံပါယ်နေတော်မူသောနေရာကို "အကောက်တောင်" ဟုခေါ်ပါသည်။

အံ့ဖွယ်ထူးထွေ ရုပ်ပွားတော်များကိန်းဝပ်ရာသို့ အမှတ်မထင် ရောက်ခဲ့ရခြင်းဖြစ်ပြီး မြန်မာပြည်၏ တိုင်းဒေသကြီး နှစ်ခုအတွင်းသို့ ဘုရားဖူးခရီးထွက် ရန်ဖြစ်ခဲ့ရသောအကြောင်း ပြုမှုနှင့် ခရီးစဉ်ကို ဦးဆောင်စီစဉ်သူ ဦးမျိုးကြီး၊ ဒေါ်အေးမြခိုင် သုခမိန် ဘုရားဖူးအပန်းဖြေ ခရီးသွားလုပ်ငန်းကိုလည်းကောင်း ဤခရီးကိုသွားနိုင်ရန် ပို့ဆောင်ပေးသူ ညီမလေးဒေါ်မိုးသူဇာ လွင် ကိုလည်းကောင်း ကျေးဇူးအထူးတင်မိခဲ့ပါသည်။

ခရီးစဉ်အရ ဦးစွာ ပြည်မြို့သို့သွားခဲ့ကြပါသည်။ ပြည် ရွှေဆံတော်ဘုရားကြီးကို ဖူးကြဖို့ဖြစ်သော်လည်း အချိန်ကို ငဲ့သောအားဖြင့် ရွှေတောင်မြို့နှင့် ရွှေမျက်မှန်ဘုရားကိုဖူးပြီး ခရီးစဉ်စီစဉ်သူ၏ အစီအစဉ်တစ်ခု ကြားဖြတ်အစီအစဉ်ဖြင့် အလှူပွဲတစ်ခုသို့ဂင်ပြီး အပြန်ခရီးမှ အချိန်ကိုကြည့်ပြီး ဝင်မည် ဟုဆိုကာ ဦးတည်ရာခရီးဖြစ်သည့် "အကောက်တောင်" သို့ သွားခဲ့ကြပါသည်။ ကြံခင်းမြို့သို့အဝင်မှာ နံနက် ၉ နာရီကျော် နေပါသည်။ ဤသို့ဖြင့် မကြာခင်မှာ "ထုံးဖိုမြို့" သို့အရောက် ကားရပ်သည့်နေရာမှာ ဧရာဝတီမြစ်ကမ်းနံ့ဘေးဟု သိလိုက်ရ ပါသည်။

ထုံးဖိုမြို့၏ကမ်းခြေမှ လှမ်းကြည့်လိုက်သောအခါ ဧရာဝတီ တိုင်းနှင့် ပဲခူးတိုင်းအစပ်ဖြစ်ကြောင်း တွေ့လိုက်ရပါသည်။ ကြံခင်းမြို့က ဧရာဝတီတိုင်း၊ ထုံးဖိုမြို့က ပဲခူးတိုင်းဖြစ်နေပါသည်။ မြစ်ကမ်းခြေမှာ အသင့်ရှိနေသော စက်တပ်လှေကြီးနှင့် ခရီးစ ခဲ့ရပြန်ပါသည်။ မကြာခင်မှာ စက်ရှိန်လျော့သွားပြီး ကမ်းစပ်သို့လှမ်းကြည့်ပါဟု ပြောလာသောစကားသံကြောင့် ကြည့်လိုက်သောအခါ တောင်နံ့ရံများပေါ်တွင် ရုပ်ပွားတော်များ အစီအရီနှင့် ထူးထူးဆန်းဆန်း ဖူးတွေ့ရပါသည်။

"အကောက်တောင်"နှင့် ကျောက်နံ့ရံများတွင် ထွင်းထုထားသော ရုပ်ပွားတော်များ မည်သို့သက်ဆိုင်သည်ကို သိချင်စိတ်ကလွန်ကဲနေသောကြောင့် ဒေသခံများကို မေးမြန်းမိသောအခါ "အကောက်တောင်"ဟု ခေါ်သော ဤကျောက်သားတောင်များသည် လွန်ခဲ့သောနှစ်ပေါင်းများစွာ အချိန်အခါကပင် တည်ရှိနေခဲ့ပြီး ရုပ်ပွားတော်များသည် မြန်မာပြည် အထက်



အကောက်တောင်ထိပ်ပေါ်မှ ကမ္ဘာလုံးဆိုင်ရာ
မနောမယ သိဒ္ဓိ မဟိဒ္ဓိစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နံရံအတွင်း ထွင်းထုထားသော ရုပ်ပွားဆင်းတုတော်များ



မုဒြာဟန်ပုံစံများစွာဖြင့် ထုဆစ်ထားသော ရုပ်ပွားဆင်းတုတော်တစ်ဆူ

အောက် အစုန်အဆန် ကုန်ရောင်းကြသော ကုန်သည်များမှ ခရီးတစ်ထောက်နားကြရာတွင် ရာသီဥတုအခြေအနေ ရေဝတီမြစ်ရေအတက်အကျစောင့်ရင်း ရက်ကြာစွာ ခိုနားနေရင်း ကျောက်သားများတွင် မိမိတို့ကိုးကွယ်ရာ ဗုဒ္ဓဘုရားရှင်၏ ရုပ်ပွားတော်ပုံဟန်ကို ထုဆစ်ရင်းရှိခိုးပူဇော်ခဲ့ကြသောကြောင့် အကောက်တောင်တွင် ထိုကဲ့သို့ ရုပ်ပွားတော်များတည်ရှိ ကိန်းဝပ်နေခြင်းဖြစ်သည်ဟု ဆိုပါသည်။

အကြောင်းအရာများသည် မှန်ကန်နိုင်သော်လည်း ပိုမိုသေချာသော သမိုင်းကြောင်းကို သိလိုသောကြောင့် "အကောက်တောင်" တောင်မကြီးပေါ်သို့ ခြေလျင်လမ်းဖြင့် တက်ခဲ့ကြပြီး တောင်ပေါ်အရောက်၌ ဥပသကာကြီးများထံ မေးမြန်းမိပါသည်။ အကောက်တောင်သည် ကြံခင်းမြို့နှင့် ရေမိုင်ခရီး (၈)မိုင်အကွာတွင် တည်ရှိ ကျောက်တောင် အမျိုးအစားဖြစ်ပါသည်။



ကျောက်နံရံပေါ်မှ ထွင်းထုတားသော ရုပ်တော်မှုရုပ်ပွားတော်မြတ်

ပဉ္စမသင်္ဂါယနာတင် မန္တလေးမြို့တည် ဘဝရှင်မင်းတရားကြီးဖြစ်သော မင်းတုန်းမင်းလက်ထက် အချိန်အခါက ရခိုင်ရိုးမတောင်စွယ်တောင်တန်းနှင့် ထိစပ်နေသော "တောင်ကြီး" "တောင်လတ်" "တောင်ငယ်" ဟူသည့် တောင်သုံးလုံးတွင် အကြီးဆုံးတောင်ကြီး၌ ရေဝတီမြစ်ကို မျက်နှာမူနေသော တောင်နံရံများတွင် ဗိသုကာပန်းပုစသော အနုပညာများတတ်ကျွမ်းသည့် ကုန်သည်များ၊ ရေဝတီမြစ်အတွင်း အထက်အောက် စုန်ဆန်က ကုန်ရောင်းသွားစဥ် ခရီးတစ်ထောက်နားခိုရာကောင်းသော ဤနေရာများတွင် ရက်ရှည်နားနေစဥ် ဗုဒ္ဓရုပ်ပွားများထွင်းထု၍ ကိုးကွယ်ခဲ့ကြပါသည်။

ကုန်းဘောင် ခေတ်နှောင်းပိုင်းသို့ ရောက်သောအခါ ထိုတောင်ကြီးတည်ရာနယ်တစ်ကြောတွင် မြို့တော်ဝန်ဦးကောက်ရအား အခွန်တော်များကောက်ခံရန် စေခိုင်းခဲ့ရာမှ အခွန်အကောက် ကောက်ခံမှုကို အစွဲပြုခြင်း၊ မြို့တော်ဝန် ဦးကောက်ရကို ကိုယ်စားပြုခြင်းဖြင့်




ပျက်စီးယိုယွင်းနေပြီဖြစ်သော အကောက်တောင်၏ ရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com



အကောက်တောင်ပေါ်သို့ အတက်ခရီး၌ လျောင်းတော်မူ ဘုရားအနီး ဘုရားဖူးများအမှတ်တရ

"အကောက်တောင်" ဟု ခေါ်ခဲ့ကြလေသည်။ ထိုအမည် မတွင်ခင်အခါက "ရတနာပုံစ" တောင်ဟုလည်း ခေါ်ခဲ့ကြပါသည်။

အချို့သော ရေးဟောင်းစာပေများတွင် ဘုရားလောင်း "ကျေးမင်း"ဘဝဖြစ်စဉ်အခါက ထိုတောင်တွင်နေထိုင်ခဲ့ပြီး တောင်ပေါ်၌ သစ်သီး သစ်ဥများကို ကောက်ယူစားသုံးပြီး အလွန်ချိုသော သစ်သီးများကို အစဉ်ထာဝရကောက်ယူ စားသုံးခဲ့သဖြင့် "အစာကောက်တောင်" ဟု အမည်တွင် ခဲ့သည်ဟု ရေးသားထားပါသည်။

တောင်နံရံရှိ ရုပ်ပွားတော်များသည် ကုန်းဘောင်ခေတ် ထက် စောသောခေတ်အခါက လက်ရာများဖြစ်သည်ဟု လည်း သမိုင်းပညာ ရှင်များကဆိုပါသည်။ ဤကဲ့သို့ရှေးကျ သော အဖိုးတန်ကျောက်ဆစ် လက်ရာ ရုပ်ပွားတော်များသည် ရှေးအခါက မည်မျှရှိခဲ့သည်ကို အတိအကျမဖော်ပြနိုင်သော်လည်း ယခုအခါ ရုပ်ပွားတော် မှုန်ခြာစုံ အရွယ်စုံ (၃၇၀)ခန့်သာ တည်ရှိတော့ကြောင်း ဆိုကြပါသည်။ "အကောက်တောင်" အထက်တောင်ပေါ်တွင် ယခုအခါ စေတီ၊ ဘုရား၊ ရုပ်ပွား ဆင်းတုများ၊ ကျောင်း၊ ဇရပ်များနှင့်အတူ ရှေးဟောင်းသမိုင်း တွင် စေတီဘုရားများကို ပြုပြင်ထိန်းသိမ်းလျက် သာသနာ မြဲမြတ်နှင့် သာသနိက အဆောက်အဦများကို တင့်တယ်စွာ ဖူးတွေ့ခဲ့ရပါသည်။ ကုသိုလ်ရှင် စေတနာရှင်များ၏ ဒါနအား၊ ဒေသခံများ၏ စေတနာအားဖြင့် တောင်ပေါ်တွင် သာသနာ ပြုလုပ်ငန်းများအပြင် ဘာဝနာပွားကမ္မဋ္ဌာန်းတရားများ အားထုတ် နိုင်သော အလုပ်စခန်းများလည်း ဖွင့်လှစ်ထားပါသည်။

အကောက်တောင်မကြီးပေါ်တွင် တည်ထားသော စေတီ မှာ "ရွှေမြင်းတင်" စေတီဟု ဘွဲ့အမည်တင်၍ သာသနာပြု ဆရာတော်အရှင်မြတ်မှာ "ဘဒ္ဒန္တပညာဒီပ" အရှင်မြတ်ဖြစ်ပါ သည်။ ခရီးစဉ်အရ တစ်နေ့တာအချိန်ပေးလေ့လာရင်း ဘုရားဖူး ခရီးစဉ်ဖြစ်သောကြောင့် သာယာရွှင်မြူးစိတ်ကြည်နူးစွာ ဖူးမြော်ခဲ့ရသော "အကောက်တောင်" သို့ ဘုရားဖူးခရီးစဉ်ကို တစ်ခါတစ်ခေါက် သွားရောက်သင့်သော ခရီးစဉ်အဖြစ် စာရေးသူ ကျွန်မရင်တွင်း၌ အဆိုပြုချင်ပါက ကိုယ်တိုင်လည်း ထပ်မံသွားရောက်နိုင်ပါရန် ဆန္ဒပြုဆုတောင်းနေမိပါသည်။

မြမဉ္ဇူဝေ (ကျုံမငေး)

မှီငြမ်းမှု - စာရေးသူ၏ "အကောက်တောင်" သို့ ဘုရားဖူးခရီးမှတ်တမ်း (၃-၃-၂၀၁၃)









www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ

## နှင့်

# ကော့ဂွန်းဂူတော်ကြီး



အကြွေးကြေဘုရား

ကော့ဂွန်းဂူအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်

■ ကိုမောင်သန်းဝင်း

မြန်မာသက္ကရာဇ် ၄၁၉ ခုနှစ် တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းက ဘာသာရေးကိုအကြောင်းပြုပြီး သထုံပြည်ကြီးပြည့်ရှင် မနူဟာမင်းအား စစ်ခင်းခဲ့ရာ သထုံပြည်ကြီး ပျက်စီးခဲ့ရပါသည်။


အနော်ရထာမင်းသည် မနူဟာမင်းနှင့် ပိဋကတ်တော်များ၊ ပညာရှင်များကို ပုဂံသို့ ခေါ်ဆောင်သွားခဲ့ရာ ထိုအထဲမှ မုတ္တမမိဖုရားကြီး ရှောင်တိမ်းရာမှ ကော့ဂွန်းဂူသို့ ရောက်ရှိသည်။ မိဖုရားကြီးရောက်ရှိချိန်တွင် ကော့ဂွန်းဂူ၌ ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုများ ရှိနေဟန်ရှိသည်။

မိဖုရားကြီးသည် ပုန်းအောင်းနေစဉ် အတွင်း စေတီများ၊ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ကြွများကို ထုလုပ်ပူဇော်ခဲ့သည်။ မိဖုရားကြီးသည် ကော့ဂွန်းဂူ၌သာမက အနီးပတ်ဝန်းကျင် ထုံးကျောက်လိုဏ်ဂူများ၌လည်း ဂဝံစေတီများ၊ ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ပူဇော်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူအဝင်ဝရှိ ဗုဒ္ဓရုပ်ပွားတော်များ


ထို့ပြင် ကော့ဂွန်းဂူသို့ ရှေးယခင်က ရောက်ရှိခဲ့ကြသူများကို ကျောက်တောင်နံရံများ၊ အမိုးမျက်နှာကြက်များနှင့် ကျောက်ဆက်ပန်းဆွဲများတွင် ထုလုပ်ပူဇော်ခဲ့ကြသည်။ ထို့ပြင် မိမိတို့၏ အလှူမှတ်တမ်းနှင့် ဆုတောင်းတို့ကိုလည်း ရေးထိုးခဲ့ကြသည်။ ယင်းကဲ့သို့ ထုလုပ်ရာ၌ ယင်းခေတ်ကာလ၊ ယင်းဒေသ၌ ထွန်းကားနေသော လက်ရာများဖြင့် ပုံဖော်ခဲ့ကြပါသည်။

သို့ကြောင့် ကော့ဂွန်းဂူကို ပညာရှင်များ မျက်စိကျခဲ့သည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိရာ ကော့ဂွန်းဂူသို့ အေဒီ ၁၉ ရာစု အစောပိုင်းကတည်းက ရှေးဟောင်းနှင့် သမိုင်းပညာရှင်များက ကွင်းဆင်းသုတေသနပြုခဲ့ကြပြီး ကွင်းဆင်းသုတေသနမှတ်တမ်းများ ကို ဖော်ပြခဲ့ကြသည်။

ကော့ဂွန်းဂူသို့ ကွင်းဆင်းသုတေသနပြု မှတ်တမ်းများအရ ကော့ဂွန်းဂူသို့ ၁၈၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှသံအမတ်ကြီး မစ္စတာဂျွန်ကရော့ဖို့ ရောက်ရှိခဲ့သည်။ ၁၈၃၅ ခုနှစ်တွင် သုတေသနပညာရှင် ရစ်ချက်တင်ပယ်က ကော့ဂွန်းဂူ နံရံကပ်ဆင်းတုတော်များကို တန် ၅၀၀ ရှိသော သင်္ဘောဖြင့် သယ်ဆောင်သွားမည်ဆိုက အုတ်ခွက်အားလုံး၏ ထက်ဝက်မျှကိုပင် သယ်ဆောင်မသွားနိုင်ဟု ဖော်ပြခဲ့သည်။

၁၈၃၆ ခုနှစ် ဂျပ်ဆင်အဘိဓာန် စာအုပ်ကို ပြုစုခဲ့သူ ဆရာယုဒသန် (ခေါ်) မစ္စတာဂျက်ဂျပ်ဆင်ယုဒသန်နှင့် အမေရိကန်သာသနာပြုအဖွဲ့ ရောက်ရှိခဲ့သည်။ ၁၈၁၉ ခုနှစ်တွင် ကမ္ပည်းကျောက်စာဌာနမှ ကျောက်စာဝန် မစ္စတာ တော်စိန်ခိုနှင့်အဖွဲ့ကလည်းကောင်း၊ ၁၈၉၂ ခုနှစ်၊ ဧပြီလအတွင်း၌ မေဂျာအာရ်စီတမ်ပယ်နှင့်အဖွဲ့ကလည်းကောင်း ရောက်ရှိခဲ့ကြပါသည်။

၁၉၄၀-၄၁ ခုနှစ်အတွင်း ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်ဟောင်း ဦးလူဖောင်းနှင့် ဒေါက်တာဂျီအိတ်(ခ်)လုစ်တို့သည်လည်း ကော့ဂွန်းဂူသို့ ရောက်ရှိလေ့လာခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဦးဖိုးလတ်၊ ဗိုလ်မှူးဘရှင်၊ ဦးနိုင်ပန်းလှနှင့် ဒေါက်တာဂျီအိတ်(ခ်)လုစ်တို့အဖွဲ့ သွားရောက်ခဲ့ပြီး ကော့ဂွန်းဂူအား ရှေးဟောင်းသုတေသနဌာန၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်၌ ထည့်သွင်းထားရှိခဲ့သည်။ ကွင်းဆင်းမှတ်တမ်းကိုလည်း ၁၉၅၇ ခုနှစ်၊ နှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြ



ဂူအဝင်ဝရှိ ဗုဒ္ဓရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြသည်။

ကော့ဂွန်းဂူသည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ဂွန်းကျေးရွာအနီးတွင်ရှိသော ကော့ဂွန်းတောင်ပေါ် ထုံးကျောက်တောင်မှ ထုံးကျောက်သဘာဝ လိုဏ်ဂူတော်တစ်ခု ဖြစ်သည်။

လိုဏ်ဂူတော်အတွင်းနှင့် မြေပြင်ဘက် ကျောက်သားနံရံတို့တွင် သပ္ပာယ်လှစွာ မွမ်းမံခြယ်လှယ်ထားသော များပြားလှသည့် ဗုဒ္ဓရုပ်ပွားတော်များ တည်ရှိမှုကြောင့်လည်းကောင်း၊ ရှေးဟောင်းကမ္ပည်းစာနှင့် ရှေးလက်ရာရုပ်လုံးရုပ်တုများ တွေ့ရှိရသောကြောင့်လည်းကောင်း ကျော်စောထင်ရှားပြီး မြန်မာ့သမိုင်းတွင် တန်ဖိုးကြီးမားသော ရှေးခေတ်လိုဏ်ဂူတစ်ခု ဖြစ်သည်။

မှတ်တမ်းအရ ကျိုက္ကမီခရိုင်တစ်ခုတည်းမှပင် လိုဏ်ဂူပေါင်း ၄၀ ကျော်ရှိသည်။ ယင်းတို့အနက် ၂၀ ခုတွင် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများ တည်ရှိသည်ဟု ဆိုသည်။

ရှေးဟောင်း ဗုဒ္ဓရုပ်တုတော်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိသောကြောင့် နာမည်ထင်ရှားသော ဂူများအနက် ကော့ဂွန်းလိုဏ်ဂူသည် အထင်ရှားဆုံးဖြစ်သည်။ လိုဏ်ဂူအဝင်အဝသည် မြေပြင်ထက် ၁၀ ပေခန့် မြင့်သည်။ ဂူဝတွင် မြေမြင့်ပိုင်းတစ်ခုဖြစ်လျက်ရှိပြီး ကျောက်စက်မိုးမျှော်တန်းများ ထိုးကျနေသည်။

ဂူအတွင်းပိုင်းနှင့် အပြင်ဘက်၊ အနောက်မြောက်ထောင့်တွင် ချိုင့်ဝှမ်းနက်တစ်ခုရှိပြီး ဂူသည် အရှေ့ဘက်သို့မျက်နှာမူလျက်ရှိသဖြင့် နံနက်ခင်း နေရောင်ခြည်ကို ကောင်းစွာရနိုင်သည်။



ဂူအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များနှင့် ဂူနံရံပေါ်မှအုတ်ခွက်ဘုရားများ

အနောက်တောင်လေ တိုက်ခြင်းမှလည်း အကာအကွယ်ရထားသဖြင့် နေရာထိုင်ခင်းကောင်းသည်ဟု ဆိုရပေမည်။ ဂူဝတွင် ခြောက်သွေ့သော်ငြားလည်း အနည်းငယ် စိုစွတ်ထိုင်းမှိုင်းနေသည်။

လိုဏ်ဂူအတွင်းပိုင်းနှင့် အပြင်ဘက်တို့တွင် အုတ်၊ ကျောက်၊ အင်္ဂတေ၊ သစ်သားတို့ဖြင့် ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ထုလုပ်လျက် အနေအထားအမျိုးမျိုးဖြင့် စီမံထားသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ ရုပ်လုံးရုပ်ကြွများ၊ စေတီပျက် စသည်ဖြင့် သမိုင်းတစ်ခေတ် ဂူတို့၏ အနုပညာလက်ရာများကို ဖူးမြင်နိုင်သည်။

ကျောက်ကပ် အုတ်ခွက်များနှင့် ရုပ်တုတော်များကို စီမံထားသည့်ပုံတို့မှာ စေတီပုံ၊ ပြာသာဒ်ပုံ၊ တံခွန်ကုက္ကားပုံ စသည်ဖြင့်လည်းကောင်း၊ ဓမ္မူပတိ ချွတ်ခန်း၊ ဗောဓိပင်နှင့် ရွှေပလ္လင် အောင်တော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်း စသည်ဖြင့်လည်းကောင်း သရုပ်ဖော်ပုံ အမျိုးမျိုးရှိကြသည်။ မူလအုတ်ခွက်ဘုရားများသည် ကာလရှည်ကြာသဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကွာကျသွားသောနေရာများတွင် ဒါယ

www.burmeseclassic.com

ကာအသစ်တို့က ထပ်မံ၍ အစားထိုး လှူဒါန်းခဲ့ကြသည်။

အချို့သော ကျောက်ဆစ်ပန်းပု လက်ရာတို့သည် ဗုဒ္ဓဘာသာဝင်ရုပ်တု မဟုတ်ဘဲ ဟိန္ဒူဘာသာ ဗိဿနိုးနတ်ရုပ်ဖြစ်နေသည်။ မွန်ရှေးဟောင်းကမ္ပည်းစာ ပါရှိနေသဖြင့် အံ့သြဖွယ်တစ်ရပ်ဖြစ်သည်။ "ဤမြို့တွင်နေထိုင်သူ ပုဂ္ဂိုလ်တစ်ဦးဦးက ဤရုပ်ကို ထုထွင်းသည်ဟု ပညာရှင်တို့က သုံးသပ်ထားသည်။

ဂူတော်ကြီးအဝင် ခန်းမဆောင် တောင်ဘက် ကျောက်သားနံရံ ပထမ သံဂေကာအတွင်း လူတစ်ရပ်ခန့်မြင့်သောနေရာ၌ သက္ကတဘာသာဖြင့် ရေးထိုးထားသော ကျောက်စာသုံးကြောင်း ရှိသည်။ ထိုကျောက်စာ သုံးကြောင်းနှင့် ပတ်သက်၍ ပါမောက္ခဒေါက်တာနိုင်ပန်းလှ ရေးသားပြုစုသော ရှေးဟောင်းသုတေသနစာပေများ စာအုပ်တွင် အလွန်ထူးဆန်းသော အရေးအသားဖြစ်ကြောင်း။ ယင်းအက္ခရာရေးသားပုံသည် အေဒီ(၆)ရာစုတွင် ကမ္ပည်းထိုးခဲ့သော အိန္ဒိယတောင်ပိုင်း ပလ္လဝနှင့် ကဒမ္ဗ အရေးအသားနှင့် တူသည့်အပြင် ၎င်းခေတ်ထိုး ခမာ (ခေါ်) ကမ္ဘောဒီးယား ရှေးဟောင်း အရေးအသားနှင့် တူနေသည်ကိုတွေ့ရကြောင်း ဖော်ပြပါရှိသည်။

တောမိုရဟန်းဆရာတော်တစ်ပါး၏အဆိုအရ ကော့ဂွန်းဂူနှင့် ပတ်သက်၍ တန်ဖိုးမဖြတ်နိုင်သော အထောက်အထားနှစ်ခု တွေ့ရသည်ဟု ဆိုသည်။ ပထမအထောက်အထားမှာ ဓမ္မစကြာလှည်းဘီးဖြစ်သည်။ ဓမ္မစကြာလှည်းဘီးပုံသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်နေရာ အမှတ်အသားတစ်ခုဖြစ်သည်။ ရှေးကျသော ယုံကြည်မှု အထိမ်းအမှတ်လည်း ဖြစ်သည်။

တောင်ဘက်စွန်း ကျောက်နံရံတွင် ပထမံအုတ်ခွက်များ ကပ်လှူဆင်မြန်းထားရာ စေတီပြာသာဒ်အထွတ်ရှိသည်။ ဒုတိယအချက်မှာ ကော့ဂွန်းဂူတွင် လက်ရေးစင်း အမှတ်အသားပါ အုတ်ချပ်များ တွေ့ရှိရခြင်းပင် ဖြစ်သည်။ အုတ်ချပ်များပေါ်တွင် လက်ချောင်းရာများကို ရေးခြစ်ထားပေသည်။ ပျူခေတ်ကာလအတွင်းက တွေ့ရှိရသော လက်ရေးစင်းအုတ်ချပ်များနှင့် ဆင်ဆင်တူလှသည်ဟု ဆို၏။

ကော့ဂွန်းဂူအတွင်းမှ မြန်မာနိုင်ငံ၏ ပျူခေတ်သုံး အုတ်ချပ်မျိုးကို တွေ့ရှိရသဖြင့် ဤလိုဏ်ဂူသည် ခရစ်နှစ်ဦးကာလခန့်ကပင် မြို့ပြယဉ်ကျေးမှု အဆင့်ရှိသော လူတိုင်း အသုံးပြုရာနေရာတစ်ခုဖြစ်မည်ဟု တွေးဆကြသည်။

သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ တောင်တွင်း၊ ထားဝယ်နယ်ဘက်ရှိ သာဂရမြို့ဟောင်းတို့တွင် တွေ့ရသော ရှေးဟောင်းလက်ရေးစင်း အုတ်ချပ်များကိုလည်း ကော့ဂွန်းဂူတွင် တွေ့ရသည်။

ကော့ဂွန်းဂူအဝင် မုခ်ဦးမှစ၍ အတွင်းခန်းမဆောင် လိုဏ်ဂူတော်အတွင်း ထိပ်ပိုင်းအထိ ရှေးဘိုးဘွားသူတော်ကောင်းများ လှူဒါန်းပူဇော်ခဲ့ကြသော ရုပ်တော်မူ၊ ထိုင်တော်မူ၊ တင်ပျဉ်ခွေတော်မူ၊ လျောင်းတော်မူ ရုပ်ပွားတော်များစွာကို ဘုရားဖူးပရိသတ် ဗုဒ္ဓဘာသာဝင်များ ဖူးမြော်ကြည်ညိုနိုင်ပါ၏။

ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီးသို့ နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများ၊ တိုင်း/ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်ရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာများ၊ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ သုတေသနဆရာကြီးများ၊ သမိုင်းပါမောက္ခဆရာကြီးများနှင့် အမြို့မြို့အနယ်နယ်မှ ဘုရားဖူးပရိသတ်များ၊ နိုင်ငံခြားသားလေ့လာသူများ အဆက်မပြတ် ရောက်ရှိခဲ့ကြသည်။

ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီးသို့ ရောက်လျှင် ခြင်္သေ့နှစ်ကောင်၊ လွတ်လပ်ရေးကျောက်တိုင်၊ နတ်ရေကန်၊ တောင်ပိုင်ဘိုးတော်ဖြူနန်းဆောင်တို့ကို ရှေးဦးစွာ တွေ့နိုင်ပါသည်။ ကော့ဂွန်းဂူသည် ဘားအံမြို့နယ်နှင့် ၇ မိုင်ခန့်ဝေးပြီး အနောက်တောင်ဘက်ယွန်းယွန်းတွင် ရှိသည်။

ကော့ဂွန်းဂူရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ရှေးဟောင်းသုတေသန ဦးစီးဌာနက ရှေးဟောင်းအထိမ်းအမှတ်နေရာအဖြစ် သတ်မှတ်ခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဇုန်နယ်နိမိတ်သတ်မှတ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါသည်။ သမိုင်းဝင် ကော့ဂွန်းဂူတော်ကြီးဆီသို့ တစ်ခါတစ်ခေါက် သွားရောက်လေ့လာ ဖူးမြော်သင့်ပါကြောင်း။

ကိုမောင်သန်းဝင်း

✦ ကိုးကား ✦

ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီး သမိုင်းစဉ်အကျဉ်း

(ကော့ဂွန်းဘုရားဂူတော်ကြီး အကျိုးဆောင်အဖွဲ့၏ ဓမ္မဒါန)




www.burmeseclassic.com

www.burmeseclassic.com

## စမတာစ်ထောင်ဆရာတော် ချီးမြှင့်သော

# ကိုးနဝင်း မိုးဈင်း ထူးခြားတဲ့

## သတ္တပီသကြေ ကျင့်စဉ်တော်



လွန်ခဲ့သော လေးလခန့်က စာရေးသူသည် မော်ဘီမြို့အလွန်ရှိ ဗုဒ္ဓသာသနာပြု စမတာစ်ထောင်ဆရာတော် အရှင်အာစိဏ္ဏ (စမဘုန်းဘုန်း)၏ သိက္ခာထပ်အလှူတော်မင်္ဂလာနှင့် ၀ိဇ္ဇာတမွေးနေ့ပူဇော်ပွဲသို့ ရောက်ရှိသွားပါသည်။ မတ်လ ၃၁ ရက် တနင်္ဂနွေနေ့ ဖြစ်သည်။ စမတာစ်ထောင်ဆရာတော်မှာ တနင်္ဂနွေသားဖြစ်သည်။ လွန်လေပြီးသောအခါက မော်ဘီမြို့ စုပေါင်းရုံးမှတ်တိုင်မှ ဆင်း၍ သွားရသော ဆရာကြီးမင်းသိင်္ခ၏ မွေးနေ့ပွဲအခမ်းအနားကို သတိရမိသည်။ အလွန်စည်ကား။ ခမ်းနားကြီးကျယ်ခဲ့သော ခြံကြီး။ ယခုတော့ ချုံနွယ်ပိတ်ပေါင်းတွေနှင့် တောအုပ်ကြီးဖြစ်၍နေလေပြီ။ ဝမ်းနည်းစရာ၊ လွမ်းစရာကောင်းပါဘိ။

■ ဂမ္ဘီရဆရာ လှမျိုး (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

စမဘုန်းဘုန်းမှ ညွှန့်ပရိသတ်နှင့် စာရေးသူအား မိတ်ဆက်ပေးပြီး စကားအနည်းငယ်ပြောသောအခါ မရောက်တာကြာပြီဖြစ်သော မော်ဘီမြို့အစွန်နှင့် တစ်ချိန်က မရမ်းတလင်းနှင့် အဘမင်းသိခ်မွေးနေ့ပွဲအကြောင်း ပြောဖြစ်ခဲ့သည်။ ဆရာတော်တွေ၊ အနုပညာရှင်တွေ မွေးနေ့ပွဲ ကြွတွေ့ဖူးပါသည်။ သို့သော် အဘမင်းသိခ်ပွဲကို မမီဟု ထင်သည်။ နောက်ဆုံးခရီးအထိပါ ဆိုပါတော့။ ဘယ်ပန်းချီရေးလို့မမီတဲ့ အဘ။

ဝိဇ္ဇာဓာက်နန်းများတွင် စမတစ်ထောင်ဆရာတော်ကို လက်အုပ်ချီနေသော အဘမင်းသိခ်ပုံ၊ စမဘုန်းဘုန်းနှင့် တွဲရိုက်ထားသော ပုံတွေ ချိတ်ဆွဲထားတာ တွေ့ရသည်။ နောက်ဆုံး ဘာသာရေးအမြင်ကြည်လင်သွားသည့် အဘမင်းသိခ်၏ အမှတ်တရပုံရိပ်များ။

စမတစ်ထောင်ဆရာတော်သည် မျက်နှာတော် ကြည်လင်နေပြီး အစစအရာရာ သည်းခံစိတ်မွေးသည်။ ဒေါသဖြစ်တာ မတွေ့ရ။ အားလုံးအပေါ် ညီတူညီမျှ မေတ္တာထားတော်မူပါသည်။ မွေးနေ့ပူဇော်ပွဲတွင် စာဒုပ်ကလေးတစ်အုပ် လက်ဆောင်ပေးသည်။ ငယ်သာငယ်၊ တန်ဖိုးရှိသော စာအုပ်ဖြစ်သည်။ ဆရာတော်၏တပည့်များမှ ၃၀၀၀ ကျပ်နှင့် ရောင်းသည်။ ဤနေရာမှာ ပုံတော်တွေ၊ ဓာတ်ပုံ၊ အဆောင်တွေ များများပေးတာ မတွေ့ရပေ။ စမဘုန်းဘုန်းကိုယ်တိုင်ရာတန်ငွေစက္ကူတွင် "စမ"ရေးဆွဲပြီး သိဒ္ဓိတင်ကာ မေတ္တာလက်ဆောင်ပေးတာ ရရှိခဲ့သည်။ အချို့ ငွေစက္ကူတွင်... "စ၊ မ၊ ဗ၊ ဝ" အက္ခရာ စမလေးလုံး ရိုက်နှိပ်ထားသည်။ လာရောက်သူအားလုံးအား သက်သတ်လွတ် ထမင်းဟင်းသာ ကျွေးပါသည်။

ထိုစာအုပ်မှ ကိုးနဝင်း မိုလင်းရင် ထူးခြားတဲ့ သင်္ဂဟဇီသကြေ၊ စမဘုန်းဘုန်းကျင့်စဉ်တော်ကြီးဟု ပါရှိသည်။ စာအုပ်အမည်မှာ "ဣစ္ဆာသယလိုတရ ငွေထုပ်ကြီးနဲ့ စမဘုန်းဘုန်း"ဟု ရေးထားသည်။ မဟာဝိဇ္ဇာရေ မဟိဒ္ဓိပညာရပ်တစ်ခု ဖြစ်သည်။

***

## ကိုးနဝင်း မိုးလင်းရင်ထူးခြားတဲ့ သင်္ဂဟဇီသကြေ
## စမဘုန်းဘုန်းကျင့်စဉ်တော်ကြီး

### တနင်္ဂနွေသားသမီးများ

တနင်္ဂနွေနေ့ နံနက် ၅ နာရီ ၄၅ မိနစ်အချိန်တိတိတွင် အိမ်ဘုရားကျောင်းဆောင်မှာ ဆွမ်းတော် ၁ ပွဲ ဖယောင်းတိုင်အသေး ၅ တိုင်၊ သောက်တော်ရေချမ်း ၃ ခွက်၊ အောင်သပြေ ၁၀ ညွှန့်တို့ ကပ်လှူပူဇော်ပြီး မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ ရဟန္တာများ၊ သမ္မာဒေဝနတ်များ၊ ဝိဇ္ဇာဓိုရ်ကြီးများကို ပင့်ဖိတ်ပြီး သစ္စာဆိုဆောင်ရွက်ရမည်။ တရားထိုင်မည့်နေရာတွင် သစ်စိမ့် ၉ ရွက်ခင်းပြီး ထိုအပေါ်မှ ဖျာတစ်ချပ်ထပ်ခင်းပြီး "သော ဘဂဝါ ဣတိပိ အရဟံ"ကို ပုတီးတစ်လုံးချ၍ ပုတီးခြောက်ပတ် စိပ်ပါ။ ပြီးရင် မေတ္တာပို့ပါ။ မေတ္တာပို့ သည့်အခါတွင် ကြိုက်ရစ်မင်းကိုပါ ပို့ပါလေ။ "ငါအောင်ပြီ"ဟူ၍ သုံးခါဆိုပါ။ ပြီးလျှင် "အောင်စေ၊ နိုင်စေ၊ ပြီးစေ၊ အေးစေ"ဟူ၍လည်း ဆိုပါ။

ညနေ ၅ နာရီ ၄၅ မိနစ်အချိန်တွင်လည်း အထက်ပါအတိုင်း ပုတီးစိပ်ပါ။ "သော ဘဂဝါ ဣတိပိ အရဟံ"ကို ပုတီး ၂၁ ပတ် စိပ်ပါ။ ပြီးလျှင် မိမိလိုရာဆုကို တောင်းပါလေ။ တနင်္ဂနွေနေ့ ပုတီးစိပ်ရသော ၆ ပတ်နှင့် ၂၁ ပတ်ပေါင်းကြည့်ပါက ၂၇ ရ၏။ ထို ၂၇ ကို ထပ်ပေါင်းကြည့်ပါက ၉ ရ၏။ သင်္ဂဟဇီသကြေ ဖြစ်သည်။ အရာရာအောင်မြင်သည်။ အခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်သည်။ လောကီမှာ ဘောဂီဓနတွေနဲ့ အနေမလွဲရအောင် ကြိုးစားပါက "ဝ"ပိုင်တယ်။ လိုတရ၊ ရှိပြီးရင်းရှိတယ်။ သိဒ္ဓိဆောင်နိုင်တယ်။

အလုံးစုံပြီးဆုံးသွားသည့်အခါတွင် မိမိတရားထိုင်ရာဋ္ဌအောက်မှာခင်းထားသော သစ်စိမ့်ရွက်များကို လမ်းဆုံတွင် စွန့်ပစ်လိုက်ပါ။ သင့်ထံတွင်ရှိနေသော အညံ့အခိုက်များ ပြေပျောက်ပြီး ကောင်းကျိုးချမ်းသာများကို မုချခံစားနိုင်မည်ဖြစ်ပါကြောင်း အာမခံလိုက်ရလေသတည်း။

***



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

တနင်္လာနေ့ နံနက် ၇ နာရီ ၁၈ မိနစ်အချိန်တိတိတွင် အိမ်ဘုရားကျောင်းဆောင်မှာ ဆွမ်းတော် ၁ ပွဲ၊ ဖယောင်းတိုင်အသေး ၅ တိုင်၊ သောက်တော်ရေချမ်း ၃ ခွက်၊ အောင်သပြေ ၁၀ ညွှန့်တို့ ကပ်လှူပူဇော်ပြီး မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ ရဟန္တာများ၊ သမ္မာဒေဝနတ်များ၊ ဝိဇ္ဇာဓိုရ်ကြီးများကို ပင့်ဖိတ်ပြီး သစ္စာဆိုဆောင်ရွက်ရမည်။ တရားထိုင်မည့်နေရာတွင် လက်ပံ ၉ ရွက်ခင်းပြီး ထိုအပေါ်မှ ဖျာတစ်ချပ်ထပ်ခင်း ပြီးလျှင် "သော ဘဂဝါ ဣတိပိ အရဟံ"ကို ၁၅ ပတ် စိပ်ပါ။ ပြီးရင် မေတ္တာပို့ပါ။ မေတ္တာပို့သည့်အခါတွင် ကြွပ်ရှစ်မင်းကိုပါပို့ပါလေ။ "ငါအောင်ပြီ"ဟူ၍ သုံးခါဆိုပါ။ ပြီးလျှင် "အောင်စေ၊ နိုင်စေ၊ ပြီးစေ၊ အေးစေ"ဟူ၍လည်း ဆိုပါ။

ညနေ ၄ နာရီ ၅၄ မိနစ်အချိန်တွင်လည်း အထက်ပါအတိုင်း ပုတီးစိပ်ပါ။ "သော ဘဂဝါ ဣတိပိ အရဟံ"ကို ပုတီး ၁၂ ပတ် စိပ်ပါ။ ပြီးလျှင် မိမိလိုရာဆုကို တောင်းပါလေ။ တနင်္လာနေ့ ပုတီးစိပ်ရသော နံနက် ၁၅ ပတ်နှင့် ညနေ ၁၂ ပတ်ပေါင်းကြည့်ပါက ၂၇ ရ၏၊ ထို ၂၇ ကို ထပ်ပေါင်းကြည့်ပါက ၉ ရ၏။ သတ္တဗီသကြေ ဖြစ်သည်။ အရာရာအောင်မြင်သည်။ အခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်သည်။ လောကီမှာ ဘောဂီရွှေငွေတွေနဲ့ အနေမလွဲရလေအောင် ကြိုးစားပါက "ဝ"ပိုင်သည်။ လိုတရ ရှိပြီးရင်းရှိသည်။ သိဒ္ဓိဆောင်နိုင်သည်။

အလုံးစုံ ပြီးဆုံးသွားသည့်အခါတွင် မိမိတရားထိုင်ရာ၌ အောက်မှာခင်းထားသော လက်ပံရွက်များကို လမ်းဆုံတွင် စွန့်ပစ်လိုက်ပါလေ။

***

## အင်္ဂါသားသမီးများ

အင်္ဂါနေ့ နံနက် ၆ နာရီ ၃၆ မိနစ်အချိန်တိတိတွင် အိမ်ဘုရားကျောင်းဆောင်မှာ ဆွမ်းတော် ၁ ပွဲ ဖယောင်းတိုင်အသေး ၅ တိုင်၊ သောက်တော်ရေချမ်း ၃ ခွက်၊ အောင်သပြေ ၁၀ ညွှန့်တို့ ကပ်လှူပူဇော်ပြီး မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ ရဟန္တာများ၊ သမ္မာဒေဝနတ်များ၊ ဝိဇ္ဇာဓိုရ်ကြီးများကို ပင့်ဖိတ်ပြီး သစ္စာဆိုဆောင်ရွက်ရမည်။ တရားထိုင်မည့်နေရာတွင် မလ္လ ၉ ရွက်ခင်းပြီး (မလ္လရွက်မရလျှင် ၅၄ မရန်းညွှန့်၊ ပုလ္လာရိက်ရွက်၊ ဘောလုံးပန်းရွက် တစ်မျိုးမျိုးအစားထိုးပါ) ထိုအပေါ်မှ ဖျာတစ်ချပ်ထပ်ခင်း ပြီးလျှင် "သော ဘဂဝါ ဣတိပိ အရဟံ"ကို ရှစ်ပတ်စိပ်ပါ။ ပြီးရင် မေတ္တာပို့ပါ။ ကြွပ်ရှစ်မင်းပါပို့၊ "ငါအောင်ပြီ" သုံးခါဆို။ ပြီးလျှင် "အောင်စေ၊ နိုင်စေ၊ ပြီးစေ၊ အေးစေ"ဟုလည်းဆိုပါ။

ညနေ ၆ နာရီ ၂၇ မိနစ်အချိန်တွင်လည်း အထက်ပါအတိုင်း ပုတီးစိပ်ပါ။ ပြီးလျှင် လိုရာဆုတောင်းပါ။ "သော ဘဂဝါ ဣတိပိ အရဟံ" ၁၉ ပတ်စိပ်ရမည်။ အင်္ဂါနေ့ နံနက် စိပ်ရသော ပုတီး ၈ ပတ်နှင့် ညနေ ၁၉ ပတ်ပေါင်းကြည့်ပါက ၂၇ ရ၏။ ၂ + ၇ = ၉ ရ၏။ သတ္တဗီသကြေ ဖြစ်သည်။ အရာရာအောင်မြင်သည်။ အခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်သည်။ လောကီမှာ ဘောဂီရွှေငွေတွေနဲ့ အနေမလွဲရလေအောင် ကြိုးစားပါက "ဝ"ပိုင်သည်။ လိုတရ ရှိပြီးရင်းရှိ၊ သိဒ္ဓိဆောင်နိုင်၏။

အလုံးစုံ ပြီးဆုံးသွားသည့်အခါတွင် မိမိတရားထိုင်ရာ၌ အောက်မှာခင်းထားသော [illegible]က်များကို လမ်းဆုံတွင် စွန့်ပစ်လိုက်ပါ။

***

## ဗုဒ္ဓဟူးသားသမီးများ

ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီ ၄၅ မိနစ် အထက်ပါအတိုင်း ဘုရားကပ်လှူပူဇော်ပြီး သစ္စာဆိုပါ။ တရားထိုင်မည့်နေရာတွင် သစ်စိမ့် ၉ ရွက်ခင်းပြီး "သော ဘဂဝါ ဣတိပိ အရဟံ" ၁၇ ပတ် စိပ်၊ မေတ္တာပို့၊ "ငါအောင်ပြီ" သုံးခါဆို၊ "အောင်စေ၊ နိုင်စေ၊ ပြီးစေ၊ အေးစေ" ဆိုပါ။

ညနေ ၅ နာရီ ၄၅ မိနစ် ပုတီး ၁၀ ပတ်စိပ်ပါ။ ကျန်တာ အထက်ပါအတိုင်း ဖြစ်သည်။ ၁၇ + ၁၀ = ၂၇။

***



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

မွေးနေ့ နံနက် ၈ နာရီ၊ ၁၈ မိနစ်အချိန်တိတိတွင် အိမ်ဘုရားမှာ အထက်ပါအတိုင်း ကပ်လှူပါ။ သစ္စာဆို၊ မေတ္တာပို့ပါ။ တရားထိုင်မည့်နေရာတွင် လက်ပံ ၉ ရွက်ခင်းပြီး ထိုအပေါ်မှ ဖျာတစ်ချပ်ထပ်ခင်းပြီးလျှင် "သော ဘဂဝါ ဣတိပိ အရဟံ" ၁၉ ပတ် စိပ်ပါ။ အထက်ပါအတိုင်း ဆိုပါ။

ညနေ ၆ နာရီ၊ ၁၈ မိနစ်အချိန်တွင်လည်း အထက်ပါအတိုင်း ပုတီးစိပ်ပါ။ "သော ဘဂဝါ ဣတိပိ အရဟံ" ၈ ပတ် စိပ်ပါ။ လိုရာဆုတောင်းပါလေ။ ၁၉ + ၈ = ၂၇ ရ၏။ သတ္တဝီသကြေ၏။

အလုံးစုံ ပြီးသွားသောအခါ မိမိတရားထိုင်ရာ၌ အောက်မှာခင်းထားသော လက်ပံရွက်များကို လမ်းဆုံတွင် စွန့်ပစ်လိုက်ပါ။

***

**သောကြာသားသမီးများ**

မွေးနေ့နံနက် ၅ နာရီ၊ ၄၅ မိနစ်အချိန်တိတိတွင် အိမ်ဘုရားမှာ အထက်ပါအတိုင်း ကပ်လှူပူဇော်ပြီး သစ္စာဆို ဆောင်ရွက်ရမည်။ တရားထိုင်ရမည့်နေရာတွင် မရန်း ၉ ညွန့်ခင်းပြီး ထိုအပေါ်မှ ဖျာတစ်ချပ်ထပ်ခင်းပြီးလျှင် ပုတီး ၂၁ ပတ် စိပ်ပါ။ မရန်းမရပါက ပုလ္လာရိက်ပန်းအညွန့်၊ မြရာရွက် အစားထိုးပြုလုပ်ပါ။ မေတ္တာပို့ပြီး အထက်ပါအတိုင်း ဆိုလေ။

ညဘက် ၈ နာရီ၊ ၁၈ မိနစ်အချိန်တွင်လည်း အထက်ပါအတိုင်း ပုတီးစိပ်ပါ။ ၆ ပတ် စိပ်ပြီး လိုရာဆုတောင်းပါ။ ၂၁ + ၆ = ၂၇ ပတ်။ အလုံးစုံ ပြီးသွားသော အခါ မိမိတရားထိုင်၊ ပုတီးစိပ်ရာ၌ အောက်မှာခင်းထားသော မရန်းညွန့်များကို လမ်းဆုံတွင် စွန့်ပစ်လိုက်ပါလေ။

***

**စနေသားသမီးများ**

စနေနေ့ နံနက် ၆ နာရီ၊ ၁၈ မိနစ်အချိန်တိတိတွင် အိမ်ဘုရားကျောင်းဆောင်မှာ ဆွမ်းတော် ၁ ပွဲ၊ ဖယောင်းတိုင် အသေး ၅ တိုင်၊ သောက်တော်ရေချမ်း ၃ ခွက်၊ အောင်သပြေ ၁၀ ညွန့်တို့ ကပ်လှူပူဇော်ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့်တကွ ရဟန္တာများ၊ သမ္မာဒေဝနတ်များ၊ ဝိဇ္ဇာမိုရ်ကြီးများကို ပင့်ဖိတ်ပြီး သစ္စာဆိုဆောင်ရွက်ရမည်။ (ထိုပုံစံမှာ ခုနစ်နေ့သားသမီးများ အားလုံးအတူတူပင်ဖြစ်သည်။) ပုတီးစိပ်ဂဏ်တော်လည်း တူပါသည်။ ကွာခြားမှုမှာ အောက်ခံအရွက်နှင့် ပုတီးပတ်ရေသာ ဖြစ်သည်။ စနေသား သမီးများ ဖျာအောက်မှာ လက်ပံ ၉ ရွက်ခင်းထိုင် ပုတီးစိပ် ရမည်။

ညနေ ၄ နာရီ၊ ၂၅ မိနစ်အချိန်တွင်လည်း အထက်ပါအတိုင်း ပုတီးစိပ်ပါ။ နံနက် ၁၁ ပတ်နှင့် ညနေ ၁၇ ပတ် ပေါင်းကြည့်ပါက ၂၇ ရ၏။ အရာရာအောင်မြင်၊ အခက်အခဲအမျိုးမျိုးကို ကျော်လွှား၊ လောကီမှာ ဘောဂီရွှေတွေနဲ့ အနေမလွဲရလေအောင် ကြိုးစားပါက "ဝ"ပိုင်သည်။ လိုတရ၊ ရှိပြီးရင်းရှိသည်။ သိဒ္ဓိဆောင်နိုင်သည်။ အလုံးစုံ ပြီးဆုံးသွားသည့်အခါတွင် လက်ပံရွက်များကို လမ်းဆုံတွင် စွန့်ပစ်လိုက်ပါလေ။

တစ်ပတ်တစ်ကြိမ် ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**





www.burmeseclassic.com

www.burmeseclassic.com

# စတုဘုမ္မိကာမဂ္ဂင် မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း



စတုဘုမ္မိကာမဂ္ဂင် မဟာသတိပဋ္ဌာန်ဂိုဏ်းကြီးကို
ဦးစွာပထမ တည်ထောင်တော်မူသော
ရွှေမင်းဝံငှက်တွင်း ဆရာတော်ဘုရားကြီး၏ ပုံတော်
(၁၁၉၃ ခုနှစ်၊ ၁၂၇၂ ခုနှစ်)

## မာမက(သုတေသီ)

မြန်မာ့စာဆိုလောကတွင် ထင်ရှားသော မြဝတီဝန်ကြီးဦးစ၌ သားနှစ်ယောက်ရှိရာ တစ်ယောက်သောသားမှာ ဘကြီးတော်မင်းလက်ထက်၌ မင်္ဂလာဥယျာဉ်တော်ကို အုပ်ချုပ်ရသော မောင်မောင်လေး ဖြစ်သည်။ တစ်ဖန် ဘကြီးတော်မင်းလက်ထက်၌ ကျောက်တစ်လုံးကင်းနှင့် မင်းကွန်းကင်း နှစ်ရပ်ကို စီမံအုပ်ချုပ်ရသော ကင်းဝန်မင်းဦးကြွယ်ဝတွင် သမီးတစ်ယောက်၊ သားတစ်ယောက်ရှိရာ သမီးမှာ မခင်ငြိမ်းအမည်ရှိသည်။ ယင်းဦးမောင်မောင်လေးနှင့် ဒေါ်ခင်ငြိမ်းတို့ ဇနီးမောင်နှံဖြစ်လာကြပြီးနောက် သားကြီး မောင်မြကြီး၊ သမီး ခင်နှင်းဦးနှင့် သားငယ် မောင်မြသီးတို့ ထွန်းကားလာသည်။ သားငယ် မောင်မြသီးကို ၁၁၉၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ကြာသပတေးနေ့ သုံးချက်တီး ၁၁ ဖဝါးအချိန်တွင် ရွှေဘို၌ မွေးဖွားသည်။ မောင်မြသီးကို မွေးဖွားချိန်တွင် မိခင်ဒေါ်ခင်ငြိမ်းမှာ အသက် ၄၂ နှစ်ရှိပြီး ဖြစ်သည်။ မောင်မြသီး ထူးခြားချက်မှာ ခြောက်လ



www.burmeseclassic.com

www.burmeseclassic.com

သားအရွယ်ရှိသော်လည်း ငိုခြင်း၊ ရယ်ခြင်း အလျဉ်းမရှိခြင်းပင် ဖြစ်သည်။ ခုနစ်လအရွယ်တွင် မိခင်နှင့် သီလရှင်ဒေါ်ဖွားထီတို့က မဟာနန္ဒာကန်သို့ စီးဆင်းနေသော မူးချောင်းရေကို ချိုးပေးနေကြစဉ် လက်လွတ်ထွက်သွားသော မောင်မြသီးမှာ လေ့ငယ်သဏ္ဌာန် ပက်လက်လန် မျောပါသွားသဖြင့် မိခင်နှင့် သီလရှင်တို့က အလန့်တကြား အပြေးအလွှား ဆယ်ယူခဲ့ကြရသည်။ မောင်မြသီးကား ခုံကတော်ဖြစ်ခဲ့သော သီလရှင် ဒေါ်ဖွားထီလက်၌ ကြီးပြင်းလာရသူ ဖြစ်သည်။

မောင်မြသီး ၆ နှစ်အသားအရွယ်တွင် ပိဋကတ်သုံးပုံနှင့်တကွ နက္ခတ်၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း စသည်တို့ကို တတ်ကျွမ်းသော စရစ်ကျောင်းဆရာတော် အရှင်ကောဏ္ဍညာဘိဓဇထံ အပ်နှံခဲ့ကြသည်။ ဆရာတော်သည် မောင်မြသီးကို မအပ်နှံမီကပင် အမွှေးအတောင်လုပသော ကျေးသားတစ်ကောင် မိမိထံလာရောက်ပြီး ထူးဆန်းသောစကားကို သင်ယူသည်ဟု အိပ်မက်မြင်မက်ခဲ့ရာ မောင်မြသီးဖြစ်မည်ဟု ယုံကြည်တော်မူသည်။ တစ်ညတွင် မောင်မြသီးသည် အခြားကျောင်းသား၊ ကိုရင်များနှင့်အတူ စာဖတ်စာအံရင်း အိပ်ပျော်သွားသည်။ ဆရာတော်လည်း စာကြည့်ရင်း အိပ်ပျော်သွားရာ ပိဋကတ်ခမ္မကဏ္ဍာများ မိုးရေစွတ်နေသည်ဟု မြင်မက်သဖြင့် လန့်နိုးပြီး ပိဋကတ် ပေစာပုရပိုက်များထားရာ အဆောင်သို့ ကြွ၍ကြည့်ရာ မိုးယိုခြင်းမရှိ၊ ပိဋကတ်များလည်း မိုးစွတ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဆရာတော်သည် မိမိအဆောင်ခန်းသို့ ပြန်ကြွရာ စနဆောင်နှင့် ဇေတဝန်ဆောင် နှစ်ဆောင်ကြားအရောက်တွင် မောင်မြသီးအိပ်ပျော်နေသည်ကို တွေ့ရှိရသည်။ မိုးယိုနေပြီး မောင်မြသီးကိုယ်တစ်ခြမ်း စွတ်စိုနေသည်ကို တွေ့ရှိရသည်။ မောင်မြသီးကို အိပ်မက်ခြင်းဖြစ်သည်ဟု ဆရာတော် ယုံကြည်တော်မူသည်။

မောင်မြသီး အသက် ၁၃ နှစ်အရွယ်တွင် စရစ်ကျောင်းဆရာတော် အရှင်ကောဏ္ဍညာဘိဓဇကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ရှင်ပဏ္ဍိဝ ဘွဲ့အမည် ရသည်။ ၁၂၁၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်တွင် စရစ်ကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟာကိုပင် ခံယူတော်မူသည်။ ပုဂံမင်းကိုနန်းချ၍ မင်းတုန်းမင်း ရွှေဘို၌ နန်းစံနေစဉ် အရှင်ပဏ္ဍိဝ တစ်ဝါအရ ၁၂၁၅ ခုနှစ်တွင် မင်းရစ်ဆက်တိုင်တိုင် အမှုတော်ထမ်းခဲ့သော အဘိုးဖြစ်သူ အသက် ၈၇ နှစ်ရှိ မြဝတီမင်းကြီးဦးစ ကွယ်လွန်သည်။ မင်းတုန်းမင်းသည် ရွှေဘိုမှ အမရပူရသို့၊ အမရပူရမှ ရတနာပုံ မန္တလေးသို့ ပြောင်းရွှေ့နန်းစံပြီးနောက် သင်္ဂဇာကျောင်းတိုက်ကို ဆောက်လုပ်ကာ ဆရာတော် ဦးအဂ္ဂဓမ္မအား ဘွဲ့တံဆိပ်ဆက်ကပ်၍ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ မန္တလေးအနောက်ပြင် ဒေးဝန်းအနောက်ပိုင်း၌ ပုဂံခေတ် မင်းယဉ်စော ဆရာသံဃရာဇာ ထေရ် စတင်နေသည်ကို အစွဲပြု၍ သင်္ဂဇာဟုခေါ်တွင်သော ချောင်းရှိသည်။ ထိုချောင်းထိပ်၌ တည်ရှိသော ကျောင်းဖြစ်၍ သင်္ဂဇာကျောင်းတိုက်ဟု ခေါ်တွင်ခြင်းဖြစ်သည်။

သင်္ဂဇာဆရာတော်သည် စကားအရာ၌ ဥပမာ ဥပမေယျ ကြွယ်ဝ၍ ထင်ရှားသည်။ တစ်နိုင်ငံလုံးဆိုင်ရာ သာသနာရေးရာကိစ္စများကို စီရင်ဆုံးဖြတ်ကာ သုဓမ္မာဆရာတော် ရှစ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည်။ ဦးပဏ္ဍိဝသည် သင်္ဂဇာဆရာတော်ထံ၌ ပညာဆက်လက်သင်ကြားနေ

> ခုနစ်လအရွယ်တွင် မိခင်နှင့် သီလရှင်ဒေါ်ဖွားထီတို့က မဟာနန္ဒာကန်သို့ စီးဆင်းနေသော မူးချောင်းရေကို ချိုးပေးနေကြစဉ် လက်လွတ်ထွက်သွားသော မောင်မြသီးမှာ လှေငယ်သဏ္ဌာန် ပက်လက်လန် မျောပါသွားသဖြင့် မိခင်နှင့် သီလရှင်တို့က အလန့်တကြား အပြေးအလွှား ဆယ်ယူခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ သိက္ခာ ၅ ဝါအရတွင် သက္ကတ၊ ပြာကရိုက်ဘာသာ စာပေများ၊ ဗေဒင်၊ နက္ခတ်၊ ဆေးကျမ်း၊ ဓာတ်ကျမ်း စသည်များ အပါအဝင် ပိဋကတ်စာပေများနှင့် ပတ်သက်၍ သင်္ဂဇာဆရာတော် အားကိုးရလောက်အောင် သင်ယူတတ်မြောက်တော်မူသဖြင့် သင်္ဂဇာတိုက်တွင် ပထမစာချအဖြစ် ချီးမြှောက်ခံရသည်။ သင်္ဂဇာဆရာတော်၏ အဖွင့်အကျယ်ကိုလည်း ပြန်လည်အသစ်ရေး၍ မင်္ဂလသုတ္တန္တသာသနဝိသောဓနီ အမည်ဖြင့် ဦးစွာ ကျမ်းတစ်ကျမ်း ပြုစုတော်မူခဲ့သည်။

မင်းတုန်းမင်းတရားကြီးတွင် နန်းရမိဖုရားကြီး ၄ ပါး၊ အဆောင်ရမိဖုရားကြီး ၄ ပါးအပြင် ထင်ရှားသော မြို့စား ရွာစား မိဖုရား ၄၅ ပါး၊ မထင်ရှားသော ကိုယ်လုပ် ... ငယ် ၅၉ ပါး၊ စုစုပေါင်း မိဖုရား ၁၀၄ ပါးမျှရှိပြီး၊ သား ... ၄၆၊ သမီးတော် ၅၈ ရှိကြောင်း နန်းတွင်းမှတ်တမ်း ... ဖော်ပြထားသည်။ သားတော်များ ငယ်ရွယ်စဉ် ... နံ့သဖြင့် ၃၀ ကျန်ရှိကြောင်း သိရှိရသည်။ ယင်းသားတော်၊ သမီးတော်များအနက် ပထမရွှေရေးဆောင်မိဖုရားမှ ဖွားမြင်သော မြင်ကွန်းမြို့စားနှင့် မြင်းခုန်တိုင်မြို့စား မင်းသားညီနောင်နှစ်ပါး ပုန်ကန်၍ နန်းတွင်းအရေးတော်ပုံ ပေါ်ပေါက်ခဲ့ရသည်။ အိမ်ရှေ့ ကနောင်မင်းသား၊ မလွန်မင်းသား၊ ပြင်စည်မင်းသားတို့နှင့်တကွ မှူးကြီးမတ်ရာ စစ်သည်တော်အများ ကျဆုံးခဲ့ကြရသည်။ မင်းတုန်းမင်းလည်း ပူဆွေးသောက ကြီးစွာဖြစ်ရသဖြင့် ဆရာတော်များအား အေးယပ်တော်ဆက်ကပ်၍ အေးတရားကို အဆက်မပြတ် နာကြားခဲ့သည်။ တံဆိပ်တော်ရ ထင်ရှားသော ဆရာတော်များ၏ အေးတရားကို နာကြားခဲ့ရသော်လည်း မင်းတုန်းမင်းမှာ အေးငြိမ်းမှုမရဘဲ ရှိနေခဲ့သည်။ နောက်ဆုံး၌ သင်္ဂဇာဆရာတော်အလှည့် ရောက်ရှိလာသောအခါ ဆရာတော်က ဦးပဏ္ဍိစအား တရားဟောရန် မိန့်ကြားတော်မူခဲ့သည်။ သို့ရာတွင် ဦးပဏ္ဍိစဟောကြားမည့် တရားကို ဆရာတော်သိရှိသောအခါ အများနှင့် ဟပ်စပ်မှု ကင်းလွတ်မည်စိုးရိမ်သောကြောင့် ဦးပဏ္ဍိစအား တရားဟောကြားစေမှု မပြုတော့ဘဲ ကိုယ်တိုင်ကြွရောက်၍ အေးတရားကို ဟောကြားတော်မူသည်။ ဆရာတော်ကျောင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဦးပဏ္ဍိစ အထုပ်ပြင်ဆင်နေသည်ကို တွေ့ရှိသဖြင့် မေးတော်မူရာ အနောက်ဘက် မင်းဝံတောင် ဆရာတော် ဦးကောဏ္ဍညထံသွားရန် ပြင်ဆင်နေပါကြောင်း လျှောက်ထားသည်။ ဆရာတော်က မင်းဝံတောင်မသွားနှင့်ဦး။ နန်းတွင်းလိုက်၍ တရားဟောရမည်ဟု မိန့်တော်မူသဖြင့် ဦးပဏ္ဍိစလည်း ဟောရန် ဝန်ခံလိုက်သည်။

ဦးပဏ္ဍိစတရားဟောရန် နန်းတွင်းကြွသည့်နေ့တွင် သင်္ဂဇာဆရာတော်နှင့်တကွ လေးပြင်လေးရပ်မှ ဆရာတော်များနှင့် သံဃာတော်များလည်း လိုက်ပါလာတော်မူကြသည်။ ထိုအချိန်၌ ဦးပဏ္ဍိစသည် သိက္ခာ ၁၅ ဝါရှိနေပြီ ဖြစ်သည်။ နန်းတော်သို့ ရောက်ရှိသောအခါ စာတတ်ကျော်မော် ဆရာတော်များ၊ သံဃာတော်များနှင့် မင်းမိဖုရား မှူးကြီးမတ်ရာ စုံညီ ပရိသတ်ရှေ့မှောက်တွင် ဦးပဏ္ဍိစက အေးယပ်တော်ကို လက်ခံယူတော်မူပြီး အတောင် ၃၀ မြင့်သော ဓမ္မာသနပလ္လင်ပေါ်တက်၍ အေးတရားကို ဟောကြားတော်မူသည်။ ဦးပဏ္ဍိစ ဟောကြားတော်မူသော အချက်မှာ အနုပ္ပဒေါ နိဗ္ဗာန် ဥပ္ပါဒေါသင်္ခတံ တေဘုမ္မက လောကီအာပါဒါန်တရားဟူသမျှ ဆင်းရဲတတ်၍ အပူသောက အေးငြိမ်းပေးနိုင်သော ပါရမီမင်္ဂလာစတုဘုမ္မိကမဂ္ဂင် တရားကသာ အပူသောကကို အေးငြိမ်းစေနိုင်ကြောင်း စသောအချက်များ ဖြစ်သည်။ ဦးပဏ္ဍိစ၏ တရားကို နာကြားရသောအခါ မင်းနှင့်တကွ နန်းတွင်းပရိသတ်များမှာ သဘောကျကြပြီး အပူငြိမ်းအေးခဲ့ရသည်ဟု ဆိုသည်။ မင်း၊ မိဖုရားများ၏ ကြည်ညိုမှုကို ခံရရှိသဖြင့် မကြာခဏ နန်းတွင်းသို့ကြွ၍ တရားဟောကြားတော်မူခဲ့ရသည်။ မင်းတရားကြီးကိုယ်တိုင် ပစ္စည်းလေးပါး ဒါယကာ ခံယူတော်မူသည်။ ပညာဒီပ ကဝိဓဇ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်တော်မူသည်။ အကြီးဆုံးသမီးတော် ထိပ်စုကြီးမင်းသမီးကလည်း ပစ္စည်းလေးပါး ဒါယိကာမအဖြစ် ခံယူတော်မူသည်။

သင်္ဂဇာကျောင်းတိုက်တွင် ပထမစာချအဖြစ် တာဝန်ထမ်းဆောင်နေသော အရှင်ပဏ္ဍိစသည် သက်တော် ၃၆၊ သိက္ခာ ၁၆ ဝါအရတွင် နိက္ခမတတ် ရင့်သန်လာသည့်အတိုင်း စစ်ကိုင်းမင်းဝံတောင်သို့ သွားရောက်ခိုလှုံလျက် တရားဘာဝနာ အားထုတ်လိုသောဆန္ဒ ပြင်းပြလာသဖြင့် သင်္ဂဇာဆရာတော်အား ခွင့်ပန်ပြီး ပရိက္ခရာရှစ်ပါး ယူဆောင်လျက် မင်းဝံတောင်သို့ ကြွတော်မူသည်။ မင်းဝံတောင်၌ သင်္ဂဇာ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်လည်း ၃ နှစ်နေ၍ တရားအားထုတ်ခဲ့ဖူးသည်။ ယခု ဆရာတော်၏တပည့် ဦးကောဏ္ဍည သီတင်းသုံးလျက်ရှိသည်။ မင်းဝံတောင်တွင် ဥမင်လိုဏ်များ ရှိသည်။ ယင်းလိုဏ်ဂူသည် ဦးပဏ္ဍာဝအတွက် ကျောင်းအမှတ်ပင် ဖြစ်တော့သည်။ မင်းဝံတောင်တွင် ရှေးအခါက ဝံသူတော်ဖြစ်နေခဲ့သည်။ မြတ်စွာဘုရားက ယင်းဝံသူတော်ကို သာသနာပြုမင်းဖြစ်မည်။ သံလျက်ခုံကျွန်းမြို့တည်၍ စည်းခုံတည်လိမ့်မည်ဟု ဗျာဒိတ်ပေးခဲ့ကြောင်း။ နောက်ဝံသူတော်မှာ အင်းဝစည်းခုံဒါယကာဖြစ်လာကြောင်း အဆိုရှိသည်။ ယင်းဝံသူတော်နေခဲ့သော တောင်ဖြစ်သောကြောင့် မင်းဝံတောင်ဟု ခေါ်ကြခြင်းဖြစ်သည်။ မင်းဝံတောင်၌ အရှင်ပဏ္ဍာဝ တရားအားထုတ်ခြင်းမပြုမီက "မမလေးရဲ့ ပန်စရာ၊ ရွှေမင်းဝံတောင်ပေါ်ရိုးက၊ ပန်းချိုးခဲ့ပါ။ ပန်းမာလာ အညာမှာ မြရည်လူးတယ်၊ ပန်ဝံ့ပါဘူး ပန်ပါတဲ့ ပန်ပါ။ ရွှေမင်းဝံတောင်ပေါ်ရိုးဆီက။ ပန်းချိုးခဲ့ပါ။ အပွင့်ရယ်ဝါ၊ အညာမှာ မြရည်လူးတယ်၊ ပန်ဝံ့ပါဘူး" ဟူသော အတိတ်တဘောင် ပေါ်ခဲ့ရာ အရှင်ပဏ္ဍာဝအတွက် ဖြစ်ပေါ်လာသော အတိတ်ဘောင် ဖြစ်သည်ဟု ဆိုသည်။

အရှင်ပဏ္ဍာဝသည် ပုစဥ်းငှက်များ တွင်းတူးထားရာ တွင်းပေါင်း၌ ဂူပြုလုပ်၍ ၃ နှစ်ကြာ တရားဘာဝနာ အားထုတ်၍ နေတော်မူသည်။ သတိပဋ္ဌာန်တရား အားထုတ်တော်မူခြင်းဖြစ်သည်။ ဤသို့ အရှင်ပဏ္ဍာဝသည် မင်းဝံတောင် ငှက်တွင်းဂူ၌ သီတင်းသုံး၍ သတိပဋ္ဌာန်တရား အားထုတ်ခဲ့သည်ကို အစွဲပြု၍ ငှက်တွင်းဆရာတော်၊ နောက်ပိုင်း၌ ငှက်တွင်းဆရာတော်ဟု ခေါ်ဆိုခဲ့ကြသည်။ သတိပဋ္ဌာန်အစ ငှက်တွင်းကဟူ၍လည်း ပြောစမှတ်ပြုခဲ့ကြသည်။ မင်းတုန်းမင်း၏ မိဖုရားကြေးမြှင့်မြို့စားနှင့် သမီးတော် ထိပ်စုကြီးတို့က ကျောင်းဆောက်လှူဒါန်းခဲ့ကြသဖြင့် ငှက်တွင်းချောင်လည်း ဖြစ်ပေါ်လာသည်။ အရှင်ပဏ္ဍာဝသည် ငှက်တွင်းချောင်၌ ၁၅ နှစ်ခန့် သီတင်းသုံးနေတော်မူပြီး စစ်ကိုင်းတောင်တွင် အဘယာရာမ ပြန့်ကြီးချောင်းကို တည်၍ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။

သီပေါမင်းပါတော်မူပြီးနောက် တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်တွင် ဆရာတော်ဦးပဏ္ဍာဝမှာ သက်တော် ၅၄၊ သိက္ခာတော် ၃၄ ဝါ ရှိနေပြီးဖြစ်သည်။ ထိုအချိန်တွင် ၁၂၄၈

ဆရာတော်ကြီး သီတင်းသုံးရာ
ထန်းနှစ်ပင်အုတ်တိုက် ဝတ်ကျောင်းအတွင်းမှ
သပိတ်လုံးပမာဏရှိသော ဖြူစင်တောက်ပသည့်
ရောင်ခြည်ဓာတ် အလင်းရောင်တစ်ခုသည်
ထန်းနှစ်ပင် အုတ်တိုက်မှထွက်ကာ
ရွှေစာရံဘုရားထီးတော်အား သုံးကြိမ်သုံးခါ
လက်ယာရစ်လှည့်ပတ်ပြီး
ပျောက်ကွယ်သွားသည်ကို
အရဏ်ဆွမ်းကပ်လာသော ဒကာ၊ ဒကာမများ
ထင်ထင်ရှားရှားပင် တွေ့မြင်ကြရသည်။

ခုနှစ်၊ ဝါခိုလဆန်း ၈ ရက်နေ့တွင် ဆရာတော်ဦးပဏ္ဍာဝသည် နောက်ပါတပည့် သံဃာများ၊ လူကပ္ပိယများနှင့်တကွ လှေကြီးဖြင့် ရာဝတီမြစ်စဉ်အတိုင်း အောက်ပြည်သို့ စုန်ဆင်းတော်မူခဲ့ရာ လှေတွင်ပင် ဝါကပ်တော်မူခဲ့ရသည်။ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့တွင် ကွမ်းခြံကုန်းမြို့သို့ ရောက်ခဲ့သည်။ ရေလမ်းတစ်လျှောက်ရပ်နားရာ မြို့ရွာဒေသများတွင် ဆွမ်းခံကြွတော်မူသည်။ တရားလည်း ဟောတော်မူခဲ့သည်။ "အညာကြီး ပက်လက်မျော၊ အောက်မှာတရားဟော၊ အောက်ပြည်ကိုစုန်၊ ငြိမ်းပုံကိုပြောလိုက်ပ့ါ။ သထုံပြန်ခါနီးမှာ၊ မိသက်နှင့်မိကြီး၊ ကျောင်းဆောက်အပြီး" ဟူသော အတိတ်တဘောင်များလည်း ကြိုတင်ပေါ်ခဲ့သည်။

ကွမ်းခြံကုန်းရောက်သောအခါ သင်္ဃဆရာတော်၏ တပည့်ဖြစ်သော ဦးဥက္ကဋ္ဌ၏ လယ်ပေါ်ကျောင်းတွင် သီတင်းသုံးတော်မူသည်။ ဦးပဏ္ဍာဝ ရောက်ရှိနေထိုင်လာသဖြင့် ဦးဥက္ကဋ္ဌ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။ ဆရာတော်ဦးပဏ္ဍာဝသည် လယ်ပေါ်ကျောင်း၌ နေထိုင်လျက် စာပေပို့ချခြင်း၊ တရားဟောခြင်းဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။ ကွမ်းခြံကုန်းဝန်းကျင်၌လည်း ဂုဏ်သတင်းပျံ့နှံ့ကျော်စောလာသည်။ ထို့ကြောင့် ဆရာတော်ဦးပဏ္ဍာဝရောက်ရှိပြီး တစ်နှစ် ၁၂၄၉ ခုနှစ်တွင် လယ်ပေါ်ဂိုဏ်း ဦးစီးနာယက ဖြစ်တော်မူလာသည်။ လယ်ပေါ်ဂိုဏ်းကား ကွမ်းခြံကုန်းတောင်ပိုင်း မြောက်ပိုင်းဒေသနှင့် မုတ်ကျွန်း



www.burmeseclassic.com

www.burmeseclassic.com

ဒေသများဖြစ်ပြီး ကျောင်းပေါင်း ၃၀၀ ခန့် ရှိသဖြင့် ကြီးကျယ်သော ဂိုဏ်းဖြစ်သည်။ ဆရာတော်သည် လယ်ပေါ်ဂိုဏ်း၏ ဂဏာဓိပတိဖြစ်တော်မူလာပြီးနောက် လောကုတ္တရာ စတုဘုမ္မိကမဂ္ဂင် သတိပဋ္ဌာန်ကျင့်စဉ်မှုသစ်ကို တီထွင်၍ ဟောပြောတော်မူသည်မှစ၍ ရှေးဟောင်းစဉ်လာအရ လမ်းစဉ်မှုဟောင်းဖြစ်သော သူတော်ကောင်းတို့အကျင့် ပုညကိရိယာ ၌သာ အားရကျေနပ်သူများ ဆန့်ကျင်လာကြသဖြင့် အချင်းချင်း သဘောထားအယူအဆ စတင်ကွဲပြားလာကြသည်။ ဤသို့ကွဲပြားလာသဖြင့် သီးခြားဂိုဏ်းသစ်လည်း ဖြစ်ပေါ်လာရသည်။ ဆရာတော်ဦးပဏ္ဍဝနှင့် အပေါင်းပါများအစုကို ငှက်တွင်းချောင်တွင် နေခဲ့သည်ကို အစွဲပြု၍ ငှက်တွင်းဂိုဏ်းဟူ၍လည်းကောင်း။ ရွှေမင်းဝံတောင်၌ နေခဲ့သည်ကိုအစွဲပြု၍ ရွှေမင်းဝံဂိုဏ်းဟူ၍လည်းကောင်း ငှက်တွင်းဂိုဏ်းဝင် ပရိသတ်များက ကောင်းစွာဆောက်တည်သော အာဇီဝဋ္ဌမကသီလကို အစွဲပြု၍ အာဇီဝဋ္ဌကမ္မကဂိုဏ်းဟူ၍လည်းကောင်း။ ယင်းဂိုဏ်းသူဂိုဏ်းသားတို့ အလေးအနက်ထား ကျင့်မှတ်သော သတိပဋ္ဌာန်ကို အစွဲပြု၍ သတိပဋ္ဌာန်ဂိုဏ်းဟူ၍လည်းကောင်း။ ဂိုဏ်းဝင်ပရိသတ်တို့အား ဟောကြားပြသသော စတုဘုမ္မိကမဂ္ဂင်တရားကို အကြောင်းပြု၍ စတုဘုမ္မိက မဂ္ဂင်ဂိုဏ်းဟူ၍ လည်းကောင်း ခေါ်ခဲ့ကြသည်။ ယခုအခါ စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း ဖြစ်လာသည်။

ဆရာတော်ဦးပဏ္ဍဝသည် ဤသို့ ဂိုဏ်းကွဲပြားအချင်းပွားနေကြသည်ကို အကြောင်းပြု၍ လယ်ပေါ်ကျောင်းမှ ပြောင်းရွှေ့သွားလျှင် စကားနည်းရန်စဲ ဖြစ်မည်ဟု သဘောရသဖြင့် ကွမ်းခြံကုန်းနှင့် ချောင်းတစ်ခုမျှခြားနေသော ဉယျာဉ်ခြံမြေ သုံးကေကျော်ကို ကွမ်းခြံကုန်းမှ ဒေါ်ကြီးကြီးက ဝယ်ယူပြီ ပါရမီစံကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ဆရာတော်သည်း ၁၂၅၁ ခုနှစ်တွင် နောက်ပါသံဃာများ၊ ကပ္ပိယများနှင့်အတူ ပါရမီစံကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့သည်။ သို့ရာတွင် ဆရာတော်သည် ပါရမီစံကျောင်းကို ဘုတော်ဦးဇောတာဘိဝံအား လွှဲအပ်၍ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ စတုဘုမ္မိကမဂ္ဂင်ကျင့်စဉ်တရားကို ဟောကြား၍ သာသနာပြုတော်မူသည်။ ဒကာ၊ ဒကာမများ၏ ကြည်ညိုမှုကိုလည်း များစွာခံယူရရှိတော်မူသည်။


သာသနာလင်္ကာရ ပဋိပတ္တိကျမ်းကိုလည်း ၁၂၅၂ ခုနှစ်တွင် ရေးသားစီရင်တော်မူခဲ့သည်။ ဒေးဒရဲစသော ဒေသအချို့တွင် ဆရာတော်အား ကျောင်းဆောက်လှူဒါန်းခဲ့ကြသည်။ သို့ရာတွင် ဆရာတော်သည် လှည့်လည်တရားဟောကြားလျက် သက်တော် ၇၉၊ သက္ကာတော် ၅၉ ဝါအရတွင် ဗုဒ္ဓသာသနာ ရှေးဦးစွာ ပွင့်ထွန်းရာ သထုံမြို့သို့ ကြွရောက်ရန် ဆန္ဒဖြစ်တော်မူလာသည်။ ဆရာတော်၏ဆန္ဒလည်း ပြည့်ဝတော်မူခဲ့ရသည်။ သထုံမြို့မှ ဒကာ၊ ဒကာမများက ဆရာတော်ကြီးအား သထုံမြို့သို့ ကြွရောက်သီတင်းသုံးရန် လာရောက်ပင့်ကြသည်။

ဆရာတော်သည် ၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့တွင် သထုံမြို့သို့ ကြွရောက်၍ ဒေါ်သက်၊ ဒေါ်ကြီးတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းတွင် ဝါဆိုတော်မူပြီး တရားဓမ္မများကို ဟောကြားတော်မူခဲ့ရာ ထိုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ နံနက်အရုဏ်တက်ချိန်တွင် ဆရာတော်ကြီး သီတင်းသုံးရာ ထန်းနှစ်ပင်အုတ်တိုက် ဝတ်ကျောင်းအတွင်းမှ သပိတ်လုံးပမာဏရှိသော ဖြူစင်တောက်ပသည့် ရောင်ခြည်ဓာတ် အလင်းရောင်တစ်ခုသည် ထန်းနှစ်ပင် အုတ်တိုက်မှထွက်ကာ ရွှေစာရံဘုရားထီးတော်အား သုံးကြိမ်သုံးခါ လက်ယာရစ်လှည့်ပတ်ပြီး ပျောက်ကွယ်သွားသည်ကို အရုဏ်ဆွမ်းကပ်လာသော ဒကာ၊ ဒကာမများ ထင်ထင်ရှားရှားပင် တွေ့မြင်ကြရသည်။ ဒကာ၊ ဒကာမများ ကျောင်းသို့ရောက်ရှိသွားသောအခါ ဆရာတော်ကြီး ကျိန်းစက်ရာ အခန်းတွင်း ခုတင်ပေါ်တွင် ဆရာတော်ကြီးမှာ မလှုပ်မယှက် ကျိန်းစက်နေသည့်အလား ဘဝနတ်ထံပျံလွန်ကြွသွားတော်မူလျက် ရှိသည်ကို တွေ့ရှိကြရပါတော့သည်။

မ၁မက(သုတေသီ)



www.burmeseclassic.com




# ဓမ္မာမက တရားရနံ့ သင်းပြံ့

၄

လေးသူစံ

**ပထမနေ့ (11.4.12)**

ပြီးခဲ့သည့် သကြန်ရက်များအတွင်း ကိုရီးယားသီလရှင် ဟေဆွန်စည်င ထူထောင်ထားပါသော ဓမ္မာမကရိပ်သာမှာ တရားဝင်ခဲ့ကြောင်းနှင့် ကျောင်းအမ၊ ဘုရားအမကြီး ဟေဆွန်စည်င်၏ သဒ္ဓါတရားနှင့် လုံ့လဝီရိယတို့ကိုလည်းကောင်း၊ ဓမ္မာမကဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် တရားတော်တို့ကိုလည်းကောင်း ဖော်ပြရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခုဆောင်းပါးမှာ သကြန်တရားစခန်းမှ အတွေ့အကြုံတို့ ဖြစ်ပါသည်။

မဟာစည်နည်းနှင့် တရားပြပေးနေပါသော ဓမ္မာမကဆရာတော်ဘုရားကြီး၏ ဘွဲ့တော်မှာ ဘဒ္ဒန္တဣန္ဒက ဖြစ်ပါသည်။ တရားဟောရာတွင် တိုတိုနှင့် ထိထိမိမိ ရှင်းလင်းပြတ်သားစွာ ဟောကြားတတ်ပါသည်။

ဓမ္မာမကသို့ ရောက်ရှိသွားချိန်တွင် ပူပြင်းလောင်မြိုက်နေပါသော နွေရာသီဖြစ်သော်လည်း စိုက်ပျိုးရေးကျွမ်းကျင်မှုနှင့် ရေလုံလောက်စွာ ရရှိမှုတို့ကြောင့် ရိပ်သာတစ်ဝင်းလုံးမှာ ပန်းမျိုးစုံ ဖူးပွင့်ဝေဆာ မွှေးပျံ့သာယာလွန်းနေခဲ့ပါ၏။ ဝါးရုံပင်များ ယှက်မိုးနေသည့် သန့်ရှင်းသပ်ရပ်လှပါသော မြေနီလမ်းကလေးကလည်း စကြံလျှောက်လှည့်ပါဟု ခေါ်ဆိုနေသယောင်။

ကျွန်မသည် သမ္မာသတိလမ်းရှိ ယောဂီအဆောင်နံပါတ်-၃၃ မှာ နေခဲ့ရပါသည်။ Malar International School မှ ဝန်ထမ်းအမျိုးသမီးငယ်သုံးဦးတို့က ဦးစွာရောက်နှင့်နေကြပြီး လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပါသည်။

ညနေခြောက်နာရီတွင် စုပေါင်းတရားထိုင်ကြရာ ဓမ္မာရုံကြီးသို့ သွား



www.burmeseclassic.com

www.burmeseclassic.com

ရောက်ကြရ၍ တရားထိုင်ကြရပါသည်။ ည ၇း၃၀ နာရီတွင် ဆရာတော်ဘုရားကြီး ကြွရောက်လာပြီး နဝင်္ဂကိုးပါးသီလကို ချီးမြှင့်ပါသည်။ ထို့နောက် ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ဆိုသည့် သတိပဋ္ဌာန်လေးပါး ဝိပဿနာ အလုပ်ပေးတရားတော်ကို ဟောကြားပေးခဲ့ပါသည်။

အသက်အစိတ်မှစ၍ မဟာစည်ရိပ်သာကြီးမှာ တရားထိုင်ခဲ့ခြင်းနှင့် ရွှေမင်းဝံ၊ နေမိန္ဒြ၊ ကျိုက်ထီးဆောင်းတို့မှာလည်း မကြာခဏ အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့ခြင်းများရှိသော်ငြား ယခု ပထမဦးဆုံးရက်မှာတော့ မကြာခဏ ပြောင်းထိုင်နေရပါတော့သည်။

## ဒုတိယနေ့ (12.4.12)

နံနက်သုံးနာရီကတည်းက နိုးနေခဲ့ပါသည်။ နံနက်လေးနာရီမှ ငါးနာရီအထိ တရားထိုင်ခဲ့ရာ စိတ်လွင့်ထွက်ခြင်း၊ ချက်ချင်းသလိုက်၊ မှတ်လိုက်၊ လွင့်လိုက်နှင့် ငါးနာရီမှ ခြောက်နာရီအထိ ဆရာတော်ဘုရားကြီးမှ သီလပေး၍ တရားဟောခဲ့ပါသည်။ ပြီးလျှင် အရုဏ်ဆွမ်းစားကြရပါသည်၊ ထို့နောက် စင်္ကြံလျှောက်၍ တရားထိုင်ကြရသည်မှာ နံနက်ကိုးနာရီအထိဖြစ်၏။

နံနက် ဆယ်နာရီခွဲဆိုလျှင် နေ့ဆွမ်းအတွက် ညီညာစွာ တန်းစီကြရပါသည်၊ နေ့ဆွမ်းစား၊ ခဏနားကြပြီးနောက် ၁၂ နာရီမှ ၂ နာရီအထိ စင်္ကြံလျှောက်ခြင်း၊ တရားမှတ်ခြင်းများ ပြုရပါ၏။ ထို့နောက် သဒ္ဓမ္မရံသီဆရာတော်ဘုရားကြီး၏ တရားခွေကို ဖွင့်ပေး၍ နာယူကြစေပါသည်။ ဝိပဿနာရှုမှတ်ခြင်း၏ အကျိုးတရားများကို နာယူကြရင်းဖြင့် သဒ္ဒါ၊ ဆန္ဒ၊ လုံ့လဝီရိယများကို တက်စေခဲ့ပါသည်။

ဝိပဿနာရှုမှတ်သူများအတွက် ရရှိနိုင်သည့် အကျိုးတရားတို့မှာ (၁)စိတ်ကြည်လင်ချမ်းသာရာရပါသည်၊ (၂) စိုးရိမ်ပူဆွေးမှုများမှ လွတ်မြောက်နိုင်ပါသည်၊ (၃) ငိုကြွေးမှုများမှ လွတ်မြောက်နိုင်ပါသည်၊ (၄) ကိုယ်ဆင်းရဲမှု လွတ်မြောက်နိုင်ပါသည်၊ (၅) လောကီအာရုံ ဂုဏ်မဂုဏ်တို့နှင့် ပျော်ပါးမှုနည်းသွားပြီး ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့်သာ ပျော်မွေ့ခြင်းကြောင့် စိတ်ဆင်းရဲမှု ကင်းနေပါသည်၊ (၆) အရိယာမဂ်ဉာဏ်ကို ရရှိနိုင်ပါသည်၊ (၇) နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ ဤအကျိုးတရားတို့ကို ရရှိနိုင်ရန်အတွက် ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲနှင့် အားထုတ်ကြရပါမည်တဲ့။

သြော် ... ကိုယ်နှင့်အသက်ကို ငဲ့ကွက်စာနာတတ်လွန်းသော ကျွန်မတို့မှာဖြင့် ရာသီဥတုပူပြင်းမှုဒဏ်ကြောင့် ချွေးပြိုက်ပြိုက်ကျကာ မောပန်းနွမ်းနယ်နေခဲ့ကြပါပြီ။

ညနေ ငါးနာရီမှ ခြောက်နာရီအတွင်း ခေတ္တနားနိုင်ခဲ့ကြပြီး၊ ခြောက်နာရီမှ ခုနစ်နာရီခွဲအတွင်း တရားထိုင်၊ စင်္ကြံလျှောက်ရပါသည်။ ဆရာတော်ဘုရားကြီး၏ ယနေ့ညဟောကြားသော တရားတော်မှာ "မပြတ်ကျင့်က ချမ်းသာရ" ဖြစ်ပါသည်။

## တတိယနေ့ (13.4.12)

နံနက်ပိုင်းတွင် "တရားမတွေ့နိုင်သော အကြောင်းများ" တရားတော်ကို နာကြားရသည့်အခါ ယခု တရားရှာနိုင်နေသေးသောဘဝကို တော်ပါသေးရဲ့ဟု ဖြေသိမ့်ရပါသည်။ တရားတွေ့၊ မတွေ့တော့ ... အင်း ...။

နေ့ခင်းပိုင်းမှာ နာကြားရသည့် တရားတော်မြတ်ကလည်း တရားကျင့်သူယောဂီသည် ခါးနာနေသည့်ဝေဒနာသည်ကဲ့သို့ ဖြည်းညင်းညင်သာစွာ ပြုလုပ်ဆောင်ရွက်ရမည်ဟု ဆိုပါသည်။ ကျွန်မကိုယ်တိုင်က လိမ့်ကျပြီး ခါးကျိုးနေသူဖြစ်ခဲ့ရာ အမှီမရှိလျှင် ကြာရှည်စွာ မထိုင်နိုင်ပါသောကြောင့် ဓမ္မာရုံ၏ နောက်ဆုံးရှိ တိုင်ကြီးကို မှီထိုင်နေရသည့်အဖြစ်ကို ဆင်ခြင်မိခဲ့ပါသည်။ သင်္ကြန်အကြိုနေ့ဖြစ်သဖြင့် အော်ဟစ်သံတွေ၊ သီချင်းသံတွေ၊ ရေပက်သံတွေသည် လေနှင့်အတူ မျောလွင့်ပါလာပြီး ကြားနေရပါတော့သည်။

ညဘက်တွင် ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတဟောကြားသော တရားတော်မြတ်ကို နာကြားရပါသည်။ သေသည့်တိုင် မမေ့နိုင်တော့သည့် လင်္ကာလေးမှာ "ပြုသူအသစ်၊ ဖြစ်သူအဟောင်း၊ အဖေများလည်း အဖေမှန်တယ်၊ အမေများလည်း အမေမှန်တယ်"တဲ့။

ယနေ့ ကမ္ဘာတစ်ဝှမ်းတွင် မုန့်တိုင်းအမျိုးမျိုးဒဏ်၊ မီးတောင်ပေါက်ကွဲ၊ ငလျင်လှုပ်၊ ရေကြီး၊ ရေရှား၊ မိုးခေါင်နှင့် ကပ်အမျိုးမျိုး၊ ဒဏ်အမျိုးမျိုး ဆိုက်နေခဲ့ကြပြီး ပြုလုပ်သမျှတွေလည်း မအောင်မြင်ကြသည်မှာ လူကြီးမိဘများအပေါ်၌ ဂါရဝတရားတွေ လျော့နည်းကြခြင်းကြောင့်ဖြစ်ကြောင်း၊ ခင်ပွန်းကြီးဆယ်ပါးတို့အား မေ့လျော့ထားကြခြင်းကြောင့် ဖြစ်ကြောင်း စသဖြင့် ဟောကြားဆုံးမသွားခဲ့ပါသည်။

## စတုတ္ထနေ့ (14.4.12)

နံနက်ပိုင်းတရားတော်မှာ "စိတ်နှင့်အာရုံ အဆင်ပြေအောင်နေတတ်ဖို့ အရေးကြီးကြောင်း"တို့ကို နာကြားရပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ နံနက်ပိုင်းမှာ တရားမှတ်၍ကောင်းနေခဲ့သမျှ နေ့ခင်းဘက်ဆိုလျှင် ချွေးများယိုစီး၍ တရားနာရာလည်း စိတ်မဝင်စားမိ၊ ထိုင်၍လည်းမကောင်းနှင့်၊ ဩော် ... စိတ်နှင့်အာရုံ အဆင်ပြေအောင် မနေတတ်သေးသူကျွန်မ တရားရနိုင်ပါ့မလား။ သံသရာကြော်မှာ မည်မျှမျောနေဦးမည် မသိနိုင်။

ဓမ္မမာမက ဆရာတော်ကြီးသည် မနက်လည်းဟော၊ ညမှာလည်းဟော၊ နေ့ခင်းမှာ တရားစစ်နှင့် တစ်ချက်လေးမှ မနား။ ညဘက်တွင်ဟောကြားသည့် တရားတော်က ''ဘယ်လိုဗုဒ္ဓဘာသာမျိုးလဲ''တဲ့၊ နှုတ်တိုက်ချပေးခဲ့သည့်လင်္ကာကို ရွတ်ဆိုရင်းနှင့် ကျွန်မကိုယ်ကျွန်မ ဘယ်အတန်းအစားထဲမှာ ပါနေပါလိမ့်''ဟု စစ်ကြောမိပါသည်။

''အောက်တန်းမူလ၊ ဗုဒ္ဓဘာသာ၊ ကံကိုယ်ပိုင်ရှိ၊ မှန်သိမြင်လာ၊ အပယ်ထင်လင်း၊ မြင်ရှင်းလက္ခဏာ၊ အထက်တန်း၊ လေးခန်းမြင်သစ္စာ''

''သုံးမျိုးသုံးစား ခွဲခြားမြင်လျှင် ဘယ်လိုအစား ငါကားပါဝင်၊ ငါ့ကိုယ်ငါမေး စစ်ဆေးပြုပြင်၊ အထက်တန်း တက်လှမ်းဘာသာဝင်''

## ပဉ္စမနေ့ (15.4.12)

နံနက်ပိုင်း တရားထိုင်ခဲ့ရာတွင် လက်နှစ်ဖက်လုံးနှင့် ပါးပြင်များကို အပ်စူးစူးလေးတွေနှင့် ထိုးဆွနေသကဲ့သို့ ငါးမိနစ်မျှ ခံစားနေခဲ့ရပြီးမှ ကောင်းသွားပါတော့သည်။ တစ်ကိုယ်လုံး အမှုန်လေးတွေအဖြစ် ပြောင်းသွားပြီး စိတ်မှတ်လေးနှင့်သာ အေးငြိမ်းနေခဲ့ပါ၏။ ဆရာတော်ကြီးက တော့ ရန်သူကြီးကို ရန်သူမှန်းမသိဘဲနှင့် ပေါင်းနေရသည်မှာ ဤခန္ဓာကြီးပါဟု သံဝေဂတရားတွေကို နားဝင်အောင် ဟောကြားသွားခဲ့ချေပြီ။

ယနေ့ညအတွက် ''ဘုရားဖူးတတ်ပါစေ''တရားတော်ကိုလည်း စိတ်ထဲစွဲခဲ့ရပါသည်။

## ဆဋ္ဌမနေ့ (16.4.12)

ဆရာတော်ဘုရားများ ဟောကြားသွားခဲ့ကြသည့် တရားတော်များကား တစ်နေ့ထက်တစ်နေ့ ကောင်းလှပါဘိ။ တန်ဖိုးရှိလှပါဘိ။ လိုချင်စိတ်ပြင်းပြရမယ်၊ ကြိုးစားရမယ်၊ ဝီရိယထားရမယ်။ နိဗ္ဗာန်ကို ဆုတောင်းတိုင်းမရ၊ အာညောင်းရုံပဲ ရှိမယ်ဟု ဟောကြားခဲ့ပြီးနောက် ရွတ်ဆိုနိုင်းသည့် လင်္ကာကလည်း ကျွန်မတို့ယောဂီများကို တည့်တည့်ကြီးပင်။

''နိဗ္ဗာန်ကိုရလိုကြောင်းနဲ့ ဆုတောင်းတာလည်း များလှပါပြီ။ အလုပ်မပါ ဗလာတောင်းတော့၊ အာညောင်းရုံပဲ ရှိကြပါမည်။ တကယ့်ကို ရလိုရေးနဲ့ အားထုတ်ရင်တော့ ရနိုင်ပါပြီ။ တကယ်အားထုတ်၊ တကယ်လုပ်၊ အဟုတ်နိဗ္ဗာန် ရရမည်။ ခြင်ကလည်းကိုက်၊ ဝမ်းကဟိုက်၊ ပူအိုက်အိပ်ငိုက်သည်။ ကြိုးစားပမ်းစား မရှုပွား၊ တရားမတက်မည်။ လက်ဆုံစကား၊ အချိန်များ၊ ကုန်သွားခက်တာများလှပြီ၊ လာလည်းသုည၊ ပြန်သုည၊ ခက်လှချေပြီ ... အို ယောဂီ''

## သတ္တမနေ့ (17.4.12)

ဖြည်းဖြည်းကလို့မရဘဲနဲ့ လောလောနဲ့ ကနေကြရတဲ့ လောကကြီးထဲမှာ အားကိုးစရာအစစ်ဟာ ရွှေငွေရတနာပစ္စည်း၊ မိဘနဲ့ သားသမီးတွေ၊ ဆွေမျိုးတွေ မဟုတ်ပါဘူး။ ဗုဒ္ဓရဲ့ တရားတော်သာ အားကိုးစရာအစစ်ပါ ဆိုပြီး နံနက်ပိုင်းမှာ တရားနာကြားခဲ့ရပါသည်။

ယနေ့နံနက်ပိုင်းရရှိသည့် တရားအာရုံက ထူးခြားမှုရှိနေခဲ့ပါသည်။ ညာဘက်ပါးပြင်တစ်ခုတည်းမှ သွေးများလှည့်ပတ်စီးဆင်းနေသည်ကို သိနေခဲ့ပြီးနောက် အအေးငွေ့များ သိသာစွာ ထွက်နေခဲ့ပါတော့သည်။ ခဏမျှကြာသောအခါ မျက်နှာ၏ ဘယ်ဘက်ခြမ်းတစ်ခုလုံး မှောင်အတိဖြစ်သွားပြီး ညာဘက်ခြမ်းက လင်းလက်နေသည့်အာရုံတို့ကို အတန်ကြာရရှိခံစားရပါသည်။ ထို့နောက်မှာတော့ ခန္ဓာတစ်ခုလုံး အရိုးစုအဖြစ် အာရုံရရှိခဲ့ပါ၏။

လွန်ခဲ့သည့် သုံးလေးရက်ကတည်းကပင် တစ်ကိုယ်လုံး တုန်သွားလိုက်၊ ဆတ်ခနဲ ဆတ်ခနဲ လက်တွေမြောက်တက်သွားလိုက်၊ ခြေကမြောက်တက်သလို ဖြစ်သွားလိုက်နှင့်။ ညာဘက်ခြေညှိုးတစ်ချောင်းတည်းမှလည်း အအေးငွေ့တွေ ထွက်နေသကဲ့သို့ သိသာစွာခံစားရလိုက်နှင့်။ တစ်ခါ စိတ်တွေထွက်သွားလိုက်၊ ပြန်သတိရလိုက်၊ ပြန်မှတ်လိုက်နှင့် ...။

ယနေ့ နှစ်ဆန်းတစ်ရက်နေ့ ဖြစ်ပါသောကြောင့် ဓမ္မမာမက ဆရာတော်ဘုရားကြီးသည် နံနက်ပိုင်း အရုဏ်တရားဟောကြားရုံသာမကဘဲနှင့် နံနက် ၉း၃၀ နာရီမှာလည်း နှစ်ဦးအလှူတရားပွဲကို ကျင်းပပေးပြန်ပါသည်။

သေဖို့သွားနေကြရသည့် သံသရာခရီးသည်များအချင်းချင်း ကျေးဇူးမြော်မြင်၍ အပြစ်မမြင်ကြဘဲနှင့် မေတ္တာခန္တီနှလုံးကို ကျင့်သုံးနေထိုင်သွားကြပါရန် ဆုံးမဩဝါဒများ ပေးခဲ့ပါသည်။ ညဘက်တွင်သထုံ နေမိန္ဒြဆရာတော်ဘုရားကြီး၏ ''မြန်မာပြည်ဘွား ရဟန်းတစ်ပါး''တရားတော်ကို နာကြားခဲ့ရပါ၏။

## အဋ္ဌမနေ့ (18.4.12)

နံနက်ပိုင်းတွင် ''သံသရာမှာ ကြီး



www.burmeseclassic.com

www.burmeseclassic.com

ပွားကြောင်းနှင့် သံသရာလွတ်မြောက်ကြောင်းတရားတော်ကို မဂ္ဂင်ရှစ်ပါးပြ၍ ရှင်းလင်းစွာ နာကြားခဲ့ရပါသည်။ ညဘက်မှာ ဟောကြားသည့် ''ကောင်းဆိုးနှစ်သွယ် စံပြမယ်''တရားတော်သည် အကြိမ်ကြိမ်နာကြားရသော်လည်း နာယူ၍ မဝနိုင်ပါသော 'ခုဒ္ဒုဒ္ဒရာ'ဘဝဇာတ်ကြောင်းဖြစ်၏။

တရားမှတ်ရာတွင် စိတ်လွင့်လိုက်၊ မှတ်လိုက်၊ ဆတ်ခနဲဖြစ်သွားလိုက်၊ နှလုံးခုန်နေတာကို မှတ်လိုက်နှင့် အသက်ရှူနေသည့် အသိလေးသာ ရရှိနေပြီး ထိုင်၍ကောင်းနေခဲ့ပါပြီ။ ကျဉ်တာတွေ၊ ထုံတာတွေကို ခဏနှင့် မှတ်နိုင်သွားပါ၏။

**နဝမနေ့ (19.4.12)**

''ရင့်မာတစ်ကျိပ်၊ နုမှာငါးရာ၊ နောင်လာရှစ်သောင်း၊ ဘုရားပေါင်းတဲ့၊ ဘုရားပေါင်းနောက်၊ တို့နှစ်ယောက်က၊ တို့နှစ်ယောက်နောက်၊ ခင်ကြီးပေါက်ပဲ'' ဆိုသည့် 'ခင်ကြီးပေါက်ရဲ့ ဆွေတော်မျိုးတော်များ'တရားတော်ကို ဟာသလေးနှော၍ နံနက်ပိုင်းမှာ နာကြားခဲ့ရပါသည်။

ဝိပဿနာတရားအရသာကို အမှန်ဘကယ်လိုလားသူတို့သည် အမှန်အတိုင်းသိလာစေရန် ကြိုးစားရမည်။ အမြဲအမှတ်သတိနှင့် နေရမည်ဟု ဆုံးမဟောကြားပြီးနောက် အောက်ပါလင်္ကာကို ရွတ်ဆိုနိုင်းပါသည်။

''သတိဉာဏ်ယှဉ်၊ လှံ့လစိုက်၊ ဘကကြီးကို အရွဲ့တိုက်၊ တရားလမ်းထဲ လိုက်သာလိုက်၊ ဘယ်သူကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ ဘုရားကြိုက်ဖို့အရောက်လိုက်၊ အဲဒါမှပဲ တရားအမြိုက်၊ ရမှာသိ၍ စိတ်ချလိုက်''

ညဘက်တွင် ဆရာတော်ဦးခေမိန္ဒ၏ 'ဒွေးယှဥ်ဇာတ်တရားငါးပါး'ကို ဟောကြားခဲ့ပါသည်။

**ဒသမနေ့ (20.4.12)**

နံနက်ပိုင်းတွင် 'စိတ်ကိုပြုပြင်သောတရား'ကို နာကြားခဲ့ရပါသည်။ တရားမှတ်ရာတွင် နံနက်ပိုင်းမှာ ကောင်းနေခဲ့ပြီး နေ့ခင်းနှင့် ညဘက်မှာ ကောင်းစွာမရှုမှတ်နိုင်။ ပြန်ခါနီးမှပဲ စိတ်တွေဖောက်လာပြီထင်၏။ တရားစခန်းမှ ထွက်သည်နှင့် ဆောင်ရွက်ရမည့် တာဝန်တွေက တန်းစီပေါ်လာသဖြင့် မကြာခဏခေါင်းခါနေခဲ့ရသည်အထိပင်။

ညဘက်တရားပွဲသည် 'နှုတ်ဆက်တရား'ဖြစ်၏။ စိတ်ဆိုးစိတ်ညံ့များနှင့် အကုသိုလ်ဖြစ်မည့် အကြောင်းမှန်သမျှတို့ကို နုတ်ပယ်သတ်ကြ၍ စိတ်ကောင်းစိတ်မြတ်များဖြင့်သာ ကုသိုလ်ဖြစ်စေမည့် အကြောင်းတရားတို့ကို ဆက်နိုင်ကြရမည်ဟု နိဒါန်းပျိုးခဲ့ပါသည်။

ထို့နောက် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဥရုဝေလတောတွင် ရဟန်းတစ်ထောင်တို့ကို ဟောကြားချေချွတ်ခဲ့သည့် တရားတော်ကို 'မီးလောင်ရင် ငြိမ်းကြပါ'ဆိုပြီး ဟောကြားခဲ့ပါသည်။ သံသရာခရီးသည်တို့၏ ဆယ့်တစ်မီးကို ဒါန၊ သီလ၊ ဘာဝနာများနှင့် ငြိမ်းမှ အေးငြိမ်းချမ်းသာရာ ရမည်ဖြစ်ကြောင်းတို့ကို ဇာတ်တော်များမှ ထုတ်နုတ်၍ ဟောတော်မူခဲ့သော်လည်း ကျွန်မတို့ယောဂီများကမူ ဤဆယ့်တစ်မီးတို့နှင့် ထွေးလုံးရစ်ပတ်တွယ်နေစေဖို့ နက်ဖြန်ပြန်ရန် ခြေလှမ်းပြင်နေခဲ့ကြပြီရော . . . ။

**မေတ္တာနှလုံးသားနှင့် (21.4.12)**

''အိမ်က ဘယ်မှ ထွက်မပြေးပါ။ နေ့ဆွမ်းကိုတော့ စားသွားကြပါဦး။ တရားကိုလည်း နာသွားကြပါဦး။ ကိုရီးယားကလူတွေ ဒီမှာတရားတစ်ခါလာအားထုတ်ရင် သိန်းတစ်ရာကုန်ပါတယ်။ အခုမြန်မာပြည်ကယောဂီတွေ အဲဒီလောက်မကုန်ဘဲနဲ့ တရားနာနေကြရတယ်၊ တရားထိုင်နေကြရတယ်။ ဘယ်လောက် ကံကောင်းကြပါသလဲဗျာ''

ဤကဲ့သို့ နိဒါန်းချီပြီး နံနက်ပိုင်းဟောခဲ့သော တရားမှာ 'မေတ္တာပွားများကျိုးကြီးမား'ဖြစ်ပါသည်။ မေတ္တာ၏တန်ခိုးအာနိသင်တို့နှင့် အကျိုးကျေးဇူးတို့ကို ဟောပြောပြီးနောက် မြန်မာလူမျိုးများ စိတ်ဓာတ်မြင့်မားရန် လိုအပ်ကြောင်း၊ မိမိကို တရားပေးသည့်နေရာ၊ တရားရှာနိုင်သည့်နေရာတို့ကို သန့်ရှင်းရေးပြုလုပ်သွားမှသာ စိတ်ဓာတ်မြင့်သည့် လူမျိုးအဖြစ် ဂုဏ်တက်နိုင်မည်ဖြစ်ကြောင်း၊ ကိုရီးယားတွင် တရားဟောခဲ့ရစဉ်က တရားပွဲပြီးသည်နှင့် သန့်ရှင်းရေးပြုလုပ်ပြီးမှသာ အိမ်ပြန်လေ့ရှိကြသည့် ကိုရီးယားလူမျိုးတို့၏ စိတ်ထားတို့ကိုလည်း ဗဟုသုတဖြစ်ဖွယ်၊ အတုယူဖွယ်များကို နာကြားခဲ့ရပါသည်။

ဤအဓိဋ္ဌာန်ဆယ်ရက်အတွင်း တရားဒေသနာများ ဟောကြားပေးခြင်းနှင့် တရားစစ်ခဲ့ပါသော ဆရာတော်များအားလည်းကောင်း၊ လိုလေသေးမရှိစေရအောင် လှူဒါန်းကျွေးမွေးခဲ့ကြပါသော အလှူရှင်များအားလည်းကောင်း၊ ဝေယျာဝစ္စဆောင်ရွက်ကြပါကုန်သော လုပ်အားပေးအဖွဲ့များအားလည်းကောင်း ကျေးဇူးတရားများနှင့်အတူ မေတ္တာနှလုံးသားတို့သည် ထာဝရတည်မြဲလျက် ရှိနေပေတော့မည်။ ။

**ဝေလးသူစံ**



www.burmeseclassic.com

www.burmeseclassic.com

# ဗားမဲ့ပေး သဗ္ဗသိဒ္ဓိဂုဏ်တော်ပုတီး နှင့် စွယ်စုံအသုံး

မဟော်ဂနီ(သမထ)

ထွက်ရပ်ပေါက် သိဒ္ဓိ၊ မဟိဒ္ဓိရှင် ဗားမဲ့ဆရာတော်ဘုရားကြီးကိုယ်တိုင် တပည့်များကို ချီးမြှင့်ခဲ့သော အစီရင်ပုတီးစိပ်နည်းပင် ဖြစ်ပါသည်။ မဟာသိဒ္ဓိကျမ်းရင်းကြီး ပထမတွဲ၊ စာမျက်နှာ(၄၅)တွင်လည်း အတိအလင်း ပြဆိုထားပါသည်။

ထူးခြားသည်မှာ ပုတီးပြုလုပ်ပုံကပင် ထူးခြားလှ၏။ ရွှေပြား ၉ ခုတွင် တစ်ခုစီ၌ အစဉ်လိုက် ရေးသားရန်မှာ (၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) ဝိဇ္ဇာစရဏ သမ္ပန္နော၊ (၄) သုဂတော၊ (၅) လောကဝိဒူ၊ (၆) အနုတ္တရော ပုရိသဓမ္မသာရထိ၊ (၇) သတ္ထာဒေဝ မနုဿာနံ၊ (၈) ဗုဒ္ဓေါ၊ (၉) ဘဂဝါ ဟု ရွှေတစ်ပြားလျှင် ဂုဏ်တော်တစ်ခု ညီညာစွာ ရေး၍ လက်ဖွဲ့ပြုလုပ်ရမည်။

ပုတီးခေါင်းအတွက် ရွှေပြားငယ် ၅ ခုတွင် (သံ) (ဂုံ) (ပ) (မ) (ယျ) ဟု ရေးပါ။ ထို့ပြင် ရတနာသုံးပါး ဂုဏ်တော်အမျိုးမျိုး ရတနာရွှေချိုင့်၊ အောင်ခြင်းရှစ်ပါး စသော ဂုဏ်တော်ဂါထာများကို ဘတ်အားသရွေ့ ရေး၍ ပြောချပါ။ အခြားကောင်းနိုးရာရာ ဂါထာများလည်း ရေးသားပူဇော်နိုင်သည်။

ဂုဏ်တော်ပြာများကို သစ်စေးဖြင့်နယ်၍ သားရိုးလုပ်ပြီးမှ ယခုဂုဏ်တော်လက်ဖွဲ့များမှာ ပုတီးစေ့များအဖြစ် ကောင်းစွာမွမ်းမံ၍ အစဉ်လိုက် သီကုံးခြင်းဖြင့် ၉ လုံးပုတီးကို ရရှိမည်ဖြစ်၏။

စွယ်စုံသုံး ပုတီးစိပ်နည်းဖြင့် အောက်ပါအတိုင်း ပြဆိုထားခဲ့ပါသည်။

(၁) ဘုန်းကျက်သရေတိုး၍ ပွင့်လန်းစေလိုလျှင် **"သောဘဂဝါ ဣတိပိ အရဟံ"**

(၂) အကြံဉာဏ်ကောင်းများ၊ အကူအညီ အထောက်ပံ့များ ပေါ်လာစေလိုလျှင် **"သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ"**

(၃) အကြံစည်နှင့် ဆန္ဒတို့ အောင်မြင်လာစေလိုလျှင် **"သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော"**

(၄) ပြောသမျှစကား အောင်မြင်၍ မိမိစကားကို အမှန်ယူလာစေလိုလျှင် **"သောဘဂဝါ ဣတိပိ သုဂတော"**

(၅) ကျော်စောထင်ရှား၍ ပွဲလယ်တင့်စေလိုလျှင် **"သောဘဂဝါ ဣတိပိ လောကဝိဒူ"**

(၆) ဆိုးသွမ်းသောလူ၊ နတ်၊ တိရစ္ဆာန်တို့ကို နှိမ်နင်း၍ ချစ်ခင်လာစေလိုလျှင် **"သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ"**

(၇) သူတစ်ပါးဆန္ဒကို ဖြည့်ဆည်းကယ်တင်လိုလျှင် **"သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿနံ"**

(၈) လောကုတ္တရာ သမာဓိ မှော်ကဲ့သို့ အရာရာကြံဆသိလိုလျှင် **"သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ"**

(၉) သူတစ်ပါး တုပြိုင်မဝံ့၊ ရိုသေခန့်ငြားစေလိုလျှင် **"သောဘဂဝါ ဣတိပိ ဘဂဝါ"**

မိမိအလိုရှိရာ ဆန္ဒအလျောက် မိမိတတ်နိုင်သလောက် အမိဋ္ဌာန်တင်၍ ပုတီးစိပ်ရန်ဖြစ်သည်။ အမြဲလက်စွဲပြု ကျင့်ကြံအားထုတ်သင့်သော ပုတီးစိပ်နည်း ဖြစ်၏။ 'မဟာဓမ္မရာဇာ' မည်သော မင်းကြီးသည် ဤပုတီးစိပ်နည်းကို ကျင့်ကြံအားထုတ်၍ ရန်အပေါင်း ကြေပျက်၍ မင်းအပေါင်းခညောင်းရသော မင်းကြီး ဖြစ်လာခဲ့ရသည်။ (၉၆)ပါး ရောဂါမှစ၍ ကပ်ရောဂါများ၊ ပယောဂအနှောင့်ယှက်များကိုပါ နှိမ်နင်းနိုင်သော အစွမ်းထက် စွယ်စုံသုံး ပုတီးစိပ်နည်းကောင်းတစ်ခုကို ဆရာစားမချန် စေတနာမှန်ဖြင့် ပူဇော်ရေးသား တင်ဆက်လိုက်ရပါတော့သည်။

မဟော်ဂနီ(သမထ)



www.burmeseclassic.com


ဧဝံ အစိန္တိယာ ဗုဒ္ဓါ
ဗုဒ္ဓဓမ္မာ အစိန္တိယာ
အစိန္တိယေ
ပသန္နာနံ ဝိပါကောဟောတု
ဓဓ အစိန္တိယော

www.burmeseclassic.com

# ဟားမဲ့ဆရာတော် နှင့် မန်ကျည်းတန်း ဦးရွှေအိုး

## မင်းသိခ်

အင်းဝခေတ်တွင် ဖြစ်၏။

အင်းဝဘုရင်သည် ဟားမဲ့ဆရာတော်ကို လွန်စွာ ယုံကြည် ကိုးကွယ်၏။ ထို့အတူ နန်းတွင်းသူ မင်းညီမင်းသား၊ ဝန်ကြီး၊ ဝန်ကလေး၊ အမတ်၊ ကလန်၊ သံပျင်မှအစ တိုင်းသူပြည်သား ဆင်းရဲသား မိလက္ခုတို့ပါမကျန် ဆရာတော်အား လွန်စွာကြည်ညိုကြကုန်၏။ ဆရာတော်လည်း ရဟန်းအဖြစ်နှင့်လည်း ကြည်ညိုရ၏။ ထို့အတူ မိမိတို့၌ ရှိသော အခက်အခဲများကိုလည်း ၎င်းတတ်ကျွမ်းသော လောကီပညာရပ်ဖြင့် အကူအညီပေးသည်ဖြစ်ရာ တစ်တိုင်းပြည်လုံးက ရွှေတောင်ကြီးသဖွယ် အားထားကြရကုန်၏။

ဆရာတော်၏ ကျောင်းသခ်မ်းသည် လွန်စွာမှ ကြီးကျယ်၍ လွန်စွာမှလည်း ခမ်းနားသည်။ ဆရာတော်၏ ကျောင်းကျက်သရေခန်း၌ လှူဖွယ်ပစ္စည်းအပြည့်ရှိ၏။ ဆရာတော်၏ လာသမျှသော ဒါယကာ၊ ဒါယိကာမ ညှိပရိသတ်ကို တတ်ကျွမ်းသောပညာဖြင့် ကယ်မသည်ဖြစ်ရာ အစဉ်သဖြင့် ညောင်းညာကိုက်ခဲနေတတ်၏။

အင်းဝမန်ကျည်းတန်းနေ ဦးရွှေအိုး ဆိုသော သူဆင်းရဲကြီးတစ်ဦးသည် ဆရာတော်ကျောင်းသို့ အစဉ်သဖြင့် သွားရောက်၍ အစဉ်သဖြင့် ဆရာတော်၏ ခန္ဓာကိုယ်ကို နှိပ်နယ်ပေးရလေ၏။ ဆရာတော်၏ ခါးနှင့် ခြေသလုံးများသည် တောင့်တင်းနေသည်ဖြစ်ရာ နှိပ်ရုံဖြင့် မပေါက်ဘဲ တံတောင်ဖြင့် ထောင်းရလေ၏။

ကြာသောအခါ ဦးရွှေအိုး၏ တံတောင်သည် ကျွဲပခုံးများ ထ၍နေပေတော့၏။ ဆရာတော်သည် မင်းညီမင်းသား၊ သူဌေး၊ ကုန်သည်တို့အား လိုအပ်သော အစီအမံများ လုပ်ပေးနေသည်ကို သူဆင်းရဲ ဦးရွှေအိုးသည် ဆရာတော်အား တံတောင်ဖြင့် နှိပ်ပေးရင်း ကြား၊ သိ၊ မြင်၊ တွေ့ နေရလေ၏။

တစ်နေ့သ၌ မင်းသားတစ်ပါးသည် ဆရာတော်ထံသို့ ရောက်လာပြီးလျှင်. . .

"ဆရာတော်ဘုရား၊ အခုအခါမှာ မြို့စားကြီးရာထူး လစ်လပ်နေပါတယ်။ တပည့်တော်တို့ မင်းသားက သုံးပါးရှိပါတယ်။ သူရမလို ကိုယ်ရမလို ဖြစ်နေပါတယ်။ အဲဒီနေရာကို တပည့်တော် လိုချင်ပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်လျှင်. . .

"ကောင်းပြီ ဒကာ"

ဟု ဆိုကာ ကွမ်းရွက်ပေါ်တွင် ထုံးဖြင့် စမရေး၍ ထိုမင်းသားအား ပေးလိုက်လေ၏။ ထိုသို့ပေးပြီးနောက်-

"သုံးရက်အတွင်း ဒကာ လိုချင်တဲ့ရာထူးကို ရလိမ့်မယ်"

ဟုလည်း မိန့်မှာတော်မူလိုက်လေ၏။

ထိုမင်းသားသွားလျှင် အမတ်တစ်ဦး ရောက်လာပြန်၏။ ထိုအမတ်ကလည်း ဆရာတော်အား ဝတ်ပြုပြီးလျှင်. . .

"ဆရာတော်ဘုရား အမတ်ချုပ်ရာထူး လစ်လပ်နေပါပြီ၊ တပည့်တော်တို့ ငါးဦးဟာ အဲဒီနေရာကို ချိန်ရွယ်နေကြပါတယ်ဘုရား၊ တပည့်တော်ဟာ အဲဒီနေရာကို အလွန်ပဲ လိုချင်ပါတယ်ဘုရား"

ဟု လျှောက်ထားလိုက်လျှင် ဆရာတော်သည် ထိုအမတ်အား သပြေညွှန့် ခုနစ်ညွှန့်ကို ဂါထာခုနစ်အုပ် စုပ်၍ ပေးလိုက်၏။

ထို့နောက်. . .

"ဒါယကာ အမတ်၊ ငါးရက်အတွင်းမှာ အမတ်ချုပ်ရာထူး ရလိမ့်မယ်၊ သွားပေတော့"

ဟု ပြောလိုက်လေ၏။ ထိုအမတ် ဆင်းသွားပြီး မကြာမီ၌ပင် ကုန်သည်တစ်ဦး ရောက်လာလေ၏။ ထိုကုန်သည်လည်း ဆရာတော်အား. . .



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်ဘုရား၊ တပည့်တော်ဟာ ကုန်သည်လေးဖြစ်ပါတယ်ဘုရား၊ တပည့်တော်ဟာ လုံ့လဝီရိယလည်း ရှိပါတယ်၊ ကုန်သည်ကြီး ဖြစ်လိုလို့ ဆရာတော်ဘုရား ကယ်မပေးတော်မူပါ"

ဟု လျှောက်ထားပြန်လေ၏။ ဆရာတော်က ထိုကုန်သည်လေးအား အင်းတစ်ချပ် ချီးမြှင့်လိုက်ပြီးလျှင်. .

"ကဲ ကုန်သည် ဒါယကာလေးရေ ဒီတစ်ပတ်အတွင်းမှာပဲ ကုန်တွေ အဆမတန် မြတ်စွန်းပြီး ကုန်သည်ကြီး ဖြစ်သွားလိမ့်မယ်"

ဟု မိန့်မှာတော်မူကာ လွှတ်လိုက်လေ၏။ ကုန်သည်လေးသည် ဝမ်းမြောက်ဝမ်းသာနှင့် ပြန်သွားလေတော့၏။ ရက်များမကြာမီ၌ မင်းသားသည်လည်းကောင်း၊ အမတ်သည်လည်းကောင်း၊ ကုန်သည်သည်လည်းကောင်း လျှူဖွယ်ပစ္စည်းအစုစုဖြင့် ဗားမဲ့ဆရာတော်ကျောင်းသို့ ပြန်လည်ရောက်ရှိလာကြလေ၏။

မင်းသားကလည်း မြို့စားကြီး ဖြစ်သွားပြီဖြစ်ကြောင်း၊ အမတ်ကလည်း အမတ်ချုပ် ဖြစ်သွားပြီဖြစ်ကြောင်း၊ ကုန်သည်လေးကလည်း ဆရာတော်ပြောသည့်အတိုင်း တစ်ခေါက်တည်းနှင့်ပင် ကုန်သည်ကြီးဘဝသို့ ရောက်သွားပြီဖြစ်ကြောင်း ပြောလေ၏။ ထို့နောက် ဆရာတော်အား ကန်တော့၍ ပြန်သွားကြကုန်၏။ ထိုအခါ၌ ဆရာတော်၏ကျောကို တံတောင်ဖြင့် ကျိတ်ပေးနေသော ဦးရွှေအိုးက. . .

"အရှင်ဘုရား လုပ်တာကိုင်တာတွေ တပည့်တော် ကြည့်နေတာကြာပြီ၊ အရှင်ဘုရားရဲ့ ပညာဟာ အားကိုးဖို့ အတော်ကောင်းပါတယ်။ ဒါပေမဲ့ တပည့်တော်တွေ့သလောက်ဆိုရင် သာမန်မင်းသားငယ်လေးတစ်ပါးကို မြို့စားကြီး ဖြစ်သွားအောင်၊ အမတ်ငယ်လေးတစ်ဦးကို အမတ်ချုပ်ကြီး ဖြစ်သွားအောင်၊ ကုန်သည်လေးကို ကုန်သည်ကြီး ဖြစ်သွားအောင် လုပ်ပေးနိုင်တဲ့ ပညာမျိုးပဲ။ ဆင်းရဲသူ ဆင်းရဲသားတွေကို ကြီးပွားချမ်းသာအောင် လုပ်ပေးတဲ့ ပညာမျိုးမှ မဟုတ်ဘဲ"

ဟု လျှောက်တင်လိုက်ရာ ဆရာတော်သည် သွေ့စွာအံ့ဩသွားလေ၏။ ထို့ကြောင့် ဆရာတော်က. . .

"ဟဲ့ ငရွှေအိုး နင် ဘာတွေပြောနေတာတုံး၊ ငါ့ပညာဟာ ဆင်းရဲသူ ဆင်းရဲသားတွေအတွက်လည်း အားကိုးလောက်တဲ့ ပညာဖြစ်တယ်"

ဟု ပြောလိုက်ရာ ဦးရွှေအိုးက. . .

"အရှင်ဘုရားကို တံတောင်နဲ့ ကျိတ်ပေးလို့ တပည့်တော် တံတောင်ဟာ ကျွဲပခုံးတွေ ဖြစ်နေပါပြီ။ တပည့်တော်လောက် ဆင်းရဲတဲ့လူဟာ အင်းဝတစ်ပြည်လုံးမှာတောင် မဟုတ်ဘူး၊ မန်ကျည်းတန်းတစ်တန်းလုံးမှာလည်း တပည့်တော် အဆင်းရဲဆုံးပါပဲ။ ဆန်ကွဲနဲ့ မန်ကျည်းရွက်နဲ့ ပြုတ်သောက်နေရတာ ကြာပါပြီဘုရား၊ တပည့်တော်ကို ကြီးပွားချမ်းသာအောင် ဘာလို့မလုပ်ပေးတာလဲဘုရား"

ဟု ရဲဝံ့ပြတ်သားစွာ လျှောက်တင်လိုက်လေ၏။ ထိုအခါ ဗားမဲ့ဆရာတော်က. . .

"နင်က ဒီလိုပြောသလား၊ နင် ငါ့ဆီမှာ ဘယ်နှခါများ တောင်းဖူးသလဲ၊ နင့်ဟာနင် နင်းပေးတယ်၊ နှိပ်ပေးတယ်၊ အဲဒီအတွက် နင် ကုသိုလ်တွေ ရနေပြီပဲ၊ ကိုယ့်လောကီပညာက မတောင်းရင် မပေးရဘူး၊ နင် မတောင်းတော့ ငါက မပေးဘူးပေါ့"

ဟု မိန့်လိုက်လျှင် သူဆင်းရဲ ဦးရွှေအိုးက. . .

"တောင်းမှပေးမယ်ဆိုရင် အခုပေးပါ၊ တပည့်တော် ဝတ်လုပါပြီဘုရား"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဗားမဲ့ဆရာတော်က ပြုံးရယ်လျက်. . .

"နင် တော်တော်ချမ်းသာချင်ပြီကိုး ငရွှေအိုးရဲ့"

ဟု မိန့်တော်မူလေ၏။

"တပည့်တော်က ဝတ်လို့ ချမ်းသာချင်တာပါဘုရား၊ လောကမှာ မချမ်းသာချင်သူ ရှိပါ့မလား"

ဟု ဦးရွှေအိုးက ပြန်လည်လျှောက်ထားလိုက်ရာ ဆရာတော်ဘုရားက. . .

"အေး အေး နင့်ဘုရားစင်မှာ ဆင်းတုတော် ရှိရဲ့လား"

ဟု မေးလိုက်လေ၏။

"ရှိပါတယ်ဘုရား၊ ကျွန်းသားနဲ့ ထုလုပ်ထားတဲ့ ခြောက်လက်မကိုယ်တော် ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဦးရွှေအိုးက ပြန်၍လျှောက်ထားလိုက်လေ၏။

ထိုအခါ ဘားမဲ့ဆရာတော်က. . .

"နင် အခုပြန်သွား၊ အဲဒီဆင်းတုတော်မှာ သင်္ကန်းတော်ကို အနီရဲရဲ ဆေးပြန်ခြယ်၊ ပလ္လင်တော်ကိုတော့ အစိမ်းရောင်တောက်တောက် ဆေးခြယ်၊ ခေါင်းတော်၊ မျက်နှာတော်၊ လက်ဝါးတော်ကိုတော့ တတ်နိုင်ရင် ရွှေချ၊ မတတ်နိုင်ရင် အဝါရောင်တောက်တောက်ကိုခြယ်၊ ပြီးတော့ ဒီဂါထာနဲ့ နေ့စဉ် ရေချမ်း၊ ဆွမ်းတော်၊ အမွှေး၊ ပန်းမန် စသည်တို့ကို ကပ်လှူပြီး ချမ်းသာအောင် ဆုတောင်းပေတော့"

ဟု မိန့်လိုက်လေ၏။

ဦးရွှေအိုးလည်း ထိုစကားကိုကြားလျှင် ဆရာတော်အား ကန်တော့ဦးချ၍ အိမ်သို့ပြန်ပြေးလေတော့၏။ အိမ်သို့ ပြန်ရောက်လျှင် ဆရာတော် မှာလိုက်သည့်အတိုင်း အဝါ၊ အစိမ်း၊ အနီတို့ကို ခြယ်ရန် ဆေးခြယ်တတ်သူထံသို့ သွားရောက်၍ အကူအညီ တောင်းလေ၏။ ဆေးခြယ်တတ်သူလည်း ဦးရွှေအိုးအား သနား၍ အခမဲ့ ခြယ်သပေးလိုက်လေ၏။ ထိုနေ့မှစ၍ ဦးရွှေအိုးသည် ဆရာတော် မှာသည့်အတိုင်း ပြုလုပ်၍ ဆင်းတုတော်ကို ကိုးကွယ်ခဲ့လေသည်။

တစ်ပတ်မျှ ကြာသောအခါ မည်သို့ဖြစ်သည် မသိ ငွေကြေးရှိသူတို့သည် ဦးရွှေအိုးကြီးအား ယုံကြည်စိတ်ချရသည်ဆိုကာ ဦးရွှေအိုးကြီးအား ငွေများပေး၍ အလုပ်များ စေခိုင်းကြလေ၏။ ဤသို့နှင့်ပင် ဦးရွှေအိုးကြီးသည် အလုပ်နှင့် ငွေများ ရရှိလာလေ၏။ အကျိုးပေးကားမြန်လှ၏။ သုံးနှစ်မျှကြာသောအခါ အင်းဝမန်ကျည်းတန်းတွင် ဆန်ကွဲကျို၍ သောက်နေရသော သူဆင်းရဲကြီး ငရွှေအိုးအား သူကြွယ်ကြီး ဦးရွှေအိုးဘွဲ့ကို အင်းဝဘုရင်ကိုယ်တိုင် ချီးမြှင့်ခဲ့လေ၏။

ဦးရွှေအိုးမှ ဆင်းသက်သော မျိုးဆက်ခုနစ်ဆက်တိုင်တိုင် ထိုဆင်းတုတော်ကို ကိုးကွယ်ခဲ့ကြလေ၏။ ထိုခုနစ်ဆက်လုံးအားလည်း ဘုရင်မင်းမြတ်သည် သူကြွယ်ဘွဲ့ကို ချီးမြှင့်ခဲ့ရသည်ချည်း ဖြစ်၏။

အထက်ပါအကြောင်းအရာများမှာ ကျွန်ုပ်ကြားဖူးသော ဘားမဲ့ဆရာတော်နှင့် ပတ်သက်သော အကြောင်းအရာများ ဖြစ်၏။ ဤအကြောင်းအရာများကို ဘားမဲ့သိဒ္ဓိကျမ်း၌ ဖော်ပြထားသော်လည်း မပြည့်စုံခဲ့ပါ။ ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ဤပညာကို လိုက်စားလာခဲ့သည်ဖြစ်ရာ ဆရာပေါင်းများစွာ၏ ဘားမဲ့ဆရာတော်နှင့် ပတ်သက်သော အကြောင်းအရာများကို မြောက်မြားစွာ ကြားနာခဲ့ရဖူးပါသည်။

ထိုကြားနာခဲ့ရဖူးသော အကြောင်းအရာများထဲမှ တစ်ခုကိုသာ ထုတ်နှုတ်ဖော်ပြခြင်း ဖြစ်ပေ၏။ ကျွန်ုပ်ဖော်ပြသော အကြောင်းအရာသည်လည်း ပြည့်စုံသည်ဟု မဆိုသာပါ။ သို့သော် ဘားမဲ့ဆရာတော်ဘုရား၏နည်းသည် လွန်စွာထိရောက်လှပေသည်။

တစ်ခါတွင် ကျွန်ုပ်ထံသို့ ချောက်မြို့မှ မောင်သာဆိုင် ဆိုသူသည် လွန်စွာဆင်းရဲကျပ်တည်းနေပါပြီဟု ဝန်ခံသောကြောင့် ဤဘုရားမျိုး တစ်ဆူထုလုပ်၍ ပူဇော်စေခဲ့ရာ လုပ်ငန်းပိုင်၊ မော်တော်ပိုင် ဖြစ်သွားခဲ့ဖူးသည်။ တော်တော်များများသော သူတို့ကိုလည်း ကျွန်ုပ်သည် ဤဘုရားမျိုး ပူဇော်စေခဲ့ပါသည်။

မိမိအိမ်၌ရှိသော ဘုရားဆင်းတုကို ဤအတိုင်း ခြယ်သလျှင်လည်း ရပါသည်။ မည်သည့်အသား ထုလုပ်ထားသည်ဖြစ်စေ ပလ္လင်တော် အစိမ်းရောင်၊ သင်္ကန်း အနီရောင်၊ အသားတော် ရွှေရောင်ဖြစ်လျှင် ဘားမဲ့ဆရာတော်၏နည်းနှင့် ကိုက်ညီပါသည်။ ဖော်ပြထားသော ဂါထာနှင့် ပူဇော်ရုံသာ ရှိပါသည်။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ
ဗုဒ္ဓဂုဏာ အစိန္တိယာ
အစိန္တိယေ
ပသန္နံ ဝိပါကောဟောတု
မမ အစိန္တိယော

သဗ္ဗေသတ္တာ ကမ္မသကာ
မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com

# ဗျောင်ရမ်းမင်းနှင့် လောကီအစီအရင်ပညာများ

## ယုံကြည်မှု

ဒေါက်တာနန်းလှိုင်(ရန်ကုန်တက္ကသိုလ်)



ပထမဦးစွာအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ လောကီပညာ စတင်ဝင်ရောက်လာရာ လမ်းစကို တင်ပြလိုပါသည်။ မြန်မာနိုင်ငံနှင့်အတူ အရှေ့တောင်အာရှတစ်ခွင်သို့ ခရစ်နှစ်အစောပိုင်းကာလမှစ၍ အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုများကို ပျံ့နှံ့ရောက်ရှိလာပါသည်။ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာစဉ်ကပင် မဟာယန၊ တန္တရနှင့် ဗြဟ္မဏ အယူဝါဒများပါ တစ်ပါတည်း ဝင်ရောက်လာခဲ့သည်ဟု ဆိုရပေမည်။

ဗိဿနိုး ပျူမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများသည် အိန္ဒိယပြည်တောင်ဘက်ရှိ နာဂအဇ္ဈုနကုဏ္ဍ၊ အမရဝတီ၊ အရိကာမေဒုမြို့ဟောင်းများတွင် တူးဖော်တွေ့ရှိရသော လက်ရာပုံစံများဖြင့် ထပ်တူထပ်မျှ တူလှသည်ကို တွေ့ရှိခဲ့ရသည်။

ထိုအချိန်၌ အမရဝတီ၊ နာဂအဇ္ဈုနကုဏ္ဍမြို့များတွင် ဗဟိဿုတက ဗုဒ္ဓဘာသာဂိုဏ်းများ ထွန်းကားနေချိန်ဖြစ်သည်။ ထိုသာသနာဂိုဏ်းတို့မှာ ထေရဝါဒမှ ခွဲထွက်သွားခဲ့သော မဟာသံဃိကဂိုဏ်းကဲ့သို့ ဂိုဏ်းကွဲများ ဖြစ်သည်။ အလားတူပင် အပရသေလိယဂိုဏ်းမှာလည်း စေတိယဂိုဏ်းမှ ပေါက်ဖွားလာခဲ့သည်။ အမရဝတီ၊ နာဂအဇ္ဈုနကုဏ္ဍ ကျောက်စာများတွင် မဟာသံဃိကဂိုဏ်း၏ အမည်များကို ကျောက်စာများ၌ ဖော်ပြထားကြသည်။

သို့ဖြစ်၍ အိန္ဒိယတောင်ပိုင်းဒေသမှ သာသနာပြုအဖွဲ့များ ပျူဗိဿနိုးမြို့သို့ ရောက်ရှိလာမည်ဟု ခန့်မှန်းသိရှိနိုင်သည်။

ထို့အပြင် တိုက်ဆိုင်ညှိနှိုင်း၍ သိရှိရသည်မှာ အိန္ဒိယပြည်မြောက်ပိုင်း၊ ဂန္ဓာရ၊ မထုရ၊ ပါလနှင့် အရှေ့

www.burmeseclassic.com

ဘင်္ဂလား၊ ဩရိဿ(Orissa)မှ မဟာယာန၊ တန္တရဂါဒယိမ်းနေသော ဗုဒ္ဓရုပ်ပွားတော်၊ မြေပုံအုတ်ခွက်ဘုရား၊ ကြေးသွန်းဘုရားဆင်းတု၊ နံရံပန်းချီ လက်ရာများနှင့် ဗိဿနိုးပျူတို့၏ လက်ရာ၊ ပုဂံခေတ်ဦးလက်ရာများ တူညီနေကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ခေတ်ကာလ ကြာညောင်းလာခဲ့၍ အမှားအမှန်ကို တိကျသေချာစွာ ထုတ်ဖော်ရန် မလွယ်ကူလှပေ။

မည်သို့ပင်ဖြစ်စေ တန္တရ၊ မန္တရ၊ ဗြဟ္မဏဝါဒ အရိပ်အငွေ့များ ဗိဿနိုးမြို့ဟောင်းတွင် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသို့ လောကီပညာ စတင်အခြေချလာခဲ့ခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ညောင်ရမ်းခေတ်ဝယ် လောကီအစီအရင်၊ အယူအဆများ အထင်ကရ ရှိခဲ့သည်မှာ အဆန်းတကြယ်တော့ မဟုတ်ပါချေ။

## လောကီပညာအဖွင့်

လောကီပညာရပ်ဟု ဆိုရာတွင် လောကလက်မှ အတတ်ပညာများကို ဆိုလိုခြင်း မဟုတ်ဘဲ ကိုးကွယ်ယုံကြည်မှုနှင့်သာ သက်ဆိုင်ပါပေသည်။ လောကီပညာ၌ အင်းအိုင်၊ ခါးလှဲ့၊ လက်ဖွဲ့၊ မန္တန်၊ ဂါထာ၊ မန္တရား၊ ဗေဒင်၊ ယတြာများအပြင် အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ စသော ဖြစ်ဆဲ ဖြစ်လတ္တံ့သော အကောင်းအဆိုး ဟောကိန်းများ၊ သိုက်များလည်း ပါဝင်ပတ်သက်ပေသည်။

အင်းဆိုသည်မှာ ရွှေ၊ ငွေ၊ ကြေး၊ စက္ကူပြားများပေါ်တွင် အကွက်ချ၍ ဂဏန်းသွင်းခြင်းကို ဆိုလိုပြီး၊ အက္ခရာသွင်းပါက အိုင်ဟု ခေါ်ဝေါ်သည်။ ခါးလှဲ့နှင့် လက်ဖွဲ့ဟူသည် အင်း၊ အိုင် အချပ်များကို လိပ်၍ ခါး၌ လိပ်စည်းခြင်း၊ ကြိုးဖြင့် ဖွဲ့နှောင်ခြင်းများကို ခေါ်သည်။ ဂါထာမှာလည်း ဥုံမပါဘဲ ရွတ်ဆိုရပြီး၊ ဥုံခံပါက မန္တန်ဟု ခေါ်သည်။ အလားတူပင် မန္တရားမှာ သြောင်းခံပြီး ရွတ်ရကြောင်း သိရှိရသည်။

မိမိအား ချစ်စေလို၍ဖြစ်စေ၊ မိမိရန်ဘက်ကို တိုက်ခိုက်ဖျက်ဆီးလို၍ဖြစ်စေ အင်း၊ အိုင်များကို အသုံးပြုက စွမ်းနိုင်သည်ဟု ယုံကြည်ကြသည်။ စားပြီး၊ တုတ်ပြီး၊ ကျည်ကာ၊ လာဘ်ပွင့်၊ မျက်နှာပွင့် အစီအရင်များကို အင်း၊ များ၊ ဂါထာ၊ မန္တန် မန်းမှုတ်၍လည်း စွမ်းဆောင်နိုင်ကြောင်း ယုံကြည်ကြသည်။

လောကီပညာ နောက်ထပ်ကဏ္ဍတစ်ရပ်မှာ အတိတ်၊ နိမိတ်၊ တဘောင်များပင် ဖြစ်သည်။ သုံးပါးကာလ၊ အတိတ်ကို ညီမျှဆင်ခြင်၊ ပမာတင်၍ ယူငင်ခြင်းဟူသည်မှာ 'အတိတ်'၊ အနာဂတ်ကာလမှာ ဖြစ်ပျက်ရာကို၊ ပြလာတုံရှောင်း၊ အကြောင်းတစ်၊ တွေ့မြင်ဘိသည်ကို၊ နှိုင်းညှိဆင်ခြင်၍ သိမြင်ခြင်းတည်းဟူသော 'နိမိတ်'၊ ရှေ့၌ ဖြစ်လတ္တံ့သော ဟိတ်ကိုဆောင်၍ ပေါ်လာသော သီချင်းမျိုးကို 'တဘောင်'၊ လိုအင်ခပ်သိမ်းကို နှိုင်းချိန်သိကျွမ်းရစေခြင်းအကျိုးငှာ ဦးစွာပြောဆိုသည်ကို ကြားရသော ဇနဝါစက၊ မာဂဓဘာသာတို့၏ အသံကို မှတ်ယူခဲ့ခြင်းကို 'စနည်း' ဟု ခေါ်သည်။

ဘုရားပုထိုး စေတီ ဆင်းတုတော်များမှ မျက်ရည်ကျခြင်း၊ ချွေးတော်ထွက်ခြင်း၊ သွေးယိုစိမ့်ခြင်း၊ ဘုန်းကြီးကျောင်းများ၊ ဇရပ်၊ နန်းတော်တို့ကို မီးစွဲလောင်ခြင်း၊ ကြယ်ဝင်၊ ကြယ်ခွတ်၊ သောကြာကြယ်နှင့် လနှင့်နီးခြင်း အစရှိသည်တို့ကို ဆက်စပ်၍ ရှေ့ဖြစ်စကား ဟောကိန်းထုတ်ခြင်းကို 'ဘဝေါ' ဟု ခေါ်ကြသည်။

ဂျေဂျီဖရေဇာ(J.G.frazer)က လောကီပညာများကို အနှစ်ချုပ်၍ နှစ်ပိုင်းခွဲခြားပြခဲ့သည်။ ပထမတစ်ပိုင်းမှာ အင်း၊ အိုင်၊ ခါးလှဲ့ စသော ဆင်တူအုပ်စု၊ အတိတ်၊ နိမိတ်၊ တဘောင် စသော တူရာအုပ်စုများ ပါဝင်သည်ကို 'အသွင်တူဥပဒေသ'(The Law of Similarity)ဟု ခေါ်သည်။

နောက်တစ်ခုမှာ ဆက်နွယ်မှု ဥပဒေသ(The Law of Contact)ဟု သတ်မှတ်သည်။ အတိတ်၊ နိမိတ်များ အဓိပ္ပာယ်ကောက် ဆက်စပ်တွေးယူပြီး ဟောကိန်းထုတ်သည်ကို ဆိုလိုသည်။ အသွင်တူဥပဒေသကို(Homoeopathic Magic)ဟု ခေါ်ပြီး၊ ဆက်နွယ်ဥပဒေသကို(Contagious Magic)ဟု ခေါ်ဝေါ်သည်။

လောကီပညာတွင် 'သိုက်' ဟူ၍လည်း ရှိသည်။ သိုက်ဝေါဟာရမှာ ပါဠိဘာသာ 'သုတိ' မှ ပြောင်းလဲလာခြင်းဖြစ်သည်။ လျှို့ဝှက်စွာ ရတနာပစ္စည်းများ စုပုံထားသည့်နေရာဟု ဆိုကြသည်။ ဘုရားသိုက်၊ ဂဝံပတိသိုက်၊



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဒိတ်တော်သိုက်၊ နဂါးသိုက် စသည်ဖြင့်ရှိသည်။ သိုက်စာကို ညောင်ရမ်းခေတ် သာလွန်မင်း(အေဒီ-၁၆၂၉-၁၆၄၈) တွင် ဇာဂရုပုဏ္ဏား ရေးသားခဲ့သည်ဟု ဆိုကြသည်။ သို့ရာတွင် မြန်မာ့သမိုင်းပညာရှင်ကြီးများက (၁၇ ရာစု)နှောင်းကာလက အမှန်တကယ် ရေးသားခဲ့သည်ကို အခိုင်အမာ ဆိုကြသေးပေ။

## ဗားမဲ့ဆရာတော် နှင့် ညောင်ရမ်းမင်း

ညောင်ရမ်းခေတ်တွင် ထေရဝါဒ သာသနာတော်မှ အားကိုးအားထားပြုရသော ဆရာတော်မှာ တောင်ဖီလာ ဆရာတော် စသည်တို့မှာ ကျော်ကြားခဲ့သည်။ တန္တရ ဝါဒ ဆရာတော်များကို တိုင်းရေးပြည်ရာကိစ္စများ၌ အတိုင်ပင်ခံသဘောမျိုး ထားရှိသည်။ ထင်ရှားသော တန္တရဗုဒ္ဓဘာသာ ဆရာတော်မှာ ဗားမဲ့ဆရာတော်ပင် ဖြစ်သည်။ စစ်ရေးစစ်ရာ၌ပင် ဗားမဲ့ဆရာတော်၏ အကြံကို ဘုရင်ကိုယ်တိုင် ရယူနာခံခဲ့ရသည်။ ဇာဂုရ ပုဏ္ဏား၊ ဒေါရသိဝံ၊ ကုလာတေဇ ပုဏ္ဏားများသည်လည်း နက္ခတ်ဗေဒင် ယတြာအစီအရင်ဘက်၌ ထင်ရှားကြသည်။

ဗားမဲ့ဆရာတော်သည် မင်းအလိုကိုလိုက်၊ မင်းကြိုက်ကို ဖြေဆိုခြင်း မပြုချေ။

ညောင်ရမ်းမင်းက အိန္ဒိယသို့ စစ်ဦးလှည့်မည့်အကြောင်း ဗားမဲ့ဆရာတော်အား လျှောက်ထားရာ ဆရာတော်က ဆုံးရှုံးမှုဖြင့်သာ ရင်ဆိုင်ရမည်ဖြစ်၍ ချီတက်စစ်ပြုခြင်း မပြုရန် တားမြစ်တော်မူသည်။ ဤ၍ ဤမျှ လောက်သာ နိုင်ငံအကျယ်အဝန်းကို ပိုင်ကာမျှဖြင့် အိန္ဒိယကို စစ်ပြုမည်ဟူသော အကြံအစည်မှာ မကြံစည်၊ မကြံအပ်သည့်အရေးကို ကြံစည်ခြင်းဖြစ်ကြောင်း၊ ထိုသို့ အချည်းနှီးသော အကြံအစည်ကို ကြံစည်မည့်အစား မိမိပြည်တွင်း၌ ပျက်စီးယိုယွင်းနေသော စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ သိမ်၊ ဇရပ်များကို ပြုပြင်ပါဟူ၍သာ ရှင်းရှင်းပင် ဖွင့်ပြောဖြေဆိုခဲ့သည်။

## မြို့တည် အစီအရင်များ

ညောင်ရမ်းမင်းသည် ၁၅၉၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်တွင် ဗားမဲ့ဆရာတော်အား အဝမြို့တည် အစီအရင်များ ပြုပေးတော်မူပါရန် မြို့ဝန်မှတစ်ဆင့် လျှောက်တင်စေသည်။

"အရပ်ရပ်မှ လာသူသူ၊ လာလတ္တံ့သော ရန်သူ ရန်ဘက်တို့ဝ် နှောင့်ယှက်သော်လည်းကောင်း၊ နီးနီးစပ်စပ် ရောက်သော်လည်းကောင်း၊ မရောက်မလာဝမ့်စေကြောင်း ရေမြေရှင် သာသနာတော် တိုးတက်၍ ပြည်ထဲ (၄)မျက်နှာ သာယာစည်ပင်သည်ဖြစ်၍ သားတော်အစည် မြေးတော်အဆက်၊ မြစ်တော်အညွန့် အနွယ်တော်တိုင်း တည်ထားအုပ်စိုးလျှင် အတိုင်းထက်အလွန်ဖြစ်၍ မည်အကြောင်းကိုဝ်ရည်၍ စီရင်တော်မူပါ လျှောက်ရမည်၊ ကျောင်းတော်သို့ဝ် စာရေးကြီးမြို့ဝ်ဝန် ခန့်ထား၍ လျှောက်စေဝန်တို့ဝ် စီရင်. . ."

ဟူ၍ ဖြစ်သည်။

ညောင်ရမ်းမင်း၏ လျှောက်ထားချက်အရ ဗားမဲ့ဆရာတော်က မြို့တော်အစီအရင်များ ဆောင်ရွက်စီစဉ်ရသည်။

အနောက်ဘက်တံခါးတွင် ခြသေ့်နှင့် ဆင်ဖိုင်းထွက်လာဟန်၊ ဆင်နှင့် ဂဠုန်ဝင်ဟန်။

အရှေ့ဘက်၌ ဂဠုန်နှင့် နဂါးထွက်ဟန်၊ ကျားနှင့် ခြသေ့်ဝင်ဟန်။

မြောက်ဘက်၌ မြွေနှင့် ကျားထွက်ဟန်၊ အောင်ဝင်းဟန်။

တောင်ဘက်၌ ကြောင်နှင့် ကြွက်ထွက်ဟန်၊ မြေခွေးနှင့် နဂါးဝင်ဟန်တို့ကို ယတြာအရ ပြုလုပ်ခဲ့သည်။ ၁

## နန်းတော်တိုင် အစီအရင်

တိုင်ထိပ်တွင် ရွှေပြား၊ ငွေပြားအင်း စီရင်သည်။ နံရံ၌ နရပတေ့ခံ၍ နွားနောက်ရုပ်၊ ကျားရုပ်၊ ဗျိုင်းရုပ်၊ ကျွဲရုပ်၊ ဗိဿနိုးရုပ်၊ ဘုမ္မစိုးရုပ်နှင့် ပုရောဟိတ် (၄)ယောက်တို့၏ အရုပ်ကို ဆေးစုံလုပ် ထုထားသည်။ ထို့ပြင် တံခါးမျက်နှာကြက်များ၌ (၅၅၀)ပုံဝတ္ထုများ၊ သုဝဏ္ဏဘူမိအင်း၊ ရှင်ဉပဂုတ္တအင်း၊ အောင်းနမောနရာနီအင်း၊ အဌာနာနီအင်း၊ ဥဒ္ဒယာဝအင်း၊ သရဏဂုံအင်းကျယ်များကို စီရင်စေသည်။

ကြေးသွန်းသန်လျက်စွဲ အိန္ဒနတ်ရုပ်တစ်ထောင်ကို မြို့စောင့်အဖြစ် ချထား၏။ ကြေးနီပြားအင်း ထည့်



www.burmeseclassic.com

www.burmeseclassic.com

ထားသော ကျောက်သေတ္တာ၊ ကျောက်အိုးနှင့် ရွှေပြား၊ ငွေပြား အင်းများကို မြို့တော်ပတ်လည်တွင် မြှုပ်နှံသည်။

အင်းဝပြတိုက်တွင် အင်းချပ်များ ထည့်ထားသော ကျောက် သေတ္တာတစ်လုံးကို ပြသထားသည်။

ညောင်ပင်(၁၀၀၀)ကို (၂)တာစီ ခြား၍စိုက်သည်။ ညောင်ပင်စိုက်စဉ် မဟာကာလကကြီးမန္တန်တော်၊ မဟာမာရဇိန်မန္တန်တော်တို့ကို မန်း၍ နတ်ပွဲအစုံ ခင်းကျင်းစေသည်။ နတ်ကွန်းများ ဆောက်လုပ်၍ အင်း၊ ယတြာ၊ ရန်နိုင်မာနိုင်၊ ရန်ပြုမာန်ပြု အစီအရင်များ ပြုလုပ်သည်။ ကြီးကြပ်သူများမှာ ဗားမဲ့ဆရာတော်၊ အာစရသူမြတ်၊ မြတ်မုနိသယ်ရာဇာတို့ ဖြစ်ကြသည်။

အဝမြို့၏ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်များတွင် အောင်စွာနတ်ကွန်း တည်ဆောက်ပေးခြင်း၊ ညောင်ရမ်းမြေမှ ပါလာသည့် ငါးစီးရှင်နတ်ကိုလည်း နတ်ကွန်းတည်ဆောက်စေခြင်း၊ စစ်ကိုင်းမြို့မှ ပါလာသော မင်းမိဖုရားနတ်၊ သောတပန်နတ်၊ စေတနတ်၊ ဘီလူး၊ ဂုမ္ဘာန်နတ်၊ သိကြားမင်း၊ စတုလောကပါလနတ် စသော နတ်မင်းကြီး(၆)ပါးကို စစ်ကိုင်း၊ တံတားဦး၊ ပင်းယ စသော အရပ်ရပ်မှ သာသနာတော်စောင့်နတ်၊ မြို့စောင့်နတ် စသည်တို့ကို အုပ်ချုပ်ရေးအဆင့်ဆင့် အရာထမ်းများက တစ်နှစ်လျှင် (၂)ကြိမ် အတီးအမှုတ်၊ အကအခုန်များဖြင့် နတ်ပွဲပြုလုပ်ရကြောင်း အမိန့်တော်တစ်စောင်ကို ဖတ်ရသည်။

## ရိုးရာနတ်ကိုးကွယ်မှု

ပုဂံခေတ်မှ နတ်မင်းကြီးများဖြစ်သော စည်သူမင်းကြီး၊ ရွှေဖျင်းညီနောင်၊ မင်းရဲကျော်၊ မင်းရဲထွေးတို့အတွက် စည်သူတိုက်ကို အသုံးကံကျွေးအဖြစ် ညောင်ရမ်းမင်းက သတ်မှတ်ပေးသည်။ စည်သူတိုက်မှ ရရှိသောကွမ်းဖိုး၊ အကောက်အစားတို့ကို နတ်များအတွက် သုံးစေသည်။

ညောင်ရမ်းမင်းသည် သားတော်ကြီး တပယင်းမင်းကို သတိုးမဟာဓမ္မရာဇာဘွဲ့နှင့် အိမ်ရှေ့အရာအပ်နှင်းပြီး၊ အိမ်ရှေ့အိမ်တော်ကို မသိမ်းမီ တစ်ရက်ကြို၍ နတ်အပေါင်းတို့ကို ပူဇော်ပ,သသည်။ နတ်သဘင်ခံသည်။ ပုဏ္ဏားတို့ကို ဒက္ခိဏသာခါရုပ်တု ထုလုပ်စေပြီး အိမ်ရှေ့အရာ အပ်နှင်းခဲ့သည်။

သမီးတော် သီရိမုတ္တပန်ထွာမင်းသမီး၏ ဆံထုံးထုံး၊ နားသ၊ ထမင်းခွံ့ မင်္ဂလာအတွက် မန္တန်(၇)ရက် မန်းမှုတ်၏။ ထိုအစီအစဉ်များကို ပုဏ္ဏားမဟာဓိပတိ၊ သီရိဓိပတိတို့က တာဝန်ယူ တွက်ချက်ရသည်။

## ဗားမဲ့ဆရာတော်၊ အနောက်လွန်မင်းနှင့် သန်လျင်တိုက်ပွဲ

သန်လျင်စား ငဇင်ကာ(Phillip De.Brito)နှင့် မုတ္တမစား ဗညားဒလတို့ ပူးပေါင်း၍ ၁၆၁၂ ခုနှစ်တွင် အင်းဝလက်အောက်ခံဖြစ်သော တောင်ငူကို လာရောက်တိုက်ခိုက်ရာ တောင်ငူမြို့ ပျက်ခဲ့သည်။

၁၆၁၂-ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အနောက်ဘက်လွန်မင်း ကိုယ်တိုင် သန်လျင်ကို ချီတက်တိုက်ခိုက်ခဲ့သည်။ သန်လျင်ကို ဝိုင်းရံပိတ်ဆို့ပြီး အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ရာ မအောင်မြင်ခဲ့ပေ။ သို့ဖြစ်၍ ဗားမဲ့ဆရာတော်ထံသို့ အမတ်များကို စေလွှတ်၍ အကျိုးအကြောင်းကို လျှောက်တင်အကူအညီတောင်းခဲ့သည်။

အနောက်ဘက်လွန်မင်း လွှတ်လိုက်သော အမတ်တို့ကို ဗားမဲ့ဆရာတော်က တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုခဲ့ပေ။ သင်္ကန်း(၁)စုံ၊ သပိတ်(၁)လုံး၊ အရိုး(၁)ချောင်း၊ မီးစွဲစ ထင်း(၁)တောင်ခန့်တို့ကို အမတ်တို့ကို ပေးလိုက်၏။ ဗားမဲ့ဆရာတော် ပေးလိုက်သည်တို့ကို အနောက်ဘက်လွန်မင်းက တွေ့လျှင် ကျောင်းကျွန်၊ ဘုရားကျွန်၊ အရိုးကောက်ခွင်သူနှင့် သူဘရာဇာတို့မှ ဆင်းသက်လာသူတို့ကို ဓာပ်မှထုတ်၍ နေရပ်သို့ ပြန်ပို့စေ၏။ ပြီးမှ သန်လျင်ကို ဆက်လက်တိုက်ခိုက်ရာ အောင်မြင်ခဲ့ကြောင်း သိရ၏။

အနောက်ဘက်လွန်မင်းသည် မျက်စိစုံမှိတ်၍ လက်ခံယုံကြည်တတ်သူ မဟုတ်ခဲ့ပေ။ နတ်ဟော မမှန်သည့်အခါတွင် နတ်ရုပ်များကို ပြစ်ဒဏ်ပေးသည်။ အဟော မှန်ပါကလည်း အဝတ်အစား၊ အစာမျိုး၊ ရိက္ခာများပေး၍ ချီးမြှင့်ပေးသနားတတ်သည်။

## သာလွန်မင်းနှင့် နတ်ရှာစံချိန်အဟော

ညောင်ရမ်းခေတ်၌ သာလွန်မင်းသည် ထူးခြားထင်ပေါ်၍ လူသိများသည်။ တိုင်းရေးပြည်မှုကို ဂရု



www.burmeseclassic.com

www.burmeseclassic.com

တစိုက် စီမံဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း သမိုင်းတွင်ခဲ့ခြင်းဖြစ်သည်။

သာလွန်မင်းသည် လောကီအစီအရင်တို့၌ တတ်ကျွမ်းနားလည်သူတို့ကို လေးစားသည်။ သာလွန်မင်း၏ အမိန့်တော်တစ်ရပ်တွင်. . .

"အထူးထူးသော ဂဏန်း၊ ဟူးရားဟော၊ အထူးထူးသော ကမ္ဘာ့ကျမ်း၌လာသော စကားဖြင့် ဟောနိုင်ခြင်း၊ ဘေးဥပါဒ်အန္တရာယ် လွှဲဖယ်ပြောက်ကြောင်း၊ မင်းနှင့်တကွ ပြည်သူလူထု ရဟန်းအား ဘေးရန်ကင်းကြောင်း အကျိုးရှည်စွာဖြစ်ကြောင်း နှံ့ပြားစေစုံတတ်စွမ်းသော ဗေဒင်အရာကိုဝ်ရှာ၏။ ဤသိုဝ်သော သူတိုဝ်သည် မင်းကောင်းမင်းမြတ် လောကနတ်ဖြစ်သော မင်း၏ မိတ်ခင်ပွန်းတည်း"

ဟူ၍ မိန့်တော်မူခဲ့ကြောင်း သိရသည်။

အဇာဂုရုပုဏ္ဏားသည် သာလွန်မင်းတရားကြီး၏ အားကိုးယုံကြည်ခြင်းကို ခံရသူ ပုဏ္ဏားပင်ဖြစ်သည်။ အဇာဂုရုသည် သာလွန်မင်းတရားကြီး နတ်ရွာစံမည့်အချိန် နေ့ရက်ကို အတိအကျ ဟောကိန်းထုတ်လိုက်သည်။ ထိုနေ့မှာ ၁၀၁၀ ပြည့်၊ တော်သလင်းလပြည့်ကျော်(၁)ရက်၊ ကြာသပတေးနေ့၊ ည(၄)ချက်တီးကျော်၊ ၂ နာရီ ၂ ပါတ်၊ ၁၃ ဗီဇနာ၊ ခရစ်နှစ်အားဖြင့် ၁၆၄၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်ပင် ဖြစ်သည်။

ထိုအချိန်၌ သာလွန်မင်းမှာ ကျန်းမာရေးအခြေအနေ ပကတိကောင်းမွန်နေသည်ဖြစ်၍ အဇာဂုရုပုဏ္ဏား၏ ဟောကိန်း မမှန်ခဲ့ပါလျှင် မယား၊ သားသမီး၊ ဆွေမျိုးများကိုပါ မီးတိုက်သတ်မည်ဟု မိန့်ခဲ့သည်။

အဇာဂုရုဟောသည့် နေ့ရက်မှာပင် သာလွန်မင်းတရားကြီးသည် ရုတ်တရက် အပြင်းဖျားကာ နတ်ရွာစံခဲ့ကြောင်း သိရှိခဲ့ရ၏။

တင်ပြခဲ့သော ညောင်ရမ်းမင်းနှင့် လောကီအစီအရင်ပညာများ ယုံကြည်မှုတို သမိုင်းသုတေသနများဖြင့် တင်ပြပါသည်။ ပညာရှင်များ၏ သုတေသနပြုချက်များဖြစ်သည့် စာတမ်းများ၊ ဘွဲ့ယူကျမ်းများကို အားယူခဲ့ခြင်းလည်း ဖြစ်သည်။ သို့ဖြစ်၍ အင်း၊ အိုင်၊ ခါးလှဲ၊ ဂါထာ၊ မန္တန်များကို စိတ်ဝင်စားသူ ပရိသတ်အတွက် တစ်တပ်တစ်အား အထောက်အပံ့ ဖြစ်စေနိုင်မည်ဟု ယုံကြည်မှုသမိုင်းအလျဉ်ကို ပြန်ပြောင်းကြည့်ပါလျှင် ထေရဝါဒ ဗုဒ္ဓသာသနာကို ပဓာနပြု၍ ဗေဒင်၊ ယတြာ၊ ဂါထာ၊ မန္တရား၊ အဆောင်များအပြင် အတိတ်၊ နိမိတ်၊ တဘောင် စသည်တို့ကိုပါ ခြုံရုံ၍ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ စင်စစ်အားဖြင့် ဤယုံကြည်မှုများသည် ဗြဟ္မဏဝါဒပင် ဖြစ်၏။ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာပြီးလျှင် ယုံကြည်မှုအရရှိဆုံးသော ဘာသာရေးမှာ ဗြဟ္မဏဝါဒပင် ဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ဗြဟ္မဏဝါဒကို သမိုင်းပညာရှင် ဒေါက်တာထင်အောင်က သူ၏ A History of Burma(ယခု Myanmar)ကျမ်းတွင် Semi-Buddhistic Cult ဟု သုံးနှုန်းခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာ့သမိုင်းတစ်လျှောက်လုံး၌ စစ်မှန်သော ထေရဝါဒ ဗုဒ္ဓဘာသာတစ်ခုတည်း မရှိခဲ့ကြောင်း၊ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက သူ၏ခေတ်ဟောင်းမြန်မာရာဇဝင်ကျမ်းတွင် ဆိုထားသည်ကိုလည်း လေ့လာတွေ့ရှိရသေးသည်။

လောကီပညာ၏ လေ့လာလိုက်စားသူများအတွက် ဤဆောင်းပါးဖြင့် ဆွေးနွေးတင်ပြလိုက်ရပါသည်။

## ဒေါက်တာနန်းလှိုင်(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုးစာရင်း**

၁။ အင်္ဂလိပ်ရုပ်ပါဋိတော်၊ မြန်မာပြည် ပထမတွဲ၊ သာသနာရေးဦးစီးဌာန။

၂။ ဗိသနိုးမြို့ဟောင်း၊ ဦးအောင်သော် ရှေးဟောင်းသုတေသနညွှန်ကြားရေးမှူး။

၃။ ထီလိုင်မင်း(၂)၊ ဒေါက်တာသန်းထွန်း သမိုင်းပါမောက္ခ(ငြိမ်း)၊ မြန်မာ့သမိုင်းအဖွဲ့ဝင်။

၄။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး၊ မောင်အုံး၊ မဟာဝိဇ္ဇာ(ဘုံဘော)။

၅။ သုတေသနရုပ်ပြ အဘိဓာန်၊ မင်းဘူးဦးသြဘာသဘိဝံသ။



www.burmeseclassic.com

www.burmeseclassic.com

# မားဖွဲ့ဆရာတော်၏

## သရဏဂုံသစ္စာပြု၍ ရေးသားရသော စ.မ အင်းအသုံးများ

### ဆရာသီဟာစကြာစိုးမြင့်(ပွဲကျောင်း)

#### ဗုဒ္ဓသရဏဂုံသစ္စာပြုနည်း

(၁) နတ္ထိမေ သရဏံအညံ၊
ဗုဒ္ဓေါမေ သရဏံ ဝရံ၊
ဧတေနသစ္စဝဇ္ဇေန၊
ဟောတုမေ ဇယမင်္ဂလံ။ ။

(၂) ဟောတုမေ အာယုဝပုနံ၊
ဟောတုမေ သုခဝပုနံ။ ။

မေ-အကျွန်ုပ်အား။ အညံ-ရတနာသုံးပါးမှတစ်ပါးသော။ သရဏံ-ကိုးကွယ်ရာသည်။ နတ္ထိ-မရှိ။ ဗုဒ္ဓေါ-သဗ္ဗညုဘုရားသည်။ မေ-အကျွန်ုပ်၏။ ဝရံ-မြတ်သော။ သရဏံ-ကိုးကွယ်ရာတည်း။ ဧတေနသစ္စဝဇ္ဇေန-ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ-အကျွန်ုပ်အား။ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်။ ဟောတု-ဖြစ်စေသတည်း။

မေ-အကျွန်ုပ်အား။ အာယုဝပုနံ-အသက်ရှည်ခြင်းသည်။ ဟောတု-ဖြစ်စေသတည်း။

မေ-အကျွန်ုပ်အား။ သုခဝပုနံ-ချမ်းသာပွားများခြင်းသည်။ ဟောတု-ဖြစ်စေသတည်း။

[ဤပါဠိအနက်ကိုရွတ်၍ ဆုတောင်းသစ္စာပြုရာသည်။ သူတစ်ပါးတို့ ရည်မှတ်လျှင်(တေ-သင့်အား)ဟူ၍ ရွတ်ရမည်။]

ဤကား ဗုဒ္ဓသရဏံဂုံ၌ သစ္စာ။

#### ဓမ္မသရဏဂုံသစ္စာပြုနည်း

(၁) နတ္ထိမေ သရဏံအညံ၊
ဓမ္မောမေ သရဏံဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတုမေ ဇယမင်္ဂလံ။ ။

(၂) ဟောတုမေ အာယုဝပုနံ၊
ဟောတုမေ သုခဝပုနံ။ ။

မေ-အကျွန်ုပ်အား။ အညံ-ရတနာသုံးပါးမှတစ်ပါးသော။ သရဏံ-ကိုးကွယ်ရာသည်။ နတ္ထိ-မရှိ။ ဓမ္မော-တရားတော်သည်။ မေ-အကျွန်ုပ်၏။ ဝရံ-မြတ်သော။ သရဏံ-ကိုးကွယ်ရာတည်း။ ဧတေနသစ္စဝဇ္ဇေန-ဤသို့မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ-အကျွန်ုပ်အား။ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်။ ဟောတု-ဖြစ်စေသတည်း။

မေ-အကျွန်ုပ်အား။ အာယုဝပုနံ-အသက်ရှည်ခြင်းသည်။ ဟောတု-ဖြစ်စေသတည်း။

[ဤပါဠိအနက်ကို ရွတ်၍ ဆုတောင်းသစ္စာပြုရာသည်။ သူတစ်ပါးသို့ ရည်မှတ်လျှင်(တေ-သင့်အား)ဟူ၍ ရွတ်ရမည်။]

ဤကား ဓမ္မသရဏံဂုံ၌ သစ္စာ။

#### သံဃာသရဏဂုံသစ္စာပြုနည်း

(၁) နတ္ထိမေ သရဏံအညံ၊
သံဃောမေ သရဏံဝရံ၊
ဧတေနသစ္စဝဇ္ဇေန၊
ဟောတုမေ ဇယမင်္ဂလံ။ ။

(၂) ဟောတုမေ အာယုဝပုနံ၊
ဟောတုမေ သုခဝပုနံ။ ။

မေ-အကျွန်ုပ်အား။ အညံ-ရတနာသုံးပါးမှတစ်ပါးသော။ သရဏံ-ကိုးကွယ်ရာသည်။ နတ္ထိ-မရှိ။ သံဃော-ပရမတ္ထသံဃာတော်သည်။ မေ-အကျွန်ုပ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဝရုံ-မြတ်သော။ သရဏံ-ကိုးကွယ်ရာတည်း။ ဧတေနသစ္စဝဇ္ဇေန-ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့်။ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်။ ဟောတု-ဖြစ်စေသတည်း။

မေ-အကျွန်ုပ်အား။ အယုဝပုန်၊ အသက်ရှည်ခြင်းသည်။ ဟောတု-ဖြစ်စေသတည်း။

မေ-အကျွန်ုပ်အား။ သုခဝပုန်-ချမ်းသာပွားများခြင်းသည်။ ဟောတု-ဖြစ်စေသတည်း။

[ဤပါဠိအနက်ကိုရွတ်၍ ဆုတောင်းသစ္စာပြုရာသည်။ သူတစ်ပါးအဖို့ ရည်မှတ်လျှင် (တေ-သင့်အား)ဟူ၍ ရွတ်ရမည်။]

ဤကား သံဃသရဏဂုံ၌ သစ္စာ။
အနိစ္စ၊ အမြဲမရှိ
ဒုက္ခ၊ ဆင်းရဲခြင်း
အနတ္တ၊ ငါ၏ခန္ဓာကိုယ် မဟုတ်ပါတကား။ ။

ဤသို့ သစ္စာပြုပြီး သရဏဂုံစမအင်းရေးနည်းမှာ မြင်းသွားဖြင့် ရေးရမည်ဖြစ်သည်။ ရွတ်ဆိုခြင်းမှ စမအင်းရေးပြီးသည်အထိ သက်သတ်လွတ် (၉)ရက်စား၍ အမိဋ္ဌာန်(၉)ရက် ဝင်ရမည်။ စမအင်း ရေးရန်အတွက် သာသနာပွဲတစ်ပွဲ၊ ဝိဇ္ဇာပွဲတစ်ပွဲ၊ အင်းစမစောင့်၊ ပုဂ္ဂိုလ်ပွဲတစ်ပွဲပေးပြီး သစ္စာတိုင်တည်ရမည်။ ရေးနည်း၊ ရေးဟန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | ၉ | ၂ |
| ၃ | ၈ | ၅ |

| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
|---|---|---|---|---|---|---|---|---|
| ဗု | ဒ္ဓံ | သ | ရ | ဏံ | ဂ | စ္ဆာ | မိ | စ |
| ဓ | မ္မံ | သ | ရ | ဏံ | ဂ | စ္ဆာ | မိ | ဓ |
| သံ | ဃံ | သ | ရ | ဏံ | ဂ | စ္ဆာ | မိ | ဗ |
| အ | နိ | စ္စ | ဒု | က္ခ | အ | န | တ္တ | ဝ |

အထက်ပါအတိုင်း (၉)ကွက် (၄)ခါ ရေးပြီး အလျားလိုက်ဖြစ်စေ၊ ဒေါင်လိုက်ဖြစ်စေ လေးကွက်ပတ်လည်ကြီးဖြစ်စေ၊ နံပါတ်စဉ်အတိုင်း ရေးထည့်သွားပြီး အလယ်ကွက်လပ်တွင် စ-ဓ-ဗ-ဝ တစ်ခုစီထွင်း၍ ကိုယ်နှင့်ပတ်သက်ရာ သို့မဟုတ် လိုရာကို ရေးသွင်းရခြင်းဖြစ်သည်။ ရေးနည်းရေးဟန် အမျိုးမျိုးသည် မိမိစိတ်၌ ပေါ်သလို၊ ထင်သလို၊ မြင်သလို ရေးသားခြင်းမှာ မိမိနှင့် အပ်စပ်သော သုံးနည်းကိုသာ ရေးသွင်းရခြင်းဖြစ်သည်။

ဤသရဏဂုံ စမအင်းကို စီရင်လိုသော် အလယ်ကွက်လပ်တွင် အလိုရှိသော စမကို သွင်းပါလေ။

| | |
|---|---|
| အညတဝ | ဉာဏ်ပညာကြီး၏။ |
| အဌဠမ | ခရီးသွားလျင်မြန်၏။ |
| ကစငသ | နတ်များချစ်၏။ |
| သဝဂန | စည်းစိမ်ဥစ္စာတိုးပွား၏။ |
| ဝနဒအ | ဩဇာအာဏာကြီး၏။ |
| ဠတပဗ | ကိုယ်ပျောက်၏။ |
| နယဝဟ | ကိုယ်ပြုကို သူမမြင်။ |
| တဌတဓ | ပေါ့ပါး၏။ |
| လဌဟဂ | မေ့ထုံထိုင်း၏။ |

တစ်ဖက်စာမျက်နှာပါ စမကွက်များ ကွက်လပ်လွတ်များတွင် ပထမအတန်းတွင်(စ-ဓ-ဗ-ဝ)၊ ဒုတိယတန်းတွင် (ဓ-ဗ-ဝ-စ)၊ တတိယတန်းတွင်(ဗ-ဝ-စ-ဓ)၊ စတုတ္ထတန်းတွင်(ဝ-စ-ဓ-ဗ) ဤကဲ့သို့ရေး၍ စိတ်ဆန္ဒအတိုင်း လိုရာကို သစ္စာပြု၍ သုံးရမည်။ ထို့အပြင် ထိုကွက်လပ်လွတ်များတွင် (အ-ည-တ-ဝ) (ပ-ဌ-ဠ-မ) (က-စ-င-သ) (သ-ဝ-ဂ-န) (ဝ-န-ဓ-အ) (ဠ-တ-ပ-ဗ) (န-ယ-ဝ-ဟ) (တ-ဌ-တ-ဓ) (လ-ဠ-ဟ-ဂ) ထိုစမများကို ထည့်သွင်းသွားပါက ဉာဏ်ပညာကြီးခြင်း၊ ခရီးသွားမြန်ခြင်း၊ နတ်ဒေဝတာများ ချစ်ခင်မြတ်နိုးခြင်း၊ စည်းစိမ်ဥစ္စာတိုးပွားခြင်း၊ ဩဇာအာဏာကြီးခြင်း၊ အကွယ်အကာကိုပြောင်းကိုယ်ကာကောင်းခြင်း၊ ကိုယ်လုပ်သမျှအား သူတစ်ပါး မမြင်နိုင်ခြင်းတို့၏ အကျိုးရလဒ်များ ဖြစ်ထွန်းစေပါသည်။ ဉာဏ်ဖြင့်ယှဉ်၍ သူတော်ကောင်းတရားပွားများ၍ အောင်မြင်နိုင်ကြပါစေ။ ။



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ဗု | ရ | စ္ဆာ |
| ဂ | | ဒ္ဓံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| ဓ | ရ | စ္ဆာ |
| ဂ | | မ္မံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| ဗု | ရ | စ္ဆာ |
| ဂ | | ဒ္ဓံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| ဓ | ရ | စ္ဆာ |
| ဂ | | မ္မံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| သံ | ရ | စ္ဆာ |
| ဂ | | ဃံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| အ | ဒု | န |
| အ | | နိ |
| စ္စ | တ္တ | က္ခ |

| | | |
|---|---|---|
| သံ | ရ | စ္ဆာ |
| ဂ | | ဃံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| အ | ဒု | န |
| အ | | နိ |
| စ္စ | တ္တ | က္ခ |

| | | |
|---|---|---|
| ဗု | ရ | စ္ဆာ |
| ဂ | | ဒ္ဓံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| ဓ | ရ | စ္ဆာ |
| ဂ | | မ္မံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| သံ | ရ | စ္ဆာ |
| ဂ | | ဃံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| အ | ဒု | န |
| အ | | နိ |
| စ္စ | တ္တ | က္ခ |

| | | |
|---|---|---|
| ဗု | ရ | စ္ဆာ |
| ဂ | | ဒ္ဓံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| ဓ | ရ | စ္ဆာ |
| ဂ | | မ္မံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| သံ | ရ | စ္ဆာ |
| ဂ | | ဃံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| အ | ဒု | န |
| အ | | နိ |
| စ္စ | တ္တ | က္ခ |

## သရဏဂုံ စမအင်း


| | | | | | |
|---|---|---|---|---|---|
| ဗု | ရ | စ္ဆာ | ဓ | ရ | စ္ဆာ |
| ဂ | | ဒ္ဓံ | ဂ | | မ္မံ |
| သ | မိ | ဏံ | သ | မိ | ဏံ |
| အ | ဒု | န | သံ | ရ | စ္ဆာ |
| အ | | နိ | ဂ | | ဃံ |
| စ္စ | တ္တ | က္ခ | သ | မိ | ဏံ |

ဆရာသီဟစကြာစိုးမြင့်(ပွဲကျောင်း)



www.burmeseclassic.com

www.burmeseclassic.com



# ပြည်ရွှေပေါက်ပင်ဆရာတော် ကျင့်ခဲ့သော

# ဟားမဲ့ အောင်ခြင်းရှစ်ပါးကျင့်စဉ်

မြနန်းရှင်

ကျွန်မ၏သူငယ်ချင်း မစိုးတစ်ယောက် လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်က အစိုးရဝန်ထမ်းလစာဖြင့် မိသားစုရပ်တည်ရန် ရေရှည်မတတ်သာ၍ အလုပ်ထွက်ခဲ့သည်။ သူရယူထားသည်က (LL.B) ဘွဲ့။ အလုပ်ဝင်လုပ်ရတာ အစိုးရဘဏ်ခွဲတစ်ခုမှာ စာရေးမ ရာထူး။ သူနှင့်အတူ ဘွဲ့ရသူများက ရှေ့နေလောကမှာ နာမည်ရ ကြီးပွားနေကြသည်။ သူ့ကိုမြင်တွေ့တိုင်း...

"စိုးစိုး...နင့်ဘဝကို ဒီလိုပဲ ချာလည်ဘဝနဲ့ မျှောပါနေမှာလား။ ကိုယ်ရထားတဲ့ ဘွဲ့နဲ့ ပညာရှင်ဘဝနဲ့ ဘဝကို လျှောက်စမ်းပါဟာ"

သည်လို အကြံပြုပြောလာကြသည်။ ရှေ့နေလောကထဲသို့ဝင်ပြီး ဥပဒေပညာရှင်အဖြစ် လုပ်ကိုင်စေချင်ကြသည်။ သူတို့ပြောတာလည်း အမှန်ပင်။ မစိုးက မြို့ထဲရုံးရှိရာ လာသည့်အခါ ကိုယ့်ခြင်းတောင်းကိုယ်ဆွဲ၊ လိုင်းကားတိုးစီးရသည်။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းဥပဒေပညာရှင်များက တပည့်တပန်းအသိုင်းအဝိုင်းနှင့် အိတ်ကူဆွဲပေးသူနှင့်။ ပြီးတော့ တရားရုံးချိန်းလာလျှင် အမှုသည်က တက္ကစီငှားကာ ပို့ပေးရသည်။ မျက်နှာကိုမော့လို့ ယုံကြည်မှုနှင့် အလုပ်ခွင်ဝင်လေသည်။

ပထမတော့ လက်ရှိအလုပ်ကို ထွက်ရမှာ ချီတုံချတုံ ဝေခွဲမရ။ နောက်တော့ ဆရာသမားများကို လိုက်လံစုံစမ်းရှာဖွေတွေ့ဆုံ အကြံဉာဏ်ယူပြီး အလုပ်ထွက်လိုက်တော့သည်။ အချို့ကတော့ ဝေဖန်ကြသည်။

မစိုးတို့၏ ဆရာသမားကလည်း ကောင်းပါသည်။ သည်လိုနှင့် အချိန်ယူတရားရုံးများသို့ ဆရာနှင့်လိုက်ပါရင်း အတွေ့အကြုံ ပညာယူခဲ့ရသည်။ သို့သော် မစိုးက ပင်ကိုဗီဇမှာ သနားတတ်၊ ကိုယ်ချင်းစာနာတတ်သဖြင့် ဆင်းရဲနွမ်းပါးသည့် အမှုသည်များသာ ကြုံဆုံရသဖြင့် သူများရှေ့နေများလို အကျိုးဆောင်ခ အပြည့်အဝမရရှာပါ။ တစ်ခါတစ်ရံ အမှုသည်က လမ်းစရိတ်မရှိလို့ မစိုးကပင် အိတ်စိုက်၊ လမ်းစရိတ်ခံ၍ ရုံးချိန်းသွားရတာလည်း မကြာခဏပင်။

သည်တော့ မစိုးအတွက် အမှုလိုက်တော်ခြင်း၊ သူလိုက်သောအမှုများ နိုင်ခြင်း စသည့် ကောင်းသတင်းရှိပေမယ့် အမှုအပ်သူရမှုလည်း ဖြစ်ပေမည်။ မစိုးနှင့် ကျွန်မက ညီအစ်မရင်းနှယ် နေစားကြသူမို့ ကျွန်မပေးသော အကြံဉာဏ်၊ အဓိဋ္ဌာန်များဆိုလျှင် လက်ခံဆောင်ရွက်တတ်ခြင်းကြောင့်…

"မစိုးရေ …မစိုးလုပ်တဲ့အလုပ်က တစ်ဖက်နဲ့တစ်ဖက်နိုင်အောင် သျှောက်လဲချက်နဲ့ တိုက်ရတာမဟုတ်လား။ အဲဒါ အမြဲတမ်းကျင့်နိုင်တဲ့ ကျင့်စဉ်ကောင်းပေးမယ်။ ကျင့်စဉ်ဝင်နိုင်ပါ့မလား"

"ဒါများ ပြောနေစရာလား။ မဇင်ပေးတဲ့ အဓိဋ္ဌာန်ကျင့်စဉ်ဆို မစိုးအမြဲလုပ်တာပဲဟာ"

"ဒါက ဗားမဲ့ဆရာတော်ဘုရားကြီးရဲ့ လက်ကိုင်ကျင့်စဉ်ပဲ။ အခု ပြည်မြို့ ရွှေပေါက်ပင်ဆရာတော်ကြီးကိုယ်တိုင်တောရဆောက်တည်စဉ်က အောင်မြင်ခဲ့တဲ့ ကျင့်စဉ်၊ ကျင့်နည်းလည်း ဖြစ်တယ်။ မစိုးတို့လို အမှုခပ်သိမ်းနဲ့ အလုပ်လုပ်ကိုင်နေရတဲ့ ရှေ့နေတွေနဲ့လည်း ကိုက်ညီတယ်"

"ကျင့်စဉ် ဝင်မယ်လေ။ ဘယ်လိုလုပ်ရမယ်ဆိုတာသာပြော"

မစိုးကတော့ ရွှေပေါက်ပင်ဆရာတော်၏ ကျင့်စဉ်အချို့ဝင်ခဲ့ပြီး ထူးခြားတာများ ကြုံဖူးပြီး၍ ယခုလည်း စိတ်အားထက်သန်လို့နေသည်။

ရှေးဟောင်း ဝိဇ္ဇာနိုရ်ပညာရှင်ကြီး ထွက်ရပ်လမ်း မြန်းသည့် ပုဂ္ဂိုလ်ထူး ဗားမဲ့ဆရာတော်ကိုယ်တိုင် မိကျောင်းပါးစပ်တွင်းမှ ရရှိသော ကြေးပုရပိုက်ထဲမှ ကျင့်စဉ်ဂါထာထူးဖြစ်ပါသည်။

မြတ်စွာဘုရားရှင်ကိုယ်တိုင် ဘုရားဖြစ်စကာလမှ ဘုရားရှင်ဘဝရောက်စဉ်ကာလတွင် အောင်မြင်ခဲ့သော ဘေးရန်အန္တရာယ် ကျော်လွှားနိုင်ခဲ့သည့် အောင်ခြင်းရှစ်ပါးပဲဖြစ်ပါသည်။

အမှုအခင်း၊ အချုပ်အနှောင်ကိစ္စသာမက ရာထူးဌာနန္တရ အပြိုင်အဆိုင်ကိစ္စ၊ အထက်လူကြီး ငြိုငြင်ခံရခြင်း၊ စီးပွားပြိုင်ဘက်ဖြစ်ခြင်း၊ စုန်းတိုက်၊ နတ်တိုက်၊ အောက်လမ်းတိုက် ကြုံတွေ့ရသူများ ယခုအဓိဋ္ဌာန်ဝင်၍ အောင်မြင်သွားကြလေသည်။ အချို့မှာ တစ်ကြိမ်မအောင်က နှစ်ကြိမ်၊ သုံးကြိမ်ဝင်တာနှင့် အောင်ကြပါသည်။

အဓိဋ္ဌာန်ဝင်လျှင် ကိုယ်ရောစိတ်ပါ ဖြူစင်ပါစေ။ ဘုရားရှေ့မှာ ပုတီးတော့ထိုင်စိပ်နေပါသည်။ သို့သော စိတ်ကလွင့်ပြီး "ဝါစာ"ပွားနေခြင်း၊ ငိုက်မျဉ်းခြင်း မရှိစေရပါ။ ဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါစိတ်ဖြင့် အာရုံသေသေချာချာပြု၍ ပုတီးစိပ်ပါ။ အချို့မှာ အဓိဋ္ဌာန်ကျင့်စဉ်ဝင်သည်ဟုဆိုသော်လည်း ပုတီးပတ်ရေပြည့်ဖို့သာအဓိက။ လက်က ပုတီးလုံးကိုင်၊ နှုတ်က ဘေးကလူနှင့် စကားတွေပြောပြီး ပုတီးစိပ်လျှင် အဓိဋ္ဌာန်မမြောက်ပါ။

စိတ်ရော၊ ရုပ်ပါ သန့်ရှင်းစင်ကြယ်စွာ ဆောင်ရွက်ဆောက်တည်ပြီးမှ အဓိဋ္ဌာန်ကျင့်စဉ်ဝင်မှသာ စည်းဝင်၊ ဘောင်ဝင် ဖြစ်ပေတော့မည်။ ဆက်လက်၍ အောင်ခြင်းရှစ်ပါး ကျင့်စဉ်ကို ဖွင့်ဖော်ပေးပါမည်။

ထိုကျင့်စဉ်အား ယုံကြည်စွာ လစဉ်မှန်မှန် အဓိဋ္ဌာန်ဝင်ခဲ့သော ရှေ့နေ မစိုးတစ်ယောက် အလုပ်များစွာ လက်ခံရပြီး ဝင်ငွေကောင်းလို့နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အောင်ခြင်းရှစ်ပါးကျင့်စဉ်

အောင်သူတကာတို့၏ ထွတ်ဖူး၊ အောင်ပန်းဆွတ်ခူးတော်မူသော မြတ်စွာဘုရား။ တပည့်တော်(          )နေ့သား/သမီးသည် (      )ခုနှစ်၊ (      )လ၊ (      )ရက်မှစ၍ ရှစ်ရက်တိုင်တိုင် တစ်နေ့လျှင် ပုတီးရှစ်ပတ်တိတိဖြင့် အောင်ခြင်းရှစ်ပါး အကျင့်မြတ်ကို ပွားများအားထုတ်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုအပ်ပါသည် အရှင်မြတ်ဘုရား။ ဤသစ္စာစကားသည် မှန်ကန်ပါစေ။

ထိုသစ္စာအရာ၌ အောင်ခြင်းရှိကြကုန်သော ဘုရား၊ ရဟန္တာ၊ ပစ္စေကနှင့် အဂ္ဂသာဝက၊ မဟာသာဝက၊ ရဟန္တာ အရှင်မြတ်တို့သည်လည်းကောင်း။ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ ရဟန္တာနှင့် အရှင်မြတ်တို့သည်လည်း ထွက်ရပ်ပေါက်ဆရာတော်များနှင့် ဘိုးတော်များတို့သည်လည်းကောင်း။ ဝိဇ္ဇာဇော်ဂျီ တပဿီနှင့် သူရဿတီ၊ စန္ဒီ၊ မေခလာ စသော ဒေဝီတို့သည်လည်းကောင်း။

ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ စသော နတ်မင်းကြီးလေးပါးတို့သည်လည်းကောင်း။ သာတာဂီရိ၊ ဟေမဝတ၊ ပုဏ္ဏက၊ ဂုတ္တိယ စသော အရှေ့ရပ်စောင့်ကြပ် နတ်စစ်သူကြီးတို့သည်လည်းကောင်း။ ကာဠ၊ ဥပကာဠ၊ ဗိမ္မ၊ ဗိမ္မသေန စသော တောင်အရပ်စောင့်ကြပ် နတ်စစ်သူကြီးတို့သည်လည်းကောင်း။ ဟရိယ၊ ဟရပာရိယ၊ ပါပ၊ ဝိဂ်လ စသော အနောက်အရပ် စောင့်ကြပ် နတ်စစ်သူကြီးတို့သည်လည်းကောင်း။ သံယ၊ သံယုဋ္ဌိမ၊ သူသူရ၊ ဥဂ္ဂတေဇ စသော မြောက်အရပ်စောင့်ကြပ် နတ်စစ်သူကြီးတို့သည်လည်းကောင်း။ ရဋ္ဌ၊ ဓတရဋ္ဌ၊ သေဋ္ဌ၊ ကမ္ဗလ စသော အောက်အရပ်စောင့်ကြပ် နဂါးတို့သည်လည်းကောင်း။ လနတ်သား၊ နေနတ်သား၊ သိကြား၊ ဗြဟ္မာ စသော အထက်အရပ်စောင့်ကြပ် နတ်စစ်သူကြီးတို့သည်လည်းကောင်း။

ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးတို့သည်လည်းကောင်း။ တောစောင့်၊ တောင်စောင့်၊ မြို့စောင့်၊ နယ်စောင့်၊ သာသနာစောင့်တို့သည်လည်းကောင်း။ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းတို့သည်လည်းကောင်း။ ဘဝဆက်၊ ပဋ္ဌာန်းဆက်တို့သည်လည်းကောင်း။ သိုက်ဆက်၊ ဓာတ်ဆက်၊ နတ်ဆက်တို့သည်လည်းကောင်း သက်သေအရာ၌ တည်ပါစေသား အရှင်မြတ်ဘုရား...။

ဤသစ္စာ မကျိုးမပေါက်ခဲ့သော် တပည့်တော်အား (------------)အောင်မြင်ပြည့်စုံပါစေသတည်း။

လှူရန် ။ အောင်သပြေပန်း

**ပုတီးစိပ်ပွားရန်**

(၁) မာရ် - ဇိနော ဇိတံ သောမံ ဇယံ ဒေတု သဗ္ဗဒါ။

(၂) အာဠာဝကယက္ခ - ဇိနော ဇိတံ သောမံ ဇယံ ဒေတု သဗ္ဗဒါ။

(၃) နာဠာဂီရိ - ဇိနော ဇိတံ သောမံ ဇယံ ဒေတု သဗ္ဗဒါ။

(၄) အင်္ဂုလိမာလ စောရ် - ဇိနော ဇိတံ သောမံ ဇယံ ဒေတု သဗ္ဗဒါ။

(၅) စိဉ္စမာန် - ဇိနော ဇိတံ သောမံ ဇယံ ဒေတု သဗ္ဗဒါ။

(၆) သစ္စကပရိဗ္ဗာဇတံ - ဇိနော ဇိတံ သောမံ ဇယံ ဒေတု သဗ္ဗဒါ။

(၇) နန္ဒောပနန္ဒ နာဂံ - ဇိနော ဇိတံ သောမံ ဇယံ ဒေတု သဗ္ဗဒါ။

(၈) ဗကဗြဟ္မံ - ဇိနော ဇိတံ သောမံ ဇယံ ဒေတု သဗ္ဗဒါ။

**(တစ်ပါးလျှင် ပုတီးတစ်ပတ်စီ စိပ်ပါ။)**

---

## မြနန်းရှင်





www.burmeseclassic.com

www.burmeseclassic.com


ဘားမဲ့ဆရာတော်

# ဘားမဲ့ဆရာတော်

ဦးသန့်(လာဘ်မိုးစွေ)

ကေတုမတီ တောင်ငူမင်းဆက် ဘုရင့်နောင် ခရစ်နှစ် (၁၅၅၀-၁၅၈၁ ခုနှစ်)လက်ထက်တွင် ထင်ပေါ်ကျော်ကြားခဲ့သော ဗားကိုးပါး ဝိဇ္ဇာဓိုရ်ကြီးများအကြောင်းကို 'ဟံသာဝတီမော်ကွန်း စာတမ်းများ' စာအုပ် စာမျက်နှာ ၃၉၉ တွင် ဖော်ပြထားသည်မှာ-

(က) ဘားမဲ့(သမဲ့ပင်ကျောင်း)
(ခ) ဘားထီ(ကေရာဇ်ပင်ကျောင်း)
(ဂ) ဘားမြိုက်(ငရုတ်ပင်ကျောင်း)
(ဃ) ဘားတမော့(ကျောက်စွန်းကျောင်း)
(င) ဘားကရာ(ခရာပင်ကျောင်း)
(စ) ဘားတွဲ(ပထမကျောင်း)
(ဆ) ဘားနိုင်း(အနန်းပင်ကျောင်း)
(ဇ) ဘားထော်(ရွှေကျောင်း)
(ဈ) ဘားနိုက်(တန့်ကလာပင်ကျောင်း)

ဟူ၍ ဗား(၉)ဗား ဆရာတော်များ ရှိသည်ကို တွေ့ရသည်။ သို့သော် ဝိဇ္ဇာလမ်းလိုက်နေကြသော ပုဂ္ဂိုလ်များလောကတွင် ဗား (၄)ဗား ဖြစ်သော ဘားမြိုက်၊ ဘားတမွတ်၊ ဘားတမော့၊ ဘားမဲ့ ဟူ၍ ဗား(၄)ဗားကိုသာ အသိများကြသည်။

သမိုင်းဝင် ဘားမဲ့ဆရာတော်မှာ ဘုရင့်နောင်၏ သားတော်များဖြစ်သော ညောင်ရမ်းမင်း ရှင်သစ္စာ(၁၅၉၈--၁၆၀၆)နှင့် အနောက်ဘက်လွန်မင်း(မောင်လတ်)(၁၆၀၆-၁၆၂၈)မင်းတို့၏ မင်းဆရာ ဖြစ်တော်မူသည်။

ဘားမဲ့ဆရာတော်သည် တောင်ငူနယ်နှင့် ပဲခူးရိုးမ တောင်တန်းတစ်ဝိုက်ရှိ ရွာသာယာ ဟူသော ရွာကလေးတွင် ကိုအင်းတောင် နှင့် မဒေါင်းတို့မှ သက္ကရာဇ် ၈၈၄ ခုနှစ်တွင် မွေးဖွားသည်။

ဘားမဲ့ဆရာတော်၏ ငယ်မည်မှာ မောင်နန္ဒ ဖြစ်သည်။ မောင်နန္ဒ အရွယ်ရောက်သောအခါ ရွာဦးကျောင်းဆရာတော် ဦးလက္ခဏထံ အပ်နှင်း၍ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်သည်။ မောင်နန္ဒမှာ ငယ်စဉ်၌ ပါရမီရှင်ဖြစ်၍ သက်န်းတောင်းကို တစ်ရက်တည်းနှင့် ချောချောမွေ့မွေ့ ရွတ်ဖတ်နိုင်သည်။ မှတ်ဉာဏ်လည်း အလွန်ကောင်းပေသည်။

ကိုအင်းတောင်နှင့် မဒေါင်းတို့သည် မောင်နန္ဒအား ရှင်သာမဏေအဖြစ် အလှူကြီးလှူပေးခဲ့လေသည်။ မောင်နန္ဒအား ဆံချပေးနေစဉ် မဟာသိဒ္ဓိဝိဇ္ဇာဓိုရ်နှင့် ပန်းစားဘီလူးမ



www.burmeseclassic.com

www.burmeseclassic.com



ဟာမြိုက်ဆရာတော်



မယ်ဝဏ္ဏာတို့ ပေါ်လာသည်ကို ကိုအင်းတောင်နှင့် မဒေါင်းတို့သာ မြင်တွေ့ရပြီး အခြားမည်သည့်ပုဂ္ဂိုလ်မှ မမြင်ရပေ။

*"မောင်အင်းတောင် မင်းဟာ ငါ့ရဲ့ညီလေးကို ငါ့ဆန္ဒနဲ့အညီ သာသနာ့ဘောင် ပို့ဆောင်ခဲ့တဲ့အတွက် ငါ ဝမ်းမြောက်သလို မယ်ဝဏ္ဏာလည်း သူ့သားလိုဖြစ်နေတဲ့ မောင်နန္ဒအတွက် ဝမ်းမြောက်အနုမောဒနာ ပြုပါတယ်၊ သာဓု သာဓု သာဓု"*

ဟူ၍ ရွတ်ဆိုကာ မယ်ဝဏ္ဏာရော၊ မဟာသိဒ္ဓိ ဝိဇ္ဇာဓိုရ်ပါ ရုတ်တရက် ပျောက်ကွယ်သွားလေတော့၏။

ဤသို့ဖြင့် မောင်နန္ဒငယ်စဉ်ကပင် ဝိဇ္ဇာဓိုရ်များ လာရောက်၍ ကူညီပံ့ပိုးခဲ့သည်။ ကိုအင်းတောင်၊ မဒေါင်းနှင့် ကိုရင်ငယ် နန္ဒသာရတို့သည် ၎င်းတို့၏ နေရပ်မှာ ဟံသာဝတီ ရွှေမြို့တော်ကြီးသို့ သွားရောက်ခဲ့၍ လေးထပ်ကျောင်းဆရာတော် သီတင်းသုံးတော်မူရာ လေးထပ်ကျောင်းတွင် သွားရောက်တည်းခိုကြလေသည်။

ရှင်နန္ဒသာရသည် ဟံသာဝတီ ရွှေမြို့တော်ကြီးသို့ ရောက်ပြီး စာချအကျော် ဆရာတော်ကြီးများ၊ ဦးပဉ္စင်းများထံ၌ ပရိယတ္တိစာပေများကို နေ့မအား ညမအား သင်ယူခဲ့ရာ စာပေအရာ၌ ထူးချွန်သူတစ်ပါး ဖြစ်ခဲ့လေသည်။

ရှင်နန္ဒသာရသည် ဟံသာဝတီမြစ်(ပဲခူးမြစ်)ကမ်းနဖူးတွင် တစ်ပါးတည်း ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရားကို ပွားများစဉ် အရှုးကြီးတစ်ယောက်နှင့် တွေ့ဆုံ၍ ထိုအရှုးကြီးသည် 'သပြေပင်ရင်း၊ ရေကင်းလာပြီး၊ ကြေးပုရပိုက်၊ ပေးထိုက်ပါသည်' ဟု ထပ်ကာတလဲလဲ သီဆိုရင်း ရှင်နန္ဒသာရ၏ ရှေ့မှောက်တွင် အားရပါးရ ကခုန်လေတော့သည်။

ရှင်နန္ဒသာရသည် အရှုးကြီးကို မြင်လျက်နှင့်ပင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စိတ်၌ရှုမှတ်ရင်း စင်္ကြံလျှောက်နေမိချေသည်။ အရှုးကြီးမှာ အဝတ်စုတ်များ ထည့်ထားသည့် လွယ်အိတ်ဟောင်းကြီးကို မြေပြင်ပေါ်သို့ ပစ်ချလိုက်ပြီး ခဏထိုင်လေ၏။ ထို့နောက် ဟံသာဝတီမြစ်တစ်ဖက်ကမ်းသို့ ငေးမောကြည့်နေရင်းမှ. . .

"အောင်ပြီဟေ့ အောင်ပြီဟေ့ သပြေပင်ရင်း ရေကင်းလာပြီ၊ ကြေးပုရပိုက် ပေးထိုက်ပါသည်၊ အောင်စေအတည်"

ဟု ထပ်၍ဆိုရင်း မြစ်လယ်ကောင်သို့ အားရဝမ်းသာ ရယ်မောရင်း လက်ညှိုးထိုးပြနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှင်နန္ဒသာရလည်း ကမ္မဋ္ဌာန်းအလုပ်ကိုရပ်ကာ အရှူးကြီး ညွှန်ပြရာဆီသို့ လှမ်းမျှော်ကြည့်ရှုလေလျှင် ဇရာမ မိကျောင်းကြီးတစ်ကောင်သည် ရှင်နန္ဒသာရ ရှိရာ မြစ်ကမ်းသို့ အရာဝတ္ထုတစ်ခုကို ကိုက်ချီ၍ ကူးခတ်လာနေသည်ကို မြင်တွေ့ရ၏။

ရှင်နန္ဒသာရလည်း ထူးဆန်းသော မြင်ကွင်းကြောင့် စိုက်၍ ကြည့်နေစဉ်မှာပင် မိကျောင်းကြီးမှာ ရှင်နန္ဒသာရ၏ ရှေ့တည့်တည့်ရှိ မြစ်ကမ်းဆိပ်မှ သပြေပင်ရင်းတွင် ဦးခေါင်း ဝပ်စင်း၍ မေးတင်နေလေ၏။

"အို. . . ဒကာကြီး ဤမိကျောင်း၏ အာခံတွင်း၌ ကိုက်ချီထားသော အရာဝတ္ထုကို ဆောင်ကြဉ်း၍ ပေးပါလော့"

ဟု ရှင်နန္ဒသာရက အရူးကြီးအား ပြောသောအခါ အရူးကြီးမှာ ကခုန်ကာဖြင့် ကမ်းစောင်းသို့ ဆင်းသွားပြီး မိကျောင်းပါးစပ်တွင်းမှ အရာဝတ္ထုကိုယူကာ ရှင်နန္ဒသာရထံ ပေးလေ၏။ ထိုအရာဝတ္ထုမှာ ရှေးဟောင်းပစ္စည်းတစ်ခုဖြစ်သော ကြေးနီပုရပိုက်ပင် ဖြစ်လေသည်။ ရှင်နန္ဒသာရ၏ လက်ထဲသို့ ကြေးနီပုရပိုက် ရောက်သွားသောအခါ မိကျောင်းကြီးမှာ ကမ်းဦးကို သုံးကြိမ်ဦးခိုက်၍ ရေထဲသို့ ငုပ်လျှိုးပျောက်ကွယ်၏။

"သပြေပင်ရင်း၊ ရေကင်းလာပြီ၊ ကြေးနီပုရပိုက်၊ ပေးထိုက်ပါသည်၊ အောင်ပြီ. . . ဟေ့ အောင်ပြီ"

ဟူ၍ ထပ်ခါတလဲလဲ သီဆိုက,ခုန်ရင်း အရူးကြီးမှာ ရှင်နန္ဒသာရအနီးမှ ပြေးထွက်သွားလေတော့၏။

ဤသို့ဖြင့် ဆရာတော်၏ ဘုန်းကံပါရမီကြောင့် ကြေးနီပုရပိုက်ကို လက်ခံရရှိလေသည်။

ထိုပုရပိုက်တွင် တန္တရယာန၊ မန္တယာန၊ ဝိဇ္ဇာယာန၊ လောကီကိစ္စများဖြစ်သော အင်း၊ အိုင်၊ လက်ဖွဲ့၊ မန္တန်၊ ယတြာ၊ ဓာတ်ရိုက်၊ ဓာတ်ဆင်များ ပါရှိသည်ကို တွေ့ရသည်။

ကြေးနီပုရပိုက်တွင် ပါရှိသော ဝိဇ္ဇာယာနလောကီ အစီအရင်သည် အလွန်အဆင့်အတန်းမြင့်၍ စွမ်းအင်သိဒ္ဓိနှင့်လည်း ပြည့်စုံသည်။

ဘားမဲ့ဆရာတော်သည် ညောင်ရမ်းမင်း ရှင်သစ္စာကို လောကီမန္တန် အစီအရင်များ သင်ကြားပေးခဲ့၍ အောင်ခြင်း ရှစ်ပါးအချုပ် နှစ်ဂါထာကိုလည်း သင်ပေးခဲ့သည်။ ထိုဂါထာဖြင့်ပင် မင်းအဖြစ် ရာဇပလ္လင်ပေါ်သို့ တက်နိုင်ခဲ့သည်။

ညောင်ရမ်းမင်းတရားကြီး ရှင်သစ္စာ နတ်ရွာစံပြီးနောက် သားတော် အနောက်ဘက်လွန်မင်း နန်းတက်ခဲ့သည်။ ထိုမင်းသည်လည်း ဘားမဲ့ဆရာတော်ကို ဆည်းကပ်ကိုးကွယ်ခဲ့သည်။ ဆရာတော်၏ အမိန့်အရ သက္ကရာဇ် ၉၇၂ ခုနှစ်တွင် တောင်ငူကို သိမ်းပိုက်နိုင်ခဲ့သည်။

ပထမ ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ် မဟာဂန္ဓာရီ ဘားမဲ့ဆရာတော်သည် သက္ကရာဇ် ၉၇၂ ခုနှစ်တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းခဲ့လေသည်။

**ဘားမဲ့ဆရာတော်ကြီး၏ သမိုင်းဝင်ဂါထာတော်**

**ကေ စိတ္တံ ဝိစိန္တေတွာ၊ ကောဓမ္မံ သုနိသာတိ၊**
**သေတော သေမော လောတော၊ ကေ ရာဇာတိ ပါတရော၊**
**သေတိ သမ္မာသမ္ဗုဒ္ဓံ၊ သေတိ ဓမ္မ မုတ္တမံ၊**
**သေတိ မင်္ဂ မုင်္ဂယုံ၊ သေတိ ပန တေ နမော၊**

**ဦးသန့်(လာဘ်မိုးရွှေ)**




www.burmeseclassic.com

www.burmeseclassic.com

# ခေတ်သုံးခေတ်အကျော်

# ဖားမဲ့ဆရာတော်



ဖားမဲ့ဆရာတော်

ဂမ္ဘီရဆရာလှမျိုး (B.Sc)

မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အများစုအနေဖြင့် တစ်ချိန်က နာမည်ကျော်ကြားခဲ့သော ဖားမဲ့ဆရာတော်ဟူသော အမည်ကို ကြားဖူးကြမည်ဟု ယုံကြည်ပါသည်။ အထူးသဖြင့် လောကီပညာရပ်၊ ဂမ္ဘီရဝိဇ္ဇာပညာရပ်နှင့် ဆက်စပ်နေသူများအနေဖြင့် ကျေးဇူးရှင် ဖားမဲ့ဆရာတော်ကို ယုံကြည်စွာ ကိုးကွယ်ပူဇော်ကြ၊ ဖားမဲ့အစီအရင်များကို စီရင်ဆောင်ရွက်လေ့ရှိကြပါသည်။

ဖားနှင့်ပတ်သက်၍ ဖားမဲ့၊ ဖားတမော့၊ ဖားတမွတ်၊ ဖားမြိုက်ဟူ၍ ဖားလေးပါး ထင်ရှားသော ဆရာတော်လေးပါး ရှိခဲ့ပါသည်။ ထိုဖားလေးပါးတွင် အထင်ရှားဆုံးမှာ ဖားမဲ့ဆရာတော် ဖြစ်ပါသည်။

အစပထမတွင် ဖားမဲ့ဆရာတော်နှင့် ပတ်သက်၍ ဖားမဲ့မဟာဗိန္ဓိကျမ်းရင်းကြီးပါ အတ္ထုပ္ပတ္တိအကျဉ်းသာ ဖတ်မှတ်သိရှိရပါသည်။ တစ်ဖန် လွန်ခဲ့သော ၁၆ နှစ်က လာဘ်မိုးရွာစာပေမှ ထုတ်ဝေခဲ့သော မောင်ကြည်မွန်(မြကန်သာ)၏ ဖားမဲ့ဆရာတော်အကြောင်း ဖတ်ခဲ့ရသည်။ တတိယဖတ်ရသော စာအုပ်မှာ "ဖားမဲ့ဆရာတော်နှင့် ကလေးဝအဘိုးဆရာတော်" ဥက္ကါမင်း (မလှိုင်)၏ စာအုပ်ဖြစ်သည်။ ထိုစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖားမဲ့နှင့် ကလေးဝအဘိုး ဆရာတော်

ဘွင် ဆရာတော်ဘဝဇာတ်ကြောင်းထက် ဖားမဲ့ဆရာတော်၏ အင်းစမဂ္ဂဇ္ဖိရပစ္စည်းများ ဦးစားပေးဖော်ပြထားတာ တွေ့ရှိရပါသည်။ ထိုစာအုပ်အရ ကလေးဝအဘိုးဆရာတော်နှင့် ဖားမဲ့ဆရာတော် ဆက်နွယ်မှုရှိသည့်အဆိုမှာ ယုံကြည်လောက်ပေသည်။ အချို့က ဖားမဲ့ဆရာတော် ပုံနှစ်ပုံဖြစ်နေခြင်းကိစ္စ ဇဝေဇဝါဖြစ်ကြ၏။ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးနှင့်ပုံက အမှန်လား။ သင်္ကန်းဝတ်ထားသော ဘုန်းကြီးပုံက အမှန်လားဟု မေးကြသည်။ စာရေးသူအနေဖြင့် အတိအကျ မဖြေနိုင်ပေ။ ဤသို့နှင့် မွန်ပြည်နယ်၊ ဇင်းကျိုက်တောင်နှင့် ဖားမဲ့ကုန်းရောက်သွားသောအခါ ကွမ်းမန်းဆရာတော်ဘုရားကြီးနှင့် ဆုံတွေ့ရသည်။ ကလေးဝအဘိုးဆရာတော်ပြီးလျှင် ဒုတိယ ဖားမဲ့ဆရာတော်နှင့် ဆက်နွယ်မှုရှိသော ဆရာတော်မှာ ကွမ်းမန်းဆရာတော်ဖြစ်ကြောင်း ယုံကြည်လက်ခံခဲ့ပါသည်။

ဖားမဲ့ဆရာတော်သာသနာပြုခဲ့သော ဖားမဲ့ကုန်းတော်သို့ သုံးခေါက်ရောက်ပါသည်။ ထိုဖားမဲ့ကုန်းသာသနာပြုစခန်း အကြောင်း ရောင်ပြန်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ စိတ်ဝင်စားလျှင် ကိုယ်တိုင်သွားရောက်လေ့လာ အမိဋ္ဌာန် ပုတီးစိပ်နိုင်သည်။ ကွမ်းမန်းဆရာတော်(ဗဟန်း)အား စာရေးသူ မရှင်းတာလည်းမေးသည်။ ဆရာတော်မှတ်စုမှ စာမျက်နှာ အချို့တွင်လည်း ဖားမဲ့ဆရာတော်အကြောင်း ဖတ်ရသည်။ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းဘက်ရှိ ဖားမဲ့ဆရာတော် တည်ခဲ့သော ရတနာမာရ်အောင်စေတီသို့ သုံးလေးကြိမ်သွားမေးမြန်းမှတ်သားပြီး ဘုရားသမိုင်းလည်း ရေးသားခဲ့ပါသည်။ ထိုဘုရားတွင် ရှေးဟောင်းကုန်းတော် ဓာတ်ပုံဟောင်းနှင့် ဖားမဲ့ဆရာတော်၏ ရှားပါးဓာတ်ပုံ ဓာတ်ပုံရိုက်



ရတနာမာရ်အောင်စေတီရှိ ဖားမဲ့ဆရာတော်
ကြေးဆင်းတုတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ယူလာပါသည်။ ထိုပုံလည်း ဖော်ပြပေးလိုက်ပါသည်။

ကွမ်းမန်းဆရာတော်နှင့် ဆုံတွေ့ရပြီးနောက်ပိုင်း ဗားမဲ့ဆရာတော်သည် ခေတ်သုံးခေတ်တွင် ထင်ရှားတော်မူခဲ့ပြီး ခေတ်သုံးခေတ်အကျော် ဗားမဲ့ဆရာတော်ဟု မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ပုဂံခေတ်၊ ဟံသာဝတီခေတ်နှင့်၊ အင်းဝခေတ် သုံးခေတ်စလုံး ဗားမဲ့ဆရာတော် ထင်ရှားကျော်ကြားခဲ့ပါသည်။ ပုဂံခေတ်(အနော်ရထာ၊ မနူဟာမင်းများလက်ထက် သက္ကရာဇ် ၄၀၀ ကျော် ပတ်ဝန်းကျင်) ဗားမဲ့ဆရာတော် မွေးဖွားရာဇာတိကို မောင်ကြည်မွန်(မြကန်သာ)မှ တောင်ငူနယ်နှင့် ပဲခူးရိုးမတောင်တန်းတစ်ဝိုက် တီကိုးတီဟူသော အရပ်ဒေသများမှ ညေဝတီ(ခေါ်)ပေါင်းလောင်းတိမ်အရပ်ဟု ဖော်ပြထားသည်။ ပေါင်းလေင်းထိပ်အရပ် ရွာသာယာဇာတိဟု ဆိုသည်။ ဗာမဲ့မဟိန္ဒိကျမ်းရင်းတွင် ရခိုင်နယ်စပ်ဗားမဲ့တောင်ခြေရွာ၌ သက္ကရာဇ် ၉၃၃ တွင် ဖွားမြင်သည်ဟု



ဗားမဲ့ဆရာတော် စီရင်တော်မူခဲ့သော ငြွေမင်း(ဗားမဲ့ကုန်း)

ဖော်ပြထားသည်။ ဗားမဲ့ဆရာတော်ပြုစုသူက မွေးဖွားရာဇာတိ ဖော်ပြထားသော်လည်း မွေးသက္ကရာဇ်အတိအကျ ဖော်ပြမထားပေ။ အမှန်စင်စစ် ပုဂံခေတ်အစောပိုင်းကတည်းက ဗားမဲ့ဆရာတော်ရှိနေ၍ မွေးသက္ကရာဇ်မှာ ၃၀၀ ကျော်ဖြစ်နိုင်ပါသည်။ ဗားမဲ့ရေစင်ဖလား ဗားမဲ့ပစ္စည်းအချို့တွင် သက္ကရာဇ် ၇၀၀၊ ၇၃၁ စသည်ဖြင့် ရေးထိုးထား၍ ၉၃၃ မဖြစ်နိုင်တာ သေချာပါသည်။ ဝိဇ္ဇာမိုရ်သာသနာပြုပုဂ္ဂိုလ် ဗားမဲ့ဆရာတော်သည် လူ့ပြည်သို့(အထူးသဖြင့် မြန်မာပြည်)ရောက်ရှိ သာသနာပြုပုံမှာ အချိန်အခါကျ၍ လာခဲ့သည်ဟုဆိုသည်။ အဘဘိုးမင်းခေါင် ပုပ္ပါးရောက်ရှိလာသလို ပုံစံမျိုး (ရုပ်ကိုမသုံး နာမ်ကိုသုံး)ဟု ဆိုထားပါသည်။ ဗားမဲ့၊ ဗားတမော့ကျမ်းတွင် မွေးရာဇာတိ ရာမညတိုင်း၊ မွေးသက္ကရာဇ် ၇၇၄ ခုနှစ်ဟု



ဗားမဲ့မူလဗောဓိဘုရား



www.burmeseclassic.com

www.burmeseclassic.com




ဟားမဲ့ရေစင်ဖလားနှင့် ရေပုံ့ကရား



ဝိဇ္ဇာစာတ်ပြာအိုး

ရေးထားသည်။ ထိုသို့ကွဲပြားနေမှုကို ကြည့်ရုံဖြင့် ဝိဇ္ဇာမိုရ် ပုဂ္ဂိုလ်တို့၏ မွေးဖွားရာဇာတိ၊ မွေးသက္ကရာဇ်အတိအကျ မသတ်မှတ်နိုင်တာ လက်ခံပါသည်။

ဗားမဲ့ဆရာတော်ဘဝ စတင်ပုံ၊ ဟံသာဝတီပြည်မှ စထားသည်။ ဟံသာဝတီပြည်ကြီး၌ ရှင်သာမဏေပြုလုပ်ပြီး စာပေပိဋကတ်တို့ကို သင်ကြား၍ နေတော်မူ၏။ ဘွဲ့တော်ကား "နန္ဒသာရ" တည်။ တစ်ရံရောအခါ နေ့တစ်နေ့၌ ဟံသာဝတီမြစ်ကမ်းသို့ ဒေသစာရီကြွချီတော်မူရာ သူရူးတစ်ယောက်နှင့် တွေ့ကြုံသည်။ မြစ်လယ်မှ မိကျောင်းတစ်ကောင်သည် ကြေးနီပုရပိုက်ကို ကိုက်၍ ပေါ်လာပြီးလျှင် ကမ်းသို့ကူးလာ၏။ ထိုအခါ သာမဏေက သူရူးအား "ကြေးနီပုရပိုက်ကို လုယူပါ" ဟု ပြောလျှင် သူရူးလည်း ဆင်း၍လု၏။ ရှင်နန္ဒသာရလက်ထဲ ကြေးနီပုရပိုက်ရောက်သည်နှင့် မိကျောင်းကြီးမှာ ကမ်းဦးကို သုံးကြိမ်ဦးခိုက်လျက် ဗွမ်းခနဲ ရေထဲသို့




ဟားမဲ့လိပ်မင်း



www.burmeseclassic.com

www.burmeseclassic.com



ကြေးအင်းချပ်


ငုပ်လျှိုးပျောက်ကွယ်သွားလေတော့၏။

"သပြေပင်ရင်း၊ ရေကင်းလာပြီ၊ ကြေးနီပုရပိုက်၊ ပေးထိုက်ပါသည်။ အောင်ပြီဟေ့...အောင်ပြီ"ဟူ၍ ထပ်ခါ တလဲလဲ သီဆိုကခုန်ရင်း အရှုးကြီးများ ရှင်နန္ဒသာရအနီးမှ နေ၍ ပြေးထွက်သွားလေတော့၏။

မိကျောင်းကြီးမှာ နတ်မိကျောင်းဖြစ်ပြီး အရူးကြီးဆို သည်မှာလည်း နတ်၊ သိကြား တစ်ပါးပါး လူယောင်ဖန်ဆင်း လာတာ ဖြစ်နိုင်ပါသည်။ ရှင်နန္ဒသာရလက်ထဲ ရောက်ရှိနေ သော ကြေးနီပုရပိုက်များမှ လောကီဆိုင်ရာ ပညာရပ်အမျိုး မျိုးကို လေ့လာကြည့်သော်လည်း နားမလည်၊ စုံစမ်းမေးမြန်း မရဘဲ တစ်နှစ်တာအချိန်ကာလ ကုန်သွားပါသည်။ တစ်ညဥ့် သဠ် ဗားမဲ့ဆရာတော် ဖြစ်လာမည့် ရှင်နန္ဒသာရအမည်ရှိ သော ရဟန်းပျိုသည် အင်ကြင်းပင်အောက်တွင် "ဗုဒ္ဓါ နုဿတိ" ကမ္မဋ္ဌာန်းကို ပွားများနေတော်မူ၏။ အတိတ်ဘဝ ညီအစ်ကိုတော်ခဲ့သော ဝိဇ္ဇာဓိုရ် "မဟာသိဒ္ဓိ"နှင့် ဆုံတွေ့



ဗားမဲ့ခေါင်းလောင်း



သဗ္ဗသိဒ္ဓိစာတ်ချုပ်သေတ္တာ

သည်။ ထိုဝိဇ္ဇာဓိုရ်လမ်းညွှန်မှုဖြင့် ပုပ္ပါးတောင်အရှေ့ဘက် ကျောက်ဂူရှိ အင်းဘီလူးထံ ချဉ်းကပ်မေးမြန်းခဲ့ရသည်။ ထိုသို့ မေးပြီး ဟံသာဝတီသို့ ပြန်လာသည်။

ဗားမဲ့ဆရာတော် သာသနာပြုဘဝ စတင်ပုံကို ဇင်းကျိုက်တောင်အနီး ဗားမဲ့ကုန်းအောင်မြေမှ စတင်ခဲ့သည်။ ဗားမဲ့ကုန်းနေရာသည် ရှေးယခင်က ပင်လယ်ကမ်းစပ်နေရာ ဖြစ်သည်။ ထိုနေရာတွင် ဆရာတော်သီတင်းသုံးခဲ့သော ကျောင်းရှိသည်။ တရားအားထုတ်သော လိုဏ်ဂူရှိသည်။ ကွမ်းမန်းဆရာတော်မှ အိပ်မက်အရ ညွှန်ပြသော ထိုနေရာ တွင် ကျောင်း၊ မဟာဗိဒ္ဓိဗားမဲ့ဂူတို့ကို တည်ဆောက်ထားပါသည်။ ရာဇဝင်ကျမ်းများတွင် သထုံမင်းဆရာတော်ဟု ရေးသည်။ သထုံမင်းမှာ မနူဟာမင်းဖြစ်သည်။ ဟံသာဝတီမနူဟာမင်း လက်ထက်၊ ပုဂံပြည်အနော်ရထာနန်းတက်ချိန်မှာ သက္ကရာဇ် ၄ဝ၆ ဖြစ်သည်။

စာဖတ်ပရိသတ်များ ကြားဖူးကြသည့်အတိုင်းပင် ဗားမဲ့



ပန်းကန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် ကြေးနီပုရပိုက်မှ ရရှိသော အင်းစမ ဂါထာ အတတ်ပညာဖြင့် သထုံမင်းနှင့် ဟံသာဝတီပြည်သူပြည်သားများကို အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်နေ့တွင် ဆရာတော်ကျောင်းပြင်ပ ကမ်းစပ်တစ်နေရာတွင် ကုလားလေးနှစ်ယောက်ကို သတိမေ့မျော သောင်တင်နေသည်ကို တွေ့ရှိခဲ့ရာမှ ကောက်ယူမွေးစားခဲ့သည်။ ဦးကုလား မဟာရာဇဝင်ကြီးတွင် သူရဲကောင်းကုလားညီနောင်အကြောင်း စာမျက်နှာ ၁၆၂ တွင် ဖော်ပြထားပုံမှာ···ယင်းသောအခါ သထုံပြည်ဝယ် သင်္ဘောပျက်လေသော် ကုလားညီနောင်နှစ်ယောက်တို့သည် ဗျတ် (ခေါ်) ပျဉ်တစ်ချပ်ကိုစီး၍ သထုံပြည်သို့ရောက်လာ၏။ သထုံမင်းဆရာတော်ထံတွင် ဝင်၍ မြဲခို ကြလေ၏။ ထိုဘုန်းတော်ကြီးသည် ညီနောင်တို့ကို ချစ်ခင်လေးမြတ်တော်မူ၍ အပါးတွင် မပြတ်စေပါးတော်မူ၏ဟု ရေးထားပါသည်။ (ဇော်ဂျီဖိုလ်ဝင်သား မစားရမိကာပင် အစွမ်းထက်အင်း၊ စမ မန္တန်အတတ်ပညာ သင်ပေးခဲ့သည်ဟု ဆိုပါသည်။) ဗျတ်ဝိ၊ ဗျတ္တ ညီနောင်နှစ်ဦးတွင် သထုံမင်းမှ ဗျတ်ဝိကို အဆုံးစီရင်ခဲ့သည်။ ဗျတ္တပုဂံသို့ပြေး၍ အနော်ရထာမင်းထံ ခိုလှုံသည်။ အနော်ရထာ သထုံပြည်လာတိုက်သော် ဗျတ္တအကူအညီကြောင့် သထုံမင်းကို နိုင်ခဲ့သည်။ အနော်ရထာမင်းစောသည် ဓာတ်တော်မွေတော်၊ ရတနာများ၊ ပိဋကတ်စာပေများ၊ ဆင်မြင်းရတနာ၊ ပိဋကတ်ကျမ်းဂန်တတ် အရိယာသံဃာတော်တို့နှင့်အတူ မနူဟာမင်း၊ သား,မယားတို့ကို ယူဆောင်တော်မူခဲ့၍ နေပြည်တော်၊ ပေါက္ကံရာမသို့ ပြန်တော်မူခဲ့လေ၏။ (ဦးကုလားရာဇဝင်) ဗားမဲ့ဆရာတော်သည် ပေါက္ကံရာမသို့ ကြွတော်မမူဘဲ ဆရာတော်သည် ဟိမဝန္တာရှိ စိတ္တဃမျိုး တရားကျင့်ဖော် သူတော်စင်တို့ထံ တောဝင်၍ သူ၏ခေတ်တစ်ခေတ်ကို လူမသိ၊ သူမသိ အဆုံးသတ်ခဲ့လေ၏ဟု ဆရာတော်မှတ်စုတွင် ရေးသားထားပါသည်။

ဟိမဝန္တာသို့ရောက်ပြီး ဗုဒ္ဓဂယာသို့ ကြွတော်မူစဉ် မဟာဗောဓိညောင်ပင်အောက်၌ မြတ်စွာဘုရား ပဉ္စဝဂ္ဂီ ငါးပါးအား တရားဟောတော်မူပုံကို အာရုံပြုကြည့်သောအခါ ပထမဦးဆုံး မြတ်စွာဘုရား ဆံတော်ရစ်ပတ်ခွေနေပုံ မြင်တော်မူ၏။ ဒုတိယ ပဉ္စဝဂ္ဂီများ တရားနာကြားနေပုံ အာရုံပြု၍ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ထားရှိသည်။ အရှင်ကောဏ္ဍည တရားထူးရပြီး ရဟန္တာဖြစ်ပုံ အာရုံပြုပြီး သင်္ကန်းတော်အတိုင်း ဝတ်ဆင်ထားတော်မူပြီး၊ ကျန်ပဉ္စဝဂ္ဂီလေးပါး အာရုံပြုကာ ဒိုတီအဖြူရောင် ဝတ်ဆင်ထားသောပုံဟု ဆရာတော်မှ ရှင်းပြပါသည်။ ထို့ကြောင့် သျှောင်ထုံး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် ပုံတော်သည် ဆာဒူးကြီးပုံ မဟုတ်ပေ။ ဗားမဲ့ဆရာတော်အစစ်ဟု ယုံကြည်စေချင်သည်။

ဟံသာဝတီခေတ် ဘုရင့်နောင် နန်းမတက်မီနှင့် နန်းတက်ပြီး သက္ကရာဇ် ၉၇ဝ ကျော်တွင်လည်း ဗားမဲ့ဆရာတော် ထင်ရှားလာခဲ့ပါသည်။ ငါးဆူဒါယကာမင်းကြီး လက်ထက် ကောဇာသက္ကရာဇ် ၉၅၄ ခုနှစ်တွင် ဟံသာဝတီရွှေမြို့တော်တွင် လေးထပ်ကျောင်း ဆရာတော်ကြီးအား ဉပဇ္ဈာယ်ပြု၍ "အရှင်နန္ဒသာရ"ဟူသော ဘွဲ့တော်ဖြင့် ပေါ်ထွန်းလာသည်။ လောကီထွက်ရပ်ပေါက်လမ်း ပညာများကို စိုက်လိုက်မတ်လိုက် လိုက်စားလေ့ကျက်၍ လက်တွေ့ပေါက်မြောက်အောင်မြင်တော်မူခဲ့ပေသည်။ သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ဟံသာဝတီငါးဆူဒါယကာမင်းက ဗားမဲ့ဆရာတော်အား အလိုမကျသဖြင့် ညောင်ရမ်းမြို့သို့ အပို့ခံရသည်။

## ဗားမဲ့နှင့် ညောင်ရမ်း

ညောင်ရမ်းမြို့၌ သီတင်းသုံးနေတော်မူသောအခါ ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်(ခေါ်) မောင်သစ္စာက ဆရာတော်အား ဆည်းကပ်ကိုးကွယ်ခဲ့သည်။ ယင်းသို့ ကိုးကွယ်ခွင့်ရလိုက်ခြင်းမှာ မောင်သစ္စာ၏ ဘဝနောင်ရေးအတွက် ကံကောင်းသည်ဟု ဆိုရမည်။

ထိုမျှသာမကသေး၊ မြန်မာနိုင်ငံသမိုင်း၌လည်း ညောင်ရမ်းခေတ်၏ သမိုင်းစာမျက်နှာသစ်များကို ရေးသားနိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း ကံကောင်းသည်ဟုပင် ဆိုရမည်။ မင်းသားမောင်သစ္စာမှာ ဘုရင့်နောင် (ခေါ်) ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး၏ သားတော်အငယ်ဖြစ်သည်။

## ညောင်ရမ်းခေတ်

ဗားမဲ့ဆရာတော်သည် မင်းသားမောင်သစ္စာအား လောကီပညာမန္တန်အစီအရင်များကို သင်ကြားပေးတော်မူ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ယင်းမန္တန်များအနက် "အောင်ခြင်းရှစ်ပါးအချုပ်မန္တန်" နှစ်ဂါထာလည်း ပါဝင်သည်။

## အောင်ခြင်းရှစ်ပါးအချုပ် ဂါထာတော်

၁။ မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာနဥ္စ သစ္စကံ၊
နာဂံ ဗကံ ဇိနိ ဇိနော၊ ယောတေ မေ ဇယမင်္ဂလံ။
၂။ မာရံ အာဠဝကံ ဟတ္ထိ၊ အင်္ဂုလိမာလ စိဥ္စမာ၊
ကုဋ္ဌန္တံ နာဂရာဇဥ္စ၊ ဗကံ အဇိနိ တေဇသာ။

ဆရာတော်သင်ကြားစီရင်ပေးသနားတော်မူသော ယင်းနှစ်ဂါထာကို မောင်သစ္စာသည် နေ့စဉ် ယုံယုံကြည်ကြည် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရာမှ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ရှိကာ အင်းဝပြည်ကြီးကိုလည်းကောင်းအသစ်တစ်ဖန် ပြန်လည်တည်ထောင်တော်မူနိုင်ခဲ့သည်။ ထို့ကြောင့် ဗားမဲ့ဆရာတော်သည် ညောင်ရမ်းခေတ်၊ အင်းဝခေတ်တွင်လည်း ထင်ရှားကျော်ကြားတော်မူခဲ့ပါသည်။

ညောင်ရမ်းမင်းတရားကြီးဟူသော အမည်ဖြင့် မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားခဲ့သည်။ ဗားမဲ့ဆရာတော်အား ကြည်ညိုလေးစားတော်မူပြီး "နန္ဒသာရကာဝိဓေ"ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ကျောင်းဆောက်ကိုးကွယ်တော်မူခဲ့သည်။ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး၊ ရှင်ပင်နံ့ကိုင်းတောင်ခြေအနီး ဗားမဲ့ဆရာတော်ကြီး သီတင်းသုံးခဲ့သောကျောင်းရှိသည်။ ဗားမဲ့ကျောင်းအမည်မှာ ကျိုက်ပဒိုင်ဖြစ်သည်။ မွန်ဘာသာဖြင့် ကျိုက်=ဘုရား၊ ပဒိုင်-ကျောင်းဟု အဓိပ္ပာယ်ရသည်။ ဘုရားစေတီကျောင်း။ အင်းဝခေတ်တွင်ရှိသော ဗားကရာကျောင်းတော်ပုံစံမျိုးဖြစ်ပြီး ထိုကျောင်းထက်ငယ်သည်။

ဗားမဲ့ဆရာတော်သည် ကာယသိဒ္ဓိ၊ ဝီယသိဒ္ဓိ၊ ဓနသိဒ္ဓိ အစရှိသော သိဒ္ဓိလမ်းများကို အကြွင်းမဲ့ပြီးမြောက်ခဲ့ပြီး ရှိန်းဆာယာအတတ်၊ သက်ပြောင်းကိုယ်ခွာအတတ်များကိုလည်း အလုံးစုံတတ်မြောက်အောင်မြင်တော်မူသည်။ ထို့အပြင် ဗားမဲ့ရေပုံကရားနှင့် ရေစင်ဖလားတစ်စုံ(အမြဲရေသံကြားရပြီး ရေမရှိဘဲ ရေထွက်လာခြင်း)၊ ဗားမဲ့ကြေးပုရပိုက်၊ ဓာတ်လုံး နှအောင်သိဒ္ဓိ စကြာတောင်ဝှေး ဗားမဲ့သံသေဒယ်အိုး မိကျောင်းရုပ်၊ စမလိပ်၊ အရိုန္နာလုံထည့်ထားသော သေတ္တာ၊ ဗားမဲ့ကြွက်မင်း၊ ကြေးကာလပ်နှင့် ဓမ္မစကြာတရားဦးဟော ကြေးဆင်းတုရုပ်ပွားတော် စသည့် ဂမ္ဘီရပစ္စည်းအမျိုးမျိုး စီရင်ဆောင်ရွက်ပေးခဲ့သည်။ ဥက္ကါမင်း(မဏ္ဍိုင်)စာအုပ်တွင် ပုံများဖော်ပြထားသည်။

သက္ကရာဇ် ၉၅၁ ခုနှစ်တွင် ညောင်ရမ်းမှ ရန်ကုန်(ဒဂုံ)သို့ ကြွတော်မူပြီး ရတနာမာရ်အောင် စေတီတော်နှင့် တဝရုဆုတောင်းပြည့် ရုပ်ပွားတော်မြတ်အား တည်ထားကိုးကွယ်တော်မူသည်။ ထိုစေတီ(ရှမ်းလမ်း)တွင် ကြေးဆင်းတု ဗားမဲ့ရုပ်တုကြီးကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

ကောဇာသက္ကရာဇ် ၉၆၇ ၌ ညောင်ရမ်းမင်းတရားကြီး ကံတော်ကုန်သည်။ သားတော် အိမ်ရှေ့ဥပရာဇာက မဟာဓမ္မရာဇာဟူသော ဘွဲ့ခံ၍ နန်းတက်သည်။ ခမည်းတော်၏ ဆရာအရင်း ဗားမဲ့ဆရာတော်အား နန်းဦးဆရာတော်အဖြစ် အရိုအသေပြု ကိုးကွယ်ကာ ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းသည်။ ထိုမင်းလက်ထက်တွင် ကျေးဇူးရှင်ဗားမဲ့ဆရာတော်ဘုရားကြီး ထွက်ရပ်စခန်း ကြွမြန်းတော်မူခဲ့လေသည်။ ဆရာတော်၏ ပညာရပ်များဖြစ်သည့် ဗားမဲ့ဗားတမော့ လေးကျမ်းတွဲမှာ အထူးထင်ရှားသည်။ စာဂုဏ္ဍတွဲမှာ ရှားပါးနေ၏။ ဗားမဲ့မဟာဒ္ဓိကျမ်းရင်းကြီး နှစ်တွဲလည်း ထင်ရှားပါသည်။

**ဂမ္ဘီရဆရာလုမျိုး(B.Sc)**





www.burmeseclassic.com

www.burmeseclassic.com



## ဗားမဲ့ဆရာတော်ကြီး၏ သမိုင်းဝင် ဂါထာတော်

ကေ စိတ္တံ ဝိစိန္တေတွာ၊ ကေဓမ္မံ သုနိသတိ။
သေတော သေမော လောကေ၊ ကေ ရာဇာတိ ပါကဋော။
သေတိ သမ္မာသမ္ဗုဒ္ဓံ၊ သေတိ ဓမ္မ မုတ္တမံ။
သေတိ မဂ္ဂ မုဂ္ဂယှ၊ သေတိ ပန တေ နမော။

ရည်ညွှန်းချက်

ဤဂါထာသည် ဗားမဲ့ဆရာတော်ဘုရားကြီး အစဉ် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပြီး ဗားမဲ့အဆက်အနွယ် တပည့်များလည်း အစဉ်ရွတ်ဆိုခဲ့သော သမိုင်းဝင် ကောင်းချက်ဂါထာ ဖြစ်ပါသည်။

(ဗားမဲ့ဆရာတော်ကြီး၏ပုံကို ကူးယူ၍ မိမိတို့နေအိမ်ဂေဟာတွင် ထားပါက စီးပွားလာဘ်လာဘများ ရရှိပေမည်)



www.burmeseclassic.com

www.burmeseclassic.com

# ဗားမဲ့ဆရာတော်

## စီရင်ဆောင်ရွက်ပေးတော်မူခဲ့သော

# ဗျည်းအင်းနှင့် အကျိုးကျေးဇူးများ

—— ဂမ္ဘီရဆရာလှမျိုး (B.Sc) ——

ကျေးဇူးရှင် ဗားမဲ့ဆရာတော်ကြီးသည် မြန်မာပြည်သူပြည်သား ခုနစ်နေ့သားသမီးများအတွက် ဗားမဲ့လက်တွေ့အစီအရင်များကို ဆောင်ရွက်စီရင်ပေးတော်မူခဲ့ပါသည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလတွင် အုပ်ရေ ၂၀၀၀ ထုတ်ဝေခဲ့သော ဗားမဲ့-ဗားတမော့ လက်တွေ့အစီအရင်ကျမ်း (ပ-ဒု-တ)သုံးတွဲမှာ အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေနေရသော စာအုပ်များဖြစ်သည်။ စတုတ္ထတွဲမှာ ရှားပါးပျောက်ကွယ်နေ၏။ အပေါင်းဆိုင်အချို့တွင် မိတ္တူကူးရောင်းတာ တွေ့ဖူးသည်။ အနိမ့်ဆုံးဈေး ၅၀၀၀ိ/- ကျပ် ရောင်းသည်။

ဗားမဲ့ဆရာတော် အစီအရင်များကို လေ့လာသောအခါ အင်းစမ၊ ဂါထာမန္တန်၊ ဆေးနှင့် ဆေးပင်၊ ရုပ်တုနှင့် ဂဝံအစီအရင်၊ ပုတီးလက်ဖွဲ့ အဆောင်အစီအရင် စသည်ဖြင့် အခန်းကဏ္ဍမျိုးစုံ တွေ့ရပါသည် အထူးသဖြင့် ညောင်ရမ်းခေတ်တွင် ထင်ရှားပြီး ညောင်ရမ်းမင်းတရားကြီး၏ အောင်မြင်မှုများမှာ ဗားမဲ့ဆရာတော်၏ ဝိဇ္ဇာယာန လောကီအစီအရင်နှင့် ဆက်နွှယ်နေကြောင်း သမိုင်းသုတေသီပညာရှင်တို့က ဆိုထားကြသည်။ ဗားမဲ့ဆရာတော်မွေးသက္ကရာဇ် ၈၈၄ အမှန်ဟု ယူဆပြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်းသောခုနှစ် ၉၇၂ ခုနှစ် အမှန်ယူဆပါက သက်တော် ၈၈ နှစ်တွင် ထွက်ရပ်စခန်းကြွမြန်းတော်မူသည်ဟု ဆိုရပေမည်။ အနည်းဆုံး ၂၀ ကျော်မှစ၍ လောကီကိစ္စများ ဆောင်ရွက်ခဲ့သည်ဆိုပါက နှစ်ပေါင်း ၆၀ ကျော် ဆောင်ရွက်စီရင်မှု ပြုခဲ့သည်မှာ သေချာသည်။ ထိုနှစ်ပေါင်း ၆၀ ကျော်အတွင်း စီရင်ဆောင်ရွက်မှုများသည် ကျမ်းတစ်စောင်၊ စာတစ်အုပ်နှင့် မလုံလောက်နိုင်ပေ။ ရေးအခါက ကြေးပုရပိုက်၊ ပေစာ၊ ကျောက်စာနှင့် ရေးထားခဲ့သည်ဆိုပါကလည်း အားလုံး ပြန်လည်စုဆောင်း၍ မလွယ်ကူနိုင်ပေ။

ယနေ့ မြန်မာနိုင်ငံတွင် စာရေးသူ အထက်က ဖော်ပြထားခဲ့သော စာအုပ်သုံးအုပ်နှင့် ဗားမဲ့မဟာဗိန္ဒုကျမ်းရင်းကြီး (ပ-ဒု)နှစ်အုပ်တွဲ စုစုပေါင်း ငါးအုပ်သာ လေ့လာတွေ့ရှိရသည်။ အချို့စာအုပ်ပေါ်မရောက်တာတွေလည်း ရှိနိုင်ပါသည်။ ဗားမဲ့-ဗားတမော့ လက်တွေ့အစီအရင်ကျမ်းကို ၉-၁-၄၇ တွင် ကျမ်းပြုဆရာ ဆရာညိုမှ ပြုစုထားသည်။ ကျမ်းဦးအစတွင် လက်ဖွဲ့ကိုဖြစ်စေ၊ အင်းကိုဖြစ်စေ၊ ဆေးကိုဖြစ်စေ မည်သည့်ဝိဇ္ဇာယာနလောကီပညာကိုပင်ဖြစ်ဖြစ် စီရင်ပြုလုပ်တော့မည်ဆိုလျှင် ရှေးဦးစွာ အုန်း,ငှက်ပျောပွဲ တင်ရမည်။ ပွဲတင်ပသပြီး စီရင်ပြုလုပ်ပါက ပို၍အစွမ်းထက်မည်၊ ပို၍ အကျိုးအာနိသင်ခံစားရမည်။



www.burmeseclassic.com

www.burmeseclassic.com

လောကီအစီအရင်များကို လေ့လာသောအခါ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ စမ၊ ဆေးတော်၊ အဆောင်ရုပ် စသည်ဖြင့် ပညာရပ်အမျိုးမျိုးရှိရာ အများအားဖြင့် အင်း/စမ အသုံးများသည်။ ကွမ်းမန်းဆရာတော်၊ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်၊ ဝေပုလ္လရာမ ဆရာတော်၊ ဆရာအောင်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စသည် ရဟန်းရှင်လူ ဝိဇ္ဇာမိုရ်တို့သည်လည်း အင်းစမ အသုံးပြုကြတာ များပါသည်။ ထိုပညာရပ်များသည် ဂန္ဓာရီဝိဇ္ဇာပညာရပ်များ ဖြစ်ပါသည်။

အင်းအိုင်ဆိုသည်မှာ အလိုရှိအပ်သော အာနိသင်ထွက်ပေါ်လာစေရန် သမာဓိခိုင်မြဲစွာနှင့် ဓာတ်ခံဓာတ်အုပ်မိတ်ရန် စသည်တို့ကို ဆင်ခြင်၍ အက္ခရာဝဏ္ဏဗျည်း၊ သရတည်းဟူသော စမအက္ခရာနှင့် ဂြိုဟ်ဆင်ဂြိုဟ်ကွက် စသောဂဏန်းတို့ကို အကွက်ပြု၍လည်းကောင်း၊ အဆင့်ဆင့်ပြု၍လည်းကောင်း စီရင်ခြင်းကို အင်းအိုင်ပညာဟု ခေါ်သည်။

"အင်း"ဆိုသည်မှာ အကွက်ထဲ၌ အက္ခရာများ ထည့်ခြင်းဖြစ်သည်။

"အိုင်"ဆိုသည်မှာ အကွက်ထဲ၌ ဂဏန်းများ ထည့်ခြင်းဖြစ်သည်။

အချို့ ကိန်းဂဏန်းနှင့် ဗျည်းအက္ခရာ တွဲသုံးတာရှိသလို အင်းလေးထောင့်တွင် မိတ်ဓာတ်၊ ရန်ဓာတ် အရံထည့်သုံးတာလည်း ရှိသည်။ ကိန်း+ဗျည်းကို (ရုပ်+နာမ်)ဟု ခေါ်ဆိုလေ့ရှိကြသည်။

သတ္တမမြောက် ကျော်အောင်စံထားသည် ဆရာတော်ကြီး၏ ပင်မအနှစ်ချုပ် မဟာမင်းမြတ်ကြီး ကျမ်းစာအုပ်မျက်နှာဖုံးတွင် ဗားမဲ့ဆရာတော် ထိုင်တော်မူပုံ(လက်ထဲတွင် အင်းချပ်)ကိုင်ထားပုံ ပုံဖော်ထားသည်။ အင်းဝိဇ္ဇာ ဗားမဲ့အကျော် အရှင်နန္ဒသာရ၏ ဂုဏ်ကျေးဇူးကို ဖော်ပြထားခြင်းဖြစ်သည်။ လောကီပညာရှင်အများစုသည် ဗားမဲ့ဆရာတော်ချီးမြှင့်သော ဂါထာတော်၊ ပုတီးစိပ်၊ မန္တန်၊ အင်းစမနှင့် လွတ်သူမရှိပေ။ မော်ဘီမြို့အစွန် မရမ်းတလင်းခြံကြီး စည်ပင်ခဲ့စဉ်က ဆရာကြီးမင်းသိခ်သည် ဗားမဲ့ဆရာတော်ရုပ်တုထုလုပ်ပူဇော်ထားပြီး မိကျောင်းတစ်ကျောင်း ကြေးပုရပိုက် ကိုက်ချီလာပုံလည်း ပြုလုပ်ထားသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးထားသောပုံ (သို့မဟုတ်) ခေါင်းတုံးနှင့် ဘုန်းကြီးပုံ နှစ်သက်ရာ ပူဇော်နိုင်သည်။ ဝိဇ္ဇာဟူသည် ရုပ်ကိုမသုံး၊ နာမ်ကိုသာ သုံးသည်။ လူပုံစံ/မျက်နှာပုံစံ၊ ဝတ်စားဆင်ယင်ပုံကိုကြည့်ပြီး ဘုန်းကြီး၊ ယောဂီ၊ ဆာဒူး၊ ရသေ့၊ ကုလား၊ ဗမာ၊ တရုတ်ခွဲခြား၍ မရပေ။ အတွင်းစိတ်(နာမ်)တို့ကို ကြည့်ခွဲရမည်။ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကို ရသေ့ဟုပြောသူ ရှိသလို ဘိုးဝါယမဟု ခေါ်စွဲသုံးသူလည်း ရှိ၏။ ဆရာတော် ယောဂီရောင်သင်္ကန်း၊ ယောဂီရောင်လုံချည်ပုံဝတ်ထားသောကြောင့်ဟု ဆိုကြသည်။ အဓိကမှာ ရဟန်းသိက္ခမချဖို့ အရေးကြီးသည်။ စာဖတ်သူတို့ မျက်စိထဲ မြင်ယောင်ကြည့်ပါ။ ပလေကပ်လုံချည်ဝတ်၊ ပလေကပ်လုံချည်ပတ်ချည်ထားသော ဆရာတော်ကြီး ဦးဉာဏကို ရဟန်းမဟုတ်ပါဟု မည်သူဆိုဝံ့ပါသနည်း။ (မုတ်ဆိတ်နှုတ်ခမ်းမွေးနှင့် မတ်တတ်ရုပ်၊ အပေါ်သင်္ကန်းရောင်၊ အောက်အဖြူရောင်) ပုဂ္ဂိုလ်အား ဗားမဲ့ဆရာတော်မဟုတ်ပါဟု စိတ်တွင် ဇဝေဇဝါ မဖြစ်ကြပါနှင့်။

ဗားမဲ့ဆရာတော်စီရင်ခဲ့သော အင်းပညာရပ်အမျိုးမျိုးမှ "က"မှ "အ"အထိ အလယ်ဝင်သုံးလှူကေသီအင်းတော်များအကြောင်း ရေးသားဖော်ပြပေးပါမည်။ စာအုပ်တစ်အုပ်နှင့် တစ်အုပ် အင်းကွက်ပုံစံ ကွဲလွဲမှု ရှိတတ်သည်။ အင်းသွားမှန်ဖို့နှင့် အင်းဆံမှန်ဖို့ အရေးကြီးသည်။

### "က"အလယ်ဝင်အင်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | နံ | | | | |
| | | | ၁၅ | ဂ | ၂၄ | | | |
| | | ခ | ပ | သ | ဓ | ဃ | | |
| | ၇၈ | ဟ | ည | ဍ | ဘ | ဝ | ၃၆ | |
| ဋ | ဈ | ဖ | မ | က | ဋ | ဒ | င | လ |
| | ၃၆ | အ | ဋ္ဌ | ဗ | ပ | ရ | ၇၈ | |
| | | ဇ | ဆ | ယ | ထ | စ | | |
| | | | ၂၄ | ဆ | ၁၅ | | | |
| | | | | တ | | | | |



www.burmeseclassic.com

www.burmeseclassic.com

"က"အလယ်ဝင်အင်း မိတ္တူကူးအသုံးချနိုင်သည်။ ကိုယ်တိုင်ရေးဆွဲမည်ဆိုပါက "ခ"အက္ခရာ(တနင်္ဂနွေထောင့်) မှ စတင်၍ ရေးဆွဲရမည်။ မြင်းသွားပုံစံ ရေးရသည်။ အက္ခရာ ရေးသွင်းရတွင် "က"ကာရော စ ဗုဒ္ဓရှုပ်၊ "က" ဒုက္ခံ ကုသလ ဓမ္မံ၊ နမောဗုဒ္ဓါယ"က"ဟု ဆိုရေးရမည်။ (ခ)ရေးပါက "ခ"အစားထိုးဆိုပါ။ အချို့ကျမ်းတွင် "အက္ခရာ မေကဋ္ဌ ဗုဒ္ဓ ရှုပ် "က"ဟု ဆိုရေးနိုင်းသည်။ "အက္ခရာတစ်လုံး ဘုရားတစ်ဆူ တည်ပါစေသတည်း"ဟု ဆိုရေးနိုင်သည်။ ထိုသို့ "က" အလယ်ဝင်အင်းမှ "အ"အလယ်ဝင်အင်းအထိ ၃၃ အင်း ရှိသည်။ အဘမင်းသိခ်က "အ"အလယ်ဝင် အိမ်အေးစေဟု ဖွင့်ဆိုထားသည်။ "အ"အလယ်ဝင် ရေးဆွဲ၊ ပလတ်စတစ် လောင်းပြီး ရေထဲထည့်စိမ်နိုင်းလေ့ရှိသည်။

"အင်း"ကို အာပေါ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်း၊ ရေစိမ် ပက်ဖျန်း၊ ရေစိမ်သောက်၊ အအေးဓာတ်ဖြင့် စီရင်ခြင်း၊ တေဇောဓာတ် ဖယောင်းတိုင်ပတ်၊ မီးထွန်း။ အင်းပြားပေါ် ဖယောင်းတိုင်တင်၊ မီးပူဇော်ဆုတောင်းခြင်း အဓိကနှစ်မျိုး ဆောင်ရွက်လေ့ရှိကြသည်။ အေးဆေးတည်ငြိမ်လိုသော ကိစ္စ၊ မပြောင်းရွှေ့လိုခြင်း၊ တည်တံ့ခိုင်မြဲလိုခြင်း စသည်တို့ကို ရေဓာတ်အသုံးပြုသည်။ လျင်မြန်၊ ပြောင်းရွှေ့ လှုပ်ရှားလိုသောကိစ္စ မီးဓာတ်သုံးသည်။ မည်သည့်ကိစ္စမဆို အလျင်အမြန်ပြီးစီးအောင်မြင်စေရန် မီးထွန်းနိုင်သည်။ မီးမထွန်း၊ ရေမစိမ်ဘဲ ကြေးပြား၊ ငွေပြား၊ ရွှေပြားတွင် ချပြီး ဆောင်နိုင်သည်။

## ဗျည်းအင်းများ ဂုဏ်ထူး(အကျိုးကျေးဇူး)

"က"အလယ်ဝင်အင်းကား မြေကြီးအထုနှင့်တူသော ဘုန်းတန်ခိုးပညာ၊ ဥစ္စာစည်းစိမ်တို့နှင့် ပြည့်စုံ၏။ "ခ"အင်း ခုနစ်ရက်သားသမီးတို့၏ ကြည်ညိုလေးမြတ်ခြင်းခံရ၏။ "ဂ" အင်းနတ်သိကြားတို့နှင့် တွေ့နိုင်၏။ "ဃ"အင်း မိုးကြိုးလောင် မီးကွင်းသည်။

မှတ်ချက် ။ ။ "ဂ"အင်းကို ငါးဆူဒါယကာမင်းအား ဗားမဲ့ဆရာတော်ပေး၍ သိကြားကိုယ်တိုင် လာကူ၏။ "ဃ"အင်းမှာ အင်းဝနန်းတော် ငှက်မြတ်နား၌ စီရင်ထား၏။ "င"အင်း ဆင်မြင်းကျွဲနွား ပေါ်များ၏။ "စ"အင်း စက်မက် အင်္ဂါမရှိ။ (အမရပူရရွှေမြို့တော်)ဗဟိုရ်စည်တော်ကြီးတွင် စီရင်ထားသည်။ "ဆ"အင်း အဆိပ်ဟူသမျှ နိုင်၏။ "ဇ"အင်း အကြံဟူသမျှ အောင်၏။ "ဈ"အင်း ရန်အပေါင်းကို နိုင်၏။ "ည"အင်း မြွေနဂါးနိုင်၏။ "ဋ"အင်း နတ်မိစ္ဆာတို့ကို နိုင်၏။ "ဋ္ဌ"အင်း တစ္ဆေမြေဖုတ် ကြောက်၏။ "ဍ"အင်း ရန်သူပြေး၏။ "ဎ"အင်း ရေပေါ်ပေါ်၏။ "ဏ"အင်း မကောင်းကြံ အမြန်ဖြစ်၏။ "တ"အင်း အပြိုင်အဆိုင် အတိုက်အခိုက် နိုင်၏။ "ထ"အင်း ရန်ပြေပျောက်၏။ "ဒ"အင်း မိုးကို တိတ်စေ၏။ "ဓ"အင်း ကာယသိဒ္ဓိပြီး၏။ "န"အင်း မှောင်ကျ၏၊ မိုးအုံ့စေတတ်၏၊ ရွာတတ်၏။ "ပ"အင်း လေကြီးမိုးကြီး ကျစေတတ်၏။ "ဖ"အင်း ရေကြီးစေတတ်၏။ "ဗ"အင်း ကမ်းပြိုစေတတ်၏။ "ဘ"အင်း ရေကို မီးလောင်စေတတ်၏။ "မ"အင်း ကျောက်စိုင်ကျောက်ခဲ ကွဲစေတတ်၏။ "ယ"အင်း ရေထွက်စေတတ်၏။ "ရ"အင်း ရေစီးစေတတ်၏။ "လ"အင်း အမှောင်ကို လင်းစေတတ်၏။ "ဝ"အင်း ယားယံစေတတ်၏။ "သ"အင်း အယားပျောက်၊ အနာပျောက်စေတတ်၏။ "ဟ"အင်း အကြီးအကဲဖြစ်စေတတ်၏။ "ဠ"အင်း တိုင်း၊ ခရိုင်၊ မြို့နယ် ကျယ်စေ၊ မြို့နယ်ခွဲ့တိုင်းရ၏။ "အ"အင်း ဆေးဝါးမန္တန်အပေါင်း ကျေပျက်စေတတ်၏၊ ပယောဂအနှောင့်အယှက် နိုင်၏။

မှတ်ချက်။ ။ ဗျည်းအင်းတစ်မျိုးလျှင် အင်း ၃၃ အင်း စသည် ပွားများခဲ့ထွင်နိုင်သောကြောင့် ဗျည်းအင်း *အကျိုးပေါင်း ၃၀၀ ကျော်၊ ၄၀၀ ကျော်ခန့် ထို့ထက်အလွန်* လည်း ပွားများနိုင်၏။ ဉာဏ်ရှိတိုင်းခဲ့ရာ မဆုံးနိုင်ကုန်။ များစွာကျယ်ဝန်း၏။ တစ်ခု၊ တစ်ခုမှာ အနက်အဓိပ္ပာယ် တစ်မျိုးစီ ဖြစ်၏။ အကျိုးချင်း မတူချေ။

* ခ၊ ဂ၊ ဃ၊ င၊ စ အလယ်ဝင်အင်းများ ဖော်ပြပေးလိုက်သည်။ ထောင့်လေးထောင့် အင်းပတ်လည်တွင် အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း (မိတ်ဓာတ်)၊ လိုရာဆန္ဒ အောင်စေနိုင်စေ၊ ပိုင်စေ စသည်ဖြင့် ရေးသားနိုင်သည်။ ပလတ်စတစ်လောင်း ဆောင်ထားနိုင်သည်။ မီးပူဇော်နိုင်သည်။

ဂဏန်းအင်းမှာ ဗျည်း ၃၃ လုံး ၁ = က မှ စချပြီး ၃၃ = "အ"အလယ်ဝင်ကို ပြထားသောပုံ ဖြစ်သည်။ ဖတ်သနာ ပါသူများ ကိုယ်တိုင်ရေးဆွဲစီရင်နိုင်ရန် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော၊ အသုံးတည့်သော အင်းပုံစံ

www.burmeseclassic.com

ဂ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ဎ | | | | |
| | | | | င | | | | |
| | | ဃ | ဗ | ဠ | ပ | စ | | |
| | | အ | ဌ | ဏ | ယ | ဟ | | |
| က | ဋ | ဘ | ရ | ဂ | ဍ | န | ဆ | သ |
| | | ခ | ဖ | မ | တ | ဝ | | |
| | | ည | ထ | လ | ဓ | ဇ | | |
| | | | | ဈ | | | | |
| | | | | ဒ | | | | |

င

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ဘ | | | | |
| | | | | ဆ | | | | |
| | | စ | မ | က | ဗ | ဇ | | |
| | | ခ | ဖ | ထ | လ | အ | | |
| ဂ | ဍ | ဃ | ဝ | င | ဏ | ဓ | ဈ | ဌ |
| | | ယ | တ | ရ | ဒ | ဟ | | |
| | | ဠ | ဎ | သ | ပ | ည | | |
| | | | | ဋ | | | | |
| | | | | န | | | | |

ဃ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ဗ | | | | |
| | | | | စ | | | | |
| | | င | ဘ | အ | ဎ | ဆ | | |
| | | က | ဍ | တ | ရ | ဠ | | |
| ခ | ဌ | မ | လ | ဃ | ဖ | ပ | ဇ | ဟ |
| | | ဂ | ဏ | ယ | ထ | သ | | |
| | | ဋ | ဒ | ဝ | န | ဈ | | |
| | | | | ည | | | | |
| | | | | ဓ | | | | |

စ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | မ | | | | |
| | | | | ဇ | | | | |
| | | ဆ | ယ | ခ | ဘ | ဈ | | |
| | | ဂ | ဏ | ဒ | ဝ | လ | | |
| ဃ | ဖ | ရ | သ | စ | တ | ဗ | ည | အ |
| | | င | ထ | လ | ဓ | ဌ | | |
| | | ဍ | န | ဟ | ဎ | ဋ | | |
| | | | | ဠ | | | | |
| | | | | ပ | | | | |

စီရင်ဆောင်ရွက်နိုင်ပါသည်။ အချို့က အင်းကို မိတ္တူကူး ဆောင်ရွက်လျှင် အစွမ်းမထက်နိုင်ဟု ယူဆကြသည်။ ဆရာတော်၊ ဆရာရသေ့၊ ဆရာကြီးအချို့ အင်းစာရွက်များ မိတ္တူပွား ပေးလေ့ရှိပါသည်။ ပေးသူနှင့် ယူသူ(လက်ခံသူ) ယုံကြည်မှု သဒ္ဓါအရေးကြီးသည်။ ယုံကြည်စွာဆောင်ရွက်လျှင် အစွမ်း ထက်ပါသည်။ ကိုယ်တိုင်ရေးဆွဲပါက စနစ်တကျ ညီညာစွာ ရေးဆွဲရမည်။ အက္ခရာရေးသွင်းရာတွင် အသက်အောင့်ရေး သွင်းလျှင်ပင် အသက်ဝင်နိုင်ပါသည်။ ရှေးတွင်လည်း အက္ခရာ ရေးသွင်းနည်း ဖော်ပြထားသည်။ ဝိယသိဒ္ဓိစွယ်စုံကျမ်းတွင် အက္ခရာရေးသွင်းနည်းနှစ်နည်း တွေ့ရသည်။

စမအက္ခရာသွင်းသောအခါ ရွတ်ဆိုရန်ကား···

**ဦး-စ-အဋ္ဌမဂ္ဂဂါနိ၊ တိပိဋကတ္တယံ၊ သုညဓေဝ ဘဝိဿတိ။**

စ၊ ခ၊ ဗ၊ ဝ စမသွင်းလျှင် စသွင်းနည်းကိုမှီ၍ စ-နေရာမှ စသွင်း၍ ရွတ်ဆိုပါ။

တစ်နည်း···



www.burmeseclassic.com

www.burmeseclassic.com

## "ခ" အလယ်ဝင်အင်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ဖ | ခ | | | |
| | | | | ယ | | | | |
| | | ဂ | ဇ | ဟ | န | င | | |
| | | ဠ | ဍ | ပ | မ | သ | | |
| အ | ည | ဗ | ဃ | ခ | ဌ | ဋ | စ | ဝ |
| | | က | ဎ | ဘ | ဏ | လ | | |
| | | ဈ | တ | ရ | ဒ | ဆ | | |
| | | | | ဓ | | | | |
| | | | | ထ | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ဋ | အ | | | |
| | | | | ခ | | | | |
| | | က | န | ဝ | ဒ | ဂ | | |
| | | သ | ဈ | ဌ | ဗ | လ | | |
| ဟ | ဓ | ဖ | ဘ | အ | ည | ထ | ယ | ရ |
| | | ဠ | ဍ | ဇ | ဎ | ဃ | | |
| | | ဆ | ပ | မ | တ | င | | |
| | | | | စ | | | | |
| | | | | ဏ | | | | |

## ဂဏန်းအင်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ၁၉ | | | | |
| | | | | ၂ | | | | |
| | | ၁ | ၂၀ | ၂၉ | ၁၈ | ၃ | | |
| | | ၃၀ | ၉ | ၁၂ | ၂၃ | ၂၈ | | |
| ၃၁ | ၈ | ၂၁ | ၂၄ | ၃၃ | ၁၀ | ၁၇ | ၄ | ၂၇ |
| | | ၃၂ | ၁၁ | ၂၂ | ၁၃ | ၂၆ | | |
| | | ၇ | ၁၄ | ၂၅ | ၁၆ | ၅ | | |
| | | | | ၆ | | | | |
| | | | | ၁၅ | | | | |

"ဥုံ အကွရာ မဋ္ဌေဠှာနေ"ဟု ဆို၍ အင်းဆံသွင်းပါ။

## အင်းသိဒ္ဓိတင်ဂါထာ

ဥုံ-သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ သိဒ္ဓိအပေါင်း ထောင်ဆောင်းထက် ဆရာထက် (အနည်းဆုံး ခုနစ်ခေါက် ရွတ်ဆို သိဒ္ဓိတင်ပါ။)


ဗျည်းအင်းတော် ၃၃ ခုတွင် အစ "က"အလယ်ဝင် နှင့် အဆုံး "အ"အလယ်ဝင်အသုံးများ အဆောင်ပြုလုပ်လေ့ ရှိသည်။

## အင်းအသက်သွင်းဂါထာ

ဥုံ ဇမ္ဗူဒီပါ၊ ကျယ်စွာပတ်လုံး။ ကျွန်းလုံးနှံ့မျှ ဒေဝ ဒေဝါ နတ်တကာတို့၊ ဗုဒ္ဓမြတ်စွာ၊ ဓမ္မ-သံဃာ၊ မြတ်စက်တော် အာဏာကြောင့်၊ မကြာချက်ချင်း။ ငါ၏ အင်းကို၊ သွင်းလောင်းအသက်၊ နတ်ရင်ငွေ့နှင့်၊ ပွေ့ကာ ဖက်၍ အသက်ဝင်စေသော်။ (ခုနစ်အုပ်ရွတ်)

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ…။

ဂမ္ဘီရဆရာလှမျိုး(B.SC)



www.burmeseclassic.com

# ဗားမဲ့ဆရာတော်ကြီး စီရင်သော

# ဝိ သေ သ သ ပ တ္တ နာ

# ဂါထာတော်ကြီး

ဗားမဲ့ဆရာတော်ဘုရားကြီးသည် လောကီပညာအစီအရင်များ တစ်ဖက်ကမ်းခပ် တတ်မြောက်ကြောင်းကို လူသိများ ထင်ရှားခဲ့လေသည်။ ဗားမဲ့ဆရာတော်ဘုရားကြီး၏ အစီအရင် ဂါထာတော်များမှာလည်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကိုသာလျှင် အမျိုးမျိုးအဖုံဖုံ ညွှန်းဆိုဖွဲ့၍ ပါဠိ၊ အနက်၊ စသည်တို့ကို ဖော်ပြကာ ဂါထာတော်များ စီရင်ခဲ့သည်ကို ကျွန်မ လေ့လာတွေ့ရှိရပါသည်။

ထိုကဲ့သို့ ဗားမဲ့ဆရာတော်ဘုရားစီရင်ခဲ့သော ဂါထာတော်များထဲမှ ဝိသေသသပတ္တနာဂါထာတော်ကြီးကို ကျွန်မ ရေးသားတင်ပြလိုက်ပါသည်။ ထိုဂါထာတော်ကြီး၌ စာပိုဒ် ၁၄ ပိုဒ်ရှိသည်။ အောက်ပါ ဂါထာတော် ၁၄ ပိုဒ်ကို နံနက်စောစော သီလခံယူဆောက်တည်ပြီးလျှင် မိမိသက်စေ့ထက် တစ်ခေါက်ပို၍ ရွတ်ဆိုရပါသည်။ သုံးရက်အတွင်း ကောင်းမြတ်သော အိပ်မက်တို့ ၌ နတ်တို့ ထင်ရှားစွာ ပြပေလိမ့်မည်။ ၁၄ ရက်ကြာသော် ထူးမြတ်သော အကျိုးကျေးဇူးများ ရရှိခံစားရမည် ဖြစ်သည်။

ထိုဝိသေသသပတ္တနာဂါထာတော်ကြီး ၁၄ ပိုဒ်ကို နေ့စဉ်ရွတ်ဆိုပွားများပါက ဩဇာအာဏာကြီးမားခြင်း၊ သူတစ်ပါးတို့ ကြောက်ရွံ့ရှိသေခြင်း၊ မိမိပြောသမျှ စကားကို နာခံကြခြင်း၊ မြတ်သောလာဘ်ကို ခံယူရရှိခြင်း၊ ကိုယ်စိတ်နှစ်ပါး၏ အလိုဆန္ဒနှင့် ပြည့်စုံခြင်း၊ စည်းစိမ်ဥစ္စာ ပေါ်များခြင်း၊ ကောင်းသော အခြွေအရံတို့နှင့် ပြည့်စုံခြင်း၊ ဘုန်းကြီးခြင်း၊ ခုနစ်ရက်သားသမီးတို့ပင်မက နတ်များကပင် ချစ်ခင်စွာ စောင့်ရှောက်ခြင်းကို ခံရပါသည်။ ယုံကြည်စွာ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်။

<u>ဝိသေသသပတ္တနာဂါထာတော်များ</u>

၁။ ဣန္ဒီ ဣန္ဒီ ဝိလာသဂ္ဂ၊ ဣန္ဒီစိန္တေယျ သံယုတ္တံ၊ ဝန္နေသာရ ဂုဏောပေတံ၊ တေနမှာ တုလဣန္ဒီမာ။

မရည်မွန်(ကျုံပျော်)



www.burmeseclassic.com

www.burmeseclassic.com

အဟံ-ငါသည်၊ ဣန္ဒိဣန္ဒိဝိလာသဂ္ဂ၊ ဣန္ဒိစိန္တေယျ သံယုတ္တံ-ပကတိသောတန်ခိုး။ အလွန်တင့်တယ်သော တန်ခိုး။ မကြံစည်နိုင်သော တန်ခိုးနှင့် ကောင်းစွာ ယှဉ်တော်မူထသော၊ သာရဂုဏော ပေတံ-ဂုဏ်တော်ကို၊ ဝန္ဒေဝန္ဒာမိ-ရှိခိုးပါ၏။ တေနပုညေန-အကျိုးအားကြောင့်၊ အတုလဣန္ဒိမာ-အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည်၊ အမိ-လို၏။

၂။ ဝါစာ ဝါစာ ဝိလာသဂ္ဂ၊ ဝါစာစိန္တေယျ သံယုတ္တံ၊ ဝန္ဒေသာရ ဂုဏောပေတံ၊ တေနမှာ တုလဝါစကော။

အဟံ-ငါသည်၊ ဝါစာ ဝါစာ ဝိလာသဂ္ဂ၊ ဝါစာစိန္တေယျ သံယုတ္တံ-ပကတိသော စကား။ အလွန်တင့်တယ်သော စကား။ မကြံစည်နိုင်သော စကားနှင့် ကောင်းစွာ ယှဉ်တော်မူထသော၊ သာရဂုဏော ပေတံ-ကို၊ ဝန္ဒေ ဝန္ဒာမိ-ရှိခိုးပါ၏။ တေနပုညေန-ကြောင့်၊ အတုလဝါစကော-အတုမရှိသော စကားနှင့် ပြည့်စုံသည်၊ အမိ-လို၏။

၃။ ဉာဏ ဉာဏ ဝိလာသဂ္ဂ၊ ဉာဏစိန္တေယျ သံယုတ္တံ၊ ဝန္ဒေသာရ ဂုဏောပေတံ၊ တေနမှာ တုလဉာဏဝါ။

အဟံ-ငါသည်၊ ဉာဏ ဉာဏ ဝိလာသဂ္ဂ၊ ဉာဏစိန္တေယျ သံယုတ္တံ-ပကတိသော ဉာဏ်၊ အလွန်တင့်တယ်သော ဉာဏ်၊ မကြံစည်နိုင်သော ဉာဏ်နှင့် ကောင်းစွာ ယှဉ်တော်မူထသော၊ သာရဂုဏော ပေတံ-ကို၊ ဝန္ဒေ ဝန္ဒာမိ-ရှိခိုးပါ၏။ တေနပုညေန-ကြောင့်၊ အတုလဉာဏဝါ-အတုမရှိသောဉာဏ်နှင့် ပြည့်စုံသည်၊ အမိ-လို၏။

၄။ သင့် ဟေ မဋ္ဌ ရတနံ၊ ဂေဟံဝတ္ထုဋ္ဌ ဘောဇနံ၊ တဒညေပိ ယထာစိတ္တံ၊ မာပေယျံ တံနမေဇိနံ။

ယောဇိနော-အကြင်မြတ်စွာဘုရားသည်၊ သင့်-ငွေကိုလည်းကောင်း။ ဟေမဋ္ဌ-ရွှေကိုလည်းကောင်း။ ရတနံ-ပုလဲ ရတနာကိုလည်းကောင်း။ ဂေဟံ-ကျောင်းအိမ်ကိုလည်းကောင်း။ ဝတ္ထုဋ္ဌ-အဝတ်ပုဆိုးကိုလည်းကောင်း။ ဘောဇနံ-အစာကိုလည်းကောင်း။ တဒညေပိ-ထိုမှတစ်ပါး အလုံးစုံမျိုးတို့လည်းကောင်း။ ယထာစိတ္တံ-စိတ်ရှိတိုင်း။ မာပေယျံ-ဖန်ဆင်းတော်မူနိုင်၏။ ထိုမြတ်စွာဘုရားကို၊ နမေ နမာမိ-ရှိခိုးပါ၏။

၅။ သင့် ဟေ မဋ္ဌ ရတနံ၊ ဂေဟံဝတ္ထုဋ္ဌ ဘောဇနံ၊ တဒညေပိ ယထာစိတ္တံ၊ မာပေယျံ ကမ္ဗဇိန္ဒိယာ။

အဟံ-ငါသည်၊ သင့်-ငွေကို လည်းကောင်း။ ဟေမဋ္ဌ-ရွှေကိုလည်းကောင်း။ ရတနံ-ပုလဲ ရတနာကိုလည်းကောင်း။ ဂေဟံ-ကျောင်းအိမ်ကိုလည်းကောင်း။ ဝတ္ထုဋ္ဌ-အဝတ်ပုဆိုးကိုလည်းကောင်း။ ဘောဇနံ-အစာကိုလည်းကောင်း။ တဒညေပိ-ထိုမှတစ်ပါး အလုံးစုံမျိုးတို့လည်းကောင်း။ ယထာစိတ္တံ-စိတ်ရှိတိုင်း။ မာပေယျံ-ဖန်ဆင်းနိုင်၏။

၆။ သတ္တ ဗောဇ္ဈင်ရတနော၊ သဒ္ဓါဒိ ရတနောမုနိ၊ သတိပဘုတိရတနော၊ ဝန္ဒေတံ ပုရိသုတ္တမံ။

ယောမုနိ-အကြင်မြတ်စွာဘုရားသည်၊ သတ္တဗောဇ္ဈင် ရတနော-ဗောဇ္ဈင်တည်းဟူသော ရတနာခုနစ်ပါးနှင့် ပြည့်စုံတော်မူ၏။ သဒ္ဓါဒိရတနော-သဒ္ဓါအစရှိသော ရတနာခုနစ်ပါးနှင့် ပြည့်စုံတော်မူ၏။ သတိပဘုတိရတနော-သတိအစရှိသော ရတနာမျိုးစုံနှင့် ပြည့်စုံတော်မူ၏။ ပုရိသုတ္တမံ-ယောက်ျားမြတ် ဖြစ်တော်မူသော၊ တံမုနိ-ကို၊ အဟံ-ငါသည်၊ ဝန္ဒေ ဝန္ဒာမိ-ရှိခိုးပါ၏။

၇။ စက္ကာဒိ သတ္တရတနံ၊ မုတ္တာဒိ ရတနံသုတံ၊ ဝတ္ထုပ္ပဘုတိရတနံ၊ ဆန္ဒကမ္မော လဘာမဟံ။

စက္ကာဒိ သတ္တရတနံ-စက်အစရှိသော ရတနာခုနစ်ပါးကိုလည်းကောင်း။ သုတံ-တင့်တယ်စွာသော၊ မုတ္တာဒိ-ရတနာ, ပုလဲ အစရှိသော ရတနာခုနစ်ပါးကိုလည်းကောင်း။ ဝတ္ထုပ္ပဘုတိရတနံ-အဝတ်အစရှိသော ရတနာမျိုးကိုလည်းကောင်း။ အဟံ-သည်၊ ဆန္ဒကမ္မော-အလိုရှိသောခဏ၌၊ လဘာမိ-ရစေသတည်း။

၈။ သမ္ဗုဒ္ဓစိတ္တ သဂေ်ပွေါ၊ ယထာကာမ်တမာပကော၊ ကေနစန ဘိဘူတောယော၊ သဗ္ဗာဘိဘူ နမေဇိနံ။

ယောဇိနော-အကြင်မြတ်စွာဘုရားသည်၊ သမ္ဗုဒ္ဓစိတ္တ သဂေ်ပွေါ-ပြည့်စုံပြီးသော စိတ်အကြံရှိတော်မူ၏။ ယထာကာမ်တမာပကော-အလိုရှိတိုင်း ဖန်ဆင်းတော်မူနိုင်၏။ ကေနစိ-တစ်စုံတစ်ယောက်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတည်း။



www.burmeseclassic.com

www.burmeseclassic.com

အနဘိဘူတော၊ မနိုင်စက်နိုင်၊ သဗ္ဗာဘိဘူ၊ အလုံးစုံသော၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ကို လွှမ်းမိုးတော်မူနိုင်စွမ်း၊ တံငီနံ-ကို၊ အပဟံ-ငါသည်၊ နမေ နမာမိ-ရှိခိုးပါ၏။

**၉။ သဗ္ဗံ ပရဝသံ ဒုက္ခံ၊ သဗ္ဗ သဿရိယံ သုခံ၊**
**သဗ္ဗံ မေဝသံ အတ္တူ၊ သဗ္ဗ မိဿရိ ယန္တံမေ။**

သဗ္ဗံ-အလုံးစုံသော၊ ပရဝသံ-သူတစ်ပါးတို့၏ အလိုသို့ လိုက်ရခြင်းသည်၊ ဒုက္ခံ-ဆင်းရဲ၏။ သဗ္ဗ-ခပ်သိမ်းသော၊ ဣဿရိယံ-အစိုးရခြင်းသည်၊ သုခံ-ချမ်းသာ၏။ သဗ္ဗံ-အရာ ခပ်သိမ်းသည်၊ မမဝသံ-ငါ၏အလိုသို့ လိုက်သည်၊ အတ္တူ-ဖြစ်စေသတည်း။ သဗ္ဗ-ခပ်သိမ်းသော၊ ဣဿရိယန္တံ-အစိုးရခြင်းသည်ကား၊ မေ-ငါ့အား၊ အတ္တူ-ဖြစ်စေသတည်း။

**၁၀။ နိတ္ထိ တိဝစနံ ဒုက္ခံ၊ ဒေဟီတိ ဝစနံတထာ၊**
**တသ္မာ နတ္ထိတိ ဒေဟီတိ၊**
**မာမေ ဟောတု ဘဝါဘဝေ။**

နိတ္ထိ တိဝစနံ-မရှိဟုဆိုရခြင်းသည်၊ ဒုက္ခံ-ဆင်းရဲ၏။ ဒေဟီတိဝစနံ-ပေးပါဟု ဆိုရခြင်းသည်လည်း၊ တထာ-ထို့အတူ၊ ဒုက္ခံ-ဆင်းရဲ၏။ တသ္မာ-ထို့ကြောင့်၊ နတ္ထိတိ-မရှိဟူ၍ ဆိုရခြင်းသည်လည်းကောင်း၊ ဒေဟီတိဝစနံ-ပေးပါဟု ဆိုရခြင်း သည်လည်းကောင်း၊ ဘဝါဘဝေ-ဘဝကြီးငယ်၌၊ မေ-ငါ့အား၊ မာဟောတု-မဖြစ်စေသတည်း။

**၁၁။ မုတ္တ ယုတ္တ ပဋိဘာဏော၊ အာဒေယျ ဝစနောသဒါ၊**
**ပုရင္လော သယဝိညူစ၊ ထေတောပစ္စယိမဏ ဘဝေ။**

သောအပဟံ-ထိုငါသည်၊ မုတ္တ ပဋိဘာဏော-အသင့် လွတ်လွတ် ဆိုတတ်သည်လည်းကောင်း၊ သဒါ-အခါခပ်သိမ်း၊ အာဒေယျဝစနော-သူခပ်သိမ်းတို့ဟူသော ခံ့တည်းဟူသော စကားရှိသည်လည်းကောင်း၊ ပုရင္လောသယဝိညူစ-သူတစ်ပါး အလိုဆန္ဒကို သိတတ်သည်လည်းကောင်း၊ ထေတော-မသွေ မလုန် မြဲမြံသောစကားရှိသည်လည်းကောင်း၊ ပစ္စယိမဏော-သူခပ်သိမ်းတို့ယုံကြည်သော စကားရှိသည်လည်းကောင်း၊ ဘဝေ-လို၏။

**၁၂။ နာညူပက္က မရေဏော၊ သဗ္ဗာရမိဝိသာဝရော၊**
**အဆဗ္ဗာ ဘဗ္ဗဏယောမို၊ အပန္နာဂယုဝိဂ္ဂတော။**

နာညူပက္က မရေဏော-သူတစ်ပါးလုံ့လဖြင့် သေရခြင်း မရှိသည်လည်းကောင်း၊ သဗ္ဗာရမိဝိသာဝရော-အလုံးစုံသော လက်နက်အဆိပ်တို့ကို ကာကွယ်နိုင်သည်လည်းကောင်း၊ အဆဗ္ဗာ ဘဗ္ဗဏယော-မပြတ်မစုတ်နိုင်သော ကိုယ်ရှိသည် လည်းကောင်း၊ အပန္နာဂယုဝိဂ္ဂတော-မနှောင်မဖွဲ့နိုင်၊ မဖျက် ဆီးနိုင်သည်လည်းကောင်း၊ အမို-လို၏။

**၁၃။ ကောသာရုပာဏ မတ္တမ္ပိ၊ အကာယေဗျမိဟောတုမေ၊**
**ကာယစိတ္တ သုခေါနိစ္စံ၊ ဘဝေယျံ ဒီဃဇီဝိတော။**

ကောသာရုပာဏ မတ္တမ္ပိ-ဆံခြည်ချောင်းမျှလောက်သော် လည်းကောင်း၊ မေ-၏၊ ကာယေ-၌၊ ဗျမိ-အနာသည်၊ မာဟောတု-မဖြစ်စေသတည်း။ နိစ္စံ-အမြဲ ကာယစိတ္တသုခေါ- ကိုယ်စိတ်၏ ချမ်းသာခြင်းရှိသည်လည်းကောင်း၊ ဒီဃဇီဝိတော- အသက်ရှည်သည်လည်းကောင်း၊ ဘဝေယျံ-လို၏။

**၁၄။ မနုဿာန အတိက္ကမ္မ၊ ဒေါဝါနံဝိယ ဘောဇနံ၊**
**ဝတ္ထံ ဘောဝါစမေ ဟောန္တု ပရိဝါရာတိ သုန္ဒရာ။**

မနုဿာနံ-ပကတိလူတို့ထက်၊ အတိက္ကမ္မ-သာလွန်၍၊ ဒေါဝါနံဝိယ-နတ်တို့ကဲ့သို့၊ မေ-ငါ၏၊ ဘောဇနံ-အစာသည် လည်းကောင်း၊ ဝတ္ထံ-အဝတ်ပုဆိုးသည်လည်းကောင်း၊ ဘောဝါစ-စည်းစိမ်းဥစ္စာတို့သည်လည်းကောင်း၊ ပရိဝါစရာစ- အခြံအရံတို့သည်လည်းကောင်း၊ အတိသုန္ဒရာ-အလွန်ကောင်း မြတ် လျောက်ပတ်တင့်တယ်ကုန်သည်၊ ဟောန္တု-ဖြစ်စေကုန် သတည်း။

ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှလုံး ရွှင်ပြုံး ချမ်းမြေ့ကြပါစေ။

မရည်မွန်(ကျူပျော်)

✦ ကျမ်းကိုး ✦

မဟာသိဒ္ဓိကျမ်းရင်းကြီး (ဒုတိယတွဲ)



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ဖြင့်ပေးလာသော

## ရွှေကြုတ်ထဲမှ

# ဗားမဲ့ကျင့်စဉ်တော်

မြနန်းရှင်

ကျွန်မတို့ အသက်အရွယ်များ ဘ ငါးဆယ်ကျော်၊ ခြောက်ဆယ်တန်း တွေ၊ ငယ်စဉ်ကလို ခြေလှမ်းတွေက စိတ်နောက်ကိုယ်မပါနိုင်တော့။ ဒီကြား ထဲ လောကစံအလှည့်အပြောင်း ကြုံ ဆုံကြရတာလည်း ရှိသေးသည်။ ထို့ ကြောင့် လောကီနယ်အပူငွေ့မှာ ရှု ရှိုက်ရင်း အတ္တ၊ အတ္တနိယ၊ ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေ ပါးနိုင်သမျှပါးအောင် ကြိုးရင်း ဘာဝနာလမ်းစဉ်ကို ဂရု တစိုက် ပျက်ယွင်းမှုမရှိစေရန် အား ထုတ်နေရသည်။

ကျွန်မတို့ သက်တမ်းစေ့ နေခွင့် ရမည့် အသက်ငါးဆယ်မှ ခုနစ်ဆယ် အထိ လူ့သက်တမ်းနေခွင့် (ခုနစ် ထောင်)ကျော်မျှသော ရက်ပေါင်းထဲမှာ ရက်ပေါင်း ထောင့်ရှစ်ရာကျော် ကုန် လွန်သွားချေပြီ။

ထို့ကြောင့် သမုဒယသံယောဇဉ် ကြိုးက ဖြတ်ရန်ခက်သည့်ကြားမှ ယခု လို ဝါတွင်းကာလမှာရော၊ ဝါပကာလ များတွင် အာစိဏ္ဏကံ အဓိဋ္ဌာန် ကုသိုလ်အပြင် ဝါတွင်းဥပုသ်ရက်တိုင်း နဝင်္ဂသီလတည်ဆောက်နေထိုင်ခြင်း၊ သက်သက်လွတ် စားသုံး၊ သီလဖြင့် ကုသိုလ်ပွား၊ အဓိဋ္ဌာန်ဖြင့် နေလေ သဖြင့် ထူးခြားသော အိပ်မက်ထူးကို မက်ခဲ့သည်။ မှတ်မှတ်ရရ ဝါဆိုလ ပြည့်ကျော်နေ့ နံနက်အရုဏ်တက်မှာ ဖြစ်သည်။ ကျွန်မသည် နေ့စဉ် ပဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com

ပစ္စယာနုဒ္ဒေသကို အရုဏ်မှာ အာစိဏ္ဏကံ ပူဇော်လေ့ရှိသည်။ အိပ်ရာမှ မနိုးထမီ အိပ်မက်ပေးလာခြင်းဖြစ်သည်။ နေ့စဉ် ဘုရား၊ ရဟန္တာနှင့် အထက်ပုဂ္ဂိုလ်ပိုင်းဆိုင်ရာများ၊ သာသနာ့မိခင်,ဖခင်များ၊ ဓာတ်၊ နတ်၊ သိုက်မကျန် ပင့်ဖိတ်၍ မေတ္တာပို့သ အမျှဝေကုသိုလ်အကြောင်း ဆက်ပါသည်။

အိပ်မက်ထဲမှာ ကျွန်မသည် ခရီးတစ်ခုကို သွားနေပါသည်။ သာယာသော ရှုခင်း၊ တောင်းကုန်းများရှိသည်။ တောင်ကုန်းတစ်ခုပေါ်သို့ လှမ်းတက်ရာ ကျွန်မကဲ့သို့ပင် လမ်းလျှောက်တက်လာသော မိန်းမချောငယ်ငယ်လည်း တွေ့ရသည်။ သူ၏ ဆံနွယ်ရှည်များက စည်းနှောင်မထားပေမယ့် ကျက်သရေရှိလှသည်။ တောင်ကုန်းထိပ်အရောက် ခပ်လှမ်းလှမ်းတွင် ရပ်နေကြပြီး စကားမဆိုဖြစ်ပါ။ လှမ်း၍သာ ကြည့်နေမိကြသည်။ ပြီး ... ခပ်ချောချော လူငယ်တစ်ဦး၊ ပိုးပုဆိုးဝတ်နှင့် မိန်းမငယ်ဆီ ဦးတည်တက်လာနေသည်။

ကျွန်မရပ်နေသော အနီးမှာ မိကျောင်းသတ္တဝါတစ်ကောင် ချောင်းမြောင်းရှိရာမှ ကုန်းပေါ်တက်လာပြီး ရှိနေပါသည်။ သူ၏ခန္ဓာကိုယ်ပေါ်မှ ရွှံ့နွံစက်များ သန့်စင်သွားအောင် ခါချနေသည်။ သူ့အာခံတွင်းထဲဝင်ရောက်နေသော ရွှံ့နွံရေများကို အန်ထုတ်လိုက်သည်။ သူ၏ခန္ဓာကိုယ် သန့်ရှင်းသွားလေမှ ကျွန်မအနီး တိုးကပ်ရောက်ရှိလာပြီး သူ၏ မိကျောင်းပါးစပ်အား ဖွင့်ဟထားကာ ကျွန်မ၏ အမိန့်ပေးမှုကိုနာခံရန် ငေးကြည့်နေရှာသည်။

ကျွန်မ၏လက်အတွင်းမှာ ပရိတ်ချည်မျှင်နှင့် ထုံးဖွဲ့ထားသည့် ကျောက်ကွင်း ရောက်ရှိလို့နေသည်။ မိကျောင်းခေါင်းဝင်ဆံ့ရုံမျှ ခွေထားသော ကျောက်ကွင်းအား မိကျောင်း၏ ဦးခေါင်းကို စွပ်နှောင်လိုက်သည်။ ခွေးလည်ပတ်ကြိုးတပ်ကာ ခေါ်သွားသကဲ့သို့နှယ် ထိုမိကျောင်းသည် ကျွန်မရှေ့ဆက်မည့်ခရီးကို လိုက်ပါလာလေသည်။ ကျွန်မ လူသွားလမ်းကြောအတိုင်း လျှောက်၍ မိကျောင်းအား ကြိုးဆွဲခေါ်သွားစဉ် စောစောပိုင်းက တောင်ကုန်းပေါ်တက်လာသော လူရွယ်လည်း တောင်ကုန်းထိပ်သို့ရောက်ကာ မိန်းကလေးအနားမှာ ခြေစုံအတူရပ်ပြီး ကျွန်မနှင့် မိကျောင်းအား လှမ်းကြည့်နေကြသည်။

ပြီး ... လူရွယ်မှ လှမ်း၍ ကျွန်မကြားသာအောင် လှမ်းပြောလေ၏။

"ဘာဖြစ်လို့ အပင်ပန်းခံပြီး ခေါ်သွားနေတာလဲ။ မိကျောင်းပါးစပ်ထဲက ရွှေကြုတ်ကိုယူပြီး ဖွင့်ကြည့်၊ ရွှေကြုတ်ထဲမှာ ကျင့်စဉ်ပါတယ်။ ဖွင့်ပြီး ကျင့်ပါတော့လား"

ဟူ၍ ဖြစ်သည် ...။

(၉. ၈. ၂၀၁၃) နေ့တွင် 'နေလ' ဂျာနယ်တိုက်မှာ ဆရာကြီး နေလှိုင်းမင်းနှင့်ဆုံစဉ် အဖြေရှာမရသော အိပ်မက်စဉ်ကို ပြောပြသည်။ ရွှေကြုတ်ထဲမှာက 'အင်း'ပညာ၊ စမပညာ၊ ဓာတ်ပိုင်းဆိုင်ရာတွေက ကျွန်မဉာဏ်မမီသော စာလုံးတွေနှင့် ...။ ကျွန်မ မကျင့်ဖြစ်သေး။ ဘယ်ပုဂ္ဂိုလ်က ဘယ်သို့ ဆက်နွယ်လာသည် မသိပါ။

ဆရာနေလှိုင်မင်းက ဂန္ဓာရီတွေ လွန်စွာ အလုပ်လုပ်သူဆိုတော့ –

"အစ်မရေ ... အဲဒါ ဗားမဲ့ဆရာတော်ကြီးရဲ့ ဓာတ်ပေးတာလေ။ ဗားမဲ့ဆရာတော်ကြီးက မြစ်ကမ်းအနီး ဗုဒ္ဓါနုဿတိနဲ့ ကမ္မဋ္ဌာန်းရှု၊ ကြွလျှောက်ရင်း အဲဒီအချိန်မှာ သူရူးတစ်ယောက်က 'အောင်ပြီဟေ့ .. အောင်ပြီ။ သပြေပင်ရင်း၊ ရေကင်းလာပြီ၊ ကြေးပုရပိုက်၊ ပေးထိုက်ပါသည်၊ အောင်စေသတည်း'လို့ ဆိုပြီး မြစ်လယ်ကောင်ကို ဝမ်းသာအားရ ရယ်မောရင်း လက်ညှိုးထိုးပြနေသတဲ့။

ဗားမဲ့ဆရာတော်က ကမ္မဋ္ဌာန်းအလုပ်ကို ရပ်ပြီး အဲဒီအရူး ညွှန်ပြရာကို လှမ်းမျှော်ကြည့်လိုက်တော့ ရေမ မိကျောင်းကြီးတစ်ကောင်က ဗားမဲ့ဆရာတော်ရှိရာဘက်သို့ ကူးခပ်လာတယ်။ ပါးစပ်ထဲမှာလည်း တစ်စုံတစ်ခုကို ကိုက်ချီလာကြောင်း သတိထားမိတယ်။ မိကျောင်းကြီးက ဗားမဲ့ဆရာတော်ရဲ့ ရှေ့တည့်တည့် မြစ်ကမ်းပေါ် ဦးခေါင်းဝပ်စင်း မေးတင်ထားနေနေတယ်။

ဒါနဲ့ ဗားမဲ့ဆရာတော်က အရူးကို မိကျောင်းပါးစပ်ထဲက ပစ္စည်းကို ယူဆောင်ခိုင်းပြီး ကြည့်လိုက်တော့ ကြေးနီပုရပိုက်ဖြစ်နေတယ်။ ဗားမဲ့ဆရာတော်လက်ထဲ ကြေးနီပုရပိုက် ရောက်ရှိတာနဲ့ မိကျောင်းက ရေထဲ ပြန်ပြီး ငုပ်လျှိုးသွားတယ်။ အရူးကလည်း တဘောင်နိမိတ်ဆိုရင်း ထွက်ပြေးသွားခဲ့တယ်။

အတိတ်ဘဝက ညီအစ်ကိုတော်ခဲ့တဲ့ ဝိဇ္ဇာမိုရ်ရှုက ပေးလာတာတဲ့။ အဲဒီ ကြေးနီပုရပိုက်ထဲမှာက မဟာသိဒ္ဓိ ကျမ်းရင်းကြီး။ ဗားမဲ့ ဗားတမော့ အစီရင်ကျမ်းတွေ ဖြစ်ပေါ်လာရတာလေ။ လောကီကြောင်းအရ လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com

အကျိုးထူးရရှိစေတဲ့။ အင်း ... စမ၊ ဂါထာ၊ မန္တန်တွေ ပါဝင်တယ်လို့ သိရတယ်။ အဲဒါ အစ်မကြီးကို ပညာစဉ်ပေးတာလေ။ လူတိုင်းရနိုင်တာ မှတ်လို့။ ဗားမဲ့ဓာတ်နဲ့ ပတ်သက်တာ ကြုံလာရမယ် ထင်တယ်''

ဟူ၍ အိပ်မက်ကို ပိုင်းခြားပြပါသည်။

××× ××× ×××

၂၃-၉-၂၀၁၃ နေ့ လေအန်ကုန်းစကားဝိုင်းမှာ မင်္ဂလာသတင်းတစ်ခု ကြားရသည်။ ရောင်ပြန်မဂ္ဂဇင်း၊ လာဘ်မိုးစွေစာပေတိုက်မှ ဦးသန့် (လာဘ်မိုးစွေ) ရေးသားပြုစုသော စာအုပ် အုပ်ရေ ၃၂၄ အား မြန်မာပြည် စာကြည့်တိုက်များအတွက် ပြန်ကြားရေးဌာနမှ ဝယ်ယူကြောင်း ကြားရသည်။ စာရေးသူ၊ ထုတ်ဝေသူအတွက် အုပ်ရေ တစ်ပြိုင်တည်း ဝယ်ယူခြင်းခံရတာ ဂုဏ်ယူဝမ်းသာစရာ မဟုတ်ပါလား။ ကာ...ကံရှင်တော့ မသိ။ ကျွန်မတို့မှာ ကြား...ရုံမျှဖြင့်ပင် "ဟာ ..." "ဟယ် ..." နှင့် အံ့ဩဝမ်းသာ ပီတိဖြစ်ရလေသည်။

အတန်ကြာမှ မိုးရေထဲမှာ မိုရသော အပြုံးမျက်နှာဖြင့် ဦးသန့်ရောက်လာသည်။ အားလုံး ဝမ်းသာအားရ နှုတ်ဆက် ဂုဏ်ပြုကြသည်။ ကျွန်မသည်း လက်ဆွဲနှုတ်ဆက် ဂုဏ်ပြုခဲ့သည်။ ထိုအခါ ဆရာ...နှင့်မှ ကျွန်မအား -

"ဆရာမ... ...င်တဲ့ ...စာမူတစ်ပုဒ်

ဟု စာမူတော...ပါ။ ဦးသန့် ...အားအဆုံးမှာ ကျွန်မ၏ရုပ်ခန္ဓာတွင် ကြက်သီးမွေးညင်းထသည်အထိ ဓာတ်သက်က ပြလာသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်မအား ဗားမဲ့ဓာတ်အိပ်မက်ပေးသော ကျင့်စဉ်ထဲက အောင်ခြင်းရှစ်ပါးဂါထာအား အဓိဋ္ဌာန်ဝင်၍ အရေးကြီးကိစ္စတစ်ခုအတွက် ရွက်ဆောင်ရာ အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် အကြောင်းတိုက်ဆိုင်ခြင်းဖြစ်ကြောင်း ပြောပြရခြင်း ဖြစ်သည်။

ဤဂါထာသည် ညောင်ရမ်းမင်းသားဘဝမှ နေ့စဉ် ရွတ်ပွားပူဇော်လာရာ ညောင်ရမ်းမင်းတရားကြီးဘဝရောက်ရှိအောင် ပို့ဆောင်ပေးခဲ့သည့် အောင်ခြင်းရှစ်ပါး မန္တန်အချုပ်ဖြစ်သည်။

ပြည်မြို့၊ ရွှေပေါက်ပင်တောရဆရာတော်သည်လည်း ပဲခူးရိုးမတောကြီးအတွင်း မူတင်ဆောက်တည်ရာတွင် ဗားမဲ့ဆရာတော်၏ အောင်ခြင်းရှစ်ပါး ကျင့်စဉ်ဖြင့် အနှောင့်အဖျက်များအား အောင်မြင်စွာ ကျော်လွှားခဲ့ဖူးကြောင်း သိရသည်။ ဗားမဲ့ကျမ်းတွင် ပါရှိသော ...

အောင်ခြင်းရှစ်ပါး ဂါထာတော် ရွတ်ပွားပူဇော်ခြင်း၏ အကျိုးထူးများမှာ ...

(၁) ဘေးအန္တရာယ်အပေါင်း ကာကွယ်စေသည်၊ (၂) ရန်အမျိုးမျိုးကို အောင်နိုင်စေသည်။ (၃) ဘုန်းတန်ခိုးကြီးမားစေသည်။ (၄) သွားလေရာ ချစ်ခင်သူပေါ်များစေသည်၊ (၅) မိမိအပေါ် မကောင်းကြံစည်သူရှိက ကြိုတင်သိမြင်နိုင်သည်၊ (၆) စည်းစိမ်ချမ်းသာအရာ၌ အထွတ်အထိပ်သို့ ရောက်နိုင်သည်၊ (၇) ကပ်သုံးပါးဘေးမှ လွတ်ကင်းနိုင်သည်၊ (၈) သာသနာကို စောင့်ရှောက်ရာတွင် သူမတူအောင် စွမ်းဆောင်နိုင်ပါသည်။

စသည့် ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြောင်း သိရပါသည်။

ဗားမဲ့ဆရာတော်ကြီး၏ ဓာတ်သက်များအား ပုဂ္ဂိုလ်ပိုင်းဆိုင်ရာနှင့် ဆက်စပ်သော ပဋ္ဌာန်းဆက် ဆက်စပ်မှ တွေ့ကြုံစေခြင်း၊ အိပ်မက်မက်စေ၍ ဓာတ်သက်နိုးထစေခြင်းဖြင့် ဖွင့်ဖော်ပေးခြင်း ဖြစ်တန်ရာသည်။

ကျွန်မကိုယ်တိုင်လည်း မိသားစုအတွင်း အရေးကြီးကိစ္စတစ်ခုကို ကျော်လွှားနိုင်ခဲ့ပါသည်။ ယခုလည်း ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ တိုင်းရေးပြည်ရွာအရေး၊ ဘာသာသာသနာအရေးအရ ရန်အပေါင်း ကျော်လွှားနိုင်အောင် ဗားမဲ့ဆရာတော်၏ ဓာတ်ကိုဆောင်၍ အောင်ခြင်းရှစ်ပါးဂါထာတော်ကို နေ့စဉ် ရွတ်ပွားပူဇော်ကြပါကုန်။

**အောင်ခြင်းရှစ်ပါး ဂါထာတော်**

(၁) မာရံ ယက္ခံ ဂဇံ စောရံ
စိဥ္စ မာနဥ္စ သစ္စကံ။
နာဂံ ဗကံ ဖိနောဖိနိ
ဟောတု မေ ဇယမင်္ဂလံ။
(၂) မာရံ အာဠာဝကံ၊ ဟတ္ထိ
အင်္ဂုလိမာလ စိဉ္စမာ၊
ကုဥ္ဇံ နာဂ ရာဇဥ္စ
ဗကံ အဖိနိ တေဇသာ။

မိမိသက်စေ့ (သို့မဟုတ်) ပုတီးတစ်ပတ်ဖြစ်စေ ဆောင်ရွက်ကြည့်ပါ။

မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

# ရခိုင် ဗားမွဲဆရာတော်

မင်းရှိန်အောင်

မြန်မာ့သမိုင်းစဉ် ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်၊ အင်းဝပြည့်ရှင် ညောင်ရမ်းမင်းကြီး၊ အနောက်ဘက်လွန်မင်းကြီး၊ သာလွန်မင်းကြီးလက်ထက်တော်များတွင် ဂန္ဓာရီပညာရှင် ဗားမွဲဆရာတော်ကြီး ထွန်းကားခဲ့သောကာလနှင့် တစ်ပြိုင်တည်းလိုလိုမှာပင် ရခိုင်မြောက်ဦးရွှေပြည်၌လည်း ဗားမွဲဆရာတော်ဟူသော ဂန္ဓာရီပညာရှင်ပုဂ္ဂိုလ်ကျော်တစ်ဦး ထွန်းကားခဲ့ဖူးလေသည်။

ဗုဒ္ဓဘုရားရှင် မျက်မှောက်တော်၌ သွန်းစက်တော်မူသော မဟာမုနိဘုရား ရုပ်ပွားတော်မြတ် သီတင်းသုံးတော်မူရာ မဟာမုနိကုန်းတော်မြောက်ဘက် သိပ်မဝေးလွန်းသောအရပ်တွင် တောလယ်အောင်စင် တောင်တန်းဟူ၍ ရှိသည်။

ထိုတောလယ်အောင်စင်တောင်တန်း၏ အနောက်ဘက်အနီး အစပ်တွင် ကိုးဆယ့်ကိုးတောင်ဟူသော တောင်တန်းတစ်ခု အပါအဝင် တည်ရှိနေသည်။ ထိုတောင်းတန်းကို ကိုးဆယ့်ကိုးတောင်ဟု ခေါ်ဝေါ်ရခြင်းမှာ တောင်ပို့ကြီးငယ် ကိုးဆယ့်ကိုးလုံး ဆက်စပ်သွယ်တန်းနေသောကြောင့် ထိုသို့သမုတ်သည်ဟု ဆို၏။ ထိုတောင်ပို့ ကိုးဆယ့်ကိုးလုံးထဲတွင် ဗားမွဲတောင်ဟူသော တောင်ပို့တစ်လုံး ပါရှိသည်။ ထိုဗားမွဲတောင်ခြေရင်း၌ တည်ရှိသောရွာကို ဗားမွဲတောင်ရွာ၊ ဗားမွဲရွာဟု ခေါ်ဆိုကြသည်

ရခိုင်မြောက်ဦးရွှေပြည် ကောင်းစားစဉ်ကာလ ထိုဗားမွဲတောင်အနီး ဗားမွဲကျေးရွာမှာ နောင်တွင် ဗားမွဲဆရာတော် အရှင်နန္ဒသာရဟု နာမည်ထင်ရှားလာမည့် ကလေးငယ်တစ်ဦးကို သက္ကရာဇ် (၉၃၃)ခုနှစ်၌ မွေးဖွားသန့်စင်ခဲ့သည်ဟု ရခိုင်ရာဇဝင်မှတ်



www.burmeseclassic.com

www.burmeseclassic.com

တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ ဤနေရာ၌ နှိုင်းယှဉ်ဝေဖန် စောကြောစရာ၊ သုတေသနပြုစရာ ကောင်းသည်သာမက၊ မြိုင်ဆရာတော် ဦးဝဏ္ဏစင်ရေးသားစီရင်သော ဗားမဲ့ဝိဇ္ဇာမဟာသိဒ္ဓိကျမ်းရင်းကြီးထဲတွင် ဗားမဲ့ဆရာတော်လောင်းလျာကို ရခိုင်ရိုးမတောင်ခြေအစပ် ဗားမဲ့တောင်ခြေရွာ၌ မွေးဖွားသည်ဟု ဖော်ပြထားမှုကိုပင် ဖြစ်၏။

မည်သို့ပင်ဆိုစေ ကိုးဆယ့်ကိုးလုံး တောင်တန်းဝင် ဗားမဲ့တောင်ခြေရင်း ဗားမဲ့ရွာ၌ မွေးဖွားသော ဗားမဲ့ဆရာတော်လောင်းလျာ ကလေးငယ်အရွယ် ရောက်သည်ရှိသော် ဗားမဲ့ရွာ ရွာဦးကျောင်းဆရာတော်က ရှင်နန္ဒသာရဟု အမည်ပေးလျက် ရှင်သာမဏေပြုပေးပြီး စာပေသင်ကြားပေးခြင်း၊ လောကုတ္တရာစာပေ သင်ကြားပေးခြင်း၊ အခြေခံလောကီပညာများ သင်ကြားပေးခြင်းများ ပြုလုပ်ပေးသည်။ ရှင်နန္ဒသာရ သာမဏေလေးသည် ဉာဏ်ထက်မြက် သွက်လက်သောကြောင့် တစ်ထွာပြလျှင် တစ်လံထက်မက တတ်မြောက်ကျွမ်းကျင်နေသောကြောင့် မြောက်ဦးနေပြည်တော်ရှိ စန္ဒရာမ၊ ရတနာဗိမာန်၊ ပရက္ကမ၊ ဂုဏဘွဲ့ နှစ်ကျိပ်ရှစ်ဆူ အစရှိသော ထင်ပေါ်ကျော်စောသည့် ကျောင်းတိုက်ကြီး ၃၃ တိုက်အပါအဝင်ဖြစ်သော ဗားမဲ့ကျောင်းတိုက်ကြီးသို့ လောကီ၊ လောကုတ္တရာစာပေများ၊ အတတ်ပညာများ သင်ကြားပေးရန် ပို့ဆောင်ပေးခဲ့လေသည်။ ထိုဗားမဲ့ကျောင်းတိုက်၌ လောကုတ္တရာစာပေထက် လောကီပညာများကိုသာ ဦးစားပေးသင်ကြားလေ့ရှိသည်။ အထူးသဖြင့် အင်းအိုင်၊ ခါးလှည့်၊ ဂါထာမန္တရား၊ ဆေးဝါး၊ အင်္ဂါရတ်လုပ်ရတ်စသော ဂမ္ဘီရပညာများကိုသာ အဓိကပြု သင်ကြားပေးလေ့ရှိသည်။ နတ်တိုက်ကလည်းရှိ၊ ဓာတ်ခိုက်ကလည်းရှိသော ဗားမဲ့ဆရာတော်လောင်းလျာ ရှင်သူငယ် နန္ဒသာရအဖို့ တိုင်းရက်သော ပက္ကလာ မိုးရွာတာနဲ့ အဆင်သင့်ဖြစ်သွားလေသည်။ ရှင်သူငယ်နန္ဒသာရအတွက် ပါရမီအကြောင်းရင်းခံရှိသည့်အလျောက် ထိုအင်းအိုင်ခါးလှည့်စသော လောကီပညာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်သွားလေသည်။

ရှင်သူငယ်နန္ဒသာရသည် တစ်ဆယ်ကျော် ငါးနှစ်ပတ်လည် လူငယ်ပီပီ လက်တည့်စမ်းသပ်လိုစိတ်၊ စူးစမ်းလေ့လာလိုစိတ် တဖွားဖွားပေါ်ပေါက်လာသဖြင့် ရှေ့နောက်မဆင်ခြင်၊ တဖွတ်ထိုး စမ်းသပ်စူးစမ်းမှုများ ပြုလုပ်ခဲ့ရာ မြောက်ဦးပြည့်ရှင်မင်းကြီးကိုယ်တိုင်က အာရုံမစိုက်၊ ဂရုမပြုဘဲ မနေနိုင်ဖြစ်လာခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ရှင်သူငယ်နန္ဒသာရသည် ကိုယ်ပျောက်ဆေးများ ဖော်စပ်သုံးဆောင်ကာ ပြည့်ရှင်မင်းသုံးဆောင်နေသော စားတော်ပွဲတွင် ဝင်ရောက်သုံးဆောင်ခြင်း၊ ကောက်ရိုးရုပ်များကို နာနာရုပ်အတတ်ဖြင့် စစ်သည်ရဲမက်အဖြစ် ဖန်တီးကာ ဘုရင့်စစ်သည်တော်များရှိရာ စစ်စခန်း၊ ကင်းစခန်းများသို့ စေလွှတ်လျက် အနှောင့်အယှက်ပေး ကျီစယ်ခြင်း၊ နန်းတွင်းအဆောင်များထဲရှိ မောင်းမမိဿံစသော မင်းမှုထမ်းများကို အနီးအနားရှိ သက်မဲ့ပစ္စည်းများကို မှော်သက်သွင်း ရှေ့လျားစေလျက် အထိတ်တလန့်ဖြစ်အောင် နောက်ပြောင်ခြင်း၊ အဆောင်တစ်ခုက ပစ္စည်းကို နောက်အဆောင်တစ်ခုသို့ ရောက်ရှိအောင်၊ အတွင်းက ပစ္စည်း အပြင်သို့ရောက်ရှိအောင်၊ အပြင်ကပစ္စည်း အတွင်းသို့ ရောက်ရှိအောင် ဖလှယ်ပြောင်းရွှေ့ထားခြင်း စသော ကိုးရိုးကားရားကိစ္စများကို မကြာခဏ ပြုလုပ်တတ်သဖြင့် ပြည့်ရှင်မင်းကြီးအဖို့ အလွန်မျက်စိစပါးမွေး စူးလှပေသည်။

ထိုအထဲတွင် ပြည့်ရှင်မင်းကြီးနှင့် ရှင်သူငယ်နန္ဒသာရတို့ ထိပ်တိုက်တွေ့မှုတစ်ခုကို မရှောင်သာ မလွှဲသာ ဆုံကြုံလိုက်ရတော့သည်။ နှစ်စဉ်တော်သလင်းလရောက်တိုင်း မြောက်ဦးရွှေနန်းတော်၏ တော်ဝင်မိသားစုနှင့် မင်းစိုးရာဇာတို့သည် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထိုလှေသဘင်ပွဲတော်တွင် ပုဂ္ဂိုလ်တစ်ဦးစီလျှင် ပြိုင်လှေတစ်စီးကျဖြင့် မဖြစ်မနေ ပြိုင်ပွဲဝင်ရလေ့ရှိသည်။ ဥပမာဆိုရသော် ပြည့်ရှင်မင်းကြီးသည်လည်း ပြိုင်လှေတစ်စီးဖြင့် ပြိုင်ပွဲဝင်ရသည်။ မိဖုရားကြီးသည်လည်း ပြိုင်လှေတစ်စီးဖြင့် ပြိုင်ပွဲဝင်ရသည်။ တခြားမိဖုရားများ၊ ကိုယ်လုပ်တော်များသည်လည်း ပြိုင်လှေတစ်စီးကျစီဖြင့် ပြိုင်ပွဲဝင်ရသည်။ အိမ်ရှေ့မင်းသားနှင့် တခြားမင်းညီမင်းသားတို့လည်း ပြိုင်လှေတစ်စီးကျစီဖြင့် ပြိုင်ပွဲဝင်ရသည်။ ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီး၊ စစ်သူကြီးတို့သည်လည်း ပြိုင်လှေတစ်စီးကျစီဖြင့် ပြိုင်ပွဲဝင်ရသည်။

ထိုသို့ ပြိုင်လှေတစ်စီးကျစီဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ယှဉ်ပြိုင်ရလေ့ရှိပြီး နိုင်ချုပ်လိုက်တော့ အပြီးသတ် ဗိုလ်လုပွဲတွင် ပြည့်ရှင်မင်းကြီးပြိုင်လှေတော်နှင့် မိဖုရားကြီးပြိုင်လှေတော်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ရလေ့ရှိကာ နောက်ဆုံး၌ ပြည့်ရှင်မင်းကြီး၏ ပြိုင်လှေတော်က အနိုင်ရဗိုလ်စွဲသွားလေ့ရှိသည်။ ထိုသို့ဖြစ်နေသည်မှာ တစ်နှစ်မဟုတ်၊ နှစ်နှစ်မဟုတ်၊ နှစ်စဉ်နှစ်တိုင်း ဖြစ်၏။

ဤနှစ်စဉ် နောက်ဆုံးရလဒ်ကို မကျေမနပ် မခံမရပ်နိုင်သော မိဖုရားကြီးသည် သူမ၏ ပြိုင်လှေတော် အနိုင်ရဗိုလ်စွဲနိုင်မည့် နည်းလမ်းများကို မရမက စုံစမ်းရှာဖွေရာ နောက်ဆုံး ဗားမဲ့ဆရာတော်လောင်းလျာ ရှင်သူငယ်နန္ဒသာရအား တွေ့ရှိသွားလေသည်။ မိဖုရားကြီးက သူမ၏ပြိုင်လှေတော် အနိုင်ရဗိုလ်စွဲရေးအတွက် ရှင်သူငယ်နန္ဒသာရထံ အကူအညီတောင်းခံရာ ရှင်သူငယ်နန္ဒသာရက အင်းကွက်တစ်ကွက်အား စီရင်ပေးပြီး ထိုအင်းကွက်အား မိဖုရားကြီးပြိုင်လှေတော်၏ လှေဦးထိပ်တွင် မြှုပ်နှံလျက် လှေသဘင်ပြိုင်ပွဲ ဝင်ရောက်ရန် အကြံပြုလိုက်လေသည်။

တကယ်ပင်လျှင် ထိုနှစ်လှေသဘင်ပွဲ၌ ပြည့်ရှင်မင်းကြီး ပြိုင်လှေတော်နှင့် မိဖုရားကြီး ပြိုင်လှေတော်တို့ နောက်ဆုံးဗိုလ်လုပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ မိဖုရားကြီးပြိုင်လှေတော်က အပြတ်အသတ် အနိုင်ရဗိုလ်စွဲသွားခဲ့လေသည်။ တစ်ကြိမ်ကစ်ခါမှ အနိုင်ရဗိုလ်စွဲမှုမရှိဘဲ ယခု၊ မိဖုရားကြီး ပြိုင်လှေတော်က အနိုင်ရဗိုလ်စွဲသွားသောကိစ္စကို လက်သင့်မခံနိုင်သည့် ပြည့်ရှင်မင်းကြီးသည် အကြောင်းရင်းကို လျှို့ဝှက်စွာ စုံစမ်းဖော်ထုတ်စေရာ နောက်ဆုံးတွင် သူမျက်စိ စပါးမွေးစူးနေသော ရှင်သူငယ်နန္ဒသာရ၏ လက်ရာမှန်း သိရှိသွားလေသည်။

ထိုအခါ ပြည့်ရှင်မင်းကြီးသည် ရှင်သူငယ်နန္ဒသာရ၏ ထက်မြက်ထူးချွန်မှုကို သဘောပေါက်သွားကာ သူ၏ ထီးနန်းစည်းစိမ်၊ အသက်စည်းစိမ် လုံခြုံတည်မြဲမှုအတွက် စိုးရိမ်ကြောင့်ကြ သောကရတက်ပွားလာခဲ့ရသည်။ သို့အတွက်ကြောင့် ပြည့်ရှင်မင်းကြီးသည် ရာဇပရိယာယ်ဆင်ဥပါယ်တံမျဉ်သုံးကာ ကြည်ညိုသဒ္ဓါများသောအသွင်ဖြင့် ရှင်သူငယ်ထံ ချဉ်းကပ်ဝပ်တွားလျက် ကျောင်းဆောက်လှူလိုသဖြင့် အလှူခံယူတော်မူပါရန် ကျိုးနွံစွာ လျှောက်ထားလေသည်။

ရှင်သူငယ်နန္ဒသာရက အလှူလက်ခံတော်မူလိုသဖြင့် ပြည့်ရှင်မင်းကြီးသည် မြောက်ဦးနေပြည်တော်နှင့် မနီးမဝေး တောင်ကုန်းတစ်ခုအနီးတွင် ကျောင်းတစ်ဆောင်အား နှေးကွေးစွာ ဆောက်လုပ်စေပြီး မြို့တောင်ကုန်း၌ ကျောက်လိုဏ်ဂူတစ်ခုကို လျင်မြန်စွာ ထွင်းဖောက်ပြုလုပ်စေသည်။ ထို့ကြောင့် ထိုနှစ်ဝါဆိုချိန် နီးကပ်သွားသော်လည်း ကျောင်းက မပြီးစီးနိုင်ဘဲ ကျောက်လိုဏ်ဂူသာလျှင် ပြီးစီးနေသည့်အတွက် ပြည့်ရှင်မင်းကြီးက ရှင်သူငယ်နန္ဒသာရအား အချိန်မီကျောင်းမပြီးစီးနိုင်သည့်အတွက် တောင်းပန်ခယပြီး ကျောက်လိုဏ်ဂူတော်တွင် ယခုနှစ် ဝါဆိုသီတင်းသုံးရန် ပင့်ဆောင်သဖြင့် ရှင်သူငယ်နန္ဒသာရသည် ထိုကျောက်လိုဏ်ဂူတွင်း၌ ထိုနှစ် ဝါဆိုသီတင်းသုံးလေသည်။

ရှင်သူငယ်နန္ဒသာရသည် ထိုကျောက်လိုဏ်ဂူအတွင်းမှာ တရားဘာဝနာ ကျင့်ကြံပွားများအားထုတ်ခြင်း၊ အင်းအိုင်ခါးလှည့်၊ ဂါထာမန္တန်၊ အဂ္ဂိရတ်၊ လုပ်ရတ် စသော လောကီပညာများကို အားထုတ်ပွားများ ကျင့်ကြံခြင်းများကို တစ်ဝါတွင်းလုံး နေ့နှင့်အမျှ၊ ညနှင့်အမျှ ပြုလုပ်နေသဖြင့် ထိုကျောက်လိုဏ်ဂူအပြင်သို့ ထွက်ခွာချိန် မရှိသလောက် ရှိနေခဲ့သည်။ ဤသည်ကို အလစ်ချောင်းနေသော ပြည့်ရှင်မင်းကြီးသည် ထိုကျောက်လိုဏ်ဂူထဲ၌ ရှင်သူငယ်နန္ဒသာရ ရှိနေစဉ်တုန်းမှာ ၎င်းလိုဏ်ဂူဝကို ကျောက်တုံး၊ အင်္ဂတေများဖြင့် အလုံပိတ်ဆို့လိုက်လေသည်။ ၎င်းလိုဏ်ဂူထဲ၌ ရှင်သူငယ်နန္ဒသာရသည် သူ့အလိုအလျောက် ဇီဝိန်ကြွေ သေဆုံးစေလိုသော စေတနာဖြင့် ပြည့်ရှင်မင်းကြီးက ထိုသို့ပြုမူလိုက်ခြင်း ဖြစ်သည်။ ထိုသို့ပြုပြီး ရက်အတန်အကြာ၌ သီတင်းဝါလကျွတ်သွားသည့်အခါတွင် ပြည့်ရှင်မင်းကြီးသည် ကျောက်လိုဏ်ဂူထဲက ရှင်သူငယ်နန္ဒသာရ၏ သက်မဲ့ရုပ်ကလာပ်ကို ထုတ်ယူသင်္ဂြိုဟ်ရန်အတွက် ထိုကျောက်လိုဏ်ဂူဝအား ပိတ်ဆို့ထားသည်များကို ဖယ်ရှားဖွင့်လှစ်စေလိုက်သည်။

ထိုအခါ မယုံကြည်နိုင်စရာ တစ်ခု ပေါ်ပေါက်လာသဖြင့် ပြည့်ရှင်မင်းကြီးနှင့် အပေါင်းပါတို့သည် ပါးစပ်အဟောင်းသားဟ ချောက်ချားအံ့ဖွယ်သရဲ ဖြစ်သွားကြလေသည်။ ယင်းအဖြစ်မှာ ရှင်သူငယ်နန္ဒသာရသည် ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ ရွှင်ပြုံးစွာဖြင့် ထိုလိုဏ်ဂူထဲမှ ထွက်ကြ



www.burmeseclassic.com

www.burmeseclassic.com

လာသောကြောင့် ဖြစ်၏။

ထိုအခါ ပြည့်ရှင်မင်းကြီးသည် ဣန္ဒြေသမ္ပတ္တိကို လျှင်မြန်စွာ ဆည်ယူလိုက်ကာ ရှင်သူငယ်နန္ဒသာရ၏ အစွမ်းသတ္တိကို အမွှမ်းတင် ချီးကျူး ထောပနာပြုလုပ်လိုက်ပြီး လှူဖွယ်ပစ္စည်းအထူးထူးကို ဆထက်ထမ်းပိုးပြု ဆက်ကပ်လှူဒါန်းပြီး အရင်ကထက် ကြည်ညိုသယောင်ပြုကာ ကိုးကွယ်ဆည်းကပ်လေ၏။ အကြံသမား ပြည့်ရှင်မင်းကြီးသည် ကျောင်းကို ပြီးစီးအောင် မဆောက်လုပ်စေဘဲ အချိန်ဆွဲလျက်နေစေကာ ထိုကျောက်လိုဏ်ဂူအတွင်း၌သာ ရှင်သူငယ်နန္ဒသာရကို သီတင်းသုံးနေစေရန် စီမံထားလေ၏။

အလစ်ချောင်းနေသော ပြည့်ရှင်မင်းကြီးသည် ရှင်သူငယ်နန္ဒသာရတစ်ပါးတည်း ထိုကျောက်လိုဏ်ဂူအတွင်း၌ရှိနေစဉ် ထိုကျောက်ဂူဝအား ပိတ်ဆို့မီးရှို့သတ်ဖြတ်ရန် စေခိုင်းကြိုးစားလေသည်။ ဤအကြိမ်၌ ရှင်သူငယ်နန္ဒသာရသည် အင်းအစွမ်း၊ မန္တန်အစွမ်းဖြင့် ထိုကျောက်လိုဏ်ဂူ၏ ကျောက်ခေါင်မိုးကို ဖောက်ထွင်းထွက်၍ လွတ်မြောက်အောင် ထွက်ပြေးရှောင်တိမ်းသွားနိုင်လေသည်ဖြစ်၏။ သို့သော် ရှေ့ကို ကြိုတင်တွက်ချက် အကွက်ချတတ်သော (ဝါ) လိမ္မာပါးနပ်သော ပြည့်ရှင်မင်းကြီးက နေပြည်တော်တစ်ခွင်၊ တိုင်းပြည်တစ်ခွင်က ထွက်လမ်း၊ ဝင်လမ်းများအား လက်မရှုံ့စစ်သည်ခဲမက်တပ်ဖွဲ့များဖြင့် ကျပ်တည်းစွာ ပိတ်ဆို့လျက် ပိုက်စိပ်တိုက် ရှာဖွေစေသည်။ သို့ဖြစ်သည့်တိုင် ကံစွမ်း၊ ဉာဏ်စွမ်း၊ ပညာစွမ်း ထက်မြက်သော ရှင်သူငယ်နန္ဒသာရသည် လက်မရှုံ့တပ်သားများကြားထဲမှ လက်မတင်လေး ရှောင်တိမ်းနိုင်ပြီး ကစ္ဆပနဒီ (ကုလားတန်)မြစ်ဆိပ်တစ်ခုက လှေမြန်တစ်စီးကို ယူငင်ကာ မြစ်ကြောကို စုန်ဆင်းထွက်ပြေးလေသည်။

သို့တစေ ပြည့်ရှင်မင်းကြီး၏ သေမင်းတမန် လက်မရှုံ့တပ်သားတို့ကလည်း ကုန်းကြောင်း၊ ရေကြောင်းမှနေ၍ အသေရရ၊ အရှင်ရရ ဖမ်းဆီးရန် အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါကြလေသည်။ ကစ္ဆပနဒီ(ကုလားတန်)မြစ်ဝဆီသို့ ရောက်လေလေ၊ ရှင်သူငယ်နန္ဒသာရ၏ လှေမြန်နောက်က လိုက်ပါလာသော လက်မရှုံ့တပ်သား လှေမြန်များ များသည်ထက်များပြားလာခဲ့သည်။ ရှင်သူငယ်နန္ဒသာရ၏ လှေမြန်ကို လက်မရှုံ့တပ်သားများ၏ လှေမြန်များက ဝိုင်းဝန်းဖမ်းဆီးရန် လုံးပန်းလာကြသည်။ ရှင်သူငယ်နန္ဒသာရသည် ထိုရန်သူလှေမြန်များကြားမှ ပညာစွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းများ အသုံးပြုကာ လှည့်ပတ်တိမ်းရှောင် ထွက်ပြေးလွတ်မြောက်အောင် သည်းထိတ်ရင်ဖိုစွာ ကြိုးစားနေရသည်။ ကစ္ဆပနဒီ(ကုလားတန်)မြစ်ဝယခု စစ်တွေမြို့အနီးအရောက်မှာ ကင်းမြီးကောက်လက်မလို ညှပ်ပူးညှပ်ပိတ်ပြုလုပ်လာသော လက်မရှုံ့တပ်သား လှေမြန်များလက်မှ လွတ်မြောက်ရန်အတွက် ရှင်သူငယ်နန္ဒသာရ၏ လှေမြန်သည် ရှေ့သို့ တစ်ဟုန်တည်း လျှော်ခတ်လာရာ ရှေ့တည့်တည့်တွင် ရေမကျောက်ဆောင်တန်းကြီးတစ်ခုကို ဘွားခနဲတွေ့လိုက်ရသည်နှင့် တဒင်္ဂအတွင်းတွင် ရှင်သူငယ်နန္ဒသာရသည် နံဘေးတစ်ဖက်တစ်ချက်နှင့် နောက်ကျောတွင် လက်မရှုံ့တပ်သားတို့ လှေမြန်များနှင့် ရှေ့တည့်တည့်တွင် ကျောက်ဆောင်တန်းကြီးကြားထဲတွင် ဆူးကြားက ဘူးသီးလို ညှပ်ပူးညှပ်ပိတ်ဖြစ်သွားခဲ့သည်။ ရှင်သူငယ်နန္ဒသာရအဖို့ နံဘေးနှစ်ဖက်နှင့် နောက်ကျောဘက်ကို လှည့်လိုက်လျှင် ကျားရဲတွင်းကို မျက်စိစုံမှိတ်ခုန်ဆင်းသလို ဖြစ်မှာသေချာသဖြင့် ရှေ့တည့်တည့်က ကျောက်ဆောင်တန်းကြီးကို ဖောက်ထွင်းသွားမှ ဖြစ်တော့မည်ဖြစ်သည်။ ထို့ကြောင့် လျှပ်တစ်ပြက်အတွင်း အင်းတစ်ကွက်ကိုချကာ ရှေ့တည့်တည့်မှ ကျောက်ဆောင်တန်းကို ပစ်ပေါက်လိုက်လေသည်။ တစ်ဖမ်မှ... တစ်မုဟုတ်ချင်းမှာပင် 'ဂုန်း'ခနဲ မြည်ဟည်းကာ ထိုကျောက်ဆောင်တန်းကြီး ကျိုးပေါက်ကာ လှေမြန်တစ်စီးသွားစာ အပေါက်ဝတစ်ခုဖြစ်သွားလေသည်။ ရှင်သူငယ်နန္ဒသာရ၏ လှေမြန်သည် ထိုအပေါက်ဝမှ လျှင်မြန်စွာ ထွက်ပြေးလွတ်မြောက်ပြီး ပင်လယ်ထဲသို့ ဝင်သွားလေသည်။ လက်မရှုံ့တပ်သားများ၏ လှေမြန်သည် များပြားလှသောကြောင့် ထိုအပေါက်ဝမှ ထွက်နိုင်ရန် ကြန့်ကြာသွားသောကြောင့်လည်းကောင်း၊ ထိုကျောက်ဆောင်တန်းကို ရှောင်တိမ်းနေရသောကြောင့်လည်းကောင်း ရှင်သူငယ်နန္ဒသာရလှေမြန်ကို လိုက်မီရန်ထားလိုက်၊ ရိပ်ရိပ်ကလေးတွေ့ပင် မတွေ့လိုက်တော့ပေ။ နောင်တွင် ရှင်သူငယ်နန္ဒသာရက အင်းဖြင့်ပစ်ပေါက်၍ ကျိုးပေါက်သွားသော ကျောက်ဆောင်တန်းနေရာကို အင်းပေါက်ဝဟု ယခုထက်တိုင် ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ဝေါ်နေကြသည်။ ထိုအင်းပေါက်ဝကား တခြားမဟုတ်။ ယခု စစ်တွေမြို့အနီးမှ အင်းပေါက်ဝဆိုသော နေရာပင်ဖြစ်သည်။ ပြီးနောက် ပြောရန် ကြွင်းကျန်နေသောအချက်က ပင်လယ်သမုဒ္ဒရာကို ဖြတ်ကျော်ကူးသန်း လွတ်မြောက်သွားသော ရှင်သူငယ်နန္ဒသာရသည် ဟံသာဝတီ ပဲခူးရွှေပြည်သို့ ရောက်ရှိသွားပြီး ၎င်း၌ပင် အခြေစိုက်နေထိုင်လေတော့သည်ဟူ၏။

ထိုမှတစ်ပါး နောက်အရေးကြီးသော အချက်တစ်ခုက ရှင်သူငယ်နန္ဒသာရကို ဗားမဲ့ကျေးရွာဇာတိဖွားဖြစ်သောကြောင့်လည်းကောင်း၊ မြောက်ဦးရွှေပြည် ဗားမဲ့ကျောင်းတိုက်တော်ထွက် ဖြစ်သောကြောင့်လည်းကောင်း မားဗားမဲ့ဘုန်းကြီး(ဗားမဲ့ဆရာတော်ဟု သမုတ်ခေါ်ဆိုကြခြင်းပင် ဖြစ်၏။ မြောက်ဦးနေပြည်တော်အနီး ဗားမဲ့ဆရာတော် ရှင်သူငယ်နန္ဒသာရ သီတင်းသုံးသော ကျောက်လိုဏ်ဂူတော်ကို ယခုထက်တိုင် ဗားမဲ့ဂူဟု ခေါ်တွင်လျက် ရှိနေသေးသည်။ ရှင်သူငယ်နန္ဒသာရ အင်းအစွမ်း၊ မန္တန်အစွမ်းဖြင့် ခေါင်မိုးမှ ဖောက်ထွင်းသွားသည့် အပေါက်ဝရှိနေသော ဗားမဲ့ဂူသည် ယနေ့မြောက်ဦးမြို့အနီးတွင် ယနေ့တိုင် ရှုမြင်နိုင်ပေသေးသည်။

တကယ့်တကယ် လေ့လာစိစစ်စောကြောကြည့်မည်ဆိုလျှင် ဓညဝတီ၊ ဝေသာလီ၊ ပဥ္စာ၊ ပရိတ်၊ ခမ္ဘဝက်၊ လောင်းကြက်၊ မြောက်ဦး စသော ရှေးဟောင်း မင်းနေပြည်တော်များ ထွန်းကားခဲ့သော ယနေ့ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်ထဲတွင် ဗားမဲ့ဆရာတော်၊ ဗားမဲ့ကျောင်း စသော ဗားမဲ့ဆိုင်ရာနှင့် စပ်လျဉ်းနေသော နေရာဌာနများ ရှိသည်ကို သတိထား သုတေသနပြုဖွယ်ရာ တွေ့ရှိရပေသည်။

ယနေ့ ကျောက်တော်မြို့နယ်တွင် မဟာမုနိဘုရားရုပ်ပွားတော်မြတ် သီတင်းသုံးရာ မဟာမုနိဘုရား ကုန်းတော်နှင့် မနီးမဝေးရှိ တောလယ်တောင်စဉ်တောင်တန်းအဝင်အပါး ကိုးဆယ့်ကိုးတောင်တန်း၌ ရှင်သူငယ်နန္ဒသာရ မွေးဖွားရာ ဗားမဲ့တောင်ကုန်းနှင့် ဗားမဲ့ရွာဟောင်းနေရာရှိသည်။ ကျောက်တောင်မြို့ပေါ်ရှိ ရပ်ကွက်တစ်ခုဖြစ်သော ယမ္မဇေ႒ရပ်ကွက်ကို အရင်တုန်းက ဗားမိ(ဗားမဲ့) ရပ်ကွက်ဟု ခေါ်ဝေါ်ခဲ့သည်။ ဗားမဲ့တောင်ခြေ၊ ဗားမဲ့ရွာ ပြိုပျက်ပြီးနောက် ထိုမှ ရွာသူရွာသားတချို့ ဤရပ်ကွက်၌ အခြေစိုက်နေထိုင်ကြရာမှ ဗားမိ(ဗားမဲ့)ရပ်ကွက်ဟု ခေါ်ဝေါ်သမုတ်ကြခြင်း ဖြစ်သည်ဟူ၏။ ထိုကျောက်တော်မြို့၌ ဗားမိ(ဗားမဲ့)ဘုရား၊ ဗားကရားဘုရားဟု တထင်တရှားရှိနေပေသေးသည်။

တစ်ခါ မြောက်ဦးမြို့နယ်ထဲတွင် ဆိုခဲ့သော ခေါင်းမိုးဟောင်းလောင်းပေါက်နေသော ဗားမဲ့ဂူနှင့် ရှေးခေတ်တုန်းက ထင်ရှားခဲ့သော ကျောင်းတိုက်ကြီး ၃၀ ဝင် ဗားမဲ့ကျောင်းတိုက်တော်ကြီး၏ ကျောင်းတော်ရာသည်လည်း တထင်တရှား ရှိနေပေသေးသည်။ ပြီးနောက် အလေးဂရုပြု စူးစမ်းလေ့လာ သုတေသနပြုစရာကောင်းသည်က မြောက်ဦးခေတ် (အင်းဝခေတ်၊ ဟံသာဝတီခေတ်၊ ညောင်ရမ်းခေတ်နှင့် ခေတ်ပြိုင်)၌ ထင်ပေါ်ခဲ့သော ဗားမဲ့ကျောင်းတိုက်ကြီးသည် ဝေသာလီခေတ်(ပုဂံခေတ်နှင့် ခေတ်ပြိုင်)ကပင် ဆရာစဉ်သမားဆက် အစဉ်မပြတ် ရှိခဲ့လေသလားဆိုခြင်းတို့ပင်ဖြစ်၏ အဘယ့်ကြောင့်ဆိုသော် ဝေသာလီပြည့်ရှင် သီရိဓမ္မာစန္ဒြားမင်း(ပုဂံသိုက်တိုင်မင်းနှင့် ခေတ်ပြိုင်)လက်ထက်က ဗားမဲ့ဆရာတော် အဂ္ဂမဟာသမာဓိနှင့် ဗားကရာဆရာတော် အဂ္ဂမဟာသာမိတို့သည် အင်းအိုင်ခါးလှည့်၊ မန္တန်စသော လောကီပညာရေးရာ၌ တစ်ဖက်ကမ်းခပ်ပေါက်မြောက်တော်မူခဲ့သည်။

သမိုင်းရာဇဝင် အမှတ်အသားတချို့နှင့် သုတေသနပြုဖို့ အလွန်အမင်းကောင်းလှပေသည်။

နောက်အရေးကြီးအချက် တစ်ခုက ဟံသာဝတီကိုရောက်သွားသော ရခိုင်ဗားမဲ့ဆရာတော် ရှင်နန္ဒသာရသည် ဘာဖြစ်သွားသည်ကိုလည်း အထူးတူးဖော် သုတေသနပြုရန် လိုအပ်ပေသည်။ မည်သို့ပင်ဖြစ်စေ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ကျောက်တော်မြို့သို့ ဘုရားဖူးရောက်ရှိခဲ့လျှင် ကျောက်တော်မြို့မှ ဗားမဲ့ဘုရားနှင့် ဗားကရာဘုရားသို့ ဝင်ရောက်ဖူးမြော်ကြရန်နှင့် မြောက်ဦးမြို့သို့ရောက်လျှင် ဗားမဲ့ဂူနှင့် ဗားမဲ့ကျောင်းတိုက်တော်ရာ၌ ဓမ္မသံဝေဂယူရင်း ဆိုင်ရာဆိုင်ရာ အကျင့်စရဏ ပွားများကြရန် အကြံကောင်းပြု သတင်းကောင်းပါးလိုက်ရပေသည်။

မင်းရှိန်အောင်

www.burmeseclassic.com

# တောင်ငူခေတ်
# လောကီပညာ တစ်ခန်းတစ်ကဏ္ဍ

ဒေါက်တာနန်းချိုင် (ရန်ကုန်တက္ကသိုလ်)



တစ်မျိုးသားလုံးအတွက်
စာတိပုညာ ဂုဏ်မာနတက်ဖွယ်ရာ
ဘုရင့်နောင်မင်းတရားကြီး၏
ကမ္ဘောဇသာဒီနန်းတော်အပြင်မှ
မြင်ကွင်း

ရွှေချည်းနှင်နှင်၊ စုံသည့်အင်နှင့်
နတ်ရှင်စံခန်း။ ပြာသာဒ်နန်းလည်း
ဝင်းရွှန်းပြောင်ပြောင်၊ ခုနစ်ဆောင်နှင့်
အရောင်မြူးဝှန်၊ ဝေဇယန်သို့
တံခွန်အတွက်၊ ဇောတိရယ်သည်။
(သခင်ကြီးချောင်း)



www.burmeseclassic.com

www.burmeseclassic.com

ရှေ့တန်ခူးလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ (၉ မတ်၊ ၁၅၅၁)* တွင်ရမည်ဟု ပုဏ္ဏားတို့က လျှောက်တင်ခဲ့၏။ ထိုနေ့မှာပင် သမိန်ထောရာမကို လက်ရဖမ်းမိ၍ ပုဏ္ဏားတို့အား မဟာဓမ္မရာဇဂုရုအမည်နှင့် တကောရွာကို စားစေ၏။ ရွှေပုံနှစ်ကြိမ် ကျုံးယူရကြောင်း ရာဇဝင်၌ ဆို၏။

## ကမ္ဘောဇသာဒီနန်းတော်

နန်းတော်၏ တင့်တယ်လှပမှုကို ဟံသာဝတီနေပြည်တော်သို့ လာရောက်နေထိုင်ခဲ့သည့် ပေါ်တူဂီလူမျိုး ဖရိုင်ယာဆူဇာက မှတ်တမ်းတင်ခဲ့သည်မှာ -

**နန်းတော်၏ တင့်တယ်လှပပုံသည် အယုတ်ဆုံးနေရာမှာပင် လှပသော ပန်းချီနှင့် ရွှေပိန်းများရှိပေသည်။**

**အချို့သော နန်းတော်အဆောင်များ၏ အမိုးသည် ပကတိရွှေသားများဖြင့် မိုးထားသည်။ အချို့အခန်းများတွင် လူလုံးမျှကြီး၍ အဖိုးတန်ကျောက်မျက်များ စီခြယ်ထားသော ဘုရင်များ၊ မိဖုရားများ၏ ရွှေစိုင်၊ ရွှေခဲရုပ်တုတော်များကို စီထားသည်။**[၁၈]

ဤအချက်သည်ကား နိုင်ငံခြားသားတစ်ဦး၏ မှတ်တမ်းတစ်စိတ်တစ်ဒေသပင် ဖြစ်၏။ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော်ကြီးသည်ကား တင့်တယ်လှပကြောင်း ထင်ရှားစေပါ၏။ စိတ်ကူးဖြင့်မှန်း၍ မင်းတရားကြီး၏ နန်းရင်ပြင်ထက် တစ်ခဏ မတ်တတ်ရပ်ကြည့်ချင်စမ်းလှ၏။ ကမ္ဘောဇသာဒီ နန်းတော်ဖြင့် စပ်လျဉ်းနေသော လောကီပညာများဟူ၍ မရှိသလောက်ပင်။ သို့သော် ဘုရင့်နောင်မင်းတရားကြီးက နန်းတော်သစ်ကို မတည်မီ အပြည်ပြည်ထောင်ရှိ ဟူးရားပုဏ္ဏားတို့အား နေပြည်တော်သို့ ဆင့်ခေါ်စေ၍ တွက်ချက်တင်ပြသော မြို့ပုံစံများ ဆက်သစေခဲ့သည်[၁၉] ဟူ၍ သမိုင်းပါမောက္ခဆရာကြီး ဦးကျော်ဝင်းက ဉာဏ်ရောင်အမတ်ကြီးရေးသားခဲ့သော ဟံသာဝတီအရေးတော်ပုံကျမ်းကို ကိုးကားတင်ပြခဲ့သည်။

ဤသို့ဆိုလျှင် ကမ္ဘောဇသာဒီနန်းတော်ကြီးသည်လည်း မြန်မာ့လောကီပညာရပ်ဖြင့် နွယ်နေဦးမည်ဟု ယူဆစရာရှိပါသည်။ သက္ကရာဇ် ၉၂၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ခရစ်နှစ် ၂၂ နိုဝင်ဘာလ ၁၅၆၆ နေ့တွင် မြေတူးပြီး ၁၂ မတ်လ၊ ၁၅၆၇ တွင် ဟံသာဝတီမြို့တော်ဝန်းကျင်ကို ကျုံးစတူးသည်။

သက္ကရာဇ် ၉၁၅ ခု၊ တပို့တွဲလဆန်း ၁၀ ရက်၊ သောကြာနေ့တွင်[၂၀] နောက်ပါမှူးကြီးမတ်ရာ သေနာပတိပေါင်းများစွာ ခြံရံလျက် ကမ္ဘောဇသာဒီနန်းတော်သို့ တက်တော်မူကြောင်း သိရသည်။

## ရွှေစည်းခုံခေါင်းလောင်းစာ

မြန်မာတို့ထက် မွန်လူမျိုးတို့က မှတ်တမ်းမှတ်ရာများကို လုပ်လေ့လုပ်ထရှိကြောင်း တွေ့ရှိရသည်။ ဓမ္မစေတီမင်းက သူ၏ သာသနာပြုဆောင်ရွက်ချက်များကို ကလျာဏီကျောက်စာ၌လည်းကောင်း၊ ရွှေတိဂုံရင်ပြင်ဘော်ရှိ ကျောက်စာများကိုလည်းကောင်း ကမ္ပည်းမှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် ဆယ်ယူရန် ကြိုးစားကြဆဲဖြစ်သည့် ဓမ္မစေတီခေါင်းလောင်း၌လည်း မှတ်တမ်းကမ္ပည်းစာများ အပြည့်ရေးထိုးထားကြောင်း နိုင်ငံခြားသားတစ်ဦး၏ ခရီးသွားမှတ်တမ်းအရ သိရှိရ၏။

ဘုရင့်နောင်မင်းတရားကြီး၏ ကောင်းမှုတော် ခေါင်းလောင်း မျက်နှာစာပတ်ပတ်လည်တွင် မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာဖြင့် စာများရေးထိုးခဲ့၏။ ဤစာများကို အမတ်ကြီး ဗညားဒလ၏လက်ရာဟု ဆရာကြီးဒေါက်တာနိုင်ပန်းလှက ယူဆပေ[၂၁]သည်။

ခေါင်းလောင်းစာများမှာ ဘုရင့်နောင်မင်းတရားကြီး

---

× အင်္ဂလန်နိုင်ငံတွင် မေရီကျူဒါ (၁၅၁၆-၅၈)လက်ထက် ဖြစ်သည်။ ကက်သလစ်ခရစ်ယာန်ဂိုဏ်းက အာဏာသျှိန် ဖြစ်ပြီး ပရိုတက်စတန့်ခရစ်ယာန်ဂိုဏ်းကမူ ညှဉ်းပန်းနှိပ်စက်ခံနေရချိန်လည်း ဖြစ်သည်။

၁၈။ တောင်ငူခေတ် လူမှုရေး ကျော်ဝင်းဦး၊ ပါမောက္ခ၊ သမိုင်းဌာန၊ စာ-ဆီ။

၁၉။ ယင်းစာ-ဆီ။

* စပိန်ကို ဆန့်ကျင့်သည့် နယ်သာလန်တော်လှန်ရေးစချိန် ဖြစ်သည်။


၂၀။ ရွှေစည်းခုံခေါင်းလောင်း စာကြောင်းရေ ၇-၈။

၂၁။ ဗညားဒလ၊ ဒေါက်တာနိုင်ပန်းလှ။



www.burmeseclassic.com

www.burmeseclassic.com



ခရစ်နှစ် ၁၅၅၇ ခုနှစ်၊ ဘုရင့်နောင်မင်းတရားကြီး သွန်းလုပ်လှူဒါန်းခဲ့သော
ကြေးခေါင်းလောင်း၏ အတွင်းအပြင်မြင်ကွင်း၊

"နောင်အနာဂတ် လာလတ်မည့် မင်းကေရာဇ်တို့သည်လည်း သာသနာတော်ကို ငါ့ချီးပင့်သကဲ့သို့ ချီးပင့်စေသတည်း" (ခေါင်းလောင်းစာကြောင်းရေ-၃၃)

၏ ဘာဘာသာသနာ ဆောင်ရွက်ချက်များကို တွေ့ရှိရပြီး လေ့ခင်းတော်၊ ဘုရားဆုပန်ပုံနှင့် ရက်စွဲတတ်ပုံတို့ကိုပါ တွေ့ရှိရသည်။ ခေါင်းလောင်းသွန်းတော်မူသည့် နေ့ရက်ကို -

"သက္ကရာဇ် ၉၁၉ ခု၊ နယုန်လပြည့်လွန် ၁၁ ရက်၊ တနင်္ဂနွေနေ့ ပြိဿလဂ်၊ ပုဗ္ဗာဘဒ္ဒြ နက္ခတ်... ရာဇနက်သက်၊ သောကြာနဝင်း၊ သောကြာတြိင်း၊ သောကြာယောဂကာလ"[၂၂]

ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ နေ့ကောင်းရက်မြတ်ရွေးချယ်ခဲ့ပြီး လောကီပညာ ဗေဒင်အယူအဆများ ရှိခဲ့ကြောင်း ထင်ရှားစေပါ၏။

## ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံနိမိတ်

၁၇ စက်တင်ဘာလ ၁၅၈၂ ရက်နေ့တွင် ဘုရင့်

[၂၂] ပုံသာဝတီ ဆင်ဖြူများရှင်လက်ထက်၊ စည်းရုံးရေးစွမ်းရည်ကို တင်ပြခြင်း၊ သီတာ၊ မ၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ (သမိုင်း)၊ ရန်ကုန်၊ စာ-၁၄၇။



www.burmeseclassic.com

www.burmeseclassic.com

နောင်မင်းတရားသည် ရခိုင်သို့ စစ်ချီသိမ်းပိုက်ရန် စီစဉ်ခဲ့သည်။ ယင်းနောက် ၃၀ အောက်တိုဘာလ၊ ၁၅၈၂[×] အင်္ဂါနေ့တွင် နတ်ရွာစံခဲ့သည်။ နတ်ရွာလားခါနီး၌ -

- မဟာစေတီတော်နှင့် ကျိုက်ကိုးဘုရား ရောင်တော်ပြခြင်း။
- ဟံသာဝတီမြို့၌ ရေကြီး၍ လှေစီးရခြင်း။
- ဒေပသွယ် အရပ်၌ ပတ္တမြားမိုးရွာခြင်း။
- တောင်အရပ်မှ တာရာကြယ်များ အခိုးထွက်ခြင်း။
- နံများစွာကျခြင်းများ ဟူ၍ ပဲခူးဟံသာဝတီတစ်ဝိုက် အတိတ်ထူး နိမိတ်ထူးများ ပေါ်ပေါက်ခဲ့၏။

## သားတော်နန္ဒဘုရင်၏ အမှားများ

ခေတ်အဆက်ဆက် ရာဇဝင်သမိုင်းဆရာတို့က နန္ဒဘုရင် (၁၅၈၁-၁၅၉၉)ကို အပြစ်ဖို့ခဲ့ကြ၏။ ထိုင်းသို့ အကြိမ်ကြိမ်ချီတက် တိုက်ခိုက်ခဲ့၏။ သို့သော် မအောင်မြင်ခဲ့ချေ။ ယခုတိုင် ထိုင်းနိုင်ငံ အမျိုးသားပြတိုက်၌ နန္ဒဘုရင်နှင့် ထိုင်းဘုရင် ဖြသမိနရာဇ်တို့ တိုက်ခိုက်ခဲ့ရာ စစ်တောင်းမြစ်ဝှမ်းအနီး၌ ထိုင်းဘုရင် ကျကျန်ခဲ့သော သေနတ်ကို ခင်းကျင်းပြသထား[+]၏။ နန်းစံသက် ၁၈ နှစ်တာ ကာလပတ်လုံး စစ်မက်ထူပြောခဲ့၏။ နိုင်ငံတော်အတွင်း၌လည်း ဟံသာဝတီနေပြည်တော်ရှိ မွန်တို့ကို ယုံကြည်တော်မမူဟု ဆိုပြီး ဖမ်းဆီးသတ်ဖြတ်ခဲ့၏။ ရဟန်းတော်များကိုလည်း လူဝတ်လဲစေခဲ့သည်။ ထိုအတွင်း၌ "ဘားမဲ့ဆရာတော်၊ ဘားတမော့ဆရာတော်" မွန်ရဟန်းများလည်း ညောင်ရမ်းသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ အခြား မွန်ဘုန်းတော်ကြီးများကိုလည်း ယွန်းပြည်၊ ရှမ်းပြည်သို့ ပို့ခဲ့သည်။

ဘားမဲ့နှင့် ဘားတမော့ ဆရာတော်တို့ကို ၁၅၉၄ ခုနှစ်၊ ဇန်နဝါရီလတွင် နန္ဒဘုရင်က ဟံသာဝတီမှ ဖယ်ရှားခဲ့၏။[++]

နန္ဒဘုရင်၏ အကုသိုလ်အကျိုးဆက်ဟူ၍ မဆိုနိုင်။ နောက်တစ်နှစ် ၁၅၉၅၊ ဧပြီလ ၆ ရက်နေ့တွင် ဟံသာဝတီမြို့အနှံ့ ကြွက်ကျလာခဲ့သည်။ မင်းရဲကျော်စွာ၏ ကျွန်များကဓား၊ လှံများဖြင့် သတ်ဖြတ်နှိမ်နင်းရာ မနိုင်ခဲ့ချေ။ စပါးကျီများ အဖောက်ခံရ၍ နေ့ချင်းညချင်းဆိုသလို ဟံသာဝတီ၌ အစာရေစာ ရှားပါးလာခဲ့သည်။ ယင်းနောက် ဆန်ဈေးနှုန်းများ မဆမတန် မြင့်တက်လာခဲ့သည်။ ဆန်တစ်တင်းကို ကြေးစင်တစ်ရာပေး၍ ဝယ်ခဲ့ရသည်။[၂၃]

အဆုံးတစ်နေ့၌ နန္ဒဘုရင်ကို နတ်သျှင်နောင်သည် မယ်တော်မိဖုရားကြီးဖြင့် တိုင်ပင်၍ ၂၀၊ နိုဝင်ဘာလ ၁၆၀၀[+] ရက်နေ့တွင် လုပ်ကြံခဲ့သည်။ နန္ဒဘုရင် ကံကော်တုန်ခါနီး၌ . . .

- ဘုရားငါးဆူ မီးလောင်၏။
- ကိုယ်လုပ်တော်တစ်ယောက်၏ လက်ရုံးတွင် "သတ္တေယောရာနံ၊ အင်္ဂါနံ၊ သုံ့ညံ"ဟု နတ်တို့ရေးလာကြောင်း ရာဇဝင်တွင်တွေ့ရ၏။

အဓိပ္ပာယ်မှာ . . .

သတ္တေ = သတ္တရာဇ်သည်၊ ယော = နှစ်၊ ရာ = ရှစ်၊ နံ = ခုနစ်၊ အင်္ဂါနံ = အင်္ဂါမင်းသည်၊ သုံ့ညံ = သုန်းလတ္တံ့ ဟု ပညာရှိများက အဓိပ္ပာယ်ဖော်သည်။ ၂+၈+၇ = ၁၇ သည် နန္ဒဘုရင်၏ နန်းစံနှစ်ကို ဆိုလိုကြောင်း သိရ၏။

ဘားမဲ့ဆရာတော်အပါအဝင် မွန်ရဟန်းအတော်များများ နယ်နှင်ခံရခြင်း၊ လူဝတ်လဲခံရခြင်းများ ဖြစ်ခဲ့သည်။ ၁၉၅၄ ခုနှစ်၊ တန်ခူးလတွင် ဟံသာဝတီရှိ ရုပ်တုတော်များ ချွေးယူခဲ့၏။[▲] ၃၊ ဩဂုတ်လ၊ ၁၅၉၄ နေ့တွင် နန်းတော်မီးကြီးအပစ်ခံရခြင်းများ ဖြစ်ပွားခဲ့သည်။

× အင်္ဂလန်နိုင်ငံ၊ ရိုမ်း၌ ပထမအကြိမ် ကသစ်လစ် ပဋိညာဉ် စာတမ်းသစ်ကို ထုတ်ပြန်သောနှစ် ဖြစ်သည်။

\+ ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း။ ကျော်သက်၊ ဒေါက်တာ၊ သမိုင်းပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ စာ-၂၀၅။ မွန်နန်း။ တ၊ ၁၉၅၆၊ စာ-၆၄။

++ မဟာရာဇဝင်သစ် (တတိယတွဲ)၊ စာ-၂၂၈။

၂၃။ မွန်နန်းရာဇဝင် (တတိယတွဲ) ၁၉၅၆၊ စာ-၁၀၁ နှင့် ၁၆ နှင့် ၁၇ ရာစုက ထိုင်းလူမျိုး မြန်မာမင်းမှုထမ်းများ။ ယဉ်ကျေးမှုမဂ္ဂဇင်း။ အမှတ်(၅)၊ ၁၉၉၇ ခုနှစ်၊ စာ-၉၅။

\+ စပိန်နိုင်ငံတွင် တတိယမြောက်ဖီးလစ်(၁၅၇၈-၁၆၂၁) လက်ထက်ဖြစ်သည်။

▲ မဟာရာဇဝင်သစ်၊ တ/တွဲ၊ စာ-၂၂၉။



www.burmeseclassic.com

www.burmeseclassic.com

## စားပြီး၊ လုံပြီး၊ သေနတ်ပြီး

ဘုရင့်နောင်ကျော်ထင် မင်းတရားလက်ထက် မြန်မာ့တပ်မတော်တွင် "စားပြီး၊ လုံပြီး၊ သေနတ်ပြီးသည့် လက်ရွေးစင် သူရဲကောင်း" စစ်သည်တွေရှိကြောင်း သိရှိရပါသည်။ ထိုစစ်သည်တော်များမှာ မြန်မာတိုင်းရင်းသားမျိုးစုံအပြင် တရုတ်၊ ထိုင်း၊ လင်ဇင်း စသည့် တိုင်းနိုင်ငံဘက်ကလည်း ပါဝင်နေသည်။

ထိုစစ်သည်တော် ကွန်မန်ဒို(Commando) တွေကို ဘုရင့်နောင်မင်းတရားကြီးက သီဟိုဠ်စစ်ကူပို့ပေးသည့် နေရာ၌ အသုံးချခဲ့၏။ ၂၃ ဇူလိုင်၊ ၁၅၇၆ ခုနှစ်မှာ သီရိလင်္ကာ (သီဟိုဠ်) ဓမ္မပါလမင်းက စွယ်တော်မြတ်တစ်ဆူနှင့် သမီးတော်ကိုပါ သင်္ဘောဖြင့် တင်၍ ပို့ခဲ့သည်။ ထို့နောက် မိစ္ဆာဒိဋ္ဌိတွေကို နှိမ်နင်းရန် စစ်ကူတောင်းခဲ့သည်။ ထိုအခါ မြန်မာ့ရေမြေအရှင်သည် လက်ရွေးစင် ကွန်မန်ဒို ၂၄၀၀ ကို စေလွှတ်ခဲ့သည်။ ထိုစစ်သည်များမှာ -

| | |
|---|---|
| ကသည်း | ၁၀၀ |
| ကျိုင်းတုံ | ၁၀၀ |
| စည်ခွင် | ၁၀၀ |
| တနင်္သာရီ | ၁၀၀ |
| တရုတ် | ၁၀၀ |
| ထားဝယ် | ၁၀၀ |
| မိုင်းမော | ၁၀၀ |
| မြန်မာ | ၅၀၀ |
| မွန် | ၅၀၀ |
| ယိုးဒယား | ၅၀၀ |
| လင်ဇင်း | ၁၀၀ |
| ပေါင်း | ၂၄၀၀ |

ထိုစစ်သည်များသည် စား၊ လုံ၊ နိုင်။ ကာ ထိုးခုတ်တစားပါသော်လည်း အရှုအန အထိအခိုက်မရှိခဲ့ပေ။ အရက်သေစာ အဝသောက်ပြီးသည့်အခါ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်များကို သတ်ဖြတ်၍ သွေးစိမ်းရဲရဲဖြင့် စားသောက်ကြသည်။[၂၄]

## မြှုပ်နှံသုံးသပ်ခြင်း

တွေ့သမျှ မြင်သမျှသော တောင်ငူခေတ်၏ လောကီပညာအခန်းကဏ္ဍကို တင်ပြခဲ့ပါသည်။ လောကီပညာရပ်သည် ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်လျက်ရှိသည်။ ထိုလောကီပညာရပ်၌ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ၊ ဗေဒင်ယတြာ၊ အင်းအိုင်ခါးလှည့်၊ ဂါထာ၊ မန္တန်၊ စုန်း၊ ကဝေ၊ မှော်၊ အဂ္ဂိရတ် ဟူ၍ အမယ်ပေါင်းစုံရှိသည့် အနက် အတိတ်,နိမိတ်ကောက်ခြင်း၊ တဘောင်စနည်းပေါ်ခြင်း၊ ဗေဒင်ယတြာနှင့်အညီ အခါကောင်းရွေးချယ်ခြင်း၊ ယတြာချေခြင်းများကို တွေ့ရှိရပါသည်။ အပိုဆောင်း၍ တွေ့ရှိရသည်မှာ စားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးသည့် စစ်သည်များ ဘုရင့်နောင်မင်းတရား၏ တပ်မတော်အတွင်း ရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့သမိုင်းတစ်လျှောက် လောကီပညာ ယုံကြည်မှုတွင် ယနေ့တိုင် ရေပန်းစားနေသော ဘားမဲ့ဆရာတော်တို့၏ ချင်းရာထုပ္ပတ် တစ်ပိုင်းတစ်စကိုလည်း ရာဇဝင်ကျမ်းများ၌ တွေ့ရှိခဲ့ရသည်။ တောင်ငူခေတ်တွင် "ဘား(၄)ဘား" ဟု လောကီပညာ၌ မသိသူမရှိ ကျော်ကြားလှသည်။ သို့သော် တောင်ငူခေတ်၌ ဘားလေးဘားမက ရှိခဲ့ကြောင်းကိုလည်း တွေ့ရှိရသည်။

၁။ ဘားမဲ့ဆရာတော်၊ ၂။ ဘားတမော့ဆရာတော်၊ ၃။ ဘားနံ့ဆရာတော်၊ ၄။ ဘားတီဆရာတော်၊ ၅။ ဘားကိုးဆရာတော်၊ ၆။ ဘားလောဆရာတော်။[၂၅]

ဟူ၍ ရာဇဝင်ကျမ်းများ၌ "ဘား(၆)ဘား" ကို တွေ့ရှိခဲ့ရသည်။ ရာဇဓိရာဇ်အရေးတော်ပုံကျမ်းအရလည်း မွန်တို့တွင် အတိတ်၊ နိမိတ်၊ တဘောင်၊ ဗေဒင် စသော လောကီပညာ ယုံကြည်မှုများ အလွန်တွေ့ရှိရသည်။

စင်စစ်အားဖြင့် နိမိတ်ထူး၊ အတိတ်ထူးများသည် မင်းတို့နတ်ရွာလားမည့်အခါ၊ တိုင်းပြည်လူများ ဘေးဒုက္ခရောက်မည့်အခါ၊ နိုင်ငံရေးအလျှို့ တစ်ဆစ်ချိုး အကောင်းအဆိုး ပြောင်းလဲတော့မည့်အခါ၌ ဖြစ်လေ့ဖြစ်ထရှိကြောင်း

---

၂၄။ မှန်နန်း၊ တတိယတွဲ၊ စာ-၃၄၊ ၃၈၊ ၆၅၊ ရွှေစည်းခုံခေါင်းလောင်းစာကြောင်းရေ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၆ ရာစုနှစ်က ယိုးဒယားလူမျိုး၊ မြန်မာလူမျိုး မြန်မာမင်းမှုထမ်းများ။

၂၅။ တောင်ငူခေတ် လူမှုရေးစာတမ်း၊ ကျော်ဝင်းဦး၊ ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်။ စာ-၁၂၉။



www.burmeseclassic.com

www.burmeseclassic.com

သတိထားမိခဲ့သည်။ တော်လဲခြင်း၊ လျှောင်လှုပ်ခြင်း၊ ကြယ်ကြွေခြင်း၊ မိုးကြိုးပစ်ခြင်း စသော နိမိတ်များကို ဆန်းစစ်ပါလျှင် ပထဝီဆိုင်ရာ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဖောက်ဖောက်ပြန်ပြန် ချောက်ချောက်ချားချား ဖြစ်စဉ်များဟုပင် ဆိုရမည်။

ထေရဝါဒဗုဒ္ဓဘာသာ၌လည်း ပုဗ္ဗာနပရိတ်တော်ကို မကောင်းသော အတိတ်၊ နိမိတ်၊ မင်္ဂလာမရှိသော ငှက်၊ တောရဲတိရစ္ဆာန်များအား ကင်းစင်ပပျောက်စေရန် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို နှလုံးသွင်း၍ ရွတ်ဖတ်သရဇ္ဈာယ်ကြရသည်။ ထို့ကြောင့် မြန်မာစာပေလောက၏ ပဏ္ဍိတ်ကြီးတစ်ဆူဖြစ်သော လယ်တီပဏ္ဍိတ ဦးမောင်မောင်ကြီးက-

**"တိတ်ထူး၊ နိမိတ်ထူးများကို မယုံဘူးဟူ၍ အရမ်းမထင်သင့်။**

**ရှေးရာဇဝင်၊ သာသနာဝင်နှင့် နိမိတ်တိတ္ထုံကျမ်းများ၌ တိတ်၊ နိမိတ်အကြောင်းအရာများကို ပြဆိုလျက်ရှိပေသည်။"**[၂၆]

ဟူ၍ တပင်ရွှေထီးဝတ္ထုတော်၌ ဆရာကြီးက မှတ်ချက်ရေးခဲ့ဖူးသည်။

နိဂုံးချုပ်ဆိုရသော် ဤမြန်မာလောကီပညာဆိုင်ရာ သမိုင်းသုတ ဆောင်းပါးသည် တောင်ငူခေတ် လူမှုရေး၏ အခန်းကဏ္ဍကို အကျယ်ချဲ့ပြခြင်းမျှသာ ဖြစ်သည်။ တစ်နည်းဆိုပါသော် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၏ ယုံကြည်မှုဆိုင်ရာ တစ်ကဏ္ဍကိုလည်း ထုတ်နုတ်တင်ပြခြင်းလည်း ဖြစ်သည်။ မိမိတို့ အားသန်ရာအမြင်များဖြင့် ရှုမြင်သုံးသပ်နိုင်ပါသည်ဟုဆိုရင်း အဆုံးသတ်စကား ဆိုလိုက်ရပါ၏။

ကုလဝံသေ ရက္ခတ
**မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)**

ကျမ်းကိုးကားစာရင်း


၁။ ကျော်ဝင်းဦး၊ ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် "တောင်ငူခေတ်လူမှုရေးစာတမ်း၊ ပညာပဒေသာစာစောင် အတွဲ(၇)၊ အပိုင်း(၂)၊ ဝိဇ္ဇာ၊ ၁၉၇၁။

၂။ ကျော်ဝင်းဦး၊ ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် တည်းဖြတ်သည့် မဟာရာဇဝင်သစ်(တတိယတွဲ) မြတ်မိခင်ဝံသာနုရက္ခိတအဖွဲ့ ၁၉၉၈ ခု၊ ရန်ကုန်မြို့ ပထမအကြိမ်။

၃။ ကျော်သက်၊ ဒေါက်တာ၊ P.H.D(UK)၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်းဌာန။

၄။ တင်ဦး၊ ပုဂံဝန်ထောက်၊ မဟာဝိဇ္ဇာဂုဏ်ထူးဆောင်၊ ကဗျာဗန္ဓသာရကျမ်း၊ ပထမအကြိမ်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၉ ခုနှစ်။

၅။ ဒီပဲရင်းဆရာတော်၊ အနာဂတဝင်ကျမ်း၊ မဟာသိပ္ပံစာပေ၊ ၁၉၉၀၊ ပဉ္စမအကြိမ်၊ ရန်ကုန်။

၆။ နိုင်ပန်းလှ၊ ဒေါက်တာ၊ ပါမောက္ခ၊ B.Sc, P.H.D, L.L.D(L.A) ရာဇဓိရာဇ်အရေးတော်ပုံကျမ်း၊ ဒုတိယ အကြိမ်၊ ၁၉၉၇ ခုနှစ်၊ ရန်ကုန်။

၇။ နိုင်ပန်းလှ၊ ဒေါက်တာ၊ ပါမောက္ခ၊ B.Sc, P.H.D, L.L.D၊ ဗညားဒလ၊ သုတေသနစာပေများ၊ မွေးစာပေ၊ ရန်ကုန်။

၈။ မောင်မောင်ကြီး၊ ဦး၊ လယ်တီပဏ္ဍိတ၊ မဟာဝိဇ္ဇာဂုဏ်ထူးဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ တပင်ရွှေထီးဝတ္ထုတော်ကြီး၊ (ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမတွဲ ပေါင်းချုပ်) ကာယသုခပုံနှိပ်တိုက်၊ ရန်ကုန်၊ ဒုတိယအကြိမ်၊ ၁၉၇၁ ခုနှစ်။

၉။ သီတာ၊ မ၊ ဆင်ဖြူများရှင်လက်ထက်၊ စည်းရုံးရေး စွမ်းရည်ကို တင်ပြခြင်း၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းအထူးပြု၊ ရန်ကုန်။

၁၀။ သန်းထွန်း၊ ဒေါက်တာ၊ ၁၆-၁၇ ရာစုက ထိုင်းလူမျိုး မြန်မာမင်းမှုထမ်းများ၊ ယဉ်ကျေးမှုမဂ္ဂဇင်း ၁၉၉၈/၅။

၁၁။ အဗျင်းဆရာတော်၊ ဗေဒမကုဋမာလာ(ခေါ်)ဗေဒင်ခေါင်းဆောင်ကျမ်း၊ ပ+ဒုပေါင်းချုပ်၊ ပညာရောင်ခြည်စာပေဌာန၊ ရန်ကုန်၊ တတိယအကြိမ်၊ ၁၉၉၁ ခုနှစ်။

၁၂။ ဩဘာသာဘိဝံသအရှင်ဆရာတော်၊ သုတေသနသရုပ်ပြအဘိဓာန်၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ တတိယအကြိမ်၊ ၁၉၉၇ ခုနှစ်။

၁၃။ ရဟန်းရှင်လူပညာရှိများ၊ မှန်နန်းရာဇဝင်၊ တတိယတွဲ၊ ၁၉၅၆ ခုနှစ်၊ ကိုလုမောင်၊ မန္တလေးမြို့။

၁၄။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာစာပေ ညွှန့်ပေါင်းကျမ်း (ပထမတွဲ)။

၁၅။ HAVEY, H.E
History of Burma, 1967, Landon

၁၆။ Randon House Canda, 1964
Great Events Of World History


---

၂၆။ တပင်ရွှေထီး ဝတ္ထုတော်ကြီး၊ စာ-၃၃၅။



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၅ ခုနှစ်၊ ပြာသိုလ - တပို့တွဲလ

## 2014 JANUARY

| | | |
|---|---|---|
| ဗုဒ္ဓဟူး Wednesday | 1 ၁ ကရင်နှစ်သစ်ကူးနေ့ | |
| ကြာသပတေး Thursday | 2 ၂ ရက်ရာဇာ | |
| သောကြာ Friday | 3 ၃ | |
| စနေ Saturday | 4 ၄ လွတ်လပ်ရေးနေ့ ရက်ရာဇာ၊ မဟာရက်ကြမ်း | 18 ၃ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 5 ၅ | 19 ၄ မဟာရက်ကြမ်း |
| တနင်္လာ Monday | 6 ၆ | 20 ၅ |
| အင်္ဂါ Tuesday | 7 ၇ အမြိတ္တစုတ်ရက် | 21 ၆ |
| ဗုဒ္ဓဟူး Wednesday | 8 ၈ | 22 ၇ |
| ကြာသပတေး Thursday | 9 ၉ ရက်ရာဇာ | 23 ၈ ရက်ရာဇာ |
| သောကြာ Friday | 10 ၁၀ | 24 ၉ |
| စနေ Saturday | 11 ၁၁ ရက်ရာဇာ | 25 ၁၀ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 12 ၁၂ ရက်ယုတ်မာ | 26 ၁၁ |
| တနင်္လာ Monday | 13 ၁၃ | 27 ၁၂ ရက်ယုတ်မာ |
| အင်္ဂါ Tuesday | 14 ၁၄ | 28 ၁၃ |
| ဗုဒ္ဓဟူး Wednesday | 15 (၁၅) ပြာသိုလပြည့် | 29 ၁၄ |
| ကြာသပတေး Thursday | 16 ၁ ရက်ရာဇာ | 30 ၁၅ ရက်ရာဇာ၊ ပြာသိုလကွယ် |
| သောကြာ Friday | 17 ၂ | 31 ၁ အမြိတ္တစုတ်ရက် |



၁၅. ၁. ၂၀၁၄ စန်းပြောင်းရက်စွဲ ၃၀. ၁. ၂၀၁၄

**၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဂြိုဟ်ပြောင်းချိန်**

တနင်္ဂနွေသည် - ၁၄. ၁. ၂၀၁၄ အင်္ဂါနေ့ နေ့လယ် ၁ နာရီ ၅၁ မိနစ် ၁၀ စက္ကန့်တွင် မကာရရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ကန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၈. ၁. ၂၀၁၄ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီ ၅ မိနစ် ၈ စက္ကန့်တွင် မကာရရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၇. ၁. ၂၀၁၄ တနင်္လာနေ့ နံနက် ၀ နာရီ ၃၄ မိနစ် ၃၄ စက္ကန့်တွင် ကုံရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - မေထုန်ရာသီ၌ ဝကြွသွားသည်။

သောကြာသည် - ၇. ၁. ၂၀၁၄ အင်္ဂါနေ့ နံနက် ၁ နာရီ ၉ မိနစ် ၂၀ စက္ကန့်တွင် ဓနုရာသီသို့ ပြန်ဝင်သည်။

စနေသည် - တူရာသီသို့ ပြောင်းသည်။

ရာဟုသည် - တူရာသီသို့ ပြောင်းသည်။

(၇. ၁. ၂၀၁၄)ရက်နှင့် (၃၁. ၁. ၂၀၁၄)ရက်တို့သည် အမြိတ္တစုတ် ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

**အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ**

*တနင်္ဂနွေသားသမီးသည်* အနောက်မြောက်အရပ်တွင် ထောက်ကြံ့ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့အရပ်တွင် သြဇာပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အနောက်တောင်အရပ်တွင် ခရေပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* မြောက်အရပ်တွင် စိန်ပန်းပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်အရပ်တွင် လေ့ာက်သေပင် စိုက်ပါ။

*သောကြာသားသမီးသည်* တောင်အရပ်တွင် ပိတောက်ပင် စိုက်ပါ။

*စနေသားသမီးသည်* အရှေ့တောင်အရပ်တွင် သစ်အုံး၊ သစ်အယ်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလအတွက်

● မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဇန်နဝါရီလ (၃)၊ (၅)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၄)၊ (၂၆)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဇန်နဝါရီလ (၁)၊ (၂)၊ (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၃)၊ (၂၅)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဇန်နဝါရီလ (၁)၊ (၅)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဇန်နဝါရီလ (၂)၊ (၇)၊ (၉)၊ (၁၁)၊ (၁၄)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဇန်နဝါရီလ (၁)၊ (၃)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၇)၊ (၂၀)၊ (၂၂)၊ (၂၄)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဇန်နဝါရီလ (၂)၊ (၅)၊ (၇)၊ (၉)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဇန်နဝါရီလ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဇန်နဝါရီလ (၂)၊ (၉)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

■ မဟိဒ္ဓိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

**၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလအတွက်**

နွယ်သာကီအောင်

၂၀၁၄ သို့ ရောက်ခဲ့ပြီ။

နှစ်ဟောင်းတစ်နှစ် ချုပ်ငြိမ်း၍ နှစ်သစ်ကာလ မင်္ဂလာအခါသမယသို့ ရောက်ရှိခဲ့ပြန်ပါပြီ။ ၂၀၁၃ သည် ထောင့်ချိုးတစ်ခု၌ ကျန်ရစ်ခဲ့ပြီကော။ သည်အခါဝယ် ပန်းကလေးပန်၊ ဟန်ကလေးပြဖို့ရာအတွက် ထောင့်အကွယ်မှ ပေါ်ထွက်လာပါပြီ။ ၂၀၁၃ ၌ ထင်ဟပ်ခဲ့သော ပုံရိပ်များနှင့် စပ်လျဉ်း၍ သင်ခန်းစာယူဖွယ်တွေလည်း ရှိခဲ့ကြမည်။ ဘဝစာမျက်နှာ မင်္ဂလာနှစ်သစ်အခါသမယ၌ ဆင်ခြင်သတိပြုဖွယ်များကို ဆင်ခြင်သတိပြုရင်း ဘဝတက်လမ်းကို တက်လှမ်းကြရပေလိမ့်မည်။ လောကကြီးပွားရာ ကြီးပွားကြောင်းများကို လုပ်ဆောင်ရင်း သံသရာအတွက်ပါ ကြိုးစားလုပ်ဆောင်ရပေလိမ့်မည်။ သည့်အတွက် အခြေခံကျသော လောကီရေးရာ အောင်မြင်စေကြောင်းအတွက် ဤအခန်း ဤကဏ္ဍကို တင်ဆက်နေရခြင်း ဖြစ်သည်ဟု စကားဦးသန်းရင်း...

**၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ**

ဇန်နဝါရီလ (၄)၊ (၅)၊ (၁၀)၊ (၂၇)၊ (၃၀) စသောရက်များသည် နေအိမ်တိုက်တာ၊ အဆောက်အအုံများဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဇန်နဝါရီလ (၂)၊ (၉)၊ (၁၇)၊ (၁၉)၊ (၂၉) စသောရက်များသည် မော်တော်ကားများ၊ ယာဉ်အမျိုးမျိုးများဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၃။ ရေသတ္တဝါဖမ်းဖို့ရာ**

ဇန်နဝါရီလ (၂)၊ (၄)၊ (၅)၊ (၉)၊ (၂၉) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသော ငါးတို့အားဖမ်းဆီးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၄။ ရွှေတွင်း၊ ကျောက်တွင်း တူးဖော်ဖို့ရာ**

ဇန်နဝါရီလ (၄)၊ (၇)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၃၀) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၅။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဇန်နဝါရီလ (၂)၊ (၇)၊ (၉)၊ (၁၁)၊ (၂၅)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၆။ လက်ထပ်မင်္ဂလာ ကျင်းပရာ**

ဇန်နဝါရီလ (၂)၊ (၆)၊ (၇)၊ (၉)၊ (၁၁)၊ (၁၈)၊ (၂၅)၊ (၂၇)၊ (၂၈)၊ (၃၀)၊ (၃၁) စသောရက်များသည် အာဝါဟဝိဝါဟ မင်္ဂလာပွဲများ ကျင်းပပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၇။ **ခရီးဝေးကွာသွားဖို့ရာ**

ဇန်နဝါရီလ (၇)၊ (၁၁)၊ (၁၄)၊ (၁၆)၊ (၂၈)၊ (၃၀) စသောရက်များသည် ရပ်နီးရပ်ဝေးခရီးများ သွားလာဖို့ရာ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

၈။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

ဇန်နဝါရီလ (၂)၊ (၅)၊ (၁၀)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် လယ်ထွန်မင်္ဂလာ ကျင်းပပြုလုပ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

ဇန်နဝါရီလ (၂)၊ (၁၀)၊ (၁၃)၊ (၁၅)၊ (၂၃)၊ (၂၆)၊ (၂၉)၊ (၃၀) စသော ရက်များသည် ယှဉ်ပြိုင်ဆောင်ရွက်ရမည့်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **ကျောင်း/အိမ်ဆောက်ရာ ရက်မြတ်မဟာ**

ဇန်နဝါရီလ (၉)၊ (၁၃)၊ (၁၆)၊ (၂၁)၊ (၃၀)၊ (၃၁) စသောရက်များသည် ကျောင်းဆောက်ခြင်း၊ အိမ်ဆောက်ခြင်းတို့ ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **ရှင်ပြု၊ နားသ ပြုဖို့ရာ**

ဇန်နဝါရီလ (၂)၊ (၅)၊ (၇)၊ (၉)၊ (၁၁)၊ (၁၄)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသည့် ဘာသာရေးမင်္ဂလာများ ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **အိမ်ပြောင်း၊ အိမ်သစ်တက်ဖို့ရာ**

ဇန်နဝါရီလ (၂)၊ (၇)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၈)၊ (၃၀)၊ (၃၁) စသော ရက်များသည် နေအိမ်ပြောင်းရွှေ့ခြင်း၊ ဆောက်လုပ်ပြီး အိမ်အသစ်သို့ တက်ရောက်ခြင်းများအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **အရောင်းအဝယ်လုပ်ဖို့ရာ**

ဇန်နဝါရီလ (၇)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၂၅)၊ (၂၈) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ပြုလုပ်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဇန်နဝါရီလ (၂)၊ (၅)၊ (၁၀)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် သီးနှံမျိုးစေ့များကြဲဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ရေတွင်းရေကန် တူးဖို့ရာ**

ဇန်နဝါရီလ (၁၁)၊ (၁၆)၊ (၂၁) စသောရက်များသည် ရေတွင်းရေကန်များတူးဖော်ဖို့ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **ပညာစတင်သင်ဖို့ရာ**

ဇန်နဝါရီလ (၁)၊ (၂)၊ (၅)၊ (၁၀)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၂)၊ (၂၆) စသော ရက်များသည် ပညာသစ်၊ ပညာထူးများ စတင်သင်ယူဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အောင်ဘာလေထီထိုးဖို့ရာ**

ဇန်နဝါရီလ (၂)၊ (၇)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၅) စသောရက်များသည် အောင်ဘာလေထီထိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၈။ **မင်္ဂလာအခါပေးဖို့ရာ**

ဇန်နဝါရီလ (၁)၊ (၂)၊ (၄)၊ (၅)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၂၉)၊ (၃၀)၊ (၃၁) စသောရက်များသည် မင်္ဂလာအခါပေးနိုင်သည့် ရက်များ ဖြစ်ကြပါသည်။

နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

**၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလအတွက်**

❐ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါ်များလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီ ကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဇန်နဝါရီလ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၅) ကျရောက်သောရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ ဇန်နဝါရီလ (၃)၊ (၄)၊ (၅)၊ (၆)၊ (၉)၊ (၁၀) ကျရောက်သောရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ ဇန်နဝါရီလ (၁)၊ (၂)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၂၇)၊ (၂၈) ကျရောက်သောရက်များ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥအမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ ဇန်နဝါရီလ (၁)၊ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၈) ကျရောက်သောရက်များ၌ သီးနှံမျိုးစေ့တို့ကို ကြဲရန် သင့်လျော်လှပါကြောင်း ကိုက်တွန်းရေးသားလိုက်ပါသည်။

■ တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# ဇန်နဝါရီလမှာ ဆောင်ရွက်ပါ

## ၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလအတွက်

**နေမျိုးထွင့်ခေါင်**

၁။ ဇန်နဝါရီလ (၁)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၆)၊ (၃၁) စသောရက်များသည် **'နန္ဒာတိထိ'**တွင် ကျရောက်ပါသည်။ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ,ကျောင်း,ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်နိုင်ကြပါသည်။

၂။ ဇန်နဝါရီလ (၂)၊ (၆)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် **'ဘဒြာတိထိ'**တွင် ကျရောက်ပါသည်။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်း မင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ ဇန်နဝါရီလ (၃)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် **'ဇယာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများတို့ ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဇန်နဝါရီလ (၄)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် **'ရိတ္တာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဇန်နဝါရီလ (၅)၊ (၉)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် **'ပုဏ္ဏာတိထိ'**တွင် ကျရောက်ပါသည်။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဇန်နဝါရီလ (၇)၊ (၃၁) စသည့်ရက်များသည် **'အမြိတ္တစုတ်'**တွင် ကျရောက်ပါသည်။ ထိုရက်များ၌ မကောင်းကြုံနေစေကာမူ မည်သည့်ကိစ္စရပ်မျိုးကိုမဆို ဆောင်ရွက်ပါက အောင်မြင်မှု ရရှိနိုင်ပါသည်။

၇။ ဇန်နဝါရီလ (၂)၊ (၄)၊ (၉)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၅)၊ (၃၀) စသောရက်များသည် **'ရက်ရာဇာ'**တွင် ကျရောက်ပါသည်။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ်အစရှိသော တီထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းများကို ဆောင်ရွက်နိုင်ကြပါသည်။

နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

**ဇန်နဝါရီလတွင် ဖွားမြင်သူများ**

ဆရာမိုးဟန်ကြွယ်

အလုပ်ကိစ္စများနှင့် စပ်လျဉ်း၍ အဆင်မပြေမှုများ၊ ရန်များမှုများ ရှိနေတတ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သည်းခြေ၊ သလိပ်နှင့် သက်ဆိုင်သော ဝေဒနာများ ခံစားရတတ်သည်။ သားသမီးတို့နှင့် စပ်လျဉ်း၍ စိတ်သောကရောက်စရာများ ကြုံရတတ်သည်။ ပျိုရွယ်သူများ ချစ်မှုရေးရာနှင့်ပတ်သက်၍ ချစ်သူနှင့် ပြေလည်မှုမရဘဲ ဖြစ်နေတတ်သည်။ အမှုအခင်းများ တွေ့ကြုံရပါက ပြီးပြတ်အောင်မြင်ပါလိမ့်မည်။ ထိုအခါ စိတ်လက်ချမ်းသာခြင်းများ ခံစားရပါလိမ့်မည်။

ရွှေငွေရတနာကျောက်မျက်မျိုးစုံတို့ ရောင်းဝယ်ခြင်းမှ အကျိုးအမြတ်များ ရရှိတတ်ပါသည်။ လူနေမှုအဆင့်အတန်း မြင့်မားစွာ နေထိုင်ရမည်။ အားလုံးထဲတွင် ထင်ပေါ်ကျော်စောနေတတ်သည်။ ထို့အတူ မျက်စိအမြင်ဆိုင်ရာ အားနည်းခြင်းရောဂါလည်း ရရှိခံစားရတတ်သည်။ အဝေးရောက်နေသော အိမ်ထောင်ဖက်၏ ကျန်းမာရေးဆိုင်ရာ သတင်းစကားများ ကြားရတတ်သည်။ စပါး၊ ကုလားပဲ၊ ဂျုံ ပဲအမျိုးမျိုး စသည်တို့ ရောင်းဝယ်မှုကိစ္စများ၌ အကျိုးခံစားရတတ်ပါသည်။ အလုပ်ကိစ္စအတွက် ခရီးထွက်ရခြင်းမျိုး ကြုံမည်။

စကားအပြောအဆို ဂရုစိုက်ရန်လို၏။ သို့မဟုတ်ပါက လွဲချော်မှုများ၊ ဆုံးရှုံးမှုများနှင့် ကြုံရတတ်သည်။ စွပ်စွဲမှုခံရတတ်သည်။ အလိမ်အကောက်ခံရတတ်သည်။ ပျိုရွယ်သူများ ချစ်သူ၏ အထင်လွဲမှုကြောင့် ပစ်ပယ်ခြင်းမျိုး ခံရတတ်သည်။ အိမ်ထောင်ရေး၌ မီးဝေးချိတ်ပမာ ဖြစ်နေပါလျှင် ပြန်လည်အဆင်ပြေသွားပါလိမ့်မည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာတွင် စပါး၊ ပဲ၊ နှမ်း ဝယ်ယူသိုလှောင်ထားပါက ခြောက်လလွန်မြောက်လျှင် အမြတ်အစွန်းရမည်။ ကြံသကာ၊ သကြား၊ ဆီတို့ ရောင်းဝယ်ပါက နှစ်လအတွင်း အကျိုးများ၏။ ဆေးဝါးပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ဓာတ်ငွေ့ကုန်ကြမ်းများ ထင်သလောက် အကျိုးမပေးနိုင်ပါ။ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများဘက် အာရုံစိုက်ပေးပါက ထူးခြားမှုများနှင့် ကြုံတွေ့လာပါလိမ့်မည်။

**ယတြာပြုလိုပါက** . . . ထမင်းဦးပေါင်းပေါ် သကြားဖြူး၍ ဆွမ်းတော်ကပ်ပေးပါ။

■ ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တ ဗေဒင်ပညာ

## ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန် နှင့် သတိပြုရန်အချက်များ

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

စျေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ကူးသန်းရောင်းဝယ်ဖောက်ကားနိုင်၏။ လက်ထပ်ထိမ်းမြားနိုင်၏။ ခရီးထွက်နိုင်၏။ ဇန်နဝါရီလ ၁ ရက်၊ ၁၃ ရက်နှင့် ၂၅ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ အိမ်ရာပြောင်းရွှေ့နိုင်၏။ မိတ်ဆုံနိုင်၏။ အကျိုးထူးပါလိမ့်မည်။

**ရှောင်ကြဉ်ရန်အချက်များ**

မြေကြီးမဆွရ။ စိုက်ပျိုးရေးလုပ်ငန်းနှင့် အကျိုးမပေးနိုင်ပါ။ စိုက်ပျိုးရေး မလုပ်ကိုင်ရပါ။ အခန်းခုတင်နေရာမချရ၊ မချကောင်းသေး။ မီးဖို၊ မီးဖိုဆောင်၊ မီးဖိုခန်းမပြင်၊ မဆောက်လုပ်ရ။ ခိုက်တတ်ပါသည်။ ထို့ပြင် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အရောင်းအဝယ်စာချုပ် မချုပ်ဆိုရ။ နိုင်ငံခြားကုန်သွယ်မှု မပြုလုပ်ကြရပါ။ အရှုံးပေါ်တတ်၏။

**ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

တောအမဲလိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ သင်ကံကောင်းနေပါလိမ့်မည်။ ဆံသ ခေါင်းဆေး၊ ခေါင်းလျှော်ခြင်း ပြုနိုင်၏။ ဇန်နဝါရီလ ၂ ရက်၊ ၁၄ ရက်နှင့် ၂၆ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ခရီးထွက်နိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ စာချုပ် ချုပ်ဆိုနိုင်၏။ စျေးဆိုင်သစ် တည်နိုင် ဖွင့်နိုင်ပါသည်။ ထို့ပြင် အိမ်ရာပြောင်းရွှေ့နိုင်ပါသေးသည်။

**ရှောင်ကြဉ်ရန်အချက်များ**

မိတ်ဆုံခြင်း မပြုနှင့်။ အကျိုးရှိမည် မဟုတ်ပါ။ ငါးဖမ်းလုပ်ငန်း၊ ငါးဒိုင်၊ ငါးအရောင်းအဝယ်လုပ်ငန်း မလုပ်ရ။ အကျိုးမရှိပါ။ ဇန်နဝါရီလ ၂ ရက်နေ့တွင် ခရီးမထွက်ကောင်း၊ ကုန်သွယ်မှု မလုပ်ရ။ စာချုပ် မချုပ်ရ။ သတိထားပါလေ။

**ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

စေ့စပ်နိုင်၏။ ဆုတောင်းပွဲ လုပ်နိုင်၏။ မြောင်းဖောက်နိုင်၏။ ရေတွင်း ရေကန် တူးဖော်နိုင်၏။ စိုက်ပျိုးရေးလုပ်လျှင် အကျိုးရှိမည်။ စီးပွားရေးလုပ်ငန်း တည်ထောင်နိုင်ပါသည်။ ငါးဖမ်းနိုင်၏။ ငါးဒိုင်၊ ငါးအရောင်းအဝယ် လုပ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း လက်မထပ်သင့်သေး။ ခေတ္တခဏ စောင့်ဆိုင်းပါဦး။ မစောင့်နိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။ ထို့ပြင် မီးဖို မီးဖိုခန်း မပြင်ရ မဆောက်လုပ်ကောင်း၊ ဈေးဆိုင်သစ် မတည်ရ မဖွင့်ရ။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလတွင် သင် ကံနိမ့်နေရှာ၏။ ကုသိုလ်ကောင်းမှု၊ အလှူအတန်း များများလုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ မိဘ၊ ဆရာ၊ ဘုရား၊ တရား၊ သံဃာ မမေ့အပ်ချေ။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း မပြုလုပ်ရ။ ရေကြောင်းခရီး မထွက်ရ။ လှေ၊ သင်္ဘော မစီးရ။ လေကြောင်းခရီးကိုလည်း ရှောင်ကြဉ်ကြရပါမည်။ စီးပွားရေး တိုးချဲ့မှု လုပ်ငန်း ခေတ္တခဏ ရပ်နားထားသင့်၏။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေး လုပ်ကိုင်လျှင် မြင်းနှစ် မွေးသူများနှင့် မလုပ်ကိုင်ဘဲ အခြားမွေးနှစ်ဖြစ်သော မြွေနှစ်မွေးသူများ၊ နဂါးနှစ်မွေးသူများ၊ ကျားနှစ်နှင့် ယုန်နှစ်မွေးသူများတို့နှင့် ဖက်စပ်လုပ်ကိုင်ပါ။ ကြီးပွားတိုးတက်ပါလိမ့်မည်။ ဆုတောင်းပွဲ လုပ်နိုင်၏။ အထည်ချုပ်လုပ်ငန်း အကျိုးပေးပါလိမ့်မည်။ စေ့စပ်နိုင်၏။ ဂိုဒေါင်ဖွင့်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

မီးဖို၊ မီးဖိုခန်း၊ မီးဖိုဆောင် မပြင်ရ။ မဆောက်လုပ်ကောင်း ခိုက်တတ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် မကိုက်ပါ။ မလုပ်သင့်။ အရှုံးပေါ်မည်။ ထို့ပြင် အိမ်ရာပြောင်းရွှေ့ခြင်း မပြုရ။ ခရီးမထွက်ရ။ အန္တရာယ်များ၏။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ လုပ်နိုင်၏။ လုပ်လျှင် အကျိုးထူးခြားပါလိမ့်မည်။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ပါသည်။ မည်သည့်ပြဿနာမျှ မရှိပါချေ။ လုပ်သာလုပ်ပါလေ။ ထို့ပြင် အထည်ချုပ်လုပ်ငန်း လုပ်နိုင်ပါသည်။ အကျိုးရှိ၏။(အကျိုးပေးမည်။)

### ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်သင့်ပါ။ သစ်ခုတ်ခြင်း၊ သစ်ဖောင်မျှောခြင်း၊ သစ်လုပ်ငန်း၊ သစ်အရောင်းအဝယ် မလုပ်သင့်ပါ။ အရှုံးပေါ်နိုင်သည်။ သတိနှင့် ဆင်ခြင်ပါ။ ထို့ပြင် လက်ထပ်ထိမ်းမြားခြင်း မပြုသင့်သေးပါ။ ခဏစောင့်ဆိုင်းပါဦး။ အကျိုးယုတ်တတ်လေသည်။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်ကြောင်းလမ်းနိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်ပါသည်။ လက်ထပ်နိုင်၏။ ရောင်းဝယ်ဖောက်ကားနိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ စိုက်ပျိုးရေးလုပ်နိုင်၏။ ဇန်နဝါရီလ ၇ ရက်နှင့် ၁၉ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် မတည်ထောင်သင့်သေးပါ။ ခေတ္တခဏ စောင့်ပါဦးလေ။ အကျိုးယုတ်တတ်ပါသည်။ ဆုတောင်းပွဲ မလုပ်သင့်သေး။ အကျိုးရှိမည် မဟုတ်ပါ။ ထို့ပြင် ငါးပိုက်ကွန်ရက် လုပ်ငန်း မလုပ်သင့်။ အရှုံးပေါ်မည်။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ ငွေထုတ်ချေးလျှင် အကျိုးရှိပါလိမ့်မည်။ ငါးပိုက်ကွန်ရက် လုပ်ရောင်းလျှင် ကိုက်မည်။ ဈေးဆိုင်သစ်တည်၊ ဖွင့်နိုင်၏။ ဆုတောင်းပွဲ လုပ်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့ပြင် သင်တန်းတစ်ခုခုတက်လျှင် အဆင်ပြေချောမော အောင်မြင်ပေလိမ့်မည်။ ခရီးထွက်နိုင်၏။ ဇန်နဝါရီလ ၈ ရက်နှင့် ၂၀ ရက်နေ့တို့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

**ရှောင်ကြဉ်ရန်အချက်များ**

အိမ်ရာ မပြောင်းရွှေ့သင့်သေးပါ။ ခေတ္တခဏ စောင့်ဆိုင်းပါဦးလေ။ ဂိုဒေါင် မဖွင့်ရ။ ပြဿနာတက်လိမ့်မည်။ သတိနှင့် ဆင်ခြင်ပါ။

**နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

ဆုတောင်းပွဲ လုပ်နိုင်၏။ လုပ်လျှင် အကျိုးရှိနိုင်ပါလိမ့်မည်။ တောအမဲလိုက် သားကောင် ဖမ်းနိုင်၏။ သင် ကံကောင်းနေပါလိမ့်မည်။ စေ့စပ်နိုင်၏။

**ရှောင်ကြဉ်ရန်အချက်များ**

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်သင့်သေး။ ပြန်လည်စဉ်းစား သုံးသပ်ပါလေ။ အကျိုးယုတ်တတ်ပါသည်။ ထို့ပြင် ရေမြောင်းမဖောက်ရ။ ရေတွင်း၊ ရေကန် မတူးဖော်ရ။ ခိုက်တတ်ပါသည်။ ငါးပိုက်ကွန်ရက် ရောင်းဝယ်ခြင်းလုပ်ငန်းနှင့် မကိုက်ပါ။ မလုပ်ရပါ။

**မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

ဆုတောင်းပွဲလုပ်လျှင် အကျိုးရှိမည်။ အိမ်ရာ ပြောင်းရွှေ့နိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပါ။ ပြဿနာ မရှိပါချေ။ ငွေထုတ်ချေးနိုင်၏။ မွေးမြူရေးလုပ်ငန်း လုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ ထို့ပြင် စေ့စပ်ကြောင်းလမ်းနိုင်၏။ ဇန်နဝါရီလ ၂၂ ရက်သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။

**ရှောင်ကြဉ်ရန်အချက်များ**

ရေကြောင်းခရီး မသွားရ။ လှေ၊ သင်္ဘော မစီးကြရ။ ဘေးအန္တရာယ် စောင့်ကြိုနေတတ်၏။ အရက်ချက်လုပ်ငန်း မလုပ်သင့်။ မကိုက်ပါ။ အရှုံးပေါ်မည်။ ထို့ပြင် ဈေးဆိုင်သစ် မတည်ရ။ မဖွင့်ရ။

**မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

သစ်ခုတ်လုပ်ငန်း၊ သစ်ဖောင်မျှောလုပ်ငန်း၊ သစ်အရောင်းအဝယ် လုပ်ငန်းလုပ်လျှင် အကျိုးပေးမည်။ လုပ်ပေးပါ။ တောအမဲလိုက်နိုင်၏။ သားကောင် ဖမ်းနိုင်၏။ သင် ကံကောင်းနေပါလိမ့်မည်။

**ရှောင်ကြဉ်ရန်အချက်များ**

သန့်စင်ခန်း၊ အိမ်သာ မဆောက်လုပ်ကောင်း။ ခေတ္တခဏ စောင့်ဆိုင်းပါဦး။ ခိုက်တတ်ပါသည်။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် မတည်ထောင်သင့်သေးပါ။ ဈေးဆိုင်သစ် မတည်ရ။ မဖွင့်ရ။ ရောင်းဝယ်မှု နားထားပါ။

**ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

ယခုလ သင်၏ ကံကြမ္မာ ညှိုးနွမ်းနေရှာ၏။ ဘာသာရေး ကုသိုလ်ကောင်းမှုများ များများလုပ်ပေးပါ။ ဘုန်းကြီး ဆွမ်းကျွေးပါ။ အလှူအတန်း များများလုပ်ပေးပါ။ ဥပုသ်သီလစောင့်ပါ။ ဥပုသ်သီလ မပျက်ပါစေနှင့်။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

**ရှောင်ကြဉ်ရန်အချက်များ**

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ ခရီးထွက်ခြင်း၊ အိမ်ရာပြောင်းရွှေ့ခြင်း ခေတ္တခဏ စောင့်ဆိုင်း ရွှေ့ဆိုင်းပါဦးလေ။ မစောင့်နိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။ သတိနှင့် ဆင်ခြင်ပါ။ စီးပွားရေးလုပ်ငန်း မတိုးချဲ့ပါနှင့်ဦး။ အကျိုးမဲ့ ဖြစ်တတ်ပါသည်။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref: -**

တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၃-ခုနှစ်၊
**Hong Kong(China)**



www.burmeseclassic.com

www.burmeseclassic.com

# ရောင်ခြည်တော်ထွက်သော ပဋ္ဌာန်း

## ဆင်ဖြူကျွန်းအောင်သိန်း

မြတ်စွာဘုရားသည် ဗောဓိပင်အောက်ရှိ ရွှေပလ္လင်တော်၌ ကဆုန်လပြည့်နေ့ ပဌမယာမ်တွင် ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုံးသပ်တော်မူ၏။ ပစ္ဆိမယာမ်၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ၊ ပဋိလောမအားဖြင့် နှလုံးသွင်းတော်မူ၍ အရဏ်တက် ခါနီးကာလသို့ အရောက်တွင် "သဗ္ဗညုတ"အဖြစ်သို့ ရောက်တော်မူ၏။

မြတ်စွာဘုရားအလောင်းတော် သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူသည်၏ အခြားမဲ့၌ အရဏ်တက်၏။ ထပြည့်ကျော် ၁ ရက်နေ့မှစ၍ ခုနစ်ရက်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းတော်မူလျက် တစ်ထက်ဝယ်(တစ်ထိုင်တည်း)တည်းဖြင့်သာလျှင် နေတော်မူ၏။

ထိုအခါ အချို့သော တန်ခိုးငယ်သည့် နတ်တို့သည် ဘုရားမဖြစ်သေး။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ရှိကုန်သေး၏ဟုအထင်ရောက်ကာ ယုံမှားသံသယဖြစ်ကြ၏။ သို့ဖြစ်သောကြောင့် မြတ်စွာဘုရားသည် ရှစ်ရက်မြောက်သောနေ့၌ သမာပတ်မှ ထတော်မူကာ တန်ခိုးငယ်သော နတ်တို့၏ ယုံမှားခြင်းကို ပယ်ဖျောက်တော်မူ၏။

ရှစ်ရက်မြောက်သောနေ့၌ ထိုသမာမှ ထတော်မူ၍ တန်ခိုးငယ်သော နတ်တို့၏ ယုံမှားခြင်းကို ဖျောက်အံ့သောငှာ ကောင်းကင်သို့ ပျံတက်၍ပြီးလျှင် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထိုသို့ နတ်အချို့၏ ယုံမှားမှုကို ပယ်ဖျောက်ပြီးသော် ပလ္လင်တော်မှ စဉ်းငယ်အရှေ့သို့မှီသော နောက်အရပ်၌ ရပ်တော်မူ၏။

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဖြည့်တော်မူအပ်သော ပါရမီတော်တို့၏ အစွမ်းဖြင့်ရသော ရွှေပလ္လင်ကိုလည်းကောင်း၊ ဗောဓိပင်ကိုလည်းကောင်း မမိုတ်သော မျက်စိဖြင့် ကြည့်တော်မူလျက် ခုနစ်ရက်နေတော်မူရာ ထိုအရပ်သည် "အနိမိသ"စေတီမည်ပေ၏။

ထို့နောက်မှ · · ·ပလ္လင်၏လည်းကောင်း၊ ရပ်တော်မူရာ နေရာ၏လည်းကောင်း၊ အကြား၌ အရှေ့အနောက်အလျားရှည်သော ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူ၏။ ထိုအရပ်၌ ခုနစ်ရက်လွန်စေသောကြောင့် ထိုအရပ်သည် "ရတနာစင်္ကြံ"စေတီမည်၏။

ထိုမှတစ်ဖန် နောက်အဖို့၌ နတ်



www.burmeseclassic.com

www.burmeseclassic.com

တို့သည် ရတနာအတိပြီးသော အိမ်ကို ဖန်ဆင်းကြကုန်၏။ ထို"ရတနာဃရ" ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင်တော်မူ၏။

ထိုခုနစ်ကျမ်းတို့တွင် "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ"အစရှိသည်တို့ဖြင့် "ဓမ္မသင်္ဂဏီ" ကျမ်းကို ဦးစွာဆင်ခြင်တော်မူ၏။ ထိုဓမ္မသင်္ဂဏီကျမ်းကို ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်မှ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် မထွက်ကုန်။

ထို့နောင်မှ "ဝိဘင်း"ကျမ်းကို ဆင်ခြင်တော်မူ၏။

ထို့နောင်မှ "ဓာတုကထာ"ကျမ်းကို ဆင်ခြင်တော်မူ၏။

ထို့နောင်မှ "ပုဂ္ဂလပညတ်"ကျမ်းကို ဆင်ခြင်တော်မူ၏။

ထို့နောင်မှ "ကထာဝတ္ထု"ကျမ်းကို ဆင်ခြင်တော်မူ၏။

ထို့နောင်မှ "ယမကေစ ကုသလာဓမ္မာ၊ သဗ္ဗေတေကုသမူလာ"ကျမ်းကို ဆင်ခြင်တော်မူ၏။ ယမိုက်ဆယ်ကျမ်းကို ဆင်ခြင်တော်မူ၏။ ယမိုက်အဆုံးရှိသော ခြောက်ကျမ်းသော အဘိဓမ္မာတို့ကို ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်မှ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် မထွက်ကုန်သေး။

ထို့နောင်မှ "ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော"အစရှိသော ၂၄ ပစ္စည်းတို့ဖြင့် တန်ဆာဆင်အပ်သော ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တော်မူ၏။ ထိုသို့ "တိကပဋ္ဌာန်း"၊ "ဒုကပဋ္ဌာန်း" အစရှိသော ပဋ္ဌာန်းနှစ်ဆယ့်လေးကျမ်းကို ဆင်ခြင်သုံးသပ်တော်မူသော မြတ်စွာဘုရားအား စင်စစ်အားဖြင့် သဗ္ဗညုတဉာဏ်တော်သည် ပဋ္ဌာန်းကျမ်း၌သာလျှင် အခွင့်ရတော်မူ၏။

ဥပမာဆိုသော်ကား တိမိရ တိမိင်္ဂလ ငါးကြီးတို့သည် ရှစ်သောင်းလေးထောင်ယူဇနာ အနက်ရှိသော မဟာသမုဒ္ဒရာ၌သာလျှင် ကွန့်မြူးခြင်းအခွင့်ကို ရသကဲ့သို့၊ ထို့အတူ သဗ္ဗညုတဉာဏ်သည်လည်း ကေန်စင်စစ်အားဖြင့် ပဋ္ဌာန်းကျမ်း၌သာလျှင် ကွန့်မြူးရာ၊ ကျက်စားရာ အခွင့်ရ၏။

ဤသို့ရအပ်သည့် အခွင့်ရှိသော သဗ္ဗညုတဉာဏ်တော်တို့ဖြင့် အလွန်သိမ်မွေ့လှစွာသော တရားအလိုတော်အတိုင်း သုံးသပ်ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်မှ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

ခြောက်ပါးသော ရောင်ခြည်တော်တို့မှာ ညိုသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊ နီသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်၊ ပြိုးပြိုးပြက်ပြက်ရောင်ခြည်တော်တို့ ဖြစ်ပေ၏။

## (၁) ညိုသောရောင်ခြည်တော်

ဆံတော်၊ မုဆိတ်တော်၊ မျက်လုံးတော်တို့၏ ညိုသောအရပ်တို့မှ ညိုသောရောင်ခြည်တော်တို့သာ ထွက်ကုန်၏။ ထိုအခါ ညိုသောရောင်ခြည်တော်တို့ဖြင့် အရပ်မျက်နှာတို့၌ အောက်မည်းညိုပွင့် မျက်စဉ်းမှုန့်တို့ကဲ့သို့လည်းကောင်း၊ တလွှဲလွှဲခပ်အပ်သော ပတ္တမြား ညို ယပ်ဝန်းကဲ့သို့လည်းကောင်း၊ ကောင်းစွာဖြန့်အပ်သော ကျီးဥပုဆိုးကဲ့သို့လည်းကောင်း ညိုသောအဆင်း ဖြစ်ကုန်၏။

## (၂) ရွှေသော်ရောင်ခြည်တော်

ရွှေသောအဆင်းရှိသော မျက်လုံးတော်အရေတို့မှ ရွှေသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ရွှေသောရောင်ခြည်တော်တို့ဖြင့် အရပ်မျက်နှာတို့သည် ရွှေရည်အတိ လွှမ်းဘိသကဲ့သို့လည်းကောင်း၊ ရွှေပြားပုဆိုးကို ကောင်းစွာဖြန့်ဘိသကဲ့သို့လည်းကောင်း၊ မလ္လာကို ကျုံအမှုန့်ဖြင့် ပြွမ်းဘိသကဲ့သို့လည်းကောင်း၊ မဟာလေကုကားပန်းပွင့်တို့ကဲ့သို့လည်းကောင်း အရပ်မျက်နှာတို့သည် ထင်ကုန်၏။

## (၃) နီသောရောင်ခြည်တော်

အသားတော်၊ အသွေးတော်၊ နီသောအဆင်းရှိသည့် မျက်လုံးတော်တို့မှ နီသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ထိုအခါ အရပ်လေးမျက်နှာတို့သည် ကောင်းစွာနီမြန်းသော ဂံမွလာကဲ့သို့လည်းကောင်း၊ လယ်ခေါင်ရန်းပွင့်၊ ပေါက်ပွင့်၊ မိုးစွေပွင့်တို့ဖြင့် ပြွမ်းကုန်ဘိသကဲ့သို့လည်းကောင်း၊ ကောင်းစွာနီမြန်းသော ချိပ်ရည်တို့ဖြင့် သွန်းဘိသကဲ့သို့လည်းကောင်း ထင်ကုန်၏။

## (၄) ဖြူသောရောင်ခြည်တော်

သွားတော်၊ အရိုးတော်၊ ဖြူသောအဆင်းရှိသည့် မျက်လုံးတော်တို့မှ ဖြူသောရောင်ခြည်တော်တို့သည် ထွက်



www.burmeseclassic.com

www.burmeseclassic.com

ကုန်၏။ ထိုအခါ အရပ်မျက်နှာတို့သည် တလွှဲလွှဲခပ်အပ်သော ဖြူစင်လှသည့် ငွေယပ်ဝန်းကဲ့သို့လည်းကောင်း၊ သင်းခွေ၊ ကြာဖြူ၊ ရေညှိ၊ မုလေး၊ ကြက်ရုံး အစရှိသော ပန်းဆိုင်းကဲ့သို့လည်းကောင်း ဖြစ်ကုန်၏။

### (၅) မောင်းသောရောင်ခြည်တော်

ခြေသည်းတော်၊ လက်သည်းတော်၊ ခြေဖဝါးတော်၊ လက်ဖဝါးတော် အစရှိသော ကိုယ်တော်၏ အစိတ်မှ မောင်းသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ထိုအခါ အရပ်မျက်နှာတို့သည် အထူးထူးသော ပတ္တမြားနီ စသည့် နီမောင်းသော ရတနာတို့ဖြင့် ပွမ်းဘိသကဲ့သို့လည်းကောင်း၊ ကောင်းစွာနီမောင်းသော ရတနာတို့ဖြင့် ပွမ်းဘိသကဲ့သို့လည်းကောင်း၊ ကောင်းစွာနီမောင်းသော ကြာနီ၊ လယ်ခေါင်ရန်းသော ပန်းတို့၏ ဝတ်မှုန်တို့ဖြင့် ပွမ်းဘိသကဲ့သို့လည်းကောင်း၊ တလွှဲလွှဲခပ်အပ်သော ပတ္တမြားနီ ယပ်ဝန်းကဲ့သို့လည်းကောင်း၊ အလွန်နီမောင်းသော ချိပ်ရည်တို့ဖြင့် သွန်းဘိသကဲ့သို့လည်းကောင်း ထင်ကုန်၏။

### (၆) ဖြိုးဖြိုးဖြက်သောရောင်ခြည်တော်

နဖူးသင်းကျစ်တော် အစရှိသော ကိုယ်တော်၏ အရပ်တော်တို့မှ ဖြိုးဖြက်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ထိုအခါ အရပ်မျက်နှာတို့သည် လျှပ်စစ်နွယ်တို့ဖြင့် ကောင်းစွာ ပွမ်းဘိသကဲ့သို့လည်းကောင်း၊ နေရောင်ကြောက်သော မှုန်ရောင်၊ ဖလ်ရောင်တို့ကဲ့သို့လည်းကောင်း၊ နေရောင်ကြောက်သော ဇမ္ဗူရာဇ်ရွှေရောင်တို့ကဲ့သို့လည်းကောင်းထင်ကုန်၏။

ဤသို့ ခြောက်ပါးသော ရောင်ခြည်တော် ထွက်ကုန်၍ တစ်ခဲနက်သောမြေကို စွဲလှမ်းကုန်၏။ နှစ်သိန်းလေးသောင်းအထုရှိသော ဤမြေကြီးသည် လှော်ပြီး ဦးပြီးသော ရွှေခိုင်တုံးကဲ့သို့ ဖြစ်၏။ ထိုအခါ မြေကြီးကိုခွဲ၍ မြေအောက်က ခံသောရေကို စွဲလှမ်းကုန်၏။

ထိုအခါ မြေကြီးကိုခံသော လေးသိန်းရှစ်သောင်းအထုရှိသည့် ရေသည် ရွှေညွှန်ပျောင်းတို့ဖြင့် သွန်းဘိသကဲ့သို့ ဖြစ်၏။ ထိုအခါ ရေအထုကိုခွဲ၍ ရေအောက်ကခံသောလေကို စွဲလှမ်းကုန်၏။

ကိုးသိန်းခြောက်သောင်း အထုရှိသော လေသည် ကောင်းစွာဆောက်အပ်သော ရွှေတုံးကဲ့သို့ဖြစ်၏။ ထိုသို့ ကိုးသိန်းခြောက်သောင်းအထုရှိသော လေကို ထုတ်ချင်းလျှိုသွား၍ အောက်အဇဋာကာသ ဟင်းလင်းအပြင်သို့ ပြေးလေကုန်၏။

အထက်အဖို့ဖြင့်ကား ထိုခြောက်ပါးသော ရောင်ခြည်တော်တို့သည် တက်ကုန်၍ စာတုမဟာရာဇ် နတ်ပြည်တို့သို့ စွဲလှမ်းလေကုန်၏။ ထိုစာတုမဟာရာဇ် နတ်ပြည်တို့ကို ထုတ်ချင်းလျှိုသွား၍ တာဝတိံသာ နတ်ပြည်တို့ကို စွဲလှမ်းကုန်၏။

ထို့နောင်မှ ယာမာ၊ ထို့နောင်မှ တုသိတာ၊ ထို့နောင်မှ နိမ္မာနရတိ၊ ထို့နောင်မှ ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကို စွဲလှမ်းကုန်၏။ ထို့နောင်မှ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ အစရှိသည့် ကိုးဘုံသော ဗြဟ္မာ့ပြည်တို့သို့ စွဲလှမ်းကုန်၏။

ထို့နောင်မှ ဝေဟပ္ဖိုလ်၊ ထို့နောင်မှ သုဒ္ဓါဝါသ၊ ငါးဘုံတို့ကို စွဲလှမ်းကုန်၏။ သုဒ္ဓါဝါသ ငါးဘုံတို့ကို ထုတ်ချင်းလျှိုသွား၍ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန အစရှိသော အရူပလေးဘုံတို့ကို စွဲလှမ်းကုန်၏။ ထိုအရူပလေးဘုံတို့ကို ထုတ်ချင်းလျှိုသွား၍ အထက်အဇဋာကာသ ကောင်းကင်ပြင်သို့ ပြေးလေ၏။

ဖီလာဖြစ်သော အဖို့အားဖြင့်ကား အတိုင်းမသိ အဆုံးမရှိသော လောကဓာတ်တို့ကို ပြေးလေကုန်၏။ ရောင်ခြည်တော်ထွန်းလင်းရာ အရပ်တို့၌ လဗိမာန်တို့သည် အရောင်အဝါမရှိကုန်။ နေဗိမာန်တို့သည် အရောင်မရှိကုန်။ နက္ခတ်တာရာ ကြယ်တကာတို့၏ အရောင်တို့သည် မထွန်းပနိုင်ကုန်။

နတ်၏ ဥယျာဉ်ဗိမာန်၊ ပဒေသာ၊ တန်ဆာရောင်တို့သည်လည်း မရှိကုန်။ စကြဝဠာ ကုဋေတစ်သိန်းတိုင်တိုင် ကိုယ်ရောင်ဖြင့် ထွန်းလင်းတောက်ပနိုင်သော ဗြဟ္မာကြီးတို့သည်လည်း နေထွက်သောအခါ ပိုးစုန်းကြူးကဲ့သို့ဖြစ်၏။

လ၊ နေ၊ နက္ခတ်တာရာ၊ နတ်တို့၏ ဥယျာဉ်ဗိမာန် ပဒေသာတို့သည် အပိုင်းအခြားမျှသာ ထင်ကုန်၏။ ဤမျှလောက်သော အရပ်ဌာနတိုင်တိုင် ဘုရားရောင်ခြည်တော်တို့ဖြင့်သာလျှင် လွှမ်းမိုးအပ်သည်ဖြစ်၏ ဤသို့သော ဘုရားရောင်ခြည်တော်တို့၏ ထွန်းလင်း



www.burmeseclassic.com

www.burmeseclassic.com

တောက်ပခြင်းတို့သည် ဘုရားသဗ္ဗညု တို့အား မိဋ္ဌာန်တော်မူသော တန်ခိုးတော်တို့၏ အရာလည်းမဟုတ်၊ ဘာဝနာဖြင့်ပြီးသော တန်ခိုးတော်၏ အရာလည်း မဟုတ်ချေ။

အလွန်သိမ်မွေ့လှစွာသော ရတနာတို့ကို သုံးသပ်ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ အသွေးတော်သည် ကြည်၏၊ ဟာဒယဝတ္ထုရုပ်သည်လည်း ကြည်၏၊ အရေအဆင်းတော်သည်လည်း ကြည်၏၊ ထိုသို့ကြည်ခြင်းကြောင့် ထွန်းပလေသတည်း။

ဤသို့ ဓမ္မသင်္ဂဏီအစ ပဋ္ဌာန်းကျမ်းအဆုံးရှိသော အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင်တော်မူလျက် ခုနစ်ရက်လွန်စေ၏။ ထိုအရပ်သည် ရတနာဃရစေတီ မည်၏။

ဤသို့ ဗောဓိပင်၏အနီး၌ လေးသတ္တာဟကို လွန်စေပြီး၍ ငါးသတ္တာဟမြောက်၌ ဗောဓိပင်မှ အရှေ့မျက်နှာအဖို့၌ "အဇပါလ"အမည်ရှိသော ဆိတ်ကျောင်းညောင်ပင်ရင်းသို့ ကပ်တော်မူ၍ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိရသာကို ခံစားတော်မူလျက် တစ်ထက်ဝယ်တည်းဖြင့် နေတော်မူ၏။

ထိုအဇပါလ၌ နေတော်မူသော အခါ ယုတ်မာသော နှလုံးသားရှိသော မာရ်နတ်သားသည် "ဤမျှလောက်သော ကာလပတ်လုံး အစဉ်တစိုက်လိုက်၍ ယုတ်မာသောအဖြစ်ကို ကြည့်ရှုပါသော်လည်း ဤရဟန်းကြီး၌ တစ်စုံတစ်ခု၊ ချော်ချွတ်သောအရာကို ငါ မမြင်ချေ။

ဤရဟန်းကြီးသည် ငါ၏နိုင်ငံကို လွန်ရလေ၏"ဟု နှလုံးမသာခြင်းသို့ ရောက်သည်ဖြစ်၍ ခရီးမ၌ ဆောင့်ကြောင့်ထိုင်ကာ တစ်ဆယ့်ခြောက်ပါးသော အကြောင်းတို့ကို ကြံအောက်မေ့၍ မြေ၌ တစ်ဆယ့်ခြောက်ကြောင်းသော အရေးအကြောင်းတို့ကို ငင်၏။

မာရ်နတ်၏ ရေးခြစ်ဟန်ကား ဤသို့တည်း။

(၁) ဤရဟန်းကြီးကဲ့သို့သော ဒါနပါရမီကို မဖြည့်ခဲ့ချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါမဖြစ်ရချေ။

(၂) ထို့အတူ ဤရဟန်းကြီးကဲ့သို့ သီလပါရမီ၊ (၃) နိက္ခမပါရမီ၊ (၄) ပညာပါရမီ၊ (၅) ဝီရိယပါရမီ၊ (၆) ခန္တီပါရမီ၊ (၇) သစ္စာပါရမီ၊ (၈) အဓိဋ္ဌာန်ပါရမီ၊ (၉) မေတ္တာပါရမီ၊ (၁၀) ဥပေက္ခာပါရမီတို့ကို ငါမဖြည့်ရချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါမဖြစ်ရဟု ဆယ်ခုမြောက်အရေးအကြောင်းကို ငင်၏။

(၁၁) ထို့အတူ ဤရဟန်းကြီးကဲ့သို့ သူတစ်ပါတို့နှင့် မဆက်ဆံသော၊ သူတစ်ပါးတို့၏ ဣန္ဒြေရင့်ခြင်းကို သိတတ်သော၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ကို ရခြင်း၏အထောက်အပံ့ဖြစ်သော ဆယ်ပါးသော ပါရမီတို့ကို ငါမဖြည့်ချင်သောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါမဖြစ်ရဟု ဆယ့်တစ်ခုမြောက် အရေးအကြောင်းကို ငင်၏။

(၁၂) ထို့အတူ ဤရဟန်းကြီးကဲ့သို့ သူတစ်ပါးတို့နှင့် မဆက်ဆံသော၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သော "အာသယာနုသယဉာဏ်"ကို၊

(၁၃) ဝင့်ဝင့်ကျင်လည်သော ဒုက္ခိတသတ္တဝါအပေါင်းကို အာရုံပြု၍ အလွန်သနားတတ်သော၊ မဟာကရုဏာသမာပတ်တည်းဟူသော ဉာဏ်ကို၊

(၁၄) အံ့စုံအစုံသော တန်ခိုးပြာဋိဟာကို ဖြစ်စေနိုင်သော "ယမကပါဋိဟာရိယ"ဉာဏ်ကို၊

(၁၅) မြေ၊ တောင်၊ တိုက်၊ နံရံရှာအစရှိသည်တို့သည် ဆီးတားပိတ်ပင်ခြင်းငှာ မတတ်နိုင်သော "အနာဝရ" ဉာဏ်ကို၊

(၁၆) ထိုမှတစ်ပါး ဤရဟန်းကြီးကဲ့သို့ သူတစ်ပါးတို့နှင့် မဆက်ဆံသည့်၊ အလုံးစုံသောတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော "မဟာကြိယာ သောမနဿစိတ်"နှင့် ယှဉ်သော သဗ္ဗညုတဉာဏ်ကို ရခြင်း၏အကြောင်းအထောက်အပံ့ဖြစ်သော ပါရမီဆယ်ပါးတရားတို့ကို ငါမဖြည့်ရချေ။ ထိုသို့ မဖြည့်ရချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါမဖြစ်ရချေဟု တစ်ဆယ့်ခြောက်ကြောင်းမြောက်သောအရေးကိုငင်နေ၏။

မြတ်စွာဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော်များ ထွက်ပေါ်လာသော တရားများကို မဖော်ပြတော့ပါ။ အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲများလည်း အရပ်ထဲတွင် ကျင်းပနေပါသည်။ ဝတ်အသင်းများကလည်း ရွတ်ဆိုပူဇော်နေကြပါသည်။ ထို့ကြောင့် လူတိုင်းရနေမည်ဟု ယုံကြည်ပါသည်။

**(ဒုတိယ မဲထီးဆရာတော်၏ မာလာလင်္ကာရ ဝတ္ထုတော်ကြီးမှ)**

**ဆင်ဖြူကျွန်းအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

# (၆၁)နှစ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲမှ ထူးခြားဖြစ်စဉ်

စာရေးသူသည် အဘဘိုးမင်းခေါင် အထွတ်ပူဇော်တို့နှင့် ဖြစ်စဉ်ထူး၊ ကျင့်စဉ်ထူး ဟူသော ဆောင်းပါးရှည်ကြီးတို ရောင်ပြန်မဂ္ဂဇင်းသို့ ပေးပို့ခဲ့ရာ အဘဘိုးမင်းခေါင်နှင့် ဆက်နွယ်သော ဓာတ်ပုံပေါင်း ဝေဆာစွာဖြင့် ၂၀၁၃-ခုနှစ် အောက်တိုဘာလထုတ် ရောင်ပြန်မဂ္ဂဇင်းတွင် ပါဝင်ခဲ့သည်။

တစ်ဖန် ရောင်ပြန်အယ်ဒီတာ ဦးသန့်(လာဘ်မိုးစွေ)မှ အဆိုပါ ဆောင်းပါးရှည်ကြီးကို (၆၁)နှစ်မြောက် အဘဘိုးမင်းခေါင် ထွက်ပွဲအထိမ်းအမှတ် မေတ္တာလက်ဆောင်ဟူ၍ ရိုက်နှိပ်ထုတ်ဝေဒါနပြုသည်။ ပီတိပွားစရာဖြစ်သလို စာရေးသူအတွက်လည်း အမှတ်တရ ဖြစ်သည်။

စာရေးသူအနေဖြင့် ပုပ္ပားသို့ ရောက်ဖူးခဲ့သော်ငြားလည်း အဘဘိုးမင်းခေါင် ထွက်ပွဲကျင်းပရာသို့ မရောက်ရှိခဲ့ဘူးသေးချေ။ သို့ဖြင့် တခုတ်တရ (၆၁)နှစ်မြောက် အဘဘိုးမင်းခေါင်ထွက်ပွဲရှိရာ ပုပ္ပားတောင်တော်မြတ်သို့ ရောက်ဖြစ်ခဲ့သည်။

ပုပ္ပားတောင်ကလာပ်အနီးရှိ ရွှေမန်ကျည်းတောတွင် တည်းခိုဖြစ်ခဲ့သည်။ အဘထွက်ပွဲသို့ လာရောက်ကြသူတွေ ကြက်ပျံမကျ စည်ကားနေသည်။ ကားကြီး၊ ကားငယ် အသွယ်သွယ်သည်လည်း ဝင်လာလိုက် ထွက်သွားလိုက် ရှိသည်။

ရွှေမန်ကျည်းတောတွင် သီလရှင်အဆောင်များကိုလည်း တွေ့မြင်ရသည်။ သီလရှင်များ၏ အဆောင်တွင် အဘထွက်ပွဲလာရောက်ကြသူအပေါင်းမှ ခေတ္တခဏ တည်းခိုကြသည်။

ရွှေမန်ကျည်းတောနေရာတစ်ဝိုက်သည် ခန့်မှန်းခြေအားဖြင့် ကိုက်(၅၀၀)ပတ်လည်ခန့် ရှိသည်။ ယင်းနေရာတစ်ဝိုက်တွင် အဘဘိုးမင်းခေါင် တရားကျင့်ရာနေရာနှင့် နေကသိုဏ်းရှုနေရာဖြစ်ကြောင်း သိရသည်။

(၆၁)နှစ်မြောက် အဘဘိုးမင်းခေါင် ထွက်ပွဲသည် လွန်စွာစည်ကားလှသည်။ အကျယ်ချဲ့ မရေးလိုတော့ပြီ။ အဓိကအကြောင်းက စာရေးသူ၏ ထူးခြားဖြစ်စဉ်တစ်ခုကို ဖော်ပြလို၍ဖြစ်သည်။

စာရေးသူသည် အဘထွက်ပွဲ ပြုလုပ်ရာသို့ လှည့်လာကြည့်ရှုပြီး တည်းခိုရာအနီးရှိ ဆိုင်တွင် နေ့လယ်စာ ထမင်းစားသည်။ ပြီးနောက် ဈေးတန်းတစ်လျှောက်လျှောက်ကာ ပုပ္ပားပြန်လက်ဆောင်အချို့ကို ဝယ်သည်။ ဈေးတန်းအဆုံးတစ်နေရာတွင် တောင်ဝှေးကိုထောက်ရင်း ကတ္တရာလမ်းတစ်လျှောက် ဖြည်းညင်းစွာ သွားနေသော ဘုန်းကြီးအိုတစ်ပါးကို တွေ့ရလေရာ ဆွမ်းကပ်လိုစိတ်ဖြစ်ခဲ့သည်။ ဘုန်းကြီးအိုထံသွားကာ. . .

"အရှင်ဘုရား ဆွမ်းကပ်ပါရစေဘုရား"

"ဒကာက ထွက်ပွဲလာတာလား၊ ဘုန်းကြီး ဆွမ်းကိစ္စ ပြီးပြီ၊ အကုန်ပြီးပြီ"

"တင်ပါ့ဘုရား"

"အေး. . အဘဘိုးမင်းခေါင်က ဝိဇ္ဇာဓိုရ်ကြီးကွဲ့၊ အဘက ရုပ်ကို မသုံးဘူး၊ နာမ်ကိုပဲ သုံးတယ်။ အကာကို ပစ်ပြီး အနှစ်ကိုပဲ ရှာတယ်။ လူကို မကြည့်ဘူး၊ မူကိုပဲ ကြည့်တယ်။ သရုပ်ကို မကြည့်ဘူး၊ အလုပ်ကိုပဲ မြင်အောင် ကြည့်တယ်။

ဝါဝါမြင်တိုင်း ရွှေမဟုတ်ဘူး။ လောကမှာ အတုတစ်ထောင်၊ အယောင်တစ်သိန်း အပလိန်းအနန္တတဲ့၊ ပညာမျက်စိနဲ့ မြင်အောင်ကြည့် သတိနှင့် မကွာစေနဲ့"

"တင်ပါ့ဘုရား"

"မာယာမှာ ဆရာ မရှာပါနဲ့၊ တပည့်က အဆင်သင့်ဖြစ်တဲ့အခါ ဆရာက ရှာပြီး လာပါလိမ့်မယ် မှတ်ထားကွဲ့"

"တင်ပါ့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ဝိဇ္ဇာမှာ လိပ်စာ မရှိဘူး၊ မရှာနဲ့ကွဲ့၊ ဝိဇ္ဇာတွေက သူ့သား သူ့မြေးတွေ ရှိရာကို အချိန်တန်ရင် ရောက်လာမှာ။ သားမြေးတွေဘက်က သူတော်ကောင်း အကျင့်ကို ကျင့်ကြ၊ စိတ်သာချ ဝိဇ္ဇာမ,မှာ။ ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ အမျက်ပြေ၊ သံဃာဖက်တော့ အခက်ဝေသကွဲ့၊ ရတနာစစ် ရတနာမှန် သုံးပါးအမြဲ ဦးထိပ်ထား၊ သရဏဂုံသီလ မပျက်စေနဲ့၊ ငါးပါးသီလ လုံခြုံအောင် ထိန်းထား"

"တင်ပါ့ဘုရား၊ ဝတ္ထုအလှူငွေ ကပ်ပါရစေဘုရား"

"မလိုဘူး ဒကာ၊ မလိုဘူး၊ ဘုန်းကြီးမှာ ပြည့်စုံတယ်၊ အားလုံးပြည့်စုံတယ်၊ ရော့ . . ဒီစာရွက်ယူထား၊ ဘုန်းကြီး အလုပ်ရှိသေးတယ်၊ အလုပ်ရှိတယ်၊ အလုပ် . . အလုပ် . . . အလုပ် . . ."

ဘုန်းကြီးအိုကြီးသည် တောင်ဝှေးထောက်၍ ဖြည်းညင်းစွာ ထွက်ကြွသွားသည်။ ဘုန်းကြီးအိုကြီးသည် ဝိဇ္ဇာတစ်ပါးလေလားဟု တွေးဆရင်း လှမ်းမျှော်၍ ထိခြင်း ငါးပါးဖြင့် ရှိခိုးလိုက်သည်။ ရှိခိုးအပြီး တစ်ဖန်လှမ်းကြည့်သော် မတွေ့ရချေတော့။

ဘုန်းကြီးအိုကြီး ပေးခဲ့သည်မှာ စာရွက်တစ်ရွက် ဖြစ်သည်။ စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

## နေ့စဉ် အက္ခရာဘာဝ မင်္ဂလာ

"အ-ကာရော စ ကုသလံ ဓမ္မံ၊ အ ဒုက္ခံ နမော ဗုဒ္ဓါယ အ" ဟူ၍ ရွတ်ကာ လက်ခလယ်ဖြင့် ဦးခေါင်းကို 'အ' အက္ခရာရေး။ *(တနင်္ဂနွေနေ့တွင် ပြုလုပ်ပါ)*

"က-ကာရော စ ကုသလံ ဓမ္မံ၊ က ဒုက္ခံ နမော ဗုဒ္ဓါယ က" ဟူ၍ ရွတ်ကာ လက်ခလယ်ဖြင့် နဖူးပြင်ကို 'က' အက္ခရာရေး။ *(တနင်္လာနေ့တွင် ပြုလုပ်ပါ)*

"စ-ကာရော စ ကုသလံ ဓမ္မံ၊ စ ဒုက္ခံ နမော ဗုဒ္ဓါယ စ" ဟူ၍ ရွတ်ကာ လက်ခလယ်ဖြင့် နှာခေါင်းထိပ်ကို 'စ' အက္ခရာရေး။ *(အင်္ဂါနေ့တွင် ပြုလုပ်ပါ)*

"ရ-ကာရော စ ကုသလံ ဓမ္မံ၊ ရ ဒုက္ခံ နမော ဗုဒ္ဓါယ ရ" ဟူ၍ ရွတ်ကာ လက်ခလယ်ဖြင့် လျှာပေါ်ကို 'ရ' အက္ခရာရေး။ *(ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်ပါ)*

"မ-ကာရော စ ကုသလံ ဓမ္မံ၊ မ ဒုက္ခံ နမော ဗုဒ္ဓါယ မ" ဟူ၍ ရွတ်ကာ လက်ခလယ်ဖြင့် ညှပ်ရိုးကို 'မ' အက္ခရာရေး။ *(ကြာသပတေးနေ့တွင် ပြုလုပ်ပါ)*

"သ-ကာရော စ ကုသလံ ဓမ္မံ၊ သ ဒုက္ခံ နမော ဗုဒ္ဓါယ သ" ဟူ၍ ရွတ်ကာ လက်ခလယ်ဖြင့် ရင်ညွန့်ကို 'သ' အက္ခရာရေး။ *(သောကြာနေ့တွင် ပြုလုပ်ပါ)*

"ထ-ကာရော စ ကုသလံ ဓမ္မံ၊ ထ ဒုက္ခံ နမော ဗုဒ္ဓါယ ထ" ဟူ၍ ရွတ်ကာ လက်ခလယ်ဖြင့် ချက်ကို 'ထ' အက္ခရာရေး။ *(စနေနေ့တွင် ပြုလုပ်ပါ)*

မှတ်ချက် - အက္ခရာ ရူပေန ဗုဒ္ဓရုပ် ဟူသော ပါဠိတော်ထောက်က မိမိတို့၏ အိမ်တော်မင်္ဂလာ၊ ကျောင်းတော်မင်္ဂလာမှ တစ်ပါးသောနေရာသို့ ထွက်ခွာသွားတိုင်း နေ့အလိုက် နေ့စဉ်အက္ခရာဘာဝ မင်္ဂလာတို့ကိုပြုလျှင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး စသော ကိစ္စတို့၏ အတိုက်အခိုက်များသာမက အသက်အန္တရာယ်အထိ ဖြစ်ပေါ်လာမည့် အတိုက်အခိုက်တို့ကို အောင်စေနိုင်ပါသည်။ ပြုလုပ်ဖြစ်အောင် ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ပါသည် ဟူ၍ ဖြစ်ပါသတည်း။

'အဘက် ရုပ်ကို မသုံးဘဲ နာမ်ကိုပဲ သုံးတယ်' ဟူသော စကားအရ ဘုန်းကြီးအိုကြီးသည် အဘ ဘိုးမင်းခေါင်နာမ် ကိန်းဝပ်ပြီး ဖြစ်တည်နေလေသလောဟု အတွေးပွားစရာပင်။

**ကိုမောင်သန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

# တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ

မဟာကြားတော်မူသော

## ဘေးမဲ့ဆရာတော်၏ ဘေးရန်ကင်းကွာ စီးပွားဖြာသည့်

## ရှင်တော်ဂုဏ်ရည်ပါ



၁။ သော ဘဂဝါ ဣတိပိ အရဟံ
အရဟံ ဝတ သော ဘဂဝါ
အရဟန္တံ သရဏံ ဂစ္ဆာမိ
အရဟန္တံ သိရသာ နမာမိ
ပဌမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ အရဟံ။

၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ
ဒုတိယော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ
တတိယော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

၄။ သော ဘဂဝါ ဣတိပိ သုဂတော
သုဂတော ဝတ သော ဘဂဝါ
သုဂတံ သရဏံ ဂစ္ဆာမိ
သုဂတံ သိရသာ နမာမိ
စတုတ္ထော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ သုဂတော။

၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ
လောကဝိဒူ ဝတ သော ဘဂဝါ
လောကဝိဒုံ သရဏံ ဂစ္ဆာမိ
လောကဝိဒုံ သိရသာ နမာမိ
ပဉ္စမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ လောကဝိဒူ။



www.burmeseclassic.com

www.burmeseclassic.com

၆။ သော ဘဂဝါ ဣတိပိ
အနုတ္တရော ပုရိသ ဒမ္မသာရထိ
အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ
အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ
အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သိရသာ နမာမိ
ဆဋ္ဌမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ
အနုတ္တရော ပုရိသ ဒမ္မသာရထိ။

၇။ သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ
သတ္ထာ ဒေဝ မနုဿာနံ ဝတ သော ဘဂဝါ
သတ္ထာရံ ဒေဝ မနုဿာနံ သရဏံ ဂစ္ဆာမိ
သတ္ထာရံ ဒေဝ မနုဿာနံ သိရသာ နမာမိ
သတ္တမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ။

၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
ဗုဒ္ဓေါ ဝတ သော ဘဂဝါ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓံ သိရသာ နမာမိ
အဋ္ဌမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ
ဘဂဝါ ဝတ သော ဘဂဝါ
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ
ဘဂဝန္တံ သိရသာ နမာမိ
နဝမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ ဘဂဝါ။

၁၀။ သော ဘဂဝါ ဣတိပိ လောကဝိဒူ
လောကဝိဒူ ဝတ သော ဘဂဝါ
လောကဝိဒုံ သရဏံ ဂစ္ဆာမိ
လောကဝိဒုံ သိရသာ နမာမိ
ပဉ္စမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ လောကဝိဒူ။

၁၁။ သော ဘဂဝါ ဣတိပိ သုဂတော
သုဂတော ဝတ သော ဘဂဝါ
သုဂတံ သရဏံ ဂစ္ဆာမိ
သုဂတံ သိရသာ နမာမိ
စတုတ္ထော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ သုဂတော။

၁၂။ သော ဘဂဝါ ဣတိပိ
အနုတ္တရော ပုရိသ ဒမ္မသာရထိ
အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ
အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ
အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သိရသာ နမာမိ
ဆဋ္ဌမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ
အနုတ္တရော ပုရိသ ဒမ္မသာရထိ။

၁၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ
တတိယော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

၁၄။ သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ
သတ္ထာ ဒေဝ မနုဿာနံ ဝတ သော ဘဂဝါ
သတ္ထာရံ ဒေဝ မနုဿာနံ သရဏံ ဂစ္ဆာမိ
သတ္ထာရံ ဒေဝ မနုဿာနံ သိရသာ နမာမိ
သတ္တမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ။

၁၅။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ
ဒုတိယော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၁၆။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
ဗုဒ္ဓေါ ဝတ သော ဘဂဝါ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓံ သိရသာ နမာမိ
အဋ္ဌမော ဝဇိရပါကာရော
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။



www.burmeseclassic.com

www.burmeseclassic.com

၁၇။ သော ဘာဂဝါ ဣတိပိ အရဟာ
အရဟံ ဝတ သော ဘာဂဝါ
အရဟတ္တံ သရဏံ ဂစ္ဆာမိ
အရဟတ္တံ သိရသာ နမာမိ
ပထမော ဝဇီရပါကာရော
သော ဘာဂဝါ ဣတိပိ အရဟံ။
၁၈။ သော ဘာဂဝါ ဣတိပိ ဘာဂဝါ
ဘာဂဝါ ဝတ သော ဘာဂဝါ
ဘာဂဝတ္တံ သရဏံ ဂစ္ဆာမိ
ဘာဂဝတ္တံ သိရသာ နမာမိ
နဝမော ဝဇီရပါကာရော
သော ဘာဂဝါ ဣတိပိ ဘာဂဝါ။

xxx xxx xxx

ဤဂုဏ်တော်ကွန်ချာကို ဈေးရောင်းရင်း ဦးပဥ္စင်းပေးသွားသော စာရွက်ကိုကြည့်ပြီး အားအားရှိတိုင်း ကြည့်၍ ရွတ်ဖတ်သည်။ ဈေးဝယ်သူလာရင် ခဏစာရွက်ချထားပြီး ဈေးရောင်းသည်။ ဈေးဝယ်သူ ပြတ်သွားသောအခါ ကြည့်၍ ရွတ်ပြန်သည်။ ကြည့်၍ ရွတ်ပါများတော့ အလွတ်ရလာသည်။ အလွတ်ရ၍ ရွတ်ဆိုသည့်အခါ အခေါက်အရေအတွက်များလာသလို ဈေးရောင်းရမှုကလည်း သွက်လာပြီး အရောင်းအဝယ်လိုက်လာသည်။ အိမ်ဆိုင်ကလေးမှ အိမ်ဆိုင်ကြီးဖြစ်လာသည်။

အရောင်းအဝယ် ကောင်းလာ၍ အမရပူရ တောင်သမန်အင်းတစ်ဖက်ရှိ ဆွေမျိုးများကိုပင် အတိုးအပွား ချစားနိုင်သည်အထိ ဖြစ်လာသည်။ ဂုဏ်တော်ကွန်ချာကိုမူ နှုတ်မှအကျင့်ပါနေ၍ အားအားရှိတိုင်း ရွတ်ဆိုနေမိသည်။

တစ်နေ့တွင် နွေရာသီ ကိုင်းယာများ သိမ်းချိန်တွင် အမရပူရတောင်သမန်အင်းတစ်ဖက်ကမ်းရှိ ဆွေမျိုးများထံ အတိုးအပွား သွားရောက်သိမ်းယူသည်။ ညနေချမ်းတွင် အကြွေးဆပ်လိုက်သော ငွေဒင်္ဂါးများကို အထုပ်ထုပ်ပြီး ခေါင်းပေါ်ရွက်ကာ ပြန်လာခဲ့သည်။ နှုတ်ကတော့ အလေ့အကျင့်ရှိသော ဂုဏ်တော်ကွန်ချာကိုပဲ ရွတ်ဆိုလာမိသည်။ ထိုအချိန်တွင် အရက်သမား လူဆိုးတစ်စုသည် အဒေါ်ကြီး ငွေထုပ်ကြီးနှင့်ပြန်လာမည့် အခြေအနေကို သိကြ၍ တောင်သမန်တံတားတစ်ဖက်ကမ်း ဗားကရာကျောင်းတိုက်ပျက်ကြီးအနီးရှိ ရောက်ဆူးချုံ မိုးနံ့စာချုံအတွင်းမှ စောင့်ပြီး ဓားပြတိုက်ရန် ကြံစည်ကာ စောင့်နေကြသည်။ အဒေါ်ကြီး တံတားမှ ကျော်ဖြတ်လာသည်ကို အဝေးမှ မြင်ကြရသည်။ အဝေးမှလာစဉ်က တစ်ယောက်တည်းဟု ထင်ရသော်လည်း အနီးကပ်လာ၍ မြင်ရသောအခါဝယ် အဒေါ်ကြီးရှေ့နောက်တွင် သေနတ်ဖြင့် ကပ်လိုက်လာသော ပုလိပ်နှစ်ဦးကို မြင်ကြရလေသည်။ ထိုအခါ ခေါင်းဆောင်လုပ်သူက ကြောက်ရွံ့ပြီး

"ဟေ့ကောင်တွေ…မလုပ်ကြနဲ့တော့။ ငါက အဒေါ်ကြီးတစ်ယောက်တည်း ပြန်လာမယ်ထင်နေတာ။ အခုတော့ အဒေါ်ကြီးက အာဂ အဒေါ်ကြီးပဲကွ။ ပုလိပ်အစောင့်အရှောက်တွေတောင် ခေါ်လာတယ်ဟ"ဆိုပြီး အဒေါ်ကြီးကို ဓားပြမတိုက်ရဲတော့ဘဲ အသာရှောင်ထွက်ပြေးကြရလေသည်။

အမှန်မှာ အဒေါ်ကြီးတွင် မည်သည့် အစောင့်အရှောက်မှ ခေါ်လာသည်မဟုတ်ပါ။ ဂုဏ်တော်ကွန်ချာတန်ခိုးဖြင့် နတ်ဒေဝါများက စောင့်ရှောက်ခြင်းမျှသာဖြစ်ပါသည်။

ဂုဏ်တော်ကွန်ချာ၏ အကျိုးကျေးဇူးတရားနှင့်ပတ်သက်၍ "ဗုဒ္ဓဂုဏ-မြတ်ဂါထာ"အမျိုးမျိုး စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ယုံကြည်စွဲမြဲစွာ ရွတ်ဆိုခြင်း၊ ပုတီးစိပ်ခြင်းပြုပါက -

အန္တရာယ်ကင်းသည်၊ လာဘ်လာဘပေါသည်၊ လူချစ်လူခင်ပေါသည်၊ ရှိသေလေးမြတ်သူပေါသည်၊ စီးပွားဥစ္စာ တိုးတက်သည်၊ ရာထူးရာခံ တိုးတက်သည်။

ဂုဏ်တော်ကွန်ချာကို ရွတ်ဆိုပွားများပြီးတိုင်း အောက်ပါ မေတ္တာပို့ကို ပို့၍ အမျှဝေရပါမည်။

"ဤဂုဏ်တော်ကွန်ချာကို ကြားနာကြရကုန်သော အားလုံးသော ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ အရံစောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ သာသနာစောင့်နတ်၊ လောကပါလနတ်၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ သိကြား၊ ဗြဟ္မာ၊ အသူရာနတ်တို့နှင့်တကွ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်နေထိုင်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့သည် ကျန်းမာ၊ ချမ်းသာကြပါစေ။ ယခုရွတ်ဆိုပြုရသော ကုသိုလ်အဖို့ကိုလည်း အမျှပေးဝေပါကုန်၏"

အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော။ ။

www.burmeseclassic.com

# ငရဲသို့ တစ်ခေါက်

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

အိမ်နီးနားချင်း ကလေးတစ်ယောက်က ဆယ်တန်းစာမေးပွဲအတွက် "ဆောင်းတစ်ညအိပ်မက်" ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးရေးလိုပါသည်။ အချက်အလက်ရှာပေးပါဟု အကူအညီတောင်းလာ၏။ ဘယ်လိုမျိုးလဲဟု ပြန်မေးမိတော့ ဆောင်းတွင်းအိပ်မက်ကယောက်ကယက်ဖြင့် ငရဲပြည်သို့ တစ်ခေါက်ရောက်ရသည့်အကြောင်း ရေးချင်ပါသည်။ ငရဲကျခံရခြင်းအကြောင်းရင်း၊ ငရဲအမျိုးမျိုး၏ ဒုက္ခဆင်းရဲနှင့် ငရဲကျခံနေရသော ငရဲသားများ၏ ကြောက်ရွံ့ဖွယ်အဖြစ်ဆိုးများကို ဖွဲ့နွဲ့ရေးသားပြီး အိပ်မက်မှ လန့်နိုးသွားသောအခါ ငရဲခံရမည်ကိုကြောက်ရွံ့သွားပြီး မမှန်တာမလုပ်၊ မဟုတ်တာမပြောဘဲ ကောင်းသောစိတ်ထားကာ၊ ကောင်းသည်များကို သာလုပ်တော့မည်ဟု အမိဋ္ဌာန်ချမှတ်လိုက်သည်ဟုရေးမည်ဟု သူစိတ်ကူးထားကြောင်းပြောပြသည်။

ငရဲဆိုတာရှိသလား၊ မရှိသလား
ရှိရင်ဘယ်နေရာမှာရှိသလဲ၊ ဘယ်လိုမျိုး
တွေ ခံစားရသလဲ၊ ငရဲသို့မကျရောက်
အောင် မည်သို့ပြုမူနေထိုင်မလဲဆို
သည်များကို ဘဝတစ်လျှောက်လုံး ကြိမ်
ဖန်များစွာစဉ်းစားခဲ့၊ ငြင်းခုန်ခဲ့ဖူးသည်။
သို့သော် ယနေ့တော့ ထိုသို့ စစ်ကြော
ဝေဖန်ဖို့ အချိန်မဟုတ်။သူ့ကိုပညာရေး
အကူအညီတစ်ခုပေးရန်သာ ဖြစ်၏။
သူကလည်းငရဲကို ယုံခြင်းမယုံခြင်းထက်




ဂယာမြို့၊ တိဗက်ကျောင်းမှ နံရံအလှဆင် ပညာပေး ပန်းချီကားကြီး



www.burmeseclassic.com

www.burmeseclassic.com



ပုဂံနံရံဆေးရေးပန်းချီမှ ဇာတ်တော်သရုပ်ပြပုံ

[illegible]ရောက်တတ်ရာရာ ချောက်ချားဖွယ် [illegible]ပ်မက်အဖြစ်သာ ရေးလိုခြင်းဖြစ်[illegible]သည်။ ငရဲအကြောင်း သိပ္ပံနည်းကျ [illegible]တေသနလုပ်နေခြင်းမဟုတ်ပေ။ ထို့[illegible]ကြောင့် ငရဲနှင့်ဆိုင်သမျှကို ရှိနှင့်ပြီး[illegible]သော စာအုပ်စာတမ်းများမှသာ ရှာ[illegible]ကြည့်ပေးလိုက်မိသည်။ သူ့ကိုလည်း [illegible]လွတ်လပ်စွာရေးရန်၊ ပါဠိပါဒ်သား[illegible]များကို လုံးစေ့ပတ်စေ့ရေးပြီး အများ[illegible]စေရန် ငရဲခန်းတစ်ခုချင်းအမည်ကို [illegible]၍ မှာလိုက်သေးသည်။ စိတ်ကူး[illegible]ကိုကစားသော၊ အဖွဲ့အနွဲ့ကို ဦး[illegible]သော စာစီစာကုံးမျိုးသာဖြစ်[illegible]လည်း သတိပေးလိုက်၏။ အချက်[illegible]အတိအကျ မလိုအပ်ဟု နား[illegible]ကာ ရိုးရိုးစင်းစင်းလေးနှင့် လု[illegible]ရေးတတ်ဖို့ကိုလည်း မှာကြားမိ[illegible]သည်။

## ငရဲဆိုတာကြောက်ဖို့လား

သူကလေးကို ငရဲအကြောင်း အချက်အလက်များ ရှာပေးအပြီးတွင် ကိုယ့်ဘာသာစဉ်းစားနေမိ၏။ ကိုယ်တို့ ငယ်ငယ်တုန်းကလည်း ဘုရားကျောင်းကန်များသို့ ရောက်ပြီဆိုလျှင် ချိတ်ဆွဲပြသထားသော ပန်းချီကားများကို ငေးကြည့်ကြမြဲ။ ပန်းချီကားများအောက်တွင် ရေးထားသော သရုပ်ဖော်စာများကိုလည်း စာလုံးပေါင်းပြီး တစ်မော့မော့ဖတ်နေတတ်ကြသည်။

ပြီးလျှင် စိတ်ထဲစွဲအောင် မှတ်မိနေသည်ကတော့ ငရဲခန်းများပင် ဖြစ်လေ၏။ နှုတ်ခမ်းရဲရဲပြပြကြီးမှာ အစွယ်များပြူးထွက်နေသော ငရဲသားများ၏ ခေါင်းတွင် ချိုများလည်း ပေါက်နေတတ်သေးသည်။ မီးပြင်းတိုက်ထားသော ဆီပူအိုးမိုးပြဒယ်ကြီးထဲတွင် လူတွေကို ထည့်ကြော်နေ၏။ လူတွေကလက်ကို မြှောက်ကာ ကြောက်လန့်တကြားအော်ဟာစ်နေကြ၏။ ခက်ရင်းခွကြီးတွေနှင့် ပါးစပ်ကို ဆွဲဖြဲနေသော ပုံများလည်း ရှိသေးသည်။ ဗိုက်ကိုဖောက်ကာ အူတွေဆွဲနုတ်နေသောပုံများလည်း တွေ့နိုင်၏။ တချို့တန်ဆောင်းများထဲတွင် ရုပ်ကြွပုံတွေလည်းရှိရာ ပိုလို့ကြောက်ဖို့ကောင်းသေးသည်။ ပိုက်ဆံအကြွေထည့်လိုက်လျှင် မီးတွေတဖျပ်ဖျပ်လက်ကာ အရုပ်တွေလည်ပြီးထွက်လာသော၊ အော်သံဟာစ်သံတွေပင်ပါသော မှန်ဘုံးလေးနှင့် ပြသည့် ငရဲခန်းများဆိုလျှင်ဖြင့် လက်ဝါးကာပြီး လက်ချောင်းများကြားကနေပင် မကြည့်ရဲကြည့်ရဲ ကြည့်ကြသေးသည်။ အဲဒါ မကောင်းတာလုပ်လို့ခံရတာ၊ အဲဒါ ဆဲလို့ခံရတာ၊ အဲဒါ လိမ်လည်လို့ခံရတာ၊ အဲဒါ လူကြီးတွေကလည်း ပုံများကိုပြကာ ခြောက်လှန့်ကြသည်။ ကိုယ်တို့ကလည်း ကြောက်လန့်ခဲ့ကြသည်။

တစ်လောက ကိုကိုးကျွန်းသို့ ရောက်ခဲ့သည်။ ကျွန်း၏တစ်ခုတည်းသော ဘုန်းကြီးကျောင်းမှ ဆရာတော်က သူဦးစီးတည်ဆောက်ထားသော ဓမ္မာရုံနှင့် ဇရပ်များတွင် ငရဲခန်းများ၊ ဇာတ်နိပါတ်တော်များကို ပန်းချီဖြင့်ရေးဆွဲပြထား၏။

သည်ပန်းချီကားလေးတွေကို သူသိပ်ဆွဲပြချင်သဖြင့် ကြိုးပမ်းခဲ့ရပုံကိုလည်း မိန့်ကြားခဲ့၏။ ကိုယ်က ဒါဟာ အလွယ်ကူဆုံးနဲ့ အထိရောက်ဆုံး ပညာပေးခြင်းပါပဲဘုရားဟု ပြန်လျှောက်ခဲ့သည်။ ဘယ်ပန်းချီဆရာက လာဆွဲ



www.burmeseclassic.com

www.burmeseclassic.com



သံတွဲမြို့၊ ဇောတိကုန်းကျောင်းမှ သင်ခန်းစာပေးရုပ်ကြွပန်းချီများ

ပေးပါသလဲဘုရားဟု မေးမိတော့ ဒီကို ဘယ်ပန်းချီဆရာက လာပုံမလဲ ဒကာ ကြီးရယ်၊ ဘုန်းကြီးသူငယ်ချင်း ရဟန်း တစ်ပါးက ဆွဲတတ်လို့ သူ့ကိုပင့်ပြီး ဆွဲ ခိုင်းရတာဟု မိန့်ခဲ့သည်။

ထိုစဉ်ကပင် ယုံကြည်စွဲမှတ်ခဲ့မိ၏။

နည်းနည်းကြီးပြင်းလာတော့ စာ တွေပေတွေ ပိုဖတ်မိသည်။ အဖွဲ့အနွဲ့ ကောင်းသောစာများကို ဖတ်ရပြီး ငရဲ ခန်းကလည်း ခြောက်လွန်းသည်-ဘုံ ခန်းကလည်း မြှောက်လွန်းသည်ဟု သော စကားများလည်း ကြားလာရ ကိုယ်ကိုယ်တိုင်ကလည်း ငရဲဆိုသည် ကိုသံသယဝင်လာမိပြီး၊ နတ်ဘုံသည် လည်း တကယ်ရှိပါ့မလားဟု စဉ်းစား ချင်လာသည်။ သို့သော် ငယ်ဘဝက စွဲမှတ်လာသောအသိဖြင့် မကောင်းတာ လုပ်လျှင် ဆိုးတာတွေနှင့်တွေ့မည် ကောင်းတာလုပ်လျှင် ကောင်းတာတွေ နှင့် တွေ့မည်ဟု လွယ်လင့်တကူ မှတ် သားနေမိမြဲ။ ခိုးဖို့ဝှက်ဖို့၊ လိမ်ဖို့ညာ လက်တွန့်နှုတ်ဆွံ့နေတတ်မြဲ။ အရွယ် ငယ်ငယ်မှာက သူများပစ္စည်းခိုးတာ လိမ်ပြောတာ၊ လူကြီးမိဘစကား နာ မထောင်တာလောက်ကိုသာ မကောင်း ဟု သိခဲ့သော်လည်း ကြီးလာသောအ ဒုစရိုက်မျိုးစုံကို တွေ့လာရ၏။ မကောင် မှုတစ်ခုချင်းစီအတွက် သက်ဆိုင်ရာ

## ကောင်းမှု၊ မကောင်းမှုနှင့် ဆုပေးဒဏ်ပေးစံနစ်

ထို့ပြင် ဆုပေးဒဏ်ပေးစနစ်သို ပ့င် ကောင်းတာတွေလုပ်လျှင် ခံစားရ မည်ဖြစ်သော ကောင်းသည့်ဘုံဘဝများ ကိုလည်း ရေးဆွဲပြသထားသေးသည်။ နတ်သမီးလေးတွေ ပန်းတွေဝေနေ အောင်ပန်ထားသော ဗိမာန်များကိုတော့ ကောင်းတာလုပ်သူတွေ ရောက်ကြ သတဲ့။ စောင်းငြင်းတူရိယာတွေနှင့် လည်း မငြီးအောင်စံစားပျော်ပါးနိုင်သတဲ့။ နတ်ဘုံနတ်နန်း ဆိုသည်များကဖြင့် ကြည်နူးသာယာဖွယ်ကောင်းလေစွဟု



သံတွဲမြို့၊ ဇောတိကုန်းကျောင်းမှ သင်ခန်းစာပေးရုပ်ကြွပန်းချီများ



www.burmeseclassic.com

www.burmeseclassic.com


ကို ငရဲမင်းကြီး သတ်မှတ်ပေးရ ခက်လောက်အောင်ပင် များပြားလာလေသည်။ သို့သော် ဘယ်ငရဲသို့ဟု သေသေ ချာချာမသိနိုင်တော့ပေမင့် မဟုတ်တာလုပ်လျှင် မကောင်းတာခံရမည်ကိုတော့ အရိုးစွဲနေပေပြီ။

## ဇာတကဇာတ်တော်များနှင့် အကျိုးအာနိသင်

အရွယ်အတန်အသင့်ရလာပြီး စုံဖတ်မိလာသောအခါ ဗုဒ္ဓဘာသာ ဆဉ်ကျေးမှုများနှင့် ပိုမို ထိတွေ့ရင်းနှီးလာပြန်သည်။ ထိုစဉ် စိတ်ဝင်စားဖွယ်ကောင်းလှသော ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များ ထဲထဲဝင်ဝင်သိလာရ၏ တိရစ္ဆာန်ဘဝများဖြင့် ပြောကြဆိုကြ ပြုမူလှုပ်ရှားကြသမျှကို ဟုတ်ပါ့လောဟူသော သံသယအတွေးထက် ဇာတ်တော်များ(Jataka Stories)သည် ဘယ်အသိအမြင်ကို ပေးပါသလဲ ဆိုသည်ကိုသာ ရှာဖွေမိတော့သည်။ ဇာတ်တော်များမှ ကိုယ်စားပြု ဇာတ်ကောင်များသည် ဒဿနတစ်ခုခုကိုဖြင့် ဆနေမြဲကိုလည်း သတိထားမိလာ၏။

ပုဂံဘုရားများတွင် နံရံဆေးရေးပန်းချီ (Mural Painting)များ ရေးဆွဲရခြင်းအကြောင်းရင်းတွင်လည်း ဂူဘုရားအတွင်းကို အလှတန်ဆာဆင်ခြင်းအပြင်၊ ဗုဒ္ဓတရားတော်များကို ပျံ့နှံ့စေခြင်းလည်းပါသည်ဟု သိရလေသည်။

သို့ဖြင့် ဇာတ်တော်များကပေးသည့် သင်ခန်းစာများကိုသာ ယူမိလေတော့သည်။ ဆောင်းတစ်ညအိပ်မက်ထဲ ငရဲသို့တစ်ခေါက် သွားကြည့်ချင်





သံတွဲမြို့၊ ဗောဓိကုန်း ကျောင်းမှ သင်ခန်းစာပေး ရုပ်ကြွပန်းချီများ

သော ကလေးအတွက် အချက်အလက်ရှာဖွေရင်း ငရဲနှင့် နိမ္မာန်ဘုံများသို့ ကိုယ်လည်းရောက်သွားမိပြန်သည်။ ထိုအခါ ကုသိုလ်-အကုသိုလ်အမှုများ၏ အကျိုးပေးများဖြစ်သော ထိုနေရာများ၏ ဒုက္ခသုခ အဖုံဖုံကို ပြန်လည် တင်ပြနိုင်လာပါတော့သည်။ ငရဲခန်းကို အများဆုံး ဖော်ပြသည်ကား နေမိမင်းဇာတ်တော်



www.burmeseclassic.com


www.burmeseclassic.com

ပင် ဖြစ်ပေသည်။

ဘုရားရှင်သည် ညီတော်အာနန္ဒာ မေးလျှောက်သဖြင့် "နေမိမင်းဇာတ်တော်"ကို ဟောကြားတော်မူခဲ့သည်။

## နေမိမင်း၏ ငရဲသို့ လေ့လာရေးခရီး

နေမိမင်းသား မင်းဖြစ်လာသော အခါ အလှူပေးခြင်း၊ သီလစောင့်ခြင်းများ ပြုခဲ့၏။ နေမိမင်း၏ သီလဂုဏ်ကြောင့် လေးစားကြည်ညိုကာ ဖူးမြင်လိုသောနတ်များက နတ်ပြည်သို့ ပင့်ဖိတ်လေသည်။ မာတလိ နတ်ရထားမှူးမှ ပင့်ဆောင်ယူခဲ့ရာ ငရဲပြည်ကိုဖြတ်သော လမ်းကြောင်း၊ နတ်ပြည်ကိုဖြတ်သော လမ်းကြောင်းဟုရှိရာ ဘယ်လမ်း



ကိုကိုကျွန်း၊ ဘုန်းတော်ကြီးကျောင်းမှ ပညာပေး ဓာတ်တော်လာ ပန်းချီကားများ

ဖြင့်သွားလိုပါသလဲဟု မေးလျှောက်
ထိုအခါ နတ်ပြည်ကိုကား မလွဲမသွေ
ရောက်တော့မည်ဖြစ်၍ အကုသိုလ်
ဒုစရိုက် ညစ်ညူးပန်း၍ ကြမ်းတမ်းဆင်း
စွာခံကြရသော ငရဲသူ၊ ငရဲသားတို့ကို
ကြည့်လိုပါသည်ဟု မိန့်ကြားလေသည်

ပုထုဇဉ်လူသားတို့သည် နိဗ္ဗာန်
မရောက်သေးသမျှ အိုကြ၊ နာကြ၊ သေ
ကြရ၏။ ၃၁ ဘုံဝဋ်အတွင်းတွင် ကျွတ်
ခွေပေါ်တွင် ကင်းသတ္တဝါလျှောက်သလို
တလည်လည်နေကြရ၏။ ယင်းသို့လည်
နေကြစဉ် အထက်ကောင်းကင်ဘုံ
သုဂတိဘုံဌာနတို့၌ နေကြရသူတို့ကား
အနည်းငယ်သာရှိပြီး မရှိသလောက်ရှာ
ပါး၏။ အောက်ဆုံး ဒုဂ္ဂတိဘုံတို့၌
နေကြရသူတို့ကား ရေတွက်၍ပင်မရနိုင်
အောင်များ၏။


အောက်ဘုံတို့တွင် အပါယ်လေး
ဘုံသည် ထင်ရှား၏။ ယင်းလေးဘုံတွင်
ငရဲဘုံသည် ကြောက်စရာအကောင်းဆုံး
ဖြစ်သည်။ ငရဲဘုံတွင်လည်း သဉ္ဇီဝ
ကာဠသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာ
ရောရုဝ၊ တာပန၊ မဟာတာပန၊ မဟာ
အဝီစိငရဲ စသဖြင့် ငရဲကြီး ရှစ်မျိုးရှိ၏
ငရဲကြီးရှစ်ထပ်ဟု ခေါ်ကြ၏။ ထို့အပြင်
ဥဿဒငရဲ၊ ယမလောကီငရဲ၊ လောကန္တ
ရိက်ငရဲဟု ငရဲအမျိုးမျိုးကွဲပြားလျက်
ရှိ၏။ ထိုမကောင်းမှုပြုလျှင် ထိုငရဲ
ဤမကောင်းမှုပြုလျှင် ဤငရဲဟူ၍လည်း
ရှိသေး၏။

ထိုငရဲပြည်တို့သည် မြေကြီး၏
အောက်၌ အဆင့်ဆင့်တည်ရှိကြ၏
ငရဲမြို့တို့သည်ကား သံတံတိုင်းရှိသည့်
လေးထောင့်မြို့များဖြစ်ပြီး မီးအစဉ်




www.burmeseclassic.com

ကိုကိုကျွန်း၊
ဘုန်းတော်ကြီးကျောင်းမှ
ပညာပေးဇာတ်တော်လာ
ပန်းချီကားများ



မြစ်ကြီးနားမြို့၊
အံတော်စေတီဝင်းမှ
စကြဝဠာဖွဲ့စည်းပုံပန်းချီကား



ခြင်း တောက်လောင်ကာ ကမ္ဘာပျက်သောင် တည်နေလေ၏။ ထိုငရဲမြို့တွင်းနေသူတို့သည် မီးကိုသာပိုင်ဆိုင်ကာ မီးနှင့်ပင် မိတ်ဆွေဖွဲ့ပြီး နေကြရလေသည်။ သူတို့အတွက် မီးသည်ပင်လေ၊ မီးသည်ပင်ရေဖြစ်၏။ အယူအဆများခြင်း၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မဟုတ်မမှန်သည်ကို အဟုတ်ဟု ယုံကြည်ခြင်း၊ မမှန်ကန်သော စကားဆိုခြင်း၊ ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံတို့ကိုပြုခြင်း၊ ရတနာသုံးပါးကို ဆဲရေးခြင်းစသော မကောင်းမှုအကုသိုလ်ကမ္မပထဖလဝက်သည် ထိုသူများကို စီရင်အပြစ်ပေးကြကုန်၏။ ယင်းငရဲတို့တွင် အမိအဖအပေါ် မိုက်ရိုင်းရက်စက်ခဲ့သူ၊ ရဟန်းသံဃာတို့အပေါ် ပစ်မှားခဲ့သူ၊ နေ့စဉ် သူတစ်ပါးအသက်သတ်သူတို့ ရောက်ကြရသော လောကန္တရိက်ငရဲသည်ကား ထိတ်လန့်စရာအကောင်းဆုံး၊ အဆိုးဆုံးပင်ဖြစ်ချေသည်။

ထိုငရဲကြီးရှစ်ထပ်၏ ပထမဆုံးသောငရဲသည်ကား သဉ္ဇိုင်းငရဲဖြစ်၏။ သို့ဖြင့် နတ်ရထားမှူး-မာတလိလည်း ထိုသဉ္ဇိုင်းငရဲ၏ အခံ့ဖြစ်သော ဥဿဒရက်ငရဲပြည်သို့ ရထားကို အရင်ဦးဆုံး ခရီးနှင်လေ၏။ ထိုငရဲမှစ၍ ကြောက်ဖွယ်လိလိ ပြင်းထန်လှသည့် ဆင်းရဲအမျိုးမျိုးကိုခံစားနေကြရသည့် ငရဲပြည် ၁၅ ခုသို့ နေမိမင်းအားလှည့်လည်ပြသရာ အောက်ပါငရဲများသို့ ရောက်ရှိမြင်တွေ့ခွင့်ရလေသည်။

## ***လက်ရုံး၊ ဘောဂဗလ၊ အာဏာအားကိုးဖြင့် အနိုင်ကျင့်ခဲ့သူများအတွက် ကြိမ်ပိုက်ချောင်းငရဲ***

ဝေတရဏီ ဥဿဒရက်ငရဲခန်းကား ကြိမ်ပိုက်ချောင်းငရဲ ဖြစ်သည်။ ခါးစပ်တွင် သံကြာရွက်များ ချိတ်ဆွဲထားပြီး အလျှံတထိန်ထိန်တောက်နေသော သံရည်ပူဖြင့်ဖြည့်ထား၏။ မြစ်ချောင်းတစ်ပြင်လုံးကို သင်မှန်းဓားသွားဖြင့် စီစိုက်ထား၏။ ထွန်တုံးပမာ သံဆူးများ၊ သံခက်ရင်းခွများ၊ သံဆူးကြိမ်နွယ်များလည်း ဖုံးလွှမ်းကာ ညီးညီးတောက်လောင်နေ၏။ သန်လျက်၊ လှံ၊ ချွန်းတောင်း၊ ဆောက်ပုတ်ကိုင်စွဲသော ငရဲထိန်းများက ငရဲသားများကို ချောင်းစပ်နားတွင် ထိုးခုတ်ရိုက်နှက် ညှဉ်းဆဲကြကုန်၏။ မခံနိုင်ကြဘဲ ပြေးလွှားရန်းကန်သောငရဲသားများကား ထက်မြသော

www.burmeseclassic.com

သံကြိမ်ဆူးများရှိသော ကြိမ်ပိုက်ထဲသို့ ကျကာ ခန္ဓာကိုယ်တို့သည် အပိုင်းပိုင်း အပေါက်ပေါက် ဖြစ်ကုန်ကြ၏။ အနှစ် တစ်ထောင်မျှ ထိုငရဲကိုခံပြီးသည့်နောက် တွင်လည်း ငရဲသားများသည် သံဆူးပေါ် ကျပြန်ကာ တံစို့ကင်သောငါးကဲ့သို့ တံကျင်လျှိုလျက် မီးကင်ခံရ၏။ ထိုဒဏ် ကိုမခံနိုင်၍ ငိုကြွေးမြည်တမ်းမိလျှင် သူတို့၏ အာခေါင်ကို သံမျှားချိတ်တို့ ဖြင့် ချိတ်ဆွဲပြန်လေ၏။ အော်ဟစ်နေ သော အာခံတွင်းကို ပူလောင်ပြင်းပြ သော သံထွေရည်ဖြင့် လောင်းချဖြည့် သိပ်ပြန်၏။ ထိုငရဲကိုခံစားရသူတို့ကား လူဖြစ်စဉ်က လက်မောင်းလက်ရုံး အားကိုးဖြင့်၊ ဘောဂဗလအားကိုးဖြင့်၊ ဘုန်းပညာအာဏာဖြင့် နှိမ့်ပါးသူတို့ကို အနိုင်ကျင့်ခဲ့ ဒုက္ခပေးခဲ့သူများပေတည်း။

## ကြောက်ရွံ့ထိတ်လန့်ဖွယ် ရက်စက်လှသော ငရဲများ

သုနခ ဥဿဒရက် ငရဲခန်းကား ကြောက်မက်ဖွယ် ခွေးကျားကြီး ငရဲဖြစ် ၏။ ဆင်ကောင်ကြီးလောက်ရှိသော ခွေး များ၊ လှည်းဘီးလောက်ရှိသော ကျီး လင်းတ၊ သိမ်းငှက်များက လူဖြစ်စဉ်က ကောက်ကျစ်စဉ်းလဲ၊ ဝန်တို၊ ဆဲဆိုနှုတ် ကြမ်း လူညစ်ညမ်း ငရဲသားများကို တစ်စစီဖြစ်အောင် ကိုက်ဖြတ် ဆိတ် ပေါက် ထိုးယူဆွဲပစ်၏။ အာသာငမ်းငမ်း ကိုက်ဆွဲစားသောက်လျက် ငရဲသားတို့ ၏ အသားတို့ကုန်ခန်းကာ အရိုးချည်း သာ ကျန်စေလေ၏။

သဇောတိ ဥဿဒရက် ငရဲခန်း တွင် ငရဲသားများကို ညီးညီးပြောင် ပြောင်တောက်လောင်နေသော သံမြေ ပြင်၌ ရိုက်နှက်ကြိမ်းမောင်းကာ သွား စေ၏။ ထိုစဉ်တွင် ငရဲသားများကို ထန်း ပင်အလုံးမျှလောက်ကြီးသော လှံတံဖြင့် အစဉ်တစိုက်လိုက်လံကာ ထိုးနှက်ရိုက် ခတ်လျက် စိစိညက်ညက်ကျေစေ၏။ လူဖြစ်စဉ်က သီလအကျင့်ကောင်းသူ၊ လှူဒါန်းပေးကမ်းတတ်သူ၊ ကုသိုလ် တရား၌ မွေ့လျော်သူများကို မနာလို မရှုစိမ့်ဘဲ စောင်းမြောင်းပြောဆိုသူ၊ ချုပ်ချယ်နှုတ်ကြမ်း ပရမ်းပတာဆဲရေး သူများခံရသော ငရဲဖြစ်လေသည်။

အင်္ဂါရကာသုဥဿဒရက် ငရဲခန်း သည်ကား မီးကျီးတွင်းငရဲ ဖြစ်၏။ လက် နက်စွဲကိုင်သော ငရဲထိန်းတို့က ငရဲသား များကို မီးကျီးတွင်းသို့ ရိုက်ချဆင်းသက် စေလျက်၊ ဦးခေါင်းပေါ်သို့ မီးကျီးခဲကို ကြီးစွာသော သံခြင်းတောင်းကြီးဖြင့် သွန်းလောင်းကျစေ၏။ တချို့ ငရဲသား တို့ကလည်း မီးကျီးစုထဲသို့ သူတို့ကိုယ် တိုင် အမေးမရ ဦးခေါင်းထိုးစိုက်ကာ ပွတ်မွှေနေကြ၏။ တကယ်မဟုတ်ဘဲ အပေါ်ယံလောကွတ်စကားမျှဖြင့် လှူ ချင်တန်းချင်ယောင်ဆောင်သူ၊ သူများ လှူသော ပစ္စည်းတို့ကို အကျိုးမဲ့ဖျက်ဆီး သုံးဆောင်ပစ်တတ်သူ၊ လူဖြစ်စဉ်က အလိမ္မာလွန်ကာ မိမိကိုယ်ကျိုးရှာ ငါ့ဖို့ သမား တစ်ကိုယ်ကောင်းဆန်သူများ ခံကြရသော ငရဲဖြစ်၏။

လောဟကုမ္ဘိဥဿဒရက် ငရဲခန်း မှာ သံအိုးငရဲဖြစ်၏။ တောင်ကြီးပမာရှိ သော သံအိုးကြီး၌ ညီးညီးပြောင်ပြောင် တောက်လောင်သည့် သံရည်ပူများရှိ နေ၏။ ထိုအထဲသို့ ဦးခေါင်းစောက်ထိုး ချကာ ပေါ်လိုက်၊ မြုပ်လိုက်ဖြင့် ငရဲခံကြ ရသူ ငရဲသားတို့ကား လူဘဝဖြစ်စဉ်က အကျင့်သီလနှင့် ပြည့်စုံသော ရဟန်း သံဃာတို့ကို မကောင်းသောအမျက် ဒေါသစိတ်ဖြင့် ရိုက်နှက်နှိပ်စက်ခဲ့ဖူး သူများပေတည်း။

ဒုတိယ လောဟကုမ္ဘိ ဥဿ ဒရက် ငရဲခန်းဆိုသည်မှာ ဒုတိယသံ အိုးကင်းငရဲဖြစ်၏။ ရဲရဲတောက်နီနေ သော သံကြိုးဖြင့် လည်ပင်း၌ဦးခေါင်း ဖောက်ထိုးထားကာ စည်းနှောင်လျက် ရဲရဲညီးညီး သံရည်ပူဖြင့်ဖြည့်သော သံအိုးကင်းအတွင်းသို့ ငရဲသားများကို တစ်ဦးချင်းဖြစ်စေ၊ ပူးနှောင်ချည်တုပ်၍ ဖြစ်စေ ပစ်ချကြလေ၏။ ထိုအပြစ်သား များကား ကြက်-ငှက်-ခို-ချိုးများကို လည်တွင်ရစ်စည်းလျက် ဖမ်းဆီးကာ၊ ကြိုးဖြင့်တုပ်လျက် ညှစ်လိမ်ချိုးဖဲ့ရိုက် နှက်ကာ စားသုံးသူ၊ ရောင်းချခဲ့ကြသူ ငှက်ခတ်သမားမုဆိုးများပေတည်း။

## ပူလောင်ပြင်းပြ ဒုက္ခများလှသော ငရဲများ

တပေါဒါနဒီ ဥဿဒရက် ငရဲခန်း မှာမူ ငရဲသားတို့သည် ပူပြင်းတောက် လောင်သော သံမြေကိုနင်းလျက် ပြာပူ မြစ် ငရဲသို့ ဆင်းသက်နေကြရ၏။ ထိုသူ တို့ကား ခါ၊ အဖျင်းအမှော်၊ ဖွဲစေ့များပါ သော စပါး၊ လူး၊ ဆပ်၊ ပြောင်း၊ ပဲများကို မကောင်းသောစိတ်ထား အမြတ်အစွန်း ရလိုမှုများဖြင့် ဆန်ကောင်း၊ ပဲကောင်း များအဖြစ် လိမ်လည်လှည့်စား မသမာ



www.burmeseclassic.com

www.burmeseclassic.com

မှုများပြုကာ ရောင်းဝယ်သိုလှောင်နေကြသော စပါးကုန်သည်များပင် ဖြစ်ပေသည်။ ကုန်သည်ပွဲစား ငရဲသားများသည် ထိုသံရည်ပူမြစ်ကို အေးကြည်သော မြစ်ပြင်အသွင်ထင်ယောင်ပြီး အမြင်မှားကာ နင်းလျှောက်သက်ဆင်းသွားနေကြ၏။ ရေတော်ပါက ပြာပူရည်ကိုပင် သောက်စေလျက် နှုတ်ခမ်း၊ အာစောက်၊ လည်ချောင်း၊ နှလုံးသည်းပွတ်၊ အူသိမ်တို့ကို အပူလောင်ကာ အပိုင်းပိုင်းပြတ်ထွက်စေ၏။

သတ္တိဟတဥဿဒရက် ငရဲခန်း၌ကား ကြမ်းတမ်းရက်စက်သော ငရဲထိန်းများက လက်နက်၊ ခက်ရင်း၊ ချွန်းတောင်းများကိုင်စွဲကာ ငရဲသားများကို အပိုင်းပိုင်းဖြတ်၏။ နံပါးတစ်ဖက်မှ တစ်ဖက်သို့ ပေါက်အောင် ဖက်ရွက်ခြောက်ကိုသီသကဲ့သို့ သီခြင်း၊ ထိုးဆွခြင်း၊ ချိတ်ငင်ညှဉ်းဆဲခြင်းတို့ ပြု၏။ ထိုငရဲကား သူတစ်ပါးဥစ္စာ၊ အိမ်ခြံ၊ နံရံတို့ကို ခိုးယူဖောက်ဖျက် လုယက်သူ၊ မြင်း-ကျွဲ-ဝက်-ကြက်-ငှက်-နွား-ဆိတ်တို့ကို ခိုးယူရောင်းချ အသက်မွေးသူတို့အတွက် ငရဲပေတည်း။

သုနာပဏာဥဿဒရက် ငရဲခန်းဟုဆိုသော အသားစုငရဲတွင်ကား ငရဲထိန်းတို့သည် ဆောက်ပုတ်၊ ခက်ရင်း၊ လှင်ဘုံ၊ သန်လျက် ဓားလက်နက်များကိုစွဲကိုင်ကာ ငရဲသားများကိုထိုးခုတ်၊ ကွပ်မျက်၊ လက်နက်ကစားခြင်းဖြင့် နှိပ်စက်ကလူပြုကြ၏။ ဝင်းဝင်းညီးသော သံမြေတွင် မရှင်မသေ ရိုက်နှက်ပုတ်ခတ်လျက် နှိပ်စက်ချင်တိုင်း နှိပ်စက်လျက်လည်း ငရဲသားတို့၏ အပြစ်ကား မပြေပျောက်နိုင်သေး။ ငရဲထိန်းတို့သည် အသားငါးများကို ဈေးတင်ရောင်းသလို ငရဲသားများကို စီတန်းခင်းကျင်းကာ အကြိမ်ကြိမ် ညှဉ်းဆဲပြန်လေ၏။ ထိုအသားစုငရဲသည်ကား တံငါ၊ သားသတ်သမား၊ လူဆိုးဂျူကြမ်းများ၊ သူတို့နှင့် အပေါင်းအသင်းလုပ်ကာ ထိုးကူအားပေးသူများအတွက် ငရဲပေတည်း။

## ရွံရှာစက်ဆုပ်ဖွယ်သောငရဲများ

မုတ္တကရီသဥဿဒရက် ငရဲခန်းသည်ကား မစင်ကျင်ကြီး၊ ကျင်ငယ်တွင်း ငရဲဖြစ်ပေသည်။ ငရဲသားတို့သည် နံစော်သိုးပုပ် စက်ဆုပ်ဖွယ် အနံ့ဆိုးတလှောင်းလှောင်း လှိုင်လျက်ရှိသော မစင်ရည်၊ မစင်ဖတ်တို့ကို ပလုတ်ပလောင်း၊ သိပ်သွင်းစားသောက်နေကြ၏။ ထိုသူများကား၊ စင်ကြယ်သောသူကောင်းများကို ရိုးစွပ်ယုတ်မာ အပြစ်ရှာသူ၊ ချစ်ခင်ဖွယ် ဂုဏ်ကျေးဇူးရှိသူမိတ်ဆွေများကို ပြစ်မှားသူ၊ တံစိုးလက်ဆောင်မက်၍ မတရားသဖြင့် နှိပ်စက်ခြင်းပြုသူ တောင်မှူးထောင်ကြပ်၊ လက်မရှိအာဏာသား လူကြမ်းတို့ပင်တည်း။

လောဟိတပုဗ္ဗဥဿဒရက် ငရဲခန်းတွင် ရွံရှာဖွယ် ပုပ်သိုးညှီဟောက်သွေးပြည် အရိအရွဲတို့ကို ဆွဲကာဆုပ်ကာ တွေ့ရာမရွေး နှုတ်မဆုံအောင် စုံမက်ခုံမင်စွာ လျက်ကြစားကြသူများလည်း ရှိသေးသည်။ ထိုသူတို့ကား၊ ရဟန်းသံဃာ သက်ကြီး ရွယ်အိုများကို ဖောက်ပြန်စိတ်ဝင်ကာ မမွေးမကျွေးဘဲ အငတ်ထားခဲ့သူ၊ နှိပ်စက်သတ်ဖြတ်သုတ်သင်ခဲ့သူ၊ ရိုက်ပုတ်ညှဉ်းဆဲ ဒုက္ခပေးခဲ့သူများပေတည်း။

ဝိဒ္ဓဝိဟတဥဿဒရက် ငရဲခန်းဟူသည်လည်း ရှိသေး၏။ ထိုငရဲတွင် ငရဲသားများသည် သံမှျားကောက်ဖြင့် အာစောက်လျှာရင်း ထွင်းဖောက်ထိုးချိတ်ခံရသူ၊ သံမြေအပြင်ဝယ် နင်းနှိပ်စေလျက် တံတွေးဖွားဖွားထွေးခံရသူ၊ သံမီးတောက်တလင်းပြင်တွင် ခြေလက်လှီးဖျက်လျက် ရိုက်နှက်ခံရသူများ ဖြစ်နေကြ၏။ ထိုသူတို့ကား လူ့ဘဝက မသမာစွာ ရောင်းဝယ်ဖောက်ကားသူ၊ ရာပြတ်၊ ပွဲစား၊ ရှေ့နေ ခုံသမာဓိလူကြီးများ ဖြစ်ကြ၏။

## ယောက်ျား-မိန်းမတို့ခံကြရသော ငရဲများ

သံပရိဘိန္န ဂတ္တာဒိ ဥဿဒရက် ငရဲခန်းဟူသည်မှာ မိန်းမများသာခံရသော ငရဲဖြစ်၏။ ထိုငရဲသားမိန်းမများ၏ ကိုယ်ကို ငရဲထိန်းများက အပြတ်ပြတ်ခုတ်ပိုင်းပြီး၊ အပေါက်များစွာ ထွင်းပေါက်လျက်၊ ခါးအောက်ပိုင်းကိုယ်လုံးကို သံမြေထဲမြှုပ်ထား၏။ လေးဖက်လေးတန်မှ သံလုံးကြီးများလိမ့်ကာ နင်းကျိတ်လျက် ကိုယ်ခန္ဓာကို အစိတ်စိတ်အမြွှာမြွှာ ကြေမွသွားစေ၏။ ထိုမိန်းမများကား၊ ကာမဂုဏ်ကြူးပြီး သူတစ်ပါးယောက်ျားကို လင်မြောင်ထားသူ၊ မိမိလင်မသိဘဲ မာယာဖြင့် ယောက်ျားတစ်ပါးနှင့် တိမ်းမှားဖောက်ပြားခဲ့ဖူးသူများပေတည်း။

အဝံသိရမတန ဥဿဒရက်



www.burmeseclassic.com

www.burmeseclassic.com

ငရဲခန်းတွင်ကား ငရဲထိန်းတို့သည် လက်နက်အသီးသီးစွဲကိုင်လျက် ငရဲသားများကို ထောင်းထောင်းထအောင် ရိုက်နှက်တွန်းထိုးကာ ခြေနစ်ချောင်းကိုင်ညှစ်၍ ခေါင်ငင်ယူဆောင်လာ၏။ ထို့နောက် အရှိန်ကြီးသော မီးကျီးစုငရဲသို့ ဦးခေါင်းဇောက်ထိုးပစ်ချကြလေ၏။ ထိုငရဲကိုခံရသော ယောက်ျားငရဲသားတို့ကား··· မကောင်းစိတ်ပွား ယုတ်မာသောတဏှာသမား၊ ကာမဂုဏ်ကျူးသူ မသူတော်များ၊ ခိုးစားခိုးကြောင်ပြုသူများဖြစ်ကြ၏။

ကောင်ဋိသိမ္ဗလိဝန ဥသုဒရက် ငရဲခန်းမှာ လက်ပံတောငရဲ ဖြစ်လေ၏။ ထိုငရဲသည်ကား များသောအယူရှိသူ၊ စောင်မကြည့်ရှုတတ်သော နတ်မိစ္ဆာကြီးများကိုသာ ကိုးကွယ်ဆည်းကပ်ခဲ့သူ၊ ရတနာသုံးပါးမယုံကြည်သူ၊ ဇနီးမောင်နှံများ၊ လင်မယားများအတွက် ဖြစ်၏။ ငရဲထိန်းများက တစ်ပင်လုံးမီးလျှံတောက်လောင်နေသော အမြင့်တစ်ယူဇနာရှိလက်ပံပင်အထက်၌ ငရဲခံမည့် ဇနီးမယားကို နေစေ၏။ လင်သည်ကိုကား အပင်ရင်း၌ထားကာ ငရဲထိန်းတို့က သန်လျက်၊ လှံတံတို့ကိုစွဲကိုင်လျက် "မယားထံရောက်အောင်တက်"ဟု ရိုက်နှက်ပုတ်မောင်းရင်း ခိုင်းစေကြလေ၏။ လက်ပံဆူးတို့က တက်လာသော ထိုလင်ကို ခြစ်ကုတ်လေ၏။ နာကျင်၍ ပြုတ်ကျလျှင် ပြန်တက်စေ၏။ ထိုအတူ မယားကိုလည်း ဆင်းစေ၊ တက်စေ၏။

သို့ဖြင့် နေမိမင်းကြီးသည် ငရဲပြည်တွင်ပင် အချိန်များစွာကြာသွားလေ၏။ အကြောင်းမှုကား ကုသိုလ်၏အကျိုးထက် အကုသိုလ်၏ ဆိုးကျိုးက ကြီးသောကြောင့် ဖြစ်သည်။ နတ်တို့၏အသက်သည် တို၍၊ ငရဲသားတို့၏ အသက်ကား ရှည်လှချေ၏။ ထိုအခါ သိကြားမင်းသည် ငရဲပြည်တို့ကို မာတလိလိုက်လံပြသနေမည်ဆိုလျှင် နေမိမင်း၏ သက်တမ်းသာ ကုန်ဆုံးမည်၊ ငရဲပြည်တို့ကို ကုန်အောင်ကြည့်နိုင်မည်မဟုတ်ဟု စဉ်းစားမိရာ၊ အလွန်လျင်မြန်သည့် နတ်သားကိုစေလွှတ်၍ ငရဲပြည်မှပြန်လှည့်ကာ နတ်ပြည်သို့ တောက်လျှောက်လာရန် ပြောကြားစေ၏။ မာတလိလည်း ဤမျှလောက်ဖြင့်ပင် ကျေနပ်ပါရန် ဘုရားလောင်းအား တောင်းပန်၍ ငရဲပြည်မှပြန်တက်ကာ နတ်ပြည်သို့ ရှေ့ရှုလေသည်။

ထိုမှတစ်ဖန် မာတလိလည်း ငရဲပြည်မှတက်၍ ကောင်းကင်ခရီးနှင်လေသော် ဗီရဏီဘုံခန်းသို့ ရောက်လေ၏။ ကျယ်ဝန်းသော ရွှေမြေပြင်ဝယ် မွှေးသင်းပျံ့ထုံသော ဥယျာဉ်ရေကန်နှင့် ရတနာမျိုးစုံသော ဘုံငါးဆင့်ဗိမာန် ရှိနေ၏။ ဗိမာန်အတွင်း သလွန်ပေါ်ဝယ် နတ်သမီးငယ်တစ်ထောင် ဝန်းရံခစားနေသော တင့်တယ်လှသည့် ဗီရဏီနတ်သမီးကိုတွေ့မြင်နိုင်၏။ ထိုဘုံမြင့်စံနတ်သမီးသည်ကား ယခင်ဘဝဟောင်းက အစေခံဖြစ်၏။ သို့သော်လည်း မိမိအရှင်သခင်က သံဃာတော်များကို ဆွမ်းကပ်ရာတွင် ကြည်ရွှင်သော စေတနာသဒ္ဓါဖြင့် ကူညီလုပ်ကိုင်ပေးခဲ့၏။ (မိခင်သည် ကြာရှည်စွာခွဲပြီး အဝေးမှပြန်လာသော သားကိုပြုစုသကဲ့သို့) လိုက်လံပျူငှာစွာပြုလုပ်ပေးခဲ့သော ကုသိုလ်ကြောင့် ယခုဘုံတွင် စံစားရခြင်းဖြစ်လေ၏။

## ဝဋ်မှာအမြဲ ငရဲမှာအပ

ဘုရားလောင်းသည် အတိတ်ဘဝက သူကြွယ်မျိုး၌ဖြစ်စဉ် ပစ္စည်းတစ်ခုကိုအကြောင်းပြုကာ ညီဝမ်းကွဲနှင့်ခိုက် ရန်ဖြစ်ခဲ့ဖူး၏။ ထိုရန်ငြိုးကြောင့်ပင် ညီဝမ်းကွဲအား လိမ်လည်လှည့်ဖြားသွေးဆောင်ကာ တောင်ချောက်ကြားသို့ခေါ်ပြီး ကျောက်ခဲဖြင့် ထုရိုက်သတ်ခဲ့လေ၏။ ထိုမကောင်းမှုကံကြောင့် ငရဲ၌ဒုက္ခကြီးစွာ ခံရသည်။ သို့စင်လျက်လည်း မပြီးဆုံးသေး။ ဘုရားဖြစ်တော်မူသော ယခုနောက်ဆုံးဘဝတွင် ဂိဇ္ဈကုဋ်တောင်စောင်းမှ ဒေဝဒတ်ဆင်သည့်ကျောက်မောင်းမှ ပဲ့စဉ်ထွက်သောကျောက်လွှာချပ်ကြောင့် ခြေမတော်တွင်သွေးခြေဉခဲ့ရသည်။

သို့ဖြစ်ရာ အရိယာပုဂ္ဂိုလ်တို့သည် နောင်တမလွန်ဘဝတွင် ငရဲစသော အပါယ်သို့ကျစေတတ်သော အတိတ်အကုသိုလ်ကံများသည် အကျိုးမပေးနိုင်တော့သဖြင့်(ငရဲမှာအပ) ဖြစ်သွား၏။ သို့သော် အတိတ်အကုသိုလ်ကံ-ကမ္မဝဋ်တရားများကမူ အကြောင်း-အကုသိုလ်ကံများနှင့်တူသည့် အကျိုး-ဝိပါကဝဋ်တရားများကို လက်ရှိအရိယာဘဝမှာပင် ဖြစ်ပေါ်စေနိုင်၊ အကျိုးပေးနိုင်ပါသေးသဖြင့် ဝဋ်လိုက်ခြင်း၊ ဝဋ်လည်ခြင်းများဖြစ်ကာ(ဝဋ်မှာအမြဲ) ဖြစ်လာတော့သည်။

## ဒေဝဒတ်၏နောက်ဆုံးလက်နက် သို့မဟုတ် သံဃာသင်းခွဲခြင်း

ဒေဝဒတ်သည် ဘုရားရှင်၏



www.burmeseclassic.com

www.burmeseclassic.com

အသက်ဘေးကို ထိခိုက်သည်အထိ ကြံစည်ဒုက္ခပေးခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့နောက်တွင်ကား မြတ်စွာဘုရား၏ အာဏာစက်ကိုပျက်အောင် နောက်ဆုံးနည်းဖြင့် လုပ်ဆောင်ပြန်၏။ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတိုက်ကြီးမှ သူ့အားယုံကြည်သော ရဟန်းအချို့ကို သင်းခွဲလေသည်။ သံဃာအုပ်စုခွဲထုတ်ခေါ်ယူသွားပြီး ဂယာသီသတောင်တွင်သာ အမြဲနေထိုင်ရန်ကြံစည်လေတော့၏။

လူ့လောကနယ်ပယ်တွင် (မြတ်ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ ရဟန္တာ၊ မိခင်၊ ဖခင်၊ သက်ဝါကြီး သီလသမာဓိရှိသူ၊ အတတ်ပညာပေးသည့် ဆရာ၊ တရားဓမ္မပေးသည့် ရဟန်းရှင်လူ ဆရာ၊ ဥစ္စာပစ္စည်းဖြင့် ကူညီထောက်ပံ့သူ) စသည့် မပြစ်မှားထိုက်သော ခင်ပွန်းကြီး ၁၀ ပါး ရှိ၏။ ဒေဝဒတ်နှင့် အဇာတသတ်သည် ထိုခင်ပွန်းတို့ကို ပြစ်မှားကြသူများတည်း။

နောက်ဆုံးတွင် ဒေဝဒတ်သည် အမြင်မှန်ရပြီး ဘုရားရှင်အားကန်တော့ဖို့ ဂယာသီသတောင်မှ သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်းတော်သို့လာခဲ့သော်လည်း ထိုအကုသိုလ်ကံများကြောင့် မြေမျိုခဲ့ပြီး အဝီစိငရဲသို့ ကျသွားကြရှာ၏။ သို့သော် ဘုရားရှင်က "ဒေဝဒတ်သည် ဤကမ္ဘာမှ တစ်သိန်း၏အထက်၌ အဋ္ဌိဿရမည်သော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့"ဟု ဂါထာဆို၍ ဒေဝဒတ်သေခါနီး အဝီစိငရဲသို့မကျမီတွင် ဗျာဒိတ်ပေးတော်မူခဲ့လေသည်။

## အဖသတ်မင်းအဖြစ်မှ သာသနာတော်ကို စောင့်ရှောက်သူမင်းအဖြစ်သို့

အဇာတသတ်မင်းသည် အဖသတ်သား ဖြစ်ခဲ့သည်။ သို့ဖြစ်ရာ ဒေဝဒတ်မြေမျိုသွားပြီးနောက်တွင် မိဘကိုစော်ကားခဲ့မိသော အကုသိုလ်ကြောင့် ပဋ္ဌာန်းဆိုင်ကဲ့ကြီးထိုက်ကာ မိမိဆရာ ဒေဝဒတ်ကဲ့သို့ မြေမျိုလေဦးမည်လား၊ မိမိကိုလည်း သားတော် အဇိတက ပြန်သတ်လိမ့်မည်လားဟု တုန်လှုပ်ချောက်ချားကာ ထိတ်လန့်လာခဲ့လေ၏။ သောကဖြင့် အိပ်မပျော်သောညများကို ဖြတ်သန်းနေရ၏။ ထို့နောက်တွင်ကား ဆရာဇီဝကကျေးဇူးဖြင့် ဘုရားရှင်၏ထံပါးသို့ ရောက်သွားခဲ့သည်။ တရားစစ် တရားမှန်ကို နားလည်သွားကာ စားဝင်အိပ်ပျော်ဖြစ်သွားတော့သည်။ မြတ်စွာဘုရားအား ကြည်ညိုကိုးကွယ်လာမိသည့်နောက်တွင် ဘုရားရှင်၏သာသနာတော်ကို ထိပါးနှောင့်ယှက်လာသမျှကို နှိမ်နင်းဖယ်ရှားပေးခဲ့၏။ သာသနာကို ကာကွယ်စောင့်ရှောက်သူ သာသနာ့ဒါယကာတစ်ဦးလည်းဖြစ်လာ၏။ သို့သော် အဇာတသတ်သည် သောတာပန်တော့ ဖြစ်မသွားပေ။

ထူးခြားသော သာသနာပြုမင်းဖြစ်လာသဖြင့် အဇာတသတ်သည် ဖခင်အားသတ်မိခဲ့သည့်ကံကြောင့် အဝီစိငရဲသို့ကား မကျရောက်တော့ချေ။ သီလဝန္တပုဂ္ဂိုလ်များအား ပြစ်မှားနှိပ်စက်သတ်ဖြတ်သူတို့ခံရာ လောဟကုမ္ဘီငရဲသို့သာ ရောက်တော့သည်။ ထိုလောဟကုမ္ဘီငရဲ၌ (ယနေ့တိုင် နှစ် ၆၀၀၀၀ မျှ)ခံပြီး၍ လွတ်မြောက်လျှင်ကား နောက်ထပ် ပါရမီထပ်ဖြည့်ခဲ့သဖြင့် (ဝိဇိတာဝီ-ဘွဲ့အမည်ဖြင့်) ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည်ဟု မြတ်စွာဘုရားက ဗျာဒိတ်ပေးခဲ့သည်။

သို့ဖြစ်ရာ ငရဲနှင့်ဝဋ်တို့၏ အကျိုးသက်ရောက်ပုံများ၊ ငရဲဘဝ၏ ကြောက်မက်ဖွယ်ကောင်းပုံများကို အကြမ်းမျှ သိနိုင်ပါသည်။ ငရဲရှိသည် မရှိသည်ထက် မကောင်းတာလုပ်လျှင် မကောင်းသော ဒုက္ခတစ်ခုကို ခံစားပေးဆပ်ရမည်ဟုတော့ ဗုဒ္ဓဘာသာယဉ်ကျေးမှုက အကြမ်းဖျင်း အသိတစ်ခုပေးနိုင်ခဲ့ပါသည်။ ငရဲကိုကြောက်ပြီး မကောင်းမှုရှောင်လျှင်လည်း ဘဝတွင် အမြတ်တစ်ခုတော့ထွက်ပါလိမ့်မည်။ ထိုအမြတ်သည်ကား သာယာလှပအေးငြိမ်း ချမ်းသာသော ဘုံခန်းလေး တစ်ခုဖြစ်လိမ့်မည်ဟု…။

ကိုအေးမြင့်

(မဟာဝိဇ္ဇာ၊ ရှေး-သု)

**စာပေအကိုးအကား**

- ရတနာမွန်၊ ၁၉၉၉၊ ငွေလိုင်၊ အရှင်ကုမာရ(မင်းဘူး)၊ စာ-၂၄။
- ဇာတ်တော် ငါးရာ့ငါးဆယ် ဦးမြင့်ဆွေ၊ မဟာဝိဇ္ဇာ(လန်ဒန်) အရှေ့တိုင်းပညာဌာန၊ မန္တလေး တက္ကသိုလ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မလိုက္ကသာ အို…ပြိတ္တာ

နန္ဒာမိုးကြယ်

( ပေ တ ဝ ဏ္ဍု တို )

ဂေါတမဘုရားရှင် ပွင့်ပေါ်မထွန်းမီ ...ပဘုရားရှင်လက်ထက်က ဖြစ်ချေ...

ထိုကာလ၌ တစ်ဦးကိုတစ်ဦး ...ဝမ်းတွင်းမှ ဆင်းသက်လာခဲ့သည့် ... ညီရင်းအစ်ကိုပမာ လွန်စွာမှ ...ကြသည့် သူငယ်ချင်းနှစ်ဦး ရှိလေ... ဘယ်ခါကြည့်ကြည့် သူတို့နှစ်ဦးကား ...ချင် တတွဲတွဲနှင့်။ သူတို့နှစ် ...၏ ချစ်ခြင်းတရားကား အံ့ဩ ...ကောင်းလောက်အောင်ပင် ကြီးမား ...

"ဟော့ … သူငယ်ချင်း၊ ငါတော့ လူ့ဘောင်လောကကြီးကို ငြီးငွေ့လာပြီကွာ။ ဒါကြောင့် ရဟန်းဝတ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"အို … မင်းတစ်ယောက်တည်း သည့်လိုမျိုးလုပ်မသွားနဲ့လေ။ မင်းရဟန်းပြုရင် ငါလည်း ရဟန်းပြုမှာပေါ့ကွ။ ဘယ် … နေလိမ့်မတုံး"

"ဟေး … ဒါမှ ငါ့သူငယ်ချင်းကွ"

သည်လိုပုံ သည်လိုမျိုး ချစ်ခြင်းစိတ်တွေက ထပ်တူညီမျှခြင်းပြုလောက်သည်။ ယခုလည်းပဲ တစ်ဦးက ရဟန်းဘဝပြောင်းလဲလိုက်တော့ ကျန်တစ်ဦးကလည်း လေးပင်ဖင့်နွဲ့မနေဘဲ ချက်ချင်းဆိုသလိုပင် ရဟန်းဘဝသို့ လိုက်လံကူးပြောင်းလိုက်တော့သည်။

ထိုရဟန်းနှစ်ပါးက ရဟန်းဝတ်နှင့်အညီ ကျင့်ကြံနေထိုင် သီတင်းသုံးကြ၏။ သီလဝတ္တကို စောင့်ထိန်းကြ၏။ သည့်အတွက် ဒကာ၊ ဒကာမအပေါင်းတို့က ကြည်ညိုကြလေရာ ရွာ၌ ကျောင်းသင်္ခမ်းဆောက်လုပ်ပြီး ပင့်ဆောင်ကိုးကွယ်ကြလေ၏။ သို့ဖြင့် ရဟန်းနှစ်ပါးလည်း

www.burmeseclassic.com

www.burmeseclassic.com

ဒွိသန္တကဟူသည့် နှစ်ပါးပိုင် ကျောင်းထိုင် ပုဂ္ဂိုလ်ကြီးများ ဖြစ်လာကြလေသတည်း။

ထိုရဟန်းနှစ်ပါးသည် နေ့စဉ်နေ့တိုင်း ရွာတွင်းသို့ ဆွမ်းခံဝင်ကြ၏။ ပြန်လာသောအခါ ကျောင်းသင်္ခမ်း၌ အတူတကွပင် ဆွမ်းဘုဉ်းပေးကြ၏။ ဆွမ်းစားပြီးသည်ရှိသော် တရားဓလေ့ဖြင့် ဒမ္မ လျော်ကြကုန်၏။

အဆိုပါ ကျောင်းသင်္ခမ်းကလေးကား သစ်ရိပ်,ဝါးရိပ်,တောတောင်ရိပ်တို့ဖြင့် အေးချမ်းလျက် သန့်ရှင်းသပ်ရပ်ကာ နေချင့်စဖွယ်ကောင်းလှပါသတည်း။

တစ်နေ့မှာတော့ဖြင့် အဆိုပါ ကျောင်းသင်္ခမ်းကလေးရှိရာသို့ အာဂန္တုရဟန်းတစ်ပါး ရောက်ရှိလာခဲ့၏။ ထိုအာဂန္တုရဟန်းမှာ ရဟန်း၏ အမူအကျင့်တို့မရှိ။ အတ္တကြီးမား၊ အလိုရမ္မက်ပွားများသူ ဖြစ်၏။

သို့ရာတွင် ကျောင်းထိုင်ဘုန်းတော်ကြီးနှစ်ပါးဖြစ်သော ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့က ထိုအာဂန္တုရဟန်းအား ကျောင်းသင်္ခမ်း၌လက်ခံပြီး ကောင်းမွန်စွာပင် ဆက်ဆံကြကုန်၏။ ဆွမ်း, ကွမ်း,အိပ်ရာ,နေရာတို့သာမက အစစအရာရာ ပြည့်စုံအောင်ထားကြ၏။ သို့ဖြင့် နှစ်ရက်,သုံးရက် လွန်မြောက်လေသော် ကျောင်းထိုင်ကိုယ်တော်တို့က –

"ငါ့ရှင် ... ငါတို့ဆွမ်းခံထွက်တဲ့အခါ သင်တစ်ပါးတည်း ကျောင်းသင်္ခမ်းမှာ ငြီးငွေ့နေမှာပေါ့။ ငါတို့နဲ့ ဆွမ်းခံလိုက်ခဲ့ပါလား။ ရပ်ဓလေ့၊ ရွာဓလေ့ကို သိရတာပေါ့"

"တင်ပါ့ဘုရား ..။ တပည့်တော် ဆွမ်းခံလိုက်ခဲ့ပါမယ်ဘုရား"

သို့ဖြင့် ခါတိုင်း နှစ်ပါးတည်းသာ ဆွမ်းခံနေရာမှ ထိုနေ့မှာတော့ အာဂန္တုရဟန်းလိုက်ပါခဲ့သည့်အတွက် သုံးပါးဖြစ်လာခဲ့၏။ ရွာသူရွာသား ဒကာ,ဒကာမအပေါင်းမှာလည်း သဒ္ဓါတရားပြည့်ဝစွာဖြင့် ဆွမ်းခဲဖွယ်ဘောဇဉ် အချိုအချဉ်တို့ကို အလှူပယ်ဖြင့် လောင်းလှူကြကုန်၏။ ထိုမြင်ကွင်းကို မြင်တွေ့ရလျှင် အာဂန္တုရဟန်း၏စိတ်၌ တပ်မက်ခြင်း၊ သာယာခြင်းများ လှိုင်းဂယက်ထသွားလေ၏။

"ဒီရွာက ဒကာ,ဒကာမတွေဟာ တယ်ပြီးတော့လည်း သဒ္ဓါစိတ်ထက်သန်ကြတာပါပဲလား"

သည်သို့တွေးမှတ်လျက် ဒုတိယနေ့တွင်လည်းကောင်း၊ တတိယနေ့တွင်လည်းကောင်း ဆွမ်းခံလိုက်ကြလေ၏။ ဆွမ်းခံရာမှပြန်လာသည်ရှိသော် ကျောင်းထိုင်ကိုယ်တော်နှစ်ပါးနှင့်အတူ ဆွမ်းစား၏။ ဆွမ်းကိစ္စ ပြီးစီးလေသောအခါ ကျောင်းထိုင်ကိုယ်တော် နှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး နေရာချင်းခွဲလျက် အသီးသီး တရားဓမ္မတို့နှင့် မွေ့လျော်နေကြ၏။ ထိုအချိန်ဝယ် အာဂန္တုရဟန်းကား သလွန်ညောင်စောင်းထက်၌ ဒူးထောင် ပေါင်ကား လဲလျောင်းရင်း အတွေးနယ်ချဲ့၍နေလေ၏။

သူ၏ စိတ်အာရုံထဲမှာတော့ နေချင်စရာ၊ မွေ့လျော်စရာကောင်းလှစွာသော ဤကျောင်းသင်္ခမ်းကလေးကိုလည်းကောင်း၊ ကြည်ညိုသဒ္ဓါလွန်ကဲစွာဖြင့် လှူကြတန်းကြ၊ ကိုးကွယ်ဆည်းကပ်ကြကုန်သော ဒကာ,ဒကာမတို့ကိုလည်းကောင်း တွေးရင်းတွေးရင်း အထင်းသားပင် မြင်ယောင်လာမိတော့၏။

"သည်ရွာကလေးဟာ ငါတွေ့ဖူးတဲ့ ရွာတွေနဲ့ ဘာမှမဆိုင်ဘူး။ တကယ့်ကို သာယာလှတဲ့ ရွာကလေးပဲ။ ကိုးကွယ်ကြတဲ့ ဒကာ,ဒကာမတွေဆိုရင်လည်း အလှူရေစက် လက်နဲ့မကွာဆိုသလို တကယ့်ကို ရှာမှရှားပဲ။ ပြီးတော့ ဒီကျောင်းသင်္ခမ်းကလေးဟာဆိုရင် အရိပ်အာဝါသ,ရေမိုးတို့နဲ့ ပြည့်စုံလှပါရဲ့။ တကယ်တော့ ငါဟာ ဟိုဟိုသည်သည် ခရီးမဆန့်တော့ဘဲ ဒီကျောင်းသင်္ခမ်းကလေးမှာပဲ ချမ်းချမ်းသာသာနေသင့်တော့တယ်။

ဟူး ... ဒါပေမဲ့ ခက်နေတာက ဒီကျောင်းသင်္ခမ်းဟာ ငါပိုင်တဲ့ ကျောင်းသင်္ခမ်းမဟုတ်တာဘဲ။ တကယ်ပိုင်တာက ကိုယ်တော်နှစ်ပါး။

ငါဟာ ဒီကျောင်းသင်္ခမ်းမှာ ဆက်ပြီးနေသွားမယ်ဆိုရင် ကိုယ်တော်နှစ်ပါးရဲ့ နောက်လိုက်ဘဝပဲ ဖြစ်မယ်။ ကျောင်းပိုင် အာဝါသိကတော့ ဖြစ်လာမှာမဟုတ်ဘူး။ ကျောင်းနေ အာဂန္တုဧည့်သည်ရဟန်းပဲ ဖြစ်မယ်။ ဒါဖြင့်ရင် ... ငါဘာလုပ်ရမလဲ ... ငါဘာလုပ်ရမလဲ"

အာဂန္တုရဟန်းလည်း မတွေး ကောင်းသည်တို့ကို တွေးနေမိလေပြီ။ မပြုသင့်သည်တို့ကို ပြုမိအောင် ကြံစည်နေမိလေပြီတကား။

▲ ▲ ▲

နေ့တစ်နေ့ ကုန်ဆုံး၍ ညဉ့်ဦးယံသို့ ရောက်ရှိလာခဲ့ပေပြီ။

ကိုယ်တော်ကြီးသည် ဘုရားဝတ်ပြုပြီးသည့်နောက် ဣရိယာပုတ်မျှတစေရန်အတွက် ကျောင်းသင်္ခမ်းရှေ့ရှိ လမ်းဖုံဖုံ၌ စင်္ကြံလျှောက်နေလေ၏။ အာဂန္တုရဟန်းအဖို့ အခွင့်ကောင်းရရှိဖို့ရာအတွက် အကွက်ကောင်းကို ငံ့လင့်နေလျက်ရှိချေ၏။

ကိုယ်တော်ကြီးလည်း အတန်ကြာ စင်္ကြံလျှောက်ပြီးသည်ရှိသော် ကျိန်းစက်ရန်အတွက် ကျောင်းသင်္ခမ်းပေါ်သို့တက်ကာ အခန်းတွင်းသို့ ဝင်လိုက်လေ၏။ ဤတွင် အာဂန္တုရဟန်းလည်း ချောင်းနေရာမှ ကပျာကယာပင် အခန်းတွင်းသို့ ဝင်လိုက်သွားလေ၏။ ကိုယ်တော်ကြီး

www.burmeseclassic.com

လည်း ခြေသံကြား၍ နောက်သို့ လှည့်ကြည့်လိုက်ရာ အာဂန္တုရဟန်းကို တွေ့လိုက်ရသည့်အတွက် တအံ့တသြဖြစ်သွားရလေ၏။

"ငါ့ရှင် ... အခါမဲ့ အချိန်ကြီးမှာ အခန်းထဲကို ဘာ့ကြောင့် ဝင်လာရသတုံး"

"အရေးကြီးတဲ့စကားကို လျှောက်ထားစရာရှိလို့ပါဘုရား"

"ဘာများတုံး ... ငါ့ရှင်"

"ဒီလိုပါဘုရား ...။ အချိန်အခါမဟုတ်တာကိုသိပေမဲ့ ကိုယ်တော်လေးက အရှင်ဘုရားရဲ့ ဂုဏ်ကျေးဇူးကိုထိပါးလို့ တရားမဲ့ပြောဆိုတာ တပည့်တော်မခံမရပ်နိုင်ဖြစ်မိတာနဲ့ အခုလို လာရောက်လျှောက်ထားရတာပါဘုရား"

"နေစမ်းပါဦး။ ငါ့ရဲ့ညီတော်က ဘယ်လိုများ ပြောသတဲ့တုံး"

"အရှင်ဘုရား ... ကိုယ်တော်လေးက အရှင်ဘုရားကို ဝိနည်းသိက္ခာမစောင့်စည်းဘူး။ ရဟန်းဖြစ်ပါလျက်နဲ့ သမထ,ဘာဝနာ၊ ဝိပဿနာလုပ်ငန်းတွေဆိုရင်လည်း သူ့လို ကြိုးပမ်းအားထုတ်မှုမရှိဘူး။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတဲ့သူရယ်လို့ စွပ်စွဲပြောဆိုနေပါတယ်ဘုရား"

အာဂန္တုရဟန်း၏စကားကို ကြားရတော့ ကိုယ်တော်ကြီးအဖို့ အနည်းငယ်တွေခနဲဖြစ်သွား၏။ သည့်နောက်မှ သတိဝင်လာ၍ -

"ငါ့ရှင် ... အဲသည်လို မပြောပါနဲ့။ သည်လိုစွပ်စွဲပြောဆိုတာဟာ မသင့်လျော်ပေဘူး။ ငါ့ညီတော် ငါ့သူငယ်ချင်းဟာ သည်လိုမျိုး ပြောမှာမဟုတ်ဘူး။ ငါဟာ လူ့ဘဝမှာတုန်းကတည်းက သူနဲ့အတူ နေလာခဲ့တာပဲ။ သူ့ရဲ့ နူးညံ့ပျော့ပျောင်းတဲ့ စိတ်သဘောထားကို ငါမသိဘဲနေမှာတဲ့လား။ သူဟာ ငါ့အပေါ်ကို ဘယ်တော့မှ သည်လိုမျိုး ပြောမှာမဟုတ်ဘူး ငါ့ရှင်"

သည်လိုမျိုး တုံ့ပြန်စကားကို ကြားလိုက်ရတော့ အာဂန္တုရဟန်းအဖို့ အနည်းငယ်တော့ အကြံရခက်သွားခဲ့သည်။ သို့သော် အလျှော့မပေး။ ကရုဏာသံစဉ်ဖြင့် အသာအယာပင် သပ်လျှိုလိုက်ပြန်၏။

"အရှင်ဘုရား ... အရှင်ဘုရားဟာ စိတ်ဓာတ်ကြံ့ခိုင်လှပါပေရဲ့။ ဒီလောက်တောင် ကိုယ့်အပေါ် ခါးခါးသီးသီး အယုတ္တ,အနတ္တ,အ-မနာပတွေ ပြောဆိုနေပါလျက် သည်းခံခွင့်လွှတ်နိုင်တာကို တပည့်တော် လေးစား,အံ့အားသင့်ရပါတယ်ဘုရား။ သာမန်ပုဂ္ဂိုလ်မျိုးဆိုရင် သည်လိုမျိုး ဘယ်မှာ သည်းခံနိုင်မှာတဲ့လဲ။ အရှင်ဘုရားကတော့ ပါရမီသမ္ဘာရင့်တဲ့အတွက် သည်းခံနိုင်တာ ဖြစ်မှာပါ။

ခုလို ပြောရတာကလည်း တပည့်တော်အနေနဲ့ ကိုယ်တော်လေးအပေါ်ကို မလိုမုန်းထားစိတ်ရှိလို့ မကျေမနပ်ဖြစ်လို့ ပြောဆိုလျှောက်ထားနေတာ မဟုတ်ရပါဘုရား။ အရှင်ဘုရားရဲ့အကျိုးကို လိုလားလို့ စေတနာကိုအရင်းခံပြီး လာရောက်သတိပေးပြောကြားတာပါဘုရား။ တပည့်တော်ရဲ့စကား မှန်-မမှန် အရှင်ဘုရားအနေနဲ့ တဖြည်းဖြည်းတော့ သိလာပါလိမ့်မယ်ဘုရား"

အာဂန္တုရဟန်းလည်း ထိုသို့ပြောဆိုလျှောက်ထားပြီးနောက် ကိုယ်တော်ကြီး၏ အခန်းတွင်းမှ ပြန်ထွက်လာခဲ့၏။

ကိုယ်တော်ကြီးမှာတော့ အိပ်ရာထက် ကျောခင်းလိုက်သည့်တိုင်အောင် ခါတိုင်းကဲ့သို့ ကျိန်းစက်မပျော်နိုင်ခဲ့ ...။

"သူပြောတာတွေက ဟုတ်များဟုတ်နေမလား"

ဟူသည့် အတွေးတို့က ရက်ကန်းရှယ်လာကြချေ၏။

သည်အနေအထားကပင် အာဂန္တုရဟန်းအတွက် ထိရောက်သော ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်တကား။

▲ ▲ ▲

အာဂန္တုရဟန်းလည်း ကိုယ်တော်ကြီးကိုစွပြီးပြန်တော့ မြားဦးကို ကိုယ်တော်လေးထံလှည့်လိုက်ပြန်သည်။ မဟုတ်မမှန်သောစကားတွေဖြင့် သပ်လျှိုလိုက်ပြန်သည်။

သည့်နောက်ပိုင်းမှာတော့ ကျောင်းထိုင်ကိုယ်တော်နှစ်ပါးအဖို့ အာသဝေါကုန်

**အဆင်းမှာ ရွှေရောင်ကဲ့သို့ ဝင်းဝင်းဝါဝါရှိသော်လည်း အပုပ်နံ့ကမူ တထောင်းထောင်း။ ယင်ကောင်တွေကလည်း တလှောင်းလှောင်း။ တစ်ကိုယ်လုံးမှာလည်း ပိုးလောက်လန်းတွေက ရှုစိတက်နေသည်။ သည့်အတွက် အရှင်နာရဒလည်း ပြိတ္တာ၏ အဖြစ်သနစ်ကို စူးစမ်းမေးမြန်းတော်မူလေ၏။**



www.burmeseclassic.com

www.burmeseclassic.com

ခန်းပြီးသည့် ရဟန္တာပုဂ္ဂိုလ်တွေ မဟုတ်သေးလေရကား တစ်ပါးနှင့်တစ်ပါး ထင်ယောင်ထင်မှားဖြစ်လျက် စိတ်ဝမ်းတွေကွဲကြတော့သည်။ မေး၊ထူး၊ခေါ်၊ပြော ဆက်ဆံခြင်းတွေ မရှိတော့။ ရွှေအခါက ဆွမ်းခံကြွလည်း အတူ၊ ဆွမ်းစားလည်း အတူတူ။

ယခုမူ 'သူက ငါ့ကို ဆိုရက်လေခြင်း၊ ငါ့ကို သူက ပြောရက်လေခြင်း' ဟူ၍ သံသယပြောင့်ဆူးတို့ နစ်ဝင်လျက် စိတ်ဝမ်းတွေ အကွဲကြီးကွဲကွာ တစ်ပါးမျက်နှာတစ်ပါး မကြည့်ချင်ကြတော့ဘဲ နောင်တော်ကြီးက ကျောင်းကို စွန့်ခွာသွားတော့၏။

''သြော ... သူက သည်လိုလုပ်တော့ ငါက ကျောင်းကိုလိုချင်လို့ ဖက်တွယ်နေတယ်ပေါ့လေ။ ဟွန်း ... ဝေးသေး။ သင်းတောင်မှ ကျောင်းကို စွန့်နိုင်သေးတာ၊ ငါကရော ဘာဖြစ်လို့ မစွန့်နိုင်ရမှာတဲ့တုံး''

သည်သို့ဖြင့် နှစ်ပါးစလုံး ကျောင်းသင်္ခမ်းမှာ မရှိကြတော့။

ထိုအခါ အာဂန္တုရဟန်းသည် အောင်ပွဲရကိုယ်တော် ဖြစ်လာခဲ့တော့၏။ မိမိ၏ သပ်လျှိုဖြိုခွဲမှုကြောင့် အလဲလဲအပြိုပြို ဖြစ်သွားရပြီမို့ အခန့်သားပင် ကျောင်းထိုင်ဘုန်းကြီး ဖြစ်လာခဲ့တော့၏။

နောက်ရက် ဆွမ်းခံထွက်ကြွသည့်အခါ ကိုယ်တော်ကြီးနှစ်ပါးကို မတွေ့မမြင်ရသည့်အတွက် ဒကာ, ဒကာမတို့က မေးမြန်းကြကုန်၏။

''အရှင်ဘုရား ... မထေရ်ကြီးနှစ်ပါး ဘာကြောင့်များ ဆွမ်းခံမထွက်ကြွတာလဲဘုရား။ မကျန်းမမာလို့များလား''

ထိုအခါတွင် အာဂန္တုရဟန်းလည်း နှမ်းဂျုညိုးငယ်သော သွင်မူရာပြောင်းလျက် –

''ဒကာတို့ မေးလို့သာဖြေရမှာ။ အဲသည် မထေရ်နှစ်ပါးရဲ့အဖြစ်ကို မပြောချင်တော့ဘူး''

''ဘာဖြစ်လို့လဲဘုရား။ တပည့်တော်တို့ကို ပြောပြပါ''

''အင်း ... ပြောရမယ်ဆိုရင်တော့ ဝမ်းနည်းဖို့ကောင်းသလို၊ ရှက်ဖို့လည်း အင်မတန်မှ ကောင်းလှတယ်။

ညတုန်းကပေါ့ ... မထေရ်နှစ်ပါးဟာ ဘယ်ကဘယ်လို ဖြစ်တယ်မသိပါဘူး။ တစ်ပါးနဲ့တစ်ပါး ရဟန်းတို့နဲ့ မအပ်စပ်တဲ့ ကြမ်းတမ်းတဲ့စကားတွေနဲ့ အပြန်အလှန် နှုတ်လှန်ထိုးကြတယ်။ ငါ့အနေနဲ့ ဝင်ရောက်တောင်းပန် ဖျန်ဖြေပါသေးတယ်။ ဒါပေမဲ့ ... မရပါဘူး။ ငါဘယ်လောက် တောင်းပန် တောင်းပန် ငါ့စကားတွေဟာ အရာမရောက်ခဲ့ပါဘူး။ တစ်ပါးနဲ့တစ်ပါး 'နင်ရှိတဲ့ကျောင်း ငါမနေဘူး' လို့ဆိုပြီး ထွက်သွားကြတော့တယ်။ ဘယ်လောက်တားတား မရတဲ့အတွက် ငါတစ်ယောက်တည်း ကျန်ရစ်ခဲ့တာပေါ့''

''ဖြစ်မှဖြစ်ရလေတယ်။ ဒါဆိုရင် အရှင်ဘုရားကိုပဲ တပည့်တော်တို့ တောင်းပန်ပါရစေ၊ တပည့်တော်တို့ရွာရဲ့ကျောင်းမှာ ကိုးကွယ်စရာ ရဟန်းသံဃာ မရှိဘူးဆိုရင်ဖြင့် တပည့်တော်တို့ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်သွားကြပါလိမ့်မယ်။ ဒါကြောင့် တပည့်တော်တို့ကို သနားကရုဏာထားတဲ့အနေနဲ့ သည်ကျောင်းမှာပဲ သီတင်းသုံးပြီး တပည့်တော်တို့ကို ဆုံးမဩဝါဒပေးတော်မူပါဘုရား''

''အင်း ... ကောင်းပေပြီ ဒကာတို့''

သို့ဖြင့် အကြံပိုင်သော အာဂန္တုရဟန်းအဖို့ သူအင်မတန် လိုချင်တောင့်တခဲ့လေသော ကျောင်းသင်္ခမ်း၌ ကျောင်းထိုင်ဘုန်းကြီး ဖြစ်လာခဲ့တော့၏။

သို့ရာတွင် ... အတိတ်တစ္ဆေဟူသည် ခြောက်လှန့်တတ်စမြဲ၊ ကျိန်းစက်တော့မည့်အခါတိုင်း သူကျူးလွန်မိခဲ့သည့် မကောင်းမှုဒုစရိုက် ရုပ်ပုံလွှာတွေက တဖျတ်ဖျတ်။

''ငါမှားပြီ။ အမှားကြီးမှားခဲ့ပြီ ..။ ဘာမဟုတ်တဲ့ ကျောင်းသင်္ခမ်းအဆောက်အအုံကလေးကို မက်မောတပ်စွန်းပြီး အချင်းချင်းလည်းချစ်ခင်၊ သီလဝန္တလည်း ရှိကြတဲ့ သူတော်ကောင်း အရှင်မြတ်နှစ်ပါးကို ငါသွေးခွဲလိုက်ပြီ။ ငါဟာ သံဃာချင်း သင်းကွဲအောင်လုပ်ခဲ့တာမို့ သံဃဘေဒက ကံကြီးထိုက်တော့မှာပါလား''

နောင်တဟူသည် နောင်မှတရလေသည်မဟုတ်လော။

ယခုလည်း ... ထိုရဟန်းအဖို့ နောင်တတရားတို့၏ ဖိစီးနှိပ်စက်မှုကို မချိအောင်ခံစားရင်း ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ရလေပြီတကား။

▲ ▲ ▲

မျဉ်းပြိုင်နှစ်ကြောင်း မဆုံနိုင်ကောင်းဟု ဆိုသော်ငြား တစ်ပါးနှင့်တစ်ပါး အထင်အမြင်လွဲမှားလျက် ကျောင်းကိုစွန့်ခွာသွားကြကုန်သော မထေရ်နှစ်ပါးဖို့ တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့ ပြောင်းကြွသီတင်းသုံးရင်းဖြင့် ရွာတစ်ရွာ၌ မထင်မှတ်ဘဲ ဆုံစည်းခဲ့ကြရချေ၏။

ပတ်ဝန်းကျင်၌ ဂရုထားမည့်သူတို့ မရှိလေမှ ရင်တွင်းစကားတို့ကို ဖွင့်ဟမိကြ၏။

''ငါ့ရှင် ဘာ့ကြောင့် ဒီလိုစကား ဆိုရတာလဲ''

''တပည့်တော် လုံးဝမဆိုပါဘူး။ အရှင်ဘုရားကသာ ဆိုခဲ့တာ''

''ဟာ ... မဟုတ်တာ။ ငါလည်း မဆိုခဲ့ပါကလား''

''ဒါဆို ... တစ်ခုခုတော့ လွဲမှားနေပြီထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပါးစလုံး အကြောင်းရင်းမှန်ကို စစ်ဆေးကြည့်လိုက်၏။ ထိုအခါတွင် အဖြေကို တွေ့ရ၏။

"ဒါဟာ အာဂန္တုရဟန်းရဲ့ စဉ်းလဲကောက်ကျစ်မှုပဲ ဖြစ်ရမယ်။ တို့များ အဲသည်ရွာကို ပြန်ကြွသွားကြစို့ရဲ့"

"ကောင်းတယ်ဘုရား၊ ကောင်းတယ်"

နှစ်ပါးစလုံး တစ်ပါးအပေါ်တစ်ပါး သံသယတွေပျောက်ကာ အမှန်ဘဝ အခြေ ရောက်ခဲ့ကြသည်။ ရပ်ရွာကို ရောက်တော့ ဒကာ၊ဒကာမအပေါင်းက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကျောင်းသခ်မ်းကို အပ်ကြ၏။ အာဂန္တုရဟန်းမှာတော့ သူ့တရားကိုသူ စီရင်သွားခဲ့လေပြီ၊

မထေရ်နှစ်ပါးလည်း သတိသံဝေဂရ ခြင်းများစွာနှင့်အတူ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်ခဲ့ကြရာ မကြာမြင့်မီမှာပင် အာသဝေါတရား ကုန်ခန်းပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေတော့၏။

▲ ▲ ▲

ဂေါတမမြတ်စွာဘုရားရှင် လက်ထက် ...။

အရှင်နာရဒ သီတင်းသုံးသည်ကား ဂိဇ္ဈကုဋ်တောင်တွင် ဖြစ်၏။ ဂဇ္ဈကုဋ်တောင်ကိုကြည့်လျှင် လင်းတကြီး တစ်ကောင် နားနေသလားဟု ထင်မှတ်ရ၏။ အရှင်နာရဒသည် ထိုတောင်ကို အမှီသဟဲပြုရင်း ရာဇဂြိုဟ်သို့ နေ့စဉ်နေ့တိုင်းပင် ဆွမ်းခံထွက်ကြွလေ၏။

တစ်နေ့သ၌ ဆွမ်းခံထွက်ကြွလာရာလမ်း၌ မခံမရပ်နိုင်လောက်အောင် အပုပ်နံ့များကို ရခဲ့၏။ သို့ဖြစ်၍ လက်တစ်ဖက်ဖြင့် နှာခေါင်းကိုပိတ်လျက် ဆောင်းငုံ့ကြည့်လိုက်လေသောအခါ ပြိတ္တာတစ်ဦးကို တွေ့မြင်လိုက်ရတော့သည်။

ထိုမြင်တွေ့လိုက်ရသော ပြိတ္တာကား ဆန်းကြယ်၏။ အဆင်းမှာ ရွှေရောင်ကဲ့သို့ ဝင်းဝင်းဝါဝါရှိသော်လည်း အပုပ်နံ့ကမူ တထောင်းထောင်း။ ယင်တွေကလည်း တလှောင်းလှောင်း။ တစ်ကိုယ်လုံးမှာလည်း ပိုးလောက်လန်းတွေက ရှုပ်တက်နေသည်။ သည့်အတွက် အရှင်နာရဒလည်း ပြိတ္တာ၏ အဖြစ်သနစ်ကို စူးစမ်းမေးမြန်းတော်မူလေ၏။

"အရှင်ဘုရား ...တပည့်တော်ဟာ ကဿပဘုရားရှင်လက်ထက်အခါက သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါး ဖြစ်ခဲ့ပါတယ်။ တပည့်တော်ဟာ ရဟန်း ဖြစ်ပါလျက်နဲ့ သူတစ်ပါးပိုင်တဲ့ ကျောင်းသခ်မ်းကို အလိုရမ္မက်ကြီးခဲ့ပါတယ်။ ဒါ့ကြောင့်ပဲ အချင်းချင်းချစ်ခင်ပြီး သီလဝန္တ ရှိကြတဲ့ ကျောင်းထိုင်ကိုယ်တော်နှစ်ပါးကို စိတ်ဝမ်းကွဲအောင် ကုန်းတိုက်ခဲ့ပါတယ်။ သံဃာတော်နှစ်ပါး စိတ်ဝမ်းတွေကွဲပြီး ကျောင်းသခ်မ်းကိုစွန့်သွားတော့ တပည့်တော်လည်း ကျောင်းသခ်မ်းကို ပိုင်ဆိုင်လိုက်ရပါတယ်။ တကယ်တော့ တပည့်တော်ဟာ သံဃာကို သင်းခွဲခဲ့သူ၊ သံဃဘေဒကကံထိုက်သူ ဖြစ်ပါတယ်။

အဲသည်ဘဝက ကွယ်လွန်တော့ တပည့်တော်ဟာ အရှင်ဘုရားတွေ့မြင်ရတဲ့အတိုင်း ရွှေဝါရောင်သက်န်းကို လွှမ်းပတ်ထားတဲ့အတွက် အဆင်းဟာ ရွှေလိုတော့ ဝင်းဝါပါရဲ့၊ ဒါပေမဲ့ သံဃဘေဒကကံကြီးထိုက်ထားလို့ ခန္ဓာကိုယ်ကြီးက အပုပ်နံ့တွေ တခြောင်းခြောင်းထွက်နေပါတော့တယ်။ တစ်ကိုယ်လုံးမှာလည်း ပိုးတွေ၊ လောက်တွေ တဖွားဖွားတက်လို့။ အဲသည်ပိုးလောက်တွေရဲ့ စားသောက်ခြင်းကိုလည်း ခံနေရပါတယ်။ တပည့်တော်ဟာ မကောင်းမှုဒုစရိုက်တွေကြောင့် ကဿပဘုရားရှင်နဲ့ ဂေါတမဘုရားရှင် ပွင့်တော်မူတဲ့ကာလကြား အဝီစိငရဲမှာ ကျခံခဲ့ရပါတယ်။ ငရဲကလွတ်တော့ အခုလို ပြိတ္တာဘဝနဲ့ ဆင်းရဲဒုက္ခ ခံစားနေရပါတယ်ဘုရား။

အရှင်ဘုရား ...လူတို့ဟာ အရှင်သူမြတ်တွေရဲ့ ဩဝါဒစကားတွေကို လေးစားစွာ နာယူလေ့ ရှိကြပါတယ်။ အရှင်ဘုရားအနေနဲ့ တပည့်တော်ကို စံနမူနာပြုပြီး လူတွေ သံဝေဂရရှိကြလေအောင် တရားဟောပေးစေချင်ပါတယ်။ ဟောရမယ့်တရားကတော့ 'ချစ်သူချင်းမုန်းအောင် ကုန်းချောမှုမှ ရှောင်ကြဉ်ဖို့တရား'ပဲ ဖြစ်ပါတယ်ဘုရား"

ထိုသို့လျှောက်ထားပြီးသည့်နောက် ပြိတ္တာလည်း ကွယ်ပျောက်သွားလေတော့၏။ အရှင်နာရဒလည်း ဆွမ်းခံကြွပြီးသည့်နောက် ဆွမ်းစား၏။ ပြီးလေသော် ဝေဠုဝန်ကျောင်းတော်သို့သွား၍ ဘုရားရှင်အား မိမိတွေ့ကြုံဆုံစည်းခဲ့ရာ ပြိတ္တာ၏အကြောင်းကို လျှောက်ထားတော်မူလေ၏။

ဘုရားရှင်လည်း ထိုပြိတ္တာ၏ ကြောင်းရာထုပ္ပတ်ကို သာဓကပြု၍ ရောက်ရှိလာကြသော တရားနာပရိသတ်အပေါင်းအား ပိသုဏာဝါစာ–ချစ်သူချင်း မုန်းအောင် ကုန်းချောမှုမှ ရှောင်ကြဉ်ရမည့် ဒေသနာတော်ကို ဟောကြားတော်မူလေ၏။

တရားဒေသနာတော် ဆုံးလေသည်ရှိသော် တရားနာပရိသတ်တို့လည်း သတိသံဝေဂတရားများ ရရှိကြပါလေသတည်း။

နန္ဒာမိုးကြယ်

<u>ကျမ်းကိုး</u>

– ပေတဝတ္ထု၊ ဥရဂဝဂ်၊
ပုတိမုခပေတဝတ္ထု။

www.burmeseclassic.com



# ရွှေဟောင်းစေတီလေးအား ပြန်လည်ပြုပြင်ရာတွင် တွေ့ကြုံရသော ဆန်းကြယ်သည့်ဖြစ်ရပ်များ

■ ဦးစံဝင်းအောင်


တစ်ခါတစ်ရံတွင် လက်တွေ့၌ တွေ့ကြုံရသော ကိစ္စရပ်များသည် စိတ်ကူးယဉ်ထက်. ဆန်းကြယ်၏။ မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစား၍မရနိုင်ပါ။ ဤစေတီလေးသည် စာရေးသူ ပြုပြင်ထိုက်၍ (ဝါ) ပဌာန်းဆက်ဟု ပြောမည်ဆိုလျှင်လည်း ပြောနိုင်ပါသည်။ စေတီလေးမှ သစ်ပင်၊ ဆီးပင်နှင့် ချုံနွယ်များ အကြားတွင် ပြုပြင်မည့်သူမရှိဘဲ နှစ်ပေါင်းများစွာ တည်ရှိနေပြီး စာရေးသူ တွေ့ရှိသည့်အချိန်တွင် ပြုပြင်လိုသည့် စိတ်များ တဖွားဖွားပေါ်လာပါသည်။ အင်္ဂမြို့နယ်၊ မဲလီကုန်းမြို့ ဆူးပဒေါင်းကွင်းရွာ၏ နောက်ကျောဘက် လယ်ကွင်းများကြားတွင် ရှိနေပြီး ရွာသူရွာသားများအနေနှင့်လည်း အမှုမဲ့ အမှတ်မဲ့ပင် နေလာခဲ့ကြပါသည်။ ထိုရွာတွင် ချမ်းသာသောသူများ ရှိကြသော်လည်း အခြား အလှူများသာ လုပ်ခဲ့ပေမယ့် ဤစေတီကို ပြုပြင်ရန် စိတ်ကူးမပေါ်ခဲ့ပါ။ ထိုရွာ၌ လက်ရှိနေထိုင်သော ဘုရားဒေါးပတ်ပတ်လည်မှ လယ်ကွင်းများကို ပိုင်ဆိုင်သည့် ကိုဖိုးစံညွှက်ကိုယ်တိုင်ကပင် "အကိုရေ . . . ကျွန်တော်တို့လည်း ဒီဘုရားလေးဘေးမှာ လယ်လုပ်နေပေမယ့် ဒီဘုရားလေးကို ပြုပြင်ဖို့ စိတ်ကူးမပေါ်ခဲ့မိဘူး။ အခြား အလှူအတန်းတွေသာ လုပ်ခဲ့တာ။ အံကိုနဲ့ကျမှ ဒီဘုရားလေးကို ပြင်ဖြစ်သွားတာ။ ကျွန်တော်တို့လည်း ဝမ်းသာပါတယ်" ဟု ဖွင့်ဟပြောကြားခဲ့ပါသည်။ ဤစေတီလေးကို ၁၂၉၂ ခုနှစ်က တည်ထားခဲ့ကြောင်း ပလ္လင်အုတ်ခုံတွင် ရေးသားထားပါသည်။ ယခုအချိန်တွင် နှစ်ပေါင်း ၈၃ နှစ်ရှိသောကြောင့် ထိုရွာရှိ အသက်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည့် ဦးခင်မောင် မွေးသည့်အချိန်၌ ဤဘုရားလေးကို တည်ခဲ့သဖြင့် မှတ်မိသူများ မရှိပါ။ ရွာမှ စုပေါင်း၍ တည်သည်ဟု ပြောပါသည်။

ပထမဆုံးထူးခြားချက်မှာ ဤစေတီကို ပြုပြင်ရန် ပြောထားသည့် ပန်းရန်မှာ ပျက်ကွက်သွားသဖြင့် ပထမ ပန်းရန်ထက်ကောင်းသည့် နောက် ပန်းရန်ဆရာတစ်ဦးနှင့် တွေ့သွားပါ




www.burmeseclassic.com

www.burmeseclassic.com



သည်။ ထီးတော်ကိုလည်း မူလဝယ်ထား သော ထီးတော်ထက် ပိုမိုကောင်းမွန် ဆုပ်ကိုင်ခဲ့သည့် ထီးတော်နှင့် တင်ဖြစ် သွားပါသည်။ စတင်ပြုပြင်သည့်နေ့ နေ့လယ် ၁း၀၀ နာရီအချိန်တွင် စေတီ ပန်းတင်ခုံပေါ်သို့ မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိသည့် ပုတ်သင်ညို အဝါရောင်တစ်ကောင်အား မလှုပ် မယှက်ဘဲ ပန်းတင်ခုံပေါ်သို့ လက်နှစ် ဖက်တင်၍ ဘုရားဘက်ကို ဦးခေါင်းပြု ကာ အချိန်နာရီဝက်ကျော် ငြိမ်သက်စွာ ဖြင့် ဖူးမြော်နေသည်ကို ပန်းရန်နားချိန် တွင် ထမင်းစားနေကြသည့် ပန်းရန် ဆရာနှစ်ဦးနှင့် ဘုရား၌လာ၍ ဝေယျာ ဝစ္စလုပ်ပေးနေသည့် ရွာလူကြီး ဦးဖိုးနှစ် တို့ကိုယ်တိုင် မြင်တွေ့ကြရပါသည်။ ၎င်းအချိန်က စာရေးသူမှာ ဘုရားနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စများရှိ၍ အပြင်သို့သွားနေသောကြောင့် မှတ်တမ်း ဓာတ်ပုံ မရိုက်လိုက်နိုင်ပါ။

ပုတ်သင်ညိုအား အချိန်အတော် ကြာကြာ စောင့်ကြည့်နေပြီး ပန်းရန် ဆရာတို့မှလည်း ဆက်လုပ်စရာ ရှိနေ သေး၍ ဖယ်ရှားပေးရန် ပုတ်သင်ညို အနီးသို့သွား၍ ပြောရာ လူစကား နား လည်သကဲ့သို့ ပန်းတင်ခုံမှဆင်းကာ ဘုရားဘေးမှပတ်၍ လယ်ကွင်းထဲသို့






www.burmeseclassic.com

www.burmeseclassic.com

ပြေးဝင်သွားပါသည်။ ပုတ်သင်ညိုလာသည့်အချိန်မှာ နေ့လယ် ၁း၀၀ နာရီအချိန်ဖြစ်သဖြင့် ဘုရားတွင် နေချစ်ချစ်တောက်ပူနေပါသည်။

ပြုပြင်ပြီးနောက် ဘုရားတွင် ပဌာန်းပူဇော်ပွဲပြုလုပ်ကာ ရေစက်ချပြီးသည့် နောက်တစ်နေ့ ပြာသိုလပြည့်ကျော် ၂ ရက်၊ ည ၉ နာရီအချိန်ခန့်တွင် ဘုရားသို့လာ၍ ပန်း၊ ဆီမီးများ လှူဒါန်းပူဇော်ကြသည့် ဆူးပဒေါင်းကွင်းရွာမှ မိန်းကလေးများနှင့် ရွာသားအချို့ စေတီမှ ရောင်ခြည်တော်လွှတ်သည်ကို ဖူးကြရသည်။

၁၃၇၄ ခု၊ ပြာသိုလဆန်း ၁၄ ရက်နေ့ ညတွင် ပဌာန်းပူဇော်ပွဲကျင်းပပြီး၊ ပြာသိုလပြည့်နေ့ နံနက်တွင် ရေစက်ချမင်္ဂလာ ပြုလုပ်ပါသည်။ တပို့တွဲလဆန်း ၁၄ ရက်နေ့ညတွင် ထပ်မံ၍ ပဌာန်းပူဇော်ပွဲပြုလုပ်ပြီး၊ တပို့တွဲလပြည့်နေ့ နံနက်တွင် ထမနဲဆွမ်းကပ်လှူပါသည်။ ပဌာန်းပွဲပြုလုပ်သည့် ပြာသိုလဆန်း ၁၄ ရက်နေ့ညတွင် စေတီအားရိုက်သော ဓာတ်ပုံများ၏ ဖလင်တွင် စေတီပတ်ပတ်လည်အပေါ်၌ ရောင်စုံစက်ဝိုင်းများ ပေါ်နေသည်ကို တွေ့ရပါသည်။ ရောင်စုံစက်ဝိုင်းများမှာ တစ်ပုံနှင့်တစ်ပုံ တူညီမှုမရှိပါ။ ဒုတိယအကြိမ် ပဌာန်းပွဲပြုလုပ်သည့် တပို့တွဲလဆန်း ၁၄ ရက်၊ ညဦးပိုင်းတွင် ဓာတ်ပုံရိုက်ရာ၌ ထူးခြားမှုမရှိဘဲ ည ၁၀ နာရီအချိန်ခန့်တွင် ရိုက်သောပုံ၌ စေတီ၏ ညာဘက်အပေါ်တွင် လဝန်းကဲ့သို့ ဝိုင်းဝိုင်းစက်စက် ပေါ်နေသည်ကို တွေ့ရပါသည်။ ပထမအကြိမ် ပဌာန်းပွဲပြု



လုပ်သည့်ည၌ ပဌာန်းအဖွဲ့ခေါင်းဆောင် ဦးလှသိန်း(ကိုင်းတောကွင်းရွာ) ရွတ်ဖတ်ပူဇော်နေချိန်၌ ရိုက်သောဓာတ်ပုံတွင် မဏ္ဍပ်၏နောက်ဘက် ရာဇမတ်ကွက်များတွင် စက်ဝိုင်းလုံးများ ပေးနေသည်ကို ထင်ထင်ရှားရှား တွေ့ရပါသည်။ ဤစေတီလေးကို စောင့်ရှောက်နေသော သိုက်ဆက်၊ ပဌာန်းဆက် စသည့် မမြင်အပ်သော ပုဂ္ဂိုလ်များက လာရောက်ဖူးမြော်ကြသည်ဟု ထင်ပါသည်။ စာရေးသူကိုလည်း ဤစေတီကို စတင်ပြုပြင်သည့်နေ့နှင့် ပြုပြင်ပြီးနောက်ရက်တွင် သိသာအောင် ပြသပါသည်။

စာရေးသူ ဤစေတီလေးကို ပြုပြင်သည့် ရည်ရွယ်ချက်မှာ လာရောက်ဖူးမြော်ကြသူတို့ ကုသိုလ်ရစေရန် ရည်ရွယ်ချက်တစ်ခုသာ ရှိပါသည်။ မိမိပြုပြင်သည်ကို အကြောင်းပြု၍ ဖူးမြော်ကြသူတို့ ကုသိုလ်တိုးပွားလျှင် မိမိလည်း ကုသိုလ်ရ၊ ဖူးမြော်ကြသူတို့လည်း အကျိုးများမည် ဖြစ်ပါသည်။

နာမည်ရစေလို၍ ပြုပြင်ခြင်းမဟုတ်
ဆူးပဒေါင်းကွင်း ရွာသူရွာသား
ကုသိုလ်တရားတိုးပွားပြီး အကျိုးမ
ရန် ဖြစ်ပါသည်။ ချုံတောထဲက ဘု
ကို ပြုပြင်သည့် တစ်ခုတည်းသေ
ရည်ရွယ်ချက်မှာ လောဘ၊ ဒေါ
မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ စသေ
ကိလေသာချုံမှ လွတ်မြောက်၍ **"နိ
တာသွားရာ ခရီးကိုလ၊ စိတ်ဖြ
တရားရှာလို့မီးပါသည့် ဘုရားဒေ
ကြီး"** အနေနှင့် နိဗ္ဗာန်ကိုသာ တ
တည်းသော ရည်ရွယ်ချက်ထား၍ ပြ
ခြင်းဖြစ်ပါကြောင်း အသိပညာနည်းလ
အဖြာဖြာ တိုးပွားစေသည့် တိက္ခညာ
ဂမ္ဘီရညာဏ်၊ ဘူရိ၊ ဟာသ၊ ဇဝနညာ
တို့ဖြင့် အရောင်လျှံသည့် ရောင်ပြ
မဂ္ဂဇင်း စာဖတ်ပရိသတ်အပေါင်းအ
သိစေအပ်ပါသည်။

ဦးစံဝင်းအော
(မြို့နယ်စာရေးသူကြီး–ငြိ



www.burmeseclassic.com

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆၊ ၂၊ ၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရမှတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅၊ ၈၊ ၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃၊ ၃၊ ၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း၊ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄၊ ၁၀၊ ၁၉၉၉) တနင်္ဂနွေနေ့တွင် မှုလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁၊ ၉၊ ၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇၊ ၃၊ ၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် ဓာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း၊ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈၊ ၃၊ ၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဘကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း၊ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄၊ ၁၊ ၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉၊ ၂၊ ၂၀၀၉) တနင်္လာနေ့တွင် မွှာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း၊ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆၊ ၁၀၊ ၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာကျောင်းတော်မှု ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀၊ ၁၊ ၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒာနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေတွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး

| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| ဒုကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ


| | |
|---|---|
| လာဘ်မိုးဇွေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ချစ်ကဝေ

## အောင်ချိန်ဘွား

(ယခင်လမှ အဆက်)

ထောင်ပိုင်ကတော်ကြီး မစ္စက်ရီဘက်ကာဟေးဝဒ်က စစ်ကဲလေး တိမ်ခိုးထင်ကျော်ကို ပစားပေးသလို ထောင်ပိုင်၏ သမီး စင်သီယာဟေးဝဒ်ကတော့ သူ့ကို မျက်စိအောက်က အပျောက်မခံနိုင်အောင် စွဲလန်းလေ၏။ လပေါင်းများစွာ ကြာလာ၏။

"ဒီဓာတ်ပုံကြီး အိုင့်အိပ်ခန်းထဲ ပြောင်းချိတ်ပေးပါလား ကိုထင်ကျော်"

စင်သီယာသည် ရှစ်နှစ်သမီးကတည်းက မြန်မာပြည်ကို မိဘတာဝန်ကျရာ လိုက်ပါခဲ့သူဖြစ်၍ မြန်မာစကား အတော်ပြောတတ်သည်။

"မှန်တင်ခုံနောက်ကို . . ကလစ်ကျသွားလို့ ကောက်မရဘူး။ လာရှာပေး ကိုထင်ကျော်"

စင်သီယာကကိုထင်ကျော်ကို သူ့အိပ်ခန်းထဲသို့အရောက် သွေးဆောင်လာသည်။

"ခုတင်တိုင်က ချောင်နေတယ်။ လာကြပ်ပေးအုံးကို ထင်ကျော်"

စင်သီယာက ခုတင်ပေါ်အထိ ရောက်အောင် သွေးဆောင်သည်။ ကြေးပွတ်လုံး ခုတင်ကတိုင်များကိုဝက်အူ ရစ်ကြပ်ပေးနေသည့် ကိုထင်ကျော်ကို ခါးကဖက်၍ ခုတင်ပေါ် လှဲချသည်။

ကိုထင်ကျော် စိတ်မနိုင်တော့။ ယောနယ်က ချစ်သူလေးကို အဝေးမှ လွမ်းဆွတ်ရင်း . . အနီးက ဝေဠုဝတီနှင့် သက်တူရွယ်တူလောက်ရှိသော စင်သီယာ၏ သာယာမှုပေးသည့်အတွေ့နောက်သို့ လိုက်မှားမိခဲ့သည်။

မိန်းမတို့မာယာ သဲကိုးဖြာဟုဆို၏။ စင်သီယာက မာယာထောင်ချောက်နှင့် တိမ်ခိုးထင်ကျော်ကို ဖမ်း၏။ တိမ်ခိုးက ဤအနောက်တိုင်းသူ ကလန်ကလားကို အသုံးချရန် မာယာတစ်သိန်းအပလိမ်းအနန္တနှင့် ကြံဆောင်၏။ အဖြေရလတ်ကား၊ တိမ်ခိုးထင်ကျော် ထောင်မှ လွတ်ခြင်းတည်း။

ထော လွတ်ပြီးအချိန် အတိုင်းအတာတစ်ခု ကြာလျှင် သူ့သမီးနှင့် ပေးစားရန် ထောင်ပိုင်ကြီးက မလွှဲမရှောင်သာ စီစဉ်ခဲ့သည်။ ထောင်ပိုင်ကတော်က ကျေနပ်သဘောတူခဲ့သည်။

သို့သော် . . ထောင်က လွတ်သော စစ်ကဲလေး တိမ်ခိုးထင်ကျော်သည် ဖောင်းက လွတ်သော မြင်းလို ပြေးထွက်ရာ ခြေရာကောက်၍ပင်မရအောင် ပျောက်ကွယ်သွားလေ၏။ ဟိုအစမှ သတင်းကို ပြန်ကောက်ပြီး ကြွက်နဖားတောင်ခြေမှတစ်ဆင့်ရှေ့ကို တိုးရှာရင်း ရှမ်းပြည်နယ်မြောက်ပိုင်း အရှေ့ပိုင်းနှံ့သော်လည်း ကိုထင်ကျော်ကို မတွေ့ရသောအခါ စင်သီယာ ဘုံးဘုံးလဲရှာ၏။

သို့သော် . . စင်သီယာသည် ခေသူလေးမဟုတ်။ သူ့အမေကလည်း ခေသူကြီးမဟုတ်။ သူတို့သည် အင်္ဂလိပ်ပြည် စကော့တလန်မျိုးရိုးများပီပီ စကော့တလန်ကုန်းမြင့်မှ Witch ခေါ် စုန်းမျိုးနွယ်စုက ဆင်းသက်လာသူများဖြစ်ကြသည်။ ကိုထင်ကျော်ရှိရာ ဒေသကို စုန်းအတတ်ပညာနှင့် လိုက်ရှာသောအခါ စုန်းဓာတ်ကွန့်မြူးရာ ဒေသကို ဓာတ်ဓာတ်ချင်းကူးကာ မြန်မြန်သိသွား၏။

ဤတွင် တိမ်ခိုးထင်ကျော် သူတို့ဆီ အမြန်ပြန်လာအောင် Witch Craft ခေါ် စုန်းအတတ်ပညာနှင့် ဓာတ်ရိုက်ခေါ်လေသည်။

ထိုအချိန်တွင် ချစ်သူ မိန်းမချောလေး ဝေဠုဝတီ၏ ရင်ခွင်၌ ပြန်ရောက်နေပြီဖြစ်သော တိမ်ခိုးထင်ကျော်သည် ကလက်တက်တက် ဘိုမကို



www.burmeseclassic.com

www.burmeseclassic.com

မေ့ပစ်ခဲ့ပြီး ဖြစ်သည်။

ဆတ်ခနဲတွန့်သွားသည်။ တိမ်ခိုးထင်ကျော် ဝေဠုဝတီတို့ အိမ်ရှေ့ကွပ်ပျစ်၌ ထိုင်၍ စကားပြောနေခိုက် ခြံစည်းရိုး အပြင်ကပ်လျက်ပေါက်နေသော ဖျောက်ဆိပ်ပင်ကိုင်းပေါ်က မိန်ကောင် ငှက်ဆိုကာ ထိုးလိုက်သံကြောင့် တွန့်တုံသွားခြင်း ဖြစ်သည်။

မှောင်ဝေရီသရောညနေဝင်စတွင် အသံလာရာကို မော့ကြည့်သော တိမ်ခိုးထင်ကျော် ငှက်ဆိုးမိန်ကောင်ကို မြင်သည်။ မိန်ကောင်၏ မျက်နှာဖြူဖြူသည် ကြည့်နေရင်း စင်သီယာ၏ မျက်နှာပေါ်လာသည်။ "ပြန်လာခဲ့ ကိုထင်ကျော်၊ Come back to me Darling" စင်သီယာက ညို့မျက်လုံးဖြင့် ခေါ်နေ၏။

"အိုးမိုင်ဂေါ့ဒ်၊ ဗုဒ္ဓ ကယ်ပါဘုရား"

တိမ်ခိုးထင်ကျော် လန့်အော်မိသည်။

"ဘာလဲ . . ဘာလဲဟင် မောင်ကြီးတိမ်ခိုး"

ဝေဠုဝတီက မျက်နှာဖြူဖတ်ဖြူရော်နှင့် ဖြစ်နေသော တိမ်ခိုးထင်ကျော်ကြည့်ရာကို လိုက်ကြည့်သည်။ သာမန်လူများဆိုပါက မိန်ကောင်ကိုသာ မြင်ရမည်။ ယခုတော့ စုန်းပညာ အဆင့်မြင့်သော ဝေဠုဝတီ မြွေမြွေချင်းခြေမြင်လေ၏။

"ဟယ် . . ဟိုကုလားဖြူမ၊ မောင်ကြီးကို လာခေါ်တယ်၊ သူက ဘာမို့လို့ ဟောဒီ၊ နယ်ကို ကျူးပြီး ဒီပုံစံနဲ့ ဝင်ရဲရတာလဲ"

"သူလား . . မောင်ကြီး ပြောဖူးတဲ့ ထောင်ပိုင်သမီးပဲ။ ဒီကို ဒီလိုနည်းနဲ့ လာတတ်သတဲ့လား"

"မောင်ကြီးတိမ်ခိုး၊ သူ့ကို လွမ်းတမိတာတော့မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူး၊ မောင်ကြီးက ဟိုမှာတုန်းကသာ ဟောဒီနှမငယ်ဝတီကို အမြဲလွမ်းတခဲ့တာပါ"

"မောင်ကြီးဖက်က ဝတီ့အပေါ်ထားတဲ့ စိတ်ခိုင်မြဲပါတယ်နော် . . သေချာလား"

"သေချာပါတယ်"

"ကောင်းပါပြီရှင်၊ ဒါဆို ဒီမျက်နှာဖြူမကို ဝတီတို့ ဖယ်ရှားလို့ရပါတယ်။ ဟောဒီမှာ အမေရေ . . မောင်ကြီး မချစ်လို့ စွန့်ပယ်ခဲ့တဲ့ ဟိုဘိုမ ဒီအထိလိုက်နှောက်ယှက်နေပြီ။ ကြည့်ပေးပါဦး"

ထိုအခါ ဒေါ်စန္ဒီထွက်လာကြည့်သည်။

"အောင်မယ် . . ရာရာစစ၊ နင်တို့ ပညာလေးလောက်နဲ့ ဟောဒီ : နယ်အထိ လာပြီး ငါ့ကို အံတုရသလား။ ဒီလို မိုက်ရိုင်းတဲ့ဉာဏ်နဲ့ လာမချိုးနဲ့။ အခု ဒူးထောက်ပြီး စကားနာခံမလားမျက်နှာဖြူကောင်မလေး။ ဆင်းခဲ့စမ်း"

မိန်ကောင်က သစ်ကိုင်းပေါ်တွင် စုတ်ထိုးဆဲ။

"အော . . ဒီလိုလား၊ လာလေ့"

ဒေါ်စန္ဒီက လက်ကို ဝှေ့ရမ်းလိုက်ရာ မီးဖိုဘက်မှ ကိုင်း၍ ထွက်လာသည့် လက်နှီးစုတ် ကြီးလွင့်တက်သွားသည်။ လင်းတငှက်ကြီးဖြစ်သွားသည်။ ထိုအခါ မိန်ကောင်သည် သုတ်ခနဲ ထပျံကာ သစ်ကိုင်းတွေ ကြားထဲမှ တိုးဝှေ့၍ ပျံပြေးသွားလေ၏။ လင်းတကြီး မှောင်ပြပြထဲ လိုက်၍မမီတော့။

"အမေ . . သူကလဲ စုန်းမျိုးထဲကလား"

"အေး . . သမီး။ ဒါသူတို့နိုင်ငံက နာမည်ကြီး ဝစ်ချ်စုန်းမျိုးပဲ။ ကြည့်ရတာ အမေတို့ဆီက ရုပဝိပရိစုန်းခြောက်မျိုးထဲက အဆင့်လောက်လဲ ဖြစ်နိုင်တယ်။ စက်စုန်းလေးမျိုးထဲက အဆင့်လော်က်လဲ ရှိနိုင်တယ်"

"ဒါဆို . . ကဝေပျံ စုန်းအဆင့်ကျော်ပြီး ဂန္ဓဗ္ဗစုန်းအဆင့်ရှိတဲ့ အမေက နိုင်မှာပါနော်"

"နိုင်ပါတယ်၊ အခုလာလမ်းကို ခြေရာကောက်နေတယ်။ တိမ်ညွှန့်စားတဲ့ သမီးလဲ သူတို့ကို နိုင်မှာပါ။ နောက်တစ်ခါ လာမခေါ်နိုင်အောင် လိုက်ပိတ်ကြတာပေါ့"

ဤသို့ဖြင့် နောက်နေ့ မနက်လေး ရတနာပုံက ပျံ[...] လာသော လင်းဆွဲကြီးကို [...] ဝက်ငှက်ကြီးတစ်ကောင်[...] စောင့်ပြီး ထိုးလိုက်ရာ ဖမ်း[...] သော်လည်း ပြုတ်ကျသွား[...] သည်။

နာနာရှပ်ဖန်ဆင်း၍ လင်းဆွဲသဏ္ဌာန် ပျံဟက်ခဲ့[...] သော စင်သီယာပေးဝဒ်ခမ္မာ[...] သူ့အိပ်ခန်း၊ သူ့ကုတင်ပေါ်[...] ထိုင်လျက်ကနေ ဘိုင်းကနဲ မှေ့ယာပေါ် ပစ်လဲသေ၏။ ကုတင်ခေါင်းရင်း၌ ထွန်းညှိ[...] ထားသော ဖယောင်းတိုင်များ[...] လည်း ဟုတ်ကနဲ ငြိမ်းကုန်ကြသည်။

"အို . . သမီးလေး၊ အိုးမိုင်ဂေါ့ဒ်"

ဆိုကာ သူ့မိခင် ရီဘက်ကာပေးဝဒ် ပြေးဝင်လာသည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထောင်ပိုင်ကြီး မစ္စတာဂျင်မီပေးဝဒ်ပါ ရောက်လာသည်။

"ဟာ . . ဘလက်ဒိဖူး။ ဟိုဘက်က စုန်းမတွေ အားကြီးကြမ်းတယ်။ ဇော်ဂနီထက်မြင့်တယ်။ သွားမလုပ်ပါနဲ့ဆိုတာ တားမရဘူး။ အခုခံရပြီ။ နေဦး၊ အခုပဲ လန်ဒန်ကို တယ်လီဂရမ်ပို့မယ်၊ ငါ့ညီဟာ တို့စကော့တလန် စုန်းမျိုးရဲ့ အမွေဆက်

www.burmeseclassic.com

ခံသူတွေထဲမှာ ပညာအမြင့်ဆုံးရထားတယ်။ သူ့ကို ဒီက အကြောင်းစုံ ရှင်းပြပြီး ခေါ်ရမယ်"

ထိုနေ့မှစ၍ စင်သီယာ ဟေးဝဒ် အိပ်ရာမှ မထနိုင်ဘဲ လဲနေခဲ့သည်။ တစ်ပတ်ကြာသော် လန်ဒန်တွင် ကမ္ဘာကျော် လူသတ်မှုများ ဆက်တိုက် ဖြစ်ပွားသည်။ ညည - လူပြတ်သော နေရာတွင် အမျိုးသမီးများအသတ်ခံရသည်။ သတ်ပုံမှာလည်း ကမ္ဘာကို ဖိန့်ဖိန့်တုန်စေသည့် အလွန်ရက်စက်သောနည်းဖြစ်၏။ ကြောက်မက်စက်ဆုပ်ထိတ်လန့်ဖွယ်အတိ ဖြစ်သည်။ ပုလိပ်ငံထောက်များပင် အလောင်းကို စစ်ဆေးရာ၌ ရင်တုန်ပန်းဘုန် ဖြစ်ကြရသည်ဟူ၏။

ထူးခြားချက်မှာ အသတ်ခံရသည့် အမျိုးသမီးသည် အဝတ်အကျီများ အစိတ်စိတ် အမွှာမွှာဆုတ်ဖြဲခံထားရပြီး ခေါင်းရင်းနှင့် ခြေရင်းဘက်တွင် ဆံညှပ်၊ ဆံထိုး၊ ကလစ်သည့် အလှပြင်ကိရိယာလေးများနှင့် ရင်ထိုး၊ လည်ဆွဲ၊ ပုတီးစေ့လေးများကို စီ၍ချထားသည်။ ပထမတွင်မူ ပုလိပ်အရာရှိများအနေဖြင့် အဆိုပါ အရာဝတ္ထုကလေးများ ဘာကြောင့် ဘာပုံစီထားပစ်ခဲ့ကြောင်းမသိကြ။ နောက်မှ ဗေဒပညာ ဝါသနာပါသည့် စကော့တလန်ပုလိပ်မင်းကြီး ကဖော်ထုတ်ပြောပြနိုင်ခဲ့သည်။

အမျိုးသမီး အသုံးအဆောင်ပစ္စည်းကလေးများကို ကြယ်စု ၉ စု(တာရာကြီးကိုးလုံး)၏ တည်နေပုံအတိုင်း တစ်ကြိမ် တစ်မျိုးအသီးသီး စီချထားကြောင်းတွေ့ရှိဖော်ထုတ်နိုင်ခဲ့သည်။ လူသတ်မှုများသည် စကော့တလန်ယာဒ် ခေါ် နာမည်ကြီး ပုလိပ်စုံထောက်အဖွဲ့က ပတ္တရောင်လှည့်ခြင်း၊ ကင်းပုန်းချခြင်းဖြင့် စောင့်ကြည့်နေသည့်ကြားက လူပေါင်း ၁၂ ယောက်ကို ဤအတိုင်း ရက်ရက်စက်စက် သတ်နိုင်ခဲ့သည်။ အသတ်ခံရသည်မှာ အားလုံး အမျိုးသမီးချည်း ဖြစ်သည်။ အားလုံးပြည့်တန်ဆာအမျိုးသမီးချည်း ဖြစ်သည်။

အဝတ်စများ ဖြတ်ပြီး အစိတ်စိတ်ကိုက်ထားပုံစသည်တို့မှာ လူ့ခန္ဓာကိုယ်ကို ကျွမ်းကျင်စွာ ခွဲစိတ်တတ်သူဖြစ်ကြောင်း ပေါ်လွင်သည်။ ခွဲစိတ်ဆရာဝန်တစ်ယောက်သာ မဟုတ်ခဲ့လျှင် ဤသို့ ကျကျနန ခွဲစိတ်ဖြတ်တောက်ရန် အချိန်အနည်းဆုံး တစ်နာရီကျော်ကြာမှဖြစ်မည်။ ပုလိပ်များ ဥဒဟိုသွားလာလှုပ်ရှားစောင့်ကြည့်နေသည့်ရက်များအတွင်း ဤမျှကြာအောင် လူသတ်နေပါက သေချာပေါက် မိနိုင်



သည်။ ယခုတော့ လူလစ်သည်နှင့် ဤအတိုင်းသတ်ဖြတ်ပြီး ဖြတ်တောက်ပြီး ခွဲစိတ်သွားသူမှာ ကျွမ်းကျင်လှသည့် ဆရာဝန်တစ်သာ ဖြစ်ရမည်။

သို့တစေ၊ ဆရာဝန်များ မကျန်သေချာစောင့်ကြည့်နေသည့်ကြားက ၂ လအတွင်း သားကောင်လူအမျိုးသမီး ၁၂ ယောက် ဤပုံစံချည်းအသတ်ခံခဲ့ကြသည်။ နောက်ထပ် သေသေချာချာပို၍ စောင့်ကြပ်ခဲ့သော်လည်း လူသတ်မှုများ လုံးဝရပ်သွားသည်။ လူသတ်ကောင်ကား ခြေရာအတိအကျကောက်မရခင်၊ သဲလွန်စမရမီအခိုင်နှင့် ပိုင်း၍ လုံးဝငုတ်လျှိုးပျောက်ကွယ်သွားသည့်အတွက် ကမ္ဘာကျော် စကော့တလန်ယာဒ်စုံထောက်အဖွဲ့သည် လက်သည်လုံးဝမပေါ်သည့် လူများတန်းစီပြီး ရက်စက်စွာ သတ်ဖြတ်မှုကြီးကြောင့် နာမည်ပျက်ခဲ့သည်။ သမိုင်းတွင် အမည်းစက်ကျန်ရစ်သော ထိုလူသတ်မှုကြီးကို Jack The Ripper လူသတ်ကောင်၏ အမှုဟု နောက်သမိုင်းဆက်ဆက်မှတ်တမ်းတွင်ကျန်ရစ်သည့် တရားခံလက်သည်မပေါ်၍ အမှုပိတ်ရသည့် လူသတ်မှုကြီး ဖြစ်ခဲ့သည်။

တကယ့်ဖြစ်စဉ်ကား ဂမ္ဘီရဆန်လွန်းလှသည့် စကော့တလန်ကုန်းမြင့်မှ Witch ခေါ် စုန်းမျိုးရိုးတို့၏ မျိုးနွယ်ဆက်တွင် ဒေါက်တာ ဂျော်ဂျီယာဟေးဝဒ်သည် အထက်မြက်ဆုံး စုန်းမျိုး ဖြစ်သည်။

ဒေါက်တာ ဂျော်ဂျီယာ ဟေးဝဒ်သည် မြန်မာပြည် မန္တလေးမြို့က သူ့အစ်ကို ထောင်ပိုင်ကြီး ဂျင်မီဟေးဝဒ်၏ ကြေးနန်းကို ရသောအခါ မျက်ခုန်းထောင်သွားသည်။ အံတင်းတင်းကြိတ်လိုက်သည်။

"ငါ့နှမကို လွန်လွန်ကျူးကျူး ကြံပြီးမှ လက်ထပ်မယူတဲ့ ကောင်ကို ငါကိုယ်တိုင်သွားဆုံးမမယ်။ သင်းတို့က စုန်းတွေဆိုပြီး ငါ့နှမကို ပြစားထားနိုင်ကြတယ်လို့ပြောတယ်။ စကော့တလန်စုန်း တွေ့ကြသေးတာပေါ့။ ဒီနယ်သား ငါ့နှမကို ချစ်လှချည်ရဲ့ဆိုပြီး ခြေထောက်လာဖက်ပြီး ယူခွင့်တောင်းရတဲ့အထိ ငါလုပ်ပြမယ်"

ဤသို့ ကျိုးဝါးပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာဂျော်ဂျီယာဟေးဝဒ်သည် စကော့တလန်စုန်းတို့၏ အမြင့်ဆုံး ပီယဆေးနှင့် အစွမ်းအထက်ဆုံး ကဝေအတတ်ကို အမြင့်ဆုံးရအောင် လေ့လာကျင့်ကြံသည်။ အမျိုးသမီး ၁၂ ယောက်ဆိုရာ၌ ယောက်ျားများများနှင့် ဆက်ဆံဖူးသည့် ၁၂ ယောက်၏ သွေးနှင့် သုပီယဆေးကို ဖော်စပ်ရမည်။ ထို့ပြင် ထိုသို့ ယောက်ျားတည်းဟူသော ဆန့်ကျင်ဖက်လိင်တို့နှင့် များများဆက်ဆံဖူးသည့် မိန်းမတို့၏ ဂါဝန်စကို အမှာ်အမှာ်ကိုက်၍ ရရာ တစ်စစီနှင့် ဆေးဖော်ရမည်။ ကာလီစာများ၊ အင်္ဂါများ ဖြန့်ကြဲခြင်းဖြင့် မှော်သွင်းရမည်။

ဤသို့လူသတ်မှုကို နာနာဘာဝတို့က ကာကွယ် ဖုံးအုပ်ပေးထားခြင်းဖြင့် စောင့်ကြည့်သော ပုဂ္ဂိုလ်များ မျက်ကွယ်ဖြစ်အောင် အမျိုးသမီးအသုံးအဆောင်များကို တာရာကြယ်စုပုံ စီထားရမည်။ ဤနည်းအတိုင်း ဒေါက်တာဂျော်ဂျီယာဟေးဝဒ် အောင်မြင်စွာ လုပ်နိုင်ခဲ့သည်။ သူသည် လူ ၁၂ ယောက်သတ်ပြီးသည်နှင့် အစစအရာရာ ကြိုတင်စီစဉ်လားသည့်အတိုင်း မြန်မာပြည်သို့ သင်္ဘောဖြင့် ထွက်ခွာခဲ့သည်။ ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် ဧရာဝတီသင်္ဘောဖြင့် မန္တလေးသို့ အရောက်လာခဲ့သည်။

"ငါ့နှမလေး ဘယ်လိုနေသေးလဲ"

"အန်ကယ်၊ ကြေးနန်းနဲ့ ခိုင်းတဲ့အတိုင်း စီမံလုပ်ဆောင်လို့ ထနိုင်သွားပါပြီ။ ဒါပေမယ့် လူတွေ့ဆီ ဆက်သွယ်တိုင်း အနှောက်အယှက် အတားအဆီးနဲ့ချည်း ကြုံရတယ် အန်ကယ်ဂျော်ဂျီ"

"မပူနဲ့ အခု အန်ကယ် ကိုယ်တိုင် ရောက်လာပြီ။ ကြောင်စုန်းကို လွှတ်တော့ ခွေးစုန်းနဲ့တားတယ်။ မြွေစုန်းကိုလွှတ်တော့ ခင်ပုတ်ဆိုတဲ့ လင်းပိုင်ငှက်နဲ့လင်းဝက်ငှက်တွေက စားပစ်တယ်။ ရတယ်။ ဒီညကစပြီး ပွဲကြီးပွဲကောင်းတွေ့ရမယ်"

ဒေါက်တာ ဂျော်ဂျီယာ ဟေးဝဒ်သည် အစိုးရခန့်စာဖြင့် ပခုက္ကူဆေးရုံတွင် တာဝန်ကျလေသည်။ မကြာမီ

လယ်သမားတစ်ဦး ပိုးထိလေ၏။ မြွေကိုက်ခံရခြင်းဖြစ်သည်။ မြွေပွေးဖြစ်၍ ချက်ချင်း ပခုက္ကူဆေးရုံကို ပို့ပေးမည့်သူကြုံသည်။ လယ်ပိုင်ရှင်ဖြစ်သည့် တိမ်ခိုးထင်ကျော်လည်း မနေသာဘဲ လူကြုံနှင့်အတူ ပခုက္ကူဆေးရုံသို့ သူ့လယ်သမားကို လိုက်ပို့ဖြစ်သည်။

ပခုက္ကူရောက်သော်လည်း ဝရမ်းပြေးသူပုန်ဟောင်းစစ်ကဲလေး တိမ်ခိုးထင်ကျော်ကို သူပုန်နှင့် ဆက်သွယ်မှုဆိုကာ ပုလိပ်က ဖမ်းဆီးလိုက်သည်။ သူ့ကို မန္တလေးထောင်သို့ ချက်ချင်း ပို့လေ၏။

ထောင်ထဲမပို့ဘဲ ထောင်ပိုင်ကြီးအိမ်သို့ အပို့ခံရသည်။

"အောင်မလေး . . . ဒါလင်ရယ်၊ ဒီဘဝ ပြန်မှတွေ့ပါ့မလားလို့ စင်သီယာဖြင့် ငိုလိုက်ရတာ"

"အော် . . လက်စသတ်တော့ ကျုပ်ကို ဒီလိုအမှုဆင်ဖမ်းတာက စင်သီယာနဲ့ ပေါင်းခိုင်းမလို့ပေါ့"

"ဟုတ်လိုက်လေ မောင်ထင်ကျော်၊ ကျုပ် သမီးယူရင် ထောင်မကျဘူး။ မယူရင် ထောင်ထဲဝင်၊ ဘယ်လမ်းရွေးမလဲ"

"အကျပ်ကိုင်တဲ့သဘောကို မကြိုက်ဘူး။ ထောင်ထဲကိုသာပို့"

"အိုး . . မောင်မင်းကို အကျပ်ကိုင်တာ မဟုတ်ဘူး။ စင်သီယာကိုလည်းကြည့်ပါဦး"

ထိုအခါမှ စင်သီယာကို တိမ်ခိုးထင်ကျော် သတိမူမိသည်။

"ဒါလင်ရယ် . . စင်သီယာ့မှာ ဒါလင့်ကိုယ်ပွားလေး လွယ်ထားရတာ လေးလရှိပါပြီ။ ကိုယ့်ရင်သွေးကို ချစ်ရင် စင်သီယာ့ကို ခွဲမသွားပါနဲ့တော့"

စစ်ကဲလေးသဘောပေါက်သွားသည်။ စင်သီယာ့ကိုယ်ဝန်မှာ သူ့ရင်သွေးဖြစ်ကြောင်း သံသယမရှိနိုင်။ သူ့မှာ တာဝန်ရှိချေပြီ။ ကလေးအဖေဖြစ်တော့မှတော့ တာဝန်ယူမှ ယောက်ျားကောင်းပီသတော့မည်။ ဤစိတ်မျိုးဖြစ်အောင် ပယောဂနှင့်လုပ်နိုင်ခဲ့သည်။

ထို့ကြောင့် စင်သီယာနှင့် အတူနေရန် သဘောတူလိုက်ရသည်။ ယခု စင်သီယာနှင့်နေ၊ စင်သီယာကျွေးသော အစားအသောက်များကို စားသောက်ရင်း စင်သီယာကို သူချစ်လာသည်။ ပို၍ ပို၍ချစ်လာသည်။ သို့တစေ၊ စင်သီယာနှင့် အတူအိပ်ရမှာ တစ်ကိုယ်လုံး ယား၍ ယား၍လာတတ်သည်။

"ဒါလင် . . ဘာဖြစ်တာလဲ၊ စင်သီယာ့ကိုမချစ်လို့လား"

"ချစ်ပါသောကော ဒါလင်ရာ"

"ဒါဆို စင်သီယာ့ကို အနားမကပ်ဘဲ အတင်းခွာနေတာ ဘာသဘောလဲ"

"အဲ . . အဲ . . နှလုံးသားထဲက ချစ်ပါတယ်။ ဒါပေမယ့် အမှန်ပြောရရင် စင်သီယာနဲ့ ကိုယ်ချင်းထိရင် ယားတယ်၊ ပူတယ်၊ စပ်တယ်။ အဲဒါ ဘယ့်နှယ်လုပ်မလဲ"

"ဟာ . . ဒါဆို အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com

ဂျော်ဂျီကို ပြောရမယ်။ ပခုက္ကူကို ကြေးနန်း ရိုက်ရမယ်။ ဒါလင့်ကို သူ ဘူးသွင်း လွှတ်လိုက်ပြီ"

ဟုတ်ပါသည်။ အမှန်က စစ်ကဲလေးတိမ်ခိုးထင်ကျော်ကို ဝေဠုဝတီက သူ့မိခင်စေခိုင်းချက်အရ ကြိုတင်စီမံထားပြီး ဖြစ်သည်။ လိုလိုမယ်မယ် ဂန္ဓဗ္ဗအပင်းထည့်၍ ချုပ်ကိုင်ထားပြီး ဖြစ်သည်။ မမျှော်လင့်ဘဲ လျှပ်တစ်ပြက်တိုက်ကွက်မိကာ စစ်ကဲလေးပါသွားခြင်း ဖြစ်သည်။ စင်သီယာထံ ရောက်သောအခါ အန်ကယ် ဒေါက်တာဂျော်ဂျီယာဟေးဝဒ် စီရင်ထားသော ယောကျာ်းအများနှင့် ဆက်ဆံဖူးသည့် မိန်းမ ၁၂ ယောက်ထံက သွေးဖြင့် ဖော်စပ်ထားသည့် ပီယဆေးကို အစပ်ခံရသောကြောင့် ကိုထင်ကျော် စင်သီယာကို သွေးက ချစ်သွားခြင်း ဖြစ်ခဲ့သည်။

ယောမြို့က ဝေဠုဝတီသည် သူ့မောင်ကြီးစစ်ကဲလေးတိမ်ခိုးထင်ကျော် အဖမ်းခံရပြီဆိုသည်နှင့် မိခင်ဒေါ်စန္ဒီနှင့်အတူ စကျွအာရုံနှင့် ပြန်ကြည့်ကြသောအခါ အလွန်ထူးဆန်းသော အတတ်ဖြင့် အနောက်တိုင်းသား အတတ်ပညာရှင်တစ်ဦး၏ အကူအညီဖြင့် စင်သီယာဆိုသည့် ဘိုမက ရအောင် ခေါ်သွားကြောင်းသိရသည်။ ထိုအခါ ဒေါ်စန္ဒီလည်း အစွမ်းကုန် ပြရ လေတော့သည်။ လိပ်ပြာကို ဂန္ဓဗ္ဗတောင် ထိပ်လွှတ်တင်ပြီး ဘက္ခ ပညာရပ်ဖြင့် စကော့တလန်၊ ပညာကို တိုက်ခိုက်ရလေသည်။

သူသေ ကိုယ်သေ ပြိုင်ပွဲကြီးမှ တကယ့်ပွဲကြီးပွဲကောင်း ဖြစ်ခဲ့သည်။ တိဗက်၊ ဂန္ဓာလရာဇ်၊ အာဖရိက၊ အီဂျစ်၊ ကက်ရှ်မီးယားစသော ကမ္ဘာအရပ်ရပ်မှ ကဝေမှော်ဆရာကြီးများပင် လာရောက်ကြီးကြပ်ပေးသည့် စိန်ခေါ်ပွဲပြီး ဖြစ်လေသည်။

နှစ်ဖက်စလုံးအသုံးပြုသော တိရစ္ဆာန်များက မျိုးစုံသည်။ ကိုယ်စားလွှတ်သော ပရလောကမှ ဝိညာဉ်များလည်း ပါသည်။ ထို့ကြောင့် နာနာဘာဝများပင်အငြိမ်မနေရ။ သူ့ဘက်ကိုယ့်ဘက် သင်းဖွဲ့ပါကြရသည်။ ထိုသို့သော ပညာပြိုင်ပွဲမျိုးကား သုံးရက်မှ ငါးရက်အတွင်း အရှုံးအနိုင် ပေါ်လေ့ရှိသည်။

ယခုပွဲ၌ နယ်မှ ဝါကြီး သဘာကြီး အစဉ်အလာကြီးသည့် ကဝေကြီး ဒေါ်စန္ဒီအနိုင်ရလေ၏။ ဆိုင်ရာပိုင်ရာတို့၏ ဝိုင်းဝန်းမေတ္တာရပ်ခံချက်ဖြင့် ဒေါက်တာဂျော်ဂျီယာဟေးဝဒ် ဘဝခန္ဓာချွေခဲ့ရသည်ဖြစ်သော်လည်း ကိုယ်ဝန်ဆောင်ထားရသည့် စင်သီယာဟေးဝဒ်ကိုတော့ ကလေးမွေးပြီးသည်အထိ အသက်ကို ချမ်းသာရာပေးခဲ့သည်။ သို့သော် ပညာရှုံးသည့်ဘက်က ဤကလေးကို တာဝန်မရှိတော့။ ပညာနိုင်သည့် ဝေဠုဝတီတို့ဖက်ကသာ . . တာဝန်ယူရမည်ဖြစ်သည်။

"ဝတီ ကြည်ကြည်ဖြူဖြူနဲ့ ဒီကလေးကို လက်ခံပါတယ်"

သူ့မောင်ကြီးကို တကယ်ချစ်သည့် ဝေဠုဝတီက ရဲရဲတာဝန်ယူသည်။ ထို့ကြောင့် ယောမြို့တွင် သတင်းလွှင့်ခဲ့သည်။ မန္တလေးက စစ်ကဲတိမ်ခိုးထင်ကျော် ထောင်ကလွတ်၍ ဝေဠုဝတီလိုက်သွားပြီ ဟိုမှာပဲ နေထိုင်ကြမည်ဟူ၍။

"မောင်တိမ်ခိုးက မန္တလေးမှာ ခြေချုပ်နဲ့နေရမယ်။ အဲဒါကြောင့် သမီးကို ဟိုခေါ်သွားပြီး လက်ထပ်ပေးခဲ့တယ်"

ဒေါ်စန္ဒီက ဤသို့ပြောပြီး ခင်ပွန်းဖြစ်သူ ဆေးဆရာကြီး ဦးဘိုးယွန်း လိုက်ပါလျက် ဝေဠုဝတီကို မန္တလေးသို့ ခေါ်သွားကြလေ၏။

သူတို့သည် မန္တလေးရောက်လျှင် အရှေ့ပြင်၌ နေထိုင်ပြီး စင်သီယာဟေးဝဒ် ကလေးမွေးသည်အထိ စောင့်ကြရသည်။ နောက် ၄ လကြာသော် စင်သီယာဟေးဝဒ်က သမီးလေးကို မွေးဖွားလေ၏။

သမီးလေးကို ခက်ခက်ခဲခဲ မွေးရင်း မိခင်စင်သီယာ သွေးသွန်ကာ အသက်ပါ ပါသွားလေတော့သည်။ ထိုအခါကျမှ စင်သီယာမွေးသည့် သမီးလေးကို ပိုက်လျက် စစ်ကဲလေးတိမ်ခိုးထင်ကျော် သူ့ချစ်သူ ဝေဠုဝတီရှိရာ အရောက်လာခဲ့သည်။ သမီးလေးက ဖြူဖြူဖွေးဖွေးကလေးမို့ Snow White ဟု ခေါ်ကြသည်။ သူတို့က မြန်မာပီပီ မနှင်းဖြူဟု အမည်ပေးလိုက်ကြလေ၏။

ဤတွင် မနှင်းဖြူ၏ အမေအရင်းမှာ ဒေါ်ဝေဠုဝတီမဟုတ်ဘဲ ဘိလပ်သူ စင်သီယာဟေးဝဒ်ဖြစ်ခဲ့သည့်အတွက် အဖွား၏ အဖွားလူဝင်စားသည့် မအီချိုဖြူ ဘိုမလေးပုံပေါက်ခဲ့သည့် ဇာတ်လမ်း ရှင်းသွားလေတော့သည်။

"ဒီဇာတ်လမ်းဟာ . . . ပညာသည်တွေ ဖြစ်တဲ့ စင်သီယာဟေးဝဒ် မိသားစုနဲ့ ဒေါ်ဝေဠုဝတီတို့ မိသားစုတွေသာ ဂယနကျေသိကြတာကိုး။ ဝေဠုဝတီက စစ်ကဲလေးရှိတဲ့ မန္တလေးကိုလိုက်ပြီး သုံးနှစ်လောက်နေပြီးမှ သူတို့တစ်အိမ်လုံး မြို့ကိုပြန်ပြောင်း



www.burmeseclassic.com

ခဲ့ကြတာ။ ဒီတော့ အတွင်း ဇာတ်လမ်းအမှန်ကို

ဘယ်သူမှ မသိခဲ့ကြဘူး။ မနှင်းဖြူဟာ ဝေဠုဝတီရဲ့သမီး လို့ပဲသိကြတယ်။ စင်သီယာရဲ့ သမီးလို့ မသိခဲ့ကြဘူးပေါ့”

ဆရာကြီး ဦးဘချိက နိဂုံးချုပ်ဇာတ်သိမ်းပေးလေ၏။

“ဒါနဲ့ဒေါက်တာ ဂျော်ဂျီယာဟေးဝဒ် သေမှုနဲ့ ထောင်ပိုင်ကြီးတို့က တရားမစွဲဘူးလားခင်ဗျ”

ဒေါက်တာ မျိုးမြင့်ဇော်က စောဒကတက်မိသည်။

“အိမ်း .. ပညာလေ .. လောကီပညာ၊ ဂမ္ဘီရပညာ၊ ပညာချင်းပြိုင်လို့သေတာ .. ဘယ်သူက ဘယ်လိုတရားစွဲမှာလဲကွဲ့၊ ဒေါက်တာဂျော်ဂျီယာသေပုံကိုလည်း ကြည့်ဦး။ စပို့ရှပ်နီရဲရဲဝတ်ပြီး ဆေးရုံဂိတ်ဝကအထွက် ကျွဲခတ်ခံရလို့ သေတာ။ ဘယ်သူ့ကို တရားစွဲမလဲ .. ကိုင်း ..”

“ဒါပေမယ့် .. ပညာသည်ချင်းမို့ ထောင်ပိုင်ကြီးနဲ့ သူ့ကတော် မစ္စက်ရီဘက်ကာက ဘယ်သူ့လက်ချက်ကြောင့်ဆိုတာ သိသားပဲ။ ကျနုပ်သတဲ့လား”

“အေး .. ဖဲယားဖိုက်တဲ့။ ဒီလူတွေက ဒီအတိုင်းခံယူကြတာပဲ။ ပြီးတော့ သူတို့ညီဟာ လန်ဒန်မှာ အပြစ်မဲ့ မိန်းကလေး ၁၂ ယောက်တောင် သတ်ခဲ့တာပဲ။ အဲဒီအမှုက ပေါ်ရင်သေစားသေစေ စက်တိုင်တက်ရမှာ။ အခု မြန်မာပြည်လာပြီး ဇာတ်သိမ်းသွားတော့ အင်္ဂလန်မှာ ပုလိပ်တွေ ကားယားကြီး ကျန်ရပြီး .. ရက်စက်တဲ့ လက်သည်မပေါ်ဘဲ လူသတ်မှုကြီး တရားခံမပေါ် အမှုပိတ်ခဲ့ရတာ နာမည်ပျက်ကျန်ရစ်ခဲ့တာ ဒီနေ့တိုင်ပဲဟေ့”

“အင်း ... တရားခံ ဘယ်သူလဲဆိုတာ ဒီဇာတ်လမ်းကို ကြားရရင်ကမ္ဘာက ယုံမယ် မထင်ပါဘူးဗျာ”

ဦးလွန်းချို၏ မှတ်ချက်ကို အားလုံး ဇဝေဇဝါဖြစ်လျက် ငြိမ်နေကြလေသတည်း။

**အောင်ချိန်ဘွား**


ဂမ္ဘီရဆရာလှမျိုး (B.Sc) ၏ ဆဋ္ဌမမြောက်
ဂြိုဟ်ရှစ်ခွင်သက္ကတ်ပေဒင် နှင့် ယတြာများ

ထွက်ပြီ

တစ်အုပ်ဝယ်ထား၊ တစ်မိသားစုလုံး ဘယ်နှစ်မှာ ဘယ်ဂြိုဟ်ခွင် သက္ကတ်(သက်ရောက်)နေပြီလဲ . . . ဖတ်လို့ရ၊ ကိုယ်တိုင် ယတြာချေလို့ရမည့် ပေဒင်ပညာပေးစာအုပ်။

တစ်နှစ်စာမဟုတ်...
ဘဝတစ်သက်စာ....

ရန်ကုန်၊ မန္တလေး ပဲခူး၊ မော်လမြိုင် စာအုပ်ဆိုင်များသို့ ဖြန့်ချိလိုက်ပြီ။

ဖြန့်ချိရေး - ကြာတိုင်းအောင်စာပေ
- အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊
- ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀ ၄၇၈၆၉

နယ်မှ (၅)အုပ်ထက်မနည်း ငွေပို့မှာလျှင် အရောက်ပို့ပေးမည်။

တန်ဖိုး - ၁၂၀၀ ကျပ်

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတာစ်ခွင် ဟာသများ

ဦးကောင်းထူး

## ပမာပုံခိုင်းနှိုင်းရရင်

နယ်ခြံအစိုးရလက်ထက်က အဖြစ်အပျက်တစ်ခု ရှိခဲ့သည်ဟု ဆိုပါသည်။ နယ်ပိုင်ဝန်ထောက်တစ်ဦးသည် လှတောရွာသို့ ရောက်လာသည်။ ဇနီးဖြစ်သူလည်း လာပါသည်။

ရွာသူရွာသားတို့သည် ဝန်ထောက်ကတော် ပါလာသည်ဆိုသောကြောင့် ကြည့်လိုမြင်လိုကြသည်။ သိပ်ချောသိပ်လှလိမ့်မည်ဟုလည်း မှန်းဆထားကြသည်။ ထို့ကြောင့် သူကြီးအိမ်သို့ မယောင်မလည်သွားကြကာ ခိုးကြောင်ခိုးဝှက်ကြည့်ကြသည်။ ဝန်ထောက်ကတော်ကို မြင်ရပြီးတော့ လှတောသားတစ်ဦး ကောက်ချက်ချလိုက်သည်ကမှု -

"ဝန်ထောက်ကတော်··ဝန်ထောက်ကတော်ဆိုတော့ ဆုလိုက်လေ၊ ချောလိုက်လေလို့ ပြောရမလား အောက်မေ့ထားပါတယ်။ ဟလိုလေးလေးလက္ခယ်··ခုတော့ဖြင့် ဘီလူးမသံပရာခြမ်းကိုက်ထားသလို မျက်နှာကို ရှုံ့တွန့်နေတာပဲ" ဟူ၍ ဖြစ်ပါသတည်း။

★ ★ ★

## ဘာများကြာလို့လဲ

ပတ်ဝန်းကျင် ဒေသန္တရဗဟုသုတ လေ့လာသူတစ်ဦးက လှတောရွာလယ်သမားများ လယ်အကြောင်း၊ မိုးရေအကြောင်း၊ စပါးအကြောင်းများကို မေးမြန်းနေသည်။ လယ်သမားသည် မိုးနည်းသဖြင့် စိတ်မကောင်းဖြစ်ကာ ညည်းညူပြနေသည်။ ထိုအခါ လေ့လာသူက အားပေးသည့်သဘောဖြင့်လည်းကောင်း၊ သိလိုသည့်သဘောဖြင့်လည်းကောင်း -

"မိုးမလာလည်း မူးရေကတော့လာတယ်မဟုတ်လား" ဟု ပြောလေရာ -

www.burmeseclassic.com

"မူးရေလာချိန်က မီးခဲပေါ် ယင်နားသလောက်တောင် မကြာပါဘူးဗျာ"

ဟု ပြန်ပြောလိုက်လေသည်။

(လူတောနယ်တစ်ဝိုက်တွင် ရေပေးမြောင်းကို "မူး" ဟု ခေါ်ပါသည်။)

★ ★ ★

## ငုတ်တုတ်လေးတောင် မြင်ရတယ်

ပတ်ဝန်းကျင် ဒေသန္တရဗဟုသုတ လေ့လာသူသည် အကြောင်းအရာကိုလည်း သိချင်၊ လူတောသားပြောသော စကားကိုလည်း ကြားချင်သဖြင့် စပ်မိစပ်ရာ ဆက်၍ပြောနေဖြစ်သည်။ စောစောက မိုးဦးတစ်ကြိမ်ကျသွားပြီ ဖြစ်သည်။ ထိုမိုးရေဖြင့် ထွန်ယက်ပြီးလောက်ပြီ၊ ပျိုးကြဲပြီးလောက်ပြီဟု လည်း ထင်သည်။ ထင်သည့်အတိုင်းပင် -

"ယခင်တစ်မိုးကျပြီးပြီဆိုတော့ ထွန်ယက်ပြီးလောက်ပြီပေါ့။ စိုက်တန်သလောက်လည်း စိုက်ပြီးရောပေါ့နော်"

ဟု ခန့်မှန်းပြောပြမိလေသည်။

ဤတွင် လူတောလယ်သမားသည် စိတ်မရှည်နိုင်တော့ဟန်နှင့် ဤသို့ပြောလိုက်သည်။

"ဟာလိုလေး...ဆရာသမားရယ်၊ မိုးဦးရွာတယ်ဆိုတာက ပျားချေးခါသလောက်ရှိတာပါ။ ထွန်ယက်ဖို့နေနေသာသာ လယ်တွေမှာဖြင့် ပယ်ကြားကိုအက်လို့။ ပယ်ကြားအက်ထဲ ငုံ့ကြည့်လိုက်မယ်ဆိုရင် အဝီစိကျနေတဲ့ ဒေဝဒတ်ကို ငုတ်တုတ်လေး မြင်နေရတော့တာပါပဲဗျာ။

★ ★ ★

## မောင်းထောင်းစားမယ်ဆိုရင်

တစ်ခါက ရဲသားတစ်ဦးသည် ဝက်လက်ကားလမ်းအတိုင်း မော်တော်ဆိုင်ကယ်စီးပြီး လူတောဘက်သို့ လာလေသည်။ ပင်စင်းရွာနှင့် လူတောရွာအကြား လေသာကွေ့အရောက်၌ မော်တော်ဆိုင်ကယ် ပျက်လေတော့သည်။

လူတောရွာက နွားကျောင်းသားလေးများသည် ရဲသားကြီး ဆိုင်ကယ်ပြင်ရာအနားသို့ လာရောက်ကြည့်ရှုနေကြသည်။ ရဲသားကြီးသည် ဆိုင်ကယ်ကို နှိုက်လိုက်၊ ချွတ်လိုက်၊ ပြင်လိုက်၊ တပ်လိုက်၊ ပြီးလျှင် ခြေနင်းကို နင်းပြီး နှိုးလိုက်လုပ်နေသည်။ နှိုးမရပြန်လျှင် နှိုက်လိုက်၊ ချွတ်လိုက်၊ ပြင်လိုက်၊ တပ်လိုက်၊ နင်းလိုက်၊ နှိုးလိုက် လုပ်ပြန်သည်။ သို့သော် စက်က မနိုး။ အကြိမ်ကြိမ် ဆောင့်ဆောင့်နင်းနေရသဖြင့် ရဲသားကြီးမှာ ချွေးများ ဒီးဒီးကျနေတော့သည်။ ထိုအခြေအနေကို မြင်နေရသော နွားကျောင်းသားတစ်ဦး ပြောလိုက်သည်ကား -

"ဟာလို...လေးလေး...ဦးလေးကြီးရယ်၊ မောင်းများထောင်းစားမယ်ဆိုရင် ဦးလေးကြီး တိုက်တောင်ဆောက်လောက်ပါပြီဗျာ"

ဟူ၍ ဖြစ်သတည်း။

★ ★ ★

## မှိုင်းတွေတောင် စွဲသွားတယ်

ဝက်လက်မြို့ကို မီးလောင်စဉ်က ဖြစ်သည်။ မီးကလည်း အတော်ကြီးသည်။ မီးလောင်ပြီးနောက်နေ့၌ လူတောကားဆိပ်သို့ ခရီးသည်များ ခေတ္တရပ်နားလိုက် သိုမီးအကြောင်းကို စကားစမိကြသည်။ ခရီးသည်တို့က -

"ဝက်လက်မီးက တော်တော်ကြီးလို့လားဗျ"

ဟု မေးလေရာ လူတောသားက ဤသို့ဖြေလိုက်လေသည် ဆိုပါသည်။

"ဟာလိုလေးလေး...မီးကတော့ သိပ်ကြီးတာပေါ့ဗျာ။ မီးလောင်တဲ့ ပေါက်ကွဲသံတွေကြောင့် ကျုပ်တို့ လူတောရွာကလူတွေ လန့်ပြီး နိုးကုန်ပါရောလား။ မိန်းမအချို့ဆိုရင် ပြန်မအိပ်ကြတော့ဘဲ လောင်တဲ့မီးရောင်နဲ့ အချင်းချင်း ခေါင်းကသန်း ရှာနေကြတယ်လေ"

လူတောနှင့် ဝက်လက်သည် ခုနစ်မိုင် ဝေးပါသည်။

စစ်ကိုင်းမြို့ကို လောင်သောမီးနှင့် ပတ်သက်၍လည်း လူတောသားတစ်ဦးက ပြောလိုက်သည်မှာ -

"စစ်ကိုင်းလောင်တဲ့ မီးတောက်ကြီးတွေ မြင်လိုက်ပုံကတော့ လကို ကျုပ်ခိုးမှိုင်းစွဲသွားတော့တာပဲ"

ဟူ၍ ဖြစ်လေ၏။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com

## ခပ်ပြီးတော့တောင် ထောင်းရတယ်

လုတောရွာသားနှင့် ပင်ဇင်းရွာသားတို့သည် ဝက်လက်သွား ကားလမ်းပေါ်တွင် စကားစမြည်ပြောရင်း စပါးနှံအကြောင်းကို စကားစရောက်သွားသည်။ ပင်ဇင်းရွာသားက ဂုဏ်ယူသည့်အနေဖြင့် -

"ကျုပ်တို့ရွာက ဦးဘိုးလန်းကြီးရဲ့ စပါးပုံကြီး ကြီးလိုက်ပုံကတော့ ခေါင်းပေါင်းကျွတ်ကျအောင် မော့ကြည့်ရတယ်"

ဟု ပြောလေသည်။ ထိုအခါ လုတောရွာသားက -

"ဒါဆိုရင် ခင်ဗျားတို့ရွာက စပါးပုံဟာ ကြီးတယ်မဆိုနိုင်သေးပါဘူး။ ကျုပ်တို့ရွာအဝယ်ဒိုင်က စပါးပုံနဲ့စာရင် ငယ်ငယ်လေးပဲ ရှိပါသေးတယ်။ ကျုပ်တို့ရွာအဝယ်ဒိုင်က စပါးပုံကြီးကတော့ ကြီးမကြီးမပြောနဲ့ ညညဆိုရင် ဖိုးလမင်းကြီးထဲက အဘိုးကြီးက ဒီစပါးပုံထဲက ခပ်ခပ်ပြီး ထောင်းနေတော့တာပဲ"

ဟူ၍ ပြောလိုက်လေသတည်း။

★ ★ ★

## လဲတောင်မှ သေလောက်ပြီ

လုတောသားတို့အား တောသားဆိုပြီး အထင်သေးပါက မှားသွားပေလိမ့်မည်။

တောသားဖြစ်၍ တောစကားတွေ ကျွမ်းသကဲ့သို့ ခေတ်အထာနှင့် ခေတ်စကားတွေကိုလည်း ရေလဲနှင့် သုံးတတ်သူများ ဖြစ်ကြ၏။

တစ်နေ့သ၌ လုတောသားတစ်စုသည် လူများ ကြိတ်ကြိတ်တိုးနေသည့် မုန့်တီဆိုင်သို့ ရောက်သွားကြလေ၏။ လူများသည် ထိုင်စားရုံမက ရပ်တောင်စားနေသည့်ကြားက အလုည့်မကျသေးသဖြင့် တန်းစီစောင့်နေရသူများမှာလည်း တစ်ပုံတစ်ပင်။

မုန့်တီသည်ခမျာလည်း လက်ကူတစ်ယောက်ပဲရှိသည့်အတွက် မနိုင်မနင်းဖြစ်နေသည်။ ဤတွင် လုတောသားတစ်ယောက်က အတွေးခေါင်ပြီး စကားစလာ၏။

"မုန့်တီသည်မှာ လက်လေးဖက်ပါရင် အတော်အဆင်ပြေသွားမှာပဲ"

ဟု ဆိုလေ၏။ ဤတွင် နောက်တစ်ယောက်က -

"ရှိဘော့စက်ရုပ်တစ်ရုပ် အနားထားပြီး မုန့်ပြင်ခိုင်းရင် မကောင်းဘူးလား"

"မင်းစက်ရုပ်က နံ့နံ့ပင်ထည့်မလား၊ ငရုတ်သီးကောဆိုတာတွေ မေးတတ်မှာမဟုတ်ဘူးကွ။ ပဲကပ်ကြော်သမားကို ဘူးသီးကြော်၊ ဘူးသီးကြော်သမား အလွတ်ကြီးပေးနဲ့ ကွိုင်ပတ်ကုန်မှာ"

တတိယလူက -

"အေး…ငါ ရပ်ကြည့်နေတဲ့အတွင်းမှာ မုန့်တီသည် လက် ခရီးသွားတာ ဆိုင်ဂုံနဲ့ ဝါရင်တန် အသွားအပြန် ဆယ်ခေါက်လောက်ရှိတယ်။ နှိုက်ဟယ်၊ ထည့်ဟယ်၊ ကော်ဟယ်၊ ခပ်ဟယ်နဲ့ လူမှို့သာပေါ့ကွာ။ မင်းရိုဘော့စက်ရုပ်ဆိုရင် ရှော့ဖြစ်ပြီး အမလေးတ လဲသေပြီ"

သူတို့စကားကြောင့် မုန့်စားသူတွေ ရယ်ရလွန်းသဖြင့် သီးကုန်ကြရပါလေသတည်း။

★ ★ ★

## မနည်းကို ကြိုးစားရဦးမယ်

လုတောသား လူကြီးသူမများသည် ရွာရှိလူငယ်များကို ကြီးပွားတိုးတက်စေချင်၏။ လူချွန်လူကောင်းများ ဖြစ်စေချင်၏။ သို့ရာတွင် မှန်းချက်နဲ့ နမ်းထွက်က မကိုက်။

သည့်အတွက် ယခုကဲ့သို့ ညည်းချလိုက်တော့သည်။

"ပညာအရာနဲ့သာ ယှဉ်ရမယ်ဆိုရင် ကျည်းကန်သားဘုရားဖြစ်တောင် လုတောသားက ဒေဝဒတ်အဆင့်မီအောင် မနည်းကြိုးစားရဦးမယ့် ကိန်းပေါ့"

ဆိုပါကလား။

★ ★ ★

## စိုးရိမ်နေရတယ်

တစ်ခါတုန်းက ရန်ကုန်-သန်လျင် သီတာနစ်စင်းတွဲကူးတို့သင်္ဘောအား စီးနင်းလာသည့် လုတောသားသူငယ်ချင်းနှစ်ဦးထဲမှ တစ်ယောက်က ကောင်းကင်အမြင့်၌ ဝဲပျံနေသည့် အကောင်များကို လက်ညှိုးထိုးပြရင်း -

"စင်ရော်တော့ မဟုတ်ပါဘူးထင်ပါ့ကွာ"

"နင့်အမေကလွှား…စင်ရော်က ဒီလောက်အမြင့်



www.burmeseclassic.com

www.burmeseclassic.com

ကြီးတက်ပြီး ဝဲပုံမနေဘူးကွ။ နောက်ပြီး စင်ရော်က ဖြူဖြူ။ သူတို့က မည်းမည်း။ မှတ်ထား၊ အဲဒါ လင်းတဟ…လင်းတ"

"ဟာ…ဘယ်က လင်းတရမှာလဲ၊ အဲဒါ စွန်ကွ။ လင်းတတွေက နိုင်ငံခြားထွက်ကုန်ကြပြီ။ သွားလွန်းလို့ တော်ကြာ တို့တိုင်းပြည်မှာ လင်းတပျောက်မှာတောင် စိုးရိမ်နေရတယ်ဟေ့"

★ ★ ★

## ဖယောင်းမိုး

ရန်ကုန်မြို့ လှတောသားဦးကြီးတစ်ယောက် သိမ်ကြီးဈေး(စီ)ရုံအောက်တွင် အညာအထိခံခဲ့ရ၏။ ထိုအဖြစ်အား

"ခေါက်ထီးတစ်လက် တစ်ထောင်ကျော်ဆိုတာ ငါသိတာပေါ့။ စက်လှေကားရွှေ့နေတဲ့ ဈေးပေါက်ဝ ပလက်ဖောင်းပေါ်မှာ ခေါက်ထီးရောင်းနေတာ တွေ့တယ်။ ခေါက်ထီးတစ်လက် တစ်ရာတည်းရယ်တဲ့၊ ငါမယုံဘူး။ ဒါကြောင့် လှည့်တောင်မကြည့်ဘူး။

အဲ…ဒါပေမယ့် ရေနွားရောက်တော့ တမင် လျှော့ရောင်းတာဗျ။ မဆစ်ပါနဲ့၊ သုံးစရာမရှိလို့ ရောင်းတာပါတဲ့။ ခပ်နွမ်းနွမ်းလူတစ်ယောက်နဲ့ ထီးရောင်းသူ အချေအတင်ပြောနေကြသကိုး။

ဒါနဲ့ မေးကြည့်တော့ နှစ်ရာတဲ့။ ပိုက်ဆံလိုလို့ ရောင်းတာဖြစ်လောက်ရဲ့ဆိုပြီး ဖွင့်ကြည့်တယ်။ အကောင်းပဲ။ အဲဒါနဲ့ ငါလည်း မဆစ်တော့ဘဲ ဝယ်လာတာ။

ဟာလိုလေး…တို့ခေတ်က စော်ရကားမျက်လှည့်မဟုတ်ဘူးဟေ့။ ဆော်တာကားမျက်လှည့်နဲ့ တွေ့ခဲ့တာကလား။ ထီးပိတ်အဟောင်းကြီးကို ဖယောင်းတိုက်ထားတဲ့ထီး၊ နေပူထဲဖွင့်ဆောင်းလိုက်ပါ့ စီးကျလာတဲ့ ဖယောင်းရေတွေများ မိုးရွာသလားမှတ်ရ။ တာဝတိံသာတောင် လျှံထွက်သွားမတတ်"

★ ★ ★

## တရော်၊ ပက်ကျို၊ ရုံးပတီ

လှတောသူတစ်စု ဝက်လက်ကအပြန် ကားပေါ်၌ အတင်းပြောလာကြ၏။

အထည်ဆိုင်ရှင် မိန်းမအကြောင်းကို ပြောကြသည်။

"ကြည့်စမ်းပါဦး။ သုံးရာနဲ့ရောင်းရမယ့်ဟာ ငါးရာနဲ့ ပြောပြီး လျှော့တော့ တစ်ဆယ်တဲ့။ တစ်ဆယ်လျှော့တာတောင် အကာယ်ဒမီအိုင်တင်နဲ့၊ ရုပ်ရှင်မင်းသမီးလုပ်စားဖို့ကောင်းတယ်"

ဤတွင် နောက်အဖော်များက -

"ဈေးစကားပြောတာ ပက်စက်တာ။ အပြောကတော့ ချွဲပျစ်နေတာပဲ"

"အေးလေ…တရော်ရည်တွေ ရွှဲလာတဲ့ပက်ကျိုရုံးပတီဟင်းပန်းကန်ထဲ မှောက်လျက်လဲထားတဲ့အတိုင်းပဲတော့"

★ ★ ★

## လှည်းနင်းခံရတဲ့ ယပ်တောင်စုတ်

ပခန်းရွာ ဘော်လီဘောအသင်းသည် ရေစကြိုတက်၍ မြို့နယ်ဘော်လီဘောပြိုင်ပွဲ ဝင်နွှဲခဲ့ပါ၏။ ပြိုင်ဘက်အသင်းနှင့် လက်ရည်သိပ်မကွာသော်လည်း အမှတ်အနည်းငယ်နှင့် ကပ်ရှုံးခဲ့သည်။

ရှုံးသဖြင့် ထုံးစံအတိုင်း ဝိုင်းအပြစ်တင်ကြ၏။

ထိုအခါ ကြားထဲက လူကြီးတစ်ယောက်က ဖြေသိမ့်ပေးလေ၏။

"လောကဓံဆိုတာ ပွဲစီဖောင်းလိုပဲကွ။ ပိန်ချင်ခထာ၊ ဖောင်းချင်ခထာပဲ။ သူတို့သဘောမပေါက်လို့ နာခေါင်းရှုံ့တာ၊ အားမငယ်ကြပါနဲ့ကွာ"

အမျိုးသမီးတစ်ယောက်ကလည်း လူကြီးစကားကို ထောက်ခံပြီး အားပေးပုံက -

"အသွားတုန်းကတော့ အားပေးတဲ့လူတွေ အပြည့်နဲ့ ဘောသမားတွေကို သတို့သားလောင်းလား မှတ်ရ။ မျက်နှာကြီးလိုက်ပုံဖြင့် ဆင့်မျက်နှာ အဝှားတပ်ထားတဲ့အတိုင်း။ ဟော…ရှုံးလို့ ပြန်လာတဲ့အခါကျတော့ မျက်နှာငယ်လိုက်ပုံများ ယပ်တောင်စုတ် လှည်းနင်းခံရတာနဲ့မခြား"

ဟူ၍ ဖြစ်လေသတည်း။

■ ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆဆလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(တနယ်ခင်း)၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ငါတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ဆေးထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းငါ အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

မုန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၈၂/၁၅၆၊ ပေဒါဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော်ကင်း

ကျော်မြသန်း

ယခင်လမှ အဆက်-၁၂

အပျိုစင်ကလေး ခုနစ်ယောက်၏ လက်ဖဝါးကလေးများကို ခုနစ်ကြိမ်ဆုပ်ကိုင်၍ ခေါ်ကူးပေးနေစဉ် ကျွန်တော်က သူမှာထားသည့်အတိုင်း သေးမှ လေးလေးစားစားလုပ်ကိုင်ပေးခဲ့၏။ ယခု အပြင်သို့နှစ်ယောက်တည်း ထွက်လာသော အခါတွင်မူ။

"ဘယ့်နှယ်လဲဟေ့ သူငယ်ချင်း။ မင်းနာမည် ပြောင်းဖို့ ကောင်းနေပြီကွ"

"ကဲ- ဆိုစမ်း၊ ဘာ . . . နောက်အုံးမလို့လဲ"

"မနောက်ပါဘူးကွ၊ ဘိုးသော်ကင်း နာမည်ကို ဘိုးတော်ကံကောင်းလို့ ပြောင်းခိုင်းမလို့ပါ"

"မနာလိုတဲ့ လူတွေဟာ ဒီလိုဘဲ ပျက်ချော်ချော် ပြောတတ်ကြတာဘဲ၊ မင်းလဲ ဖိုးကံကောင်းဖြစ်ချင်ရင်ဖြစ်အောင် လုပ်ပေါ့ကွ"

"ငါက ဒီလိုမှန်း မသိလို့ပါကွ နို့မို့လား ဘိုးတော်ဖြစ်နေတာကြာလှပြီ၊ ဒါနဲ့ သူငယ်ချင်း မင်းရဲ့ သူရဿတီဆေးတောင့် တကယ်ဘဲ စွမ်းသလားကွ"

"ဒါတော့ ယုံကြည်မှုပေါ့ သူငယ်ချင်း ဆရာဝန်တယောက်ရဲ့ ပါးစပ်က ခင်ဗျားမှာ ဘာရောဂါမှ မရှိဘူးဆိုရင် လူနာက သိပ်မကျေနပ်ဘူးကွ၊ နားကြပ်ကလေးနဲ့ ဟိုထောက် ဒီထောက်လုပ်ပြီး ခင်ဗျားမှာ ဘာရောဂါမှ မရှိပါဘူးဆိုရင် ကျေနပ်သွားတာဘဲ မဟုတ်လား"

ဘိုးတော်ကင်း၏ အဖြေမှာ မဆိုးပါ၊ ယုံကြည်ချက်သည်သာ အဓိကဖြစ်၏။ သူရဿတီဆေးတောင့် ရထားသူကလည်း သူရဿတီမယ်တော်ကြီး စောင့်ရှောက်နေပြီဟု ယုံကြည်လျှင် ထိုသူအတွက် အားဆေးတခွက်ဖြစ်နေမည်မှာ သေချာသည်။ သို့ဆိုပါမူ လူနာအတွက် ဆရာဝန်ရှိရမည်ဖြစ်သလို မိမိကိုယ်ကို မိမိ မယုံကြည်သူအတွက် စိတ်မချသူတွေအတွက် ဘိုးတော်များ ရှိ ရှိရပေမည်သာ။

"နေပါအုံး သူငယ်ချင်း သူရဿတီမယ်တော်ဟာ ဗမာမယ်တော်လား ကုလားမယ်တော်လား"

"ငါလေ့လာရသလောက်တော့ မြန်မာကျမ်းတွေမှာလဲ ရှိတယ်၊ ဟိန္ဒူကျမ်းမှာလဲ ရှိတယ်ကွ၊ ဗမာက ဒေဝီ(၉)ပါး ရှိတယ်လို့ ဆိုတယ်၊ ဟိန္ဒူဒေဝီပူရာကျမ်းအလာကတော့ ဒေဝီ(၇)ပါးလို့ ဆိုတယ်ကွ၊ သက္ကတ အင်္ဂလိပ် အဘိဓာန်ကြီးမှာတော့ သူရဿတီဟာ မြစ်စောင့်နတ်သမီး၊ ညီမခုနစ်ဦး' ရှိတယ်။ သူကိုယ်တိုင်လဲ ရုပ်ခွဲ(၇)ရုပ်ခွဲနိုင်တယ်လို့ ဆိုထားတယ်"

တူညီတာ တစ်ခုကတော့ ဟိန္ဒူ ဗြဟ္မဏ ဘာသာဝင်တွေရော၊ ဗုဒ္ဓဘာသာဝင်တွေရော အလေးအမြတ်ထားပြီး ကိုးကွယ်ကြတာဘဲ၊ ပိဋကတ်သုံးပုံမယ်တော်ကြီးသည် နှုတ်၊ စကား၊ ပညာတို့ကို စောင့်ရှောက်တယ်၊ ဗေဒင်သုံးပုံ ဗေဒင်လေးပုံကို စောင့်ရှောက်တယ်ဆိုတာတော့ ဟိန္ဒူတွေရော ဗမာတွေရော တကယ်ဘဲ ယုံကြည်ကြတာဘဲ"

"အေး . . . မင်းပြောတာတော့ရှင်းပါရဲ့ ဒါက ကျမ်းစကားလာ သဘောကိုး၊ ဒါပေမဲ့ သူရဿတီမယ်တော်ကြီးကို တွေ့ဖူးပါတယ်လို့ ရေးကြတဲ့ လူတိုင်းကတော့ အိန္ဒိယတိုင်းသူ ရုပ်မျိုးရှိတယ်၊ ကုလားမင်းသမီးလို လှတယ်၊ ချောတယ်၊ ဆာရီဝတ်ရုံကို ဝတ်တယ်လို့ ရေးကြတယ်၊ ဒီတော့ ကုလားမယ်တော်ဖြစ်မှာပေါ့၊ ကုလားမယ်တော်ဆိုရင်လဲ ဘယ်လိုပတ်သက်နေတာလဲလို့ စဉ်းစားစရာဖြစ်ပြန်ရော၊ ဇာတ်လမ်းကနည်းနည်း ရှုပ်တယ်ကွ၊ အဲဒါကို မင်းတို့ ဘိုးတော်တွေက ရှင်းဖို့ကောင်းတယ်"

ကျွန်တော်ပြောသည်ကို ဘိုးတော်ကင်းက ဘာမှပြန်မပြောတော့ပေ။ သူလည်း စဉ်းစားနေဟန် ရှိသည်။ နောက်မှ သူက ပြောပြသည်။ ကျွန်တော့်အမေးနှင့်တော့ မဆိုင်၊ ဘာဘဲဖြစ်ဖြစ် နက်ဖြန် သူလုပ်ငန်းကို အကူအညီပေးဖို့ ပြောလာသည်။ ကျွန်တော်ကလည်း ဘာဘဲဖြစ်ဖြစ်ကူညီရန် တာဝန်ရှိသည်မို့ ကူညီပါမည်ဟု ကတိပေးလိုက်၏။ စကားတပြောပြောနှင့် လျှောက်လာကြရင်း တုတ်တုတ်တို့ မိသားစုဂေဟာသို့ ပြန်လာကြသည်။

တုတ်တုတ်တို့ တိုက်အတွင်း ဧည့်သည်များ ရောက်နေကြသည်။ တုတ်တုတ်တို့ မိသားစုအပြင် ဧည့်သည်လေးယောက် အသက် ငါးဆယ်ကျော်ယောက်ျား မိန်းမနှစ်ယောက် အသက်သုံးဆယ်ခန့်ရှိ အပျိုကြီးဟန်ဖမ်းထားသည့် အမျိုးသမီးတစ်ယောက်၊ အပျိုလေးတစ်ယောက်။ ကျွန်တော်တို့ ထိုက်ထဲဝင်သွားသည်နှင့် တုတ်တုတ်၏ ခင်ပွန်းက နေရာဆီးပေးပြီး ဧည့်သည်များနှင့် မိတ်ဆက်ပေးပါသည်။

"ဆရာကြီးကို လာစောင့်နေတဲ့ ဧည့်သည်တွေပါ၊ ကျွန်တော် အရင်းနှီးဆုံး မိတ်ဆွေတွေပါဘဲ ပွဲစားကြီးဦးချစ်မောင်နဲ့ ပွဲကတော်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြမေတို့ပါ။ ဒါက ကျွန်တော်တို့ ဆရာကြီး ဘိုးတော်ကင်း ဒိမိတ်ဆွေကြီးကတော့ ဆရာအေးမောင်ပါ"

ဘိုးတော်ကင်းနှင့်အတူ ကျွန်တော်ကိုပါ မိတ်ဆက်ပေး၏။ ကျွန်တော်တို့ကလည်း တွေ့ရတာဝမ်းသာကြောင်း ပြန်လည်နှုတ်ဆက်ပြီး ဘိုးတော်ကင်းက လာရင်းကိစ္စကို မေးသည့်အခါ တုတ်တုတ်၏ ခင်ပွန်းကပင် ညည်းသည်များကိုယ်စား ဘိုးတော်ကင်းနှင့် တွေ့လိုသည့်ကိစ္စပြောပြပါသည်။

"ဒါက ဦးချစ်မောင်ရဲ့ သမီးငယ်ပါ၊ ဟောဒီသမီးက ဆယ်တန်းရောက်နေပါပြီ၊ ကျွန်တော် သမီးအကြီးနဲ့ အတူတူပါဘဲ၊ ဒီသမီးက စာမေးပွဲဖြေတော့မယ် လုပ်တိုင်း စာမေးပွဲခန်းထဲ ဝင်လိုက်တာနဲ့ မူးမူးနေတယ်။ စာမေးပွဲ မဖြေနိုင်တော့ဘူး။ ကျန်တဲ့ အချိန်တွေမှာတော့ ရိုးရိုးဘဲ စာမေးပွဲဖြေတော့မယ်လို့ စာကျက်ရင် စာမေးပွဲဖြေဖို့ ပြင်ဆင်လိုက်ရင် မူးတော့တာဘဲ၊ ဆရာဝန်တွေနဲ့ စမ်းသပ်ကြည့်တော့လဲ ဘာရောဂါမှ မရှိဘူးလို့ ပြောပါတယ်၊ အဲဒါ ဆရာကြီးနည်းနည်း ကြည့်ပေးစေချင်လို့ပါ"

"ဟုတ်ပါတယ် ဘိုးတော် သမီးကလေးအတွက် ကျွန်မတို့မှာ တစ်နေ့မှ စိတ်မအေးရဘူး။ စာမေးပွဲအချိန်ကြမှ လာလာဖြစ်နေတော့ ဘယ်လိုမှ စဉ်းစားမရအောင် ဖြစ်နေကြပါတယ်။ ကျန်တဲ့ အချိန်တွေမှာတော့ အကောင်းပကတိပါဘဲ၊ ဖျားတယ်နာတယ်လို့လဲ မရှိပါဘူး၊ အဲဒါ ဘိုးတော်နဲ့ပြဖို့ ရန်ကုန်တောင် ဆင်းလာမလို့ပါ။ ခုတော့ ဒီမှာ ဘိုးတော်ရောက်နေတယ်ဆိုတာနဲ့ ဘိုးတော်ကိုပြချင်လို့ပါ၊ အဲဒါဘိုးတော်ကို တောင်းပန်ပါရစေ"ဟု ပွဲကတော်ကြီး ဒေါ်မြမေကပါ ဝင်ရောက် မေတ္တာရပ်ခံလိုက်ပါသည်။

သူတို့ပြောစကားအရ ကလေးမလေးကို လှမ်းကြည့်လိုက်သည့်အခါ ခေါင်းကလေးငုံ့ပြီး လက်သည်းကလေးများ ပွတ်နေသည်။ သူ့မျက်နှာတွင် ဘာမှထူးခြားမှု မရှိပါ။ အသားဖြူဖြူ ကိုယ်လုံးသေးသေးသွယ်သွယ်နှင့် ယဉ်စစမျက်နှာပိုင်ရှင်မလေးမှာ အေးအေးလေး ထိုင်နေရာသည်။

"ကောင်းပါပြီ၊ ကျွန်တော် သေသေချာချာ စစ်ဆေးပါ့မယ်၊ ဒါပေမဲ့ မနက်ဖြန်ကစပြီး အထူးကိစ္စလေးရှိတဲ့အတွက် သုံးရက်လောက်တော့ စောင့်ရပါ့မယ်၊ သဘက်ခါ နေ့လယ်ပိုင်းကိုတော့ ဦးနဲ့ဒေါ်ဒေါ်တို့နှစ်ယောက်လဲ ခဏလာစေချင်ပါတယ်၊ အချိန်ကိုတော့ တုတ်တုတ်ချိန်းပါ့မယ်"ဟု ဘိုးတော်ကင်းက အဖြေပေးလိုက်ပါသည်။

ဘိုးတော်ကင်း အဖြေကို ကြားရသည့်အခါ ဦးချစ်မောင်ရော ဒေါ်မြမေကပါ ကျေးဇူးစကား အထပ်ထပ်ပြောပြီး ပြန်ခွင့်တောင်း၍ ဘိုးတော်နှင့် တုတ်တုတ်တို့ကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။

စမ်းသပ်ပွဲကြီးကိုမူ မဖော်ပြတော့ပါ။ ကျွန်တော်တို့မှာ အအေးသောက်ရင်း တုတ်တုတ်တို့ မိသားစုနှင့် ဟိုအကြောင်း ဒီအကြောင်း နာရီဝက်လောက် စကားပြောပြီး အိပ်ရာဝင်ရန် ထခဲ့ကြ၏။ အပေါ်ရောက်သည်နှင့် ဘိုးတော်ကင်းမှာ ခြေလက်ဆေး မျက်နှာသစ်ပြီး ဘုရားစင်ရှေ့တွင် ပုတီးစိတ်ရန် ပြင်ဆင်နေသည်။ ကျွန်တော်လည်း အိပ်ရာမဝင်မီ ဘုရားရှိခိုးသည့် အလေ့ရှိသဖြင့် သူ့အားမှ အသာလေး ဝင်ထိုင်ပြီး ဘုရားရှိခိုးပါသည်။

ဘုရားရှိခိုးပြီး အိပ်ရာထဲ ဝင်လုံ့ရင်း စိုင်းကော်လို ခြုံပေါ် ရောက်ဦးမည့်အဖြစ်ကို တွေးနေမိသည်။ ဘိုတော်ဓာတ်ကူးသည် ကိုလည်းကောင်း၊ မြင်ဘူး၊ ကြားဘူးသော်လည်း ဆေးကုသခြင်းကို မမြင်ဘူးသေးပါ၊ အခုတော့ မျှော်လင့်မထားဘဲ မြင်ရအုံးမည် ဖြစ်သဖြင့် ဘိုးတော်တွေအကြောင်း လေ့လာနေသည့် ကျွန်တော်အဖို့တော့ အမြတ်ထွက်မည် မဟုတ်ပါလား၊ အိပ်ရာထဲ လုံ့ရင်း ဘိုးတော်ကင်းနှင့် အာလူးပေးရန် စောင့်နေသော်လည်း တော်တော်နှင့် ဝင်မလာပါ၊ ဆေးကြိတ်ပွဲလည်း ဦးဆောင်ရမည်၊ ဆေးလည်းကုရဦးမည် ဆိုတော့ ကျနေသည့် အရှိန်လေးကိုပြန်မြင့်ရန် ကြိုးစားနေသည်ထင်ပေ။ တုတ်တုတ်တို့ တိုက်ရောက်တော့ ဘုရန်ဒီနှင့် ကြက်ဥတို့ ခေတ္တ လက်လွှတ်ပြီး ပုတီးကို ပြန်ကိုင် နေရသည့် ဘိုးတော်ကင်း၏ အဖြစ်မှာ ဓာတ်သိ ကျွန်တော့်အဖို့တော့ သနားစရာဟု ပြောရပည်သာ။

ကျွန်တော်လည်း ဘိုးတော်ကင်းကို စောင့်ရင်းမှ အိပ်ပျော်သွားသည်။ သူဘယ်အချိန်လာ အိပ်ရာဝင်သည်ကို မသိတော့၊ မိုးလင်းမှသာ သူနှင့်ပြန်၍ ဆုံပေသည်။ သူက မနက်လေးနာရီထ၍ ပုတီးစိပ်ပြီးပေပြီ၊ ဒီနေ့ဆေးကြိတ်ပွဲအတွက်လား အရှိန်ပြန်တင်ဖို့ အတွက်လားမသိပေ။

ဘိုးတော်ကင်းဟူသော နာမည်တလုံးနှင့် နေလာပြီ။ ဆေးကုသည့်အခါ ပရောဂစမ်းသည့်အခါ ကိုယ့်ယိုကားယားဖြစ်မှာ စိုးရိမ်ပြီး ပုတီးဖိစိပ်နေသလားဟု ကျွန်တော် နောက်ပြောင်သောအခါ ငြင်းလည်းမငြင်သာဘဲ ပြုံးပြုံးကြီး လုပ်နေသည်။

မနက် လက်ဖက်ရည်ပွဲမှာ သက်သတ်လွတ် လက်ဖက်ရည်ဟုဆိုကာမူ ပြင်ဆင်ထားသည်မှာ ဖွယ်ဖွယ်ရာရာပင်၊ ဆီတွေအိုင်နေသည့် ပဲပြုတ်ကျော်ပွဲထဲတွင် နီနီရွှရွှကြက်သွန်ကျော်များမှာ ပဲပြုတ်ကို မမြင်ရအောင် ဖုံးနေသည်။

ပေါင်မုန့်ကင် ရွှရွှကလေးပေါ်တွင် သုပ်ထားသည့် ပုဇွန်ထောပတ် ဥကလေးများမှာ စားချင်စဖွယ်။ ရွှေပန်းခွက်တွေ ပတ်လည်ဝိုင်းနေသော ပန်းကန်ပြားကြီးထဲတွင် ထည့်ထားသည့် ရွှေပန်းသီးလေးလုံးက သရေယိုစရာ တလုံးစီခွဲပြီး ရေခဲသေတ္တာထဲ ထည့်ထားသဖြင့် အခိုးအငွေ့ပျံ့နေသည့် သပျက်သီး နီညိုကလေးများမှာ ကျွန်တော်ခံတွင်းကို



www.burmeseclassic.com

www.burmeseclassic.com

ရှင်းရန် စောင့်နေသည့်တသွင်ရှိချေ၏။

လက်ဖက်ရည်သောက်ပြီးသည့်အခါ တုတ်တုတ်တို့၏ ဖယ်ခလီယာကားကလေးနှင့် ထွက်ခဲ့ကြသည်။ ဘိုးတော်ကင်းဘဝ မရောက်မီက ခင်မောင်ဦးကို ဆန်းကျမ်းဗေဒင်သင်ပေးလိုက်သည့် ဦးပဥ္စင်းကို အဆင်သင့်တွေ့ရသည်။ ဝတ်ဖြည့်ပြီးနောက် ဟိုအကြောင်း ဒီအကြောင်းများ ပြောရင်းမှ ခင်မောင်ဦး၏ ဥပဇ္ဈာယ်ဆရာတော် အကြောင်း လျှောက်ထားသည့်အခါ ဆရာတော်နှင့်တစ်ကြိမ်သာ တွေ့ရကြောင်း၊ ဆရာတော်ကလည်း ခင်မောင်ဦး အကြောင်းအမေး ရှိကြောင်း ဦးပဥ္စင်းက ပြန်ပြောပါသည်။

ခင်မောင်ဦးက ဆရာတော်ဘာများ အမှာရှိကြောင်းလျှောက်ထားသည့်အခါ ဦးပဥ္စင်းက မပြောချင် ပြောချင်ဖြစ်နေသည်။ ခင်မောင်ဦးက "ဆရာတော်အမိန့်ရှိတာ ပြောစမ်းပါ ဘုရား"ဟု အတင်းလျှောက်တော့မှ-

"ဆရာတော်ကတော့ ထူးထူးထွေထွေ မပြောလိုက်ပါဘူး။ ဆရာတော် အလေ့အတိုင်း အာကြီးကို ဆရာတော်က နမြောဟန်ရှိတယ် ထင်ပါရဲ့၊ ဒါမေသနဲ့ တခွန်းဘဲ အမိန့်ရှိလိုက်တယ်"

"လောက်ဆိုတာ ချီးထဲမှာ နေရမှာမှ ပျော်တဲ့သတ္တဝါဘဲလို့ အမိန့်ရှိလိုက်တယ်"

"ဆရာတော်အမိန့်ရှိတာ မှားပါဘူး ဘုရား။ ဆရာတော် အမိန့်ရှိတဲ့အတိုင်း တပည့်တော်ဖြစ်နေပါတယ်၊ တပည့်တော် ဆရာတော်ကျေးဇူးကို ထောက်ထားပြီး လောက်မဖြစ်အောင် ပြန်ကြိုးစားပါ့မယ် ဘုရား"

ခင်မောင်ဦး ဤသို့ လျှောက်ထားနေစဉ် သူ၏မျက်နှာတွင် နောင်တရသည့် အရိပ်များ ထင်ဟပ်လျက်ရှိပါသည်။

ခင်မောင်ဦးအပေါ် ချစ်စရာမှာ ဒါပဲဖြစ်ပါသည်။ အမှားကို ဝန်ခံတတ်ခြင်းနှင့် ပွင့်လင်းခြင်းပင်။

နောက်ပိုင်းတော့ ဦးပဥ္စင်းနှင့် ခင်မောင်ဦးတို့မှာ ဆန်းကျမ်းအကြောင်း စကားဆက်နေကြရာ ကျွန်တော်လည်း စိတ်မဝင်စားသည်နှင့် ကျောင်းဝိုင်းထဲ လျှောက်ကြည့်ရင်း အချိန်ဖြုန်းနေလိုက်ရသည်။ တစ်နာရီလောက်ကြာမှ ခင်မောင်ဦးပြန်ဆင်းလာသဖြင့် အိမ်ကို ပြန်ခဲ့ကြသည်။

ဦးပဥ္စင်းထံမှ ပြန်လာပြီးနောက် ခင်မောင်ဦးမှာ မျက်နှာသိပ်မကောင်းသဖြင့် ခါတိုင်းလို မနောက်တော့ဘဲ ခပ်အေးအေး နေလိုက်ပါသည်။

အိမ်ပြန်ရောက် ထမင်းစားပြီးသည့်အချိန်တွင် ဘိုးတော်ကင်းက ယနေ့ညလေးနာရီလောက် မဟာမြတ်မုနိဘုရား သွားလိုကြောင်း၊ တုတ်တုတ်က အဆင်သင့် စီစဉ်ထားမည့်အကြောင်း ပြောကြပြီး တရေးနပ်လိုက်သည် ကျွန်တော်တရေးနပ်နေချိန်တွင် ဘိုးတော်ကင်းနှင့် တုတ်တုတ်တို့ ညဆေးကြိတ်ပွဲ လုပ်နင်းအတွက် ပြင်ဆင်နေကြသည်။ ကျွန်တော် တရေးနိုးသည့် အချိန်တွင် ဘိုးတော်ကင်းက ကျွန်တော့်ကိုခေါ်ပြီး ည နေရာချထားပုံ အစီအစဉ်နှင့် ကျွန်တော်လုပ်ရမည့် အပိုင်းကို ပြောပြသည်။

ဆေးကြိတ်ပွဲ ပြင်ဆင်ပုံမှာ စနစ်ကျပါသည်။ ဟုတ်သည် မဟုတ်သည် အပထား၍ ဘိုးတော်ကင်းအမည်ခံ ခင်မောင်ဦး၏ စံနစ်တကျ လုပ်တတ်သည့်ပုံစံကြောင့် သူ့ကို ကိုးကွယ်သူများက သူ့အပေါ် အထင်ကြီးခြင်း ဖြစ်ပေသည်။

ထမင်းနှစ်နပ် မှန်မှန်စားရရေးအတွက် တွန်းကန်လှုပ်ရှားနေကြသည့် လူတွေမှာ လောကကြီးတွင် ဒုနှင့်ဒေး။ ချမ်းသာဖို့ဆိုသည်မှာ စိတ်ကူးထဲတွင်ပင် မတွေးဝံ့ကြသူများမှာလည်း အနတဂ္ဂမ။ ထိုအထဲမှာ ကားနှစ်စီးက သုံးစီး။ တိုက်တစ်လုံးက နှစ်လုံး။ ငွေတစ်သိန်းက နှစ်သိန်းဖြစ်အောင် မျက်နှာပွင့်အောင် မသေးပါ။ ထိုလူ့အလွှာ အကြိုက်ဖြစ်အောင် လုပ်ပေးနေရသည့် ဘိုးတော်ကင်းတို့လို လူများ၏ ဒုက္ခမှာ ပို၍ကြီးမည် ထင်ပါသည်။

လောကတွင် ထမင်းစားဖို့ လှုပ်ရှားသည့် လူ့အလွှာနှင့်ထမင်းအတွက် မပူပင်ရသော်လည်း ပို၍ ချမ်းသာအောင် လှုပ်ရှားနေရသည့် လူ့အလွှာတို့၏ ဒုက္ခကို နှိုင်းယှဉ်ကြည့်လျှင် ရာခိုင်နှုန်းအားဖြင့် ငါးဆယ်ချင်း ညီမျှပေလိမ့်မည်ဖြစ်၏။

ထို့ကြောင့်လည်း ရှင်တော်ဗုဒ္ဓက ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ရုပ်-နာမ်ဝ၏-ခန္ဓာကို ပိုင်ဆိုင်သူ မှန်သမျှတွင် တကယ်ရှိသည်မှာ ဒုက္ခသာလျှင်တည်းဟု ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

ညနေ လေးနာရီလောက်တွင် ကျွန်တော်တို့ မဟာမြတ်မုနိ ဘုရားသို့ သွားကြသည်။ ကျွန်တော်တို့ နှစ်ယောက်ထဲပါ။ ကျွန်တော်တို့ ဘုရားရောက်သည့်အချိန်မှာ လူရှင်းနေသဖြင့် ခင်မောင်ဦးမှာ မဟာမြတ်မုနိကိုယ်တော်ကြီးကို စူးစူးစိုက်စိုက် အာရုံပြုလျက် ပုတီးစိပ်နေသည်။

ဦးပဥ္စင်းထံမှ တဆင့်ကြားရသည့် ဆရာတော်၏ လောက်နှင့် ချီးသည် ဘိုးတော်ကင်း၏ ဘဝတွင် စွဲငြိသွားပြီး ထင်ပါသည်။ ဘိုးတော်ကင်းမှာ ပုတီးပြန်ကိုင်ဖို့ အာရုံများလာသည်။ လွတ်နေသော သူ့စိတ်များကို ပြန်လည်ထိန်းချုပ်ရန် ကြိုးစားနေသည်။ သူ့ထံတွင် ရှိခဲ့သည့် သတ္တိထူးများကို ပြန်လည်နိုးဆွနေသည်။ အမှန်တော့ ဘိုးတော်ကင်း သတိပြန်လည်လာပြီး ထင်သည်။ သို့သော် မမ၏ရင်ခွင်ထက်မှ ရုန်းကန်ထရန် ကြိုးစားမည်လား၊ ဆက်လက်မေးစက်နေမည်လား ဆိုသည့်ကိုမူ မည်သူမှ ပြောနိုင်လိမ့်မည် မဟုတ်။

ည(၆)နာရီ ထိုးသည်နှင့် ဆေးကြိတ်ပွဲအတွက် လူစုံရောက်နေကြပြီ။ ဆေးကြိတ်ပွဲဝင် အပျိုစင်ခုနစ်ဖော်အပြင် လေ့လာသူ အပျိုကြီး အပျိုလေးများ



www.burmeseclassic.com

www.burmeseclassic.com

လည်း ရောက်နေကြသည်။ ဘိုးတော်ကင်းက အံမိန့်မပေးသေးသဖြင့် မည်သူမှ အပေါ်မတက်ကြရသေး။ အောက်ထပ်တွင် စုရုံးနေကြရသည်။ ဘိုးတော်ကင်းမှာ ယောဂီရောင်အဝတ်များ ဆင်မြန်းလျက်၊ ပွဲရှေ့တွင် တည်ငြိမ်ရင့်ကျက်သော အိန္ဒြေဖြင့် မလှုပ်မရှား ထိုင်နေသည်။ သူတို့စကားနှင့်ဆိုရလျှင် သမထအာရုံ ဝင်စားနေသည်ဟု ဆိုရမလား မသိ။

မည်သို့ပင်ဖြစ်စေ နောက်ကနေကြည့်သည့်အခါ ခင်မောင်ဦး၏ ပုံဟန်များ ကွယ်ပျောက်ပြီး ဈာန်ဝင်စားနေသည့် ဟိန္ဒူဂုရုကြီးတစ်ယောက် သဏ္ဌာန်ထင်ဟပ်နေသည်။ သည်တကြိမ်တော့ ကျွန်တော်ပင်လျှင် ခင်မောင်ဦးအပေါ် အထင်ကြီးသွားသည်ဟု ဝန်ခံပါရစေ။

ဆေးကြိတ်ပွဲအတွက် ဦးစီးဦးကိုင် စီစဉ်သူ တုတ်တုတ်မှာမူ တပြုံးပြုံး။

ဆေးကြိတ်ပွဲမလုပ်မီ ဘိုးတော်ကင်းမှာ ဘုရားကို ခဏခဏသွားရုံမက တိုက်မှာလည်း ခဏ ခဏ ပုတီးစိပ်နေသဖြင့် တုတ်တုတ်က အတော်လေး ကျေနပ်နေဟန်ရှိသည်။

"ဒီတစ်ခါ ဘိုးတော် တော်တော် ကြိုးစားပမ်းစား လုပ်နေတယ်၊ တုတ်တုတ်တော့ အားလဲရ၊ အလွန်ကဲ ဝမ်းသာနေတယ်" ဟု ကျွန်တော်ကို ဖွင့်ပြောခဲ့သည်။

ကျွန်တော်ကတော့ "အမလေး ဘိုးတော်က တုတ်တုတ်တို့အတွက်မို့ ဒီလောက် ကြိုးစားပမ်းစားလုပ်နေတာ ဖြစ်မှာပါ" ဟု လူပေါ် လူဇော်လုပ်နည်းကိုသုံး၍ မြှောက်ပင့်ပေးလိုက်သည်။ စားသာအောင်ပါ။ ခေတ်စကားနှင့်ပြောတော့ ပို၍ကြည်အောင်ပါ။

ကျွန်တော် ပါးစပ်ကို ဘာရိတ်အုပ်ထားလိုက်ရပါသည်။ လောက်နှင့်ချီးအကြောင်းများ ပြောလိုက်လျှင် တုတ်တုတ်ခမြာ ပန်လက်လန်သွားပေလိမ့်မည်။

ဆေးကြိတ်ပွဲစ ပါတော့မည်။

ရွှေတာဝက် မျက်မှန်ကိုင်းတပ်လျက် ယောဂီရောင် ခေါင်းပေါင်းနှင့် ခင်မောင်ဦး၏ ပုံကို ဘိုးတော်ဟု ပြောရမလား၊ မင်းသားကြီးပုံဟု ပြောရမလား၊ ကျွန်တော့်အမြင်က မင်းသား။ တုတ်တုတ်တို့အမြင်က ဘိုးတော်ပေါ့။

အပျိုစင် ခုနစ်ယောက်က သူ့ရှေ့တွင် တန်းစီနေပါသည်။ လေ့လာသူ အပျိုအကြီးအသေးများက နောက်နားမှ တန်းစီလျက်။

ကျောက်ပြင်နှင့် ပန်းများမှာ အဆင်သင့်။ ကျွန်တော်ကလည်း ဘိုးတော်ဘေးတွင် အသင့်။

ကျွန်တော်ကို ဘိုးတော်က မျက်ရိပ်ပြလိုက်သည်နှင့် ကျွန်တော်က တနင်္ဂနွေသမီးဟု အော်လိုက်သည်။ (သင်ကြားထားသည့် အတိုင်းပါ)

တနင်္ဂနွေသမီး ကျောပြင်ရှေ့ရောက်သည်နှင့် ဘိုးတော်ကင်းထံမှ သူရဿတီဂါထာကို ရွတ်ဆိုသံထွက်လာသည်။

ဘိုးတော်ကင်းက မျက်စိပိတ်လျက် ဂါထာရွတ်နေသဖြင့် ကျွန်တော်က တနင်္ဂနွေသမီးကို စရန် အချက်ပေးလိုက်သည်။

တနင်္ဂနွေသမီးက ကျောက်ပြင်ပေါ်တွင် ပန်းများကို ကြိတ်သွေးနေစဉ် ဘိုးတော်ကင်းက မာန်ပါပါသဖြင့် သူရဿတီဂါထာကို ရွတ်နေသည်။ မြန်မာသံနှင့် မဟုတ်ပါ။ ကုလားသံနှင့် ဖြစ်ပါသည်။

"အွန်"ဟု ဘိုးတော်ကင်း အော်လိုက်သည့်အခါ အမျိုးသမီးများ လန့်သွားကြ၏။ ဥ-ကို မာန်ပါပါ ဌာန်ကရိုဏ်း ကျကျရွတ်လိုက်သောအခါ အွန်ဟု အသံထွက်သည် ထင်ပါသည်။

သူရွတ်နေသည်မှာ နားထောင်၍ နားဝင်ပီယံရှိသား။

"အွန်"

ဗြေဒပိဋကတ်၊ သမ္မုန္ဒ။

ဆဗ္ဗဆိဒ္ဓိ၊ ဆုခါဝဟံ။

ဂိုဝစ်ဂွမေ၊ နိသ္သိုဒိတ္တာ။

မံ-မာရေတာ၊ ဆရဆွတီ။

ဘိုးတော်ကင်းက အဝဲက်ပါအတိုင်း ဂါထာကို မပြတ်ရွတ်နေစဉ် ကျွန်တော်က တစ်ဦးပြီးတစ်ဦး၊ တနင်္ဂနွေပြီး တနင်္လာ၊ တနင်္လာပြီး အင်္ဂါ၊ အလှည့်မမှားအောင် ဆေးကြိတ်ဖို့ အမိန့်ပေးနေရသည်။

ဘိုးတော်ကင်း၏ ဂါထာကဘဲ စွမ်း၍လား၊ အပျိုစင်ခုနစ်ဖော်၏ လှုပ်ရှားဟန်ကဘဲ ကြည့်ကောင်း၍လား မသိပါ၊ ကျွန်တော်ပင် စိတ်ပါလက်ပါဖြစ်လာသည်။

ခုနစ်ယောက်ပြည့်သည့်အခါ၊ ဆေးကြိတ်နေသည့် အပျိုစင်များကို ရပ်ရန် အချက်ပြလိုက်ပြီး အချိန်းအချက်လုပ်ထားသည့်အတိုင်း ကျွန်တော်က ကြေးစည်သုံးချက် ထုလိုက်၏။ ကြေးစည်သံလည်းဆုံး "အွန်"သံလည်းပျောက်၊ စီးကိုက်-ဝါးကိုက်ပင်။

ပထမနေ့ ဆေးကြိတ်ပွဲမှာ အောက်မြင်စွာ ပြီးဆုံးသွားသည်။ ကြိတ်၍ရသော ပန်းများကို မယ်တော်ပွဲသို့ အပ်ရသည်။ ပွဲအပ်ခြင်းကိစ္စကိုတော့ ဘိုးတော်ကင်းကဘဲ လုပ်သွားသည်။ ဘိုးတော်ကင်းနှင့် ကျွန်တော်မှာ ချွေးပြန်နေသလို အပျိုစင်လေး ခုနစ်ယောက်၏ နဖူးပြင်တွင်လည်း ချွေးကလေးတစိုစို ဖြစ်နေကြသည်။

ဆေးကြိတ်ပွဲအပြီးတွင် အပျိုခုနစ်ဖော်နှင့် ကျွန်တော်တို့မှာ တုတ်တုတ် ပြင်ထားသည့် အအေးခွက်များ ကိုင်ထားလျက် စကားတပြောပြောနှင့် ကြည်နေပါပြီ။ အပြုံးပန်းတွေဝေနေသည့် တုတ်တုတ်၏ အသံစာစာကလေးမှာ တတိုက်လုံးသို့ လွှမ်းနေ၏။

နောက်ဆုံးတွင် "ဘိုးတော်တို့လဲ အနားယူကြပါအုံး၊ တုတ်တုတ်လဲ ကလေးမလေးတွေ ပြန်ပို့လိုက်အုံးမယ်"ဟု တုတ်တုတ်၏ အဘိဃာစကာ စကားဖြင့် ပထမနေ့ ဆေးကြိတ်ပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါသည်။ ဘိုးတော်ကင်းနှင့် ကျွန်တော်မှာ ပက်လက်ကုလားထိုင်တလုံးစီနှင့် အတွေးကိုယ်စီရှိ



www.burmeseclassic.com

www.burmeseclassic.com

သွက် ငြိမ်သက်စွာပင် အနားယူလိုက်သည်။ သူကတော့ ဘာတွေတွေးနေသည် မသိ၊ ကျွန်တော် အတွေးမှုလိုက်သည်မှာ စိတ်ညှို့ပညာ၏ သဘောသို့။ အကြောင်းမှာ ယနေ့ ဘိုးတော်အမည်ခံအချို့၏ လှုပ်ရှားမှုများတွင် စိတ်ညှို့အတတ်ပညာများ ရောထွေးနေသလားဟု အတွေးပေါ်လာသည်။ သူတို့ ပြောသမျှကို ယုံကြည်၍ သူတို့စေခိုင်းသမျှကို အကြွင်းမဲ့ လက်ခံလုပ်ကိုင်နေခြင်းမှာ စိတ်ညှို့အတတ်ပညာနှင့် ဆက်စပ်နေသလားဟု တွေးမိပါသည်။

အရှေ့တိုင်း အိန္ဒိယနိုင်ငံရှိ ဆာဒူးကြီးများ၏ ကျင့်စဉ်တွင် စိတ်ညှို့ပညာများ ပါဝင်နေကြောင်း၊ သာဓကများ တွေ့ရသောကြောင့် ဖြစ်၏။

ဝိဇ္ဇာပညာသည် စိတ်ဝေဒနာရှင်များ ကုသရာတွင်လည်း ကောင်း၊ ရာဇဝတ်မှုခင်းများ ဖော်ထုတ်ရာတွင် လည်းကောင်း၊ လူငယ်များ၏ အကျင့်စာရိတ္တ ထိန်းသိမ်းရေးတွင်လည်းကောင်းစသည့် အတတ်ပညာတို့တွင် အသုံးချနိုင်သည်။ ဝိဇ္ဇာစိတ်ပညာ၏ အစိတ်အလက် တစ်ခုဖြစ်သော စိတ်ညှို့ပညာသည် သိစိတ်ကို ထိန်းချုပ်နိုင်၍ မသိစိတ်ကို ဖော်ထုတ်နိုင်စွမ်းရှိသော ပညာရပ်ဟု ဆာဒူးကြီးများက အဆိုပြုခဲ့ကြောင်း မှတ်သားမိပါသည်။

စိတ်ညှို့ခြင်းပညာကို (အ[illegible]ကို) ဒေါက်တာ ဂျိုးဇက်ဖ[illegible]သာဆိုသူက ၁၈၈၄-ခုနှစ်က [illegible] အသုံးပြုခဲ့ကြောင်း၊ မြန်မာ့စွယ်စုံကျမ်းအတွဲ (၄)တွင် ဖော်ပြထားသည်ကို ဖတ်ရှုဖူးပါသည်။

မြန်မာ့စွယ်စုံကျမ်းအတွဲ(၄)တွင် . . .

"ဒေါက်တာဖရိက်သည် ဖရှိုင်ယာဆိုသူ ဆရာဝန်တစ်ဦးနှင့်အတူ စိတ်ရောဂါစွဲကပ်သူ လူနာများကို "စိတ်ညှို့"ကုသခဲ့ရာမှစ၍ လူတို့၏ အသိစိတ်တွင် မမှတ်မိတော့သော အချို့အတွေ့အကြုံ အဖြစ်အပျက်များသည် မသိစိတ်တွင် ဆက်လက်ကိန်းအောင်းနေသေးသည် ဟူသော အချက်ကို တစတစ ရိပ်စားမိလာခဲ့သည်ဟု ဖော်ပြထားသည်။

စိတ်ညှို့သော အတတ်ပညာသည် သစိတ္တက(စိတ်ရှိသော)သတ္တဝါကို မဆိုထားဘိ၊ စိတ်လည်းမရှိ၊ အသက်လည်း မရှိသော (အစိညာဏ အဇီဝ) အရာဝတ္ထုများကိုလည်း ညှို့နိုင်စွမ်းရှိပေသည်။

ခင်မောင်ဦး မီးကဲသိုဏ်းရှုခဲ့ဘူးသည်ဆိုရာတွင် စိတ်လည်း မရှိ၊ အသက်လည်း မရှိ။ အရာဝတ္ထုကို ညှို့သည့်သဘောဖြစ်လေမည်လား မသိပေ။

စိတ်လည်းမရှိ၊ အသက်လည်း မရှိသော အရာဝတ္ထုကို စိတ်ညှို့အတတ်ပညာဖြင့် ညှို့ခဲ့ဖူးသည့် သာဓကတစ်ခုကို ဖတ်ရှုခဲ့ဘူးပါသည်။

အချိန်မှာ ၁၉၃၈-ခုနှစ်။

အဖြစ်အပျက် ဖြစ်ပွားခဲ့သည့် နေရာမှာ ကာလကတ္တား မီးရထားဘူတာရုံကြီးတွင်။

ထိုစဉ်က အိန္ဒိယပြည်ကို အုပ်စိုးသူမှာ အင်္ဂလိပ်အစိုးရ။

တနေ့တွင် ကလာကတ္တား ဘူတာရုံ၌ ရပ်ထားသည့် ဘုံဘေမြို့သို့ ထွက်ခွာမည့် မီးရထားကြီးပေါ်တွင် စီးနင်းလိုက်ပါကြမည့် ခရီးသည်များမှာ နေရာအသင့်ယူပြီး မီးရထားကြီးထွက်ခွာမည့် အချိန်ကို စောင့်မျှော်နေကြ၏။

ရထားထွက်ရန်မှာ မိနစ်ပိုင်းမျှသာ လိုတော့၏။

ထိုရထားဖြင့် လိုက်ပါရန် နောက်ထပ်ရောက်လာသည့် ခရီးသွားများ ဘူတာအတွင်းသို့ ဝင်မလာကြပေ။ ခရီးသွားအားလုံး လိုလိုပင် ရထားကြီးပေါ်သို့ ရောက်နေကြပေပြီ။ ထိုစဉ် ဟိန္ဒူဆာဒူးကြီးတစ်ယောက်သည် ရေသောက်သည့် ခရားက တဘက်၊ ဒုတ်ကိုတဘက်လိုက်သော တွဲထဲတွင် လက်မှတ်စစ်များက ခရီးသည်များကို လက်မှတ်စစ်နေသည်ဖြစ်ရာ၊ ရထားပေါ်သို့ ကမန်းကတန်း တက်လာသည့် ဆာဒူးကြီးကိုလည်း လက်မှတ်စစ်များက လက်မှတ်စစ်ရန် တောင်းကြ၏။ ဆာဒူးကြီးက သူ့တွင် လက်မှတ်မရှိပါ။ သူသည် တရားကျင့်နေသည့် ဆာဒူးဖြစ်၍ သူ့တွင် ပိုက်ဆံလည်း မရှိကြောင်း အဖြေပေးလိုက်၏။

ဆာဒူးကြီး၏ အဖြေကို ကြားသောအခါ လက်မှတ်စစ်များက လက်မှတ်မရှိလျှင် မည်သူမဆို ရထားစီး၍ မရကြောင်း၊ ထို့ကြောင့် ရထားပေါ်မှ အမြန်ပြန်ဆင်းရန် အမိန့်ပေးကြသည်။

ဆာဒူးကြီးကလည်း လက်မှတ်စစ်များကို အမျိုးမျိုး မေတ္တာရပ်ခံ၍ တောင်းပန်ရှာသည်။

လက်မှတ်စစ်အချို့က ဆာဒူးကြီးကို လိုက်ပါခွင့်ပေးလိုသော်လည်း ဗိုလ်စိတ်ပေါက်နေသည့် စိတ်ဆတ်သည့် လက်မှတ်စစ်တစ်ဦးကမူ စကားရှည်မနေနဲ့ ပါးစပ်ပိတ်ထားဟု ပြောပြီး၊ ဆာဒူးကြီး ရထားပေါ်မှ ဆွဲချလိုက်ပါသည်။

ဆာဒူးကြီးက "ကျုပ်လို သူတော်စင်တစ်ယောက်ကို ဤမျှရိုင်းပြစွာ မလုပ်သင့်ကြောင်း။ မင်းတို့ ငါ့ကို ဆွဲချဖို့ မလိုဘူး။ အေးအေးသက်သာပြောရင်လဲ ငါဆင်းသွားဖို့ အဆင်သင့်ဘဲ၊ မင်းတို့ ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်းလုပ်တဲ့အတွက် မင်းတို့ ဒုက္ခတွေ့ရလိမ့်မယ်"ဟုပြောပြီး ဘူတာတွင်းမှ ထွက်သွား၏။

ဆာဒူးကြီးကို ဆွဲချသည့် လက်မှတ်စစ်ကမူ ဆာဒူးကြီးကို ရွံရှာသည့်ဟန်ဖြင့် တံတွေးထွေးပြီး ဒန်ဘလန်ဒီဖူးလိုက်၏။

ထိုစဉ်ဂါတ်ဗိုလ်ထံမှ ဝီစီသံနှင့် အလံတရွှေ့ရွှေ့ လှုပ်ရမ်း၍ ရထားထွက်ရန် အချက်ပေးလိုက်၏။

ခေါင်းတွဲဆီမှ ဥသြသံပေး၍ ရထားထွက်ရန် စက်ဖွင့်ပြီး အရှိန်တင်ပေးလိုက်၏။ ရထားသံဘီးများမှာ မွှတ်နေအောင်လည်နေသော်လည်း ရထားကြီးသည် နေရာမှ တလက်မမျှ မရွေ့တော့ပေ။

မီးရထား အမှုထမ်းများမှ ပျားပန်းခတ်သွားကြ၏။ သူတို့လုပ်သက်အတွင်း တခါမှ ဤသို့မတွေ့ကြုံဘူးသဖြင့် ဘာလုပ်ရမှန်း မသိကြပေ။

သံဘီးတွေ မွှတ်နေအောင်



www.burmeseclassic.com

www.burmeseclassic.com

လည်နေပါလျက် ရထားကြီးက နေရာမှမရွေ့။

မီးရထားအင်ဂျင်နီယာများမှာလည်း အပြစ်ရှာရန် ခေါင်းတွဲ ပြေးလိုက်၊ တွဲအောက်ကြည့်လိုက်၊ အင်ဂျင်စက်တွေ စစ်ဆေးလိုက်နှင့် အပူအပြင်း ကြိုးစားပမ်းစား ရှာဖွေသည့်အတိုင်၊ ခေါင်းတွဲမှ ဂါတ်မိုလ်တွဲအထိ ချို့ယွင်းချက်ကို ရှာမတွေ့ကြပေ။

စက်ကို ဘယ်လိုစမ်းသပ်စမ်းသပ်မောင်းမောင်း။ ဘီးတွေသာ လည်နေသည်။ ရထားကြီးမှာ ရွေ့သို့တလက်မမှ မရွေ့။

ထိုစဉ် ဆာဒူးကြီးနှင့် ပြဿနာဖြစ်သည့်တွဲမှ လူတစ်ယောက်က အင်ဂျင်နီယာများကို အကျိုးအကြောင်း ပြောပြသည့်အခါ အင်ဂျင်နီယာများက လက်မှတ်စစ်များနှင့် တွေ့ဆုံမေးမြန်းပြီးနောက် လက်မှတ်စစ်များနှင့် မီးရထား အမှုထမ်းများသည် ဆာဒူးကြီး ထွက်ခွာရာဘက်သို့ လူခွဲလျက် လိုက်လံရှာဖွေကြ၏။

လူစုခွဲ၍ ရှာဖွေရာတွင် အဖွဲ့တစ်ဖွဲ့က ဆာဒူးကြီးကို ချောင်းဘေး ရေစပ်တစ်ခုတွင် ရေကသိုဏ်းရှုနေကြသည်ကို တွေ့ကြရ၏။ ဆာဒူးကြီးကို တွေ့သော်လည်း မည်သူမှ အနားမကပ်ရဲကြပေ။ ထိုအဖွဲ့က ရုံပိုင်ကိုယ်တိုင် ပါဝင်သည်ဖြစ်ရာ ရထားအချိန်မီ မထွက်နိုင်လျှင် သူ့အပေါ်တွင် တာဝန်ဖြစ်နေသဖြင့် အရဲစွန့်၍ ဆာဒူးကြီးနားကပ်ပြီး ရထားပေါ်မှ ဆင်းသွားသော ဂုရုကြီးဟုတ်မဟုတ် မေးမြန်းသော အခါမှဆာဒူးကြီးကဟုတ်ကြောင်း ဖြေလိုက်သည်။ ရုံပိုင်ကြီးက သူ့လူတွေကို ခွင့်လွှတ်ဖို့နှင့် ရထားကြီးမထွက်နိုင်၍ ဒုက္ခရောက်နေသဖြင့် သူနှင့်တကွ ခရီးသည်များကို သနားလျှင် ရထားကြီးဆီသို့ ပြန်တည်လိုက်ပါရန် ရှိခိုးဦးတင် တောင်းပန်ခဲ့ပါသည်။

ဆာဒူးကြီးက ဘာမှပြန်မပြောဘဲ သူတို့နှင့်အတူ ဘူတာသို့ လိုက်လာပြီး သူတက်ခဲ့သည့် တွဲပေါ်သို့ တက်ထိုင်ပြီးမှ ရထားထွက်နိုင်ပြီးဖြစ်ကြောင်း ပြောလိုက်ရာ တကယ်ပင် ရထားထွက်နိုင်ခဲ့၏။ အလွန်ထူးဆန်းအံ့ဩဖွယ် အဖြစ်အပျက်ကို တွေ့ကြရပေသည်။

ဤအဖြစ်အပျက်အကြောင်းကို ရုံပိုင်ကြီးနှင့် ရထားအမှုထမ်းများက သက်ဆိုင်ရာသို့ အစီအရင်ခံပြီးနောက် အချိန်ကို အလွန်လေးစားတန်ဖိုးထားလေ့ ရှိသည့် အင်္ဂလိပ်ဘုရင်ခံသည် အင်္ဂလန်ပြည့်ရှင် ဂျော့ဘုရင်မင်းမြတ်၏ အမိန့်ဖြင့် အိန္ဒိယတပြည်လုံးတွင် ဆာဒူးများအား မီးရထားအခမဲ့စီးနင်းခွင့်ပေးရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဖတ်ရှုရဖူးပါသည်။

အထက်ပါဖြစ်ရပ်ကိုကြည့်လျှင် စိတ်ညို့ပညာ ဆုံးခန်းတိုင်ပေါက်ရောက်လျှင် မည်မျှထိအောင် အစွမ်းထက်သည့်အား ရှိသည်ကို တွေ့နိုင်၏။

ဘိုးတော်ကင်း လုပ်သမျှကို မြင်တွေ့ခဲ့ရသည့် ကျွန်တော့်စိတ်အစဉ်တွင် ဘိုးတော်ကင်းနှင့် စိတ်ညို့ပညာကို တွဲလျက်မြင်နေမိ၏။ ခွဲကြည့်ရန် ကြိုးစားသော်လည်း မရပေ။ အတွေးမှုရာဘက်သို့ စိတ်အမြင် ဖြန့်ကြက်နေမိစဉ် တုတ်တုတ်ပေးလာသည့် ဂျင်းသုတ်ပန်းကန်ကြောင့် အတွေးများ ပျောက်သွား၏။

သက်သတ်လွတ်သမားများအတွက် အထူးတလည် သုတ်ထားသည့် တုတ်တုတ်၏လက်ရာ ဂျင်းသုတ်မှာ စားကောင်းလှ၏။

သို့သော် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်၍ ကျွေးသည့် သက်သတ်လွတ် ဟင်းလျာများကြောင့် ထမင်းစား မြိန်ခဲ့သဖြင့် ရသာမွှန်ဂျင်းသုတ်ကို ကျွန်တော့်ဗိုက်က များများ လက်မခံနိုင်တော့ပေ။

အကောင်းချည်း စားနေရသည့် ဝမ်းဗိုက်မှ တက်လာသည့် အရှိန်ကြောင့် ကျွန်တော့် မျက်လုံးများက အိပ်ရာထဲ ဝင်ပါတော့ဟု တိုက်တွန်းနေပါပြီ။

တုတ်တုတ်တို့၏ တာဝန်ကျေပွန်မှုကို စိတ်ထဲမှ ချီးမွမ်းရင်း အိပ်ရာဝင်ခဲ့သည်။

အိပ်ရာထဲတွင် ရောက်သည့်အခါ မျက်ခွံများ လေးနေသည့်တိုင်အောင် တော်တော်နှင့် အိပ်မပျော်သေးပါ။ စိတ်အစဉ်က ရန်ကုန်တွင် ကျန်နေသည့် မိသားစုထံ ရောက်သွားပြန်သည်။ ကျွန်တော်က ဘိုးတော်ကင်းကို အမှီပြု၍ တုတ်တုတ်၏ ရောမတိုက်ကြီးပေါ်တွင် စားဖွယ်အစုံစုံ၊ သောက်ဖွယ်အမျိုးမျိုးဖြင့် ဇိမ်ရှစ်နေရစဉ် ကျွန်တော့် မိသားစုမှာ ဆန်နှင့် ရေနံဆီအတွက် သမ ဝါယမဆိုင်သို့ အခါခါ အခေါက်ခေါက် ပြေးလွှားနေရသည်ကို မြင်ယောင်နေမိပြန်သည်။

ဘဝ၏ အတက်အကျ အနိမ့်အမြင့်ဟူသည်မှာ တခဏခြင်း ဖြစ်ပေါ်တက်သည့်သဘောကို ဆင်ခြင်ရင်း အတင်းမျက်စိမှိတ်၍ အိပ်ပစ်လိုက်ရ၏။

မိုးလင်းသည်နှင့် စားသောက်ဖွယ်ရာတွေ စုံလင်လှသည့် လက်ဖက်ရည်စားပွဲကြီးတွင် တုတ်တုတ်၏ အိပ်မက်ဒေသနာကို ကြားနာရပြန်သည်။ ညက အိပ်မက်ထဲတွင် တောက်ပြောင်သော ဝတ်ရုံများ ဝတ်ဆင်ထားသည့် မိန်းမလှတစ်ဦး သူ့အိမ်ထဲဝင်လာပြီး စားစရာများလာပေးသည်။ ပါးစပ်က ဘာမှ မပြောသော်လည်း လက်ဟန်ခြေဟန်နှင့် မုန့်တွေစားဖို့ ပြောသဖြင့် သူက စားလိုက်ရာ သူ့တကိုယ်လုံး ကောင်းကင်သို့ ထိုးပျံတက်သွားကြောင်းများပါသည့် အိပ်မက်အကြောင်း ပြောပြရင်း အဓိပ္ပာယ်ကို ဘိုးတော်ကင်းအား မေးပါသည်။

ကျွန်တော်တို့၏ မေးသမျှ ဖြေမည့် ဆရာဖြေ "ဘိုးတော်ကင်း"ကလည်း ချက်ခြင်း အတိတ်ကောက်၍ ဖြေလိုက်၏။

"တုတ်တုတ်တို့တော့ ရွှေကို ဒီထက်ကြီးပွားဦးမှာ သေချာတယ်၊ သေချာဆို မြေကြီးလက်ခတ် မလွဲဘူး။ ကြံစည်ထားတဲ့ အကြံအစည်တွေရှိရင် ဒီချိန်မှာ စလုပ်တော့ အမြင့်တက်ဖို့ အချိန်ရောက်ပြီဆိုတာ ပြတာဘဲဒါပေမဲ့ အကျင့်ဘက်က မပြည့်သေးဘူးတဲ့ လိုသေးတယ်၊ ပ



www.burmeseclassic.com

www.burmeseclassic.com

ထေားတွေကိုတွေ့လျက် လှမ်းမကိုင်လိုက်နိုင်တာ အကျင့်လိုတဲ့သဘောကိုပြတာဘဲ"

"အမေးက နွားကျောင်းသား အဖြေ ပညာရှိဆို မဟုတ်သား"

အခန်း(၁၂)

နေကိုစကားသည့် ဘိုးတော်

အသားမဖြူ-မညို၊ နာခေါင်းကြီးကြီး ကိုယ်ထည်ဝဝ အမြဲဖြူဖွေးနေသည့် တက်ထရှန်အင်္ကျီ၊ လုံချည်နှင့် တက်ထရက်ခေါင်းပေါင်းကို အကျအနပေါင်းပြီး ငွေဖလားကြီးတစ်လုံး ရှေ့တွင်ချ၍ ထိုင်နေတတ်သည်။

လူစည်ကားရာ ဘုရားများ ဘုရားပွဲများသို့ သူ အမြဲရောက်သည်။

သူလုပ်ပုံကလေးမှာ ယဥ်ယဥ်ကလေး။

မည်သူ့ကိုမှ မကြည့်။ မိုးပေါ်မှ နေလုံးကိုလှမ်းပြီး စကားပြောသည်။ မြန်မာစကားနှင့် မဟုတ်။ ပါဠိ၊ သက္ကရိုက်ဘာသာများလည်း မဟုတ်။ မာဂစကားလည်း မဟုတ်သော စကားတစ်မျိုးဖြင့် ပြောသည်။ သူ့အဆိုကတော့ ဒေဝတာ ဘာသာစကားဟု ဆိုသည်။ နေမင်းကြီးနှင့် ဒေဝတာစကား အပြန်အလှန် ပြောသည်ပေါ့။

သူက နေကိုကြည့်လိုက် စကားပြောလိုက်၊ နားထောင်လိုက်။ မည်သူ့မှ မမေးလျှင်လည်း နေမင်းကြီးနှင့် စကားပြောမပျက်။ မေးသူရှိလျှင် ငွေဖလားထဲသို့ ပိုက်ဆံထည့်ရသည်။ ထိုအခါ သူက နေနှင့် စကားပြောလိုက် မေးသူကို ပြန်ပြောလိုက်။ မေးသူက မေးသည့် မွေးခွန်းကို သူက နေကို မေးလိုက် ပြောလိုက်။ ပြောလိုက်မေးလိုက်နှင့် တော်ပြီဆိုလျှင် လက်ဝါးကာပြတတ်သည်။

နောက်တစ်ယောက်···

ဤသို့ဖြင့် ပထမတစ်ယောက် နှစ်ယောက်မှ နောက်လူအုပ်ကြီးတစ်ယောက်ပြီး တစ်ယောက် မေးကြသည်။ ကြာလျှင် တိုးမပေါက်တော့။ သူက တစ်နေရာထဲတွင် အမြဲမနေ။ လှည့်လည်သွားလာတတ်သည်။

သူ့ရှေ့ရှိ ငွေဖလားကြီးထဲသို့ ပိုက်ဆံထည့်လိုက်လျှင် "နေမင်းကြီးကို ပူဇော်ပါ၏"ဟု ပြောမည်။

သူကလည်း သူ့နည်းနှင့်သူ စားသာသည်။ မေးမြန်းသူတွေက မနည်း။ မြန်မာလူမျိုးများသည် ဗေဒင်မေးခြင်းကို ဝါသနာထုံသည့် လူမျိုးများဖြစ်ရာ ဟောသူရှိလျှင် မေးသူရှိဖို့အတွက် မပူရပါ။

သို့သော် နည်းရှိးဖြင့်မရ။ တီထွင်ရမည်။ တီထွင်ပြီးလျှင် စားပေရော့။ သူ၏ အမည်က "ဘိုးတော် တေဇော"တဲ့။

သူက နေကသိုဏ်းကို အောင်မြင်ပြီး ဘိုးတော်အမည်ခံယူထား၏။

အကြောင်းမသိလျှင် လူပြက်ကိုပင် မင်းသားဟု ထင်တတ်သည့် ကျွန်တော်တို့ လူမျိုးနှင့် သူ့ဟန်မှာ အံဝင်ဂွင်ကျဖြစ်နေသည်။ လပေါ်ရောက်ခဲ့သည့် လူသားများသည် လပေါ်မှ နေထွက်ပုံကို မြင်ခဲ့ရသော်လည်း နေမင်းကြီးနှင့် စကားမပြောခဲ့ရပါ။ မြင်ရုံသာမြင်ရ မကြင်ရမောင့်ကို ဖြစ်ခဲ့ကြသော်လည်း သူက မြေကြီးပေါ်မှ နေမင်းကြီးကိုပင်လှမ်း၍ စကားပြောနိုင်သူ ဖြစ်၏။

လပေါ် ရောက်ခဲ့သည့် သိပ္ပံပညာအစွမ်းမှာ သူ၏ပညာနှင့် ယှဥ်လိုက်သည့်အခါ ဆင်နှင့်ကြွက်ပမာ ဆိုရပေမည်သာ။

အမှန်ကတော့ သူသည် ဘိုးတော်တေဇော ဖြစ်အောင် မည်သို့မျှ ကျင့်ကြံအားထုတ်ခဲ့ရခြင်း မရှိပါ။ သူ၏ မူလအလုပ်မှာ ဗန္ဓုလပန်းခြံ သံတိုင်ဘေးတွင် မနက်မိုးလင်းမှ ညနေသို့တိုင်အောင် တထည်ထဲသော ဘုန်ကောက်လုံချည်၊ တထည်ထဲသော အယ်(လ်)ပါကား အနက်ရောင် အပေါ်အင်္ကျီကို ဝတ်လျက်၊ ကျောက်သင်ပုန်းကို ကျောက်တန်ကလေးနှင့် တတောက်တောက်ခေါက်နေသည့် အင်္ဂလိပ် အဟောဆရာသာ ဖြစ်ပေသည်။

တနေကုန်သော်လည်း တခါတရံတွင် အပြန်လမ်းစရိတ် မရှိသဖြင့် ကုန်းကြောင်းလျှောက်ခဲ့ရသည်။ သူများကိုသာ ဟောနိုင်၍ ကိုယ့်ကိုယ်ကို ပြန်မဟောနိုင်သည့် အင်္ဂလိပ်ဝိဇ္ဇာဆရာမျှသာ ဖြစ်၏။

သူကား ဘုရားပေါ်ရောက်သည့်အခါ ဘယ်တော့မှ မရှိခိုး။ ပုဆိန်ပေါက်ပင် ဦးမချ။ နေ့စဥ်ဆိုသလို ရောက်နေသဖြင့် ရွှေတိဂုံစေတီတော်ကြီးမှာ အိမ်ဘုရားဖြစ်နေသည်။ တခါတရံ စိတ်လိုလက်ရ ရှိမှသာ ဘုရားပေါ်ရှိ ရေသည်များလို အသံနေအသံထားနှင့် ဒေါ်ပာစ်ရှိခိုးတတ်၏။

ထိုနေ့က အိမ်ပြန်လိုက်လျှင် နောက်တစ်နေ့ လမ်းစရိတ်ရှိတော့မည် မဟုတ်သဖြင့် အိမ်မပြန်တော့ဘဲ ဘုရားပေါ်တွင် ဟိုရောက် ဒီရောက် အချိန်ဖြုန်းနေရာမှ ရွှေတိဂုံစေတီတော်ကြီး၏ အရိပ်အာဝါသကို ခိုလှုံနေသည်။ တစ်ခုသော ဇရပ်မှ ဘိုးတော်တစ်ယောက်ကို သွားတွေ့သည်။ ဘိုးတော်အနားတွင် စိန်ရောင် ရွှေရောင်တွေ တဝင်းဝင်းတောက်နေသည်။ နှစ်လုံးထပ် ပန်းထိုးခေါင်းအုံးကြီးပေါ်တွင် လက်တဖက်ထောက်၍ ဟန်ပါပါ ထိုင်နေသည်။ ဘိုးတော်နားတွင် ပျိုပျိုအိုအိုတွေ ဝိုင်းဝိုင်းလည်နေသည်။ တချို့က ခြေဆုပ်လက်နယ်ပြုလျက်။

သူက အပြင်ဘက်မှ အသာအကဲခတ်ကြည့်နေသည်။ ဘိုးတော်နားတွင် ရစ်ဝဲနေသည့် လူတွေမှာ လျော့မသွား။ နောက်ထပ် နောက်ထပ် ထပ်၍သာတိုးလာသည်။

ဇရပ်အပြင်ဘက်မှ အကဲခတ်ကြည့်နေရင်း သူ့စိတ်အစဥ်က အတွေးနယ်ထဲသို့ ဝင်သွားသည်။ "ငါသည် တပင်တပမ်း သင်ကြားထားသောပညာနှင့် လုပ်ကိုင်စားသောက်ပါသော်လည်း ဘယ်ကြော်ဘိုးပင် မရသည့်အခါရှိသည်။

ဤဘိုးတော်ကြီးမှာတော့



www.burmeseclassic.com

www.burmeseclassic.com

စားဘို့လဲမပူရ။ အိပ်ဘို့လဲမပူရ သည့်ပြင် နှစ်ထပ်ခေါင်းအုံးကြီး ပေါ်မှာ လက်ထောက်ပြီး ချွေးရုံ သင်းပင်းတွေကလည်း ဝိုင်းဝိုင်း လည်နေသည်။ သူ၏ဘဝကား အေးချမ်းလှပေစွ။ ငါ့မှာ တနေကုန် အညောင်းထိုင်လို့မှ စားဘို့ပင်မရ။ အနှိပ်အနင်း ပြုစုပေးမည့်သူမှာ ဝေလာဝေး။ သူ့မှာတော့ နှိပ်ပေးမည့်လူ၊ နင်းပေးမည့်လူတွေကိုတောင် တော်ပါဟုတားနေရသည်။

ဤဘိုးတော်ကြီးမှာတော့ စားဘို့လဲမပူရ။ အိပ်ဘို့လဲမပူရ သည့်ပြင် နှစ်ထပ်ခေါင်းအုံးကြီး ပေါ်မှာ လက်ထောက်ပြီး ချွေးရုံ သင်းပင်းတွေကလည်း ဝိုင်းဝိုင်း လည်နေသည်။ သူ၏ဘဝကား အေးချမ်းလှပေစွ။ ငါ့မှာ တနေကုန်အညောင်းထိုင်လို့မှ စားဖို့ပင်မရ။ အနှိပ်အနင်း ပြုစုပေးမည့်သူမှာ ဝေလာဝေး။ သူ့မှာတော့ နှိပ်ပေးမည့်လူ၊ နင်းပေးမည့်လူတွေကိုတောင် တော်ပါဟု တားနေရသည်။ဘဝချင်းကား ခြားနားလှ ပေစွ။ မိုးနှင့်မြေ ကွာခြားသလိုသာပ။ ဘဝအကျိုးပေးသန်သည့် လူများကျတော့ သန်လိုက်သည့် အကျိုးပေး။ ဘဝအကျိုးပေး မသန်သူများမှာ နှံချာလိုက်သည်မှ သူ့အပြင်၊ နောက်ကမရှိတော့ဟု တောင်စဉ်ရေမရ အတွေးနယ်ချဲ့ နေမိသည်။

အိပ်တော့မည်ဟု လှဲနေပါသော်လည်း အိပ်မပျော်ပါ။ ဟိုဘက်လှိမ့် သည်ဘက်လှိမ့်ရင်း ဟိုစဉ်စား၊ သည်စဉ်းစားနှင့် သူ့ခေါင်းထဲသို့ အမှတ်မထင် အကြံတစ်ခု ဝင်လာသည်။ ပေါ်လာသည့် အကြံကို ဒလစပ်-ဒလစပ် စဉ်းစားရင်း သူ့မျက်နှာမှာ ပြုံးလိုက် မဲ့လိုက်ဖြစ်နေသည်။ သူက ဘုန်းကြီးလူထွက်လည်း ဖြစ်နေသဖြင့် ဝိနည်းအပြစ်မှ လွတ်ပါ့မလားဟု ထည့်ထည့်စဉ်းစားတတ်၏။ ဝိနည်းလွတ်မလွတ် ဆင်ခြင်ခဲ့သည်မှာ အကျင့်ပါနေပြီဖြစ်သဖြင့် လူပြန်တော်ဘဝ ရောက်နေသည့်တိုင် ဝိနည်းက သူ့ခေါင်းထဲက မထွက်သေး။

နောက်ဆုံးတွင် သူဆုံးဖြတ်ချက် ချလိုက်နိုင်ပါပြီ။ ခံရမှာ နောက်ဘဝ၊ စံရမှာ ယခုဘဝ။ နောက်ခါလာ နောက်ခါချေးပေါ့။ လုပ်တော့မည်ဟု ယတိပြတ်ဆုံးဖြတ်လိုက်၏။ ဒီလောကကြီးမှာ ထူးချင်လည်းထူးမှ။ ရှူးချင်လည်း ရှူးမှ နေကျသည်မို့ သူလုပ်မည့် လုပ်ငန်းကို သူများထူးအောင် လုပ်ရန် အစီအစဉ်တွေ တခုပြီး တစ်ခု စဉ်းစားရင်း ပီတိရသကို ခံစားပြီး အိပ်ပျော်သွားပါသည်။

နောက်တစ်နေ့မှစ၍ ဗန္ဓုလပန်းခြံ သံတိုင်နားမှ အင်္ဂဝိဇ္ဇာ ဆရာကြီးပျောက်သွားခဲ့ပါပြီ။

မိုးလင်းသည်နှင့် ဆရာတော့်ထံတွင် လွယ်အိတ်ထားခဲ့ပြီး လက်တဆစ်စာရှိ ကျောက်ဖြူကလေးတွေ ဝိုင်းထားသည့် ကျောက်နီလက်စွပ်ကြီးကို ပြည်သူ့ပစ္စည်း ထိန်းသိမ်းရေးဌာနသို့ ပို့လိုက်၏။ ရလာသည့် ငွေကလေးပိုက်လျက် အိမ်ပြန်လာပြီး မိန်းမဖြစ်သူကို ငွေအနည်းငယ် ပေးလိုက်၏။

"ရှင်မ၊ မင်း ငါပေးခဲ့တဲ့ငွေ ချွေးချွေးရောင်းပြီး ဝမ်းကျောင်းပေအုံး ငါတော့ အကြံတစ်ခုအတွက် သွားတော့မယ်၊ အကြံအောင်ရင် ပြန်လာမယ်"ဟု မှာကြား၍ အိမ်မှ ထွက်ခဲ့ပြီးနောက် တစ်လခန့်ကြာသည့်အခါ နေမင်းကြီးနှင့် အမြဲတမ်း စကားပြော၍ အကြား အမြင်ပေါ်သည့် ဘိုးတော်တေဇောအဖြစ် ထင်ရှားကျော်ကြားလာခဲ့ပေသည်။

ဘိုးတော်တေဇာမှာ နေ့ဘက်တွင် နေမင်းကြီးနှင့် စကားပြော၍ ညဘက်တွင် မဒီကညာနှစ်ပါးကို ဘယ်ညာတွဲလျက် ချစ်တေးစကားဆိုရင်း စိမ့်စိမ့်မိန့်မိန့်ကြီး လောကီ အရသာကို ခံစားလျက် ရှိချေပြီ။ နေမင်းကြီးနှင့် စကားပြောခအဖြစ် တစ်နေ့နှစ်ဆယ်အထက် ဘိုးတော်တေဇော အပါးတွင်ချွေရံသင်းပင်းများလည်း ဝိုင်းဝိုင်းလည်နေပေပြီ။ ဤသို့သော ဘိုးတော်များမှာ ဘိုးတော်လောကတွင် အင်းအား မသေးတော့ပါဟု။ သည်နောက်တော့ ဘော်တိုးတွေအကြောင်း ဆက်လက် လေ့လာခွင့် မကြုံကြိုက်တော့ပါ။ ကျွန်တော့်မှာ နိုင်ငံဝန်ထမ်းတစ်ဦးဖြစ်သဖြင့် နယ်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ဘိုးတော်ကင်းနှင့်လည်း အဆက်ပြတ်သွားပါသည်။ တစ်နှစ်ကျော်ကြာမှ ရန်ကုန်သို့တစ်ခေါက် ခေတ္တပြန်လည် ခြေချခွင့်ရခဲ့သဖြင့် ပထမဆုံး ကျွန်တော်၏ဘိုးတော်ကင်းကို တွေ့ဆုံရန်သွားခဲ့၏။ ဒီတစ်ကြိမ်တော့ အထဲကိုလုံးဝဝင်ခွင့်မရသည့်အပြင် ဘိုးတော်ကင်း အမည်ပြောလိုက်သည်နှင့် မောင်းထုတ်ခြင်းခံခဲ့ရ၏။ တိုက်ကြီးရှင်ဒေါ်ခင်မေချော က ဘိုးတော်ကင်းနာမည်ကို သူ၏တိုက်အရိပ်တွင်ပင် မပြောရဟုအမိန့်ထုတ်ထားလိုက်ပေပြီ။

ဘိုးတော်ကင်းက သူချစ်သောမမ၏ အမှောင်ရင်ခွင်ထဲမှ ရုန်းထွက်၍ အလင်းရှိရာသို့ ထွက်သွားခဲ့ပြီ ဖြစ်သောကြောင့်ပါ။ ဘိုးတော်ကင်း(ခေါ်)ခင်မောင်ဦးကိုရှာဖွေရန် အနီးစပ်ဆုံး သတင်းပေးနိုင်မည့် ရီထံသို့ တယ်လီဖုန်းဆက်မေးလိုက်သည်။

ရီစာပြနေသည့်ကျောင်းသို့ ဖုန်းဆက်မေးသည့် အခါတွင်မှ ကျွန်တော်လုံးဝမမျှော်လင့်ခဲ့သည့် ယုံကြည်နိုင်စရာ အလျဉ်းမရှိသည့် သတင်းစကား ကြားလိုက်ရ၏။

"ရှင့် သူငယ်ချင်းတော့ ဒေါ်ခင်မေချောနဲ့ အပြတ်ရှင်းပြီး ဘိုးတော်ဘဝနဲ့ ဂိုဏ်းဆရာဘဝကို စွန့်လိုက်ပါပြီ။ အခုတော့ အလွတ်ပညာသင်ကျောင်းထောင်ပြီး စာပြနေလေရဲ့. ဒီအချိန်ဆိုရင် အိမ်မှာ မီးမီးတို့ သားသားတို့နဲ့ ဆော့နေပေါ့၊ အိမ်ကိုဆက်ဆက်သွားလိုက်ပါအုံး"တဲ့။

ဘိုးတော်ကင်းအမည်ခံ ခင်မောင်ဦးမှာ ပူလောင်သော ဒေါ်ခင်မေချောရင်ခွင်မှ ရုန်းထွက်လျက် အေးမြသော ရီ၏ရင်ခွင်ထဲ၌ ပြန်လည်ခိုနားခဲ့လေပြီ။

ကောင်းပါလေစွ၊ ကောင်းလေစွ၊ သာဓုအနုမောဒနာ ခေါ်လိုက်ပါသည်...ဘိုးတော်ကင်း။

မေတ္တာအသခြေ-အနန္တဖြင့်
ကျော်မြသန့်



www.burmeseclassic.com

www.burmeseclassic.com



# ယတြာချက်များ



ဆရာကြီးမင်းသိင်္ခက ဦးမောင်မောင်မြင့်အားကို ပေးသော ပညာရပ်များ

"ကဲ . . . ကိုမောင်မောင်မြင့်အားရေ ထမင်းကလည်း စားလို့ကောင်း ရေခဲရေ ကလည်း သောက်လို့ကောင်း၊ ကဲ . . . ဒီတစ်ခါတော့ မင်းကြည့်ရတာ တစ်ခုခု မပြောသလိုဘဲ ပြောပါဦးကွ" ဟု ထမင်းစားပြီး စီးကရက်ဖွာရင်းနှင့် ဆရာကြီးက ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ...

"ဒီလို ဆရာကြီးရေ အလုပ်ကလေးက အောင်မြင်ပြီဆိုရင် ဟိုကတိုက် ဒီကတိုက်နဲ့ အတိုက်အခံကလည်း များတယ်၊ မျှော်လင့်ထားတဲ့ ငွေကြေးတွေကလည်း မရနဲ့ ကြွေးကလည်းနည်းနည်းတင်နေသေး တယ်၊ အဲဒါဘာလုပ်ရမလဲ" ဟု ပြောလိုက်ရာ ဆရာကြီးက စီးကရက်ကို လက်နှင့် ပြာချွေလိုက်ပြီး...

"ရုပ်မှာ အင်္ဂါ၊ နာမ်မှာ စနေ ဆိုတာရှိတယ်ကွာ အဲဒီအင်္ဂါ နဲ့ စနေ၊ အင်္ဂါနဲ့ နဝင်း၊ ခင်းလိုက်ရင် ထူးထူးခြားခြား ကံပွင့်တယ် အလိုပြည့်တယ်၊ ထင်ရှားတဲ့ အောင်မြင်ခြင်း ဖြစ်စေတယ်တဲ့ကွာ"

အင်္ဂါဆိုတာ တနင်္ဂနွေနဲ့ စနေအတွဲ စနေ ဆိုတာ ၃ နဲ့ ၈ နှစ်ခုအတွဲ ၃ ၈၊ နဝင်းဆိုတာက ဂဏန်းတစ်လုံးထဲကို ပေါင်းက ၉ ဖြစ်နေတဲ့ဂဏန်း။ အဲဒါမျိုးကို ဒီလိုစီရင်ရင်ရတယ်၊ လင်ပန်းတစ်ချပ်ပေါ်မှာ အဝကျယ်တဲ့ ပုလင်းတင်၊ အဖုံးဖွင့်၊ အဲဒီထဲမှာ ပေါက်ပေါက် အပြည့်ဖြည့်၊ အဲဒီပေါက်ပေါက်ပေါ်မှာ ထီးစိုက်ပြီးထားရမယ်"

ဟု ပြောလိုက်ရာ ကျွန်တော်က...

"အဲဒီလို လုပ်ရင်ရလား။ အဲဒါက ဘယ်မှာထားရမှာလဲ"

ဟု မေးလိုက်ရာ ဆရာကြီးက...

"အေး...ငါပြောတော့လွယ်တယ်၊ အဲဒါကို အလုပ်စားပွဲ ငွေသိမ်းကောင်တာပေါ်မှာ တင်ရတယ်၊ ဒါပေမယ့် စနစ်ကျဖို့တော့ လိုသေးတယ်" ဟု ပြောပြီး ခုံပေါ်တွင် မြေဖြူဖြင့် အောက်ပါအတိုင်း ရေးလိုက်၏။

လင်ပန်း = ၄ + ၅ = ၉

ပုလင်း = ၅ + ၄ = ၉

အဲဒါကိုကြည့်ရင် နဝင်းမာတ်တွေ ဆောင်ထားတာပြင်ရမယ်၊ ပေါက်ပေါက်ဆိုတာ ထူးခြားတာက ကြာသပတေး ၂ လုံးဆင့် အောက်မာတ် ဒါကြောင့် မင်္ဂလာပွဲတွေမှာ သုံးကြတယ်။

ပေါက် + ပေါက်

၅ + ၅ = ၁၀

အဲဒါကိုကြည့်ရင် ၁ + ၀ ဆိုတော့ အင်္ဂါ မာတ်ပဲ။

ကြာသပတေးဂြိုဟ်သက် ၂ ခုပေါင်းရင် ၁၉+၁၉=၃၆ စနေမာတ် ၃+၈ ၊ အဲဒီတော့ ပေါက်ပေါက် တစ်မျိုးထဲက နဝင်းကော ၊ စနေကော မိနေတယ်။

အဲဒီပေါ်မှာ ထီးစိုက် ၇ + ၃ = ၁၀ အင်္ဂါမာတ်၊ ဒါကြောင့် လင်ပန်းပေါ် ပုလင်းတင်၊ ပုလင်းထဲ ပေါက်ပေါက်ထည့် အဲဒီပေါ်က ထီးစိုက် တော့ အင်္ဂါ စနေ အင်္ဂါနဲ့ နဝင်းကိုက် အစီအရင် ဖြစ်မနေဘူးလား။"

ဟု ဆေးလိပ်သောက်ရင်း ပြောပြလိုက် မြေဖြူဖြင့် ခုံနက်ပေါ်ရေးလိုက်နှင့် ကျွန်တော့်ကို ရှင်းပြနေ၏။

ကျွန်တော်က...

"ဆရာကြီး ကျွန်တော်က ဗေဒင်မတတ်တော့ အင်္ဂါတို့ စနေတို့ နားမလည်ဘူး။ အခုက က လင်ပန်းပေါ် ပုလင်းတင်၊ ပုလင်းထဲ ပေါက်ပေါက်ထည့် ပေါက်ပေါက်ထဲ ထီးစိုက်ပြီး အလုပ်စားပွဲပေါ်တင်၊ အဲဒီလိုတင်ရင် လာဘ် ပွင့်တယ်၊ ဒါပဲ မဟုတ်လား။ တစ်ခုတော့ ရှိတယ် ဆရာကြီးတို့ ပညာရပ်အနေနဲ့ အချိန်တို့ အခါတို့ ဆိုတာ ရှိတော့ အဲဒါတော့ ကျွန်တော့်ကို ဇယားလေးနဲ့တော့ ဆွဲပြမှ ဖြစ်မယ်"

ဟု ပြောလိုက်ရာ ...

ဆရာကြီးက...

"အေးပါကွာ မင်းကပြောလိုက်ရင် ဗေဒင် မတတ်တာဘဲ ပြောပြောပြီး ငါ့ဆီက ယတြာတွေ တောင်းတောင်း နေတာ အခုငါဆွဲပြတဲ့ ဇယားအတိုင်းသာ လုပ်ပေတော့ကွာ"

ဟု ပြောပြီး အောက်ပါ ဇယားကို ဆွဲပြလိုက်လေတော့သတည်း။

| နေ့သား | ထောင့် | မျက်နှာမူရန်အရပ် |
|---|---|---|
| တနင်္ဂနွေ | ရာဟုထောင့် (၁+၈=၉) | အနောက်မြောက် |
| တနင်္လာ | စနေထောင့် ((၂+၇=၉) | အနောက်တောင် |
| အင်္ဂါ | သောကြာထောင့် (၃+၆=၉) | မြောက် |
| ဗုဒ္ဓဟူး | ကြာသပတေးထောင့် (၄+၅=၉) | အနောက် |
| ကြာသပတေး | ဗုဒ္ဓဟူးထောင့် (၅+၄=၉) | တောင် |
| သောကြာ | အင်္ဂါထောင့် (၆+၃=၉) | အရှေ့တောင် |
| စနေ | တနင်္လာထောင့် (၇+၂=၉) | အရှေ့ |
| ရာဟု | တနင်္ဂနွေထောင့် (၈+၁=၉) | အရှေ့မြောက် |



www.burmeseclassic.com

www.burmeseclassic.com



# သမ္ဗုဒ္ဓေရှင်းတမ်း

မောင်ပုတ်စည်

သမ္ဗုဒ္ဓေဂါထာတော်ကြီးနဲ့ ပတ်သက်လို့ ဘယ်လောက် ထက်မြက်တယ်၊ ထူးခြားတယ်ဆိုတဲ့အကြောင်း ဆရာတော်၊ သမားတော်ကြီးများ၊ ဆရာ့ဆရာများ ရေးသားပေးထားကြတာ အများကြီးပါ။

စာရေးဆရာကြီးငယ်တို့ကလည်း ကိုယ်တွေ့အံ့ဖွယ် ဖြစ်ရပ်တွေ ရေးသားကြတာ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ မကြာခဏ ဖတ်ရှုရပါတယ်။ ဒါ့အပြင် အစွမ်းထက်သော သမ္ဗုဒ္ဓေဂါထာတော်ကြီးနှင့် တကယ့်ဖြစ်ရပ်များ၊ သမ္ဗုဒ္ဓေ၏ အကျိုးကျေးဇူး၊ သမ္ဗုဒ္ဓေနှင့် ကိုယ်တွေ့ အံ့ဖွယ်ဖြစ်ရပ်မှန် စသဖြင့် စာအုပ်စာတမ်းတွေ ထုတ်ဝေကြတာကိုလည်း ဖတ်ရှုရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီစာအုပ်တွေထဲမှာ သမ္မုဒ္ဒေဂါထာကြောင့် အသက်ဘေးက လွတ်မြောက်သွားတာတွေ၊ သူခိုးဓားပြ မီးဘေးက ကင်းသွားတာတွေ၊ တကယ့်ကိုယ်တွေ့ အဖြစ်မှန်တွေကို ဖတ်ရပါတယ်။ ကြက်သီးမွေးညင်း ထစရာပါပဲ။ တော်တော့်ကို ထူးခြားဆန်းပြားတဲ့ ဖြစ်စဉ်တွေပါပဲ။ သမ္မုဒ္ဒေရဲ့ အစွမ်းပေါ့။ သို့သော် စာအုပ်ထဲမှာ ဖတ်ရတဲ့ အဖြစ်အပျက်တွေပါ။ လက်တွေ့ မမြင်ဖူးသေးပါဘူး။

အခု ကိုယ်တွေ့ ဖြစ်ရပ်ကလေးတစ်ခု တင်ပြပါ့မယ်။ လောလောဆယ် သက်ရှိထင်ရှားရှိနေတဲ့ ဂန္ထဝင်စာရေးဆရာကြီးတစ်ဦး သူ့ရဲ့သား ပန်းချီဆရာ လူငယ်တစ်ဦး။ (နာမည်မှန်တွေကို မြှုပ်ထားပါရစေ။)

အဖေက ဘာသာရေးကြည်ညိုတော့ သားကိုလည်း ညွှန်ပြသင်ကြားတာပေါ့။ ဒီတော့ သားငယ်ကလည်း အရမ်းနူးညံ့သိမ်မွေ့တယ်၊ လိမ္မာယဉ်ကျေးတယ်။

မကြာသေးမီက စင်္ကာပူနိုင်ငံကို အလုပ်လုပ်ဖို့ သားငယ်က သွားတယ်။ တရားဝင်တော့မဟုတ်ဘူး။ ဒါကြောင့် ဘုရားတရားမမေ့ဖို့ အထူးသဖြင့် သမ္မုဒ္ဒေဂါထာကို အမြဲရွတ်ဖို့ မှာလိုက်တယ်။ သားကလည်း နားထောင်တယ်။

စင်္ကာပူရောက်တော့ အလုပ်ဝင်တယ်။ တစ်လ၊ နှစ်လအတွင်း အိမ်ကို ငွေပို့နိုင်တယ်။ အဆင်ပြေတယ်။ တည်းနေတဲ့အိမ်မှာတော့ လူက အစုံပဲလေ။ များသောအားဖြင့်တော့ ခပ်ဆိုးဆိုးတွေက များပါတယ်။

ဒီလိုနဲ့ ငါးလလောက်ကြာတော့ အတော်လေး အသားကျပြီး နေတတ်ထိုင်တတ်၊ သွားတတ်နေပြီပေါ့။ သမ္မုဒ္ဒေကတော့ မပြတ်ရွတ်တယ်။ တစ်နေ့ မနက်မှာတော့ မမျှော်လင့်ဘဲ ပြန်းဆို ရဲတွေရောက်လာပြီး ဝင်ဖမ်းပါလေရော။

ဒီအချိန်မှာ သူက ရေအိမ်ထဲက ထွက်လာတယ်။ ရဲဝင်ဖမ်းပြီဆိုတာ သိတယ်။ သူ့သူငယ်ချင်းလေးယောက်ကိုလည်း ဖမ်းသွားတယ်။ သူ့ကိုလည်း ရဲတွေက တွေ့တယ်။ ခေါ်ပြီထင်တာပေါ့။ ဘာလုပ်ရမှန်းမသိဖြစ်နေတော့ သမ္မုဒ္ဒေပဲ ရွတ်နေတယ်။ ရဲက သူ့ကိုကြည့်ပြီး ဘာမှမပြောဘဲ ထွက်သွားတယ်တဲ့။ ဒီတော့မှ သူလွတ်ကျန်ခဲ့မှန်းသိတယ်။ သားက ပြောပြတယ်။

“အံ့ဖို့တော့ ကောင်းတယ် ဘာဘရဲ့၊ ရဲနဲ့ ကျွန်တော် မျက်နှာချင်းဆိုင်တွေ့သွားနဲ့ ပြူးပြီး သားကို ထားခဲ့တယ်။ ဟိုကောင်တွေပဲ ခေါ်သွားတယ်။ သားလည်း ရှောင်ထွက်ဖို့ လုပ်နေတုန်း ကံဆိုးချင်တော့ ရဲတစ်ယောက် ပြန်တက်လာတယ်။ သားလည်း ဘာလုပ်ရမှန်းမသိတော့ဘဲ ကြောင်ပြီး ကြည့်ရင်းနဲ့ ကြက်သေသေပြီး ငိုင်နေမိတယ်။ သူ့ပစ္စည်းလားဘာလားတော့မသိဘူး။ တစ်ခုခုကျန်ခဲ့လို့ ပြန်လာယူလားတော့ မပြောတတ်ဘူး။ ထူးခြားတာကတော့ သားကို သူ လုံးဝမမြင်တဲ့ပုံပဲ ဘာဘရဲ့” . . . တဲ့။

ကျွန်တော်ကတောင် သားစကားကို ပြန်နောက်လိုက်တယ်။ “အေးပေါ့ကွာ။ သားက သမ္မုဒ္ဒေကျေးဇူးနဲ့ ကိုယ်ပျောက်သွားတာဖြစ်မှာပေါ့” လို့။

ဘယ်လိုပဲဖြစ်ဖြစ် ဒီရှင်းတမ်း၊ ဒီဖြစ်ရပ်ကလေးကတော့ အခုလောလောဆယ် မျက်မြင်ဒိဋ္ဌ ပြလို့ရတဲ့၊ တွေ့လို့ရတဲ့ သက်ရှိထင်ရှား ကိုယ်တွေ့ပါ။

အခုလောလောဆယ် ဖခင်စာရေးဆရာကြီးက အသက်ငါးဆယ်ကျော်၊ သားငယ်ပန်းချီဆရာက အသက်သုံးဆယ်ကျော်။ စာရေးနေဆဲ၊ ပန်းချီရေးနေဆဲ အသက်ရှင်လျက် ရှိနေဆဲပါ။

သမ္မုဒ္ဒေနဲ့ပတ်သက်ပြီး နောက်ထပ် အံ့ဖွယ်သရဲ့ သူကြုံတွေ့ခဲ့ရပုံတွေကိုလည်း ပြောပြမယ်တဲ့။ ဆက်လက် ရေးသားပါ့မယ်။ ဒီရှင်းတမ်းကိုတော့ ဒီမျှနဲ့ပဲ အဆုံးသတ်လိုက်ပါဦးမယ်။

**ငှမောင်ပုတ်စည်**



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မို ဝင်ငွေကြွေး (၁၂)

( ဓာတ်သိမ်းပိုင်း )

ကျွန်ုပ်သည် ဖိုးတစ်ကတ်ဟုခေါ် သင်တန်းကို တက်ရောက်အောင် ောက် နာမည်ကြီးဟိုတယ်တစ်ခု ဖွင့်လှစ်သော PCE ခေါ် Ship သင်တန်းအား တက်ရောက်ရမြန် သင်တန်းကာလမှာ နှစ်လကြာ ထိုသင်တန်းတွင် နိုင်ငံတကာ က်နည်းများအား အမြွက်မျှသင် အထူးသဖြင့် ဆရာများက သဘောအတွေ့အကြုံများကိုသာ သင်ကြားပေးခြင်းဖြစ်၏။ သင်တန်းပြီးဆုံးခါနီးတွင် သင်ယူထားသော ဟင်းချက်နည်းများအား ကိုယ်တိုင်စိတ်ကြိုက်ဈေးဝယ်၍ ကိုယ်တိုင်ချက်ရ၏။ သင်တန်းသားများထဲတွင် အချို့သည် အတွေ့အကြုံရင့်ကျက်နေသူများဖြစ်ပြီး ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် လက်ရှိလုပ်ကိုင်နေသူများဖြစ်ရာ သူတို့အတွက် အခက်အခဲမရှိလှဘဲ ကျွန်ုပ်အတွက်မူ စွန့်စားခန်းကြီးတစ်ရပ် ဖြစ်ပေ၏။ သို့သော် ကျွန်ုပ်၏ကြိုးစားမှုကြောင့် အောင်လက်မှတ်တစ်ခုတော့ ရနိုင်ခဲ့၏။ အချို့ အောင်လက်မှတ်ပင် မရလိုက်သူများလည်း ရှိ၏။ ထိုအတောအတွင်း ကျွန်ုပ်သည် ဥပုသ်စောင့်ရမည့်ရက်များတွင် ဝတ်မပျက်အောင်လည်းကောင်း၊ ညပိုင်းတွင် အဘိုးသူတော်

www.burmeseclassic.com

ကြောင် သင်ပြထားသည့်အတိုင်း တရားထိုင်ခြင်းအလုပ်ကိုလည်းကောင်း၊ မပျက်အောင် ကြိုးစားလုပ်ဆောင်လေ၏။ ထိုအတောအတွင်း အဘိုးသူတော်ကြောင်နှင့်လည်း မတွေ့ဖြစ်တော့ပေ။ ရွှေမြစိန်တို့၏ သတင်းမှာလည်း အငွေ့ပျံသကဲ့သို့ လွင့်ပျံပျောက်ကွယ်၍ သွားပြီဖြစ်၏။ ကျွန်ုပ်သည် ထိုရက်ပိုင်းအတွင်း၌ Pass Port စာအုပ်ပြုလုပ်ခြင်း၊ CDC ခေါ် သင်္ဘောလုပ်သက်မှတ်တမ်းစာအုပ်ပြုလုပ်ခြင်းကိုလည်းကောင်း ပြုလုပ်ရပြန်၏။ SSA ခေါ် ၁၀ ရက် သင်တန်းကိုလည်းကောင်း၊ SID ခေါ် သင်္ဘောသားမှတ်ပုံတင်စာအုပ်ကိုလည်းကောင်း ဆက်တိုက်ဆိုသလို ပြုလုပ်ရလေ၏။ ထို့နောက် နှစ်ပတ်ခန့်ကြာမြင့်သော PSCRB သင်တန်းကို တက်ရပြန်လေ၏။ ကျွန်ုပ်သည် အချိန်ခုနစ်လလောက်အတွင်း လိုအပ်သည့်သင်တန်းများကိုလည်းကောင်း၊ စာအုပ်များကိုလည်းကောင်း ပြီးစီးအောင် ပြုလုပ်ရလေ၏။

အားလုံးအသင့်ဖြစ်သောအခါ လိုင်းချိတ်ရလေ၏။ သင်္ဘောကုမ္ပဏီနှင့် ဆက်သွယ်ရလေ၏။ ထိုကိစ္စများအား တစ်ရပ်ကွက်တည်းနေ ဝါရင့်သင်္ဘောသားကြီး ကိုအောင်ကျော်ထွေးကို အားကိုးရလေ၏။ ကိုအောင်ကျော်ထွေးသည် ကျွန်ုပ်အား သင်္ဘောအတွေ့အကြုံများကို အခါအားလျော်စွာ ပြောပြလေ၏။

"ဒီမှာ ကောင်လေး၊ မင်းသင်္ဘောတက်မယ်ဆိုရင်တော့ ဗမာများတဲ့သင်္ဘောကို မတက်လေနဲ့ကွ။ ဗမာများရင် ပြဿနာများတယ်။ ဗမာတွေက သင်္ဘောပေါ်မှာ အချင်းချင်းသစ္စာမရှိကြဘူး။ နောက်ပြီး တစ်ခုသတိထားရမှာက သင်္ဘောမှာ ကပ္ပတိန်ကြီးက အဓိကကွ။ ကပ္ပတိန်မကြိုက်လို့ကတော့ မင်းရောက်တဲ့အရပ်ကနေ ဒိုးပေတော့ပဲ။ အဲဒါဆိုရင်တော့ မင်းဘဝ သွားပြီ။ တစ်ခုတော့ ရှိတယ်။ ကပ္ပတိန်ကလည်း သုံးယောက်ထက် ပိုထုတ်လို့မရဘူး။ သုံးယောက်ထက်ပိုရင် နောက်တစ်ယောက်ပြုတ်တဲ့သူဟာ ကပ္ပတိန်ပဲ။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီက လူရှာရမလွယ်ဘူးလေကွာ့။ တစ်ခေါက်ပြီးသွားရင်တော့ ပြဿနာမရှိတော့ဘူး။ အေးဆေးဖြစ်သွားပြီ။ သင်္ဘောတစ်ခေါက်လိုက်ပြီးတိုင်း CDC လို့ခေါ်တဲ့ သင်္ဘောလုပ်သက်မှတ်တမ်းစာအုပ်မှာ တံုးထုရတယ်။ သင်္ဘောသားတစ်ယောက်အတွက် ဒါအသက်ပဲ။ သင်္ဘောဘယ်နခေါက်တက်ပြီးပြီဆိုတာကို မေးစရာမလိုဘဲ စာအုပ်ကြည့်တာနဲ့ သိနိုင်တယ်။ ဒီနေရာမှာ တစ်ခုက ရှိပြန်ရောကွ။ တကယ့်ကုမ္ပဏီကြီးတွေက သင်္ဘောသားအသစ်ဘယ်တော့မှမခေါ်ဘူးကွ။ ခေါ်ရင်လည်း တကယ့်ပညာရှင်တွေပဲ ခေါ်လေ့ခေါ်ထရှိတယ်။ အခု မင်းတို့လိုက်ဖို့ လုပ်နေတယ်ဆိုတဲ့ ကုမ္ပဏီဆိုတာတွေက တကယ်တော့ အေးဂျင့်အဆင့်ပဲရှိတာ။ ကုမ္ပဏီကြီးတွေကို လူရှာပေးတဲ့ အဆင့်လောက်ရှိတာ။ အခု မင်းတို့ပြောပြောနေတဲ့ ရိက်ကြေးဆိုတာလည်း အဲဒီအေးဂျင့်တွေကိုပေးရတာ။ လိုင်းကောင်းရင် ကောင်းသလို သိန်း ၂၀၊ သိန်း ၃၀ စသည်အားဖြင့်ပေါ့။ သင်္ဘောကုမ္ပဏီကြီးတွေ တကယ်လိုလို့ခေါ်ရင် ပိုက်ဆံမပေးရဘူး။ အဲဒီတော့ သူတို့က ဘာလုပ်လဲဆိုတော့ မင်းတို့သင်္ဘော
လုပ်သက်မှတ်တမ်းစာအုပ်ကို နော
တစ်အုပ်ထပ်ပွားရတယ်။ အဲဒီပွား
စာအုပ်မှာ တစ်ကြိမ်တက်ပြီးကြော
တံုးထုထားရတယ်။ အစစ်ကတော့ မ
တို့ကိုင်ထားပေါ့။ တကယ် ဆာဗီ
တွေ ဘာတွေပြတဲ့အခါကျတော့မှ ထု
ပြရတယ်။ ကျန်တဲ့အချိန်မှာတော့ အ
ကိုပဲ ကိုင်ထားရတယ်။ ပြဿနာ
တော့ မရှိဘူး၊ ရတယ်။ အမှန်အတို
ပြောရရင်တော့ လိမ်ပြီးတက်တာ
ကွာ။ ခုနပြောတဲ့ ရိက်ကြေးဆိုတ
လည်း လိုင်းကောင်းရင် ကောင်းသ
ဈေးပေါက်တာပေါ့။ ဒါတွေက မင်း
ထားဖို့ပြောတာပါ။ နောက်တော့လည်
မင်းဟာမင်း သိလာမှာပါဟ" စိတ်ရှ
လက်ရှည် ရှင်းပြလေ၏။ နောက်တစ်
ရှိတာက မင်းအခုတက်မှာ Cook
နော်။ မင်းသင်တန်းတွေ ဘာတွေ
တက်ထားရဲ့လား"

"တက်တာကတော့ အစ်ကို
နှစ်လသင်တန်းတော့ တက်ထားတ
ပေါ့။ ဒါပေမယ့် တတ်လားဆိုရင်တေ
မတတ်ပါဘူး"

"အေး...အဲဒါ ပြဿနာ နည်
နည်းရှိတယ်ကွ။ မြန်မာများတဲ့သင်္ဘေ
တက်မှ အဆင်ပြေမယ့်သဘောရှိတယ
ဘာဖြစ်လို့လဲဆိုတော့ မင်းက ဟင်းချ
မှ မကျွမ်းတာ။ တို့အာဆီယံနိုင်ငံသ
တွေ ပါတာကရတယ်။ ဗမာစာလ
သူတို့စားနိုင်တယ်။ မဟုတ်ရင်တေ
Cook ကြီးကောင်းမှ။ Cook ကြ
မကောင်းရင် မင်းကွဲမှာပဲ။ ဖြစ်နိုင်
တော့ကွာ ဒီလမ်းကြောင်းကို မရွေ



www.burmeseclassic.com

www.burmeseclassic.com

ချင်ပါဘူး။ ခုနေ ငါပြောတော့ မင်းလက်ခံချင်မှာ မဟုတ်ဘူး။ ဒါပေမယ့် မင်းနောက်တော့မှ လက်ခံလာလိမ့်မယ်။ အချိန်က စကားပြောတဲ့သဘောပေါ့။ အေးကွာ・・・မင်းဇာတ်ကောင်းပါစေကွာ"

ကျွန်ုပ်သည် ကိုအောင်ကျော်ထွေးနှင့် လမ်းခွဲပြီးနောက်ပိုင်း သဘော်တက်ရန်အတွက် လိုက်လံစုံစမ်းခြင်းများ ပြုလုပ်ရ၏။ ကုမ္ပဏီအချို့နှင့် ဆက်သွယ်ထားရ၏။ သူတို့က အဆက်အသွယ်ရလျှင် လှမ်းချိတ်မည်ဟု ပြော၏။ ထိုရက်အတွင်း ကျွန်ုပ်သည် ဥပုသ်စောင့်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ တရားထိုင်ခြင်းများကိုလည်း ဝတ်မပျက်လုပ်လျက်ရှိ၏။ အမှန်အတိုင်းဝန်ခံရလျှင် အလုပ်အကိုင်အဆင်ပြေရန်အတွက် ရည်ရွယ်၍လုပ်သည်ဟုပြောလျှင် ပို၍မှန်ပေလိမ့်မည်။ ထိုရက်ပိုင်းအတွင်း ကုမ္ပဏီအချို့မှ ဆက်သွယ်လာသော်လည်း လစာနည်းခြင်း၊ မိမိလုပ်တတ်သော အလုပ်နှင့် မကိုက်ခြင်း၊ လူရသွားခြင်းတို့ဖြစ်ကာ အဆင်မပြေနိုင်ဘဲ ရှိလေ၏။ ရွှေမြစိန်မှာလည်း ကျွန်ုပ်အတွက် ဗေဒင်မေးခြင်း၊ ယတြာချေခြင်းများ ပြုလုပ်လျက်ရှိ၏။ ကျွန်ုပ်သည် ရပ်ကွက်ထဲတွင် မကြာမီ သဘော်တက်တော့မည်ဟု သတင်းကြီးလျက်ရှိ၏။ ထိုသတင်းနှင့်အတူ ကျွန်ုပ်မရှိလို့ကတော့ ကြာညိုဆိုတဲ့ကောင်က ရွှေမြစိန်ကိုရော၊ စီးပွားရေးလုပ်ငန်းကိုပါ အပိုင်သိမ်းတော့မှာပဲဟုလည်း တီးတိုးစကားများ ပြောလျက်ရှိ၏။ ရွှေမြစိန်ကကျွန်ုပ်နှင့် မောင်ကြာညိုတို့ လွတ်လွတ်လပ်လပ် ပျော်ပါးနိုင်ဖို့အတွက် ကျွန်ုပ်အား မြန်မြန်လော့ထုတ်နေသည်ဟုလည်း ပြောဆိုနေကြ၏။ ကျွန်ုပ်သည် ထိုအတင်းစကားများအား ကြားမိသည့်တိုင် ရွှေမြစိန်အပေါ် နည်းနည်းလေးမှ စိတ်မကွက်မိဘဲ ရှိသည့်အပြင် တမင်သက်သက် သူများမိသားစုအရေးကို ကိုယ့်ထမင်းကိုယ်စားပြီး လိုက်ပြောနေကြတယ်ဟုလည်း ထင်မိ၏။

တစ်နေ့တွင် ကျွန်ုပ်သည် အဘိုးသူတော်ကြောင်နှင့် တွေ့ခိုက် ထိုအကြောင်းများအား ပြောမိရာ အဘိုးသူတော်ကြောင်က -

"ဒီမှာ လူလေး၊ မင်းအဲဒါတွေ ခေါင်းထဲထည့်မနေစမ်းပါနဲ့ကွာ။ ကိုယ်လုပ်ရမယ့်အလုပ်ကိုသာ ခေါင်းထဲထည့်ထားစမ်းပါ။ လူလေးကို ကျုပ်ပြောမယ်၊ သေသေချာချာနားထောင်။ လာမယ့် အင်္ဂလိပ်လို ၁၅ ရက်နေ့ကျရင် ဗိုလ်တထောင်စေတီတော်ရဲ့ လုပ်သားပေါင်းစုံ ဓမ္မာရုံမှာ တရားစခန်းဖွင့်လိမ့်မယ်။ လူလေးက ၁၇ ရက်နေ့ကျရင် ဘာအလုပ်ပဲရှိရှိ အဲဒီနေ့တစ်နေ့လုံး တရားသွားထိုင်ရမယ်။ အဲဒီနေ့မှာ လူလေးအတွက် ထူးခြားလိမ့်မယ်။ သွားဖြစ်အောင်သွားပါ"

ကျွန်ုပ်သည် ထိုရက်အတွင်း သဘော်လိုင်းများနှင့် ချိတ်ဆက်သော်လည်း လစာမကောင်းခြင်း၊ လိုင်းမကြိုက်ခြင်း စသည်အား မဆင်မပြေမှုများနှင့်သာ ကြုံတွေ့လျက်ရှိ၏။ ကျွန်ုပ်သည် တစ်ခါတစ်ရံ စိတ်ပျက်ခြင်းဖြစ်မိ၏။ အစိုးရအလုပ်ကလည်း ထွက်ပြီးနေပြီဖြစ်သဖြင့် ကျွန်ုပ်မှာ ဆုပ်လည်းစူး၊ စားလည်းရူး ဆိုသကဲ့သို့ ဖြစ်လျက်ရှိ၏။ ထို့အပြင် ကျွန်ုပ်သည် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းများကို ပြုလုပ်လျက်ရှိသည့်အပြင် တစ်ခါတစ်ရံ ယောဂီဝတ်စုံနှင့်ပင် တွေ့နေရသောအခါ ရပ်ကွက်အတွင်း၌ ကျွန်ုပ်အား ဒီကောင် သဘော်တက်ခါနီးမှ ရှူးများသွားပြီလားဟူသော အမနာပ စေဖန်ပြောဆိုမှုများကိုလည်း ခံရပေသေး၏။ အချို့ကလည်း သဘော်မြန်မြန်တက်ရဖို့ ယတြာလုပ်တာဖြစ်မှာပါဟုလည်း ဖျော့ဖျော့ညင်သာ ပြောသူများလည်းရှိသေးသဖြင့် တော်ပေသေး၏။

ကျွန်ုပ်သည် အင်္ဂလိပ်ရက် ၁၇ ရက်မြောက်သောနေ့တွင် ဗိုလ်တထောင်စေတီတော်သို့ နံနက်စောစောရေမိုးချိုး ကိုယ်လက်သန့်စင်ပြီး ထမင်းချိုင့်တို့ကိုထည့်ကာ ထွက်ခဲ့လေ၏။ ကျွန်ုပ်ရောက်သွားသောအခါ ပထမဆုံးအချိန် တရားစခန်းဖွင့်လှစ်ရန် ပြင်ဆင်နေကြပြီဖြစ်၏။ ကျွန်ုပ်သည် ထမင်းချိုင့်ကလေးအား သင့်တော်ရာတွင်ထားကာ အမျိုးသားများထိုင်ရာ ရှေ့ပိုင်းနေရာလွတ်တစ်ခုတွင် ဝင်ရောက်၍ နေရာယူလိုက်ရ၏။ အားလုံးမှာ ငြိမ်သက်နေကြပြီး ဆရာကြီး၏ ဟောပြောမှုအစဉ်တွင် နှစ်မျောကာ နှာသီးဖျားမှ ဝင်လေ၊ ထွက်လေကို မိအောင်ဖမ်း၍နေရ၏။ သို့သော် စိတ်တို့၏သဘောသည် ထိန်းရခက်သည့်သဘောတရားအတိုင်း တစ်ခါတစ်ခါ လွတ်ထွက်သွားပြီးနောက် နိုင်ငံခြားသဘော်တက်ရန် ကိစ္စများဆီသို့လည်းကောင်း၊ အပေါင်းအသင်းမိတ်ဆွေများဆီသို့လည်းကောင်း၊ ရွှေမြစိန်နှင့် မောင်ကြာညိုတို့ထံသို့လည်းကောင်း ရောက်သွားတတ်၏။ သတိပြန်



www.burmeseclassic.com

www.burmeseclassic.com

ဝင်လာသောအခါ စိတ်ကိုထိန်း၍ နှာသီးဖျားဆီသို့ ပြန်ပို့ရ၏။ သတိမလွတ်စေရေးအတွက် သတိကပ်ထားရသည်မှာ ပင်ပန်းလှသည့်ဖြစ်ခြင်း။ တရားရှုမှတ်ရခြင်းသည် အပြောလွယ်သလောက် အလုပ်ခက်သည့်အလုပ် ဖြစ်ပေ၏။ ကျွန်ုပ်သည် စိတ်အား နှာသီးဖျားတွင် ငြိမ်အောင်ထားကာ ဝင်လေ/ထွက်လေကို သတိဖြင့်မှတ်ရင်း ဆရာကြီး၏ ဟောပြောနေမှုကိုလည်း တစ်ဖက်က လိုက်လံမှတ်သားနေရ၏။ ဆရာကြီးသည် ယခုအခါ ဉာဏ်စဉ်များအကြောင်းကို ရောက်နေပြီဖြစ်၏။ ဆရာကြီးဟောပြောပြသော ဉာဏ်စဉ် ၁၆ ပါးအား ကျွန်ုပ်မှတ်မိသလောက် ဖော်ပြရလျှင် အောက်ပါအတိုင်း ဖြစ်၏။

### (၁) နာမရူပ ပရိစ္ဆေဒဉာဏ်

တရားအားမထုတ်ခင်တုန်းက သိထားတဲ့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ တိရစ္ဆာန်တွေ၊ သူပဲ၊ ငါပဲ၊ အမျိုးသားပဲ၊ အမျိုးသမီးပဲ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မောင်နီ၊ မောင်ဖြူ၊ မဖြူ၊ မနီ၊ ခေါင်း၊ လက်၊ ကိုယ်၊ ခြေ စသည်အားဖြင့် ထင်လာခဲ့ပေမယ့် တကယ်တမ်း ဝိပဿနာတရားကို ရှုမှတ်ပွားများအားထုတ်လိုက်တဲ့အခါမှ ဖောက်ပြန်နေတာက ရုပ်တရား၊ ဖောက်ပြန်တာကို သိနေတာက နာမ်တရားလို့ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားပြီး သိမြင်ခြင်းကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်တာဖြစ်ပါတယ်။ ဝိပဿနာရဲ့ အခြေခံဉာဏ်ဖြစ်ပြီး ဉာဏ်စဉ်အားဖြင့် (၁) ဖြစ်ပါတယ်။

### (၂) ပစ္စယပရိဂ္ဂဟဉာဏ်

အဲဒီ ရုပ်၊ နာမ်တွေရဲ့ ဖောက်ပြန်ဖြစ်ပျက်နေတဲ့ သဘောအမှုအရာတွေအပေါ်မှာ မြင်တွေ့ပြီးနေတဲ့ အရှခံ ရုပ်၊ နာမ်တွေရဲ့ ဖောက်ပြန်ဖြစ်ပျက်နေတဲ့ သဘောအမှုအရာတွေဟာ ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်း ပျက်နေကြသလားဆိုတော့ ဒီရုပ်၊ ဒီနာမ်တွေဟာ ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်နေကြတာမဟုတ်ဘဲ တစ်ခုနဲ့တစ်ခု၊ တစ်ဦးနဲ့တစ်ဦး၊ အကြောင်းနဲ့အကျိုး ကြောင်းကျိုးဆက်နွှယ်ပြီးမှ ဖြစ်ပျက်နေကြတာပါလားဆိုတဲ့ အသိဉာဏ်ဖြစ်ပေါ်လာတာကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။ ဉာဏ်စဉ်အားဖြင့် (၂) ဖြစ်ပါတယ်။

### (၃) သမ္မသနဉာဏ်

ဒီဉာဏ် ရင့်သန်လာတဲ့အခါမှာ ရှေ့ဘဝဆိုတာ ရှိသလား၊ နောက်ဘဝဆိုတာ ရှိသလား၊ ငါကောင်ဆိုတာ ရှိသလား၊ ငါကောင်ဆိုတာ မရှိဘူးလားစတဲ့ ငါနဲ့ပတ်သက်တဲ့ အတွေးအခေါ် အယူအဆတွေ ပျောက်သွားတယ်။ ငါဆိုတာ နာမ်စားသုံးထားတာပဲ၊ မရှိဘဲနဲ့ ရှိတယ်လို့ အယူမှား၊ အမှတ်မှားတာဒို့၊ ဒါကြောင့် ဒီနေရာမှာ ဒိဋ္ဌိပြုတ်နေတယ်။ အဲဒီတော့ လှုပ်ရှားနေတဲ့ သဘောအမှုအရာတွေ တွေ့လို့ မမြဲဘူး အနိစ္စ၊ ခံစားကြည့်ရင် ဆင်းရဲတယ် ဒုက္ခ၊ မမြဲဆင်းရဲနေတာ အစိုးမရဘူး အနတ္တ လက္ခဏာတွေကို ဆင်ခြင်သုံးသပ်တဲ့ သမ္မသနဉာဏ်ဟာ ဝိပဿနာရှုစဉ်ရဲ့ ဉာဏ်စဉ် (၃)ပဲ ဖြစ်တယ်။

### (၄) ဥဒယဗ္ဗယဉာဏ်

ဝိပဿနာတရားကို ရှုမှတ်ပွားများ အားထုတ်ပြီးနေတဲ့အခါမှာ ကြည့်နေရင်း ကြည့်နေရင်း ဘွားခနဲ ဘွားခနဲ ဖြစ်ခြင်းရဲ့အစကို မြင်တွေ့ရသလို လျင်မြန်လွန်းလှတဲ့အတွက် တည်မှုကို မမြင်ရဘူး။ ကြည့်နေရင်း ကြည့်နေရင်းကနေ ရိပ်ခနဲ ရိပ်ခနဲ ပျောက်သွားတဲ့ ပျက်ခြင်းရဲ့အဆုံးကို မြင်တွေ့ပြီးနေရမယ်။ အဲဒီလို ဖြစ်ခြင်း၊ ပျက်ခြင်းကို သိတဲ့ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်လို့ ခေါ်တာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ခဲတစ်လုံးကို လေထဲ မြှောက်ပစ်လိုက်တဲ့အခါ ခဲလုံးက တက်သွားပြီး ပြန်ကျလာတာကို တွေ့ရတယ်။ လေထဲမှာ ခဲလုံးတည်နေတာ၊ ရပ်နေတာကို မတွေ့ရဘူး။ အဲဒီတော့ ခဲလုံးတက်သွားတာ ဖြစ်တဲ့သဘော၊ ခဲလုံးပြန်ကျလာတာ ပျက်တဲ့သဘော။ တည်တဲ့သဘောကို မမြင်ရဘူး။ အဲဒီ ဥပမာအတိုင်းပဲ ဖြစ်ခြင်း၊ ပျက်ခြင်းကိုသိတဲ့ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်လို့ ခေါ်တာပဲ ဖြစ်တယ်။ ဉာဏ်စဉ်အနေနဲ့ (၄)ပေါ့။

### (၅) ဘင်္ဂဉာဏ်

နှာခေါင်း၊ ပေါင်ထိပ်၊ ရင်ပြင်၊ နှလုံး စသည်အားဖြင့် တစ်ခုကိုတစ်ခု အာရုံစူးစိုက်ပြီးတော့ ရှုမှတ်တဲ့အခါ အရှုခံ ရုပ်အပေါ်မှာ ရှုစိတ်ကိုကပ်ပြီး လိုက်တဲ့အခါ ဖောက်ပြန်ဖြစ်ပျက်နေတဲ့ သဘောအမှုအရာတွေကို ရှုတဲ့စိတ်က သိနေမယ်။ အဲဒီ သိနေတဲ့စိတ်က လျင်မြန်သလို အရှုခံ ရုပ်နာမ်တွေရဲ့ ဖောက်ပြန်ဖြစ်ပျက်နေတာကို လျင်လျင်မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com

သိလာမယ်။ လျင်မြန်လွန်းတဲ့အတွက် ဖြစ်မှုကို မသိနိုင်ဘူး။ တည်မှုကို မသိနိုင်ဘူး။ အပျက်တွေကိုပဲ မြင်တဲ့ ဘင်္ဂဉာဏ်ကို တက်သွားတာဖြစ်တယ်။ အဲဒါကို ဉာဏ်စဉ်အားဖြင့် နံပါတ်(၅)လို့ သတ်မှတ်ရတယ်။

### (၆) ဘယဉာဏ်

အဲဒီလို အပျက်တွေကို မြင်လာတဲ့အခါကျတော့ အခုလည်းပျက်နေတယ်၊ ရှေ့ကလည်း ပျက်နေခဲ့တယ်။ နောက်လည်း ပျက်ဦးမှာပဲဆိုပြီး ဒီရုပ်၊ ဒီနာမ်တွေရလာတဲ့အပေါ်မှာ အပျက်တွေကိုမြင်လို့ ကြောက်တဲ့စိတ်ဝင်လာတာဟာ ဘင်္ဂဉာဏ်ကနေ ဘယဉာဏ်ကို ကူးပြောင်းသွားတာ ဖြစ်ပါတယ်။ ဉာဏ်စဉ်အားဖြင့် (၆)လို့ သတ်မှတ်ရပါမယ်။

### (၇) အာဒီနဝဉာဏ်

အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာမှာ တစ်ပါးပါးကို မမေ့မလျော့သောသတိနဲ့ ရှုမှတ်ပွားများလာတဲ့အခါကျတော့ မိမိရရှိထားတဲ့ ရုပ်နာမ်တွေအပေါ်မှာ အပြစ်တွေမြင်လာပြီး ကြောက်ရွံ့တဲ့စိတ်တွေ ဖြစ်လာမယ်။ ကောင်းတာကို မတွေ့ရဘူး။ ထင်ရှားအောင်ပြရရင် မနက်အိပ်ရာကထရင် မျက်နှာသစ်ရတယ်၊ သွားတွေတိုက်ရတယ်၊ ကျင်ကြီးစွန့်ရတယ်၊ ကျင်ငယ်စွန့်ရတယ်။ ဒါ့အပြင် ဘဝဟောင်းကပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေရဲ့အကျိုးဆက်တွေကိုလည်း ခံရသေးတယ်။ ဒါတွေဟာ ဒီရုပ်နာမ်တွေကို ရလာတဲ့အပေါ်မှာ အပြစ်တွေမြင်လာတယ်။ အဲဒီလို အပြစ်တွေမြင်လာတာကို အာဒီနဝဉာဏ်လို့ ခေါ်တာပဲဖြစ်တယ်။ ဉာဏ်စဉ်အားဖြင့်တော့ (၇)ဖြစ်တယ်။

### (၈) နိဗ္ဗိန္ဒာဉာဏ်

အဲဒီလို မိမိရရှိထားတဲ့ ရုပ်နာမ်တွေပေါ်မှာ အပြစ်တွေမြင်လာတဲ့အခါ ဒီရုပ်၊ ဒီနာမ်တွေကို လိုချင်တဲ့စိတ်တွေ ကုန်ခန်းလာလိမ့်မယ်။ ဒီရုပ်၊ ဒီနာမ်တွေအပေါ်မှာ ငြီးငွေ့လာလိမ့်မယ်။ တရားအားထုတ်ချင်တဲ့စိတ်တွေပါ ကုန်ခန်းလာလိမ့်မယ်။ အဲဒီလိုဖြစ်ရတာဟာ ရုပ်နာမ်ပေါ်မှာ ငြီးငွေ့တဲ့စိတ်ကြောင့်ဖြစ်တယ်။ အဲဒီစိတ်ဖြစ်ပေါ်လာတာကို နိဗ္ဗိန္ဒာဉာဏ်လို့ ခေါ်တာပဲဖြစ်တယ်။ ဉာဏ်စဉ်အားဖြင့် (၈)လို့ ခေါ်တယ်။

### (၉) မုစ္စိတုကမျတာဉာဏ်

ဒီလို ငြီးငွေ့တဲ့စိတ်တွေ ဖြစ်ပေါ်လာအောင် ရှုရမယ်။ အဲဒီလို ပျင်းရိငြီးငွေ့လာတာကို ရှုမှတ်နေတဲ့အခါကျတော့ ဒီရုပ်၊ ဒီနာမ်တွေကို ဘယ်သူလိုချင်ဦးမလဲ။ မလိုချင်တော့ဘူး။ ဒီရုပ်၊ ဒီနာမ်တွေကနေ လွတ်ထွက်ချင်လာတယ်။ လွတ်ထွက်ချင်တဲ့စိတ်၊ လွတ်မြောက်ချင်တဲ့စိတ် ဖြစ်ပေါ်လာတာကို မုစ္စိတုကမျတာဉာဏ်လို့ ခေါ်တာပဲဖြစ်တယ်။ အဲဒါကိုတော့ ဉာဏ်စဉ် (၉)လို့ ခေါ်ပါတယ်။

### (၁၀) ပဋိသင်္ခါဉာဏ်

လွတ်မြောက်ချင်ရင် လွတ်မြောက်အောင် ကြိုးစားအားထုတ်ရမယ်။ ဒီရုပ်၊ ဒီနာမ်တွေက လွတ်မြောက်ဖို့အတွက် မအိုရာ၊ မနာရာ၊ မသေရာ နိဗ္ဗာန်ချမ်းသာရရှိအောင် တရားရှုမှတ်ပွားများရမှာပဲ ဖြစ်တယ်။ အဲဒီနိဗ္ဗာန်ဆိုတာကို ရောက်ဖို့အတွက်ကလည်း ဘယ်ယာဉ်၊ ဘယ်ရထားနဲ့မှ သွားလို့ရတာမဟုတ်ဘူး။ ဝိပဿနာဆိုတဲ့တရားကို ကြိုးစားကျင့်ကြံ အားထုတ်မှ ရောက်နိုင်မှာဖြစ်တယ်။ အဲဒီလို ရှုမှတ်တဲ့အခါမှာ အရှုခံရုပ်တွေရဲ့ ဖောက်ပြန်ဖြစ်ပျက်နေတဲ့သဘောကို ထင်ထင်ရှားရှားမြင်တွေ့နေရတဲ့အတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာတစ်ပါးပါးကို အခက်အခဲမရှိ ရှုမှတ်လာနိုင်မှာ ဖြစ်တယ်။ အဲဒီဉာဏ်ကို ပဋိသင်္ခါဉာဏ်လို့ ခေါ်တာပဲဖြစ်ပါတယ်။ အဲဒီဉာဏ်စဉ်ကတော့ နံပါတ်(၁၀) ဖြစ်ပါတယ်။

### (၁၁) သင်္ခါရုပေက္ခာဉာဏ်

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာတစ်ပါးပါးကို မမေ့မလျော့သတိတရားတွေနဲ့ ဆင်ခြင်သုံးသပ်တဲ့အခါကျတော့ စိတ်က နှစ်စိတ်မဖြစ်ဘူး။ တစ်စိတ်တည်းပဲဖြစ်မယ်။ အတိတ်အကြောင်းတွေကိုလည်း မတွေးမိတော့ဘူး။ အနာဂတ်အကြောင်းတွေကိုလည်း မတွေးမိတော့ဘူး။ ပစ္စုပ္ပန်တည့်တည့် မိမိရဲ့ ကမ္မဋ္ဌာန်းတရားအပေါ်မှာပဲ စူးစိုက်ရှုမှတ်နေတဲ့အတွက် သင်္ခါရတရားတွေအပေါ်မှာ မတွေးမိ၊ အကြံမိတော့တဲ့အတွက် သင်္ခါရနယ်ပယ်က လွတ်မြောက်တယ်ဆိုတဲ့ သင်္ခါရုပေက္ခာဉာဏ်ကို ရောက်ကြမှာ ဖြစ်ပါတယ်။ အဲဒါကိုတော့ ဉာဏ်စဉ် (၁၁)လို့ ခေါ်ရမှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂) အနုလောမဉာဏ်

သင်္ခါရတရားတွေဆိုတာက လေးလံတဲ့သဘောတွေ ရှိပါတယ်။ သင်္ခါရနယ်ပယ်က လွတ်မြောက်တယ်ဆိုတော့ ပေါ့ပါးသွားမှာ ဖြစ်ပါတယ်။ အနုလောမဉာဏ်ကို ဘယ်လိုသိနိုင်မလဲလို့ ဆိုလို့ရှိရင် ခန္ဓာကိုယ်ကြီးက မြောက်တက်သွားသလို လေထဲမှာလွင့်ပါးပြီးတော့ နေသလို၊ ပေါ့ပေါ့ပါးပါးနဲ့ ခံစားနေရမှာ ဖြစ်ပါတယ်။ အဲဒီဉာဏ်ကို အနုလောမဉာဏ်လို့ ခေါ်တာပဲဖြစ်ပါတယ်။ ဉာဏ်စဉ်အားဖြင့်တော့ (၁၂)ဖြစ်ပါတယ်။

## (၁၃) ဂေါတြဘူဉာဏ်

အဲဒီလိုအခြေအနေမျိုးမှာ မိမိတို့ရှုမှတ်နေတဲ့ ဓာတ်တရားတွေဖြစ်တဲ့ ပူတယ်၊ အေးတယ်၊ ထုံတယ်၊ ကျဉ်တယ်၊ လှုပ်တယ်၊ ခါတယ်၊ ရမ်းတယ်၊ ရွရွမွမွနေတယ်၊ ယားယံနေတဲ့ သဘောအမှုအရာတွေဟာ မမြင်မတွေ့ရတော့ဘဲ ပျောက်ကွယ်သွားလိမ့်မယ်။ အရှုခံရုပ်ချုပ်သွားတဲ့သဘော ဖြစ်ပါတယ်။ အဲဒီအရှုခံရုပ် ချုပ်သွားလို့ရှိရင် ရှုစရာမရှိတော့ဘူးဆိုပြီး လိုက်မရှာပါနဲ့၊ ရှုနေတဲ့စိတ်ကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာတစ်ပါးပါးနဲ့ ဆင်ခြင်သုံးသပ်ပြီး ဆက်ရှုနေလိုက်ပါ။ အဲဒီရှုနေတယ်ဆိုတဲ့ အသိစိတ်ပါ တဒင်္ဂချုပ်ငြိမ်းသွားပါလိမ့်မယ်။ အကြာကြီးမချုပ်ဘူး။ အဲဒါကို နာမ်ချုပ်ငြိမ်းတာ၊ တစ်နည်းအားဖြင့် ဂေါတြဘူဉာဏ်လို့ ခေါ်ပါတယ်။ ဉာဏ်စဉ်အားဖြင့် (၁၃) ဖြစ်ပါတယ်။

## (၁၄) မဂ်ဉာဏ်

အဲဒီ နာမ်ချုပ်ငြိမ်းလိုက်တာနဲ့ မဂ်ဉာဏ်ဆိုတာ လှစ်ခနဲ၊ ဖျတ်ခနဲဆို ဓာတ်ပုံရိုက်လိုက်သလို ဝင်းခနဲ၊ လက်ခနဲ အလင်းရောင်ထွက်သွားသလောက် မြန်ပါတယ်။ အဲဒါကို မဂ်ဉာဏ်လို့ခေါ်တာ ဖြစ်ပါတယ်။ "မဂ်"က တစ်ကြိမ်ပဲကျတယ်၊ ပြန်ဝင်စားလို့လည်းမရဘူး။ ဉာဏ်စဉ်အားဖြင့် (၁၄)ဖြစ်ပါတယ်။

## (၁၅) ဖိုလ်ဉာဏ်

မဂ်ဉာဏ်ကျပြီးတာနဲ့ တစ်ဆက်တည်း ဖိုလ်ဉာဏ်ဆိုတာ ဖြစ်ပေါ်လာပါတယ်။ သိနိုင်အောင်ပြောရရင်တော့ ပန်ကာလေတိုက်တယ်။ အမြဲတမ်းတိုက်မနေဘူး။ ပြတ်တောင်းပြတ်တောင်း ထိတယ်။ အဲဒီအခါမှာ လေလာထိတဲ့အခါကျလို့ရှိရင် အေးတဲ့သဘောပါတာကြောင့် အေးခနဲ၊ အေးခနဲ ဖြစ်သွားတာကို သိမယ်။ လေပြတ်သွားတဲ့အခါမှာ ပူတဲ့သဘောပါဟာကြောင့် ပူခနဲ၊ ပူခနဲ ဖြစ်သွားတာကို သိမယ်။ အဲဒီလို လေးသွားတဲ့သဘော၊ ပေါ့သွားတဲ့သဘော၊ တင်းကျပ်တဲ့သဘော၊ ပွသွားတဲ့သဘော အမှုအရာတွေကို ရိပ်ခနဲ၊ ရိပ်ခနဲ၊ ဖျတ်ခနဲ၊ ဖျတ်ခနဲ သိသွားမှာ ဖြစ်ပါတယ်။ အဲဒီလိုသိခြင်းဟာ ဖိုလ်ဉာဏ်ရဲ့သဘောပဲ ဖြစ်ပါတယ်။ ဉာဏ်စဉ်အားဖြင့်တော့ (၁၅)ပဲ ဖြစ်ပါတယ်။

## (၁၆) ပစ္စဝေက္ခဏာဉာဏ်

မဂ်က တစ်ကြိမ်ကျတယ်၊ ဖိုလ်က နှစ်ကြိမ်သုံးကြိမ်ကျတယ်။ အဲဒီဖိုလ်ဉာဏ်ကျပြီးရင် အေးငြိမ်းသွားမှာ ဖြစ်ပါတယ်။ အဲဒီအေးငြိမ်းသွားတာကို မဂ္ဂါနန္တရ ဖလသမာပတ်လို့ ခေါ်တာဖြစ်ပါတယ်။ ငြိမ်းအေးပြီးတော့သွားတဲ့အခါကျတော့မှ ပြန်လည်ဆင်ခြင် စဉ်းစားပြီးတော့ နေတတ်တယ်။ အဲဒီဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်လို့ခေါ်တာပဲ ဖြစ်ပါတယ်။ ဉာဏ်စဉ်အားဖြင့် (၁၆) နောက်ဆုံးဉာဏ် ဖြစ်ပါတယ်။

ဆရာကြီးသည် ဉာဏ်စဉ် (၁၆) ပါးအား ပြီးဆုံးအောင် ပို့ချပြီးနောက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာကို သိပြီးမှ ရောက်မှာမဟုတ်တဲ့အကြောင်း။ သိပြီးတော့ရောက်ရင် သိနေတဲ့အတွက် လိုချင်တဲ့ လောဘစိတ်ကြောင့် ရနိုင်မှာမဟုတ်တဲ့အကြောင်း၊ မသိရှိဘဲ လိုချင်တပ်မက်စိတ်ကင်းနေမှသာ သိရှိနိုင်မှာဖြစ်ကြောင်း၊ အကြမ်းအားဖြင့် သိနိုင်တဲ့အချက်တွေက ရုပ်နာမ်တွေရဲ့ လျင်မြန်စွာပျက်စီးနေတဲ့ သဘောအမှုအရာတွေကို သိနိုင်မယ်။ အရှုခံရုပ်ပျောက်သွားတာကို သိနိုင်မယ်။ နောက်ဆုံးဘာဖြစ်သွားမှန်း မသိလိုက်တာလောက်ကို သိနိုင်မယ်။ အဲဒီအချက်သုံးချက်လောက်ကလွဲလို့ မသိနိုင်ကြောင်းများကို ရှင်းပြကာ ပို့ချခြင်းကို ရပ်နားလိုက်ကာ ၁၅ မိနစ်ခန့် ငြိမ်သက်စွာ တရားရှုမှတ်ရ၏။ အချိန်စေ့သဖြင့် ခေါင်းလောင်းကလေးမြည်လာသောအခါ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို အကျေနပ်ကြီး ကျေနပ်လျက်ရှိ၏။ ကျွန်ုပ်ဘာဖြစ်ခဲ့သည်ကို ကျွန်ုပ်ကိုယ်တိုင်သာ သိသည်ဖြစ်သောကြောင့် ကျွန်ုပ်၏ရင်ဝယ် ပီတိစိတ်တို့ဖြင့် ဝေလျှံလျက်ရှိ၏။ ကျွန်ုပ်သည် ထိုနေ့တစ်နေ့လုံး စိတ်လက်ချမ်းသာစွာ



www.burmeseclassic.com

www.burmeseclassic.com

မြင့်က တရားစခန်းဝင်ဖြစ်၏။

ထိုနေ့ညနေ ကျွန်ုပ်အိမ်သို့ပြန်ရောက်သောအခါ ကျွန်ုပ်ချိတ်ဆက်ထားသော ကုမ္ပဏီမှ ဆက်သွယ်လာကြောင်း သတင်းစကားကြားသိရသောကြောင့် နောက်နေ့တွင် တရားစခန်းသို့ မသွားဖြစ်တော့ဘဲ ကုမ္ပဏီသို့သွားရောက်ခဲ့ရာ အဆင်ပြေသဖြင့် လိုအပ်သည်များ ဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်ရလေတော့၏။ အဝတ်အစားကိစ္စကိုမူ ရွှေမြစိန်ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်၍ ဝယ်ယူပေးလေ၏။ ကျွန်ုပ်သည် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများအား ကုမ္ပဏီသို့တင်ပြထားပြီးဖြစ်၏။ ရိုက်ကြေး သိန်း ၂၀ ကျော်ကိုမူ ထွက်မည့်နေ့တစ်ရက်အလိုတွင် ပေးသွင်းရမည်ဖြစ်၏။ ကျွန်ုပ်လိုက်မည့်သင်္ဘောမှာ မလေးရှားနိုင်ငံအခြေစိုက်သင်္ဘောဖြစ်ပြီး ရေယာဉ်မှူးအပါအဝင် Cook ကြီးအထိ မြန်မာလူမျိုးများဖြစ်သည်ဟု သိရ၏။ ကျွန်ုပ်၏စိတ်သည် ပျော်ရွှင်ခြင်းလည်းဖြစ်နေ၏။ ငယ်စဉ်က မိဘများနှင့် ခရီးတစ်ခုကို သွားရတော့မည်ဆိုလျှင် ပျော်ရွှင်သော ပျော်ရွှင်မှုမျိုးဖြစ်၏။ ထိုညက တစ်ညလုံး အိပ်မရဘဲဖြစ်ကာ မျက်လုံးများ ကြောင်နေ၏။ မျက်လုံးကြောင်နေသည်နှင့် အတွေးပေါင်းစုံကလည်း ဝင်ရောက်၍လာ၏။ အထူးသဖြင့် ကျွန်ုပ်သည် ရွှေမြစိန်အား စိတ်မချခြင်းသည်ဟူသော စိုးရိမ်စိတ်ဖြစ်၏။ သို့သော် မတတ်နိုင်တော့။ ဖြစ်သမျှအကြောင်း အကောင်းချည်းဟုသာ ရှုရတော့မည်ဖြစ်၏။ ရွှေမြစိန်သည်လည်း သည်လောက်တော့ မိုက်မဲလိမ့်မည် မဟုတ်ဘူးတွေးမိ၏။ ကျွန်ုပ်တို့တွင် ပိုးရတုပွင့်ဖြူဟူသော ချစ်စရာအလွန်ကောင်းသော သမီးလေးတစ်ယောက် ရှိနေသေးတာပဲမဟုတ်လား။ ဒီသမီးလေး မျက်နှာထောက်ထားပြီးတော့ပဲ သူရက်ရက်စက်စက်တော့ လုပ်မည်မဟုတ်ဟုလည်း ဖြေတွေးတွေးမိ၏။ ရွှေမြစိန်မှာမူ ဘာမှမသိရှာဘဲ အိပ်ပျော်နေရာ တစ်နေကုန် ပင်ပန်းထားလို့ထင်ရဲ့။ ဟောက်သံတိုးတိုးပင် ထွက်နေ၏။ သမီးလေးမှာမူ သူ့အမေအား လက်ကဖက်ထားပြီး ခြေတစ်ဖက် သူ့အမေခါးပေါ်သို့တင်ကာ အိပ်ပျော်နေ၏။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည့်တိုင် ကျွန်ုပ်မှာမူ အိပ်မပျော်နိုင်ဘဲ ရှိ၏။ ညဦးပိုင်းက ဖြစ်ပေါ်ခဲ့သော ပျော်ရွှင်မှုများမှာလည်း စိုးရိမ်ခြင်း၊ သောကဖြစ်ခြင်းတို့ဘက်သို့ ပြောင်းလဲသွားလေ၏။ ညဥ့်လည်းအတော်နက်လာပြီ ဖြစ်သဖြင့် ကျွန်ုပ်သည် စိတ်ကိုလျှော့ချကာ နှာသီးဖျားမှ ဝင်လေထွက်လေကို သတိကပ်ကာ ပက်လက်အနေအထားဖြင့် မှတ်သား၍နေလိုက်၏။ ကျွန်ုပ်၏စိတ်သည် အတော်အတန် တည်ငြိမ်မှုရလာကာ မကြာမီအချိန်အတွင်း အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားတော့၏။

ရွှေမြစိန်သည် ကျွန်ုပ်အတွက် တာရှည်ခံ အစားအသောက်များအား ချက်ပြုတ်ကြော်လှော်ပေးမည် ပြောသဖြင့် ကျွန်ုပ်က မလုပ်ရန် တားရ၏။ Cook တစ်ယောက်အနေနဲ့ အစားအသောက်တော့ အခက်အခဲမရှိနိုင်ကြောင်းကိုလည်း သဘောပေါက်အောင် ရှင်းပြရ၏။ သို့သော် အကိုက်အခဲပျောက်ဆေးကဲ့သို့သော အိမ်သုံးဆေးဝါးများကိုလည်း သဘောပေါက်အောင် ရှင်းပြရ၏။ သို့သော် အကိုက်အခဲပျောက်ဆေးကဲ့သို့သော အိမ်သုံးဆေးဝါးများကိုလည်းကောင်း၊ ပရုတ်ဆီ၊ ဒဏ်ကြေလိမ်းဆေး၊ အစာကြေဆေးကဲ့သို့သော မြန်မာတိုင်းရင်းဆေးများကိုလည်းကောင်း အလုံအလောက် ထည့်ပေးရန် မှာကြားရ၏။ သင်္ဘောပေါ်တွင် ကျန်းမာရေးသည် အဓိကဖြစ်ကြောင်း၊ သင်္ဘောပေါ်တွင် တစ်ခုခုဖြစ်ပါက သင်္ဘောဆရာဝန်က အတတ်နိုင်ဆုံး ကုသပေးမည်ဖြစ်သော်လည်း အသက်အန္တရာယ်ရှိနိုင်သော ရောဂါမျိုးဖြစ်ပွားခဲ့ပါက ဘာမှမတတ်နိုင်ကြောင်း၊ ယုတ်စွအဆုံး သေဆုံးသွားပါက အလောင်းအား အသားများထည့်သော အအေးခန်းထဲသို့ ထည့်ကာ ယူဆောင်လာပြီး အနီးစပ်ဆုံး ဆိပ်ကမ်းတွင် ချကာ သဂြိုဟ်ရကြောင်းများကို ကြားဖူးနားဝဖြင့် သိထား၏။ ထို့ကြောင့် ဝါရင့်သင်္ဘောသားကြီးများသည် သင်္ဘောပေါ်တွင် အူအတက်ပေါက်ခြင်း မဖြစ်စေရန်အတွက် အူအတက်ကို ဖြတ်ထားကြကြောင်းလည်း သိထား၏။ သို့သော် ကျွန်ုပ်မှာမူ အူအတက်မဖြတ်ဖြစ်လိုက်ပါ။ အကယ်၍ အဆင်ပြေလို့ သင်္ဘောဆက်လိုက်မည်ဆိုပါက အူအတက်ဖြတ်ထားမှ ဖြစ်မည်ဟုလည်း တွေးမိ၏။

ကျွန်ုပ်သည် ယနေ့ညနေ ၆ နာရီထွက်သောလေယာဉ်ဖြင့် မလေးရှားနိုင်ငံသို့ လိုက်ပါရမည်ဖြစ်ရာ ညနေ ၄ နာရီတွင် အသင့်ဖြစ်နေ၏။ ကျွန်ုပ်

www.burmeseclassic.com

အား ကျွန်ုပ်နှင့်ရင်းနှီးသော ဝါရင့်သဘောသားကြီး ကိုအောင်ကျော်ထွေးက သူ၏ကားဖြင့် လိုက်ပို့ပေးမည်ဖြစ်သဖြင့် အလွန်အဆင်ပြေလှ၏။ ရွှေမြစိန်နှင့် သမီးလေးပါ လိုက်ပို့ပေးမည်ဖြစ်၏။ ကျွန်ုပ်သည် ရွှေမြစိန်အား မှာကြားစရာရှိသည်များကို တတွတ်တွတ်မှာကြားရ၏။ သို့သော် မောင်ကြည်ညိုနှင့် ကိစ္စကိုမူ ပြောမထွက်သဖြင့်လည်းကောင်း၊ မပြောသင့်ဟု ယူဆသဖြင့်လည်းကောင်း မပြောဖြစ်ခဲ့ပေ။ သမီးလေးကို ဂရုစိုက်ဖို့အကြောင်း၊ ဆိုင်ကိုလည်း တစ်နိုင်တစ်ပိုင်သာ လုပ်ဖို့အကြောင်းလောက်သာလျှင် ပြောဖြစ်၏။ မောင်ကြည်ညိုအားလည်း ရွှေမြစိန်ကို ကျွန်ုပ်မရှိခိုက် နမသားချင်းတစ်ယောက်လို စောင့်ရှောက်ဖို့အကြောင်း မှာကြားရာ မောင်ကြည်ညိုက စောင့်ရှောက်ပါမည့်အကြောင်း၊ စိတ်အေးအေးထားပြီး သွားစေလိုကြောင်း၊ နောက်ကြောင်းကို ဘာမှမပူဖို့အကြောင်းများကို ပြောကြားလေ၏။ ရွှေမြစိန်ကလည်း သူနှင့် ကလေးကို စိတ်မပူဖို့အကြောင်း၊ ကျန်းမာရေးကိုသာ ဂရုစိုက်ပြီး အလုပ်ကို စိတ်အေးအေးထားပြီး လုပ်စေလိုကြောင်း မျက်ရည်လေးစမ်းစမ်းဖြင့် ပြောရှာ၏။ သမီးလေးမှာမူ ဘာမှမသိရှာဘဲ အဝတ်သစ်၊ အစားသစ်ကလေးများ ဝတ်ကာ ပျော်ရွှင်လျက်ရှိ၏။

ကျွန်ုပ်သည် အိမ်နီးပါးချင်းများအား နှုတ်ဆက်ခြင်းတို့ပြုလုပ်ကာ ကိုအောင်ကျော်ထွေး၏ ကားကြီးဖြင့် မင်္ဂလာဒုံလေဆိပ်သို့ ထွက်ခဲ့လေ၏။ ကျွန်ုပ်၏စိတ်တို့သည် အရမ်းလှုပ်ရှားနေမိ၏။ အမိရင်ခွင်မှ ရုတ်တရက်ခွဲခွာလိုက်ရသည့် သားတစ်ယောက်နှယ် ဝမ်းနည်းသလိုလည်း ခံစားရ၏။ မကြာမီ အနာဂတ်သစ်တစ်ခုကို ရင်ဆိုင်ရတော့မည် ဖြစ်သဖြင့်လည်း ပျော်ရွှင်သလိုလို ခံစားရ၏။ ထို့အပြင် အဆင်မှပြေပါ့မလားဆိုသည့် စိုးရိမ်စိတ်တို့ဖြင့် ရင်ဖိုလှိုက်မောလျက်လည်း ရှိလေ၏။ ထို့အပြင် ကျွန်ုပ်အလွန်ချစ်မြတ်နိုးသော ရွှေမြစိန်၊ သမီးလေး ပိုးရတုပွင့်ဖြူတို့ကို ခွဲခွာရမည်ဆိုပြန်သဖြင့် လွမ်းဆွတ်ကြေကွဲခြင်းဝေဒနာကိုလည်း ခံစားနေရပြန်၏။ ကျွန်ုပ်မရှိခိုက် ရွှေမြစိန်နှင့် မောင်ကြည်ညို ဘာတွေများ ဖြစ်နေကြမလဲဆိုသည့် သောကဗျာပါဒတို့ကိုလည်း တစ်ပြိုင်နက်ခံစားနေရပြန်၏။ ကျွန်ုပ်၏အတွေးတို့သည် ရှည်လျားလှပေ၏။ ရွှေမြစိန်က အနားမှ တတွတ်တွတ်ပြောနေသည့် စကားများအား ကြားသည့်အခါကြားပြီး၊ မကြားသည့်အခါလည်း မကြားဘဲရှိ၏။

“ကို့ . . . ဟိုရောက်ရင် အကျိုးအကြောင်း ဖုန်းပြန်ဆက်နော်။ ကို့ . . ပြောတာကြားလား”

ကျွန်ုပ်သည် ရွှေမြစိန်အား သေသေချာချာ ကြည့်နေမိ၏။ ရွှေမြစိန်သည် ကျွန်ုပ်နှင့် အိမ်ထောင်ကျစကဲ့သို့ ပိန်ပိန်ကပ်ကပ် ပြားချပ်ချပ်လေးမဟုတ်တော့။ တစ်သားမွေး တစ်သွေးလှဆိုသည့်အတိုင်း ပြည့်ပြည့်ဖြိုးဖြိုး၊ တောင့်တောင့်တင်းတင်းဖြင့် အလှသွေးကြွယ်လျက် ရှိနေသည်ကို သတိပြုမိသဖြင့် စိတ်မချသလို ခံစားရပြန်၏။ ရွှေမြစိန်ကို “ကိုယ်အစစအရာရာ စိတ်ချပါရစေကွယ်” ပြောလိုက်ချင်သော်လည်း ပါးစပ်က ပြောမထွက်ဘဲ ရှိပြန်၏။ ကျွန်ုပ်ပြောချင်သည့် စကားလုံးတို့သည် ရင်ဝတွင် တစ်ဆို့၍နေ၏။ ကျွန်ုပ်သည် ဘာမှမပြောတာဘဲ ကောင်းပါတယ်ဟု စိတ်ကို ဒုံးဒုံးချလိုက်လေတော့၏။ မကြာမီ လေယာဉ်ထွက်တော့မည်ဖြစ်ရာ ခေတ်ကာလအနေအထားတစ်ခုကြောင့် လေဆိပ်အပေါ်ထပ်ရှိ ... သည်ပို့သူများ နှုတ်ဆက်ရာနေရာသို့ တက်ခွင့်ပိတ်ထားသည်နှင့် ကြုံနေသဖြင့် ရွှေမြစိန်တို့အား ကိုအောင်ကျော်ထွေးနှင့်အတူ ပြန်ကြဖို့အကြောင်း၊ စိတ်မပူဖို့အကြောင်း၊ ဟိုရောက်ရင် ဖုန်းဆက်မည်ဖြစ်ကြောင်းတို့ကို ပြောကာ ပြန်လွှတ်လိုက်ရ၏။ ကျွန်ုပ်တစ်ယောက်တည်း ကျန်ခဲ့ချိန်တွင် ရင်ထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်လာကာ ငိုချင်လာမိ၏။ ငါမသွားတော့ဘဲ အိမ်ပြန်တာပဲ ကောင်းမယ်ထင်တယ်ဟုလည်း တွေးနေမိ၏။ ခုချိန်မှာ ငါမသွားရင် ဖြစ်တာပဲ။ ဒါ... မယ့် ရွှေမြစိန်ကတော့ ငါ့ကို အတော်... စိတ်ပျက်သွားလိမ့်မယ်။ တော်တော်... သဗ္ဗတ္တိနည်းတဲ့ယောက်ျားဟုလည်း အထ... အမြင်သေးပေလိမ့်မည်။ ငါသွားမှဖြစ်... မှာပါလေ။ ပိုက်ဆံတွေလည်း တော်... တော်ကုန်ပြီးမှဥစ္စာ။ ကျွန်ုပ်သည် ... စားရင်း တွေဝေနေမိ၏။

“လူလေးက ဒီမှာ ငုတ်တုတ်ထိုင်... ပြီး ဘာတွေများ တွေဝေနေတာတုံး... ဘာမှစဉ်းစားတွေဝေမနေနဲ့ လာလိုက်...”

ဟုဆိုကာ ကျွန်ုပ်၏လက်ကို... ကာ လေဆိပ်အပြင်သို့ ဆွဲခြင်း... ခံလိုက်ရလေ၏။ ကျွန်ုပ်သည် အ...



www.burmeseclassic.com

www.burmeseclassic.com

သူတော်ကြောင်အား မမျှော်လင့်သော အချိန်တွင် တွေ့လိုက်ရသဖြင့် ဝမ်းသာခြင်း၊ အားတက်ခြင်း၊ အံ့ဩခြင်းများ ဖြစ်မိလေ၏။ လေဆိပ်အပြင်သို့ရောက်သောအခါ ကားအကောင်းစားကြီးတစ်စီးဘေးကပ် ရပ်နေသူတစ်ယောက်က တံခါးဖွင့်ပေးကာ ကားပေါ်သို့တက်စေ၏။ ကျွန်ုပ်သည် ဘာမသိဘာမသိဖြင့် အဘိုးသူတော်ကြောင်ခေါ်ရာသို့ ပါလာပြီး…

"ဒါက ဘယ်သွားမှာတုံး အဘိုးရဲ့ ကျွန်တော်တော့ ဒုက္ခရောက်ပါပြီဗျာ"

ဟု ညည်းညူလိုက်၏။

"ဒုက္ခရောက်တာ မဟုတ်ပါဘူး။ ဒုက္ခတွေ ပြီးဆုံးသွားတာပါ"

"ကျွန်တော့်အစီအစဉ်တွေ အကုန်ပျက်ကုန်ပါပြီဗျာ"

ဟု ညည်းလိုက်ပြန်ရာ -

"အစီအစဉ်တွေ ပျက်ကုန်တာ မဟုတ်ဘူးဗျ။ အခုမှ အစီအစဉ်တွေက စတာပါ"

"အဘိုးကတော့ဗျာ။ လုပ်လိုက်ပါပြီ။ ကျွန်တော့်မိန်းမသာသိရင် စိတ်ကောင်းမှာ မဟုတ်ဘူးဗျ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ -

"လွဲလိုက်တာ မောင်ရာ။ တက်တက်စင်ပါပဲ။ မောင်ရင့်မိန်းကလေးက စိတ်ကောင်းလွန်းလို့မှ ပျော်ပွဲကြီးကို ဆင်နေပါပြီ မောင်ရာ။ မောင်ရင့်ကို လိုက်ပို့တာက လိုက်မပို့ရင် မကောင်းတတ်လို့ လိုက်ပို့တာပါဗျ။ မောင်ရင် ပြန်လွှတ်မှ ပြန်တာကလည်း နေချင်လွန်းလို့ မဟုတ်ပါဘူး။ ပြန်ချင်နေတာကြာလှပါပြီ။ မကောင်းတတ်လို့ပါ"

"ဘာလဲ…အဘိုးက ကျွန်တော့်မိန်းမကို ဟိုအကောင်နဲ့ အထင်လွဲနေနေတာပေါ့"

ဟု ကျွန်ုပ်က ကက်ကက်လန်ပြောလိုက်ရာ -

"အထင်လွဲတာ မဟုတ်ပါဘူး မောင်ရင်ရာ၊ အထင်တည့်တာပါဗျ။ မောင်ရင့်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာကိုက ရည်ရွယ်ချက်ရှိရှိနဲ့ ရောက်လာတာပါဗျ"

"အဲဒီလိုတော့ မဟုတ်လောက်ပါဘူး အဘိုးရယ်။ ရှာဦးဆရာတော်ရေးပေးလိုက်တဲ့ စာတောင် ကျွန်တော့်မှာ ရှိနေသေးတာပဲဥစ္စာ"

"လူလေးက အတော်ကို ဒုံးဝေးတာပဲ။ အဲဒီစာကို ရှာဦးဆရာတော် ရေးပေးပါတယ်လို့ လူလေးကို ဘယ်သူက အာမခံသလဲပြောစမ်းပါ။ လူတွေအကြောင်းလည်း ဘာမှမသိဘဲကိုး။ ဒါနဲ့တောင် နိုင်ငံခြားသဘော် တက်ဦးမတဲ့။ သွားကြည့်လိုက်ပါ၊ လမ်းတစ်ဝက်က ပြန်လှည့်လာရမှာ မြင်ယောင်သေး"

"မဟုတ်တာမပြောပါနဲ့ အဘိုးရာ"

ဟု ကျွန်ုပ်က စိတ်တိုတိုနှင့် ပြန်ပက်လိုက်ရာ -

"ကျုပ်က ဘယ်တုန်းကများ မဟုတ်တာပြောဖူးလို့လဲ မောင်ရာ။ မဟုတ်တာတွေ တွေးမနေစမ်းပါနဲ့။ ငရဲတွေ၊ ငအံ့တွေ ကြီးကုန်လို့ နိဗ္ဗာန်ရောက် နောက်ကျနေပါဦးမယ်ဗျ။ လွှတ်ပေးလိုက်စမ်းပါ မောင်ရာ။ ကြည်ကြည်ဖြူဖြူသာ လွှတ်ပေးလိုက်ပါ။ ဒါတွေအားလုံးဟာ လူကလေးမှာ တင်ရှိနေတဲ့ ဝဋ်ကြွေးတွေကို နောက်ဆုံးအနေနဲ့ ပေးဆပ်တယ်လို့ သဘောထားလိုက်စမ်းပါ"

ကျွန်ုပ်သည် အဘိုးသူတော်ကြောင်နှင့် ငြင်းခုန်လာရသဖြင့် မောလာပြီဖြစ်၏။ ရင်ထဲမှာလည်း ပူလောင်လာကာ ရေသောက်ချင်စိတ်တို့လည်း ဖြစ်လာသောကြောင့် -

"ကျွန်တော့်ကို ရေလေးဘာလေး တိုက်စမ်းပါဦး အဘိုးရယ်၊ ရေဆာလိုက်တာ"

ဟု ညည်းလိုက်ရာ အဘိုးသူတော်ကြောင်က သူ၏အိတ်ကြီးအတွင်းမှ ရေဘူးအား ထုတ်ပေးလေ၏။ ကျွန်ုပ်သည် အဘိုးသူတော်ကြောင်ပေးသော ရေဘူးအား ယူ၍ အနည်းငယ်သောက်လိုက်ရုံမျှဖြင့် ရင်ထဲတွင် အေးမြသွားကာ အရာရာအားလုံးကို မေ့လျော့သွားသကဲ့သို့ ခံစားလိုက်ရပေ၏။ ကားကြီးမှာလည်း တဖြည်းဖြည်းနှင့် ရန်ကုန်မြို့ပြင်ဘက်သို့ ရောက်ရှိလာပြီဖြစ်ရာ ညကလည်း မှောင်စပြုလာပြီဖြစ်သည့်အပြင် အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်လာခြင်းဖြစ်သဖြင့် ကြာလာသော် ကျွန်ုပ်အား ချော့သိပ်သကဲ့သို့ ဖြစ်လာပြီး ကျွန်ုပ်၏ မျက်ခွံများသည် လေးလံ၍လာကာ မကြာမီ အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေတော့သတည်း။

(ပြီးပါပြီ)

ယိုး



www.burmeseclassic.com

www.burmeseclassic.com



# အံ့ဖွယ်ထူးဆန်း
# မြန်မာ့ဆေးစွမ်းကောင်းများ (၃)

မျိုးသန်းထွန်းကို(ရေစကြို)

တစ်နေ့သောအခါတွင် သမားတော်ကြီး ဦးစံမတူသည် ရောဂါသည် လူနာများမရှိသဖြင့် စံမတူဆေးကျမ်း ရေးသားနေတော်မူပါ၏။ ကြက်ဆူကျင်းမှ ခြေမြန်တော်တစ်ဦး မြင်းတစ်စီးဖြင့် အမောတကော ရောက်လာပါတော့၏။

''သမားတော်ကြီး ... ကြက်ဆူကျင်းသူကြီး ဦးစံခ အမောဖောက်နေတယ်။ အမြန်လာခဲ့ပါဦးမှာလို့ လာပင့်တာပါ။ ကြွပေးပါဦး''

အညာဒေသတွင် ဆေးဆရာများကို တရိုတသေ ခေါ်ယူကြပါ၏။

''အေး ... လိုက်ခဲ့မယ်''

ဦးစံခ၏ မွေးသက္ကရာဇ်က သူကြီးလုပ်ချိန်က ရှိလေတော့ ပေဒင်တွက်ချက်ကြည့်ရာ ၆၆ နှစ်ရှိလေပြီ။ ဦးစံမတူသည် လိုအပ်တာတွေ ပြည့်စုံအောင်ယူပြီး မြင်းတစ်စီးဖြင့် အပြေးနှင်ရပါ၏။ မြန်မာလူမျိုးတို့တွင် ၆၆ နှစ်သည် သတိထားရမည့်နှစ် ဖြစ်၏။ ကံကုန်တတ်သည့်နှစ် ဖြစ်ပါ၏။ အဆိုပါနှစ် ရောက်ချိန်တွင် သက်စေ့ ပန်း၊ ရေချမ်း ကပ်လှူခြင်း၊ သတ္တဝါများ ဘေးမဲ့လွှတ်ခြင်း။ သံဃာတော်များအား ကုသိုလ်ကောင်းမှု ပြုခြင်းများ ပြုလုပ်သင့်ပါ၏။ ကံဆက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အတိတ်ကံကုန်ချိန်တွင် ပစ္စုပ္ပန်ကုသိုလ်ကံဖြင့် အသက်ကို ဆက်ရခြင်း ဖြစ်ပါ၏။

ကြက်ဆူကျင်းရောက်တော့ ‥ သူကြီးများလည်း စုံလင်နေပေပြီ။

"လူနာကို ဒီဆေးဝင်အောင် တိုက်။ တောင်ဘက်ကိုခေါင်းပြု၊ တောင်မြောက်အနေအထား အိပ်နေပါစေ"

ထိုသို့ပြောပြီး ဦးစံမတူမှ ရေတစ်ခွက်ယူပြီး ဂါထာမန္တန်များ ရွတ်ဖတ်ပါ၏။ ထို့နောက် ရေမန်းကို တိုက်စေ၏။

"လူနာကို စောင်ခြုံထားလိုက်"

ခဏကြာတော့ လူနာ ချွေးပြန်လာပါ၏။

"စောင်ကို ဖယ်လိုက်။ လူနာကို ချွေးသုတ်ပေး၊ အဝတ်လဲပေး။ ပြီးရင် နဖူးကနေ ရွှေပြာသွင်းမယ်"

ဦးစံမတူကိုယ်တိုင် ရွှေပြာထည့်ပါ၏။ တစ်နာရီခန့်ကြာတော့ လူနာ တော်တော်လေး လန်းလာပါ၏။

"ကြက်စွပ်ပြုတ်လုပ်ပြီး လူနာကို တိုက်ပါ"

ဆေးအရှိန်ကြောင့် လူနာမှာ အားနည်းနေ၏။

ထိုသို့ ဆေးတိုက်လိုက်၊ ချွေးအောင်းလိုက်၊ ကြက်စွပ်ပြုတ်တိုက်လိုက်ဖြင့် သုံးကြိမ်ပြုလုပ်တော့ လူနာ တော်တော်လေး သက်သာလာပါ၏။

ဦးထွန်းလှမှ –

"လူနာသက်သာနေပြီတော့ တို့သူကြီးတွေလည်း မင်း ကုသနည်းကို အံ့ဩတကြီးဖြစ်နေပြီ။ ရှင်းပြပါဦး"

"လူနာက အတွင်းပိုင်း ကလီစာတွေကို လိုက်စားနေပြီ။ မကြာခင် သေသွားနိုင်တယ်။ အခုတိုက်တဲ့ဆေးမြစ်တွေကို မြေအိုး(ဖျဉ်းအိုး)အကြီးထဲမှာ ထည့်ပြီး ၇၂ နာရီပေါင်းရတယ်။ မီးပြတ်လို့မရဘူး။ အပူရှိန်နည်းရင် ဆေးမစွမ်းတော့ဘူး။ ဒီဆေးကို တိုက်တာနဲ့ ရောဂါပိုးတွေက ချွေးထွက်ပေါက်တွေက ထွက်လာတာပဲ။ ရွှေပြာကတော့ ခန္ဓာကိုယ်အတွင်းပိုင်းက ကလီစာတွေကို ပြန်ကောင်းအောင် ထည့်ပေးတာပဲ။ လူနာက အားနည်းပြီး သတိမေ့သွားတတ်တယ်။ ကြက်ပေါင်းရည်တိုက်ပေးပြီး အားဆက်ရတာပေါ့။ အုန်းရည်တိုက်ပေးရင်လည်း ရတယ်"

(အဆိုပါ ကုသနည်းကို အောင်လံဆရာတော်ထံတွင် ကုသပေးပါ၏။ AIDS ရောဂါရှင်များ၊ ကင်ဆာရောဂါရှင်များကို အထက်ပါနည်းအတိုင်း ကုသပါ၏။)

"လူနာကို တောင်မြောက်အိပ်ခိုင်းတာလည်း ရှင်းလင်းပါဦး"

"ကမ္ဘာမြေကြီးမှာ သံလိုက်ဆွဲငင်အား ရှိတယ်။ သံလိုက်ဓာတ်ကုထုံးတစ်ခုပါပဲ။ လူတွေအိပ်စက်ရင် တောင်မြောက်အိပ်ရတယ်။ တချို့ငှက်တွေဆိုရင် တစ်ခါတစ်ရံ မြေကြီးပေါ်မှာ လူးကြတယ်။ မြေဓာတ်ယူတဲ့သဘောပဲ။ ပထဝီမြေဓာတ်ကလည်း ရောဂါတွေကို ကုသပေးပါတယ်။ သာမန်ရောဂါဆိုရင် မိုးကြိုးသွားနဲ့ ပွတ်တိုက်ပေးရင် ပျောက်ကင်းကြတယ်။ ဂျပန်တွေဆိုရင် လည်ပင်းမှာ ကျောက်လေးတွေ ဆွဲထားကြတယ်။ ကျောက်ရဲ့ဓာတ်သဘာဝနဲ့ ခန္ဓာကိုယ်အတွင်းရှိ ရောဂါအချို့ ပျောက်ကင်းကြတယ်။ နောက်တစ်ခုက ဇာလီတောင်ဆရာတော် အဂ္ဂိရတ်ထိုးပေးထားတဲ့ ဓာတ်လုံးကို ရေစိမ်သောက်ရင်လည်း ခန္ဓာကိုယ်တွင်းက မလိုအပ်တဲ့ ပိုးမွှားတွေ သေစေပါတယ်"

(အောင်လံဆရာတော်မှလည်း စာရေးသူကို ပြဒါးကိုသေအောင် လုံးပေးထားသည့် ဓာတ်လုံး စီမံပေးထားပါ၏။ နေ့စဉ် ရေစိမ်သောက်သဖြင့် စားဝင်၊ အိပ်ပျော်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည်ကို တွေ့ရပါ၏။)

"ဦးစံခ ကျန်းမာရေးကောင်းရင် စပါးကြီးမြွေသည်းခြေရရင် အစိမ်းလိုက် မျိုပေးပါ။ ခန္ဓာကိုယ်တွင်း ရောဂါများကို ပျောက်ကင်းပါတယ်။ ရောဂါပိုးတွေလည်း သေစေပါတယ်။ အစွမ်းထက်တဲ့ ဆေးဝါးတစ်လက်ပဲ"

"ဦးစံခအသက်က ၆၆ နှစ်ရှိပြီ။ မြန်မာလူမျိုးတွေမှာ ၆၆ နှစ်က ကံနိမ့်ဆုံးနှစ် ဖြစ်တယ်။ အဲဒီတော့ အတိတ်ကံကုန်ချိန်ဖြစ်၍ ပစ္စုပ္ပန်မှာ အသက်ရှည်ချင်ရင် ကုသိုလ်နဲ့ ကံဆက်ရမယ်။ ဆရာတော်၊ သံဃာတော်တွေကို ပစ္စည်းလေးပါးလှူပါ။ ဆေးဝါးများများလှူပါ။ သတ္တဝါတွေ သက်စေ့လွှတ်ပါ။ ရေကန်တွေတူးပါ။ ကံမြင့်တာပေါ့။ ဘုရားကျောင်းကန် ဇရပ်တွေ ပြုပြင်ရမယ်။ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း သမထဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းရမယ်"

ဦးထွန်းလှမှ –

"ငါလည်း ၆၆ နှစ်နီးလာပြီး စံမတူရ"

"သွေးသောက်ကြီးက ဘဝပြောင်းမှ ဖြစ်မယ်"

"မဦးမချွတ် စံမတူရာ"

"ဘဝပြောင်းတယ်ဆိုတာ ဘုန်းကြီးဝတ်ရမယ်။ သူတကာနဲ့မတူလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

မယားကြီးသတ်ထားတဲ့ အကုသိုလ်ကံ များနေတော့ တစ်ဝါဆိုရမယ်''

''ဝါး ... ဟား ... ဟား''

''သူ့ဘာသာ ရောဂါနဲ့ သေတာပါကွာ''

''သေမှာပေါ့။ ဆေးဖိုးဝါးခ နှမြောတော့ ဆေးမှ မကုတာကိုး''

''စံမတူရာ ... နဂိုတုန်းက မနိုင်ခဲ့သမျှ ခုမှ တိုက်ခိုက်တာပေါ့''

''သကြားသာသနာမှာ တရားလက်မလွှတ်ဖို့ အရေးကြီးတယ်။ လူတွေရဲ့ သက်တမ်းတွေက တိုလာကြတယ်။ သိသူဖော်စား၊ မသိသူကျော်သွားပဲ''

''ခုနကစကား ပြန်ဆက်ရရင် ကျွန်တော်တို့ လူသားတွေဟာ နေရောင်ခြည်ကို အကျိုးရှိစွာ အသုံးချတတ်ရမယ်။ နေရောင်ခြည်လှုံတတ်ရမယ်။ နေရောင်ခြည်မှာ ပိုးမွှားများကို သေစေနိုင်တဲ့ သတ္တိတွေ တော်တော်များများ ပါတယ်။ ဥရောပတိုက်သားတွေဟာ မြန်မာပြည်ကိုလာရင် နေရောင်ခြည်လှုံကြတယ်။ သူတို့ဆီမှာ နေရောင်ခြည်ထိတွေ့မှုနည်းတော့ မျက်လုံးတွေ ပြာကြတယ်။ ကျွန်တော်တို့နိုင်ငံဟာ အီကွေတာနဲ့နီးတော့ သဘာဝကပေးတဲ့ ဆေးတစ်လက်ပဲ။ ဒါကြောင့် နံနက်စောစော လမ်းလျှောက်ရင် နေထွက်စ နေရောင်ခြည်ဟာ ပူပြင်းမှု အားနည်းတာကို ခန္ဓာကိုယ်ပေါ်ကို ကျရောက်ပါစေ။ အချို့နိုင်ငံတွေမှာ လရောင်ပါ လှုံကြတယ်။ လရောင်မှာလည်း ရောဂါပျောက်စေနိုင်တဲ့ သတ္တိတွေ ပါရှိတယ်။ အထူးသဖြင့် လပြည့်ညရဲ့ သန်းခေါင်ယံမှာ လရောင်လှုံသင့်တယ်။ အချို့နိုင်ငံတွေမှာ အဝတ်တွေအားလုံးချွတ်ပြီး လရောင်လှုံကြတယ်။

''အဝတ်အစားချွတ်တော့ ရှက်စရာကြီးပေါ့ဟ''

''ကျွန်တော်တို့နိုင်ငံ ယဉ်ကျေးမှုအရကတော့ အဝတ်ပါးပါး၊ ဇာအင်္ကျီဝတ်ဆင်ပြီး လရောင်လှုံပေါ့''

''ကျန်းမာရေးနဲ့ပတ်သက်ပြီး လိမ်းကျံသင့်တဲ့ သစ်ပင်တစ်မျိုးရှိတယ်။ ဒါကတော့ ကျွန်တော်တို့ အညာကထွက်တဲ့ သနပ်ခါးပဲ။ သနပ်ခါးလိမ်းထားရင် နွေရာသီမှာ အပူဒဏ်ကို ကာကွယ်စေတယ်။ အသားအရေကို နူးညံ့သိမ်မွေ့စေတယ်။ အနံ့က မွှေးကြိုင်တော့ လူတွေကို စိတ်ချမ်းသာစေတယ်။ အပူအအေးကို ထိန်းညှိပေးတဲ့ သစ်ပင်တစ်မျိုးပဲ''

''အိပ်ငွေ့ချတယ်လို့ ကြားဖူးတယ်ကွ။ ဘယ်လိုလုပ်တာလဲ''

''ဒါက နွယ်ပင်တစ်မျိုးရှိတယ်။ ကျွန်တော်တို့အညာမှာ မပေါက်ဘူး။ ကချင်ပြည်နယ်၊ ရှမ်း၊ ကချင်ပြည်နယ်တို့မှာ ပေါက်လေ့ရှိတယ်။ အနံ့ကိုနမ်းကြည့်ရင် နနွင်းတက်နဲ့ ဆင်တယ်။ အဲဒီနွယ်ပင်ကို အခြောက်လှန်းပြီးရင် မီးခိုးမှိုင်းတိုက်၊ အဲဒီအနံ့ရတာနဲ့ ဖက်ကြောတက်ပြီး အိပ်ကုန်ကြတာပဲ။ သိပ်များရင်အသက်အန္တရာယ်ရှိတယ်''

''ကျန်းမာရေးနဲ့ပတ်သက်ပြီး တော်တော်ဗဟုသုတ စုံလင်တာပဲ။ ဒီပညာတွေ ဘယ်ကနေ တတ်မြောက်တာလဲ''

''ဇာလီတောင်ဆရာတော်ကြီးထံက သင်ကြားတတ်မြောက်ခဲ့တယ်။ ဇာလီတောင်ပေါ်မှာ အစွမ်းထက်တာတွေ တွေ့ခဲ့ရတယ်။ သူကြီးတွေ အားတဲ့အခါ သွားရောက်ကြည့်ရှုလေ့လာသင့်တယ်။ ဇာလီတောင်ပေါ်က ဆရာတော်ရဲ့ ကျောင်းအနီးမှာ နတ်ရေကန်ကြီးတစ်ကန် ရှိတယ်။ အမျိုးသမီးတွေ မဆင်းရဘူး။ အမျိုးသားတွေပဲ ရေဆင်းခပ်လို့ရတယ်။ နတ်ရေကန်ထဲကရေက ရောဂါတော်တော်များများ ပျောက်ကင်းတယ်။ အိမ်တိုင်းဆောင်ထားသင့်တယ်။ ပြီးတော့ ဆရာတော် အဂ္ဂိရတ်ထိုးရာမှ ထွက်လာတဲ့ ပြာတွေကို နေ့စဉ် နည်းနည်းစားပါ။ ကျန်းမာရေးကောင်းမွန်ပြီး ရောဂါဘယ ကင်းရှင်းတယ်။ ဆရာတော်က ထွက်ရပ်ပေါက်ကျင့်ကြံနေတာ ဖြစ်တယ်။ သွားရောက်ဖူးမြော်သင့်တယ်''

အဆိုပါ တောင်ပေါ်သို့ စာရေးသူတို့ ရောက်ဖူးပါ၏။ ကျောင်းက ရှိနေသေးပြီး ဘုန်းတော်ကြီးများတော့ မရှိတော့ပါ။ နတ်ရေကန်ကြီးကတော့ ယခုထိ ရှိနေဆဲပါ။ အဆိုပါ ရေကန်အတွင်းသို့ အချို့အမျိုးသမီးများ ဆင်းပါက လျှောင်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်တတ်ပါ၏။ ဆရာတော်ကြီး၏ သစ္စာဓိဋ္ဌာန် နတ်ရေကန် ဖြစ်ဟန်တူပါ၏။

ဦးစံမတူမှ ဆက်လက်၍ –

''ဆရာတော်မှာ အစွမ်းထက်တဲ့ ဂါထာတစ်ပုဒ်ရှိတယ်။ ဆရာတော် အမြဲရွတ်ဆိုတယ်။ ပုတီးလည်းစိပ်တယ်။ ကြီးမားတဲ့ ရောဂါဝေဒနာရှင်တွေဆိုရင် ရေတစ်ခွက်ကို ဂါထာ ၉ ကြိမ်၊ ၁၈ ကြိမ်၊ ၂၇ ကြိမ် ရွတ်ဖတ်ပြီး ရေမန်းပြုပြီးတိုက်ရင် ရောဂါပျောက်တယ်ဗျ။ အခက်အခဲကြုံရင်လည်း ရွတ်ဖတ်လို့ရတယ်''

''တို့လည်းပြောပြပါဦး စံမတူရ''



www.burmeseclassic.com

www.burmeseclassic.com

"သူကြီးတွေ ပြောရမှာတော့ အခုက်သားဗျ။ အင်္ဂလိပ်မင်း မျက်နှာရဖို့ ရွှတ်ဖတ်ရင်တော့ လိုရာမရောက် အကုသိုလ်ပဲ ရမယ်ဗျ"

"မဟုတ်ပါဘူး စံမတူရာ။ အိုက်တင်ခံမနေပါနဲ့၊ ပြောမှာသာ ပြောပါ"

"နမောဗုဒ္ဓါရသိဒ္ဓိ အရဟံ ဗုဒ္ဓေါ ပုဒိအာ မာရဇိန်"

အဆိုပါ ဂါထာတော်ကို အောင်လံဆရာတော် ဦးသံဝရလည်း အမြဲ ရွှတ်ဖတ်ပါ၏။ စာရေးသူကို ရေးပေးခဲ့ပါ၏။

"အဓိပ္ပာယ်ကတော့ ... ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တည်းဟူသော ဉာဏ်သုံးပါးနှင့် ပြည့်စုံ၍ မာန်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားအား နမော–ရှိခိုးပါ၏။ ဤသို့ ရှိခိုးရခြင်းကြောင့် သိဒ္ဓိ၊ မဟိဒ္ဓိ အဖုံဖုံနှင့် ပြည့်စုံရပါလို၏ဟု အဓိပ္ပာယ်ရပါတယ်ဗျ။ သူကြီးမင်းအပေါင်း သူတော်ကောင်းတို့ လိုရာသုံးတော်မူကြပါဗျ"

ဦးစံခလည်း အတော်သက်သာနေပေပြီ။

"ဦးစံမတူ ... ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ။ ကျွန်တော်လည်း ဆရာတော်ထံမှာ ကတိပြုသစ္စာဆိုပြီးမှ ဆေးဆရာအလုပ်ကို စတင်လုပ်ခဲ့တာပဲ။ ကံငါးပါးလုံရမယ်၊ အခကြေးငွေဖြင့် မကုရဘူး၊ ဆေးဖိုးဝါးခကို စေတနာရှိသလောက် ပေးတာပဲ ယူရမယ်။ ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ ကုသရမယ်။ အယုတ်အလတ် အမြတ်မရွေး ကုသပေးရမယ်။ ဒီအချက်တွေပြည့်စုံမှ ကုသတဲ့အခါ ဆေးဝါးက အစွမ်းထက်စေရမယ်။ ကတိသစ္စာပျက်ပါက အကုသိုလ်ကံအကျိုးကို ကျုပ်ခံစားရမယ်"

ဦးထွန်းလှမှ –

"ကြုံကြိုက်တုန်း သိတာ၊ မြင်တာလေးတွေရှိရင်လည်း ပြောပြပေးပါဦး စံမတူရ"

"စကားပုံလေးတစ်ခု ပြောပြမယ်။

ခါးရင် မကြောက်နဲ့၊ ယားရင် မကြောက်နဲ့၊ ချဉ်ရင် မကြောက်နဲ့၊ ချိုရင် မကြောက်နဲ့၊ အိုရင် မကြောက်နဲ့။

အဓိပ္ပာယ်ကတော့ ခါးတဲ့အစားအသောက်က ကျန်းမာရေးနဲ့ ညီညွတ်တယ်။ တောထဲတောင်ထဲရောက်ရင် ကိုယ်မသိတဲ့ အသီးအရွက်တစ်ခုကို စားမယ်ဆိုရင် မြည်းကြည့်ပါ။ ခါးတယ်ဆိုရင် အန္တရာယ်မရှိဘူး။ ကြက်ဟင်းခါးသီးဆိုရင် ဆေးဘက်ဝင်တယ်။ ကျွန်တော်တို့အညာမှာ ပေါက်လေ့ရှိတဲ့ တရုတ်စံကားပင်က အရွက်ဟာ ရောဂါတော်တော်များများ ပျောက်တယ်။ ရေနွေးဖြော်ပြီး တို့စားကြတယ်။ ခါးတဲ့အရသာရှိတယ်။ ရောဂါပိုး တော်တော်များများ သေစေတယ်။ နောက်ပြီး တမာရွက်ကို ပြုတ်ပြီးစားတာဟာ အကောင်းဆုံးပဲ။ တမာရွက်ဟာ ရောဂါတော်တော်များများကို ပျောက်ကင်းစေပါတယ်။ ပုံမှန်သာ ဒီအရွက်နှစ်မျိုးကို စားသုံးနိုင်ရင် ရောဂါဘယကင်းဝေးပြီး အသက်ရှည်စေပါတယ်၊ တရုတ်စံကားပင်က အရွက်အပြင် အပွင့်က ပိုပြီး ဆေးဝါးထက်စေပါတယ်"

(ယခုခေတ်တွင် တရုတ်စံကားပွင့်ခြောက်ကို တစ်ပိဿာ ၂၀၀၀ကျပ်/– ဖြင့် ဝယ်ယူ၍ တရုတ်ပြည်သို့ တင်ပို့နေကြသည်ကို တွေ့ရပါ၏။ တရုတ်ပြည်တွင် တစ်ပိဿာ ၄၀၀၀ကျပ်/– ရသည်ဟု သိရပါ၏။)

"ယားရင် မကြောက်နဲ့ဆိုတာက အညာမှာပေါက်လေ့ရှိတဲ့ ခွေးလေးယားပင်က ခွေးလေးယားသီးက အစေ့တွေကို ပြောတာပါ။ ယားတဲ့အသီးရှိသလို၊ မယားတဲ့အသီးလည်း ရှိတယ်။ ယားတဲ့အသီးက အစေ့တွေဟာ ဆေးဖက်ဝင်တယ်။ သွေးသောက်ကြီးတောင်းဆိုနေတဲ့ ဆရာခဲဆေး ... ယောက်ျားအားဆေးပဲ။ တစ်နေ့ကို သုံးစေ့ထက် ပိုမစားသင့်ဘူး။ ပျားရည်နဲ့ တွဲစားရင် ပိုကောင်းပါတယ်။ ကျွန်တော်ဖော်စပ်ပေးတဲ့ ဆေးထက် ခွေးလေးယားသီးအစေ့က ပိုပြီး အာနိသင်ကောင်းတယ်။ အသက် ၄၀ ကျော်လာရင် မှီဝဲသင့်တဲ့ ယောက်ျားအားဆေး၊ ကာမဆေးတစ်လက်ပဲ"

(သရက်ဘက်တွင် အော်ရာမင်းကြီးဟု တင်စားခေါ်ဝေါ်ကြပါ၏။ စာဖတ်ပရိသတ်များ စားသုံးကြည့်ပါ။ သရက်တွင် နို့ဆီတစ်ဘူး ၂၅၀ကျပ်/ ပေးရပါသည်။ အစေ့လေးတွေက သေးတော့ တစ်ဘူးဆိုရင် တစ်နှစ်လောက် စားသုံးရပါသည်။ နိုင်ငံခြားက တန်ဖိုးကြီးဆေးဝါးများကို စားသုံးမည့်အစား ဘေးထွက်နည်းသော မြန်မာတိုင်းရင်းဆေးပညာကို လက်တွေ့အသုံးချသင့်ပါသည်။ ရာသီမရွေးပေါက်လေ့ရှိသဖြင့် ပျိုးပင်များ စိုက်ပျိုးထားနိုင်ပါသည်။ နေရာဒေသမရွေး ပေါက်လေ့ရှိပါသည်။ အကြမ်းခံသော အပင်



www.burmeseclassic.com

www.burmeseclassic.com

တစ်မျိုးပါ။)

"ချဉ်ရင်မကြောက်နဲ့ ဆိုတာက တော့ သံပရာသီး၊ ရှောက်ဦး၊ ဆီးချဉ်သီး၊ မက်မန်းသီးတို့ကို ပြောတာဖြစ်ပါတယ်။ သံပရာသီးက သွေးတိုးရောဂါ၊ မူးမော်တတ်တဲ့ရောဂါတွေ ပျောက်ကင်းသက်သာပါတယ်၊ ရှောက်သီးကိုစိတ်၊ ရေနွေးပူထဲထည့်၊ အဖုံးအုပ်ထား၊ ခဏကြာရင်သောက်ပါ။ ခန္ဓာကိုယ်တွင်းက အပူတွေကို ငြိမ်းအေးစေပါတယ်၊ အပူများရင် သောက်သင့်တဲ့ ဆေးတစ်ခွက်ဖြစ်တယ်။ ဆီးချဉ်သီးကို ဆီးယိုကျိုရင် ဦးနှောက်ပျက်ရောဂါ၊ အရူးရောဂါများကို ကုသလို့ရပါတယ်။ မက်မန်းသီးကတော့ မက်မန်းဝိုင်ထုတ်ပြီး နေ့စဉ်နှစ်ခွက်သောက်ပါ။ ကျန်းမာရေးကောင်းမွန်ပါတယ်။ နိုင်ငံခြား ဆေးနည်းများမှာလည်း မက်မန်းဝိုင်ကိုသောက်ဖို့ ညွှန်းထားပါတယ်။ ခုနက ပြောခဲ့တဲ့အထဲမှာ တမာရွက်အခြောက်ကိုထောင်း၊ အမှုန့်ကို ပျားရည်နဲ့လုံးပြီးသောက်ပါ။ အညောင်းအညာပြေတယ်။ ကိုယ်လက်ပေါ့ပါးပြီး သွေးလေပုံမှန်လည်ပတ်တယ်"

(ယခုခေတ်တွင် ဖော်စပ်ကြသော အေးငြိမ်းသီတာ ဆေးကို တမာရွက်ဖြင့် ဖော်စပ်ထားသည်ဟု အကြမ်းဖျင်း သိရပါ၏။)

"ချိုရင် မကြောက်နဲ့ ဆိုတာက ထန်းလျက်ကို ထမင်းစားပြီးစာရေးရင် အစာကြေတယ်၊ ထန်းရည်ချိုကို ပုံမှန်သောက်ရင် ဆီးရောဂါပျောက်ကင်းကြပါတယ်။ ပျားရည်က ချိုပေမယ့် လူကို အန္တရာယ်မဖြစ်ဘူး၊ ဆေးဖက်အဝင်ဆုံးအရာ ဖြစ်တယ်"

"အိုရင် မကြောက်နဲ့ဆိုတာက လူတွေဟာ အသက်ကြီးရင် ငါတော့ အိုပါပြီဆိုပြီး စိတ်ကိုလျှော့ကြတယ်။ မလျှော့နဲ့။ အသက်ကြီးလာရင် ခန္ဓာကိုယ်တွင်းက အစိတ်အပိုင်းတွေကို ပြန်လည်သန်မာဖို့၊ ကုန်ခန်းလာတဲ့ ရိုးတွင်းခြင်ဆီတွေ ပြန်ပြည့်ဖို့ ဆေးဝါးတွေ မှီဝဲရမယ်။ မှုန်လာတဲ့ မျက်စိပြန်ကောင်းဖို့ မြင်းခွာရွက်ပုံမှန်စားရမယ်။ သွားတွေကောင်းဖို့ အစားစားပြီးတိုင်း ဆားရည်နဲ့ ပလုတ်ကျင်းရမယ်"

"စံမတူရ ... မင်းပြောတဲ့ ကျန်းမာရေးလိုက်စားမှုတွေ၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေ စားပါ့မယ်။ အရေးကြီးတဲ့အချက်က ရိုးတွင်းခြင်ဆီ ပြန်ကောင်းဖို့ အရေးကြီးတဲ့ ဆေးဝါးကျန်နေတယ်၊ လုပ်ပါဦး"

"စံမတူ ဖော်စပ်ထားပါတယ်။ လိပ်ဥရယ်၊ ဖွတ်ရဲ့အသည်းရယ်၊ ကျွဲနို့ခဲရယ်၊ ဆင်တုံးမနွယ်ရယ်၊ ပျားရည်ရယ် ရောစပ်ဖော်ထားတဲ့ အာယုဒီဃအသက်ရှည်ဆေးကြီး ရှိပါတယ်။ ဆေးဖော်တဲ့နေရာမှာ နေ့တိုင်းဖော်လို့ မရဘူး။ ဂြိုဟ်၊ နက္ခတ်တွေကြည့်ပြီး အကောင်းဆုံးအချိန်တွေမှာ ဆေးဝါးအရာတွေ စီရင်ရတယ်။ ဒါမှ ဆေးဝါးက အစွမ်းထက်မြက်တယ်"

"တန်ဆောင်မုန်း လပြည့်နေ့ည အကြောင်းလည်း ရှင်းလင်းပါဦး"

"ဆေးပေါင်းခတဲ့ညပါ။ အဲဒီအချိန်မှာ ပွင့်လေ့ရှိတဲ့ မယ်ဇလီဖူးတွေကို သုပ်ပြီးစားကြတယ်။ ထိုကဲ့သို့ စားထားရင် တစ်နှစ်တာအတွင်း ကျန်းမာရေးကောင်းမွန်ပြီး ရောဂါဘယကင်းရှင်းတယ်လို့ ဆိုထားပါတယ်။ ရှေးခေတ် သမားတော်ကြီးတွေဟာ တန်ဆောင်မုန်းလပြည့်ညမှာ ဆေးဝါးတော်တော်များများကို စီရင်ကြတယ်၊ ဖော်စပ်ကြတယ်"

"သမားတော်ကြီး ရှင်းပြတာ တော်တော်လေး ပြည့်စုံပါတယ်။ ဒီပညာရပ်တွေနဲ့ သတ္တဝါတွေရဲ့အသက်ကို ကယ်တင်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

"ကျေးဇူးတင်ပါတယ် ဦးစံခ ကျူပ်လည်း စံမတူဆေးကျမ်းတော်ကြီး ပြုစုနေပါတယ်။ နောင်လာနောက်သားတွေ သိရှိအောင် ရေးသားဖြန့်ဝေပါ့မယ်။ ဝါသနာပါရင်လည်း ကျွန်တော့်ထံမှာ လာရောက်ဖတ်ရှုလို့ရပါတယ်"

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

သမားတော်ကြီး ဦးစံမတူလည်း အောင်မြင်သော အပြုံး၊ ပျော်ရွှင်သော ခြေလှမ်း၊ ဝင့်ကြွားသော ဟန်အမူအရာအပြည့်ဖြင့် မြင်းစီး၍ ထွက်ခွာသွားပါတော့၏။ သူကြီးများကတော့ ပါးစပ်အဟောင်းသားဖြင့် အံ့သြစွာ ကျန်ရစ်ခဲ့ပါတော့၏။

စံမတူဆေးကျမ်းကို အသေးစိတ် သိလိုပါက စာရေးသူထံ ဆက်သွယ်မေးမြန်းနိုင်ပါ၏။ အခွင့်အခါသင့်ရင် ဆက်လက်ဖော်ပြပါဦးမည်။

**မျိုးသန်းထွန်းကို(ရေစကြို)**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ
# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

## ထူးခြားသော အာရုံခံစားမှု

"ထူးခြားသော အာရုံခံစားမှု"ဟူသော အသုံးအနှုန်းမှာ မူလအားဖြင့် မြန်မာအသုံးအနှုန်းမဟုတ်ပါ။ အနောက်တိုင်းမှ စိတ်သုတေသီများ (ဝါ) စိတ်သဘာဝ၊ စိတ်အကြောင်းကို လေ့လာသုတေသနပြုနေကြသူများက သုံးစွဲထားသော ဝေါဟာရကို မြန်မာလိုဘာသာပြန်ထားခြင်း ဖြစ်ပါသည်။

ထူးခြားသော အာရုံခံစားမှု၏ အင်္ဂလိပ်ဝေါဟာရ အပြည့်အစုံမှာ Extrasensoryy Perception ဖြစ်၍ အတိုကောက်စကားလုံးမှာ (E.S.P) ဖြစ်ပါသည်။ သာမန်အာရုံခံစားမှု၏ ဘောင်အပြင်ဘက်က အာရုံခံစားခြင်းမျိုးကို ဆိုလိုပါ၏။

ဥပမာ-မြင်သည်ဆိုလျှင် မျက်စိများကသာ မြင်ရပါမည်။ မျက်စိများကသာ မြင်သည်ဟုဆိုလျှင်လည်း မျက်စိရှိသူ၊ မျက်စိကောင်းသူ မည်သူကြည့်ကြည့် မြင်ခြင်းဖြစ်ရမည်။ ဤကား သာမန်အာရုံခံစားမှုဖြစ်၏။ သို့သော် ကျွန်ုပ်က တစ်စုံတစ်ခုကို မြင်၍ အခြားသူက ဤဟာကို မမြင်ဟုဆိုလျှင် ကျွန်ုပ်၏ အမြင်အာရုံခံစားမှုမှာ သာမန်ဘောင်ထက် ကျော်လွန်သွားပါလေပြီ။ ထို့ကြောင့် ကျွန်ုပ်၏ အာရုံခံစားမှုသည် ထူးခြားသော အာရုံခံစားမှု ဖြစ်လာရတော့သည်။ တစ်နည်းအားဖြင့် ဆိုသော် ကျွန်ုပ်၏ အာရုံခံစားမှုမျိုးကို စိတ်သုတေသီများက "ထူးခြားသော အာရုံခံစားမှု"ဟူ၍ သီးခြားဝေါဟာရကို သုံး၍ ကင်ပွန်းတပ်လျက်ရှိပါသည်။

အာရုံခံစားမှုမှာ မျက်မြင်သာမက ကြားခြင်းသိခြင်းစသည့် အခြားနည်းဖြင့် (ဝါ) မျက်စိဖြင့်မဟုတ်သည့်နည်းအားဖြင့် အာရုံကို ခံစားနိုင်သည်ဖြစ်လေရာ ထူးခြားသော အာရုံခံစားမှုများမှာလည်း အမျိုးမျိုးသောဘက်များဖြင့် ကွဲပြားထွက်ပေါ်လာရ၏။ စာရေးဆရာကြီးသက်လုံက သူ၏ "မနောတွင်းမှ အလင်းရောင်"ဟူသော စာအုပ်တွင် ၎င်းလေ့လာမိသမျှ ထူးခြားသော အာရုံခံစားမှုကို အောက်ပါဇယားဖြင့် ဖော်ပြထားသည်။

ထူးခြားသော အာရုံခံစားမှု

- ၁။ မနော စက္ခု
- ၂။ မနော သောတ
- ၃။ မနော အသိ
- ၄။ မနောအဆက်အသွယ် (ခံယူမှု)
    - (က) ရှေ့ဖြစ်သိခြင်း
    - (ခ) လက်ငင်းသိခြင်း
    - (ဂ) နောက်ဖြစ်သိခြင်း



www.burmeseclassic.com

www.burmeseclassic.com

၁။ မနောစက္ခု ဟူသည်မှာ အရပ်သုံးစကားဖြင့် "အမြင်ရသည်" ဆိုခြင်းမျိုး ဖြစ်ပါ၏။ သာမန်မျက်စိဖြင့် မမြင်ရသော အရာကို မြင်နိုင်ခြင်းဖြစ်၏။ နာနာဘာဝလောကကို မြင်နိုင်ခြင်း အပါအဝင် သေတ္တာစသည့် အဖုံးအကွယ်များကို ဖောက်ထွင်း၍ မြင်နိုင်ခြင်းတို့လည်း ပါဝင်လေသည်။

၂။ မနောသော ဆိုသည်မှာ အရပ်သုံးစကားဖြင့် "အကြားရသည်" ဟု ဆိုကြ၏။ သာမန်နားဖြင့် မကြားရသည်များကို ကြားနိုင်ခြင်းဖြစ်၏။ နာနာဘာဝလောကသားများ ပြောဆိုချက်များကို ကြားနိုင်ခြင်းအပါအဝင် သာမန်အားဖြင့် မကြားနိုင်သော အကွာအဝေး၌ ပြောဆိုချက်များကို ကြားနိုင်သော အာရုံခံစားမှုဖြစ်၏။

၃။ မနောအသိဟူသည်ကို အရပ်သုံးစကားဖြင့် လွယ်လွယ်ပင် "မနောရသည်" ဟု ခေါ်ကြသည်။ သာမန်နည်းဖြစ်သော ကျိုးကြောင်းဆင်ခြင်ခြင်း၊ ရှေ့နောက်ဆင်ခြင်ခြင်း၊ ကျက်မှတ်ထားခြင်း စသော နည်းများဖြင့် သိခြင်းမဟုတ်ဘဲ အလိုလိုသိလာခြင်းမျိုးဖြစ်၏။ ဘယ်သူကမှလည်း မပြော၊ ဘယ်စာထဲတွင်မှလည်း မမြင်ဖူး၊ စိတ်ကအလိုလိုသိခြင်းဖြစ်၏။

မနောအသိသည် သုံးမျိုးသုံးစား ကွဲပြားသည်။ ရှေ့တွင် ဖြစ်ပျက်မည်ကို ကြိုတင်သိခြင်းသည် ပထမအမျိုးအစား ဖြစ်၏။ ဥပမာ နက်ဖြန်တွင် လေကြီးမိုးကြီးကျမည်ကို ယနေ့က ကြိုတင်သိခြင်းဖြစ်၏။ ယင်းသို့သိရာတွင်လည်း အလိုလိုသိခြင်းဖြစ်သည်။

ဒုတိယအမျိုးအစားမှာ လက်ငင်းဖြစ်ပျက်နေသည်ကို သိခြင်းဖြစ်၏။ သာမန်အားဖြင့် မသိနိုင်စရာကို သိမှ ထူးခြားသော အာရုံခံစားမှုဟု ခေါ်ရ၏။ ဥပမာ-လက်ငင်းအချိန်တွင် မန္တလေးကမိတ်ဆွေတစ်ဦး ရုတ်တရက်နေမကောင်းဖြစ်၍ ဆေးရုံတက်ရခြင်းကို ချက်ချင်းပင် ရန်ကုန်မြို့က လူက သိခြင်းမျိုးကို ဆိုလိုပါသည်။

တတိယအမျိုးအစားမှာ နောက်နောက်က ဖြစ်ပျက်ခဲ့သည်များကို သာမန်နည်းဖြင့် မဟုတ်ဘဲ သိရခြင်းမျိုးဖြစ်၏။ ဗေဒင်နည်းဖြင့် အတိတ်က ဖြစ်ပျက်ခဲ့သည်များကို သိခြင်းနှင့် တူသော်လည်း ဗေဒင်ကဲ့သို့ တွက်ချက်ခြင်း၊ မူလသဘော တရားအချက်အလက်များကို ထောက်ထားခြင်းမရှိဘဲ စိတ်က အလိုလိုသိခြင်းမျိုးကို ဆိုလိုပေသည်။

၄။ မနောအဆက်အသွယ်ဟူရာတွင် ဤဇယား၌ ဆရာကြီးသက်လုံက ခံယူမှုအပိုင်းကိုသာ ထည့်သွင်းထားရှိပါသည်။ တကယ်တော့ အင်္ဂလိပ်ဘာသာဖြင့် တယ်လီပသီ Telepathy မှာ စိတ်နှင့်ဆက်သွယ်ခြင်းသာဖြစ်၏။ မိမိက စိတ်ဖြင့် ပြောဆိုသည်ကို တစ်ဖက်သားက စိတ်ဖြင့်သိခြင်းကို ဆိုလို၏။ သို့သော် ပြောသူဘက်ကို ဆရာသက်လုံက "မနောအဆက်အသွယ်(ပေးပို့ခြင်း)ဟု ခွဲခြားထားပြီး ဤခေါင်းစဉ်အောက်တွင် မထည့်ထားပါ။ အဘယ်ကြောင့်ဆိုသော် ပေးပို့ခြင်း(ဝါ) ပို့လွှတ်ခြင်းသည် အာရုံခံစားခြင်းမဟုတ်၊ ခံစားသည့် သဘောမပါ ပြုမှုသည့်သဘောပါနေသဖြင့် စိတ်စွမ်းအင်တစ်ခုဖြစ်လင့်ကစား ဤခေါင်းစဉ်အောက်တွင် မပါဝင်ထိုက်ဟု ဆရာ ယူဆပြီး ဖယ်ထုတ်လိုခြင်းဖြစ်ဟန်တူပါသည်။

အခြားသူတစ်ဦးက စိတ်ကူးဖြင့် ပြောကြားသည်ကို မိမိကသိလိုက်လျှင် မိမိသည် ထိုခဏတွင် မနောအဆက်အသွယ်ရလိုက်သည်ဟု ဆိုရပေမည်။ တစ်ဦးက သွားလည်မည်ဟု ကြံခိုက်တွင် အခြားတစ်ဦးက ထိုသူကို သတိရ ဖြစ်နေခြင်းသည်လည်း မနောအဆက်အသွယ်ဖြင့် အာရုံခံစားခြင်း ဖြစ်သည်ဟူ၍ အချို့သော သဘာဝလေ့လာသူများက ယူဆကြပေသည်။

ထူးခြားသော အာရုံခံစားမှုတွင် အလွတ်ခံစားနိုင်ခြင်းနှင့် အထောက်အကူဖြင့် ခံစားနိုင်ခြင်းဟူ၍ ကွဲပြားပါသေးသည်။ အလွတ်ခံစားနိုင်ခြင်းဟူသော အမျိုးအစားတွင် အကြားအမြင်ရခြင်းမျိုး၊ အိပ်မက်မက်ခြင်းမျိုး စသည်တို့ ပါဝင်ပါ၏။

အချို့သောသူများက ပျောက်သောသူ၊ သို့တည်းမဟုတ် ခရီးသွားနေသူ၊ သို့တည်းမဟုတ် ကွယ်လွန်သူတစ်ဦးဦး၏ အကြောင်းကို သိလိုလျှင် ကာယကံရှင် သုံးဆောင်ကိုင်တွယ်သော လက်ကိုင်ပဝါ၊ ဖောင်တိန် စသည့် ပစ္စည်းတစ်ခုခုကို လက်တွင်ကိုင်၍ အာရုံပြုသောအခါ ကာယကံရှင်နှင့် ပတ်သက်သော အချက်အလက်များကို သိရသည်ဟု ဆို၏။ ထိုသိရသော အာရုံခံစားမှုမျိုးသည် အထောက်အကူ ပစ္စည်းအဖြင့်ရရှိသော ထူးခြားသော အာရုံခံစားမှုဖြစ်လေ၏။ ယင်းသောအတတ်ကို အင်္ဂလိပ်ဘာသာဖြင့် ဆိုက်ကိုမက်ထရီ (Psychometry) ဟူ၍ ခေါ်၏။ ဖန်လုံးကိုကြည့်၍ ရှေ့ဖြစ်ဟောခြင်း(Crystal Gazing) အတတ်ပညာသည်လည်း အထောက်အကူဖြင့် ထူးခြားအာရုံကို ခံစားခြင်းဟူ၍ ခေါ်ဆိုနိုင်ပါ၏။

ထူးခြားသော အာရုံခံစားမှုသည် မနောမယတ
များအရ တစ်ခုသာ ဖြစ်ပါသည်။ ထူးခြားသော အာရုံခံစားမှု
အချို့သူများက ပါရမီအလျောက် မွေးလာကတည်းက



www.burmeseclassic.com

www.burmeseclassic.com

ာကြသည်။ အချို့သူများမှုကား ကျင့်ကြံလေ့ကျက်ခြင်းအားဖြင့် မိမိ၏သာမန်အာရုံခံစားမှုများသည် ထက်မြက်သာကြကာ ထူးခြားသောအာရုံခံစားမှုများ ဖြစ်လာကြရ၏။ သမထဘာဝနာနည်းများဖြင့် လေ့ကျင့်ယူသော် အထိုက်အလျောက်တော့ ရကြသည်လည်း ရှိပါသည်။

ဤတွင် မနောဗေဒယတန်ခိုးများဖြင့် ပတ်သက်၍ မြန်မာအမျိုးသမီးတစ်ဦး၏ ဂမ္ဘီရရင်ဖွင့်သံကို ဤနေရာ၌ အလျဉ်းသင့်သဖြင့် ဖော်ပြလိုပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ ဆေးတက္ကသိုလ်(၂) မင်္ဂလာဒုံ၏ အမျိုးသမီးဆောင်ဖြစ်သော သီတာဆောင်တွင် ဆေးကျောင်းသူ မနီနီလွင်သည် တတိယနှစ်ဆေးပညာ သင်ယူနေစဉ် ဖြစ်၏။ ထိုညတစ်ညတွင် သူမသည် အဆောင်ရှိ ဘုရားခန်းတွင် ညစဉ်ကဲ့သို့ပင် ဘုရားရှိခိုး ဓမ္မစကြာရွတ်၊ ဆုတောင်း၊ အမျှဝေပြီး အိပ်ပါသည်။

ထိုည အိပ်မက်ထဲ၌ သူမသည် ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ ဖခင်ဦးမောင်မောင်အတွက် ရည်စူး၍ သစ္စာပန်းအဝါရောင်အပွင့်ကြီး တစ်ပွင့်ပါသော ပန်းခိုင်တစ်ခိုင်၊ တောင်ကုတ်မြို့ရှိ မိခင်ဒေါ်ဓမ္မစာရီအတွက် ရည်စူး၍ ၎င်းပန်းခိုင်တစ်ခိုင် စုစုပေါင်းနှစ်ခိုင်ကို ဘုရားပန်းအိုး၌ ထိုးစိုက်၍ တင်ပါသည်။ ပန်းအိုးမှာ အစိမ်းနုရောင် တရုတ်ကြွေပန်းအိုးဖြစ်သည်။ ထိုပန်းအိုးကို မိမိအိပ်ခန်းထဲတွင် အမြဲထားပါသည်။ ထိုညက အိပ်မက်ထဲမှာတော့ အိပ်ခန်းထဲမှ ပန်းအိုးသည် သီတာဆောင်၏ ဘုရားခန်းထဲသို့ ရောက်ရှိနေပါသည်။ သူမက မိခင်နှင့် ဖခင်အား ရည်စူး၍ ရှိခိုးရန် ဘုရားပန်းများအားကြည့်၍ လက်အုပ်ချီလိုက်ရာ ဖခင်အတွက်ရည်စူးသော သစ္စာပန်းအဝါရောင်တစ်ပွင့်မှာ ပြုတ်ခနဲကြွေကျပြီး ကြမ်းပြင်ပေါ်သို့ ကျဆင်းလာပါသည်။ သူမသည် အိပ်ရာမှ (ဝါ) အိပ်မက်မှ နိုးလာပြီး စိတ်ထဲတွင် လေးလံမှိုင်းနည်းသွားရပါတော့သည်။

နောက်တစ်နေ့ သူမအိပ်မက် မက်ပြန်သည်။ သံတွဲမြို့ရှိ သူမတို့အိမ်ကို မီးလောင်သည်။ ဖခင်ကို မီးပတ်လည်ဝိုင်းလျက် တွေ့ရသဖြင့် သူမ ပြေးသွားပြီး မီးလျှံများကြားထဲမှ ဖခင်ကိုပွေ့ချီပြီး မီးလွတ်ရာသို့ ယူဆောင်ခဲ့ရာ ဖခင်မှာ ခပ်မျော့မျော့သာ ကျန်တော့သည်ဟု . . .။

သူမစိတ်ထဲတွင် လေးလံနေ၍ သံတွဲသို့ သံတွဲသို့ မင်္ဂလာဒုံစာတိုက်/ကြေးနန်းရုံးမှတစ်ဆင့် ဖုန်းဆက်ပါသည်။ သူမ၏အစ်မ ဒေါ်ခင်မူမူ ရာဖြတ်အရာရှိအဖြစ် အလုပ်လုပ်ရာ သံတွဲမြို့ အသေးစားချေးငွေဌာနသို့ ဖုန်းဆက်ခြင်းဖြစ်ပါသည်။ အစ်မ၏လုပ်ဖော်ကိုင်ဖက် ဒေါ်ခင်ဝင်းက ဖုန်းကိုင်ပြီး "နီနီ စာမေးပွဲတွေ ဖြေပြီးပြီလား၊ ကျောင်းပိတ်ပြီလား"ဟု အရင်မေးပါသည်။

သူမက စာမေးပွဲဖြေပြီးကြောင်း၊ အောက်တိုဘာ ၁ ရက်နေ့မှ စပြီး သီတင်းကျွတ်ကျောင်းပိတ်ရက်ရတော့မည်ဆိုမှ ဒေါ်ခင်ဝင်းက "နီနီရဲ့အစ်မ မူမူ ဆေးရုံသို့ သွားနေကြောင်း၊ ဖခင် ဆေးရုံတက်နေရကြောင်း၊ ကျောင်းပိတ်လျှင် အမြန်ပြန်လာစေချင်ကြောင်း" ဖုန်းဖြင့်ပြောပါသည်။ သူမ အိမ်ပြန်ရန် ချက်ချင်းပြင်ဆင်ရပါတော့သည်။ ဖခင်နာမကျန်း ဖြစ်နေမှန်း လုံးဝမသိခဲ့ပါ။ အိမ်ကလည်း သူမစိတ်ပူ၍ စာမေးပွဲများ မဖြေဆိုနိုင်မည်ကို စိုးရိမ်၍ လုံးဝအသိမပေးခဲ့ပါ။ လေယာဉ်လက်မှတ်ရရန်ကြိုးပမ်းရာ အောက်တိုဘာလ ၅ ရက်နေ့မှ ရမည်ဆို၍ စိတ်မောသွားရလေသည်။ အကြံအိုက်သွားရသည်။ ထိုစဉ် သူမ၌ အတွေးတစ်ခုပေါ်လာ၍ သူငယ်ချင်းချိုချိုအောင်အိမ်သို့ ဖုန်းဆက်ကာ သူတို့ပြန်မည့်အခြေအနေ မေးကြည့်သည်။ မချိုချိုအောင်က သူနှင့် သူမောင်ငယ်ဖြစ်သူ မောင်ရည်သွေးတို့မောင်နှမမှာ မနက်ဖြန် အောက်တို ဘာလ ၁ ရက်အတွက် လေယာဉ်လက်မှတ်များ ရထားကြောင်းသိရ၍ သူမက မောင်ရည်သွေးအား "အစ်မနဲ့ မင်းနဲ့ နေရာလဲပြီး လိုက်ခဲ့ပါရစေ။ အစ်မအဖေ ယခု အသည်းအသန် နေမကောင်းဖြစ်နေလို့ပါ။ မင်းက ၅ ရက်နေ့ လိုက်လို့ဖြစ်တယ်မဟုတ်လား"ဟု ညှိကြည့်ရာ မောင်ရည်သွေးက ကိုယ်ချင်းစာနာစွာဖြင့် ကူညီပါသည်။

သို့ဖြင့် အောက်တိုဘာလ ၁ ရက်နေ့တွင် မနီနီလွင် လေယာဉ်ဖြင့် သံတွဲမြို့သို့ ပြန်ခဲ့ရပါသည်။ ထိုအချိန်တွင် ဖခင်မှာ အသည်းကင်ဆာရောဂါဖြင့် ဆေးရုံမှလက်လျှော့ပြီး အိမ်သို့ပို့ထားရပါပြီ။ သားသမီးနှင့် ဆွေမျိုးအားလုံး ဝမ်းနည်းစွာဖြင့် ပိုင်းဝန်းပြုစုကြပါသည်။ ဖခင်သည် ရပ်ဝေးရောက်နေသော သမီးများအားလုံးကို စုံစုံညီညီတွေ့လိုက်ရပါသည်။ မနီနီလွင်သည် အောက်တိုဘာလ ၁ ရက်မှ ၅ ရက်နေ့အထိ ငါးရက် ဖခင်ကို ပြုစုလိုက်ရပါသည်။ အောက်တိုဘာလ ၅ ရက်နေ့ ညနေ ၄ နာရီတွင် ဖခင် ဦးမောင်မောင် ကွယ်လွန်ခဲ့ပါသည်။

ထိုအချိန်တွင် ရန်ကုန်မြို့မှ သံတွဲ၊ မဇင်လေဆိပ်သို့ ဆင်းသက်လာသော လေယာဉ်ပျံသံကို မနီနီလွင် ကြားလိုက်ရပါသည်။ ထိုလေယာဉ်ဖြင့် မောင်ရည်သွေးပါလာကြောင်း သိရ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထိုစဉ်က သံတွဲ-ရန်ကုန်လေယာဉ်မှာ တစ်ပတ်မှ နှစ်ရက်ပဲ ရှိပါသည်။ ဖခင်ကွယ်လွန်ပြီး အောက်တိုဘာလ တစ်လ ကျောင်းပိတ်ရက်တွင် သံတွဲ၌ နေထိုင်ပြီးနောက် ကျောင်းပြန်ဖွင့်ရာ ရန်ကုန်ဆေးတက္ကသိုလ်(၂)သို့ ပြန်လာပါသည်။

## ပရလောကမှ စိတ်ကောင်းရှိသူလော

ဖခင်နာရေးအတွက် အလှူလုပ်ရန်နှင့် အလှူငွေများကို သူငယ်ချင်းတစ်ဦးက ဦးဆောင်၍ အတန်းသားများထံမှ ကောက်ခံပေးပါသည်။ သတင်းစာထဲမှာလည်း နာရေးကြော်ငြာ ထည့်ပေးပါသည်။ မနီနီလွင်သည် ထိုအလှူငွေများကို ပိုက်ဆံအိတ်တွင်ထည့်ပြီး ၎င်းအိတ်ကို လွယ်အိတ်တွင်ထည့်ကာ မင်္ဂလာဒုံမှ အင်းစိန်ဈေးသို့သွားသည်။ အင်းစိန်ဈေးတွင် လိုအပ်သည်များကို ဝယ်ပြီး အင်းစိန်ဘူတာမှတစ်ဆင့် သဃ်န်းကျွန်းရှိ အစ်မကြီးအိမ်သို့သွားရန် ရည်ရွယ်ထားသည်။ အင်းစိန်ဘူတာရောက်၍ လက်မှတ်ဝယ်ရန် ပိုက်ဆံအိတ်ကို ရှာကြည့်ရာ မတွေ့တော့ပါ။ ငယ်ထိပ်မြွေပေါက်ခံရသလို ခေါင်းကြီးသွားပါတော့သည်။ ပိုက်ဆံအိတ်ထဲတွင် အလှူငွေများအပြင် ဖခင်၏ ဓာတ်ပုံနှစ်ပုံ၊ သူမ၏ သေတ္တာသော့နှင့် အခန်းသော့များပါ ပါသွားပါသည်။ သော့ခလောက်သီးများက ပြန်ဖျက်၍၊ ပြန်ပြင်၍၊ ပြန်ဝယ်၍ ရပါသေး၏။ အလှူငွေများမှာ ချစ်သူငယ်ချင်းများက စာနာစွာဖြင့် ထည့်ဝင်ထားသော ငွေများဖြစ်၍ အလွန်အဖိုးတန်ပါသည်။ ဖခင်ဓာတ်ပုံနှစ်ပုံမှာလည်း အစားထိုးမရနိုင်တော့၍ အလွန်နှမြောမိပါသည်။ အင်းစိန်ဈေးခေါင်းရုံးသို့ပြန်သွား၍ ပိုက်ဆံအိတ် ဈေးထဲတွင် ပျောက်ကြောင်းနှင့် ပါဝင်သည့်ပစ္စည်းများကို စာရင်းလုပ်ကာ တိုင်ကြားခဲ့ပါသည်။ သူမ၏ လိပ်စာနှင့် သီတာဆောင် ဖုန်းနံပါတ်ကိုလည်း ပေးထားခဲ့ပါသည်။ သူမသည် မင်္ဂလာဒုံ၊ သီတာဆောင်သို့ ပြန်လာ၍ အခန်းကို သော့ခလောက်ဖျက်ပြီး ဝင်ရပါသည်။ ဝမ်းပန်းတနည်း ငိုကြွေးကာ ဘုရားထံတိုင်တည်၍ ဆုတောင်းရုံမှတစ်ပါး မတတ်နိုင်တော့ပါ။ အလွန်တရာ ကျယ်ဝန်းစည်ကားလှသော အင်းစိန်ဈေးကြီးတွင် ပိုက်ဆံအိတ်တစ်အိတ်ကျပျောက်ခြင်း၊ သို့မဟုတ် ခါးပိုက်နှိုက်ခံရခြင်းကို ပြန်ရရန်မှာ မလွယ်ကူလှပါ။ သို့သော်

အခန်းသို့ရောက်ပြီး မကြာမီ ဖုန်းခေါ်သံကြား၍ ကမန်းကတန်း ရင်ခုန်စွာဖြင့် ဖုန်းကိုကိုင်လိုက်ပါသည်။ သူမ၏ ပိုက်ဆံအိတ်ကို ဆီးသီးသည်တစ်ဦးက ကောက်ရ၍ အင်းစိန် ဈေးခေါင်းရုံးသို့ လာရောက်အပ်နှံထားကြောင်း၊ ၎င်းကို မနက်ဖြန်မနက် လာယူရန် အင်းစိန်ဈေးခေါင်းရုံးမှ အကြောင်းကြားခြင်း ဖြစ်ပါသည်။ မနီနီလွင်သည် ပိုက်ဆံအိတ်ပြန်ရသဖြင့် မျက်ရည်များပင် လည်လာအောင် ဝမ်းသာမိပါသည်။

မနီနီလွင်တစ်ယောက် မိမိ၏အဖြစ်အပျက်များကို ပြန်လည်စဉ်းစားမိပါသည်။

မိမိဖခင် ကွယ်လွန်မည့် အတိတ်နိမိတ်များကို မည်သူတို့က ကြိုတင်ဖော်ထုတ်ပြသသနည်း။ လေယာဉ်လက်မှတ် အချိန်မီရအောင် မောင်ရည်သွေးအား လက်မတင်လေး အချိန်မီ ဆက်သွယ်နိုင်အောင် မည်သည့်အရာက တွန်းအားပေးပါသနည်း။ ကောက်ရိုးပုံထဲ အပ်ကျသလို ပျောက်ဆုံးသွားသော ပိုက်ဆံအိတ်ကို ပြန်ရအောင် မည်သူတို့က ကူညီလမ်းညွှန်ကြပါသနည်း။ ထိုငွေများကို တစ်ပြားတစ်ချပ်မှ မလျော့ဘဲ ဈေးခေါင်းရုံးသို့ အပ်နှံရန် ဆီးသီးသည်၏စိတ် ညွတ်ပျောင်းရှိုးသားဖြူစင်အောင် မည်သူက တိုက်တွန်းနှိုးဆော်ပါသနည်း။

သူမ၏ ကိုယ်စောင့်နတ်များလော၊ သူမဖခင်၏ ကိုယ်စောင့်နတ်များလော၊ ပရလောကမှ စိတ်ကောင်းရှိ၍ ကူညီတတ်သော ပရလောကသားများလော။ လူသားတို့ ဒုက္ခရောက်လျှင် ကူညီရန် နတ်မင်းကြီးလေးပါးက အခွင့်ဆင့်စေလွှတ်ထားသော သက်ဆိုင်ရာ နတ်များလေ၊ သူတော်စင်၊ သူတော်ကောင်း၊ သူတော်မြတ် အထက်ပုဂ္ဂိုလ်တို့လော။

မည်သူပင်ဖြစ်ပါစေ။ ထိုပုဂ္ဂိုလ် အနီးသူတော်ကောင်းတို့အား ကာယကံရှင် ဒေါက်တာနီနီလွင်ကတော့ ယခုတိုင် ကျေးဇူးတင်ရှိပါ၏။ မေတ္တာပို့ပါ၏၊ အမျှဝေပါ၏ဟူ၍ သူမ၏ ဂမ္ဘီရ ရင်ဖွင့်သံဖြင့် မှတ်တမ်းတင်ထားပါလေသည်။

## လှတိုး(စိတ်ပညာ)


<u>စာညွှန်း</u>

(၁) တိုးထက်၏ စိတ်နယ်လွန်လောကမှ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ

(၂) ဂမ္ဘီရမဂ္ဂဇင်း၊ အမှတ်-၁၆ ပါ ဒေါက်တာနီနီလွင်၏ ဂမ္ဘီရ ရင်ဖွင့်သံ ဆောင်းပါး။



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သစ္စာပါရမီ

မပေဒါ [ရောဝတီ]

**ဘုန်းသမ္ဘာရှင်တို့၏ ဘဝခရီး**

မောင်တော်သုမနမင်းရယ် ⋯။

လူဆိုတာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးကို အစဉ်အမြဲ တွေ့ဆုံရင်ဆိုင် ဖြေရှင်းရပ်တည်နေကြရတဲ့ ဥဒ ဘုံသားတွေပဲ မဟုတ်လား။ အခုလို ပျော်ရွှင်ချမ်းမြေ့ ကြည်သာရွှင်ပျကြတဲ့ ဘဝမရမီက နှမတော်တို့ရဲ့ဘဝမှာ စိုးရွံ့ထိတ်လန့်ဖွယ်တွေ၊ ကြေကွဲဝမ်းနည်းဖွယ်တွေ၊ ရှုံ့မုန်းနာကြည်းမှုတွေ၊ ဘေးအန္တရာယ် အသွယ်သွယ်တွေကို ရင်ဆိုင်ဖြေရှင်း ကျော်လွှားခဲ့ကြရတာချည်းပါပဲ။ အခုအခါမှာ ပြီးတာတွေလည်း ပြီးခဲ့ပါပြီ ဆိုပေမင့် အတိတ်ဆိုတာ အရိပ်သဖွယ် ထင်ကျန်ရစ်တာမို့ တစ်ခါတစ်ရံမှာတော့ ပြန်လည်သတိရ တမ်းတကြသူတွေချည်းပါပဲ။ နှမတော်တို့နားလည်ထားကြတဲ့ သဘာဝသဘောအရ ပြုသူအသစ်၊ ဖြစ်သူအဟောင်းမို့ ခုဘဝမှာ ဝဋ်ကြွေးဟောင်းတွေကို ပြေကျေအောင် ဆပ်ခဲ့ကြပြီးပြီ။ နောင်သံသရာမှာ အပြစ်ကင်းစင် လွတ်လပ်စွာ ဘဝရပ်တည်နိုင်ကြဖို့ပါပဲ။

အတိတ်ရဲ့ဇာတ်လမ်းက ဒီလိုပါ။

××× ×××



www.burmeseclassic.com

www.burmeseclassic.com

ဥတ္တရပဉ္စာလတိုင်းတွင် အာဒိစ္စဝဏ္ဏမင်းကြီးသည် တရားနှင့်အညီ မင်းပြုအုပ်စိုးခဲ့သည်။ မိဖုရားခေါင်ကြီး စန္ဒာဒေဝီမှာလည်း အကျင့်သီလပြည့်စုံသော မိန်းမမြတ်အဖြစ် ထင်ရှားသည်။ မိဖုရားကြီးသည် သားထူးသားမြတ်ကို သန္ဓေယူစဉ်ကာလကပင် မဟာပထဝီမြေကြီး တုန်လှုပ်သည်။ မြင်းမိုရ်တောင်သည် ဥတ္တရပဉ္စာလသို့ ကိုင်းညွတ်သည်။ မဟာသမုဒ္ဒရာ ချောက်ချားသည်။ နန်းတော်ပြာသာဒ် လေးဆောင်တွင် ရွှေအိုးကြီးလေးလုံး ပေါ်သည်။ ဖွားမြင်လာသောအခါ အလွန်တရာ အဆင်းအင်္ဂါဖြင့် ပြည့်စုံသည့် အပြင်၊ အသားအရေမှာ ရွှေရောင်ဝင်းပနေသော ရွှေတုံးရွှေခဲ သားလုရတနာကို သုဓနုမင်းသားလို့ အမည်တွင်စေသည်။ အရွယ်ရောက်လတ်သော် လေးအတတ် စသော အတတ်ပညာတို့ကို သင်ယူ၍ မိခင်၊ ဖခင်တို့အား အတတ်ပညာစွမ်းအားတို့ကို ပြသရာ မိခင်၊ ဖခင်တို့က သဘောကျနှစ်သက်သဖြင့် မင်းအဖြစ်ကို အပ်နှင်းသည်။ သုဓနုမင်းသားသည် မိခင်၊ ဖခင်တို့ကို ရိုသေလှစွာ ထီးနန်းကို ပြန်လည်ပေးအပ်သည်။

ဥတ္တရပဉ္စာလတိုင်း၏ အရှေ့မျက်နှာတွင် အိုင်ကြီးတစ်အိုင်ရှိသည်။ စိတ္တမည်သော နဂါးမင်းကြီးနေ၏။ နှစ်စဉ်နှစ်တိုင်း မြို့သူမြို့သားတို့သည် ပန်းနံ့သာများဖြင့် နဂါးမင်းကြီးအား ပူဇော်၍ ကောက်ပဲသီးနှံပေါများအောင်၊ သာယာဝပြောအောင် လုပ်ပေးပါဟု ဆုတောင်းခဲ့ကြသည်။ နဂါးမင်းကြီးသည် မြို့သူမြို့သားတို့၏ ပူဇော်မှုကို ခံယူ၍ စည်ကားသာယာဝပြောအောင် စောင့်ရှောက်သည်။ တိုင်းပြည်အေးချမ်းသာယာ ဝပြောသည်။

ဥတ္တရပဉ္စာလတိုင်း၏ အရှေ့ဘက်တွင် မဟာပဉ္စာလမြို့ရှိသည်။ ထိုမြို့သူမြို့သားများမှာ ငတ်မွတ်ခေါင်းပါးသဖြင့် ဥတ္တရပဉ္စာလမြို့သို့ မင်း၏ စစ်သည်တော်များနှင့် ပြည်သူပြည်သားများပါ တဖြည်းဖြည်း ပြောင်းရွှေ့ခဲ့ကြသည်။ မင်းသည် တိုင်းပြည်မှာ အင်အားလျော့နည်းလာရသည့် အကြောင်းရင်းကို မေးမြန်းရာ အဖြစ်မှန်ကို သိရှိရသဖြင့် အစာရေစာပေါများအောင် စောင့်ရှောက်နေသော နဂါးမင်းကြီးအား ဖမ်းဆီးသတ်ဖြတ်ရန် အမိန့်ချသည်။ မှူးမတ်တို့က နဂါးမင်းကြီးကို သတ်ဖြတ်ရန် မလွယ်ကူကြောင်း၊ မန္တန်အစွမ်းဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လျှောက်ထားသည်။ မင်းကြီးအမိန့်ဖြင့် မြို့တွင်းမှာ မန္တန်တတ်ကျွမ်းသော ပုဏ္ဏားတစ်ထောင်ကို စုဝေးစေ၍ ထိုမှ တစ်ရာ၊ ထိုမှ တစ်ဆယ်ထိ လက်ရွေးစင် စိစစ်ပြီး အတော်ဆုံး ပုဏ္ဏားတစ်ယောက်ကို ရရှိသည်။ မင်းသည် ထိုပုဏ္ဏားအား နဂါးမင်းကို သတ်နိုင်လျှင် တိုင်းပြည်၏ စည်းစိမ်တစ်ဝက်ပေးမည်ဟု ပြောကြားစေလွှတ်သည်။

ပုဏ္ဏားသည် နဂါးမင်းရှိရာ ရေအိုင်သို့သွားပြီး ခံတွင်းကို စင်အောင် ဆေးကြောကာ ဖြူသောအဝတ်ကို ဝတ်လျက် လက်ဝဲလက်မှာ ပန်းကို ကိုင်၍ လက်ယာလက်ကို ဆန့်တန်းကာ 'အလမ္ဗာ ယန'ခေါ် ဂဠုန်မင်းမန္တန်ကို ရွတ်ဆိုသည်။ ထိုစဉ်ခဏ နဂါးမင်းသည် ရပ်တည်ရာမရဘဲ ရေကန်တွင်းမှ အခိုးအငွေ့များထွက်လာသည်။ ပုဏ္ဏားသည် နဂါးမင်းကို နိုင်မည်ကိုသိ၍ မန္တန်နှင့်ဆိုင်သော ဆေးပင်တို့ကို ရှာဖွေရန် တောသို့ဝင်သည်။

ထိုအချိန်တွင် ရေအိုင်အနီးသို့ တောလိုက်မုဆိုးတစ်ဦး ရောက်လာသည်။ နဂါးမင်းသည် ပုဏ္ဏားအသွင်ယူ၍ မုဆိုးနှင့် စကားပြောကြရာ ဥတ္တရပဉ္စာလတိုင်းပြည် သာယာဝပြောခြင်းမှာ နဂါးမင်းကြီး စောင့်ရှောက်၍ ဖြစ်ကြောင်း မုဆိုးက ပြောကြားလာသည်။ ပုဏ္ဏားသည် သူသည် နဂါးမင်းဖြစ်ကြောင်း၊ သူ့အား သတ်ရန် အခြားမြို့မှ မန္တန်ပုဏ္ဏားရောက်ရှိနေကြောင်း ပြောကြားသည်။ မုဆိုးသည် နဂါးမင်းအား ကယ်တင်ရန် ကတိပေးသည်။ မန္တန်ရွတ်မည့် ပုဏ္ဏားရောက်လာသောအခါ နဂါးမင်းကြီးအား ဖမ်းဆီးရန် ကြိုးပမ်းသဖြင့် မုဆိုးက မြားဖြင့်ပစ်ရာ ပုဏ္ဏားသေဆုံးသည်။ နဂါးမင်းသည် ဝမ်းမြောက်ရွှင်လန်းစွာ မုဆိုးအား နဂါးပြည်သို့ ခေါ်ဆောင်ခဲ့သည်။ အသက်သခင် မုဆိုးအား ပူဇော်ပွဲကျင်းပသည်။ ရတနာများစွာ ပေးသည်။ ထို့နောက် မုဆိုးအား ရေအိုင်အနီးသို့ရောက်အောင် ပြန်ပို့သည်။ အကြောင်းရှိလျှင် သူ့ထံလာရန် မှာကြားသည်။ မုဆိုးသည် မိသားစုနှင့် ပျော်ရွှင်စွာ နေထိုင်ခဲ့သည်။ နောင်နှစ်များကြာသောအခါ မုဆိုးသည် သားကောင်များကိုဖမ်းရန် တောသို့ဝင်သည်။ ဟိမဝန္တာသို့ ရောက်သောအခါ တောအုပ်အနီးရှိ ကျောင်းသင်္ခမ်းသို့ ဝင်၍ ကဿပရသေ့အား ရှိခိုးသည်။ ရသေ့ကြီးအား တောလိုက်မုဆိုးဖြစ်ကြောင်း လျှောက်ထားသည်။ ထိုမှ

www.burmeseclassic.com

ခရီးဆက်သော် သာယာသောဥယျာဉ်ကြီးနှင့် ဥယျာဉ်အလယ်တွင် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီးကို တွေ့ရသည်။

ထိုနေ့သည် လပြည့်နေ့ဖြစ်ရကား ကေလာသတောင်ထိပ်မှာနေသော ဒုမရာဇ်မင်းကြီး၏ သမီးခုနစ်ဖော်သည် အခြံအရံတစ်ထောင်နှင့်အတူ ရေကန်တွင်းသို့ သက်ဆင်း၍ ပျော်ရွှင်စွာ ကခုန်သီဆို ရေချိုးကြသည်။ ပြီးနောက် ခြေတန်ဆာ၊ လက်တန်ဆာများကို ဝတ်ဆင်၍ ကောင်းကင်ခရီးဖြင့် ပြန်သွားကြသည်။ ထိုမျှချောမောလှပသော ရုပ်အဆင်းကို မမြင်ဖူးသော မုဆိုးသည် သုဓနုမင်းသားအတွက် ကိန္နရီမယ်ကို ရလို၍ ရှင်ရသေ့ထံ ပြန်သွားပြီး အကျိုးအကြောင်းလျှောက်တင်သည်။ ရသေ့ကြီးက နဂါးပတ်ကျော့ကွင်းရမှသာလျှင် ကိန္နရီမကို ရနိုင်မည်ဖြစ်ကြောင်း ပြောကြားရာ မုဆိုးသည် မိတ်ဆွေနဂါးမင်းကြီးထံ သွားရောက်ရန် အကြံဖြစ်လာသည်။ မုဆိုးသည် နဂါးမင်းကြီးထံ သွားရောက်၍ အကျိုးအကြောင်း ပြောပြရာ နဂါးမင်းကြီးက နဂါးပတ်ကျော့ကွင်းသည် ဂဠုန်မင်းရန်ကို ကာကွယ်ရန် နဂါးတို့၏အစောင့်အရှောက် ဖြစ်ကြောင်း ရှင်းပြသည်။ မုဆိုးက မရမနေ တောင်းသဖြင့် ကျေးဇူးကို ထောက်ထား၍ နဂါးမင်းသည် နဂါးပတ်ကျော့ကွင်းအား မုဆိုးထံပေးလိုက်သည်။

မုဆိုးသည် လပြည့်နေ့တွင် ထိုရေကန်အနီးမှာ ပုန်းအောင်း၍ အကဲခတ်ကြည့်ရှုသည်။ ကိန္နရီမယ်များသည် အခြံအရံများနှင့်အတူ ရေကန်သို့ လာကြ၍ ကခုန်သီဆိုကြကာ ရေကန်အတွင်းမှာ ပျော်ရွှင်စွာ ရေချိုးကြသည်။ ထို့နောက် တန်ဆာများကို ဆင်မြန်း၍ ကောင်းကင်သို့ ပျံတက်ရန် ပြင်ဆင်နေစဉ် မုဆိုးသည် ချုံကွယ်မှ ထွက်လာပြီး နဂါးပတ်ကျော့ကွင်းဖြင့် ပစ်ဖမ်းရာ အကြီးဆုံးမနော်ဟရီမင်းသမီး လက်သို့ ဝင်လေသည်။ ကိန္နရီအားလုံးတို့သည် မုဆိုးကို ကြောက်လန့်ထွက်ပြေးကြသည်။ အစ်မတော် မနော်ဟရီသည် နဂါးပတ်ကျော့ကွင်းမိနေပြီကို သိရသောအခါ ညီမတော်များသည် နှလုံးကြေကွဲမတတ် ငိုကြွေးကြ၍ ကေလာသပြည်သို့ ပြန်ကြပြီးလျှင် မိဘများအား ငိုကြွေးလျှောက်ထားခဲ့ကြသည်။

မုဆိုးသည် မနော်ဟရီထံသို့ လျင်စွာသွားပြီးလျှင် လက်ဝတ်၊ ခြေဝတ် တန်ဆာတို့ကို ဖြုတ်ယူရန်ကြိုးစားသောအခါ မနော်ဟရီမင်းသမီးက ဟန့်တားသည်။

''အို ... မုဆိုး၊ သင်သည် ကျွန်ုပ်လက်ကို ကိုင်ကာမျှဖြင့် ကျွန်ုပ်အသက်သေဆုံးပါလိမ့်မည်။ ကျွန်ုပ်လက်မှ နဂါးပတ်ကျော့ကွင်းကိုသာ ဖြေပေးပါ''

ဟုဆို၍ မုဆိုးက ဖြုတ်ပေးသည်။ မနော်ဟရီက ခြေဝတ်တန်ဆာ၊ လက်ဝတ်တန်ဆာတို့ကို ဖြုတ်၍ မုဆိုးအား ပေးသည်။

ထို့နောက် မနော်ဟရီသည် ပုဆစ်ဒူးနှစ်ဖက်ကို မြေ၌တုပ်၍ မြောက်အရပ်ကို မျက်နှာမူပြီး မိဘနှစ်ပါးကို ရှိခိုးတောင်းပန်သည်။ ထို့နောက် မိဘတို့ အလွမ်းပြေကြည့်နိုင်ရန် ရတနာနားတောင်းကို ချွတ်၍ ရေကန်အနီးရှိ ပန်းချုံပေါ်တွင် တင်ထားခဲ့သည်။ ထို့နောက် တောင်တံခါးသို့ရောက်သော် ဟိမဝန္တာမင်းကိုခေါ်၍ မိခင်ကြီးလိုက်လာလျှင် ပတ္တမြားခါးကြိုးတန်ဆာကို ပေးပါဟု မှာကြား၍ ငိုကြွေးမြည်တမ်းသည်။

''သုဓနုမောင်တော်ရယ် ... မိသားစုတို့ရဲ့ဘဝမှာ အချစ်ခင်ဆုံး မိဘနှင့် ခွဲခွာရခြင်းဝေဒနာဟာ အကြီးမားဆုံး ဖြစ်ပါတယ်။ ၃၁ ဘုံသားတွေဟာ ချစ်ခင်နှစ်သက်သူများနှင့် ရှင်ကွဲသေကွဲ ကွဲကွာကြရမယ်ဆိုတာ သိနေပေမင့် သညာသိတာဖြစ်တာမို့ ရင်ထဲမှာ ရှိနေတဲ့ ခွဲခွာခြင်းအတွက် ခံစားနေရတဲ့ လွမ်းဆွတ်ကြေကွဲမှုဝေဒနာကို အစားထိုးစရာ မရှိပါဘူး''

မုဆိုးသည် အလွန်ချောမောလှပသော မနော်ဟရီနှင့်အတူ တောလမ်းခရီးမှာ သွားနေရသော်လည်း မနော်ဟရီအား စိတ်ဖြင့်ပင် မပြစ်မှားခဲ့ပေ။ ယုတ်ညံ့သောယောကျ်ားသည် ကျက်သရေနှင့်ပြည့်စုံသော အမျိုးသမီးအား စိတ်ဖြင့်ပင် တပ်မက်ခြင်း မဖြစ်ရကား ဤမျှလှပသော အမျိုးသမီးသည် ငါတို့၏ အရှင်သခင် သုဓနုမင်းသားအတွက်ပင် ဖြစ်သင့်သည်ဟု ဆုံးဖြတ်၍ ကောင်းမွန်စွာ ခေါ်ဆောင်လာခဲ့ရာ ဥတ္တရပဉ္စာလမြို့သို့ ရောက်ရှိခဲ့သည်။

## မင်္ဂလာသုံးဖြာ ပဒေသာ

ထိုနေ့၌ပင် သုဓနုမင်းသားသည် ကြန်အင်လက္ခဏာနှင့်ပြည့်ဝသော ကုမာရီကမည်သော မင်္ဂလာဆင်တော်ကို စီးလျက် အခြံအရံများနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်တော်သို့ ထွက်လာသည်။ သုစနုမင်းသားသည် အဝေးမှလာသော မုဆိုးနှင့် မုဆိုးနောက်မှ လိုက်လာသော မနော်ဟရီကို မြင်ရသည်။ မနော်ဟရီကို မြင်လျှင်မြင်ချင်း ရှေ့က ချစ်ခင်ခဲ့ဖူးသည့်အလား အလွန်ပြင်းပြစွာ ချစ်ခင်စုံမက်ခြင်း ဖြစ်လာကာ ယောက်ျားတစ်ယောက်ကိုခေါ်၍ ...

"အမောင်ယောက်ျား၊ သင်သည် မင်္ဂလာဆင်တော်ကိုယူ၍ ဤယောက်ျားနှင့် နောက်ကအမျိုးသမီးကို ခေါ်ဆောင်ခဲ့လော့"ဟု စေခိုင်းလိုက်သည်။ ယောက်ျားသည် လျင်မြန်စွာသွား၍ စေခိုင်းသည့်အတိုင်း ခေါ်ဆောင်လာသည်။ သုစနုမင်းသားသည် အနီးသို့ရောက်လာသော မုဆိုးကိုမြင်၍ –

"အမောင်ယောက်ျား၊ သင်သည် အမည်ဘယ်သို့ရှိသနည်း"

ဟု မေးရာ –

"အရှင့်သား၊ ကျွန်ုပ်အမည် ပုဏ္ဏရိက မည်ပါ၏။ ဟိမဝန္တာမှလာသည်။ အရှင်မင်းသား၏ အလုပ်အကျွေးဇနီးအဖြစ် ထားရှိရန် ဒုမရာဇ ဝိဇ္ဇာထိုရ်၏ သမီးတော် မနော်ဟရီအား ခေါ်ဆောင်လာပါသည်"

ဟု လျှောက်၏။

သုစနုမင်းသားသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မိမိ၏ တစ်သိန်းတန်သော စိန်လက်စွပ်ကိုချွတ်၍ မနော်ဟရီအား ပေးသည်။ မုဆိုးအား များစွာသော ဆုလာဘ်တို့ကို ပေး၏။

မုဆိုးအား မြို့တော်သို့ စေလွှတ်၍ မိဘတို့အား အသိပေးတင်ပြစေသည်။ မုဆိုးသည် မင်းနှင့် မိဖုရားထံ ဝင်ရောက်၍ အကျိုးအကြောင်းလျှောက်ထားရာ အာဒိစ္စမင်းကြီးသည် အံ့သြဝမ်းသာလျက် သားတော်သည် ဘုန်းတန်ခိုးကြီးမားပေစွ။ သားတော်သည် လူသားဖြစ်သော်လည်း ဘုန်းကံကြီးမား၍ နတ်သမီးတမျှ လှပသော ဝိဇ္ဇာမင်းကြီး၏သမီးကို ရပေသည်ဟုဆိုသည်။

ထို့နောက် ဥတ္တရပဉ္စာလမြို့တော်ကို တာဝတိံသာနတ်ပြည်ပမာ တန်ဆာဆင်လျက် မြို့သူမြို့သားများက မနော်ဟရီအား ကြိုဆိုရန် လက်ဆောင်ပစ္စည်းများ ပြင်ဆင်ကြသည်။ မင်းကြီးနှင့် မိဖုရားကြီးတို့သည် စစ်သည်ဗိုလ်ပါ ခြံရံလျက ဥယျာဉ်တော်သို့သွား၍ မနော်ဟရီကို ခေါ်ဆောင်လာကာ သားတော်သုစနုမင်းသားနှင့်အတူ ပြာသာဒ်တက်မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ အဘိသိက်မင်္ဂလာ ... မင်္ဂလာသုံးဖြာကို တစ်ပြိုင်တည်းကျင်းပသည်။ သုစနုမင်းသားသည် မနော်ဟရီအား မိဖုရားခေါင်ကြီးအရာထား၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ စံနေတော်မူသည်။

"မောင်တော် သုစနုရယ် ... မိဖုရားများစွာတို့အထဲမှာ နှမတော်ကို မိဖုရားခေါင်ကြီးအရာထားပြီး ချီးမြှောက်ခဲ့တဲ့ မောင်တော်ရဲ့ မေတ္တာထုထည်ကို သဘောပေါက်မိပါတယ်။ ဒါဟာ ရေးရေစက်ကုသိုလ်ကံကြောင့်၊ ရှေးဆုတောင်းတွေကြောင့်ဆိုတာ နှမတော် လေးနက်စွာ လက်ခံမိပါပြီ"

နှမတော်တို့ရဲ့ ဇာတိကို ပြောပြရဦးမယ်။ နှမတော်တို့တိုင်းပြည်ဟာ လူ့ပြည်လူ့နယ်မှာ ဆိုပေမယ့် လူသူကင်းဝေးရာ ဟိမဝန္တာတောင်ရဲ့အတွင်းဘက်က ကေလာသတောင်ထိပ်မှာ တည်ရှိတဲ့ ဝိဇ္ဇာထိုရ်မြို့ကြီးပါ။ ဘိုးဘေး အစဉ်အဆက်ကစပြီး ဆေးအတတ်၊ မန္တန်အတတ်၊ ကောင်းကင်ပျံသန်းနိုင်တဲ့ စက်ကြိုးယန္တရားအတတ်တွေနှင့် ကြီးပြင်းခဲ့ကြတယ်။ သီလ၊ သမာဓိ ပညာတွေ ပြည့်စုံပြီး သမထစခန်း ပေါက်မြောက်သူတွေလည်း ရှိကြတယ်။ ဝိဇ္ဇာမြို့တော်မှာပဲ လောကီဝိဇ္ဇာ၊ အရိယာဝိဇ္ဇာတွေ ရှိကြတယ်။ သာမန်လူသားတွေနှင့် မတူတဲ့အချက်တွေ ရှိကြတယ်။

ဟိမဝန္တာတောင်ရဲ့ အတွင်းဘက်မှာဆိုရင် တောင်ငယ်ပေါင်း ၈၄၀၀၀ ရှိပါတယ်။ ဟိမဝန္တာတောင်ရဲ့ အမြင့်ဟာ ယူဇနာ ၅၀၀ ရှိတဲ့အတွက် ယူဇနာ ၃၀၀၀ ကျယ်ဝန်းတဲ့ လူနေဒေသတွေထက် ပိုပြီးမြင့်ပါတယ်။ အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀ ရှိတဲ့ အိုင်ကြီးခုနစ်အိုင်လည်း ရှိပါတယ်။ အနောတတ်အိုင်၊ ကဏ္ဍမုဏ္ဍအိုင်၊ သီဟပပါတအိုင်၊ ရထကာရအိုင်၊ ကုဏ္ဍာလာအိုင်၊ မန္ဒာကိနီအိုင်၊ ဆဒ္ဒန်အိုင်တွေ ရှိပါတယ်။ အနောတတ်အိုင်ကို ဝန်းရံနေတဲ့ သုဒဿနတောင်၊ စိတြတောင်၊ ကာလာဂီရိတောင်၊ ကေလာသတောင်၊ ဂန္ဓမာဒနတောင်ဆိုပြီး တောင်ငါးလုံးရှိတယ်။ သုဒဿနတောင်ဟာ ရွှေအတိပြီးပါတယ်။ စိတ္တရတောင်က ရတနာခုနစ်ပါးဖြင့် ပြီးပါတယ်။ ကာလာဂီရိတောင်ဟာ မျက်စဉ်းရောင်ရှိပါတယ် ... ကေလာသတောင်က ငွေတောင်ဖြစ်ပါတယ်။ ဂန္ဓမာဒနတောင်ဟာ တောင်စဉ်တောင်ဝှမ်းနှင့် ပြီးပါတယ်။ အတွင်းမှာပဲနောက်အဆင်း၊ မြဲအဆင်း၊ က မက် စတဲ့ နံ့သာ ၁၀ မျိုးနှင့် ပြည့်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ အထူးထူးသော ဆေးတို့ဖြင့် နုံးလွှမ်းပြီး လပြည့်လကွယ် ဥပုသ်နေ့တွေမှာ မီးတောင်ကဲ့သို့ ထွန်းလင်းပါတယ်။

ဂန္ဓမာဒနတောင်မှာ ငွေဂူရှိပြီး အရန်မှာ ရွှေဂူရှိပါတယ်။ ရွှေဂူရဲ့ အရန်မှာ ပတ္တမြားဂူရှိပါတယ်။ ပတ္တမြားဂူမှာ အရှင်ပစ္စေကဗုဒ္ဓါများ၊ အရိယာသာဝကများ သီတင်းသုံးပါတယ်။ မဟာနန္ဒမူ လိုဏ်ဂူလို့လည်း ခေါ်ပါတယ်။ လိုဏ်ဂူတော်အနီးမှာ အနောတတ်အိုင် ရှိပါတယ်။ ရတနာခုနစ်ပါးနှင့် ပြည့်စုံပါတယ်။ အနောတတ်အိုင်အနီးမှာပဲ မဥ္ဇူသကနတ်ပန်းပင်ကြီး ရှိပါတယ်။ သဘာဝတရားအရ ဖြစ်ပေါ်နေတဲ့ ထူးခြားဆန်းကြယ်တဲ့ ဒေသတွေကြောင့် ဆိတ်ငြိမ်မှုကို ရရှိစေပါသည်။ သူတော်ကောင်းတွေ ပျော်မွေ့ဖွယ်ရာ ဒေသထူးတွေ ဖြစ်ပါတယ်။

နုမတော်တို့နေထိုင်တဲ့ ကေလာသတောင်ဟာ ငွေရောင်အဆင်းရှိတာမို့ ငွေတောင်ပြည်လို့လည်း အသိအမှတ်ပြုကြတယ်။ နုမတော်တို့ဟာ နတ်တို့တန်ခိုး၊ ဝိဇ္ဇာတို့တန်ခိုးကိုပါ ရရှိထားတဲ့ ကိန္နရာ၊ ကိန္နရီမျိုးနွယ်တွေ ဖြစ်ပါတယ်။ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ နတ်မျိုးနွယ်တွေလည်း ရှိပါတယ်။ စတုမဟာရာဇ်နတ်ဘုံရဲ့ အခြေအရံအတွင်းမှာ ပါဝင်တဲ့ဒေသတွေ ဖြစ်ပါတယ်။

အခုဆိုရင် နုမတော်ဟာ လူသားစင်စစ် ဧကန်ဖြစ်တဲ့ ဘုန်းသမ္ဘာရှင် မောင်တော်ဘုရားနှင့် ချစ်ခင်စွာ ပေါင်းသင်းနေထိုင်ခွင့် ရရှိခဲ့ပါတယ်။ မိုးတိုင်းပြည်အတွင်းမှာ ရှိနေကြတဲ့ လူသားတွေထဲမှာ နုမတော်ရဲ့ အရင်းနှီးဆုံးဟာ မောင်တော်သာ ရှိပါတယ်။ တိုင်းပြည်တစ်ခုလုံးနှင့် ပုံပြီး နုမတော်အားထားဖွယ်ရာ မောင်တော်သာ ဖြစ်ပါတယ်။

"ဒါပေမင့် အမှန်အတိုင်း ဝန်ခံရရင် ကေလာသတောင်ထိပ်မှာ အုပ်စိုးနေတဲ့ မိဘနှစ်ပါးကို နေ့စဉ်သတိရလွမ်းဆွတ်နေပါတယ်။ သတိရတိုင်း မျက်ရည်ကျပါတယ်။ အဲဒီ သောကဝေဒနာကို ဘယ်လိုမှ ဖြေဖျောက်လို့ မရပါဘူး။ နုမတော်အတွက် ပူဆွေးသောကရောက်နေကြတဲ့ မိဘနှစ်ပါးရဲ့ မျက်နှာကို မမြင်မတွေ့ရတာဟာ နုမတော်အတွက် ရှင်လျက်နှင့် သေနေရသလို ခံစားနေရတယ်ဆိုတာ မောင်တော်မသိနိုင်ပါဘူးလေ။

## လောကဓံဘေး ပြေးမလွတ်သာ

မနော်ဟရီ၏မယ်တော်သည် သမီးတော်ကြီးအား ရှာပုံတော်ဖွင့်ရန်အတွက် ဟိမဝန္တာအနီးရှိ ရေကန်ကြီးသို့ ရောက်လာသည်။ ရေကန်အနီးတွင် ပန်းအမျိုးမျိုးတို့ဖြင့် ရောပြွမ်းနေသော ပတ္တမြားနားတောင်ကို တွေ့၍ သမီးတော်အား လွမ်းဆွတ်တမ်းတကာ သတိမေ့သွားသည်။ ထိုမှတစ်ဆင့် ဟိမဝန္တာတောင်မင်းထံ ပေးခဲ့သော သမီးတော်၏ ခါးပန်းကြိုးတန်ဆာကို တွေ့၍ ငိုကြွေးပြန်သည်။ ထို့နောက် ကေလာသတောင်ထိပ်သို့ ပြန်ရောက်လာပြီး ဒုမရာဇ်မင်းကြီးထံ သမီးတော်ကြီးအား ရှာဖွေမတွေ့ရတော့ကြောင်း ပြောပြရာ ကိန္နရီအားလုံးတို့သည် မိဖုရားကြီးကို ဝိုင်းရံပြီး ငိုကြွေးကြပြန်သည်။

သုဓနုမင်းသားအနီးတွင် ခစားလျက်ရှိသော ကုသလပုဏ္ဏားသည် မင်းသားအား အခွင့်အရေးတစ်ရပ် တောင်းဆိုလာသည်။ ခမည်းတော်ကြီး နတ်ရွာလား၍ မင်းသားနန်းတက်ပါလျှင် သူ့အား ပရောဟိတ်ရာထူးပေးပါရန် တောင်းဆိုသည်။ မင်းသားက ကတိပြုသည်။ ထိုစကားကို ကုသလ၏ဖခင် ပုဏ္ဏားကြီးကြားသောအခါ မင်းသားအပေါ် ရန်ငြိုးထား၍ အာဒိစ္စဝံသမင်းကြီးအား ကုန်းချောလျှောက်ထားသည်။ မင်းကြီးက မယုံကြည်ခဲ့ပေ။ မကြာမီ ပစ္စန္တရစ်အရပ်မှာ သူပုန်များ ထကြွသောင်းကျန်းနေသဖြင့် မင်းကြီးကိုယ်တိုင် သွားရောက်နှိမ်နင်းရန် ပြင်ဆင်နေသည်။ ပုဏ္ဏားကြီးက တားမြစ်သော်လည်း မင်းကြီးက လက်မခံ။ သားတော်မှာ ငယ်ရွယ်သူဖြစ်၍ စစ်ရေးစစ်ရာ နားမလည်နိုင်သေး၍ ကိုယ်တိုင်ရှေ့တန်းထွက်မည်ဟု ဆိုသည်။ ထိုအခါ ပုဏ္ဏားက သားတော်မှာ ပါရမီရှင်ဖြစ်၍ စစ်ရေးစစ်ရာ ကျွမ်းကျင်ကြောင်း၊ ရှေ့တန်းသို့လွှတ်သင့်ကြောင်း ထပ်မံလျှောက်ထားသဖြင့် မင်းကြီးလည်း ယုံကြည်အားရတော်မူကာ သားတော်အား သူပုန်ရန်နှိမ်နင်းရန် မိန့်ကြားသည်။ သားတော်ကလည်း ဝန်ခံ၍ မိခင်အားပြောကြားပြီး မနော်ဟရီအား ပြောကြားသည်။

မနော်ဟရီသည် နှလုံးကြေကွဲစွာဖြင့် မင်းသား၏ ခြေရင်းတွင် ဝပ်သျှိုး၍ တောင်းမန်၏။ မင်းသားက ချော့မော့နှစ်သိမ့်၍ အမြန်ဆုံးပြန်လာမည်ဟု ဝန်ခံပြီး သူပုန်ရန်နှိမ်နင်းရန် ထွက်ခွာသည်။ မြို့စောင့်နတ်အပေါင်း



www.burmeseclassic.com

www.burmeseclassic.com

တို့သည် အချင်းချင်းတိုင်ပင်၍ သုမနမင်းသား စစ်မြေပြင်သို့ ထွက်ခွာသည့် ခရီးစဉ်တွင် ခြံရံလိုက်ပါကြကုန်သည်။

"မောင်ဘုရားရယ် ... အဲဒီ တုန်းကများ နှမတော်ရဲ့ရင်ထဲမှာ ကြေကွဲလိုက်တာ။ သခင့်မျက်နှာ တစ်ရှာ ထင်ပြီး နေရသူအဖို့ ချစ်သူက မျက်နှာလွှဲသွားတဲ့အခါ လစ်ဟာနေတဲ့ရင်မှာ အပြီးအပိုင်ခွဲခွာလိုက်ရသလို ခံစားမိခဲ့တယ်"

"သာယာတဲ့ဘဝအတွင်းမှာ ကြည်နူးနေမိခဲ့တဲ့ နှမတော်ဟာ ခွဲခွာခြင်းဆိုတဲ့ ဒုက္ခဝေဒနာကို နှစ်ကြိမ် ခံစားခဲ့ရပြီကော။ ဒါဟာ တစ်ခဏလား၊ အစဉ်ထာဝရလားဆိုတာ မသိနိုင်သေးပေမင့် ရင်ထဲမှာ မချိအောင် နာကျင်ခံစားခဲ့ရပါတယ်"

သုမနမင်းသား၏ စစ်တပ်ကြီးသည် နတ်များပါ ကူညီဝိုင်းကြသည့်မို့ စစ်အင်္ဂါလေးပါးသည် မြေပြိုမည့်အလား များပြားလှသည်။ စစ်မြေပြင်၌ ဒိုးပတ်၊ အိုးစည်၊ ခရုသင်းနှင့် စည်ကြီးတို့၏အသံသည် ကျယ်လောင်စွာ ရှိကြသည်။ သမုဒ္ဒရာကြီး ချောက်ချားသကဲ့သို့ ရှိကုန်သည်။ မင်းသား၏ဘုန်းတန်ခိုး၊ နတ်တို့၏တန်ခိုးကြောင့် ရန်သူတို့သည် မင်းသားအား ရင်မဆိုင်ဝံ့တော့ဘဲ ထွက်ပြေးတိမ်းရှောင်ကြကုန်သည်။

ထိုညတွင်ပင် အာဒိစ္စဝံသမင်းကြီးသည် မိုးသောက်ယံအချိန် အိပ်မက်ထူးကို မြင်မက်သည်။

မင်းကြီး၏ အူတို့သည် ဝမ်းဗိုက်မှထွက်ကာ ဇမ္ဗူဒိပ်ကျွန်းကို သုံးကြိမ်ရစ်ပတ်ပြီးနောက် ဝမ်းဗိုက်သို့ ပြန်ဝင်သည်ဟု မြင်မက်သည်။ မင်းကြီးသည် အိပ်မက်မှနိုးသော် ကြောက်ရွံ့ထိတ်လန့်နေသည်။ နံနက်လင်းသော် .. ပရောဟိတ်တို့အား ထိုအကြောင်းကို မေးသည်။ ပရောဟိတ်သည် မကောင်းသောစိတ်ဖြင့် အိပ်မက်ကို ပြောင်းပြန်ကောက်ယူကာ မင်းနှင့် မိဖုရားတွင် ဒုက္ခတွေ့မည့်အကြောင်း လျှောက်ထားသည်။ မင်းကြီးသည် စိုးရိမ်ထိတ်လန့်စွာ ပုဏ္ဏားထံတွင် အကြံဉာဏ်တောင်း၍ ပုဏ္ဏားဆိုသည့်အတိုင်း ပြုလုပ်သည်။

အိပ်မက်ကို ပြောင်းပြန်လျှောက်ထားပြီး ဘေးဒုက္ခမှ ကင်းဝေးစေရန် ယဇ်ပူဇော်မှုကို ပြုလုပ်သည်။ မုဆိုးတို့သည် အခြေလေးချောင်း၊ နှစ်ချောင်းရှိသော သက်ရှိသတ္တဝါ အထီးအမများကို သတ်ဖြတ်၍ ယဇ်ပူဇော်သည်။ ပုဏ္ဏားသည် ယဇ်ပူဇော်ပွဲတွင် သမီးကညာတစ်မျိုး လိုနေသည်။ ဝိဇ္ဇာထိုက်ရီ၏သမီးကညာရမှသာလျှင် အရှင်မင်းကြီးတို့ အသက်ချမ်းသာရမည်ဟု လျှောက်ထားသောအခါ မင်းကြီးက လက်မခံ။ မသင့်လျော်သော အကြံဖြစ်၍ ငြင်းပယ်လေသည်။ ပုဏ္ဏားသည် မင်းကြီးအား အမျိုးမျိုးနားဝင်အောင် လျှောက်ထား၍ မနော်ဟရီ၏ အသက်ဖြင့် ယဇ်ပူဇော်ရန် အစီအစဉ်ကို သူကိုယ်တိုင် ကြိုးပမ်းသည်။ မင်းကြီးက မျက်နှာလွှဲသည်။ ထိုသတင်းကို မနော်ဟရီထံ ကြိုတင်ပြောထားရာ မနော်ဟရီသည် မိခင်မိဖုရားကြီးယံ သွားရောက်တင်ပြသည်။

"မောင်တော်ပြန်လာတဲ့အထိ စောင့်ဆိုင်းပါ။ မောင်တော်ပြန်လာတဲ့အခါမှာ ရှိသမျှအပြစ်တွေကို ဝန်ချတောင်းပန်ပြီးမှ မင်းကြီးဟာ သမီးတော်ကို ခုနစ်ပိုင်းပိုင်းပြီး သတ်ဖြတ်ပါ"

လို့ သနားစဖွယ် ငိုကြွေးတောင်းပန်သည်။

မိဖုရားကြီးသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် မင်းကြီးထံ လျှောက်ထားရန် ချက်ချင်းသွားသည်။ ပရောဟိတ်နှင့် အပေါင်းပါတို့က မိဖုရားကြီးအား ဝင်ခွင့်မရအောင် တားမြစ်ကြသည်။

မိဖုရားကြီးသည် ချွေးမတော် မနော်ဟရီအား သနားလွန်းသဖြင့် သိမ်းဆည်းထားသော ခြေဝတ်တန်ဆာ၊ လက်ဝတ်တန်ဆာများကို ထုတ်ပေးသည်။ ထိုဝတ်စုံတို့ကိုဝတ်ဆင်၍ ချွေးမနှင့် ယောက္ခမတို့သည် ဖက်၍ ငိုကြွေးသည်။

"သမီးတော်သည် မောင်တော်အား အပြစ်မှခွင့်လွှတ်ရန် ခုနစ်ကြိမ်တောင်းပန်ကြောင်း၊ မောင်တော်နှင့် တွေ့ဆုံခြင်းသည် နောက်ဆုံးတွေ့ဆုံခြင်းသာဖြစ်ကြောင်း ငိုကြွေးလျှောက်ထားသည်။ ထိုစဉ် မနော်ဟရီအား ဖမ်းဆီးရန် မင်းချင်းများ ပြာသာဒ်ပေါ်သို့ တက်လာသည်ကို မြင်သဖြင့် မနော်ဟရီသည် ကောင်းကင်သို့ ပျံတက်၍ ဟိမဝန္တာသို့ ရှေးရှု၍ ထွက်ခွာသွားသည်။

(ဆက်လက်ဖော်ပြပါမည်။)

မဇေဒါ(ရှေ့ဝတီ)



www.burmeseclassic.com

www.burmeseclassic.com

# မူနာကျူရတာနာအရှုပ်တော်ပုံ

အောင်သန်းချစ်

အခန်း (၉)

## ဂျူးဂျူးမိဆာနိ

(ယခင်လမှအဆက်)



'Kif and Kumba looked around and shuddered. The "home" was a dirty, round, windowless, mud hut with skeletons of animals stuck here and there...'

ကိမ်က တတ်နိုင်သလောက် လေ
အေးအေးလေးနဲ့ နှုတ်ဆက်ခဲ့ပါတယ်။
...ခုနှစ်ယံကို သူတို့ကြားလောက်တယ်
... သူဖာသာကောက်ချက်ချလိုက်ပါ
...တယ်။

"ရုပ်ရှင်ကြည့်ပြီး ပြန်အထွက်မှာ
...တော်တို့ တံခါးမှားဖွင့်မိပြီး ဒီကို
...ခဲ့ကြပါတယ်"

ပြောပြောဆိုဆို ကိမ်က လှည့်ထွက်ခဲ့ပါတယ်။

စူလီမာနူးက သူ့သွားလမ်းကို ပိတ်ဆို့တားဆီးလိုက်ပါတယ်။

"မင်းက ငါတို့နောက်ကို တကောက်ကောက်လိုက်နေတာပါကွာ။ မင်းတို့နှစ်ယောက်လုံး တခြားသူတွေရဲ့လုပ်ငန်းထဲ နှိုးကြောင်နှိုးဝှက် ဝင်ရှုပ်နေကြတာပါ။ ငါပြောတာ မဟုတ်ဘူးလား။ ဒီရတနာတွေကို ပထမဆုံး စတွေ့ခဲ့တဲ့ ကလေးတွေပါ မဟုတ်ဘူးလားတီ"

အဲဒါကလွဲပြီး သူတို့ကို ကျွန်တော်တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ ဂျူးဂျူးလုပ်ငန်းအတွက်တော့ ဒါတွေကို အသုံးချခဲ့ပါတယ်။ ဒါတင်မက အင်မတန်ရှုပ်တဲ့ ပါမောက္ခရောက်လာပြီး အခုလိုတန်ဖိုး

www.burmeseclassic.com

ကြီးမားတဲ့ ရတနာတွေကို အံ့သြရလောက်အောင် တူးဖော်မှာကို ကျွန်တော် သတိမပြုမိခဲ့ပါဘူး။ ဒါပေမယ့် အဲဒီလူမိုက်ကြီးက သူတူးဖော်နေတာကို အစအဆုံး ကျွန်တော်စောင့်ကြည့်နေတာ မရိပ်မိခဲ့ဘူးလေ။ သူက ပြည်းအော်သံနဲ့ ရယ်မောခဲ့ပါတယ်။

ရုံဝင်ခကောက်တဲ့လူက ကလေးတွေကို အသေအချာကြည့်ပြီး -

"ဒီနှစ်ယောက်ကို ကျုပ်မှတ်မိတယ်။ တခြားကလေးတွေနဲ့ဆိုဖို့ ကဖို့ ရုံထဲဝင်ခဲ့ကြသူတွေပါ။ ဒါပေမယ့် သူတို့ကို တစ်မီးညှော့သည်တွေမှန်း သိသာပါတယ်။ ကောင်လေးလက်ထဲမှာ ငွေအပြည့် ပါလာခဲ့ပါတယ်။ သူတို့ကို ညှော့သည်တွေဆိုတာ ကျွန်တော်ပြောပြနိုင်ပါတယ်"

ခွန်ဘာက ငိုယိုပြီး -

မလန်ဆာနီနဲ့ အာဒါမူးတို့ရယ် ကျွန်မတို့က တခြားလူတွေမှမဟုတ်ဘဲ။ ကျွန်မတို့ကို ရင်တို့သိပါတယ်။ ကျွန်မတို့ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး"

အပြာရောင်ဝတ်စုံနဲ့ လူကြီးက စက်ဆုပ်စွာနဲ့ -

"တယ်မိုက်မဲတဲ့ ကလေးမပဲ။ ကျုပ်ကလွဲပြီး ဒီထဲကလူအားလုံးကို သိနေကြောင်း မင်းဝန်ခံနေတာပါလား"

သူက စူလီမာနူးဖက် လှည့်လိုက်ပြီး -

သူတို့ကို ကြိုးနဲ့တုပ်ထားလိုက်ပါ"

သူ့ကို ကိုက်တော့မယ့် ခွေးနှစ်ကောင်နဲ့ ရင်ဆိုင်နေရဘိအလား သူက အမိန့်ပေးခဲ့ပါတယ်။ ဂျုံကြီရာနဲ့ ဂိတ်စောင့်တို့ကလည်း လက်ကိုင်ပုဝါတွေနဲ့ ကလေးတွေပါးစပ်ကို စည်းခဲ့ကြပါတယ်။ သူတို့ပါးစပ်က ဘာသံမှထွက်မလာရလေအောင် ပိတ်ဆို့ခဲ့ကြတာပါ။ ခြေတွေလက်တွေကိုတော့ ကြိုးနဲ့ချည်ကြပါတယ်။ ပြီးတော့ ရတနာတွေကို သူတို့ ချည်နှောင်ပြီး အထုပ်ကြီးတွေဖြစ်လာအောင် စတင်ပြုလုပ်ကြပါတယ်။

အာဒါမူးက အားရဝမ်းသာနဲ့ -

"စူလီမာနူးရေ ခင်ဗျားက ပါမောက္ခကို ချောက်လှန့်ပြီး ဖမ်းမထားလိုက်ပိတာ သိပ်ကံကောင်းတယ်ဗျ။"

"မင်းပါးစပ်ကို ပိတ်ထားစမ်း ကောင်လေး"

စူလီမာနူးက ဒေါသတကြီးနဲ့ အော်ဟစ်ခဲ့ပါတယ်။ ရေကန်မှာဖြစ်ပွားခဲ့တဲ့ သေနတ်ကိစ္စကို သူကမေ့ထားချင်ပါတယ်။

"ဆရာဝန်ခြံထဲမှာ ငါတို့နဲ့ တွေ့ရတာ မင်းသိပ်ကံကောင်းတယ်မှတ်ပါ။ တကယ်လို့ ငါလုပ်ချင်ရင် ပိုင်းရပ်စ်နဲ့ သူ့အဖော်တွေကို စီးကရက်နဲ့ အရက်တွေတိုက်ခဲ့သလို မင်းကိုလည်း လုပ်နိုင်တယ်ကွ။ ဒါပေမယ့် ငါတို့စီမံကိန်းထဲမှာ မင်းကို ငါကထည့်ထားခဲ့တာပါ"

မစ္စတာဘလူးတီက ခပ်အေးအေး လေသံနဲ့ -

"ခင်ဗျားပြောသလို ခင်ဗျားမှာ အစွမ်းတွေရှိပါတယ်။ ဆရာသခင်ရယ်"

ကျွန်တော်တို့မှာလည်း ကျွန်တော်တို့အစွမ်းတွေနဲ့ပါ။ ဆရာ ဆာနီလို ဖောက်ထွင်းဝိဇ္ဇာရဲ့အကူအညီကိုမရခဲ့ရင် ခင်ဗျားဘာကိုမှ ရမှာမဟုတ်ပါဘူး"

စူလီမာနူးက ဗျစ်တောက် ဗျစ်တောက် ငြီးတွားရင်း -

"ဘက်ဖို့ဒ်ကိုမောင်းခဲ့တာကျွန်တော် ပါ။လေ့ခါးကလည်း ကျွန်တော့်လေ့ခါးပါ"

ဆရာဆာနီက ပါမောက္ခရဲ့ လေသံနဲ့ -

"ဒါဟာ ကျုပ်ပြောနေတာပါ။ ဟုတ်တယ် အိပ်ကြစို့"

မစ္စတာဘလူးတီကတော့ စိတ် မသက်မသာနဲ့ -

"စူလီမာနူးရေ ဒီလုပ်ငန်းက ရှင်း ရှင်းလင်းလင်းဖြစ်သွားပြီလား"

"ဟုတ်ကဲ့ပါသခင်။ နက်ရှိုင်းတဲ့ပင် လယ်ပြင်ထဲက မုန်တိုင်းတစ်ခုရဲ့ ငြိမ်း ခြောက်မှုလို ဂျူးဂျူးရဲ့ ခန္ဓာတစ်ခုလုံး ဒီအေးတီအေးစက်လူရဲ့ စကားသံမှာ သေးသိမ်သွားခဲ့ပါတယ်။"

"အမှန်ပါပဲ။ အပြောတွေရပ်ပြီး ခင်ဗျားအလုပ်ကို အဆုံးသတ်ပါ။ ခရာ ကို စားပွဲပေါ်မှာတင်ပါ။ အဲဒီခရာ မီးရထားနဲ့ ကျွန်တော်တပါတည်း သယ် သွားမယ်။ ကျန်တာတွေကို မြန်မြန်ထု စီးပြီး ကျွန်တော့်အိမ် ပို့ပေးပါ။ အဆုံး သတ်အစီအစဉ်ကိုတော့ ကျွန်တော့်မိန့် စီမံပါလိမ့်မယ်"

နောက်ဆုံး အထုပ်ကြီးထဲ ပစ္စည်း တွေဖြည့်ပြီးတာနဲ့ ရုံဝင်ကြေးကော ခဲ့တဲ့လူက -

"ဒါပြီးရင် ဘာလုပ်ရမလဲဘော နောက်ဘဏ်တစ်ဘဏ်လား"

"ဖြစ်နိုင်ပါတယ်။ မင်းကမေးနေ မလိုပါဘူး။ မင်းနဲ့ အာဒါမာနူးတို့ ရှာပြန်ကြရုံပဲ။ အေးအေးဆေး

www.burmeseclassic.com

ပြန်နေကြရုံပါ။ ငါတို့ဆီက ဘာကိုမျှ မင်းတို့ကြားရ တော့မှာမဟုတ်ပါဘူး။ နောက်ထပ် စကားတစ်ခွန်းမှ မကြား ချင်ဘူး"

သူ့အသံမှာ ခြိမ်းခြောက်မှုအပြည့် နဲ့ပါ။

"မဟုတ်သေးဘူး။ တစ်ခွန်းမှမပြော လို့ဘယ်ဖြစ်ပါ့မလဲ။ ကလေးတွေကို ဘယ်လိုလုပ်ကြမှာလဲ။ သူတို့က ဒီကို လာပြီး ဒုက္ခပေးကြတာ မဟုတ်ပါဘူး"

အပြာရောင် ရုပ်အင်္ကျီနဲ့ လူက ပဟေဠိဆန်ဆန် ပြန်ဖြေခဲ့ပါတယ်။

"သူတို့ကို စောင့်ကြည့်ကြရလိမ့် မယ်။ တံခါးမှာကြောက်ကြောက်ရွံ့ရွံ့နဲ့ ရပ်မနေပါနဲ့။ သွားတော့ ကျုပ်ပြောနေ တယ်၊ သွားတော့။ အာဒါမူးက စိတ်မပါ လက်မပါနဲ့ အသာလေး လစ်ထွက်သွား ပါတော့တယ်။

"စုလီမာနူးနဲ့ ဂျော်ဂျီရာတို့က ကောင်စုတ်လေးတွေကို ဖမ်းခေါ်သွား ပြီး အဲဒီကစောင့်နေကြပါ။ ဝန်းကျင်က လူတွေ ဂရုပြုမိလောက်အောင်လည်း ကားကိုမောင်းမသွားကြနဲ့ဦး။ ရေကန်မှာ ပုလိပ်အစောင့်တွေ ချထားတယ်။ ဟက် စန်က မင်းတို့အတွက် နောက်ထပ်ငွေ တွေလာပေးပြီး မနက်ဖြန်ကျရင် လုပ်ကြ ရမယ့်အလုပ်တွေကို ပြောပြပါလိမ့်မယ်။

"သူကတော့ သံသယတွေမပွားရ လေအောင် မြည်းဆွဲတဲ့ရထားလုံးနဲ့ လိုက်လာလိမ့်မယ်"

စုလီမာနူးက မျက်နှာကြော တင်းတင်းနဲ့ -

"ကလေးတွေကကော"

ကြမ်းပြင်မှာ ပိုးဟပ်လေးနှစ်ကောင် လို မသက်မသာ ကြိုးတုပ်ထားတဲ့ ကလေးနှစ်ယောက်ကို မစ္စတာဘလူး တီက တစ်ချက်ကြည့်လိုက်ပါတယ်။

"သူတို့က အကြောင်းစုံသိနေကြ တယ်ကွ။ ဟက်စန်နဲ့ မင်းနဲ့ ဗိမာန်မှာ ဆုံကြမှ သူတို့ကိစ္စဆက်ပြီး စီစဉ်မယ်။ သုံးယောက်လိုချင်လိုမယ်။ မင်းသဘော ပေါက်လား"

စုလီမာနူးက မကျေမနပ်သံနဲ့ -

"ဒီကိစ္စမှာ ကျွန်တော်တို့ကလည်း သူငယ်နပ်စားလေးတွေမှမဟုတ်တာဘဲ"

"မူလအစီအစဉ်အတိုင်း မနက်ဖြန် ကျရင်မင်းကငါနဲ့အတူ ခရီးထွက်တာ သင့်မြတ်လိမ့်မယ်ထင်တယ်"

ဆာနီက ချိုချိုသာသာမေးလိုက်ပါ တယ်။

"ညွှန်ကြားထားတဲ့အတိုင်း ကျွန် တော့်အတွက် လက်မှတ်ဝယ်ပြီးခဲ့ပါပြီ"

"မဟုတ်တော့ဘူး။ အကုန်လုံး ပြောင်းပစ်လိုက်ရပြီ။

ပုလိပ်တွေက မင်းတို့ကို အနံ့ခံလိုက် နေကြတယ်။ ပန်တစ်ဆဒါကို မပြန်နဲ့ တော့။ အခုလောလောဆယ် ရာကီဒါ မှာပဲ ပုန်းနေကြဦး။ တစ်ပတ်ကြာရင် တောင်ပိုင်းမှာ ငါနဲ့ဆုံမယ်။ ရှင်းရဲ့လား"

ဆာနီက စိတ်မရှင်မပျနဲ့ -

"ကျွန်တော်ထင်ထားတဲ့ အတိုင်း ပါပဲ။ ငွေရေးကြေးရေး ကိစ္စနဲ့ပတ်သက် ပြီး နည်းနည်းလောက် တင်ပြပါရစေ။ ကျွန်တော့်ကို ဆုချဖို့ကော ခင်ဗျား စဉ်းစားထားရဲ့လား"

"ထုလုအလုချည်လားကွ။

မင်းရ နေကျ လုပ်ခရပြီးပြီပဲ"

"မှန်ပါတယ်။ ဒါပေမယ့် အခု အလုပ်က ထောင်နဲ့ချီပြီးတန်တယ်လေ ဗျာ။ ဆုလာဘ်အနေနဲ့ ငွေတော်တော် များများကော ပူနာကူခရားကိုပါ ရလိမ့် မယ်လို့ မျှော်လင့်ထားတာပါ"

"ခရားက ငါ့ကိုနှုတ်ပိတ်ခတောင်း တာလား။ ဘာတစ်ခုမှ မပေးဘူး"

ရန်ပွဲစတင်ပါတော့တယ်။

ဆာနီက အသံကိုနှိမ့်ပြီး မရိုး မသားနဲ့ -

"ခင်ဗျားကော ဘလူးတီဂိုဏ်း အတွက်ပါ ကျွန်တော်က အန္တရာယ် အသွယ်သွယ်ကြားကနေပြီး နေ့စဉ် ဆောင်ရွက်ပေးနေခဲ့တာပါ။ ကျွန်တော် ပေးတဲ့သတင်းတွေ၊ ကျွန်တော့်အဆက် အသွယ်တွေမပါပဲ ခင်ဗျားတို့ အောင်မြင် ပါ့မလား။ ကျွမ်းကျင်သူတွေရဲ့ အကြံ ဉာဏ်တွေ၊ သင့်လျော်တဲ့ထွက်လမ်းတွေ၊ အလွယ်တကူ အရောင်းအဝယ်လုပ်နိုင် ဖို့တွေအားလုံးကို ကျွန်တော်လုပ်ပေးခဲ့ တာပဲ။ ခင်ဗျားဟာသာဆိုရင် အဲဒီလူတွေ ကို ဘယ်လိုလုပ်ပြီး ရှာတွေ့မှာလဲ"

မစ္စတာဘလူးတီက ဝိုပြီးဒေါသ ထွက်လာကာ -

"မင်းကလုပ်ပေးခဲ့တယ်။ အများကြီး လုပ်ပေးခဲ့တယ်"

သိပ်အများကြီးတော့ မဟုတ်ပါဘူး။ ကျွန်တော်က မရှိမဖြစ်တဲ့ လူတစ် ယောက်ပါ။ ခင်ဗျားအကြောင်း အများ ကြီးသိထားတဲ့လူပါ။ ခင်ဗျားအတွက် မဖြစ်လောက်တဲ့ ငွေလေးပါဗျာ"

"မဖြစ်စလောက်ငွေမရှိမဖြစ်တဲ့ လူ"



www.burmeseclassic.com

www.burmeseclassic.com

မစ္စတာဘာလူးတီက အဲဒီစကားတွေကိုပြောရင်း တံတွေးထွေးပစ်ခဲ့ပါတယ်။ ကျန်တဲ့လူတွေခမျာ တုန်လှုပ်ချောက်ချားနေကြပါတယ်။

ရုတ်တရက် ဘာမျှရှင်းလင်းချက်မပြောဘဲ မစ္စတာဘာလူးတီက လေအေးလေးနဲ့ -

"မင်းပြောတာတွေ မှန်ကောင်းမှန်နေပါလိမ့်မယ် မိတ်ဆွေရယ်။ တခြားလူတွေမရှိမှ ဒီကိစ္စကို ဆွေးနွေးကြတာပေါ့။ မင်းသောက်ဖို့ တစ်မျိုးမျိုးစီစဉ်ပေးပါ့မယ်"

မမျှော်လင့်ဘဲ အခုလိုရုတ်တရက် ဒေါသပြေသွားတာကို ဆဲရာကပြုံးနေမိပါတယ်။

"တခြားလူတွေ ဆက်လှုပ်ရှားကြပေတော့။ ဘောစ့်ပြန်လာတော့မယ်"

ဂျူဂျီရာက လမ်းမဆီထွက်တဲ့ တံခါးကိုဖွင့်လိုက်ပါတယ်။ အထုပ်ကြီးတစ်ထုပ်ကိုပိုက်နေဆဲ တန်းလန်းပစ်ထားခဲ့ပါတယ်။ အပြင်ဖက်မှာ အပြာရောင်ဘက်ဖုံ့ဒ် လော်လီကားနဲ့ အစိမ်းရောင်ချက်ပလက်ကားတွေ ရပ်ထားတာကို ကိမ်နဲ့ ခွန်ဘာတို့မြင်နေကြရပါတယ်။ အဖွဲ့ဝင်တွေက ရတနာထုပ်တွေကို လော်လီကားပေါ်တင်ပြီးတာနဲ့ ဟက်ဆန်က မောင်းထွက်သွားပါတော့တယ်။

ကလေးတွေကို ကြိုးဖြည်ပေးဖို့အတွက် စူလီမာနူးနဲ့ ဂျူဂျီနာတို့ ဂိုဒေါင်ထဲပြန်ဝင်ခဲ့ကြပါတယ်။ စူလီမာက ကလေးနှစ်ယောက်ရဲ့ အလယ်မှာထိုင်ပြီး ကလေးတွေရဲ့ ပခုံးတွေကို သူ့လက်မောင်းနဲ့ ခိုင်ခိုင်မြဲမြဲချုပ်ထားခဲ့ပါတယ်။ သူတို့သုံးဦးလုံး ချက်ပလက်ကားရဲ့နောက်ဖက်မှာပါ။ စူလီမာက ကလေးတွေကို ဟိန်းဟောက်ခဲ့ပါသေးတယ်။

"မင်းတို့ တစ်ယောက်ယောက်ထံက အသံထွက်လာလို့ကတော့ကွာ သေပြီတာမှတ်"

ကလေးတွေ တစ်ခါမှမတွေ့ခဲ့ဘူးတဲ့ ပြောင်းဖူးခြံတွေကြားက လမ်းကျဉ်းလေးထဲ ဂျူဂျီရာက ကားကိုမောင်းခဲ့ပါတယ်။ ခြံတွေထဲကထွက်ဖို့ သဲကြမ်းလမ်းကြောင်းအတိုင်း မောင်းခဲ့ရပါသေးတယ်။ တစ်နာရီကြာသောက် လမ်းကြမ်းကြီးကိုဖြတ်ပြီးမှ မော်တော်ကားရပ်ခဲ့ပါတယ်။ တံခါးဖွင့်ပေးပြီး သူတို့ကို ရပ်စောင့်နိုင်းခဲ့ပါတယ်။ မော်တော်ကားကိုတော့ ဝက်နေကျနေရာမှာ ဂျူဂျီနာက သွားထားလိုက်ပါတယ်။

စူလီမာက အော်ဟစ်ပြီး -

"တူရိယာပစ္စည်းအိတ်ကို မေ့မထားခဲ့နဲ့။ မင်းတို့နှစ်ကောင်လည်း တိတ်တိတ်နေကြ။ အကယ်၍ အော်မယ်ဟစ်မယ် တခြားလူတွေကို အကူအညီတောင်းဖို့ ကြိုးစားကြမယ်ဆိုရင်တော့ မင်းတို့ထိုက်နဲ့မင်းတို့ကံပေါ့ ဆောရီးပဲဖြစ်သွားမယ်"

သူ့ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း ကိမ်က အောင့်အီးသည်းခံနေခဲ့ပါတယ်။ ရေကန်ကြီးရဲ့ အခြားတစ်ဖက်မှာ သူတို့ ရောက်နေကြတာပါ။ ရေပြင်ကျယ်ကြီးကို ဖြတ်ပြီး သစ်ပင်ကြီးကို ခပ်ရေးရေး သူမြင်နေရပါတယ်။

သူတို့ လက်မောင်းတွေကို သံညှပ်တစ်ခုနဲ့ညှပ်ချည်ထားပါတယ်။ ဆူးပင်ဆူးခြုံတွေဖုံးနေတဲ့ လမ်းအတိုင်း စူလီမာနူးက ကလေးနှစ်ယောက်ကို ခေါ်သွားခဲ့ပါတယ်။ ပြောင်းဖူးပင်ရိုးတံတွေနဲ့ ခပ်မြင့်မြင့်ခြံစည်းရိုးကာထားတဲ့ ခြံဝိုင်းလေးတစ်ခုရဲ့ ဝင်ပေါက်ကိုရောက်ကြတော့ ခြံတံခါးသော့ကို စူလီမာနူးက ဖွင့်ပြီး ကလေးတွေကို ခြံထဲထည့်ခဲ့ပါတယ်။

သူက ကြွားကြွားဝါဝါနဲ့ -

"လုပတဲ့ ငါ့အိမ်တော်က မင်းတို့ကို ကြိုဆိုနေပါတယ်။ မင်းတို့ ရှုစားပြီး ချီးမွမ်းထောပနာပြုပေးကြပါဦး"

ကိမ်ကော ခွန်ဘာပါ ဝန်းကျင်ကို ကြည့်လိုက်ကြပြီး ကြက်သီးမွှေးညှင်းထသွားကြပါတယ်။ သူ့အိမ်ဆိုတာကလည်း နွံတဲ့ဝိုင်းဝိုင်းလေးမျှသာပါ။ ပြူတင်းပေါက်မရှိပါ။ သက်ကယ်ခေါင်မိုးစပ်မှာလည်း ဟိုမှသည်မှ တိရစ္ဆာန်အရိုးတွေကို ချိတ်ဆွဲထားပါတယ်။ သံချွန်တွေ ဆံပင်တွေတပ်ထားတဲ့ သစ်သားကိုထုထားတဲ့ မကောင်းဆိုးဝါး ရုပ်တွေကလည်း ပြည့်နက်နေပါတယ်။ ဒါ့အပြင် ရုပ်ထုတွေကလည်း သွားဖြူဖြူတွေနဲ့ ခပ်မြင့်မြင့်ခန္ဓာကိုယ်ကြီးတွေပါ။ တချို့ ရုပ်ထုတွေဆိုရင် တဲ့ခေါင်မိုးကိုတောင် ထိနေကြပါတယ်။ ရုပ်ထုတွေရဲ့ ရှေ့မှာတော့ ပူဇော်ပသတင်မြှောက်ထားတဲ့ ငှက်မွေး ငှက်တောင်တွေ၊ ငှက်ရိုးတွေ၊ မြွေသားရေခြောက်တွေ၊ သိန်းငှက်အသေရဲ့ ခြေသည်းတွေ၊ ဖူးတောင်းကွဲတွေ၊ ကြွေအန်ကစားတဲ့ ကြွေစေ့တွေနဲ့ တုတ်တွေမှာ ချည်ထားတဲ့ အဝတ်စလေးတွေကို တွေ့နေရပါတယ်။

ဖြူကောင်တစ်ကောင်ကို အထက်အောက် ချိတ်ဆွဲထားဘိအလား ခါးတွေ



www.burmeseclassic.com

www.burmeseclassic.com

ချိတ်ထားတဲ့ တိုင်တစ်တိုင်ကို တဲထဲက အဝင်ပေါက်ရဲ့ လက်ျာဖက်မှာ မြင်ကြရပါတယ်။ ဝဲဖက်တိုင်မှာတော့ ကြက်အရှင်တွေနဲ့ ဆိတ်အရှင်တစ်ကောင်ကို ချည်တိုင်တွေမှာ လှန်းထားပါသေးတယ်။

"ဒါ ဂျူးဂျူးဗိမာန်ပဲ"

ကိမ်ကရှင်းပြတော့ ခွန်ဘာခမျာ ကြောက်ရွံ့တုန်လှုပ်ပြီး ကိမ်ကိုတွယ်ကပ်နေပါတော့တယ်။ စုလီမာန္နးကဟိတ်ဟန်ထုတ်ပြီး ကြေညာလိုက်ပါတယ်။

"ဟုတ်တယ်ကွ။ ဘုန်းကြီးကိုယ်တိုင်က မင်းတို့ကို ညှော်ခံမယ့် အိမ်ရှင်ကွ။ ထိုင်ကြပါ။ မင်းတို့အတွက် ပူဇော်ပသဖို့ ပြင်ဆင်နေခိုက်မှာ ဂျူဂျူရာကော ငါ့ဝိညာဉ်တွေပါ မင်းတို့နဲ့အတူ ရှိနေကြမှာပါ"

သူက စားပွဲတစ်လုံးပေါ်မှာ လင်ပန်းတစ်ချပ်တင်ထားပါတယ်။ လင်ပန်းထဲမှာ ဓားသင်းတွေနဲ့ အမွှေးတိုင်တွေတွေ့ရပါတယ်။ ခွေးခြေနှစ်လုံးကိုလည်း အဆင်သင့်ပြင်ထားပါသေးတယ်။ အချို့အရာတွေကို တစ်တို့တစ တစ်စိပ်စာချင်းစီချပြီး အချို့ပစ္စည်းတွေကို ငွန်းနဲ့ခပ်ယူပါတယ်။ အားလုံးကို ဆီအုန်းနဲ့ ရောနှောစပ်လိုက်ပါတယ်။ ထူးထူးဆန်းဆန်း ဂါထာမန္တရားတစ်ပုဒ်ကို ရွတ်ရင်း သူက မွှေနေပါတော့တယ်။ စက္ကန့်အနည်းငယ်ကြာတော့ သူကအော်ဟစ်ခဲ့ပါတယ်။

"သွေး သွေးမြန်မြန်ယူခဲ့ဟေ့"

ဂျူဂျူရာက တိုင်ကခါးတစ်လက်ကို ယူပြီး ကြက်တစ်ကောင်ကို လည်လှီးလိုက်တာကြောင့် သွေးပူပူနွေးနွေးတွေ ထွက်ကျလာပြီးတစ်စက် မွှေနေတဲ့ ပစ္စည်း ထဲချခဲ့ပါတယ်။ ကြက်အော်သံပျောက်ပြီး ဦးခေါင်းအကြောဆွဲလှုပ်နေတာ ရပ်တန့်သွားတဲ့အထိ သွေးတွေရောပေးခဲ့ပါတယ်။ စုလီမာန္နးက ရွှေကိုနမြော တွန့်တိုတဲ့ ကပ်စီးနဲကြီးလို သွေးတွေ တစ်စက်မှမကျန်ရလေအောင် ရောနှောဖော်စပ်နေပါတယ်။ တစ်ခါ ဂျူဂျူရာကို မီးမွှေးဖို့ သစ်ခက်တွေ ရှာခိုင်းပါတယ်။ ပြီးတော့ သူ့ရောမွှေထားတဲ့ အရာတွေကို အိုးတစ်လုံးထဲ ထည့်လိုက်ပါတယ်။ တစ်ခါအိုးကို မီးကြီးခဲပေါ်တင်ပြီး ဆူပွက်အောင် တည်ပါတော့တယ်။ သူက ထပ်ခါတလဲလဲ ရွတ်ဆိုနေခဲ့ပါတယ်။

"ကျုပ်ရဲ့ မှော်စွပ်ပြုတ်နပ်ပါစေ၊ နပ်ပါစေ"

ဂျူဂျူရာက -

"ဟက်ဆန် ရောက်လာချိန်မှာ ကျက်ပါ့မလား"

"ကျက်လုနီးပါပြီ။ ကလေးတွေရဲ့ ခြေထောက်တွေကို သူတို့ခြေချင်းဝတ်တွေနဲ့ ပြန်လိမ်ထားပါ။ ဒါမှ ဆီအုန်းဝိုင်သောက်ပြီး သီချင်းသံနှာ:တောင်ရင်း တို့ ဝိမ်ခံနိုင်လိမ့်မယ်။ ဟား ဟား" သူ့ရဲ့ ဝဝဖိုင့်ဖိုင့် ငှဇကာဗိုက်ကြီးကို လှုပ်ယမ်းပြီးရယ်နေပါတော့တယ်။

ဂျူဂျူရာကလည်း သူ့ဦးချိုတူရိယာကို ဂီတသင်္ကေတ အရှည်ကြီးအတိုင်း ထိုင်ပြီးမှုတ်နေပါတော့တယ်။ ထပ်ခါတလဲလဲ မှုတ်နေခဲ့ပါတယ်။ ဒါ့အပြင် တခြားတူရိယာ နှစ်လက်ကိုပါ ဂျူဂျူရာက မှုတ်နေခဲ့ပါသေးတယ်။ စုလီမာန္နး ကလည်း ဘင်တစ်လုံးကိုပုတ်ရင်း နားမလည်နိုင်တဲ့ ရစ်သမ်တွေနဲ့ကြောက်မက်ဖွယ်ကျိန်စာတွေကို ရွတ်နေပါတော့တယ်။ သူမရဲ့ကြောက်လန့်နေမှုအစား ခွန်ဘာက မောဟိုက်ဆာလောင်နေခဲ့ပါတယ်။ ရေလည်းငတ်နေရှာပါတယ်။ ကိမ်ရဲ့ပုခုံးပေါ်မှာ သူမအိပ်ငိုက်နေပါတယ်။ ကိမ်ကတော့ နားနားနေနေ မလုပ်နိုင်ပါ။ သောကတွေပွားနေပါတယ်။ တဲ ထောင့်တိုင်းက မကောင်းဆိုးဝါးရုပ်တုတွေရဲ့ မျက်လုံးတွေက သူ့ကို မျက်စောင်း တခဲခဲလုပ်နေကြတယ်လို့ ထင်နေပါတယ်။ မစ္စတာဘာလူးတီရဲ့ စကားကို သူမ မေ့ပါ။

"သူတို့က သိပ်သိနေတယ်။ ဟက်ဆန်မင်းတို့ဆီရောက်လာရင် ဗိမာန်မှာ သူတို့ကို စီရင်လိုက်ကြ"

ဒီစကားအရ အခုကြုံနေတဲ့မီးဖိုပေါ်ကအရည်တွေကို ကိမ်က သံသယဝင်နေပါတယ်။ သူ့ဘဝမှာ တစ်ခါမှ မတွေ့မမြင်ခဲ့ဘူးပါ။ အခုလေးတင်ကပဲ ကြက်မကတော်သံနဲ့ ဆိတ်အော်သံတွေ ကြားခဲ့ရပြီးပါပြီ။ မကောင်းဆိုးဝါးခေါ်သံကို သူတို့ကြားကြရဦးမှာလား။ မကောင်းဆိုးဝါးသားရဲတွင်းထဲမှာ အစွမ်းတစ်ခုခုတော့ ရှိတန်ရာပါတယ်။ ကိမ်ခေါင်းကိုက်လာပါတယ်။ ခြေကျင်းဝတ်လည်း ကြိုးချည်ထားတာကြောင့် နာကျင်နေပါပြီ။

သူ့ခေါင်းကိုညွှတ်ထားပြီးဆုတောင်းနေခဲ့ပါတယ်။ ခြုံတွေကြားကနေ မြည်းဆွဲလှည်းနဲ့ ဟက်ဆန်လာနေပြီဆိုတဲ့ အသံကြောင့် ကိမ်လည်း မီးဖိုပေါ်ကအိုး တရှိန်ရှိန် ပြည်နေတာကိုတောင် ဂရုမပြုနိုင်ခဲ့ပါ။

ဆက်လက်ဖော်ပြပါမည် . . .

အောင်သန်းချစ်

www.burmeseclassic.com

# ကလေး

# နာမည်ပေးခြင်းနှင့် စပ်လျဉ်း၍

■ တက္ကသိုလ်သခင်

တစ်နေ့မနက်ပိုင်းတွင် ကျွန်တော့်အလုပ်တိုက်မှ အမျိုးသမီးဝန်ထမ်းတစ်ဦး ကျွန်တော့်ကို လာတွေ့ပြီး သူ့ကလေးနာမည်ပေးဖို့ကိစ္စ အကြံဉာဏ်တောင်းသည်။ သူက "**ကလေးနာမည်ကို နေ့နံမကိုက်ဘဲ ပေးလို့ရမရ သိချင်လို့ပါ**"ဟု ပြောသည်။

ကျွန်တော်က သူ့အမေးကို မဆိုင်းမတွတဲ "**မကောင်းဘူး**"ဟု ပြောလိုက်သည်။ ထို့အပြင် ကျွန်တော်က "**ကလေးနာမည်ကို နေ့နံနဲ့ ကိုက်အောင်ပေးဖို့ လိုတယ်။ နေ့နံနဲ့မကိုက်ရင် ကလေးထိခိုက်တယ်။ ဥပမာဆိုပါတော့ နာမည်နှစ်လုံးပေးချင်ရင် ရှေ့လုံးနဲ့ နောက်လုံးက အတွဲညီဖို့လိုတယ်။ သဘောက နေ့နံညီဖို့လိုတယ်**"ဟု ရှင်းပြလိုက်သည်။

ပြီးတော့ ကျွန်တော်က သူ့ကို အကြံပေးလိုက်သည်။ "**ကောင်းတာက နားလည်တတ်ကျွမ်းတဲ့ ဆရာတွေ၊ ဆရာမတွေဆီသွားပြီး အကူအညီတောင်းသင့်တယ်**"ဟု ပြောလိုက်သည်။

ကျွန်တော်သည် ဗေဒင်ပညာ၊ လက္ခဏာပညာကို ဝါသနာပါသော်လည်း တတ်ကျွမ်းနားလည်ခြင်းတော့ မရှိပါ။ သို့ရာတွင် ကလေးနာမည်ပေးခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံ ကျွန်တော့်တွင်ရှိသည်။

ကျွန်တော့်တွင် သားနှစ်ဦး၊ သမီးနှစ်ဦးရှိသည်။ ကလေးများ၏နာမည်ကို ကျွန်တော်ကိုယ်တိုင် ပေးခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် ငယ်ရွယ်သူလည်းဖြစ်၊ စာပေသမားများကို လေးစားချစ်ခင်သည့်သဘောလည်း ဖြစ်သောကြောင့် ကျွန်တော့်ကလေးနာမည်များကို ကျွန်တော်ကိုယ်တိုင်ပေးခဲ့ခြင်းဖြစ်သည်။

ကလေးများကြီးပြင်းလာကြသည့်ခါ ထက်မြက်သော ကလေးများက အခြေအနေကောင်းပြီး ထက်မြက်မှုမရှိသည့် ကလေးက ဘဝကို ရေဆန်၊ လေဆန် ဖြတ်ကျော်ရသည်လည်း ရှိပါ၏။

ကျွန်တော့်သားသမီးလေးဦးတွင် အကြီးဆုံးက ယောက်ျားလေး၊ ဒုတိယက မိန်းကလေး၊ တတိယက ယောက်ျားငြ / ,စ်ပြီး၊ အငယ်ဆုံးက သမီးမိန်းကလေးဖြစ်သည်။ အကြီးဆုံးယောက်၏ နာမည်နောက်တွင် ကျွန်တော့်နာမည်၏ နောက်ဆုံးအလုံးကိုထည့်၍ အမည်ပေးခဲ့ပြီး နောက်ဆုံးသမီးကိုမူ ကျွန်တော့်နာမည်နှင့် ဇနီးသည်နာမည်နှစ်လုံးကို ရှေ့နောက်ပိတ်၍ ပေးခဲ့ခြင်းဖြစ်သည်။

နေ့နံမကိုက်သဖြင့် ပြဿနာဖြစ်ခဲ့ရသည်။ ကျွန်တော့် တတိယကလေးမှာ အထက်တွင် ဖော်ပြသကဲ့သို့ ယောက်ျားလေးဖြစ်သည်။ သူက တနင်္လာနေ့ဖွားဖြစ်သော်လည်း သူ့နာမည်ထိပ်အလုံးကို စနေနံပေးမိသည့်အတွက် ပြဿနာမျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်ပတ်သက်၍ ကျွန်တော်မှတ်မိသရွေ့ ဖြစ်ရပ်အချို့ကို ဖော်ပြလိုသည်။

သူငယ်စဉ်ကလေးဘဝကပင် ညီကိုမောင်နှမများနှင့် ဆော့ကစားရာ အစ်မလုပ်သူက သူ့လက်ချောင်းတစ်ချောင်းကို ဓားနှင့်ခုတ်မိသဖြင့် ဆေးရုံသွား၍ ချုပ်ခဲ့ရဖူး၏။ သူတစ်ဦးတည်း အိမ်ရှေ့ဝရန်တာတွင် ကစားနေရင်း သံချောင်းက သူ့လက်ဖဝါးကို စိုက်မိသဖြင့် အနာတရဖြစ်ခဲ့ဖူး၏။

ကျွန်တော်အလုပ်တာဝန်ဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရ၏။ ဇနီးသည်နှင့် ကလေးလေးယောက်ကို မော်လမြိုင်ယောက္ခမအိမ်တွင် ထား၍ ကျွန်တော်တစ်ဦးတည်းပြောင်းခဲ့၏။ ကျွန်တော်အလုပ်ဝင်ရောက်ပြီး ၁၀ ရက်ခန့်အကြာတွင် ဇနီးသည်ထံမှ ဖုန်းလာသည်။ ကလေး အိမ်ပေါ်မှပြုတ်ကျပြီး ခုံစည်ပိုင်းပြတ်နှင့် ခိုက်မိသဖြင့် နဖူးငါးချက်ချုပ်လိုက်ရသည်။ ကျွန်တော်လည်း ဇနီးသည်ထံမှ ဖုန်းရရချင်း ခွင့်တစ်ပတ်ယူကာ မော်လမြိုင်သို့ ပြန်ခဲ့၏။ သည့်နောက် ခွင့်မစေ့မီ သုံးရက်အလိုတွင် ဇနီးသည်နှင့် ကလေးများကို ရန်ကုန်သို့ တစ်ပါတည်းခေါ်ဆောင်ခဲ့တော့သည်။

ကျွန်တော် ရန်ကုန်တွင် အိမ်ခန်းရသဖြင့် မိသားစုနေထိုင်ရေး အဆင်ပြေသည်။ ရန်ကုန်ရောက်ပြီး သုံးလခန့်အကြာ သူဖျားတော့သည်။ ကျန်သည့်ကလေးသုံးဦး ဘာမျှမဖြစ်။ သူက ချူချာလှသည်။ သူငယ်စဉ်ကပင် လျှာနာပြီး သွားရည်ယိုသဖြင့် ရင်ဘတ်မအေးရန် အဝတ်စတစ်စ ရင်ဘတ်တွင် ဆွဲပေးထားရသည်။ ကြာသော် ရင်ကျပ်ရောဂါ ထတတ်သည်။ မိုးရွာလျှင် သူ့ရင်ကျပ်ရောဂါထသည်။ ဆောင်းတွင်းအေးလျှင်လည်း ဖြစ်သည်။

လူကြီးသူမများ၏ ပြောစကားအရ သူ့အမေက သူ့အား "ခွေးသား"ကို ရှာဖွေပြီး သူ့ကို အသားတစ်မျိုးမျိုးဟု ကျွေးခဲ့ရာ အံ့သြဖွယ် ရောဂါပျောက်ကင်းသွားတော့သည်။ ယခုအချိန်အထိ ရင်ကျပ်ရောဂါ အမြစ်ပါပြုတ်သွားသည်။

သူဖျားပုံက ဆန်းသည်။ တစ်ရက်-နှစ်ရက်လည်း မပျောက်၊ တစ်ပတ်နှင့်လည်း မသက်သာသဖြင့် ကျွန်တော်တို့ စိုးရိမ်လာသည်။ သူ့ကို 'ဆေးခန်းတစ်ခါပြဖို့ကလည်း ခက်လှပါ။ ကျွန်တော်တို့က အိမ်ထောင်သည်လိုင်းတွင် နေသဖြင့် ဆေးခန်းက လမ်းမကြီးပေါ်တွင်ရှိသည့်အတွက် ကျွန်တော်နှင့် သူ့အစ်ကိုတို့က တစ်လှည့်စီ ကုန်းပိုးပိုး၍ သူ့ကို ဆေးခန်းပို့ရ၏။ သူ့ရောဂါက တစ်ပတ်နှင့်လည်း မပျောက်သဖြင့် သူ့အား ကုသပေးသော ဆရာဝန်မကပင် စိတ်ပူလာသည်။ ထိုစဉ် သူ့အသက်မှာ လေးနှစ်သာရှိသေးသဖြင့် ကလေးဆေးရုံကြီးသို့ ပြသရန် ဆရာဝန်မက အကြံပေးသည်။ သူ့ကိုယ်တိုင် ဆေးရုံသို့ လိုက်ပို့ပေးမည်ဟုဆိုသဖြင့် ကျွန်တော်တို့ဇနီးမောင်နှံ ဆရာဝန်မနှင့်အတူ ကလေးဆေးရုံကြီးသို့ သွားကြ၏။ ၎င်းဆေးရုံတွင် ဆရာဝန်မလေး၏ ဆရာ့ဆရာကြီးများ ရှိသဖြင့် အဆင်ပြေသည်။

ဆရာဝန်မလေးက ကလေးသွေးလွန်တုပ်ကွေးဖြစ်မည်ကို စိုးရိမ်သည်။ ဤသို့ဖြင့် သူ့အား သွေးဖောက်စစ်ဆေးကြည့်ရာ သွေးလွန်တုပ်ကွေးမဟုတ်ကြောင်း၊ ရိုးရိုးဖျားခြင်းသာဖြစ်ကြောင်း သိရ၍ ကျွန်တော်တို့ စိတ်အေးသွားရ၏။ ထို့အပြင် ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်မကြီးက ဆေးစာရေးပေးသဖြင့် ဝယ်ပြီး ကလေးကို တိုက်ကျွေးရာ သုံးရက်အတွင်း အဖျားကျကာ သူသက်သာသွားသည်။

နောက်တစ်လခန့်အကြာတွင် လက်ရှိနေသည့် အိမ်ခန်းထက် ပိုကောင်းသည့် အိမ်ခန်းရသည့်အတွက် ပြောင်းရွှေ့နေထိုင်ကြသည်။

တစ်နေ့ ကျွန်တော် မိုးချုပ်မှအိမ်ပြန်ရောက်သည်။ အိမ်တွင် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦး ရောက်ရှိနေပြီး ကျွန်တော့်ဇနီးသည်နှင့် စကားလက်ဆုံကျနေသည်။ ကျွန်တော် အကျီအဝတ်အစားလဲပြီး သူတို့နှင့်အတူ စကားဝိုင်းဖွဲ့လိုက်သည်။ ခဏအကြာတွင် သားကြီးက သူ့ကို ကုန်းပိုးပိုး၍ အိမ်ပေါ်သို့ တက်လာသည်။ သူတို့ကို မြင်လိုက်ရသဖြင့် ကျွန်တော်ရော၊ ဇနီးသည်ပါ ရင်တုန်ပန်းတုန် ဖြစ်သွားကြသည်။

စက်ဘီးကို အဆန်းထွင်စီးရင်း သူ့ဘယ်ဘက် ခြေသူကြွယ်တစ်ချောင်း စက်ဘီးစပုတ်တိုင်ကြားတွင် ညပ်မိပြီး အဆစ်တစ်ခု ပြုတ်ကာ တွဲလောင်းကျနေသည်ကို တွေ့ရ၏။ သွေးထွက်များနေသဖြင့် သူ့အစ်ကိုက ရေကန်တွင် ရေနှင့်ဆေးပြီး ခေါ်လာကြောင်း သိရ၏။ သွေးစသွေးနများက ပေကျံနေသေးသည်။ သူက ဒဏ်ရာကြီးသော်လည်း ကြောက်ရွံ့ခြင်းအလျဉ်းမရှိ။ ငိုရမှန်းလည်း မသိ။ အဖေနှင့် အမေ



www.burmeseclassic.com

www.burmeseclassic.com

ဆူမည်ကို စိုးသဖြင့် တိတ်တိတ်လေးနေသည်။ ကျွန်တော့် အိမ်တွင် ရောက်နေသော ဧည့်သည်က ကလေးကို ဆေးရုံ တင်မှရမည်ဖြစ်၍ ညတွင်းချင်းပင် ဆေးရုံတင်ရန်လိုကြောင်း ပြောသဖြင့် ကျွန်တော်က လိုင်းအတွင်း ကားရှိသည့် မိတ်ဆွေ အရာရှိတစ်ဦးထံ သွားရောက်အကူအညီတောင်းရ၏။ ယင်း မိတ်ဆွေမှာ သူ့အလုပ်ရရှိရေးအတွက် ကျွန်တော်က သူ့ကို ကူညီပေးခဲ့ဖူးသဖြင့် ကျွန်တော့်သားကိစ္စကို အကူအညီ တောင်းသည့်အခါ မဆိုင်းမတွ ချက်ချင်းအကူအညီပေးခဲ့ သဖြင့် အဆင်ပြေခဲ့သည်။

အမှတ်(၂) စစ်ဆေးရုံတွင် သူ့ကိုတင်ထားပြီး ကျွန်တော်နှင့် ဇနီးတို့က နေ့စဉ် သူ့ကို သွားကြည့်ရသည်။ ကျွန်တော်တို့ ကံကောင်းသည်ဟု ဆိုရမည်။ သူ့ခုတင်နှင့် ကပ်လျက်အနီးမှ လူနာစောင့်အား သူ့ကိုကြည့်ရှုပေးဖို့ အကူ အညီတောင်းရာ ရှောရှောရှုရှုပင် သဘောတူခဲ့သည်။ ကျွန်တော်က ရုံးမှခွင့်ယူ၍ မရသလို၊ ဇနီးသည်ကလည်း အိမ်မှာ ကျန်သည့်ကလေးသုံးယောက်ကို ပြန်ကြည့်ရမည် ဖြစ်သဖြင့် ထိုသို့အကူအညီတောင်းရခြင်းဖြစ်သည်။

ကျွန်တော့်သားက သူ့အနာအတွက် နာရမှန်းမသိ သလို အဖေနှင့်အမေ မရှိသည့်အတွက်လည်း အနည်းငယ် မျှ စိုးရိမ်ကြောက်ရွံ့ခြင်းမရှိပေ။ အမှတ်(၂)စစ်ဆေးရုံတွင် တစ်ပတ်ခန့် တက်လိုက်ရပြီး တစ်နေ့တွင် ကျွန်တော်နှင့် ဇနီးတို့ သူ့အားကြည့်ရန် ဆေးရုံသို့ ညနေပိုင်းတွင် ရောက်ရှိ ခဲ့ကြ၏။ သူနေသည့် အဆောင်အတွင်း ရောက်ရှိပြီး သူ့ကို ထားသည့် ခုတင်ပေါ်တွင် သူ့အား မတွေ့သဖြင့် ကျွန်တော် ရော ဇနီးသည်ပါ ထိတ်လန့်သွားသည်။ ကျွန်တော်တို့ အကူ အညီတောင်းထားသည့် လူနာစောင့်မိန်းကလေးအား မေး ကြည့်ရာ သူက "မနက်ကပဲ ကလေးကို အမှတ်(၁)စစ်ဆေး ရုံကို ခေါ်သွားကြတယ်"ဟု ပြောသည်။

ဤသို့ဖြင့် ကျွန်တော်တို့ ကားငှားပြီး မင်္ဂလာဒုံရှိ အမှတ်(၁)စစ်ဆေးရုံသို့ လိုက်သွားကြသည်။ ဆေးရုံတွင် ဟိုမေး၊ သည်မေး မေးပြီး သူ့ကိုထားသည့် အဆောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြ၏။ သူ့ကို ခုတင်ပေါ် တွင် ထိုင်နေသည်ကို ကျွန်တော်တို့ တွေ့လိုက်မှ ရင်အေး သွားတော့သည်။ သူ့အား အကျိုးအကြောင်းမေးကြည့်ရာ ဆေးရုံတွင်တွေ့သော လူကြီးတစ်ဦးကို အကူအညီတောင်း စောင်၊ ခြင်ထောင်နှင့် အသုံးအဆောင်ပစ္စည်းများ ထုတ် ခဲ့ကြောင်း သိရသည်။

အမှန်မှာ သူ၏ခြေထောက်အနာကို ကုသရ "ဝက်သက်"ပေါက်သည့်အတွက် အမှတ်(၁)စစ်ဆေးရုံ ပြောင်းရွှေ့လိုက်ခြင်းဖြစ်ကြောင်း သိရတော့သည်။ ဇနီးသ မှာ မင်္ဂလာဒုံသို့ နေ့စဉ်အသွားအပြန်လုပ်ရန် မဖြစ်နိုင်သ ဆေးရုံမှာပင် လူနာစောင့်အဖြစ် စာရင်းသွင်း၍ နေလိုက် ၏။ ကျွန်တော်က တစ်ပတ်မှ တစ်ကြိမ်သာ သွားနိုင်သည် ဤသို့ဖြင့် အမှတ်(၁)စစ်ဆေးရုံတွင် သူနှင့်အတူ ဇနီးသ ပါ တစ်လခန့်နေလိုက်ရသည်။

ဆေးရုံမှဆင်းခွင့်ပေး၍ အိမ်ပြန်ရောက်သည့်တိုင် ခြေထောက်အနာက ကောင်းစွာမကျက်သေးသဖြင့် လိုင်း အနီးရှိ ဆေးခန်းတစ်ခုသို့ တစ်ရက်ခြားသွား၍ ဆေးထည် ရပြီး နောက်ဆုံး အနာကျက်ခဲ့သည်။ သူ၏ခြေသူကြွယ် အဆစ်တစ်ခု ဖြတ်လိုက်ရသော်လည်း သူကောင်း သွားလာနိုင်သည်။

သူဆေးရုံမှဆင်းပြီး တစ်လခန့်အကြာ ကျွန်တေ အိမ်သို့ ကျွန်တော့်မိသားစုနှင့် ရင်းနှီးသော ဆရာတေ တစ်ပါး ကြွလာသည်။ ကျွန်တော့်မိသားစုအကြောင်း ပြေ ရင်း သူ့အကြောင်း ရောက်သွားပြီး အကြောင်းစုံကိုပြော တော့ ဆရာတော်က **သူ့နာမည်ကို နေ့နံမကိုက်** ပေးထားသဖြင့် ယခုကဲ့သို့ ဘေးအန္တရာယ်အမျိုးမျိုး တွေ့ကြုံရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် **သူ့နာမည်** **နေ့နံနှင့်ကိုက်ညီအောင် ဆရာတော်က မူလနာမည်** **ဖျက်၍ နာမည်သစ်ကို ပေးလေသည်။**

ထိုနေ့၊ ထိုအချိန်မှစ၍ ကျွန်တော့်သား၏ ဘဝလ ကြောင်းသည် အကောင်းဘက်သို့ ဦးတည်ရွေ့ရှိနိုင်ခဲ့ပါ

သားသမီးများကို အမည်ပေးရာတွင် နေ့နံကို မကြ ဘဲ နာမည်လှအောင် ပေးခြင်းမျိုးကို ရှောင်ရှားသင့်သည် ဖြစ်နိုင်ပါက တတ်ကျွမ်းနားလည်သူ ဆရာများထံ အကူအ ရယူသင့်ပါကြောင်း အကြံပြုတင်ပြရပါ၏။

**ဗာဏ္ဍာသိုင်း**




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တရားရိပ်

**မောင်တော်ထိန်**

"တပည့်တော် သည်းထိတ်ရင်ဖို ကြုံခဲ့တာကတော့ လူပျိုတုန်းကပေါ့ ဘုရား။ တပည့်တော်သူငယ်ချင်းတစ်ယောက်ရဲ့အဖေ ပျောက်နေလို့ သူငယ်ချင်းက အကူတောင်းတာနဲ့ လိုက်ရှာလိုက်ကြတာ သုံး–လေးရက်တာ ကြာသွားတယ် မတွေ့ပါဘူးဘုရား။ သူငယ်ချင်းရဲ့အဖေက ဥက္ကလာက သူ့အမျိုးတွေဆီသွားရင်း မပြန်မပြန်နဲ့ ဆွေမျိုးတွေမေးကြည့်တော့လည်း ပြန်သွားတာ နှစ်ရက်–သုံးရက်ရှိပြီလို့ ပြောတော့ အားလုံး စိတ်ပူကြတာပေါ့ဘုရား။ ဒီလိုနဲ့ တစ်ပတ်ကျော်သွားတော့ ကျွန်တော့်သူငယ်ချင်းက သူနဲ့ ဆေးရုံကြီးကို လိုက်ခဲ့ပါလို့ ပြောတယ်။ ကျွန်တော်က ဘာကြောင့်လဲလို့မေးတော့ သူက ဆေးရုံကြီးမှာ စုံစမ်းကြည့်တော့ ရင်ခွဲရုံထဲမှာ အမည်မသိ၊ နေရပ်မသိတဲ့ အသက်ခြောက်ဆယ်ကျော် အလောင်းတစ်လောင်း ရှိတယ်လို့ သိရတယ်။

ပုံပန်းသဏ္ဌာန်ကိုပြောကြတော့ သူ့အဖေနဲ့တူနေတယ်တဲ့။ ဒါကြောင့် လိုက်ခဲ့ပါလို့ ပြောတယ်။ ငါတစ်ယောက်တည်းအားဆိုတော့ မဟုတ်ပါဘူး။ နောက်သူငယ်ချင်းနှစ်ယောက်ပါသေးတယ်လို့ ပြောလို့ တပည့်တော်လည်း ရေခဲတိုက်ထဲကြည့်ချင်တာကတစ်ကြောင်း၊ သူငယ်ချင်းကို ကူညီချင်တာတစ်ကြောင်း လိုက်မယ်လို့ ပြောလိုက်ပါတယ်။ သွားမယ့်အချိန်က ည ၈ နာရီလောက်ဆိုတော့ နည်းနည်းတော့ ကြောက်သလိုလိုပေါ့ဘုရား။ တခြား သူငယ်ချင်းတွေလည်း ပါသေးတာပဲလေဆိုပြီး စိတ်ကိုတင်းလို့ ည ၈ နာရီလောက်မှာ ရန်ကုန်ဆေးရုံကြီး ရေခဲတိုက်ကို သူငယ်ချင်းလေးယောက် သွားခဲ့ကြပါတယ်။

ရေခဲတိုက်အပေါက်ဝ ရောက်တော့ ချိန်းထားတဲ့ ကုလားကြီး စောင့်နေပါတယ်။ ဆေးရုံကြီးပတ်ဝန်းကျင်ကတော့ မှောင်ရိပ်သန်းနေပါပြီ။ ကျွန်တော်ထင်တာက ၈ နာရီရောက်တာနဲ့ ရေခဲတိုက်ထဲကို တန်းဝင်ရမယ် ထင်တာပေါ့။ ဟိုရောက်တော့ ကုလားကြီးက ဆေးရုံပေါ်က အလောင်းတစ်လောင် သွင်းစရာရှိတယ်တဲ့။ အဲဒါကို ခဏစောင့်ပါဆိုလို့ ကျွန်တော်တို့တစ်တွေ စောင့်နေလိုက်တာ ည ၁၀ နာရီနီးပါးရှိပါရော။ ဒါနဲ့ တပည့်တော်တို့ကလည်း ကုလားကြီးကို သိပ်မိုးချုပ်နေပြီဗျာ၊ မြန်မြန်လုပ်ပါလို့ ပြောတော့ သူက ဘာကြောက်စရာရှိလဲ၊ လူတိုင်းသေမှာပဲ။ တော်ကြာရောက်လာမှာပါလို့ ပြောတယ်။ သူကတော့ ရိုးနေပြီဆိုတော့ အေးအေးဆေးဆေး ယမကာလေး တွေလို့ပေါ့ ဘုရား။ တပည့်တော်တို့ကတော့ ပတ်ဝန်းကျင်က မှောင်မည်းနေတာရယ်၊ ရေခဲတိုက်ကြီးက စက်သံကြီးကလည်း နားကိုဆူနေတော့ လန့်လန့်နဲ့ နေရပေမယ့် ဟန်ဆောင်နေရတာပေါ့ဘုရား။ ၁၀ နာရီကျော်သွားတော့ မှောင်ရိပ်ထဲမှာ လှည်းတွန်းလာတဲ့အရိပ်ကို လှမ်းတွေ့လိုက်တော့ ကုလားကြီးက ဟိုမှာလာပြီဆိုပြီး သွားကြိုတယ်၊ ကုလားလေးတစ်ယောက် လှည်းကိုတွန်းပြီး လာနေတာကို သူက ဘေးက ဝိုင်းတွန်းလာပါတယ်။ တပည့်တော်တို့လည်း သူတို့နှစ်ယောက်နောက်က ကပ်လိုက်သွားပါတယ်။

ရေခဲတိုက်ဝင်ပေါက်ကို နီးလာလေလေ၊ ရေခဲတိုက်စက်သံကြီးက မြည်လာလေလေဖြစ်ပါ့ဘုရား။ တပည့်တော်တို့ သူငယ်ချင်းတစ်သိုက်ကတော့ ဟန်ဆောင်ရင်း ခပ်တည်တည်နဲ့ လိုက်ခဲ့ရတာပေါ့ဘုရား။ ရေခဲတိုက်ဝလည်းရောက်ရော ကုလားနှစ်ယောက်က လှည်းကိုရပ်ပြီး တစ်ယောက်က သော့ဖွင့်၊ တစ်ယောက်က လူသေအလောင်းကို ဖုံးထားတဲ့ အဖုံးကို ဖွင့်လိုက်တယ်။ အလောင်းက အမျိုးသားတစ်ယောက်ဘုရား။ မကြည့်ရဲ ကြည့်ရဲ မကြည့်ချင် ကြည့်ချင်နဲ့ အားလုံး ဝိုင်းကြည့်ရတာပေါ့ဘုရား။ နောက် အုပ်ထားတဲ့ အဝတ်ကို အခန်းဘေးကို လှမ်းပစ်လိုက်တတယ်၊ တချို့အဝတ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် သွေးတွေပေနေတာမြင်ရလို့ ရင်တွေကိုတုန်နေတာပါပဲဘုရား။

ကုလားကြီးက ရေခဲတိုက်တံခါးကြီးကိုလည်း ဖွင့်လိုက်ရော တပည့်တော်တို့ သူငယ်ချင်းတွေရဲ့ မျက်လုံးတွေဟာ ရေခဲတိုက်ထဲကို စုပြုံကြည့်လိုက်ကြပါတယ်။ ကြည့်လည်း ကြည့်လိုက်ရော ရေခဲတိုက်ကြီးထဲမှာ တချို့အလောင်းတွေက သံစင်တွေပေါ်တင်လို့ တချို့အလောင်းတွေက ကြမ်းပြင်ပေါ်မှာချလို့၊ ဘုရား . . ဘုရား . . ရင်ထဲ ဘယ်လိုခံစားသွားရမှန်း မသိပါဘူး ဘုရား။ လန့်ရမလိုလို၊ ငိုရမလိုလို၊ အော်ရမလိုလို ဘယ်လိုမှန်း မပြောတတ်အောင် ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြပါတယ်။ ခုမှ ကြောက်ပါပြီဆိုပြီး ပြန်ပြေးလို့လည်း မဖြစ်၊ မျက်လုံးကလည်း ရေခဲတိုက်ထဲကို အလိုလိုပဲ ဝေ့ဝိုက်ကြည့်မိပါတော့တယ် ဘုရား။ ယောက်ျား မိန်းမကြီးငယ် ဝမ်းနည်းစရာ၊ ရင်တုန်စရာအကောင်းဆုံးက လူငယ်အလောင်းတွေပါပဲဘုရား။ သိပ်တော့ မငယ်လှပေမယ့် အရွယ်ရောက်စတွေဆိုတော့ အင်မတန် စိတ်ထိခိုက်ရပါတယ်ဘုရား။ တချို့အလောင်းတွေဆိုရင် ရင်ဘတ်မှာ ချုပ်ရိုးကြီးတွေနဲ့။ တချို့အလောင်းတွေကတော့ ရင်မခွဲရသေးပါဘူး ဘုရား။

အလောင်းတော်တော်များများဟာ အဝတ်ဗလာ၊ ဝတ်လစ်စလစ်တွေပေါ့ဘုရား။ ရင်ဘတ်မှာ ချုပ်ရိုးကြီးရှိသလို ဆီးစပ်အောက်ကို ဂွမ်းလိပ်ကြီးနဲ့ ဖုံးထားပါတယ်ဘုရား။ အမျိုးသမီးကြီးအလောင်းတစ်လောင်းက ဆံပင်က ပြေကျပြီး အောက်ကအလောင်းတစ်လောင်းရဲ့ မျက်နှာကိုအုပ်လို့။ တချို့အလောင်းက စောင်းလျက်၊ တချို့က ပက်လက်၊ တချို့အလောင်းတွေဆိုရင် သံစင်တွေပေါ်မှာ မလောက်လို့ ကြမ်းပြင်ပေါ်မှာ ချထားပါတယ်ဘုရား။ သေခြင်းတရားရဲ့ အနိဋ္ဌာရုံတွေပါပဲ။ ဒါနဲ့ တပည့်တော်တို့တစ်တွေ ရေခဲတိုက်ကြီးအဝင်ပေါက်ဝမှာတင် အထဲကို မဝင်ရဲသေးဘဲ ဟိုဟိုဒီဒီ ရင်တဒုံးဒုံးခုန်ရင်း ငေးနေတုန်း ကုလားကြီးက –

"သူငယ်ချင်း . . . မင်းအဖေကို ရှာလေ။ ပိုင်ရှင်မရှိတာ ဟောဟိုအခန်းထောင့်က အလောင်းပဲ။ လာ . . . အထဲကို ဝင်ကြပါ။ ရဲရဲဝင်ကြပါ။ ဘာမှမရှိပါဘူး"

ကုလားကြီးကသာ ပြောနေတာ တပည့်တော်တို့ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၊ တစ်ယောက်နဲ့တစ်ယောက် ပူးကပ်ပြီး အခန်းထောင့်ကို ဝင်ကြည့်ရပါတော့တယ်ဘုရား။ အခန်းထောင့်က အလောင်းကို ငေးကြည့်ရင်း ကြမ်းပြင်က အလောင်းတွေကို မတိုက်မိအောင် မနည်းကို သတိထားရပါတယ်ဘုရား။ အဲဒီလို စိတ်တွေကယောင်ချောက်ချားဖြစ်နေတုန်း သူငယ်ချင်းက ဟုတ်တယ်၊ ဒါ သူ့အဖေအလောင်းပဲဆိုလို့ ဝမ်းသာရပါသေးတယ် ဘုရား။ မဟုတ်ရင် ဘယ်အထိဆက်ရှာရဦးမလဲ မသိလို့ပါဘုရား။

ဒါနဲ့ ကျွန်တော်တို့လည်း သူ့အဖေအလောင်းကို ဝိုင်းကြည့်လိုက်တော့ ရင်ဘတ်မှာ ချုပ်ရိုးကြီးနဲ့၊ အဝတ်ဗလာကြမ်းပြင်ပေါ်မှာ တွေ့ရလို့ စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်း၊ တုန်လှုပ်ခြင်းတွေ ဖြစ်ရပါတယ်ဘုရား။ ငါတို့သေရင်လည်း ဒီလိုပဲလား၊ ဒီလို ရေခဲတိုက်ထဲမှာရောနေရပါ့မလားဆိုပြီး ရောက်တတ်ရာရာ တွေးမိပါတယ်ဘုရား။ တပည့်တော်တို့ ရေခဲတိုက်ကြီးထဲက ထွက်လာတော့ ည ၁၀ နာရီကျော်နေပါပြီဘုရား။ လေဟာပြင်ဈေးထဲရောက်တော့ တပည့်တော်ရဲ့ ဒူးတွေဟာ တဆတ်ဆတ်တုန်နေပါတယ်ဘုရား။

လေဟာပြင်ဈေးထဲ ရောက်ပြီး အသက်ရှူချောင်သွားပေမယ့်လည်း ဒူးတွေကတုန်ပြီး ရင်တွေက ခုန်နေတုန်း[...] ပဲဘုရား။ အိမ်ပြန်ရောက်တော့ အိပ်[...] ထဲမှာ အိပ်နေပေမယ့် အဲဒီရေခဲတိုက်[...] က အလောင်းတွေကိုပဲ တစ်ညလုံး မြင်[...] နေပါတော့တယ်ဘုရား။ အဲဒီအတွေ့[...] အကြုံဟာ တပည့်တော်ရဲ့ အမှတ်တ[...] အဖြစ်ဆုံး၊ ထိတ်လန့်စရာ၊ ရင်တုန်စ[...] အကောင်းဆုံးပါပဲ ဘုရား။ ခု အရှင်ဘုရား[...] တို့နေရာဟာလည်း မနက်ခင်းနဲ့ နေ့လယ်[...] ခင်းမှာ သာယာသလောက် ညပိုင်းဆိုရင်[...] သည်းထိတ်ရင်ဖိုပါပဲဘုရား။

"အင်း . . . ဒကာကြီးရဲ့ အတွေ့[...] အကြုံကလည်း တကယ့်အတွေ့အကြုံ[...] ကြီးတစ်ခုပါပဲ။ ဦးပဥ္စင်းက ဒကာကြီးဟာ အတော်ကလေး သတ္တိရှိသားလို့တော့ ထင်မိသာ။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက ဒီကိုရောက်ခဲ့တဲ့ ဒကာတော်တော်များများဟာ ဦးပဥ္စင်းတို့ ကျောင်းနေရာမှာ မအိပ်ရဲကြဘူး။ တောင်အောက်ဆင်းပြီး ရွာထဲက ကျောင်းဒကာအိမ်မှာ အိပ်ကြပါတယ်။ ဒကာကြီးကျတော့ တစ်ပတ်မက ဒီတစ်ပါးနေ ကျောင်းကလေးမှာ အိပ်တယ်ဆိုတာ တော်တော်ကိုသတ္တိရှိတယ်လို့ ထင်မိသား"

ကိုလွင်မောင် ရောက်နေသော နေရာသည် သထုံခရိုင်၊ နတ်ကြီးချောင်ကျေးရွာအုပ်စုမှ နှစ်မိုင်ခန့်အကွာ တောတောင်ရှုမြော်မျှားကြားရှိ အုန်းတပင်ကျေးရွာမှ လိုင်ထောင်ခေါ် တောင်စောင်းပေါ်က တောရကျောင်းပေါ်သို့ ရောက်ရှိနေခြင်းဖြစ်ပါသည်။ ထိုတောင်စောင်းသည် နွားလပို့တောင်၏ တောင်စွယ်တစ်ခု ဖြစ်၏။ ထိုတောင်မှ သုံးနာရီကြာခရီးဖြင့် နွားလပို့စေတီသို့ ရောက်ရှိနိုင်ပါသည်။ နွားလပို့စေတီမှာ ကျောက်သုံးဆင့်ပေါ်တွင် တည်ထားသော စေတီတော်ဖြစ်ပါသည်။

လွင်မောင်သည် ဤလိုင်ထောင်တောင်စောင်းရှိ တောရကျောင်းကလေးသို့ ရောက်ရှိလာခြင်းမှာ အစ်မ၏အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com

ဤတောရကျောင်းမှ ဦးပဥ္ဇင်းနှစ်ပါး ရန်ကုန်သို့ ဆေးကုလာရင်း အစ်မ၏ မိတ်ဆက်ပေးမှုကြောင့် ဦးပဥ္ဇင်းများနှင့် သိကျွမ်းခြင်းဖြစ်၏။ အစ်မ၏ တိုက်တွန်းမှုနှင့် ဦးပဥ္ဇင်းတို့၏ ဖိတ်ကြားမှုတို့ကြောင့် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

"နေရာသစ်တစ်ခုမှာ တရားလည်း ထိုင်ရင်း၊ လေ့လာရေးလည်း ထွက်ရင်း ပေါ့ ဒကာကြီးလိုက်ခဲ့ကြည့်ပါ။ ဦးပဥ္ဇင်း တို့အားလုံး တာဝန်ယူပါတယ်"

ဦးပဥ္ဇင်းနှစ်ပါးမှာ သူငယ်ချင်းနှစ် ဦးဖြစ်ပြီး၊ ယခင် လူ့ဘဝက အရောင်း အဝယ်လုပ်ကိုင်ခဲ့ကြ၏။ ထိုအချိန်ကတည်း က တရားအားထုတ်ခြင်းကို လေ့လာခဲ့ ကြ၏။ စွန်းလွန်းဂူကျောင်း၊ မဟာစည် သာသနာ့ရိပ်သာ၊ သဲအင်းဂူ စသော တရားရိပ်သာကျောင်းကြီးများတွင် တရား ထိုင်ခဲ့ကြ၏။ ပထမ အားလပ်သည့်အချိန် များတွင် တရားအားထုတ်ခြင်း ဖြစ်သော် လည်း နောက်တဖြည်းဖြည်း ရက်ရှည် တရားစခန်းများဝင်ကြ၏။ ထို့မှ လူဝတ် ကြောင်ကို စွန့်လွှတ်ကာ ရဟန်းဘောင် သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်၏။ တစ်ဦးမှာ လူပျိုလူလွတ် ဖြစ်၍ တစ်ဦးမှာ အိမ် ထောင်နှင့်ဖြစ်၏။ လူပျိုမှာ ရဟန်းဘောင် သို့ဝင်ရန် မခဲယဉ်းလှသော်လည်း အိမ် ထောင်ရှိသူမှာ ခက်ခဲလှ၏။ လူပျိုဦးပဥ္ဇင်း သင်္ကန်းဝတ်ပြီး နှစ်နှစ်၊ သုံးနှစ်ကြာမှ အိမ် ထောင်ရှိသူသည် မိသားစုကို ခွင့်ပန်ကာ ကုန်မှု ပစ္စည်းကလေးများကို မိသားစုထံ အပ်နှံခဲ့ပြီး ပထမဦးပဥ္ဇင်း၏ ရွာဖြစ်သော အုန်းတပင်ရွာသို့ လာရောက်ကာ ရဟန်း ဝတ်ခဲ့ခြင်းဖြစ်၏။

ဤသို့ တောကြီးမျက်မည်း လူသူ ကင်းမဲ့သော နေရာတွင် ရဟန်းဘောင် ဝင်၍ တရားအားထုတ်နေခြင်းမှာ လုံးဝ အလကားသောကိစ္စ မဟုတ်ပါချေ။ လွင် မောင်သည် ဦးပဥ္ဇင်းတို့၏ တောရကျောင်း သို့ ရောက်မီ အုန်းတပင်ရွာရှိ လူပျို ဦးပဥ္ဇင်း၏နေအိမ်တွင် ခေတ္တနားကာ မွန်း တည့်ချိန်တွင် လှိုင်ထောင်တောင်ပေါ်သို့ တက်ခဲ့ကြ၏။ ကျောက်တုံးကြီးများ၊ စမ်း ချောင်းလေးများကို ဖြတ်ကာ တောရ ကျောင်းသို့ တက်ခဲ့ရာ မိနစ်နှစ်ဆယ်ခန့် တွင် ရောက်ရှိခဲ့ကြ၏။

လမ်းခရီးသည် အေးစိမ့်ကာ စမ်း ရေစီးသံနှင့် ငှက်အော်သံများသာ ကြားရ ၏။ တဖြည်းဖြည်း ရေစီးသန်သော စမ်း ချောင်းကလေးအား ဖြတ်ကျော်ပြီး တော အုပ်တစ်ခုကို ကွေ့လိုက်သောအခါ ကျောင်း ကလေးတစ်ကျောင်း ဘွားခနဲပေါ်လာပါ သည်။ တောရကျောင်းကလေး၏ ပတ် ဝန်းကျင်တွင် မြေကြီးမှာ ပြောင်ရှင်းနေ၏။ ကျောင်း၏ခြေရင်းတွင် ရေအိုးတစ်လုံးချ ထား၏။ လေ့ကားသုံးထစ်ရှိပြီး ဝရန်တာ ကလေးလည်း ရှိ၏။ တောရကျောင်း ကလေးမှာ ဆယ်ပေပတ်လည်ခန့်ရှိ၏။ သစ်ရွက်မိုး၊ သစ်ရွက်ကာ ဖြစ်၏။

ဦးပဥ္ဇင်းက ဦးဆောင်ကာ ကျောင်း ပေါ်သို့ တက်ကြပြီး ပါလာသည့် ပစ္စည်း များချ၏။

"ဒါ ... ဒကာကြီးနေရမယ့် ကျောင်းပဲ။ ဦးပဥ္ဇင်းတို့ကျောင်းတွေက ဒီတစ်ခေါ်လောက်မှာ ရှိတယ်။ ဦးပဥ္ဇင်း တော်ကြာပြန်လာခဲ့မယ်။ ဒကာကြီး သန့် ရှင်းရေးလေးဘာလေး လုပ်ပေါ့"

ဟု မိန့်ကာ တောရကျောင်းသို့ ထွက်သွားလေ၏။ ကျောင်းကလေးသည် သစ်လုံး၊ သစ်ရွက်နှင့် ဝါးတို့ကို အဓိက ထား၍ ဆောက်လုပ်ထားခြင်းဖြစ်၏။ တောင်ဘက်တွင် ဘုရားခန်းရှိ၏။ သောက် ရေအိုးစင်က ဝရန်တာတွင်ရှိ၏။ သက်န်း တစ်စုံနှင့် မျက်နှာသုတ်ပဝါတစ်ထည်ကို တန်းပေါ်တွင် တွေ့ရ၏။ အဝင်အဝတံခါး မကြီးတွင် တံခါးမရှိ၊ ထရံတစ်ချပ်နှင့်သာ ပိတ်ရ၏။ ထိုထရံသည် တံခါးမကြီးကို အပြည့်အဝ ပိတ်၍မရ၊ သုံးပေခန့် အပေါ် မှ လွတ်နေ၏။ လွင်မောင်က အခန်းထဲ တွင်တွေ့သော တံမြက်စည်းဖြင့် သန့်ရှင်း ရေးလုပ်၏။ သန့်ရှင်းရေးလုပ်နေစဉ် ဦးပဥ္ဇင်းရောက်လာပြီး ခေါင်းအုံးနှင့် ဖျာ၊ ခြင်ထောင်များ ယူလာလေ၏။

"ခြင်ထောင်ထောင်ရင် ဖျာအောက် ထဲ ထည့်ထားနော်၊ အကောင်တွေ ဘာ တွေ မဝင်နိုင်အောင်ပေါ့"

"သောက်ရေအိုးကတော့ ဟုတ်ပါ ပြီဘုရား။ ဟိုလေ့ကားနားက ရေအိုးက ဘာအတွက်လဲဘုရာ့"

"ခြေဆေးဖို့ ရေပါ ဒကာကြီး။ ရေ ချိုး၊ အဝတ်လျှော်ဖို့ကတော့ ဟောဟို တောင်ဘက်ကရေကန်မှာ ချိုးလို့ရတယ်။ ဒကာကြီး သန့်ရှင်းရေးလုပ်ပြီးရင် ကြည့် ထားပေါ့။ နောက်ပြီး ဦးပဥ္ဇင်းကြီးကျောင်း ဘက်လည်း သွားလိုက်ပါဦး။ ကျူပ်လည်း ရှိနေမှာပါ။ ညနေလောက်ပေါ့"

သန့်ရှင်းရေးလုပ်ပြီးသောအခါ ခေတ္တ အနားယူပြီး လွင်မောင်သည် ဦးပဥ္ဇင်း ကြီးကျောင်းသို့ လျှောက်ခဲ့ပါသည်။ ဦးပဥ္ဇင်းကြီးကျောင်းနှင့် သူနေသော ကျောင်းမှာ တစ်ခေါ်ခန့်ရှိပါသည်။ ကြား တွင် တောအုပ်တစ်အုပ် ရှိပါသည်။ တော အုပ်၏အရှေ့ဘက်တွင် မီးဖိုချောင်ရှိပါ သည်။ မီးဖိုချောင်နှင့် ဦးပဥ္ဇင်းကြီး၏ ကျောင်းသည် ပေနှစ်ရာခန့်ကွာပါသည်။

ဦးပဥ္ဇင်း၏ ကျောင်းကတော့ တစ် ခေါ်ခန့်ရှိပြီး တောင်ကုန်းပေါ်တွင်ရှိပါ သည်။ ဦးပဥ္ဇင်းကြီး၏ ကျောင်းသို့ရောက် သောအခါ ဦးပဥ္ဇင်းကြီးက ညပိုင်း မိမိ ကျောင်းတွင် တရားထိုင်ရန်၊ အရေး အကြောင်းရှိက လှမ်း၍အော်ခေါ်ရန် ပြော ပါသည်။ ဦးပဥ္ဇင်းတို့က နံနက် ၇ နာရီ တွင် ဆွမ်းခံကြကြောင်း၊ ၈ နာရီခန့် ပြန် ရောက်ပြီး ၁၀ နာရီခွဲလောက်တွင် ဘုဉ်း ပေးကြောင်း။ ဆွမ်းဘုဉ်းပြီးက ခေတ္တနား ကာ နေ့လယ် ၁ နာရီလောက်မှစ၍ တရားဝင်ကြောင်း၊ ညနေစောင်းတွင် စင်္ကြံလျှောက်ပြီး ည ၇ နာရီမှ ၁၀ နာရီ



www.burmeseclassic.com

www.burmeseclassic.com

ထိ တရားဝင်ကြောင်း ပြောပါသည်။

ညနေ တောင်ပေါ်မှမြင်ရသော ရှုခင်းမှာ အလွန်ပင် ကြည်နူးဖွယ်ဖြစ်ပါသည်။ အရှေ့ဘက်တွင် သာမညဆရာတော်ကြီး၏ တောင်တော်ကြီးအား တွေ့မြင်ရပါသည်။ လေကလည်း တစိမ့်စိမ့် အေးလာပါသည်။ ထို့ကြောင့် လွင်မောင်သည် မိမိကျောင်းကလေးသို့ ပြန်ကာ ညအိပ်ရာဝင်ရန် ခင်းကျင်းပြီး ဘီစကစ်နှင့် ကော်ဖီမစ်သောက်ပါသည်။ ယနေ့ ညစာအဖြစ် မုန့်နှင့် ကော်ဖီသာ ဖြစ်ပါသည်။ နံနက်အရုဏ်ကပ်မည်ဟု ဦးပဥ္စင်းများအား လွင်မောင်က လျှောက်သဖြင့် ဦးပဥ္စင်းများက ခွင့်ပြုပါသည်။ ဦးပဥ္စင်းများချည်းဆိုလျှင် အရုဏ်ဆွမ်းမဘုဉ်းကြောင်း မိန့်ပါသည်။

တဖြည်းဖြည်း မိုးချုပ်လာသည်နှင့် အမျှ စမ်းချောင်းကလေးမှ ရေစီးသံကလည်း ကျယ်လောင်လာပါသည်။ လွင်မောင်နေသော ကျောင်းကလေးသည်လည်း ပုရစ်သံများ ဆူညံနေပါသည်။ ပုရစ်သံအပြင် ဖျောက်ဖျောက် ဖျောက်ဖျောက်ဟူသော ကျောင်းပတ်လည်မှ အသံများကလည်း ဆူညံလှပါသည်။ တစ်ခါတစ်ခါ ရှီး ရှီး ဆိုသည့် လေချွန်သံကလည်း ကြားရပါသည်။ ထိုညသည် လသာသော ညဖြစ်သဖြင့် တံခါးမကြီးမှ လရောင်ဝင်နေသဖြင့် အလင်းရောင်ကျနေပါသည်။

လွင်မောင်သည် ဘုရားခန်းတွင် ဆီမီးပူဇော်ကာ ဘုရားရှိခိုးပါသည်။ တော၏ တိတ်ဆိတ်မှုသည် ချောက်ချားဖွယ်ဖြစ်ပါသည်။ ကျောင်းကလေး၏ ပတ်ဝန်းကျင်တွင် ခြေသံလိုလို၊ သစ်ရွက်ခြောက်များပေါ်တွင် လမ်းလျှောက်သံလိုလို ကြားရပါသည်။ လွင်မောင်သည် စိတ်ကို အတည်ငြိမ်ဆုံးထားကာ ဘုရားကို အာရုံပြုပါသည်။ ဘုရားရှိခိုးပြီးသောအခါ နာရီကြည့်လိုက်ရာ ည ၈ နာရီခန့်သာ ရှိပါသေးသည်။ ယခုလို အချိန်သည် ရန်ကုန်လို မြို့ကြီးတွင် သွားကောင်းတုန်းဖြစ်ပါသည်။ ယခုလို တောကြိုအုံကြားတွင် ပိန်းပိတ်အောင် မှောင်နေပါသည်။

လရောင်ကြောင့်သာ ပတ်ဝန်းကျင်ကို မြင်ရသော်လည်း ထိုမြင်ရသမျှ အရိပ်များသည်ပင် ဘာလိုလို ထင်မိပါသည်။ အဆိုးဆုံးကား ကျောင်းကလေးတွင်းမှ တဖြောက်ဖြောက်မြည်သံပင်။ လွင်မောင်သည် ထိုအသံကို သေချာစွာ နားထောင်သော်လည်း မည်သည့်အသံမှန်းမသိ။ ရှိ ဆိုသည့်အသံကတော့ မြွေသံဖြစ်နိုင်သည်။ သစ်ရွက်များပေါ်မှ တရှပ်ရှပ်လှုပ်ခတ်သံများကား ...။ လွင်မောင်သည် ဝယ်လာသော လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရာ သစ်ရွက်ပေါ်တွင် ဖားများ လှုပ်ရှားနေခြင်းဖြစ်ကြောင်း သိရ၏။

ဘုရားရှိခိုးပြီး တတ်သိသမျှ ရွတ်ဖတ်ကာ ထောင်ထားသော ခြင်ထောင်တွင်းသို့ဝင်ကာ လှဲနေရင်း ပတ်ဝန်းကျင်မှ အသံများကို နားစွင့်နေမိပါသည်။ နေ့လယ်က သာယာစွာ စီးဆင်းနေသော မိမိကျောင်း မလှမ်းမကမ်းမှ စမ်းရေစီးသံသည်ပင် ကြောက်မက်ဖွယ်ဖြစ်နေပါသည်။ တစ်ခါ တစ်ခါ လေတိုးသံမှာလည်း ဝုန်းခနဲ ဝိုးခနဲ ရင်ကို ထိတ်စေပါသည်။

ပတ်ဝန်းကျင်မှ ကြားနေရသည့် အသံများကြောင့် လွင်မောင်သည် မည်သို့မျှ အိပ်၍မရပါ။ ထို့ကြောင့် ကုန်းထကာ လက်မှ နာရီအား ကြည့်လိုက်ရာ ၉ နာရီပင် မထိုးသေးပါ။ မြို့တွင်းတွင် ညဉ့်နက်မှ အိပ်လေ့ရှိသော လွင်မောင်အဖို့ ည ၉ နာရီလောက်နှင့် လုံးဝ အိပ်မပျော်နိုင်ပါပေ။ ထိုသို့ မအိပ်နိုင်သည်ထက် ဘေးပတ်ဝန်းကျင်မှ အသံများကပို၍ပင် အိပ်ရန် ခက်ခဲစေပါသည်။ ဘာလုပ်ရမည်နည်း။ ဦးပဥ္စင်းများကို လှမ်းခေါ်၍လည်း မဖြစ်။ လှမ်းခေါ်ရအောင်လည်း ဘာအကြောင်း၊ ဘာကိစ္စမှမဖြစ်။ သည်လိုနှင့် မျက်လုံးပို၍ပင် ကျယ်၍လာပါသည်။

ချောက်ချားလှသော စိတ်သည် ပတ်ဝန်းကျင်လှုံ့ဆော်မှုကြောင့် တံခါးမကြီးမှပဲ ဝင်လာမည်လား၊ ခေါင်မိုးပေါ်ကပဲ ဆင်းလာမည်လား တွေးရင်းတွေးရင်း ထထိုင်မိပါသည်။ ထထိုင်ပြီး ဟိုဟိုသည်သည်ကြည့်ပြန်တော့လည်း တဖြောက်ဖြောက်မြည်သံမှတစ်ပါး ဘာမျှ လှုပ်ရှားမှုမရှိ၊ ပတ်ဝန်းကျင်မှ လှုပ်ရှားမှုမရှိသော်လည်း စိတ်တွင်း၌ကား လှုပ်ရှားလှပါသည်။ အိပ်၍မရသည့်ပြင် မျက်လုံးကလည်း ကျယ်၍ ကျယ်၍သာ လာပါတော့သည်။ သည်လိုနေရာမျိုးတွင် ဦးပဥ္စင်းနှစ်ပါးနေရဲသည်မှာ လွင်မောင်သည် ဦးပဥ္စင်းတို့အား ချီးမွမ်းမိပါသည်။ ဟိုဟိုဒီဒီ စဉ်းစားရင်း စိတ်ထဲတွင် ဖျတ်ခနဲ အသိတစ်ခုဝင်လာပါသည်။ တရားထိုင်ဖို့ မေ့နေသည်။ ဟုတ်ပြီ။ ခြင်ထောင်တွင်းတွင် တင်ပျဉ်ခွေထိုင်ကာ ဝင်လေထွက်လေကို မှတ်သည်။ မျက်စိမှိတ်သည်။ စိတ်ကို တည်ငြိမ်အောင်လုပ်သည်။

ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ခြေထောက်ကျင်ရင် ကျင်တယ်၊ နာရင် နာတယ်၊ ကိုက်ရင် ကိုက်တယ်၊ စိတ်ကို မှတ်သည့်အထဲတွင် နှစ်ထားလိုက်ပါသည်။ မည်မျှကြာသွားသည်မသိ။ အိပ်ချင်လာလေသည်။ စိတ်ကိုတင်းကာ ပြန်၍ မှတ်သည်။ ဖောင်းတယ်၊ ပိန်တယ်၊ ကျင်တယ်၊ နာတယ်၊ ကိုက်တယ် ဖောင်းတယ်၊ ပိန်တယ်။

"တီ .. တီ .. တီ .. တီ .. တီ"

နှိုးစက်နာရီမှ အချက်ပေးသံ ထွက်လာသဖြင့် နာရီကြည့်လိုက်ရာ နံနက် ၃ နာရီခွဲ။ ဦးပဥ္စင်းများအတွက် ဆွမ်းချက်ရမည်။ လွင်မောင်သည် လက်နှိပ်ဓာတ်မီးယူကာ ညနေက အသင့်ပြင်ထားသော ဆွမ်းချက်ဆောင်ဆီသို့ တင်း



www.burmeseclassic.com

www.burmeseclassic.com

တည်း ထွက်ခဲ့ပါသည်။ လက်ထဲတွင် ချက်မည့်ပစ္စည်းများကို အိတ်ဖြင့်ထည့်ကာ ယူခဲ့ပါသည်။ ဆွမ်းချက်ဆောင် ရောက်သောအခါ ထမင်းအိုးတည်ရန် မီးမွှေး၊ ဦးပဥ္စင်းပြထားသည့် ရေနွေးကရား၊ ဒန်အိုး စသည်များကို ပြင်ဆင်ရပါသည်။ ရေကတော့ တောင်ပေါ်မှ ရေတံလျှောက်ဖြင့် သွယ်ထားသဖြင့် တစ်နေ့လုံး၊ တစ်ညလုံး ကျနေပါသည်။

မှောင်ကြီးမည်းကြီးတွင် ဖယောင်းတိုင်ထွန်း၊ လက်နှိပ်ဓာတ်မီး အားကိုးကာ ဦးပဥ္စင်းများအတွက် မြို့တွင်းမှ ဝယ်လာသည့် ရိက္ခာခြောက်များနှင့် ထမင်းကြော်ပူပူနွေးနွေး၊ ရေနွေးကြမ်းမွှေးမွှေးကလေးနှင့် နံနက် ၉ နာရီကျော်ကျော်တွင် အဆင်သင့်ဖြစ်ပေသည့်အတွက် ကုလားတက်ခေါက်လိုက်ပါသည်။ ကုလားတက်ခေါက်ပြီး မကြာမီ ဦးပဥ္စင်းနှစ်ပါး ကြွလာပါသည်။

ဦးပဥ္စင်းများသည် အရုဏ်ဆွမ်းဘုဉ်းပေးကြပြီး ကျောင်းသို့ ပြန်သွားကြပါသည်၊ လွင်မောင်က ဆွမ်းကပ်ပြီးသောအခါ ကျောင်းဝင်းပတ်လည်ကို သန့်ရှင်းရေးလုပ်ခြင်း၊ ရေဖြည့်ခြင်း၊ ကုဋီများမကျန် ရှင်းလင်းပြီး နံနက်စာစားကာ ဦးပဥ္စင်းများ ဆွမ်းခံအပြန်ကို စောင့်၍ ရေနွေးတည်ခြင်း၊ ဆွမ်းစားရန် ပြင်ဆင်ခြင်းများ ပြုလုပ်ပေးပါသည်။ ၉ နာရီခန့်တွင် ဦးပဥ္စင်းများ ဆွမ်းခံပြန်ကြွလာသည့်အခါ ပါလာသည့် ဆွမ်းဟင်းများကို အိုးတစ်ခုတွင် ရောစပ်ဟင်းပေါင်းပြုလုပ်ပါသည်။ ဤရပ်ဤဒေသတွင် တောသူတောင်သားများသာ ရှိသဖြင့် အကြော်၊ သက်ဖက်၊ ငါးပိ၊ ဟင်းသီးဟင်းရွက်ဟင်းများသာ များပါသည်။

အသားဟင်းသည် ရှားမှ ရှားပါသည်။ လွင်မောင် နေ့ဆွမ်းအတွက် ပြင်ဆင်ရာတွင် ရန်ကုန်မှ ဝယ်လာသည့် ကြာဆံ၊ ခေါက်ဆွဲ၊ ဘီစကစ်နှင့် အခြားမုန့်ပဲသရေစာများကို အလှည့်ကျ ထည့်သွင်းချက်ပြုတ် လှူဒါန်းပါသည်။ ဦးပဥ္စင်းများကား ကောင်းသည်၊ ဆိုးသည် မဝေဖန်ဘဲ လွင်မောင်ချက်ပြုတ်ကျွေးမွေးသမျှ ဘုဉ်းပေးကြပါသည်။ နေ့ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ဦးပဥ္စင်းများသည် ခေတ္တအနားယူကာ နေ့လယ်မှစ၍ တရားထိုင်ခြင်း၊ စင်္ကြံလျှောက်ခြင်းများ ပြုလုပ်ပါသည်။ ည ၁၀ နာရီခန့်မှသာ ကျိန်းစက်ပါသည်။

တစ်နေ့ နေ့လယ် ဆွမ်းဘုဉ်းပေးပြီး လွင်မောင်နှင့် ဦးပဥ္စင်း စကားလက်ဆုံကျပါသည်။ ဦးပဥ္စင်းက ညဘက်တွင် တဖျောက်ဖျောက် မြည်သံမှာ ခြများက ကျောင်းကို မိုးကာထားသော ဖက်ရွက်များနှင့် တိုင်များကိုစားသည့်အသံဖြစ်ကြောင်း၊ ရှီ ရှီ ဆိုသည့်အသံမှာ မြွေတွန်သံဖြစ်ကြောင်း၊ ဖက်ရွက်များပေါ် ရှပ်မြေးသံမှာ ဖားနှင့် ရှဉ့်များ ညအခါ သွားလာခြင်းဖြစ်ကြောင်း၊ သတိဝီရိယရှိရန်လိုကြောင်း၊ အထူးသဖြင့် ခြင်ကိုက်မခံသင့်ကြောင်း၊ ဤအရပ်ဤဒေသသည် ငှက်ဖျားဖြစ်သောနေရာဖြစ်ကြောင်း ပြောကြပါသည်။ လွင်မောင်က ဤတောတောင်လျှိုမြောင်ကြီးထဲတွင် တရားအားထုတ်နေသည်မှာ အလွန်ပင် အန္တရာယ်များလှကြောင်း၊ သူ့အတွက် တစ်ညတာ ကုန်လွန်ရန် အလွန်ပင်ပန်းလှကြောင်း၊ ဦးပဥ္စင်းအနေဖြင့် နှစ်ချီနေထိုင်နိုင်သည်မှာ အံ့ဖွယ်ဖြစ်ကြောင်းနှင့် ထူးခြားသည့်ဖြစ်ရပ်များရှိပါက ပြောပြပါရန် လျှောက်ပါသည်။

ဦးပဥ္စင်းက ပြုံးနေပြီး ခပ်မဆိတ်ပင်နေသဖြင့် လွင်မောင်က သူ့ရေခဲတိုက်အတွေ့အကြုံကို ပြောပြလေ၏။ ဦးပဥ္စင်းက –

"ဒါကြောင့် ဒကာကြီး တော်တော်သတ္တိရှိပါလားလို့ အောက်မေ့နေတာ။ အရင်လာကြတဲ့ ဒကာတွေဆိုရင် ဒီတောရကျောင်းမှာ မအိပ်ရဲကြဘူး။ ညနေစောင်းတာနဲ့ တောင်အောက်ဆင်းပြီး ကျောင်းဒကာအိမ်မှာ အိပ်ကြတာပဲ။ အဲ ဒကာကြီးကျတော့ ဒီလိုမှ မဟုတ်ဘဲ"

"တပည့်တော် သတ္တိရှိလို့ မှတ်ပါဘူးဘုရား။ ကြောက်စိတ်ကို တောင့်ခံတာရယ်၊ တရားမှတ်တာရယ်၊ နောက်တစ်ချက်က တပည့်တော်မှာ တောင်အောက်က ကျောင်းဒကာကိုလည်း မသိလို့ပါဘုရား။ ဘာပဲဖြစ်ဖြစ် တပည့်တော် ဝါသနာတစ်ခုက ထူးထူးဆန်းဆန်းဆို သိချင်ကြားချင်လို့ပါဘုရား"

ဦးပဥ္စင်းက ပြုံးပြန်ပါသည်။

"ထူးခြားတာရယ်လို့တော့ မရှိပါဘူး ဒကာကြီး။ တောထဲတောင်ထဲမှာ လာနေတယ်ဆိုတာက တရားကောင်းကောင်းအားထုတ်နိုင်အောင်ဆိုပါတော့။ ကျုပ်တို့က ရန်ကုန်မှာလည်း နေခဲ့ဖူးပါတယ်။ ရန်ကုန်မှာဆိုရင် အသံအကျွမ်းများတော့ ဟိုကပင့်၊ ဒီကပင့်၊ ဟိုကလာ၊ ဒီကလာနဲ့ ဘယ်တရားကောင်းကောင်းအားထုတ်ရပါ့မလဲ၊ ဒါကြောင့် ဒီအရပ်က အသိလည်းမရှိဘူး။ အသိဆိုလို့ ကျုပ်တို့ ဦးပဥ္စင်းနှစ်ပါးပဲဆိုတော့ အလုပ်ဖြစ်ပါတယ်။ အဲ ...တောထဲဆိုတော့ တစ်ယောက်ကိုတစ်ယောက် အားကိုးနေရတာပေါ့။ ကျုပ်ရောက်ခါစကဆိုရင် အထူးသဖြင့် ညအချိန်ဆိုရင် ဒကာကြီးလိုပဲ ကျော်င်းဘေးကအသံတွေ၊ လမ်းလျှောက်သလိုလို၊ တစ်ခါတလေ ကျောင်းအကာကို ပုတ်သလိုလိုထင်မိတာပါပဲ။

"ဒါကြောင့် အကာအကွယ်အနေနဲ့ အရာရာအောင်မြင်စေပြီး ဘေးရန်ကင်းဝေးစေဖို့ မင်္ဂလသုတ်၊ ဝေဿန္တရာလို့ ခေါ်တဲ့ ဘုရားဂုဏ်တော်တွေ ခေါ်တဲ့ ... ပါး ခြင်း၊ မကောင်းဆိုးဝါး (ဘီလူးသရဲ)ဘေး၊ ရောဂါဘယတွေနဲ့ မကြာခဏ ကြုံတွေ့ရတဲ့အခါ ရတနသုတ်၊ အိပ်မက်ဆိုးတွေ မမြင်အောင်၊ လူနတ်ချစ်ခင်အောင်၊ အဆိပ်လက်နက်မသင့်အောင် မေတ္တသုတ်၊ မြွေ၊ ကင်းနဲ့ သားရဲတိရစ္ဆာန်များ

www.burmeseclassic.com

ဘေးရန်က ကင်းဝေးစေဖို့ ခန္တိသုတ်။ သူတစ်ပါး မကောင်းကြံလို့မရအောင်၊ ဘေးအမျိုးမျိုး၊ အချုပ်အနှောင်အဖွဲ့တွေ ကင်းဝေးစေဖို့နဲ့ အသက်ရှည်ဖို့အတွက် မောရသုတ်။ မီးဘေးကင်းဝေးစေဖို့ ဝဋ္ဋသုတ်။ ဆိတ်ငြိမ်ရာအရပ်မှာ တစ်ယောက်တည်းနေရတဲ့အခါမှာ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ကင်းဝေးအောင် သားရဲဘေး၊ ဘီလူးဘေး၊ ခိုးသူဘေးတွေက၊ ကင်းလွတ်အောင် ဓဇဂ္ဂသုတ်၊ အစိမ်းသူရဲ၊ မြေဖုတ်၊ ဘီလူး၊ နတ်ဆိုး၊ နတ်ကြမ်းတွေဘေးက ကင်းလွတ်အောင် အာဋာနာဋိယသုတ်၊ ကိုယ်တွင်းရှိ ဘေးရန်တွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ အခက်အခဲမရှိ မွေးဖွားနိုင်အောင်နဲ့ အခြားဘေးအန္တရာယ်တွေ ကင်းဝေးအောင် အင်္ဂုလိမာလသုတ်တွေနဲ့ အတိတ်ဆိုး၊ နိမိတ်ဆိုး၊ အိပ်မက်ဆိုး၊ ဂြိုဟ်ဆိုး၊ ကြမ္မာဆိုးတွေ မကြုံနိုင်အောင် ဗုဇ္ဈင်္ဂသုတ်တွေကို ညစဉ်ညတိုင်း ရွတ်ရတာပေါ့ ဒကာကြီးရယ်။

"ဒကာကြီးလည်း ဒီသုတ်တွေကို ညစဉ်ရွတ်ပါ။ ဦးပဉ္ဇင်းစာအုပ်ပေးထားပါ့မယ်။ ဒီလို ပရိတ်ကြီး ၁၁ သုတ်ကို အမြဲရွတ်နေမှ ကျုပ်တို့လို တောထဲတောင်ထဲနေနိုင်မယ်ပေါ့။ မြွေဆိုတာကတော့ ဒီတောမှာ ပြောမကုန်၊ မြင်မကုန်ပါပဲ။ ဒကာကြီးနေတဲ့ ကျောင်းမှာလည်း ရှိမှာပဲ။ ကျုပ်နေတဲ့ကျောင်းမှာလည်း ရှိတာပဲ။ ရှိပင်ရှိလည်း သူ့ဟာသူနေ၊ ကိုယ့်ဟာကိုယ်နေပေါ့။ ဒကာကြီး မေတ္တာသာပို့ပါ။ တစ်ခါ ဦးပဉ္ဇင်းတရားထိုင်နေတုန်း ကျောင်းခေါင်ကနေ မြွေပြုတ်ကျပြီး ပေါင်ပေါ်မှာ တင်နေတယ်၊ ကျုပ်က မင်းလမ်းမင်းသွားကွာလို့ စိတ်ထဲကပြောပြီး တရားဆက်ထိုင်နေတော့ သူ့ဟာသူ ဆင်းသွားလေရဲ့။ ဒီမှာက မြွေအမျိုးမျိုးရှိတယ်။ စပါးကြီး၊ စပါးအုံး၊ သံကွင်းစွပ်၊ တောကြီးမြွေဟောက်၊ မြွေစိမ်းမီးခြောက်၊ စုံလို့ပါပဲ ဒကာကြီး။ စောစောကပြောသလို မေတ္တာသာပို့ပြီး ကိုယ့်အလုပ် ကိုယ်လုပ်ရတာပေါ့။

"ဒီမှာ စနေတုန်းကတော့ ဦးပဉ္ဇင်းတို့မှာ ဘာမှ သမာဓိမရှိသေးတော့ နှောင့်ယှက်တာတွေတော့ ရှိတာပေါ့။ ဦးပဉ္ဇင်းရဲ့ တစ်ပါးနေကျောင်းနောက် မလှမ်းမကမ်းက တောအုပ်ကလေးဟာ တစ်ချိန်က သူ့ပုန်တွေ၊ ကျွဲနွားတွေကို ရွာထဲက လုယက်လာပြီး သတ်တဲ့နေရာပေါ့။ ဒီတော့ နာနာဘာဝတွေ ကျက်စားနေတဲ့နေရာလို့ ပြောလို့ရတာပေါ့။ ပထမ . . . ဒီကျောင်းမှာ ဦးပဉ္ဇင်းကြီးနေတယ်။ တစ်နေ့ နေ့လယ်လောက် ဦးပဉ္ဇင်းကျိန်းနေတုန်း လည်ပင်းအစ်တစ်တစ် ဖြစ်လာလို့ လန့်နိုးတော့ ကမန်းကတန်းထပြီး တုန်းကိုခေါက်ရတာပေါ့။ ဒီတော့ ဆွမ်းချက်တဲ့နေရာမှာရှိတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ အပြေးလာတာကို ဦးပဉ္ဇင်းကြီးက နာနာဘာဝတွေ ပြေးလာတယ်ထင်ပြီး အတော်ကို လန့်သွားလို့ မနည်းကို ဝိုင်းကုကြရတယ်။

ဒါကြောင့် ဦးပဉ္ဇင်းကြီး ဒီကျောင်းမှာ မနေတော့လို့ ဦးပဉ္ဇင်းဆက်နေတယ်။ ဦးပဉ္ဇင်းက ထုံးစံအတိုင်း တရားထိုင်၊ ကသိုဏ်းရှု၊ ကိုယ့်အလုပ်ကိုယ်လုပ်တာပေါ့။ ဒီလို တရားထိုင်နေတုန်း အပုပ်နံ့တွေ မကြာခဏရတယ်၊ တစ်ရက်မဟုတ်ဘူး။ ဦးပဉ္ဇင်းကတော့ ဘာမှ ဂရုမစိုက်ဘူး။ ရွတ်သင့်တာရွတ်၊ လုပ်သင့်တာလုပ်တာပါပဲ၊ ကြာတော့လည်း ဒီလို မကောင်းတဲ့အနံ့တွေပျောက်ပြီး အမွှေးနံ့တွေ ရပြန်တာပါပဲ။ မွှေးတာကမှ ဘယ်လိုပြောရမှန်းမသိတဲ့ နံ့သာနံ့ပဲ။ အရင်တုန်းက ဦးပဉ္ဇင်းရေမွှေးတော်တော်များများ သုံးဖူးပါရဲ့။ လူ့ဘဝကပေါ့။ ဒါပေမယ့် ဒီလိုသုံးခဲ့ဖူးတဲ့ ပေါင်ဒါနံ့၊ ရေမွှေးနံ့တွေထက်သာတဲ့ အနံ့လို့ ဆိုရမှာပဲ။ တောထဲတောင်ထဲဆိုတာ ခု ဒကာကြီး နည်းနည်းတော့ သဘောပေါက်မှာပါ။ စိတ်ဓာတ်ရေးရာအရ ဘယ်လောက်အရေးပါတယ်၊ ခုလိုနေ့လယ်ခင်း၊ မနက်ခင်း၊ ညနေခင်းတွေမှာ သာယာသလောက် ညပိုင်းရောက်ပြီဟေ့ဆိုတာနဲ့ တုန်လှုပ်စရာဘယ်လောက်ကောင်းသလဲ။ ဒါဟာ ခဏနေတဲ့ ဒကာကြီးအဖို့နော်။ ကျုပ်တို့လို နှစ်ချီနေတယ်ဆိုရင် ဒကာကြီးတွက်ကြည့်ပေါ့။

နာနာဘာဝဆိုတာ အသာထား၊ မြွေ၊ ကင်း၊ မှက် စတဲ့ သတ္တဝါတွေရဲ့ ရန်ကလည်း မသေးဘူး ဒကာကြီးရဲ့၊ အဆိုးဆုံးက ငှက်ဖျားရောဂါပဲ။ ငှက်ဖျားဆိုတာ ရေကြောင့်လည်းမဟုတ်၊ အဓိကက ခြင်ပေါ့။ ဒီအရပ်က ခြင်က ငှက်ဖျားပိုးရှိတယ်၊ ဒါကြောင့် ဦးပဉ္ဇင်းတို့ ငှက်ဖျားမကြာခဏ ဖြစ်တာ၊ ဆရာဝန်က နေရာပြောင်းမှ ပျောက်မယ်တဲ့။ နေရာပြောင်းဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူး ဒကာကြီး"

"သိပါတယ်ဘုရား . . .။ တပည့်တော် လေးငါးရက်နေတာနဲ့တင် ဒီတောအကြောင်းကို တွေးမိပါတယ်။ တွေးမိသလို ဦးပဉ္ဇင်းတို့ကိုလည်း ရှိသေမိပါတယ်။ လေးလည်း လေးစားကြည်ညိုရပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ တောထဲမှာ တရားကျင့်ရင်း ဘုရားဖြစ်တယ်ဆိုတာ လွယ်လွယ်လေးလို့ ထင်နေကြတာ ဘုရား။ တကယ်တမ်း တောထဲ၊ တောင်ထဲဝင်ကြည့်မယ်၊ နေကြည့်မယ်ဆိုရင် တိရစ္ဆာန်တွေရဲ့ရန်၊ ရာသီဥတုရဲ့ဒဏ်၊ သဘာဝရဲ့ လှည့်စားမှု၊ ဒါတွေနဲ့တင် တောထဲကနေ ထွက်ပြေးရမှာပါပဲဘုရား။ တော်ရုံလူတွေ ဘယ်ဒီလိုနေရာမျိုး နေရဲပါ့မလဲဘုရား"

"ဒါတော့ ဒါပေါ့ ဒကာကြီး။ ကျုပ်တို့ကတော့ ဒီအန္တရာယ်တွေ ဘေးချိတ်ထားပြီး ကျင့်စရာရှိတာ ကျင့်ရမှာပါပဲ။ ဒါနဲ့ ဒကာကြီး ဒီပတ်ဝန်းကျင်ကို ဦးပဉ္ဇင်းက လိုက်ပြပါဦးမယ်။ မနက်ဖြန် နေ့ဆွမ်း



www.burmeseclassic.com

www.burmeseclassic.com

ပြီးရင်ပေါ့''

နောက်တစ်နေ့ နေ့ဆွမ်းစားပြီး သောအခါ ဦးပဥ္စင်းက ဦးဆောင်၍ အုန်း ပင်ကျေးရွာရှိ ပန်းတောင်းကျောင်း၊ ရွာ ဦးကျောင်း၊ ကျောက်ဆင်ကျောင်းများသို့ လိုက်ပြပါသည်။ လမ်းတွင် ဆီးဖြူပင်နှင့် ခါသီးပင်များ တွေ့ရပါသည်။

တောင်ခြေအောက်ရွာ ပတ်ဝန်း ကျင်ရှိ ဘုရားကျောင်းများသို့ လှေ့လာပြီး သောအခါ ရွာနှင့် သုံးမိုင်ကျော်ဝေးသော မရမ်းရေဆိပ်တောရကျောင်းသို့ ဦးပဥ္စင်း နှင့်အတူ လမ်းလျှောက်၍ သွားကြပါ သည်။ တောလမ်းတစ်လျှောက် အေးစိမ့် နေပြီး တောင်ကြား၊ တောကြားများမှ ဖြတ်သန်းသွားကြရပါသည်။ မရမ်းရေ ဆိပ်ကျောင်းသို့ ညနေစောင်းခါနီးတွင် ရောက်ရှိပါသည်။ တောရကျောင်းကလေး မှာ တောင်စောင်းပေါ်တွင် တည်ဆောက် ထားပါသည်။ ကျောင်းမရောက်မီ ဇရပ် တစ်ခုရှိပါသည်။ ထိုဇရပ်ဘေးမှ ကျောင်း သို့ တက်ရောက်ရပါသည် ကျောင်း ကလေးသည် သစ်ရိုင်းအချို့နှင့် တည် ဆောက်ထားပါသည်။ တရားထိုင်ရန်နှင့် အိပ်ရန် နှစ်ခန်းနှင့် ဇည့်ခန်းဖောင်ဖွဲ့ထား ပါသည်။ ဆွမ်းစားရန် ဝရန်တာကို အတော်အသင့် ကျယ်ဝန်းစွာ ဆောက် ထားပါသည်။

မရမ်းရေဆိပ်တောရဆရာတော် အား ကန်တော့ပြီး ကျောင်းအောက်ဇရပ် သို့ ဆင်းကာ အနားယူကြပါသည်။ ဇရပ် တွင် ခုတင်တစ်လုံးရှိပါသည်။ ခုတင်ဘေး တွင် မြေကမ်းပါးကြီးတစ်ခု ရှိပါသည်။ ခုတင်နှင့် မလှမ်းမကမ်းတွင် ကျောက်တုံး ကြီးတစ်တုံးရှိပါသည်။ ကျောက်တုံးကြီး အတွင် ဖျာသေးနှစ်ချပ်ရှိသဖြင့် လွင် မောင်က ဖျာလေးနှစ်ချပ်ကို ပူးကာ ကျောက်တုံးကြီးအား ခေါင်းတင်၍ ခေတ္တ လှဲနေပါသည်။ ဦးပဥ္စင်းကတော့ ခုတင် ပေါ်တွင် ခေတ္တမှေးနေပါသည်။ အချိန်က

ညနေ ၄ နာရီခန့် ရှိပါသည်။ နှစ်ဦးသား မှေးနေစဉ် ချွေးဟောင်သံကြားသော် လည်း လွင်မောင်သည် အမှတ်တမဲ့ပင် နေလိုက်ပြီး ကျောက်တုံးကြီးပေါ်တွင် ညာဘက်သို့စောင်း၍ လှဲနေလိုက်ပါ သည်။

ထိုသို့လှဲနေစဉ် လွင်မောင်၏ ဦးခေါင်းကို ဖြတ်ခနဲ ပုတ်သကဲ့သို့ ခံစား လိုက်ရသဖြင့် မျက်စိဖွင့်ကာ ဝိုးခနဲအသံ သွားရာဆီသို့ ကြည့်လိုက်ရာ မည်းခနဲ ဘဝတ္တဝါတစ်ကောင် ဇရပ်ဘေးမှ ချောက် ထဲသို့ ဆင်းသွားသဖြင့် သစ်ရွက်လှုပ်သံ၊ ပွတ်တိုက်သံများ ကြားလိုက်ရပါသည်။ အမှတ်မထင် ဖြစ်ရပ်ကြောင့် လွင်မောင် သည် ထိတ်လန့်စွာ မှေးနေရာမှ ထလိုက် ပြီး ''ဦးပဥ္စင်း . . . ဦးပဥ္စင်း''ဟု အော်ရင်း ခုတင်ပေါ်သို့ ပြေးတက်ပါသည်။ ဦးပဥ္စင်း သည်း လွင်မောင်၏အသံကြောင့် ဆတ် ခနဲထကာ -

''ဒကာကြီး၊ အလန့်တကြား ဘာ ဖြစ်လို့တုံး''

''ဟို . . . ဟို . . တပည့်တော်လှဲ နေတုန်း ဝိုးခနဲ တပည့်တော်ရဲ့ခေါင်းကို တစ်ခုခု ပုတ်လိုက်သလို ဖြစ်သွားလို့ လှည့်ကြည့်လိုက်တာ မည်းမည်းရှည်ရှည် ရိပ်ခနဲမြင်လိုက်ရပြီး ဟောဟိုချောက်ထဲ ကို ဆင်းသွားပါတယ်ဘုရား''

ဦးပဥ္စင်းက ထ၍ ဘေးပတ်ဝန်း ကျင်ကို လိုက်ကြည့်ရာ ခုတင်ဘေးမှ မြေ ကမ်းပါးကြီးရှိ အပေါက်များကို လက်ညှိုး ထိုး၍ -

''ဒီလို ဒကာကြီးရဲ့၊ ကျုပ်တို့ဘေး က ဟောဒီအပေါက်တွေဟာ မြွေတွင်း တွေလေ၊ မြွေက ဒဟောဟိုစမ်းချောင်း ဟောင်းထဲက အစာကိုမြင်လို့ အပြေး လိုက်ရင်း ဒကာကြီးခေါင်းကို ပွတ်တိုက် သွားတာပါ''

''ဘုရား . . . ဘုရား . . . မြွေပွတ် သွားတာ၊ ဘာမြွေများလဲ ဘုရား''

''တောကြီးမြွေဟောက်ပါ၊ ဒကာ ကြီးကို အန္တရာယ်ပြုတာမှတ်ပါဘူး၊ အစာ လိုက်တာပါ၊ စောစောက ချွေးဟောင်သံ ဟာ အဲဒီမြွေကိုတွေ့လို့ ဟောင်တာဖြစ် မယ်''

ဦးပဥ္စင်းအကျိုးအကြောင်း ရှင်းပြ တော့မှ လွင်မောင် သဘောပေါက်သွား ပါသည်။ ကံသီပေလို့၊ တောကြီးမြွေ ဟောက်ကိုက်ရင် ဆေးမမီတဲ့၊ ကံသီပေ လို့ . . .။

''ဘာပဲဖြစ်ဖြစ် တပည့်တော်တော့ တော်တော်လန့်သွားတာပဲဘုရား၊ ဒီ အောက်မှာ မအိပ်ရဲတော့ဘူး၊ ဟိုကျောင်း ပေါ်က ဝရန်တာမှာ သွားအိပ်တော့မယ် ဘုရား''

ညနေ ၆ နာရီတွင် မရမ်းရေဆိပ် ဆရာတော်နှင့်အတူ ဦးပဥ္စင်းနှင့် လွင် မောင်ပါ တရားထိုင်ကြပါသည်။ ၇ နာရီ တွင် ခေတ္တတရားဖြုတ်ပြီး ည ၈ နာရီ ခွဲတွင် တရားပြန်ထိုင်ကြပါသည်။ ဆရာ တော်သည် ယခင်က ကားမောင်းသူဖြစ် ပြီး၊ အရက်သေစာ သောက်စားမူးယစ်ခဲ့ သူ ဖြစ်ပါသည်။ ထို့နောက် အသိတရား ရကာ အသက်လေးဆယ်အရွယ်တွင် ဤမရမ်းရေဆိပ် စမ်းချောင်းကြီးဘေး ဝါးရုံများအောက်တွင် တရားထိုင်ကာ အနီးအနားတစ်ဝိုက်တွင် ဆွမ်းခံခဲ့ပါ သည်။ တစ်ပတ်ခန့် ဘာဆွမ်းမှ မရဘဲ ရေသောက်ကာ ဝါးရုံပင်အောက်တွင် တရားထိုင်ခဲ့ရာ တစ်ခါတစ်ရံ အကြော် တစ်ချပ်၊ ဆွမ်းတစ်နပ်စာမျှသာ ရသော် လည်း ရသမျှနှင့် တင်းတိမ်ကာ ဆက် လက်ကျင့်ကြံခဲ့သဖြင့် ဒကာတစ်ဦးက တစ်ပါးနေကျောင်းကလေးတစ်ခု ဆောက် လုပ်လှူဒါန်းခဲ့ကြောင်း ပြောပါသည်။

ဆရာတော်မှ လွင်မောင်အား ကြိုက်သည့်အချိန်၊ ကြိုက်သည့်နေ့တွင် လာရောက်တည်းခိုနိုင်ကြောင်း၊ ရဟန်း ဝတ်လိုက ပရိက္ခရာရှစ်ပါး လှူဒါန်းမည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း၊ မည်သူ့ကိုမဆို အချိန်အခါမရွေး လာရောက်၍ ရဟန်းဝတ်လိုကပါရမီဖြည့်ပေးမည်ဖြစ်ကြောင်း ပြောပါသည်။ လွင်မောင်သည် ထိုကျောင်းကလေးတွင်လည်း ကုဋီမှအစ သပိတ်ဆေး၊ ပန်းကန်ဆေး၊ ရေနွေးတည်၊ တံမြက်လှည်း စသည့် ကျောင်းဝေယျာဝစ္စများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ဆရာတော်အား ရန်ကုန်မှပါလာသော အမွှေးတိုင်၊ ဓာတ်ခဲနှင့် ဆေးပစ္စည်းအချို့ လှူဒါန်းပါသည်။

မရမ်းရေဆိပ်ကျောင်းမှ ပြန်ခါနီးတွင် ဦးပဥ္စင်းက –

"ကျုပ်တို့ဆီမှာ ကျောင်းတွေပေါမှ ပေါပဲ။ ရဟန်းပဲလိုတာပါ။ ဒါကြောင့် ဘုန်းကြီးက အချိန်မရွေး ရဟန်းဝတ်လိုသူကို မျှော်နေတာပေါ့"

မှန်ပါသည်။ ဦးပဥ္စင်းလိုက်ပြသော တောင်ခြေ၊ တောခြေ တစ်ဝိုက်တွင် တစ်ပါးနေ တောရကျောင်းများ အလွန်ပင် ပေါပါသည်။ အချို့ကျောင်းများသည် ရဟန်းမရှိသဖြင့် ခြနှင့် မြွေတို့၏ နေရာဖြစ်နေပါသည်။

"တကယ်လို့များ ရဟန်းဝတ်ချင်တဲ့သူရှိရင် နေ့ညမရွေး၊ အချိန်မရွေးနော် ဒကာကြီး။ ဒီမှာ တောရကိုယ်တော်တွေ ဆိုပေမယ့် အကြောင်းကြားလိုက်တာနဲ့ ရောက်လာကြတော့တာပါပဲ။ သာမန်ကိစ္စမရှိရင်တော့ ကိုယ့်ကျောင်းမှာ ကိုယ့်အလုပ် ကိုယ်လုပ်နေကြတာပါပဲ၊ သူတော်စင်ဆိုတာ ဟန်မလို၊ အချိန်မလို၊ အခါမလို၊ လိုအပ်တဲ့အချိန်မှာ ကောင်းမှုကုသိုလ်အတွက်၊ ဗုဒ္ဓတရားတော်အတွက် ကူညီဖို့ဆိုတာ အသင့်ပါပဲ။ ခု ဒကာကြီး မြန်ခါနီး ဘုန်းကြီးကို သိချင်တာရှိရင်လည်း မေးနိုင်ပါတယ်။ ဘုန်းကြီးသိသလောက် ဖြေပါ့မယ်"ဟု မိန့်သဖြင့် လွင်မောင်က ပဋ္ဌာန်းအကြောင်း ရှင်းပြရန် လျှောက်သဖြင့် ဆရာတော်က –

"ဒကာကြီး သဘောပေါက်အောင် တိုတိုရှင်းရှင်းဖြေရရင် ပဋ္ဌာန်းဆိုတာ ပဋ္ဌာနအကြောင်း၊ ခိုင်မာတဲ့အကြောင်း၊ ပဋ္ဌာန်းသည် ဂေါတမဗုဒ္ဓဘုရားရှင် ဟောကြားသော အဘိဓမ္မာ ခုနစ်ကျမ်းထဲက နောက်ဆုံးအဘိဓမ္မာကျမ်းကို 'ပဋ္ဌာန်းကျမ်း'လို့ ခေါ်ပါတယ်။ အဲဒီနောက်ဆုံးကျမ်းတစ်ကျမ်းလုံး ပဓာနအကြောင်းနဲ့ ပဓာနအကြောင်းကြောင့်ဖြစ်တဲ့ ပဓာနအကျိုး(ဝါ)ကေန္တအကျိုးကိုသာ ဆက်စပ်ပြီး ဟောတဲ့ကျမ်းပါပဲ။ အကြောင်းအကျိုးပြတဲ့ကျမ်းလို့ ဆိုပါတယ်။

အကြောင်းပိုင်း အရင်းခံကျတဲ့ ပဋ္ဌာန်းကျမ်းဟာ အကြောင်းနဲ့အကျိုးကို ဟောပါတယ်။ ထိုနှစ်မျိုးဆက်စပ်ပုံကိုလည်း ဟောပါတယ်။ သတ္တလောက၊ ဩကာသလောက၊ လောကကြီးနှစ်ခုရဲ့ ဖြစ်ပျက်ပြုပြင်တဲ့ သဘာဝကြီးသုံးပါးကို အခြေခံပြီးဟောပါတယ်။ ဘယ်လိုဟောသလဲဆိုတော့ နည်းမျိုးစုံနဲ့ ဟောပါတယ်၊ ရေတွက်၍မရလောက်သောနည်းနဲ့ ဟောပါတယ်၊ သဗ္ဗညုတဉာဏ်ကွန့်ပြီး တအံ့တဩဟောကြားပါတယ်။ ဩကာသလောကဟာ ကမ္ဘာကြီးဖြစ်တယ်။ ထိုလောကကြီးကို ရိုးရိုးလူတွေက တိုက်များ၊ သမုဒ္ဒရာများ၊ တောင်များ၊ သဲကန္တာရများ၊ ကြယ်များ၊ လများလို့ပဲ သိကြပါတယ်။

ဗုဒ္ဓဘာသာဝင်များကတော့ အထက်ပါ အရာဝတ္ထုပစ္စည်းတွေအပြင် လူ့မျက်စိနဲ့ မမြင်ရပေမယ့် တကယ်ရှိတဲ့ ပြိတ္တာကမ္ဘာ၊ ငရဲကမ္ဘာ၊ အသူရကာယ်ကမ္ဘာကို မြင်ရတယ်။

ဒါ့အပြင် နတ်ကမ္ဘာ ခြောက်ကမ္ဘာ၊ ရုပ်နာမ်စုံ ဗြဟ္မာကမ္ဘာ ၁၆ ကမ္ဘာ၊ ရုပ်ဗြဟ္မာကမ္ဘာ တစ်ကမ္ဘာ၊ နာမ်ဗြဟ္မာကမ္ဘာ လေးကမ္ဘာ စတဲ့ ကမ္ဘာတွေကိုလည်း တွေ့ရတယ်။ ဒါကြောင့် ကျုပ်တို့ ဗုဒ္ဓဘာသာတွေသိတဲ့ ကမ္ဘာဟာ ၃၁ ကမ္ဘာရှိတယ်။ ပဋ္ဌာန်းကျမ်းဟာ အဲဒီ ၃၁ က[...] ကို ဩကာသလောကလို့ ဆိုပါတယ[...] ဩကာသလောကနဲ့ ပတ်သက်လာ[...] ၃၁ ကမ္ဘာကို အခြေခံဟောကြားတယ[...]

သတ္တလောကကိုလည်း ဗုဒ္ဓဘာ[...] သာဝင်တွေရဲ့အမြင်က သိပ်ကျယ်[...] တယ်၊ သိပ္ပံမှန်ပြောင်းထက် ကျော်လွ[...] ပြီးတော့ကို မြင်ပါတယ်။ ဒါကြောင့် လူ[...] တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ [...] နတ်၊ ဗြဟ္မာဆိုတဲ့ သတ္တဝါခုနစ်မျိုး[...] အခြေခံပြီး ဟောကြားပါတယ်။

ဩကာသလောကကမ္ဘာကြီး[...] သတ္တလောက သတ္တဝါများ ဖြစ်ပျက်[...] ပြင်နေတဲ့ ရုပ်နာမ်သဘာဝနယ်ကြီး[...] သင်္ခါရလောကလို့ ခေါ်ထားတယ်၊ အလွ[...] ပဲ နက်နဲသိမ်မွေ့တဲ့ လောကဖြစ်ပါတယ[...] ပဋ္ဌာန်းက ဒီလောကကြီးကို အခြေခံပြီ[...] ဟောပါတယ်။ နောက်လောကကြီးသုံး[...] ကို လွန်မြောက်သွားတဲ့ လောကုတ္တရာ[...] နယ်ကြီး(လောကကို လွန်မြောက်သွား[...] ခြင်းကို လောကုတ္တရာ) အဲဒီလောကုတ္တ[...] ရာမှ အထက်န်းစားသဘောတရားမျာ[...] ရှိပါတယ်။ ပဋ္ဌာန်းဒေသနာတော်ကြီး[...] ထိုလောကုတ္တရာသဘောတွေကို ဟော[...] တယ်။

ဒါကြောင့် ပဋ္ဌာန်းကိုလေ့လာမယ[...] ဆိုရင် လောကကြီးသုံးပါးနဲ့ လောကုတ္တ[...] ရာကို ကြိုတင်ပြီး သိမြင်လာအောင[...] အာရုံတည်ဖို့ လိုပါတယ် ဒကာကြီး။ မှ[...] ရဲ့လား မသိဘူး"

"သိပ်တော့ မရှင်းပါဘူးဘုရာ[...] တပည့်တော်က ဘာသာရေးမှာ အ[...] နည်းပါသေးတယ်ဘုရား"

"ဒီလိုပါပဲ ဒကာကြီး။ ဘယ်သူ[...] ချက်ချင်းသဘောပေါက်နိုင်မှာ မဟုတ်ပါဘူ[...] တဖြည်းဖြည်းချင်း တစ်လုံးစ နှစ်လုံးစ[...] နေပြီး အဘိဓမ္မာကိုလေ့လာရင် သဘော[...] ပေါက်လာမှာပါ။ ဒါနဲ့ ဒကာကြီး [...] ပစ္စည်း ပဋ္ဌာန်းဒေသနာတော်ရဲ့ အ[...]



www.burmeseclassic.com

www.burmeseclassic.com

ကောက်အနက်အဓိပ္ပာယ်ကိုရော နားလည်ရဲ့လား''

''ဟောတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော ...ဆိုတဲ့ ပဋ္ဌာန်းအတိုခေါက်ရဲ့ အဓိပ္ပာယ်လား ဘုရား။ တပည့်တော်တို့ နေ့တိုင်းရွတ်နေပေမယ့် အနက်အဓိပ္ပာယ်ကိုတော့ မသိပါဘူးဘုရား''

''ဟုတ်ပြီ။အဲ အဲဒါကို ဦးပဥ္စင်းပေးချင်တာပါ။ ဒကာကြီးရော၊ ဒကာကြီးရဲ့ မိတ်ဆွေအပေါင်းအသင်းတွေရော ပဋ္ဌာန်းတို့ရွတ်ရင်း အနက်အဓိပ္ပာယ်ကိုပါ နားလည်တော့ ပိုပြီးကောင်းတာပေါ့။ ဟောဒီမှာ စာရွက်နဲ့ ဘောလ်ပင်၊ ဒကာကြီးလိုက်ရေး။ နောင်ပဋ္ဌာန်းရွတ်တဲ့အခါ အဓိပ္ပာယ်ကိုပါ တစ်ဆက်တည်း ရွတ်ပေတော့''

ဦးပဥ္စင်းမှ နှုတ်တိုက်ရွတ်ဆိုပြ၍ လွင်မောင်က လိုက်၍ရေးမှတ်လေ၏။

၁။ ဟေတုပစ္စယော – အကုသိုလ်ကင်း၍ ကုသိုလ်နှင့် ယှဉ်တွဲရပါစေသား။

၂။ အရမ္မရပစ္စယော – မျက်စိနှင့်နားသည် နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါစေသား။

၃။ အဓိပတိပစ္စယော – ရုပ်နာမ်နှစ်ပါးကို စောင့်ရှောက်ထိန်းသိမ်းရပါစေသား။

၄။ အနန္တရပစ္စယော – များပြားလှစွာသော ကုသိုလ်ရေးများကို မျက်မှောက်ပြုရပါစေသား။

၅။ သမနန္တရပစ္စယော – ရုပ်နှင့်နာမ်အတူရှိသော တရားတို့ကို မျက်မှောက်ပြုရပါစေသား။

၆။ သဟဇာတပစ္စယော – ရုပ်ရုပ်ချင်း၊ နာမ် နာမ်ချင်း ထင်ရှားစွာသိရပါစေသား။

၇။ အညမညပစ္စယော – ရုပ်မှနာမ်သို့ နာမ်မှရုပ်သို့ မပြောင်းလဲ၍ သိရပါစေသား။

၈။ နိဿယပစ္စယော – ရုပ်နာမ်နှစ်ပါးတို့၏ တည်ရာကို သိရပါစေသား။

၉။ ဥပနိဿယပစ္စယော – ရတနာသုံးပါးကို ဦးထိပ်ထားရပါစေသား။

၁၀။ ပုရေဇာတပစ္စယော – ရှေ့ကဖြစ်သော အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား။

၁၁။ ပစ္ဆာဇာတပစ္စယော – နောက်၌ဖြစ်သော အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား။

၁၂။ အာသေဝနပစ္စယော – လိုရာဆန္ဒမရှိအောင် ပြည့်စုံရပါစေသား။

၁၃။ ကမ္မပစ္စယော – ကံသုံးပါး ထိန်းသိမ်းရပါစေသား။

၁၄။ ဝိပါကပစ္စယော – ဝဋ်ကြွေး သုံးသွယ်ကို ပယ်ဖျက်ရပါစေသား။

၁၅။ အာဟာရပစ္စယော – လိုရာကို ပြည့်စုံစွာ ထောက်ပံ့နိုင်ကြပါစေသား။

၁၆။ ဣန္ဒြိယပစ္စယော – ရုပ်နာမ်ကို ထိန်းသိမ်းတတ်သော ပညာနှင့် ပြည့်စုံရပါစေသား။

၁၇။ ဈာနပစ္စယော – သူတော်ကောင်းတရား ခုနစ်ပါး၊ ဉာဏ်စဉ် ငါးပါးတို့နှင့် ပြည့်စုံရပါစေသား။

၁၈။ မဂ္ဂပစ္စယော – ဘာဝနာနှစ်ပါးအပေါင်းကို အာရုံပြု၍ အထွတ်အထိပ်ပညာကို ရပါစေသား။

၁၉။ သမ္ပယုတ္တပစ္စယော – သူတော်ကောင်းတို့နှင့် ပေါင်း၍ ခုနစ်ဖြာသော တရားနှင့် ယှဉ်တွဲရပါစေသား။

၂၀။ ဝိပ္ပယုတ္တပစ္စယော – သူယုတ်နှင့် ဝေး၍ အကုသိုလ်ကို ကင်းရှင်းရပါစေသား။

၂၁။ အတ္ထိပစ္စယော – သမုတိနယ်၏ အသိကို ဟုတ်မှန်စွာ သိရပါစေသား။

၂၂။ နတ္ထိပစ္စယော – ပရမတ္ထမရှိ တရား၏အသိကို မျက်မှောက်ပြုရပါစေသား။

၂၃။ ဝိဂတပစ္စယော – ရှေ့ဦးပွင့်ကုန်ပြီးသော ဘုရားတို့ကို ရှိခိုးရပါစေသား။

၂၄။ အဝိဂတပစ္စယောတိ – ပွင့်လတ္တံ့သော ဘုရားတို့ကို ရှိခိုးရပါစေသား။

''ကျေးဇူးတင်လှပါတယ် ဘုရား။ တပည့်တော်တို့က ၂၄ ပစ္စည်း ပဋ္ဌာန်းကို ရွတ်သာရွတ်နေကြပေမယ့် အဓိပ္ပာယ်ကို လုံးဝမသိပါဘူးဘုရား။ ခု အရှင်ဘုရား ရှင်းပြတော့မှပဲ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းသိရပါတယ်ဘုရား။ တကယ့်ကို ဝမ်းသာမိပါတယ်''

လွင်မောင်နှင့် ဦးပဥ္စင်းတို့သည် မရမ်းရေဆိပ်ဆရာတော်အား ဦးသုံးကြိမ်ချ၍ ကန်တော့ကာ အုန်းတပင်ရွာရှိ လိုင်ထောင်တောရကျောင်းသို့ ခြေလျင်ပြန်ခဲ့ကြလေသည်။ လွင်မောင်သည် လိုင်ထောင်တောရကျောင်းတွင် နှစ်ရက်ခန့် ဦးပဥ္စင်းတို့၏ ဝေယျာဝစ္စများကို ဆောင်ရွက်ခဲ့ပါသည်။ နောက်တစ်နေ့ ပြန်မည့်နေ့တွင် နံနက်စောစောထ၍ ဦးပဥ္စင်းနှစ်ပါးအား အရဟ်ဆွမ်းကပ်ပြီး ဦးချနှုတ်ဆက်ကာ နတ်ကြီးချောင်ကျေးရွာ ကားဂိတ်သို့ ထော်လာဂျီကြုံဖြင့် လိုက်ပါခဲ့ပါသည်။ နံနက် ၇ နာရီခွဲတွင် မှတ္တမ–ရန်ကုန် ဟိုင်းလပ်ဖြင့် နတ်ကြီးချောင်ကားဂိတ်မှ ရန်ကုန်သို့ ပြန်ခဲ့ပါသည်။

အပြန်လမ်းတွင်တွေ့ရသော တောတောင်လျှိုမြောင်ကြီးများကို မြင်ရသဖြင့် တောရကိုယ်တော်တို့၏ တရားအားထုတ်ပုံ၊ သီလပြည့်ဝပုံ၊ တင်းတိမ်ရောင့်ရဲပုံတို့ကို အမှတ်ရရင်း သူတော်စင်များရှိရာသို့ မှန်းကာ ဦးချကန်တော့ရင်း ...။

မောင်တော်ထိန်

www.burmeseclassic.com


# ဆရာမကြီး ဒေါ်ခင်မာဝေ

## (ဆန်းပညာနှင့် ဂေဟပီရေမ့ဆောင်နက္ခတ်ပညာရှင်)

## လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

လောကီကိစ္စအဖြာဖြာနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ လာရောက်နိုင်ပါတယ်။ ဗေဒင်မေးတယ်ဆိုတာထက် အခက်အခဲတွေကို တိုင်ပင်ဆွေးနွေး နိုင်တဲ့ လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လို့ဆိုရင် ပိုမှန်ပါတယ်။ ဘာသာရေးနဲ့မဆိုင်တဲ့ လောကီကိစ္စတွေမှာ လူမျိုးမရွေး၊ ဘာသာမရွေး လူမှန်သမျှ ကြုံရတာပါပဲ။ ဘယ်လို ဖြေရှင်းရင် အဆင်ပြေနိုင်မလဲဆိုတာ ဆရာမနဲ့ တိုင်ပင်ကြည့်ရင် ပိုကောင်းပါတယ်။ ယတြာချေတယ်ဆိုတာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခြင်းလို့ပြောရင် ပိုမှန်ပါတယ်။

လူ့လောကမှာ လူတိုင်းမကင်းနိုင်တဲ့ ပြဿနာတွေရှိပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ လူ့လောကရဲ့ နေ့စဉ်ကြုံရတဲ့ အဖြစ်အပျက် တွေပါပဲ။ ခလုတ်ထိမှ အမိတနေမယ့်အစား ဘာမှမဖြစ်ခင်မှာ 'ကံ'တွေကို ကြိုတင်စစ်ပြီး ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပါပဲ။

ဆရာဟာ အမြဲတမ်း ကိုယ့်အနားမှာ မရှိနိုင်ပါဘူး။ ကိုယ့်အနားမှာ ကိုယ်သာအမြဲ ရှိတာပါ။ ဒါကြောင့် ဆရာကိုအားကိုးမယ့်အစား ကိုယ်တိုင်ပညာတတ်ထားရင် ပိုကောင်း တာပေါ့။ လူတိုင်းသိထားရင် ရှောင်စရာကို ရှောင်နိုင်မယ်။ ဆောင်စရာကို ဆောင်နိုင် မယ်။ ဒါဆို လောကမှာနေရတာ အဆင်ပြေလာမှာ အသေအချာပါပဲ။ ပညာသင်ဖို့ စိတ်ဝင်စားရင် လာခဲ့ပါ။ လုံးဝတတ်မြောက်သည့်တိုင် သင်ကြားပေးနိုင်ပါတယ်။

**အခန်း(၄)၊ အမှတ်(၄၉/၅၀)၊ မိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၇၃၁၂၇၈၂၆**


www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ထဲက မေတ္တာရှင်

မာလာရုံ

၁၉၉၀ လောက်က မန္တလေးမြို့ နယူးစီဗီလိုင်း အရာရှိရိပ်သာတွင်နေသော အဒေါ်တစ်ယောက်ထံ ကျွန်မအလည်ရောက်ရှိနေပါသည်။ တစ်နေ့တွင် အဒေါ်က "တို့ နေကြာတိုက်မှာ ဘုန်းကြီးတစ်ပါး သွားဖူးရအောင်။ ပရိတ်ရေဆူတဲ့ ဘုန်းကြီးလို့ပြောတယ်"ဟု ဆိုလာပါသည်။ နေကြာတိုက်ဆိုသည်မှာ မန္တလေးသားများ အသိများသည့် တိုက်တစ်တိုက်ဖြစ်ပါသည်။ မည်သည့်နေရာမှာ ရှိသည်ဟုတော့ ကျွန်မမမှတ်မိတော့ပါ။ ထိုအချိန်က ကျွန်မအသက် ၂၂ နှစ်ခန့်သာရှိပါသေးသည်။

သို့နှင့် ကျွန်မတို့အုပ်စုသည် ပရိတ်ရေထည့်ရန် တစ်ယောက် ပုလင်းတစ်လုံးစီ ယူဆောင်၍ လှူဖွယ်ရာပစ္စည်းများနှင့်အတူ ဘုန်းကြီးကို ဖူးမြော်ဖို့ ထွက်လာခဲ့ပါသည်။ ထိုစဉ်က ဘုန်းကြီး၏ ဘွဲ့အမည်ကို မသိရသေးပါ။ တိုက်ရှေ့သို့ ရောက်သောအခါ ကားများစွာ တန်းစီရပ်ထား၍ တိုက်ထဲတွင် ရေပုလင်းကိုယ်စီကိုင်ထားသော လူတော်တော်များများကို တွေ့ရပါသည်။ ကျွန်မတို့လည်း ထိုလူစုနှင့် ရောနှော၍ တိုက်အပေါ်ထပ် ဘုရားခန်းရှိရာသို့ တက်ခဲ့ပါသည်။

ဘုရားခန်းထဲတွင် ပန်း၊ သစ်သီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်များစွာတို့နှင့် ပူဇော်ထားသော ကြည်ညိုစဖွယ် [illegible]ယ်လှသည့် ဘုရားဆင်းတုတော်ကြီးရှေ့တွင် ဦးခေါင်း [illegible]လုံးလုံး၊ မျက်နှာတော်ဝိုင်းဝိုင်းပြည့်ပြည့်၊ နားရွက်ချွန် [illegible]ည်ရှည်ဖြင့် အစဉ်ထာဝရ ပြုံးယောင်သန်းနေသည့် သင်္ကန်းတော်တစ်စုံနှင့် ကိုယ်ဟန်ပြည့်ပြည့် ဘုန်းတော်ကြီး [illegible]ကို ဖူးတွေ့လိုက်ရပါသည်။

ကျွန်မတို့လည်း ပါလာသည့် လှူဖွယ်ပစ္စည်းတို့ကို [illegible]ရေပုလင်းနှင့်တကွ ဘုန်းဘုန်းကြီးရှေ့တွင် ကပ်လှူလိုက်ပြီး ဦးချကန်တော့လိုက်ပါသည်။ ဘုန်းဘုန်းကြီးက ပရိသတ်အားလုံးကို မေတ္တာရိပ်လွှမ်းနေသော မျက်လုံးအစုံဖြင့် ဝေ့ဝဲကြည့်ပြီး ငါးပါးသီလ အရင်ပေးပါသည်။ ပြီးနောက် ပရိတ်တရားတော်များကို သာယာကြည်လင်သောအသံတော်ဖြင့် ဟောကြားတော်မူပါသည်။ ကျွန်မတို့လည်း ငြိမ်သက်စွာဖြင့် ပရိတ်တရားတော်များကို နာကြားကြပါသည်။

ထိုစဉ်ခဏ ဘုန်းဘုန်းကြီးသည် သူ့ရှေ့တွင် တန်းစီချထားသော ရေပုလင်းများစွာထဲမှ ပုလင်းတစ်လုံးကို လက်ညှိုးညွှန်၍ ဒီပုလင်းထဲမှာ ပရိတ်ရေတွေ ပွက်နေပြီ။ ဒါဘယ်သူ့ပုလင်းလဲဟုမေးတော်မူပါသည်။ ရေပုလင်းတိုင်းတွင် မိမိနာမည်ကို ရေးထားပါသည်။ ဘုန်းဘုန်းကြီး၏ အမေးအဆုံးတွင် လူအားလုံး၏မျက်လုံးများသည် ဘုန်းဘုန်းကြီး လက်ညှိုးညွှန်ရာ ပုလင်းဆီသို့ အလုအယက်ကြည့်လိုက်ကြပါသည်။

အို・・・ဝမ်းသာလိုက်တာ။

ဖော်ပြ၍မရနိုင်သော ကြည်နူးမှုများစွာဖြင့် ဘုန်းဘုန်းကြီးညွှန်ပြသော ပုလင်းကိုကြည့်လိုက်တော့ ကျွန်မနာမည်ရေးထားသည့် ရေပုလင်းပင် ဖြစ်ပါတော့သည်။ ကျွန်မသည် တုန်ယင်သော လေသံဖြင့် တပည့်တော် ရေပုလင်းပါဘုရားဟု ကပျာကယာ လျှောက်လိုက်မိပါသည်။ ထိုစဉ် တခြားရေပုလင်းများစွာတို့မှာလည်း ရေပလုံစီလေးများသည် အောက်ခြေမှ အပေါ်သို့ ဖြည်းညင်းစွာ တက်လာ၍ ဆူပွက်လာပါတော့သည်။ တချို့ ရေပုလင်းများမှာ အပြင်သို့ပင် လျှံကျလာပါတော့သည်။

ရေပုလင်းများစွာထဲမှ ကျွန်မရေပုလင်း အဦးဆုံးထပွက်သည်ကို အသိအမှတ်ပြု လက်ညှိုးညွှန်ပြတော်မူသည့် ဘုန်းဘုန်းကြီးကို ပီတိလွှမ်းသည့် မျက်ရည်တစ်စဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်လုံစွာ ဦးချကန်တော့လိုက်ပါတော့သည်။ ကြင်နာခွေး ထွေးစွာဖြင့် ပြုံးပြီးကြည့်နေသော ဘုန်းဘုန်းကြီးကို ကျွန်မ တစ်သက်တွင် ဘယ်တော့မှ မမေ့တော့ပါ။

ထိုဘုန်းဘုန်းကြီးသည်ကား နောင်အခါတွင် မြန်မာ သာမက ကမ္ဘာကပါ အသိအမှတ်ပြု ထင်ရှားကျော်ကြားလာ မည့် ရေဆူဆရာတော်ဟု ခေါ်ဆိုကြသော "တောင်တန်း သာသနာပြုဆရာတော် ဦးဥတ္တမသာရ" ဘုန်းဘုန်းကြီးပင် ဖြစ်ပါတော့သည်။

ထိုအချိန်မှစ၍ ကျွန်မဘဝတွင် ကိုးကွယ်အားထား ရာ ပုဂ္ဂိုလ်ကြီးတစ်ပါး တိုးလာသော်လည်း ဘုန်းဘုန်းကြီး၏ ပုံတော်ကိုမူ မပူဇော်ဖြစ်သေးပေ။ အိမ်ထောင်ကျခါစ အသက် ၂၂ နှစ်မှစ၍ ဘဝဇာတ်ခုံပေါ်တွင် ငိုလိုက်၊ ရယ်လိုက် အမျိုးမျိုး ကပြအသုံးတော်ခံရင်း ယခု အသက် ၄၀ ကျော် အရွယ် ရောက်သည်အထိ ဘုန်းဘုန်းကြီးကို တစ်ကြိမ်တစ်ခါ သာ ဖူးမြော်ဖြစ်ခဲ့ပြီး ပျံလွန်တော်မူသာသွားသည် နောက် တစ်ကြိမ် ဖူးမြော်ခွင့်မကြုံတော့ပါ။ ဝန်ခံရမည်ဆိုပါလျှင် တစ်ခါတစ်ရံ ဘုန်းဘုန်းကြီး၏ ပရိတ်တရားတော်များကို အမှတ်တမဲ့ နာယူမိသည်မှလွဲ၍ နေ့ရက်များကို ကျော်လွှား ဖြတ်သန်းခဲ့ပါသည်။ အာရုံမထားမိတော့ပါ။

သို့သော် ဘုန်းဘုန်းကြီးကို တစ်သက်လုံး အာရုံထား ပူဇော်ဖြစ်မည့် အလှည့်အပြောင်းတစ်ခု ပေါ်လာပါပြီ။ ၃.၉. ၂၀၀၇ တွင် ဆုံးပါးသွားသော ကျွန်မဖခင်ကြောင့် ဖြစ်ပါသည်။

ကျွန်မအဖေ ဆုံးပါးသွားသောအခါ အစားထိုးမရ သည့် ဆုံးရှုံးမှုတစ်ခုအဖြစ် ကြေကွဲဝမ်းနည်းမှုကို မဖြေ ဖျောက်နိုင်ဘဲ အရူးတစ်ယောက်သဖွယ် မအိပ်နိုင်၊ မစားနိုင် ဖြစ်ခဲ့ရပါသည်။ ထိုကာလ၏ ညတစ်ညတွင် အိပ်မက်တစ်ခု ကျွန်မ မက်ပါသည်။ ထိုအိပ်မက်မှာ ဖခင်ကြီးက ဆေးရုံ တစ်ခုတွင် ဆေးကုသမှု ခံယူနေပါသည်။ ကျွန်မတို့ကလည်း ဖခင်ကြီးနားတွင် ပြုစုနေပါသည်။

ထိုစဉ် ဖခင်ကြီးထားရှိရာ အခန်းပေါက်ဝတွင် တောက်ပနေသော အလင်းရောင်များနှင့်အတူ ဘုန်းကြီးတစ် ပါးကို ဖူးတွေ့လိုက်ရပါသည်။ ထိုဘုန်းကြီးသည် တစ်လှမ်း ချင်းလျှောက်လှမ်းလာပြီး ဖခင်ကြီးခုတင်အနီးတွင် ရပ်တော် မူပါသည်။ ပြီးနောက် ဖခင်နဖူးပေါ်သို့ ညာလက်ကို အသာတင် ကာ ပြုံး၍ကြည့်နေပါသည်။ ဖခင်ကလည်း ပက်လက်အနေ အထားဖြင့် လက်အုပ်ပြန်ချီနေပါသည်။

ထို့နောက် ခုတင်ပေါ်မှထကာ ရှေ့မှ ပြန်ကြွသွား သည့် ထိုဘုန်းကြီးနောက်သို့ လက်အုပ်ချီလျက် လိုက်ပါသွား သည်ကို အိပ်မက်ထဲတွင် ထင်ထင်ရှားရှား တွေ့လိုက်ရပါ သည်။ ထိုအခါကျမှပင် လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်က မန္တလေးမှာ ကျွန်မဖူးမြင်ခဲ့ရသော မေတ္တာအပြုံးပိုင်ရှင် တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးဟု သိလိုက် ရပါတော့သည်။ ကျွန်မသည် အံ့ဩစွာဖြင့် လက်အုပ်ချီလျက် ဘုန်းဘုန်းနှင့် ဖခင်တို့ သွားရာတစ်လျှောက်ကို ငေးကြည့်နေ ရင်း အိပ်မက်မှ လန့်နိုးလာပါတော့သည်။

ကျွန်မ အိပ်ရာမှ လူးလဲထပြီး ဘုရားကျောင်းဆောင် ရှေ့တွင် ဘုန်းဘုန်းကြီး၏ ပုံတော်ကို ရည်မှန်းပြီး "အရှင် ဘုရား··· တပည့်တော်၏ ဖခင်ကြီးကို မြင့်မြတ်ရာဘုံဝမှာ စောင့်ရှောက်ပေးတော်မူပါဘုရား" ဟု အကြိမ်ကြိမ်ဆုတောင်း မိပါတော့သည်။ ထိုနေ့မှစ၍ ကျွန်မ၏ ဖခင်ကြီးသည် ဘုန်းဘုန်းကြီးနှင့်အတူ မြင့်မြတ်အေးချမ်းသည့် ဘုံဘဝတွင် ရှိနေမည်ဟု ယုံကြည်ပြီး တတ်နိုင်သမျှ သောကများကို ဖြေ ဖျောက်ပြီး ဖေဖေဆုံးပါးသွားသည့် လစဉ် အင်္ဂလိပ်လဆန်း ၃ ရက်နေ့တိုင်းတွင် ဘုန်းဘုန်းကြီးနှင့် ဖေဖေ့ကို ရည်စူး၍ ကျွန်မတို့အိမ်နှင့် မနီးမဝေးမှာရှိသော ပရိယတ္တိမဂ္ဂဇာသင် ကျောင်းတိုက်ကြီးသို့ အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ သည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

ဘုန်းဘုန်းကြီး၏ ပုံတော်ကိုလည်း ဝယ်ယူပူဇော်ခဲ့ ပါသည်။ ပန်း၊ ရေချမ်း၊ ဆီမီး မပြတ်ကပ်လှူပါသည်။ အလှူ တစ်ခုပြုလုပ်ပြီးတိုင်းလည်း မေတ္တာပို့အမျှအတန်းဝေပါသည်။ ပရိတ်တရာတော်များကိုလည်း အမြဲနာယူခဲ့ပါသည်။

ဤသည်မှာ ကျွန်မဘဝတွင် နှစ်ပေါင်း ၂၀ ကျော် မေ့သလောက်ရှိနေသည့် ပုဂ္ဂိုလ်ထူးကြီးက ကျွန်မကို ဘာသာ ရေးနယ်ထဲသို့ ပို၍စိတ်ဝင်စား ကျင့်ကြံအားထုတ်နိုင်စေ အိပ်မက်ထဲမှ မေတ္တာဖြင့် တိုက်တွန်းနှိုးဆော်လိုက်ခြင်းပင် ဖြစ်သည်ဟု ကျွန်မ ယုံကြည်မိပါသည်။

မာလာ



www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်ကွန်ဗွ ကို ပရမတ်ဖြင့် ရှုမှတ်ခြင်း(၄၄)

■ မဟာထွန်း

ယခုအခါ စိတ်ဝိညာဉ် ခန္ဓာ အခန်းကဏ္ဍကို ရောက်ရှိ၍လာ၏။ ရုပ်ပရမတ်၊ နာမ်ပရမတ်ဟူ၍ နှစ်မျိုးရှိရာတွင် တရားရှုမှတ်ရာ၌ ရုပ်တရားက နာမ်တရားထက် ပို၍ အရှု၊ အမှတ်ရ လွယ်သည့်အကြောင်းကို တရားလိုက်စားကြဖူးသော ဓမ္မယောဂီအားလုံးတို့သည်ပင် သိရှိပြီးဖြစ်မည်ဟု ယူဆမိပေ၏။

အရှင်းဆုံးစကားနှင့် ပြောရလျှင် ရုပ်ဓာတ်သည် မာပြီး၊ နာမ်ဓာတ်သည် နု၏။ မာသောဓာတ်နှင့် နုသော ဓာတ် နှစ်မျိုးကို စမ်းသပ်ရှုမှတ်ရာတွင် ထင်ရှားသော အမာဓာတ်ကိုသာ လျင်စွာ ရရှိတတ်သည်၊ ထို့ကြောင့် မာသော ရုပ်ဓာတ်ကို စရှုခြင်းဖြင့် သက်သာသည်ဟုလည်း ဆိုရ၏။ လျင်မြန်ပြီး သက်သာလွယ်ကူသောအရာသည် စတင်သူများအတွက် အကျိုးဖြစ်ထွန်းခြင်းကို သာ၍ပင် လွယ်ကူစေသည်။

ထို့ကြောင့် တရား၏သဘောတွင်လည်း လွယ်ကူသော အရာမှသာလျှင် စတင်ကြရသည်။ လွယ်ကူသော



www.burmeseclassic.com

www.burmeseclassic.com

အရာကို သိ/တတ် နားလည်လျှင် တစ်ဆင့်ပြီးတစ်ဆင့် တက်သွားခြင်းဖြင့် အခက်ကိုရောက်သောအခါ ခက်မှန်းကို မသိတော့ဘဲ သက်သာလွယ်ကူစွာဖြင့်ပင် ပြီးမြောက်နိုင်၏။ သို့တည်းမဟုတ် ကျော်ဖြတ်နိုင်လေ၏။

ဤသည်ကို ကောင်းစွာသဘောပေါက် နားလည်ထားရန်လို၏။ အလွယ်နှင့်အခက်ကို ကောင်းစွာနားလည်ပြီး သဘောပေါက်ထားလျှင် တကယ် လက်တွေ့ကျကျ ရှုမှတ်ပွားများရသောအခါ အခက်အခဲစသည်များကို သက်သာစွာဖြင့်ပင် ပေါက်ရောက်နိုင်လေသည်။

တချို့သည်ကား ခက်ခဲပင်ပန်းစွာဖြင့် လုပ်ကိုင်ကျော်ဖြတ်ရသည်ကိုသာ နှစ်သက်သဘောကျပြီး သက်သာလွယ်ကူသောနည်းကို သဘောမကျ၊ အထင်လည်း မကြီးရှိတတ်သည်။ ဤသည်ကို မှားယွင်းသော အယူအဆဟူ၍ ဆိုချင်သည်။ ဤအယူအဆသည် ငါတို့တရားသဘောနယ်ပယ်တွင် သာ၍များတတ်သည်ကို တွေ့ရသည်။

တရားတော်ကို နာယူမှတ်သား၍ ရရှိသည်နှင့် အရိုးကြေကြေ အရေခန်းခန်း အသက်ကို ပဓာနမထားဘဲ ကြိုးပမ်းအားထုတ်၍ ရရှိခြင်း စသည်နှစ်မျိုးတွင် နာယူမှတ်သား၍ရရှိသော ယောဂီပုဂ္ဂိုလ်များကို သိပ်ပြီး အထင်မကြီးတတ်ဘဲ ဆိုခဲ့သည့်အတိုင်း အရိုးအကြေ၊ အရေခန်းခန်း အသက်ကို ပဓာနမထားဘဲ ကြိုးပမ်းအားထုတ်၍ရရှိသော ယောဂီပုဂ္ဂိုလ်များကိုသာ အားကျကြ၏။ အတုယူကြ၏။

စင်စစ်တွင် သက်သာလွယ်ကူသော နည်းကိုသာ အဓိကထားပြီး လေ့လာလိုက်စားသင့်၏။ အတုလည်း ယူသင့်၏။ ဆိုခဲ့သည့်နှစ်မျိုးလုံးမှာ တရားရပုံချင်း တူသော်လည်း လျင်မြန်လွယ်ကူသောနည်းသည်သာ သတ္တုဝါတိုင်းနှင့် လျော်၏။ သတ္တဝါတိုင်းနှင့် လျော်သောကြောင့်လည်း တရားတော်ကို နာယူမှတ်သားကြသော ယောဂီများကသာ အကျွတ်အလွတ်တွင် ပို၍များလေ၏။

နာကြားမှတ်သားရုံဖြင့် လိုရာကိစ္စမပြီးသည်ကား အရိုးကြေကြေ၊ အရေခန်းခန်း မန္တဲ့စတမ်း ကြိုးစားပွားများ အားထုတ်ကြရမည်မှာ အမှန်ပင် ဖြစ်လေ၏။ ဤစာရေးသူသည်လည်း စစ္စပထမက အရိုးကြေကြေ အရေခန်း နည်းလမ်းတစ်ခုတည်းကိုသာ ရွေးခဲ့ဖူး၏။ တရားပါးမဝမီက ဖြစ်၏။ ထို့နောက် စဉ်းစား၏။

စာလည်းဖတ်၏။ အသိအတတ်ပြည့်စုံသော ရဟန်းပညာရှိ၊ လူပညာရှိများထံ ချဉ်းကပ်ပြီးလည်း အဆုံးအမကို ခံယူ၏။ အကြံဉာဏ်လည်းတောင်း၏။ ကိုယ်တိုင်လည်း ဆိုခဲ့သည့် နှစ်နည်းလုံးကို လက်တွေ့ကျကျ စမ်းသပ်၏။ ထိုအခါ နာယူလေ့လာရင်း ပွားများခြင်းကသာ အကျိုးများကြောင်းကို လက်တွေ့ခံစားရ၏။

ထို့ကြောင့်လည်း စာရေးသူသည် တစ်ဖန် ဓမ္မပရိသတ်တို့အား ဟောပြောပို့ချပေးသောအခါ တရားဟောနည်း၊ နာနည်း နှစ်နည်းကိုသာ အဓိကထားပြီး ပြသ၏။ လာရောက် နာယူမှတ်သားကြသော ဓမ္မယောဂီပရိသတ်များလည်း ပို၍ သာ၍ နားလည်သဘောပေါက်လွယ်ကြသည်ကိုလည်း လက်တွေ့ကျကျ သိရ၏။

ဟောကြား နာယူရုံဖြင့် သဘောမပေါက်နိုင်သည်အထိ ဉာဏ်ပါရမီထုံထိုင်းသော ဓမ္မယောဂီများကိုသာ အထိုင်တရားကို အဓိကထားပြီး ပေး၏။ သို့သော်လည်း အထိုင်တရားကို သက်သာလွယ်ကူစွာဖြင့် ပေးရင်း နာတရားဘက်ကို ဖြည်းဖြည်းချင်း တွန်းပို့ပေး၏။ ထိုအခါ အလေ့အကျင့်နှင့်တကွ ပွားများရက်တို့သည်လည်း ရရှိလာခဲ့သဖြင့် ထုံထိုင်းခြင်းများ လွင့်ပါးလျက် တရား၏ သဘောသို့ သက်ဝင်သွားသည်ကို တွေ့ရ၏။

ထို့နောက် ရုပ်နှင့်နာမ် နှစ်မျိုးတွင် တင်ပြခဲ့သည့်အတိုင်း ရုပ်ကို ရှုမှတ်ခြင်းက နာမ်ကို ရှုမှတ်သည်ထက် ပို၍သက်သာပြီး လွယ်ကူလျင်မြန်ခြင်းလည်း ရှိသည်ကို တွေ့ရသောကြောင့် နာမ်ကမ္မဋ္ဌာန်းထက် ရုပ်ကမ္မဋ္ဌာန်းကိုသာ အဓိကလက်ကိုင်ထား၏။ ရုပ်ကမ္မဋ္ဌာန်းကို သိလျှင်လည်း နာမ်ကမ္မဋ္ဌာန်းကို သိရန်မခက်တော့ပေ။ ထို့ကြောင့်လည်း "ကော ဓမ္မော" ဟု ဟောတော် ခြင်း ဖြစ်၏။

(ကော ဓမ္မော = တရားတော်၏ သဘော သည် တစ်မျိုးတည်း၊ တစ်ပါးတည်း) ရုပ်ကမ္မဋ္ဌာန်းကို ၍ သဘောဆိုက်လျှင် ထိုနည်းတူစွာ နာမ်ကမ္မဋ္ဌာန်း သိလျှင်လည်း သဘောဆိုက်သည် ဖြစ်၏။ မည်သ



www.burmeseclassic.com

www.burmeseclassic.com

ကမ္မဋ္ဌာန်းကို ရှုမှတ်သည်ဖြစ်စေ သဘောဆိုက်ပါမှလည်း တရားသိသည်၊ တရားရသည် မည်လေ၏။

တရားတော်ကို နာကြားမှတ်သား၍ သဘောကို ဆိုက်ပြီးမှ ရှုမှတ်ခြင်းဘက်ကို ဆက်သွားရသည်။ သဘော မဆိုက်ဘဲ၊ ပညတ်မပျောက်ဘဲ ရှုမှတ်ပွားများ၍လည်း တရားမရနိုင်ပေ။ ပညတ်မပျောက်ဘဲ ရှုမှတ်နေမိသော ကြောင့် ဝိပဿနာလည်း မဖြစ်ပေ။ ဝိပဿနာမဖြစ်လျှင် မဂ်ကိုလည်း မရနိုင်ပေ။

ဤသို့ ရှင်းပြနေခြင်းမှာ ရုပ်ကမ္မဋ္ဌာန်း ရှုနည်းနှင့် နာမ်ကမ္မဋ္ဌာန်းရှုနည်း နှစ်နည်းတွင် မိမိတို့နှစ်သက်ရာ ကမ္မဋ္ဌာန်းကို ရွေးရှုကြရန်အတွက် ဖြစ်၏။ တစ်လက်ကိုင် တစ်နည်းတည်းနှင့် ခရီးမပေါက်၊ တရားမတက်ဘဲ ရှိနေ တတ်သော ဓမ္မယောဂီများကိုလည်း ရည်ရွယ်၏။ ဤကဲ့ သို့ ရှင်းပြလိုက်ခြင်းအားဖြင့် မိမိ၏ လက်ရှိအခြေအနေ ကို သုံးသပ်ကာ နှစ်သက်ရာ တရားရှုနည်းကိုလည်း ပြောင်းရှု၍ရ၏။

သည်လအတွက် စိတ်နာမ်တရားကို ပြသမည် ဖြစ်၏။ စိတ်နာမ်သည် ဆိုခဲ့သည့်အတိုင်း အသိခက်၏။ နားလည်ရန်လည်း မလွယ်။ အသိခက်ပြီး နားလည်ရန် လည်း မလွယ်သောကြောင့် စာရေးသူကိုယ်တိုင် အတော် ဆေးပင် ဂရုစိုက်နေရ၏။ ကုန်ခဲ့သည့်လက ဆိုခဲ့သည့် အတိုင်း ဤစာရေးသူမှာ လက်နိပ်စက်နှင့် အဆင်မပြေ သော၍ ကွန်ပျူတာဘက်ကို ပြောင်းရလေရာ ထိုအခက် သည် သာ၍ပင် ခက်လေ၏။

ယခင်ကထက် ပြသနေဆဲ တရားတော်ကို ပိုမို အာရုံစိုက်လာရသလို ကွန်ပျူတာစာလုံးဖြစ်လာသည် အထိ ကွန်ပျူတာရရှိရေးနှင့် ကွန်ပျူတာရိုက်တတ်ရေး သည်များမှာ စာရေးသူကို များစွာပင် ဖိအားပေးလေ ၏ ထို့နောက် စာရေးသူတို့ ရွှေပြည်သာ၏ လျှပ်စစ်မီး သည် ပုံမှန်မရှိသလို ပြတ်ချင်တိုင်း ပြတ်တတ်ပြီး အတက် အကျလည်း များချင်တိုင်း များနေ၏။ တစ်ခါတလေ ညဘက်မှာရှိနေပြီး၊ တစ်ခါတလေ ဆောင့်တက်လိုက်၏။ ထို့ကြောင့် မီးလုံး/ဖန်ချောင်းများလည်း မကြာခဏ ပျက်၏။ ညဆယ်နာရီကျော်မှ မီးအဝင်ငြိမ်စပြုသည်။ နေ့လယ်ဘက်မှာလည်း အဝင်က ထင်သလောက် အဆင် မပြေပေ။ ထို့ကြောင့် ကျောင်းသို့ ကွန်ပျူတာဆရာအား ခေါ်သင်ရသည်မှာ များစွာအခက်တွေ့လာရပြန်သည်။ ဝပ်ငါးထောင် မီးအားမြှင့်စက်တစ်ခု ဖန်တီးပြန်ရာတွင် လည်း အပြင်မှာသာ ငါးထောင်ဟု ရေးထားပြီး အထဲမှာ မူ သုံးထောင်ဖြစ်နေပြန်၏။

ထို့ကြောင့် ယခုနှစ်ကဲ့သို့ စိတ်အနှောင့်အယှက် ဖြစ်ရခြင်းသည် ရှိပါတော့မလားဟူ၍ပင် ညည်းမိ၏။ ပင်ကိုကပင် စိတ်အနှောင့်အယှက်ဖြစ်ရမည့်ကိစ္စများကို ရှောင်ရှားလာခဲ့ရသည်။ ယခုအခါတွင် ရှောင်ရှား၍မရ နိုင်တော့ပေ။ ကိုယ်တိုင် သွားတိုးရခြင်းပင် ဖြစ်လေ၏။ ထို့ကြောင့် စိတ်ဖိအား များလာသောအခါ ထွက်ပြေးချင် စိတ်ပေါက်လာသည်အထိ ဖြစ်လာမိ၍ မေတ္တာကိုသာဖိပွား ရလေ၏။ ထို့နောက်မှ တရားတော်ကို အာရုံပြုရလေသည်။

စိတ်ဝိညာဉ်ပိုင်းကို ရောက်လာသောကြောင့် ယခု အခါ ယခင်ကထက် အထူးပင် ဂရုစိုက်ရလေသည်။ ရုပ် နှင့်စိတ်နာမ်တရားတို့သည် အခြေခံတရားချင်း တူသော် လည်း ရုပ်ထက် စိတ်ကနုသောကြောင့် သာ၍ပင် ဂရု စိုက်ရ၏။ မိမိနားလည်သလို ပြောဟောရေးသားလိုက်၍ တရားလိုက်နေကြသော ဓမ္မယောဂီများ နားမလည်၊ သဘော မပေါက်ဖြစ်နေကြမည်ကိုလည်း အထူးစိုးရိမ်ရသည်။ ထို့ ကြောင့်လည်း ပို၍ဂရုစိုက်ရလေသည်။

ထို့ကြောင့် ဤနာမ်ပိုင်းကို ဓမ္မယောဂီများအားလုံး လည်း အထူးဂရုစိုက်ကြပါ။ အာရုံစိုက်ကြပါဟု ကြိုတင် တိုက်တွန်းလိုက်ရသည်။ နားမလည်လျှင်လည်း မဂ္ဂဇင်း တိုက်မှတစ်ဆင့် ဆက်သွယ်ပြီး မေးမြန်းကြရန်ကိုလည်း ဖွင့်ပေးထားသည်။ နူးညံ့သိမ်မွေ့သော တရားတော်၏ သဘောကို နားမလည်သည်မှာ အဆန်းမဟုတ်။ ထို့ ကြောင့် အားနာရန်လည်း မလိုပေ။

***    ***    ***

ကုန်ခဲ့သောလက မိတ်ဆက်ထားခဲ့သည့်အတိုင်း စိတ်နှင့် ပတ်သက်သော သိခြင်းသဘော ဝိညာဏက္ခန္ဓာ အကြောင်းကို ဆက်ကြဦးစို့ · ·



www.burmeseclassic.com

www.burmeseclassic.com

စိတ်သည် သိခြင်းသဘောရှိသည်။ သိခြင်းမှာလည်း နှစ်မျိုးကွဲပြားသည်။ အကြောင်းအရာကိုစွဲပြီး သိသော ပညတ်သိနှင့် အကြောင်းအရာကို မစွဲဘဲ သဘောတရားမျှကိုသိသော ပရမတ်အသိဟူ၍ ဖြစ်သည်။ ထိုအသိနှစ်မျိုးတွင် အကြောင်းအရာနှင့် အရာဝတ္ထုကို စွဲပြီးသိသော ပညတ်သိအကြောင်းကို ဦးစွာရှင်းပြဦးမည်။

မောင်ဖြူဟု သိသည်၊ မဖြူဟုသိသည် စသည်ဖြင့် သိခြင်းမှာ သက်ရှိသတ္တဝါများကို စွဲပြီးသိသော ပညတ်သိဖြစ်သည်။ စင်စစ်တွင် မောင်ဖြူ၊ မဖြူဟူ၍ မရှိပေ။ သက္ကာယဒိဋ္ဌိအစွဲဖြင့် ပညတ်ကိုစွဲ၍ မှားယွင်းစွာဖြင့် သိနေခြင်းသာ ဖြစ်သည်။ ခေါင်းကိုကိုင်ပြလျှင် ခေါင်း၊ ခြေကိုကိုင်ပြလျှင် ခြေ စသည်ဖြင့်သာ ဖြစ်သွားသည်။ လူဟူ၍ပင် မရှိပေ။ လူဟူ၍ပင် မရှိပါဘဲလျက် အဘယ်မှာလျှင် မောင်ဖြူ၊ မဖြူဟူ၍ ရှိတော့မည်နည်း။

ဤသည်မှာ ပညတ်အကြမ်းစားကို ထုတ်ပြခြင်းမျှသာ ဖြစ်သည်။ ဤမျှလောက်ပြလျှင်လည်း နောက်က အကြိမ်ကြိမ် ပြခဲ့ဖူးပြီဖြစ်၍ လုံလောက်လိမ့်မည်ဟု ထင်သည်။ ဤသည်မှာ မျက်စိနှင့်မြင်၍သိသော ပညတ်သိကို အကြမ်း၊ အကျဉ်းမျှကို ပြခြင်းဖြစ်သည်။

ထို့နောက် နားကိုသွားပါ။ နားသည် အသံကို ကြားခြင်းသဘောရှိသည်။ မောင်ဖြူအသံ၊ မဖြူအသံဟု ခွဲခြားသိနေခြင်းမှာ ပညတ်စွဲဖြစ်သည်။ မောင်ဖြူ၏အသံကို လည်း ကိုင်ပြ၍မရ၊ မဖြူ၏အသံကိုလည်း ကိုင်ပြ၍မရ၊ ရှာ၍လည်းမတွေ့ ကြားရုံသက်သက် သဘောမျှသာ ဖြစ်သည်။

ထို့နောက် နှာခေါင်းကိုသွားပါ။ နှာခေါင်းသည် အနံ့ကို နံခြင်းသဘောရှိသည်။ သနပ်ခါးနံ့၊ ရေမွှေးနံ့၊ မစင်ဘင်ပုပ်နံ့ စသည်ဖြင့် ပညတ်ကိုစွဲ၍ သိနေသည်။ စင်စစ်တွင် မည်သည့်အနံ့ကိုမျှ ရှာ၍၊ ပြ၍မရပေ။

ထို့နောက် လျှာကိုသွားပါ။ လျှာသည် အရသာကို စုပ်ယူခြင်းသဘောရှိသည်။ ထိုသို့ စုပ်ယူရာ၌ အချဉ်၊ အချို စသည်ဖြင့် ခွဲခြား၍ သိနေခြင်းမှာ ပညတ်သိ ဖြစ်သည်။ ထို၌လည်း အချဉ်၊ အချိုကို ရှာ၍မရပေ။ စုပေါင်းပြီးကြည့်လျှင် ရသဟူ၍ တစ်မျိုးတည်း၊ တစ်ခု တည်း(သဘောမျှ)သာ ရှိသည်။

ထို့နောက် ကိုယ်ကိုသွားပါ။ ကိုယ်သည် ထိခြင်း သဘောရှိသည်။ ထို၌လည်း ပညတ်ကိုစွဲပြီး မည်သည့် အရာနှင့် ထိသည်ဖြစ်စေ ထိသည်ကို ရှာ၍မရပေ။ သဘောမျှသာ ဖြစ်သည်။

ထို့ကြောင့် မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း ထိခြင်း စသော အာရုံငါးပါးလုံးသည်ပင် အရာဝတ္ထုကိုစွဲ ပြီးသိလျှင် ပညတ်သိဖြစ်ပြီး သဘောမျှသာဟုသိလျှင် ပရမတ်သိဖြစ်သည်။ ပရမတ်သိနှင့် ပတ်သက်၍ ရှေ့ ဆောင်းပါးများတွင် အကြိမ်ကြိမ်ရှင်းပြခဲ့ဖူးပြီ။ ထို့နောက် ယခု စိတ်ဝိညာဉ်အခန်းတွင်လည်း ပရမတ်သိနှင့် ပတ် သက်ပြီး ရှင်းပြဦးမည်။

အာရုံသည် စိတ်ကိုလာထိသောကြောင့် သိခြင်း ဖြစ်ပေါ်လာရသည်။ ဤ၌ အာရုံခြောက်မျိုးရှိသည်ကို ပရိသတ်များအား အကြိမ်ကြိမ်ရှင်းပြခဲ့ပြီဖြစ်၍ အထူး တင်ပြရန်လိုမည်မထင်ပေ။ ထို့ကြောင့် အကြောင်းအရာ ကိုစွဲ၍ သိသောစိတ်သည် ပညတ်စိတ်ဖြစ်ပြီး သဘော သာဟုသိသော စိတ်သည်သာလျှင် ပရမတ်စိတ်ဖြစ် သည်။ ဤပရမတ်စိတ်ကိုသာ ခန္ဓာဖွဲ့ရသည်။

သို့သော်လည်း သိပုံသိနည်းကို ရှင်းပြရဦးမည်

လျှာသည် အရသာကို စုပ်ယူခြင်းသဘောရှိသည်။ ထိုသို့ စုပ်ယူရာ၌ အချဉ်၊ အချို စသည်ဖြင့် ခွဲခြား၍ သိနေခြင်းမှာ ပညတ်သိဖြစ်သည်။ ထို၌လည်း အချဉ်၊ အချိုကို ရှာ၍မရပေ။ စုပေါင်းပြီးကြည့်လျှင် ရသဟူ၍ တစ်မျိုးတည်း၊ တစ်ခုတည်း(သဘောမျှ)သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆင်သည်။ မူလစိတ်ကိုပင် ရှာ၍၊ ကိုင်ပြ၍ မရနိုင်ရှိလေ ရာ အသိပိုင်းသို့ ရောက်လာသောအခါ ပို၍ သိမ်မွေ့သွား သေး၏။ သို့သော်လည်း ထိုသိမ်မွေ့သောစိတ်ကိုပင် သိရှိ ရန် အခက်မရှိပေ။ ဝိပဿနာဉာဏ်နှင့် အာရုံစိုက်ကြည့် ထိုက်လျှင်ပင် အလိုအလျောက်ပေါ်လာမည်သာဖြစ်သည်။

ဉာဏ်ပါသောစိတ်၊ ဉာဏ်မပါသောစိတ်ဟု နှစ် မျိုးရှိရာတွင် ဉာဏ်မပါသော ပညတ်စိတ်နှင့် အာရုံပြု၍ ထား မရနိုင်ပေ။ ဉာဏ်ပါသော ပရမတ်စိတ်နှင့်သာ အာရုံပြုပြီး ဆင်ခြင်ကြည့်၍ ရမည်ဖြစ်သည်။ ပရမတ် စိတ်အကြောင်းကိုလည်း ယောဂီပုဂ္ဂိုလ်တို့အား အကြိမ် ကြိမ် သင်ပေးခဲ့ဖူးပြီဖြစ်၍ နားလည်နေကြလိမ့်မည်ဟု ယူဆသည်။

ထိုအထဲမှ ယခုစိတ်ဝိညာဉ်နှင့် ပတ်သက်၍ အတိုက် ဓာတ်အာရုံ၊ အခံဓာတ်စိတ်၊ အပေါ်ဓာတ်စိတ်ဟု သုံးမျိုး ရှိတွင် စာဖတ်သူ ဓမ္မယောဂီများကို အာရုံနှင့်ပတ်သက် ပြီး ရှင်းမပြဖူးသေးဟုထင်သည်။ ထို့ကြောင့် ယခု အာရုံ နှင့်ပတ်သက်၍ အနည်းငယ်မျှ ရှင်းပြဦးမည်။ ပရမတ် ဉာဏ်ကို ရရှိထားသော ယောဂီပုဂ္ဂိုလ်များဖြစ်၍ အနည်း ငယ်မျှ ရှင်းပြလျှင်ပင် နားလည်လောက်ပေလိမ့်မည်။

အာရုံဟူသည်မှာ မိမိအာရုံပြု(စိတ်ကူး)ကြည့် လိုက်၍ ပေါ်လာသော အကြောင်းအရာကိုပင် ခေါ်သည်။ ထို့ကြောင့် မိမိတွေ့ခဲ့၊ ကြုံခဲ့ဖူးသော မြောက်မြားစွာသော အကြောင်းအရာတို့သည် ရှိ၏။ ထိုအကြောင်းအရာများ အမျိုးမျိုးအဖုံဖုံ ပေါ်လာကြသည်ကိုပင် အာရုံဟု ခေါ် သည်။ အတိုက်ဓာတ်၊ အခံဓာတ်၊ အပေါ်ဓာတ်ဟု ဓာတ် သုံးမျိုးတွင် အာရုံသည် အတိုက်ဓာတ်ဖြစ်သည်။

အတိုက်ဓာတ်သည် အခံဓာတ်ဖြစ်သော မနော ဓာတ်ကို လာတိုက်သည်။ ထို့နောက် အပေါ်ဓာတ်ဖြစ် သော မနောဝိညာဉ်ပေါ်လာရသည်။ ထိုအခါ သိခြင်းကိစ္စ ပြီးသည်။ ယောဂီအပေါင်းတို့သည် ဓာတ်နှင့်ပတ်သက် ၍ နားလည်ထားကြပေလိမ့်မည်။ ထိုအပေါ်ဓာတ်သည် စိတ်ဖြစ်သည်။ သည်ပရမတ်စိတ်ကိုပင် ခန္ဓာဖွဲ့ရမည် ဖြစ်သည်။

အတိုက်ဓာတ် အာရုံသည်လည်းကောင်း။ အခံ ဓာတ်၊ မနောဓာတ်သည်လည်းကောင်း၊ အပေါ်ဓာတ် မနောဝိညာဉ်သည်လည်းကောင်း၊ ကိုင်ယူပြသ၍ မရနိုင် သည်အထိ သိမ်မွေ့လွန်း၏။ ထိုအထဲ၌ အပေါ်ဓာတ်သည် သာ၍ပင် သိမ်မွေ့နက်နဲလွန်း၏ သာ၍လည်း ပြ၍သ၍ မရနိုင်သော အရာဖြစ်၏။ စိတ်အခန်း၌ ထိုဝိညာဉ်စိတ် ကိုပင် ခန္ဓာဖွဲ့ရ၏။ ခန္ဓာဖွဲ့သောအခါ အစဉ်ရှိလာခဲ့သည့် အတိုင်း ငါးပါးပြည့်အောင် ဖွဲ့ရမည်ဖြစ်၏။

ဤ၌လည်း စိတ်ဝိညာဉ်ကို ခန္ဓာဖွဲ့ရာ၌ ရုပ်ကို မမြင်နိုင်ဘဲ ရှိနေတတ်သည်။ ထို့ကြောင့် စိတ်သည် ရုပ် နှင့်မှီ၍ ဖြစ်နေသည့်အကြောင်းကို အနည်းငယ်မျှ ရှင်းပြ ဦးမည်။ သတ္တဝါတို့၏ ကိုယ်ထဲမှာ နှလုံးအိမ်ဟူ၍ရှိသည်။ ထိုနှလုံးအိမ်သည် လက်သီးဆုပ်ခန့် သွေးအိတ်ကလေး ဖြစ်သည်။ စိတ်သည် ထိုနှလုံးသွေးကို မှီပြီးဖြစ်တည်သည်။

ထိုနှလုံးသွေးသည် ရုပ်တရားဖြစ်သည့်။ ထို့ ကြောင့် စိတ်နှင့်ပတ်သက်၍ ခန္ဓာဖွဲ့သောအခါ ထိုနှလုံး သွေးရှိနေသောကြောင့် ရူပက္ခန္ဓာ ဖွဲ့ရ၏။ ထို့နောက် စိတ် နှင့်အတူတကွဖြစ်လျက်ရှိသော စေတသိက်ငါးဆယ့် နှစ်ပါးသည်လည်း ရှိ၏။ ထိုစေတသိက် ငါးဆယ့်နှစ်ပါးထဲ မှ ဝေဒနာစေတသိက်ကို ဝေဒနက္ခန္ဓာဖွဲ့ရ၏။ သညာ စေတသိက်ကို သညက္ခန္ဓာ ဖွဲ့ရ၏။ ကျန်သောစေတသိက် ငါးဆယ်ကို သင်္ခါရက္ခန္ဓာ ဖွဲ့ရ၏။ ထို့နောက်မှ အပေါ် ဓာတ်၊ ဝိညာဉ်သိစိတ်ကို ဝိညာနက္ခန္ဓာ ဖွဲ့ရ၏။

ရှေ့ပိုင်းက ခန္ဓာလေးပါးအကြောင်းကို လွန်ခဲ့ သော ဓမ္မဆောင်းပါးများမှာ အကျယ်ပြခဲ့ပြီဖြစ်၍ ဤ၌ အကျယ်ကို မပြတော့ပေ။ ဤဓမ္မဆောင်းပါးမှာမူ ခန္ဓာ ငါးပါးတွင် နောက်ဆုံးဖြစ်သော စိတ်ခန္ဓာကိုသာ အဓိက ပြသခြင်းဖြစ်၏။ ဖွဲ့ဉာဏ်ရှိသမျှ အံကိုခဲ၍ ကြိုးစားကြ လေ သူတော်ကောင်းတို့...။


(နောက်လတွင် ခန္ဓာငါးပါးကို ပေါင်းရှင်းပြဦး မည်။)

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ကျင့်စဉ် ယတြာများ (၃၂)

ဘုန်းပြည့်တေဇာဟိန်း

အောင်ခြင်းရှစ်ပါး ဗုဒ္ဓဖြစ်စဉ်များကို ကြည့်လျှင် သတ္တလောကကြီး၏အကြောင်းကို အတော်လေး သဘောပေါက်သိရှိပြီး သင်ခန်းစာ ယူနိုင်စရာ ရှိပါသည်။ ဗုဒ္ဓဖြစ်စဉ်ကိုလည်း ရေးသားဖော်ပြပြီး၍ ဖတ်ရှုသိရှိပြီး ဖြစ်ပါသည်။ သတ္တလောကကြီးအတွင်း နေထိုင်ကြသော သတ္တဝါမှန်သမျှ သူ့သူ့ငါငါ သတိထားစရာ၊ သံဝေဂယူစရာ များစွာရှိနေပါသည်။

သတ္တလောကကြီးမှာ များစွာကျယ်ပြောလှပါသည်။ သတ္တလောကကြီးမှာ ကြီးငယ်ရှယ်လတ် အစားစားသော သတ္တဝါများ ရှိကြသည်။ မြင်ရသော သတ္တဝါနှင့် မမြင်ရသော သတ္တတို့ ရှိကြသည်။ မြင်ရသော သတ္တဝါနှင့် မမြင်ရသော သတ္တဝါတို့တွင် မမြင်ရသော သတ္တတို့က ပို၍များပေသည်။ ထို့အတူပင် လိမ္မာယဉ်ကျေးသော သတ္တဝါနှင့် မလိမ္မာ မယဉ်



www.burmeseclassic.com

www.burmeseclassic.com

ကျေးသော သတ္တဝါဟူ၍ ရှိကြရာတွင် မလိမ္မာ မယဉ်ကျေးသော သတ္တဝါကသာ ပို၍များပါသည်။

ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် သတ္တဝါတို့အတွက် အဝါယ်ဘုံသည်သာ ထာဝရနေအိမ်ဖြစ်လျက် ကျန်ကာမသုဂတိဘုံနှင့် ဗြဟ္မာဘုံများသည် တစ်ခါတစ်ရံ ခေတ္တအလည်ရောက်နေထိုင်သော အိမ်နှင့်တူကြောင်း ဆိုပါသည်။

စိတ်သည် မကောင်းမှု၌ မွေ့လျော်သည်ဟူသော ဓမ္မစကားအတိုင်းပင် သတ္တဝါတို့သည် လောဘ၊ ဒေါသ၊ မောဟအမှောင်အောက်မှာ အသိတရားတို့ ပိတ်ဖုံးနေကြသည်။ အတ္တမာန၊ ဒိဋ္ဌိတို့ဖြင့် ချည်နှောင်ခြင်း ခံနေရသည်။ ဣဿာမစ္ဆရိယ မနာလိုဝန်တိုမှုတို့ဖြင့် လိမ်းကျံခြင်းခံနေကြရသည်။

ထိုသို့ လောဘ၊ ဒေါသ၊ မောဟများ၊ အတ္တ၊ မာန၊ ဒိဋ္ဌိများဖြင့် ကျုံးသွင်းခြင်းခံနေရသောကြောင့် အသိတရားမဲ့ဆင်ခြင်တုံတရားမဲ့ကာ မိမိအကျိုးရော၊ သူတစ်ပါးအကျိုးများပါ ဖျက်ဆီးသူများ ဖြစ်လာသည်။ အထူးသဖြင့် သတ္တဝါများသည် အားခွန်ဗလ၊ ရာထူးစည်းစိမ်အာဏာ၊ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားလေ မယဉ်ကျေးသော၊ အသိတရားနှင့် အဆင်ခြင်တင်းမဲ့သော သတ္တဝါတို့မှာ ပို၍ ကြောက်မက်ဖွယ်ကောင်းပြီး၊ အန္တရာယ်လည်း ကြီးမားလှပေသည်။

အောင်ခြင်းရှစ်ပါး၌ တန်ခိုးဣဒ္ဓိပါဒ်ကြီးကြကုန်သော ဆစ်နှတ်အာဠာဝကဘီလူး၊ နန္ဒောပနန္ဒနဂါးတို့သည် အတ္တ၊ မာနများကြောင့် လောဘ၊ ဒေါသများ ယမ်းအိုးပေါက်ကွဲကာ လောကကောင်းကျိုးကို လိုလားဆောင်ရွက်တော်မူကြသော မြတ်စွာဘုရားရှင်နှင့် တပည့်သား သံဃာအပေါင်းကိုပင် အန္တရာယ်ပေးနှောင့်ယှက် ဒုက္ခပေးကြလေသည်။ အခြားသူများကိုကား ဆိုဖွယ်ရာ မရှိတော့ချေ။

ခွန်အားဗလကြီးသော နာဠာဂီရိဆင်သည်လည်း ခွန်အားအလျောက် မလိမ္မာမယဉ်ကျေးသောကြောင့် တွေ့မြင်သမျှ ဒုက္ခပေးသည်။ အန္တရာယ်ပေးသည်။

ရာထူးအရှိန်အဝါ လာဘ်လာဘ ကျော်စောမှုအတွက် ..ကန်သော လုပ်ရပ်လမ်းစဉ်နှောက်မလိုက်ဘဲ ဒေဝဒတ်သည်လည်း မကြံစည်အပ်ရာ နည်းလမ်းများဖြင့် ဘုရားရှင်ကို ဒုက္ခပေးသကဲ့သို့ မိစ္ဆာဒိဋ္ဌိအယူရှိသော တိတ္ထိကြီးများကလည်း ..သော မိန်းမလှကိုပင် ယင်းတို့၏အလိုသို့ ပါစေလျက် မြတ်စွာဘုရား၏ ဂုဏ်နှင့် ကျော်စောမှုတို့ ကျဆင်းစေရန် ဆောင်ရွက်စေခဲ့သည်။

မှားယွင်းသော အယူဝါဒကို ကိုင်ဆုပ်ပြီး သစ္စကပရိုဗိုဇ်လို အခြားလူများကို အယူမှားယွင်းစေအောင် အယူမှန်သူကိုပင် တွေဝေချောက်ချားစေအောင် မိမိအတ္တအတွက် ဆောင်ရွက်သေးသည်။ ငါ့ကို ထိပါးရကောင်းသလား၊ ငါ့ပိုင်နက်ကို ကျူးကျော်ရကောင်းလား၊ ငါ့အယူကို ထိခိုက်ရကောင်းလားဟု ဆိုသော အတ္တမာနများဖြင့် ရန်ပြုတတ်ကြသည်။

မနာလိုဝန်တိုမှုကြောင့် အမှန်တကယ် အရည်အချင်းမရှိဘဲ အရည်အချင်းရှိလေဟန်ပြုကာ အသိဉာဏ်ကင်းမဲ့သူများကို သိမ်းသွင်းကာ အရည်အချင်းအစစ်အမှန်ရှိသူ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းကျဆင်းအောင်လည်း ဆောင်ရွက်တတ်ကြသေးသည်။

အများက ဝန်တိုမှုဖြင့် ချောပစ်ကုန်းတိုက်သည်ကို လက်ခံကာ မိမိ၏တပည့်ကိုပင် လူဆိုးလူမိုက်ကြီး ဖြစ်လာအောင် ပြုလုပ်တတ်သော လူ့သဘာဝကိုလည်း အင်္ဂုလိမာလကို အောင်ခြင်းတွင် တွေ့ရှိရသည်။

ပုထုဇဉ်တို့သည် မိမိတို့ပြုလုပ်သော ကံ၊ ကံ၏ အကျိုးဟူသော နိယာမသဘောကို မျက်ကွယ်ပြုကာ အမှားနှင့် အမှောင်အတွင်း သက်ဆင်းတိုးဝင်ကြလျက် ရှိသည်။ ရာထူးကို မတန်မရာ မက်ကြသည်။ ပုထုဇဉ်တို့၏ လောဘကားအတောမသတ်နိုင်ကြပေ။ လောဘကြောင့် မနာလိုဝန်တိုမှုများဖြင့် ဝန်ပိုလာကြကာ ဒေါသတရားဖြင့် နှောင့်ယှက်ဖျက်ဆီးပြီး ဒုက္ခရောက်အောင် အမျိုးမျိုးကြံစည်ကြသည်။ အပြစ်ကြီးသူများကို ဆက်လက်ကျူးလွန်ရန်အတွက် ဝန်မလေးတော့ဘဲ မိုက်တွင်းနက်၍ မိုက်ဇာတ်ခင်းကြလေသည်။

ထိုသို့သောသူများအထဲတွင် မိမိမပါဝင်စေဘဲ ထိုသို့သောသူများက မိမိအား ရန်ပြုနှောင့်ယှက် ဒုက္ခပေးလာခဲ့သော် အောင်ခြင်းရှစ်ပါးဂါထာတော်မြတ်များသည် မိမိအတွက် အားကိုးဖွယ်ရာ လက်နက်ကောင်းအဖြစ်လည်းကောင်း၊ ကာကွယ်ရာ အရန်အတားအဖြစ်လည်းကောင်း အောင်နိုင်စရာ၊ အောင်မြင်မှုရစေရာ အကူအညီကောင်းတစ်ခုအဖြစ်လည်းကောင်း အားကိုးယုံကြည်ထိုက်လှပေသည်။ စွမ်းအားအာနိသင်ရှိလှပေသည်။ ထိုသို့ အားကိုးယုံကြည်ထိုက်သော



www.burmeseclassic.com

www.burmeseclassic.com

စွမ်းအားအာနိသင်ရှိကြောင်းကိုလည်း စာတွေ့လက်တွေ့ သိရှိနိုင်ပေသည်။

စာတွေ့အားဖြင့် ဖော်ပြရသော ဗားမဲ့ဆရာတော်သည် ညောင်ရမ်းမင်းသားကို အောင်ခြင်းရှစ်ပါးဂါထာနှစ်ပုဒ်ကို ချီးမြှင့်ခဲ့ပါသည်။ ညောင်ရမ်းမင်းသားသည်လည်း ထိုဂါထာကို အားကိုးယုံကြည်စွာဖြင့် ရိုသေလေးစားစွာ နေ့စဉ်မပြတ် အမြဲ ရွတ်ဖတ်ခဲ့သည်ဟု ဆိုသည်။ ထိုသို့ နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်နေသောကြောင့်လည်း ရာဇဝင်၌ ထင်ရှားခဲ့ကြောင်း ရာဇဝင်သမိုင်းမှတ်တမ်းများတွင် အထင်အရှားရှိပါသည်။

သို့ဖြစ်ရာ ဘဝတစ်လျှောက် အောင်မြင်မှုအထွေထွေကို ရယူလိုသူများအနေဖြင့်လည်းကောင်း၊ အခက်အခဲများကို ကျော်လွှားလိုသူများအနေဖြင့်လည်းကောင်း မြတ်စွာဘုရားရှင်၏ အပြင်အောင်ခြင်းရှစ်ပါး အောင်မြင်တော်မူပုံကို အာရုံပြုကာ ရွတ်ပွားပူဇော်ကြရန်သာ တိုက်တွန်းလိုက်ရပေသည်။

## ဗားမဲ့ဆရာတော်မှ ညောင်ရမ်းမင်းသားကို ချီးမြှင့်သော အောင်ခြင်းရှစ်ပါးဂါထာများ

၁။ မာရံ ယက္ခံ ဂဇံ စောရံ၊
စိဉ္စမာဏဉ္စ သစ္စကံ၊
နာဂံ ဗကံ ဇိနော ဇိနိ၊
ဟောတု မေ ဇယ မင်္ဂလံ။

၂။ မာရံ အာဠဝကံ ဟတ္ထိ၊
အင်္ဂုလိမာလ စိဉ္စမာ၊
ကုဋဒန္တ နာဂရာဇံ၊
ဗကံ အဇိနိ တေဇသာ။

## အနက်မြန်မာပြန်

၁။ ဇိနော-မြတ်စွာဘုရားသည်၊ မာရံ-မာရ်နတ်သားကိုလည်းကောင်း။ ယက္ခံ-အာဠဝကဘီလူးမင်းကိုလည်းကောင်း။ ဂဇံ-နာဠာဂီရိ ဆင်ကိုလည်းကောင်း။ စောရံ-အင်္ဂုလိမာလ သူခိုးကျော်ကိုလည်းကောင်း။ စိဉ္စမာဏဉ္စ-စိဉ္စမာဏ မိန်းမယုတ်ကိုလည်းကောင်း။ သစ္စကံ-သစ္စကပရိဗိုဇ်ကိုလည်းကောင်း။ နာဂံ-နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း။ ဗကံ-ဗကဗြဟ္မာကြီးကိုလည်းကောင်း။ ဇိနိ-အောင်မြင်တော်မူလေပြီ။ တေန သစ္စဝဇ္ဇေန-ဤမှန်ကန်သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား။ ဇယမင်္ဂလံ-အောင်မြင်းမင်္ဂလာ အဖြာဖြာသည် ဟောတု-မုချမသွေ ဖြစ်ပါစေသတည်း။

၂။ ဇိနော-မြတ်စွာဘုရားသည်၊ မာရံ-မာရ်နတ်သားကိုလည်းကောင်း။ အာဠဝကံ-အာဠဝကဘီလူးမင်းကိုလည်းကောင်း။ ဟတ္ထိ-နာဠာဂီရိ ဆင်ကိုလည်းကောင်း။ အင်္ဂုလိ-အင်္ဂုလိမာလ သူခိုးကျော်ကိုလည်းကောင်း။ စိဉ္စမာ-စိဉ္စမာဏ မိန်းမယုတ်ကိုလည်းကောင်း။ ကုဋဒန္တ-ကုဋဒန္တမည်သော သစ္စကပရိဗိုဇ်ကိုလည်းကောင်း။ နာဂရာဇံ-နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း။ ဗကံ-ဗကဗြဟ္မာကြီးကိုလည်းကောင်း။ တေဇသာ-တန်ခိုးတော်ဖြင့်၊ အဇိနိ-အောင်မြင်တော်မူလေပြီ။

ဤဂါထာနှစ်ပုဒ်လုံးမှာ အဓိပ္ပာယ်တူပါသည်။ လိုရာဂါထာကိုဆောင်ယူ အသုံးပြုနိုင်ကြပါသည်။


ဤဆောင်းပါးအစဉ်ကို ရေးသားရာ၌ အောက်ပါကျမ်းများကို အကိုးအထောက်ပြု၍ ရေးသားပူဇော်အပ်ပါသည်။

ရွှင်လန်းချမ်းမြေ့တော်မူကြပါစေ။

ဘုန်းမြင့်ဝေဇာဟိန်း

## ကျမ်းကိုးစာရင်း


၁။ ဇိနတ္ထပကာသနီကျမ်း
၂။ ဗုဒ္ဓဘာသာလက်စွဲကျမ်း
၃။ အထက်တန်းအဆင့် ဗုဒ္ဓဘာသာတရားတော်
၄။ တော်ဝင်ဂါထာတော်များ ဦးရွှေဝင်း(မန္တလေး)
၅။ စာရေးသူ၏ နက္ခတ္တရောင်ခြည်ပါ အောင်ခြင်းရှစ်ပါးကျင့်စဉ်ယတြာများ။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တဲ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ၀၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားက နားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေး တစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်…ဖိုးကဲလေး…"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ် ခြင်း ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့ဩနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့…တော်တော်လည်းစွမ်းပါလား၊ ဘာဆေးများလဲ ညီမရဲ့…"

"ဒေါ်စိန်ရင်ရဲ့ မရှော့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား၊ ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့ အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ၊ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာ ပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ…တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အပြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို အစားမှား၊ ဆေးမှား၊ မှုးမော်၊ မုန့် အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် သက်သာပျောက်ကင်းတယ်တဲ့။ ထိခိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား၊ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆- ၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့…"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေ့ါ အစ်ကိုရယ်"


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ထိုစဉ်က ကျွန်တော်သည်

ရွှေမြို့တ်သောင်းတင်

ဒီအသိကိုသိခဲ့သည်မှာ ''ထိုစဉ်က သိခဲ့ရခြင်းကြောင့်'' ကျွန်တော်သည် ထိုစဉ်က ဟု အစချီရပါသည်။

ထိုစဉ်က အမေသည် ကျွန်တော့်ကို ဤအသိထိုအဖြေကို ပေးခဲ့ပါသည်။ ဖြစ်ပေါ်လာသော အကြောင်းရင်းမှာ ကျွန်တော်နဲ့ ကျောင်းနေဘက် လွန်စွာမှ ခင်မင်ရသော ကျွန်တော့်မိတ်ဆွေမလေး မဆွေဆွေ ကွယ်လွန်သွားခြင်းက အကြောင်းပြုခဲ့ပါသည်။

သူငယ်တန်းမှ အစပြုပြီး ခုနစ်တန်းအထိ အတူတွဲ၍ ပညာသင်ခဲ့ကြသော သူငယ်ချင်းမဆွေဆွေ၊ ရုပ်ချောရုပ်လှလေး အပေါင်းအသင်းတွေချစ်သော မဆွေဆွေ။

မဆွေဆွေ ရုပ်အလောင်းမြေချပြီး ရက်လွန်ခြင်းအမှုကို ဆောင်ရွက်ပြီးသည်အထိ ကျွန်တော်တို့ ကျန်ရစ်သော အပေါင်းအသင်းတွေ မျက်ရည်ကျနေကြဆဲပင်။

''မေမေရယ် ဘာဖြစ်လို့များ ဆွေဆွေက ငယ်ငယ်လေးနဲ့ ဆုံးသွားရတာလဲဟင်''

''အော် . . သားရယ်၊ သေခြင်းတရားဆိုတာ သတ္တဝါတိုင်း ရင်ဆိုင်ရတဲ့အရာပဲသားရဲ့၊ ဘုရားရှင်ကိုယ်တော်တိုင်မှ မလွန်ဆန်နိုင်တဲ့တရားပဲကွယ်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ မမြဲဘူးတဲ့သားရဲ့၊ သေခြင်းတရားဟာ မြဲသတဲ့။

''မဟုတ်ပါဘူး မေမေရယ်၊ သေတာတော့ သေကြတာချည်းပဲပေါ့။ သို့ပေမယ့် ဆွေဆွေက ငယ်ငယ်လေး ရှိသေးတာ''

''သားလေး မောင်သင်းမောင်၊ သားရဲ့ နှလုံးသားထဲ မှတ်ထားရမှာက သေခြင်း



www.burmeseclassic.com

www.burmeseclassic.com

တရားဟာ ကြီးတယ် ငယ်တယ်နဲ့ မဆိုင်ဘူးလား။ ဆိုင်တာက အဲဒီလူ့ဘဝရဲ့ ကံတရားနဲ့ဆိုင်တယ်။ ဥပမာ ဆွေဆွေရဲ့ ရှေးဘဝကုသိုလ်ကံပေါ့။ သူ့ရဲ့ဘဝဟောင်းက ပြုခဲ့တဲ့ အကြောင်း။ ကုသိုလ်၊ အကုသိုလ် အဲဒါတွေနဲ့ ဆိုင်တယ်သားရဲ့''

ကျွန်တော်မေမေ့ရဲ့စကားကို အလေးအနက်ထားပြီး နားထောင်နေမိသည်။ မေမေသည် ကျွန်တော့်ကို လူ့ဘဝရဲ့ ဖြစ်ပျက်တတ်မှုတွေကို ပြောနေသည်။

''ဆွေဆွေလေးရဲ့ ရှေးဘဝအကြောင်းက ဘာဖြစ်ခဲ့သလဲဆိုတာ သားလည်း မသိဘူး။ မေမေလည်းမသိဘူး။ သားရဲ့သူငယ်ချင်းဆွေဆွေလည်း မသိဘူး။ ဒါပေမယ့် ဆွေဆွေရဲ့အတိတ်ကံက ဒီအထိပဲပါဖို့ရှိလို့ ဖြစ်မှာပါ သား။ သားကို မေမေကြားဖူးခဲ့တဲ့ အတိတ်ကံဖြစ်ပျက်မှုတစ်ခု ပြောပြမယ်။ မေမေ သားဖေဖေနဲ့ အိမ်ထောင်မကျခင်တုန်းက နာဖူးတဲ့တရားပါ။ အလွန်ချောမောလှတဲ့ မိန်းမတစ်ဦးဟာ လူသူရှင်းတဲ့ တစ်နေရာမှာ ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြိုးစားနေတာကို အနီးက ဖြတ်သွားတဲ့ လူတစ်ယောက်ကို တွေ့ပါသတဲ့။ အဲဒီမိန်းမချောက ဆွဲကြိုးချသေဖို့ ကြိုးစားတာ။ အဲဒီတွေ့တဲ့လူက ဟာဟာ မလုပ်ပါနဲ့ မိန်းကလေး ဒီလိုမလုပ်ရဘူးလို့ အော်ပြောရင်း သူ့လက်ထဲပါလာတဲ့ ဓားမနဲ့ ပြေးပြီး မိန်းမချောရဲ့လည်ကို ဆွဲထားတဲ့ကြိုးကိုဖြတ်ဖို့ ပြေးအဝင်မှာ ကြိုးကလည်ပင်းမှာ ကြိုးအဖြစ်နဲ့ မဟုတ်ဘဲ မြွေဟောက်ကြီးဖြစ်နေသတဲ့။ ''အောင်မလေးဗျ .. မြွေကြီး၊ မြွေဟောက်ကြီးလို့ မိန်းမချောကို ကယ်မယ့်လူက လက်ထဲဓားပစ်ပြီးပြေးပါလေသတဲ့။ အဲဒီမိန်းမချောသေပါလေသတဲ့။ ကယ်မယ့်သူတွေ့ပေမယ့် ကယ်လို့ရဘူးသားရဲ့။ ဒါဟာ သူ့ရဲ့ အတိတ်ကံကြောင့်လို့တရားဟော သူတော်စင်က ရှေးဘဝ အကြောင်းနဲ့ဆက်နွယ်ပြီး ဟောတယ်။ ကံတရားဆိုတာ လွှဲရှောင်လို့မရတဲ့ အတိတ်ကံပဲတဲ့ ..''

''ကံတရား''

ကျွန်တော့်နှုတ်မှ ရေရွတ်မိသည်။ မေမေ ထိုစဉ်က ကျွန်တော့်ကို ရှင်းပြပုံတွေက ကျွန်တော့်အတွက် ယနေ့တိုင် မေ့ပျောက်ခြင်းမရှိပါ။ အကြောင်းက ကျွန်တော်သည် သူငယ်ချင်းဆွေဆွေကို ယနေ့တိုင် မမေ့နိုင်ခြင်းပါ။ ဆွေဆွေ့ကို မမေ့နိုင်ခြင်းနဲ့အတူ မေမေ၏ အကြောင်းအကျိုး နိုင်လုံစွာ ရှင်းပြချက်က ကျွန်တော့်အတွက် ကြာလေ တန်ဖိုးရှိလေ မှန်ကန်လာလေပင်။

''ဒေါ်မြမြကျတော့ အသက်ရှည်လိုက်တာ ..''

ကျွန်တော့်နှုတ်မှ သည်သို့ထွက်သွားသည်။ ဒေါ်မြမြဆိုသည်က ဆွေဆွေ၏ အဒေါ်၊ အပျိုကြီး။ ဆွေဆွေ့ကို ခဏခဏ ဆူပူကြိမ်းမောင်းတတ်သူဖြစ်သည်။ ကျွန်တော်က ဒေါ်မြမြကို မကျေနပ်။

''သားက ငယ်သေးတော့ အတွေးမရင့်ကျက်ဘူးပေါ့ကွယ်။ ကလေးတွေး တွေးတာကိုး။ သား မောင်သင်းမောင် မေမေ့စကားကို သားအသိထဲထည့်ထားပါ။ စောစောက မေမေပြောခဲ့တယ်။ သေခြင်းတရားဟာ ကြီးတာငယ်တာနဲ့ မဆိုင်ဘူးလို့ ကံတရားနဲ့ဆိုင်တယ်။ ကံတရားဆိုလည်း ရှေးကပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်ပဲဆိုတာ''

ကျွန်တော် တွေဝေနေခဲ့ပါသည်။ မေမေ့စကားက လေးနက်သည်။

''ဆင်းရဲတာ၊ ချမ်းသာတာ၊ ရုပ်ဆိုးတာ၊ ရုပ်လှတာ၊ ပညာတတ်တာ၊ ပညာမဲ့တာ၊ အဲဒီ ဆန့်ကျင်ဘက်တွေဟာ လောကနိယာမတရားတွေပဲသား။ ဟိုဘဝက သားကောင်းတာလုပ်ခဲ့ရင် ဒီဘဝမှာ ကောင်းကျိုးချမ်းသာမှုရမယ်။ ဒါကိုတော့ သားရဲ့နှလုံးသားထဲထည့်ထားပါသား''

မေမေ့စကားတွေ ကျွန်တော်ပြန်တွေးတော့ ဟုတ်မှန်နေပါကလား၊ အဲဒီတုန်းထိုစဉ်က ကျွန်တော် ဖွတ်တွေး ဖွတ်ငြင်းခဲ့မိသည်မှာ အမှန်ပင်။

ပြန်ဆန်းစစ်တော့ ..

''သားရေ .. လူ့ဘဝဆိုတာ အလာကောင်းပြီး အပြန်ကောင်းဖို့ အရေးကြီးတယ်။ သား သဘောပေါက်ရဲ့လား။ အလာကောင်းခြင်းဆိုတာ အမိဝမ်းမှကျွတ်တာနဲ့ မိမိသည် ကိုယ်လက်ခြေအင်္ဂါစုံလင်ပြီး မဆွံ့မအဘဲ လူ့ဘဝထဲ လူသားပီပီရောက်ရှိဖို့နဲ့ ပြန်သွားတဲ့အခါမှာလည်း ဝေဒနာဝဋ်ဒုက္ခဆင်းရဲမှုကင်းပြီးဘဝပြောင်းလဲဖို့ပဲသား။ အဲဒီကနေ မေမေ့သား ဆောင်ရွက်ရမှာက ဘာသာသာသနာအကျိုး၊ အများအကျိုး၊ ကိုယ်စိတ်နှလုံးကောင်းမွန်ဖို့၊ ကိုယ်ချင်းစာတတ်ဖို့ သနားကြင်နာတတ်ဖို့ အဲဒါတွေ သားကျင့်သုံးရလိမ့်မယ်။ အမေလည်း ရှေးဘဝကုသိုလ်ပြုမှုကံကြောင့် ယခုဘဝမှာ လူချမ်းသာမဖြစ်ခဲ့ဘူး။ ဒါပေမယ့် မေမေ စိတ်ချမ်းသာတယ်။ စိတ်ချမ်းသာတယ်ဆိုတာ ဘဝကိုရောင့်ရဲပြီး ကိုယ်ချင်းစာတရားနဲ့နေထိုင်တတ်ဖို့ပဲသား။ အဲဒီလို မေမေနေထိုင်ခဲ့သလိုသားနေထိုင်တတ်ဖို့ လိုတယ်သား။ မေမေ့မှာ သားကိုပေးဖို့ အမွေဆိုလို့ ဘာမှမရှိပါဘူး။ ပစ္စည်း ဥစ္စာရတနာ ဘာမှမရှိဘူးသား။ အဲ မေမေပြောပြခဲ့တဲ့ စကားတွေဟာ သားအတွက် မေမေ့အမွေပါပဲကွယ်''

သည်တုန်း ထိုစဉ်တုန်းက ကျွန်တော် မျက်ရည်မကျခဲ့ပါ။ အခု ကျွန်တော် မျက်ရည်ကျမိသည်။ ကွယ်လွန်သွားပြီဖြစ်တဲ့ အဖေနှင့်အမေကို ကျွန်တော် ရည်မှန်းကန်တော့ပြီး

ကျေးဇူးရှင် ဖေဖေ၊ မေမေ .. ဖေဖေမေမေတို့ ကျေးဇူးကြီးမားလှပါတယ်။ ဖေဖေမေမေတို့ပေးခဲ့တဲ့ အမွေကလည်း တန်ဖိုးကြီးမားလှပါတယ်။ ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ 'အမွေ'ပါ။ ဖေဖေနဲ့မေမေ သားကန်တော့လိုက်ပါတယ်။ 'မဆွေဆွေ' ငယ်ငယ်လေးနဲ့ ဆုံးပါးရခြင်းနဲ့ပတ်သက်ပြီး သားစောစောကတက်တော့ မေမေက သေခြင်းတရားမြဲမှု၊ အတိတ်ကံရဲ့ အကျိုးကြောင့်ဟုရှင်းပြပေမယ့် သားအသိမဝင်ခဲ့ဘူး။ ခွင့်လွှတ်ပါမေမေ။ သားအခု ဒီအကြောင်းတွေ နားလည်ခဲ့ပါပြီ။

ကျွန်တော် သည်သို့ အကြိမ်ဖန်များစွာ ရေရွတ်မိကာ အဖေနှင့် အမေကို ရည်မှန်းကန်တော့မိသည်။ တတ်နိုင်သမျှသော ကောင်းမှုကိုပြု၍ ကျွန်တော် အမျှဝေခဲ့ပါသည်။

အဖေနဲ့အမေရဲ့ ရောက်ရာဘဝက သာဓုခေါ်နိုင်ပါစေ ..

ရွှေမြိတ်သောင်းတင်



www.burmeseclassic.com

www.burmeseclassic.com

# မာဃနက္ခတ်ဖွားများအတွက်ဟောကိန်း

ကာလီဒါ့ချ်(မြန်မာပြုသည်)

## မာဃနက္ခတ်

မြန်မာ့နက္ခတ် ၂၇ လုံးရှိသည့်အနက် ၁၀ လုံးမြောက် နက္ခတ်ဖြစ်သည်။ အဘိဓာန်ငို့ကာကျမ်းကြီးများ အဆိုအရ အကျိုးစီးပွားပြုသူတို့၏ ပူဇော်ရာ နက္ခတ်ဖြစ်သည်ဟု ဆိုထားသည်။ အခြားကျမ်းငယ်များ၌မူ ကြယ်လေးလုံး စုထားသော ထွန်းတုံးသဏ္ဌာန်၊ အိမ်ပုံသဏ္ဌာန်၊ သံကောက်သဏ္ဌာန်ဟူ၍ မတူကွဲပြား ဖော်ပြကြလေ၏။ မာဃနက္ခတ်သည် သိဟ်ရာသီ ခြင်္သေ့ရုပ်၏ ရှေ့ခြေထောက်တွင် ထွန်းလင်းနေသော အဖျားကြယ်ဖြစ်သည်။ နက္ခတ်သင်္ချာအမှတ်စဉ် ၁၀ ဖြစ်ပြီး၊ ဘီလူးနက္ခတ်ဖြစ်သည်။ ခြင်္သေ့ရုပ်ကို ဖွဲ့စည်းတည်ဆောက်ထားသည့် အလင်းကြယ်ပွင့်များအနက် အတောက်ပဆုံးကြယ်ဖြစ်လေ၏။ သိဟ်ရာသီအိမ်အတွင်း ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ်လ ၈ ရက်အထိ ကျရောက်သော အာကာသနယ်နိမိတ်အပိုင်းအခြားကို မာဃနက္ခတ်ကပိုင်ဆိုင်ထားသဖြင့် ထိုအာကာသနယ်နိမိတ် အပိုင်းအခြားအတွင်း စန်းခေါ် တနင်္လာနွှာလမင်း ဖြတ်သန်းသွားနေစဉ် မွေးဖွားကြသူများကို မာဃစန်းယှဉ်နက္ခတ်ဖွား (သို့) နက္ခတ် ၁၀ လုံး၌ ဖွားမြင်သူများဟု ခေါ်ဆိုကြ၏။ မာဃစန်းယှဉ် နက္ခတ်ဖွားများသည် ခရီးတို၊ ခရီးရှည်၊ ခရီးဆန်း လှည့်လည်သွားလာရသော အလုပ်အကိုင်များကို လုပ်ကိုင်ရမည်။ ပစ္စည်းဥစ္စာ၊ ဝေါယာဉ်ရထားနှင့် ခြံဝင်းပင်း ပြည့်စုံချမ်းသာသော်လည်း သားသမီးရတနာနည်းပါးတတ်သည်။ လယ်ယာကိုင်းကျွန်းနှင့် ရေလုပ်ငန်း၊ ဆန့်ဆိုင်သော စီးပွားရေးမျိုးကို လုပ်ကိုင်ရလိမ့်မည်။ အသက်ကြီးပိုင်းတွင် သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကျွတ်လွတ်နိုင်ရေးအတွက် တရားဘာဝနာများကို လိုက်စားအားထုတ်တတ်သည်ဟူသော အဟောများထုတ်ကြလေ၏။ မာဃနက္ခတ်ရှင်များ၏ ဘဝခရီးလမ်းသည် အောက်ပါအတိုင်း ဖြစ်ကြရလိမ့်မည်။

## စိတ်မျှော်မှန်းချက်

မာဃနက္ခတ်ရှင်များသည် လူစိမ်း၊ လူကျက်မရွေး မိတ်သင်္ဂဟများအားလုံးအပေါ် အနစ်နာခံ ပေါင်းသင်းဆက်ဆံတတ်ကြသော်လည်း မိမိတို့အပေါ် ပြန်သိတတ်သူ နည်းပါးလိမ့်မည်။ စိတ်ရင်းဖြူစင်သူများ ဖြစ်သည်နှင့်အညီ ရိုင်းပင်းကူညီ ပေးကမ်းစွန့်ကြဲတတ်သော သဒ္ဓါပါရမီရှင်များ ဖြစ်ကြသည်။ အရာရာတိုင်း၌ ကျင့်ဝတ်စိတ်ကောင်းစေတနာထားပြီး မိမိတို့ကြောင့် တစ်ပါးသူများ ဆုံးရှုံးနစ်နာမည်ကို မလိုလားကြသူများ ဖြစ်သည်။ ဤနက္ခတ်ရှင်များသည် စိတ်သာလျှင် ပဓာနဖြစ်ကြသည်။ စိတ်ပျက်အားငယ်၍ စိတ်မသန်၊ လူမစွမ်းဖြင့်လျှင် လုပ်သမျှ သဲထဲရေသွန် အဟောသိကံ ဖြစ်သွားတတ်ပြီး စိတ်တက်ကြွထက်မြက်နေလျှင် လုပ်သမျှ အောင်မြင်နိုင်ကာ အထွတ်အထိပ်သို့ တက်လှမ်းနိုင်ကြလိမ့်မည်။ ဆက်ဆံရေးကောင်းကြပြီး ခင်မင်မိလျှင် အသည်းယူယူ၊ အသားယူယူ လိုက်လျောတတ်ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မှန်းမိပြီဆိုမှဖြင့် ချင်းစိမ်းနှင့် မိဿလင် ဖြစ်သွားရတတ်သည်။ အများအကျိုးဆောင်ရသော ပရဟိတလုပ်ငန်းမျိုး၌ ပျော်မွေ့တတ်ကြပြီး မိမိတို့ကြောင့် အခြားသူများ အောင်မြင်ကြီးပွားသွားလျှင် ဝမ်းသာမဆုံး မုဒိတာပွားနိုင်သူများ ဖြစ်မည်။ ဘယ်သူတရားပျက်ပျက် မိမိတို့ကောင်းလျှင် အကျိုးမယုတ်လျော့နိုင်ဟူသော ကိုယ်ကျင့်တရားမျိုးရှိတတ်ပြီး၊ စေတနာပါကြ၊ ရည်ရွယ်ချက်ကောင်းကြလိမ့်မည်။ ဤနက္ခတ်ရှင်များသည် တစ်ဦးတစ်ယောက်တည်း နေထိုင်ခြင်းထက် အများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၌ မွေ့လျော်တတ်သော စိတ်မျိုးရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကြီးပွားရေး

မာឃနက္ခတ်ရှင်များသည် မိမိတို့ပိုင်လုပ်ငန်းများ၌ဖြစ်စေ၊ အများနှင့်သက်ဆိုင်သော လုပ်ငန်းမျိုး၌ဖြစ်စေ မနိမကပ် ကြိုးစားပမ်းစား လုပ်ကိုင်တတ်သူများ ဖြစ်ကြသည်မို့ အခုံး၌ အောင်မြင်မှုပန်းတိုင် ဆွတ်ခူးနိုင်လိမ့်မည်။ မင်းမှုထမ်းဖြစ်က ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်မြှောက်စားခံရပြီး အခွင့်အရုံများနှင့် နေထိုင်ရကိန်း ကြုံမည်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်က ချမ်းချမ်းသာသာ၊ အိုးပိုင်အိမ်ပိုင်နှင့် နေထိုင်ရမည်။ အများနှင့် စပ်တူရှယ်ယာအလုပ်မျိုးကို ရှောင်ကြဉ်ရမည်။ ဤနက္ခတ်ရှင်များသည် အလွန်အကျွံ အားနာလိုက်လျောတတ်သူများ ဖြစ်ခြင်းကြောင့် တိုးတက်ကြီးပွားအောင်မြင်ရေးတွင် နှောင့်နှေးကြန့်ကြာတတ်သည်။ ဘဝတစ်သက်တာ၌ ပက်ပက်စက်စက် အတိဒုက္ခများ ကြုံတွေ့ရကိန်းမရှိပါ။ ပထမအရွယ်တွင် ရုန်းကန်ကြိုးစားရတတ်ပြီး ဒုတိယအရွယ်တွင် အောင်မြင်မည်။ တတိယအရွယ်တွင် ကြီးပွားချမ်းသာပါလိမ့်မည်။ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ပရဟိတအကျိုးဆောင်လုပ်ငန်းများဖြင့် အောင်မြင်ကြီးပွားနိုင်မည်။ အသက်ရှည်ကျန်းမာပြီး သက်ကြီးပိုင်း၌ ကောင်းစားမည့် ဇာတာမျိုးဖြစ်ပါသည်။ ဤနက္ခတ်ရှင်များသည် တမလွန်ဘဝ၌ မြင့်မားစင်ကြယ်သောဘုံသို့ လားနိုင်လိမ့်မည်။

## အချစ်နှင့် အိမ်ထောင်ရေး

မာឃနက္ခတ်ရှင်များသည် အချစ်ရေးဘက်၌ စိတ်ဝင်စားမှု လွန်လွန်ကျွံကျွံ မရှိတတ်ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လူငယ်တို့ဘာသာဘာဝ ချစ်သူနှင့် ဆုံစည်းအိမ်ထောင်ပြုမိလျှင်လည်း ချစ်သူကြင်ဖက်အပေါ် အသည်းနှင့်အောင် ချစ်တတ်ကြပြီး သနားတတ်၊ ကြင်နာယုယတတ်၊ လိုက်လျောအနစ်နာခံတတ်လိမ့်မည်။ စိတ်နလုံးနူးညံ့သိမ်မွေ့ပြီး ချစ်သူက ချစ်မာန်ရှ အမုန်းပွားလျှင်၊ မျက်နှာညိုးလျှင် အရှုံးပေးအောက်ကျခံပြီး ချော့မော့ယုယတတ်မည်။ ချစ်သူ၏ အသံ၊ ချစ်သူ၏အလှပုံရိပ်ကို ကြည့်နေ၊ မြင်နေရလျှင် အေးမြသော အိုအေစစ်နတ်ရေကန်ကို မြင်နေရသည့်နှယ် ကြည်နူးနေတတ်သူများ ဖြစ်ကြသည်။ မာឃနက္ခတ်ရှင်များသည် အသက် ၃၆ နှစ်ကျော်၍ အိမ်ထောင်ဖက် မဆုံစည်းနိုင်ခဲ့လျှင် အပျိုကြီး၊ လူပျိုကြီး ဖြစ်ရကိန်းများတတ်သည်။ ရဟန်း၊ ရသေ့၊ သီလရှင်၊ သို့မဟုတ် တရားဘာဝနာ မှီခို၍ အရိုးထုတ်သွားကြရလိမ့်မည်။ မာឃနက္ခတ်သည် ဘီလူးနက္ခတ်ဖြစ်သော ကြောင့် ဘီလူးနက္ခတ်အချင်းချင်း (သို့) နတ်နက္ခတ်နှင့် မေ[...] မှု၊ အိမ်ထောင်ပြုနိုင်လျှင် အတိုင်းထက်အလွန် တံခွန်[...] ကုက္ကား ဖြစ်ရမည်။ လူနက္ခတ်နှင့် အိမ်ထောင်ပြုခြင်းမှ ရှော[...] ကြဉ်ရပါမည်။ ဘီလူးက လူကို စားတတ်သောကြောင့်ဖြစ်သည်

## ပညာရေး

မာឃနက္ခတ်ရှင်များသည် ဖြတ်ထိုးဉာဏ်၊ ထိုးထွ[...] ဉာဏ်နှင့် INSTINCT ပင်ကိုဗီဇဉာဏ် ထက်မြက်သူမျာ[...] ဖြစ်ကြသည်။ ကျောင်းပညာရေးကို သင်ကြားသင်ယူ တ[...] မြောက်သည့်အပြင် အခြား အသက်မွေးဝမ်းကျောင်း ပညာ[...] များကိုလည်း သင်ကြားထူးချွန်လိမ့်မည်။ ပြည်တွင်းပြည်[...] ပညာရပ်နှစ်ခုစလုံးကို သင်ယူနိုင်ပြီး ရှိရင်းစွဲထက် ပိုမိုတိုးတ[...] ကြီးပွား အောင်မြင်နိုင်မည်။ အခြားသူများ မမြင်နိုင်၊ မသိ[...] မတွေးနိုင်သော ရှုထောင့်မြင်မှု တီထွင်ကြံဆ ဖန်တီးနိုင်သူမျာ[...] ဖြစ်ကြသည်။

## ကျန်းမာရေး

ဤနက္ခတ်ရှင်များသည် ကိုယ်ခံစွမ်းအား ကောင်း[...] ပြီး အမြဲသန်မာဖျတ်လတ် တက်ကြွနေတတ်သူများဖြစ်သည် ကိုယ်တွင်းကိုယ်ပြင် ရောဂါဥပဒ်နည်းပြီး ကျန်းမာသန်စွမ်း[...] လိမ့်မည်။ အသက်ရှည်မည်။

## ရှောင်ရန်၊ ဆောင်ရန်

အများနှင့် စပ်တူလုပ်ကိုင်ခြင်းနှင့် အနီရောင်ဝတ်ဆ[...] ခြင်းမှ ရှောင်ကြဉ်ရမည်။ ကျန်းမာရေး၊ စီးပွားရေးနှင့် အလု[...] အကိုင် မကောင်းလျှင် မိမိတို့ ဂြိုဟ်တိုင်ဘုရားတွင် ရွှေ[...] ပေးပြီး ရေအရှင်တွင် ငါးသက်စေ့ လွှတ်ပေး၍ ဆုတောင်း[...] အညွှန့်ပြေ၍ ကောင်းကျိုးဝေဖြာစေလိမ့်မည်။ မာឃနက္ခတ်ရှ[...] များသည် ကျောင်းကန်ဘုရား တည်ဆောက်လှူဒါန်းနိုင်[...] ဘဝကူးကောင်းကြပြီး တမလွန်ဘဝ၌ နတ်ပြည်ခြောက်ထ[...] တွင် ကောင်းစားခံစားနိုင်ကြသူများ ဖြစ်ရပါမည်။

နိဝါတဖြင့် ...

**ကာလီဒါ့ချဲ့(မြန်မာပြည်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မော်ဘီမှာ ပြောခဲ့ကြတာ

မနုဿကျော်ဝင်း (အမျိုးသားစာပေဆုရ)

၁၉၈၃ ခုနှစ်၊ သကြံန်ကာလ အတွင်း၌ ဖြစ်ပါသည်။ ဆရာမင်းသိန်း နှင့် ကျွန်တော်သည် ထိုစဉ်ကာလ သူဝယ်ထားသော မော်ဘီမြို့နယ်ရှိ ခြံ ကြီးတစ်ခြံထဲတွင် အပန်းဖြေ အနား ယူလျက် ရှိကြ၏။ ဆရာမင်းသိန်းသည် စာပေကိစ္စ၊ ဗေဒင်ယတြာကိစ္စ အပါ အဝင် အခြားသော လုပ်ငန်းများ ကြောင့် စိတ်ရောကိုယ်ပါ ပင်ပန်းနေ သလို ကျွန်တော်လည်း ဌာနတာဝန် နှင့် အခြားတာဝန်များ ပိနေမှုကြောင့် စိတ်ဓာတ်မွန်းကျပ်လျက် ရှိနေစဉ် "သာဖို့ ... ကိုကျော်ဝင်း၊ မော်ဘီက ကျွန်တော့်ရဲ့ခြံထဲမှာ အနှောင့်အယှက် ကင်းကင်းသွားပြီး အနားယူရအောင်" ဟု သူက ခေါ်သဖြင့် ထိုခြံထဲတွင် ရောက်ရှိအနားယူနေကြခြင်း ဖြစ်၏။ တစ်ရက်သော ညနေခင်း ထမင်းစား ပြီးချိန်၌ နှစ်ယောက်သား အညောင်း ဖြေ လမ်းလျှောက်ထွက်လာကြစဉ်

"ဆရာ ... အခုအချိန်အထိ ရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်တွေထဲ မှာ ကျွန်တော်အကြိုက်ဆုံးကတော့ ပုဏ္ဏားဘကွန်း လုံးချင်းဝတ္ထုပဲခင်ဗျ"

"အင်း .. ကြိုက်ရတဲ့အကြောင်း လေး ..."

"ဒီလိုကြောင့်ပါ ဆရာ။ ဆရာ က ဒီစာအုပ်ကို ပထမတွဲ၊ ဒုတိယတွဲ ဆိုပြီး နှစ်တွဲထုတ်ခဲ့ရတယ် မဟုတ် လား။ နှစ်တွဲမခွဲချင်ပေမယ့် စာအုပ် ကြီးက သိပ်ထူသွားပြီး ဖတ်သူအတွက် အဆင်မပြေသလို ထုတ်ဝေသူအတွက် ကလည်း အခက်အခဲတွေရှိမှာကြောင့် ဒီစာအုပ်ရဲ့ အမှာစာမှ ကျွန်တော်ဖတ် ရှုခဲ့ရတယ်။ စာဖတ်သူတစ်ယောက် ဖြစ်တဲ့ ကျွန်တော့်အနေနဲ့တော့ အဲဒီ လိုခွဲပြီး ပုံနှိပ်ထုတ်ဝေခဲ့တာကို ပိုပြီး သဘောကျမိသွားတယ်" ထိုအခါ ဆရာက ကျွန်တော့်ဘက်သို့ စောင်းငဲ့ ကြည့်ပြီး -

"ခွဲပြီးထုတ်ဝေလိုက်တာကို ပိုပြီး ကြိုက်နှစ်သက်ရတဲ့ အကြောင်းက"

"ဒီလိုလေ ဆရာ။ ပုဏ္ဏား ဘကွန်း ပထမတွဲစာအုပ်မှာ ဘကွန်း ငယ်ငယ်က ဆင်းရဲမွဲတေပုံ၊ ကိုယ့် ကိုယ်ကိုသတ်သေချင်လောက်အောင် စိတ်ဓာတ် ကျဆင်းခဲ့ရပုံ၊ ကိုရင်ကြီး တစ်ပါးနဲ့တွေ့ပြီး လောကီကြီးပွားရေး အတွက် လုပ်ဆောင်ရမယ့်နည်းလမ်း ကောင်းတွေကို ရရှိခဲ့ပုံ၊ အဲဒီနည်းလမ်း တွေကို သုံးပြီး ဖွဲ့ရှိရှိနဲ့ ကြိုးစားလိုက် တော့ နောက်ဆုံးမှာ ကုမ္ပဏီပိုင်ရှင် သန်းကြွယ်သူဌေးကြီး ဖြစ်လာရပုံ၊ သူ ဆင်းရဲတုန်းက မတရားနှိပ်စက်ခဲ့သူ တွေကို ပညာသားပါပါ ပြန်ပြီး လက် စားချေခဲ့ပုံ၊ သင်ခန်းစာပေးခဲ့ပုံတွေကို ဖတ်ရတယ်။ ဆရာ့ရဲ့ ရေးသားဖန်တီး တင်ပြပုံက သိပ်ပြီး အနုပညာမြောက် လေတော့ ကျွန်တော် အဲဒီစာအုပ်ကို ထမင်းမေ့၊ ဟင်းမေ့ ဖတ်နေမိတဲ့ အတွက် ကျွန်တော့်မိန်းမနဲ့တောင် ပြဿနာတက်ခဲ့ရပါတယ်။ ပုဏ္ဏား ဘကွန်း ပထမတွဲကိုတော့ သုတနဲ့ ရသ နှောတဲ့ လောကီစီးပွားရေး လမ်း ညွှန်လို့ ကျွန်တော်နားလည်သဘော ကျ လက်ခံမိခဲ့ရတယ်"

"အဲ .. ပုဏ္ဏားဘကွန်း ဒုတိယ တွဲကိုတော့ လောကုတ္တရာချမ်းသာရေး လမ်းညွှန်လို့ အဲဒီစာအုပ်ဖတ်ပြီးတဲ့ အခါ ကျွန်တော်သဘောပေါက်သွားမိ ခဲ့ရတယ်။ ပုဏ္ဏားဘကွန်း သန်းကြွယ် သူဌေးကြီး ဖြစ်သွားပြီးတဲ့နောက် သူ့ ဆရာ ကိုရင်ကြီးက သူ့ကို တာမွေ သင်္ချိုင်းထဲခေါ်ပြီး လိုက်ပြတယ်။ သူ အပန်းဖြေရင်း ထိုင်နေတဲ့အုတ်ဂူပေါ် က စာကို ဖတ်ကြည့်လိုက်မိတော့ သူ နဲ့ နာမည်တူ၊ အသက်အရွယ်တူ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အုတ်ဂူဖြစ်နေ တယ်ဆိုတာကို သိလိုက်ရတယ်။ အဲဒီ မှာတင် သူဟာ ရုတ်တရက် ထိတ် လန့်ပြီး သံဝေဂရသွားခဲ့တယ်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်လို့ တကယ့်သန္တိသုခ ရအောင် ရှာဖွေနိုင်မယ့် နည်းလမ်းအကြောင်း ပြောပြဖို့ သူ့ဆရာ ကိုရင်ကြီးကို လျှောက်ထားတော့ ကိုရင်ကြီးက ငါဟာ လောကီကြီးပွားရေးအတွက် လမ်းညွှန်နိုင်ခဲ့ပေမယ့် လောကုတ္တရာချမ်းသာရေးအတွက် နည်းလမ်းတွေကို တော့ ပြောမပြတတ်ဘူး။ ကိုယ့်ဟာကိုယ် ရှာပေတော့လို့ ပြောလိုက်တယ်။ ပုဏ္ဏားဘကွန်းဟာ သူပင်ပင်ပန်းပန်း ရှာဖွေပိုင်ဆိုင်ထားတဲ့ ဥစ္စာပစ္စည်းတွေအားလုံးကို စွန့်လွှတ်လှူဒါန်းပြီး တရားရှာဖို့ ထွက်လာခဲ့တယ်။ နောက်ဆုံးမှာတော့ သူရှာဖွေနေတဲ့ လောကုတ္တရာတရားကို ဘယ်လိုကျင့်ကြံအားထုတ်ရင် ရနိုင်တယ်ဆိုတာ လက်တွေ့သိရှိသွားခဲ့ရတယ်။

အဲဒီအတိုင်း ကျင့်ကြံအားထုတ်သွားခဲ့တယ်။ ဘယ်လောက်အဖိုးတန်တဲ့ သုတရသမြောက်တဲ့ တင်ပြချက်လဲဆိုတာ စာဖတ်သူ ကျွန်တော့်အနေနဲ့ ပြောမပြတတ်နိုင်အောင်ပါပဲ ဆရာရယ်။ အဲဒီဝတ္ထုကို ရေးသားဖန်တီးခဲ့တဲ့ ဆရာ့ကို ကျွန်တော်သက်သက်မြှောက်ပြောနေတာ မဟုတ်ဘူးနော်။ ကျွန်တော့်ရင်ထဲမှာခံစားခဲ့ရတဲ့အတိုင်း ပြောပြနေတာ ခင်ဗျ"

"ပုဏ္ဏားဘကွန်းဝတ္ထုက ဖတ်ကောင်းရုံသာမက ဆင်ခြင်စရာ၊ ပညာယူစရာနဲ့ မှတ်သားစရာတွေလည်း အများကြီးပါတာမို့ ဒီစာအုပ်ကို ကျွန်တော် အကြိမ်ကြိမ်ဖတ်ရှုမိခဲ့ရပါတယ်၊ ဒါ့ကြောင့် ဒီဝတ္ထုထဲက ဒိုင်ယာလော့ခ်တချို့နဲ့ စာပိုဒ်တချို့ကိုတောင် အလွတ်ရသွားခဲ့တယ်"

ကျွန်တော်က မိမိအလွတ်ရသော စာသားများကို ရွတ်ပြလိုက်ရာ ဆရာမင်းသိခ်သည် ပြုံးပြီးနားထောင်နေရာမှ . . .

"အေး . . . ခင်ဗျားမှတ်ဉာဏ် တော်တော်ကောင်းတာပဲ။ ဒီဝတ္ထုကို ရေးခဲ့တဲ့ ကျွန်တော်တောင် ဒီလို ရွတ်ပြနိုင်တော့မှာ မဟုတ်ဘူး"

ဆရာမင်းသိခ်၏ ချီးကျူးစကားကြောင့် ကျွန်တော် အလွန်ပင် ကျေနပ်သွားမိခဲ့ရ၏။

"ဆရာရယ် . . . ကျွန်တော်ဟာ အစိုးရအရာရှိတစ်ယောက် ဆိုပေမယ့် ရတဲ့လစာက လက်ရှိကုန်ဈေးနှုန်းကို လိုက်မမီတာကြောင့် ကြွေးမတင်အောင် မနည်းကြိုးစားနေရတယ်။ နောက်ပြီး ကျွန်တော်လုပ်တဲ့ဌာနကလည်း အောက်ဆိုက်လုံးဝမရနိုင်တဲ့ ဌာနမျိုးမို့ သူများဌာနမျိုးတွေမှာလိုလည်း အကြံအဖန်တွေ မလုပ်နိုင်ဘူး။ မသမာနည်းလမ်းတွေနဲ့ ငွေရှာရမှာကိုလည်း ကျွန်တော် လုံးဝလိပ်ပြာမသန့်ဘူး။ ဝါသနာအလျောက် စာရေးလို့ရတဲ့ စာမူခဆိုတာကလည်း ကွမ်းဖိုး၊ ဆေးဖိုးလောက်ပဲ ရှိတာ။ ဒီတော့ လောကီပညာနဲ့ ကြီးပွားချမ်းသာနိုင်တဲ့ နည်းလမ်းမျိုးရှိရင် လမ်းညွှန်ပေးပါလား ဆရာ"

ထိုအခါ ဆရာမင်းသိခ်သည် ကရုဏာမျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်ရင်း . . .

"အခု မှောင်စပြုနေပြီ။ ကျွန်တော်တို့ ဒီနေရာကပဲ လှည့်ပြန်ကြရအောင်။ အိမ်ရောက်တော့ အေးအေးဆေးဆေး ပြောကြတာပေါ့ဗျာ"

ကျွန်တော်တို့ ခြံထဲပြန်ရောက်ကြချိန်၌ မိုးချုပ်နေပြီ ဖြစ်၏။ အိမ်ပေါ်ညှော်ခန်းတွင် ဆရာ့ညီ ကိုဝင်းဖေ
ဆရာကြိုက်တတ်သော လက်ဖ
ရည်အချို၊ ငါးသုံးလုံးစီးကရက်တို့
အဆင်သင့် စောင့်ကြိုလျက် ရှိနေ
ဆရာမင်းသိခ်သည် ကြမ်းခင်းဖျာပေ
တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး
လက်ဖက်ရည်ကို တစိမ့်စိမ့် အရသာခံ
၍ သောက်နေရင်း . . .

"အင်း . . . ဆရာကိုကျော်ဝင်း
လိုပဲ အင်းဝခေတ်တုန်းက ဗားမဲ့ဆရာ
တော်ဘုရားကို သူ့ဒကာတစ်ဦးက
လောကီချမ်းသာရေး နည်းလမ်း
အကြောင်း မေးမြန်းလျှောက်ထားဖူး
တယ်။ ဒီတော့ ဗားမဲ့ဆရာတော်
ဘုရားက ဒကာကြီး ကျုပ်ဟာ လော
ကုတ္တရာချမ်းသာမှုအတွက် ကျင့်ကြံ
အားထုတ်နေသူ ဖြစ်တယ်။ ဒကာကြီး
ကိုလည်း ကျုပ်လိုပဲ လောကုတ္တရာ
ချမ်းသာကို ရှာချင်လို့ ဘုရားရိပ်၊
တရားရိပ်၊ သံဃာ့ရိပ်ကို လာခိုနေ
တယ် ထင်မိတာကိုး။ လောကီကြီးပွား
ချမ်းသာဆိုတာ တကယ့်ချမ်းသာမှု
အစစ်မဟုတ်ဘူး။ သူဌေးသူကြွယ်ဖြစ်
ရတဲ့ ဘဝမျိုးကိုပဲ ရောက်ရှိတာ။
တကယ့်ချမ်းသာမှုအစစ်ဖြစ်တဲ့ သန္တိ
သုခကို ရရှိကြတာမဟုတ်ဘူး။ တကယ့်
ချမ်းသာမှုအစစ်ဖြစ်တဲ့ သန္တိသုခကို
ရနိုင်ဖို့ကတော့ လောကုတ္တရာဆိုင်ရာ
ကျင့်စဉ်တရားနည်းလမ်းတွေအတိုင်း
ကျင့်ကြံအားထုတ်နိုင်မှ ဖြစ်တာ။ သန္တိ
သုခ (ဝါ) တကယ့်ချမ်းသာမှုအစစ်ကို
ရရှိနိုင်ဖို့ ကျင့်ကြံအားထုတ်ရတာက
ခက်ခဲလှပေမယ့် လောကီကြီးပွားရေး
(ဝါ) သူဌေးဖြစ်ဖို့ နည်းလမ်းကတော့
မခက်ခဲပါဘူးလို့ မြွက်ကြားတော်မူပြီး
အဲဒီဒကာကို နည်းလမ်းတစ်ခုပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။

"အဲဒီနည်းလမ်းကတော့ ဗုဒ္ဓရုပ် ပွားတော်တစ်ဆူထု၊ အဲဒီ ရုပ်ပွားတော် ရဲ့ အသားရောင်ကို အဝါရောင်ခြယ်၊ သင်္ကန်းတော်ကို အနီရောင်နဲ့ ပလ္လင် တော်ကိုတော့ အစိမ်းရောင်ခြယ်နိုင်း တယ်။ အဲဒီရုပ်ပွားတော်ကို ဘုရားစင် ပေါ်ထားပြီး ရှိခိုးပူဇော်တဲ့အခါ ရွတ်ဆို ရမယ့် ဆုတောင်းဂါထာကိုလည်း ဆရာတော်ကြီးက ပြောပြပေးလိုက် တယ်။ အဲဒီ ဒကာကလည်း ဆရာ တော်ကြီးမှာကြားလိုက်တဲ့အတိုင်း ယုံယုံကြည်ကြည်ပြုလုပ်တော့ နောက် ဆုံးမှာ သူကြွယ်ကြီးတစ်ဦး ဖြစ်လာခဲ့ ရတယ်။ သူ့လက်ထက်မှာတင်မက သူက ပေါက်ဖွားတဲ့ သားမြေးတွေ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်အထိ ချမ်းသာကြွယ်ဝသွားခဲ့ကြတယ်လို့ အဆိုရှိတယ်"

ဆရာက ကျွန်တော့်ကို စိတ် ရှည်လက်ရှည် ရှင်းပြခဲ့ခြင်း ဖြစ်၏။ ကျွန်တော်သည် စိတ်ဝင်စားစွာ နား ထောင်နေမိရာမှ –

''ဆရာ့ဝတ္ထုထဲက ပုဏ္ဏား ဘကွန်းကို အားကျမိပေမယ့် ကျွန် တော့်ရဲ့ အခုလို အသက်အရွယ်မျိုး မှာ ဘကွန်းရဲ့ နည်းလမ်းမျိုးတွေနဲ့ လောကီကြီးပွားရေးအတွက် လုပ် ဆောင်နိုင်မှာ မဟုတ်တော့ဘူး။ အခု ဆရာပြောပြခဲ့တဲ့ ဗားမဲ့ဆရာတော် ဘုရားရဲ့ လမ်းညွှန်ချက်မျိုးကို ကျွန် တော့်အနေနဲ့ လုပ်ဆောင်ဖို့ မခက်လှ ပါဘူး။ ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင် ချင်ပါ လိုတာပါ။ ရန်ကုန်ပြန်ရောက် ရောက်ချင်း ကျွန်တော် ဆောင်ရွက် ကောင်းအထည်ဖော်သွားပါ့မယ်"

ကျွန်တော် ကံကောင်းသည်ဟု ဆိုရပါမည်။ မော်ဘီမှ ပြန်ရောက်ပြီး နောက် ရက်ပိုင်းအတွင်းမှာပင် ကျွန် တော့်မိတ်ဆွေ ပန်းပုဆရာ ဦးလှကြူး က သရက္ခန်သားဖြင့် သူကိုယ်တိုင် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို လာရောက်ဒါနပြု၏။ ကျွန်တော်က မိတ်ဆွေ၏ လက်စွဲ တော် ပန်းချီဆရာကြီး ဦးကြည်ကို ထိုရုပ်ပွားတော်တွင် လိုအပ်သော ဆေးရောင်များ ခြယ်ပေးရန် အကူ အညီတောင်းခံသည်။ သို့ဖြင့် ပန်းပု ဆရာ ဦးလှကြူးနှင့် ပန်းချီဆရာ ဦးကြည်တို့၏ ကျေးဇူးကြောင့် ကျွန် တော်ပူဇော်လိုသော ဗုဒ္ဓရုပ်ပွားတော် သည် ကျွန်တော်၏ ဘုရားကျောင်း ဆောင်ထဲသို့ ရောက်ရှိလာခဲ့ရတော့၏။ ရောက်ရှိသည့်နေ့မှစ၍ ကျွန်တော် သည် နံနက်တိုင်း ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေကြည်တော်တို့ ဆက်ကပ်ပူဇော် လှူဒါန်းကန်တော့ပြီး ဆုတောင်းဂါထာ ကို ရွတ်ဆိုခဲ့သည်။ ဤအမှုကို နေ့စဉ် ပြုစုခဲ့သည်မှာ ယခုထက်တိုင်အောင် ပင် ဖြစ်၏။ ယင်း၏အကျိုးဆက်တို့ကို မူကား ကြွားဝါရာရောက်မည်စိုး၍ ကျွန်တော် အထူးရေးမပြလိုတော့ပါ။ အလွန်ပင် အကျိုးရှိလှသည်ဟူ၍သာ အနှစ်ချုပ်သဘောမျှလောက် ဆိုချင် ပါ၏။ သို့ရာတွင် အဆိုပါ ဗုဒ္ဓရုပ်ပွား တော်ကို ပူဇော်ရာ၌ ကျွန်တော်ရွတ်ဆို ပူဇော်လေ့ရှိသော ဆုတောင်းစာကို တော့ ပြည့်ပြည့်စုံစုံ အောက်ဖော်ပြပါ အတိုင်း ဒါနပြုဖော်ပြလိုက်ပါသည်။

"ရွှေရောင်အဆင်းရှိသော အသားတော်ပြောင် ပတ္တမြားသင်္ကန်း တော် ဆင်မြန်း၍ မြပလ္လင်ထက်၌ ကိန်းဝပ်တော်မူသော မြတ်စွာဘုရား အရှင် ကိုယ်တော်မြတ်ကြီးအား တပည့်တော် ရှိသေစွာ ပူဇော်ကန် တော့ပါသည်။ ဤဆီမီး၊ ရေကြည် တော်၊ ပန်းမာလ်တို့ဖြင့် ဆက်ကပ် လှူဒါန်းပူဇော်ပါသည်။ တပည့် တော် ပြုခဲ့သမျှ ကောင်းမှုကုသလ အဖြာဖြာတို့ကို ဤရုပ်ပွားတော် မြတ်အစီရင် ပြုလုပ်နိုင်ရေးအတွက် နည်းလမ်းဒါနပြုခဲ့သော အင်းဝ ခေတ်မှ ဗားမဲ့ဆရာတော်ဘုရားကြီး နှင့် စတင်ထုလုပ်ကိုးကွယ်ခဲ့ကြ သော မူလအလှူရှင် သူကြွယ်များ အားလည်းကောင်း၊ ခေတ်အဆက် ဆက် လှူဒါန်းပူဇော်ခဲ့ကြသူများ အားလည်းကောင်း၊ ဤရုပ်ပွား တော်မြတ်အား စောင့်ရှောက်လျက်ရှိ ကြသော သာသနာစောင့်နတ်များ အားလည်းကောင်း၊ အမျှ . . . အမျှ . . . အမျှ ပေးဝေပါသည်ဘုရား။ ဤရုပ်ပွားတော်မြတ်ကို ပူဇော်လှူ ဒါန်း ကန်တော့ရသော ကုသိုလ်ကံ စေတနာကြောင့် တပည့်တော်သည် သာသနာတော်မြတ်အကျိုး၊ တပည့် တော်အပေါ်တွင် ကျေးဇူးပြုကူညီ ခဲ့ကြဖူးသော ကျေးဇူးရှင်တို့အား ပြန်၍ ကျေးဇူးဆပ်နိုင်သောအကျိုး၊ သတ္တဝါများကို ကယ်တင်နိုင်သော အကျိုးကို တစိုက်မတ်မတ် သယ်ပိုး ဆောင်ရွက်နိုင်အောင် ပြည့်စုံကုံလုံ သူ ဖြစ်ရပါလို၏ ဘုရား"

မနုဿကျော်ဝင်း
(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# ရေစက်သွန်းချအမျှဝေသော သာဓုခေါ်

■ ရန်နိုင်

"အလှူရေစက် လက်နှင့်မကွာ"ဟူသော စကားကို "အမြဲထာဝရ မကြာခဏ လှူဒါန်းနိုင်ပါစေ"ဟု အချို့က အဓိပ္ပာယ်ကောက်သည်။ "အလှူဒါနတစ်ခု ပြီးမြောက်သည့်အခါတိုင်း ချသည့် ရေစက်သည် လက်နှင့်မကွာပါစေနှင့်"ဟု အချို့က အနက်ဖွင့်သည်။ လက်ပေါ်သို့ ရေစက်လောင်းချသည့်ဓလေ့ကို ဖော်ဆောင်သည့်သဘောဖြစ်သည်။

အချို့ကလည်း အလှူဒါနပြုရာတွင် ရေစက်ချခြင်းသည် 'အပိုအလုပ်'ဟု ပြောကြသည်။ ကျမ်းဂန်စာပေအထောက်အထား မရှိသဖြင့် လိုက်နာရန် မလိုဘူးဟုလည်း ဆိုကြသည်။ မြတ်စွာဘုရားလက်ထက်တော်က ရေစက်ချခြင်းမရှိဟုလည်း ငြင်းကြသည်။ သို့သော် အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းတော်ကိုလှူစဉ်က မြတ်စွာဘုရား၏ လက်တော်သို့ ရေလောင်းချ လှူဒါန်းခဲ့သည်ဟု မှတ်သားဖူးသည်။ သည်အဆိုကြောင့် စဉ်းစားစရာ။

ပါဠိဝေါဟာရ 'ဒက္ခိဏောဒက'မှ လာသည်။ 'ဒက္ခိဏ'နှင့် 'ဥဒက'ဟု ခွဲခြားနိုင်သည်။ 'ဒက္ခိဏ'က အလှူ၊ 'ဥဒက'က ရေ၊ 'အလှူဒါနနှင့် သက်ဆိုင်သောရေ'ဟု မှတ်ယူနိုင်သည်။ ရေနှင့်ပတ်သက်သော အလေ့အထကို များသောအားဖြင့် ပုဏ္ဏားတို့၏ ဗြဟ္မဏအယူဝါဒတွင် တွေ့နေ၊ မြင်နေကျ။ ရေကို ကိုးကွယ်သောကျင့်စဉ်မျိုးလည်း ရှိခဲ့ဖူးသည်။ ရေစက်ချခြင်းသည် အဆိုပါယဉ်ကျေးမှုနှင့် ပတ်သက်နေမလားဟုလည်း အချို့ကစဉ်းစားကြသည်။

ယနေ့ အလှူဒါနများတွင် ရေစက်ချကြသည့်အခါ ဘုန်းကြီးရဟန်းများက 'ဘန္တေအရှင်ဘုရား ... မယ်၊ တပည့်တော်တို့သည် ..."အစချီ တိုင်ပေးသည့်အတိုင်း နှုတ်တိုက်လိုက်ဆိုကြသည်။ လက်ကလည်း အောက်ခံပန်းကန်ထဲသို့ ကရား၊ သို့မဟုတ် ရေကို တစ်စက်ချင်းလောင်းချကြသည်။

ရေကို ဦးစွာလောင်းချပြီးမှ လှူဖွယ်ပစ္စည်းကို လက်ရောက်ပေးအပ်ရသည်ဟု မှတ်သားဖူးသည်။ ယနေ့ ကျင့်သုံးနေကြသည်မှာ လှူဖွယ်ဆက်ကပ်မှုက ပထမ၊ ရေစက်ချခြင်းက ဒုတိယ၊ သို့မဟုတ် အဆုံးသတ်။ ရေစက်ချရာတွင်လည်း အလှူခံမည့်သူ၏ လက်ပေါ်သို့ ရေကို လောင်းချသည်က တစ်မျိုး။ အလှူခံသူ၏ လက်မှတစ်ဆင့် ချသည့်ရေစက်သည် မြေသို့ သွန်လောင်းသက်ဆင်းစေသည်။

မာရ်နတ်သားက ဗောဓိပင်နှင့် ပလ္လင်ကို လာရောက်ယှဉ်တု အပြိုင်လုစဉ် မြတ်စွာဘုရား၏ ဒါနပါရမီကို သက်သေပြုသူပေးက ဝသုန္ဓြေ။ ဝေဿန္တရာဖြစ်စဉ်ကစ၍ ဖြည့်ဆည်းခဲ့သမျှ ဘဝအဆက်ဆက် ပြုဖူးသော အလှူဒါနများမှ ချခဲ့သော ရေစက်များသည် ဝသုန္ဓြေနတ်၏ ဆံပင်တွင် ယခုတိုင် ရွှဲရွဲစိုဆဲ။ ဆံပင်ဖျားကို ရေညှစ်ချလိုက်ရုံဖြင့် မာရ်နတ်သားနှင့်အဖွဲ့ ရေထဲမျောပါသည့် ဖြစ်စဉ်ကို သတိရသည်။

ထို့ကြောင့် အလှူခံသူ၏ လက်ပေါ်သို့ ရေလောင်းချသည်ဖြစ်စေ၊ အောက်ခံပန်းကန်ထဲသို့ ရေစက်ချသည်ဖြစ်စေ "ဝသုန္ဓြေ ဤမြေပံသု သေလာထုသည် သက်သေအမှန်ဒ တည်စေသော် ..."ဟူသော စာသားအရ မြေကြီးကို သက်သေတည်သည့်အနက်။ သည်နေရာတွင် ဝသုန္ဓြေနတ် ပါဝင်လာသည်။ အချို့က ဝသုန္ဓြေနတ်သားဟု ပြောကြ၍ အချို့က ဝသုန္ဓြေနတ်သမီးဟု ဆိုကြသည်။ နောက်ဆုံးအဆင့် မြေပြင်သို့ ရေကို လောင်းချရမည့် လုပ်ထုံးလုပ်နည်းကိုမူ ရှောင်လွှဲ၍မဖြစ်။ သို့မှသာ ဝသုန္ဓြေနတ်က မှတ်သားနိုင်မည် မဟုတ်ပါလား။

ရခိုင်ပြည်၊ စစ်တွေ မြောက်ဦးဘုရားဖူးခရီးစဉ်တွင် လောကမာရ်အောင်စေတီမှ ရေစက်ချပေါက်ကလေး



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း သတိရသည်။ မြန်မာ့နန်းတွင်းညီလာခံ လွှတ်တော်အဆောက်အအုံများတွင် မှူးမတ်များအတွက် ကွမ်းတံတွေးထွေးပေါက်များ စီမံထားရှိမှုကို ဖတ်ရှုဖူးသည်။ ဘာသာရေးနယ်ပယ်မှ "ရေစက်ချပေါက် ယဉ်ကျေးမှု"ကိုမူ မြောက်ဦးသို့ ရောက်လေမှ သိရှိမှတ်သားရကြောင်း ဝန်ခံပါသည်။

လောကမာရ်အောင်စေတီတော်၏ သမိုင်းအရ ဘုရင်စန္ဒာသုဓမ္မရာဇာ တည်ထားသည်။ လောကသုံးပါး အောင်နိုင်ခြင်းအနက်ကို ဆောင်သည်။ 'လောကမူဘုရားစေတီ'ဟုလည်း ခေါ်သည်။

ရေစက်ချေပေါက်ကလေးက ဆင်းတုတော်သို့ ရေစီးကြောင်း ဆက်သွယ်ထားသည်ဟု ဆိုသည်။ မြန်မာတို့ ရေစက်ချသည်မှာ ပန်းကန်ထဲသို့ တစ်ဆင့်ခံသည်။ အချို့က လက်ပေါ်သို့ ရေစက်ကို လောင်းချသည်။ ရခိုင်ရိုးရာယဉ်ကျေးမှုတွင် ရေစက်ပေါက်သို့ ရေကို တိုက်ရိုက်သွန်းလောင်းကြသည်။

ကျွန်တော်တို့အဖွဲ့သည် ဘုရားဖူးခရီးစဉ်တစ်လျှောက် လှူဒါန်းခဲ့သမျှအတွက် သည်နေရာတွင် ရေစက်ချအမျှဝေခဲ့ကြဖူးသည်။

* * * * * *

ရေစက်ချပြီးလျှင် အမျှဝေရသည်က ဗုဒ္ဓဘာသာမြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ။

"ကြားကြားသမျှ အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါကုန်"ဟု ဆိုလိုက်သည်နှင့် "သာဓု ... သာဓု ... သာဓု"ဟု အားလုံးက ဝိုင်းဝန်းအနုမောဒနာပြုကြသည်။ လှူဒါန်းသူရရှိသော ကုသိုလ်အပေါ် ဝိုင်းဝန်း၍ ကောင်းချီးပေးကြသည့်သဘော ဂုဏ်ပြုလိုသည့် ရည်ရွယ်သည်။ 'သာဓု'၏ အနက်အဓိပ္ပာယ်ကိုက "ကောင်းလေစွ"၊ စိတ်ကြည်လင်အေးချမ်းစွာ "သာဓု"ခေါ်ကြသည်။

အမျှဝေခြင်းသည် မိမိ၏ ပြုသမျှကုသိုလ်ကို ဝေမျှသည့်အနက်။ အသိပေးကြေညာသည့် အဓိပ္ပာယ်။ ကုသိုလ်ဆိုသည်က အင်အားကြီးမားသည်။ ထို့ကြောင့် ဝေမျှ၍ရသည်ဟု ဆိုသည်။ အကုသိုလ်ကမူ အင်အားနည်းသဖြင့် ပြုလုပ်သူတစ်ဦးတည်းသာ လက်ခံရရှိ ပိုင်ဆိုင်သည်။ အခြားသူသို့ ဝေမျှခွဲဝေပေး၍ မရနိုင်ဟုလည်း ဟောပြောကြသည်။ ကုသိုလ်ကို ဝေမျှသူက ပေး၍ရသည်ဟု ဆိုစေကာမူ မည်သူက မည်ကဲ့သို့ လက်ခံရယူနိုင်ပါသနည်းဟူသည်က စဉ်းစားစရာ။

သာဓုခေါ်ဆိုခြင်းကြောင့် သူတစ်ပါး၏ အလှူဒါနအပေါ် ကျေနပ်အားရ အားကျမှုဖြင့် ကြည်နူးစိတ်ကို ပေါ်လာစေသည် အမှန်။ ထိုအချိန်တွင် စိတ်အစဉ်သို့ ကုသိုလ်စိတ်သာ ရောက်ရှိလွှမ်းမိုးနေသည်။ အကုသိုလ်စိတ် လုံးဝမပေါ်ပေါက်။ သည်အကျိုးတရားသည့်သာလျှင် တင်ထင်ရှားရှား။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တရားတော်များက ကျင့်ကြံရေးကို ဦးစားပေးသည်။ ယုံကြည်ကိုးကွယ်မှုသက်သက် မဟုတ်။

"အတ္တာဟိ အတ္တနော နာထော" မိမိကိုသာ ကိုးကွယ်ရာ။ ကိုယ်တိုင် ကျင့်ကြံလုပ်ဆောင်မှ ကိုယ်ရရှိသည်ဟု နားလည်သဘောပေါက်သည်။ ထိုမှတစ်ဆင့် မိမိကိုယ်စား သူတစ်ပါးက လုပ်ပေး၍ မရနိုင်ဟုလည်း အနက်ကောက်ယူရနိုင်မည် ထင်သည်။

* * * * * *

ရေစက်ချ အမျှပေးဝေခြင်းနှင့် ပတ်သက်၍ ရည်စူးကုသိုလ်ကိစ္စ ပါဝင်လာသည်။ သေသူအတွက် ရည်ရွယ်ရည်စူးပြုလုပ်ပေးသော ကိုယ်စားပြုကုသိုလ်အမျိုးအစားဖြစ်သည်။ အချို့က 'မဃဒေဝလင်္ကာသစ်' ပိုဒ်ရေ ၃၁၉ ကို ရည်ညွှန်းကိုးကားလျက် ဆိုကြ၊ မှီနှိုကြသည်။

"ပေတာကိစ္စ၊ ဥဒ္ဒိဿကား၊ ရည်ထပေးပြု၊ သာဓုခေါ်တတ်၊ လှူခံမြတ်မှ၊ သေသူရ၏"ဟု ဆိုထားသည်။ ထိုလင်္ကာကို အနက်ဖွင့်ရာ၌ ရည်စူးကုသိုလ်ပြုလုပ်ရာတွင် အချက်သုံးချက် ပြည့်စုံရ၏။ ကွယ်လွန်သူသည် သာဓုခေါ်နိုင်သောဘဝသို့ ရောက်ရှိနေရမည့် ပထမအချက်၊ ကွယ်လွန်သူအတွက် ရည်ရွယ်ရည်စူး၍ ပြုလုပ်ရမည့် ဒုတိယအချက်၊ မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်ရမည်က တတိယအချက်။

'ပရဒတ္တူပဇီဝ'ကို ပိုဒ်ခွဲပြသည်။ 'ပရ + ဒတ္တ + ဥပဇီဝိက'ဟု သံဝေဂဒီပနီ (၆၀၁)

"ပရေဟိ ဒတ္တံ ဥပနိဿယ ဇီဝတီတိ ပရဒတ္တူပဇီဝိကော"ဟု ဂိဂြိုဟ်ပြု ထောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

'ပရ'ဆိုသည်မှာ ကျန်ရစ်သည့် တစ်ပါးသော ပုဂ္ဂိုလ်များ။ 'ဒတ္တ'ဆိုသည်မှာ ပေးကမ်းလှူဒါန်းခြင်း။ 'ဥပဇီဝက'ဆိုသည်မှာ မှီ၍ အသက်မွေးရခြင်းဟု ခွဲပြသည်။

လူ့ဘဝ ကျန်ရစ်သူများ အမျှဝေပေးမှုကို မျှော်လင့်နေကြရသည်။ သာဓုခေါ်ဆိုခွင့် ရရှိမှ ပြိတ္တာဘဝမှ ကျွတ်လွတ်သည်ဟူသော အယူအဆ။

လူတစ်ယောက် သေဆုံးလျှင် လားရာဂတိ ငါးပါးရှိ၏။ 'ဒေဝဂတိ'သည် နတ်ပြည်၊ နတ်ဘဝသို့ ရောက်ရှိခြင်း၊ 'မနုဿဂတိ'သည် လူ့ပြည်လူ့ရပ်သို့ ပြန်လည်ရောက်ရှိခြင်း၊ 'တိရစ္ဆာနဂတိ'သည် တိရစ္ဆာန်ဖြစ်သွားခြင်း၊ 'တိရယဂတိ'သည် အပါယ်သို့လားရခြင်းနှင့် 'ပေတဂတိ' ပြိတ္တာဖြစ်သွားခြင်းတို့ ဖြစ်သည်။ အဆိုပါ 'ပေတဂတိ' ကိစ္စက လေးနက်လှ၏။

"ကွယ်လွန်သူတိုင်းအား ဆွမ်းသွတ်အမျှဝေ၍ ရသလော" အမေးပြဿနာကို 'မိလိန္ဒပဉှာ' ဝေသန္တရဝဂ်တွင် တွေ့ရသည်။

"အရှင်ဘုရား၊ မည်သူတို့သည် ခံစားရ၍၊ မည်သူတို့သည် မခံစားကြရပါကုန်သနည်း"

"မင်းမြတ် . . . ကွယ်လွန်သူသည် ငရဲပြည်၊ နတ်ပြည်၊ တိရစ္ဆာန်ဘုံ ရောက်နေပါက မခံစားကြရကုန်။ ပြိတ္တာလေးမျိုးတွင် စားသမျှ ပြန်လည်အန်ပစ်သော 'ဝန္တာသိက' ပြိတ္တာမျိုး၊ အမြဲတမ်း ငတ်မွတ်နေသော 'ခုပ္ပိပါသ'ပြိတ္တာမျိုး၊ ဝမ်းခေါင်းတောက်လောင်နေသော 'နိဇ္ဈာ မတဏှိက' ပြိတ္တာမျိုး၊ ဤသုံးမျိုးသည်လည်း မခံစားရကုန်။ သူတစ်ပါးပေးကမ်းသမျှ မှီခိုနေကြရသော 'ပရဒတ္တူပဇီဝ'ပြိတ္တာမျိုးသာလျှင် ခံစားရကုန်၏"

* * * * * *

နောင်ဘဝအတွက် မျှော်လင့်ချက်မထားသည့် လှူဒါန်းမှုအစုစုလည်း ရှိနိုင်ပါသည်။ ကိုယ်တိုင် ကုသိုလ်ရလိုသည့်ဆန္ဒကမူ အနိမ့်ဆုံး။ ကုသိုလ်၏ အကျိုးပေးမှုကို လက်ငင်းဘဝတွင်ပင် ရည်မှန်းသည်။ ထို့ပြင် ရရှိသော ကုသိုလ်ကို မျှဝေပေးလိုပြန်သည်က မြန်မာတို့၏ မွန်မြတ်သော စိတ်ဓာတ်။

မိမိရရှိသည့် ကုသိုလ်ထဲမှ မည်ရွေ့မည်မျှကို ခွဲဝေပေးမည်နည်း။ မည်မျှခွဲဝေပေးစေကာမူ မိမိတွင် လျော့သွားသည်မရှိဟု ဆိုပြန်သည်။ စဉ်းစားစရာ။ သာဓုခေါ်ရုံဖြင့် ကုသိုလ်ရနိုင်သည်ဟူသော အယူအဆ။ ဤသို့ဆိုလျှင် သာဓုခေါ်သူဘက်က အသာစီးရသည်။ သူက မည်သည့်အားထုတ်မှုမျှ မပါ။ မကြိုးစားရဘဲ နှုတ်က "သာဓု"ခေါ်ရုံဖြင့် ကုသိုလ်ရသည်ဆိုခြင်းမှာ အလွန်သက်သာလွန်းသည်။ အချို့က လှူသူနှင့် တန်းတူရသည်ဟု ဆိုပြန်သည်။ လှူသူက ငွေကုန်၊ ပစ္စည်းစိုက်၊ လူအားထည့် ကြိုးစားအားထုတ်မှု များပြားလှသော်လည်း သာဓုသမားနှင့်တန်းတူ ကုသိုလ်ရသည်ဆိုပါက တရားမျှတနိုင်ပါမည်လား။

"ဘာမျှလုပ်မနေဘဲ အလှူတကာ လှည့်လည်သာဓုခေါ်နေလိုက်ရုံပေါ့"ဟု အချို့က ဆိုသည်။ ရယ်စရာစကားဖြစ်နေသော်လည်း အလေးအနက် ထောက်ထားစဉ်းစားစရာ။

သာစည်မြို့နယ်၊ ငါးဆူကမ္မဋ္ဌာန်းရိပ်သာ ဆရာတော်ကြီး 'ဘဒ္ဒန္တပဏ္ဍဝမဟာထေရ်'၏ ဆုံးမစကားတစ်ခွန်းက နှိုင်းယှဉ်မှတ်သားစရာ။

"ယောဂီတို့ . . . အားထုတ်ကြပါ၊ ကြိုးစားကြပါ။ သာဓုတန်းဆိုတာ သိလား။ ကိုယ်ကတော့ ဘာမှမလုပ်ဘဲ သူများတွေ အားထုတ်ကြိုးစားကြလို့ တရားရသွား၊ သိသွားကြတော့ သူတို့ဟောပြတဲ့အခါ လိုက်တရားနာပြီး သာဓု သာဓုနဲ့ လိုက်ဆိုကြတဲ့သူတွေကို ပြောတာ။ သာဓုတန်းမှာ မနေကြနဲ့ အားထုတ်ကြ"

သည်စကားအရ သာဓုခေါ်သူများ ကုသိုလ်ရသည်ဆိုခြင်းထက် အလှူအောင်ပွဲတစ်ခုအတွက် လက်ခုပ်တီး ဩဘာပေး၊ မုဒိတာပွား ကောင်းချီးပြုသည့်အဆင့်ကိုသာ မျှော်လင့်စရာ။

ထို့ကြောင့် . . . မသေခင် ကိုယ်တိုင်ကိုယ်ကျ တရားရှာဖွေခြင်းသည်သာ အကောင်းဆုံး။ ကိုယ့်အတွက် ကိုယ်တိုင်ပြုသည့် ကုသိုလ်သည်ကာ အမွန်မြတ်ဆုံး။ ကိုယ်တိုင်သွန်းလောင်းသည့် အလှူရေစက်သည်သာ အေးမြဆုံး။ အကျိုးတရားကို ကိုယ်တိုင်ခံစား၊ စံစားနိုင်ခြင်းသည်သာ အသေချာဆုံး။


ရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com

၀၄၀၈ (Y) ၀၇၄၆၄




# စပွါယ်ဖူး ဆေးတိုက်မှ အစွမ်းထက်လိမ်းဆေးများ




၀၄၀၈ (Y) ၀၇၄၆၅

"သီတာရေ. . . ဒီနေ့ ကွန်ပျူတာကလပ်(စ်) မတက်နိုင်လို့ ခွင့်တင်ပေးစမ်းပါကွာ"

"ဘာဖြစ်လို့လဲ နီလာရဲ့"

"အိမ်မှာ မောင်လေးကလည်း ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ဖြစ်နေလို့. . . နောက် မမမေကလည်း အရိုးကျီးပေါင်းတက်ပြီး လည်ပင်းမလှည့်နိုင်နဲ့ဆိုတော့ အိမ်ကိစ္စတွေ လုပ်ရမှာမို့ ကလပ်(စ်)မတက်နိုင်ဘူး"

"ဆေးခန်း သွားမပြဘူးလား"

"အိမ်နားက ဆေးခန်းသွားပြတာပဲ. . . ဒါပေမဲ့ မသက်သာဘူး ဖြစ်နေတယ်"

"ဩော်. . . ဒါလေးများ ကိုယ်တို့ အမြဲတမ်းပြနေတဲ့ စပွါယ်ဖူးဆေးတိုက်မှာ ပြကြည့်ပါလား"

"စပွါယ်ဖူးဆေးတိုက်က ဘာကောင်းလို့လဲ"

"စပွါယ်ဖူးဆေးတိုက်ကထုတ်တဲ့ ချွဲသလိပ်ကြေ ရင်လူးဆေးရှိတယ်၊ အဲဒီဆေးက ကလေးလူကြီး အသက်အရွယ်မရွေး သုံးစွဲနိုင်တယ်။ ချွဲသလိပ်ရင်ကျပ်၊ ကြက်ညှာ၊ ချောင်းဆိုး၊ အစာမကြေ၊ ဗျို့အန်၊ ရင်ပြည့်ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိ၊ ဝမ်းဖောဝမ်းရောင်၊ သေထိုးလေအောင့် အကုန်ပျောက်တဲ့ အထူးလိမ်းဆေးပဲ။ အဲဒီဆေးကို လည်ပင်းမှစ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးရင် သက်သာပျောက်ကင်းသွားရမယ်"

"ဒါထက် အရိုးကျီးပေါင်းရောဂါအတွက်ရော ဆေးထုတ်သေးလား"

"အရိုးကျီးပေါင်းရောဂါအတွက် အထူးစီမံဖော်စပ်ထားတဲ့ အရိုးကျီးပေါင်းလိမ်းဆေးလည်း ထုတ်တယ်၊ လည်ပင်းကျီးပေါင်း၊ ခါးဆစ်ကျီးပေါင်း၊ အဆစ်အမြစ် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောတက်၊ ခေါင်းကိုက်ခြင်းအပြင် လေဖြတ်ဝေဒနာရှင်များကိုပါ လိမ်းပေးရင် သိရောက်ပြီး ဝေဒနာသက်သာ ပျောက်ကင်းပါတယ်။ အထူးသဖြင့် တရားမထိုင်မီနဲ့ အားကစားမလုပ်မီ ကြိုတင်လိမ်းပေးရင် အကြောများ ပြေလျော့ပြီး အလုပ်လုပ်လို့ အင်မတန်ကောင်းမွန်ပါတယ်"

"ဒီလောက်ကောင်းတဲ့ဆေးကို ဘယ်မှာ ဝယ်ယူရရှိနိုင်ပါလဲ"

**"ပင်ရင်းဌာနကတော့ အမှတ်(၆၄)၊ သရဖီလမ်း၊ (၃/တ)ရပ်ကွက်၊ မင်္ဂလာဒုံက စပွါယ်ဖူးဆေးတိုက်မှာပါ။ ဖုန်းနံပါတ်ကတော့ ၀၁-၇၂၄၈၃၅၊ ၀၉-၅၀၃၇၅၅၈ နှင့် ၀၉-၅၁၉၇၈၇၇** တို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ရွှေဘုံသာလမ်းက တိုင်းရင်းဆေးဆိုင်တွေမှာလည်း ရရှိနိုင်ပါတယ်။ အကြောင်းစုံ သိချင်ရင်တော့ အထက်ပါဖုန်းနံပါတ်နဲ့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။ ကဲ. . . သီတာရေ. . . ရောဂါတွေ အမြစ်ပြတ်ချင်ရင်တော့ **'တကယ်ထူးတဲ့ စပွါယ်ဖူးဆေးတိုက်'** ကို အမြန်ဆုံး ဖုန်းဆက်လိုက်နော်"


**ဆေးခန်းဖွင့်ချိန်က "နံနက်(၉-၁၁)နာရီ ညနေ(၄-၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါတယ်"**

"ကောင်းပါပြီ သူငယ်ချင်း"

သင်. . . အမှန်တကယ် ရောဂါပျောက်ချင်ရင် **တကယ်ထူးတဲ့ စပွါယ်ဖူးဆေးခန်း** နှင့် အမြန်ဆုံး ဆက်သွယ်လိုက်ပါ။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းမြင့်တော့ရော မေတ္တာရှင်....

စာစု (၁)

**ဘေစာရီ ပထမည**

(၁)

ကျေးငှက်တို့၏ အသံက ပြုံးရွှင်ကြသည်။

ညက သုမန၏ အဖြစ်အပျက်ကို သိကြလေဟန်မတူ။

ညက်ရှင်းသန့်သော နေရောင်သည် ကျောင်းသခ်မ်းလေးပေါ်လာ၏။

သုမန၏ မျက်လုံးများ ပွင့်လာသည်။

သုမနမှာ သူ့ကိုယ်သူ အံ့ဩနေ၏။

ညကဖြစ်ပျက်သွားသော အဖြစ်အပျက်သည် အိပ်မက်မဟုတ်၊ အမှန်တကယ်ဖြစ်ပေါ်သွားသော အဖြစ်အပျက်တစ်ခုဖြစ်သည်။ အမှန်တကယ်သာ ဆိုလျှင် သူ ယခုကဲ့သို့ အသက်ရှင်နေစရာအကြောင်း မရှိတော့ချေ။

သူ၏ခန္ဓာ ဇာတ်သိမ်းနေလောက်ပြီ။

ယခုမူ အသက်ရှင်ဆဲ ရှိနေချေသေးသည်။

ညကအဖြစ်အပျက်များကို အိပ်မက်ဟု ထင်မှတ်ယူရချေတော့မည်။

လေတိုးသံ၊ တောတိုးသံ၊ ခေါ်သံများ။

ထိုအသံများနှင့် တောကြီးမြွေဟောက်တို့အားလုံးကို သူ တိတိပပ မှတ်မိနေ၏။

(၂)

မေတ္တာရှင်သည် သုမန၊

သုမနသည် မေတ္တာရှင်။

မေတ္တာရှင်အဖြစ် မိမိကိုယ်ကို မိမိ သမုတ်ခံယူ ပြဋ္ဌာန်း၍ ရသည်မဟုတ်ချေ။

မိမိ၏ရည်မှန်းချက်က မေတ္တာရှင်။

မိမိကျင့်ကြံအားထုတ်ပြီး အလေ့အထပြုနေရမည်က မေတ္တာရှင်အဖြစ် ခံယူရရှိရေး။

ဤသည်ကား မိမိ၏ ပဓါနကျသော လုပ်ငန်းစဉ်သာ ဖြစ်ပါချေ၏။

မိမိသည် မေတ္တာရှင်အဖြစ် နိုင်မြဲမှု ရှိမရှိ ဒေဝတာတို့က အဆုံးအဖြတ် ပြုပါချေမည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိမေတ္တာရှင်အဖြစ် ရှင်သန်မှုကို ပုဂ္ဂိုလ်ပိုင်းဆိုင်ရာက အတည်ပြုချက် ပေးပါလိမ့်မည်။

ပြီးတော့

မိမိနှင့် ဆက်ဆံထိတွေ့နေသော လူဆိုးလူကောင်းများသည်လည်းကောင်း သတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ တောတောင်ရေမြေသဘာဝ လောကကြီးတို့သည်လည်းကောင်း အမြဲထုတ် ပေးကြပါလိမ့်မည်။

စင်စစ်

မေတ္တာရှင်ဟူသော အမည်ခံယူနိုင်ရန် လွယ်ကူချောမောသောအရာတော့မဟုတ်ပါချေ။

မေတ္တာရှင်ဖြစ်ရန်မှာ -

လမ်းစဉ်တော်ရှိသည်။

ကျင့်စဉ်စခန်းရှိသည်။

ဘဝကိုမြှုပ်နှံရမည်။

ခန္ဓာကို အရင်းအနှီးပြုရမည်။

ယခုအခါ၌ ဆရာသခင်ထံမှ အချိန်ကြာမြင့်စွာ မျှော်လင့်တောင့်တခဲ့သော ဆုလာဘ်စကားကို ရရှိလိုက်လေပြီ။

သုမန၏ ဆရာသခင်အမည်မှာ သုဝနဖြစ်သည်။

အတိတ်ပဗ္ဗာန်ဆက် ထူးခြားဆန်းကြယ်စွာ ဆရာနှင့်တပည့်တို့ ဂန္ဓကီရိဝင်းကျိုက်တောင်မှာ လာပြီးဆုံတွေ့ခွင့်ရရှိကြသည်။

ဆရာသခင်၏ စမ်းသပ်စစ်ဆေးမှုကို ခက်ခဲပင်ပန်းစွာ ဝါယမစိုက် ခံယူခဲ့ရ၏။

သည်မနက်ခင်းမတိုင်မီ ကာလများသည် သုမနအဖို့ သာယာကြည်နူးဖွယ်၊ တမ်းတလွမ်းဆွတ်ဖွယ်ကောင်းသောကာလမဟုတ်ပါချေ။

မဟာခရီးကြမ်းကြီးကို လျှောက်လှမ်းခဲ့ရသည်။

ယခုတော့ မောဟိုက်ပင်ပန်းမှုတို့ လွင့်ပျောက်ခဲ့ရပြီ။

သုဝနဆရာသခင်က သည်မနက်ခင်းမှာ သူ့အား မေတ္တာရှင်ဟု ဝိသေသပြုခဲ့သည်။

ဆရာသခင်ကို စိတ်ထဲမှ ညွတ်နူးစွာကန်တော့လိုက်ရ၏။ မျက်နှာအမော့မှာ ဆရာသခင်သည် သူ့နှင့်ဆန့်ကျင်ဘက်ဝေးရာသို့ ထွက်ခွာသွားသည်ကို တွေ့ရ၏။

သူ့မှာ တားမြစ်ပိုင်ခွင့်မရှိ။

ဆရာသခင်ထံမှ ထပ်မံ၍ တစ်စုံတစ်ရာ မိန့်ဆိုစကား ကြားရလိုဖြား သုမန နားစွင့်ထား၏။

ဆရာသခင်၏ နှုတ်မှ စကားတစ်ခွန်းမှ ထွက်ကျမလာချေ။

ရွက်ကြွေတို့၏အပေါ် ဆရာသခင်ဖြတ်နင်းလျှောက်သွား၍ မြည်လာသောအသံသာကြားရ၏။

သုမန သိလေပြီတည်း။

ဆရာသခင်သည် သူ့အား စိတ်ချလက်ချဖြင့် ထားရစ်ကာ ကျောခိုင်းစွန့်ခွာခဲ့လေသဖြင့် သုမန၏မျက်ဝန်းအိ မျက်ရည်စများ ဝေ့သီလာသည်။

ထိန်းထားသည့်ကြားမှ မျက်ရ စက်တစ်ပေါက် နှစ်ပေါက် ကြွေသ သေး၏။

ချက်ချင်းဆိုသလိုပင် ထပ်မံ ကျဆင်းရန် တာစူနေသော မျက်ရည် တို့ကို မျက်တောင်များဖြင့် ပုတ်ခတ် သိမ်းဆည်းလိုက်ရ၏။

ယခုတော့ သူတစ်ဦးတည်းသ

(၃)

ကေစာရီအကျင့်၏ ပထမည

ဤညကို သူတစ်ပါးတည်းရင် ဖြတ်သန်းရမည်။

မကြာမီ ညကို အမှောင်လော သည် ဦးခိုက်ရတော့၏။

သူစကြံ်လျှောက်နေသည်။

ကျောင်းကောရာဇ်အနီး သစ်ပုံ အောက်သို့ ရောက်သောအခါ ကြ ကလေးများပင် ကောင်းကင်၌ တ စနှစ်လုံးစ ထွက်ပေါ်နေလေပြီ။

ဆရာသခင်နှင့် ယခင်က အ နှစ်ပါးသီတင်းသုံးသည်။ ဤည၌ ဆ သခင်မရှိသောကြောင့် အထူးသတိ ၍နေရသည်။

တစ်စုံတစ်ခုသည် ဤညတွင် ပွား ပေါ်ပေါက်လာတော့မည်ဟု ထင်၏။

လောလောဆယ်တွင် ဝန်း တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေ

www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ် ငြိမ်သက်နေခြင်းသည် ချောက်ချား အကျည်းတန်မှု တစ်ခုပင် ဖြစ်သည်။

မကြာမီပင် တောတိုးသံကို စကြား ရတော့သည်။

တောတိုးသံကား သူနှင့် အတော် လေးဝေးနေသေး၏။

တောတိုးသံကြားရာဆီသို့ လှမ်း ကြည့်လိုက်သောအခါ ချုံနွယ် ကိုင်းပင် များယိမ်းနေသည်ကို တွေ့ရသည်။

အန္တရာယ်တစ်ခုခု ရှိနေပြီကို သိလိုက်၏။

သုမန၏စိတ်တို့ တုန်လှုပ်မှုဖြစ် ချင်နေပေပြီ။

စိုးရိမ်ထိတ်လန့်မှုလည်း ဖြစ်ချင် နေပေပြီ။

မည်သို့ဆိုစေ ဤညကို သူရင်ဆိုင် ဖြတ်သန်းရမည်။

ဤည လွန်မြောက်မှုသည် သူ၏ အောင်မြောက်ရေးအတွက် ခြေလှမ်းတစ် လှမ်းလည်းဖြစ်သည်။

"ဝုန်း"

အသံက သိပ်မဝေးလှဟု ထင် သည်။

သစ်ပင်ကြီးတစ်ပင် လဲပြိုသံကို ချောက်ချားဖွယ်ရာ ကြားလိုက်ရ၏။

သုမနအား ထိုအသံက စိုးထိတ် မှု ဖြစ်လာစရာအကြောင်း မရှိ ချေ။

သုမန စကြံ့ ဆက်လျှောက်နေ သည်။

သစ်ပင် လဲပြိုသံက သုမန၏ အမှတ်သညာကို ပျက်မသွားပါချေ။

"သုမန"

သူ့အား ခေါ်သံလိုလို ကြားနေရ သည်။

ထိုခေါ်သံသည် သူ၏အရှေ့ဘက် ဆီမှလည်း ထွက်ပေါ်လာတတ်သည်။ အနောက်ဘက်ဆီမှလည်း ထွက်ပေါ်လာ တတ်သည်။

ဤနေရာကား လူသူကင်းဆိတ် သောနေရာဖြစ်၏။

သူ့အား ခေါ်မည့်သူမရှိ။

သူတစ်ဦးတည်းသာ ရှိသည်။

ဆရာသခင်က သူ့ကိုခေါ်ရန်မှာ လည်း ဆရာသခင်သည် ယနေ့ နံနက် ခင်းကတည်းကပင် သူ့အား စွန့်ခွာသွား ခဲ့လေပြီ။

သူ့အား တစ်စုံတစ်ယောက်က ခေါ်နေသည်ဟု စိတ်ကထင်ယောင်ခြင်း လည်းဖြစ်နိုင်သည်။

အသံက တိုးတိုးညင်းညင်း။

သုမန စိတ်ကို လှုပ်ရှားစပြုပြီ။

ရှေ့လျှောက် မည်သို့သော အရာ များနှင့် ရင်ဆိုင်ကြုံတွေ့ရဦးမည်မသိ။

သူ တည်ရှိရာ သစ်ပုပ်ပင်၏ အကိုင်း အခက်များက လှုပ်ယမ်းလေ သောအခါ ဆရာသခင်ကို အားငယ်စွာ တမိ၏။

တောခြောက်ခြင်းပေလား။ ချောက် ချားထိတ်လန့်ဖွယ်ရာတော့ ကောင်း၏။

"သုမန မင်းရဲ့မေတ္တာလက်နက်ကို မမေ့မလျော့စေနဲ့၊ မေတ္တာနဲ့ အောင်နိုင် မှုကို ရယူလိုက်စမ်း"

သုမန၏ နှလုံးခုန်သံကြားထဲမှ တွန်းထိုးထွက်လာသော စကားများ ဖြစ်၏။

ဤစကားများဖြင့် ကိုယ့်ကိုယ်ကို အားတင်းရပါမည်။

သစ်ပုပ်ပင်၏ အကိုင်းအခက်များ မှာ လေမတိုက်ဘဲ လှုပ်ယိမ်းနေဆဲရှိ၏။

ညသည် နက်သည်ထက် နက်လာ ချေပြီ။

စောစီးစွာ ထွက်လာခဲ့သော လသည် စောစီးစွာပင် ပြန်လည်ပျောက် ကွယ်ချေတော့မည်။

မကြာမီ မှောင်အတိကျပေတော့ မည်။

မေတ္တာလက်နက်။

သူ့မေတ္တာကို ပွားများအားထုတ်ရ ချေတော့မည်။

ညသည် အအေးလှိုင်းများကို လက်ခံရယူနေ၏။ သုမနသည် ချမ်းစိမ့် မှုကို စတင်ခံစားရ၏။

သူ၏ခြေလှမ်းများမှာ သစ်ပုပ်ပင် ၏အောက်သို့ ရပ်တန့်သွားပြီးနောက် သူ ထိုင်ချလိုက်၏။

ဣရိယာပုထ်ကို နေသားကျအောင် ပြုပြင်လိုက်သည်။

ခါးကိုမတ်မတ်ထား၏။ နေသား တကျဖြစ်အောင် ပြုပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

တောင့်တင်း၍ကားမနေ၊ လက်သီးနှစ်ဖက်ကို ခပ်ရွရွလေးဆုပ်ထားသည်။ ညာလက်ကို ညာခြေမှာ တန်း၍ချထား၏။ ဘယ်လက်ကိုလည်း ဘယ်ခြေပေါ် တန်းချထားသည်။

ဣရိယာပုတ်တော့ အဆင်သင့်ဖြစ်လေပြီ။

ပထမဦးစွာ လှုပ်ရှားနေသော စိတ်ကို ငြိမ်သက်အောင် ကြိုးစားသည်။

စက္ခုနှစ်ကွင်းကို ပိတ်ချလိုက်သည်။

အာရုံတို့ကို စုစည်းလိုက်၏။

အာရုံတို့ကို စုစည်းနေစဉ်မှာပင် တောတိုးသံသည် တဝုန်းဝုန်းနှင့် ဆူညံလာသည်။ ယနေ့ညမှာ ထူးထူးခြားခြား ဆူညံနေသော ဤတောဤတောင်သည် သုမန၏စိတ်ကို လွတ်ထွက်လုလု ဖြစ်သွားချေ၏။

ကမ္မဋ္ဌာန်းအာရုံကို တင်လိုက်သည်။

ပထမတော့ စိတ်က လျော့ရဲနေသေးသည်။

သူ့အား ခေါ်နေသံဆီသို့ ရောက်ချင်ရောက်သွားတတ်သည်။

သစ်ပုပ်ပင်၏ အကြောင်းမဲ့ လှုပ်ယိမ်းနေမှုကို အာရုံက ရောက်နေတတ်သည်။

ထိုအရာ အားလုံးတို့ကို သူ ဥပေက္ခာပြုရန် ကြိုးစားလိုက်၏။

တဖြည်းဖြည်း နီးကပ်လာသော တောတိုးသံများထံ စိတ်ကလျှောက်သွားနေသေးသည်။

တဖြည်းဖြည်း နီးကပ်လာသော တောတိုးသံများထံ စိတ်ကလျှောက်သွားနေသေးသည်။

တော်ရုံနှင့် ထိုအာရုံကို ဖြတ်မရဘဲရှိနေ၏။

ကြောက်လန့်တတ်သူတို့အဖို့ လေတိုးသံသည်ပင် လိပ်ပြာလွင့်ချင်နေတတ်၏။

သုမန်ကား ရင့်ကျက်လုလုရှိသူ။ ရင့်ကျက်ရန် ကြိုးစားနေသူ။

အာရုံကို စုစည်း၍ရလာသည်။ သမာဓိတို့ ခိုင်မြဲလာသည်။ တစ်ချက်တစ်ချက်တွင် အာရုံက လွင့်ချင်သလိုလိုဖြစ်နေသေး၏။

အာရုံကို စုစည်း၍ရလာသောအခါ မေတ္တာကို ဖြန့်ကျက်သည်။ မေတ္တာတို့ ကအနီးမှာ၊ အဝေးမှာ၊ တောင်မှာ၊ မြောက်မှာ၊ ပျံ့လွင့်နေကြ၏။

အထက်သို့လည်း ပျံ့၏။

တောတောင်ကိုဖြတ်သည်။ မြစ်ချောင်းကိုကူးသည်။ ဒေဝတာတို့ထံလည်း မေတ္တာတို့သည် တမန်တော်အဖြစ်သွား၏။ ရက္ခစိုးတို့ထံလည်း ကူးလူးသည်။

ကမ္ဘာကုန် ကျယ်သရွေ့ မေတ္တာများ လွှမ်းယှက်ထိုးနေ၏။

ယူဇနာများစွာ၊ မိုင်ပေါင်းများစွာကို တဒင်္ဂအတွင်းမှာ မေတ္တာအဟုန်တို့သည် ကူးချည်သန်းချည် ပြုနေ၏။

သုမန၏ ပို့လွှတ်သော မေတ္တာ မရောက်သောသူမရှိ။ သုမန၏ မေတ္တာ မရရှိသောသူမရှိ၊ သုမန၏မေတ္တာ လက်ခံမရသော ဒေဝတာမရှိ။

သုမန၏ မေတ္တာသည် ယမမင်းတို့၏ နိုင်ငံတော်ကိုလည်း ရောက်သည်။ ဗြဟ္မာပြည်သို့လည်း ခရီးဆန့်၏။

မေတ္တာသည် ငှက်အသွင်လည်း ပျံသန်းသကဲ့သို့ ရောင်ခြည်တန်းသဖွယ်လည်း ပြေးလွှားသည်။

သုမနသည် မေတ္တာဘာဝနာ အပေါ် ဘဝင်စိတ်ကျလေပြီ။

သုမနသည် တောတိုးသံကို မ… တော့၊ သစ်ကိုင်းလှုပ်သည်ကို အမှတ်မဲ့ သွား၏။ ခေါ်သံတို့လည်း ပျောက်ကွယ်ခဲ့ပြီ။

ရှီ…..

ရှီ…..

သုမန၏နားမှာ လေချွန်သံလိုကြား ရသည်။ သုမန၏ မျက်နှာမှာ ယ… တောင်ခတ်သည်သို့ လေဟပ်နေ၏… အစုန်အဆန်လေက ထိပွတ်တိုး… သွား၏။

မည်သို့သောအရာ ဖြစ်မည်နည်း…

အနည်းငယ် ရိပ်မိစပြုလာသည်… မျက်လုံးမဖွင့်ဘဲနှင့်ပင် သိလာသည်…

ထိုအရာသည် နတ်ဆိုးတစ်ပါး… လွှတ်လိုက်သော စေတမန်ဖြစ်၏…

အနံ့အသက်နှင့် အသံတို့… မြွေတစ်ကောင်ဖြစ်မည်ဟု သု… ယေဘုယျ သုံးသပ်၍ရ၏။

သုမန မျက်လုံးကိုဖွင့်လိုက်သည်…



www.burmeseclassic.com

www.burmeseclassic.com

သုမနထင်သည့်အတိုင်းပင် နတ်ဆိုး၏ တပည့်လက်သားကို တွေ့ရှိရသည်။ ထိုအရာကား အခြားမဟုတ်။ တောကြီးမြွေဟောက်တစ်ကောင်သည် သူ၏ရှေ့တည့်တည့်မှာ ပါးပျဉ်းထောင်နေ၏။ သူနှင့် အနီးကပ်ဆုံးနေရာမှာရှိနေသည်။ တောကြီးမြွေဟောက်၏ ပါးပျဉ်းသည် သူ၏မျက်နှာနှင့် ထိလုနီးပါးဖြစ်သည်။ သူ၏ပါးပျဉ်းကို ယိမ်းခါလိုက်တိုင်း မျက်နှာမှာ လေဟပ်နေ၏။

သုမန၏ မေတ္တာဓါတ်တို့သည် အဝေးသို့ ပြန့်ကျဲနေရာမှ တောကြီးမြွေဟောက်ထံ စုပုံလိုက်သည်။

သမာဓိနိုင်နေချိန်မှာမို့ စိုးရိမ်ကြောင့်ကြမှုများ ကင်းနေ၏။ တောကြီးမြွေဟောက်၏ အဆိပ်သင့်ပြီး ခန္ဓာအား စွန့်လွှတ်ရမည်ကိုလည်း နှမြောတသခြင်းမရှိ၊ ခန္ဓာသည် တွယ်မက်စရာမရှိ၊ ခန္ဓာ၏ အပြစ်များကို သုမနကောင်းစွာ သိသည်။ ဆရာသခင်ကလည်း ကောင်းစွာသွန်သင်ထားပြီး ဖြစ်၏။ သူ၏ အသက်ကို တောကြီးမြွေဟောက်၏ လက်ထဲအပ်ရန်ဝန်လေးဆုတ်ဆိုင်းခြင်း ကင်းနေသည်။

ဒေါမာန်ထနေသော တောကြီးမြွေဟောက်၏ တရှူးရှူးနှာမှုတ်သံသည် တိတ်ဆိတ်လွန်းသော ညဥ့် တော်လည်း တစ်ခုကဲ့သို့ အနီးကပ်ကြားနေရသည်။

သုမန တစ်ချက်ကလေးတွန့်လိုက်ခြင်းနှင့် သူ၏ထိပ်တည့်တည့်သို့ ပေါက်ထွက်မည်မှာ သေချာသည်။

သုမနသည် တောကြီးမြွေဟောက်ကို မျက်စိဖွင့်ကြည့်ရင်း မေတ္တာများ တစ်စင်းပြီးတစ်စင်း အဆက်မပြတ် ပစ်ခတ်နေ၏။

အချိန် အတန်ကြာသွားလေပြီ။

ထူးခြားမှုတစ်ရပ် ဖြစ်မလာ။ တောကြီးမြွေဟောက်၏ ဒေါသက လျော့ပြေခြင်းမရှိခဲ့။

ဆရာသခင်က သူ့အား မေတ္တာရှင်ဟုဆိုခဲ့သည်။ သူ့ကို စိတ်ချစွာ ကျောခိုင်းစွန့်ခွာသွားခဲ့သည်။

သူသည် မေတ္တာရှင်မှန်လျှင်သည် ပွဲမှာ အောင်နိုင်သူဖြစ်ရမည်။ ဤသည်မှာ သုမန၏ ယုံကြည်ချက်ဖြစ်သည်။

သုမန၏ တွက်ချက်မှု လွဲမှားသွားသည်။ မထင်မှတ်သော အဖြစ်အပျက်ကဖြစ်ပျက်သွား၏။

သုမနသည် သေရမည်ကို စိုးရွံ့နေသူမဟုတ်၊ သူ၏လမ်းစဉ်ခရီး မပြီးဆုံးသေးဘဲ ခန္ဓာတိမ်းယွင်းမှုကိုတော့ မလိုလားသူဖြစ်သည်။

သို့သော်လည်း ဝဋ်ကြွေးရှိလျှင် ဝဋ်ကြွေးနှင့် မကင်းလျှင်၊ ကံအခွင့်အလမ်းက အားနည်းလျှင် နောက်တစ်ဘဝမှ ဆက်ကျင့်ကြံအားထုတ်ရုံပေါ့။ နောက်တစ်ဘဝမှာ ပါရမီစခန်း ဆက်လှမ်းရုံပေါ့။ ဤသို့ စိတ်ကို ဒုန်းဒုန်းချထားသည်။

မထင်မှတ်သော အဖြစ်အပျက်။

ဟုတ်သည်။ ဤသည်ကိုတော့ ဖြစ်လာလိမ့်မည်ဟု မထင်မှတ်ထားပါ။ သို့သော်လည်း ဖြစ်ကောင်းဖြစ်လာနိုင်သည်ဟုတော့ မျှော်လင့်ထားသည်။

တောကြီးမြွေဟောက်၏ ပါးပျဉ်းသည် အနောက်ဘက်ကို ယမ်းခါသွားလေ၏။

ဤသည်ကို သုမန မြင်နေရသည်။ ထို့နောက် တောကြီးမြွေဟောက်၏ ဦးခေါင်းသည် လေအဟုန်ထက်ပင် လျင်မြန်စွာ သူ၏ ထိပ်တည့်တည့်သို့ ရောက်ရှိလာခဲ့သည်။

မျက်စိများသည် မီးထတောက်လောင်ကုန်၏။ နှလုံးသားတို့ များစွာပူလောင်သွားသည်။ အဆိပ်ရည်ပူများ သွေးကြောအတွင်း တရွေ့ရွေ့စီးမျောနေသည်ကို သုမနခံစားရ၏။ သုမနသည် ဒေါကန်ထနေသော တောကြီးမြွေဟောက်ကို မျက်လုံးဖွင့်၍ ကြည့်နေဆဲဖြစ်၏။

အဆိပ်များ ရီဝေလျက်ကနေ၍ နောက်ဆုံး ထွက်သက်ထိ တိုင်အောင် တောကြီးမြွေဟောက်အပေါ် ပို့လွှတ်ထားသော သူ၏မေတ္တာဓါတ်များ တွန့်ဆုတ်ယုတ်လျော့သွားခြင်းမရှိအောင် သူကြိုးစားထိန်းသိမ်းထားသည်။

မျက်လုံးများ ပြာဝေလာသည်။ တောကြီးမြွေဟောက်၏ သဏ္ဍာန်ကို ရိပ်ရိပ်၊ ရိပ်ရိပ်သာမြင်ရ၏။ ဦးနှောက်များရီဝေလာသည်။ အမြင်များ မှုန်ဝါးလာသည်။ ခံနိုင်ရည်စွမ်းအား နည်းလွန်းခဲ့ပြီ။ ဤသည်၏နောက်၌ သုမန၏



www.burmeseclassic.com

www.burmeseclassic.com

အသိသည်လည်းကောင်း၊ မနောအာရုံသည်လည်းကောင်း သုညကမ္ဘာသို့ ဆိုက်ရောက်သွားလေတော့၏။

(၄)

ကျေးငှက်တို့က သံသာဟစ်ကြွေးကာမြူးရွှင်နေ၏။

ဉာက သုမန၏အဖြစ်အပျက်တို့ကို သိကြဟန်မတူ။

ကြည်လင်သန့်ရှင်းသော နေရောင်ခြည်သည် ကျောင်းသခ်မ်းလေးအပေါ် ထိုးကျလာ၏။

သုမန၏ မျက်လုံးများ ပွင့်လာသည်။

သုမနမှာ သူ့ကိုယ်သူ အံ့သြနေ၏။

ညကအဖြစ်အပျက်သည် အိပ်မက်မဟုတ်၊ အမှန်တကယ် ဖြစ်ပျက်သွားသောအဖြစ်အပျက်ဖြစ်သည်။ ထိုအဖြစ်အပျက်သည် အမှန်တကယ်သာဆိုလျှင် သူ ယခုကဲ့သို့ အသက်ရှင်နေစရာအကြောင်းမရှိချေ။ ခန္ဓာဇာတ်သိမ်းပြီးဖြစ်ရမည်။

ယခုမူ အသက်နှင့်ခန္ဓာကိုယ် အိုးစားမကွဲသေးပေ။

တောခြောက်သည်ကို ခံခဲ့ရသည်။ တောတိုးသံ၊ လေတိုးသံ၊ ခေါ်သံများနှင့် အတူ တောကြီးမြွေဟောက် အားလုံးတို့ကို တိတိပပမှတ်မိနေသည်။

ပြတင်းကဲလားတံခါးကို ဖွင့်လိုက်၏။

နှင်းမှုန်ကြားမှာ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦးကို မြင်ရသည်။ ထိုဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်သည် ဆရာသခင်မှန်း ကောင်းစွာသိသည်။

အဘသည် သူ့အား စွန့်ခွာသွားခဲ့၏။ အရေးကြီးလျှင် သူ၏အနီးသို့ ရောက်လာမှန်းသိရပြီ။ ညက အဖြစ်အပျက်သည် အိပ်မက်မဟုတ်၊ တကယ့်အဖြစ်အပျက်၊ သူ၏ဘဝ တစ်ဖန်ပြန်လည်ရှင်သန်မှုသည် ဆရာသခင်၏ အစွမ်းကြောင့်သာဖြစ်ကြောင်း သူသိလိုက်ရပြီ။

အဘ၏ ပုံဟန်သည် ပျောက်ကွယ်သွားလေပြီ။

အဘဆီသို့ ရည်မှန်းကာ ဂါရဝပြုလိုက်သည့်ခဏ လောကသည်ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသွားတော့သည်။

## စာစု (၂)

# ဒုတိယနေ့ မွန်းမတည့်မီ

သုမနသည် ဆရာသခင်လည်း မရှိ၊ အခြားသူတစ်ပါးလည်း မရှိဘဲ တစ်ဦးတည်း ကေစာရီပထမညကို လွန်မြောက်ခဲ့လေပြီ။

ပထမည မတိုင်ခင်က မိမိကိုယ်ကို မိမိ စိတ်ချယုံကြည်မှုမရှိသေးချေ။

ပထမည၏ အတွေ့အကြုံသည် သူ၏ စိတ်ဓါတ်ကို ပိုမိုခိုင်မာ မြင့်မားစေလေ၏။

ပထမညသည် လူသားတို့၏စကားဖြင့်ဆိုရပါမူ စမ်းသပ်စစ်ဆေးမှု တစ်ခု ကို အောင်မြင် ကျော်လွှားနိုင်လိုက်ခြင်းပင်ဖြစ်သည်။

ပထမည၏ အတွေ့အကြုံကို သုမန ပြန်လည်သုံးသပ်ဆင်ခြင်ကြည့်၏။ ဆရာသခင်၏ ဂုဏ်ကျေးဇူးတော်မှာ လွန်စွာကြီးမားလှကြောင်း ကောင်းစွာနားလည်သွားသည်။

ဆရာသခင်သည် သူနှင့်ဝေးကွာလှသော တောတောင်တစ်ခုခုသို့ရောက်ရှိနေမည်ဟု ထင်ခဲ့၏။

စမတောင်၊ ပုပ္ပါးတောင်၊ မဟာမြိုင်တော၊ ငွဲကပင်။

တစ်နေရာရာမှာ ရှိနေလိမ့်မည်ဟု ထင်ခဲ့သည်။ ဆရာသခင်သည် သူနှင့် မည်မျှ ဝေးကွာလှမ်းသော နေရာမှာ ရှိစေဦးတော့ အရေးကြုံလျှင် အနီးကို ရောက်နေတတ်ကြောင်း သိရလေပြီ။

သူအားမငယ်တော့၊ ဘာကိုမျှမကြောက်တော့။ လမ်းစဉ်ကို ဖြောင့်ဖြောင့် လျှောက်ဝံ့ပြီ။

ဆရာသခင်၏ အရိပ်ကို သူဖ ခန်မြင်သည်။

ဆရာသခင်၏ အရောင်ကို သ ဖျပ်ခနဲတွေ့သည်။

ဆရာသခင်၏ ဓာတ်တို့သ သူ၏ဝန်းကျင်မှာ ရှင်သန်လှုပ်ရှာ ကွန့်မြူးဆဲပင်ဖြစ်ကြောင်း အကြွ ယုံကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာဂီရိတောင်ထိပ်သို့ လှမ်းမျှော်ကြည့်လိုက်၏။

မြူများ၊ တိမ်များ၊ ရေမှုန်များ လွင့်ပါးကင်းရှင်း၍ ကြည်လင်နေသော မိုးကောင်းကင်ဝယ် ဇင်းကျိုက်ဆံတော်ရှင်ကို လှမ်းမြင်ရသည်။ ဆံတော်ရှင်သည် ကောင်းကင်သို့ ကြွတက်နေဟန် ထင်ရသည်။

ယနေ့ညတော့ သူ ဇင်းကျိုက်ဆံတော်ရှင်ဘက်သို့ကူးရန် ဆုံးဖြတ်လိုက်၏။

သူ၏ စိတ်ဆန္ဒတို့သည် ဆံတော်ရှင်ထံသို့ ရောက်နေသည်။

ဒုတိယကေစာရီညကို ဆံတော်ရှင်မှာကုန်လွန်ချင်စိတ်များ ဖိနှိပ်၍မရတော့။

ဆံတော်ရှင်သည် ယနေ့ခေတ်အခါ ကာလ၌ အလွန်ပင် ပွင့်လင်းထင်ရှားနေ၏။ ဆံတော်အစစ်ဓါတ်အနှစ် ကိန်းဝပ်နေသည်။

သုမနအဖို့ ကိုယ်လက်သန့်စင်ရဦးမည်။ နံနက်စာဆွမ်းအလို့ငှာ ဖြည့်တင်းရေးကို ပြုလုပ်ရချေဦးမည်။ ယခင်က ဆရာသခင် ဆောင်ယူလာပေးသော သစ်ဥ သစ်ဖုဖြင့် အာဟာရမျှတခဲ့သည်။ တစ်ခါတရံ ဆရာသခင်ယူလာပေးသောဆွမ်းကိုလည်း သုံးဆောင်ခဲ့ရ၏။

ယနေ့အတွက် ဆွမ်းကို သုမနမည်သို့ကြံဆရမည်မသိ ဖြစ်နေ၏။

သူရှိနေသော နေရာမှာ လူသူနေထိုင်သောနေရာနှင့် မနီးပါချေ။

လူသူကင်းဆိတ်သော ဤတောကြီးထဲ၌ ဆွမ်းခံ၍လည်းရမည်မဟုတ်ကြောင်း သုမနကောင်းစွာသိ၏။ သုမနသည် ဆွမ်းကိစ္စအတွက် ခေါင်းခြောက်ခံစဉ်းစားမနေဘဲ ကိုယ်လက်သန့်စင်ရန်အတွက် မိမာတာစမ်းရှိရာသို့ ထွက်လာခဲ့သည်။

ဤစမ်းကလေးကို ရောက်ပြန်တော့လည်း ကသိုဏ်းတစ်ခုကို ရှုပွားရန် စိတ်ကူးဖြစ်ပေါ်လာရပြန်၏။

မိမာတာ စမ်းသည် အတော်လေး ကျယ်သော စမ်းတစ်ခုဖြစ်၏။ နွေရာသီကာလမို့ စမ်းရေနည်းနေပြီး ကျောက်တုံးအရွယ်အစားအမျိုးမျိုးတို့ မိမာတာစမ်းတစ်လျှောက် ထိုးထိုးထောင်ထောင်နှင့် ရှိနေသည်။

သဲလုံးကလေးများကလည်း ပြန့်ပြူးညီညာစွာရှိနေကြ၏။ စမ်းဘေးဝဲယာတစ်လျှောက်၌မူ သစ်ပင်၊ ဝါးပင်များ အုံကျင်းဖွဲ့ကာ ပေါက်နေကြပြန်သည်။

သုမနသည် ကျောက်တုံးတစ်တုံးဆီသို့ ရွှေ့လျားလှမ်းတက်လိုက်၏။ ထိုကျောက်တုံးတည်ရှိရာအနီးမှာ အိုင်လေးတစ်အိုင်ရှိသည်။ ရေတို့ကြည်လင်လှ၏။ ကျောက်ငါးကလေးများ ကူးခတ်နေကြသည်ကို အထင်းသားမြင်နေရသည်။

ကျောက်ငါးကြင်းများသည် ရေညှိရေမှော်နှင့် ကျောက်ကပ်ပွင့်များကို လက်လှမ်းတမီ တွတ်ထိုးစားသောက်နေကြ၏။ စားစရာ ရေမှော်ပင်များက အသင့်ရှိသည်။

အသက်ရှန်ရှာမည့် ရေမှုဆိုးများ ဤတောဤတောင်သို့ ရောက်လာနိုင်ခြင်းမရှိကြချေ။ ရေမှုဆိုးများ ရောက်လာကြသည်ဆိုဦးတော့ ကျောက်ကြိုကျောက်ကြားများမှာ ပုန်းခိုနားနေစရာရှိသည်။

ဆရာသခင်သည်လည်း သူ့ကို လွတ်လပ်မှုဗိညာဉ် ပေးခဲ့လေပြီလား။

ကြိုးကြာငှက်လေးများ ရေလာဆင်းသောက်ကြ၏။ သုမနကို ထိတ်လန့်ကြောက်ရွံ့မှုကင်းကြသည်။ သူတို့အဖို့ ဤဝန်းကျင်မှာ ရန်သူမရှိဟု ယူမှတ်ထားကြ၏။

ဤနယ်မြေမှာ အသက်တစ်ချောင်း သေစေလောက်သော လက်နက်ဟူ၍ တစ်ခုတစ်လေပင် ရှာမရသော နယ်မြေဖြစ်၏။

သစ်တောက်ငှက်၏ တတောက်တောက်အသံသည်သာ အကျယ်လောင်ဆုံးအသံတစ်ခုဖြစ်သည်။ တစ်ခါတရံမှာ မြစ်ဆိုင်များအုံကြွ၍ လဲပြိုသော တောသစ်ပင်တို့၏ အသံသာလျှင် မရှိပါက တိတ်ဆိတ်ငြိမ်သက်၍နေ၏။

သုမနသည် ကျောက်တုံးထက်မှာ ထိုင်သည်။ မျက်လုံးကို စေ့ပိတ်မသွားအောင် ထိန်းထားသည်။ ရေပြင်အဝန်းဝိုင်းပေါ်သို့ အကြည့်ကို ပို့လွှတ်ထားသည်။ သိန်းစွန်ငှက်သည် သုတ်ချီအံ့သော သားကောင်အား မျက်ခြည်ပြတ်မသွားအောင် စူးစူးရဲရဲ ကြည့်သည်သို့ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com

သူ၏စက္ခုမှာ အာပေါ၏ ဖြိုး သဏ္ဍာန်သည် တစ်စတစ်စ ပီသ ထင်ရှားနေလေပြီ။

"ဒါဟာ အာပေါ။

အာပေါဆိုတာ ဖွဲ့စည်းသည့်သဘော၊ ယိုစီးတဲ့သဘောရှိတယ်။

ခန္ဓာအတွင်းက သွေးနဲ့တူတယ်။"

ဆရာသခင် ပြောပြသွန်သင်ခဲ့သော စကားလုံးများက အသံသွင်း တိပ်ခွေကို နောက်ထပ်တစ်ကြိမ် ပြန်ဖွင့်နေသည်သို့နယ် ပြန်ကြားယောင်လာ၏။

"မြေဓါတ်ဆိုတာ ရှိတယ်သုမန၊ မြေဓါတ်ရှိလို့ ရေဓါတ်တည်နေတာပါ။ မြေဓါတ်ရဲ့ ခိုင်မာမှုအရဆိုရင် ပထဝီ သဘောလက္ခဏာ ခက်မာမှု၊ ကြမ်းတမ်းမှုသဘောပဲရှိတယ်"

စေ့စေ့ပြန်တွေးလိုက်သောအခါ ဆရာသခင်မရှိတော့ပေမယ့် ဆရာသခင်၏ စကားတို့က ဆရာသခင် အနားမှာရှိနေသကဲ့သို့ ပြန်ကြားယောင်နေ၏။ အခွင့်အခါသင့်တိုင်း၊ အကြောင်းတိုက်ဆိုင်တိုင်း ဆရာသခင်၏ စကားသံများက ပြန်လည်နိုးထ ရှင်သန်လာရ၏။

ဆရာသခင် သင်ကြားပေးခဲ့မှုအလုံးစုံသည် သုမန၏ သွေးသားထဲမှာ နက်ရှိုင်းစွာ စူးနစ်တည်ရှိနေခဲ့ပြီဖြစ်ကြောင်း သုမနကောင်းစွာ သဘောပေါက်၏။

"မြေဓါတ်က ဂဗ္ဘေပဲ။

ဂဗ္ဘေဆိုတာ တနလ်ာနဲ့ ကြာသပတေးနှစ်ပါး ပေါင်းစပ်မှုကနေ ရာဂ ဆန္ဒတွေ တွန်းထိုးလှုပ်ခတ်စေတယ် သုမန။"

သုမန၏ ပခုံးထက်မှာ စက္ကဝက်တစ်ကောင် နားလာသည်။ သုမန မလှုပ်ရှားမိ။ သုမန၏ အာရုံက ရှင်းသန့်နေသော ရေကြည်ပေါ်မှာ စူးစိုက်ထားရှိဆဲဖြစ်၏။ စက္ကဝက်ငှက်၏ မြူးရွှင်နေမှုကို ဥပေက္ခာပြုလိုက်သည်။

ဂဗ္ဘေဟာကာမ၊

ကာမဟာ အညီအဟောက်၊

အညီအဟောက်ဟာ မြေဓါတ်၊

ဂဗ္ဘေ တနလ်ာနဲ့ ကြာသပတေးနဲ့တို့၏ သင်္ကေတ ထပ်တူပြုမှုသဘော တရား တူညီမှုနိယာမတို့သည် မည်သည့်အတိုင်းအတာထိ ရှိနေပါသနည်း။

ဆရာသခင် ပြောကြားခဲ့သော စကားစအပေါ် ခြေရာကောက်ရင်း သုံးသပ်နေ၏။ ဆရာသခင်သည် သူ့အား အတွင်းသို့တိုင် ဖေါက်ခွဲ၍မပြခဲ့။

ယခုအချိန်မှာ သုမနသည်အတွင်းသို့တိုင် ဖေါက်ခွဲကြည့်ရမည့် အချိန်ဖြစ်၏။ ကိုယ့်လမ်းကိုယ်ဖောက်၍ ကိုယ့်ဘာသာတစ်ယောက်တည်း လျှောက်ရတော့မည်။

လောက၏ အရှိတရားများနှင့် ဒဿနများကို သူ စူးစူးရဲရဲကြည့်မှ ဖြစ်တော့မည်။ ဆရာသခင် သူ၏အနားမှာ ရှိစဉ်က သူသိလိုသမျှ မေးမြန်းရန် အခွင့်အလမ်းရှိသည်။ ယခုမူ မေးမြန်းခြင်းထက် ဆရာသခင်သင်ပြခဲ့သော အခြေခံအသိဖြင့် မိမိဘာသာ ရှာဖွေလေ့လာရတော့မည်။ ဆရာသခင် သူ့အား စွန့်ခွာသွားခြင်းမှာ သူ့အား ကိုယ့်ကိုကိုယ် ကိုယ်အားကိုးမှုဖြင့် အရောင်ပိုလက်လာစေရန်အတွက် ဖြစ်သည်။

မျက်လုံးများ မျက်တောင်မခတ်ဘဲ ကြာရှည်စွာ ဖွင့်ထား၍ မျက်အိမ်မှာ တင်းလာအောင့်လာသည်။ ပူနွေးလာသည်။

မျက်ခွံပိတ်ချလိုက်မိခြင်းသည် ရှုံးနိမ့်မှုတစ်ခုပင်ဖြစ်သည်။

မျက်ခမ်းတွေ အောင့်ပါစေ၊

မျက်အိမ်တွေ ပူနွေးလာပါစေ၊

မျက်စိတည့်ရာ အိမ်နှင့်တကွ ပေါက်ကွဲစေသည်ဆိုဦးတော့ မျက်ခွံများကိုပိတ်ချလိုက်ရန် အတွေး သုမနမှာ မရှိ။ စိတ်ဓါတ်ကြံ့ခိုင်နေပြီ။ ကျင့်သားရနေပြီ။

နေသည် အတော်မြင့်သော အနေအထားသို့ ရောက်လာ၏။

သုမန၏ ရင်ထဲမှာ ဆာလောင်မွတ်သိပ်မှုတို့ဖြင့် ပူလောင်နေသည်။ မည်သို့ဆိုစေ စမ်းရေဖြင့် ကိုယ်လက်သန့်စင်လိုက်၏။

ထိုသို့ ကိုယ်လက်သန့်စင်ခိုက်မှာပင် စာစိစုတရာအား သုမန သတိပြုမိသွား၏။ ထိုအရာသည် လှပသော



www.burmeseclassic.com

www.burmeseclassic.com

ပန်းဖြူလေးတစ်ပွင့် ဖြစ်နေသည်။ လှပသောပန်းဖြူလေးသည် ရေစီးကြောင်းအတိုင်း အတန့်အရပ်မရှိ မျောပါလာသည်။

ပန်းဖြူ။

ကသိုဏ်း။

ရေ။

သညာသုံးခုကို ဆင်ခြင်ကြည့်လိုက်သည်။ ဆရာသခင်ကဲ့သို့ပင် ဖောက်ခွဲထိုးထွင်းကြည့်သည်။

ဤအရာသုံးခုက နံနက်စာဆွမ်းအတွက် ပူပင်ကြောင့်ကြစရာမလိုတော့ကြောင်း သူ အတတ်သိလိုက်လေပြီ။

ရေသည် မြေရှိမှတည်၏။

သုမန ရေကသိုဏ်းရှုခဲ့သည်။

မြေသည် တည်လာပေးရ၏။

မြေသည် အစားအစာ၊

မြေမှ ပဒေသာပင်တို့ပေါက်သည်။ မြေမှ အသီးအနှံတို့ သီးပွင့်ဝေဆာသည်။

ယခု ရေထဲက ပန်းပွင့်ဖြူ။

ပန်းဖြူသည် မြေပင်ဖြစ်၏။ မြေသည် တည်ခဲ့ပြီ။

ပန်းဖြူသည် ဘူမိ၊

ဘူမိသည် မြေ။

ဘူမိသည် ဘုမ္မိလည်းဖြစ်၏။ ဘုမ္မိကပို့လာသော အာဟာရကို သုမန ဖြည့်တင်းခွင့်ရတော့မည်။

ဘုမ္မိဟူသည် သိုက်၏ ဖလှယ်ဩဟာရတစ်ခုဖြစ်သည်။

ဘုမ္မိသို့မဟုတ် သိုက်မှ ပို့လာမည့်ဆွမ်းကို သုံးဆောင်နေခွင့်ရတော့မည်။

ဆရာသခင် အနားမှာရှိစဉ်က လောက၏ ကြောင်းကျိုးဆက်စပ်ဖြစ်တည်နေမှုအကြောင်း အခွင့်ကြုံတိုင်း သုမနအား ပြောကြားခဲ့သည်။ ကြုံဆုံလာသော နိမိတ်များမှ အနာဂတ်ဖြစ်ပေါ်မှု ကြမ္မာကို ဖွင့်ထုတ်ပြခဲ့လေသည်။ ဤသို့ ဖွင့်ထုတ်ပြစဉ်က သူ့အတွက် မလိုအပ်ဟု ထင်သောကြောင့် အမှုမဲ့အမှတ်မဲ့ပင် နေခဲ့သည်။ ဆရာသခင်နှင့် အတူထာဝရနေရလိမ့်မည်ဟု ထင်ခဲ့သည်။ ဆရာသခင်ကိုသာ အားကိုးအားထားပြုနေခဲ့သည်။ ဆရာသခင် ညွှန်ကြားသော ကျင့်စဉ်များကိုသာ ပြင်းထန်စွာ ကျင့်နေခဲ့သည်။ ဂမ္ဘီရသဘော လောက၏ လှို့ဝှက်မှုသဘောများကို မလေ့ကျက်မိခဲ့ပေ။

ယခု ပထမဆုံး လောက၏ကျိုးကြောင်းဆက်စပ်မှုကို ဆရာသခင်မရှိသောကြောင့် ဂမ္ဘီရအတွေးအမြင်ဖြင့် ကြည့်မြင်မိခြင်းဖြစ်သည်။ ဆရာသခင်က စိတ်ဝင်စားသည်ဖြစ်စေ၊ စိတ်မဝင်စားသည်ဖြစ်စေ အထပ်ထပ်ပြောကြားသွန်သင်ခဲ့၍ နားရည်ဝနေသောကြောင့်သာ ဤသို့တွေးမြင်နိုင်ခြင်းဖြစ်သည်။

သို့သော်လည်း သူ၏ တွေးမြင်ချက်တို့သည် ရာနှုန်းပြည့်မှန်ကန်ဖြစ်ပေါ်လာခြင်းရှိ မရှိဆိုသည်ကိုတော့ ကျောင်းသင်္ခမ်းပြန်ရောက်မှပင် သိတော့မည်။

သုမနသည် ပေါ့ပါးသော ခြေလှမ်းတို့ဖြင့် သစ်ခက်တဲကျောင်းဆီသို့ ထွက်လာခဲ့၏။ တောပန်း တို့၏ ရနံ့က တသင်းသင်း မွှေးနေလေသည်။ တောရိုင်းပန်းများသည် အသွေးအရောင်စုံစွာ ဖြင့်နေကြသည်။ သစ်ခက်တဲကျောင်းသို့ သွားရာလမ်းတစ်လျှောက် ကျောက်တုံးများဆင့်စီ၍ တည်ရှိသည်။

တကယ်တော့ ဤလမ်းသည် လမ်းမမည်သော လမ်းသာဖြစ်၏။ လူတစ်ဦးတစ်ယောက်က ဖောက်လုပ်ထားသောလမ်းလည်းမဟုတ်၊ သဘာဝက ဖန်တီးပေးထားသော လမ်းလည်းမဟုတ်ပါချေ။ သူနှင့်ဆရာသခင်တို့ ရေမိုးချိုးရန် ဤစမ်းသို့ အကြိမ်ကြိမ်သွားရာပြန်ရာမှ လမ်းကလေးဖြစ်လာခဲ့သည်။

သုမနသည် သစ်ခက်တဲကျောင်းပေါ်သို့ လှမ်းတက်လိုက်သည်။

လုံခြုံမှုမရှိသော တံခါးကို စေ့ပိတ်ထားရာမှ အသာလေးတွန်းဖွင့်ဝင်လိုက်သည်။ ပြတင်းပေါက်ကဲလားတံခါးကို ဖွင့်လိုက်သည်။ ထိုစဉ် မွေးပွတဘက်ဖြင့် မျက်နှာကိုခပ်အုပ်အုပ်ပေါင်းထားသော လူတစ်ယောက်သည် ကျောင်းသင်္ခမ်းရှိရာသို့ စိုက်စိုက် စိုက်စိုက်ဖြင့် လာနေသည်ကို တွေ့ရသည်။

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇ



www.burmeseclassic.com

www.burmeseclassic.com



# ဤသစ္စာစကား မှန်ကန်ပါသောကြောင့်

ခင်မေမိုး(မင်းကျိုက်)

(က) နံနက်စောစော အိပ်ရာကထ ဆရာတော်အရှင်သေကိန္ဒရဲ့ တရားတော်ထဲမှ ဘဝဖြောင့်ကြောင်း တစေ့တစောင်း တရားတော်ဟာ ရင်ကိုကြည်နူးမှုနဲ့အတူ အသိဉာဏ် တရားတွေ တိုးပွားစေတယ်။

"ဘဝဖြောင့်ကြောင်း" တဲ့ ဖြောင့်ကြောင်းလို့ဆို ကတည်းက အကောက်အကွေ့တွေရှိလို့ပေါ့၊ ဘဝ ဆိုတာကြီးကလဲ အကောက်အကွေ့ အနိမ့်အမြင့် မာယာတွေရောပြွမ်းနေတဲ့ အရာဝတ္ထုကြီးထင်ပါရဲ့ အဲဒီအကောက်ကို အကောက်အတိုင်း သွားမလား၊ အဖြောင့်ယူပြီးတော့ ဘယ်လိုသွားကြမလဲ . . .

(ခ) ခက်လိုက်တဲ့ဖြစ်ခြင်း။ ကျပ်တည်းတယ်ဆိုတာ ဒါပဲလားမသိပါဘူး၊ ဘဝမှာ အဆင်မပြေဘူး ဆိုတာ သိပ်ကြီးဆိုးဆိုးဝါးဝါး မတွေ့ခဲ့ဘူးတော့ မကြုံဘူးတော့ မယုံဘူးမေရေ့ . . ဆိုသလိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ညကမှ မိသားစု ဆွေမျိုးအစုံအလင် ပ်ချီပြီး ရောက်လာကြ၏။ မိန်းမက စောစောထလို့ ထမင်းအိုး တည်ပြီး အိပ်ရာကမထသေးတဲ့ ကျွန်တော့်ရဲ့ ဘေးနားထိုင် မသာယာတဲ့ အပြုံးနဲ့ တိုင်တာလား! မှိုင်တာလား !

"ကိုရေ ဟင်းချက်စရာလဲ ဘာမှ ရှိဘူး အမေ ကလဲ မနက်စောစော ထမင်းမစားတတ်ဘူးတဲ့"

စောစောစီးစီး အမောကြီး မောရပြီ၊

"မင်းမှာ ပိုက်ဆံ မကျန်တော့ ဘူးလား!

"ဘယ်ကျန်မလဲ ကိုရဲ့"

အဖေ့အတွက်က ပုဆိုးနဲ့ အင်္ကျီ၊ အမေ့အတွက်က ထမီ၊ ညီမအတွက်က ချည် မောင်လေး ×× ××× ကျွန်တော့် မ ဘာတွေဆက်ပြောတယ် မသိ တော့• • •

"ငါ ဘာဆက်လုပ်ရမလဲ" ဆိုတာ က အရေးပေါ် ဥဩဆွဲသံနှင့်အတူ တွင်းရင်ကို ပူလောင်စေရန် လူကို ောင်ကြီး အောင့်ကြီး ဆွဲထူလိုက် ည့်နယ်• • •

ခက်သည်က မျက်နှာက မသစ်ရ ဘယ်သူကများ ငါ့ကို ပိုက်ဆံချေး ပဲ! လို့တွေးနေရတယ်။ ပိုက်ဆံ ရအောင်ကလဲ အသိမိတ်ဆွေဆိုလို့ ချိုးရေလို့ လက်သုံးချောင်းတောင် ကိုကလဲ ဒီမြို့သား မဟုတ်၊ ည့်ချေးသည်၊ အရေးပေါ် ချေး ချောင်းရအောင်ကလည်း ၅ ရက်မှ ဈေး ဒီနေ့ ဈေးနေ့မဟုတ်ပြန်၊ ရအောင်ကလည်း စာအုပ်မျိုးစုံ ဆိုပေမဲ့ ကြိုက်သူရှိမှ ဝယ်သူရှိတာမျိုး အော် • •ခုတော့ ဓာတ္တုဆိုးက ရင်ကို တိုးစေပြီလား။

စိတ်မပါ့တပါ မျက်နှာသစ်ပေမဲ့ ညစ်နေတဲ့ စိတ်ကြောင့် ရွှင်လန်းလို့ မသွားပါဘူး ထုံးစံအတိုင်း-

"ကိုရေ • • •ဘာစားမလဲ"

ဇနီးသည်ရဲ့ အမေး ဘဝပေးနဲ့ အခြေအနေကို သိနေတာမို့ • • •"

"အင်း • • •ပဲ ထမင်းရေ ပူပူလေး သောက်ချင်တယ်"

ထမင်းရေ ပူပူက ရင်ကိုပိုပြီး ပူလောင်စေသလားမသိပါဘူး။ ခပ်သုတ်သုတ်ချ လမ်းဘက်ထွက်ခဲ့ရတယ်။ ခြေဦးတည့်ရာ ဘယ်ကိုထွက်ရမှန်း မသိပါဘူး။

"ဒီမိန်းမ ပိုက်ဆံတွေ အကုန်သုံးလာတယ်" လို့ အပြစ်တင်ရမလား! ဈေးထွက်လို့မရအောင် ရက်ရှည် ရွာနိုင်လွန်းတဲ့ မိုးကို အပြစ်တင်ရမလား!

ဒီနေ့က မိုးမရွာပေမဲ့ "ရှာင်" ဆိုတဲ့ တောင်ပိုင်း ရှမ်းပြည်မြို့လေးဟာ ဈေးနေ့မှာ ဖွင့်တဲ့ဈေး ဘယ်သူ့ သွား အကြွေးပေးလို့ရမှာတုန်း။ ထုံးစံအတိုင်း နံနက်တိုင်း မေတ္တာပို့နေကျ။

"အားလုံးသတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ" မေတ္တာဆက်ပေမဲ့ အပူက တစ်ဝက်ဆိုတော့ တစ်ဝက်တစ်ပျက် ဆေးစက်ပျက် ပန်းချီကား တစ်ချပ်လို • • •

ပြဿဒိကုန်းပေါ်က ဘုရား လူတွေကမစည်ကား "တပည့်တော်ကို မေတ္တာထားသနားပါဘုရား" လို့ ကန်တော့ပြီး ဆုတောင်းမိတယ်ထင်ပါရဲ့ သူငယ်ချင်းတစ်ယောက်ဆီ သွားအကူအညီတောင်းရမလား စဉ်းစားပြီးမှ မနက်စောစော မတော်ပါဘူး။ မြို့ထဲကို မဝင်မြို့ပြင်ကိုပဲ ထွက်ခဲ့တယ်။

ဟိုးခပ်လှမ်းလှမ်းက "မိုးမခ" တောင်တဲ့ မိုးရွာရင် အနားကရေကန်က ရေနဲ့ သွားတတ်ပြီး မိုးမရွာ နွေအခါကျမှ ရေများတတ်လို့ မိုးကိုမခတဲ့ "မိုးမခ" တောင်တဲ့၊ တောင်မတ်မတ်စောက်စောက်ပေါ်မှာ ဘုရားတစ်ဆူနှင့် ရဟန်းတစ်ပါး ခုနေ ဘာများ လုပ်နေကြပါလိမ့်၊ တောင်တက်လမ်းက ခါတိုင်းထက်များပိုပြီး မတ်စောက်နေရော့သလား၊ တောင်ထိပ် ရောက်ခါနီးလေလေ မောလေလေပဲ "အင်း" ရင်ထဲက အမောက ပိုမယ်ထင်ပါတယ်။

ကျေးငှက်ကလေးတွေ သဘာ ဘာဝ ပျော်မြူး နေကြတာကြည့်ပြီး သူတို့မှာ ဘာမှ အပူအပင် မရှိကြဘူးလားလို့ မဆီမဆိုင် တွေးလိုက်မိသေးတယ်။

ချွင်,, ချွင်ဆိုတဲ့ ဆွဲလဲသံက တောင်ထိပ်ကို ရောက်ခါနီးပါပြီ၊ ကြိုးစားပြီး တက်လိုက်ပါကွယ်လို့ မေတ္တာ၊ ဂရုဏာနဲ့ အားပေးနေသယောင်။

"ရွှေမရှိတဲ့ ဘုရားပေမဲ့ ဂုဏ်တော်ပွားလို့ ရင်ကိုအေးမြစေတယ်၊ ဘုရားရှင်ကို ဖူးမြော်ပြီး ရဟန်းသီတင်းသုံးရာ တောင်စွန်းက ကျောင်းဆောင်ငယ်လေးဆီ ထွက်ခဲ့တယ်၊ တိတ်ဆိတ်လွန်းတော့ ဒီရဟန်း ဘာတွေများလုပ်နေသလဲလို့ ချောင်းကြည့်လိုက်ပါတယ်"

"အဝိရည်သက်နှံနဲ့ ရဟန်း"



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းက ဘုရားရှင်ဘက်ကို မျက်နှာမူ ပကတိတည်ငြိမ်တဲ့ ဟန်ဘာသံမှမကြား ရတက်က မငွေ့ အားလုံးဟာ သင်္ခါရတွေလို့ သိနေပုံပါ။ စိတ်ထဲက တပည့်တော် ကန်တော့ခဲ့ပါတယ် ဘုရားလို့ ကျောင်းတော်က အထွက်ဒေါင်အစွန်းမှာ ရပ်ကြည့်လိုက်တယ်။

တကယ်တော့ လောကကြီးဟာ တောပန်း တောင်ပန်းတွေနဲ့ သာယာကြည်နူး ဆွတ်ပျံ့ဖွယ် ကောင်းမယ်ထင်ပါတယ်။ ဒါပေမဲ့ ရင်ထဲက အပူက နေမင်းနဲ့အတူ တရှေ့ရှေ့ မြင့်တက် နလုံးသားကို နှိပ်စက်ကြလို့ ရတက်အပူရှိန်က ပြင်းပြင်းလာနေတယ်။

သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့ အကျွန်ုပ်ကို အကူအညီပေးကြပါ။ ကျွန်ုပ်လေ နွားတွေကိုသနားလို့ အမဲသား လုံးဝမစားပါဘူး။ သူများ အပေါ်ကိုလည်း မဟုတ် မတရားတာ လုံးဝမလုပ်ခဲ့ပါဘူး . . .

အော် အမှတ်ရပြီ အမှတ်ရပြီ ဟုတ်တာပေါ့၊ သိပ်ဟုတ်တာပေါ့၊ ဟိုးလွန်ခဲ့တဲ့ တစ်လလောက်က . . .

"ဟို မြို့ဈေးမှာ ကျွန်ုပ်တို့ ဆိုင်ခင်းတဲ့အခင်းအကျင်း ပစ္စည်းတွေ အနီးနားက ခေါက်ဆွဲဆိုင်လေးကို အပ်ထားခဲ့နေကျ ကြာတော့ ယူဦးမယ်၊ ထားခဲ့ဦးမယ်လို့တောင် ပြောစရာကို မလိုတော့ဘူး . . .

တစ်နေ့ ဈေးခင်းဖို့ အဲဒီဆိုင်ကို ဝင်ပြီး ပစ္စည်းတွေထုတ်နေစဉ် ကလေးမ အပျိုမလေး တရွတ်ရွတ်ငိုနေတယ်၊ လူမှုရေးအရ ဘာဖြစ်လို့လဲလို့ မမေးပေမဲ့ သူ့အမေပြောလို့ "ဆွဲကြိုးပျောက်လို့" လို့ သိလိုက်ရတယ်။ ကျုပ်လဲကူရှာသလိုနဲ့ ကြည့်လိုက် မိပါသေးတယ်။ သူ့အမေက "သမီးရယ် အင်္ကျီ အတွင်းထဲလဲ ပြုတ်ကျနေပါဦးမယ်" ဆိုပြီး သားအမိ နှစ်ယောက် အိမ်အခန်းထဲဝင်သွားကြတယ်။ ကျုပ်လဲ ထွက်ခဲ့ပါတယ်။

အပေါက်ဝမှာ ၄၊ ၅ လှမ်းရောက်တော့ ခွေခွေလေး ဆွဲကြိုးလေးပါ။ အဲ လမ်းပေါ်မှာနော်၊ ခုနေ ကောက်ယူလိုက် ဘယ်သူမှလဲ မမြင်ဘူး တောင် မြောက်ကိုကြည့်ပြီး ဝမ်းသာအားရ ကောက်ယူလိုက်တယ်၊ ဇနီးသည်ကို တစ်ချက်ကြည့်လိုက်တယ်၊ သူလဲမသိဘူး၊ သူ့မှာ ဆွဲကြိုးမရှိတာ ကျုပ် သိတယ်၊ ဘာမှ မဖြစ်ပါဘူး။ ကျုပ်တစ်ချက်ပြုံးလိုက်တယ်။ ဆုံးဖြတ်ချက် တစ်ခုကိုချပြီး ဆွဲကြိုးလေးကို ကျစ်ကျစ်ပါအောင် ကိုင်ထားမိတယ်ထင်ပါရဲ့။ ဒါ ဘယ်သူ့ ဆွဲကြိုးလဲလို့ မေးနေစရာမလို၊ အလိုလို သူ့အိမ်ဘက်ကို ခြေဦးလှည့်ပြီးသား ဖြစ်သွားတယ်။

"သမီး ဒါ သမီးဆွဲကြိုးလား"

မိန်းကလေး အပြေးကြည့်တယ်။

"ဟယ် ဟုတ်တယ် ဟုတ်တယ် အမလေး ဝမ်းသာလိုက်တာ ဦးရယ်၊ အမေ အမေ သမီးဆွဲကြိုး ဆွဲကြိုး ပြန်တွေ့ပြီ"

ဟုတ်တယ် . . .

ကလေးမလေး မျက်လုံးကို ဝင်းလဲ့ပြီး သူတော်တော်ကြီး ပျော်သွားပုံပါ။

ကျုပ် ဤအဖြစ်အပျက်လေးကို ပြန်မြင်ယောင် မိတယ်။ အဲဒီတုန်းက ဆွဲကြိုးလေးမယူခဲ့မိတာကို လုံးဝနောင်တမရဘူး။ အို နတ်ကောင်း နတ်မြတ်တို့ ကျုပ်သစ္စာတိုင်တည်လိုက်ပါတယ်… ယခု ကျုပ်မှာ ပိုက်ဆံမရှိဘူး။ အဲဒီတုန်းက ဆွဲ… လေး အသာကောက်ယူခဲ့ရင် ရပါတယ်။ ဒါပေ… ပြန်ပေးခဲ့တယ်။ ကလေးမလေးပျော်သွားအော… ဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီလို ကျုပ် ပျော်ချင်ပါတယ်။ ဘယ်… ကိုမှန်း တိုင်တည်မိမှန်း မသိပါဘူး။ နတ်ကောင်း… နတ်မြတ်တွေကလဲ ငါ့ကို မကယ်နိုင်တော့ဘူး… မသိမသိုင် အပြစ်တင် တွေးလိုက်မိသေးတယ်…

တစ်လှမ်းချင်းလေးတွဲ့စွာ ဆင်းခဲ့… လမ်းဆုံကို ရောက်ပြန်ပြီ "ငါ ဘယ်… သွားရပါ့" အနောက်ဘက်လမ်းတိုင်… သွားရင် မြို့နဲ့ ဆန့်ကျင်ဘက်တော… ကျောင်းဆီကိုရောက်မယ်။

အိမ်ကိုပဲ ပြန်ရမလား!

သူလဲ မျှော်နေရောပေါ့၊ အင်… အိမ်ပြန်ရင် ငါဘာပြောရမလဲ!

ဘာလုပ်ရမလဲ!

ဒီလိုဆိုရင် ကျောင်းဘက် သွားရ… ရော . . .

စဉ်းစားနေရင်း ခြေဦးက တော… ကျောင်းဘက်ကို လှည့်ရောက်သွာ… တယ်။ အချိန်က နံနက် ၁၀ နာရီ… ရောပေါ့၊ နေမင်းက ကျောဘက်… ပူနေပြီ ကျောပူရင် ဝမ်းအေးတယ်… ဘာလို့များ ငါ့ရင် ကျတော့ မအေး… တာလဲ။ ဆရာတော့်ဆီက အေး… အေးကြောင်း တရားတစ်ပုဒ်လော… နာရလဲကောင်းမှာပဲ၊ အကြံပဲဖြစ်ဖြ… နောက်ဆုံး အကျွန်ုပ်ဖြစ်ဖြစ် တစ်… ရလဲ ကောင်းတာပဲ။

"အင်း . . . ကံကလဲ မကော… ပါလားနော်!



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်လဲ မတွေ့ရဘူး။ ဘုရားကိုဦးချ၊ ဝရန်တာ ဘက်ထွက်ခဲ့တယ်။ ပျက်နေတဲ့စိတ် ပြုံကျတော့လေလိုပဲ၊ ငိုသာငိုချလိုက်ချင်တော့တယ်။ ဒီဘဝနယ် ကယ်မဲ့သူများ ဝေးရော့နေသလား! အားကိုးရာမဲ့ လိုက်တာ။

ဒီအချိန်မှာ ခပ်လှမ်းလှမ်း သိမ်ဘက်ဆီမှ လူတစ်ယောက် လက်ခုပ်တီးသို့ . . .

"ဗျို့ ဆရာကြီး ဆရာကြီး ဒီမှာဘုန်းဘုန်းခေါ်နေတယ်"

ခပ်သုတ်သုတ်လျှောက် ဆရာတော်ကို ဦးချလိုက်တယ်။

"ဒကာကြီးအကြောင်း အခုပဲ ပြောနေကြတာ၊ စကားတောင် မဆုံးသေးဘူး။ ဒကာကြီးကို ဘယ်က နတ်ကောင်း၊ နတ်မြတ်တွေ ညွှန်လိုက်တာလဲ"

"အော် . . . မဟုတ်ပါဘူးဘုရား ဘာချင်တဲ့ စိတ်က ပြင်းထန်လို့ ရောက်လာတာပါဘုရား"

"ဒီ ဒကာတွေက ဒီသိမ်ထဲက ဘုရားကြီးကို ရွှေချချင်လို့တဲ့"

"အော် . . . ရပါတယ်ဘုရား ဘယ်အချိန်လုပ် ပေးရမလဲဘုရား"

"အင်း . . . သူတို့က နယ်က ပြန်ကြရမှာဆိုတော့ အခုလုပ်ပေးနိုင်ရင်တော့ ကောင်းတာပေါ့ ဒကာကြီးရယ်"

"တင်ပါ့ ဖြစ်ပါတယ်ဘုရား"

"ဒီလိုဆိုရင် ဘယ်လောက်ကျမလဲ"

ကျွန်ုပ်ခေတ္တ တိုင်းထွာကြည့်ပြီး-

"တင်ပါ့ဘုရား အတိအကျဆိုရင် ၁ သိန်းကျပါတယ်"

မနက်စောစော မင်္ဂလာယူတာရယ်၊ ဆရာတော် နိုင်းတာရယ်၊ အမှန်အတိုင်း ဝန်ခံရရင် တပည့်တော် ငွေသိပ်လိုနေပါတယ်။ ခုနစ်သောင်းပဲ ယူပါ့မယ်ဘုရား"

သူတို့ချင်းတိုးတိုး တိုင်ပင်ကြပြီး -

"ဒီလိုလုပ်ပါ ကျွန်တော်တို့ကလည်း ပြန်ကြရမှာ၊ ဆရာတော်ကလည်း ခင်ဗျားကို စိတ်ချရကြောင်းလဲ ပြောပါတယ်။ ကျွန်တော်တို့ ၁ သိန်းပဲ ပေးပါ့မယ်။ အကောင်းဆုံးနှင့် အမြန်ဆုံးဖြစ်အောင်လုပ်ပေးပါ"

"ဗျာ" ကျေး ကျေးဇူးတင်ပါတယ်။ အမှန်အတိုင်းဝန်ခံရရင် ကျုပ်မှာ ပိုက်ဆံသိပ်လိုနေတယ်။ ဒါကြောင့် နတ်မြတ် နတ်ကောင်းတွေက ဝိုင်းဝန်းကူညီ၊ ဘာရယ်မသိ ဒီဘက်ကိုရောက်၊ ဒီမှာ ဒီလိုအလုပ်ရှိမယ်ဆိုတာမသိ၊ ဆရာတော့်ကိုလာ ကန်တော့လိုက်တာပါ"

"ကဲ . . . ရော့ဗျာ ဒီလိုဆို ၁ သိန်းယူ ခင်ဗျား ရွှေချဖို့ ပစ္စည်းကရိယာတွေ လိုမှာမဟုတ်လား! ကျုပ်တို့ ဆရာတော်ကို ဆွမ်းကပ်ပြီး ခဏနေ ခင်ဗျားလဲ ထမင်းစား ကျုပ်ကားနဲ့ လိုက်ပို့ပေးပါမယ်"

(ဂ) ဒါဟာ တကယ့် အဖြစ်အပျက် တစ်ခုပါ၊ ကံ , ကံ၏ အကျိုးဆိုတာ အသေအချာ မှန်တာပေါ့၊ ကံမကောင်းတာတွေကို ကံအကောင်းတွေနဲ့ ကြိုးစားပြီး ကောင်းအောင်လုပ်မယ်၊ ဘဝ အကောက်တွေကိုလည်း အဖြောင့်တွေနဲ့ပဲ အဖြောင့်သွားကြမယ်၊ ဒါ အသေအချာ အမှန်အကန်ပါပဲ။

"မှန်တာပြောရင် သစ္စာလေ"

သစ္စာ ကလည်း နွယ်မြက်သစ်ပင် တောင် ဆေးဖက်ဝင်တယ် မဟုတ်လား။ အခုတော့ ဒီသစ္စာ၊ လောကီသစ္စာ လောကမှာ အမှန်တကယ်လဲရှိတယ်။ တကယ်လဲအကျိုးပေးနော်၊ သစ္စာတည်ရင် နတ်ကောင်း နတ်မြတ်တွေကလဲ တကယ် ကူညီကြတာပေါ့။

(ဃ) ကျွန်ုပ်လား . . . အခုတော့လေ ဒီလောကီ သစ္စာတရားတွေမှ လောကုတ္တရာ ပရမတ္ထ တရားတွေကို ပိုင်ပိုင်နိုင်နိုင် ကျင့်ကြံနိုင်ဖို့ နတ်မောက်မြို့နားက "ရွှေနတ်ကယ်တောင်" ဆိုတဲ့ ဘုရားရှင်၏ အဆုံးမ တရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ဖို့ အပြီးအပိုင် သာသနာ့ဘောင်ဝင်ပြီး ဒီသံသရာကြီးက လွတ်မြောက်ဖို့အတွက် ဒုက္ခ၊ သစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ ဤသစ္စာတရားတွေကို လက်ကိုင်ထားပြီးဟိုးတောင်ထိပ် တရွေ့ရွေ့သွားရင်း လေအဝေ့မှာ ဝေ့လွင့်သွားတဲ့ သင်္ကန်းစကို လက်နဲ့အသာဆွဲထိန်းရင်း သစ်ပင်အရိပ်၊ တောင်အရိပ်၊ တောအရိပ်၊ ဘုရားအရိပ်၊ တရားအရိပ် ရှိရာကို တရွေ့ရွေ့သွားနေရင်း . . .

"ဆရာတော်ဦးမာနိတ (ရွှေနတ်ကယ်တောင်) ဟောကြားတဲ့ ဖြတ်သန်းခဲ့တဲ့ ဘဝအကြောင်း တစေ့တစောင်းထဲမှ တစိတ်တဒေသကို ဆရာတော် ကိုယ်စား ခံစားတင်ပြလိုက်ပါသည်။"

ဆရာတော်ပေးသော

ရွှေသက် ငွေလက်ဖြင့် . . .

ခင်မေမိုး (မင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com

# အကျိုးအနန္တ ပြည့်ဝစေသော အင်းတော်ကြီး

ပြေထက်ထွန်း
(မြယမုံ)

သဗ္ဗဇယမင်္ဂလာဂါထာတော်ဟု အများသိသော "ဒိဝါတပသိ" အစချီဂါထာတော်မြတ်သည် ဗုဒ္ဓဘုရားရှင်ဟောကြားသော နိဒါနဝဂ္ဂသံယုတ် မဟာကပ္ပိနသုတ်လာ ဂါထာတစ်ပုဒ် ဖြစ်ပါသည်။ "မဏိဇောတပဇ္ဇလမြားရတနာဂါထာတော်" ဟုလည်း တချို့က ခေါ်ဆိုကြပါသည်။ "သဗ္ဗဇယမင်္ဂလာဂါထာတော်"ဖြစ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## သဗ္ဗဇယမင်္ဂလာဂါထာတော်ဖြစ်စဉ်

ဗုဒ္ဓမြတ်စွာဘုရား သာဝတ္ထိပြည်၊ ပုပ္ဖာရုံကျောင်း၊ မိဂါရမာတုပြာသာဒ်၌ သီတင်းသုံးနေစဉ် အရှင်အာနန္ဒာ၏ လျှောက်ထားမှုကို အကြောင်းပြု၍ ဤဂါထာတော်ကို ဟောကြားခြင်းဖြစ်ပါသည်။ အရှင်အာနန္ဒာသည် သီတင်းကျွတ်လပြည့်နေ့ ညနေဆည်းဆာချိန် ဝဇ်လုဆဲဆဲ နေရောင်၏ တင့်တယ်မှုနှင့် အရှေ့လောကဓာတ်မှ ထွက်ပြူစ လမင်း၏ အရောင်အဆင်း တင့်တယ်မှုကို မြင်သဖြင့် နှစ်သက်ပီတိဖြစ်နေပါသည်။ ထို အာရုံခံစားမှုဖြစ်နေစဉ် စစ်အင်္ကီလေးပါးနှင့် ခြံရံကာ မင်းမြောက်တန်ဆာဝတ်ဆင်ထားသည့် ပသေနဒီကောသလမင်းကြီး၏ တင့်တယ်မှုကို မြင်တွေ့ရသဖြင့်လည်း နှစ်သက်ပီတိ ဖြစ်နေပါသည်။ ကာဠုဒါယီရဟန္တာမထေရ် ဈာန်ဝင်စားသဖြင့် အရောင်အဆင်း တောက်ပထွန်းလင်းနေသည်ကို ဖူးမြင်ရသဖြင့် နှစ်သက်ပီတိ ဖြစ်ရပြန်ပါသည်။

အရှင်အာနန္ဒာသည် ဘုရားရှင်၏ အရောင်အဆင်း တောက်ပခြင်းသည် နေမင်း၊ လမင်း ထွန်းပခြင်းထက် သာလွန်



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းမိုး ထူးကဲကြောင်း ဖူးတွေ့ရသဖြင့် အကြောင်းအကျိုး ဘုရားရှင်အား လျှောက်ထားရာမှ ဘုရားရှင်က "ဒိဝါတပတိ" အစရှိသော သဗ္ဗဇယမင်္ဂလာဂါထာတော်ကို ဟောကြားတော်မူရာမှ ဤဂါထာတော် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

## သဗ္ဗဇယမင်္ဂလာအင်းတော်ကြီး

သဗ္ဗဇယမင်္ဂလာဂါထာတော်သည် ထင်ရှားလူသိများသော၊ အလွန်တန်ခိုးကြီးသော ဂါထာတော် ဖြစ်သဖြင့် ထိုဂါထာတော်အား အင်းတော်ကြီးအဖြစ် စီရင်ဝိုက်သောအခါ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးတို့ကို ခံစားရရှိနိုင်ခြင်း၊ သိဒ္ဓိ မဟိဒ္ဓိအစွမ်းသတ္တိတို့ ဆထက်ထမ်းပိုးတိုးလျက် အကျိုးဖြစ်ထွန်းစေနိုင်သဖြင့် လူအများအသုံးပြုစီရင်နိုင်ရန် အောက်တွင် ဖော်ပြပေးပါသည်။

### စီရင်ပုံမှာ

(၁) သဗ္ဗဇယမင်္ဂလာအင်းတော်ကြီးအား ရက်ကောင်း ရက်မြတ် တစ်ရက်ရက်တွင် ပုံတွင်ဖော်ပြထားသည့်အတိုင်း စနစ်တကျ စီရင်ရပါမည်။ ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ စက္ကူ၊ ကဒ်စက္ကူသန့်သန့် ရရာဖြင့် စီရင်ရေးဆွဲပါ။ စီရင်သည့်နေ့ နဝင်းသီလ ခံယူထားပါ။ ဘုရားတွင် ပြုမြဲအတိုင်း ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တို့ဖြင့် ပူဇော်ထားပါ။

### သဗ္ဗဇယမင်္ဂလာအင်းတော်ကြီး

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | တ | | | စ | | | သ | |
| က | အာ | တ | ယီ | တိ | စွော | ဒွိ | ပ | ဃ |
| | ဈာ | ဘာ | ဒိ | ပ | တ | နွ | ရ | |
| | ဝါ | တိ | တိ | မာ | စ | တိ | မာ | |
| ဝ | ဘာ | ပ | ဒိ | နံ | သ | တ္တိ | ဒွေါ | ဓ |
| | သာ | မ | တေ | တ | ယော | ရ | ဗြ | |
| | တိ | ယော | သ | ဟော | ဗု | ခ | အ | |
| ဋ | ဗ္ဗ | ဇ | ဒွေါ | တ္တိ | ထ | ဟ္မ | တ္တိံ | ဏ |
| | ည | | | ဗ | | | ခ | |

### နမ္မနာဂဏန်းအင်းသွားပြ

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ၃ | ၂၆ | ၁၃ | ၈ | ၁၅ | ၂၈ |
| ၂၅ | ၁၂ | ၇ | ၄ | ၂၇ | ၁၈ | ၉ |
| ၂ | ၅ | ၂၄ | ၁၁ | ၁၄ | ၂၉ | ၁၆ |
| ၂၃ | ၄၄ | ၁ | နံ | ၁၇ | ၁၀ | ၁၉ |
| ၄၈ | ၃၇ | ၄၆ | ၄၃ | ၃၂ | ၃၉ | ၃၀ |
| ၄၅ | ၂၂ | ၃၅ | ၃၈ | ၄၁ | ၂၀ | ၃၃ |
| ၃၆ | ၄၇ | ၄၂ | ၂၁ | ၃၄ | ၃၁ | ၄၀ |

(၂) အင်းတော်ကြီးအား အင်းပေါင် လေးဘက်လေးတန် မဟာဝ်းဘက်ရာတွင် "စတုလောကပါလ"ဟု ခုနစ်ခေါက်ရွတ်ဟိန်းပြီးမှ အင်းပေါင်သားပါ။ အင်း၏ စတုရန်းကွက် အင်းပေါင်အရှေ့နှင့်အနောက် ဝဲယာသားသောအခါ "ပရိဘောဂ ပရိစ္စေဒီ"ဟု ခုနစ်ခေါက်ရွတ်ဟိန်း၍ သားပါ။ အင်း၏ တောင်မြောက်၊ အထက်အောက် အင်းပေါင်သားသောအခါ "ဠာနေ ဠာနေ ဒက္ခိနေ"ဟု ခုနစ်ခေါက်ရွတ်ဟိန်း၍ အင်းပေါင်သားရပါမည်။

(၃) အင်းပညာရပ်ဆိုင်ရာ အင်းနှိုးခြင်း၊ အင်းအသက်သွင်းခြင်း၊ အင်းအစောင့်ထားခြင်း၊ အင်းအစောင့်ချုပ်ခြင်းတို့အား အင်းစည်းကမ်း၊ နည်းလမ်းဥပဒေသအတိုင်း စီရင်ရပါမည်။

(၄) အင်းဆန်ဂါထာမှာ "သဗ္ဗဇယမင်္ဂလာဂါထာတော်" ဖြစ်၍ မြင်းသွားအတိုင်း (နမ္မနာဂဏန်းအင်းသွားပြ) ဂါထာတော်ကို ရေးသွင်းရပါမည်။

### သဗ္ဗဇယမင်္ဂလာဂါထာတော် (အင်းဆန်ဂါထာ)

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမှာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိ ယော ဘာတိ၊
ဈာယီ တပတိ ဗြဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါတပတိ တေဇသာ၊
တာဒိသံတေဇ သမ္ဗုန္နံ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊
နမက္ကာရာ နဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဂါထာတော်မြန်မာပြန် အကျဉ်းလင်္ကာ

နေမင်းသူရာ နေ့မှာသာ၊ ကောင်းစွာတင့်တယ် တောက်ပသည်။

လမင်းစန္ဒာ ညဥ့်မှာသာ၊ ကောင်းစွာ တင့်တယ် တောက်ပသည်။

မင်းမြောက်တန်ဆာ ဆင်မှသာ၊ မင်းမှာ တင့်တယ် တောက်ပသည်။

ဈာန်ပွားမှသာ ရဟန္တာ၊ ကောင်းစွာ တင့်တယ် တောက်ပသည်။

တန်ခိုးပြည့်ပြား မြတ်ဘုရား၊ လေးစားရှိခိုး ကန်တော့ပါသည်။

ရှိခိုးပါရ ကျိုးဖလ၊ လုံးဝအကြွပြည့်စေသတည်း။

(၅) အင်းဆန်ရေသွင်းရာတွင် အင်းအပတိန်းဂါထာမှာလည်း အင်းဆန်ဂါထာ "သမ္ဗုဒ္ဓယမင်္ဂလာ"ဂါထာဖြင့် ၃၇ အုပ် စုတ် သိဒ္ဓိတင်ပါ။

(၆) ကယဏဋ္ဌ၊ စဓဗဝ၊ တသညခ အက္ခရာတို့ကို အပြင်မှရုံပါ။

အရုံအက္ခရာများ ရေးသားရာတွင် -

က-အက္ခရာရေးလျှင် "ကပ္ပိယံ ကရောတိ"ဟု ရွတ်ရေးပါ။

ယ-အက္ခရာရေးလျှင် "ယဋ္ဌိကာရ ဂေဟံ ထပ္ပဋ္ဌိတိက" ဟု ရွတ်ရေးပါ။

ဏ-အက္ခရာရေးလျှင် "ဏေါဏောဘာရိကော"ဟု ရွတ်ရေးပါ။

ဋ္ဌ-အက္ခရာရေးလျှင် "မုဋ္ဌောမာနော"ဟု ရွတ်ရေးပါ။

စ-အက္ခရာရေးလျှင် "စဋ္ဌောပါပံ"ဟု ရွတ်ရေးပါ။

ဓ-အက္ခရာရေးလျှင် "ဓမ္မော ဓမ္မောတိ အတိဒုလ္လဘော" ဟု ရွတ်ရေးပါ။

ဗ-အက္ခရာရေးလျှင် "ဗဂ္ဂုနောမာသော အာဒိပ္ပေါ" ဟု ရွတ်ရေးပါ။

ဝ-အက္ခရာရေးလျှင် "ဝရဓမ္မာ ဝရဇာတိ"ဟု ရွတ်ရေးပါ။

တ-အက္ခရာရေးလျှင် "တေမိကုမာရော မဟာသတ္တော" ဟု ရွတ်ရေးပါ။

သ-အက္ခရာရေးလျှင် "သစ္စေန သံမောနတ္ထိ"ဟု ရွတ်ရေးပါ။

ည-အက္ခရာရေးလျှင် "ညာတဗ္ဗံ ဧဝံ"ဟု ရွတ်ရေးပါ။

ခ-အက္ခရာရေးလျှင် "ခမတိ သံယသံ"ဟု ရွတ်ရေးပါ။

(၇) မေတ္တာသုတ် ခုနစ်ခေါက်ရွတ်ပါ။ ပုဗ္ဗဏှသုတ် ခုနစ်ခေါက်ရွတ်ပါ။ မေတ္တာပို့ အမျှပေးဝေပါ။

(၈) အင်းအလယ်ကွက်တွင် ဆောင်သူ၏ မွေးနံထည့်ပါ။ စီရင်ပြီးပါက ဆောင်ထားနိုင်ပါသည်။ ယုံကြည်မှုသဒ္ဓါ ဝီရိယ၊ ဆန္ဒ၊ စရဏတို့ဖြင့် သေချာကျနစွာ စီရင်လျှင် အောက်ပါအကျိုးထူးများ ခံစားရရှိနိုင်ပါသည်။

## အင်းတော်ကြီး၏ သိဒ္ဓိအကျိုးများ

စီးပွားရေး၊ အရောင်းအဝယ် အဆင်ပြေအောင်မြင် တိုးတက်စေခြင်း၊ ဆိုင်လုပ်ငန်းများအကျိုးပေးခြင်း၊ ငွေရေးကြေးရေး အခက်အခဲမရှိ၊ ဘေးကျပ်နံကျပ်မရှိ အဆင်ပြေစေခြင်း၊ ရွှေငွေများ ဆုံးရှုံးမှုမရှိစေခြင်း၊ အရောင်းအဝယ်လုပ်ငန်းများတွင် နတ်ကောင်း၊ နတ်မြတ်များ လာရောက်စောင့်ရှောက်ကူညီခြင်း၊ မိသားစုအေးချမ်းသာယာစေခြင်း၊ ဘုန်းတန်ခိုးကြီးမားစေခြင်း၊ လာဘ်လာဘပေါများခြင်း၊ ဘေးရန်ကင်းခြင်း၊ စေတီပုထိုး ရုပ်ပွားတော်များ၌ အဓိဋ္ဌာန်ပြီး ဌာပနာလျှင် ရောင်ခြည်တော် လွှတ်ခြင်း စသည့်အကျိုးအနန္တ ပြည့်ဝစေမည့် အင်းတော်ကြီး ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ပြေထက်ထွန်း(မြယမုံ)






www.burmeseclassic.com

www.burmeseclassic.com

# အစွမ်းထက်မြက် ဗေဓယောဂအင်းတစ်ကွက်

တာမာသင်းခိုင်(စက်မှုလယ်ယာ)




ကျွန်ုပ်(စာရေးသူ)သည် လွန်ခဲ့သော သုံးနှစ်တာကာလမှပင် ချစ်ခင်လေးစားခဲ့ရပါသော ဖြူးမြို့၊ ထန်းကုန်းရပ်ကွက် (၁)လမ်းရှိ 'မဟာဂန္ဓာရီဝိဇ္ဇာလမ်း'မှ ဆရာဦးမောင်မောင်ဦး (သျှောင်ကြီးဗွေဆရာ)နှင့် ဇနီးဆရာမကြီး ဒေါ်ဝင်းမြင့်'တို့အိမ်သို့ ရောက်ရှိသွားခဲ့ချိန်က ရုံးပိတ်ရက်(တနင်္ဂနွေနေ့)၏ မွန်းတည့်ချိန် ၁၂း၀၀ နာရီဖြစ်ရာ၌ လောကီအတတ်ပညာ(ဂမ္ဘီရနည်းအရ) ဆိုရပါချေသော် 'အောင်သာ၊ နေမွန်းတည့်'ဖြစ်သဖြင့် (တနင်္ဂနွေ + သောကြာ) ကျွန်ုပ်ရောက်သည့်အချိန်သည် 'မင်္ဂလာရှိသော အချိန်' ဖြစ်ခဲ့ပါသည် မဟုတ်ပါကလား။ ယခုမူ ကျွန်ုပ်သည် မိခင်ဌာန(Mother-Unit) ဖြစ်တဲ့ စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၈၇)၊ ထွန်စက်စခန်း၊ ဖြူးမြို့မှ လုပ်သက်ပြည့်ပင်စင် ၃၉ နှစ်ဖြင့် အငြိမ်းစားယူခဲ့ပါပြီ။

ဦးစီးအရာရှိ(အုပ်ချုပ်ရေး) ဦးကျော်သောင်းနှင့်အတူ ဒု–ဦးစီးမှူးများဖြစ်ကြသည့် ဦးမြင့်လွင်၊ ဦးတိုးနိုင်(ညောင်ခြေထောက်)အပါအဝင် ဒု–ဦးစီးမှူးမလေး မခက်မွန်ဝင်း(ကညွတ်ကွင်း)၊ စာရေးကြီး ဦးအောင်ဌေး၊ ဒေါ်မြင့်မြင့်အေး(လက်နိုပ်စက်စာရေး)၊ ထွန်စက်မောင်း ခေါင်းဆောင်ကြီးများ၊ ထွန်စက်မောင်းများ စသည့် ဝန်ထမ်းအင်အား ၄၀ ကျော်ကို အစဉ်အမြဲ သတိရလျက်ပင် ရှိနေပါသေးရဲ့။ စက်မှုလယ်ယာသံယောဇဉ်ပေါ့။ အကြံပေးပုဂ္ဂိုလ်ဦးအောင်ကြည် အပါအဝင်ပါပဲလား။

ကျွန်ုပ်သည် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် (ကျောက်ပန်းတောင်းအရှေ့လက်ဟု အညာသားတို့အခေါ်) ကျောက်ပန်းတောင်းမြို့နယ်(အရှေ့ဘက်) မိုင် ၂၀ ခန့်အကွာမှ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ထိန်းတဲ့ သစ်တိန်းရွာကြီးမှ ကျွန်ုပ် ကျေးတောသား ဖြစ်သကဲ့သို့ ရွာဦးကျောင်းဆရာတော် ဦးသုစိတ္တ (ယခုပျံလွန်တော်မူ)၏ ရွာဦးကျောင်းတွင် ဗုဒ္ဓဘာသာစာပေ (လောကုတ္တရာစာပေ)တို့ သင်ယူခဲ့ရာ၌ အိစ်ကိုသက်တင် အပါအဝင် ရွာဦးထိပ်က ကိုတင်ဆောင်(ယခု နမ္မတူဘော်တွင်း ရုံပိုင်ကြီး)နှင့်အတူ ကိုမောင်ခင်၊ ညီတစ်ဝမ်းကွဲ ကိုသောင်းလှိုင်၊ ကိုကျော်ရင်၊ ကိုကျော်ပု၊ ကိုမဲလုံး၊ ကိုညွှန့်ကြည်၊ ညီနှစ်ဝမ်းကွဲ ကိုစောမောင်၊ ကိုဘဲမီးတို့အပြင် မအလှလေး၊ မဟန်ညွှန့်၊ မြင်သာသူ အပျိုချော၊ မြင်သာသူ အပျိုချော မတင်ညွှန့်၊ မသန်းကြည်၊ မပိန်တို့နှင့်အတူ "စာသင်ခဲ့ကြရပါသည်။ ငယ်ပေါင်းတွေပေါ့။

ထိုစဉ်ကပင် သစ်တိန်းကျောင်းဘုန်းကြီး ဦးသုစိတ္တ (ယခုပျံလွန်တော်မူ)မှာ 'အင်းအိုင်ခါးလှည့်လက်ဖွဲ့အတတ်'နှင့် အတူ 'မြွေဆေးကုရာတွင် သူမတူအောင် အစွမ်းထက်ရာ၌ 'တမာကိုင်း'နှင့် ၉ ကြိမ် ၉ ခါ မြွေကိုက်ခံရသူ(ပိုးထိသူ)၏ မြွေကိုက်ဒဏ်ရာအား အထက်မှ အောက်သို့ ရိုက်ချရာ အချိန်မီ လာရောက်ကုသက အသက်မသေပါ။လွန်စွာအံ့သြဖွယ်ကောင်း၏။

ဤဂမ္ဘီရအစီအမံဖြင့် မြွေဆိပ်ချသူ ဆရာတော်၏ ဆေးပညာရပ်အပေါ် သဘောကျနှစ်သက်ခဲ့သည်က ကျွန်ုပ်ပင်ဖြစ်သည့်တိုင် အခြေအနေမပေး၍ ထိုပညာရပ်ကို သင်ကြားနိုင်ခြင်း မရှိခဲ့ပါ။ အသက်အရွယ်ကလည်း ငယ်သေးသကိုး။

အစဉ်အလာအရလည်း ဓာတ်ဗိန္ဒောဆရာတို့ အမည်ဖြင့် နာမည်ကြီးခဲ့သည့် ကျွန်ုပ်၏ ဇာတိမြေ သစ်တိန်းရွာမှ ဓာတ်ဗိန္ဒောဆရာ ဆရာခါ (စာရေးသူ၏ အဘိုး)နှင့် တိုင်းရင်းဆေးအကျော် ဆရာကြီးဦးမောင်ငယ်(ဆရာငယ်)သည်လည်း ကျွန်ုပ်၏ ဦးကြီးတော်ပင် ဖြစ်ခဲ့ပါသည်။ ရှေးအတီတေ ကာလမှပင် သစ်တိန်းရွာသည် နာမည်ကြီးခဲ့ရပါတော့သည်။ မြင်းခြံခရိုင်တစ်ခုလုံးတွင်လည်း အထူးသတင်းကြီးခဲ့သည်များက သူကြီး ခေတ်က သစ်တိန်းသူကြီး ဦးဖိုးသိန်းကြောင့်ဖြစ်ခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဒေါသဖြစ်ခဲ့ပါက မိမိ၏ဦးခေါင်းပေါ်သို့ ငါးပိဿာခန့်ရှိ ကျောက်ခဲလုံးကို တင်ပြီး ခုန်ပေါက်ပြသရာ၌ ဘောလုံးကဲ့သို့ ခုန်ထွက်သွားကြောင်း ကြားသိရသည်။ ဤကား ဂမ္ဘီရနည်း ဖြစ်တော့၏။

စိန်ရွှေအစစ် အဖိုးတန်အမွေအနှစ်များကို မသင်ကြားခဲ့ရသည့်တိုင် အစ်မကြီးသဖွယ် ခင်မင်လေးစားခဲ့ရတဲ့ မဟာဂန္ဓာရီဝိဇ္ဇာလမ်းမှ ဆ ဦးမောင်မောင်ဦး(သျှောင်ကြီးဗွေဆရာ)နှင့် ဆရာမကြီး ဒေါ်ဝင်းမြင့်တို့ထံမှ ပညာ သေရွာယူမသွားစတမ်းဟူသော တိုင်းရင်းမြန်မာသမားတော်ကြီးများ၏ မူအရကြောင့်လည်း တူမျှသော အကျိုးတရားတို့ သိရှိနိုင်ကြပါစေတော့ရယ်လို့ ရည်ရွယ်သမှုဖြင့် ကျွန်ုပ် အဟုတ်အမှန် တင်ပြရပါသည်။ ဆရာမကြီးထံမှ ခွင့်ပြုချက်ရယူ၍ ရေးသားပါသည်။ (စာရေးသူ)

သျှောင်ကြီးဗွေဆရာ ဦးမောင်မောင်ဦး + ဆရာမကြီး ဒေါ်ဝင်းမြင့်ဆိုလျှင်ဖြင့် အပျိုစင်ကလေးများကအစ ဖြူးတစ်မြို့နယ်လုံး၌ မသိသူမရှိသလောက် ခရီးရောက်ကြတဲ့ ဇနီးမောင်နှံနှစ်ဦးပါ။ ဘာသာရေး၊ သာသနာရေးတို့အပြင် လူမှုရေးကိစ္စများတွင်လည်း ရှေ့တန်းမှ ပါဝင်ကူညီခဲ့ရာ၌ ဖြူးမြို့၏ မြို့မိမြို့ဖတစ်ဦးဖြစ်သည့် ထန်းကုန်းလမ်းမှ ပါရမီဆီစက်ပိုင်ရှင် ဦးညွန့်လှိုင်နှင့်အတူ ဦးကျော်စိုးနိုင်+ဒေါ်သီတာဦး(ကျောင်းဆရာမ)တို့သည်လည်း ကျွန်ုပ်၏ မိတ်ဆွေကြီးများသာ ဖြစ်ကြပါ၏။ ကျွန်ုပ်လေးစားခဲ့ရတဲ့ ဂုဏ်သရေရှိ လူကြီးမင်းများသာပါ။ မိုက်ကယ် ဦးတင်ဌေးလည်း အပါအဝင်ပါ။

အင်းအိုင်ခါးလှည့်လက်ဖွဲ့အတတ် (ဂမ္ဘီရပညာ)ရပ်တွေအပေါ် ယုံကြည်ခဲ့ရာမှ ဆရာမကြီး ဒေါ်ဝင်းမြင့်ထံမှရသည့် ပူးတွဲအမည်ပါ အစွမ်းထက်မြတ် ပယောဂအင်းတစ်ကွက်ကို ငြင်းချက်မရှိ ခိုင်လုံတိကျသဖြင့် ဖော်ပြရာ ဂါထာပေးတေးမဖြစ်သိုပါ။ တိမ်ကောပျောက်ကွယ်လုစ ဖြစ်နေသည့် ဂမ္ဘီရနည်းမှန်ဖြစ်သည့် မြန်မာ့မူ မြန်မာ့ဟန် နည်းပညာတစ်ရပ်ကို မှတ်သားနိုင်ကြစေပြီး ကိုယ်ကျင့်တရား ကောင်းကြသူ အမျိုးသားကောင်း၊ အမျိုးသမီးကောင်းတို့အတွက် ကျွန်ုပ်ရေးသားတင်ဆက်ရာ၌ နံနက် ၅း၃၅ နာရီတွင် ရေမိုးချိုး၊ ဘုရားရှိခိုးလျက် ငါးပါးသီလ ခံယူဆောက်တည်ပြီးမှ ပူးတွဲပါ 'အစွမ်းထက်မြက် ပယောဂအင်းတစ်ကွက်'ကို အတွင်းမနောကြည်မြ ပီတိခလျက် ရေးဆွဲရေးသားမိပါသည်။

အစွမ်းထက်မြက် ပယောဂဗျည်းအင်းတစ်ကွက်ကို သေချာစွာ(အပိုအလို လုံးဝမရှိ) သိမ်ဝင်သပိတ်ကွဲ (သို့) သိမ်ဝင်သည့် သပိတ်အစအနတစ်ခု၌ သန့်ရှင်းသည့် ခဲတံ (သို့) ဘောပင်နှင့် ထင်ရှားမြင်သာအောင် သရ(၈)လုံး ရံ၍ရေး (သန့်ရှင်းသောနေရာတွင် ရေးရန်လို)။ ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်သူ (သို့) ကိုယ်ကျင့်တရား ကောင်းသူတို့သာလျှင် အသုံးပြုနိုင်သည်။ (အောက်ပါ ယုတ်မာသူတို့နှင့် မသက်ဆိုင်ပါ။)

(၁) ကာမဂုဏ်သုမိစ္ဆာစာရကံ ကျူးလွန်သူတို့နှင့် (လုံးဝ) မပတ်သက်ရပါ။

(၂) လောဘကြီးသူတို့အတွက် အကျိုးမရှိပါ။

(၃) အတ္တကြီးသူတို့အတွက်လည်း အကျိုးမသက်ရောက်နိုင်ပါ။

သိမ်ဝင်သပိတ်ကွဲ (သို့) သိမ်ဝင်သပိတ်၏ အစအနတစ်ခုပေါ်သို့ ပီပြင်စွာရေးဆွဲထားသော ဖော်ပြပါအင်းကွက်ကို မိမိ၏ ခေါင်းအုံးအလယ်ဗဟိုတွင် ထား၍ အိပ်စဉ် ငါးပါးသီလ ခံယူရပါမည်။ အကျိုးတရားကား . . .

(၁) လူယုတ်မာ၊ လူရမ်းကားတို့မှ လုပ်ကြံရန် စိတ်ဆန္ဒများ (လုံး၀)ကွယ်ပျောက်မည်။ (အိမ်မြှောင်စုတ်ထိုးသံတို့ဖြင့် နှိုးဆော်မည်။) (၂) ကြာကူလီသမားများ မိမိနှင့် မျက်နှာချင်းမဆိုင်ရဲပါ။ (၃) လူ့ပယောဂတို့နှင့် လုပ်ကြံမှုများ (လုံး၀)ပြုလုပ်၍မရ။ (၄) စီးပွားလာဘ်လာဘတို့ အမြတ်ထာဝရ ရမည်ဖြစ်ပါ၏။

နှစ်တာရှည်စွာ ခိုင်မြဲဖို့ ချစ်သဒ္ဓါရည်၍ ရေးသားရခြင်းအမှန်ပါခင်ဗျား။ ဝေကံ မှန်သောစကားမှ ဤစာသား (ဆောင်းပါး)တစ်ပုဒ်ကို ကျွန်ုပ်ရေးသိမိခဲ့ရာမှ တစ်ခါက ခင်မင်ခဲ့ကြရသူ 'ကေတုမတီ'တောင်ငူသူ အထက်တန်းစာရေးမကြီး ဒေါ်ဖြူဖြူမြင့်နှင့်အတူ အငယ်တန်းစာရေးမလေးများဖြစ်ကြတဲ့ မမေဇွန်ဝင်း၊ မဇူလိုင်မိုး၊ အေးမမတို့အပြင် ဖြူးမြို့ရှိ နယူးဆဲဗင်း (NEW 7) လက်ဖက်ရည်ဆိုင်မှ ကောင်တာထိုင် မနုနုနှင့်တကွ အပျိုမမကြည်ပြာနှင့် နန်းဇူလိုင်နှင်းတို့ ဖတ်ရှုနိုင်ကြပါစေလို့လည်း အကြောင်းပြုလို့ တောင်းဆုပြုမိပါရဲ့။

အထက်ဖော်ပြပါ မိခင်ဌာန (Mother Unit) စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၇) ထွန်စက်စခန်း၊ ဖြူးမြို့မှ ဖော်ပြပါရှိခဲ့ကြသူ အရာရှိဝန်ထမ်းများနှင့်အတူ တစ်ခါက ဘဝတူနေပူပူတွင် အလုပ်အတူလုပ်ခဲ့(On Duty)ကြသည့် ဝန်ထမ်းဟောင်းတို့လည်း တွေ့မြင်ဖတ်ရှု လေ့လာ၍ ဘဝအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒမွန်ဖြင့် စိတ်လက်ကြည်သာ အိပ်စက်ပျော်နိုင်ကြပါစေ။

[ဆရာ ဦးမောင်မောင်ဦး(သျှောင်ကြီးဗွေဆရာ)+ ဆရာမကြီး ဒေါ်ဝင်းမြင့် (၁)လမ်း၊ ထန်းကုန်းရပ်ကွက်၊ ဖြူးမြို့သို့ ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါသည်။ စာရေးသူ)

တမာသင်းခိုင်(စက်မှုလယ်ယာ)



www.burmeseclassic.com

www.burmeseclassic.com

# ကုသိုလ်ကုသလ လိုတိုင်းရစေနိုင်သော
# အင်းမန္တန်တော်ကြီး

ပြေထက်ထွန်း(မြယမုံ)

သမ္ဗုဒ္ဓေဂါထာကို သူတော်စင်၊ သူတော်မြတ်၊ သူတော်ကောင်းများမှအစ တောသူတောင်သား၊ အညတရပုဂ္ဂိုလ်တို့ပါမကျန် မသိသူမရှိ၊ မိရိုးဖလာ အစဉ်အဆက် နှုတ်တိုက်ရွတ်ဆို၊ အာဂုံဆောင်ခဲ့ကြပါသည်။ အထူးသဖြင့် လူကြီးသူမများက အကျပ်အတည်းတစ်စုံတစ်ရာ ရှိခဲ့လျှင်ဖြစ်စေ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဒုက္ခအဝဝနှင့် ကြုံတွေ့နေရလျှင်ဖြစ်စေ လွတ်ကင်းချမ်းသာစေကြောင်း အဆောင်ကောင်း၊ မန္တန်တော်အဖြစ်လည်းကောင်း၊ ကပ်ကြီးသုံးပါးကို ကျော်လွှားသွားနိုင်သည်ဟု ယုံကြည်သဖြင့်လည်းကောင်း ရွတ်ဆိုပွားများခဲ့ကြပါသည်။

အခက်အခဲရှိတိုင်း ယုံကြည်သဒ္ဓါစိတ်အပြည့်နှင့် ရိုသေလေးနက်စွာ ပူဇော်အဓိဋ္ဌာန်ပြုခြင်းဖြင့် သမ္ဗုဒ္ဓေဂါထာအစွမ်းမှာ အံ့မခန်း အစွမ်းထက်ကြောင်း သာဓကဖြစ်ရပ်ပေါင်းများစွာ ရှိသကဲ့သို့ သမ္ဗုဒ္ဓေဂါထာတန်ခိုးကြောင့် အန္တရာယ်အသွယ်သွယ်ကို ကျော်လွှားနိုင်ခဲ့သည့် အဖြစ်အပျက်များမှာလည်း အများအပြားရှိခဲ့ပါသည်။

ကျွန်တော်တို့ အစဉ်အမြဲ နှုတ်တိုက်ရွတ်ဆို အာဂုံဆောင်သည့် သမ္ဗုဒ္ဓေဂါထာတော်ကြီးအပြင် အခြားမူကွဲများဖြစ်သည့် "သက်တမ်းရင့် သီဟိုဠ်သမ္ဗုဒ္ဓေဂါထာ၊ အရှေ့ကျွန်းသမ္ဗုဒ္ဓေဂါထာ၊ အနောက်ကျွန်းသမ္ဗုဒ္ဓေဂါထာ၊ မြောက်ကျွန်းသမ္ဗုဒ္ဓေဂါထာနှင့် အောင်သမ္ဗုဒ္ဓေဂါထာ" ဟူသော နောက်ထပ်သမ္ဗုဒ္ဓေငါးမျိုး ရှိသေးကြောင်း ပညာရှင်တို့ ဖော်ထုတ်ခဲ့ကြပါသည်။ မည်သည့် သမ္ဗုဒ္ဓေဂါထာမဆို ပွင့်တော်မူပြီးသော ဘုရားပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားများကိုသာ အာရုံပြုရွတ်ဆိုခြင်းဖြင့် အကျိုးထူးစေသည့် သော အဓိပ္ပာယ်ဆောင်သည့် ဂါထာများပင် ဖြစ်ပါသည်။

## သမ္ဗုဒ္ဓေဂါထာနှင့် ရွတ်ဖတ်ပူဇော်ခြင်း

**သမ္ဗုဒ္ဓေဂါထာတော်ကြီး**

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ
တေသံ မမ္ဗုဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ
နမက္ကာရ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အနက်အဓိပ္ပာယ်**

အဋ္ဌဝီသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ်အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေစ-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း ဘုရားမင်းတို့ကိုလည်းကောင်း၊ ဒွါဒသဉ္စ သဟဿကေ-နိဗ္ဗာန်ကိန်းအောင်း စက်ရှုမွှေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေစ-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ ပဉ္စသတ သဟဿာနိ-သောင်းထိုက်စကြဝဠာ ဂုဏ်ရောင်ရှိန်း ငါးသိန်းကုန်သော၊ သမ္ဗုဒ္ဓေစ-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ နမာမိ-ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ-ဂင်္ဂါယ-ဂင်္ဂါမြစ်တွင်း၌၊ ဝါဠုကာ-ရှိကြကုန်သော သဲတို့သည်၊ အပ္ပကာ-နည်းကြကုန်သေး၏။ နိဗ္ဗုတာ-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ ဇိနာ-နောင့်ယှက်ဖန်

www.burmeseclassic.com

လာ မာရ်ငါးဖြာကို အရိယာမဂ်ဘုန်းရောင်စက်ဖြင့်၊ ချိုးဖျက်လွှယ်ကူအောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ အနန္တာ-သံချိုဂဏန်း ရေတွက်မှုန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ တေဇိနေခ-ထိုဘုရားရှင်တို့ကိုလည်းကောင်း။ တေသံ-ထိုငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ်ဆူကုန်သော မရေမတွက်နိုင်သည့် ဘုရားရှင်တို့၏ ဓမ္မဥ္စ-တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ အဟံ-အကျွန်ုပ်သည် အာဒရေန အာဒရုံ-ရှိသေစွာ၊ နမာမိ-ရှိခိုးပါ၏။

နမက္ကာရ နဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်စေတနာကြောင့်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဥပဒ္ဒဝေ-ဘေးရန်တို့ကို၊ ဟိတွာ-ပယ်ဖျောက်၍၊ အနေက အန္တရာပိ-တစ်ပါးမက များလှသွယ်သွယ်အန္တရာယ်တို့သည်လည်း၊ အသေသတော-အကြွင်းအကျန်မရှိသောအားဖြင့်၊ ဝိနဿန္တု-ပျောက်ပျက်ပါစေကုန်သတည်း။

သမ္ဗုဒ္ဓေဂါထာတော်အား အကြိမ်များစွာ ရွတ်ဖတ်ပူဇော်လေလေ၊ ဂါထာတော်အား ပုတီးရေများများစိပ်လေလေ အစွမ်းထက်လေလေ ဖြစ်သည်ကို လက်တွေ့ကျင့်ကြံအားထုတ်သူများအသိပင် ဖြစ်ပါသည်။ သမ္ဗုဒ္ဓေဂါထာတော်၏ အစွမ်းအား ဆေးဆရာများက လင်္ကာသီကုံးရာတွင် -

မြတ်လုစိန္တေ့ သမ္ဗုဒ္ဓေဟု၊ ဆူဝေကျော်ကြား။ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျှော် ဒသာ၊ သတ္တာတြိန်း၊ ဆီလိမ်းပဥ္စ၊ စီးထလေ့မှာ၊ ရှစ်ကြိမ်သာတည်း။ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှီးလော့၊ ချုပ်မိုးညဉ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၍၊ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ရောက်သောအခါ၊ ရွတ်ပါကိုးကြိမ်၊ တည်ငြိမ်သန္ဓေ၊ မဖွားနေမူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ၊ ချမ်းသာရ၏။

ခေတ္တနှောင်သွင်း၊ သံခြေချင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏။ ပန်းမွှေးချေကာ၊ ရွတ်လေနှစ်ခေါက်၊ ခရီးလျှောက်ရာ၊ ခေါင်းမှာတင်စိုက်၊ ရန်ဘေးနှိုက်လည်း။ မကြိုက်ကင်းပ၊ မြူမှုမလိမ်း၊ ကင်းလွတ်ငြိမ်း၏။

ရှောင်တိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည့်၊ ထွက်ဝင်ရဲရဲ၊ လူခပဲသို့၊ အံ့အဲခလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရာ၏ စန္ဒာလမင်း၊ ကောင်းကင်ချင်းသို့၊ ကောင်းခြင်းသမ္ဗုဒ္ဓေအကျိုးတည်း။

## လင်္ကာအနက်အဓိပ္ပာယ်

(၁) ကွမ်းစားလျှင် သမ္ဗုဒ္ဓေဂါထာအား ၇ ကြိမ်ရွ[...]
ရပါမည်။
(၂) ခေါင်းလျှော်လျှင် ၁၀ ကြိမ်ရွတ်၊
(၃) ထမင်းစားလျှင် ၃ ကြိမ်ရွတ်၊
(၄) ဦးခေါင်းဆီလိမ်းလျှင် ၅ ကြိမ်ရွတ်၊
(၅) လှေ၊ သင်္ဘော၊ လှည်း စသော ယာဉ်အမျိုး[...]
စီးသည့်အခါ ၈ ကြိမ်ရွတ်၊
(၆) ပန်းနံ့သာ၊ ရေမွှေး၊ သနပ်ခါး စသည် လိမ်း[...]
၉ ကြိမ်ရွတ်၊
(၇) ညဉ့်မိုးချုပ် အိပ်ရာဝင် ၉ ကြိမ်ရွတ်၊
(၈) ရန်သူနှင့်တွေ့လျှင် ၁၀ ကြိမ်ရွတ်၊
(၉) စစ်ဖြစ်သည့်အခါ ၉ ကြိမ်ရွတ်၊
(၁၀) မီးမဖွားနိုင်သည့်အခါ ရေကို ၉ ကြိမ်ရွတ် [...]
သောက်က ချမ်းသာစွာ ဖွား၏။
(၁၁) အဖမ်းအဆီး အချုပ်အနှောင်၊ အထိန်းအသိ[...]
တိုက်ပိတ်လှောင်ခံရသည့်အခါ အကြိမ်ထ[...]
ထောင်(၁၀၀၀) ရွတ်၊
(၁၂) ခရီးသွားသည့်အခါ ပန်းကို နှစ်ကြိမ်မန်းရွ[...]
ပြီးသွား၊

(၁၃) အချုပ်မှာ အမြဲရွတ်သော် ရောဂါကင်း၊ ကြေ[...] ကြဗျာပါဒကင်း၊ လူနတ်ချစ်၊ ရေပြည့်အိုးကဲ့သို့ ကျက်သရေ[...] မညှိုးပန်းလိုလန်းလို၊ ဘယ်နေရာမဆို ရဲရဲဝင်ထွက်၊ အံ့ဩ[...] ရလောက်အောင် ထွန်းလင်းတောက်ပ ကောင်းစားလ[...] လပြည့်ဝန်းပမာ အေးချမ်းသာယာ တင့်တယ်လတ္တံ့ဟု သမ္ဗု[...] ဂါထာတော်ကြီးအား ရွတ်ရမည့် အခြေအနေ အနေအထ[...] အချိန်အခါနှင့် အကျိုးသွားအား လင်္ကာဖြင့် သီကုံးစပ်ဆို[...] ပါသည်။

## သမ္ဗုဒ္ဓေဂါထာတော်နှင့် ပထမံဘိုးဘိုးအောင်

ပထမံသိဒ္ဓိရှင် ဘိုးဘိုးအောင်ဖြစ်လာမည့် မောင်အော[...] ငယ်စဉ်ကျောင်းသားဘဝက ကြေးနီကျောင်းဆရာတော်ဘုရာ[...] တွင် နေထိုင်စဉ်အခါက ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး[...] ကျောင်းရေကန်အတွင်း ပုရပိုက်ရှိသည်ဟု အိပ်မက်မြင်[...] သဖြင့် ဆရာတော်ကိုယ်တိုင် ရေကန်တွင်းသို့ ဆင်းရှာ[...] လည်း မတွေ့၊ တစ်နေ့ကျောင်းတွင်းနေ မောင်အောင် အ[...] တမဲ့ တစ်စုံတစ်ခုအား ခလုတ်တိုက်၍ ကြည့်မိရာ ဆရာ[...]



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်မက်ခဲ့သော ကြေးပုရပိုက် ခုနစ်ရွက်ဖြစ်နေသည်ကို တွေ့ရှိရာ ဆရာတော်ထံ အပ်နှံလိုက်ပါသည်။ ယင်းနောက် ဆရာတော်သည်ပင် အိပ်မက်မက်ပြန်ရာ ဆရာတော်၏ အိပ်မက်နိမိတ်အရ မောင်အောင်သည် ကျောက်အင်တေဖြင့်ပြုလုပ်ထားသော မျောက်ဦးခေါင်းအကျိုးကိုတွေ့၍ ခွဲကြည့်ရာတွင် ရွှေသားပုရပိုက်ကိုးရွက် ရပြန်သဖြင့် ဆရာတော်ဘုရားထံတွင် အပ်နှံပါသည်။ ဆရာတော်ဘုရား၏ ဘွဲ့အမည်မှာ ဦးသုဇာတဖြစ်ပါသည်။

ကြေးပုရပိုက်၊ ရွှေသားပုရပိုက်တို့ ရရှိအပ်နှံပြီး မောင်အောင်သည် တစ်နေ့သောညအခါ အိပ်စက်၍ နံနက်သင်းအားကြီးအချိန်၌ -

"မောင်အောင် . . . မင်းအကြံအစည်တွေ ဘာအောင်မြင်မလဲ။ သမ္ဗုဒ္ဓေဂါထာဘုရားရှိခိုးကို သုံးဂါထာပြည့်အောင်မှ ခင်းမရဘဲကိုး။ သမ္ဗုဒ္ဓေကို သုံးဂါထာပြည့်အောင်ရ၍ ဘုရားရှိခိုးမှ အောင်မှာပေါ့။ ရှေးက သမ္ဗုဒ္ဓေဂါမှာ သုံးဂါထာပြည့်ပါသည်။ သထုံပြည်မှ ဝိဇ္ဇာလမ်းလိုက်သူတွေ များသဖြင့် သမ္ဗုဒ္ဓေဂါထာမှ ဝိဇ္ဇာမိုရ်ဖြစ်စေတတ်သော နှစ်ပါဒကို အရှင်အရဟံနုတ်ထားသည်။ ထိုရှင်အရဟံနုတ်ထားသော ဂါထာနှစ်ပါဒကို ထည့်၍ ဘုရားရှိခိုးပါ။ အောင်မြင်ပါလိမ့်မည်"ဟု မောင်အောင် အိပ်မက်မက်သဖြင့် အကြောင်းကို ဆရာတော်အား လျှောက်ထားရာ ဆရာတော်က "အပွကံ ဝါဠကံ ဂင် အနန္တံ နိဗ္ဗုတံ နီနံ" အပိုဒ်ကိုထည့်သွင်းပေးပါသည်။

မောင်အောင်သည် ယခင်ရွတ်ဖတ်သည့် သမ္ဗုဒ္ဓေဂါထာတွင် ဆရာတော်ထည့်သွင်းပေးသော အပိုဒ်ကို ထပ်ဖြည့်၍ နေ့စဉ်ရက်ဆက် ရှိခိုးရွတ်ဖတ်ပူဇော်ခြင်းဖြင့် တစ်စထက်တစ်စ ဆိုက်ရောက်အောင်မြင်လာပါသည်။

အင်းမှန်မမှန်၊ ကျမကျ၊ အစွမ်းသတ္တိရှိမရှိ စမ်းသပ်ရာတွင် ဦးစွာ မိမိ မိခင်၏ မွေးနံကို အင်းဆန်သွင်းပြီး စမ်းသပ်ခြင်း၊ ကျောင်းတွင်ရှိသော ကြက်ကို သေအောင်မသတ်နိုင် အလောင်းအစားပြုစမ်းသပ်ခြင်း၊ ခွေးထီး,ခွေးမတို့အား ထမင်းထိုက်ရာတွင် ကြိမ်လုံးဖြင့် မြေကိုရိုက်ကာ ခေါ်ယူစမ်းသပ်ခြင်းများ ပြုလုပ်၍ အောင်မြင်မှုရခဲ့ပါသည်။

ထိုသို့ပေါက်မြောက်အောင်မြင်မှု ရခဲ့ခြင်းတို့မှာ တစ်စိတ်တစ်ဒေသအားဖြင့် သမ္ဗုဒ္ဓေဂါထာရွတ်ဆိုဘုရားရှိခိုးခြင်းဖြင့် သမ္ဗုဒ္ဓေဂါထာ၏ အစွမ်းကြောင့်ဟုလည်း ဆိုနိုင်ပါသည်။

## သမ္ဗုဒ္ဓေဂါထာတော်နှင့် သမ္ဗုဒ္ဓေကပ်ကျော်ဘုရားကြီး

သမ္ဗုဒ္ဓေကပ်ကျော်ဘုရားကြီး၏ အကြောင်းမှာ အများသိပြီးဖြစ်သည့်အတိုင်း စစ်ကိုင်းတိုင်း၊ မုံရွာမြို့ အရှေ့မြောက် ခုနစ်မိုင်ခန့်အကွာ ၃၈ ဧက ကျယ်ဝန်းသော လေးထောင့်မြေကွက်လပ်ကြီးအလယ်၌ ဖိနပ်တော် ၁၁၁ တောင်၊ အမြင့်ဉာဏ်တော် ၈၈ တောင်ရှိသော သမ္ဗုဒ္ဓေစေတီတော်ကြီးကို မိုးညှင်းဆရာတော်ဘုရားကြီး သက်တော် ၆၇ (ဝါတော် ၄၇ ဝါ) ၁၃၀၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ သောကြာနေ့တွင် ဆရာတော်အမှူးရှိသော သံဃာတော် အပါး ၄၀ တို့ ပရိတ်တော်များရွတ်ဆိုခြင်း၊ မင်္ဂလာပန္နက်မင်္ဂလာ ဆင်ယင်ကျင်းပ၍ စတင်တည်တော်မူခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၂၀ ခုနှစ်တွင် ပြီးစီး၍ မိုးညှင်းဆရာတော်ဘုရားကြီးကိုယ်တိုင် ရေစက်ချအမျှပေးဝေတော်မူပါသည်။

(မိုးညှင်းဆရာတော်ဘုရားကြီး "ဦးသုမဏ"သည် ၁၃၂၆ ခုနှစ်၊ တော်သလင်းလဆုတ် ၈ ရက်၊ သက်တော် ၉၂ နှစ် (သိက္ခာတော် ၇၃ ဝါတွင် လူကြီးရောဂါဖြင့် ပျံလွန်တော်မူပါသည်။)

စေတီတော်ကြီးမှာ သမ္ဗုဒ္ဓေဂါထာတွင် ပါဝင်သည့်အတိုင်း ဗုဒ္ဓရုပ်တုအရေအတွက်ပေါင်း ၅၁၂၀၂၈ (ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ဆယ့်ရှစ်ဆူ)ရှိသည့်အပြင် အလှူခံရရှိသော ရုပ်ပွားတော်ငါးသိန်းနှင့် အရံစေတီငယ်ပေါင်း ၇၀၀ (ခုနှစ်ရာ) ကျော်ရှိသဖြင့် စုစုပေါင်း ၅၈၂၃၅၇ (မြ၊ ရွှေ၊ ငွေ၊ စိန်၊ မြ ထီး) (ငါးသိန်းရှစ်သောင်းနှစ်ထောင့်သုံးရာငါးဆယ့်ခုနစ်ဆူ)ရှိ၍ ဘယ်မင်း၊ ဘယ်ပုဂ္ဂိုလ်မှ ဤအရေအတွက်မျှလောက် တည်ထားခဲ့ခြင်းမရှိသဖြင့် သမ္ဗုဒ္ဓေစေတီတော်ကြီးသည် တစ်ဆူတည်းသော စေတီတော်ကြီးဖြစ်သည်နှင့်အညီ အတုမရှိ၊ နိုင်းမရ၊ အဆန်းတကြယ် အံ့ဖွယ်ရာအသွယ်သွယ်နှင့် တည်ထားသော စေတီတော်ကြီး ဖြစ်ပါသည်။

သမ္ဗုဒ္ဓေကပ်ကျော်ဘုရားကြီး တည်စဉ် ဘုရားဓာတ်တော်၊ ရဟန္တာဓာတ်တော်၊ ဘုရားဆွယ်တော်ပွားနှင့် မရေမတွက်နိုင်သော ကျောက်သံပတ္တမြား၊ ပုံသဏ္ဌာန်အမျိုးမျိုး အရွယ်စုံ အဖိုးတန်ပစ္စည်းများ၊ အခြားရတနာမျိုးစုံအပြင် ဂုဏ်တော်အမျိုးမျိုး၊ စမအမျိုးမျိုးတို့ဖြင့် စီမံပြုလုပ်ထားသော ဂုဏ်တော်ပုတီး ဘုရားအာဝေဏိကဂုဏ်တော်၊ ပဋ္ဌာန်းသမုပ္ပါဒ် အနုလုံ၊ ပဋိလုံ ရေးထားသော ကြေးပြားကြီးနှစ်ခု ထည့်သွင်းပူဇော်ဌာပနာပြုကြပါသည်။

ထူးခြားသည်မှာ ကျိုက်ထော်မြို့ မန္တဝိဇ္ဇာဓရဂိုဏ်း ဆရာကြီးများမှ သိုက်ထွက်ရုပ်ရှင်ဘုရားတစ်ဆူ၊ ဗျည်းဘုရားနှစ်ဆယ့်ရှစ်ဆူ၊ ဗျည်းရှင်သီဝလိတစ်ဆူ၊ ဗျည်းရှင်ဥပဂုတ္တတစ်ဆူ၊



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ကင်းစေတတ်သော အကွရာ ဖြပဟ္မာမင်းကြီး စသည့် အသီးသီးစီရင်ထားသော ငွေပြားအချပ်ပေါင်း ၅၈ ချပ်တို့ကို ထည့်သွင်းဌာပနာကြပါသည်။

ဤကဲ့သို့ မိုးညှင်းဆရာတော်ဘုရားကြီးသည် သမ္မုဒ္ဒေ ကပ်ကျော်ဘုရားကြီးတည်စဉ်ကပင် ထူးခြားဆန်းကြယ်သော ဂမ္ဘီရအစီအရင်များ ထည့်သွင်းခဲ့သဖြင့် လောကုတ္တရာတွင် သာမက လောကီရေးရာတွင်လည်း အစွမ်းထက်ရသည်ဟု ဆိုပါသည်။ မြတ်ဗုဒ္ဓ၏ ဓာတ်တော်မွေတော်၊ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်မွေတော်များနှင့် ဝိဇ္ဇာမယပညာရှင်၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ ဓာတ်လုံးနှင့် အစီအရင်အင်းများကို ဌာပနာခဲ့သဖြင့် ဒုတိယကမ္ဘာစစ်အတွင်း လူတစ်ထောင်ကျော်ခန့် မိုးညှင်းတောရတိုက်ကြီးအတွင်း ခိုအောင်းရာမှ အမြောက်ဘေး၊ ဗုံးဘေး၊ စက်သေနတ်ဘေးတို့မှ ကင်းဝေးခဲ့ကြရပါသည်။

ထိုစဉ်က တည်ဆောက်ဆဲ သမ္မုဒ္ဒေဘုရားအနီး တပ်ဆုတ်လာသော ဗြိတိသျှကြေးစားစစ်သားတပ်ဖြစ်သော ကုလားစစ်သား ၄၀၀၀ ကျော်ခန့်အား ဂျပန်စစ်တပ်မှ အမြောက်ကြီးများ၊ စက်သေနတ်များ၊ ဗုံးများနှင့် တရစပ်ပစ်ခတ်တိုက်ထုတ်နေချိန် ဖြစ်ပါသည်။ ခိုအောင်းသောလူများ၊ စေတီတော်ကြီးနှင့် အရံအဆောက်အအုံများ ထိခိုက်မှုမရှိခြင်း၊ ဘေးမသီရန်မခဘဲ သတ္တန္တရကပ်ကျော်နိုင်ခဲ့ခြင်းတို့မှာ သမ္မုဒ္ဒေစေတီတော်ကြီး၏ တန်ခိုးတော်ကြောင့်ဟုလည်း ဆိုနိုင်ပါသည်။

## သမ္မုဒ္ဒေမန္တန်အင်းတော်ကြီးနှင့် သဒ္ဒိအကျိုးများ

သမ္မုဒ္ဒေဂါထာတော်ကြီးနှင့် သမ္မုဒ္ဒေကပ်ကျော်ဘုရားကြီး အစွမ်းထက်သကဲ့သို့ သမ္မုဒ္ဒေမန္တန်အင်းတော်ကြီးမှာလည်း အစွမ်းထက်ပါသည်။ မင်းတုန်းမင်းတရားကြီးရတနာပုံမြို့ (မန္တလေး) နန်းတော်တည်စဉ်က မြို့ရိုးလေးထောင့်တွင် မြှုပ်နှံခဲ့သော သမ္မုဒ္ဒေအင်းကို တူးဖော်ရရှိသည်ကစ၍ သမ္မုဒ္ဒေအင်းကို လူသိများလာခဲ့ပါသည်။ ဖြစ်စဉ်မှာ ၁၈၈၉ ခုနှစ်၊ မန္တလေးမြို့၌ စစ်ဘက်အရာရှိ တာဝန်ထမ်းဆောင်ခဲ့သော ဆာရစ်ချတ်သည် မြေနန်းမြို့ရိုး၏ အရှေ့တံခါး၌ တပ်ဆင်ထားသော အုတ်တိုင်ကိုဖြိုဖျက်ရာ လေးပေခွဲအနက်၌ နန်းမြို့ရိုးတည်စဉ်က မြှုပ်နှံခဲ့သော စတုရန်း ၁၈ လက်မရှိ၍ အတွင်း ၁၂ လက်မ နက်သော ကျောက်သေတ္တာအတွင်းမှ စတုရန်း ရှစ်လက်မခန့်ရှိ သမ္မုဒ္ဒေအင်းဆန်ပါသော ငွေပြားတစ်ချပ်ကို တွေ့ရပါသည်။

ထိုအချိန်မှစ၍ သမ္မုဒ္ဒေအင်းသည် ထင်ရှားကျော်ကြားပြီး ပုံစံအမျိုးမျိုးဖြင့် အင်းဆန်သွင်းစီရင်ကာ အဆောင်တ[…] အဖြစ် ဆောင်ထားကြပါသည်။

သမ္မုဒ္ဒေအင်းတော်ကြီးအား ဆောင်သူသည်…

အန္တရာယ်ကင်းရှင်း၍ ဘေးရန်မှန်သမျှ ကင်းဝေးစေခြင်း၊ အတိုက်အခိုက် အနှောင့်အယှက်မှန်သမျှ လွင့်စဉ်စေခြင်း၊ မိ[…] စီးပွားစည်းစိမ် အိုးအိမ်ဥစ္စာ၊ အသက်ဇီဝိ တိမ်မြှေရန်အပေါင်း[…] ပယ်ရှင်းစေခြင်း၊ သူခိုးဓားပြ လုယက်တိုက်ခိုက်မှုကင်း၍ အချ[…] အနှောင်အဖွဲ့ ထောင်၊ အမှုအခင်းဘေးတို့မှ လွတ်မြောက်စေ[…]ပါသည်။

ချမ်းသာစွာ အိပ်စက်ရခြင်း၊ ကောင်းသော အိပ်မက်[…] မက်ခွင့်ရခြင်း၊ မိမိကို သူတစ်ပါးကသတ်၍မရနိုင်သကဲ့သို့ တိုက်ပွဲဝင်လျှင် ရန်သူအပေါင်းကို အောင်မြင်စေနိုင်ခြင်း၊ ရေ[…] ဘေး၊ လေဘေး၊ မီးဘေး၊ မှန်တိုင်းဘေး၊ ငလျင်ဘေး၊ မိုးကြိုး[…] ဘေးတို့ကို ကာကွယ်တားဆီးပေးနိုင်ခြင်း၊ စုန်းပယောဂ[…] နတ်ပယောဂ၊ စုန်းတိုက်၊ နတ်တိုက် မကောင်းသော ဘေးရန်[…] တို့မှ ကာကွယ်ပေးပါသည်။

အင်းတော်ကို ရေစိမ်၍ ပက်ဖျန်းခြင်းဖြင့် ပယောဂကို[…] နိုင်စေပါသည်။ အိမ်ကြမ်း၊ တောကြမ်း၊ မြေကြမ်းများအတွက် အင်းကိုဆောင်ထားရုံဖြင့် နိုင်နင်းအောင်မြင်စေပါသည်။ အိမ်[…] ဈေးဆိုင်၊ အလုပ်ဌာနတို့၏ မြင့်မြတ်သောနေရာတွင် သီးသန့်နေရာပေး၍ ချိတ်ဆွဲ၊ မှန်ဘောင်သွင်း ပူဇော်ထားလျှင် ရန်သူမျိုးငါးပါးမှ လုံခြုံစေပြီး နေထိုင်သူ အိမ်သူအိမ်သားများအတွက်လည်း အန္တရာယ်ကို ကာကွယ်ပေးနိုင်ပါသည်။

အင်းတော်ကြီးအား စောင့်ရှောက်ကုန်သော အစောင့်[…] ပုဂ္ဂိုလ်များနှင့် သမ္မာဒေဝနတ်မြတ်နတ်ကောင်းတို့အား အခက်[…] အခဲအကျပ်အတည်းရှိတိုင်း အဓိဋ္ဌာန်ပြု၍ စောင့်ရှောက်မှုကို[…] လည်း တောင်းခံနိုင်ပါသည်။ သမ္မုဒ္ဒေမန္တန်အင်းတော်ကြီး၏ အကျိုးကား အနန္တပင် ဖြစ်ပါသည်။

## သမ္မုဒ္ဒေမန္တန်အင်းတော်ကြီး

### သမ္မုဒ္ဒေမန္တန်အင်းတော်ကြီး ရေးဆွဲထားပုံအညွှန်း

(၁) အင်းတော်ကြီးအား ပုံတွင်ဖော်ပြထားသည့်အတိုင်း ဝဲယာ၊ ထက်အောက် စတုရန်းအကွက်ငယ် ၂၀ နှင့် စီရင်ထား[…] သော အင်းကွက်ကြီးလေးကွက် စုစုပေါင်း စတုရန်းအကွက်ငယ် ၈၀ ဖြင့် အကွက်ခြားကာ ရေးဆွဲစီရင်ထားပါသည်။ ယင်းသို့ ရေးဆွဲထားခြင်းမှာ သစ္စာလေးပါး မြတ်တရားကို ရည်ညွှန်းသည် ဟု မူလစီရင်သူမှ ညွှန်းဆိုထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အကွက်ခြားကာ ရေးဆွဲထားသော်လည်း အင်းဆန်ဖြစ်သော သမ္ဗုဒ္ဓေဂါထာအား ဝဲထောင့်စွန်းအထက်အင်းကွက်မှ စတင်ကာ လက်ယာရစ် ခရုပတ်ခွေ၊ အတွင်းသို့ရေးသွင်းခြင်းဖြင့် တသီးတခြားမှ တစ်ဆက်စပ်တည်း သဘောဆောင်ခြင်းကို ရည်ညွှန်းပါသည်။ မည်သည့်ဆန့်ကျင်ဘက်တရားတို့မဆို ကွဲပြားသည်ဟု ထင်ရသော်လည်း တစ်သားတည်းပေါင်းစည်းလျက်ရှိသော အဓိပ္ပာယ်ကို ဆောင်သည်ဟု မူလဆီရင်သူက ညွှန်းထားပါသည်။

(၂) အင်းကွက်ကြီးလေးကွက်၏ အပေါက်လေးပေါက်တွင် "စမဗဝ" စမကြီးလေးလုံး ရံထားသော ကယုက်ယယုက်လေးစုံအား အပေါ်မှစ၍ လက်ယာရစ် တစ်စုံစီ လေးစုံပြည့်အောင် တစ်ခုစီရေးဆွဲထားပါသည်။

ယင်းသို့ ရေးဆွဲစီမံထားခြင်းမှာ အန္တရာယ်၊ ဘေးရန်၊ ရန်အသွယ်သွယ်နှင့် ပယောဂအမျိုးမျိုးကို တွန်းလှန်ချေဖျက်ရာတွင် မေတ္တာတရားကို လက်ကိုင်ထားခြင်းဖြင့် အောင်ရာသည်ဟု အဓိပ္ပာယ်ဆောင်ကြောင်း မူလဆရာက ညွှန်းဆိုထားပါသည်။ ယင်းနောက် နဝင်ညွှန့်များအား အပြီးသတ်ရေးဆွဲထားပါသည်။

**သမ္ဗုဒ္ဓေမန္တန်အင်းတော်ကြီးအား စီရင်ခြင်း**

သမ္ဗုဒ္ဓေမန္တန်အင်းတော်ကြီးအား စီရင်ရာတွင် -

(၁) ရက်ကောင်းရက်မြတ်ရွေးပါ။

(၂) အင်းတော်ကြီးအား ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ မှင်းကိုင်စက္ကူ၊ သန့်ရှင်းသပ်ရပ်ကောင်းမွန်သော နံကာစက္ကူသည် ရရာတစ်ခုခုဖြင့် စီရင်ရေး ဆွဲရပါမည်။ နံကာ၊ စက္ကူဖြင့်အသုံးပြုလျှင် ပလတ်စတစ်လောင်းထားပါ။

(၃) ပန်းမျိုးစုံ၊ သစ်သီး၊ အလင်းတိုင်၊ နံ့သာတိုင်၊ ရေချမ်းတို့ဖြင့် မြတ်စွာဘုရားအား လှူဒါန်းပူဇော် ပါ။

(၄) နေ့စဉ် ဝတ်မပျက်ပြုမြဲဖြစ်သော ဘုရားရှိခိုးခြင်း၊ နှင့်သက်ရာ သီလခံယူခြင်းတို့အား ပြုမြဲအတိုင်း ဆောင်ရွက်ပါ။

(၅) သာသနာတော်စောင့် နတ်မင်းကြီးများ၊ စတုဿကပါလ နတ်မင်းကြီးများ၊ သိကြားမင်း၊ ဗြဟ္မာမင်း၊ သိဒ္ဓိ၊ ဆေးဒိဗ္ဗိရှင်နှင့် ဝိဇ္ဇာလေးပါးတို့ အား ပင့်ဖိတ်ပါ။

(၆) အင်းကွက်ကြီးလေးကွက်အား ရေးဆွဲရာတွင် ဘောရံခတ်ခြင်း၊ ဝဲယာထက်အောက် မျဉ်းများ သားခြင်းတို့အား အင်းစည်းကမ်းအတိုင်း ဆောင် ရွက်၍ ဝဲထိပ်အကွက်ကြီးမှစ၍ စီရင်ရေးဆွဲရ ပါမည်။

(၇) အင်းတော်ကြီး၏ အင်းဆန်မှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးဖြစ်၍ ဝဲထောင့်စွန်းအင်းကွက်မှ စတင်ကာ ခရုပတ်ရေးသွင်းရပါမည်။ ဂါထာ၏အစမှ စ၍ အက္ခရာတစ်လုံးချင်းရေးသွင်းပြီးပါက သမ္ဗုဒ္ဓေဂါထာတော်ကြီးအား ၃၇ အုပ် စုတ်ပါ။

(၈) အင်းကွက်ကြီးများ၏ လေးဘက်လေးတန် အပေါက်ဝတွင်ရှိသော ကယုက်ယယုက်အား မကြွဘဲ တစ်ဆက်တည်းလော့ကျင့်ရေးဆွဲပါ။ လေးခုရေးဆွဲရပါမည်။ ပြီးလျှင် နဝင်ညွှန့်များ ပတ်လည်ရေးဆွဲပါ။

(၉) ကယုက်ယယုက် အမှတ်တံဆိပ်ကို ရံထားသော "စမဗဝ" စမကြီးလေးလုံးကို ရေးသွင်းရာတွင် -

စ-အက္ခရာရေးသွင်းလျှင် စကာရော၊ မကာရော၊ ဗကာရော၊ ဝကာရော၊ တေဇောဓာတု၊ ဝါယောဓာတု၊ အာပေါဓာတု၊ ပထဝီဓာတု သဗ္ဗသိဒ္ဓိဟု ရွတ်ရေးပါ။

မ-အက္ခရာရေးသွင်းလျှင် မကာရော၊ စကာရော၊ ဝကာရော၊ ဗကာရော၊ ဝါယောဓာတု၊ တေဇောဓာတု၊ ပထဝီဓာတု၊ အာပေါဓာတု သဗ္ဗသိဒ္ဓိဟု ရွတ်ရေးပါ။

ဗ-အက္ခရာရေးသွင်းလျှင် ဗကာရော၊ ဝကာရော၊ မကာရော၊ စကာရော၊ အာပေါဓာတု၊ ဝါယောဓာတု၊ ပထဝီဓာတု၊ တေဇောဓာတု သဗ္ဗသိဒ္ဓိဟု ရွတ်ရေးပါ။

ဝ-အက္ခရာရေးသွင်းလျှင် ဝကာရော၊ ဗကာရော၊ စကာရော၊ မကာရော၊ ပထဝီဓာတု၊ တေဇောဓာတု၊ ဝါယောဓာတု၊ အာပေါဓာတု သဗ္ဗသိဒ္ဓိဟု ရွတ်ရေးသွင်းပါ။

(၁၀) စမဗဝ စမကြီးလေးလုံးရေးသွင်းပြီးပါက အောက်ပါဘေးကင်းရန်ကွာ ဂါထာအား ၃၇ အုပ် စုတ်ပါ။

ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာ မ ဂေါတမံ။

ဝိဇ္ဇာ စရဏ သမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာ မ ဂေါတမံ။


<u>ဂါထာပြန်မာပြန်</u>

ငါးမာရ်အောင်မြင် ဂေါတမဘုရားရှင်ကို သင်တို့ရှိခိုးကြကုန်လော့။ ငါးမာရ်အောင်မြင် ဂေါတမဘုရားရှင်ကို ကြည်လင်မြတ်နိုး အကျွန်ုပ်တို့ ရှိခိုးကြပါကုန်စို့။ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံ၍ သစ္စာလေးပါးကို ပိုင်းခြားထင်မြင် သိမြင်တော်မူသော ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကို ဝပ်တွားရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါကုန်၏ အရှင်ဘုရား။

(၁၁) ဝေနေယျသတ္တဝါ ၃၁ ဘုံသားတို့အား အမျှပေးဝေပါ။ မေတ္တာသုတ် ကိုးခေါက်ရွတ်၍ မေတ္တာပို့ပါ။ ဖိတ်ကြားထားသူများ နေရပ်ပြန်ပို့ပါ။

www.burmeseclassic.com

## သမ္ဗုဒ္ဓေမန္တန်အင်းတော်ကြီး




(၁၂) အကွက်ကြီး လေးကွက်၏ ကြက်ခြေအလယ် ကွက်လပ်တွင် ဆိုင်ရာမွေးနံကို အင်းဂဏန်းရေးနည်း ထောင့်ကန်ရေးသွင်းပါ။

စီရင်ပြီးသော အင်းတော်ကြီးအား အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းပူဇော်ပြီး ဆောင်ထားနိုင်ပါသည်။ နေ့စဉ် ဘုရားဝတ်ပြုခြင်း၊ သီလခံယူမေတ္တာပို့ခြင်း၊ ကုသိုလ်အမှုဝေခြင်းများ ဆောင်ရွက်ပြီးပါက သမ္ဗုဒ္ဓေဂါထာအား အနည်းဆုံးကိုးခေါက် တိတိ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အင်းတော်ကြီးသည် ပိုမိုသိဒ္ဓိ တန်ခိုးထက်မြက်၍ ကုဋ္ဌာသယ လိုတိုင်းရပြီး လိုအင်ဆန္ဒများ ပြည့်ဝမည်ကေန်ဖြစ်ကြောင်း မေတ္တာရှေ့ထား တင်ပြလိုက်ရပါသည်

ဗြဲသင်းထွန်း(မြသမုံ)



www.burmeseclassic.com

www.burmeseclassic.com

## ဆရာကြီးဦးလိန်လယ်၏

### ကြိုး၊ ထိတ်၊ သံခြေချင်း၊ ဓား၊ လုံ၊ သေနတ်ပြီးစေသည့်

# ရွှေအပ်အစီအရင်

အေးရွှေ(စီး)ကုန်း

ကျွန်တော်တို့ ခပ်ငယ်ငယ်က ကျွန်တော်တို့ဒေသ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်တွင် ဦးလိန်လယ်အမည်ရှိ ရှမ်းတိုင်းရင်းသားကြီးတစ်ဦး ရှိခဲ့သည်။

ဦးလိန်လယ်မှာ အသားညိုညို၊ ခေါင်ကောင်းကောင်း၊ ကိုယ်ပြား၊ လက်ပြားကြီးနှင့် အတော်သန်မာဖျတ်လတ်သူတစ်ဦး ဖြစ်သည်။ ရှမ်းဘောင်းဘီပွပွကြီးနှင့် ပင်နီတိုက်ပုံအင်္ကျီဝတ်၍ တဘက်ကြီး ခေါင်းပေါင်းကာ တစ်စထောင်ထားသည်မှာ ကြွားကြွားရွှားရွှားရှိလှပြီး အတော်ပင်ကြည့်၍ကောင်းလှပေသည်။ အမြဲတမ်း ကျောဥ္စ္ဆိုးထားသော ငုက်ကြီးတောင်ဓားကြီးကြောင့်လည်း ပိုမိုခံ့ညားထည်ဝါသလို ရှိပေ၏။

အဖေနှင့် အစ်မက ဦးလိန်လယ်ကြီး အိမ်အလည်အပတ်လာပြီဆိုလျှင် ဘုရားတစ်ဆူဂူတစ်လုံးလို ကိုးကွယ်ကြသည်။ ဦးလိန်လယ်က ပဲပုပ်နှင့် မုန့်ဟင်းခါးကြိုက်သည်။ အစ်မက ဦးလိန်လယ်ကြိုက်တတ်သော ပဲပုပ်နှင့် မုန့်ဟင်းခါးကို မရမက ရှာဖွေချက်ကျွေးတတ်သည်။

မှတ်ချက် ။ အစ်မဆိုသည်မှာ စာရေးသူတို့ဒေသ၏ "အမေ"မိခင်ကိုခေါ်သည့် "ဒေသိယ" အခေါ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးလိန်လယ်က သိုင်းပညာ၌ တစ်ဖက်ကမ်းခပ် တတ်သည်ဟု ဆိုပါသည်။ ထို့အတူ ကိုယ်ဖော့ပညာလည်းတတ်ပြီး မား၊ လုံ၊ သေနတ်လည်း ပြီးကြောင်း အဖေနှင့် အစ်မက ပြောပါသည်။

ဂျပန်ခေတ်က ကန်ကြီးကြိုးဝိုင်းထဲ၌ ဖိုးနွယ်မှ ချင်းအမျိုးသမီးငယ်လေးတစ်ဦးအား အဓမ္မကြံစည်ရန် ကြိုးစားနေကြသည့် ဂျပန်နှစ်ဦးနှင့် ဦးလိန်လယ် ပက်ပင်းတိုးရာ အမျိုးသမီးငယ်အား ဝင်ရောက်ကယ်ရင်း ဂျပန်နှစ်ဦး၏ သေနတ်နှင့် အပစ်ခံခဲ့ရသည်။ သို့သော် သေနတ်တွေက ကျည်လုံးဝမထွက်ဘဲ တစ်ဦးနှင့်တစ်ဦး အသေ ခလဲ တိုက်ခိုက်ခဲ့ကြသည်။ ဂျပန်တွေက "ဂျူဒို"တတ်သည်။ ဂျူဒို၊ အိုက်ကီဒို ကျွမ်းသည်။ သို့သော် ဦးလိန်လယ်ကိုတော့ နိုင်အောင်မတိုက်နိုင်ခဲ့ရှာပေ။ ဦးလိန်လယ်သည် ဂျပန်နှစ်ယောက်အား ကောင်းကောင်းအနိုင်ယူနိုင်ခဲ့သည်။

လွတ်လပ်ရေးရပြီး သည်ဘက်ခေတ်၌လည်း ရောင်စုံသောင်းကျန်းသူများ၏ အနိုင်ကျင့်နှိပ်စက်ခြင်းကို အကြိမ်ကြိမ်ကြုံခဲ့ရသည်။ သို့သော် ထိုသို့ကြုံတိုင်း သိုင်းပညာ၌ တစ်ဖက်ကမ်းခပ်တတ်၍ မား၊ လုံ၊ သေနတ်ပြီးသော ဦးလိန်လယ်ကသာ ကြုံကြိုက်တိုင်း ပညာပေး၊ ပညာပြနိုင်ခဲ့သည်ဟု ဆိုပါ၏။

ဦးလိန်လယ် အလိုရှိ၍ မြွေကြီးကို လက်နှင့်ထိုးပြီး ကုတ်ယူလိုက်ပါက မြွေကြီးများ အစိုင်အခဲလိုက်ပါကြောင်း၊ တော်ရုံ သစ်ကိုင်းကို လက်ဝါးစောင်းရိုက်ချိုးနိုင်ကြောင်း ပြောကြပါသည်။

ဦးလိန်လယ်မှာ အဖေ၏ဆရာဖြစ်ကြောင်း၊ အဖေ့ကို သိုင်းပညာသင်ကြားပေးဖူးကြောင်း နောက်မှ သိရပါသည်။

ဦးလိန်လယ်က အဖေ့ကို သိုင်းပညာသင်ပေးသည်ဟု ပြောတော့ ကျွန်တော်က သိုင်းပညာတင်ပဲလား၊ မားပြီး၊ လုံပြီး၊ သေနတ်ပြီးရော လုပ်မပေးဘူးလား၊ အဲဒီနည်းတွေကော မပေးဘူးလားဟုမေးရာ အဖေက ရယ်မောပြီး…

"ဆရာတပည့်ပဲ လူလေးရဲ့။ ဘယ်မပေးဘဲ နေပါ့မလဲ။ ဘာလဲ…လူလေးသိချင်လို့လား"ဟု မေးပြီး စစ်ရဲဗိုလ်တံဆိပ် ဗလာစာအုပ်နှင့်ရေးထားသည့် စာရွက်များပင် ကြမ်းကြမ်းတမ်းတမ်း အထိမခံတော့ဘဲ ကြွေချင်နေပြီဖြစ်သော ဦးလိန်လယ်ပေးခဲ့သည့်နည်းလေးကို ထုတ်ပြပါ၏။

ယခုတော့ ဆရာကြီးဦးလိန်လယ်လည်း မရှိ၊ အဖေတို့၊ အစ်မတို့လည်း မရှိတော့ပါ။ ဇာတိ-ဇရာ-ဗျာဓိ-မရဏတည်းဟူသည့် သင်္ခါရတရားကို မလွန်ဆန်နိုင်ကြဘဲ ဘဝတစ်ပါးသို့ ပြောင်းသွားကြပါပြီ။

ကျွန်တော်ကိုယ်တိုင် ဇရာပိုင်းကို ချဉ်းနင်းလာခဲ့ပါပြီ။ မရဏ၊ ကာလော၊ အယံ၊ ဥပနိက္ခေပနံ၊ ဂတာယာပိ ဟူသော သေခြင်းတရား၊ သေမည့်ကာလ၊ သေဆုံးမည့်အချိန်၊ ခန္ဓာကိုယ် စွန့်ပစ်ရာအရပ်၊ လားရာဂတိတို့ကို မသိနိုင်သည့်အားလျော်စွာ သေခြင်းတရားသည် အချိန်မရွေးလာနိုင်သဖြင့် မိမိသေဆုံးသွားလျှင် မိမိသိခဲ့သော အဖိုးတန်နည်းများ တိမ်မြုပ်ပျောက်ကွယ်မသွားရအောင် ဆရာကြီးဦးလိန်လယ်၏နည်းအား ဆက်လက်တင်ပြ ပညာဒါနပြုအပ်ပါသည်။

## ကြိုး၊ ထိတ်၊ သံခြေချင်း၊ မား၊ လုံ၊ သေနတ်၊ သစ်ချွန်၊ ဝါးချွန် ပြီးစေသောနည်း

(၁) ရွှေ ၁ မတ်၊ (၂) ငွေ ၁ မတ်၊ (၃) ကြေးနီ(ကြင်နီကြေး) ၁ မတ်၊ (၄) မိုးကြိုး(ကြေးမိုးကြိုး) ၁ မတ်။

၎င်းလေးပါး လုံးတွင်ထည့်ပေါင်း၍ ကျို။

၎င်းနောက် ဓာတ်အပ်လုပ်နိုင်သည့်အထိ အပျော့အပြင်းဆိုက်ရန် ဆားတစ်မတ်၊ ပရုပ်တစ်မတ်၊ ဆန်တစ်မတ်နှင့် ရောထိုး။ ပြင်း-ပျော့လျှင် ပင်အပ်သဏ္ဍာန် အပ်လုပ်။

၎င်းနောက် ငါးပါးသီလခံယူကာ အောက်ပါဂါထာမန္တန်ဖြင့် ဘုရားရုပ်ပွားတော်မြတ်ရှေ့၌ ၃၀၀၀၊ နတ်စင်၌ ၃၀၀၀၊ သင်္ချိုင်း၌ ၃၀၀၀၊ ၉၀၀၀ ရွတ်၊ ခါးပတ်နက္ခတ်ကြုံချိန်တွင် သရဏဂုံသုံးပါး မပြတ်ရွတ်ဆို၍ သွင်း။

### "မန္တန်"

"ဥုံ သူရဿတိ ပီယံမမ၊ ကျွန်းကြီးဇမ္ဗူဒီပါ၊ သာသည့်လေးမျက်နှာ၊ အခြေလေးခု စတုဒိသာ၊ အနောက်သန်လျက် ခေါင်းဆောင်ကာ၊ အရှေ့သန်လျက် ခေါင်းဆောင်ကာ၊ မြောက်သန်လျက် ခေါင်းဆောင်ကာ၊ တောင်သန်လျက် ခေါင်းဆောင်ကာ၊ ဥုံ သိရိသိရိ မဟာသိရိ ပုမ္မဝ္ဗ သွာဟာ"

[သွားဟာ မဟုတ်ပါ။ သွာဟာ ဖြစ်ပါသည်။]

**မှတ်ချက်** ။ ဆရာကြီးဦးလိန်လယ်အကြောင်းကို စာရေးဆရာစောဝင်း လုံးချင်းဝတ္ထု ရေးခဲ့ဖူးပါသည်။]

**အောင်ရွှေ(ဝီးကုန်း)**

www.burmeseclassic.com

# တရုတ်ဂမ္ဘီရဆရာကြီး ကြူကိုး

၏

# အိပ်မက်အဖွင့်ကျမ်း

## တက္ကသိုလ်မောင်တံခွန်

### (၁) ပျားပိတုန်းကို မြင်မက်ခြင်း

(က) ပျားပိတုန်းပျံသန်းနေသည်ကို မြင်မက်လျှင် မိမိဘဝသုခ ချမ်းသာဖြင့် ပြည့်စုံရပါလိမ့်မည်။ ငွေရကိန်းရှိ၏။ ငွေများလိုမို့၍ စင်လာပါလိမ့်မည်။

(ခ) ပျားပိတုန်းသေနေသည်ကို မြင်မက်လျှင် မိမိမကြာမီ ဒုက္ခမိုးမှောင် ကျရောက်ပါလိမ့်မည်။

(ဂ) အမျိုးသားက ပျားပိတုန်းအကိုက်ခံရသည်ကို မြင်မက်လျှင် ကံကောင်းလိမ့်မည်။ အတိတ်နိမိတ်ကောင်း၏။

(ဃ) အမျိုးသမီးက ပျားပိတုန်း၏ အတုပ်ထိုး၊ အကိုက်ခံရပါက မကြာမီ ကိုယ်ဝန်ရရှိပါလိမ့်မည်။

(င) ပျားပိတုန်းဖမ်းနေသည်ကို မြင်မက်လျှင် ရန်သူအပေါ် အနိုင်ရရှိပါလိမ့်မည်။

(စ) ပျားပိတုန်းကို သတ်ဖြတ်ကြောင်း မြင်မက်ရပါက ဘေးဒုက္ခအန္တရာယ်အပေါင်း၊ အတားအဆီး အဟန့်အတား များမှ ကျော်လွှားနိုင်ပါလိမ့်မည်။

### (၂) ရေကို မြင်မက်ခြင်း

(က) ရေသောက်နေသည်ကို မြင်မက်လျှင် ဘေးဒုက္ခ အန္တရာယ် ကျရောက်ရပါလိမ့်မည်။

(ခ) ခရီးသွားသူသည် ရေသောက်နေသည်ကို မြင်မက်လျှင် မကြာမီ လမ်းခရီးထဲ၌ ဒုက္ခတွေ့ရှိရပါလိမ့်မည်။

(ဂ) ကုန်သည်က ရေသောက်နေသည်ကို မြင်မက်လျှင် ဈေးရောင်းထိုင်းရပါလိမ့်မည်။

(ဃ) ကိုယ်ဝန်ဆောင်အမျိုးသမီးက ရေသောက်နေသည်ကို မြင်မက်လျှင် မီးဖွားရခက်ခဲပါလိမ့်မည်။

(င) ရေထဲတွင် လမ်းလျှောက်နေသည်ကို မြင်မက်လျှင် သူတော်ကောင်း၊ နတ်ကောင်းနတ်မြတ်တို့၏ ကူညီမစ ခြင်းကို ခံရပါလိမ့်မည်။

(စ) လူနာက ရေထဲ၌ လမ်းလျှောက်နေသည်ကို မြင်မက် လျှင် မကြာမီ ကျန်းမာလာပါလိမ့်မည်။

(ဆ) တရားခံ၊ အကျဉ်းသားက ရေထဲတွင် လမ်းလျှောက်နေ သည်ကို မြင်မက်လျှင် မကြာမီ လျှော့ရက်ဖြင့် ထောင်မှ လွတ်မြောက်ဖွယ်ရှိ၏။

### (၃) နာရီကို မြင်မက်ခြင်း

(က) အမျိုးသားက နာရီကို မြင်မက်လျှင် မကြာမီ ဂုဏ်မျိုးစုံ တွေ့ရပါလိမ့်မည်။

(ခ) ကိုယ်ဝန်ဆောင်အမျိုးသမီးက နာရီကို မြင်မက်လျှင် မီးဖွားရခက်ခဲမှုတွေ့ရှိရပါလိမ့်မည်။

(ဂ) ကုန်သည်က နာရီကို မြင်မက်လျှင် မကြာမီ ခရီးထွက်ရ ပါလိမ့်မည်။

(ဃ) မိမိသည် လက်ပတ်နာရီပတ်ထားသည်ကို မြင်မက်လျှင် လမ်းခရီးတွင် အတားအဆီး၊ အဟန့်အတားကို တွေ့ရှိ ရပါလိမ့်မည်။

(င) အိမ်ရှင်က လက်ပတ်နာရီပတ်ထားသည်ကို မြင်မက် လျှင် မိမိခင်ပွန်းသည် လင်ယောကျ်ားနှင့် စကားများ ရန်ဖြစ်ရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

(စ) နာရီတီးသံ၊ ထိုးသံကို မြင်မက်ရပါက မိမိအသဝ တိုးတက်မှုအတွက် အတော်မရပ်မနား ပြေးလွှားရုန်းကန်ရပါလိမ့်မည်။

(ဆ) တရားခံ၊ အကျဉ်းသားက လက်ပတ်နာရီပတ်ထားသည်ကို မြင်မက်လျှင် မကြာမီ အကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ရပါလိမ့်မည်။

## (၄) ကြွယ်ဝချမ်းသာလာသည်ကို မြင်မက်ခြင်း

(က) မိမိကြွယ်ဝချမ်းသာလာသည်ကို မြင်မက်ရပါက ဝမ်းနည်းကြေကွဲစရာများ တွေ့ရကြုံရပါလိမ့်မည်။

(ခ) အိမ်ရှင်မက မိမိကြွယ်ဝချမ်းသာလာသည်ကို မြင်မက်ရပါက မိမိကလေးအတွက် စိတ်မအေးဖွယ်ရာ တွေ့ရှိရပါလိမ့်မည်။

(ဂ) ကုန်သည်က မိမိကြွယ်ဝချမ်းသာလာသည်ကို မြင်မက်လျှင် စျေးရောင်းအရှုံးပေါ်ပေါက်ရပါလိမ့်မည်။

(ဃ) လူနာက ကြွယ်ဝချမ်းသာလာသည်ကို မြင်မက်လျှင် ရောဂါမပျောက်ကင်းဘဲ အခြေအနေဆိုးဆိုးဝါးဝါး ရှိပါလိမ့်မည်။

(င) တရားခံ၊ အစ္စျဉ်းသားက ကြွယ်ဝချမ်းသာလာသည်ကို မြင်မက်လျှင် ထောင်ကျရက်ရှည်ရပါဦးမည်။

(စ) ခရီးသွားသူက ကြွယ်ဝချမ်းသာလာသည်ကို မြင်မက်လျှင် ခရီးရှည်ရပါဦးမည်။

(ဆ) ရန်သူက ကြွယ်ဝချမ်းသာလာသည်ကို မြင်မက်လျှင် မကြာမီ အညံ့ခံရပါလိမ့်မည်။

(ဇ) ဖနီး(မယား)က ကြွယ်ဝချမ်းသာလာသည်ကို မြင်မက်လျှင် ဝင်ငွေတိုးပွားမည်၊ နိမိတ်ကောင်း၏။

(ဈ) မိမိ၏ ဥစ္စာစည်းစိမ်ကို စွန့်လွှတ်ကြောင်း မြင်မက်ရပါက အတိတ်နိမိတ်မကောင်းလှပါ။ ရန်သူ၏အောင်နိုင်ခြင်းကို ခံရဖွယ်ရှိ၏။

## (၅) ရက်ကန်းရက်နေသည်ကို မြင်မက်ခြင်း

(က) မိမိက အဝတ်ရက်နေသည်ကို မြင်မက်လျှင် သုခချမ်းသာခြင်း၊ ပျော်ရွှင်ခြင်း ရရှိပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်မက ရက်ကန်းရက်နေသည်ကို မြင်မက်လျှင် ကိုယ်ဝန်ရရှိပါလိမ့်မည်။

(ဂ) လူပျိုက ရက်ကန်းရက်နေသည်ကို မြင်မက်ပါလျှင် မကြာမီ ခေတ်ပညာတတ်မိန်းမချောချောလေးကို ရရှိပါလိမ့်မည်။ အိမ်ထောင်ရေးသာယာမည်၊ ပျော်ရွှင်ချမ်းမြေ့လိမ့်မည်။

(ဃ) အပျိုက ရက်ကန်းရက်နေသည်ကို မြင်မက်ပါလျှင် မကြာမီ ယောက်ျားကောင်းရရှိမည်။

(င) အလုပ်သမားက ရက်ကန်းရက်နေသည်ကို မြင်မက်လျှင်. ဝင်ငွေလျော့နည်းရပါလိမ့်မည်။

(စ) ကုန်သည်က ရက်ကန်းရက်နေသည်ကို မြင်မက်လျှင် စျေးရောင်းကောင်းမည်။ ငွေရွှင်မည်။ ချမ်းသာကြွယ်ဝရပါလိမ့်မည်။

(ဆ) တရားခံ၊ အကျဉ်းသားက ရက်ကန်းရက်နေသည်ကို မြင်မက်လျှင် မကြာမီ ထောင်မှလွတ်မြောက်လာပါလိမ့်မည်။

(ဇ) အစွပ်စွဲခံရသူက ရက်ကန်းရက်နေသည်ကို မြင်မက်ရပါက မကြာမီ ရက်ရှည်ထောင်ကျပါလိမ့်မည်။

## (၆) ငိုကြွေးနေသည်ကို မြင်မက်ခြင်း

(က) အသံမထွက်ဘဲ ငိုကြွေးနေသည်ကို မြင်မက်လျှင် အလုပ်အကိုင်၊ အကြံအစည် ချောမောစွာ အောင်မြင်ရပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်မက မိမိခင်ပွန်းသည် ငိုကြွေးနေသည်ကို မြင်မက်လျှင် အချစ်ပိုလိမ့်မည်။ မေတ္တာမျှပါလိမ့်မည်။

(ဂ) လူနာက ငိုကြွေးနေသည်ကို မြင်မက်ရပါလျှင် မိမိ ကျန်းမာရေးကောင်းမွန်ပါလိမ့်မည်။

(ဃ) တရားခံက ငိုကြွေးနေသည်ကို မြင်မက်ရပါလျှင် မိမိ၏ ဇနီး၊ ဆွေမျိုးသည် မကြာမီ ထောင်ဝင်စာ လာတွေ့ ပါလိမ့်မည်။

(င) မိမိ၏ မိတ်ဆွေ၊ ဆွေမျိုး ငိုကြွေးနေသည်ကို မြင်မက် ရပါလျှင် မိမိ၏ မိသားစုထဲမှ တစ်ဦးဦး ကွယ်လွန်အနိ ရောက်ရပါလိမ့်မည်။

(စ) ရန်သူငိုကြွေးနေသည်ကို မြင်မက်လျှင် မိမိမကြာမီ ဒုက တွေ့ရပါလိမ့်မည်။

တက္ကသိုလ်မောင်တံခွန်

**Ref:-** တရုတ်အိပ်မက်အဖွင့်ကျမ်း
ဟိုင်နန်မြို့၊ တရုတ်ပြည်။
(၁၉၉၃ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

# ကံ သုခချမ်းသာ ဓာတ်သိဒ္ဓိယတြာ

ဂမ္ဘီရဆရာကြီးဇာဂရ

ကုသိုလ်စိတ်ဖြင့် နေအပ်သော ဇရာအရွယ်···

သေရှာသို့ "ဂမ္ဘီရပညာသိုက်"ကို သယ်ဆောင်ကာ ယူသွားသော ကျွန်ုပ်သည် တပည့်ကြီးတို့ တောင်းဆိုမှုဖြင့် ခန္ဓာငါးပါး ဘုမ္မိပျက်ရာယတြာ ဓာတ်ဆင်မှုပညာအား တင်ပြလို၍ "ဂမ္ဘီရပညာ"ဓာတ်သိဒ္ဓိယတြာစီရင်နည်း အသီးသီးကို အခါအခွင့်သင့်သလို ကျွန်ုပ်သည် သင်ကြားဖော်ထုတ် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

လူသည် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဖြင့် ဓာတ်လေးပါး အစုအဝေးကြီးဖြစ်သည်နှင့်အညီ ထိုဓာတ်အစုအဝေးကြီး တည်မြဲခိုင်မာရေးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါး အခြေခံညီညွတ်မှန်ကန်ပြီး "ကံကြောင့်ဖြစ်တည်မှုသည်း"လာသော ရုပ်ခန္ဓာကြီး တည်မြဲရေးအတွက် စိတ်၊ ဥတု၊ အာဟာရ ညီညွတ်ရန် ပြုပြင်ရ၏။

ကံကို ခိုင်မာရန် ကံရှိန်မြှင့်တင် ပြုပြင်ရ၏။ ပျက်စီးခြင်း ကျိုးပေါက်မှုကိုလည်း ပြုပြင်ဖာထေး ကာကွယ်ရသေး၏။ ပျက်အစဉ် ပြင်ခဏာပင် ဖြစ်ပါသည်။ ကံအရှိန်ဝါမြှင့်တင်ရေး အကြောင်းတရားတို့တွင် ဓာတ်သိဒ္ဓိယတြာစီရင်ခြင်းအသီးသီးသည် တစ်ခုအပါအဝင် ဖြစ်လေသည်။ ကံဟူသည် မိမိပြုခဲ့ဖူးသည်က ကုသိုလ်၊ အကုသိုလ်အမှုတို့ကြောင့် ကံအရှိန်သည် တစ်ပြောင့်တည်း၊ တစ်ပြေးတည်း၊ အနိမ့်အမြင့် ညီညာလှသည် မဟုတ်။ ထို့ကြောင့် ကံဇာတာနိမ့်ပါးစဉ် ကံအနိမ့်အမြင့် မသိရခင်ကာ ကံဖြည့်ဆည်းမြှင့်တင်နိုင်ခြင်းသည် အကောင်းဆုံးသော ကာကွယ်နည်းမည်ပါ၏။

ဓာတ်သိဒ္ဓိယတြာဆွမ်းနှင့် သင်္ကန်းတော် ကပ်လှူပူဇော်ခြင်းသည် ခုနစ်ရက်သားသမီးမိသားစု တစ်စုလုံးအတွက် ကံမြှင့်တင်ခြင်းသာလျှင် ဖြစ်ပါ၏။ ဤတစ်ကြိမ်တွင် သက်ရှည်ကျန်းမာ လာဘ်ရတနာအဖြာဖြာ အောင်မြင်ရေးအတွက် မျက်မှောက်ဖြစ်ရာ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူပြီးသော···

"ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား" လေးဆူကုန်သော ဘုရားတို့ကို ရည်စူး၍ ရတနာသုံးပါး အထွတ်အထိပ်ထား ဆွမ်းဆက်ကပ်လှူဒါန်းသည့် ခန္ဓာငါးပါးဓာတ်သိဒ္ဓိယတြာ ဆွမ်းအလှူတော်ပွဲမင်္ဂလာ ပြုပြင်စီရင်နည်း နိဿယချက်ကို ကျွန်ုပ် တင်ပြသွားမည် ဖြစ်ပါသည်။ လူသားအကျိုးပြု အစီရင်ဖြစ်၍ အလှူဒါနနည်းနိဿယမှ "သက်ရှည်ကျန်းမာအောင် ဓာတ်သိဒ္ဓိယတြာဆောင်"ရန် ဖြစ်ပါသည်။

မင်္ဂလာပွဲအစ ငှက်ပျောကဟု ဆိုချင်ပါသည်။ ငှက်ပျောသည် မင်္ဂလာမဏ္ဍိုင်၊ ဓာတ်ခိုင်ပစ္စည်းဖြစ်၏။ မင်းခမ်းမင်းနား မင်္ဂလာပွဲတိုင်းတွင် မပါမပြီး သုံးစွဲခဲ့ကြ၏။ သဲဖြူခင်း၊ ရာဇမတ်ကာ၍ ငှက်ပျောပင်စိုက်ထူပြီး မင်္ဂလာပွဲအခမ်းအနားကို ကျင်းပခဲ့ကြ၏။ မင်္ဂလာယူတတ်ကြ၏။ ယခုလည်း "မင်္ဂလာသရုပ်"ဖော်ထုတ်ကာ ဓာတ်သိဒ္ဓိယတြာစီရင်ရန် ဖြစ်ပါသည်။ "ငှက်ပျော"သည် မြစ်ဆုံတုံးရှိသမျှ ရေမြ၏။ အသက်မသေ သက်ရှည်ခိုင်မာ၏။ မြဲ၏။ ထို့ကြောင့် ငှက်ပျောနှင့် အစီအရင်ပြုသည်။ "သက်ရှည်ကျန်းမာ အောင်မြင်မှုမင်္ဂလာ"အတွက် အဆောင်ကောင်းဖြစ်ပါ၏။ ပူးတွဲပါ ဆွမ်းကပ်အလှူတော်စီမံ




www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြင့် မတောင့်မတ၊ မကြောင့်မကြရဘဲနှင့် ဆွမ်းလှူခြင်း အကျိုးတရား ငါးပါး ဒိဋ္ဌဓမ္မ ချက်ချင်းခံစား အကျိုးပေးမည် ဖြစ်ပါသည်။ ဆွမ်းလှူရခြင်းအကျိုးတရားငါးပါးကား···

၁။ အသက်ရှည်ခြင်း။ ၂။ အဆင်းလှခြင်း။ ၃။ ဉာဏ် ပညာကြီးခြင်း၊ ၄။ ခွန်အားဗလကြီးခြင်း၊ ၅။ ချမ်းသာကြီးခြင်း ဆိုသော တရားငါးပါး မတောင့်တဘဲနှင့် ပြည့်ဝနိုင်ပါသည်။ ဒါနနှစ်မျိုးရှိ၏။

ပူဇာဒါန၊ အနုဂ္ဂဟဒါန နှစ်မျိုးတွင် ဘုရားရှင်တော်မြတ် လေးဆူကို ရည်စူး၍ အမြင့်မြတ်ဆုံးသော ရတနာသုံးပါးကို လှူဒါန်းပူဇော်ခြင်းသည် ပူဇာဒါနမည်၏။ ကြီးမြတ်သူတို့မှ ငယ်ရွယ်သူတို့အား ချီးမြှောက်သော မင်္ဂလာဒါနသည် အနုဂ္ဂဟ ဒါနပင် မည်ပါ၏။ ယခု အလှူတော်မင်္ဂလာပွဲသည် မပင်မပန်း လှူဒါန်းပန်ဆင်နိုင်သော အလှူပွဲလေးဖြစ်ပါ၏။ အိမ်တွင်း၌ ဆောင်ရွက်နိုင်သော (သောမနဿဒါန၊ သဟာတ္တိကဒါန)ဟု လည်း ဆိုနိုင်ပါသည်။






www.burmeseclassic.com

www.burmeseclassic.com

## ပြူပြင်စီရင်နည်းအစုံအလင်
## (လက်ာအဆိုအမိန့်စကား)

ငှက်ပျောသန့်စင်၊ ဓာတ်ပန်းဆင်၊ လူတွင်ပြုစရာ။
မြေ့ရေ့လေ့မီး။ ယပ်ရွှေထီး။ ဓာတ်ကြီးမင်္ဂလာ။
ဆွမ်းပွဲ(နှစ်ဆယ်)၊ ရေတစ်သွယ်၊ (တစ်ဆယ်ပေါင်း)
နှစ်သာ။
ယပ်ဖြူ(ခြောက်)တိုင်၊ လင်း(လေး)တိုင်၊ မတ်နိုင်လှူ
ဒါန်းရာ။
ငှက်ပျော(ငါး)ဆင့်၊ ပန်းဆင်သင့်၊ သဲနှင့်လင်ပန်းသာ။
သက်ရှည်ကျန်းမာ၊ ငါးခန္ဓာ၊ ခိုင်မာချမ်းသာမှာ။
ဘုမ္မိနဝင်း၊ ပူဇော်ခြင်း။ ဘေးကင်း"အောင်"ယတြာ။
(ရွှေဆရာကြီး)

## ရှင်းလင်းချက်နှင့် ပြင်ဆင်ပုံ

ပုံတွင်ပါသည့်အတိုင်း ...

၁။ ငှက်ပျောအလယ်အူ လက်မ ၂၀ ကို အလယ်တွင် တိုင်ထူ၍ ၄ လက်မစီ လျှော့ပြီး ၁၆ လက်မ၊ ၁၂ လက်မ၊ ၈ လက်မ၊ ၄ လက်မ အဆင့်ဆင့်အထပ်ထပ် ငါးဆင့်ပတ်၍ "ရွှေကြိုး" နှင့် ရစ်ချည်ပါ။
၂။ ရွှေထီးတစ်လက်ကို အလယ်တွင်စိုက်ပါ။
၃။ ယပ် ၆ ချောင်းကို အဆင့်ဆင့်စိုက်ထူပါ။
၄။ စဥ့်အင်တုံတစ်လုံးတွင် ကြီးလေးကြီး က,ဃ, ဏ,ဋ္ဌ ရေးပါ။
၅။ သဲ,မြေသန့် အနည်းငယ်ခံ၍...
၆။ အနံ့သက်န်းစ ၂ လက်မ ၅ စ အဆင့်ဆင့်ရစ်ပတ်၍ ရွှေကြိုးပတ်ချည်ပါ။

## ဆွမ်းပွဲပြင်ဆင်ရန် (ဓာတ်ကြီးလေးပါးဆွမ်း)

ဆွမ်းပွဲ ၂၀၊ သစ်သီးယို ၉ မျိုးနှင့် တင်လှူပူဇော်ပါ။ ချမ်း ၁၂ ခွက်၊ အောင်သပြေပန်း ၄ ခက်၊ အလင်းတိုင် ၄ တိုင်တို့အား ပြင်ဆင်ရန် ဖြစ်ပါသည်။ ထို့နောက် အောက်ပါ "အောင်ဂါထာတော်"ကို ရွတ်ဆို၍ ဆွမ်းဆက်ကပ် ပူဇော်လှူဒါန်း ါ လိုအပ်သမျှသော ဆု၊ ဆန္ဒကို ပြည့်ဝစေရန်အတွက် ဆု ောင်းပါ။

ဝေနေယျသတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာတို့အား ပြုပြုသမျှ ကုသိုလ်ဒါန အခုဆုတို့ကို မေတ္တာပို့အမျှဝေခြင်းဖြင့် ကိုယ်လည်း ကျန်းမာ၊ စိတ်လည်းချမ်းသာ၊ သက်ရှည်ပါကြောင်း စေတနာ ကောင်းဖြင့် ဓာတ်ယတြာစီရင်နည်းကို ရေးသားတင်ပြလိုက်ရ ပါသည်။

## ဆွမ်းဆက်ကပ်လှူဒါန်းရာ၌ ရွတ်ဆိုရန်
## (အောင်ဂါထာတော်)

"ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော၊
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ၊
အပရာဇိတ ပလ္လင်္ကေ၊ သီသေပထဝိ ပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ"

"သကျာနံ-သာကီဝင်မင်းတို့၏၊ နန္ဒိဝဍ္ဎနော-နှစ်လိုခြင်းကို ပွားစေတတ်သော မြတ်စွာဘုရားသည်၊ ဗောဓိယာ-ဗောဓိပင်၏ မူလေပင်ရင်း၌၊ ဇယန္တောယထာ-မာရ်ငါးပါးကို အောင်တော်မူလေသကဲ့သို့၊ ဧဝမေဝ-ထို့အတူလည်းကောင်း။ ဇယော-အောင်မြင်ခြင်းသည်၊ ဟောတု-ဖြစ်ပါစေသတည်း။

ဇယမင်္ဂလေ-အောင်အပ်သော မင်္ဂလာ၌၊ တဝ-သင့်အား။ ဇယဿု-အောင်ပါစေသတည်း။ သဗ္ဗဗုဒ္ဓါနံ-ခပ်သိမ်းသော မြတ်စွာဘုရားတို့၏၊ အဘိသေကေ-ဗုဒ္ဓဘိသေက မင်္ဂလာကို ခံယူရာဖြစ်ထသော၊ ပထဝိပုက္ခလေ-မြေပြင်၌ အထူးတင့်တယ်ထသော၊ သီသေ-မြေပြင်၌ ဦးထိပ်လည်းဖြစ်ထသော၊ အပရာဇိတ ပလ္လင်္ကေ-မာရ်ငါးပါးကို အောင်မြင်သော ပလ္လင်တော်၌၊ အဂ္ဂပ္ပတ္တော-လူသုံးပါးတို့ထက် မြတ်သော၊ သဗ္ဗညုတဉာဏ် ကျေးဇူးသို့ ရောက်တော်မူသော မြတ်စွာဘုရားရှင်သည်၊ ပမောဒတိ-ဝမ်းမြောက်တော်မူ၏။

အထက်ပါ ဂါထာတော်ကို နေ့စဥ်စွဲမြဲစွာ ရွတ်ဆို ပူဇော်ခြင်းဖြင့် ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၍ ဘေးရန် အန္တရာယ်ဟူသမျှ ကင်းစင်လွင့်ပျောက်ပြီး အသက်ရှည် ကျန်းမာပါကြောင်း "သက်ရှည်ကျန်းမာ အောင်သိဒ္ဓိဓာတ် ယတြာ" တောင်းဆိုလာသူ တပည့်ကြီးများအတွက် ချီးမြှင့် လိုက်ရပါသတည်း။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ...


**ဂမ္ဘီရဆရာကြီးဇာဂရ**

www.burmeseclassic.com

# တစ်လအတွင်း ကောင်းခြင်းမင်္ဂလာနိုင်ယာရီ


**၁.၁၂.၂၀၁၃ မှ ၃၁.၁၂.၂၀၁၃ ထိ**

ဆရာရွှေ (နက္ခတ္တဗေဒပညာရှင်)





**၁.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်၏။ သဗ္ဗအတ္တသိဒ္ဓိယုဂ်ရသဖြင့် ကောင်း၏။ မည်သည့်လုပ်ငန်းမဆို လုပ်ပါ။ ကောင်းပါသည်။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီ အတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–သပြေညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၁–၆–၈–၃–၇)




**၂.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ လုပ်ငန်းသစ်လုပ်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီ မှ ၉ နာရီအတွင်း အခါကောင်း၏။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–သီဟိုဠ်ညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း**(၂–၃–၅–၃–၄)





**၃.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၁ ရက်၊ အင်္ဂါနေ့**

ရှမ်းရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ လုပ်နိုင်ပါသည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ထန်းညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၃–၃–၇–၃–၄)




www.burmeseclassic.com

www.burmeseclassic.com





**၄.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့**

သမားဖြူရက် ၁ ရက်၊ ရက်ပုပ် ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ မည်သည့် လုပ်ငန်းသစ်မျှ စတင်မလုပ်အပ်ပါ။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–အုန်းညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၄–၅–၉–၃–၄)





**၅.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၃ ရက်၊ ကြာသပတေးနေ့**

ပြဿဒါး ၁ ရက်၊ သမားဖြူရက် ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက် မကောင်းရက် ၃ ရက် မိထား၍ မည်သည့်လုပ်ငန်းမျှ စတင်မလုပ်သင့်ပါ။ ခရီးဝေးမထွက်သင့်ပါ။ **ဆောင်ပန်း**–ကံ့ကော်ညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၅–၆–၃–၄)





**၆.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၄ ရက်၊ သောကြာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်းသောနေ့ဖြစ်၏။ ရဝိယုဂ်လည်းရသဖြင့် အပြစ်ဒေါသများကိုပယ်နိုင်၍ ကောင်းလှ၏။ လုပ်ငန်းသစ်များ စတင်ဆောင်ရွက်ပါ။ အောင်မြင်ကံကောင်းပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီ မှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ဆီးညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း**(၆–၇–၁–၃–၄)




**၇.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၅ ရက်၊ စနေနေ့**

ပြဿဒါး ၁ ရက်၊ သမားညိုရက် ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ရွက်လှညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၀–၂–၃–၄)





**၈.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက် မိသော်လည်း ရဝိယုဂ်ရသဖြင့် အပြစ်ဒေါသများကို ပယ်နိုင်၍ ကောင်း၏။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–သပြေညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၇–၃–၃–၄)




www.burmeseclassic.com

www.burmeseclassic.com





**၉.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၇ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်းသောနေ့ရက်ဖြစ်၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–သီဟိုဠ်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂-၇-၃-၈-၃-၄)





**၁၀.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၈ ရက်၊ အင်္ဂါနေ့**

မဟာရက်ကြမ်း ၁ ရက် မိထား၏။ သဗ္ဗအတ္တသိဒ္ဓိတိထိယုဂ်ရ၍ ကောင်း၏။ လုပ်ငန်းများ လုပ်ပါ။ အနောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီ အတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ထန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃-၇-၅-၃-၄)




**၁၁.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့**

ဝါရမိတ္တုငယ် ၁ ရက်၊ ရက်ပုပ် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက်၊ မကောင်းရက် ၄ ရက် မိထားသဖြင့် လုပ်ငန်းများ စတင်မလုပ်သင့်ပါ။ ခရီးမထွက်သင့်ပါ။ **ဆောင်ပန်း** –အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄-၅-၇-၃-၄)





**၁၂.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့**

ပြဿဒါး ၁ ရက် မိ၏။ တိထိယုဂ်ရသဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင် လုပ်ပါ။ ကောင်းပါသည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း** –ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၉-၅-၄-၃-၄)

**ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၁၁ ရက်၊ သောကြာနေ့**


ရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ တိထိယုဂ်လည်းရသဖြင့် မည်သည့် ပ်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့် ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့် ပါ။ **ဆောင်ပန်း**–ဆီးညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆-






www.burmeseclassic.com

www.burmeseclassic.com




**၁၄.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၁၂ ရက်၊ စနေနေ့**

ပြဿဒါး ၁ ရက်၊ သမားညိုရက် ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ မလုပ်သင့်ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-ရွက်လှညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇-၃-၆-၃-၄)




**၁၅.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက် မိ၏။ ရဝိယုဂ်ရသဖြင့် ကောင်းပါသည်။ လုပ်ငန်းသစ်များ ဆောင်ရွက်နိုင်ပါသည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-သပြေညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁-၆-၁-၃-၄)




**၁၆.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လဆန်း ၁၄ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-သီဟိုဠ်ညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂-၆-၂-၃-၄)



**၁၇.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၏။ ကောင်းသောနေ့ဖြစ်၍ လုပ်ငန်းသစ်များ လုပ်ပါ။ ကောင်းမွန်ပါသည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီအတွင်း အခါကောင်း၏။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-ထန်းညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃-၆-၃-၃-၄)




**၁၈.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့**

ရှမ်းရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်ဆောင်ရွက်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**-အုန်းညွှန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄-၄-၈-၅-၉)




www.burmeseclassic.com

www.burmeseclassic.com





**၁၉.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့**

ပြဿဒါးတစ်ရက်မိ၏။ သင့်ပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ အနောက်အရပ် မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း ပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ကံ့ကော်ညွန့်** ဆောင်ပါ။ **ကံကောင်းသော ဂဏန်း** (၅-၄-၂-၅-၉)





**၂၀.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ စနေနေ့**

သမားဖြူရက် ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက်၊ ဝါရမိတ္တူကြီး ၁ ရက် မကောင်းရက် ၃ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ ခရီးဝေးမထွက်သင့်။ **ဆောင်ပန်း** –ဆီးညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆-၂-၅-၅-၉)





**၂၁.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ စနေနေ့**

ပြဿဒါး ၁ ရက်၊ သမားညီရက် ၁ ရက် မကောင်းရက် ၂ ရက် မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း** –ရွက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇-၂-၇-၅-၉)




**၂၂.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့**

သမားညီရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ နိုင်ပါသည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအ **ဆောင်ပန်း–သပြေညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၁-၂-၄-၅-၉)





**၂၃.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့**

သမားဖြူရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ နိုင်ပါသည်။ အရှေ့အရပ်မျက်နှာမူ၍ စတင်လုပ်ကိုင်ပါ။ စန်းပွင့်၏။ နံနက် ၈ နာရီ နာရီအတွင်း အခါကောင်း၏။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–သီဟိုဠ်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂-၁-၉-၅-၉)



www.burmeseclassic.com

www.burmeseclassic.com





**၂၄.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ ရဝိယုဂ်လည်းရသဖြင့် အပြစ်ဒေါသများကို ပယ်နိုင်၍ မည်သည့်လုပ်ငန်းမဆို လုပ်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်း၏။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၃–၁–၆–၅–၉)





**၂၅.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း၏။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၄–၄–၁–၅–၉)





**၂၆.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့**

ပြဿဒါးတစ်ရက်မိ၏။ ကျန်မကောင်းရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ် လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ သင့်တင့်စွာ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ကံ့ကော်ညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၅–၄–၂–၅–၉)




**၂၇.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ဆီးညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၆–၄–၃–၅–၉)





**၂၈.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့**

ပြဿဒါးရက် ၁ ရက်၊ သမားညိုရက် ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက်၊ မကောင်းရက် ၃ ရက် မိထား၍ မည်သည့်လုပ်ငန်းသစ်မှ မလုပ်သင့်ပါ။ ခရီးသွားလာခြင်းများ ရှောင်ပါ။ **ဆောင်ပန်း–ရွက်လှညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၇–၆–၈–၅–၉)




www.burmeseclassic.com

www.burmeseclassic.com





**၂၉.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေ**

သမားညိုရက် ၁ ရက်၊ ဝါရမိတ္တုငယ် ၁ ရက် မကောင်းရက် ၂ ရက် မိထော လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ် ပါ။ **ဆောင်ပန်း–ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၅–၁–၁–၆–၈)




**၃၀.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–သပြေညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၁–၆–၅–၅–၉)




**၃၁.၁၂.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နတ်တော်လကွယ်၊ အင်္ဂါနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္တသိဒ္ဓိယုဂ်လည်းရ၍ ကောင်းသ ၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမှ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။**
**ကံကောင်းသောဂဏန်း** (၃–၃–၄–၅–၉)

**မှတ်ချက်**

၁–၁၂–၂၀၁၃ မှ ၁၅–၁၂–၂၀၁၃ ခုထိ တနင်္ဂနွေဂြိုဟ် ဗြိစ္ဆာရာသီတွင် ရှိနေသဖြင့် အင်္ဂါသားသမီးနှင့် ရာဟုသားသမီးများ လဒဏ်သင့်၏။ ရေကြောင်းခရီး ရှောင်ပါ။ ခရီးမသွားအပ်။

၁၆–၁၂–၂၀၁၃ မှ ၃၁–၁၂–၂၀၁၃ အထိ တနင်္ဂနွေဂြိုဟ် ဓနုရာသီပြောင်းသဖြင့် စနေသားသမီးများနှင့် ကြာသပတေးသားသမီးများ လဒဏ်သင့်၍ ခရီးမသွားအပ်။ ရေကြောင်းခရီးရှောင်ပါ။

**ပြုအပ်သောယတြာ**

အင်္ဂါသားသမီးများအနေဖြင့် ဆီးညွန့် ၈ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

ရာဟုသားသမီးများ(ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းမွေးသူ)များ ရှောက်ညွန့် ၁၂ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

ကြာသပတေးသားသမီးများအနေဖြင့် သပြေပန်း ၁၉ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

စနေသားသမီးများ ထန်းလျက် ၁၀ သားကို မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

လိုရာဆန္ဒပြည့်ဝပါစေ

**ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဗေဒသရာကြီး မိုဒူးပိုက်ဆံ ၏

# ၂၀၁၃ ခုနှစ်၊ မြွေနှစ်အဟော (ဒီဇင်ဘာလ)

ဦးတိုး(တက္ကသိုလ)

ဆယ့်နှစ်လရာသီခွင် သတ်မှတ်ချက်သည် အနောက်တိုင်းနှင့်မတူသဖြင့် မိမိ၏မွေးသက္ကရာဇ်နှင့် တိုက်ဆိုင်၍ အဟောကို ဖတ်ရှုစေလိုပါသည်။

**မကာရရာသီဖွား(ဆိတ်ရုပ်)**

**(ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၂ ရက်)**

ယခုလတွင် နေကြတ်ခြင်းကဲ့သို့ ဖြစ်နေသော်ငြား သင့်အား စောင့်ရှောက်ပေးနေသော နက္ခတ်ကို ထိခိုက်မည် မဟုတ်ပေ။ ကုန်သွယ်ရေးယှဉ်ပြိုင်မှုတစ်ရပ်၊ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ယှဉ်ပြိုင်မှုတစ်ခုတို့တွင် သင့်ကိုယ်သင် ယုံကြည်စိတ်ချမှု ရှိပါစေ။ သင်၏စီးပွားရေးလုပ်ငန်းနှင့် ချစ်မေတ္တာရေးတို့တွင် ယခုနှစ်ကုန်ဆုံးသည်နှင့် အောင်မြင်မှု ရရှိမည်။

**ကုံရာသီဖွား(ရေထမ်းယောက်ျားရုပ်)**

**(ဖေဖော်ဝါရီလ ၁၃ ရက် မှ မတ်လ ၁၄ ရက်)**

သင်ပျောက်ဆုံးသွားသည့် ကိစ္စများအတွက် အကူအညီရရန် မျှော်လင့်နိုင်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှနေ၍ ငွေကြေးအထောက်အပံ့ရရှိမည်။ နောက်ပြီး သင့်တွင် ဟွဲဖက်ပါတနာသစ်တစ်ဦး ရရှိပါလိမ့်မည်။ ယခုနှစ်ကုန်ဆုံးချိန်တွင် သင်သည် အပျော်ရွှင်ရဆုံး ကာလကို ပိုင်ဆိုင်ရပါလိမ့်မည်။ သင်တစ်ကိုယ်တည်း သမားဖြစ်နေလျှင် သင်တကယ်လက်ထပ်ရမည့်သူနှင့် တွေ့ရပါလိမ့်မည်။

**မိန်ရာသီဖွား(ငါးနှစ်ကောင်ရုပ်)**

**(မတ်လ ၁၅ ရက် မှ ဧပြီလ ၁၂ ရက်)**

သင့်ကံကြမ္မာသည် သင့်ဘက်မှာ ရှိနေသည်။ အရောင်းရည်မှန်းချက်များ ပြည့်မီ၍ အောင်မြင်မည်။ ခရီးသွားခြင်း၊ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံခြင်းများနှင့် နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်း တိုးချဲ့ခြင်းများ အောင်မြင်မည်။ သို့သော်ငြားလည်း ချစ်မေတ္တာရေးမှာ အလားအလာမကောင်းသေးပေ။ သင်သည် အထီးကျန်မှုကို ခံစားနေရပါလိမ့်မည်။

**မိဿရာသီဖွား(သိုးထီးရုပ်)**

**(ဧပြီလ ၁၃ ရက် မှ မေလ ၁၃ ရက်)**

စီးပွားရေးလုပ်ငန်းနှင့် အရောင်းရည်မှန်းချက်များ အောင်မြင်ပါမည်။ ယခုနှစ် ကုန်ဆုံးသွားချိန် သင်ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိမည်။ ခရီးတစ်ခု စတင်ထွက်ရကိန်းရှိသည်။ ပင်လယ်ရပ်ခြားတွင် ကုန်သွယ်ရေးဆိုင်ရာပြပွဲ၌ ကောင်းသော ရလဒ်ပေးမည်။ သင်၏ ချစ်မေတ္တာရေးမှာလည်း ပန်းရောင်သန်း၍ ချိုမြိန်နေပါလိမ့်မည်။

**ပြိဿရာသီဖွား(နွားလားဥဿဘရုပ်)**

**(မေလ ၁၄ ရက် မှ ဇွန်လ ၁၄ ရက်)**

ယခုလတွင် သင်၏ဘဝတွင် စိတ်လှုပ်ရှားဖွယ်ရာများနှင့် ပျော်ရွှင်ဖွယ်ရာများဖြင့် ပြည့်နှက်နေပါလိမ့်မည်။ အချစ်ရေးက သင့်ဘဝကို စိုပြည်တောက်ပစေပြီး အပျော်ရွှင်ရဆုံး ခံစားမှုကို ပေးပါလိမ့်မည်။ သင်၏ အလုပ်အကိုင်၊ သင်၏ စီးပွားရေးလုပ်ငန်းနှင့် ရွေးကောက်ပွဲတွင် မဲအများအပြား ရရှိပြီး အရွေးအချယ်ခံရ၍ သင်၏ဂုဏ်သိက္ခာ တက်နေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### မေထုန်ရာသီဖွား-အမြွာရုပ်
### (မေလ ၁၅ ရက် မှ ဇူလိုင်လ ၁၆ ရက်)

ယခုကာလတွင် သင်၏နက္ခတ်တာရာသည် ထွန်းလင်းစွာ တောက်ပနေပါလိမ့်မည်။ သင်၏ စီးပွားရေးလုပ်ငန်းသည် အောင်မြင်စွာလည်ပတ်လျက်ရှိပြီး အကျိုးအမြတ်များများ ရနေပေမည်။ ထို့ကြောင့် သင်၏မိသားစုမှာ ပျော်ရွှင်နေပါလိမ့်မည်။

### ကရကဋ်ရာသီဖွား(ပုစွန်လုံးရုပ်)
### (ဇူလိုင်လ ၁၇ ရက် မှ ဩဂုတ်လ ၁၆ ရက်)

ယခုလတွင် ကံဆိုးနေပါလိမ့်မည်။ သင်သည် ဖိအားပေးခြင်း ခံနေရမည်။ စိတ်အနှောင့်အယှက် ဖြစ်ရမှုများ ကြုံတွေ့ရမည်။ မအောင်မြင်မှုများနှင့်လည်း ရှိနေပေမည်။ သို့သော်လည်း ဤမကောင်းသော အခြေအနေများသည် ဒီဇင်ဘာလ ၂၅ ရက်နေ့နောက်ပိုင်း အားလုံးပျောက်ကွယ်၍ ထူးခြားသော ကံကောင်းမှုများ ရှိလာမည်ဟု မျှော်လင့်နိုင်ပါသည်။

### သိဟ်ရာသီဖွား(ခြင်္သေ့ရုပ်)
### (ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၆ ရက်)

ဤအေးမြသော ရာသီဥတုတွင် ငွေအမြောက်အမြား ကောင်းစွာဝင်လာရန် ကောင်းချီးပေးပါလိမ့်မည်။ စီးပွားရေးလုပ်ငန်းများ ကောင်းစွာလည်ပတ်ပြီး အရောင်းရည်မှန်းချက်များလည်း ပြည့်မီစေပါလိမ့်မည်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများမှာလည်း အစုပေါ်မှ အမြတ်များစွာ ပေးပါလိမ့်မည်။ သင်၏ချစ်မေတ္တာရေးမှာလည်း ပကတိကောင်းမွန်နေပေမည်။

### ကန်ရာသီဖွား(အပျိုစင်ရုပ်)
### (စက်တင်ဘာလ ၁၇ ရက် မှ အောက်တိုဘာလ ၁၆ ရက်)

သင်၏ အလုပ်အတွက် ဆုတစ်ဆုရရှိမည်။ သင့်ကလေးများ၏ ပညာရေးအတွက် ဂုဏ်ယူရမည်။ အကယ်၍ သင်တရားတဘောင်နှင့် ရင်ဆိုင်နေရလျှင် သင်မှခု အနိုင်ရရှိမည်။ ယခုကာလတွင် သင်ဂုဏ်ပြုခြင်းခံရမည်။ ညှိနှိုင်းရမှုများမှာတွင် အပေးအယူတည့်သွားပါမည်။ အကယ်၍ သင်ယှဉ်ပြိုင်ရမှုတစ်ခု ဝင်ပြိုင်ရလျှင် သင်အနိုင်ရရှိမည်။ သင်၏ ချစ်မေတ္တာရေးမှာလည်း ကောင်းမွန်နေပါလိမ့်မည်။

### တူရာသီဖွား(ချိန်ခွင်ရုပ်)
### (အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၆ ရက်)

ဤအေးမြသော ရာသီဥတုတွင် ကောင်းသောကံဖြင့် သင့်အားကောင်းချီးပေးပါလိမ့်မည်။ စီးပွားရေးလုပ်ငန်းစတင်ရှင်သန်လာမည်။ လှုပ်ရှားဆောင်ရွက်မှုများ၊ သို့မဟုတ် နှစ်သစ်အတွက် ခင်းကျင်းထားသော ပွဲများအားနွေးထွေးစွာ လက်ခံကြပါလိမ့်မည်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများ၊ မြေကွက်တစ်ကွက်ဝယ်ခြင်း၊ ငွေကြေးချွတ်ခြုံကျနေသော စီးပွားရေးတစ်ခုကို လွှဲပြောင်းယူခြင်း၊ ဆိုင်သစ်တစ်ခုဖွင့် ဘဏ်စာရင်းဖွင့် တိုးချဲ့တောင်းခံမှုတို့တွင် ထူးခြားစွာ အောင်မြင်မှုရရှိမည်။

### ဗြိစ္ဆာရာသီဖွား(ကင်းမြီးကောက်ရုပ်)
### (နိုဝင်ဘာလ ၁၇ ရက် မှ ဒီဇင်ဘာလ ၁၅ ရက်)

အစုအမြတ်ခွဲဝေမှု တိုးမြှင့်၍ သင့်ထံသို့ ယခုကာလရရှိမည်။ ဒုတိယနေရာသို့ သင့်အား ရာထူးတက်ကိန်းရှိသည်။ မျှော်မှန်းထားသည်ထက် အရောင်းဦးတည်ချက်များတွင် အောင်မြင်မှုကို ရရှိမည်။ တစ်နှစ်တာကုန်ဆုံးသွားသည်နှင့်အတူ Bonus ဆုကြေးငွေနှင့် အထူးဆုများ လက်ခံရရှိမည်။ သင်၏ ချစ်ခြင်းမေတ္တာရေးများ ပွင့်လန်းနေပေလိမ့်မည်။

### ဓနုရာသီဖွား(လေးစွဲယောကျ်ားရုပ်)
### (ဒီဇင်ဘာလ ၁၆ ရက် မှ ဇန်နဝါရီလ ၁၃ ရက်)

ယခု အေးမြသောရာသီဥတုတွင် အလွန့်အလွန်ပျော်ရွှင်ရသော ကာလဖြစ်ပါသည်။ သင်၏စီးပွားရေးမှနေ၍ အမြတ်များများရမည်။ အရောင်းရည်မှန်းချက်များ အောင်မြင်ပြီးမြောက်သွားမည်။ သို့သော်ငြားလည်း သင်၏ ချစ်မေတ္တာရေးမှ ကံဆိုးနေပေလိမ့်မည်။

**ဦးတိုး(တက္ကသိုလ)**



www.burmeseclassic.com

www.burmeseclassic.com


# ကြီးပွားအောင်မြင်ရေးအတွက်

# အကြံပြုချက်

**၁၆.၁၂.၂၀၁၃ မှ ၁၃.၁.၂၀၁၃ အထိ**

## ကျန်းမာရေး၊ စီးပွားရေး အကြံပြုချက်

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)




ရာသီစက် ဘာဝစက် နဝင်းစက်

ဇေယျတု သဗ္ဗမင်္ဂလာ၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခု၊ နတ်တော်လဆန်း ၁၄ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၃ ခု၊ ဒီဇင်ဘာလ ၁၆ ရက်၊ တနင်္လာနေ့ နံနက် ၃ နာရီ ၀၆ မိနစ် ၄၆ စက္ကန့်အချိန် တနင်္ဂနွေဂြိုဟ်နေမင်းသည် ဗြိစ္ဆာရာသီမှ ဓနုရာသီသို့ ဥစ်စန်း စနေနဝင်းလက်စီးလျက် ပြောင်းခဲ့ပါသည်။

တနင်္ဂနွေဂြိုဟ် စူဠသင်္ကြန်ပြောင်းအရ လက်စန်းဂြိုဟ်အနေအထားများကို အခြေခံ၍ ကျန်းမာရေး စီးပွားရေး ဘေးအန္တရာယ်အနေအထားများ ဖြစ်ပေါ်နိုင်မှုကို အကြံပြုသွားပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## ကျန်းမာရေးနှင့် ဘေးအန္တရာယ်

တနင်္ဂနွေဂြိုဟ်ပြောင်းလက်တွင် စနေ၊ ရာဟုတို့ ပူးယှဉ်နေသည်ကို ကြာသပတေးမြင်ထားခြင်းကြောင့် ကျန်းမာရေးဂရုစိုက်သွားအပ်၏။ အဓိက အအေးပတ်၊ အစားမှားတတ်၍ ကျန်းမာရေးအားနည်းနိုင်ပါသည်။ တုပ်ကွေးကဲ့သို့ အဖျားများ သတိထားသွားအပ်ပါသည်။ လက်တွင်ပူးနေသော ရာဟုဂြိုဟ်သည် စနေနှင့် ပူးနေခြင်းကြောင့် ဆေးဝါးသုံးစွဲမှုများ အထူးသတိထားအပ်ပါသည်။ ဆေးမှားတတ်၏။

## အလုပ်အကိုင်နှင့် စီးပွားရေးအနေအထား

အလုပ်အကိုင်နှင့် ပတ်သက်၍ စစ်ဆေးရာတွင် ၁၀ တန့်သခင် တနင်္လာ ၈ တန့်ရပ်ပြီး ၁၀ တန့်ကို စနေမြင်ထားခြင်းသည် လုပ်ငန်းများ မျှော်မှန်းသလို ဖြစ်မလာတတ်ကြောင်း ဖော်ပြနေပါသည်။ ဤကာလအတွင်း လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း မပြုအပ်ပါ။ အဓိက ရေလုပ်ငန်းများ သတိထားအပ်ပါသည်။ ၈ တန့်တွင် ရပ်တည်နေသော ၁၀ တန့်သခင်သည် လုပ်ငန်းများမျှော်မှန်းသလိုမဖြစ်တဲ့ အဟန့်အတားဖြစ်တတ်၏။

### ၁။ စက်မှုလက်မှုလုပ်ငန်း

စက်မှုကိုအကျိုးပြုသော အင်္ဂါသည် ၁၂ တန့်တွင် ရပ်လျက် ၁၂ တန့် ၉ တန့်တွင် ဗုဒ္ဓဟူးနှင့် သမ္ဗန္ဓပြုထားသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရှိလာပါမည်။ အခြေခံအားဖြင့် အခက်အခဲတော့ ရှိနိုင်ပါသည်။ စက်ရုံများအနေဖြင့်လည်း တိုးတက်တက်ရင်း မှန်မှုရှိသွားပါမည်။

### ၂။ လယ်ယာလုပ်ငန်း

လယ်ယာလုပ်ငန်းကိုအကျိုးပြုသော တနင်္လာနှင့် သောကြာတို့ အနေအထားအားနည်းမှုနေရှိသဖြင့် လယ်ယာလုပ်ငန်းများ အဆင်မပြေမှုများနှင့် တွေ့ရတတ်၏။ မိုးလေမမှန်တတ်ကြောင်း တနင်္လာဂြိုဟ်က ဖော်ပြနေပါသည်။

### ၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း

မွေးမြူရေးကိုအကျိုးပြုသော ကြာသပတေးနှင့် သောကြာတို့ ရပ်တည်မှုအနေအထား ကောင်းသော်လည်း စနေ၊ ရာဟုတို့နှင့် ဆက်သွယ်နေသဖြင့် ရောဂါဘယ ထူပြောတတ်၏။ သတိထားအပ်ပါသည်။

### ၄။ ဆေးဝါးလုပ်ငန်းနှင့် ဆေးပစ္စည်း

ဆေးဝါးကိုအကျိုးပြုသော တနင်္ဂနွေဂြိုဟ် အနေအထားကောင်းသဖြင့် ဆေးဝါးလုပ်ငန်းများ ကောင်းမွန်မှုရှိမည်။ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းကောင်းနိုင်ပါသည်။

### ၅။ အချိုရည်နှင့် အအေးစုံလုပ်ငန်း

အချိုရည်ကို အကျိုးပြုသော တနင်္လာ၊ ကြာသပတေးတို့ အနေအထားကောင်းသော်လည်း ၈ တန့် ပါဝင်နေသဖြင့် မျှော်မှန်းသလိုတော့ ဖြစ်မလာနိုင်ပါ။ အရောင်းထိုင်းနိုင်ပါသည်။

### ၆။ အထည်အလိပ်လုပ်ငန်း

အထည်အလိပ်ကို အကျိုးပြုသော ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ် အနေအထားကောင်းသော်လည်း စနေပါဝင်နေခြင်းကြောင့် အနည်းငယ် ထိုင်းနိုင်ပါသည်။ ထိုက်သင့်စွာ ရောင်းကောင်းပါမည်။ မှန်မှန်ဝင်ငွေရသွားနိုင်ပါသည်။

### ၇။ အလှကုန်လုပ်ငန်း

အလှကုန်ပစ္စည်းကို အကျိုးပြုသော သောကြာဂြိုဟ်နှင့် အတန့်အားဖြင့် ၅ တန့်ဘာဝတွင် စနေဂြိုဟ်တို့ ဆက်သွယ်နေကြသဖြင့် အလှကုန်ပစ္စည်းများ အကျိုးရှိ ကောင်းမွန်ပါမည်။ စနေပါဝင်နေ၍ မှန်မှန်တိုးတက်သွားပါမည်။

### ၈။ စာပေနှင့် စာပုံနှိပ်စက်လုပ်ငန်း

စာပေကိုအကျိုးပြုသော ဗုဒ္ဓဟူးနှင့် ကြာသပတေးတို့ သင့်တင့်စွာ ကောင်းသဖြင့် စာပေထုတ်ဝေမှုများ အကျိုးရှိနိုင်ပါ၏။ စာပုံနှိပ်စက်လုပ်ငန်းကတော့ စက်မှုအင်္ဂါ ၁၂ တန့်တွင် ရပ်နေ၍ အဆင်မပြေမှုလေးများ ရနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဥ။ ရုပ်ရှင်၊ ဂီတ အနုပညာလုပ်ငန်းများ**

အနုပညာလုပ်ငန်းကို အကျိုးပြုသော သောကြာဂြိုဟ်သည် အနုပညာကို အကျိုးပေးသော ၅ တန့် ဘာဝသခင်နေနှင့် အိမ်ချင်းလဲ၍ ဆက်သွယ်နေသဖြင့် အနုပညာလုပ်ငန်းများ ကောင်းမွန်မှုရှိပါမည်။ စနေပါဝင်မှုကြောင့် အနည်းငယ် နှောင့်နှေးမှုတော့ ရှိနိုင်ပါသည်။

**ခုနစ်ရက်သားသမီးများအတွက် အကြံပြုချက်**

**တနင်္ဂနွေသားသမီးများ** အလုပ်အကိုင်ကောင်း၍ ငွေ ပိုလာနိုင်ပါသည်။ ကျန်းမာရေးအနေအထားလည်း ကောင်းပါသည်။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ကောင်းမွန်ပါမည်။

**ပြုအပ်သောယတြာ** - အုန်းညွန့် ၆ ညွန့်ကို ဆီမီး၊ ရေချမ်းတို့ဖြင့် မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**တနင်္လာသားသမီးများ** အနေဖြင့် ကျန်းမာရေးဂရုစိုက်ပါ။ မတော်တဆ ထိခိုက်မှုများလည်း ရှိနိုင်၍ အသွားအလာ၊ အလုပ်အကိုင်များ သတိထားပါ။

**ပြုအပ်သောယတြာ** - ထန်းညွန့် ၃ ညွန့်၊ ဆီးညွန့် ၃ ညွန့်၊ သီဟိုဠ်ညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပေးပါ။ လိုရာဆုတောင်းပါ။

**အင်္ဂါသားသမီးများ** အနေဖြင့် ခရီးဝေးသွားလာရမှုများ ရှိနိုင်ပါသည်။ နိုင်ငံရပ်ခြားသွားရန်ရှိက သွားရနိုင်၏။ ငွေရေးကြေးရေးနှင့်ပတ်သက်၍ ပေးကမ်း၊ ချေးငှားခြင်း၊ အာမခံခြင်းများမပြုလုပ်အပ်ပါ။ ကျန်းမာရေးအနေအထားကောင်းပါသည်။

**ပြုအပ်သောယတြာ** - ဆီးညွန့် ၈ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** အနေဖြင့် အလုပ်အကိုင်ကောင်းမွန်မှု ရှိပါမည်။ ငွေကြေးနှင့် ပတ်သက်၍ ဂရုစိုက်ပါ။ လက်မလွှယ်ပါနှင့်။ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်မှုများ ကောင်းပါသည်။ အဓိက ကုန်သည်များ အကျိုးရှိနိုင်သော ကာလဖြစ်၏။ ကျန်းမာရေးကောင်း၏။

**ပြုအပ်သောယတြာ** - ခရေညွန့် ၁၇ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်မှဘုရားကို ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ကြာသပတေးသားသမီးများ** ခရီးဝေးသွားလာရမှုဖြင့် အကျိုးရှိနိုင်ပါသည်။ ဝန်ထမ်းများအနေဖြင့် ရာထူးတိုး ပြောင်းရွှေ့မှုများ ရှိနိုင်ပါသည်။ နိုင်ငံရပ်ခြား သွားလာခြင်း၊ ဆက်သွယ်လုပ်ကိုင်ခြင်းများ အကျိုးရှိနိုင်ပါသည်။ ကျန်းမာရေးကောင်းမွန်သော်လည်း အစားအသောက် ဂရုစိုက်သွားပါ။

**ပြုအပ်သောယတြာ**-သပြေညွန့် ၁၉ ညွန့်ကို ဆီမီး၊ ရေချမ်းတို့ဖြင့် မွေးနေ့၌ အိမ်ကဘုရားတွင် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**သောကြာသားသမီးများ** အနေဖြင့် အလုပ်အကိုင်အနေအထား ကောင်းပါသည်။ အဓိက အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ ကောင်း၏။ ကျန်းမာရေးအနေအထားလည်း ကောင်းပါသည်။ မှန်မှန်တိုးတက်မှုမျိုး ဖြစ်၏။
**ပြုအပ်သောယတြာ** - သီဟိုဠ်ညွန့် ၂၁ ညွန့်ကို မွေးနေ့တွင် အိမ်က ဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**စနေသားသမီးများ** အနေဖြင့် အလုပ်အကိုင် ကောင်းမွန်မှုရှိပါမည်။ အဓိက အနုပညာလုပ်ငန်းများ အကျိုးပေးပါမည်။ မှန်မှန်သာ အကျိုးပေးသွားပါမည်။ ကျန်းမာရေး အနေအထား အခြေခံကောင်းသော်လည်း အစားအသောက်ဂရုစိုက်ပါ။ အစားများတတ်ပါသည်။

**ပြုအပ်သောယတြာ** - ထန်းညွန့် ၁၀ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအတ္တာနံ ပရိဟရ န္တု

**ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌာန်း ၂၄ ပစ္စည်း

## အဓိပ္ပာယ်အကျဉ်း (၁၁)

သူတော်စင်မင်းအောင်

(၁) **ဟေတုပစ္စယော** ။ ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရား။

တစ်နည်း-ညောင်ပင်၊ ကုက္ကိုပင် အစရှိသော အပင်တို့၏ အမြစ်သည် ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စွာ တည်စေခြင်းအကျိုးဟု ကျေးဇူးပြုသကဲ့သို့ (ဟိတ်ခြောက်ပါးသည် သမ္ပယုတ်တရားတို့အား မြဲမြံခိုင်ခံ့အောင် အမြစ်သဖွယ်) ကျေးဇူးပြုတတ်သောတရား။

(ကျေးဇူးပြုသည်ဆိုရာတွင် မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း၊ ဖြစ်ပေါ်ပြီးသည်ကို တည်နေစေခြင်း၊ တည်နေသည်ကို တိုးပွားစေခြင်းတို့ပေတည်း။)

(၂) **အာရမ္မဏပစ္စယော** ။ အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ကြိုးတန်း၊ တောင်ဝှေး အစရှိသည်တို့သည် မသန်စွမ်းသောသူတို့၊ အိုမင်းမစွမ်းသူတို့အား ထခြင်း၊ ရပ်ခြင်း၊ သွားခြင်းကိစ္စကို ပြီးစေသကဲ့သို့ အာရုံသည် စိတ်၊ စေတသိက်တို့အား ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုတတ်သော တရား။

(၃) **အဓိပတိပစ္စယော** ။ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-စကြဝတေးမင်းသည် အထွတ်အထိပ် အချုပ်အချာ အာဏာတန်ခိုးဖြင့် တစ်ပါးသောသူတို့၏ ကြီးသော သတ္တိကို တားမြစ်၍ တိုင်းနိုင်ငံသူ၊ နိုင်ငံသားတို့အား အကြီးအကဲအစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (ပစ္စယုပ္ပန်တို့အား အကြီးအမှူးအဖြစ်ဖြင့်) ကျေးဇူးပြုတတ်သောတရား။

(၄) **အနန္တရပစ္စယော** ။ အခြားမဲ့(တစ်ဆက်တည်း အကြားမရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား မင်းအဖြစ်မှ အဘိသိက်ခံခြင်းဟု ကျေးဇူး ပြုသကဲ့သို့ အခြားမဲ့ အခြားမရှိ (တစ်ဆက်တည်း) ကျေးဇူး ပြုတတ်သောတရား။

(၅) **သမနန္တရပစ္စယော** ။ ကောင်းစွာ အခြားမဲ့ (တစ်ဆက်တည်း)အကြားမရှိဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း-စကြဝတေးမင်း၏ အရည်ဝါသီ တောထွက် တော်မူ၍ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ် ကို ရစေခြင်းဟု ကျေးဇူးပြုသကဲ့သို့ ကောင်းစွာ အခြားမဲ့ အခြားမရှိ ကျေးဇူးပြုတတ်သောတရား။

(၆) **သဟဇာတပစ္စယော** ။ အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ဆီမီးသည် မီးတောက်သည်နှင့်တစ်ပြိုင် နက် အတူတကွ အလင်းကို ဖြစ်စေသကဲ့သို့ ထိုအတူ အကြောင်းတရားတို့သည် မိမိတို့ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင် နက် ပစ္စယုပ္ပန်တရားတို့ကိုလည်း တစ်ပြိုင်နက်အတူတကွ ဖြစ်ပေါ်လာစေအောင် ကျေးဇူးပြုတတ်သောတရား။

(၇) **အညမညပစ္စယော** ။ အချင်းချင်း အပြန် အလှန် ကျေးဇူးပြုတတ်သောတရား။



www.burmeseclassic.com

www.burmeseclassic.com

တစ်နည်း-သစ်သားသုံးခွ(သစ်သားခြေထောက် သုံးချောင်းဖြင့် ပြုလုပ်ထားသော သောက်ရေအိုးစင်) တိဒဏ္ဍသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်နိုင်စေခြင်းဟု အပြန်အလှန် ကျေးဇူးပြုတတ်သောတရား။

(၈) **နိဿယပစ္စယော** ။ မှီရာတည်ရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-မြေကြီးသည် သစ်ပင် အစရှိသော အပင်တို့အား မှီရာတည်ရာ ဖြစ်သဖြင့် ကျေးဇူးပြုတတ်သောတရား။

(၉) **ဥပနိဿယပစ္စယော** ။ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-မိုးတွင်းသုံးလပတ်လုံး ရွာသော မိုးကြီးသည် ထိုမိုးကို မှီကုန်သော သစ်ပင်၊ ကောက်ပင်၊ သတ္တဝါ အစရှိသည်တို့အား အားကြီးသောအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (အားကြီးသောအကြောင်းအဖြစ်ဖြင့်) ကျေးဇူးပြုတတ်သောတရား။

(၁၀) **ပုရေဇာတပစ္စယော** ။ ရှေး၌ ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ကမ္ဘာဦး၌ဖြစ်သော နေ၊လတို့သည် မိမိတို့ ထင်ရှားရှိခိုက် အလင်းကိုမှီကုန်သော သတ္တဝါတို့အား ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ (ရှေး၌ဖြစ်နှင့်၍) ကျေးဇူးပြုတတ်သောတရား။

(၁၁) **ပစ္ဆာဇာတပစ္စယော** ။ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-လင်းတငယ် (လင်းတပေါက်စ)တို့၏ အာဟာရ၌(အစာ၌) ချင်ခြင်း(စားလိုသည့်၊ စားချင်သည့်) စိတ်ထားစေတနာသည် နောက်မှဖြစ်၍ ထင်ရှားသော ကိုယ်ခန္ဓာအား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။၏

အရှင်ဗာကုလ ရဟန္တာလောင်းလျာသည် မွေးခါစနို့စို့အရွယ်အခါက သမုဒ္ဒရာအလယ်၌ ရေထဲသို့ကျသွားရာ ရေနစ်၍မသေ။ ထိုသို့မသေခြင်းမှာ နောင်အခါ ရဟန္တာဖြစ်မည့် သတ္တိက အရှင်ဗာကုလအား မသေစေရန် အကျိုးပြုသောကြောင့်တည်း။

(၁၂) **အာသေဝနပစ္စယော** ။ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ရှေးရှေး၌ ထုံအပ်သော နံ့သာသည် နောက်-နောက်၌ ထုံအပ်သော နံ့သာအား အဆင်းအနံ့ လွန်စွာ တိုးပွားနိုင်မြဲစွာ ဖြစ်ခြင်းဟု ကျေးဇူးပြုသကဲ့သို့လည်းကောင်း အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ရှေးရှေးက သင်အပ်သော ကျမ်းဂန်သည် နောက်နောက်သင်အပ်သော ကျမ်းဂန်အား လေ့ကျက်ခြင်းဟု အားရှိ၍ ကျေးဇူးပြုသကဲ့သို့ အဖန်တလဲလဲ လေ့ကျက်ခြင်းဟု အားရှိ၍ ကျေးဇူးပြုသကဲ့သို့ အဖန်တလဲလဲ လေ့ကျက်ခြင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(၁၃) **ကမ္မပစ္စယော** ။ စီရင်ခြင်း သံဝိဒါနကိစ္စနှင့် မျိုးစေ့ဖြစ်စေခြင်း ဗီဇနိဓါနကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ကောင်းစွာသိုမှီး သိမ်းဆည်းစီရင်အပ်သော မျိုးစေ့သည် အညွန့်အညှောက်၏ ဖြစ်ခြင်းဟု အမှုအရာလုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

(၁၄) **ဝိပါကပစ္စယော** ။ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ချမ်းအေးသောလေသည် ချမ်းအေးသော အရိပ်၌ နေသောသူအား ချမ်းငြိမ်းစေခြင်းဟု ကျေးဇူးပြုသကဲ့သို့ ကံတို့၏ အကျိုးအဖြစ်ဖြင့် (ငြိမ်သက်သည်ဖြစ်၍) အထောက်အပံ့ပြုမှုဖြင့် ကျေးဇူးပြုတတ်သောတရား။

(၁၅) **အာဟာရပစ္စယော** ။ ထောက်ပံ့နိုင်ခဲ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ထောက်ကန်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြဲနိုင်ခဲ့စေခြင်းဟု ကျေးဇူးပြုသကဲ့သို့ (ထောက်ပံ့တတ်)ဆောင်တတ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

(၁၆) **ဣန္ဒြိယပစ္စယော** ။ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောကရား။

တစ်နည်း-နိုင်ငံတစ်နိုင်ငံ၊ တစ်ပြည်တည်း၌ အသီးသီး ဆိုင်ရာကိစ္စတာဝန်ကို ပေးအပ်ခံရသည့် အစိုးရ၏ လက်အောက်ခံ မင်းမှုထမ်းတို့သည် (အချင်းချင်း ထိုအစိုးရသော



www.burmeseclassic.com

www.burmeseclassic.com

သတ္တိ (တာဝန်)ကို တစ်ဦးနှင့်တစ်ဦး မတားမြစ်မူ၍) မိမိတို့၏ တာဝန်အရာ၌ အစိုးတရ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်သည်၏ အဖြစ်ဖြင့် ကျေးငှက်ပြုသကဲ့သို့ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးငှက်ပြုတတ်သောတရား။

(၁၇) **ဈာနပစ္စယော** ။ ကပ်၍ ရှုရှုစိုက်စိုက် ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးငှက်ပြုတတ်သောတရား။

တစ်နည်း-တောင်ဖျား၊ သစ်ပင်ဖျားသို့ တက်၍ ကြည့်သောသူသည် အသေးအနီးအရပ်တို့ကို မြင်ခြင်း၊ ထိုမြင်ခြင်း၌ အလိုရှိသောသူအား ကျေးငှက်ပြုသကဲ့သို့ ကပ်၍ရှုတတ်သော အဖြစ်ဖြင့် ကျေးငှက်ပြုတတ်သောတရား။

(၁၈) **မဂ္ဂပစ္စယော** ။ ထွက်မြောက်ကြောင်း နည်းလမ်းဖြစ်၍ ကျေးငှက်ပြုတတ်သောတရား။

တစ်နည်း-ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ကူးသောသူသည် ဤမှာဘက်ကမ်းမှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း၊ ထိုမှာဘက်ကမ်းမှ ဤမှာဘက်ကမ်းသို့ ကူးလိုသောသူသည် ထိုမှာဘက်ကမ်းမှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်းအဖြစ်ဖြင့် ကျေးငှက်ပြုတတ်သောတရား။

(၁၉) **သမ္ပယုတ္တပစ္စယော** ။ ယှဉ်သည်ဖြစ်၍ ကျေးငှက်ပြုတတ်သောတရား။

တစ်နည်း-နို့ရည်၊ ထောပတ်၊ ပျားရည်၊ သကာရည်ဟူသော စတုမဓု အရသာသည် အချင်းချင်း နှီးနှောရောပြွမ်းသောအားဖြင့် ကျေးငှက်ပြုသကဲ့သို့ အတူတကွ ယှဉ်ခြင်းဖြင့် ကျေးငှက်ပြုတတ်သောတရား။

(၂၀) **ဝိပ္ပယုတ္တပစ္စယော** ။ မယှဉ်သည်ဖြစ်၍ ကျေးငှက်ပြုတတ်သောတရား။

တစ်နည်း-ခြောက်ပါးသော အရသာသည် (ချို၊ ချဉ်၊ ဖန်၊ ခါး၊ ပူစပ်၊ ဆိမ့်) အချင်းချင်း မနှီးနှော မရောပြွမ်းသောအားဖြင့် ကျေးငှက်ပြုသကဲ့သို့ မနှီးမနှော မယှဉ်ခြင်းဖြင့် ကျေးငှက်ပြုတတ်သောတရား။

(၂၁) **အတ္ထိပစ္စယော** ။ ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးငှက်ပြုတတ်သောတရား။

တစ်နည်း-ဟိမဝန္တာတောင်မင်းသည် မိမိကိုယ်ကို မှီသောအားဖြင့် သစ်ပင်၊ မြက်ပင် စသည်တို့အား ပြန့်ပွားစေခြင်းဌာ မိမိထင်ရှားရှိနေခြင်းအားဖြင့် ကျေးငှက်ပြုသကဲ့သို့ ထင်ရှားရှိသောအဖြစ်ဖြင့် ကျေးငှက်ပြုတတ်သောတရား။

(၂၂) **နတ္ထိပစ္စယော** ။ မရှိသည်ဖြစ်၍ ကျေးငှက်ပြုတတ်သောတရား။

တစ်နည်း-ညဉ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်းဌာ ကျေးငှက်ပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ ငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်းဌာ ကျေးငှက်ပြုသကဲ့သို့လည်းကောင်း မရှိသောအဖြစ်ဖြင့် ကျေးငှက်ပြုတတ်သောတရား။

(၂၃) **ဝိဂတပစ္စယော** ။ ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးငှက်ပြုတတ်သောတရား။

တစ်နည်း-နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်းဌာ ကျေးငှက်ပြုသကဲ့သို့ ကင်းချုပ်သည်၏အဖြစ်ဖြင့် ကျေးငှက်ပြုတတ်သောတရား။

(၂၄) **အဝိဂတပစ္စယော** ။ မကင်းသည်ဖြစ်၍ ကျေးငှက်ပြုတတ်သောတရား။

တစ်နည်း-မဟာသမုဒ္ဒရာသည် မိမိကို မှီကုန်သော ငါး၊ မကန်း အစရှိသည်တို့၏ ပီတိသောမနဿ ပွားခြင်းဌာ မိမိ၏ မကင်းသောအားဖြင့် ကျေးငှက်ပြုသကဲ့သို့ မကင်းသည်၏ အဖြစ်ဖြင့် ကျေးငှက်ပြုတတ်သောတရား။

စာဖတ်သူ ဓမ္မမိတ်ဆွေများ ပဋ္ဌာန်း ၂၄ ပစ္စည်း အဓိပ္ပာယ်အကျဉ်းကို သိရှိသဘောပေါက်ပြီး ပဋ္ဌာန်း ၂၄ ပစ္စည်းကို အဓိဋ္ဌာန်ပြု၍ တစ်နေ့လျှင် ၂၄ ခေါက်တိတိ မပျက်မကွက် ရွတ်ဆိုကြမည်ဆိုလျှင် အလွန်အကျိုးကြီးမားစွာ ရရှိနိုင်မည် ဖြစ်ပါသည်။ အကြောင်းရှိတဲ့အခါ၊ အခက်အခဲကြုံတွေ့ရသောအခါ၊ ဘေးအန္တရာယ်ကြုံတွေ့သောအခါတို့တွင် သစ္စာဆိုဆုတောင်း ပြည့်ဝစေပါသည်။ မှန်မှန်ပီပီသသ ရွတ်ဆိုလျှင် ၁၀ မိနစ်ခန့်သာ ကြာပါသည်။ နေ့စဉ် မပျက်မကွက် ရွတ်ဖြစ်အောင် ရွတ်ဖတ်ပူဇော်ကြပါရန် စေတနာဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို သာဓကထားပြီး ဆက်လက်တင်ပြပါဦးမည်။

သတ္တဝါတွေ ချမ်းသာကြပါစေ・・・။

**သူတော်စင်မင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပေါင်း (၃၀)ကျော် အောင်မြင်နေတဲ့ ကချင်ဆေးဆရာမကြီး ဒေါ်နန်းတူ



◆ သွေးတိုး၊ အကြောတက်ခြင်း၊ နောက်ကြောတက်၊ မျက်နှာ
လေဖြတ်၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ လူကြီးလူငယ်မရွေး ဖြစ်တတ်သော
အကြောရောဂါ၊ လေငန်း၊ လေဖြတ် ရောဂါများကို
အထူးသက်သာစေတဲ့ အကြောအားဆေးဝိဇ္ဇာ။

◆ သွေးအားနည်း၊ နှလုံးတုန်၊ စိတ်ခြောက်ခြား အိပ်မပျော်၊
ဓမ္မတာမပေါ်/ကျန် ကိုက်ခဲခြင်း၊ အဖြူဆင်း၊ အားကုန်၊
အသားဖြူလျော်၊ သွေးသားခြောက်ခမ်းခြင်းများအတွက်
ကချင်သွေးအားတိုး အားဆေးကြီး။

◆ ခန္ဓာကိုယ် ထုံကျင်လေးလံခြင်း၊ ခါးကြောတစ်လျှောက်
အမြှောင်းထခြင်း၊ အဆစ်လွှဲခြင်း၊ အကြောလွှဲ၊ အကြောကပ်
ခြင်းများ ရောဂါမျိုးစုံတို့အတွက် အဆိပ်ပြေ ရောဂါချမြစ်
ဖြတ်စေတဲ့ ကချင်မရှောစားဆေးကြီး ရရှိနိုင်ပါသည်။


◆ **လေဖြတ်လေငန်း ဝေဒနာရှင်များအတွက် ဆရာမကြီးနှင့် ခွေးနွေးတိုင်ပင် ကုသနိုင်ပါတယ်။**

အိမ်အမှတ်(၃၁၆)၊ သခင်ဖိုးလှကြီးလမ်း၊ စီမံကိန်း(၁)၊ တောင်ဥက္ကလာပ။
နေ့စဉ် နံနက် (၇း၀၀) မှ (၁၁း၀၀) နာရီထိ။
ဖုန်း – ၀၉-၄၂၅၀၁၁၈၇၅၊ ၀၉-၄၂၅၃၀၇၃၈၈၊

မြစန္ဒာဆေးတိုက် – ဆေးခန်းအမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း KBZ ဘေး
နေ့လယ် (၁၂း၀၀) မှ ညနေ (၄း၀၀) နာရီထိ။ ဖုန်း – ၀၁-၃၈၇၀၉၇
(တနင်္ဂနွေနေ့ ပိတ်သည်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လင်းရောင်တင်

## ရုံထဲကဘဝ ဘဝထဲကရုံ

၆၆

ယခင်လမှအဆက်

**ရတနာမာရ်အောင် ဆရာတော်ဘုရားကြီး၏ ဆေးတော်**

"ကိုလင်းမျက်နှာကိုမြင်ရတာ ကျွန်တော် အလွန်ပျော်တယ်။ ကိုလင်းစကားကြားရရင် ကျွန်တော်အားရှိတယ်"

အထက်ပါစကားသည် ယခု မိုးလေဝသနှင့် ဇလဗေဒဌာနတွင် ညွှန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသော၊ တီဗွီဖန်သားပြင်တွင် မိုးလေဝသအကြောင်းများ ပြောဆိုဆွေးနွေးလာသော၊ ဦးချစ်ကျော် ငယ်စဉ်က ကျွန်ုပ်၏ အော်တိုစာအုပ်ထဲ၌ ရေးလာပေးသော စာသားလေးဖြစ်ပါ၏။ ထိုစာသားလေးကိုရေးသည့် ဦးချစ်ကျော်ဆိုသူမှာ မိုးဇလဌာနတွင် ဆရာကြီး ဒေါက်တာဦးထွန်းလွင်နောက် တက်လာသည့် အရာရှိကြီးဖြစ်၏။

သူနှင့် ကျွန်ုပ်တို့သည် ရန်ကုန်မြို့နှင့် သိပ္ပံတက္ကသိုလ်တွင် ခေတ်ပြိုင်တက်လာကြသော်လည်း သူက ကျွန်ုပ်ထက်



www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်သုံးနှစ်မျှ နောက်ကျ၏။ (ယခု ဘာသာရေးဆောင်းပါး များ ရေးနေသော ဗိုလ်မှူးလူထွက် ညီတော်မောင် ဆရာ မြသန်းစံနှင့် ရွယ်တူလောက်ရှိ၏။) သူတို့နှစ်ယောက်စလုံး ကျွန်ုပ်ကို လေးစားချစ်ခင်ကြ၏။ သို့သော် ကျွန်ုပ်တို့ချင်း ခင်မင်ကြသော်လည်း သင်ယူကြသည့် အဓိကမေဂျာ ဘာသာ ရပ်ချင်း မတူကြချေ။

ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီး၌ ကျွန်ုပ်တို့ တက်ရောက်ကြစဉ်ကာလ ၁၉၇၃ ဝန်းကျင်သည် လွန်စွာ ပျော်စရာကောင်းသည့်အချိန် ဖြစ်၏။ တက္ကသိုလ်ကျောင်းဝင်း ထဲတွင် ကြက်ပျံမကျ စည်ကားချိန်ဟု ဆိုရမည်ဖြစ်၏။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်ဝင်းထဲရှိ တောင်ငူဆောင်ထား၌ ဖွင့်လှစ်ထားသော ဦးချစ်လက်ဖက်ရည်ဆိုင်သည် တက္ကသိုလ်ပေါင်းစုံရှိ ကျောင်းသားကျောင်းသူများ လာရောက် အပန်းဖြေသည့် အိုအေစစ်လို နေရာလေးဖြစ်၏။ တကယ် လည်း အေးချမ်း၍ အရိပ်အာဝါသကောင်းလှ၏။ ယခုခေတ် အအေးတုဖြစ်သော အဲယားကွန်းခေါ် အအေးဓာတ်ကို ခံစား ရသည်နှင့် သစ်ရိပ်ဝါးရိပ်၊ ငှက်ပျောတောရိပ်တို့၏ အအေး ဓာတ်ကို ခံစားရခြင်းမှာ လုံးဝမတူပေ။ သစ်ပင်တို့၏ အအေး ဓာတ်အေးမြမှုသည် ပို၍အရသာရှိလှ၏။

ဦးချစ်အေးရိပ်သာသည် လက်ဖက်ရည်ကောင်းလှ သလို၊ ခင်ဖော်ခင်ဘက်၊ ရေးဖော်ရေးဘက်များ ဆုံတွေ့ရာ နေရာလေးလည်း ဖြစ်ပါ၏။ ကိုယ့်ရှေ့က နောင်တော် စာရေး ဆရာများဖြစ်သည့် ကိုငြိမ်းကျော်တို့၊ ဆရာမောင်ပန်းမွှေးတို့ အား ကျွန်ုပ်က လေးစားသလို၊ ကျွန်ုပ်၏နောက်နား အနည်း ငယ်ရောက်သော ညီတော်မောင် ဆရာမြသန်းစံတို့ကလည်း ကျွန်ုပ်တို့အား လေးစားစွာ ခင်မင်ကြ၏။

သူရေးသည့် စာအုပ်ထဲတွင်ပင် ထိုအကြောင်းကို တခုတ်တရ ထည့်ရေးဖူးပါ၏။ ထို့အတူပင် ယခုရောင်ပြန် မဂ္ဂဇင်းကြီးတွင် အယ်ဒီတာကြီးလုပ်နေသော ဆရာနန္ဒာ မိုးကြယ်ကား မြန်မာစာအဓိကဘာသာ ယှူပုံချင်းပါတူ၏။ သူ့ရှေ့အနည်းငယ်ရောက်သော ကျွန်ုပ်အား . . .

"အစ်ကို့စာတွေဖတ်ပြီး အားကျအတုယူရေးရတာပါ အစ်ကို"

ဟူ၍ အော်တိုစာအုပ်ထဲ ရေးခဲ့ဖူးပါ၏။ ဒီအတွက် ကျွန်ုပ်သည် များစွာ ပီတိဖြစ်၏။ ထို့အတူ စာရေးသက် ကြာရှည်လာသည်နှင့်အမျှ ကလောင်တာဝန်၊ ကလောင် သိက္ခာကို ပို၍ထိန်းသိမ်းရန်လိုကြောင်း၊ စာဖတ်ပရိသတ် အတွက် အားဖြည့်ပေးမည့်စာများကိုသာ ရေးသားသင့် ကြောင်း နားလည်လာရ၏။ ယခု အသက်ခြောက်ဆယ်ကျော် လာသည့်အခါတွင်ကား စာပေတာဝန်သာမက စာဖတ် ပရိသတ်တို့၏ ယုံကြည်ကိုးစားမှု၊ ရှေ့ဆောင်လမ်းပြပြုမှုများ ကိုပါ လုပ်ဆောင်လာရသောကြောင့် ပို၍တာဝန်ကြီးလာသည် ထင်မိ၏။

ဂမ္ဘီရလမ်းစဉ်ကို လိုက်စားလာသောအခါ စာပေရေး ရာသက်သက်မဟုတ်တော့ဘဲ ထူးခြားဆန်းကြယ်သည့် ဝိဇ္ဇာ ပညာရပ်များ၊ ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများအကြောင်းကိုပါ လေ့လာရ တော့၏။ ကိုယ့်ရှေ့က စာရေးဆရာများကိုသာ အားကျအတု ယူရုံမကတော့ဘဲ ကိုယ့်ရှေ့က ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ၏ ဖြစ်စဉ် များ၊ ကျင့်စဉ်များကိုပါ အားကျအတုယူရလေတော့၏။

ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများတွင် စိတ်ပျက် အားငယ်နေကြသူများ ကျွန်ုပ်နှင့် တွေ့ရသောအခါ . . .

"ဆရာ့စကားတွေ နားထောင်ရတာ အားရှိတယ်။ ဆရာ့ကိုတွေ့ရတာ စိတ်ချမ်းသာတယ်"

ဟု ပြောသောအခါ အလွန်ကျေနပ်အားရမိ၏။ ဝမ်းသာပီတိဖြစ်မိ၏။ ထိုသို့သောစကားမျိုး ကြားရစေရန် ကျွန်ုပ်နေထိုင်ကျင့်ကြံရသည်ကား မလွယ်လှချေ။ တချို့သော ဝါသနာပါရာများကို ဖြတ်တောက်စတေးပစ်ရ၏။ လုပ်ချင် သောအရာများကို မလုပ်ဘဲထားရ၏၊ စားချင်သော အရာ များကို မစားဘဲထားရ၏၊ သောက်ချင်သောအရာများကို မသောက်ဘဲ ထားရ၏။

နေ့စဉ် ကျင့်ကြံအားထုတ်ချိန်ယူရ၏။ ရဲမန်ရံခါ နှစ်စဉ် ရက်ရှည် ဂန္ဓာရီခရီးထွက်ရ၏။ ဥပုသ်သီတင်း ဆောက်တည် ရ၏။ အဓိဋ္ဌာန်များဝင်ရ၏။ နိစ္စပတ်၊ ဒါနမှု၊ သီလမှုများ ပြုရ၏။ ထိုသို့သော ဝိဇ္ဇာကျင့်စဉ်များကို ကျင့်သုံးသောအခါ ကိုယ်ယုံကြည်ရာ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင် စသော ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့ကို လေးစားအားကျ လိုစိတ်များလည်း တဖွားဖွားပေါ်လာရ၏။

အရိယဝိဇ္ဇာ မဖြစ်သေးသည့်တိုင် လောကီယဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်မျိုးကို တောင့်တလာ၏။ ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများ စီရင်ထားသည့် အင်းတော်၊ ဆေးတော်ကြီးများကို တောင့်တလာ၏။

"ကိုယ်တကယ် ကျင့်ကြံလာပြီဆိုရင် အထက်ပုဂ္ဂိုလ်ကြီးတွေက မနေပါဘူး။ ကိုယ်နဲ့သင့်တော်မယ့်အချိန်မှာ အင်းတော်၊ ဆေးတော်တို့ ချပေးပါလိမ့်မယ်"

ကျွန်ုပ်ထက် ဝါရင့်၊ သမ္မာရင့် ပုဂ္ဂိုလ်ကြီးတစ်ဦးက ဤကဲ့သို့ ပြောခဲ့ဖူး၏။ ကျွန်ုပ်သည် အသက်သုံးဆယ်ကျော်အာလကတည်းက "သင့်တော်မယ့်အချိန်" ဆိုသည်ကို စောင့်စားရင်း အင်းတော်,ဆေးတော်များကို တောင့်တမျှော်လင့်ခဲ့၏။ သို့သော် နှစ်ကာလများသာ များစွာကျော်ဖြတ်လာခဲ့သော်လည်း အင်းတော်,ဆေးတော်များ မရရှိခဲ့ချေ။ အသက်အတော်လေး ရလာသည့်အခါ ခြောက်ဆယ်နီးလာသော ကာလကျမှပင် "သင့်တော်မယ့်အချိန်" ဆိုသည်ကို ရောက်လာလေသလော မပြောတတ်နိုင်။

အင်းတော်,ဆေးတော်များ အလွယ်တကူရောက်ရှိလာခဲ့လေတော့၏။ ရတနာမာရ်အောင်ဆရာတော်ဘုရားကြီး၏ ဆေးတော်ဆိုသည်ကို မမျှော်သာ၊ မလင့်သာ ရရှိခဲ့ပြီးနောက် လွန်စွာမွှေးပျံ့သည့် ဆေးတော်လေးကို ကိုင်ကြည့်ရင်း လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော် ကာလသို့ အာရုံများ လွင့်ပျံရောက်ရှိသွားလေတော့၏။

## ကာယသိဒ္ဓိ အဆောင်ကောင်း

ကျွန်ုပ်အသက်သုံးဆယ်ဝန်းကျင်အရွယ်က ရန်ကုန်မြို့ ခြောက်မိုင်ခွဲ၊ မာလကာခြံ (စာရေးဆရာကြီးသော်တာဆွေ-ကွယ်လွန်)နေသွားခဲ့ဖူးသော ရပ်ကွက်)တွင် နေစဉ်က ကျွန်ုပ်၏ဇနီးသည်၏ အပေါင်းအသင်းများဖြစ်သော ဒေါ်ခင်မျိုးဆင့်၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်နွယ်နွယ်တို့နှင့်အတူ ကျွန်ုပ်တို့မိသားစုသည် တွံတေးတောကြီးတန်းဘက်သို့ အလည်အပတ်ရောက်ရှိသွားခဲ့ကြ၏။

တွံတေးတောကြီးတန်းတွင်ရှိသည့် ရတနာမာရ်အောင်တောရကျောင်းသို့သွားကာ ဆရာတော်ကြီးအား ဖူးမြော်ကြ၏။ ညရှစ်နာရီထိုးမှ ဂျစ်ကားတစ်စီးဖြင့် ရောက်သွားကြခြင်းဖြစ်၏။ ရောက်မဆိုက်မှာပင် ဆရာတော်ဘုရားကြီးက . . .

"ရန်ကုန်က တကာ၊ တကာမတွေကို ထမင်းအလျင်ကျွေးလိုက်ကြ။ နောက်မှ စကားပြောကြတာပေါ့"

ဟု မိန့်သဖြင့် ကျွန်ုပ်တို့မိသားစုသည် အငွေ့တထောင်းထောင်းထနေသော ထမင်းဝိုင်းသို့သွားကာ ပြန်ရေရှက်ရေ စားသောက်ကြ၏။ ကျွန်ုပ်တို့ ထမင်းစားနေကြစဉ် ဆွမ်းစားဆောင်တွင် ချက်ပြုတ်ရေးတာဝန်ယူထားသော မိန်းမကြီးတစ်ယောက်က . . .

"ရန်ကုန်က ဧည့်သည်ရှစ်ယောက်လာမယ်ဆိုပြီး စောစောကမှ ဆရာတော်က ခိုင်းလို့ အခေါက်တို့ချက်ပြုတ်ထားရတာ။ ဆရာတော်က ဒီလိုပဲ ကြိုတင်အာရုံရတတ်တယ်"

ဟု ပြောလိုက်လေ၏။ ထိုခေတ်ထိုအခါက ယခုခေတ်ကဲ့သို့ လက်ကိုင်ဖုန်းလည်း မပေါ်သေး။ ဘုန်းမတော်ကြီးကျောင်းမှာပင် ကြိုးတပ်တယ်လီဖုန်းပင် ရှိဟန်မတူချေ။ သမထအားကောင်းသော ဆရာတော်ဖြစ်သောကြောင့် ခရီးထွက်လာကြသော ကျွန်ုပ်တို့မိသားစုကို ကြိုတင်အာရုံရသည်ဆိုသည့်စကားမှာ ဖြစ်နိုင်ပါ၏။

ညစာစားပြီးချိန်တွင် ကိုးနာရီကျော်သွားပြီဖြစ်သောကြောင့် ရတနာအောင်မြေဆရာတော်ကြီးနှင့် စကားပြောရန်အချိန်မရသောကြောင့် ထိုနေ့ညက အိပ်ရာစောစောဝင်ဖြစ်ကြ၏။ နောက်နေ့မနက်မိုးလင်းသောအခါ ရတနာမာရ်အောင်ကျောင်းဝင်း ပရဝုဏ်အတွင်း၌ တည်လက်စ စေတီတော်ကို ကျွန်ုပ်တို့သည် လုပ်အားဒါနပေးလှူကြ၏။ အုတ်ခဲများလက်ဆင့်ကမ်း သယ်ဆောင်ခြင်း၊ သဲ၊ ဘိလပ်မြေဒယ်ပိုင်းများ သယ်ပေးခြင်းဖြင့် ကုသိုလ်ယူကြ၏။

အနားယူကြချိန်တွင် ဆရာတော်ကြီးနှင့် အာလာပသလ္လာပ စကားပြောဖြစ်ကြသောအခါ ယခင်က တွံတေးတောကြီးတန်းထဲတွင် တောခိုခဲ့ကြသော အလံနီယောက္ခမမိဘများအကြောင်း စကားစပ်မိသွားကြ၏။ ကျွန်ုပ်၏ယောက္ခမကြီး ဒေါ်ညွန့်ညွန့်မှာ အလံနီဗိုလ်မ တစ်ယောက်ဖြစ်ခဲ့၏။ တချို့က ဒေါ်ညွန့်ညွန့်ဟု မခေါ်ဘဲ ဒေါ်ကျင်ကောက်၊ မကျင်ကောက်ဟူ၍ ခေါ်ကြ၏။ ယောက္ခမကြီးမှာ တရုတ်သွေးနှောသောကြောင့် နာမည်မှာလည်း တရုတ်နာမည်ဆင်တူနေခြင်းဖြစ်လိမ့်မည်။

"မင်းယောက္ခမကြီးက နယ်နယ်ရရမဟုတ်ဘူး စာရေး



www.burmeseclassic.com

www.burmeseclassic.com

ဆရာလေးရဲ့။ မြင်းတပ်ဗိုလ်မကြီး။ မြင်းစီးအလံနီအဖွဲ့ကို အုပ်ချုပ်ရတာ။ အနည်းဆုံး မြင်းအကောင် ငါးဆယ်ထက်တော့ မလျော့ဘူး။ အလံနီလောကမှာတော့ သူ့ကို လိပ်ကျောက်မြီးမကျင်ကောက်လို့ လူသိများကြတယ်။ သူ့တပည့်တွေကို ဆုံးမတဲ့အခါ လိပ်ကျောက်မြီးနဲ့ရိုက်နက်ဆုံးမလေ့ရှိတယ်။ သူ့ကို ငယ်သားတွေက ချစ်ကြောက်ရိုသေကြတယ်။ သူ့ရဲ့ လက်သုံးတော်လိပ်ကျောက်မြီးကို မြင်းကုန်းနှီးမှာ အမြဲချိတ်ထားလေ့ရှိတယ်။ တပည့်တွေကို ရိုက်နက်ဆုံးမတတ်လို့ ရက်စက်တယ်လို့ ထင်ရပေမယ့် တကယ်တမ်းသေဘေးနဲ့ကြုံရတဲ့အခါကျတော့ သူ့တပည့်တွေကို ရှေ့ကအလျှင်ပြေးခိုင်းတယ်။ သူ့မြင်းက နောက်ဆုံးက လိုက်တယ်။ အစိုးရတပ်တွေ နောက်ကလိုက်ပစ်လို့ ပြေးရတဲ့အခါမျိုးတွေမှာ ပြောပါတယ်...”

ကျွန်ုပ်သည် စာရေးဆရာပီပီ ဆရာတော်ပြောပြနေသည့် ယောက္ခမကြီးဒေါ်ညွန့်ညွန့်(လိပ်ကျောက်မြီးမကျင်ကောက်)၏ မြင်းစီးလျက် အသော့သား အပြေးနှင်နေသည့် ပုံရိပ်များကို အာရုံထဲ၌ တွေးတောထင်မြင်မိနေလေ၏။

“အဲဒီလို နောက်ဆုံးက လိုက်ပြေးရတဲ့အခါ ထုံးထားတဲ့ သူ့ရဲ့ဆံပင်ကို ဖြေချလိုက်တယ်။ ဆံပင်တွေ လေထဲမှာ ဘွားဖွားလွင့်ပြီး မြင်းကို ဒုန်းစိုင်းစီးသွားတာ တွေ့ရတဲ့သူတွေက သိပ်ကြည့်လို့ကောင်းတာပဲလို့ ပြောကြတယ်။ ပြီးတော့ နောက်ကတပ်တွေ ဘယ်လောက်လိုက်ပစ်ပစ် သူ့ကို ကျည်ဆန်ရှပ်တောင်မမှန်ခဲ့ဖူးဘူး။ အနီးကပ်တိုက်ပွဲတွေလည်း ကြုံခဲ့ရပေမယ့် သူ့ဒဏ်ရာလုံးဝမရခဲ့ဘူး။ ကျည့်လွဲတယ်လို့ ပြောကြတယ်”

ရဝတနာမာန်အောင်ဆရာတော်ဘုရားကြီးက ထိုနေရာတွင် ပြုံးလျက်ပြောသည်ကို အမှတ်ရ၏။

“ကျည်လွဲအောင်လို့လည်း တန်ခိုးကြီးတဲ့ ဓာတ်လုံးအဆောင်ကောင်းရှိတယ်လို့ ပြောကြတာပဲ”

“ဟုတ်လား ဘုန်းဘုန်းဘုရား။ အလံနီကွန်မြူနစ်တွေကလည်း ဓာတ်လုံးအဆောင်ကို ယုံယုံကြည်ကြည် ဆောင်ကြတာပဲလား ဘုရား”

“ဒါကတော့ စာရေးဆရာရယ်။ ပုထုဇဉ်ဆိုတာ အားကိုးရှာကြာပဲပေါ့”

နောင်အခါမှ သိရသည်မှာ ယောက္ခမကြီးဒေါ်ညွန့်ညွန့် (ဒေါ်ကျင်ကောက်) ဆောင်ခဲ့ဖူးသည့် ဓာတ်လုံးလက်စွပ်ကို ကျွန်ုပ်၏ခယ်မတစ်ယောက် အမွေအဖြစ် ယူဝတ်ထားလေ၏။ ထိုကဲ့သို့ ဓာတ်လုံးအဆောင်(ပီယသိဒ္ဓိအဆောင်ကောင်း) ရှိသည်ကို ပြောပြခဲ့သော ဆရာတော်ကြီးမှာ ထိုအဆောင်ကို သူကိုယ်တိုင်ပေးခဲ့ကြောင်း အသိပေးဝန်မခံဘဲ လှီးလွှဲ၍ ပြောခဲ့ကြောင်း နောင်အခါမှ သိရလေ၏။

ကျွန်ုပ်၏ ယောက္ခမကြီးမှာ မြင်းတပ်ဗိုလ်မ ဖြစ်သကဲ့သို့ သူ့ခင်ပွန်းမှာလည်း အလံနီတပ်တွင် ဆေးမှူးဖြစ်၏။ ဒဏ်ရာအနာတရကိစ္စများကို ကျွမ်းကျွမ်းကျင်ကျင် ကုနိုင်၏။ ဆေးမှူးဦးထွန်းဝေ ဆိုလျှင် တွံတေးတောကြီးတန်းတစ်ခွင်တွင် လူသိများခဲ့၏။ နောင်...လင်မယားနှစ်ယောက်စလုံး အလင်းဝင်လာကြသောအခါ ဦးထွန်းဝေသည် သူတတ်သော ဆေးပညာဖြင့် ဘိုကလေးခရိုင်၊ မြင်းကကုန်းတွင် ဆေးကုသသည့်အလုပ်ကို လုပ်ခဲ့၏။

ဆေးစွမ်းထက်သောကြောင့် လွန်ခဲ့သည့်အနှစ်လေးဆယ်ခန့်က မြင်းကကုန်းတစ်ဝိုက်တွင် နာမည်ကြီးခဲ့၏။ ယခုကာလတွင်မူ ယောက္ခမကြီးနှစ်ပါးလုံး ဆုံးပါးသွားခဲ့ကြပြီဖြစ်ပါ၏။ ဒေါ်ကျင်ကောက် အလင်းဝင်သည့်အခါက မြင်းစီးနေသည့် ဓာတ်ပုံ၊ ကုန်းနှီးတွင် လိပ်ကျောက်မြီးခွေထားသည့်ပုံကို သတင်းစာထဲတွင် ထည့်သွင်းခဲ့ဖူးကြောင်း အမျိုးသမီး၏ ဘကြီးတော်သူက ကျွန်ုပ်အား ပြောပြခဲ့ဖူး၏။ ကာလများစွာ ကြာပြီဖြစ်သောကြောင့် ထိုသတင်းဓာတ်ပုံလေးကို မတွေ့လိုက်ရချေ။

ချစ်ဇနီး ဒေါ်လှဲ့လှဲ့ဝေ ပြန်ပြောပြ၍ ကြားသိခဲ့ရသည်မှာ ဦးထွန်းဝေက ဒေါ်ညွန့်ညွန့်ကို တစ်ဖက်သတ်ချစ်ကြိုက်ခဲ့ရသည်ဆို၏။ ဒေါ်ညွန့်ညွန့်က နိုင်ငံရေး၌သာ စိတ်ကို နှစ်မြှုပ်ထားခဲ့သောကြောင့် အိမ်ထောင်ပြုရန် စိတ်မဝင်စားသေးဘဲရှိနေရာ ဦးထွန်းဝေက စွဲစွဲလမ်းလမ်း ချစ်နှစ်သက်နေခဲ့ပြီး၊ “ညွန့်ညွန့်ကိုမှ မရရင် မနေတော့ပြီ”ဟု ကြေညာခဲ့သောကြောင့် အလံနီပါတီခေါင်းဆောင်ကြီးများ မျက်ခုံးလှုပ်ခဲ့ကြရသည့်ကိန်း ဆိုက်ခဲ့ရသည်ဆို၏။

ထို့နောက် တပ်ဖွဲ့ထဲတွင် အရေးပါအရာရောက်သော ဆေးမှူးတစ်ယောက် မဆုံးရှုံးလိုသည့် ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးများသည် အရေးပေါ်အစည်းအဝေး ခေါ်ယူကာ ထိုကိစ္စကို အမြန်ဆုံး ပြေလည်အောင် ဆောင်ရွက်ခဲ့ကြရသည်ဆို၏။ ဦးထွန်းဝေနှင့် ဒေါ်ညွန့်ညွန့်တို့ကို ဖူးစာဖက်ပေးသည့် အဓိက ခေါင်းဆောင်ကြီးစုံတွဲမှာ နာမည်ကျော် သခင်စိုးနှင့် ဇနီး ဒေါ်နှင်းမေတို့ ဖြစ်ကြသည်ဆို၏။

အလံနီခေါင်းဆောင် သခင်စိုးကို မတွေ့ဖူးသော်လည်း ဇနီးဖြစ်သူ ဒေါ်နှင်းမေကား ကျွန်ုပ်တို့နှင့် တစ်ရပ်ကွက်တည်းဖြစ်သော လမ်းမတော်မြို့နယ်အတွင်း၊ လမ်းသစ်ရိပ်သာ၊ တိုက်အမှတ်(၁၁)တွင် ကျန်းမာအသက်ရှည်လျက် ကျန်းမာစွာနေထိုင်လျက်ရှိပါ၏။

## သရဲဖမ်းနိုင်သော ဆရာတော်ကြီး

တွံတေးတောကြီးတန်း၊ ရတနာမာရ်အောင်ကျောင်း ဆရာတော်ကြီးသည် ဝိဇ္ဇာပညာရပ်များ တတ်မြောက်ကြောင်း ကိုယ်တိုင်ထုတ်ဖော် မမိန့်မြွက်သော်လည်း ကျွန်ုပ်တို့ နှစ်ရက်သုံးရက် လုပ်အားဒါနပြုနေကြသည့် ရက်အတွင်း ရိပ်မိလာခဲ့ရ၏။ ဆရာတော်ကြီးသည် ကလေးသူငယ်များကို ညဦးပိုင်းအခါ၌ စုဝေးစေ၍ · · ·

"ငါ့ကျောင်းဝင်းထဲမှာရှိတဲ့ သရဲတွေ လိုက်ဖမ်းကြစမ်း"ဟူ၍ မိန့်ကြားကာ ကလေးသူငယ်များကို လရောင်ထဲတွင် ကျောင်းဝင်းအတွင်း လှည့်လည်သွားလာစေခဲ့၏။ ကလေးများသည် ရယ်ရယ်မောမော၊ ပျော်ပျော်ပါးပါးဖြင့် ကျောင်းဝင်းထဲ၌ ပြေးလွှားဆော့ကစားရင်း "သရဲဖမ်းပွဲ"ကျင်းပခဲ့ကြ၏။

ဆရာတော်ကြီးသည် အမြော်အမြင်ကြီးစွာဖြင့် ကလေးများကို သရဲဖမ်းနိုင်းခြင်းဖြစ်မည်ဟု ကျွန်ုပ်ယူဆမိ၏။ လောက၌ သရဲဟူသော ပရလောကသားများကို လူတို့က ကြောက်လန့်စရာမလိုဘဲ သရဲတစ္ဆေများကသာ လူများကို ကြောက်ရွံ့ကြရမည်ဟူသော ဒဿနကို ဆရာတော်ကြီးက ကလေးများ၏ နှလုံးသားတွင် စွဲထင်သွားစေရန် ဆောင်ရွက်ခြင်းဖြစ်မည်ဟု ကျွန်ုပ်တွေးထင်မိ၏။

သရဲဖမ်းပွဲလုပ်၍ သရဲကို မိ၊ မမိ မသိရသော်လည်း ထိုညအဖို့ လသာဆောင်တွင် ကလေးများ ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြေးလွှားဆော့ကစားကြသည်ကို တွေ့ရ၏။ ဘုန်းကြီးကျောင်းတစ်ဝင်းလုံး လရောင်အောက်တွင် အကြောက်အရွံ့မရှိ ကလေးတွေ လျှောက်သွားနေကြသည်ကို တွေ့ရ၏။ ကြောက်ရွံ့ခြင်းဟူသော မလိုလားအပ်သည့် ခံစားမှုတစ်မျိုးကို ကလေးများ၏ ရင်ထဲမှ ထုတ်ပယ်ပစ်ရန် ဆရာတော်လိုလားသဖြင့် ထိုကိစ္စကို ဆောင်ရွက်သည်ဟု ထင်မိ၏။

ထိုညလေးတစ်ညကို ကျွန်ုပ်မမေ့နိုင်ခဲ့ပေ။ တွံတေးတောကြီးတန်းရှိ ရတနာမာရ်အောင်ဆရာတော်ဘုရားကြီး၏ ထူးခြားဆန်းပြားသော အမြော်အမြင်ကြီးစွာ လုပ်ဆောင်မှုကို ကျွန်ုပ်တစ်သက် မေ့မရတော့ချေ။

## နိုင်ချင်တယ်ဆိုတော့လည်း နိုင်ပေါ့ကွာ

ရတနာမာရ်အောင်ဆရာတော်ဘုရားကြီးသည် သံဃာတော်တစ်ပါး၊ ကျောင်းထိုင်ဆရာတော်တစ်ပါးဖြစ်ရုံမျှမက ယောကျ်ားတို့တတ်မြောက်အပ်သည့် အဋ္ဌာရသ ၁၈ ပါးကိုလည်း အတော်ကလေး စုံစုံလင်လင် တတ်မြောက်ထားပုံရ၏။ ကျောင်းဝင်းထဲ၌ လှည်းကျင်းရန် တံမြက်စည်းကို ကိုယ်တိုင်လုပ်၏။ ကျောင်းဆောက်ရာ၌လည်း သက်သမားပညာကို တတ်မြောက်၏။ စေတီတည်သောအခါ၌ကား ပန်းရန်သမားများလုပ်သည့် အုတ်စီခြင်း၊ အင်္ဂတေကိုင်ခြင်းအလုပ်များကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လေ၏။

ကျွန်ုပ်တို့ရောက်နေသည့်အချိန်သည် ကျောင်းဝင်းအတွင်း၌ စေတီတော်တစ်ဆူကို တည်နေချိန်ဖြစ်ရာ ဆရာတော်ကိုယ်တိုင် ဝါးငြမ်းများကို တွယ်တက်ကာ စေတီတော်ပေါ်သို့ ရောက်နေ၏။ လိုအပ်သောနေရာတွင် အုတ်စီနေ၏။ သန်လျက်တစ်လက်ဖြင့် ကျွမ်းကျင်စွာ ကိုင်တွယ်၍ အုတ်စီတည်ဆောက်နေသော ဆရာတော်ကြီးကို ကျွန်ုပ်သည် စေတီတော်၏ ဖိနပ်တော်မှ မော့ကြည့်ကာ ကြည်ညိုနေမိ၏။

ထိုအတွင်း လှည်းယဉ်ကလေးတစ်စီးသည် ခြူသံတလွင်လွင်ဖြင့် ရတနာမာရ်အောင်ကျောင်းဝင်းအတွင်းသို့ အသော့သားဝင်ရောက်လာကာ လှည်းမောင်းလာသူသည် နှင်တံကို ခါးမှာထိုးရင်း လှည်းပေါ်မှ ခုန်ချလျက် ဆရာတော်ရှိရာနားသို့ သွားကာ စေတီသို့မော့ကြည့်ရင်း · · ·

www.burmeseclassic.com

ဟဆရာတော်ဘုရား၊ တပည့်တော်ကို ကူညီပါဦး ဘုရား"ဟု လျှောက်ထားလေ၏။

"ဘာများလဲဟဲ့"

"တပည့်တော် လှည်းယဉ်ပြိုင်ပွဲ သွားဝင်မလို့ဘုရား"

"သွားဝင်မယ်ဆိုလည်း သွားဝင်လေကွာ။ ငါ့ဆီ ဘာလာလုပ်နေတာတုံး"

"တပည့်တော်က နိုင်ချင်တာဘုရား"

"နိုင်ချင်တယ်ဆိုတော့လည်း နိုင်ပေါ့ကွာ"

"တပည့်တော်က ပထမရချင်တာဘုရာ့"

"ပထမရချင်တော့လည်း ပထမပေါ့ကွာ။ မင်းတို့က လည်း တယ်လုပ်တာကိုးကွ။ ဒီမှာ ဘုရားတည်နေတာ ကောင်းကောင်းမတည်ရဘူး။ အေးပါကွာ၊ ငါအောက်ကို ဆင်းလာခဲ့ပါ့မယ်"

ဟု မိန့်ကြားကာ ဝါးငြမ်းများကို တွယ်လျက်၊ နင်းလျက် အောက်သို့ ခပ်သွက်သွက်ကလေး ဆင်းသွားသည်ကို တွေ့ရ၏။ ထို့နောက် နံ့သာရည်ဆွတ်ဖျန်းထားသော အောင်သပြေခက်များဖြင့် နွားကြီးနှစ်ကောင်၏ ဦးခေါင်းထက်သို့ တဖျပ်ဖျပ်ရိုက်ရင်း ရွတ်ဖတ်သရဇ္ဈာယ်၏။ မည်သည့် ဂါထာတော်ကို ရွတ်ဖတ်သည်ဟူ၍တော့ မသိနိုင်ချေ။

ခဏနေသောအခါ···

"ကဲ···ဟော့ကောင်၊ မင်းမောင်းလို့ရပြီ။ ငါ့တာဝန် တော့ ပြီးပြီ။ ကြိုးစားမောင်းဖို့တော့ မင်းတာဝန်ပဲ။ သွားတော့"

ဟုဆိုကာ နွားလှည်းသမားကို ပြန်၍လွှတ်လိုက်၏။ လှည်းယဉ်သမားလည်း ပြိုင်ပွဲဝင်ရန် လှည်းယဉ်ကလေးကို အသော့နှင်၍ ကျောင်းဝင်းတွင်းမှ ထွက်သွားခဲ့လေတော့၏။ ရတနာမာရ်အောင်ဆရာတော်ဘုရားကြီးလည်း ငြမ်းများမှ တွယ်တက်ကာ စေတီတော်ပေါ် ပြန်၍ရောက်လာခဲ့ကာ အုတ်ခဲများဖြင့် ပန်းရန်ဆက်လုပ်လေတော့၏။

အချိန်အတော်ကြာပြောင်း၍ ကျွန်ုပ်တို့ လုပ်အားပေး ရာမှ အနားယူသောအချိန်တွင် နေ့ခင်းက လာသွားသော ချူသံတလွင်လွင်နှင့် လှည်းယဉ်ကလေးသည် အသော့သား ပြန်လည်ဝင်ရောက်လာခဲ့ပြန်လေတော့၏။ လှည်းယဉ်မောင်း သမားသည် ဝမ်းသာအူမြူးစွာဖြင့် လှည်းယဉ်လေးပေါ်မှ ခုန်ချ ကာ ဆရာတော်ထံပါးသို့ အပြေးအလွှား သွားရောက်ဦးတင် ဖူးမြင်လျက်···

"အရှင်ဘုရားရဲ့ ကျေးဇူးနဲ့ တပည့်တော်လှည်းယဉ် လေး ပထမစွဲလာပါပြီဘုရား။ တပည့်တော် ကောင်းကောင်း လာလှူပါဦးမယ်ဘုရား"

ဟူ၍ ဝမ်းသာအားရ လျှောက်ထားသည်ကို တွေ့ခဲ့ ရလေ၏။ ဩော်···ရတနာမာရ်အောင် ဆရာတော်ဘုရားကြီး က ဒီလိုကိစ္စမျိုးမှာလည်း စွမ်းတာပါပဲလားဟူ၍ ကျွန်ုပ်စိတ်ထဲ ၌ မှတ်ချက်ချမိလေ၏။ ထိုကဲ့သို့သော လောကီကိစ္စ အစွမ်း ထက်မှန်းသိသော်လည်း ကျွန်ုပ်သည် အဆောင်ကောင်း လက်ဖွဲ့ကောင်းများကို ဘာတစ်ခုမျှ တောင်းယူခဲ့ခြင်းမရှိချေ။ ထိုသို့မတောင်းယူခြင်းမှာလည်း မလိုချင်၍ မယုံကြည်၍ မဟုတ်။ ကိုယ်တောင်းလိုက်သည့်အခါ အဆင်ပြေမပြေ ပေးလိုမပေးလို၊ ဆန္ဒရှိမရှိ စသည်တို့ကို တသီကြီးတွေးရင်း အားနာသည်လည်း ပါ၏။

ကိုယ်ကဲ့သို့ တခြားလူက ယူလိုသည့်ဆန္ဒများ ရှိနေ ကြလျှင်လည်း ကိုယ့်ဆီက အဆောင်အယောင်ကိုပင် တခြား သူထံသို့ လွှဲပြောင်းပေးခဲ့ဖူးသည်များလည်း ရှိပါ၏။ သူတော် ကောင်းစိတ် မွေးမြူရန် ကြိုးပမ်းကြသူများသည် အခွင့်အရေး ကို သူများနောက်မှ ရယူရမည်၊ ကိုယ်ကလွဲလျှင် အခြားမည် သူ့ကိုမဆို ဦးစားပေးရမည် ဟူသောဒဿန ရင်ထဲမှာ စွဲနေ နေသောကြောင့်လည်း ဖြစ်နိုင်ပါ၏။

ဤသို့ဖြင့် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်ကာလက ရတနာမာရ်အောင်ဆရာတော်ဘုရားကြီးနှင့် ပက်ပင်းတွေ့ သော်လည်း ဘာအဆောင်အယောင် တစ်ခုမျှ မရယူခဲ့သော် လည်း ယခုမူ ကျွန်ုပ်လက်ထဲသို့ ဆရာတော်ဘုရားကြီး၏ ဆေးတော် ရောက်ရှိလာခဲ့ပြီဖြစ်၏။ ထိုဆေးတော်ဖြင့် ရောဂါ အမျိုးမျိုး ကုရ၏။ ဝဋ်နာကံနာမဟုတ်လျှင် ပျောက်သည် ချည်းဖြစ်၏။ (သက်စေ့ကံကုန်၊ ဇရာလွန်သူများကိုလည်း မကုသနိုင်ပါ။)

အရွယ်ကောင်း၊ အချိန်ကောင်း ဝေဒနာရှင်များက ထိုဆေးတော်အနည်းငယ်သုံးစွဲရုံမျှဖြင့် ပျောက်ကင်းကြသည် ချည်း ဖြစ်ပါ၏။ ဆေးတော်နှင့်အတူ ကျွန်ုပ်၏ သက်သေ လွတ်အစိတ္တာန် ၁၇' နှစ်ကိုလည်း တိုင်တည်သစ္စာဆိုကာ ကုသသဖြင့် ပို၍ထိရောက်ဟန် တူပါသည်။ ယခု ရတနာ



www.burmeseclassic.com

www.burmeseclassic.com

မာရ်အောင် ဆရာတော်ဘုရားကြီးသည် သက်တော်ကိုးဆယ်ခန်းကျင်ရှိပြီး ကျန်းမာစွာ သာသနာ့ဝန် ထမ်းဆောင်ဆဲဟု ကြားရ၏။

ကျွန်ုပ် နောက်ထပ် မရောက်နိုင်သေး။ တစ်နေ့နေ့ သွားရောက်ဖူးမြော် ပူဇော်ဦးမည်ဟု စိတ်ကူးလျက်ရှိပါ၏။

## လိပ်ကျောက်မြီး မကျင်ကောက် ဝင်စားလေသလော

ကျွန်ုပ်တွင် သားသမီးသုံးယောက် ရှိပါ၏။ အကြီးဆုံးသည် သားယောက်ျားလေးဖြစ်ပြီး၊ ကျန်နှစ်ယောက်မှာ သမီးများဖြစ်ကြ၏။ သမီးအလတ်သည် နန္ဒီလင်းဝေဟု အမည်ရလျက် စနေသမီးဖြစ်ပြီး လွန်စွာထက်မြက်၏။ စိတ်လည်း အတိုမြန်၏။ သူတစ်ပါးအပေါ် စိတ်ကောင်းများစွာရှိတတ်၏။ မိသားစုအတွင်းမှာလည်း အမြဲအနစ်နာခံလေ့ရှိ၏။ အဝတ်အစား၊ အစားအသောက်နှင့်ပတ်သက်လျှင် အခွင့်အရေးများစွာမယူတတ်ဘဲ သင့်သလောက်နှင့် ရောင့်ရဲ၏။ ကျန်နှစ်ယောက်ကို ညှာ၏။ သို့သော် သူ့အပေါ်မကောင်းဘူးဟုထင်လျှင် ဒေါသထောင်းခနဲထတတ်၏။ သူငယ်စဉ် စကားပြောတတ်ခါစက အိမ်နံရံတွင် ချိတ်ဆွဲထားသော အလံနီ မြင်းတပ်ဗိုလ်မ ဒေါ်ညွန့်ညွန့်(လိပ်ကျောက်မြီး မကျင်ကောက်)ဓာတ်ပုံကို လက်ညှိုးထိုးပြလိုက်၊ သူ့ရင်ဘတ်သူ ပုတ်ပြလိုက် လုပ်လေ့ရှိ၏။

ဒေါ်ညွန့်ညွန့်ဘဝက အလွန်ခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်းမိန်းမများကိုတွေ့လျှင် သမီးလေးက ဖက်ငိုလေ့ရှိ၏။

"သမီးက ဒေါ်ညွန့်ညွန့်ဝင်စားတာလား။ လိပ်ကျောက်မြီး မကျင်ကောက်ကြီးလား"

ဟု မေးလျှင် ခေါင်းတဆတ်ဆတ်ညိတ်လေ့ရှိ၏။ သို့ဖြစ်၍ သူ့ကို ကျွန်ုပ်၏ယောက္ခမကြီး ဝင်စားသည်ဟု မိန်းမဘက်က အမျိုးများက ထင်မြင်ယူဆကြ၏။ သူ့စိတ်ကောင်းရှိပုံ၊ စိတ်ကြီးပုံ၊ ဒေါသကြီးတတ်ပုံတွေကို မြင်ရသောအခါ ကျွန်ုပ်သည်ပင်လျှင် သူ့ကို လူဝင်စားဟု ထင်ချင်လာ၏။ ဒေါ်ညွန့်ညွန့်ရှိစဉ်က ကျွန်ုပ်ကို သားအရင်းကဲ့သို့ ချစ်ရာသလို သမီးလတ် နန္ဒီကလည်း ကျွန်ုပ်ကို လွန်စွာချစ်ခင်လေးစား၏။ "လူထဲကဘဝ ဘဝထဲကလူ" အခန်းဆက်အတ္ထုပ္ပတ္တိရှည်ကြီးကို သူထုတ်မည်ဟု ကတိပေးပြီး ပထမတွဲကို ထုတ်ဖြစ်အောင် ထုတ်ခဲ့၏။

အထိုက်အလျောက် အောင်မြင်ခဲ့၏။ ဒုတိယတွဲ၊ တတိယတွဲများကိုမူ သူဆက်ပြီး မထုတ်အားသေး။ သူကလည်း လုပ်ငန်းတွေများ၏။ အလုပ်သုံးလေးမျိုးနှင့် ဂျင်ခြေလည်နေသူ ဖြစ်၏။ လုံးချင်းဆက်မထွက်နိုင်သေးလည်း ရောင်ပြန်မဂ္ဂဇင်းထဲမှာ "လူထဲကဘဝ"ကို ပရိသတ်တွေ ဖတ်နေရတာပဲလေဟု ကျွန်ုပ်ဖြေရ၏။

*(ရွှေလစောင့်မျှော်ဖတ်ရှုပါ။)*

*ဇေယျတုသဗ္ဗမင်္ဂလံ*

**လင်းရောင်တင်**


**ဆရာကြီးလင်းဇရောင်တင်**

**နေလက္ခဏာသဃ လိုတရဟောခန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**

နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614**




www.burmeseclassic.com

www.burmeseclassic.com

# ဘုံဓမ္မတာ

လှမိုး(ပညာရေး)



မြောက်ပိုင်း အိုင်ယာလန်နိုင်ငံ၏ မိုးရာသီသည် စိတ်ပျက်ငြီးငွေ့စရာကောင်းလှသည်။ မိုးတိမ်တိုက်များ ဆင်လာပြီး မိုးသက်လေနံ့ကိုပင် ရလာသော်လည်း မရွာဘဲ ပျက်ပြယ်သွားတတ်သည်။ တစ်ခါတစ်ရံတွင်မူ မဆင်ဘဲ လျှပ်စီးတဝင်းဝင်း၊ မိုးချုန်းသံ တခြိမ်းခြိမ်းဖြင့် သဲသဲမဲမဲ မစဲအောင် ရွာလေ့ရှိသည်။ ၁၉၃၀ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ နံနက်စောစောတွင်မူ မဆင်ဘဲရွာသော မိုးသည် မွန်းတည့်ချိန်အထိ သဲသဲမဲမဲ ရွာချကာ ရုတ်တရက်တိတ်သွားပြီး နေထွက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒဗ္ဗလင်မြို့ ဆင်ခြေဖုံးရှိ "ဘုံနန်းရပ်သာ"စံအိမ်တော်ကြီးမှာ မိုးရွာပြီးစဖြစ်၍ ဆေးအသစ်များ သုတ်ထားသကဲ့သို့ သစ်လွင်တောက်ပနေသည်။ ရုတ်တရက် တိမ်တိုက်ကြားမှ ထွက်လာသော နေမင်း၏ ရောင်ခြည်များသည် "ဘုံနန်းရိပ်သာ" စံအိမ်တော်ကြီးအား ရဲရဲနီနေသော ဇာပဝါကို ခြုံထားသကဲ့သို့ ဖြစ်နေသည်။

"ဘုံနန်းရိပ်သာ"ဂေဟာကြီးမှာ အတော်အသင့်နိမ့်သော ချိုင့်ဝှမ်းတစ်ခုအတွင်း တည်ရှိပြီး ဂေဟာကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝက်သစ်ချပင် တောက်များနှင့် ထင်းရှူးပင်များ ကွက်ကျားပေါက်ရောက်နေကြပြီး သစ်ပင်တို့မှာ လေဒဏ်မိုးဒဏ်ကို နှစ်ပရိစ္ဆေဒ ကြာညောင်းစွာ ခံခဲ့ရသဖြင့် အကိုင်းအခက်များသည် ကောက်ကွေးလျက် ရှိကြသည်။ ဂေဟာကြီး၏ ပိုင်ရှင်သည် ဤအိမ်ဂေဟာကြီးကို ပြုပြင်မှု မရှိဘဲ ထားခဲ့သဖြင့် ပျက်စီးယိုယွင်းစပြုနေသော လက္ခဏာပြသလျက်ရှိနေသည်။ ဝင်းတံခါးပေါက်ဝကြီး၏ ယာဘက်တိုင်ရှိ "ဘုံနန်းရိပ်သာဂေဟာ"ဟူသော ကြေးဝါဆိုင်းဘုတ်မှာလည်း ဇရာကို ဖော်ပြနေသည့်အလား မေးမှိန်စပြုနေပြီ ဖြစ်သည်၊ အိမ်ကြီး၏ ကြီးမားသော ဆင်ဝင်ဆီသို့သွားသော လမ်းဘေးတစ်ဖက်တစ်ချက်ရှိ သစ်ပင်အိုကြီးများမှ အကိုင်းအခက်တို့သည် တစ်ပင်နှင့်တစ်ပင် ထိယှက်လျက်ရှိရာ သစ်ရွက်ဥမင်တစ်ခုအတွင်း ဝင်ရသလို ဖြစ်နေသည်။ ရိပ်သာလမ်း၏ အဆုံးတွင်မှု ကြီးမားသော ဆင်ဝင်ကြီးကို တွေ့ရသော်လည်း လူရိပ်လူခြည် မမြင်ကြရချေ။

ဂေဟာကြီး၏ ပန်းခြံအတွင်းမှာမူ သစ်ပင်၊ ပန်းပင်များကို ဂရုတစိုက် စိုက်ပျိုးထားဟန်ရှိသည်။ မိုးရွာပြီးစ အေးစိမ့်ငြိမ်သက်နေသော လေထုတွင် သံပရာရနံ့များ လိုင်လျက်ရှိ၏။ ဆင်ဝင်ကြီးအား ဦးတည်သည့် ရိပ်သာလမ်းတစ်လျှောက်တွင်မူ သစ်ပင်များ၏ အကိုင်းအခက်များ ထိယှက်လျက်ရှိနေသဖြင့် သစ်ကိုင်းသစ်ရွက်ကွန်များ ဖြန့်ထားသကဲ့သို့ ရှိနေပြီး ထိုသစ်ကိုင်းသစ်ရွက်များပေါ်တွင် ပုစဉ်းကြီးများ ဆူညံစွာမြည်နေကြရာ သံစုံတီးဝိုင်းကြီးတစ်ခု တီးမှုတ်ဖျော်ဖြေနေသည့်အလား ရှိတော့၏။

ဤဟောင်းနွမ်းသည့် လက္ခဏာဆောင်နေသော ဂေဟာကြီး၏ ညှော်ခန်းအတွင်းရှိ ကုလားထိုင်တစ်လုံးပေါ်ထိုင်ကာ မိုးရွာပြီးစ ရှုခင်းကို အဓိပ္ပာယ်ကင်းမဲ့စွာ ထိုင်ကြည့်နေသူမှာ အသက် ၆၀ ခန့်ရှိပြီဖြစ်သော တစ်ချိန်က လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ဝိုက်စတား(ကြယ်ဖြူ) ရေကြောင်းသွားလာရေးကုမ္ပဏီဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ်ကြီး ဂျိုးဇက်ဘရုစ်အစ်မေး [Joseph Brusce Ismay] ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ခန့်ကဆိုလျှင် အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းသော သူ၏အဖွဲ့များ၊ လူမှုရေးအသင်းများတွင် ဂုဏ်ထူးဆောင်နာယကကြီးတစ်ယောက် ဖြစ်ခဲ့၏။ သို့သော် ကမ္ဘာကျော် တိုက်တန်းနစ်သင်္ဘောကြီး မြောက်အတ္တလန္တိတ်ရေပြင်တွင် ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့က နစ်မြုပ်ခဲ့ပြီး ၁၉၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့၌ ဘရုစ်အစ်မေးသည် ဝိုက်စတားလိုင်း ဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ အခြားအကျိုးတူ ကုမ္ပဏီများမှလည်းကောင်း အနားယူခဲ့ပြီး လူအများကြားမှ စတင်ပျောက်ကွယ်စပြုခဲ့သည်။


အထက်ဖော်ပြပါ မည်သည့်အခါမျှ မနစ်မြုပ်နိုင်ဟု





www.burmeseclassic.com

www.burmeseclassic.com




ဆိုသော မဟာတိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့သည့် အရေးအခင်းဖြစ်ပြီးသည့်နောက် လူအများနှင့် ခပ်ကင်းကင်းနေခဲ့သည်။ အများပြည်သူများနှင့် သက်ဆိုင်သော အခမ်းအနားများတွင် မည်သည့်အခါမျှ ပါဝင်ခြင်းမရှိတော့ဘဲ အထက်ဖော်ပြပါ "ဘုံနန်းရိပ်သာ"ဂေဟာကြီးတွင်သာ အချိန်ကုန်ခဲ့သည်။ ယခင် ပို့က်စတားလိုင်း ဥက္ကဋ္ဌကြီးဘဝကဆိုလျှင် အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ နေ့စဉ်ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် အစ်မေး၏ အမည်သည် မျက်နှာဖုံးတွင်ပါနေကျဖြစ်သည်။ သူ့အကြောင်း မဖော်ပြနိုင်သော သတင်းစာ၊ ဂျာနယ်များသည် ခေတ်မမီဟူ၍ပင် ယူဆကြသည်။ သူ့အကြောင်း၊ သူ့မိသားစုများအကြောင်း၊ သူ့အင်္ဂလန်နိုင်ငံအတွက် ဂုဏ်ဆောင်သူရဲကောင်းတစ်ယောက်ဖြစ်သည်ဟူ၍ပင် ကင်ပွန်းတပ်ခဲ့ကြ၏။ သူ၏ ဉာဏ်ရည်ဉာဏ်သွေးထက်ပုံ၊ ကြိုတင်ခန့်မှန်းနိုင်မှု၊ စကားပြောကောင်းမှု၊ လူအများသူပြောသမျှ လုပ်ဆောင်နိုင်ရန် ပြောတတ်ဆိုတတ်ရှိမှုတို့မှာ ပြောမဆုံးအောင်ရှိရကား သူ့အရည်အချင်းတို့မှာ တန်းစီနံပါတ်ထိုးရန် မလွယ်ကူဟု ဆိုစမှတ်ပြုကြသည်။

ကြယ်ဖြူရေကြောင်းသွားလာရေး ကုမ္ပဏီဥက္ကဋ္ဌဟောင်းနှင့် ညွှန်ကြားရေးမှူးချုပ် ဂျိုးဇက်ဘရုစ်အစ်မေးကို ခရစ်နှစ် ၁၈၆၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ သင်္ဘောဆောက်လုပ်ရေးကုမ္ပဏီများ တည်ရှိရာ လစ်ဗာပူးမြို့တွင် ဖွားမြင်ခဲ့သည်။ ဘိုးစဉ်ဘောင်ဆက် လေ့သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ ပိုင်ရှင်များ ဖြစ်ကြပြီး ဝိတိုရိယဘုရင်မကြီး၏ လက်ထက်တော်ကြီးတွင်မှ ဂျိုးဇက်ဘရုစ်အစ်မေး၏ ဖခင်ဖြစ်သူမှာ သူဌေးကြီးသောမတ်အစ်မေး ဖြစ်သည်။

ထိုစဉ်ကာလက သောမတ်အစ်မေးပိုင် ကြယ်ဖြူရေကြောင်းသွားလာရေး ကုမ္ပဏီကြီးမှာ အင်္ဂလန်နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ သင်္ဘောတည်ဆောက်ရေး နှင့် ရေကြောင်းသွားလာရေး ကုမ္ပဏီကြီးများက မော်ကြည့် ရသော ရေကြောင်းသွားလာရေးကုမ္ပဏီကြီး ဖြစ်သည့် ဗြိုင်ဘက်ဖြစ်သော နိုင်ငံတကာမှ ရေကြောင်းသွားလာရေး ကုမ္ပဏီကြီးများ၏ ခေတ်မီကြီးမားသော မဟာသင်္ဘောကြီး များပိုင်ဆိုင်ထားသည့် ကုမ္ပဏီဖြစ်၏။

သောမတ်(စ်)အစ်မေးသည် သားဖြစ်သူ ဘ အစ်မေးကို သူ့ခြေရာကို နင်းနိုင်မည့်သားဟု မြင်လာသည် သို့ဖြစ်၍ အင်္ဂလန်နိုင်ငံတွင် နာမည်ကျော်ကြား လူသိ သော ဟာရိုးအလွတ်ပညာသင်ကျောင်းတွင် တက်ရော ပညာဆည်းပူးစေသည်သာမက ကျောင်းပိတ်ရက်များ သင်္ဘောကျင်းများနှင့် သူ့ကြယ်ဖြူရေကြောင်းသွားလာ



www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီရုံးတွင် အောက်ခြေကစ၍ အလုပ်လုပ်စေသည်။

ဘရစ်အစ်မေးမှာ ဉာဏ်ရည်ထက်သူတစ်ဦး ဖြစ်ရအား ကျောင်းစာများတွင် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်ခဲ့သည်သာမက အားကစားခုန်စားတွင်လည်း ထူးချွန်သူဖြစ်ရာ ဟာရီးကျောင်း ဘောလုံးအသင်း၏ လက်ရွေးစင်ဘောလုံးသမားဖြစ်ပြီး တင်းနစ်တွင်လည်း ချန်ပီယံတစ်ယောက်ဖြစ်ခဲ့သည်ဟု သိရ၏။

ကျောင်းမှ ပညာသင်ခဲ့ပြီး ဆရာတစ်ဦးနှင့်အတူ ပြင်သစ်နိုင်ငံသို့စေလွှတ်၍ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများကို သင်ယူစေခဲ့သည်။ ထိုမှ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍ ရေကြောင်းသွားလာရေးလုပ်ငန်းများကို လက်တွေ့လေ့လာစဉ် ၁၈၈၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးပိုင်ရှင် သန်းကြွယ်သူဌေးကြီး၏သမီး ဂျူလီယာရက်ဖလင်းနှင့် လက်ထပ်ခဲ့သည်။

မျှော်မှန်းချက်ကြီးသူ၊ စကားပြောကောင်းသူ၊ ပါးရည်နပ်ရည်ရှိသူ ဘရစ်အစ်မေးအဖို့ အမေရိကန်ပြည်ထောင်စုမှ သန်းကြွယ်သူဌေးကြီးများ လောကသို့ ခြေစုံပစ်ဝင်နိုင်ခဲ့ပြီး ထိုစဉ်က အမေရိကန်ပြည်ထောင်စုတွင် အချမ်းသာဆုံး သန်းကြွယ်တစ်ဦးဖြစ်သော သူဌေးကြီး ဂျေပီမော်ဂင်နှင့် ရင်းနှီးခင်မင်သူ ဖြစ်လာသည်။ သူ့အသက် ၃၇ နှစ်တွင် ဖခင်ဖြစ်သူ ကွယ်လွန်ခဲ့ရာမှ ကြယ်ဖြူရေကြောင်းသွားလာရေးကုမ္ပဏီ ဒါရိုက်တာကြီးနှင့် ယင်းကုမ္ပဏီကြီးအား ကြီးကိုင်နိုင်သူ ဖြစ်လာသည်။

သူနှင့်ရင်းနှီးသော အမေရိကန်ပြည်ထောင်စုမှ သန်းကြွယ်သူဌေးကြီး ဂျေပီမော်ဂင်၏ အားပေးမှု၊ ကူညီမှုတို့နှင့် ဘရစ်အစ်မေးသည် လီဗာပူးမြို့ရှိ နာမည်ကျော်ဟာလင်နှင့် ဝု(ဒ်) သင်္ဘောတည်ဆောက်ရေးကုမ္ပဏီနှင့် ပူးပေါင်းကာ မဟာလူစီးဇိမ်ခံသင်္ဘောကြီးများ တည်ဆောက်၍ ကမ္ဘာ့ရေကြောင်းသွားလာရေးလုပ်ငန်းကို လက်ဝါးကြီးအုပ်ရန် စီမံခဲ့သည်။ ဂျေပီမော်ဂင်ကလည်း နာမည်ခံခြင်းမပြုဘဲ နောက်ကွယ်မှ ငွေလုံးငွေရင်းအမြောက်အမြား အကူအညီပေးခဲ့သည်။ ဘရစ်အစ်မေးမှာ ကြယ်ဖြူရေကြောင်းသွားလာရေးကုမ္ပဏီကြီးနှင့် သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌကြီးနှင့် ညွှန်ကြားရေးမှူးချုပ် ဖြစ်လာသည်။

အမှန်အားဖြင့် ကြယ်ဖြူရေကြောင်းသွားလာရေးအဖွဲ့၏ နောက်ကွယ်မှ ငွေလုံးငွေရင်း ထောက်ပံ့သူမှာ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော အမေရိကန်ပြည်ထောင်စုမှ သံမဏိလုပ်ငန်းရှင် သန်းကြွယ်သူဌေးကြီး မော်ဂင်သာ ဖြစ်သည်။ သို့သော် ကြယ်ဖြူရေကြောင်းသွားလာရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ၊ လုပ်ငန်းကိစ္စအဝဝကို မိမိစိတ်တိုင်းကျ ဆောင်ရွက်ခွင့်ရှိသူမှာမူ ဂျိုးဇက်ဘရစ်အစ်မေးပင် ဖြစ်သည်။ သူသည် ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌကြီးနှင့် ညွှန်ကြားရေးမှူးချုပ် ဖြစ်လာသည်နှင့် ကမ္ဘာ့ရေကြောင်းသွားလာရေးသမိုင်းနှင့် သင်္ဘောတည်ဆောက်ရေးသမိုင်းတွင် အကြီးမားဆုံးနှင့် အခံ့ညားဆုံး မဟာလူစီးသင်္ဘောကြီး တစ်စင်းကို တည်ဆောက်ရန် ကြံရွယ်ထားသည်။ ထိုတည်ဆောက်မည့် မဟာလူစီးဇိမ်ခံသင်္ဘောကြီးမှာ ထူးထူးခြားခြား အံ့ဖွယ်သရဲ ဖြစ်စေရမည်ဟုလည်း ရည်မှန်းထားသည်။

သို့ဖြစ်၍ ဤမဟာသင်္ဘောကြီး တည်ဆောက်ရေးစီမံကိန်းကို သံမဏိသူဌေးကြီး မော်ဂင်ထံ တင်ပြခဲ့သည်။ မော်ဂင်ကလည်း သမိုင်းတွင်မည့် ဤမဟာသင်္ဘောကြီး တည်ဆောက်ရေးကို သဘောတူခဲ့ပြီး ငွေလုံးငွေရင်း စိုက်ထုတ်ပေးရန် သဘောတူခဲ့သည်။ သို့ဖြစ်၍ ကမ္ဘာ့အံ့ချီးဖွယ်ရာ မဟာသင်္ဘောကြီးကို ဂျိုးဇက်ဘရစ်အစ်မေးသည် သူ့မိတ်ဆွေ ရေကြောင်းသွားလာရေး သင်္ဘောတည်ဆောက်ရေး အင်ဂျင်နီယာ သောမတ်(စ်)အင်ဒရူးနှင့် တွဲဖက်၍ သင်္ဘောကြီး၏ ပုံစံနှင့် တည်ဆောက်ရေးအစီအစဉ်များကို ရေးဆွဲခဲ့သည်။

သင်္ဘောကြီး၏ အမည်ကိုလည်း ဂျိုးဇက်ဘရစ်အစ်မေးက မေးခဲ့၏။ တိုက်တန်းနစ်ဟု ခေါ်စေခဲ့သည်။ လူအများကမူ ဘရစ်အစ်မေးသည် အဘယ်ကြောင့် ဤအမည်တပ်ရသည်ကို နားမလည်နိုင်ဟု ဆိုကြသည်။ "တိုက်တန်"ဟူသော အမည်သည် ရှေးဟောင်းဂရိဒဏ္ဍာရီများ၌ လူမျိုးစုတစ်စု၏အမည်ဖြစ်ပြီး ထိုလူမျိုးစုသည် ဂရိတ်ဘုရားဇီးယပ်(စ်)နှင့် စစ်ခင်းကြသည်။ ဇီးယပ်(စ်)သည် ရဲရင့်၍ အင်အားကြီးမားသော တိုက်တန်တို့အား မိုးကြိုးလက်နက်ဖြင့် ဖြိုခွင်းခဲ့ရာ တိုက်တန်တို့ ရှုံးနိမ့်ခဲ့ရသည်။ တိုက်တန်ဟူသည် ဆုံးရှုံးမှုဟူသော အဓိပ္ပာယ်ကိုသာ ဆောင်ရာ အကြီးမားဆုံး၊ အခံ့ညားဆုံး၊ ခေတ်ယဉ်ကျေးမှုနှင့် ဆိုရလျှင် အမြင့်



www.burmeseclassic.com

www.burmeseclassic.com

မားဆုံး ဖြစ်လာမည့် ဤသင်္ဘောကို အဘယ်ကြောင့် တိုက်တန်းနစ်ဟု အမည်ပေးခဲ့သည်ကို နားမလည်နိုင်ဟု ဆိုကြသည်။

မှန်ပါသည်။ မှတ်တမ်းအရ တိုက်တန်းနစ်သင်္ဘောကြီးကို တည်ဆောက်စဉ်က ဒေါ်လာ သိန်းကျော် ကုန်ကျသည်ဟု သိရ၏။ ထိုစဉ်က (၁၉၁၂ ခုနှစ်) ဒေါ်လာငွေတန်ဖိုးမှာ ခိုင်မာလှ၏။ သင်္ဘောကြီး၏ အလျားမှာ ပေ ၈၃၃ ပေရှည်၍ အမြင့်ပေ ၁၇၅ ပေ ရှိသည်ဟု ဆိုသည်။ သင်္ဘောကြီးမှာ တစ်ဆယ့်တစ်ထပ်မြင့်သော အဆောက်အဦကြီးသဖွယ် ဖြစ်သဖြင့် မည်သည့်နေရာမှကြည့်ကြည့် မီးများထိန်လင်းနေသော သင်္ဘောကြီးကို မြင်ရသည်ဟု ဆိုကြ၏။ အားကစားခန်းမဆောင်၊ တင်းနစ်ရိုက်ကွင်းများ၊ ရေကူးကန်၊ ရေချိုးခန်း၊ Turkish Bath တူရကီရေချိုးခန်း၊ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ ပန်းခြံ၊ အရက်သောက်ခန်း၊ ဆေးလိပ်သောက်ခန်းတို့ ပါဝင်ပြီး ထိုအခန်းများမှာ ထိုစဉ်က လန်ဒန် ပါရီမြို့တော်များရှိ အခမ်းနားဆုံး ဟိုတယ်ကြီးများရှိ အခန်းများကဲ့သို့ ကျယ်ဝန်းလှသည်။ ဆေးပေးခန်း၊ ခွဲစိတ်ခန်း၊ ဆေးရုံများ ပါဝင်ရာ ဤကဲ့သို့ ခေတ်မီသော အဆောင်အယောင်များနှင့် ပြည့်စုံသော မဟာသင်္ဘောကြီးကို ဂျိုးဇက် ဘရုစ်မေးသည် တည်ဆောက်နိုင်ခဲ့သည်ဟု သတင်းမီဒီယာများ အပါအဝင် လူအများက ချီးမွမ်းခန်းဖွင့်ခဲ့ကြ၏။

တည်ဆောက်ရာတွင် ရေလုံခန်း ၁၆ ခန်း ပါဝင်သည်။ ၎င်းအခန်းများကို လျှပ်စစ်ဖြင့် ပိတ်နိုင်၊ ဖွင့်နိုင်ရန် စီစဉ်ထားရာ တစ်စုံတစ်ရာ မတော်တဆမှု ဖြစ်ပွားပါက ၎င်းရေလုံတံခါးများကို သင်္ဘောရေယာဉ်မှူးကြီးအနေဖြင့် မှျော်စင်ပေါ်မှ ခလုတ်နှိပ် ပိတ်နိုင်၊ ဖွင့်နိုင်သည်ဖြစ်ရာ မဟာ တိုက်တန်းနစ်သင်္ဘောကြီးမှာ နစ်မြုပ်နိုင်စရာ မရှိဟု သိ... မြို့မှ ထုတ်ဝေသော သတင်းစာများ၊ အိုင်ယာလန်နိုင်... ထုတ်ဝေသော သတင်းစာများက ရေးသားဖော်ပြခဲ့ကြ... ကမ္ဘာ့နိုင်ငံအသီးသီးမှ လူအများကပင် တိုက်တန်းနစ်သင်္ဘော ကြီးသည် မည်သည့်အခါမျှ မနစ်မြုပ်နိုင်ဟု ယူဆကြ၏။

ပထမဆုံးခရီးစဉ်တွင်တွင် သံမဏိသူဌေးကြီးမော်ဂ... လိုက်ပါရန် စီစဉ်ထားသော်လည်း အကြောင်းကြောင်းကြောင့် လိုက်ပါနိုင်ခြင်းမရှိသဖြင့် ကြယ်ဖြူရေကြောင်းသွားလာရေ... လုပ်ငန်းများ ဥက္ကဋ္ဌဖြစ်သူ ဘရုစ်အစ်မေးသည် ဤပထမဆုံး ခရီးစဉ်တွင် တာဝန်ယူလိုက်ပါလာခဲ့သည်။ မှတ်တမ်းများအ... သင်္ဘောမှာ ခရီးသည်နှင့် သင်္ဘောသား ၃၅၄၇ ဦး တင်ဆောင် နိုင်သော ခွင့်ပြုချက်ရထားသည်ဟု ဘရုစ်အစ်မေးက ဆိုခဲ့...

သို့သော် တိုက်တန်းနစ်၏ ပထမခရီးစဉ်တွင် ခ... သည်နှင့် သင်္ဘောသား ၂၂၀၁ ယောက်သာ လိုက်ပါလာ... သည်။ ထိုစဉ်က သင်္ဘောပေါ်တွင် အောဘီစီဒီ အမှတ်အသာ... ရေးထားသော သက်ကယ်ရှက်ထည်လှေ လေးစင်းနှ... သက်ကယ် သစ်သားလှေ ၁၆ စင်းသာ ပါရှိသည်။ အ... ကြံ၍ လှေများသည် သတ်မှတ်သည့်အတိုင်း လူအပြ... တင်ခဲ့သော် လူ ၁၁၇၈ ဦးသာ တင်ဆောင်နိုင်မည်ဖြစ်... လူပေါင်း ၁၀၂၃ ဦးမှာ သင်္ဘောပေါ်တွင် သောင်တင်နေ... မည်ဖြစ်သည်။ ထိုသင်္ဘောနှင့်လိုက်ပါလာသည့် သင်္ဘော... သားအများမှာ သက်ကယ်လှေအတင်အချ လေ့ကျင့်ထား... မရှိကြ။ ခရီးသည်များကိုလည်း အရေးကြုံလျှင် မည်... သင်္ဘောမှ စွန့်ခွာရမည်၊ သက်ကယ်လှေများပေါ်သို့ မည်...

---

နယူးယောက်တိုင်းသတင်းစာ၊ ဝါရှင်တန်ပို့(စ်)သတင်းစာ၊
လန်ဒန်တိုင်းသတင်းစာနှင့် ပါရီမှထုတ်ဝေသော လာမွန်ဒေးသတင်းစာများတွင်
ဘရုစ်အစ်မေး၏ ကိုယ်လွတ်ရုန်းခဲ့ပုံ၊ သင်္ဘောကြီးနစ်မြုပ်စဉ် အမျိုးသမီးများနှင့်
ကလေးများထက်စောစွာ သက်ကယ်လှေပေါ်သို့ ခုန်ဆင်းခဲ့သူဟု
ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com

တက်ကြရမည်ဆိုသည်ကိုလည်း ကြိုတင်ပညာပေးထားခြင်း မရှိဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေကာမူ မဟာတိုက်တန်းနစ်သင်္ဘောကြီးမှာ အလွန်ကြီးမားသော ရေခဲတောင်တစ်လုံးနှင့် တိုက်မိခဲ့သည်။ မှတ်တမ်းအရ ရေခဲများမျောပါနေသော ဘေးအန္တရာယ်များသည့် မြောက်အတ္တလန္တိတ်ရေပြင်တွင် သင်္ဘောမှ တာဝန်ရှိသူ ရေယာဉ်မှူးကြီးက သင်္ဘောအား စက်ရှိန်လျှော့ ခုတ်မောင်းနေစဉ် ဂျိုးဇက်ဘရုစ်အစ်မေးက သင်္ဘောနှင့် လိုက်ပါလာသော သတင်းမီဒီယာများအား သင်္ဘောကြီးမည်မျှအရှိန်အဟုန်ကြီးမားစွာ မောင်းနိုင်သည်ကို ပြလို၍ သင်္ဘောကြီးအား တစ်နာရီရေမိုင် ၂၁ မိုင်နှုန်း မောင်းနှင်စေခဲ့သဖြင့် ရေခဲတုံးကြီးအား အရှိန်ဖြင့် တိုက်မိခြင်းဖြစ်သည်ဟု ဆိုသည်။

ရေမမြုပ်နိုင်ဟု အများက ယူဆထားခဲ့သော သင်္ဘောကြီးမှာ အမှန်ပင် နာရီပိုင်းအတွင်း မြောက်အတ္တလန္တိတ်သမုဒ္ဒရာအောက်သို့ နစ်မြုပ်သွားခဲ့ရာ ဘဏ်သူဌေးကြီးများ၊ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများ၊ မင်းစိုးရာဇာ လေးစားရသော ပုဂ္ဂိုလ်များ၊ ထိုစဉ်ကာလက ဒေါ်လာသန်းထောင်ပေါင်းများစွာ တန်သည့် ပစ္စည်းများနှင့်တကွ လူပေါင်း ၁၅၀၂ ယောက်အား သမုဒ္ဒရာကြမ်းပြင်သို့ သင်္ဘောကြီးနှင့်အတူ နစ်မြုပ်ဆုံးရှုံးခဲ့ရ၏။

ဤသင်္ဘောနစ်မြုပ်ရာတွင် သင်္ဘောကြီး၏ ရေယာဉ်မှူးကြီး ကပ္ပတိန် အက်(ဒ်)ဝပ် ဂျေစမစ်၊ တိုက်တန်းနစ်သင်္ဘောကြီးတည်ဆောက်ရာတွင် ဘရုစ်အစ်မေးနှင့်အတူ ပူးတွဲ၍ 'အဓိကတာဝန်ယူခဲ့ရသူ မစ္စတာ အင်ဒရူးစမစ်၊ သင်္ဘောပေါ်မှ ဂီတပညာရှင်များ၊ အချို့ သန်းကြွယ်သူဌေးကြီးများနှင့် လူကုံထံများသည် ရဲရဲဝံ့ဝံ့ သတ္တိရှိစွာ မိမိတို့အသက်ကို စွန့်လွှတ်ရန် သင်္ဘောကြီးနှင့်အတူ အဏ္ဏဝါအတွင်း နစ်မြုပ်လိုက်ပါ၍ ဘဝအဆုံးသတ်သွားကြသည်။

သို့သော် အဓိကတာဝန်ရှိသူ ဂျိုးဇက်ဘရုစ်အစ်မေးသည် ကိုယ်ရေးကြံ့လာသည်နှင့် သက်ကယ်လှေငယ်-စီအတွင်း ပထမဆုံး ခုန်ဆင်း၍ ကိုယ်လွတ်ရုန်းခဲ့သူဟု မျက်မြင်သက်သေများက ဆိုကြသည်။ သင်္ဘောကြီးနစ်မြုပ်ရာတွင် [illegible]သွားခဲ့သော အမျိုးသမီးများ၊ ကလေးများနှင့်အတူ ဘရုစ်အစ်မေးသည် နယူးယောက်ဆိပ်ကမ်းသို့ ကျန်းကျန်းမာမာနှင့် ရောက်ခဲ့သည်နှင့် နယူးယောက်မြို့မှထုတ်ဝေသော နယူးယောက်သူရိယသတင်းစာကမူ သူ့ရဲ့ပေါ်ကြောင်လှသော တာဝန်ရှိသူ ခြသေ့်မင်းဟု ဘရုစ်အစ်မေး၏ ဓာတ်ပုံနှင့် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့သည်။

နယူးယောက်တိုင်း သတင်းစာ၊ ဝါရှင်တန်ပို့(စ်) သတင်းစာ၊ လန်ဒန်တိုင်းသတင်းစာနှင့် ပါရီမှထုတ်ဝေသော လာမွန်ဒေးသတင်းစာများတွင် ဘရုစ်အစ်မေး၏ ကိုယ်လွတ်ရုန်းခဲ့ပုံ၊ သင်္ဘောကြီးနစ်မြုပ်စဉ် အမျိုးသမီးများနှင့် ကလေးများထက် စောစွာ သက်ကယ်လှေပေါ်သို့ ခုန်ဆင်းခဲ့သူဟု ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ သတင်းမီဒီယာအများကမူ ဘရုစ်ရှိရမည့်နေရာမှာ ကပ္ပတိန်စမစ်အနီးမှာပါဟု ဆိုကြသည်။ သတင်းစာအချို့ကမူ ခြသေ့်မှ ယုန်သူငယ်ဖြစ်သွားသော ဘရုစ် မိမိကိုယ်မိမိ အရှက်ရသဖြင့် သေကြောင်းကြံစည်သွားသည်ဟု ရေးသားခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ်၊ ဂျက်ဆန်မြို့ကလေးတွင် ယခင်က ဂျိုးဇက်ဘရုစ်မေးရပ်ကွက်ဟု ခေါ်ဝေါ်ခဲ့သူများက နာမည်ပျက်ခဲ့သော ဘရုစ်မေးအစား အခြားနာမည်ပြောင်းခဲ့ကြ၏။ ယခင်က တစ်မိုးလုံး ဖျောက်ဆိတ်ဖြစ်ခဲ့ရသော ဘရုစ်မေးမှာ လူအများ ပြင်းပြင်းထန်ထန် ဝေဖန်ခံရသည်။ လူအများအတွင်း မျက်နှာမပြနိုင်လောက်အောင် အရှက်ရခဲ့ရသည်။ လောကဓံမုန်တိုင်း တိုက်ခဲ့ပြီးဖြစ်သည်။ သူသည် လူအများကြားမှ ၁၉၁၃ ခုနှစ်၊ ဇွန်လက စ၍ ပျောက်ကွယ်စပြုခဲ့သည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် လူအများနှင့် ဝေးလံသောအရပ်ရှိ ယာတောအိမ်တွင် အချိန်ကုန်ခဲ့ပြီး ၁၉၃၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့၌ လန်ဒန်မြို့နေအိမ်တွင် ဘရုစ်မေးမှာ လူမသိ သူမသိ နှလုံးရောဂါဝေဒနာ ခံစား၍ ကွယ်လွန်ခဲ့ရပါကြောင်း။

**လှမိုး[ပညာရေး]**

ကျမ်းကိုး

Titanic - The memorable Collection



www.burmeseclassic.com

www.burmeseclassic.com



# စည်းချလည်းလုံ စီးပွားပုံတိုက်ရ ထူးစွမ်းမနိုင်ပါတကား

စက်တင်ဘာငြိမ်း(ဟသ်ာတ)

ရန်ကုန်ရောက်ရင် မောင်ငြိမ်း တည်းခိုနေကျ လှိုင်သာယာ၊ မီးခွက်ဈေးအနီးက အောင်စေနည်းပြသင်တန်းကို အရင်ဦးတည်ပြီးမှ နားနားနေနေ လုပ်စရာအလုပ်၊ သွားစရာခရီး ဆက်နေကြမို့ ယခုတစ်ခေါက်လည်း အောင်စေမှာ အဲလကား ဖရီးစရိတ်နဲ့ တည်းခိုရင်း ဘာသာရေး တအား လိုက်စားပြီး မိဘနှစ်ပါးနဲ့ ညီ၊ ညီမလေးယောက်ကို တပင်တပန်းနဲ့ မညည်းမညူ လုပ်ကျွေးနေတဲ့ ဆရာကိုအောင်မျိုးလွင်နဲ့ လမ်းထိပ် ပုလဲလက်ဖက်ရည်ဆိုင်မှာ စကားလက်ဆုံကျရင်း ကိုအောင်မျိုးလွင်က . . .

"ဟော့လူ . . . ကိုငြိမ်း၊ ခင်ဗျား ဒီတစ်ပတ် လာရင်းကိစ္စတွေ ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ပြီးပြီဆိုပါတော့ဗျာ။ မနက်ဖြန် ၂၀၀ နာရီ ရဲရင့်နိုင်ကား ကြိုတင်လက်မှတ်ယူထားတယ်၊ ဆရာ ဘာလုပ်စရာရှိလို့လဲ။ ဟင်္သာတလိုက်မလို့လား"

"ဒီရက်ပိုင်း ခရီးမထွက်နိုင်သေးပါဘူးဗျာ။ အဖေကလည်း တရှောင်ရှောင် နေမကောင်း၊ အလတ်ကောင် ဦးမှန်ကြီးကလည်း မင်္ဂလာဆောင်ဖို့ လုံးပန်းနေလို့ ကျောင်းခန်းထဲကကို ထွက်ရတယ် မရှိဘူး။ ခင်ဗျား အချိန်ရရင် ကျင့်စဉ်လည်းရ၊ စာမူလည်း ရေးလို့ရအောင် ကျွန်တော့်အဖေ ကိုယ်တွေ့ မန္တန်တစ်ပုဒ်အကြောင်း ပြောပြမလို့ပါ"

"ဟာ ... ဆရာကလည်း ဒါမျိုးဆို လုပ်စမ်းပါ။ အချိန်လည်း ပေးနိုင်တယ်။ ဆရာ့အဖေခွင့်ပြုရင် ဆောင်းပါးအဖြစ်လည်း ရေးပြီး ကုသိုလ်ပြုချင်တာပေ့ါ"

ဟု ကျွန်တော် လှိုက်လှိုက်လှဲလှဲ ပြောမိပါသည်။ ဆရာကိုအောင်မျိုးလွင်က ရေနွေးကြမ်းတစ်ခွက် ကျွန်တော့်ဘက်ကို ငဲ့ထားပေးရင်း ...

"ဒီမန္တန်ကို အဖေရွတ်နေတာ ကျွန်တော် ၁၀ တန်းလောက်ကတည်းကဆိုတော့ ခုဆို ၂၅ နှစ်နီးပါး ရှိပြီပေ့ါ။ ကျွန်တော် လက်တွေ့ သုံးဖူးတာက မနှစ်က နွေရာသီကျူရှင်တွေ ခဏနားချိန် ခင်ဗျားဆရာ ကိုအံ့ကြီးမောင် တွက်ချက်နာမည်ပေးခဲ့တဲ့ ပညာအောင်မြေကျူရှင်နဲ့ ဘော်ဒါက ဇာတ်လမ်းစတာပဲ။ အဲဒီကျောင်းက ပိုင်ရှင်လင်မယားက ကျွန်တော်တို့ ကျောင်းကထွက်သွားတဲ့ တပည့်တွေလည်း ဟုတ်၊ ခင်ဗျားဆရာ ကိုအံ့ကြီးမောင်ကလည်း 'တာဝန်ရှိတယ် ကိုယ့်လူ။ ဖြူဖြူသော်နဲ့ ပေါက်ဖော်တို့ လင်မယား အောင်မြင်အောင် ခင်ဗျားဆက်တာဝန်ယူပေး'လို့ဆိုပြီး ကျွန်တော့်ခေါင်းပေါ် အထုပ်ကြီးချသွားပါလေရော။ တိုတိုပြောရရင်ဗျာ ... ပညာအောင်မြေကို ကျွန်တော်တို့ ညီအစ်ကို သုံးယောက်ရယ်၊ ဆရာဦးလှဆွေရယ် ပြုစုပျိုးထောင်ရင်းက ကျောင်းကိစ္စတွေသာမက ပေါက်ဖော်ရဲ့ တည်းခိုခန်းစီးပွားရေးပါ ကျွန်တော့်မှာ ထန်းတက်လက်မှတ် ရတော့တာပါ။ သူမအားတဲ့နေ့ကျရင် ဘုရင့်နောင်ပွဲရုံက သူတို့ဖွင့်ထားတဲ့ 'ဝမ်းစမိုး' တည်းခိုခန်းမှာ မန်နေဂျာကိုကူညီရင်း သွားသွားကြည့်ရတယ်၊ အဲဒီမှာ မန္တန်ရွတ်ဖို့ ဖြစ်လာတော့တာပဲ"

"အင်း ... ဆက်ပါဦး။ ဇာတ်ရှိန်ကတော့ မြင့်လာပြီ"လို့ ကျွန်တော်က သီလိုဇောနဲ့ ဝင်ထောက်လိုက်မိပါတယ်။

"ညဆို ဘယ်နေရာမှာအိပ်အိပ် မေတ္တာပို့၊ တရားမှတ် လုပ်နေကျအလုပ်မို့ တည်းခိုခန်းမှာ အိပ်မယ်လုပ်ပြီး၊ တရားလည်းစထိုင်တာနဲ့ နှာခေါင်းထဲမှာ ပုပ်အဲ့အဲ့အနံ့ကြီး စူးစူးရှရှ နံလာတယ်။ တစ်စုံတစ်ဦးက ကိုယ့်အနားမှာ ဖြတ်လျှောက်သလိုကြီး။ အဆိုးဆုံးကတော့ဗျာ ခေါင်းမွေးတွေ ထောင်လာပြီး ကြက်သီးမွေးညင်း ထလာတာပဲ ..."

"ဒါဆို ကိုယ့်ဆရာ တော်တော်လန့်သွားမှာပေ့ါ ..."

"ဟာ ... ဘာပြောကောင်းမလဲ ကိုငြိမ်းရယ်။ ကျွန်တော်လည်း ခပ်တည်တည်နဲ့ အခန်းထဲကထွက်ပြီး မန်နေဂျာနဲ့ စကားသွားပြောနေလိုက်တယ်။ အဲဒီတော့မှ ကျွန်တော်အိပ်တဲ့အခန်းက တိုက်ဆောက်ဆောက်ချင်း မိန်းမတစ်ယောက် အဆိပ်သောက်သေသွားတာတဲ့၊ ဟိုတုန်းက ဆောက်လက်စဆိုတော့ လူမသိလို့ ပုပ်တော့မှ တံခါးဖျက်ဝင်ပြီး အလောင်းတွေ့ရတဲ့ အခန်းလို့ သိရတာဗျာ။ ဒါနဲ့ အရမ်းအိပ်ချင်တော့မှ အဲဒီအခန်းထဲ ဝင်အိပ်ရော အိပ်မက်မက်တော့တာပဲဗျို့"

"ဘယ်လို မက်တာလဲဗျ"

"ကျွန်တော် ခပ်ငယ်ငယ်က အဖေနဲ့အတူ ရွှေတိဂုံ လိုက်သွားနေကျကို။ အဖေ့ရဲ့ဆရာ အဘဦးကျော်က အဖေတို့အဖွဲ့ တရားထိုင်တာ ဦးဆောင်လမ်းပြလုပ်ပေးတယ်။ ထိုင်ပုံထိုင်နည်း၊ ရှုမှတ်ဖို့ကအစ တစ်ဖွဲ့လုံးကို သေချာပြပေးတဲ့ ကမ္မဋ္ဌာန်းစရိယ ဆရာလိုပေ့ါဗျာ။ ကျွန်တော်တို့ကိုလည်း ငယ်ငယ်ကတည်းက တရားစာ၊ ဘုရားစာတွေ သင်ပေးတယ်။ အိပ်မက်ထဲမှာက မိန်းမတစ်ယောက်က ကျွန်တော့်ကို အခန်းထဲကထွက်သွားဖို့ လက်ဟန်ခြေဟန်နဲ့ ဒေါ်နဲ့မောနဲ့ ပြောတာဗျ။ အဲဒီအချိန်မှာ ကျွန်တော့်ခေါင်းရင်းကနေ အဘကျော်က အညိုဝတ်နဲ့ ရောက်လာပြီး သားရေ ဒီဂါထာကို အသံခပ်ပြင်းပြင်းနဲ့ သုံးခေါက်ရွတ်ကွာဆိုပြီး ပြောလို့ ကျွန်တော်လည်း အဖေသင်ပေးခဲ့ဖူးလို့ အိပ်မက်ထဲမှာ ရွတ်တာပေ့ါဗျာ။ အဲဒီမိန်းမလည်း ပျောက်သွားတယ်"

"နောက်နေ့တွေမှာရော ဆရာ"

"အဲဒီနောက်ပိုင်းတော့ အိပ်ခါနီးတိုင်း၊ ဘုရားရှိခိုးပြီးရင် ၉ ခေါက်လောက် အသံပြင်းပြင်းနဲ့ ရွတ်တာပေ့ါ။ အဲဒီနောက်ပိုင်းကစပြီး အနှောင့်



www.burmeseclassic.com

www.burmeseclassic.com

အယုက်ကင်းကင်းနဲ့ အိပ်လို့ရတာပေါ့ဗျာ။ နောက်ရက်ကျတော့ ပဒ်ပရိယတ္တိစသင်တိုက်က တိုက်အုပ်ဆရာတော်နဲ့ သံဃာငါးပါးပင့်ပြီး ကမ္မဝါဖတ်၊ ပရိတ်ရွတ်လိုက်ရတယ်''

''ဒါနဲ့ ဆရာ။ ပညာအောင်မြေဘော်ဒါရော အောင်မြင်ရဲ့လား''

''ဟုတ်တယ် ... ဆရာငြိမ်းရ။ အဓိကပြောချင်တဲ့အကြောင်းက အဲဒီပညာအောင်မြေ ဘော်ဒါအောင်မြင်သွားတဲ့အကြောင်းကို ပြောပြချင်တာဆရာရဲ့။ ဘော်ဒါကို နာမည်ပေးပြီး ခင်ဗျားဆရာ ဆရာအံ့က ဟာသံတပြန်သွားတော့ နောက်ပိုင်း ကျန်ခဲ့တဲ့ ဝန်ထုပ်ဝန်းပိုးကြီးကို ကျွန်တော် တာဝန်ယူရတာပေါ့ဗျာ။ မတ်လ စာမေးပွဲပြီးပြီးချင်း ကျောင်းပိတ်တာနဲ့ ပညာအောင်မြေ စဖွင့်ပေးမယ့် ဩဂုတ်လထိဘော်ဒါကျောင်းသားကလည်း လေးငါးယောက်၊ section စာသင်ခန်းကလည်း လူ ၂၀ တောင် မပြည့်တော့ ကျွန်တော့်တပည့်ဖြစ်တဲ့ ဘော်ဒါပိုင်ရှင်ဖြူဖြူကလည်း စိတ်ပျက်ပေါ့ဗျာ။ ကျွန်တော်တို့လည်း လာဘ်ပိတ်တာပေါ့ဗျာ''

''ဒီကြားထဲ ဆရာက ကျုပ်တို့ဆရာအံ့ကြီးမောင်ကို မရှာဖူးလား''

''ရှာတာပေါ့ဗျာ။ လူကိုယ်တိုင်ဟာသံတလိုက်သွားတာ။ ဟိုကျတော့ ပုပ္ပါးဆိုလား၊ ပုဂံဆိုလား ရဟန်းဝတ်ပြီး ဂန္ဓာရီ ထွက်သွားတယ်တဲ့။ မိန်းမတွေ၊ သားတွေတောင် ပြန်မဆက်သွယ်ဘူးလို့ ကြားရတာနဲ့ ကျွန်တော်လည်း မထူးတော့ဘူးဆိုပြီး အဘကျော်သင်ပေးတဲ့ ဒီဂါထာကို ရွှေတိဂုံမှာ အဓိဋ္ဌာန်ဝင်ရတာပဲဗျို့''

''ထူးခြားမှုကရော ဆရာ''

''ထူးခြားတာတော့ တကယ့်ကိုထူးတာ ဆရာငြိမ်းရဲ့ ...''

''ရွှေတိဂုံဘုရားမှာ ဒီဂါထာကိုတစ်ရက် ခေါက်ရေ ၁၀၀၀ (ပုတီးကိုးပတ်နဲ့ ၂၈ လုံး) စိတ်လို့ ခုနစ်ရက်မြောက်နေ့မှာ ကျွန်တော် စာသင်နေတဲ့ သမိုင်းပညာအောင်မြေဘော်ဒါကိုဝါးခယ်မက ဖြူဖြူရဲ့ အမျိုးတစ်သိုက်ရောက်လာပြီး သူတို့ကလေးတွေ လက်ရှိနေတဲ့ နယ်က ကျောင်းက ကိစ္စတစ်ခုကြောင့် ကျောင်းပိတ်လိုက်ရလို့ လူ ၂၀ လောက် ကျောင်းပြောင်းချင်တဲ့အကြောင်း။ အခု တူမအရင်းခေါက်ခေါက် ရန်ကုန်မှာ ဘော်ဒါဖွင့်နေတာသိလို့ အားကိုးတကြီး တက်လာကြောင်း မင်္ဂလာသတင်း ကြားရတာပဲဆရာရေ။ ဘော်ဒါမှာလည်း ကျောင်းအိပ်ကျောင်းစား လူ ၂၀ ဆိုတော့ ကျွန်တော့်တပည့်လည်း မျက်နှာကြီးပြုံးလို့ပေါ့ဗျာ။ သူကိုလည်း ရွှေတိဂုံခေါ်သွားပြီး ဒီဂါထာနဲ့ပဲ အဓိဋ္ဌာန်တစ်လ ဆက်ဝင်ခိုင်းတော့ တိုက်ဆိုင်တာတစ်ခုက ကျွန်တော်တို့သမိုင်းကကျူရှင်ဆရာတစ်ယောက် ကျန်းမာရေးကြောင့် ကျူရှင်အင်္ဂလိပ်စာ ဝင်သင်နေရတဲ့ ဆရာဦးလှဆွေကပဲတာဝန်ယူပြီး ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း ကျောင်းသား ၁၀၀ ကျော်ကို ကျွန်တော်တို့ ပညာအောင်မြေကပဲ တာဝန်ယူလိုက်ရတယ် ...''

''ဒါကတော့ မဖြူရဲ့ အဓိဋ္ဌာန်အစွမ်းပေါ့နော် ဆရာ ...''

''ဟုတ်တာပေါ့ ဆရာငြိမ်းရယ်။ ကျောင်းသား ၁၀၀ ကျော်ဆိုတော့ နေရာတွေ ထပ်ချဲ့၊ ဆရာ,ဆရာမတွေထပ်ငှားရတဲ့အပြင် ကျွန်တော်ပါ လှိုင်သာယာကနေ သမိုင်းမှာ ညလာအိပ်ပြီး စောင့်ရှောက်ရတာပေါ့ ...''

''မနှစ်က အောင်ချက် အခြေအနေကရော ...''

''ကောင်းတာပေါ့။ section ပိုင်းက ၇၀% လောက် အောင်တယ်။ ဘော်ဒါက ၂၀ လုံးအောင်ပြီး၊ လေးဘာသာနှစ်ယောက်နဲ့ ငါးဘာသာတစ်ယောက် ဂုဏ်ထူးထွက်တယ်၊ နာမည်ကတော့ တော်တော်ရသွားတာပေါ့။ စာမေးပွဲ ဖြေခါနီးမှာ ခင်ဗျားဆရာအံ့ရောက်လာပြီး ကျောင်းသားတွေကိုရွှေတိဂုံနဲ့ ဗိုလ်တထောင်ဘုရားတွေမှာ လိုတာတွေတော့ လုပ်ပေးသွားတယ် ...''

> ''ညဆို ဘယ်နေရာမှာ
> အိပ်အိပ် မေတ္တာပို့
> တရားမှတ် လုပ်နေကျ
> အလုပ်မို့ တည်းခိုခန်းမှာ
> အိပ်မယ်လုပ်ပြီး၊
> တရားလည်းစထိုင်တာနဲ့
> နှာခေါင်းထဲမှာ
> ပုပ်အဲ့အဲ့အနံ့ကြီး စူးစူးရှရှ
> နံလာတယ်။ တစ်စုံတစ်ဦးက
> ကိုယ့်အနားမှာ
> ဖြတ်လျှောက်သလိုကြီး။
> အဆိုးဆုံးကတော့ဗျာ
> ခေါင်းမွေးတွေထောင်လာပြီး
> ကြက်သီးမွေးညင်း
> ထလာတာပဲ''



www.burmeseclassic.com

www.burmeseclassic.com

"ဆရာက သူ့ကို မကောလိုက်ဘူးလား ..."

"ဘယ်နေမလဲဗျာ။ တွေ့တာနဲ့ ခင်ဗျားက ကျွန်တော့်ကို ပစ်ထားတယ်ပြောတော့ သူက ဘာပြောတယ်မှတ်လဲ ..."

"ဆိုပါဦး"

"သူ့ကို အမြဲအားကိုးနေမှာစိုးလို့ ဝိဇ္ဇာလုည့် တာဝန်ပေးခဲ့တာ။ ကိုယ်တိုင်လုပ်မှ စရဏအကြောင်း သိပြီမဟုတ်လားလို့ ကျွန်တော့်ကိုတောင် ပြန်သြဇာပေးသွားသေးတယ် ..."

"သူကတော့ ဒီလိုပါပဲ။ တစ်ခု ထူးခြားတာတော့ ရှိတယ် ဆရာရဲ့။ ကတယ်လိုအပ်ရင် စာမရေး၊ ဖုန်းမဆက်ရဘဲ ဘယ်ကနေ ရောက်ရောက်လာတာလဲ မသိဘူး။ အချိန်တန်လျှင်တော့ မတရဘူး။ ရောက်လာ ဇါတာပဲနော်"

"ဒါတော့ ဟုတ်တယ်။ ဒီနှစ်လည်း ကျောင်းက ကလေးတစ်ယောက် ပျောက်သွားတာ သူရောက်လာပြီး လုပ်ကိုင်ပေးသွားတာ ချက်ချင်း ပြန်ရောက်လာလို့ တော်သေးတာပေါ့ဗျာ"

"ကဲ ... ဒါဆိုလည်း ဆရာ့အဖေရဲ့ ဝိဇ္ဇာချီးမြှင့်တဲ့ ကျင့်စဉ်ကျင့်နည်းလေးနဲ့ အဲဒီဂါထာလေး ကျွန်တော့်ဆောင်းပါးအတွက် ချီးမြှင့်ပါဦး ဆရာ ..."

'အောင်ဇေ'စခန်းသွင်း ဘော်ဒါရဲ့ နည်းပြပိုင်ရှင် လူပျိုကြီး ဦးအောင်မျိုးလွင်ထံမှ နည်းလမ်းကောင်းလေးကို ကျွန်တော် တလေးတစားတောင်းယူပြီး မိတ်ဆွေများ အခက်အခဲ ဘဝအမောက ကင်းလွတ်နိုင်ဖို့ စေတနာနဲ့ တစ်ဆင့်ဖော်ပြပေးလိုက်ပါတယ်။

လေးလေးစားစား ယုံယုံကြည်ကြည် ကျင့်ကြံ၍ ဘဝအမောမှ လွတ်ကင်းပါစေ ...။

**ကြောက်ရွံ့ကင်း၍ အစိဠ္ဌာန်ခရီးရောက် ပြီးမြောက်စေသော ဝိဇ္ဇာချီးမြှင့်သော (နဝ-ရတနံ ဂါထာ)**

နဝ ရတနံ သံဃံသံ၊
နဝ ရတနံ နရာသာဘံ၊
နဝရတနံ တယောကာသံ၊
နမောဗုဒ္ဓံ၊ နမော မဟာံ၊
ဧတေန သစ္စဝဇ္ဇေန၊
သဗ္ဗရောဂါ ဝိနဿန္တု၊
သဗ္ဗဘယာ ဝိနဿန္တု၊
သဗ္ဗဇယာ သုခံဘဝေ။

ကြောက်ရွံ့ထိတ်လန့်ပါက (နှုတ်မှအသံထွက်ပြီး) မအိပ်ခင် သုံးခေါက်ရွတ်ပါ။ မကျန်းမာပါက အိပ်ရာထ ၃၇ ခေါက်ရွတ်ပြီး ခုနစ်ရက်ပြည့်ပါက သံဃာတစ်ပါးကို ဆေးလှူပါ။ လူနာကိုယ်တိုင် မရွတ်နိုင်ပါက ထိုလူနာ၏ ခေါင်းအုံးထဲတွင် ဂါထာကို ကူးရေးထည့်ထားပေးပြီး လူနာ၏အဝတ်ကို ခင်း၍ထိုင်ကာ ကိုယ်စား တစ်နေ့ ၁၀၈ ခေါက် ရွတ်ပေးပါ။ ၃/၄ ရက်နှင့် နာလန်ထလာမည်။ ခုနစ်ရက်ပြည့်အောင် ကိုယ်စားရွတ်ပေးပြီး သံဃာတော်ကို ဆေးဝါးဒါနပြုပေးက ပကတိကျန်းမာလာနိုင်ပါသည်။

အမှုအခင်း လာဘ်တိတ် အကြံအစည်အောင်လိုပါက ရွှေတိဂုံဘုရား၏ ဝိဇ္ဇာတန်ဆောင်း (အနောက်ဘက်မုခ်)တွင် တစ်နေ့ခေါက်ရေ ၁၀၀၀ နှင့် ကိုးရက်ပြည့်အောင် စရဏဝတ်ပြုပြီး ကိုးရက်ပြီးပါက ထိုတန်ဆောင်းတွင် အုန်းဆွမ်း ၉ ပွဲ၊ ထီး ၉ လက်၊ ယပ်ဖြူ ၁၂ ချောင်းကို ရေ ၉ ခွက်လှူပြီး လိုရာဆုတောင်းပါ။

ရန်ကုန်မှအပ ကျန်နေရာတွင် ပြုလုပ်လိုက ရွှေတိဂုံဘုရား ဓာတ်ပုံရှေ့တွင် တစ်ရက် ၁၀၀၀ ခေါက် ၎င်းဂါထာကို ရွတ်ပွားပြီး ၉ ရက်မြောက်နောက်ဆုံးနေ့တွင် အထက်ပါအတိုင်း ဆွမ်း၊ ထီး စသည်တို့ကို ရွှေတိဂုံဘုရားအား ရည်မှန်းလှူဒါန်း၍ အခက်အခဲမရှိ နယ်မှနေ၍ လုပ်နိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။

မြန်ပြည်တိုင်းဘောင် ကြံစည်တိုင်း အောင်ပါစေ။

ဂါထာ မြန်မာလို အသံထွက် ဖော်ပြလိုက်ပါသည်။

နဝ ရတနံ သံဂံသံ၊
နဝ ရတနံ နရာသဘံ၊
နဝ ရတနံ တယော ကာသံ၊
နမော ဗုတ်ဓံ နမာမဟာံ။
အေတေန သစ်စ ဝစ်ဇေန၊
သပ်ဗ ရောဂါ ဝိနပ်သံတု၊
သပ်ဗ ဘယာ ဝိနပ်သံတု
သပ်ဗ ဇယာ သုခံ ဘဝေ။

ဤဆောင်းပါးဖြင့် ရေးသားဓမ္မဒါနပြု၍ အဘဦးကျော်လွင်နှင့် ဦးအောင်မျိုးလွင် (အောင်ဇေနည်းပြသင်တန်း) မီးခွက်ဈေး၊ လှိုင်သာယာတို့အား ဂါရဝပြု ကျေးဇူးတင်လျက်။

စက်တင်ဘာငြိမ်း(ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့အမေရိကား

## နယူးယောက်နှင့်

## ဝါရှင်တန်ဒီစီ

❐ မောင်ကောင်းမြင့်

အမေရိကန်ပြည်ထောင်စုတွင် အရှေ့ဘက်ခြမ်း၌ ထင်ရှားသော နယူးယောက်မြို့ကြီးနှင့် မြို့တော် ဝါရှင်တန်ဒီစီ ရှိသည်။

မိမိသည် လွန်ခဲ့သော သုံးလခွဲက နယူးယောက်မြို့တော်သို့ ရောက်ရှိ၍ နှစ်ရက်မျှသာ နေထိုင်ခဲ့ပြီး၊ ဝါရှင်တန်ဒီစီသို့ ထွက်ခဲ့သည်။ ဝါရှင်တန်ဒီစီနှင့် အနီးဆုံးဖြစ်သော မေရီလင်းတွင် တည်းခိုကာ ၁၅ ရက်ခန့်နေထိုင်ပြီး မေရီလင်းနှင့် ဝါရှင်တန်တို့ကို လည်ပတ်ခဲ့သည်။ သည်နောက် နယူးယောက်ပြည်နယ်၏ ရုံးစိုက်မြို့ အဲလ်ဘာနီနှင့် တောမြို့ကလေးတစ်မြို့ဖြစ်သော ရမ်ဆီလီယား(အချို့က ရမ်ဆဲလားဟုလည်း အသံထွက်ကြသည်)တွင် တစ်ပတ်မျှ နေထိုင်ပြီးနောက် ယခုအခါ နယူးယောက်တွင် ပြန်လည်ရောက်ရှိနေပြန်သည်။

ခရီးသွားဝါသနာပါသော မိမိအဖို့ နယူးယောက်တွင် သုံးလခန့်ရှိ၍ အတော်ကလေး သွားလာခဲ့ပြီးဖြစ်သည်။ ဝါရှင်တန်တွင်နေစဉ်က ဗာဂျီးနီးယားမှ မိတ်ဆွေတစ်ဦးက လာလည်ဖို့ ဖိတ်ခဲ့သော်လည်း မသွားဖြစ်ခဲ့။ သို့ကြောင့် ထိုခရီးကို အကြွေးခရီးအဖြစ် မှတ်ထားခဲ့၏။ ထို့ပြင် နယူးယောက်တွင် သိကျွမ်းခဲ့ရသော သံဃာတော်တစ်ပါးကလည်း ဖီလာဒဲဖီးယားသို့ လာလည်ရန် မှာထားခဲ့သည်။ ဤသည်လည်း အကြွေးခရီးအဖြစ် မှတ်ထားခဲ့၏။ ယခုအခါ အအေးလွန်သော ဆောင်းဝင်ပြီဖြစ်၍ နွေဘက်မှ သွားလို့ကောင်းသည်ဆိုသည့် ကနေဒါနယ်စပ်အနီးရှိ ဘတ်ဖဲလိုးမှ နိုင်ရာဂရာဖော်လ်သို့လည်း သွားရန် တေးမှတ်ထားမိ၏။ ယခုလောလောဆယ်တွင် နယူးယောက်မြို့တွင်း၌သာ လည်ပတ်နေမိသည်။

သည်အတောအတွင်း မိမိရောက်ရှိခဲ့သမျှ မြို့များကို ဒေသရင်းဖြစ်သည့် မြန်မာပြည်က မြို့များနှင့် နှိုင်းယှဉ်မြင်မိသည်။

နယူးယောက်မြို့က ရန်ကုန်နှင့် တူသည်။

ဝါရှင်တန်ဒီစီက နေပြည်တော်နှင့် တူသည်။

အယ်ဘာနီက မန္တလေးနှင့် တူသည်။

မေရီလင်းက မေမြို့နှင့် တူသည်။

ရမ်ဆီလီယားက ကလော၊ အောင်ပန်းနှင့်တူသည်။

နယူးယောက်သည် နိုင်ငံ၏မြို့တော် မဟုတ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေး၊ လူမှုရေးနှင့် သွားလာဆက်သွယ်ရေး အလွယ်ကူဆုံး၊ အကောင်းဆုံးဖြစ်သည်။ လူမျိုးစုံသလောက် မကွဲပြား၊ ခွဲခြားသော ဓလေ့စုကို တစ်ပါတည်းမြင်နိုင်သည်။ ထို့ထက်ကား ရန်ကုန်နှင့်တူလှသော တရုတ်တန်း၊ ကုလားတန်း၊ ဂျူးတန်း စသဖြင့် (တိုင်းခြားသား အများစုနေထိုင်ရာကို ခေါ်သော အလွယ်အခေါ်ရှိခြင်း)က ထူးခြားလှသည်။ ထို့ကြောင့်လည်း နိုင်ငံတကာမှ လာရောက်လည်ပတ်သူတွေ၊ ပညာသင်ဖို့ လာကြသူတွေက နယူးယောက်ကို ရောက်ချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နယူးယောက်မြို့လယ် မင်ဟက်တန်ရှိ 'တိုင်းစကွဲယား' Time Square ဆိုလျှင် နေ့ရောညပါ လည်ပတ်သူတွေနှင့် မပြတ် ရောင်စုံမီးထိန်ထိန်ညီးကာ ဝေးစရာ၊ ကြည့်စရာ စုံလှသည်။

၄၇ လမ်းက စိန်တန်း၊ ရော့ခ်ကီဖဲလားစင်တာ၊ စင်ထရယ်ပတ်(ဗဟိုပန်းခြံ)၊ ဂရင်းစတေရှင်းနှင့် စတိတ်အင်ပိုင်ယာ အဆောက်အဦ၊ ကုလသမဂ္ဂ အဆောက်အဦ၊ ထရိတ်စင်တာ စသော အနီးတစ်ဝိုက်က နေရာတွေကိုပင် နှစ်ရက်သုံးရက်လောက် ကြည့်မှ ပြည့်စုံမည်ထင်သည်။

အခြားသော ကြည့်စရာနေရာတွေက ပြတိုက်တွေ၊ အရောင်းဆိုင်ကြီးတွေနှင့် ထင်ရှားသော အထိမ်းအမှတ်ရုပ်တုများ (ဥပမာ-လေဘာတီရုပ်တု)ကဲ့သို့ ကြည့်စရာတွေက ရှိသေးသည်။ နယူးယောက်တက္ကသိုလ်၊ ကိုလံဘီယာတက္ကသိုလ်ကဲ့သို့ ထိပ်သီးတက္ကသိုလ်တွေ ရှိသည်။

နယူးယောက်သည် မင်ဟက်တန်၊ ကွင်းစ်၊ ဘရောက်ဇ်၊ ဘရုတ်ကလင်းနှင့် စတေတန်အိုင်းလင်းဟု ခေါ်သော ဒေသ(berough)ကြီး ငါးခုပေါင်းကို ခေါ်ခြင်းဖြစ်သည်။ ၁၈၉၈ ခုနှစ်ကပင် စတည်ခဲ့၏။ စတုရန်းမိုင် ၃၀၂.၆၄ (၇၈၃.၈ ကီလိုမီတာ) ရှိသည်။ လူဦးရေ ၈ သန်း နှစ်သိန်းကျော် (၂၀၁၁ စာရင်းအရ)ရှိသည်။ တစ်နှစ်လျှင် လူဦးရေ ၅၀ သန်းခန့် လာရောက်ကြည့်ရှုကြသည်။ ကမ္ဘာ့စီးပွားရေးအချက်အချာဖြစ်သော ဝေါလ်စတိ၊ လှပသော တိုင်းစကွဲယား၊ ဘရောဒ်ဝေး သီးရေးတာ ဇာတ်ရုံ၊ ဖက်ရှင်ဆိုင်ကြီးတွေသည် စွဲဆောင်ရာနေရာ ဖြစ်သည်။

သွားလာရေးအတွက် လွယ်ကူကောင်းမွန်သော မြေအောက်ရထားစနစ်၊ ခရီးသည် ဘတ်စ်ကားလိုင်းနှင့် လေယာဉ်ကွင်းနှစ်ကွင်းရှိရာ ကမ္ဘာ့အကြီးဆုံး ဂျွန်အက် ကနေဒီ လေဆိပ်လည်း ရှိသည်။

အတိုချုပ်ရသော် စီးပွားရေး၊ လူမှုရေး၊ အနုပညာ၊ ဖက်ရှင်၊ သုတေသန၊ စက်မှု၊ ပညာရေး၊ ယဉ်ကျေးမှု ပေါင်းစုံရာ ဖြစ်သည်။ 'သမ္မတရုံးစိုက်ရာမြို့တော်'မဟုတ်သည်မှတစ်ပါး အခြားအားလုံးသော အကြောင်းခြင်းရာက အပြည့်စုံဆုံးဟု ဆိုရပေမည်။ [အထူးခြားဆုံးမှာ နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးရုံးသည်ပင် အဲလ်ဘာနီမြို့၌ ရုံးစိုက်ခြင်းဖြစ်၏။]

လူစုံသော မြို့တို့၏ ထုံးစံအတိုင်း သပ်ရပ်သန့်ရှင်းမှုသည် ဝါရှင်တန်ဒီစီကို မမီချေ။ ဝါရှင်တန်ဒီစီသည် သမ္မတရုံးစိုက်ရာဖြစ်၍ ပိုပြီးခံ့ညားသော အသွင်ကိုဆောင်သည်။ လမ်းတွေက ပိုကျယ်သည်။ အဆောက်အဦတွေက အလှ၊ အမြင်ထက် ခမ်းနားထည်ဝါမှုဘက် ပိုသည်။ ရှေးခေတ်ဂရိ၊ ရောမ ဆန်သော၊ နွယ်သော အဆောက်အဦတွေ များသည်။

မြို့တော်၏ အင်္ဂါရပ်နှင့်အညီ သမ္မတအိမ်ဖြူတော်၊ ကွန်ဂရက်(ယူနိုက်တက်စတိတ်စ် ကက်ပီတော်)၊ ဝါရှင်တန် အထိမ်းအမှတ် ကျောက်တိုင်၊ ကွန်ဂရက်စာကြည့်တိုက်နှင့် စမစ်ဆိုနီးယားပြတိုက်၊ မဒမ်တူးဆော့ပြတိုက် စသည်တို့က ခမ်းနားလှ၏။ နယူးယောက်လောက် မကျယ်၊ နယူးယောက်လောက် လူမျိုးစုံ လူဦးရေမများ။ ဝါရှင်တန်ဒီစီသည် ၆၈.၃ စတုရန်းမိုင် (၁၇၆.၉ ကီလိုမီတာ)ရှိပြီး၊ လူဦးရေ ၆ သိန်း တစ်သောင်းကျော် (၂၀၁၁ စာရင်းအရ) ရှိသည်။ ၁၇၉၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့သည်။

မြေအောက်ရထားလမ်း ဆက်သွယ်ရေးမှာ နယူးယောက်ကဲ့သို့ မကျယ်ပြန့်၊ ဘတ်စ်ကားလိုင်းလည်း နယူးယောက်ကဲ့သို့ အနှံ့အပြန့် မရှိသဖြင့် ကိုယ်ပိုင်ကား လိုသည်။ နိုင်ငံတကာ လေကြောင်းလိုင်းအတွက် အဲလ်တီးမိုးနှင့် ရော်နယ်ရီဂင်လေဆိပ်တို့သာ ရှိသည်။ ကနေဒီ လေဆိပ်လောက် မကြီးမားချေ။

ထို့ကြောင့် နယူးယောက်သည် မြို့တော်မဟုတ်သော်လည်း သမ္မတရုံးစိုက်ရာ ဝါရှင်တန်ဒီစီထက် ပိုပြီး လူနေများက ပြည့်စုံသော ဒေသဖြစ်သဖြင့် နေချင်သူများ၏။ ထို့အတူ အိမ်ခြံမြေဈေးပိုကောင်းသည်။ လူများသဖြင့် အစားအသောက်၊ နေထိုင်မှုစရိတ် ပိုသည်။

ရန်ကုန်သည် (ယခုအခါ) မြို့တော်မဟုတ်တော့သော်လည်း မြို့တော်နေပြည်တော်ထက် နေချင်ဖွယ်ကောင်းသော၊ အချက်အလက်တွေ ပိုပြည့်စုံသည်။ ပိုပြီး ဆက်သွယ်ရေးလွယ်ကူသည်။ နေပြည်တော်ကား ခမ်းနားထည်ဝါမှု ပိုသော်လည်း ရန်ကုန်ကဲ့သို့ ပြီးပြည့်စုံသော ဒေသမဟုတ်သေးခြင်းကလည်း ခြားနားချက်ဖြစ်နေသည်။

မိမိကား နယူးယောက်နှင့် ဝါရှင်တန်ကိုရောက်ပြီးနောက် ရန်ကုန်နှင့် နေပြည်တော်ကို စိတ်အာရုံ၌ ခံစားမိသည်၊ ယှဉ်မိသည်။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ရှိရဆန်သော နဂါးပွက်တောင်

■ ပါမောက္ခ မင်းခ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ရှိ နဂါးပွက်တောင်သည် တစ်နှစ်ထက်တစ်နှစ် ကိုးကွယ်ပူဇော်ပသသူများ၊ လေ့လာသူများဖြင့် စည်ကားလာသည်ကို တွေ့ရှိရပါသည်။ ဒေသထွက် မုန့်ပဲသရေစာ ရောင်းချသောဆိုင်များ များပြားခမ်းနားလာပြီး ရွှေစက်တော်ဘုရားပွဲကာလအတွင်း ရောင်းချရမှုမှရရှိသော အမြတ်ငွေဖြင့် တစ်နှစ်တာ ထိုင်ပြီးစားနိုင်သည်ဟုပင် ပြောသံကြားခဲ့ရပါသည်။

သိပ္ပံပညာအရ မင်းဘူးနဂါးပွက်တောင်သည် ရွှံ့မီးတောင်မျှသာဖြစ်သော်လည်း ရွှေစက်တော်ဘုရားသမိုင်းနှင့် ဆက်စပ်နေပြန်သောကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက် ဂုဏ်ရှိရဆန်သော နေရာကြီးတစ်ခု ဖြစ်နေပြန်ပါသည်။ အောက်စက်တော်ရာကို နမ္မဒါနဂါးမင်း၏ တောင်းပန်လျှောက်ထားမှုကြောင့် ဂေါတမမြတ်စွာဘုရားက ချထားပေးတော်မူခြင်း ဖြစ်ပါသည်။ မင်းဘူးနဂါးပွက်တောင်သည် အဆိုပါ နမ္မဒါနဂါးမင်း၏ သားတော်၊ သမီးတော်များနှင့် ဆက်စပ်နေပါသည်။

မည်သည့်ကာလကပင် ပျောက်ကွယ်သွားခဲ့ရသည် မသိရသော်လည်း နဂါးများနှင့် ပတ်သက်၍ သိပ္ပံနည်းကျ လေ့လာကြည့်ရှုလျှင် သံလွင်မြစ်ခေါ်မဲခေါင်မြစ်နှင့် မကင်းသော နိုင်ငံများတွင် နဂါးနှင့်ဆိုင်ရာ ဒဏ္ဍာရီများ ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။ အခြားနိုင်ငံများတွင် မရှိပါ။ မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် နဂါးနှင့် ဆက်နွယ်သော ဒဏ္ဍာရီများ ရှိကြပါသည်။ တရုတ်နှစ်သစ်ကူးတွင် နဂါးအကမပါလျှင် မပြီးပါ။ နဂါးနှစ်အဖြစ် သတ်မှတ်သည့် နှစ်မျိုးလည်းရှိပါသည်။ ရှေးခေတ်ဟောင်း တရုတ်ဘုရင်ကို မြန်မာတို့က ဥတည်ဖွားဟု ခေါ်ဆိုခဲ့ကြခြင်းမှာ နဂါးဥမှ ပေါက်ဖွားလာခဲ့သော မင်းဖြစ်ကြောင်း ညွှန်းဆိုခြင် ဖြစ်ပါသည်။ ရှေးမြန်မာ ဟံလင်းခေတ်၊ ပျူမင်းထီးဘုရင်မှာလည်း နဂါးဥမှပင် ဖွားခဲ့သည်ဟု အဆိုရှိပါသည်။ ထိုသို့ နဂါးဥမှပေါက်ဖွားခဲ့ကြသည့် ဘုရင်များကြောင့် တရုတ်နှင့်မြန်မာမှာ ပေါက်ဖော်ဟုပင် ခေါ်ဆိုခဲ့ကြခြင်း ဖြစ်ပါ၏။

ကျိုက်ထီးရိုးဘုရားတည်တော်မူရာတွင် ဒါယကာတစ်ဦးအဖြစ် ပါဝင်ခဲ့
သုဝဏ္ဏတူမိတုရင် တိဿဓမ္မသီဟ
မဟာဗုဒ္ဓဃောပေါင်မင်းကြီးမှာလည်း
အခါ ဇင်းကျိုက်တောင်ဟုခေါ်ကြ
ဂစ္ဆဂီရိတောင်ခြေရင်းမှ တိဿရသေ့
တွေ့ရှိကောက်ယူခဲ့သည့် နဂါးဥမှ
ဖွားခဲ့သူ ဖြစ်ပါသည်။ တိဿဓမ္မ
ရာဇာမဟာဗုဒ္ဓဃောပေါင်မင်းကြီး၏ မိ
နှစ်ပါးဖြစ်တော်မူကြသော နာဂသူ



မင်းဘူးနဂါးပွက်တောင်တွင် ကိုယ်တိုင်တွေ့ကြုံသူ
နဂါးစာကျွေးပြီး အမှူးဝေနေစဉ်

www.burmeseclassic.com

ရွှေနန်းကျင်တို့မှာလည်း တိဿရသေ့ကြီးကပင် ကျိုက်ထီးရိုးတောင်ရှိ ကျိုးကန်းပါးစပ်အတွင်းမှ တွေ့ရှိကောက်ယူခဲ့သည့် နဂါးဥများမှ ပေါက်ဖွားခဲ့သူများပင် ဖြစ်ကြပါသည်။ အထက်ပါ မင်းမိဖုရားကြီးများ အသက်ထင်ရှား ရှိခဲ့သည့်ကာလမှာ ဂေါတမမြတ်စွာဘုရား မဇ္ဈိမဒေသတွင် သက်တော်ထင်ရှားရှိစဉ် ကာလပင်ဖြစ်၍ ဘီစီ ၅ ရာစုတွင်ဖြစ်ပြီး ယခုမှ နောက်ကြောင်းပြန်ရေတွက်ပါလျှင် နှစ်ပေါင်း ၂၆၀၀ ခန့်ရှိပြီဖြစ်ပါ၏။

မင်းဘူးနဂါးပွက်တောင်နှင့် ဆက်စပ်မှုရှိသော နဂါးများသည်လည်းကောင်း၊ အောက်စက်တော်ရာနှင့် ပတ်သက်သော နဂါးသည်လည်းကောင်း၊ မြတ်စွာဘုရားသတ္တဌာန စံတော်မူစဉ် မုစလိန္ဒာကန်အတွင်း ပါးပျဉ်းထောင်မိုးပြီး မြတ်စွာဘုရားအား လေဒဏ်၊ မိုးဒဏ်မှ အကာအကွယ်ပေးခဲ့သော နဂါးသည်လည်းကောင်း လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ခန့်၊ BC ၅ ရာစုက နဂါးများပင် ဖြစ်ကြပါသည်။ မြန်မာမှုနယ်ပယ်တွင် စနေဂြိုဟ်စောင့်ထိန်းသူမှာ နဂါးပင်ဖြစ်ပါ၏။

ဂမ္ဘီရဆန်သော မင်းဘူးမြို့မှ နဂါးပွက်တောင်ကို လွန်ခဲ့သော နှစ်အနည်းငယ်က အချို့သောသူများက မရိုမသေပြောဆိုလုပ်ဆောင်မှုများ ရှိခဲ့၍ မပွက်တော့ဘဲ ရပ်တန့်သွားခဲ့ပါသေးသည်။ ဒေသခံများ အထိတ်တလန့်ဖြစ်ကြပြီး ဆိုင်ရာပိုင်ရာများမှတစ်ဆင့် ကန်တော့ပွဲပေး တောင်းပန်မှု ပြုလုပ်ခဲ့ကြ၍ ယခုတိုင် ပြန်လည်ပွက်ခဲ့သည်ဟု ဆိုကြပါသည်။

ယခုနှစ် ကျင်းပလျက်ရှိသော ရွှေစက်တော်ဘုရားပွဲမှအပြန် မင်းဘူးမြို့ရှိ ကိုယ်တိုင်ကြုံတွေ့ရသူတစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။ ကိုယ်တိုင်ကြုံတွေ့ရသူမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး၊ နိုင်ငံအရာထမ်း ဦးစီးအရာရှိတစ်ဦး ဖြစ်နေပါသည်။ သူမပြောပြရာတွင်...

ကျွန်မက မင်းဘူးဇာတိ မဟုတ်ပါ။ ရွှေဘိုဇာတိဖြစ်ပါသည်။ ရတနာသုံးပါးကိုသာ အစဉ်အမြဲ ဆည်းကပ်ကိုးကွယ်သူဖြစ်ပြီး နတ်နဂါးကိုးကွယ်မှု မရှိခဲ့ပါ။ ၂၀၁၂ ခု၊ ဒီဇင်ဘာလအတွင်း မကွေးမြို့သို့ ကြွရောက်အပူဇော်ခံခဲ့သည့် စဉ့်ကိုင်မြို့မှ ရေဆန်သစ်ပြန်ဘုရားအား သွားရောက်ဖူးမြော်ပြီး ဖုန်း Hand Set ဖြင့် ဓာတ်ပုံများ ရိုက်ယူခဲ့ပါသည်။ ၎င်းဓာတ်ပုံများမှာ အခြားပုံများနှင့်မတူဘဲ အစိမ်းရောင်ကဲနေပါသည်။ ရေဆန်သစ်ပြန်ဘုရားကို ပင့်ဆောင်လာသူမှာ ဘာသာခြားမှ ဗုဒ္ဓဘာသာသို့ ပြောင်းခဲ့သူ မယ်တော်တစ်ဦးဖြစ်ပါသည်။ မယ်တော်ကြီးက ကျွန်မရိုက်ခဲ့သော ဓာတ်ပုံများကိုကြည့်ရှုပြီး ထူးခြားမှုရှိကြောင်း၊ နဂါးဆက်ရှိသူဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ရန်ကုန်၊ သာကေတမှ ဆရာတော်ကြီးတစ်ပါးကလည်း နဂါးပွက်တောင်နှင့် ပဋ္ဌာန်းဆက်ရှိကြောင်း၊ သွားရောက်ပြီး နဂါးစာကျွေး၊ ကန်တော့ပွဲပေးရန် အမိန့်ရှိခဲ့ပြန်ပါသည်။

၁၆.၁.၂၀၁၃ ခုနှစ်တွင် ကျွန်မသည် မင်းဘူးနဂါးပွက်တောင်သို့ သွားရောက်ပြီး နဂါးစာကျွေးခြင်း၊ ကန်တော့ပွဲပေးခြင်း၊ အမျှဝေခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ပြုလုပ်နေစဉ် အမှတ်တရဖြစ်စေရန် ဓာတ်ပုံများ ရိုက်ကူးခဲ့ရာ ဓာတ်ပုံများတွင် ထူးခြားမှုများ တွေ့ရှိရပါသည်။ ဓာတ်ပုံတစ်ပုံတွင် နဂါးပွက်တောင်မှ ပွက်သည့် ရွှံ့များမှာ နဂါးခေါင်းသဏ္ဌာန် ပေါ်လွင်နေပြီး နောက်တစ်ပုံမှာ သာဓုခေါ်နေသည့် လူတစ်ယောက်၏ မျက်နှာပုံသဏ္ဌာန် ပေါ်နေပါသည်။ (ထိုပုံကို မူးတွဲတင်ပြထားပါသည်။)

ထိုသို့ ပြုလုပ်ပြီးနောက် ကျွန်မ၏ရုံးတွင် ထူးခြားချက်များ ဖြစ်ပေါ်လာပါသည်။ ကျွန်မ၏ ရုံးခန်းမှ လျှပ်စစ်လူခေါ်ခေါင်းလောင်း အလိုအလျောက်မြည်ခဲ့ပါသည်။ ကျွန်မ၏ရုံးခန်းမှ ဘုရားကျောင်းဆောင်မှ ရေစက်များ ဟာပေါက်ပေါက်ကျလာခဲ့ပါသည်။ နှစ်ညဆက်၍ မြွေများ၊ ငါးများနှင့် သစ်ဂမုန်းပင်များကို အိပ်မက်မက်ပါသည်။ ကျွန်မ၏ရုံးပရိဝုဏ်အတွင်းရှိ ပန်းပင်များမှာ ထူးထူးခြားခြား ဖူးပွင့်ဝေဆာနေခဲ့ကြပါသည်။ ကျွန်မ၏ရုံးရှိ ဝန်ထမ်းများအားလုံးလိုလို ရာထူးတစ်ဆင့် တက်ခဲ့ကြပါသည်။

ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူ ဦးစီးအရာရှိ၏ ပြောစကားမှာ ထိုမျှသာ ဖြစ်ပါသည်။ စာရေးသူအား ၎င်းဦးစီးအရာရှိနှင့် ဆက်သွယ်မိတ်ဆက်ပေးသူမှာ မင်းဘူးမြို့ရှိ ကြယ်စင်သစ် စားတော်ဆက်ပိုင်ရှင် ညီအစ်ကိုနှစ်ဦးဖြစ်ပြီး၊ ထပ်မံလေ့လာသိရှိလိုသူများ ၎င်းတို့နှင့် သွားရောက်ဆက်သွယ်နိုင်ကြပါကြောင်း။

**ပါမောက္ခ မင်းဓာတု**



www.burmeseclassic.com

www.burmeseclassic.com



# ပတ္တမြားရောင် မျက်လုံးရှင် ပုဂ္ဂိုလ်ထူး

■ မော်တင်သိန်းဇော်ဇ

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်း အချို့တို့သည် သူတစ်ပါးတို့အနေနှင့် သူတို့အား အထင်ကြီးရိပ်စား ချဉ်းကပ်ကြမှာ စိုးရွံ့၍ အရူးနယ်၊ အလှူခံနယ်၊ အခြေအနေမဲ့တို့နယ် နေထိုင်သွားလာ ဆက်ဆံလေ့ရှိတတ်ကြသည်ကို ဦးဘထွား ကြားသိမှတ်သားဖူးခဲ့ပါသည်။ ထိုနည်းတူပင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ နီးပါးခန့်ဆီက ရွှေတိဂုံစေတီတော်ကြီး၏ အလယ်ပစ္စယံတွင် ရုတ်တရက် အမှတ်မထင် ဆုံတွေ့ခံစားခဲ့ရသော အလွန်တရာမှ ထူးဆန်းလှသော ပုဂ္ဂိုလ်ကြီးမှာ ပုဂ္ဂိုလ်ထူးကြီးလား။ အရူးလား။ အလှူခံလား။ အခြေအနေမဲ့ ပုဂ္ဂိုလ်တစ်ဦးပေလားဆိုသည်ကိုတော့ ဦးဘထွားအနေနှင့် ဂဃနဏ မသိရှာ။ ထူးဆန်းလှသည့် ထိုပုဂ္ဂိုလ်ကြီးနှင့် သူတို့ သုံးရက်တာမျှပင် ကြုံတွေ့ဆက်ဆံ ကျင်လည်ခဲ့ရစဉ်က အံ့သြဖွယ်ရာများမှ မြင်တွေ့ခံစား စိတ်လှုပ်ရှားခဲ့ရသော အလွန်ထူးခြားဆန်းကြယ်လှသည့် ဖြစ်အင်၊ ဖြစ်စဉ် အကြောင်းအရာအချို့ကို မိမိက ပြန်တင်ပြလျှင် မိမိကိုပင် အရူးလို့ပင် မှတ်ထင်ပြောဆိုကြလေမလားပဲ့ဟုပင် ဦးဘထွားခမျာ စိုးရိမ်နေရှာမိလေသည်။

ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းကြီးနှင့် ရွှေတိဂုံစေတီကြီးရင်ပြင်ပေါ်တွင် ကြုံတွေ့ခံစား ရရှိခဲ့ရသည့် ဖြစ်အင်ဆန်းတို့ကား အလွန်တရာမှ ဆန်းကြယ် ထူးခြားလှပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်ဖြစ်ရာ နေ့တစ်နေ့၌ ဖြစ်သည်။ လွန်ခဲ့သော ထိုနှစ်ကာလများဆီက ဦးဘထွားမှာ အလုပ်အကိုင် မကောင်း။ ဝင်ငွေက မမှန်၊ ကြွေးကထူ၊ သားသမီးတွေကများနှင့် ဘဝရေးရာတို့မှာ အထူးပင် ခက်ခဲကျပ်တည်းချို့ငဲ့နေချိန်ပင် ဖြစ်ခဲ့လေသည်။ မှတ်မှတ်ရရကြီး ဖြစ်ခဲ့ရသော၊ အိမ်၌ ငွေမရှိ၍ မိသားစုတို့ ဘူးသီးကြော်ကလေးနှင့်၊ ငါးပိရည်နှင့် ထမင်းထိုင်စားခဲ့ကြရသော ထိုနေ့ နံနက်ပိုင်း၌ ဦးဘထွားသည် ထမင်းဝိုင်းတွင် ငါးပိရည်၊ ဘူးသီးကြော်ကလေးများနှင့်သာ ထိုင်ကာစားနေကြသည့် ညှိုးငယ်ကြသော



www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖြစ်သူနှင့် ရင်သွေးငယ်ကလေးတွေကို မသိမသာမျှ တိတ်တခိုးနှင့် အကဲခတ်ကြည့်ရှုနေရင်းမှ ကရုဏာသက်မိကာ ရင်ထဲ၌ အထူးပင် ကြေကွဲဝမ်းနည်း စိတ်ထိခိုက်လာရှာမိ၍ ထမင်းကို ဆက်မစားနိုင်တော့ဘဲ ဇနီးသည်ထံမှ ငွေတစ်မတ်မျှ လမ်းစရိတ်အဖြစ်တောင်းခံကာ ရွှေတိဂုံစေတီကြီးဆီသို့ စိတ်ပြေလက်ပျောက်အဖြစ် အပြေးကလေး ထွက်ခဲ့လေသည်။

ဦးဘထွားသည် ရွှေတိဂုံစေတီကြီးကို အရင်ဖူးမြော်ဝတ်ပြုရှိခိုးသည်။ ပြီးက နှောင်တော်ကြီးစေတီ ရင်ပြင်တော်တွင် ရှိခိုးဝတ်ပြုသည်။ ပုတီးစိပ်သည်။ ပြီးက တရားရှုမှတ်အားထုတ်သည်။ အတော်ကြာကြာမျှ ဝတ်ပြုပုတီးစိပ် တရားရှုမှတ်ပြီးနောက် ဦးဘထွားသည် အားရလန်းဆန်း နှစ်သိမ့်မှုများရှိပြီဖြစ်၍ နှောင်တော်ကြီးစေတီမှ ထွက်ခွာခဲ့ကာ ရင်ပြင်တစ်လျှောက်မှ လျှောက်လှမ်းခဲ့လေသည်။ မိုးပေါက်ကလေးများ တဖွဲဖွဲမျှကျနေသော အောက်ဆီမှ ဦးဘထွားသည် မအေးလှသော အတွေးစုံတို့နှင့် သောကတို့နှင့် ဖြည်းညင်းစွာ လျှောက်လှမ်းလာစဉ် အလယ်ပစ္စယံသို့ အရောက်ခန့်တွင် သူ၏မျက်နှာတည့်တည့် ရှေ့နားဆီမှ မျက်နှာချင်းဆိုင်ကာ လျှောက်လှမ်းလာသော အရပ်က ထောင်ထောင်မောင်းမောင်း၊ အသားက လတ်လတ်၊ လည်ကတုံးအင်္ကျီဖြူနှင့် ပုဆိုးညိုမည်းကြီးကို ဝတ်ဆင်ထား၍ လွယ်အိတ်ကြီးကို လွယ်ထားသည့် ထူးကဲဆန်းကြယ်သော အသွင်သဏ္ဌာန်ထူးတစ်ရပ်ရှိသော အသက် ၇၀ ကျော်ခန့် အဘိုးကြီးတစ်ဦးကို အမှတ်မထင်မျှ ဘွားခနဲဆိုသလို မျက်နှာချင်းဆိုင်ရလျက် မြင်တွေ့လိုက်ရလေသည်။

ဦးဘထွားနှင့် ထိုအဘိုးကြီးဖြစ်သူတို့ မျက်နှာချင်းဆိုင်ကာအတွေ့ ၁၀ ပေခန့်အရှိတွင် လျှောက်လှမ်းလာသော ထိုအဘိုးကြီးက ရုတ်ခြည်းမျှ ရပ်တန့်လိုက်ကာ ဦးဘထွားကို အနားဆီသို့ ချိုသာလှသော အပြုံးတို့နှင့် အဆန်းတကြယ်ဆိုသလိုလှမ်းကာ လက်ယပ်ခေါ်လိုက်ပြီး တရင်းတနှီးနှင့် လူရင်းမိတ်ဟောင်း, မိတ်ရင်းဓာတ်သိသို့နှယ် "ဟေ့ကောင်၊ လာ။ တို့အောက်ဆိုင်က ခေါက်ဆွဲကြော်သွားစားကြရအောင်" ဟု အားပါးတရ ဖက်လဲတကင်း လှမ်းပြောလျက် ဦးဘထွားရှေ့နားဆီသို့ ရောက်လာလေသည်။ ကပ်လာလေသည်။

အဘိုးကြီး၏ အပြုအမူများနှင့် လှမ်းပြောလိုက်သော စကားသံတို့ကြောင့် ဦးဘထွားမှာ အဆန်းတကြယ်အဖြစ် ခံစားမိလိုက်ကာ အံ့ဩမိသလို အလုပ်အကိုင်မကောင်း၊ ဝင်ငွေက မရှိ၍ ဒီရက်ထဲမှာ အကြော်ကလေးနှင့်သာ စားသောက်နေကြရ၍ စိတ်ညစ်ညူးနေရလျက် အပြန်စရိတ်ပင် မရှိရသည့်အထဲမှာ မမြင်မတွေ့ဖူးသော၊ မသိရသော သူစိမ်းဖြစ်သူက ခေါက်ဆွဲသွားစားရန် လာခေါ်၍ အင်ကြီး၊ အကြံအဖန်ရိုက်စားသူ ငတိုကြီး ဖိုးတွမ်တီးဖြစ်နိုင်သူနှင့် လာတွေ့ရပြန်ပါပြီ၊ ဒုက္ခပါပဲဟူ၍ တွေးဆထင်မှတ်မိ၍ စိတ်ပျက်မိကာ အဘိုးကြီးကို ဦးဘထွားက မအီမသာမျက်နှာနှင့် "အဘ・・・ကျွန်တော် ခေါက်ဆွဲမကြိုက်ဘူး။ မြန်မာ စားသောက်စရာတွေပဲ ကြိုက်တာ။ အဘပဲ သွားစားပါ"ဟု အလျင်စလိုနှင့် ကမန်းကတန်းမျှ ပြောဆို၍ ငြင်းပယ်ကာ အဘိုးကြီးကို ကျော်ခိုင်းပြီး လှည့်ထွက်သွားရန် ကပျာကယာ ပြင်ဆင်လေသည်။

ထိုအခါ အဘိုးကြီးက ဦးဘထွား၏လက်ကို ပြေးကာ လာဆွဲကိုင်ပြီး "ဟေ့ကောင်ရာ・・・မင်း ဒီနေ့မနက်တုန်းက အိမ်က ငွေတစ်မတ်တည်းနဲ့ ထွက်လာတာ ငါသိပါတယ်ကွာ။ ကြံ့တုန်းကြိုက်တုန်း မင်းကို ငါဒါနပြုချင်၊ ကျွေးချင်လွန်းလို့ပါကွာ။ မင်းလိုက်ခဲ့စမ်းပါ"ဟု ပြောဆိုသလို၊ သူ၏ ကြီးမားသန်မာ တုတ်ခိုင်လှသော လက်ကြီးနှင့် ဦးဘထွား၏ ကိုယ်ခန္ဓာပြင်ကို အတင်းပွေ့ဖက်ကာ အောက်ဘက်သို့ ဆင်းသက်ရာ လှေကားဆီသို့ အမောတကောနှင့် ဆွဲခေါ်ချသွားလေသည်။

အဘိုးကြီးခေါ်သွားရာ စေတီတော်မြတ်ကြီး၏ အောက်ခြေရှိ ဗဟန်းရပ်ကွက်ရှိ လမ်းမှပေါ်ကြီးက ထမင်းဆိုင်တစ်ဆိုင်သို့ ရောက်ရှိကြသော် နှစ်ဦးသား ထိုင်ကြသည်နှင့် အဘိုးကြီးက ဆိုင်ဝန်ထမ်းကလေးအား "ဟေ့・・・ချာတိတ်၊ ဒီကောင့်အတွက် ဒီကောင်ကြိုက်တဲ့ မုန့်ဟင်းခါးကို အကြော်နဲ့ တစ်ပွဲပေး။ ငါ့ကိုတော့ ခေါက်ဆွဲကြော်တစ်ပွဲပေး။ မြန်မြန်နော်၊ ဆာနေပြီကွ"ဟု အော်ပြောကာ သွက်လက်စွာ လှမ်းမှာပြောလိုက်လေသည်။ အဘိုးကြီးက အလိုလိုသိကာ သူ့အင်မတန်မျှ ကြိုက်နှစ်သက်ကာ ယခုလည်း စားချင်မှာချင်နေသည့် မုန့်ဟင်းခါးကို မှာပေးလိုက်၍ ဦးဘထွားမှာ အထူးတလည်မျှ အံ့အားသင့်သွားမိလေသည်။ စားသောက်ကြပြီး လူချင်းခွဲခါနီး၌ အဘိုးကြီးက "မင်း မနက်ဖြန်ကျရင် နှောင်တော်ကြီးစေတီကို လာခဲ့ဦးနော်"ဟု မှာကြားချိန်းဆိုပြန်လေသည်။

ဒုတိယနေ့တွင်လည်း ဦးဘထွားသည် အဘိုးကြီးချိန်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုထားရာ နောင်တော်ကြီးစေတီဆီသို့ သွားမိပြန်လေသည်။ ကြိုတင်ရောက်ရှိကာ အသင့်စောင့်နေသော အဘိုးကြီးက ဦးဘထွားကို "ငါတော့ ဝတ်ပြုပြီးပြီ။ မင်းဝတ်ပြုပြီးရင် တို့ မနေ့ကဆိုင်ကိုပဲ သွားစားကြတာပေါ့။ ငါစောင့်နေမယ်"ဟု သွက်သွက်လက်လက်နှင့် အမြန်အဆန်ပြောကာ ရေနွေးရှိ တန်ဆောင်းကြီးတစ်ခုအတွင်းဆီသို့ ပြေးထွက်သွားလေသည်။ ဒုတိယဖြစ်သော ထိုနေ့ကွင် ထမင်းဆိုင်၌ စားသောက်နေကြစဉ် ဦးဘထွားသည် ခေါက်ဆွဲကြော်တွေကို ပလုတ်ပလောင်းနှင့် အားပါးတရ စားနေသော ချွေးတွေစို့နေသည့် အဘိုးကြီး၏ မျက်နှာပြင်ကို မသိမသာမျှ ခိုးကြည့်ရှုရင်းနှင့် "ကောင်းတော့ ဒီအဘိုးကြီးဟာ မိန်းမကြီးပဲလား။ ဒါမှမဟုတ်ရင် အခြောက် ဂျိုပုံးကြီးပဲလား မသိဘူး။ ငါ့ကိုကျွေးတာ နှစ်ရက်တောင်ရှိပြီ။ ပြီးရင် ငါ့ကို မြူဆွယ်တော့မယ်ထင်တယ်။ ငါအမြန်လစ်မှ ရှောင်မှ ဖြစ်တော့မယ်"ဟု စိုးရွံ့စွာ တွေးဆကြံရွယ်နေမိလေသည်။

ထိုအခိုက်မှာပင် ခေါက်ဆွဲတွေကို ပလုတ်ပလောင်းနှင့် မြိန်ရေရှက်ရေ စားသောက်နေ၊ ဝါးနေသော အဘိုးကြီးက ရုတ်တရက်ဆိုသလို သူ၏လက်ထဲက ခေါက်ဆွဲစားဇွန်းကို ထမင်းစားပွဲပေါ်သို့ ပစ်ချလိုက်ကာ တစ်ချက်မျှ ပြုံးလိုက်ရယ်လိုက်နောက် ဦးဘထွား၏မျက်နှာကို စူးစိုက်၍ ကြည့်ရှုလိုက်ပြီး "အမလေးကွာ··ငါ့ကို မင်းက မိန်းမကြီးတစ်ယောက်လို့၊ အခြောက်လို့ ထင်နေတယ် မှတ်တယ်။ ဟေ့ကောင်ရ·· မိန်းမ မဟုတ်ဘူးကွ။ တကယ့်ယောကျ်ားကြီးကွ။ ငါသာ မိန်းမဖြစ်ခဲ့ရင် ကလေးဆယ်ယောက်လောက်တောင် မွေးနေပြီကွ၊ မှားပါတယ်ကွာ"ဟု ပြောလေရာ ဦးဘထွားမှာ အထူးတလည်မျှပင် ထပ်ကာ အံ့သြတမေ ဖြစ်ရပြန်လေသည်။

တတိယမြောက်နေ့တွင်လည်း ဦးဘထွားမှာ အဘိုးကြီးခေါ်ထား၍ နောင်တော်ကြီးစေတီဆီသို့ သွားမိပြန်လေသည်။ တတိယဖြစ်ရာ ထိုနေ့တွင်တော့ အဘိုးကြီးမှာ အကျႌပုဆိုး၊ တိုက်ပုံကောင်းတို့နှင့် သစ်လွင်တောက်ပ လန်းဆန်းနေသည်ကို ဦးဘထွားမြင်ရ၍ အံ့သြမိကာ အာရုံနောက်ရရှာလေသည်။ အတွေးခေါင်ရပြန်လေသည်။

ထိုတတိယမြောက်နေ့တွင်မှာတော့ အဘိုးကြီးနှင့် ဦးဘထွားတို့ အောက်ခြေရှိ ထမင်းဆိုင်ဆီသို့ သွားစားကြရန် နောင်တော်ကြီးစေတီတော်မှ ထွက်ခွာလာခဲ့စဉ် ရင်ပြင်တော်ကြီးတစ်နေရာသို့အရောက်၌ အဘိုးကြီးက မပြောမဆို အဆန်းတကြယ်ဆိုသလို မထင်မှတ်ဘဲ ရုတ်တရက် လက်မြှောက်၊ ခြေမြှောက်ကာ ကခုန်မြူးထူး သီဆိုနေ၍ ဦးဘထွားမှာ ရှက်စိတ်များဝင်မိပြီး "ဟာ···အဘရာ၊ မကြီးမငယ်နဲ့ ရှက်စရာကြီးဗျ။ မကာစမ်း။ မရူးမကြောင်စမ်းပါနဲ့။ ဟိုမှာ လူတွေကြည့်နေကြတယ်ဗျ"ဟု ပြောရင်းနှင့် ကခုန်နေသော အဘိုးကြီး၏လက်ကို သွားဆွဲ၍ ဟန့်တားလေသည်။ ထိုစဉ် အဘိုးကြီးက လှမ်းဆွဲလာသော ဦးဘထွား၏လက်များကို ဒေါသတကြီးနှင့် ပုတ်ချလိုက်ပြီးနောက် "ဟေ့···ငါတို့က ဘုရင်မျိုးနွယ်ထဲကကွ"ဟု အသံနက်ကြီးနှင့် အော်ငေါက်လိုက်၊ မာန်လိုက်လေသည်။

သူ့အား အသံနက်ကြီးနှင့် ဒေါသတကြီးမျှ အော်လိုက်၊ ငေါက်လိုက်၊ မာန်လိုက်သော အဘိုးကြီးကို စိတ်ခု၊ စိတ်ဆိုးသွားမိသည့် ဦးဘထွားသည် တတိယမြောက်ဖြစ်သော ထိုနေ့တွင် ထုံးစံအတိုင်းဆိုသလို ဆိုင်ထဲ၌ စားသောက်နေကြစဉ် ဦးဘထွားက "အင်း···ဒီအဘိုးကြီး ဆီးတွေလွန်ပြီး လမ်းမှာ ဒုက္ခတွေရောက်အောင် ငါလုပ်ဦးမယ်"ဟု အကြံထုတ်ရင်း အဘိုးကြီး၏ လက်ဖက်ရည်ကြမ်းခွက်ထဲဆီသို့ ရေနွေးကြမ်းများ သုံးအိုးခန့်မျှတိုင်အောင် မနားတမ်း ဆက်တိုက် တရစပ်မျှ ဖိကာထည့်ပေးလေသည်။ ဆိုင်က လက်ဖက်ရည်ကြမ်းများကို ထပ်ကာ လာမချသည့်အခါတွင်တော့ အဘိုးကြီးက အားပါးတရမျှ အော်ကာ ရယ်မောလိုက်ပြီး "ဟေ့ကောင်···ရေနွေးကြမ်းတွေထည့်ဦးလေကွာ။ ငါက ဆီးလည်းခိုင်တယ်ကွ။ မှင်းလုပ်ကြံလို့မရပါဘူးကွ"ဟု လေသံအေးကလေးနှင့် ခပ်တည်တည်မျှ ပြောလေရာ ဦးဘထွားမှာ အံ့သြတမောကြီး ထပ်ဖြစ်ရပြီး အဘိုးကြီးကို ကြောက်လန့်စိတ်များပင် ဝင်မိလေသည်။

စားသောက်ကြပြီး လူစုခွဲရန် လျှောက်လှမ်းရန်ကြံစဉ် တစ်နေရာသို့ အရောက်၌ အဘိုးကြီးက ဦးဘထွားကို "ဟေ့ကောင်···တို့ရှေ့ဆီက တည့်တည့်လျှောက်လာတဲ့ ဟိုရှေ့ဆီကကောင်ကို မင်းကြည့်နေ၊ လှမ်းကြည့်နေနော်"ဟု ရုတ်ခြည်း လျှပ်တစ်ပြက်မျှ ကောက်ကာငင်ကာ ဆိုင်းမဆင့် ဗုံမဆင့်ဆိုသလို အဆန်းတကြယ်မျှ ကပ်ကာပြောလာ၍ ရှေ့ဆီက လျှောက်လာသော လူတစ်ယောက်ကို ကပျာကယာ လှမ်းကြည့်လိုက်လေရာ···



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လှမ်းလာသော ထိုလူသည် တုံ့ခနဲမျှ ခေတ္တခဏတာမျှ ရပ်တန့်သွားသည်ကို အံ့ဩလှစွာ တွေ့မြင်သတိထားလိုက်ရသလို ထိုလူကို လှမ်း၍ စူးစိုက်ကာ ကြည့်နေသော အဘိုးကြီး၏မျက်လုံးနှစ်လုံးတို့သည် ပတ္တမြားလုံး၊ ပတ္တမြားခဲတို့နှယ်၊ နဂါးမျက်လုံးတို့နှယ် မာန်ဖီဟိန်းဟောက်ဒေါသထွက်နေသော ကျားမျက်လုံးနှယ် ကြောက်မက်ဖွယ်ရာကောင်းလှအောင် နှစ်လုံးစလုံးတို့မှာ နီရဲနီမြန်းကာ တောက်ပနေသည်ကိုလည်း ဦးဘထွားသည် သည်းထိတ်ရင်ဖိုချောက်ချားစွာနှင့် အံ့ဩတမောကြီးနှင့် တစ်သက်၌တစ်ခါ မမြင်စဖူးဆိုသလို လျှပ်တစ်ပြက်မျှ မြင်တွေ့လိုက်ရလေသည်။

ခဏမျှခန့်အကြာ လူချင်းခွဲခွာနီး၌ အဘိုးကြီးက ဦးဘထွားကို "တို့ခွဲကြရတော့မယ်။ မင်း နောက်ကို အကြော်နဲ့ ငါးပိရည်တွေနဲ့ ထမင်းမစားရတော့ပါဘူးကွာ။ အေးအေးဆေးဆေး အားလုံးဖြစ်သွားပါပြီ။ မင်းကို မကောင်းကြံတဲ့သူတွေလည်း သွားပါပြီ။ မင်းကို မကောင်းကြံတဲ့သူတွေလည်း မရှိကြတော့ပါဘူးကွာ။ တစ်ခုတော့ရှိတယ်ကွ။ ဘာသာရေးကိုတော့ မင်းအထူးပဲ လုပ်ရမယ်။ ငါ့အတွက်ကိုတော့ ဘာမျှ ပူမနေပါနဲ့။ ဒီမှာကြည့်စမ်း။ ငါ့မှာ ဒါတွေအပြည့်ရှိတယ်ကွ" ဟု ပခုံးပြင်ကို လှမ်းဖက်ကာ သူ၏ ရောမလွယ်အိတ်ကြီးကို ဖွင့်လှစ်ပြ၍ ပြောဆိုလာသဖြင့် ဦးဘထွားက စိတ်ဝင်တစားနှင့် ကပျာကယာ အမောတကော ငုံ့ကြည့်လိုက်လေရာ အဘိုးကြီး၏ လွယ်အိတ်ကြီးထဲတွင် ပုတီးကြီးများ၊ အင်းစမချပ်ကြီးများကို တအံ့တဩနှင့် မြင်တွေ့ရလေသည်။

ဦးဘထွားသည် အဘိုးကြီးအနေနှင့် ပြောပြ၍ မယုံနိုင်ဖွယ်ပင် ဆန်းကြယ်လှစွာ သူကြိုက်နှစ်သက်သော မုန့်ဟင်းခါး၊ စားချင်နေသည် မုန့်ဟင်းခါး၊ မှာတော့မည့်မုန့်ဟင်းခါးကိုလည်း ကြိုသိကာ မှာပေးခဲ့၍လည်းကောင်း၊ လမ်းစရိတ်တစ်မတ်မျှသာပင် ပါခဲ့၊ ထည့်ခဲ့သည်ကိုလည်းကောင်း၊ သူ့ကို မိမိက ရင်ထဲကနေ၍ ကျိတ်ကာ မိန်းမကြီး၊ ဂျိုပုံးအခြောက်ကြီးဟု ရိုးစွပ်ထင်မှတ်သည်ကိုလည်းကောင်း တင်ကြိုသိရှိပြီးနောက်...

အိုးသုံးအိုးမျှပင် ကုန်စင်အောင် ဆီးတွေလွန်ပြီး ဒုက္ခတွေ့ရရန် ရေနွေးကြမ်းရည်များကို မသမာသည့်စိတ်ထား၊ လုပ်ရပ်တို့နှင့် မိမိက အတင်းအဓမ္မမျှ ထည့်ပေးလုပ်ကြံခဲ့သည်ကိုလည်းကောင်း သိသည့်အပြင် နောက်ဆုံး ခွဲခွာကြရခါနီး၌ ရေထဲက လမ်းလျှောက်လာသူကို တုံ့ခနဲမျှ ခေတ္တခဏမျှ ရပ်တန့်သွားရရန် အကြည့်ပါဝါ သိဒ္ဓိ မဟိဒ္ဓိတန်ခိုးအာနောင်နှင့် လုပ်ပြခဲ့သည်ကိုလည်းကောင်း ပြန်လည်စဉ်းစား အချွတ်ထုတ်ရင်း သူ့အား လက်ပြနှုတ်ဆက်ကာ ကျောခိုင်း၍ အမြန်လျှောက်လှမ်းသွားသော အလွန်တရာမျှ ဆန်းကြယ်ထူးကဲလှသည့် အဘိုးကြီး၏ ကျောပြင်ကျယ်ကြီးကို အံ့ဩတမောနှင့် မှင်တက်မိကာ ဝင်စားကြည့်ရှု ငေးမောနေစဉ်ခိုက်မှာပင် အဘိုးကြီးမှာ သူ၏မြင်ကွင်းရှေ့မှောက်မှ ရုတ်ခြည်းမျှ ပျောက်ကွယ်သွားသည်ကို ဦးဘထွားသည် အထင်အရှားပင် မြင်တွေ့လိုက်ရလေသည်။

အလွန်တရာမျှ ထူးဆန်းလှသည်တို့မှာ ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းကြီးနှင့် အမှတ်မထင်မျှ ကြုံတွေ့ခံစားရပြီးနောက် ဦးဘထွားမှာ ရက်ခဏမျှအကြာခန့်တွင် စီးပွားရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေများအနေနှင့် ခွဲထုလိုက်သလို ကောက်ကာငင်ကာမျှ ဦးမော့ကောင်းမွန်၊ မြင့်တက်ခဲ့ရသလို သူ့အား ဒုက္ခပေးသည့် လူအချို့လည်း အဝေးဆီသို့ ပြောင်းရွှေ့သွားကြသည်တို့ကို ဦးဘထွားတို့ ခံစားကြရခြင်းပင် ဖြစ်တော့သည်။

ကျေးဇူးဆပ်ချင်၊ ပူဇော်ကန်တော့ချင်၊ ကိုးကွယ်ဝတ်ဖြည့်ချင်၍ ဦးဘထွားအနေနှင့် ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းကြီးဖြစ်သူအား ရွှေတိဂုံစေတီတော်ကြီး၏ တစ်ခွင်နှင့် ရောက်လေရာရာ နေရာအနှံ့အပြားဆီတို့၌ ယနေ့ထိတိုင်အောင် နှစ်ပေါင်း ၃၀ နီးပါးမျှပင် တစိုက်မတ်မတ် ကျားကုတ်ကျားခဲမျှ ငွဲနှင့် စူးစိုက်၍ ရှာဖွေခဲ့၊ သတိချပ်ခဲ့သော်လည်း ပြန်လည်၍ မတွေ့မကြုံကြရ၊ မဆုံကြရတော့ချေ။

ဦးဘထွားသည် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် နောင်တော်ကြီးစေတီမြတ်များဆီသို့ သွားရောက်ဖူးမြော်ရင်း ဖူးမြော်တိုင်းပင် ကျေးဇူးရှင် ထိုပတ္တမြားရောင် မျက်လုံးရှင်ဖြစ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းကြီးကို တသ သတိရမြင်ယောင်လျက် ပူဇော်ကန်တော့နေမိရှာတော့သည်။


ဝန်ခံချက် ။ ဓမ္မမိတ်ဆွေကြီးပြောပြသော သူ၏ ကိုယ်တွေ့မှန်တို့ကို ကိုးကားတင်ပြခြင်း ဖြစ်ပါသည်။

**မော်တင်သိန်းဇော်ဇ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မှဲ့စလွယ် မျက်နှာဖုံး အရှုံးမရှိ

နေပုည

ထွက်လေကို ညင်ညင်သာသာမှုတ်ထုတ်လိုက်သည်။
ခန္ဓာကိုယ်ရှိအကြောများကို ပြေလျော့လိုက်သည်နှင့်
တရားမှတ်နေစဉ်အတွင်း အာရုံ၌ပေါ်လာသည့်
အမြင်နိမိတ်များသည် မှုန်ဝါးပျောက်ကွယ်သွား၏။
မျက်လုံးအစုံကို ဖွင့်လိုက်သည်။
ပိန်းပိတ်အောင် နှင်းများကျနေသည့်အတွက် ပတ်ဝန်းကျင်ကို
ဘာမှမမြင်ရ။
ကျေးငှက်သာရကာများ၏ ဘာသာဘာဝ တွန်ကျူးသံ
သာသာယာယာထွက်ပေါ်နေသည်။
ရံခါတွင် စမ်းချောင်းငယ်လေး၏ ရေစီးသံသွဲ့သွဲ့ကို ကြားရ၏။
ဆောင်းအကုန် နွေအကူးကာလမို့
အေးစိမ့်မှုက မပျောက်တတ်သေး။
ခပ်လှမ်းလှမ်းက ကေလာသတောင်ပေါ်မှ ဖြာထွက်လာသော
နေခြည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"တိ . . တိ"

လက်ပတ်နာရီမှအချက်ပေးသံ ထွက်ပေါ်လာသည်။ နာရီကို ငုံ့ကြည့်လိုက်မိသည်။ နံနက် ၇ နာရီတိတိ။ တပွလင်ခွေချိတ်ထားသော ခြေနှစ်ချောင်းကို ဖြေလျှော့၍ လက်နှစ်ဖက်နှင့် နှိပ်နယ်မိသည်။ နှစ်နာရီနီးပါး တပွလင်ခွေချိတ်ထားပြီး ပြန်ဖြုတ်တော့ ခြေထောက်အကြောများက တွဲဆိုင်းနေသည်။ အတန်ကြာ ခြေဆင်းထိုင်ပြီးမှ မတ်တတ်ရပ်နိုင် ၏။ ကျွန်ုပ်တို့ စခန်းချရာ ပန်းတိမ်တောင်ခြေရှိ ထန်းလက်မိုး ပျဉ်ခင်းပျဉ်ကာ ဇရပ်လေးနှင့် ကျွန်ုပ်တရား ရှုမှတ်ရာနေရာမှာ ၅ မိနစ်ခန့် လျှောက်ရ၏။ စခန်းချရာဇရပ်သို့ ရောက်သည်နှင့် ရေနွေးအိုးတစ်အိုးကို ကပျာကသီ မီးမွေး၍ ကျိုရ၏။ ရေနွေးအိုးတည်ရင်း ယာဂုကျိုနိုင်ရန်အတွက် ပြင်ဆင်ရ၏။ ဤကားကျွန်ုပ်နှင့် ဘရွှေသန်းတို့အတွက် နံနက်စောစော အာဟာရဖြည့်တင်းစာပင်တည်း။ ကျွန်ုပ်နှင့် ဘရွှေသန်းတို့ကား အဓိဋ္ဌာန်ကာလများတွင် ဒုဝင်္ဂသီလ ဆောက်တည်ကာ သွေးလွတ်၊ သားလွတ် အာဟာရကိုသာ မှီဝဲသည်ဖြစ်ရာ ရသတဏှာအတွက် တာဝန်ငြိမ်းလှ၏။

ဘရွှေသန်းကား ပန်းတိမ်တောင်ပေါ်တက်၍ တရားရှုမှတ်သည်။ ကျွန်ုပ်ကမူ တောင်ခြေအနားတွင် နေရာယူ တရားရှုမှတ်သည်။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီးမှ တောင်ခြေဇရပ်လေးတွင် ပြန်ဆုံကြခြင်း ဖြစ်သည်။

ကျွန်ုပ်သည် အလုပ်မှ ဆေးပင်စင်ယူပြီးသည့်နောက်တွင် ဂန္ဓာရီခရီးလမ်းစတင် လျှောက်လှမ်းရာ စမ်းတဝါးဝါးနှင့် လမ်းပျောက်လုဆဲဆဲတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရာဟုထောင့် ဇရပ်ပေါ်တွင် ဘရွှေသန်းနှင့် စတင်ဆုံစည်းခဲ့ခြင်း ဖြစ်သည်။

ဘရွှေသန်း၏လမ်းညွှန်ပြသမှုကြောင့် ကျွန်ုပ်၏ ဂန္ဓာရီခရီးစဉ်များ ဖြောင့်တန်းခဲ့သည်။လမ်းကြောင်းမှန်ခဲ့သည်။ ဘရွှေမန်းသည် ကျွန်ုပ်၏ လိုအပ်ချက်များကို ပိုဖျက် လိုစွက်ခဲ့သည်။

ဂန္ဓာရီခရီးစဉ်များ၌ အဓိကပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့၏။ ဘရွှေမန်း၏ ဝေယျာဝစ္စအားလုံးသည် ကျွန်ုပ်၏ တာဝန်သာ ဖြစ်ချေတော့၏။ ထို့ကြောင့်ပင် ရေမချိုးသည်မှာ ကြာပြီဖြစ်သော ဘရွှေသန်းအား ကျွန်ုပ် မေးလိုက်မိ၏။

"အဘ . . ရေမချိုးတာ ကြာပြီလေ။ ဒီနေ့ ရေချိုးချင်စိတ်မဖြစ်ဘူးလား။ ရာသီဥတုက နည်းနည်းပူလာပြီ အဘရာ"

ဘရွှေမန်းက ပြန်လည်ဖြေကြားသည်။

"အိမ်း . . ရေမချိုးတာ ကြာပြီဖြစ်ပေမယ့် အဘအတွက်ကတော့ သိပ်မထူးခြားလှပါဘူး။ ဒါပေမယ့် မင်းရေကုသိုလ်ယူချင်ရင် မင်းတရားသွားထိုင်တဲ့ စမ်းချောင်းလေးမှာ ရေနှစ်ထမ်းလောက် သွားထမ်းချေကွာ"

"ဟုတ်ကဲ့၊ ခုပဲ ကျွန်တော် သွားထမ်းလိုက်ပါမယ် အဘရယ်"

ရေကုသိုလ်လိုချင်နေသော ကျွန်ုပ်က အားတက်သရောပြောကြားရင်း ဆိုင်းထမ်းနှင့်ရေပုံးကိုယူကာပန်းတိမ်တောင်ခြေစမ်းချောင်းလေးသို့ ဦးတည်လိုက်၏။

ကျွန်ုပ်တို့ စခန်းချရာ ဇရပ်သို့ ဒုတိယခေါက်ရေထမ်းနှင့် ပြန်ရောက်လျှင် ဘရွှေသန်းက ရေချိုးရန် အသင့်ဖြစ်နေချေလေပြီ။ ဘရွှေမန်းက အပေါ်ပိုင်း ဗလာကျင်းလျက် အောက်ပိုင်း၌ ယောဂီပုဆိုးလေးကို ဝတ်ဆင်ထားသည်။ ကျွန်ုပ်လည်း အမှတ်မထင် ဘရွှေသန်း၏ခန္ဓာကိုယ်အပေါ်ပိုင်းသို့ ကြည့်လိုက်မိသည်။

"ဟင်"

အာမေဋိတ်သံကကျွန်ုပ်၏ နှုတ်ဖျားမှ . . .

ကျွန်ုပ်၏ နှုတ်ဖျားမှ ထွက်လာသောအသံကြောင့်ထင်၊ ဘရွှေသန်းက ကျွန်ုပ်အား မေးလိုက်သည်။

"ဘာလဲလူလေး၊ အဘရဲ့ ခန္ဓာကိုယ်က ဒဏ်ရာ ဒဏ်ချက်တွေ ကြည့်ပြီး အံ့အားသင့်နေသလား။ မင်း ခုမြင်ရတာ အရှေ့ပိုင်းပဲရှိသေးတယ်။ကျောကိုလည်း ကြည့်ဦးဟုဆိုကာ ဘရွှေသန်းက ကျောကိုလည်း ပြ၏။

"ဟာ . . အဘ၊ အဘ ကျောမှာလည်း ဒဏ်ရာတွေ မနည်းပါလား"

ဟု ကျွန်ုပ်ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"အေး . . အဲဒါတွေ အားလုံး စားဒဏ်ရာတွေချည်းပဲ။ အားလုံးရွှေ့နောက် ၁၃ ချက်ရှိတယ်။ ပေါင်မှာ နှစ်ချက်နဲ့ဆိုတော့ ၁၅ ချက်ပေါ့ကွာ"

ကျွန်ုပ်နှင့် အဘမှာ ၇ ပေ၊ ၈ ပေခန့်အကွာရှိနေသည်မို့ ဒဏ်ရာများကို ပီပီပြင်ပြင် တွေ့ရ၏။ စားဒဏ်ရာ အမာရွတ်ကား . . တစ်ချက်တစ်ချက်လျှင် ဈာပ်ပြားစေ့ ကျော်ကျော်ခန့် . . ။

"အဘကို ဘယ်သူထိုးသွားတာလဲဟင်"

ဟု ကျွန်ုပ်က မေးတော့ အဘ၏ ကြည်လင်ဝင်းပသော မျက်နှာသည် ရုတ်တရက် မှုန်မှိုင်းသွားသည်။ သို့သော် တစ်ခဏချင်းပင် ပြန်လည်ဝင်းပလာသည်။

"လူလေးသိချင်ရင် အဘ ပြောပြရမှာပေါ့လေ။ ဒါပေမယ့် လူလေး သိထားဖို့က ဘရွှေသန်းဆိုတဲ့လူကြီးဟာ လွန်ခဲ့တဲ့နှစ် ၄၀ က တကယ့်လူမိုက်၊ အရက်သမား၊ လူရမ်းကားတစ်ယောက် ဆိုတာပဲ။ အင်း . . *ပြုသူအသစ်၊ ဖြစ်သူအဟောင်း* ဆိုတဲ့စကားဟာ သိပ်မှန်တဲ့စကားပဲ။ အဘကိုယ်တိုင် လုပ်ခဲ့တဲ့ပြစ်မှုတွေကြောင့် အဘ ပြန်ခံရတာပါ။ ဒါကြောင့် အဲဒီလို တန်ပြန်မှုတွေ ခံစားရတဲ့ အချိန်ကစပြီး နောင်တ တရားနဲ့ မိမိကိုယ်ကို ပြန်လည် ထိန်းမတ်နိုင်ခဲ့တာ ယနေ့အထိပဲ ပေါ့။ ကဲ . . လူလေး နားထောင်၊ မင်းသိချင်တာတွေကို အဘ ပြောပြမယ်"

၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။

မြန်မာပြည်တစ်ဝှမ်းလုံး လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပနေသည်။ လွတ်လပ်ရေးတေးသံများကလည်း လေထုတွင်း စီးမျောနေသည်။ ရန်ကုန်အနောက်ပိုင်းတွင်လည်း လမ်းတိုင်း လွတ်လပ်ရေးအထိမ်းအမှတ်အောင်ပွဲများ ကျင်းပနေသည်။ ရွှေသန်း၊ သာဒင်၊ အောင်ဘု၊ ဘဇော်၊ ဘကျော်အစရှိသည့် အနောက်ပိုင်း လမ်းမတော် လူမိုက်အုပ်စုကလည်း ဘုန်းကြီးလမ်း ဘုံဆိုင်တွင် ဝိုင်းဖွဲ့နေသည်။ သူတို့အုပ်စု သောက်စားထားသည့် တန်ဖိုးကလည်း *မနည်းတော့။* ဆိုင်ရှင် ဆာမိတစ်ယောက် သူတို့အုပ်စု နောက်ထပ် ထပ်မှာမည်ကို စိုးရိမ်နေသည်။ စားသောက်ထားသည့် အဖိုးငွေများအားလည်း မတောင်းရ။ သူတို့ကလည်း ပေးရိုးထုံးစံမရှိ။ ဒါပေမယ့် ဆာမိဆိုင်တွင် ဖြစ်သည့်ပြဿနာတိုင်းပုလိပ်တိုင်ရသည်မရှိ။ ရွှေသန်းတို့အုပ်စုမှ တစ်ယောက်ယောက်က ဝင်ရှင်းသည်။ လွန်စွာလက်ယဉ်သူများ ဖြစ်သဖြင့် ခဏတွင်းပင် ပြဿနာက ပြီးသည်။ သူတို့အုပ်စုစောင့်ရှောက်မှုအတွက် ဆာမိနှင့် အလျော်အစားကတော့ သူတို့စားသောက်သမျှ ပိုက်ဆံမပေးခြင်းပင် ဖြစ်သည်။ တစ်ခါက စားပွဲထိုးအသစ်လေး တစ်ဦးကျသင့်ငွေ သွားတောင်းမိသဖြင့် အရိုက်ခံရ၍ ဆေးရုံနှစ်ပတ်ခန့်တက်ရသည်။ ဆာမိကလည်း စားပွဲထိုး အသစ်လေးအား ထိုအုပ်စုအကြောင်း ပြောမထားမိခြင်းကြောင့် ထိုသို့ ခံလိုက်ရခြင်း မဟုတ်ပါလား။ ယခုလည်းသူတို့အုပ်စုတော်တော်ပင် မူးနေကြပြီ ဖြစ်သည်။

"ဟေ့ကောင်တွေ ဝိုင်းသိမ်းရအောင်၊ တို့လည်း တော်*တော် အရှိန်ရနေပြီ။ မင်းတို့* ငါ့လမ်းထဲကို လိုက်ခဲ့။ ငါတို့လမ်းထဲမှာ စတုဒီသာကျွေးဖွဲ့ စနေပြီ။ မင်းတို့ အစားအစာမျိုးစုံစားရမယ်။ ကျွေးတာက တစ်အိမ်တစ်မျိုး။ မင်းတို့ ဗိုက်ကားအောင် စားရမယ်။ ပြီးတော့ ပဒေသာ ကပွဲလည်းရှိတယ်ကွ"

"အေး . . ဒါမျိုးပွဲကို စောင့်နေတာ ရွှေသန်းရေ။ ဘဇော်တို့ အောင်ဘုတို့ လက်ကျန်ရှင်းပြီးရင် ရွှေသန်းတို့ လမ်းထဲ သွားရအောင် သောက်ကြဟေ့"

ဘဇော်၏ညီ ဘကျော်ထံမှ ပြောသံထွက်လာ၏။

သူတို့အုပ်စု ဆာမိဆိုင်မှ ထွက်တော့ ညနေ ၃ နာရီ ၃၀ မိနစ်။

ရန်ကုန်အနောက်ပိုင်း။

လမ်းမတော် (--) လမ်းအတွင်းသို့ ရွှေသန်းတို့အုပ်စု ဝင်ရောက်လာသည်။ စတုဒီသာ အလှူပွဲကား စနေပြီဖြစ်၏။ လမ်းအတွင်းဝင်ဝင်ချင်း ထိပ်ဆုံးအိမ်က မုန့်ဟင်းခါး၊ ရွှေသန်းတို့အုပ်စုကား အားပါးတရ အားပေးသည်။ မုန့်ဟင်းခါး၊ ပြီးတော့ဆီးသီးနှင့် သကြား*နယ်ထားသော သရေစာမုန့်။*

ရွှေသန်းတို့အုပ်စုကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်တွေ ခုမှ လမ်းအစရှိသေးတယ်နော်။ ဖြည်းဖြည်းစားကြ။ တစ်လမ်းလုံး အိမ်ပေါက်စေ့ကျွေးနေတာ။ တော်ကြာမင်းတို့ မစားနိုင်ဖြစ်နေကြဦးမယ်"

ဟုတ်၏။

နောက်အိမ်က သာကူ၊ နောက်တစ်အိမ်က အုန်းနို့ခေါက်ဆွဲ၊ နောက်အိမ်က ရွှေရင်အေး၊မုန့်လက်ဆောင်း၊ နောက်အိမ်တွေကလည်း ကိုယ်သန်ရာသန်ရာ စားဖွယ်များကို ပြုလုပ်ကျွေးမွေးကြသည်။

ရွှေသန်းတို့အုပ်စု လမ်းတွင်းဝင်လာကတည်းက အိမ်ခံမာတ်သိများကတော့ မချိသွားဖြနေရသည်။ ရွှေသန်းကို ရှုံ့ကြောက်သလို၊ သူ့ အဖေ ဝန်ထောက်မင်းအားလည်းကြောက်ရသည်။

တကယ်တော့ ရွှေသန်းမိုက်ဆိုးတေနေသည်မှာ သူ့အဖေ၏ ပယောဂမကင်း။ ရွှေသန်းမို့ တစ်စုံတစ်ရာဖြစ်လာပြီလားဆိုလျှင် သူ့အဖေ (ထိုစဉ်က ဝန်ထောက်မင်း)က ရှေ့က ကာသည်။ ရွှေသန်း ကျူးလွန်သောပြစ်မှု မကြီးလေးပါက ပျောက်ပျက်သွား၏။ ကြီးလေးသော ပြစ်မှုလည်း ပျောက်ပျက်သွား၏။ ထို့ကြောင့် ရွှေသန်းဆိုသည်မှာတစ်ကြောင်းပါသည်။ဖခင်အားကိုးနှင့် သူ၏အဖေကလည်း အခြားသားသမီးများနှင့် မတူ၊ ရွှေသန်းကို ဖူးဖူးမှုတ်ထားသည်။ ရွှေသန်းကို မွေးကတည်းက သူ့ အဖေ တက်လိုက်သည့်ရာထူးကလည်း ရိပ်ကနဲ တစ်ဆင့်ပြီးတစ်ဆင့် တက်သည်။ ဒါကြောင့်မို့ ရွှေသန်း ဘာဖြစ်ဖြစ် သူ့အဖေ ကာသည်။ သည်တော့ ရွှေသန်း ဆိုးနေသည်မှာ မဆန်း။ ထို့အတူရွှေသန်း၏အပေါင်းအသင်းတွေမှာလည်းရွှေသန်း မျက်နှာဖြင့် ရောင့်တက်နေသည်။

လမ်း၏အလယ်ပိုင်းတွင်ဖြစ်သည်။

ပဒေသာပွဲ မစမီ လမ်းမြောက်ပိုင်းမှ လှကျော်ခေါ်လာသော ကုလားတီးဝိုင်းနှင့် မဂိုကုလားမလေး၏ ဖြေဖျော်မှုကဏ္ဍ စတင်သည်။ ပင်တိုင်မင်းသမီးဖြစ်သော မဂိုကုလားမလေးက ထိုစဉ် နာမည်ကြီးအိန္ဒိယဇာတ်ကားများမှ တေးသီချင်းများနှင့် ဖြေဖျော်သည်။

မဂိုကုလားမလေးက လှ၏။ ကုလားကကို တေး သွားနှင့် အညီ ပီပြင်စွာ ကပြ၏။

ကုလားမလေးက ကပြရင်း တီးဝိုင်းခေါင်းဆောင်အား . .

"အစ်ကို . . ကျွန်မကို ကနေရင်း စင်အောက်က ဆီးစေ့နဲ့တရစပ်ပေါက်တယ်အစ်ကို၊ ကျွန်မ ကကွက် မပျက်အောင် မနည်းကနေရပေမယ့် ဆီးစေ့တွေက ကျွန်မတစ်ကိုယ်လုံး ထိနေတော့ ကျွန်မ ကလို့မရဘူး အစ်ကိုရဲ့။ အဲဒါ ကျွန်မတို့ကို ခေါ်လာတဲ့အစ်ကို့ကို ပြောပြပါဦး။ နောက် ကစရာတွေ ကျန်နေသေးတယ် မဟုတ်လား"

တီးဝိုင်းခေါင်းဆောင်သည် သူတို့အား တာဝန်ယူခေါ်ဆောင်လာသော လှကျော်ကို အရေးဆို၏။ လှကျော်သည် မိမိဝိုင်းကို နှောင့်ယှက်နေသူများအား သတိပြုမိ၏။ ရွှေသန်းတို့အုပ်စု။ ထို့ကြောင့် ပင် ရွှေသန်းတို့ အုပ်စုရှေ့ရောက်သွားသည်။

"ဟော့ကောင်သူငယ်ချင်း ရွှေသန်း၊ ဒီပွဲဟာ တစ်လမ်းလုံး သာယာပြုံးပျော်စေဖို့ ငါ့စရိတ်နဲ့ငါခေါ်လာတဲ့ တီးဝိုင်းကို မင်းတို့အုပ်စု နှောင့်ယှက်နေတာ ငါသိတယ်။ ငါ အကျယ်အကျယ်မငြိမ်းဖွယ်တွေ မဖြစ်ချင်လို့ ကြည့်နေတာ"

"ဟော့ကောင် လှကျော်၊ မင်းက အကျယ်အကျယ် မငြိမ်းဖွယ်မဖြစ်ချင်လို့ ငြိမ်နေတယ်ဆိုတော့ မင်းက ဘာကောင်မို့လဲ ပြောစမ်း"

ရွှေသန်း၏စကားမဆုံးမီပင် ဘဖော်နှင့် ဘကျော်ညီအစ်ကိုက လှကျော်အား

"အစ်ကို . . ကျွန်မကို ကနေရင်း စင်အောက်က ဆီးစေ့နဲ့တရစပ်ပေါက်တယ် အစ်ကို၊ ကျွန်မ ကကွက်မပျက်အောင် မနည်းကနေရပေမယ့် ဆီးစေ့တွေက ကျွန်မတစ်ကိုယ်လုံး ထိနေတော့ ကျွန်မကလို့မရဘူး အစ်ကိုရဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com

လက်နှစ်ဖက် ညပ်၍ ချုပ်ပြီးဖြစ်သည်။ ရွှေသန်း၊ လက်သီးချက်များက ချုပ်ကိုင်ထားခြင်းခံရသော လှကျော်၏ မျက်နှာပေါ်သို့ တရစပ်ကျ ရောက်လာသည်။

"ခွပ် . . ခွပ် . . ခွပ်"

ထိုနေ့က ပွဲပျက်သွား၏။ နိဂုံးချုပ်သော် လှကျော်မှာ ကွဲသွားသော မျက်ခုံး၊ နှုတ်ခမ်းများကို ချုပ်လိုက်ရသည်။ စုစုပေါင်း ၁၂ ချက်။

ရွှေမန်းတို့ အုပ်စုကား ဘာမှမဖြစ်။

လှကျော်မှာ . . မိမိ၏ မျက်နှာမှာ အမာရွတ်မြင်တိုင်း ဖြစ်ပေါ်လာသည့် ဒေါသများကို မနည်းချုပ်တီးရသည်။

လှကျော်မှာ ခေသူမဟုတ်။ မိဘများက လူဂုဏ်ထံအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များဖြစ်သည်။ ဖခင်ဖြစ်သူမှာ ကျောင်းဆရာဘဝမှပင်လုပ်ငန်းရှင်တစ်ဦးဖြစ်လာသူ ဖြစ်သည်။ ထို့ပြင် စာရေးဆရာ၊ ပြဇာတ်ရေးဆရာတစ်ဦးလည်း ဖြစ်သည်။ စီးပွားရေးလောကတွင် ကျင်လည် နှံ့စပ်၏။

လှကျော်သည်လည်း ပျော့ပျော့လေးနှင့် နံသည့်ကြောင်ချေးပင် ဖြစ်၏။ ကားတစ်စီးနှင့် တဝီဝီလည်ကာ ရှုပ်ပွနေသူပင်။ သို့သော် သူက မိမိလမ်းပတ်ဝန်းကျင်တွင် မရှုပ်။ တခြားသော အပိုင်ရပ်ကွက်များ၌သာ ရှုပ်၏။ ရံဖန် ရံခါတော့လည်း သူ၏ ကားနှင့် မိန်းကလေးတစ်အုပ်ကို သူ၏ အိမ်ကို ခေါ်လာတတ်၏။ လွတ်လပ်ရေး အောင်ပွဲနေ့ ရန်ပွဲပြီးကတည်းက ဖခင်ဖြစ်သူက ဆုံးမ၏။ ရန်ကို ရန်ချင်း မတုန့်နှင်းရန်။ သို့သော် ရွှေသန်းတစ်ယောက် ရင်ကော့ကာ အိမ်ရှေ့မှ ဖြတ်သွားသည်ကို တွေ့ရတိုင်း လှကျော်တစ်ယောက် ကြိတ်မနိုင် ခဲမရ ဖြစ်ရသည်။

ဖြစ်တည်လာသောဒေါသကို မနည်းကြိုးမြို့ချနေရသည်။

လှကျော်တစ်ယောက် ရွှေသန်းကို ကျားချောင်းသလို ချောင်းနေသည်။ ဤသည်ကို ရွှေသန်းက မသိ။ သူတို့အုပ်စုကို လမ်းမတော်တွင် မော်ကြည့်ဝံ့သူမရှိသည်ပဲ။ သည်တော့ လှကျော်ကို ရွှေသန်းက ရှိသည်ဟုပင် မထင်။ လှကျော်သည် ရွှေသန်း၏ ဝင်ချိန်ထွက်ချိန်ကို စောင့်ကြည့်သည်။ ရွှေသန်းသည် နေ့စဉ် ညနေ ၄ နာရီခန့်တွင် အိမ်မှထွက်ပြီး ၈ နာရီခွဲ၊ ၉ နာရီခန့်တွင် အိမ်ပြန်တတ်သည်။ သူထွက်တိုင်း လှကျော်တို့အုပ်စုမှ နှစ်ဦးသုံးဦးနှင့် စုပေါင်းကာ ဘုံဆိုင်သို့ ချီတက်သည်။ အပြန်တွင်မူ သူ၏ ခြေလှမ်းများက ဒယီးဒယိုင်။

လှကျော်သည် သူ၏ လက်စားချေရေးစီမံကိန်းကို အပြန်ပြန်အလှန်လှန် သုံးသပ်သည်။ နောက်ဆုံး ဆုံးဖြတ်ချက်ချလိုက်သည်ကတော့ ရွှေသန်း ဘုံဆိုင်က အပြန်လမ်းအတွင်းမှာပင် လက်စားချေရန်ပင်။

လှကျော်သည် သူ၏ လက်ထဲမှ ခလုတ်ဓားအား ဖြောင်းကနဲ ဖွင့်လိုက်၊ ပိတ်လိုက်လုပ်ရင်း ကျေနပ်စွာ ပြုံးလိုက်သည်။

မိုးဦးကာလ တစ်ရက်၊ ညဥ့်ဦးယံ ဖြစ်သည်။ ည ၈း၃၀ နာရီ ရွှေသန်းကား သိုင်းကွက်နင်းကာ လမ်း အတွင်းဝင်လာပြီး သူ့အပေါင်းအသင်းများကား လမ်းထိပ်မှာပင် လမ်းခွဲသွားကြပြီ။ ရွှေသန်းကား လှကျော်၏ နေအိမ်ရှေ့သို့ ကျော်ဖြတ်နေပြီဖြစ်၏။ နောက်ထပ် ငါးအိမ်ကျော်လျှင် သူ့အိမ်သို့ ရောက်ပြီ။ ရှေ့မှ သိုင်းကွက်နင်းသွားနေသော ရွှေသန်းနောက်သို့ လှကျော်အိမ်မှ ပြေးလိုက်သည်။ ဒါကို ရွှေသန်းက မသိ။ လှကျော် . . ရွှေသန်းနောက်ရောက်သောအခါ ရွှေသန်း၏ ပုခုံးကိုဆွဲကာ မျက်နှာချင်းဆိုင်လှည့်လိုက်ပြီး . . .

"ဟေ့ကောင် ရွှေသန်း၊ လွတ်လပ်ရေးနေ့အကြွေးလေးဆပ်လိုက်ရအောင် . . ကဲကွာ . ."

"ဖြောင်း"

"ဟေ့ကောင် ရွှေသန်း၊
လွတ်လပ်ရေးနေ့
အကြွေးလေးဆပ်လိုက်ရအောင် . .
ကဲကွာ . ."

www.burmeseclassic.com

ခလုတ်ခားပွင့်သံ . . ၊ ထို့နောက်တော့ လှကျော်သည် ရွှေသန်း၏ ခန္ဓာကိုယ်သို့ ခားဖြင့် တစွပ်စွပ်ထိုးတော့၏။

"စွပ် . . စွပ် . . စွပ်"

ရွှေသန်းက အဲဘားကုန်အော်ရင်း လဲကျသွားသည်။ လှကျော်က မှောက်ရက်လဲနေသော ရွှေသန်း၏ နောက်ကျောသို့ ခားဖြင့် ထပ်ထိုး၏။

"ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ၊ ကျွန်တော့်ကို လှကျော် ခားနဲ့ထိုး နေပါတယ်"

ရွှေသန်း၏ အော်သံကြောင့် လမ်းတွင်းမှ လူကြီးများ ပြေးထွက်လာပြီး လှကျော်ကို ဝိုင်းထိန်းလိုက်သည်။ ရွှေသန်းမှာမူ သွေးအိုင်ထဲခွေခွေလေး၊ အသက်ကို မျှင်မျှင်လေး ရှူနေသည်။ ရွှေသန်းအဖေ ဝန်ထောက်မင်းကား ခြောက်လုံးပြူး တကားကားနှင့် ရောက်လာ သည်။ ထိုအချိန်မှာမူ လှကျော်တစ်ယောက် ဘုန်းကြီးလမ်းဌာနာအုပ် ဦးသန်းမောင်ထံတွင် သွားရောက် အဖမ်းခံနေပြီ ဖြစ်၏။

ရွှေသန်းတစ်ယောက် ခားဒဏ်ရာ ၁၅ ချက်ဖြင့် ဆေးရုံပေါ်တွင် နှစ်လခန့် တက်ရောက်ကုသမှုခံယူခဲ့ရ၏။ ခားဒဏ်ရာများက ထိချက်များသော်လည်း သေကွက်သေကွင်းမှ ပွတ်ကာသီကာ လွဲချော်သွားရ၏။ လှကျော်ကား အချုပ်ခန်းအတွင်း ၅ ရက်ခန့်နေလိုက်ရပြီး အာမခံရသွားသည်။ လှကျော်အဖေ ဆရာလှကလည်း ထိုခေတ်,ထိုအခါက ခေသူမဟုတ်တော့ နောက်ပိုင်း ဆရာလှမည်သို့ စီရင်လိုက်သည် မသိ။ ဝန်ထောက်မင်းက အမှုပိတ်ပေးသည်။

"ဟင် . . အဘ ခားဒဏ်ရာ ဒဏ်ချက် ၁၅ ချက်တောင်ထိရက်နဲ့ အသက်မသေတာ အံ့ဩစရာပဲ။ အဘမှာ ဘာအဆောင်ကောင်း ရှိနေလို့လဲ"

"အဘမှာဘာအဆောင်မှ ဘာလက်ဖွဲ့မှ ခန္ဓာကိုယ်မှာ ချည်နှောင်ထားခြင်းမရှိပါဘူး။ ဒါပေမယ့် ခန္ဓာကိုယ် ပေါ်မှာတော့ အဆောင် ကောင်းတွေရှိနေတယ်။ အဘစကားဆုံးရင် အဲဒီ အဆောင်တွေကို ပြမယ်။ ခုတော့ လူမိုက်ကြီးဘဝကို ဆေးရုံပေါ်မှာ မြော်နေတဲ့ အချိန်ပေါ့ကွာ၊ အဲဒီအချိန်မှာ အဘရဲ့အာရုံမှာပေါ်လာတာကတော့ အဘငယ်စဉ်က ချိုပိုးထိန်းကျောင်းခဲ့တဲ့အဘမောင်ပဲ။ အဘတို့ ခေါင်းရင်းအိမ်ကပေါ့။ သူ ကွယ်လွန်သွားတာ ၁၀ နှစ်လောက်ရှိလောက်ပြီ။ အဘကို သူတော့်တော်ချစ်တာ။ သူက အဘကို လူလေး ရွှေသန်း၊ မင်းရဲ့ မိုက်ဇာတ်တွေကို စခန်းသပ်လိုက်ပါတော့လူလေး။ နို့မို့ဆိုရင်တော့ လူလေးသွားရမယ့်လမ်းဟာ ဟိုမှာ ကြည့်စမ်းဆိုပြီး လက်ညှိုး ညွှန်ပြလိုက်တော့ အဘ လှမ်းကြည့်လိုက်တယ်။ အားပါးပါး . . လမ်းမတော်က အဘထက် စီနီယာကျတဲ့ လူမိုက်ကြီးတွေလေ ဆီပူအိုးကြီးထဲမှာ ကယ်ပါ ယူပါ တစာစာနဲ့ အော်ဟစ်ကူးခတ်နေကြတာ၊ အိုးနှုတ်ခမ်းပေါ်တက်ဖို့ ကြိုးစားသူကို ငရဲသားတွေက မှိန်းကြီးတွေနဲ့ ဆီပူအိုးကြီးထဲ ပြန်ထိုးချ။ အခြားတစ်ဖက်ကို ကြည့် လိုက်တော့လည်း တို့ဆီက လူမိုက်ကြီးတွေပဲ၊ ငရဲခွေးကြီးတွေလိုက်လို့ ညှောင့်စူးကြီးတွေပေါ် ပြေး၊ ညှောင့်စူးတော့လည်း ငရဲခွေးကြီးတွေက ကိုက်နဲ့။ ဒီ

"အဘထက်
စီနီယာကျတဲ့
လူမိုက်ကြီးတွေလေ
ဆီပူအိုးကြီးထဲမှာ
ကယ်ပါ ယူပါ
တစာစာနဲ့ အော်ဟစ်
ကူးခတ်နေကြတာ၊
အိုးနှုတ်ခမ်းပေါ်တက်ဖို့
ကြိုးစားသူကို
ငရဲသားတွေက
မှိန်းကြီးတွေနဲ့
ဆီပူအိုးကြီးထဲ
ပြန်ထိုးချ။
အခြားတစ်ဖက်ကို
ကြည့်လိုက်တော့လည်း
တို့ဆီက
လူမိုက်ကြီးတွေပဲ၊
ငရဲခွေးကြီးတွေလိုက်လို့
ညှောင့်စူးကြီးတွေပေါ်
ပြေး၊
ညှောင့်စူးတော့လည်း
ငရဲခွေးကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com

"အေး ..
နို့စလွယ်တာမဟုတ်ဘူးကွ။
အဘမွေးတော့ မျက်နှာပုံနဲ့
အဘလည်း မွေးပြီးရော
အဘ အမေ
တက်လိုက်တဲ့ရာထူး၊
တက်လိုက်တဲ့စီးပွား။
ဒါကြောင့် အမေက
အဘကို ဖူးဖူးမှုတ်ထားတာ။
အဲဒါကြောင့်လည်း
အဘရဲ့ဆိုးသွမ်းမှု
အားပေးသလိုဖြစ်ခဲ့တာ
ပေါ့..."

မြင်ကွင်းတွေ တွေ့လိုက်တော့ အဘသိပ်ကိုကြောက်သွားတယ်။ ပါးစပ်ကလည်း ကြောက်ပါပြီ၊ ကြောက်ပါပြီလို့ အသံထွက်သွားတယ်။ အဲဒီတော့မှ အဘမောင်က ...

ကဲ .. လူလေးရွှေသန်း၊ မင်း ရှေ့လျှောက်ဒီလို ဆက်မိုက် သောက်စားရမ်းကားနေရင် အဲဒီလိုခံရမှာပဲ။ ခု မင်းမှာ ပြင်ဖို့ အချိန်ရသေးတယ်၊ အဘလည်း မင်းနဲ့ ပဋ္ဌာန်းဆက်ရှိခဲ့လေတော့ မင်းအသက်ကို ကယ်မ,ခွင့်ရ ခဲ့တယ်၊ မင်းမှာ သာသနာပြုဖို့ လုပ်ငန်းတွေကလည်းတော်တော်ကျန်သေးတယ်။ အဲဒီတော့ မင်းနေကောင်း တာနဲ့ ဘဝဟောင်းကို စွန့်လွှတ်ပြီး သာသနာပြုလုပ်ငန်းကို စရတော့မယ်၊ ခု မင်း သတိရတာနဲ့ အရဟံ ဂုဏ်တော်ကို စတင်ပွားများပေတော့၊ အချိန်ကျရင် ဘာဆက်လုပ်ရမယ်ဆိုတာ အဘ ညွှန်ကြားမယ်ဟုတ်လား။ ကဲ .. ဘဝဟောင်းကို ပြန်သွားပြီး လုပ်စရာရှိတာ လုပ်ပေတော့လို့ ပြောပြီး အဘရဲ့ အာရုံက ပျောက်သွားတော့တာပဲ။

အဘ သတိပြန်ရချိန်မှာတော့ အဘနှုတ်ဖျားက .. "အရဟံ" ဂုဏ်တော်ပွားများပြီး ပြန်သတိရလာတာလို့ အဘရဲ့ မိသားစုက ပြောတာပဲ။ အဲဒီနောက်တော့ အဘရဲ့ ဆိုးသွမ်းပေတေ ရမ်းကားမှုတွေကို စွန့်လွှတ်ပြီး ဂန္ဓာရီလိုင်းကို အဘမောင် အိပ်မက်ထဲမှာ ညွှန်ပြတဲ့အတိုင်းနေခဲ့တာ အခုချိန်ထိပေါ့ကွာ"

"ဒါ့ထက်၊ ခုနက အဘပြောခဲ့တဲ့ အဘရဲ့ခန္ဓာပေါ်က အဆောင်တွေဆိုတာကကော"

ဟု ကျွန်ုပ် မေးလိုက်တော့ အဘက ရှေ့တိုးလာပြီး သူ၏ ခန္ဓာကိုယ်ကို အနီးကပ်လာကာ ..

"ကဲ .. ဒီမှာကြည့်" ဟု ဆိုပြီး ခန္ဓာကိုယ်ကို ရှေ့နောက် လှည့်ပြ၏။

ကျွန်ုပ် အသေအချာ ကြည့်လိုက်သောအခါတွင်မူ အဘခန္ဓာကိုယ် အပေါ်ပိုင်းတွင် အက္ခရာအဝေးတူညီသော မှဲ့နီလေးများက ဘယ်ညာစလွယ်သိုင်း တည်ရှိနေသည်ကို အံ့သြစွာ တွေ့ရှိလိုက်ရသည်။

ကျွန်ုပ်၏ နှုတ်ဖျားမှ အာမေဍိတ်သံထွက်သွားသည်။

"မှဲ့နီစလွယ်ပါလား"

"အေး .. မှဲ့နီစလွယ် တင်မထေးဘူးကွ။ အဘမွေးတော့ မျက်နှာပုံနဲ့ အဘလည်း မွေးပြီးရော အဘ အမေ တက်လိုက်တဲ့ရာထူး၊ တက်လိုက်တဲ့စီးပွား။ ဒါကြောင့် အမေက အဘကို ဖူးဖူးမှုတ်ထားတာ။ အဲဒါကြောင့်လည်း အဘရဲ့ ဆိုးသွမ်းမှု အားပေးသလိုဖြစ်ခဲ့တာပေါ့။ ကဲ .. အဘရေချိုးမယ်၊ ယာဂုအသင့်ပြင်ထား။ ယာဂုသောက်ပြီးရင် အလုပ်ပြန်စရဦးမှာမဟုတ်လား။ မင်းသိချင်တဲ့ အကြောင်းအရာတွေ သိပြီပဲ"

ဘရွှေသန်း ရေချိုးစဉ် ကျွန်ုပ် ယာဂုပွဲနှင့် ထန်းလျက်၊ အဖန်ရည်အိုးတို့ ပြင်ဆင်ရသည်။ အဘရွှေသန်း ရေချိုးပြီးသောအခါ ယာဂု၊ ထန်းလျက်အချို့၊ အဖန်ရည်တို့ကို ကျွန်ုပ်တို့ စားသောက်ကြရ၏။ ထို့နောက် အဘသည် သူ၏ အလုပ်ခန်းရှိရာ ပန်းတိမ်တောင်ပေါ်သို့ တရွေ့ရွေ့ တက်သွားပေပြီ။ ကျွန်ုပ်သည် ကျွန်ုပ်၏ အလုပ်ခန်းရှိရာ တောင်ခြေစမ်းချောင်းလေးအနီးသို့ ..။ စမ်းချောင်းလေးကတော့ .. တသွင်သွင်စီးဆင်းလျက် ..။

နေပုည



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ စောင့်မညွှန်ပြမှုရရှိခဲ့ပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ(၇)

ဖိုးသန်းကျော်(ရေကြည်သား)

အင်္ဂလိပ်ရတ်ထိုးခြင်း၊ အင်းချခြင်း ကိစ္စများတွင် အထူးကျွမ်းကျင်သော ဆရာကြီးဦးအေးနှင့် ရင်းနှီးကျွမ်းဝင်ရှိလှသော်လည်း ကိုယ်တိုင်လုပ်ကိုင်ခဲ့ခြင်း မပြုခဲ့ပါ။ လေ့လာရုံမျှသာ လေ့လာခဲ့၏။ ၁၃၇၃ ခုနှစ် လက်ရှိအိမ်တွင် စတင်နေထိုင်စဉ်မှာ ဘုရားပွဲထိုးခြင်း၊ အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ယက္ကန်းစင်တောင်ဆရာတော်ကြီးများကို အမှူးထား၍ သုံးဘီးပွဲလှူခြင်း၊ ဆေးဝိဇ္ဇာပွဲလှူခြင်း၊ မယ်တော်သူရဿတီပွဲလှူခြင်းများ ပြုလုပ်ခဲ့ပါသည်။

ရန်ကုန်–အင်းစိန်လမ်းမ၊ လှိုင်မြို့နယ်တွင် နေထိုင်စဉ် ဘုရားပွဲထိုးလှူစဉ်မှစ၍ ဇနီးဖြစ်သူလည်း ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ခြင်းကို ဝတ်မပျက်ပြုလုပ်နေထိုင်ခဲ့ပါသည်။ အိမ်ပြင်ဆောက်ပြီးစတွင် အိပ်မက်ထူးမြင်မက်ပုံကို ဇနီးသည်က ပြောပြခဲ့၏။ သူ၏မိဘဆွေမျိုးများ ရောဂါကျရောက်ခံစားနေရသည်ကို ဆေးကုပေးရန် ယောက်ျားလေးဘဝဖြင့် ဆေးရှာထွက်ခဲ့၏။ ဆိုင်ရာပုဂ္ဂိုလ်များက ညွှန်ပြ၍ တောင်ပေါ်တက်၍ ပုတီးတစ်လုံး ယူရမည်ဖြစ်၏။ တောင်ပေါ်သွားရာလမ်းခရီးတွင် အနှောင့်အယှက် အခက်အခဲများစွာ ကြုံတွေ့ရသော်လည်း အားလုံးကို အောင်မြင်စွာ ဖြတ်ကျော်၍ တောင်ပေါ်ကိုရောက်သွား၏။ ပုတီးလုံးကြီးများပါသော ပုတီးတစ်ကုံးကို တွေ့ရပြီး ပုတီးတစ်လုံးကိုသာ ဖြုတ်ယူပြီး ပြန်ဆင်းလာခဲ့၏။

အပြန်လမ်းခရီးတွင် ဘုန်းတော်ကြီးက အခေါ်ခိုင်းသည်ဆို၍ ဘုန်းကြီးကျောင်းတစ်ကျောင်း ရောက်သွား၏။ ရောက်သွားသည့်အခါ ဆရာတော်ကြီးက ထိုပုတီးလုံးကိုပေးရန် တောင်း၏။ သူ၏ အမျိုးများကို ဆေးကုဖို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၍ မပေးနိုင်ကြောင်း ပြောသောအခါ စားနေသော ငှက်ပျောသီး၏ အခွံဖြင့် သူ့ကိုပစ်ပေါက်လိုက်ရာ ထိမှန်သော နေရာမှစ၍ အမည်းရောင်ပိုးမွှားများ တစ်ကိုယ်လုံးပေါ် ပျံ့နှံ့အောင် တက်လာကြ၏။ သူက ပါလာသော ပုတီးလုံးကို ဆုပ်ကိုင်၍ ပွတ်သပ်ချလိုက်ရာ ပိုးမွှားများ ပျောက်ကင်းရှင်းလင်းသွား၍ ပြန်ခဲ့ရာ အမျိုးများထံ ရောက်ရှိ၏။ ထိုပုတီးလုံးဖြင့် ဆေးကုသပေးရာ အမျိုးများ၏ ရောဂါများ ပျောက်ကင်းသွားသည်ဟု အိပ်မက်ကို ပြောပြခဲ့လေသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း ဘုရားရှိခိုး၊ သီလယူ၊ ပုတီးစိပ်၊ ပရိတ်ရွတ်ခြင်း၊ အာနာပါန ရှုပွားခြင်း၊ ဝိပဿနာ အခြေခံများ အားထုတ်ခဲ့ပါသည်။ ရုံးပိတ်ရက်များတွင် မဟာစည်သာသနာ့ရိပ်သာသို့ ဒေါက်တာဦးတင်အောင် (ကင်ဆာအထူးကုဆရာဝန်ကြီး)နှင့် လိုက်ပါအားထုတ်ဖူးပါသည်။ ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်၍ ဓာတ်ရောင်ခြည်ဌာနတွင် တရားချီးမြှင့်၍ နေ့လယ်ပိုင်းနားချိန်တွင်လည်း အားထုတ်ခဲ့ဖူး၏။

သဲအင်းဂူ ဆရာတော်ဘုရားကြီးကို ဗိုလ်တထောင် ပထမလင်းစ်ဒေါင်းရိပ်သာလမ်း နေစဉ်က ဒေါ်အုံးကြည်နေအိမ်မှာ ဆွမ်းကပ်စဉ်လည်း နီးကပ်စွာ ဖူးဖူး၏။ မိုးကောင်းဓမ္မာရုံတွင် တရားဟောစဉ်ကလည်း တရားလည်းနာဖူး၏၊ တရားလည်း ထိုင်ဖူး၏။ တိပ်ခွေမှလည်း တရားနာဖူး၏။

ကျွန်ုပ်သည် ထိုစဉ်က အလုပ်များ တော်တော်များခဲ့၏။ မိမိ၏ဌာနဆိုင်ရာလုပ်ငန်းသာမက လူငယ်ရေးရာ ညကျောင်း အထက(၅) ဗိုလ်တထောင်တွင် အချိန်ပိုင်း ရူပဗေဒနည်းပြဆရာလည်း လုပ်ခဲ့၏။ သူငယ်ချင်းကိုသောင်းအောင်၏ ၃၈ လမ်း အောင်ပညာရေး နည်းပြမှာလည်း မနက်ပိုင်း၊ ညနေပိုင်း ဝန်ကြီးဌာနမှ ဒုဗိုလ်မှူးကြီးမျိုးမြင့် ဦးဆောင်သော အခမဲ့ကုသိုလ်ဖြစ် ညကျောင်း အထက(၄) ပုဇွန်တောင်မှာလည်း အတန်းတစ်တန်းမှာ ရူပဗေဒသင်ပေးခဲ့၏။ ထိုသို့သော အကြောင်းများကြောင့် အိမ်မှ မနက်စောစော ၅ နာရီခွဲလောက် ထွက်ခဲ့ရပြီး ညနေတွင် ည ၉ နာရီခွဲ၊ ၁၀ နာရီလောက်မှ အိမ်ပြန်ရောက်လေ့ရှိ၏။ သားသမီးများ အိပ်နေကြပြီဖြစ်၏။

တစ်ရက်တွင် သားကြီးနှင့် သမီးကြီးတို့ မအိပ်ခင် ကျွန်ုပ် အိမ်ပြန်ရောက်သွား၏။ သူတို့က ဖေကြီး . . ဖေကြီး၊ မေမေ ရွှေတုံးကလေးကောက်ရထားသည်ဟု ပြော၏။ ဟုတ်လား၊ ဘယ်ကရတာလဲ မေးရာတွင် ဇနီးဖြစ်သူက အိမ်ရှေ့လှေကား အဆင်းအတက် ဝန်းကျင်အနီးမှာ အိမ်ပြင်ဆင်ပြီးစ ရှိနေသော သစ်တိုသစ်စများကို ကောက်ယူရှင်းလင်းနေစဉ်မှာ တစ်စုံတစ်ခုနှင့် ပစ်ပေါက်လိုက်သကဲ့သို့ တဒေါက်ဒေါက်အသံမြည်ပြီး လိမ့်သွားသည်ကို တွေ့လိုက်၍ ကောက်ယူကြည့်ရှုရာမှ ရခဲ့သည်ဟု ဆို၏။ ဒါဖြင့် ပြစမ်းဟုဆိုရာ ဖိနပ်ချွတ်အကာ တန်းပေါ်တွင် နို့ဆီခွက်ထဲထည့်၍ သိမ်းထားသည်ကို ယူ၍ပြ၏။

"ဟယ် . . . ဒါ ဓာတ်လုံးကွ။ ရွှေရောင်ဓာတ်လုံး။ ရွှေတုံးမဟုတ်ဘူး။ ဒီလိုမထားရဘူး။ ပေး . . . ပေး"ဟု ဆို၍ ယူကြည့်သောအခါ အဆင့်မြင့်ဓာတ်လုံးဖြစ်နေပါသည်။ အဘတို့ ပဋ္ဌာန်းဆက်အရ ပေးသော ဓာတ်လုံးဖြစ်သည်။ ရေဖြင့် သန့်စင်ဆေးကြော၍ လက်ကိုင်ပဝါနှင့်ထုပ်ကာ ဖန်ပုလင်းထဲမှာထည့်ပြီး ဘုရားကျောင်းဆောင်အောက်ဘက်မှာ သိမ်းဆည်းထားလိုက်ပါသည်။ တရားထိုင်ပြီး အာရုံဖြင့် မေးလျှောက်ကြည့်သောအခါ လက်ဝါးဖြန့်လျက် အလယ်မှာ ဓာတ်လုံးကိုပြသဖြင့် မိမိမေးထားသည်ကို သတိမရ၊ ဆေးတိုက်သည်ထင်၍ ပါးစပ်ဟပေးမိသော် အာရုံပျောက်သွား၏။ သတိရ၍ ထပ်မေးသော် လက်ထဲမှာ ထည့်၍ပြသည်ကို အာရုံဖြင့် မြင်ရပြန်၏။ ဆရာကြီးဦးအေးကို ပြ၍ မေးကြည့်သောအခါ အဆင့်မြင့်သော ဓာတ်လုံးဟု ဆို၏။ ဆရာကြီးက လုံ့ခွန်အပိုရှိ၍ ဓာတ်လုံးကို လုံ့ထဲထည့်ပြီး ဖိုထိုးကြည့်လို၏။ ကျွန်ုပ်က အဘတို့ပေးထားသည်မို့ ပျောက်ဆုံးသွားမည်ကို စိုးရိမ်၍ သဘောမတူခဲ့ပါ။ ထိုစဉ်က ဆရာကြီးဦးအေးက ဖိုထိုးစဖြစ်၍ သိပ်မကျွမ်းကျင်လှသေးပါ။

ထို့နောက် အာရုံရသော ပုဂ္ဂိုလ်များကို၊ မေးကြည့်သောအခါ နောင်အခါ အသုံးချစရာကိစ္စ ပေါ်လာမည်၊ ကောင်းစွာသိမ်းထားပါဟု ဆို၏။ နိုင်ငံခြားသင်္ဘောတွင် Chief Engineer ဖြင့် လုပ်ကိုင်နေသော ကိုမြသန်းနှင့် မိတ်ဆက်ပေးခဲ့၍ ဆရာကြီးဦးအေးနှင့် ရင်းနှီးသွားကြသည်။ ဖိုထိုးခြင်းအတွေ့အကြုံရှိသူများဖြစ်၍ အမြင်ဖလှယ်နိုင်ကြ၏။ သူတို့နှစ်ဦး တစ်ဦးဦးပေးထားသော ဆေးဒါန်းဓာတ်လုံးတစ်လုံးနှင့် ဆရာဦးအေးသောင်း အခြေတည်ပေးသော အန္တောဓာတ်လုံးတစ်လုံးလည်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ရှိနေ၏။

ရပ်ကွက်ထဲမှ မိတ်ဆွေများနှင့် ပဲခူး အင်းတကော်ရှိ နံ့သာတောင်ဆရာတော် အရှင်ဥတ္တမ ဓာတ်စခန်းချရာ ကျောင်းသို့ ရောက်ရှိခဲ့၍ နောင်တွင် ရင်းနှီးခဲ့သည်။ ဆရာတော်သည် စေတီတစ်ဆူ တည်နေ၏။ အဓိဋ္ဌာန်ဝင်ခြင်း၊ ဂူအောင်းခြင်း၊ ဖိုထိုး၊ ပုတီးစိပ်၊ ပရိတ်ရွတ်ခြင်းဖြင့် သိဒ္ဓိလမ်း၊ မဟိဒ္ဓိလမ်း အားထုတ်နေ၏။ ကျွန်ုပ်မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေများ၊ လူနာများ၊ တပည့်များကို အကျိုးအကြောင်းပြောပြ၍ ပါဝင်လှူဒါန်းငွေများကို လတိုင်းနီးပါး သွားရောက်လှူဒါန်းခဲ့၏။ ဥပုသ်နာပိတ်သောအခါ အိမ်တွင်ပူဇော်ထားသော ဘုရားရှင်ဓာတ်တော်၊ ရှင်သီဝလိဓာတ်တော်၊ ရဟန္တာဓာတ်တော်များထဲမှ အချို့အဝက်ကို ဥပုသ်နာရန် ခွဲဝေလှူဒါန်းခဲ့ပါသည်။ ဆင်းတုတော်တစ်ဆူလည်း ပါသည်။ ဆရာတော်ကို ဓာတ်လုံးများ ပြသဖူးသည်။ အိမ်မှရသော ဓာတ်လုံးမှာ အဆင့်မြင့်သည်၊ ဆရာကြီးဦးအေးတို့ပေးသော ဓာတ်လုံးလည်း အတော်အဆင့်မြင့်နေပြီ၊ အန္တောဓာတ်လုံးမှာ သိပ်မမြင့်သေးဟု ဆို၏။ အဘဘိုးဘိုးအောင်ကို ယခင်က အိပ်မက်ထဲမှာ တွေ့မြင်ဖူးသည်ကို ပြောပြပြီး အပြင်မှာ လူကိုယ်တိုင် တွေ့မြင်လိုပါကြောင်း လျှောက်ထားခဲ့ဖူးလေသည်။

၁၉၈၅–၈၆ ခုနှစ်လောက်တွင် မိသားစုနှင့် ကိုယ့်ကားနှင့်ကိုယ် နှစ်ပတ်တစ်ကြိမ်ခန့် ရောက်ရှိခဲ့၏။ ဆရာတော်၊ ဆွမ်းစားကျောင်းတွင် ပရိသတ်များကို သက်သတ်လွတ်ထမင်းဟင်းဖြင့် ညှော်ခံကျွေးမွေး၏။ ဘုရားကျောင်းဆောင်ရှေ့မှထိုင်ထလျက် ဆရာတော်က စောင့်ကြည့်နေလေ့ရှိသည်။ ထိုသို့ထမင်းစားနေစဉ် တစ်ရက်တွင် ဆရာတော်မှ ဒကာကြီးဦးကျော်သန်းဟု လှမ်းခေါ်၍ ကြည့်လိုက်ရာ ဒကာကြီးတွေ့လိုသော ပုဂ္ဂိုလ်ကခေါ်နေတယ်၊ ဒီနံ့သာတောင်စွယ်ကိုကျော်၍ လယ်ကွင်းခြားပြီးသော တောင်၏ သစ်ပင်အောက်မှာ ရှိမယ်၊ သွားမည်လားဟု မေးလာ၏။ တွေ့လို၍ သွားချင်သော်လည်း တစ်ယောက်တည်း မိမိမကျွမ်းကျင်သော အရပ်ကို မသွားရဲ၊ မသွားတတ်၍ မသွားခဲ့နိုင်ပါ။ ဘယ်လိုသွားရမည်မသိ၍ မသွားလိုကြောင်းလျှောက်ထားပြီး အဘကို မှန်းဆ၍ ဦးတင်လိုက်ရသည်။

ဆရာတော်ထံတွင် အင်းအဲတတ်၊ ဖိုအတတ် တတ်ကျွမ်းသော၊ တစ်ချိန်က သိုင်းပညာရှင်ဖြစ်သော ဦးစိန်မြင့် ရှိနေသည်။ စဓဗဝ ချက်ဆေးကိုလည်း ထုတ်လုပ်ရောင်းချ၏။ ကင်ဆာရောဂါစသော ရောဂါများပင် ပျောက်ကင်း၏။ အားဆေးလည်းဖြစ်သည်ဆို၍ ရင်းနှီးသော ကင်ဆာလူနာတချို့ကိုလည်း သုံးစမ်းကြည့်၏။ ကျွန်ုပ်ကိုယ်တိုင်လည်း စားသုံး၏။ အားရှိသည်မှန်၏။ ကင်ဆာရောဂါ ပျောက်ကင်းမှုကိုတော့ မစွမ်းပါ။ သက်သာနိုင်ရုံမျှ ရှိ၏။

၁၉၉၀ ခုနှစ်တွင် ငယ်စဉ်က ဘဖုန်းကျောင်းတွင် ကိုရင်ဘဝနှင့် ဆုံခဲ့သော ဆရာတော်ဖြစ်နေသည့် ဗုဒ္ဓဝိဇ္ဇာဆရာတော်ကို ဆုံတွေ့ရ၏။ ရေကြည်ဇေတဝန်ကာရုံကျောင်းတွင် စာလိုက်ခဲ့ပြီး၊ ကြည့်မြင်တိုင်၊ ဗားဂရာကျောင်းများနှင့် မန္တလေးစာသင်တိုက်အပြင် သံဃမဟာနာယကဥက္ကဋ္ဌ မြင်းခြံဆရာတော်ဘုရားကြီးထံတို့တွင် ပရိယတ္တိစာပေများ ဆက်လက်လေ့လာခဲ့ပြီးမှ ဘုရားအနီး အနောက်ဘက်မုခ်ရှိ ကျောင်းတစ်ကျောင်းကိုဝယ်၍ ကျောင်းတည်စဖြစ်၏။ မြင်းခြံဆရာတော်ဘုရားကြီး၏ တောင်ဒဂုံစာသင်တိုက် တည်ဆောက်ခါစဖြစ်၍ ကျွန်ုပ်၏ညီငယ်က အုတ်သဲကျောက်များ တင်သွင်းခဲ့ရ၏။ သဲများ ကျင်းပေါင်းများစွာ ကျောင်းပြီးသည်အထိ အခမဲ့လှူဒါန်းခဲ့၏။ သူ၏သားလတ် ကျန်းမာရေးကိစ္စကို မြင်းခြံဆရာတော်ကြီးက သူ့တပည့်ဖြစ်သူ ဗုဒ္ဓဝိဇ္ဇာဆရာတော်ထံ ညွှန်၍ သွားရောက်ခဲ့၏။ ရေကြည်သားဆို၍ ဇေတဝန်ကာရုံဆရာတော်၏တူ ကိုကျော်သန်းကို သိလားမေးရာမှ ညီဖြစ်ကြောင်းပြောပြီး ဆက်သွယ်ပေး၍ ပြန်ဆုံကြ၏။

ထိုအချိန်တွင် ဗုဒ္ဓဝိဇ္ဇာဆရာတော်မှာ ကိုရင်လေးငါးခြောက်ပါးနှင့် သံဃာသုံးပါးမျှ ရှိ၏။ သွပ်မိုး၊ ထရံကာ၊ သစ်သားကျောင်းငယ်လေးဖြစ်၏။ ဘုရားဆုပန်၊ အဓိဋ္ဌာန်စခန်းတောစခန်းများ ထွက်ခဲ့ပုံကို သိရပြီး ဘုရားကို ကြည်ညိုသူဖြစ်၍ ဘုရားဆုပန် ရဟန်းတော်မို့ ငယ်စဉ်ကထက်ပို၍ ရင်းနှီးခဲ့၏။ နှစ်စဉ် ကထိန်ခင်းဖြစ်ခဲ့၏။ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆက်သွယ်ပေးခဲ့၏။ ဆရာတော်သည် တောထွက်စခန်းဝင်စဉ်က ယက္ကန်းတောင် ဆရာတော်ကြီးနှင့် အနီးကပ် ကိုယ့်ကျောင်းနှင့်ကိုယ်နေကာ အား ထုတ်ခဲ့သည်ဆို၏။ တစ်နှစ်တစ်ခါ ကထိန်ခင်းစဉ် ရငွေ၊ ပိုငွေများကို အုတ်ခဲများဝယ်စုထားခဲ့၏။ အုတ်



www.burmeseclassic.com

www.burmeseclassic.com

ချပ် ၅ ကျပ်၊ ၆ ကျပ်ခန့်က ဖြစ်၏။ သုံးနှစ်ခန့်ကြာသော် ငါးပင်၊ လေးပင်အတွက် အုတ်ဖိနပ်ချလိုက်၏။ ငွေ ၁၀ သိန်းခန့် ကုန်သွား၏။ နောက်နှစ်တွင် ကထိန်ရငွေ၊ ပိုငွေဖြင့် ပထမထပ်နှင့် တိုင်များပြီးအောင် သုံးထပ်ကျောင်းအတွက် ဆောက်ခဲ့၏။ ဘိလပ်မြေတစ်အိတ်ကို ၂၀၀ိ/–၂၅၀ိ/ ကျပ်သာပေးရသော ကာလဖြစ်၏။ ရန်ကင်းကျောက်ကုန်းမှ ဒေါ်ကောက်ပို့နှင့် မိတ်ဆွေများ တိုးပွားလာသောအခါ ဒေါ်ကောက်ပို့က ဦးဆောင်၍ သုံးနှစ်ကထိန်ခင်းခဲ့၏။ နောက်အခါ နိုင်ငံခြားသင်္ဘောကပ္ပတိန် ဦးလှဝင်း+ဒေါက်တာသောင်းသောင်းဆိုင်မိသားစုနှင့် ဆက်သွယ်လာသောအခါ ငွေကြေးထည့်ဝင်ခြင်း၊ ကထိန်ခင်းခြင်းဖြင့် ပထမထပ်အချောသတ်ပြီးခဲ့ပါသည်။ မုဒုံမှ ဆရာတော်၏ ရဟန်းဒကာမကြီးက လှူဒါန်းသဖြင့် ဒုတိယထပ်နှင့် တတိယထပ်များပါ ပြီးခဲ့လေသည်။ အမိုးများ၊ တိုင်များအတွက် သမက်နှင့် သမီးကြီးနှင့် ကျွန်ုပ်တို့မိသားစုကလည်း လှူခဲ့၏။ မိတ်ဆွေများ၊ ဆွေမျိုးများကလည်း လှူခဲ့၏။ သဲကျင်းများစွာကိုလည်း ကျွန်ုပ်ညီက လှူခဲ့လေသည်။ သို့သော် ငွေရတိုင်း တစ်ထပ်ပြီးတစ်ထပ် တိုး၍မြှင့်သွားသဖြင့် ရှစ်ထပ်ဖြစ်လာ၏။

ဆရာတော်၏ ဦးလေးက လက်သမားနှင့် ပန်းရန်အလုပ် တာဝန်ယူလုပ်ကိုင်ခဲ့၏။ ကျွန်ုပ်ကလည်း ကျောင်းကို မြန်မြန်ပြီးစီးစေလို၏။ ဆရာတော်၏ ဦးလေးက ဖိုထိုး၍ ရွှေလုပ်ငန်းလုပ်ဖူးသည်ကို ပြောပြ၍ ကျောင်းအောက်ထပ်တွင် ကျွန်ုပ်က ဖိုငှား၍ ဆရာတော်ခွင့်ပြုချက်ယူကာ ဖိုထိုးခဲ့ဖူးလေသည်။ ထိုလက်သမားဦးလေးပြောသောနည်းမှာ ကြေးနန်းကြိုးများမှ ကြေးကိုယူ၍ လုံထဲထည့်ပြီး အပေါ်က နန္ဒင်းစိမ်းတောင်းထည့်၍ လုံပိတ်ပြီး ဖိုထိုးရ၏။ ထို့နောက် ငွေအကြေစေ့ ဒန်သတ္တုကို ဓာတ်သားသုံးဆ၊ အကြွေဒန်တစ်စထည့်၍ လက်ချားခေ့ာ်ထည့်၍ ထိုးရ၏။ ထိုသို့ထိုးသောအခါ ပကတိရွှေအတိုင်း အရည်အသွေးကောင်းသော ရွှေရောင်ဓာတ်သားရခဲ့၏။ ကျွန်ုပ်က ထိုကဲ့သို့ လွယ်လွယ်ကူကူဖြင့် ရွှေရမည်မထင်ခဲ့ပါ။ အံ့သြမှုဖြစ်ရသော်လည်း သေချာအောင် ရွှေစားငရဲမီးဖြင့် စမ်းသပ်သောအခါ ငရဲမီးမခံကြောင်း တွေ့ရသဖြင့် ရွှေလုပ်ခြင်းကိစ္စကို ဆက်မလုပ်ဖြစ်ခဲ့ပါ။

သို့သော် ကျွန်ုပ်တွင် ရှိနေသော ဆေးဒါန်းဓာတ်လုံးကို လုံခွံထဲထည့်၍ လက်ချားထည့်ပြီး လုံပိတ်ကာ မီးပေးခဲ့၏။ ထိုလုံခွံဖြင့် ရွှေရောင်ဝင်းလက်နေသော ဓာတ်သားကို ထည့်ပြီး ဖိုထိုးကြည့်မိ၏။ နာရီဝက်ခန့်ဖိုထိုးပြီး အအေးခံ၍ ချော်များကိုဖယ်ပြီး ဓာတ်သားကို ထုတ်ယူသောအခါ ရွှေရောင်အစား ငွေရောင်ဖြူဖွေးနေသော ဓာတ်သားကို ရခဲ့ဖူးလေ၏။ ဘာဆက်လုပ်ရမည်မသိ ဖြစ်နေ၏။ ဆရာကြီးဦးအေးလည်း မရှိသေး၍ မမေးနိုင်။ နံ့သာတောင်ဆရာတော်လည်း မရှိ၍ မမေးနိုင်ဖြစ်ခဲ့လေသည်။

နောက်ထပ် ဖိုထပ်ထိုးရာ ဓာတ်သားလျော့နည်းသွား၏။ ဆက်မထိုးဖြစ်ခဲ့ချေ။ ထိုသတ္တိပေါ်ခြင်းမှာ ကျွန်ုပ်၏ ဆေးဒါန်းဓာတ်လုံး၏ သတ္တိလည်း ပါမည် သေချာ၏။ ဆေးဒါန်းဓာတ်လုံးကို မီးပိုရစေရန် ဆက်လက်ထိုးမိရာ တဖြည်းဖြည်းငယ်သွားပြီး ကုန်သွားတော့၏။ စိတ်မကောင်းဖြစ်ခဲ့ရ၏။ ဖိုထိုးခြင်းလည်း မလုပ်ခဲ့တော့ချေ။ ဆရာတော်ကလည်း အဓိဋ္ဌာန်စခန်းဝင်၏။ ကျွန်ုပ်ကလည်း ကျောင်းပြီးစေရန် ကူညီသူများ ပေါ်ပေါက်စေရန် အဘတို့ထံ ခဏခဏ လျှောက်ထားတောင်းပန်ခဲ့၏။

ဆရာတော်သည် ကျောင်းမှာ သုံးထပ်လောက်ပြီးသော်လည်း အကာအရံမပြီးသေးသော်လည်း တာလပတ်ကာရံထားပြီး စာသင်တိုက်စ၍ တည်ဖြစ်လေသည်။ မုဒုံမှ ရဟန်းဒကာမမကြီး၏ ရဟန်းတော်ကို ဦးစီးစာချရန် ပင့်ခေါ်၍ စာသင်သားများကို စာချစေခဲ့သည်။ သံဃာအပါး ၄၀/၅၀ ခန့် ရှိနေ၏။

ထိုအချိန်တွင် ညောင်ပင်လေးဈေးအဖွဲ့သူအဖွဲ့သားများ၏ ဗုဒ္ဓသာသနာ ပြန့်ပွားအောင် ထောက်ပံ့ဆောင်ရွက်နေသော ဈေးအဖွဲ့သည် သုံးနှစ်တစ်ကြိမ် တစ်မြို့နယ်တွင် ကျောင်းတစ်ကျောင်းအပြီး ဆောက်လုပ်ပြင်ဆင်ပေးနေရာမှ ပြီးသွား၍ နောက်ထပ် မြို့တစ်မြို့ကို မဲနှိုက်ရွေးခဲ့ရာ သာကေတမြို့ မဲကျ၏။ သာကေတမြို့နယ်အတွင်းရှိ ကျောင်းစာသင်တိုက်များကို လိုက်လံကြည့်ရှုရာမှ ကျွန်ုပ်တို့၏ မပြီးစီးသေးသော ဗုဒ္ဓဝိဇ္ဇာစာသင်တိုက်ကို ရောက်ရှိတွေ့ရှိသွားခဲ့လေသည်။ ဆရာတော်ထံတွေ့ဆုံ၍ အကျိုးအကြောင်းလျှောက်ထားပြီး ကျောင်းကို ပြီးစီးအောင် သုံးနှစ်ဆက်တိုက် ကထိန်ခင်းခြင်း၊ အလှူ

www.burmeseclassic.com

ငွေထည့်၍ ဆောက်လုပ်မှုပြီးစီးအောင် ဆောင်ရွက်ပေးခဲ့လေသည်။ ထိုသို့ တွေ့ရှိစဉ်က ဝရန်တာများလည်း ချဲ့ထွင် အခြေတည်ပြီးသား ဖြစ်ခဲ့ပါသည်။

ဆရာတော်နှင့် တွေ့ချိန်မှစ၍ နှစ်စဉ် ဝါဆိုသင်္ကန်းကပ်ခြင်း၊ ကထိန်ငွေထည့်ဝင်ခြင်း၊ ကောက်ခံပါဝင်ခြင်းများကို ယခုတိုင် ပါဝင်လှူဒါန်းခဲ့ပါသည်။ စာသင်တိုက် စတင်တည်ထောင်စဉ်မှစ၍ အခက်အခဲအမျိုးမျိုး ရှိသော်လည်း ယခုအခါ ကောင်းစွာကျော်လွှန်ခဲ့ပြီးဖြစ်၏။ ပရိယတ္တိစာပေငယ်၊ လတ်၊ ကြီး၊ ဓမ္မစရိယတန်းများ အောင်ချက်လည်း ကောင်းလှပါသည်။ ဒုတိယနှစ်မှစ၍ သာကေတတစ်မြို့နယ်လုံးတွင် ပထမရရှိသကဲ့သို့ ရန်ကုန်တိုင်းအတွင်း အောင်ချက်ကောင်းကျောင်းတော်ကြီး တစ်ကျောင်းဖြစ်ခဲ့ပါသည်။ ပြီးခဲ့သော စာမေးပွဲတွင် ဓမ္မာစရိယတန်း၌ ခြောက်ဘာသာဂုဏ်ထူးပင် ထွက်ပြီးဖြစ်ပါ၏။ ဘုရားဆုပန်ဆုထူးပန်ဆရာတော်၏ သာသနာပြုအခြေပြုစာသင်တိုက်ကြီးအတွက် ဝမ်းမြောက်ဖွယ် ဖြစ်ပါတော့သည်။

ယခုတစ်ဖန် ဆရာကြီးဦးအေးသင်ပြပေးသည်ကို ဆရာကြီးကိုယ်တိုင် လက်ရေးနှင့် ရေးပေးသည်လည်းရှိ၊ ကျွန်ုပ်မှတ်သားထားသည်လည်းရှိသော အင်းကစား၊ အင်းချ၊ အင်းရေးဆွဲရာတွင် အသုံးပြုရွတ်ဆိုရသော စာသားများ မှတ်တမ်းတွေ့ရှိ၍ နှောင်းလူများ လိုအပ်ပါက ကောင်းကျိုးများအတွက် အသုံးပြုရန် ဖော်ပြလိုပါသည်။

**အင်းရေးဆွဲရာတွင် လိုက်နာရန်စည်းကမ်း**

(၁) အင်းဘောင်မျဉ်းသားသော် 'ဟိန်း'၍ ရွတ်ဆိုရမည့်စကားရပ်။

ဉုံ စတုပစ္စံ မဟာရဇ္ဇံ ကျွန်းကြီးလေးကျွန်း၊ ဤတွင်တည်စေ ... ဟု ရွတ်ဆို၍ မျဉ်းသားချက်ပြီးဆုံးမှ ရွတ်ဆိုမှုကို ရပ်ရမည်။ ဘုရားရှိခိုး၊ သီလယူပြီးမှ ပြုရမည်။

(၂) အင်းဖွဲ့အက္ခရာရေးသွင်းသော် ရွတ်ဆိုရန်မှာ ဥပမာ စ–အက္ခရာကို ရေးသွင်းပါမူ ဉုံ 'စ'အက္ခရာ မေကာဠ ဗုဒ္ဓရူပံ ... စ၊ အက္ခရာတစ်လုံး ဘုရားတစ်ဆူတည်တော်မူပါစေသတည်း။ ဉုံ 'ဓ'အက္ခရာ မေကာဠ ဗုဒ္ဓရူပံ ... စ၊ အက္ခရာတစ်လုံး ဘုရားတစ်ဆူတည်တော်မူပါစေသတည်း။ စသည်ဖြင့် ရေးသော အက္ခရာရှေ့မှ ဉုံခံ၍ 'စ'ကို ရေးသလို 'ဓ'ကို ရေးသကဲ့သို့ ရေးပါ။ နမူနာပြပုံ။

(၃) မျဉ်းလွန်၊ မျဉ်းတိုနှင့် အက္ခရာများ မလုံ၍ ပြန်ဖျက်လိုပါက ...

ဉုံ သစ္စာ သရဏံ တည်စေသတည်း၊ ကျေပါစေသတည်းဟုဆိုရင် 'ဟိန်း'၍ ဖျက်ရမည်။

၄။ အင်းဖွဲ့ စသည်၌ သင်္ချာဂဏန်းများ ရေးသားထည့်သွင်းလိုပါက အောက်ပါအတိုင်း ဟိန်း၍ရေးရမည်။

၁ ဂဏန်းရေးသော် ဉုံ ဧကော ဓမ္မော သမ္မာ သမ္ဗုဒ္ဓေါ တိဋ္ဌတု။

၂ ဂဏန်းရေးသော် ဉုံ ဒွိပဒုတ္တ မောဇိနော တိဋ္ဌတု။

၃ ဂဏန်းရေးသော် ဉုံ တြိပိဋက ကတ္တုယံ တိဋ္ဌတု။

၄ ဂဏန်းရေးသော် ဉုံ စတု သစ္စဝေဒေန တိဋ္ဌတု။

၅ ဂဏန်းရေးသော် ဉုံ ပဥ္စဗုဒ္ဓါ မဟာတေဇာ တိဋ္ဌတု။

၆ ဂဏန်းရေးသော် ဉုံ ဆပု–ညာဘိ တိဋ္ဌတု။

၇ ဂဏန်းရေးသော် ဉုံ သတ္တ ဗောဇ္ဈင်္ဂါနိ တိဋ္ဌတု။

၈ ဂဏန်းရေးသော် ဉုံ အဋ္ဌ–မဂ္ဂင်္ဂါနိ တိဋ္ဌတု။

၉ ဂဏန်းရေးသော် ဉုံ နဝဗုဒ္ဓ ဂုဗောန တိဋ္ဌတု။

၀ ဂဏန်းရေးသော် ဉုံ မဟာ သုညနိဗ္ဗာနံ တိဋ္ဌတု ဟုဆို၍ အသီးသီးရေးရမည်။

(၅) အချိန်နာရီမရွေး အင်းချရာတွင် ပထမဆုံးရွတ်ဆို၍ 'ဟိန်း'ဂါထာတော်မှာ ...

(က) ဖယာန္တော ဗောဓိယာမူလေ၊ သကျာနံ၊ နန္ဒိဝဖနော၊ ဧဝမေဝ ဖယောပောတု၊ ဖယသု ဖယမင်္ဂလေ။

(ခ) အပရာဇိတ ပလ္လင်္ကေ၊ သီသေပုထုဝိပုက္ခလေ၊ အဘိသေကေ သဗ္ဗ ဗုဒ္ဓါနံ အဂ္ဂပ္ပတ္တော ပမောဒတိ။

(ဂ) သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ၊ သုဟုဋ္ဌိတံ၊ သုခဏော သုမုဟုတ္တောစ သုယိဋ္ဌံ ဗြဟ္မစာရိသု။

(၆) 'ဠ' သညင်းချိတ်နဝင်း ပိတ်ရေးပုံ ...

(က) အဋ္ဌမဂ္ဂင်္ဂါနိ ဆို၍ '၈' ဂဏန်း(ရှစ်ဂဏန်း)ကို ရေးပြီး။

(ခ) တြိပိဋကတ္တယံ ဆို၍ '၃' ဂဏန်းကို ဆက်ရေးပါ။

(ဂ) သတ္တဗောဇ္ဈင်္ဂါနိ ဆို၍ '၇' ဂဏန်းကို ဆက်ရေးပါ။

(ဃ) သုညာဂါရေဝ သုညာဘဝန္တိ ဆို၍ သုည '၀'ဂဏန်းကို ဆက်ရေးပြီး ပိတ်ဝိုင်းပါ။ များများရေး



www.burmeseclassic.com

www.burmeseclassic.com

ကျင့်ပါက 'ဠ'လှလှပပ နဝင်းပိတ်ကို ရမည်။

**အမှာစာ** ။ ဓား၊ လှံ၊ သေနတ်၊ အမြောက် ပြီးသည်။ ကျည်လွဲသည်ဟု အဆိုရှိ၏။

(၇) တောတောင်အရပ်ကို ဝင်သောအခါ ဘေးကင်းရန် အာစေးထည့်ဂါထာကို ဂ အုပ်ရွတ်ပြီးမှ ဝင်ပါက ဘေးရန်အန္တရာယ် ကင်းသော်လည်း ပြန်အထွက်တွင် အာစေးဖြေဂါထာကို ရွတ်ဆိုဖြေပေးပြီးမှ တောတောင်မှ ပြန်ထွက်ရန် လုံးဝမမေ့မလျော့ကြနဲ့ဟု မှာ၏။

(က) အာစေးထည့်ဂါထာ ...

ဦ ဗုဒ္ဓတေဇေန ပု-ဒိ-အာ

ဦ ဓမ္မတေဇေန ပု-ဒိ-အာ

ဦ သံဃတေဇေန ပု-ဒိ-အာ

ခုနစ်ကြိမ် ရွတ်ဆိုပြီးမှ ဝင်ပါ။

(ခ) အာစေးဖြေဂါထာ ...

ဦ ဗုဒ္ဓတေဇေန အာ-ဒိ-ပု

ဦ ဓမ္မတေဇေန အာ-ဒိ-ပု

ဦ သံဃတေဇေန အာ-ဒိ-ပု

ဟု ခုနစ်ကြိမ်ရွတ်ပြီးမှသာ တောတောင်မှ ပြန်၍ထွက်ရမည်။ ဖြေဂါထာ မမေ့မလျော့ရွတ်ပါ။

(၈) အထက်ပုဂ္ဂိုလ်များထံမှ ပညာရင်နို့ သောက်စို့လို၍ အတတ်ပညာတောင်းလိုပါလျှင် ပုတီးစိပ်ရမည်။

(က) ဦ နမော ဗုဒ္ဓယျ သော ဘဂဝါ ဣတိပိ ပု ဒိ အာ သိဒ္ဓိ၊ တစ်ပုဒ်လုံး ရွတ်ဆိုပြီးမှ ပုတီးတစ်လုံး ချ၍ ၁၀၈ လုံးပုတီးကို စိပ်ပါ။

(ခ) ပုတီးစိပ်ပြီးပြည့်သော် ...

"ဩောင်း ... သံ ဂုံ ပမ ယျ နမော ဗုဒ္ဓါယျ သွားဟုံဟုံ"ဟု အရှိန်အဝါ တွမ်ကြီးစေမှုကို ရွတ်ဆိုပါ။

(ဂ) မိမိလိုအပ်သော ပညာရပ် တစ်ခုကို နည်းစနစ်ကျနစွာ ထိုးထွင်း၍ သိသောဉာဏ်ကို ရလာစေ၏ဟု မှာခဲ့ပါသည်။

(ဃ) အဋ္ဌာရသ အင်းချပုံကို သင်ပြပေးထားသည်ကို ဖော်ပြပါမည်။ အင်းပုံစံကို ပညာရပ်ဆိုင်ရာစာအုပ်တွင် ရှာဖွေကြည့်ပါ။ လေ့လာပါ။

(င) အထောင့်အရပ် လေးမျက်နှာအတွက်၊

၁။ သ ၈ တေသရာဇာ ဟုဆို၍ အပါအရပ်မှာ 'စ'အက္ခရာကို ရေးပါ။

၂။ ည ၆ နာဂေ ဟုဆို၍ စနေအရပ်မှာ 'ခ'အက္ခရာကို ရေးပါ။

၃။ ခ ဗ ဟဋ္ဌေ ဟုဆို၍ ရာဟုအရပ်မှာ 'ဗ'အက္ခရာကို ရေးပါ။

၄။ ဋ ဝ ဂဠုန် ဟုဆို၍ တနင်္ဂနွေအရပ်မှာ 'ဝ'အက္ခရာကို ရေးပါ။

(စ) အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတွင်

၁။ ဖျွဲ့မ န ဟု ဆို၍ အနောက်အရပ်မှာ န အက္ခရာကို ရေးပါ။

၂။ ဗျက္ခိုကား မ ဟုဆို၍ အရှေ့အရပ်မှာ မ အက္ခရာကို ရေးပါ။

၃။ တဏ္ဍိ ဗ တည် ဟု ဆို၍ တောင်အရပ်တွင် ဗ အက္ခရာကို ရေးပါ။

၄။ ပူး ခ တစ်လုံးဂြိုဟ်သုံးထွက်စစ် နှစ်ဆယ့်တစ်ဆို၍ မြောက်အရပ်တွင် ခ အက္ခရာကို ရေးပါ။

(ဆ) စ-ခ ထည့်ရန် လက်ာမှာ

(၁) ခြ သေ့၊ ထီး၊ ဆောင်း၊ ၁။ ပေါင်း၊ ဝင်း၊ ရာ၊

(၂) ဦး သာ စိန် ပန်း ဒါန်း ထု ထိုး ရှာ ဟူသော လက်ာကို နေ့နံ ဂြိုဟ်သက်ထုတ်၍ ညွှန်ကြားချက်အတိုင်း စမ ထုတ်လေဟု မိန့်မှာခဲ့၏။

(ဃ) ညွှန်ကြားချက် ။ စမထုတ်နည်း လက်ာမှာ -

"ကျားနှင့် ခြင်္သေ့၊ ကြွက်ကို တွေ့က၊ ပဋ္ဌဘုဋ္ဌ၊ ဆင်မှာတြိန်း၊ စားကိန်းမှန်လှ၊ နာဂဆယ်ပင်၊ ပူးဟိုင်းတွင်မူ၊ စာချင်တုံပါ၊ ခွေးနှင့်သာတည်၊ တေဇကြီးမား၊ ဂဠုန်အားကိုး စားပါရစ်ခု၊ လိုရာပြုမှ၊ ကြွင်းသေသကို၊ လိုတအက္ခရာ၊ အစဉ်မှာလျှင်၊ နတ်ပါချင်၍၊ နောက်ဆုံးတွေ့က၊ ပေါင်းကြမလွဲ၊ သုံးမြဲကေန်၊ တွက်ရိုးမှန်လှ၊ နဂါးလည်းသေ၊ ရောင်လေးထွေနှင့်၊ ဖြူရွှေနီဝါ၊ ဖြစ်တုံလာ၏"ဟူသော လက်ာအရ အဓိပ္ပာယ်ကောက်၍ စမ ထုတ်ယူပါသည်။

(င) ဆရာကြီးဦးအေးက စမထုတ်နည်းကို လူတိုင်းမပေးကောင်းဟု မှာခဲ့၍ လက်ာကိုသာ ဖော်ပြလိုက်ရပါသည်။ ရွှေလုပ်ရပ် အင်္ဂါယထိုးနည်းကို မည်သူမှ မပေးရ မှာခဲ့သည်ကို ဖော်ပြထားပြီး၍ စမထုတ်နည်းကို မသင့်လျော်သူများက သင့်ရာမှာမသုံး၊ မသင့်ရာမှာ သုံးခဲ့သော် ကောင်းကျိုးမရ၊ အကုသိုလ်အကျိုး ဖြစ်မည်စိုး၍ မိမိတို့ ဉာဏ်စွမ်းဖြင့်သာ ဖော်ထုတ်ပါရန် ဖော်ပြလိုက်ပါသည်။ သည်းခံခွင့်လွှတ်နိုင်ပါစေ ...။

မေတ္တာ၊ သစ္စာ၊ သည်းခံ

**ဖိုးသန်းကျော်**

**(ရေကြည်သား)**



www.burmeseclassic.com

www.burmeseclassic.com

# မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏

# ဒက္ခိဏေယျ

# ဂုဏ်တော်ပွားများနည်း

ဒေါက်တာသန်းမှိုင်းလင်း

သံဃာတော်၏ အကျိုးဂုဏ်ငါးပါးအနက် ဒုတိယ အကျိုးဂုဏ်ဖြစ်သော ဒက္ခိဏေယျဂုဏ်တော်ကို အာရုံပြု၍

"ဿ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော" ဟု စိတ်က ရွတ်ဆိုကာ ပုတီးတစ်လုံး စိပ်တော်မူပါသည်။

"ဿ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော" ဟူသည်မှာ -

ဘဂဝတော-မြတ်စွာဘုရား၏ ဿ သာဝကသံဃော-ဤတပည့်သား သံဃာတော်သည်၊ ဒက္ခိဏေယျော-မြတ်သောအလှူကို ခံတော်မူထိုက်၏ဟု အနက်အဓိပ္ပာယ်ကို ရရှိပါသည်။

မြတ်သောအလှူဟူသည်မှာ အလှူမှန်၊ အလှူကောင်းကိုသာ ဆိုလိုပါသည်။

"ဤဘုန်းကြီးသည် ငါ့ကို ဆေးကုပေးလိမ့်မည်၊ ငါ့ကို ဗေဒင်ဟောလိမ့်မည်"ဟု တစ်စုံတစ်ခု မျှော်ကိုးချက်ဖြင့် လှူဒါန်းခြင်းသည် မြတ်သောအလှူ မဖြစ်နိုင်ပါချေ။

ဤမြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ်သည် ဒက္ခိဏေယျ မည်ပါသည်။ ဒက္ခိဏေယျပုဂ္ဂိုလ်ဖြစ်အောင် အလှူခံဖြစ်သော သံဃာတော်သည် သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးနှင့် ပြည့်စုံရပါမည်။ သို့မှသာလျှင် လှူသောပုဂ္ဂိုလ်တွင် အကျိုးကြီးကြီး ရရှိပါလိမ့်မည်။ ဤသို့လျှင် အကျိုးကြီးကြီးရရှိစေတတ်သော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသည့် ဂုဏ်ရှိတော်မူသော သံဃာတော်သည် အလှူမှန်၊ အလှူကောင်းကို ခံထိုက်သော ဒက္ခိဏေယျ ပုဂ္ဂိုလ် မည်ပေသည်။

ထို့ကြောင့် ရတနသုတ်ပါဠိတော်၌ -

"ယေပုဂ္ဂလာ အဋ္ဌသတံပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိဟောန္တိ၊
တေဒက္ခိဏေယျ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ၊ မဟပ္ဖလာနိ" စသည့် ဘုရားအစ

ရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာပုဂ္ဂိုလ် ရှစ်ပါးသည် အစုံအားဖြင့် လေးစုံရှိ၏။ မြတ်စွာဘုရား၏ တပည့် သာဝကဖြစ်သော ထိုအရိယာတို့သည် မြတ်သောအလှူကို ခံတော်မူထိုက်၏။ ထိုအရိယာတို့အား လှူတတ်သမျှ အလှူဒါနများသည် အကျိုးကြီးမားလှပေ၏" ဟူ၍ မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့ပါသည်။ ဤအရိယာများကား အလှူကို အကျိုးကြီးရစေတတ်သော သီလ၊ သမာဓိ၊ ပညာ ဂုဏ်များ ရှိကြ၍ အလှူမှန်၊ အလှူကောင်းကို ခံယူတော်မူထိုက်သော ဒက္ခိဏေယျပုဂ္ဂိုလ်များပင် ဖြစ်ကြပေသည်။

ဒက္ခိဏေယျအရ အလှူခံပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှစ၍ သူတောင်းစားအထိ ဆယ်မျိုးရှိပါသည်။ ထို့ပြင်လည်း မိဘ၊ ဆရာသမားတို့လည်း ရှိပါသေး၏။ ဤဒက္ခိဏေယျ ဂုဏ်တော်သည် သံဃာအရာဖြစ်၍ အရိယာသံဃာတော်နှင့် သမ္မုတိသံဃာကို ညွှန်းဆိုပါသည်။

သမ္မုတိသံဃာသည် ရတနသုတ်တော်လာ သံဃာ



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော်အရ ဒက္ခိဏေယျ မဟုတ်ရကား လှူ၍ အကျိုးကြီးကြီးရပါမည်လားဟု သံသယဖြစ်စရာ ရှိပေသည်။ အချို့ရဟန်းများမှာ ဝိနည်းသိက္ခာနှင့်မညီ၍ ဒါယကာတို့ စိတ်ကွက်တတ်ပေသည်။ မပေးချင်၊ မလှူချင် ဖြစ်တတ်ပါသည်။ သူတောင်းစားနှင့်ယှဉ်၍ သူတောင်းစားကိုသာ ပေးကောင်းပေးမည်။ ဤသို့သော ရဟန်းကို ပေးလှူလိမ့်မည် မဟုတ်ပါချေ။ သို့သော် အရိယာပုဂ္ဂိုလ်ကို ပေးလှူခြင်းသည် ပုဂ္ဂလိကဒါနသာ ဖြစ်သည်။ သံဃိက ဒါနအဖြစ်ချေ။ သံဃိက ဒါနမဟုတ်က အလှူအကျိုးမကြီးနိုင်ပါ။ ထို့ကြောင့် အလှူအကျိုးကြီးအောင် မြတ်စွာဘုရားရှင်က သံဃိက ဒါနကို ဦးစားပေးတော်မူခဲ့ခြင်း ဖြစ်တော်မူပါသည်။ သံဃိကဒါနသည် အိမ်ထောင်သားမွေးပြုလျက် သင်္ကန်းနှင့် လည်ပင်းမှာ ပတ်ထားသည့် ဒုဿီလ ပုဂ္ဂိုလ်၌သော်လည်း သံဃာကို ရည်မှတ်၍ အရိယာသံဃာနှင့် မခွဲခြားဘဲ လေးလေးစားစား ရိုရိုသေသေ ပေးလှူလျှင် ဘုရားအမှူးရှိသော အရိယာသံဃာတော်အား ပေးလှူရသကဲ့သို့ မရေမတွက်နိုင်သော ကောင်းကျိုးကို ပေးစွမ်းနိုင်လေသည်။

သံဃိကဒါနမြောက်အောင် သံဃာအပေါ်၌ စိတ်ညွတ်ရန် ခဲယဉ်းလှပါသည်။ သံဃာထဲမှသာ စာရေးတံမဲသာမထေကို ရခြင်းကြောင့် စိတ်မကြည်လင်ခဲ့သော်လည်း မထေရ်ကြီးကိုရခြင်းကြောင့် ဝမ်းသာအားရဖြစ်ခဲ့သော်လည်းကောင်း။ သံဃာအပေါ်၌ စိတ်မရောက်တော့ပေ။ စာရေးတံမဲရသော သံဃာအပေါ် ဂုဏ်ကြီးဂုဏ်ငယ် မခွဲခြားဘဲ သံဃာအဖြစ်ဖြင့် ပေးလှူနိုင်မှသာလျှင် သံဃိကဒါနအရာ မြောက်ပါသည်။ ဤနေရာတွင် ကျောင်းဒါယကာတစ်ဦးကို နမူနာယူပါကသင့်တော်ပါသည်။

သမုဒ္ဒရာ တစ်ဖက်ကမ်း၌ ကျောင်းဒါယကာသူကြွယ်သည် သံဃိကအလှူ လှူအံ့ဟု သံဃာထံသွားကာ ရဟန်းတစ်ပါး တောင်းခံပါသည်။ ဒုဿီလရဟန်းတစ်ပါးကိုသာ ရခဲ့၏။ နေရာထိုင်ခင်း သန့်ရှင်းစွာ တန်ဆာဆင်၏။ အထက်မှာလည်း ဗိတာန်မျက်နှာကြက်အပြင် ပန်းနံ့သာအမွှေး အထုံတို့ဖြင့် ပူဇော်ခဲ့ပါသည်။ ရိုသေစွာ ခြေဆေးပေး၏။ ဆီလိမ်းပေး၏။ မြတ်စွာဘုရား ကိုယ်တော်တိုင်ကဲ့သို့ တရိုတသေလှူဒါန်းပူဇော်၏။ မွန်းလွဲသောအခါ ဤရဟန်းလာ၍ ကျောင်းပြင်ရန် ပေါက်တူးတောင်း၏။ ထိုဒါယကာသည် နေရာမှမထဘဲ ခြေဖြင့်ခတ်၍ ပေးလိုက်ပါသည်။

ထိုအထက်ပါအကြောင်းအရာကို အိမ်ရှိလူများက မေးသောအခါ နံနက်ကပြုခဲ့သော ရိုသေမှု၊ သံဃာအား ပြုသောရိုသေမှုသာ ဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့ပါသည်။

(ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဒက္ခိဝိဘင်္ဂသုတ်အဖွင့် ၂၂၅/၂၆၆)

ဒုဿီလမှန်းသိပါလျက် သံဃာအပေါ် စိတ်ညွတ်အောင် လှူဒါန်းနိုင်မှသာလျှင် ရဟန္တာပုဂ္ဂိုလ်အား လှူရသော ပုဂ္ဂလိကဒါနထက် သံဃာ့ကိုယ်စားလှယ် ဒုဿီလရဟန်းအားလှူရသော သံဃိကဒါနက သာလွန်မွန်မြတ်၏။ အကျိုးကြီး၏။

ထို့ကြောင့် သံဃိက လှူဒါန်းသောအခါ သမ္မုတိသံဃာများ၌ လှူရစေကာမူ အရိယာသံဃာကို ရည်စူး၍ လှူဒါန်းသင့်ပါသည်။ "အကြင်ပုဂ္ဂိုလ်တို့သည် အရိယာသံဃာတော်တို့ကိုရည်စူး၍ သမ္မုတိသံဃာကို လှူဒါန်း၏။ ထိုသူတို့သည် ကောင်းစွာလှူအပ်၊ ပူဇော်အပ်သည်မည်၏။ သံဃာ၌ ရောက်လျက်တည်သော ထိုအလှူကို ကြီးမြတ်သောအကျိုးရှိ၏"ဟု ဘုရားရှင်တို့ ချီးမွမ်းခြင်းပြုတော်မူပါသည်။ ဤအကြောင်းကို ဝိမာနဝတ္ထုပါဠိတော် (နှာ-၆၂)တွင် ဖော်ပြထားပါသည်။

ထို့ကြောင့် သုပ္ပဋိပန္န စသော အကြောင်းဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သံဃာတော်၏ အကျိုးဂုဏ် ငါးပါးအနက် တတိယအကျိုးဂုဏ်ဖြစ်သော "ဒက္ခိဏေယျ"ဂုဏ်တော်ကို အာရုံပြု၍ မင်းကွန်းဆရာတော်ကြီးသည် -

"သေ ဘဝဂတော သာဝကသံဃော ဒက္ခိဏေယျော"ဟု စိတ်က ရွတ်ဆိုကာ ပုတီးတစ်လုံး စိပ်တော်မူခြင်း ဖြစ်ပါသည်။

သတ္တဝါဟူသမျှ တရားရ၍ ချမ်းမြေ့သာယာ ရှိကြပါစေ။

**ဒေါက်တာသန်းမှိုင်းလင်း**

**စာကိုး**

ကျော်လှိုင်၊ ဝိဇ္ဇာ(ဂုဏ်ထူး) မဟာဝိဇ္ဇာ (သက္ကတ)၏ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ပုတီးစိပ်နည်း။



www.burmeseclassic.com

www.burmeseclassic.com

# ကြောင်းကျိုးမျှတ လူ့ဘဝ

## ရေကျော်စိုးအောင်

အကြောင်းတရားနှင့်ကင်းသော အကျိုးတရားမရှိ။ အကြောင်းနှင့်အကျိုး ဆက်စပ်နေ၍ ဖြစ်သည်။ လူ့ဘဝဟူသည် မွေးဖွားသည်မှ သေဆုံးချိန်အထိဟု သတ်မှတ်လေ့ရှိကြသည်။

လူ့ဘဝစသည်နှင့် အရေးသုံးပါးနှင့် ကင်းကွာ၍လည်း မရကောင်း။ အရေးသုံးပါးဟာ စားရေး၊ နေရေး၊ ဝတ်ရေးဟူ၍ ဖြစ်သည်။ လူ့ဘဝဆိုသည့် စကားသုံးလုံး စားဝတ်နေရေးဟူသည့် စကားသုံးလုံး ယင်းစာလုံး ခြောက်လုံးသည် အကြောင်းကျိုးဆီလျော်စွာ တည်မှီနေကြ၏။

စာရေးသူ၏ ငယ်စဉ်ဘဝ အချိန်တွင်း မှတ်မိသည့် အကြောင်းများလည်း ရှိ၏။ ရေးတေးတေး ဝါးတားတား ဘဝ အသိများလည်းရှိ၏။ အမှန်စင်စစ် လူ့ဘဝစရသည်နှင့် ပိုင်ပိုင်နိုင်နိုင်အတွေးများ၊ အလေ့အကျင့်ကောင်းများ ငယ်စဉ်က ရှိနေခဲ့ပါလျှင် လူ့ဘဝကို ကောင်းကျိုးအထွေထွေနှင့် စနစ်တကျ ဖြတ်သန်းနိုင်မည် ဖြစ်သည်။

ရရှိလာသည့် လူ့ဘဝကို စနစ်တကျ နားလည်ရမှန်း မသိခဲ့ ကျောင်းသွား၏။ ကျောင်းစာကိုအပတ်တကုတ် ကြိုးစားမသင်အံမိခဲ့။ ကျောင်းလွှတ်သည်နှင့် စာအုပ်၊ လွယ်အိတ်က တခြား လူကတစ်ဘာသာ ဖြစ်ခဲ့ရ၏။ အမေက စာရေးသူတို့အတွက် စားဝတ်နေရေးနှင့် ငွေရှာရ၊ လုံးပန်းနေချိန်အတွင်း အဖေကွယ်လွန်ခဲ့သည်။ ဆွေမျိုးအားပကိုးတတ်သည့် အမေ သားသုံးယောက်၏ဘဝအား အရပ်ကိုအပ်ထားခဲ့သည်။

ငယ်သူငယ်ချင်းများ၏ စရိုက်တွေက အမျိုးမျိုး။ သူ့စရိုက် သူ့သဘာဝအရ တော်ကြ၏။ ကျောင်းအားချိန်တွင် ကန်တော်ကြီးပန်းကန်ပြားကျွန်း၊ မင်္ဂလာတောင်ညွန့်ရှိ တရုတ်အခေါင်းဆေးကန် မီးရထားလမ်းဘေးရှိ ကန်စွန်းအိုင်များဆိုတာ စာရေးသူတို့ ရေကူးသင်ရာ ဌာနတွေသာ ဖြစ်ခဲ့သည်။

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်ဆိုသကဲ့သို့ တားမြစ်ဆုံးမခဲ့သူများ ရှိခဲ့၏။ ပြန်မပြောနားမထောင်မိခဲ့ပါ။ ထို ငယ်စဉ်ဘဝက အသိဉာဏ်နှင့် ကြိုးစားမှုပြုခဲ့ကြလျှင် အရာရှိဘဝနှင့် ပင်စင်ယူရမည်ဖြစ်သလို အိုးပိုင်၊ အိမ်ပိုင် မိသားစုတွေနှင့် လူ့ဘဝ ဖြတ်သန်းနေကြရမည်သာ ဖြစ်သည်။

ငယ်စဉ်ကသူငယ်ချင်းများမှာ သူ့စရိုက်နှင့် သူ့ဝါသနာဆိုသလို ဂီတ၊ ရုပ်ရှင် လက်တွေ့မှာ အစွမ်းအစပြခဲ့သူတွေထဲမှာ အဆိုတော် တင်လှထွန်း၊ အကယ်ဒမီဒါရိုက်တာ ချစ်မင်းလှူ၊ လှူငယ်ကြည်နိုင်တို့ဆိုတာ သမိုင်းသက်သေထူခဲ့ပြီ ဖြစ်သည်။

အသက်ကလေးရလာတော့ ပင်စင်စားဘဝ ရောက်ခဲ့ရပြန်သည်။ စာပေစာနယ်ဇင်းရုံးမှာ ဒုတိယရုံးမှူးတာဝန် ထမ်းဆောင်ခဲ့ရချိန်မှာ ဆရာဦးလှမြိုင်(ကိုဆောင်း)၊ ဗိုလ်မှူးလှထွန်း (ငြိမ်း) တွံတေးလှထွန်း၊ ဆရာဦးခင်ဆွေ(ရွှေစွန်ညို)တို့နှင့် စာပေစိတ်ရင်းမှန်နှင့် ခြောက်နှစ်တာကာလအထိ ဖြတ်သန်းခဲ့ရသည်။ ငယ်ဘဝပြန်ရောက်နေသလားလို့ တွေးထင်မိရင်း စိတ်ချမ်းသာမှုအပြည့်ရခဲ့တာ အမှန်ပါ။

နောက်ပိုင်း ခင်မင်အားကိုးရသူတွေ အနားယူကြချိန်မှာ စာပေစာနယ်ဇင်းမှာ ဘယ်လိုမှနေလို့မဖြစ် အိပ်မပျော်အောင် စာပေသမားအမည်ခံသူတွေက သူတို့ဘဝကောင်းစားရေးအတွက် အကြောင်းအမျိုးမျိုးနှင့် ပညာပြ၊ ဆိုက်ပွားနည်းသုံးကြတော့ စိတ်သောကရောက်နေချိန်။ အတွင်းမှာရှိကြသည့် မိတ်ကောင်းဆွေမှန် စာပေစိတ်ဓာတ်ပြည့်ဝသူတွေက အားအမျိုးမျိုးပေးကြ၊ နှစ်သိမ့်ကြရုံမက လက်ရှိလစာ ခြောက်လစာနှင့် အနားယူချိန်မှာ အခမ်းအနား တစ်ရပ်ကျင်းပပြီး စာရေးသူအပါအဝင် ဝန်ထမ်း(၃)ဦး ဂုဏ်ပြုခံခဲ့ရပါသည်။

ဝန်ထမ်းဘဝကျွတ်လွတ်ကာ လွတ်လပ်လာပြီးနောက် ဝါသနာပါရာ စာကတော့ အရေးမပျက်ပါ။ ဩော် ... ကောင်းလေစွ၊ ဩော် ... ကောင်းလေစွ။ ဒီအခါသမယတွေမှာ စိတ်ဓာတ်ကြံ့ခိုင် စာပေသွေး နီစွေးစွေးနှင့် စာပေစိတ်ဓာတ် ရှိပေမို့သာပေ့။ မဟုတ်ရင်ဖြင့် အစ်ကိုသဖွယ် စာပေတာဝန်ထမ်းခဲ့သည့် ရုံးမှူးဟောင်းလို ခုန်ချမိလို့ကဖြင့် အဖန်ငါးရာ ငါးကမ္ဘာ တန်းနေမှာအမှတ်ပါ။

လူ့ဘဝ အစ,အလယ်,အဆုံး ပြည့်ဖုံးကားချ နေဝင်ချိန်ကား နီးကပ်လျက်ပါ။ စားရေး၊ နေရေး၊ ဝတ်ရေး စသည့် အရေးသုံးပါးက အကြောင်းတရားပေါ်မှာ တည်မှီပြီး အကျိုးတရားဖြစ်ပေါ်ရတာ အမှန်မို့။

ကြုံလာခဲ့ရသည့် လူ့ဘဝတစ်လျှောက် ခါးသီးသည့် အတွေ့အကြုံတွေ ရယ်မောဖွယ်၊ သံဝေဂရဖွယ်တွေသာမက ရှောင်ရန်၊ ဆောင်ရန်အချက်တွေက သူ့နေရာနှင့်သူ အံဝင်ခွင်ကျရှိနေတာမို့ မိမိဘဝ၏ ဘဝကို ဆင်ခြင်တုံတရား ပေတံနှင့်သာ ချင့်ချိန်တိုင်းတာ ဆုံးဖြတ်နိုင်ကြပါစေဟုသာ ဆိုချင်ပါတော့သည်။

■ ရေကျော်စိုးအောင်




www.burmeseclassic.com

www.burmeseclassic.com


**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား ၁၉၈၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေးရေးများကို မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု၊ ဩဂုတ်လအတွင်း မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့ ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။ ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင် ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့် တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)


၂၁ ရာစု

**ဆရာဦးအောင်မိုးဇော်**

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

**"ကျားမှန်လျှင် အားသန်ရမည်"**

ဝေးတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊ ဆီးပြွတ်တောက် ပြတ်တောက်သွားခြင်း၊ လုပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ မောပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် အမျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ)နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ခါးနာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး,ခြေဆစ်,လက်ဆစ် ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက် ဆေးကုသက် (၄၅)နှစ်ကျော် ကုသ၍အောင်မြင်နေသော မြန်မာ့နန်းတွင်းအကြောပညာရှင် နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာဦးစိုးမော် (တဆ-၀၂၆၁၁)တို့က အကြောပညာ၊ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

**ပြည်စိုး တိုင်းရင်းအထူးကုဆေးခန်း**

အမှတ်(၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊
ကျိုက္ကဆံဘုရားဝင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘ၀ရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘ၀ရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘ၀ရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘ၀ရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘ၀ဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘ၀အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အောင်မြင်မယ့်အချိန် ဖြစ်ပါတယ်။ ဆန္ဒအတိုင်း အောင်မြင်ချင်သော ကိစ္စမှန်သမျှ ဉာဏ်၊ ဝီရိယ၊ လုံ့လ စိုက်ထုတ်ပြီး လက်တွေ့ဆောင်ရွက်လျှင် လိုချင်သောကိစ္စအားလုံး အောင်မြင်မှာဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း ပြုလုပ်ရတတ်တယ်။ အပျို၊ လူပျိုတွေအဖို့ အိမ်ထောင်ပြုရင် အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ မိမိပတ်ဝန်းကျင်မှာလည်း မိမိပြောဆိုသမျှ အရာရောက်နေမယ်။ အမွေဆိုင်ပစ္စည်း၊ မြေ ရောင်းဖို့ကြံရွယ်ထားရင် ခဏစောင့်လိုက်ပါ။ ငွေစုရ လွယ်နေမယ်။ အိမ်သစ်ဆောက်နိုင်၊ အိမ်ဝယ်နိုင်တဲ့ ကာလဖြစ်ပါတယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း၊ လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ ဝန်ထမ်းများအဖို့ ရာထူးတစ်ဆင့်တိုးခြင်း၊ ရပိုင်ခွင့်တစ်ဆင့်တိုးတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ သွားရပါလိမ့်မယ်။ ကွဲကွာနေသော ဆွေမျိုးများနှင့် ပြန်ဆုံရမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ သူခိုးမျက်စိအကျခံရတတ်သော ကာလဖြစ်၍ သူခိုးခိုးခံရတတ်သောကြောင့် သတိထားပါ။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်ပုံ၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန်ရတနာပစ္စည်းများ ဝင်မယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ အထူးသဖြင့် ဖခင် ကျန်းမာရေးညံ့တတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိသားစုနှင့် ခွဲခွာပြီး အလုပ်လုပ်ရသော ကာလဖြစ်တယ်။ ဆေးမှား အစာမှား ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ထန်း(၆)ညွှန့်၊ အုန်း(၆)ညွှန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၃၊ ၆၄၊ ၄၁၊ ၄၆

### အထူးသတိပြုရန်

ယခုကာလအတွင်း မိမိအိမ်သို့ မုဆိုးဖို၊ မုဆိုးမများ လာရောက်တည်းခိုလျှင် မြေ၊ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်ပါတယ်။ ကိုယ်တိုင် ကားမောင်းခြင်း ဆင်ခြင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပေးပါ။ လပြည့်နေ့တိုင်း ဓာတ်ကြီးလေးပါး ဆွမ်းကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရတတ်တယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်၊ အဟောင်း မဝယ်သင့်။ သားသမီးထဲမှာ ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ် ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သံပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

အင်္ဂါ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၇၄၊ ၇၂၊ ၂၇၊ ၂၆

### အထူးသတိပြုရန်

အရက်သေစာ လုံးဝရှောင်ရမည်။ မကြာခဏ ဒေါသကြီးခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်းကို ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကြံပန်းခိုင်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေလည်း ပျက်သွားတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ လူမျိုးခြားက ကူညီမှု ပေးတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ဒီအချိန်မှာ သွားလိုက်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ်ကြုံရပေမယ့် အောင်မြင်မှု ရပါလိမ့်မယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား၊ မိသားစု ဖြစ်ချင်တာတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့်ပတ်သက်တဲ့ သင်တန်းတက်ရခြင်း၊ စာမေးပွဲဖြေဆိုရခြင်းများ ကြုံရတတ်တယ်။ ပညာရေးနှင့် ပတ်သက်၍ ကောင်းပါတယ်။ တယ်လီဖုန်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေလည်း ဆောင်ရွက်ရတတ်တယ်။ ငွေဝင်နည်းပေမယ့် ထီကံကောင်းတဲ့ကာလဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လက်ရှိအလုပ်အကိုင်မှ ပြောင်းချင်စိတ် ပေါ်လာမယ်။ မပြောင်းပါနှင့်၊ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော် ကိုင်ဖက်မိတ်ဆွေများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ကြုံရတတ်တယ်။ သူများ၏အမှုကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ မိခင် ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ရေနှင့်နီးသောနေရာတွင် ချော်လဲ၍ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၇၊ ၉၅၊ ၉၇

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မလုပ်ပါနှင့်။ သူများကိုလည်း မည်သည့်ပစ္စည်းမှ မငှားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဂဃာနို့ဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတယ်ဆိုပေမယ့် မပြောပလောက်တဲ့ အညံ့လေးတွေ ကြုံရတတ်ပါတယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ပညာအသစ်တစ်ခု ရတတ်တယ်။ လုပ်ငန်းများ အောင်မြင်သော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မနာလိုသူ ပေါလိမ့်မယ်။ မိမိထက် မြင့်သူ နိမ့်သူ နှစ်ဦးစလုံးက ဒုက္ခပေးတတ်သောအချိန်ဖြစ်တယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ပျိုရွယ်သူတွေအဖို့ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ကြုံခြင်း ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအဖို့ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့်များနေလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်နေတတ်တယ်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့တတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ကျောက်ရှိ ရောဂါဖြစ်တတ်တယ်။ ကျောက်ကပ်ဝေဒနာ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်ညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၁၄၊ ၁၇၊ ၄၁၊ ၇၆

### အထူးသတိပြုရန်

အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။ ဖြစ်လျှင် မပြီးနိုင်ဘဲ ဖြစ်နေတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်တို ထောပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဘာလုပ်လုပ် ယောင်လည်လည် ဖြစ်နေတတ်တယ်။ ဘာလုပ်ရမှန်းမသိ စိတ်လေနေခြင်း၊ အရှုပ်အထွေး အသေးအမွှား အမှုအခင်းလေးတွေ ကြုံတွေ့ရတတ်ပါတယ်။ အမွေကိစ္စ၊ ခြံမြေ၊ အိမ်ငှား၊ မြေငှား၊ တရားမှုခင်းများ ကြုံနေရင်တော့ အနည်းငယ် နောက်ဆုတ်လိုက်ပါ။ စက်ပစ္စည်းတစ်ခု ဝင်လိမ့်မယ်။ စက်ရုံဆောက်ဖို့ကိစ္စလည်း မမျှော်လင့်ဘဲ စပ်တူလုပ်ရလိမ့်မယ်။ လုပ်ငန်းသစ်လုပ်ဖို့ အဆက်အသွယ်ကောင်းတွေ ရတတ်တယ်။ အထူးသဖြင့် တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတွေက အကူအညီ ပေးတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ထိုးဖို့ ကိစ္စတွေ ပေါ်လာတတ်တယ်။ မသွားချင်သောခရီး၊ စိတ်ညစ်စရာခရီးများလည်း မကြာခဏ သွားနေရတတ်ပါတယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်ရှိလာတတ်ပြီး ငွေလိမ်ခံရတတ်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့လည်း မမျှော်လင့်ဘဲ လမ်းခွဲရတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ခြေ၊ လက် မျက်ခြင်း၊ ခါးနာခြင်းများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ကွမ်းကော်(၂)ညွှန့်၊ ဆီးညွှန့်(၈)ညွှန့်(ဆူးဖြုတ်)၊ ကုက္ကား(၁၉)ခု တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

### ညံ့သောရက်

ကြာသပတေး၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၃၁၊ ၃၂၊ ၁၃၊ ၁၇

### အထူးသတိပြုရန်

ကားပွတ်တိုက်မိနိုင်သောကြောင့် တနင်္လာသားသမီး၊ ကြာသပတေး သားသမီးများနှင့် ပူးတွဲ၍ ကားနံပါတ်(၂၊ ၅)ပါသော ကားစီးမိပါက အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ညနေ နေဝင်ရီတရောအချိန်တွင် လမ်းပေါ်ကခွေးများကို ငါးမြစ်ချင်းဟင်းနှင့် ထမင်းနယ်ပြီး ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အညံ့ထဲကနေ အကောင်းလေးတွေ ခံစားရမယ့်ကာလဖြစ်ပါတယ်။ ခရီးသွားဖို့ကိစ္စတွေလည်း ပေါ်လာတတ်တယ်။ ထိုခရီးစဉ်တွေကလည်း စိတ်ချမ်းသာစရာ ခရီးများ ဖြစ်နေတတ်တယ်။ ပြည်တွင်း ပြည်ပခရီးများ သွားရတတ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သလို လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြွမ်းခြင်းများ ကြုံရလိမ့်မယ်။ အဖိုးတန်စက်ပစ္စည်းများ ဝင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာကောင်းများ ရမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ ရင်းနှီးသူ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရခြင်း၊ စကားများ ဖြေရှင်းရခြင်းမျိုး ဖြစ်တတ်တယ်။ ဆွေမျိုးသားချင်း ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးအားနည်းခြင်း၊ ဒူးနာခြင်း၊ လက်ထုံခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်ဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ ဝနေ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၂၊ ၂၅

### အထူးသတိပြုရန်

ယခုကာလတွင် မည်သည့်နာရေးမှ မသွားပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း
မုန့်စိမ်းပေါင်း(၈)ပန်းကန်(အုန်းသီးမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

### စနေ သားသမီး



သင်သည် ယခုကာလတွင် အညံ့ဆုံးကာလလို့ ပြောရမလို ဖြစ်နေပါတယ်။ လက်ရှိအလုပ်မှ တခြားကို ပြောင်းချင်စိတ် ဖြစ်နေမယ်။ မပြောင်းပါနဲ့။ လက်ရှိအလုပ်က တော်သေးတယ်။ နောက်ပြောင်းမယ့်အလုပ်က သင့်ကို အကျိုးမပေးပါဘူး။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရခြင်း၊ ပြင်ဆင်ရခြင်းများ ပြုလုပ်ရတတ်တယ်။ ခရီးကောင်းတွေလည်း သွားနေရတတ်တယ်။ လူမျိုးခြားနဲ့ ပြောဆိုဆက်ဆံရာတွင် ဂရုစိုက်ပါ။ မအောင်မြင်တာ ဖြစ်တတ်တယ်။ စက်ပစ္စည်းတွေလည်း ပျက်တတ်တယ်။ ကိုယ်ကိုယ်တိုင်လည်း ဘာကိုမှ စိတ်တိုင်းမကျ ဖြစ်နေတတ်တယ်။ ဝန်ထမ်းတွေအဖို့ ပစ်စာ၊ တိုင်စာတွေ လုပ်ခံရတတ်တယ်။ အမှုကိစ္စ ရင်ဆိုင်ရလျှင်လည်း ဒီကာလမှာ ရှောင်လိုက်ပါ။ ခရီးသွားတာကောင်းပေမယ့် ရေကြောင်းနဲ့ ကူးသန်းသွားလာ အရောင်းအဝယ်လုပ်ခြင်းကို ရှောင်ပါ။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လပါရင်တော့ ကျန်းမာရေးမှာ ဆေးရုံတက်ရလောက်တဲ့အထိ ဖြစ်တတ်တယ်။ ဆွေမျိုးသားချင်း အကြီးအကဲထဲမှ အင်္ဂါနံ၊ စနေနံ ပါတဲ့လူတွေ ဆေးလာကုရင် လက်မခံပါနှင့်။ ကျန်းမာရေး ပိုညံ့သွားတတ်တယ်။ သင့်ကျန်းမာရေးအနေဖြင့် နာတာရှည် ကူးစက်ရောဂါ ဖြစ်တတ်တယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းကို ရေရွှေးပူလောင်ခြင်း၊ မီးဟပ်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

#### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

#### ညံ့သောရက်

အင်္ဂါ၊ စနေ

#### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၆၄

#### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင်သော်လည်းကောင်း၊ မျက်နှာချင်းဆိုင်တွင်သော်လည်းကောင်း ငါးကျည်းစူးမီလျှင်သော်လည်းကောင်း၊ ရေမြွေကို တွေ့လျှင်သော်လည်းကောင်း မကောင်းသော အတတ်ပညာဖြင့် ပြုစားခြင်း ခံရတတ်ပါတယ်။

ယခုကာလတွင် စပ်တူလုပ်ခြင်း၊ စာမေးပွဲ ဖြေဆိုခြင်းများကို ရှောင်ပါ။

#### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း ထောပတ်ထမင်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေတတ်ပါတယ်။ အများနဲ့ ပူးပေါင်းလုပ်တဲ့ကိစ္စတွေ၊ စပ်တူလုပ်ငန်းတွေ အောင်မြင်တဲ့ကာလ ဖြစ်ပါတယ်။ ဒီကာလဟာ အပျော်များရတဲ့ကာလ ဖြစ်ပါတယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လူချစ်လူခင် ပေါများပါလိမ့်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလျှင် သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအတိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်၊ ငွေရှာရ လွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် လက်ထဲမှာ ဒီအတိုင်းမထားပါနှင့်၊ ရွှေဝယ်ထားတိုင်ပါ။ သင်သည် ယခုကာလတွင် ပျော်ရွှင်မှုများ၊ စန်းပွင့်မှုများ၊ စီးပွားရေး ကောင်းမွန်မှုများကြောင့် တင့်တယ်လှပပြီး အခြေအနေများတဲ့ ကာလဖြစ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ရှုပ်ထွေးမှု ဖြစ်လာတတ်တယ်၊ အစွပ်အစွဲ အပြောအဆိုလည်း ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါနေရင်တော့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကြောင့် စိတ်ညစ်ရခြင်း၊ စိတ်ဝမ်းကွဲရခြင်းမျိုး ကြုံရတတ်တယ်။ အပျို လူပျိုတွေအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ အမူအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်၊ သတိပြု၍ ရှောင်ကြဉ်ပါ။ ဝတ္ထုများ မြေ ထွက်တတ်ဟယ်။ ပြည်ပသင်္ဘောသားများအဖို့ ယခုကာလတွင် သင်္ဘောလိုက်နေခြင်းထက် သင်တန်းတက်ခြင်း၊ စာမေးပွဲဖြေဆိုခြင်းမျိုး ပြုလုပ်ပါက ပို၍ကောင်းပါတယ်။ အနောက်မြောက် အရပ်နှင့် အရှေ့တောင်အရပ်များသို့ ခရီးသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေအနှစ်ကိစ္စများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှားခြင်း၊ အစားမှားခြင်း ဖြစ်တတ်တယ်။ သွေးတွက်သံယိုဖြစ်ခြင်း၊ သွားဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ သီတင်း(၆)ညွန့်၊ အင်္ဂါ(၃)ညွန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၇၀၊ ၇၅

### အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများ မပြုလုပ်ပါနှင့်။ အပျော်ခရီး မသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ယာဂုဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

### ဒေါက်တာစောယုနွယ်

(၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

ကွဲကွာနေသော ရပ်ဝေးမှ ဆွေမျိုးများနှင့် ပြန်လည်တွေ့မည်။ အလုပ်အတွင်း အတိုက်အခံ အပြိုင်အဆိုင်တွေ ရှိနေတတ်တယ်။ ဒါပေမဲ့ အောင်မြင်မှုတွေရမယ်။ ယခုကာလတွင် နှုတ်စောင့်စည်းပါ။ စကားမှားတတ်တယ်။ အလုပ်အကိုင်မှာ လက်ရှိအလုပ်နှင့်ပင် အဆင်ပြေနေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သရက်သီးနှင့် ပြုလုပ်ထားသော ဖျော်ရည်တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

အိမ်ပြင်ဆင်ခြင်း(သို့မဟုတ်)အိမ်အသစ်ဝင်ခြင်းနှင့် ကြုံမည်။ မိမိအပေါ် ပြဿနာရှာနေသူများနှင့် ပြေလည်မှု ရရှိမည်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ငွေဝင်မည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား သုံးစွဲခွင့် ရရှိမည်။ အလုပ်ခန်းအသစ်တွင် လုပ်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို နာနတ်သီးဖျော်ရည်တစ်ဘူး လက်ဆောင်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

မိမိအလုပ်အတွင်းမှာ ပြဿနာဟောင်းများ ပေါ်တတ်သည်။ ဆွေမျိုးသားချင်း၊ အလုပ်အကြီးအကဲများထံမှ နာရေးကြုံရမည်။ စိတ်မောလူမောကာလဖြစ်သည်။ အမွေကဲ့သို့သော ပစ္စည်းများ ရလာတတ်သည်။ သို့ရာတွင် အလဟဿကုန်သွားမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို စပါကလင်တစ်ဘူး လက်ဆောင်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

မမျှော်လင့်ဘဲ ခရီးထွက်ရမည်။ နိုင်ငံရပ်ခြားမှ ကိစ္စများ ဆောင်ရွက်ထားပါက အောင်မြင်မည်။ မိသားစုအတွင်း စိတ်ဝမ်းကွဲမှုတွေ ကြုံရမည်။ သင်တန်းတက်ခြင်း၊ ရာထူးအတွက် စာမေးပွဲဖြေရခြင်းများ ပြုလုပ်ရမည်။ လက်ရှိအလုပ်မှ ရာထူးတက်နိုင်သည်။ ဝင်ငွေပြောင်းလဲနိုင်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဘူး လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

လက်ရှိအလုပ်အပြင် အခြားအလုပ် လုပ်ရန်အတွက် တစ်စုံတစ်ယောက်က လာခေါ်ခဲ့ရင် မငြင်းပါနှင့်။ ၎င်းအလုပ်က ငွေများများ ရမည်။ လူပျို အပျိုတွေ စန်းပွင့်ပြီး ချစ်သူရည်းစားများ ရတတ်သည်။ စီးပွားရေးနှင့် ပတ်သက်ပြီး လောဘမကြီးဖို့ လိုအပ်သည်။ မော်တော်ကား ပွတ်တိုက်မိတတ်သဖြင့် သတိပြုပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးနှင့် ပြုလုပ်ထားသော မုန့်တစ်ခု လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

လုပ်ငန်းသစ်များ စတင်ရသောကာလဖြစ်သည်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မည်။ အဖိုးတန်စက်ပစ္စည်းဝင်မည်။ မမျှော်လင့်ဘဲ ငွေများဝင်လာမည်။ ဆုံးပြီထင်တဲ့ ငွေများ ပြန်ရမည်။ ဝန်ထမ်းများ ရာထူးတက်မည်။ နေရာကောင်းရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါက်စီ ၃ လုံး လက်ဆောင်ပေးပါ။

---

## စနေသားသမီးများအတွက်

သင်တန်းတစ်ခု တက်ရမည်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရသော ကာလဖြစ်သည်။ အစွပ်အစွဲ အပြောအဆို ခံရတတ်သည်။ မထင်မှတ်သော ဆွေမျိုးတစ်ဦးက ကူညီလိမ့်မည်။ မရည်ရွယ်ဘဲ မြေဝင်တတ်သည်။ လူငယ်များ ဒီကာလမှာ အိမ်ထောင်မပြုသင့်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီး လက်ဆောင်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

တစ်ဦးတည်းအလုပ်ထက် ပူးပေါင်းဆောင်ရွက်ရသော ကိစ္စများ အောင်မြင်မည်။ အဖက်ဖက်မှ စိတ်ချမ်းသာမှုများ ကြုံရမည်။ ပျော်ရွှင်စရာများနှင့် ကြုံရသော ကာလဖြစ်သည်။ ယခုကာလတွင် အိမ်ထောင်ပြုသူများ အိမ်ထောင်မမြဲတတ်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ချောကလက် လက်ဆောင်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်း ပဉ္စမအကြိမ် မဟာစည်ကမ္မဋ္ဌာန်းဆရာ(ပြည်ပသာသနာပြု) အောင်လက်မှတ် ဆက်ကပ်ပွဲ

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၏ မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုသင်တန်းကျောင်း(ပဉ္စမအကြိမ်) မဟာစည်ကမ္မဋ္ဌာန်းဆရာ(ပြည်ပသာသနာပြု) အောင်လက်မှတ် ဆက်ကပ်ပွဲ အခမ်းအနားကို မဟာစည်ရိပ်သာ ဓမ္မဗိမာန်တော်ကြီးတွင် ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့(၁၉-၉-၂၀၁၃)မွန်းတည့် ၁၂ နာရီအချိန်တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မဟာစည်ဩဝါဒါစရိယ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိဋီပါရဂူ(Ph.D) ဒေါက်တာ ဘဒ္ဒန္တဇဋိလ၊ မဟာစည်နာယက မဟာစည်အပြည်ပြည် ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ(ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ သာသနဓဇ မဓမ္မာစရိယ၊ ညာတောဝိဘင်္ဂဓရ(သထုံ) ပိဋကတ္တယပါရဂူ M.A(India) နှင့် အောင်လက်မှတ်ခံယူတော်မူကြမည့် သံဃာတော်များ၊ မဟာစည်ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီအဖွဲ့တို့မှ အမှုဆောင်ကော်မတီဝင်များ၊ ယောဂီများ၊ အလှူရှင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ "နမောတဿ" သုံးကြိမ် ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ခြင်း၊ ဩဝါဒါစရိယ ဆရာတော်ကြီးထံမှ (၈)ပါးသီလ ခံယူခြင်း၊ မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်း ဖြစ်ပေါ်လာပုံကို နုဂ္ဂဟအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ(၁) ဒေါက်တာဦးတင်စိုးလင်းကိုယ်စား ဒုဥက္ကဋ္ဌ(၂) ဦးသန်းအောင်က လျှောက်ထားခြင်း၊ အောင်လက်မှတ်များကို (၁) အရှင်မင်္ဂလာဝံသ၊ (၂) အရှင်တေဇဝန္တ၊ (၃) အရှင်ပုညာနန္ဒ၊ (၄) အရှင်ပညာနန္ဒ၊ (၅) အရှင်ဇနိတသိဒ္ဓိ၊ (၆) အရှင်ဓမ္မဉာဏ၊ (၇) အရှင်အရိယ၊ (၈) အရှင်ဝေပုလ္လ တို့အား ဩဝါဒါစရိယ ဆရာတော်ကြီးက အောင်လက်မှတ်ပေးအပ် ချီးမြှင့်ခြင်း၊ လှူဒါန်းမှုစာရင်း ဖတ်ကြားကာ အဖွဲ့ကြီး သုံးဖွဲ့နှင့် ရွှေပုဇွန်မိသားစုတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်း၊ သင်တန်းကျောင်းဆရာများအား အဖွဲ့ကြီး သုံးဖွဲ့မှ အမှုဆောင်များနှင့် ရွှေပုဇွန်မိသားစုတို့က ဂုဏ်ပြုလက်ဆောင်များ ပေးခြင်းတို့ကို ပြုလုပ်ကြပြီးနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

တက္ကသိုလ်စိုးယဉ်

---

## အဘအောင်မင်းခေါင်အောင်ပွဲ အလှူဒါန

(၆၁)ကြိမ်မြောက် အဘအောင်မင်းခေါင် ထွက်ပွဲ၊ အောင်ပွဲ ပူဇော်ပွဲတော်ကို တယ်လီပသီဆရာ ဦးချစ်ကိုကို+ဆရာမ ဒေါ်ချိုချိုမြင့်တို့ ဦးဆောင်ပြီး နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးမျိုးသန့်+ဒေါ်ချောစုခင် မိသားစုတို့မှ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၂)ရက်၊ (၂၁-၉-၂၀၁၃)စနေနေ့တွင် ဇီနမာရ်အောင် ဘုရားဝင်း ဆိုင်ခန်းအမှတ်(၃/၄) ၇/အနောက်ရပ်ကွက်၊ သာကေတတွင် ဆောင်ရွက်ကြသည်။ နံနက်အရုဏ်တွင် မြတ်စွာဘုရားအား ဓာတ်ကြီးလေးပါး ဆွမ်းကပ်ပွဲ၊ သံဃာ ၅ ပါးအား နေ့ဆွမ်း ဆက်ကပ်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုတို့ ကပ်လှူကြပါသည်။

ကြွရောက်လာသူများအား မုန့်ဟင်းခါး၊ ကော်ဖီ၊ မုန့်တို့ ကျွေးမွေးဒါနပြု၍ ဘိုးမင်းခေါင်ပုံပါ ယပ်တောင် ဓမ္မလက်ဆောင် ပေးခဲ့သည်ဟု သတင်းရရှိပါသည်။

ဆရာမှိုး

www.burmeseclassic.com

# ဝိုင်အမ်ဘီအေ အသင်း၏ အသင်းခွဲများ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ဆုနှင်းသဘင်ပွဲများ ကျင်းပ



မြန်မာနိုင်ငံ ဝိုင်အမ်ဘီအေ (Y.M.B.A)အသင်းကြီး စတင်တည်ထောင်လာခဲ့သည်မှာ ၁၉ဝ၆ ခုနှစ်မှ စတင်၍ ၂၀၁၃ ခုနှစ်အထိ ၁ဝ၇ နှစ်ပြည့်မြောက်လာခဲ့ပြီ ဖြစ်၏။

ဝိုင်အမ်ဘီအေ(Y.M.B.A) အသင်းကြီးသည် မြန်မာပြည်တွင် သက်တော်ရှည် အသင်းကြီး ဖြစ်သည်နှင့်အညီ အသင်းခွဲများကို လက်ဆင့်ကမ်း ဘာသာ၊ သာသနာ၊ ပညာများ ထပ်ဆင့်ထမ်းဆောင်နိုင်ရန် အသင်းခွဲများ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။

စာဖြေဌာနအသင်းနှင့် အသင်းခွဲများ ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် ပင်းတယမြို့နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီး တောင်ပေါ်ကျေးရွာတွင် (၁၂-၉-၂၀၁၃)နေ့တွင် အသင်းခွဲ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ဆုနှင်းပွဲများ ကျင်းပခြင်း အခမ်းအနားသို့ ဝိုင်အမ်ဘီအေအသင်း ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် တွဲဖက်အတွင်းရေးမှူး ဦးစန်းမြင့်(စာရေးဆရာ ခံရကျော်စိုးအောင်)တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဦးစန်းမြင့်(မင်္ဂလာဓမ္မဇောတိကဓဇ)

---

# "တောဇရာမ" ဘ.က ပညာရေးကျောင်းသို့ EAC ကုမ္ပဏီမှ ကော်ဖီမစ်ထုပ်များ လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ် ထ/၁၆ ရပ်ကွက်၊ မဟာဗန္ဓုလ လမ်းမပေါ်ရှိ "တောဇရာမ" ဘုန်းတော်ကြီးသင် ပရဟိတ ပညာရေး အလယ်တန်းကျောင်းသို့ EAC-Europe & Asia Commercial Company Limited ကုမ္ပဏီအဖွဲ့မှ ကျောင်းရှိ သံဃာတော်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ၃ဝ-၈-၂၀၁၃ ခုနှစ်၊ သောကြာနေ့ ညနေ ၄ နာရီအချိန်က EMO ကော်ဖီမစ်ထုပ်များကို စေတနာသဒ္ဓါအပြည့်ဖြင့် လာရောက်လှူဒါန်းကြသည်။ ဦးစီးပဓာန နာယကကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဂမ္ဘီရဗုဒ္ဓိ(ရွှေပြည်ခိုင်)မှ လက်ခံရယူ၍ ရေစက်သွန်းချ သာဓုအနုမောဒနာ ခေါ်ကြသည်။


EAC ကုမ္ပဏီမှ EMO ကော်ဖီမစ် ၆၄ ဖာ၊ ကာလတန်ဖိုး သိန်း ၄ဝ ဖြစ်ပြီး၊ ဆရာတော်မှ ကျောင်းရှိ သံဃာတော်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၉ဝဝ ကျော်အား စည်းကမ်းစနစ်တကျဖြင့် ထပ်ဆင့်လှူဒါန်း ပေးဝေခဲ့ပါသည်။ အာဟာရဒါနအဖြစ် လှူဒါန်းသော EAC ကုမ္ပဏီ အဖွဲ့အား သံဃာတော်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူတို့က ကျေးဇူးတင်စကားပြောပြီး ဆုတောင်းပဌနာပြုကာ လှူဒါန်းပွဲ အခမ်းအနားကို ညနေ(၅း၃ဝ) နာရီအချိန်တွင် အောင်မြင်စွာ ပြီးစီးသွားကြောင်း အထက်ပါ ကျောင်းတိုက်ကြီးမှ သတင်းရရှိပါသည်။

မြေလတ်-ကျော်ထင်ဦး

www.burmeseclassic.com

www.burmeseclassic.com

## ရတနာပုံရိပ်ငြိမ် ဆရာတော်၏ သက်တော် (၇၁)နှစ်ပြည့် ဝိဇာတမင်္ဂလာပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာပုံရိပ်ငြိမ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ပဓာနနာယက ကျောင်းအုပ်ဆရာတော်၊ ဦးမာယိန္ဒ(ပခုက္ကူ)၏ သက်တော် (၇၁)နှစ်ပြည့် ဝိဇာတမင်္ဂလာပွဲကို ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက် (၅-၉-၂၀၁၃) ကြာသပတေးနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ရတနာပုံရိပ်ငြိမ်ဆရာတော်မှ ပင့်သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဝါခိုသက်န်း ဆက်ကပ်လှူဒါန်းပါသည်။ ဦးမျိုးညွန့် (အငြိမ်းစား-သာသနာရေးဝန်ကြီး)မှလည်း အလှူငွေနှင့် သက်န်း လာရောက်လှူဒါန်းပါသည်။ ဆရာတော်မှ မွေးနေ့အကြို (၄-၅-၂၀၁၃) ဗုဒ္ဓဟူးနေ့ ဝါခေါင်လကွယ်နေ့ညတွင် ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သည့် ဖခင်ကြီး ဦးဘသစ် + မိခင်ကြီး ဒေါ်နက် တို့အား ရည်စူး၍ ပဋ္ဌာန်းမြတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ပါသည်။ အလှူရှင် ဒေါ်သီတာအုန်း(ရေနံ)မှ ကြက်ဆီထမင်း ဒါနပြုပြီး ဦးတင်ငွေ+ဒေါ်ကျင်သန်း(ပန်းတစ်ရာ ရေခဲမုန့်)မှ ရေခဲမုန့် ဒါနပြုသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖြစ်သောကြောင့် ဆရာမများလည်း ကုသိုလ်ပါဝင် ဝေယျာဝစ္စ ဆောင်ရွက်နေကြသလို ကျောင်းသားကလေးများလည်း ဝိုင်းဝန်းကူညီပေးနေတာ တွေ့မြင်ရပါသည်။ ထိုကျောင်းတွင် လူမှုကူညီရေးအသင်း(ရန်ကုန်) ဖွင့်လှစ်ထားရှိပြီး ဆရာတော်အား ဦးထိပ်ထား၍ (အခမဲ့) ကူညီပံ့ပိုးပေးနေသည်ကိုလည်း မြင်တွေ့ခဲ့ရပါသည်။

အောင်ကောင်းမြ(သာကေတ)

### နဂါးကိုးကောင် အမောက်ထောင် ကပ်ကျော်လာဘ်ခေါ် အောင်စာတ်ဆောင် ဘိုးတော်အောင်မင်းခေါင်ဘုရားတည် ကုသိုလ်ရှင်များ ပါဝင်လှူဒါန်းနိုင်

ရွှေမန်ကျီးတောတွင် "နဂါးကိုးကောင် အမောက်ထောင် ကပ်ကျော်လာဘ်ခေါ် အောင်စာတ်ဆောင် ဘိုးတော်အောင်မင်းခေါင် ဘုရား" ဟု ဘွဲ့တော်ပေးထားသည့် ဘုရားတစ်ဆူ တည်နေပါသဖြင့် ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များအနေဖြင့် ပါဝင်လှူဒါန်းလိုလျှင် ဦးဇင်းအောင်(၀၉-၄၄၀၃၃၂၂၀)၊ ဒေါ်မြင့်မြင့်(၀၉- ၅၁၃၃၅၅၃)၊ ဆရာလေး ဒေါ်ပညာနန္ဒီ(၀၉-၄၉၃၄၈၈၈၃)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စိုးဝင်းထွဏ်း

www.burmeseclassic.com

www.burmeseclassic.com



## ဆံတော်ရတနာစေတီတော်အတွက် အလှူငွေများ ပေးအပ်ပွဲနှင့် ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပွဲ အခမ်းအနား ကျင်းပ

ဆံတော်ရတနာစေတီတော် တည်ထားကိုးကွယ်ရန်အတွက် ပဋ္ဌမအကြိမ်မြောက် အလှူငွေ ပေးအပ်ပွဲနှင့် ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်၊ လုရတနာကျောင်းဆောင်၏ ဒုတိယထပ်၌ (၆-၁၀-၂၀၁၃)တနင်္ဂနွေနေ့ ညနေ(၄) နာရီခွဲတွင် ကျင်းပပြုလုပ်ရာ အလှူရှင်များ တက်ရောက်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးမှ အနုမောဒနာတရားတော် ချီးမြှင့်၍ နမောတဿသုံးကြိမ် ရွတ်ဆို၍ ပူဇော်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆံတော်ရတနာ တည်ထားကိုးကွယ်ရန်အတွက် အလှူရှင်များစာရင်းကို ဖတ်ကြား၍ အလှူငွေများ လှူဒါန်းပြီး အလှူရှင်များ လှူဒါန်းကြသော ဘုရားဆင်းတုတော်တို့ကို လုရတနာဆရာတော်မှ သဟတ္ထိက ဒါနမြောက်ပေးလှူပြီး ကြွရောက်လာသော ပရိသတ်အပေါင်းအား ဒေါ်လီလီမြင့် မိသားစုမှ ထိုင်းမုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရှိရသည်။

ဆံတော်ရတနာစေတီတော်ကို တည်ထားကိုးကွယ်ပူဇော်ခြင်းကြောင့် ဦးခေါင်းပိုင်းဆိုင်ရာ ရောဂါဝေဒနာများ ပျောက်ကင်းစေနိုင်ခြင်း၊ ဦးခေါင်းနှင့် ဆက်စပ်သော အတွေးအခေါ် အယူအဆများ တိုးတက်မြင့်မားလာနိုင်စေခြင်း အစရှိသည့် အကျိုးတို့ ရရှိနိုင်ကြောင်း သိရသည်။

သားငယ်

## (၂၂)ကြိမ်မြောက် ရှင်ဥပဂုတ္တနှင့် ရဟန္တာအရှင်မြတ်လေးပါး ရေမျှောပူဇော်ပွဲကျင်းပ



နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အကြိမ်(၃၀)မြောက် ဗိုလ်တထောင်စေတီတော်မြတ်ကြီးအား ဆီမီး၊ မန်း တစ်ထောင်(၁၀၀၀) ပူဇော်ပွဲနှင့် (၂၂)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်(၄)ပါးတို့အား ရေမျှောပူဇော်ပွဲကို ၂၀-၁၀-၂၀၁၃ နေ့ ညနေ ၃ နာရီတွင် စာရေးဆရာ ပထမံဦးအောင်သူ ဦးဆောင်၍ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ ရှင်ဥပဂုတ္တနှင့် ရဟန္တာအရှင်မြတ် လေးပါးတို့အား ၁၇-၁၀-၂၀၁၃ ရက်နေ့မှ ၂၀-၁၀-၂၀၁၃ ရက်နေ့အထိ (၄)ရက်တိုင်တိုင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဗိုလ်တထောင်စေတီတော် ပရိဝုဏ်အတွင်းရှိ စနေထောင့်(၁၅)ခန်းတွဲ ပူဇော်ထားရှိပြီး ၂၀-၁၀-၂၀၁၃ နေ့ ညနေ ၃ နာရီတွင် ပထမံဆရာကြီး ဦးအောင်သူ၊ အကျိုးဆောင် ဦးစန်းမြင့်၊ အကျိုးဆောင် စာရေးဆရာ ကိုကိုလှ(ကမာမြေ)နှင့် အလှူရှင်များ စုံစုံညီညီဖြင့် ဗိုလ်တထောင်ဆိပ်ကမ်းလေ့ဆိပ်မှ ရေမျှောပူဇော်ပွဲ ကျင်းပပြီးစီးခဲ့၍ နတ်လူအပေါင်း သာဓုနုမောဒနာခေါ်ကြောင်းဖြင့် နိဗ္ဗာန်သတင်းကောင်း ပါးလိုက်ပါသည်။

ရေကျော်မိုးအောင်

www.burmeseclassic.com



မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိပြည်တွင် ဆင်းရဲသား ပုဏ္ဏားလင်မယားရှိရာ အလွန်ဆင်းရဲသဖြင့် အပေါ်ရုံ ခြုံထည်တစ်ထည်သာရှိသည်။ လင်မယားနှစ်ယောက်မှာ ပွဲလမ်းသဘင်ရှိလျှင် တစ်ယောက် အိမ်မှာနေပြီး တစ်ယောက် အပြင်ထွက်ရ၏။

ပုဏ္ဏားကြီးသည် မြတ်စွာဘုရား ဇေတဝန်ကျောင်းတွင် တရားနာသွားရာ စေတနာ အလွန်ထက်သန်သဖြင့် ထိုအပေါ်ရုံလေးအား မြတ်စွာဘုရားကို လှူဒါန်းမည်ဟု သဒ္ဓါတရား တဖွားဖွားပေါ်လာ၏။ သို့ရာတွင် ထိုခြုံထည် လှူပါက လင်မယားနှစ်ယောက်အတွက် ပွဲတိုးစရာ ခြုံထည်မရှိပြီဟု တွေးတောပြီး လှူရန်စိတ်ကူးကို ပယ်လိုက်ပြန်၏။

ဤသို့လှူရန် သဒ္ဓါပေါ်လိုက်၊ နှမြောစိတ်ပေါ်လိုက်နှင့် ညဥ့်သုံးယံပတ်လုံး တရားပွဲ မပြီးမချင်း စိတ်မပြတ် ဖြစ်နေ၏။

တရားပွဲပြီးခါနီးမှ မရှိလို့မလှူ၊ မလှူလို့မရှိ ဤကဲ့သို့ ပုဂ္ဂိုလ်ထူးနှင့်မှတွေ၍ မလှူဖြစ်လိုက်လျှင် မိုက်ရာကျမည်ဟု ဆင်ခြင်စဉ်းစားမိ၍ မြတ်စွာဘုရားအား လက်တော်အရောက် အပေါ်ရုံကို ကပ်လှူပြီးလျှင် အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီဟု စစ်ပွဲကြီးကို နိုင်ခဲ့သော ဗိုလ်ချုပ်ကြီးတစ်ဦးကဲ့သို့ ဝင့်ကြွားစွာ သုံးကြိမ်တိုင် ကြွေးကြော်လိုက်တော့၏။

ဤအကြောင်းကို သုံးသပ်ပါက အလှူဒါနတစ်ခုဖြစ်မြောက်ရန် မည်မျှခက်ခဲကြောင်း ရောင်ပြန်ဟပ်သတ် သိမည်ထိုပါလျှင်-

www.burmeseclassic.com